www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

၁၉၉၃-ခုနှစ် ဩဂုတ်လတွင် စတင်ထုတ်ဝေသည့်

ဒီဒီး(နီကွန်)စိစစ်တည်းဖြတ်သည့်

# ဂမ္ဘီရ

မဂ္ဂဇင်း



**အကြံပေး**

ဦးစိန်မျိုးမြင့်

ဆရာရန်အောင်ဟိန်း(B.Sc)

**အယ်ဒီတာ**

မောင်မောင်လတ်

အမှတ်(၂၆၆)၊ ၂၀၁၇ စက်တင်


၆။ အာကာသ(သာစည်)

မြတ်စွာဘုရား၏ ဗျာဒိတ်တော်ရ
ဂမ္ဘီရဖြစ်စဉ်များထင်ရှား တောင်တော်ရွှေပုပ္ပား

၁၆။ ဗိုလ်တထောင် ကိုဦး

နှစ်ကြိမ်နှစ်ခါ ဗျာဒိတ်ပေးတော်မူသော မေရုဒ
ကုန်းတော်ထက်က ဆံတော်ရှင်စေတီတော်

၂၆။ သစ္စာမင်းခေါင်

ကျောက်တန်းမြို့နယ်၊ ပုတ္တလုတ်ကျေးရွာ၊
မင်္ဂလာရာမကျောင်းတိုက် ပရိဝုဏ်က
ထူးထူးခြားခြား ဒေါ်ဝက်မတန်ဆောင်းနှင့်
နှစ်ပေါင်း(၁၀၀)ကျော် သက်တမ်းရှိ
ဗုဒ္ဓရုပ်ပွားစေတီများ



၃၂။ ဖိုးခေါင်းသား

ပဲခူးငလျင်များနှင့် မော်ဓောရှင်ဘုရား

၄၀။ အောင်မော်စံဆရာတော်(ကချင်ပြည်နယ်)

ဂမ္ဘီရချောင်း

၄၆။ ရန်နိုင်

ခြေတော်ရင်းက ဖန်တီးခြင်းအနုပညာ

၅၂။ ကိုမောင်သန်းဝင်း

စေတီတည်ခြင်းမင်္ဂလာ

၆၂။ နန္ဒာစိုး(ဆင်ဖြူကျွန်း)

သုမိတ္တာနိဒါန်းအစ အန္တိမ ယသော်ဓယာ
(ဇာတ်သိမ်းပိုင်း)

၇၄။ တွန်းအားရှင်

ရှုံ့ညွှန်တောမှာ ပေါက်သည့်ကြာ

၈၂။ နန္ဒာမိုးကြယ်

မရေရာတဲ့ မနက်ဖြန်

၈၇။ မောင်ဉာဏ်လင်း(တောင်ကုတ်)

ဗုဒ္ဓသင်ပြသည့် ကုသိုလ် အကုသိုလ်ပြုနည်းများ

၉၂။ ထက်ဘုန်းလူ

ဒါနကထာ(၄)

၉၆။ သျှင်ရဲထွဋ်(တောင်စွန်း)

အရှုံးကြားက အမြတ်ဆုံးဆု

၁၀၁။ ရှင်ထွေးအောင်

အာဃာတတိုက်ပွဲကို အောင်နိုင်တော်မူခြင်း

၁၀၄။ မုံရွာ နေဇာ

မောင်ကလျှ မယ်က မကြည်ဖြူသောအခါ

၁၀၈။ ကိုရွှေမြသန်း(သမိုင်း)

စတုမဟာရာဇ်နတ်မင်းကြီး လေးပါးနှင့်
သိကြားမင်း သက်စောင့်ဂါထာ


www.burmeseclassic.com

www.burmeseclassic.com




၁၁၄။ မဟာထွန်း
ပရမတ်မေတ္တာ
၁၂၀။ ဘင်္ဂါလီအရာရှိဟောင်းတစ်ဦး
သစ္စာစကား၏အစွမ်း
၁၂၃။ ယောနကဘိုးထောင်
ဘုရင့်နောင်ကျော်ထင်နော်ရထာ အမြဲရွတ်ဆိုသော
ရန်အောင်မြင် ချမ်းသာဂါထာတော်
၁၂၆။ ပုရောဟိတ် ဆရာဦးမြတ်စံ
မေတ္တာသက်ဝင်စေသောအင်း
၁၂၉။ ပုရောဟိတ် ဆရာဦးမြတ်စံ
သိကြားမင်းချီးမြှင့်သော ဣစ္ဆာသယအင်း
၁၃၂။ ဂမ္ဘီရဆရာလှမျိုး(B.Sc)
လိုရာဆန္ဒပြည့်စေရာ
အနောက်တိုင်းလောကီပညာ(၁)





၁၃၆။ သုဒ္ဓ(နဝင်းမြို့)
လုပ်ငန်းနယ်ပယ်အသီးသီးတွင်
အတိုက်အခိုက် ခံနေရသူများအတွက်
ရန်ပယ်စမ ဆောင်ထားကြ
၁၄၀။ မင်းနေထွန်း(ကန့်ဘလူ)
ထွက်ပြေးသူပြန်ရောက် အလင်းတောက်စေ
၁၄၄။ ဂမ္ဘီရ ရွှေသိန်
စုန်း၊ နတ်၊ ကဝေ၊ တစ္ဆေ၊ မြေဖုတ်ဘီလူးနှင့်
ပင်းလုံးထုတ်နည်း ကုနည်းများ
၁၅၀။ သာထက်ဇော်(မကွေး)
ထွက်သွား၊ မန်းတီး၊ စိတ်ဆိုးလို့လား





၁၅၄။ ဆရာကံထူး(ဝေဒသုတေသီ)
ချစ်လိုလျက်နှင့်ဝေး ဝေးရလေသောအခါ
၁၅၈။ မင်းမဟော်ညွန့်
နက္ခတ်ကောဇာ ရက်မြတ်ကောင်း အချိန်အခါ
၁၆၄။ ဆရာကံထူး(ဝေဒသုတေသီ)
နက္ခတ်တာရာများက ဖော်ပြနေတဲ့
သင့်ဘဝရဲ့ တစ်လတာကံကြမ္မာ
၁၇၀။ ဆရာရန်အောင်ဟိန်း(B.Sc)
မနေ့သိဒ္ဓိနက္ခတ်နယ်ပယ်ပေါ်
လဂ်နှင့် မွန်းတည့်မျဉ်းဖြတ်ဇယား
၁၇၂။ ဆရာရန်အောင်ဟိန်း(B.Sc)
ဂမ္ဘီရပရိသတ်မေး၍ ဖြေသည်




www.burmeseclassic.com

www.burmeseclassic.com


၁၇၈။ **ဆရာရန်အောင်ဟိန်း(B.Sc)**
ဂျိန်းစ်ဘွန်းမင်းသား ရော်ဂျာမိုး၏
ဇာတာအား သူ၏ သေဆုံးချိန်ကို ဝေဖန်ပြခြင်း

၁၈၁။ **ဟိန်း(ဘူမိ)**
ဖရဲသီးကပေးသော
ကျန်းမာရေးအကျိုးကျေးဇူးများ

၁၈၄။ **ဆရာဦးသီဟ(တိုင်းရင်းဆေး)**
အဆုတ်ရောဂါ ကြိုတင်ကာကွယ်နိုင်သည့်
နည်းလမ်းများ

၁၈၆။ **ဖျာပုံ တင်နိုင်ဝင်း**
သက်သတ်လွတ်စားခြင်းဆိုင်ရာ သတိပြုဖွယ်များ

၁၉၀။ **မောင်သွေးရှင်**
ဂမ္ဘီရစာရေးဆရာ၏ ကိုယ်တွေ့ဂမ္ဘီရဇာတ်လမ်း

၁၉၆။ **ရွှေတလေး(လွယ်လင်)**
တစ်ဘဝတွင် မျောက်ဖြစ်ခဲ့သော ကိုရင်လေး

၂၀၀။ **သိန်းထွန်းသစ်**
ဝိဇ္ဇာလောက ဝိဇ္ဇာလမ်းစဉ်

၂၁၂။ **စိုးယဉ်ထွန်း**
အဘိုးနှင့် စိန္တာမဏိ အောင်ဂါထာ

၂၂၀။ **ကောင်းသော်**
ကတိပျက်၍ အသက်ပေးရ

၂၂၇။ **ချစ်မင်းသူ**
မနုဿမဟုတ်သော မနုဿ

၂၃၂။ **လှိုင်စောဦး(မြို့ရွှေပြည်)**
အဘိုးပုနှင့် လူနီကလေး
ဂဝံသားပိုက် လူမိုက်ကပ်ကျော်

၂၄၆။ **ဒါရိုက်တာမျိုးဇော်အောင်**
ဟိုရှေးရှေးတုန်းက ချစ်သူဟောင်းနှင့် ပြန်ဆုံခြင်း

၂၅၂။ **ထွန်းအောင်ရင်**
ဂမ္ဘီရလူသားတစ်ဦး၏ အကျဉ်းသား

၂၅၆။ **ရဲမြတ်တင်**
ကျေးဇူးရှင် ဆိုပါလား

၂၆၄။ **တင့်ထူး(ဇေယျာဝတီ)**
ဝိညာဉ်တစ်ကောင်၏ အစွဲ

၂၇၁။ **မောင်မြင့်မား(မိုလ်ကလေး)**
မီးလုံးကြီးများ



၂၇၆။ **တေဇအောင်**
ရွှေပင်ပေါ်မှာ နားခဲ့ဖူးပါသည်

၂၈၂။ **ခင်မောင်အေး(မန္တလေး)**
ဦးကင်းတောင်က ရတနာသိုက်

၂၈၇။ **သက်နိုင်(ဂျီတွော)**
မွန်းတည့်ပေါက် ဒဏ္ဍာရီ

၂၉၂။ **ကျော်ဇော(စားကုန်)**
အရိုးစုပြိတ္တာ၏ဆန္ဒ

၃၀၄။ **မောင်ဒဿန(ဆင်ဖြူကျွန်း)**
တစ်ကျော့ပြန်



**ထုတ်ဝေသူ** – ဦးသန်းဦး(မြ–၀၀၅၃၆) ၊ **ဂမ္ဘီရ Logo** – မောင်မောင်အောင် ၊ **မျက်နှာဖုံး Graphic** – ဇေဖြိုး
**အတွင်းသရုပ်ဖော်** – ထွန်းအောင်၊ ဝင်းမြင့်အောင်၊ ညွန့်နိုင်လှ၊ ဇော်ညွန့်ဖေ၊ မိုးကျော်၊ ကျော်စိုးညိန်း၊ ဇော်လင်း။
**အတွင်းသားဖလင်**–STARS။ **စာအုပ်ချုပ်**–အဂျေး။ **စောင်ရေ**–၅၀၀။ **တန်ဖိုး**– ၂၀၀၀ ကျပ်
**မျက်နှာဖုံးပုံနှိပ်**–ဦးတိုးဝင်း(မြ–၀၀၈၃၀)၊ နေလရောင်ပုံနှိပ်တိုက်၊ အမှတ်(၉၆)၊ (၁၁)လမ်း၊ ရန်ကုန်မြို့။
**အတွင်းပုံနှိပ်**–ဦးကျော်စိုး(မြ–၀၀၄၆၆)၊ စိုးပုံနှိပ်တိုက်၊ ကနောင်မင်းသားကြီးလမ်း၊ ၁/၄ အရှေ့ဒဂုံစက်မှုဇုန်၊ ရန်ကုန်မြို့။
**အယ်ဒီတာအဖွဲ့ရုံး** ✱ အမှတ်–၁၈၂(က)(မြေညီထပ်)၊ ၃၃–လမ်း(အထက်လမ်း)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ☎ ၃၇၄၅၄၅ ၊ 📱 ၀၉၂၆၀၀၈၅၈၆၀




www.burmeseclassic.com

www.burmeseclassic.com


တ/ဆထလ-၁၁/၂၀၀၅၊ တုံး(၁၈၇) ယောယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်-၀၅၁၀ YR ၀၀၀၇၉၂

ကျန်းမာခြင်းသည်လာဘ်တစ်ပါး



# ဦးအောင်မြင့် လုပ်ပျံတော်ပတ္တမြား

သွေးဆေးမှုန့်

သွေးဆေးအဆီ

လေသက်ဆေး

နန်းတွင်းလျှာပွတ်ဆေး

လျက်ဆား

သည်းခြေဆေး

ဖုန်း ၀၁-၅၄၃၃၁၆ ၀၁-၇၀၁၄၇၃

၀၁-၅၅၉၅၅၉ ၀၁-၅၄၉၁၀၃


www.burmeseclassic.com


www.burmeseclassic.com

အာကာသ(သာစည်)

# မြတ်စွာဘုရားရှင်၏ ဗျာဒိတ်တော်ရ ဂမ္ဘီရဖြစ်စဉ်များ ထင်ရှား တောင်တော်ရွှေပုပ္ပား

မြန်မာပြည်အလယ်ပိုင်းတွင်ရှိသော ပုပ္ပားတောင်သည် မိုးနည်းရပ်ဝန်းဒေသတွင် ဖြစ်သော်လည်း ရေဝေကြော သစ်တောများနှင့် ရေထွက်စမ်းတို့ ရှိခြင်းကြောင့် စိုပြည်စိမ်းလန်း အေးချမ်းလျက်ရှိသည်။ ဂမုန်းအမျိုးမျိုး၊ ဆေးမြစ်ဆေးဉ အမျိုးမျိုးတို့ ပေါက်ရောက်သော ယင်းတောင်ထက်၌ ဝိဇ္ဇာ၊ ဇော်ဂျီ၊ တပသီများ၊ ထွက်ရပ်ပေါက်ကျင့်စဉ်လိုက်စားသူပုဂ္ဂိုလ်များ၊ သူတော်စင် သူတော်မြတ်များ ကိန်းအောင်းမွေ့လျော် စံပျော်လျက် ရှိကြလေသည်။

ပုပ္ပားတောင်မကြီးနှင့် တောင်ကလပ်တို့ ထင်ရှားရှိရာ ပင်လယ်ရေမျက်နှာပြင်ထက် အမြင့်ပေမှာ တောင်မကြီးသည် (၄၉၈၁)ပေမြင့်၍ တောင်ကလပ်ကမူ ပေ



မြေတွင် စုန်းစုန်းထိုးထွက်နေသော ပုပ္ပားတောင်ကလပ်

(၁၀၀၀)ကျော်မြင့်သည်။ ယခင်က မီးတောင်ဖြစ်ခဲ့ဖူးပြီး မီးသေတောင်ဖြစ်သော တောင်မကြီးအား ထိပ်ဝတွင် ချိုင့်ခွက်ဖြစ်လျက် တစ်တောင်ထီးတည်း ရှိသည်။ တောင်မကြီး၏ အနောက်ဘက်အခြေတွင် ကပ်လျက်ရှိသော တောင်ကလပ်မှာ မြေတွင် စုန့်စုန့်ပေါက်သော ကျောက်တိုင်ကြီးအလား ထူးခြားစွာ တည်ရှိနေသည်။

ဂေါတမဘုရားရှင် ပွင့်တော်မူ၍ ငါးဝါမြောက်သော အခါ သုနာပရန္တတိုင်း၊ လယ်ကိုင်းမည်သော ဝါဏိဇ္ဇဂါမ၌ မဟာပုဏ်၊ စူဠပုဏ်ညီနောင်နှစ်ပါးသည် ဘုရားရှင်အားပန်ကြား၍ စန္ဒကူးနံ့သာကျောင်းတော်ကို တည်၏။ မြတ်စွာဘုရားလည်း နောင်အနာဂတ်၌ မြန်မာပြည်တွင် ငါ၏သာသနာ အဓွန့်ရှည်စွာ တည်ရာသည်ဟု မြင်တော်မူ၍ ပြာသာဒ်ယာဉ်ပျံငါးရာ၊ ရဟန္တာငါးရာနှင့် ကောင်းကင်ခရီးဖြင့် ကျောင်းတော်မပြီးမချင်း အကြိမ်ကြိမ်ကြွတော်မူလာ၏။ ယင်းကျောင်းပြီးသောအခါ အလှူခံတော်မူ၍ ခုနစ်ရက်ပတ်လုံး ဈာန်၏ချမ်းသာဖြင့် နေတော်မူ၏။

ထိုမှ အရှင်အာနန္ဒာ လိုက်ပါလျက် ဖိုးဦးတောင်ဖျားသို့ ဒေသစာရီကြွတော်မူသော် အရှေ့တောင်ယံ သမုဒ္ဒရာရေမျက်နှာထက် နွားချေးခြောက် ပေါလောမျောလာသည်ကို မြင်တော်မူ၏။ မွေးငယ်တစ်ကောင်သည်လည်း ဘုရားရှင်အား မြေကို နှုတ်သီးဖြင့်ကော်၍ ပူဇော်၏။


ထိုနိမိတ်နှစ်ပါးကို မြင်တော်မူ၍ ပြုံးတော်မူသည်ကို ညီတော်အာနန္ဒာ လျှောက်ထားတောင်းပန်သော် ချစ်သား အာနန္ဒာ··ငါ ပရိနိဗ္ဗာန်စံတော်မူ၍ သာသနာတော်တစ်ရာ့တစ်နှစ် ရောက်သောအခါ ဤအရပ်၌ နိမိတ်ကြီးငါးပါး ထင်ရှားဖြစ်လတ္တံ့။

မြေကြီးငလျင် ပဲ့တင်ထပ်မျှ ပြင်းစွာတုန်လှုပ်ခြင်းလည်းတစ်ပါး၊ ဖိုးဦးမော်အရပ်၌ အင်းကြီးပေါ်ခြင်းလည်းတစ်ပါး၊ စမုန်စမြိတ်ဖြစ်ခြင်းလည်းတစ်ပါး၊ ပုပ္ပားတော



www.burmeseclassic.com

www.burmeseclassic.com



ပုပ္ပားတောင်၏အလှ

မြေမှ စုန့်စုန့်တက်ခြင်းလည်းတစ်ပါး၊ သရေခေတ္တရာပြည် တည်ရာဝယ် ပင်လယ်ရေခန်းခြောက်ခြင်းလည်းတစ်ပါး ထိုနိမိတ်ကြီးငါးပါး ထင်ရှားစွာဖြစ်သောအခါ ဤပွေးငယ်သည် ပွေးဘဝမှ စုတေ၍ လူဖြစ်ပြီးလျှင် ဒွတ္တပေါင် ဟူသော အမည်ဖြင့် မြို့ကြီးပြကြီး ထီးနန်းကနက် စိုက်ထူလျက် မင်းပြုလတ္တံ့။ ထိုမင်း၏ လက်ထက်တော်မှစ၍ မြန်မာပြည်တွင် ငါ၏ သာသနာတော်သည် အခွန့်ရှည်စွာလျှင် ထင်ရှားဖြစ်လတ္တံ့' ဟူ၍ ဗျာဒိတ်ကြားတော်မူခဲ့၏။


ထို့ကြောင့် ပုပ္ပားတောင်ကလပ်သည် မြေတွင် စုန့်စုန့်ပေါ်သော ဘုရားရှင်၏ ဗျာဒိတ်တော်ရတောင်ဖြစ်သည်။

ဟိုရှေးက ပုပ္ပားတောင်ကလပ်ကို ဘဇဂါမ်တောင်၊ ပန်းပေးတောင်၊ နဂါးရစ်တောင်၊ ဝဏ္ဏာယက္ခတောင်၊ ဝိဇ္ဇာ ဓရတောင်ဟူ၍ အမျိုးမျိုးခေါ်ဝေါ်ခဲ့ကြသည်။ ဘဇဂါမ်တောင်ဟူသော အမည်ကို ရှေးက ခေါ်ခဲ့ကြခြင်း ဖြစ်သည်။ ပန်းပေးတောင်ဟု ခေါ်ခြင်းကား ပုဂံခေတ် အနော်ရထာမင်း လက်ထက်တွင် သမိုင်းနောက်ခံ ရှိခဲ့ဖူးလေသည်။

အနော်ရထာမင်းသည် သူရဲကောင်းတို့ကို အားပေးချီးမြှောက်သော မင်းမြတ်ဖြစ်သည်။ မြန်မာနိုင်ငံတွင် တစ်နယ်တစ်မင်း ကွဲပြားနေမှုကို စည်းရုံးသိမ်းသွင်း၍ ပထမနိုင်ငံတော်တည်ထောင်ရာတွင် ရဲစွမ်းသတ္တိနှင့် ပြည့်စုံသော ကျန်စစ်သား၊ ငထွေးရူး၊ ငလုံးလက်ဖယ်၊ ညောင်ဦးဖီး စသော စစ်သူကြီးလေးဦးတို့အပြင် ဗျတ္တနှင့် ယင်း၏သားနှစ်ဦး ရွှေဖျဉ်းကြီး၊ ရွှေဖျဉ်းငယ်တို့ကို လက်ရုံးသဖွယ် အားထားခဲ့သည်။

ပုဂံအနော်ရထာမင်းနှင့် ခေတ်ပြိုင်ဖြစ်သော မွန်တိုင်းပြည်တွင် သထုံဘုရင် မနုဟာ စိုးစံလျက်ရှိသည်။ မင်းဆရာဘုန်းတော်ကြီးသည် အနောက်မဇ္ဈိမဒေသမှ သင်္ဘောပျက်၍ ပင်လယ်ကူးပြီးရောက်လာသော ဗျက်ဝိနှင့် ဗျတ္တညီနောင်နှစ်ဦးကို ခေါ်ယူမွေးစားထားသည်။ တစ်နေ့တွင် ကုလားညီနောင်သည် ဆရာတော်မရှိခိုက် ဇော်ဂျီဖိုဝင်သားကိုစားမိပြီး ကာယသိဒ္ဓိပေါက်နေကြသည်။ လူစွမ်းကောင်းများအဖြစ် သထုံမင်းနေပြည်တော်၌ ကျော်ကြားလျက်ရှိနေသည်။

အစ်ကိုဖြစ်သူ ဗျက်ဝိသည် မြို့ဝန်သမီး မအိုဇာနှင့် ချစ်ကြိုက်နေရာ မြို့ဝန်မင်း အကောက်ကြံ၍ မအိုဇာနှင့် မျှားပြီး ဗျက်ဝိကို ဖမ်းသည်။ ဗျက်ဝိကား ကာယသိဒ္ဓိ



စိုပြည်လျက်ရှိသော ပုပ္ပားတောင်တော်ဝန်းကျင်

www.burmeseclassic.com



ပုပ္ပားတောင်မကြီးနှင့် တောင်ကလပ်အား အဝေးမှ လှမ်းမြင်ရစဉ်

ရှိသော်ငြားလည်း မသန့်ရှင်းသော မိန်းမထဘီတို့ဖြင့် ဝန်းရံထားသည့် အခန်းအတွင်းသို့ ဝင်ရောက်မိသဖြင့် အမိခံလိုက်ရသည်။ မြို့ဝန်က ဗျက်ဝိကိုသတ်ရာ စိတ်ကို မလျှော့ဘဲ အားတင်းထားသဖြင့် သတ်၍မသေနိုင် ဖြစ်နေသည်။ နောက်ဆုံး၌ မအိုဇာပေးသည့် ကွမ်းတစ်ရာ ရေတစ်မှုတ်ကို စားသောက်၍ စိတ်လျှော့လိုက်သဖြင့် သေဆုံးသွားသည်။

ပုဂံသို့ သထုံမှ ကြွချီတော်မူလာသော ရှင်အရဟံ၏ လမ်းညွှန်မှုဖြင့် အနော်ရထာမင်းသည် မြတ်ဗုဒ္ဓ၏ ပိဋကတ်သုံးပုံကို သထုံဘုရင်ထံ တောင်းခံရာ သထုံဘုရင် မနုဟာက မချေမငံ တုံ့ပြန်ဆက်ဆံခဲ့သည်။ အနော်ရထာမင်းလည်း အမျက်တော်ရှကာ သထုံသို့ စစ်ချီတော်မူလေသည်။

သထုံမြို့ကို လူသူ လက်နက် အင်အား အလုံးအရင်းနှင့် တိုက်ခိုက်သော်လည်း သေဆုံးသူ ဗျက်ဝိကို စီရင်ပြီး မြို့ထောင့်အသီးသီးတွင် အစောင့်ထားသဖြင့် မအောင်မြင်ဘဲ ဖြစ်နေသည်။ ဗျက်ဝိ၏ညီ ဗျတ္တအကူအညီကို ရယူပြီး အစီအရင်တို့ကို ဖော်ပစ်မှသာ အလွယ်တကူ အောင်မြင်ခဲ့သည်။ အပြန်တွင် သထုံဘုရင် မနုဟာနှင့် ပိဋကတ်တော်တို့သာမက လူစွမ်းကောင်း ဗျတ္တကိုလည်း ပုဂံနေပြည်တော်သို့ ခေါ်လာခဲ့သည်။

မြော်မြင်မှု ကြီးမားတော်မူသော အနော်ရထာမင်းသည် သူ့ရဲကောင်းတို့ကို မြှောက်စားသော်လည်း တော်လှန်ပုန်ကန်ခြင်း မပြုနိုင်ရန် တာဝန်တစ်ခုခုပေး၍ ထိန်းချုပ်ထားသည်။ ဇော်ဂျီဖိုဝင်သား စားထားသဖြင့် ခုန်ပျံကျော်လွှားနိုင်သော ဗျတ္တကို ပန်းတော်ဆက် တာဝန်ပေးထား၍ ပုဂံနှင့် ပုပ္ပားသို့ တစ်နေ့ဆယ်ခေါက် ပန်းခူးသွားစေရသည်။ ဗျတ္တလည်း ပုဂံနှင့် ပုပ္ပားကို အနီးဆုံးဖြတ်လမ်းမှ မြင်းစီး၍ မအားမလပ်နိုင်အောင် သွားချည် ပြန်ချည် လုပ်နေရသည်။ ယခုအခါ ထိုလမ်းကို ရွေးချယ်၍ ဗျတ္တပန်းဆက်လမ်းဟူ၍ ကတ္တရာခင်းကားလမ်း ဖောက်လုပ်ထားသည်။



ပုဂံသို့ အနီးဆုံးသွားနိုင်သည့် ဗျတ္တပန်းဆက်လမ်း

ဗျတ္တသည် ပုဂံမှ ပုပ္ပားသို့ နေ့စဉ် ပန်းခူးသွားရာက ပန်းစားဘီလူးမ မယ်ဝဏ္ဏနှင့် တွေ့ဆုံချစ်ကျွမ်းဝင်ကြသည်။ မယ်ဝဏ္ဏလည်း ဗျတ္တနှင့် ချစ်တင်းနှောရင်း ပန်းတို့ကို ကူညီခူးပေးသည်။ ထို့ကြောင့် ပန်းပေးတောင်ဟု တွင်ခဲ့သည်။

ပုပ္ပားတောင်ဝန်းလယ်တွင် တောမြိုင်စိမ့်စမ်းများ ကောင်းသဖြင့် အခါအားလျော်စွာ တောင်



www.burmeseclassic.com

www.burmeseclassic.com

ခိုးတောင်ဇွေ့များ ထလေ့ရှိသည်။ တိမ်လိပ်တောင်ခိုးတို့သည် တောင်မကြီး၏ ခါးပန်း၌ ရစ်သိုင်းလွှမ်းခြုံ၍လည်းကောင်း၊ တောင်ကလပ်အား မြွေနဂါးတစ်ကောင်မှ ရစ်ပတ်ထားသည့်နှယ်လည်းကောင်း တွေ့ရလေ့ရှိသည်။ မြွေနဂါးတစ်ကောင် ရစ်ပတ်ထားသည်နှင့် တူသောကြောင့် နဂါးရစ်တောင်ဟုလည်း ခေါ်ကြသည်။

ဗျတ္တသည် မယ်ဝဏ္ဏာနှင့် ချစ်ကြိုက်နေမှုကြောင့် ပန်းတော်ဆက်ချိန် နောက်ကျလာသည်။ ဗျတ္တနှင့်ရသော ကိုယ်ဝန်ကို မယ်ဝဏ္ဏာမှ အမြွာညီနောင် မွေးဖွားသောအခါ အနော်ရထာမင်း ကြားသိတော်မူ၍ ဗျတ္တအား သားကဲ့သို့ ချစ်သောကြောင့် ကလေးငယ် နှစ်ဦးကိုလည်း မြေးတော်များဖြစ်သည်ဟုဆိုပြီး ရွှေဖျဉ်းအိုးနှစ်လုံးကို လက်ဆောင်ပေးလိုက်သည်။ ဖျဉ်းအိုးနှစ်လုံးကို အစွဲပြု၍ ရွှေဖျဉ်းကြီး, ရွှေဖျဉ်းလေးဟုလည်းကောင်း၊ မင်းကြီး,မင်းလေးဟုလည်းကောင်း၊ ရွှေဖျဉ်းညီနောင်ဟူပြီးလည်းကောင်း ခေါ်ဝေါ်ကြလေသည်။

တောင်ကလပ်၏ထိပ်ပြင်သည် တစ်ဧကခန့်ကျယ်၍ တစ်ခွင်တစ်ပြင်လုံးကို စီးမြင်နေရသည်။ ထို့ကြောင့် တောင်ထိပ်၏ အနောက်တောင်စွယ် ကျိုက်ထီးရိုးစေတီအနီးတွင် ပန်းခူးလာနေကျ မောင်တော်ဗျတ္တကို မယ်ဝဏ္ဏာမျှော်ခေါ်နေသော နေရာရှိသည်။ မယ်တော်မျှော်စင်ဟုခေါ်၍ ယင်းနေရာမှ ပုဂံညောင်ဦးရှိ မီးရောင်တို့ကို ရာသီဥတု ကြည်လင်သာယာသော ညအချိန်၌ မှိန်ပျပျလှမ်းမြင်ရသည်။

တောင်ထိပ်မရောက်မီ မယ်တော် မယ်ဝဏ္ဏာနှင့် သားတော်နှစ်ပါး၏ နတ်နန်းရှိသည်။ မယ်ဝဏ္ဏာသည် သားတော်နှစ်ပါးကို ယင်းနေရာ၌ ဖွားမြင်၍ မောင်တော် ဗျတ္တ အလာကို ဒန်းစီးရင်းမျှော်သောကြောင့် ဒန်းစီးစခန်းဟုလည်းကောင်း၊ သန်းပင်များ ပေါက်ရောက်သဖြင့် သန်းတောစခန်းဟုလည်းကောင်း၊ ပုဂံမျှော်နန်း ဟူ၍လည်းကောင်း ခေါ်ကြသည်။ ပန်းစားဘီလူးမ မယ်ဝဏ္ဏာ


ဘိုးမင်းခေါင်တည်ထားသော စေတီတော်

တို့ နေထိုင်သွားသည်ကို အကြောင်းပြုလျက် ဝဏ္ဏာယက္ခတောင်ဟု ခေါ်ကြသေးသည်။


တောင်ကလပ်၏ တောင်တက်လမ်းတစ်လျှောက်တွင် မယ်တော် မယ်ဝဏ္ဏာနှင့် သားတော်နှစ်ပါး၏ နတ်နန်း၊ ဘိုးမင်းခေါင်ဓာတ်နန်းတို့ကို စဉ်ဆက်မပြတ် တွေ့နေရသည်။ ဓာတ်နန်းနှင့် နတ်နန်းတို့အတွင်း၌လည်း ဗုဒ္ဓ


တောင်ကလပ်အတက်လမ်းရှိ ပဥ္စဝဂ္ဂီငါးဦးအား တရားဦးဟောကြားနေဟန်



www.burmeseclassic.com

www.burmeseclassic.com



ဝိဇ္ဇာဦးစီး အဘဘိုးမင်းခေါင်ကြီး

ရုပ်ပွားတော်များကို ကြည်ညိုသပ္ပာယ်ဖွယ်ရာ ကိုးကွယ်ထားရှိသည်။ တောင်ကလပ်အခြေတွင် ဝိဇ္ဇာမဟိဒ္ဓိထိပ်ခေါင် ဘိုးမင်းခေါင်၏ အဆောက်အအုံရှိသည်။

သက်ကြီးစကား သက်ငယ်ကြား၍ တစ်ဆင့်ပြောပြသဖြင့် သိရသည်မှာ ဒုတိယကမ္ဘာစစ်အတွင်းက ဘိုးမင်းခေါင် နေထိုင်ရာ အဆောက်အအုံအနီး၌ စစ်လေယာဉ်များ ဗုံးကြဲသဖြင့် မီးများလောင်ကျွမ်းခဲ့သည်။ ဘိုးမင်းခေါင်သည် မီးလောင်ရာဘက် မျက်နှာမူလျက် မှုတ်လွှတ်ရာ သူနေထိုင်ရာ အဆောက်အအုံဘက် မီးကူးမလာဘဲ မီးများ ငြိမ်းကုန်သည်ဟု ဆိုသည်။

ဝိဇ္ဇာဓိုရ်ဟု လူသိများထင်ရှားသော ဘိုးမင်းခေါင်ကို ကျောက်ပန်းတောင်းမြို့နယ်၊ စဉ့်မြင့်ရွာတွင် အဘဦးမောင်ပု၊ အမိဒေါ်မင်းသစ်တို့မှ (၁၂၄၂)ခုနှစ်၊ ကဆုန်လဆန်း (၁)ရက်၊ တနင်္ဂနွေနေ့ နံနက်ခင်းတွင် ဖွားမြင်သည်။ မွေးချင်းညီအစ်ကိုမောင်နှမ ငါးဦးရှိသည့်အနက် စတုတ္ထမြောက်ဖြစ်၍ ငယ်မည် မောင်ဘိုးအောင်ဟု ခေါ်သည်။

မောင်ဘိုးအောင် အရွယ်ရောက်သောအခါ သာသနာတော်တွင် ဦးအာစိဏ္ဏ ဘွဲ့တော်ဖြင့် ရဟန်းဝတ်သည်။ စဉ့်မြင့်ရွာတွင် ရဟန်းဆယ်ဝါ ရသည်အထိ သီတင်းသုံးနေထိုင်သွားသည်။ ထိုစဉ် တစ်ပါးတည်း ပါးစပ်တလှုပ်လှုပ်လုပ်၍ ဘုရားစာတို့ကို မပြတ်တမ်း ရွတ်နေလေ့ရှိသကဲ့သို့ ရံဖန်ရံခါ၌ တောထဲ တောင်ထဲသို့သွားပြီး တရားအားထုတ်နေလေသည်။

ထို့နောက် စဉ့်မြင့်ရွာမှ ရုတ်တရက်ပျောက်သွား၍ ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ နမ္မားခရုချောင်းရွာ၌ စိတ်ဝေဒနာသည် ပုံစံမျိုးဖြင့် သာသနာပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ မြင်တွေ့သူအပေါင်းက စိတ်မကောင်းခြင်းကြောင့် ကပေါက်တိကပေါက်ချာ လုပ်နေသူအဖြစ်ဖြင့် ပြစ်မှားမိကြသည်။ ထိုစဉ် ဆန်းကြယ်သော သိဒ္ဓိတန်ခိုးပြခြင်းများ ပြုလုပ်ခဲ့သည်။



ဓာတ်နန်းတော်စံနေရာ

ဘိုးမင်းခေါင်သည် ကချင်ပြည်နယ်တွင် နှစ်ပေါင်း နှစ်ဆယ်ကြာမျှ နေလာခဲ့ရာက လူဝတ်ကြောင်ဖြင့် ပုပ္ပားသို့ ရောက်ရှိလာသည်။ ပုပ္ပားသို့ရောက်သည့်အခါ တောင်ကျောင်းဆရာတော် ဦးကေသရ ထံတွင် တည်းခိုသည်။ ထို့နောက် ဦးကေသရကျောင်းအနီးရှိ ဦးနီဇ အိမ်တွင် ကြာမြင့်စွာ နေလာပြီး ပုပ္ပားတောင်ကလပ်အခြေ ဓာတ်ခန်းရှိရာသို့ ပြောင်းရွှေ့နေထိုင်၍ သာသနာပြုလုပ်ငန်းများ ဆောင်



www.burmeseclassic.com

www.burmeseclassic.com



လွှမ်းမောဖွယ်ကောင်းလှသော ပုပ္ပားတောတွင်းတစ်နေရာ

ရှက်ခဲ့သည်။

အဘအောင်မင်းခေါင် (ခေါ်) ဘိုးမင်းခေါင်သည် (၁၃၁၄)ခုနှစ်၊ တော်သလင်းလဆုတ် (၂)ရက်နေ့၊ ညနေတွင် ကွယ်လွန်အနိစ္စရောက်ခဲ့သည်။ ဘိုးမင်းခေါင်ကို အများတကာက အသေထွက် ထွက်သည့် ဝိဇ္ဇာဓိုရ်ဟုပြောဆိုပြီး ကွယ်လွန်သည့် နေ့ရက်ရောက်တိုင်း အဘထွက်ပွဲဟူ၍ တောင်ကလပ်၌ နှစ်စဉ် ကျင်းပကြသည်။ ထို့ကြောင့် ဝိဇ္ဇာဓရတောင်ဟု ခေါ်ခြင်းမှာ ထွက်ရပ်ပေါက်ပုဂ္ဂိုလ် ဝိဇ္ဇာဓိုရ်များမွေ့လျော်ရာ၊ ကျင့်စဉ်ထူးများ လိုက်စားရာတောင် ဖြစ်သောကြောင့် ဤသို့သမုတ်ခဲ့ခြင်း ဖြစ်လေသည်။

တောင်ကလပ်ပေါ်တွင် ထီးသုံးဆင့် ဆုတောင်းပြည့်စေတီ၊ မဟာဗောဓိပုံစေတီ၊ ဂြိုဟ်ရှစ်ခွင်စေတီ၊ ရှစ်မျက်နှာစေတီ၊ ဘိုးမင်းခေါင်တည်ထားသော ကမ္ဘာလုံးစေတီနှင့် သာသနိကအဆောက်အအုံများ တည်ရှိသည်။ ရွှေရောင်ဝင်းလက် သပ္ပာယ်တော်မူလျက်ရှိသော စေတီတော်၊ ရုပ်ပွားတော်တို့ကို ဖူးမြော်လျက် ဗုဒ္ဓ၏ အဆုံးအမကို ခံယူရင်း နတ်အပေါင်းတို့အား ဒါနပြု၍ အမျှအတန်းပေးဝေခြင်းသည် မြန်မာ့ရိုးရာ ယဉ်ကျေးမှုတစ်ရပ်ဖြစ်သည်။ ထို့ကြောင့် တောင်ကလပ်ပေါ်သို့ ပတ္တမြားစောင်းတန်းမှ တက်သည်နှင့် ဘိုးမင်းခေါင်ဓာတ်နန်း၊ မယ်ဝဏ္ဏာနှင့် သားတော်နှစ်ပါး နတ်နန်းတို့ကို စဉ်ဆက်မပြတ် တွေ့ရမည် ဖြစ်သည်။



တောင်ပေါ်ရေထွက်စမ်း

ဟိုစဉ်ရှေးက တောင်ကလပ်ထိပ်ပေါ်သို့ တက်ရန် လှေကားမရှိသဖြင့် တက်ရောက်ရန် မလွယ်ကူဟု ဆိုသည်။ ကျင့်စဉ်ထူး လိုက်စားသူတို့သည် ဆေးမြစ်၊ ဆေးဥရှာဖွေရင်း တောင်ကလပ်ပေါ်၌ ကျင့်ကြံအားထုတ်လျက် ဆေးစီရင်ရေးအတွက် လပြည့်ညအမီ လာရောက်ကြသည်။ လပြည့်ညသန်းခေါင်ယံတွင် နွယ်ပင်တို့မှ ကျလာသော နွယ်ငန်းတို့ကို တွယ်ဖက်၍ တက်ကြရသည်ဟု ဆိုသည်။

လောကီရေးနှင့် မကင်းနိုင်သူတိုင်းသည် လောကီနတ်များဟု ခေါ်ဆိုရမည့် (၃၇)မင်းအစရှိသော နတ်တို့ကို ရိုးရာမလေ့အနေဖြင့် ကိုးကွယ်ပ,သကြသည်။ မြန်မာနိုင်ငံတွင် ပုပ္ပားတောင်မကြီး၌ မင်းမဟာဂီရိနတ်မောင်နှမကို နတ်ကွန်းပေး၍ ကိုးကွယ်ခဲ့သဖြင့် ပုပ္ပားတောင်သည် နတ်ကိုးကွယ်မှု စတင်ခဲ့သည့်နေရာဟု ဆိုရလိမ့်မည်။

ခရစ်နှစ်(၃၄၄)ခုနှစ်တွင် နန်းတက်သော ပုဂံမင်း (၇)ဆက်မြောက် သေဦလည်ကြောင်မင်း လက်ထက်က အထက်ချင်းတွင်း တကောင်းနေပြည်တော်၌ တကောင်း

www.burmeseclassic.com



ကျောက်ပန်းတောင်းမြို့အဝင်ဆိုင်းဘုတ်

ဘုရင်မင်းပြုလျက်ရှိသည်။ တကောင်းပြည်တွင် ပန်းပဲဆရာကြီး ဦးတင့်တော်၊ ဇနီးဒေါ်နော်တို့၌ သားသမီးသုံးယောက် ထွန်းကားခဲ့သည်။ အကြီးဆုံးသားကို မောင်တင့်တယ်ဟုခေါ်၍ ကျန်နှစ်ယောက်မှာ သမီးမိန်းကလေးတို့ဖြစ်ပြီး မြတ်လှနှင့် ထွေးဖြူဟု ခေါ်သည်။

အရွယ်ရောက်ချိန်တွင် သားကြီး မောင်တင့်တယ်မှာ ဖခင်၏ ပန်းပဲလုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်သည်။ ဘဝအကျိုးပေးကောင်းသော မောင်တင့်တယ်သည် အရွယ်နှင့် မမျှအောင် သန်မာထွားကျိုင်း၍ အင်အားဗလကောင်းလှသည်။ ပိဿာချိန်တစ်ရာရှိသော တူကြီးနှင့် ထုနှက်လိုက်သောအသံသည် ပတ်ဝန်းကျင်တစ်ခုလုံးကို ချောက်ချားလန့်ဖျပ်သွားစေလေသည်။

မောင်တင့်တယ်၏ အံ့မခန်းသော ကာယစွမ်းအားကြီးမားပုံကို တကောင်းမင်းကြီး ကြားသိတော်မူသော် ကြောက်ရွံ့ထိတ်လန့်ကာ ထီးနန်းလုမည်ကို စိုးရိမ်တော်မူ၍ ဖမ်းဆီးစေသည်။ မင်းပြစ်မင်းဒဏ်ကိုကြောက်သော မောင်တင့်တယ်လည်း တကောင်းဘုရင်၏ ပိုင်နက်နှင့် လွတ်ရာ ပုပ္ပားနယ်သို့ ထွက်ပြေး၍ ခိုလှုံပုန်းအောင်းနေသည်။ ထိုစဉ် နဂါးမင်း၏သမီးတော် ရွှေနဘဲနဂါးမင်းသမီးနှင့် တွေ့ဆုံချစ်ကျွမ်းဝင်၍ ရှင်ဖြူ၊ ရှင်ညိုဟူသော သားနှစ်ယောက် မွေးဖွားခဲ့သည်။

တကောင်းဘုရင်သည် မောင်တင့်တယ်ကို ဖမ်းမရသောအခါ ဥပါယ်တံမျဉ်ဖြင့် ကြံစည်ပြန်သည်။ မောင်တင့်တယ်၏ နှမနှစ်ဦးအနက် ချောမောလှပသော အကြီးမ မြတ်လှကို သီရိစန္ဒာဘွဲ့ပေး၍ တောင်ညာစံမိဖုရား တော်ကောက်လိုက်သည်။ မောင်တင့်တယ်ကို တကောင်းမြို့ဝန်ရာထူး ပေးမည်။ နေပြည်တော်သို့ လာရောက်ရန် မိဖုရား အယုံသွင်းကာ ခေါ်ခိုင်းသည်။ မြတ်လှလည်း ယုံကြည်သဖြင့် အစ်ကိုကောင်းစားရေးကိုမြင်ပြီး မိဘများမှတစ်ဆင့် မောင်တင့်တယ် ပုန်းအောင်းရာသို့ လူလွှတ်၍ ခေါ်သည်။


တောင်ကလပ်အခြေ ဤနေရာ၌ ယာဉ်ရပ်နားရသည်

မောင်တင့်တယ်သည် ဘုရင်ကို မယုံသော်လည်း ချစ်သောနှမ၏ စကားဖြစ်ခြင်းကြောင့်လည်းကောင်း၊ ယောက်ဖဖြစ်လာသည့်သူ့အပေါ် ဘုရင်က မရက်စက်နိုင်ဟု ထင်မြင်မိသောကြောင့်လည်းကောင်း တကောင်းမင်းနေပြည်တော်သို့ လိုက်ပါသွားသည်။ တကောင်းမင်းလည်း မောင်တင့်တယ် ရောက်သည်နှင့် ချက်ချင်းဖမ်းချုပ်ကာ နန်းတော်အနီး၌



www.burmeseclassic.com

www.burmeseclassic.com

စကားပင်ကြီးတွင် တုပ်နှောင်ပြီး ဗိုကျင်ထိုး၍သတ်ရန် စီစဉ်လေသည်။

ထိုသတင်းကို သီရိစန္ဒာမိဖုရားကြားလျှင် ဆောက်တည်ရာမရဖြစ်ကာ တုန်လှုပ်ချောက်ချား ရူးသွပ်သူအလား ဖြစ်သွားခဲ့သည်။ ဘုရင်နှင့်တကွ အများပြည်သူတို့၏ ရှေ့မှောက်တွင် မောင်တင့်တယ်အား အရှင်လတ်လတ် ဗိုကျင်ထိုးသတ်သောအခါ မိဖုရားလည်း မကြည့်မနေရ လာရောက်ကြည့်စေရသည်။ အကြံအစည်ရှိသော မိဖုရားသည် အစ်ကိုဖြစ်သူ၏ မချိမဆံ့ခံစားနေရပုံကို မကြည့်ရက်ဘဲ ပြင်းထန်စွာခံစားရင်း မီးပုံအတွင်းသို့ ပြေးဝင်ခုန်ဆင်းလိုက်လေသည်။


မောင်တင့်တယ်နှင့် နှမကြီး မမြတ်လှသည် ဘုရင်ကို နာကြည်းသောစိတ်ဖြင့် သေဆုံးခဲ့ကြသဖြင့် ထိုစကားပင်၌ပင် နတ်ဖြစ်၍ အပင်အောက် လာရောက်သူဟူသမျှအား ကြောက်လန့်မူးဝေ မေ့မြောသွားအောင် ဖမ်းစားကြသည်။ တစ်နေ့တခြား ဆိုးရွားလာ၍ ထိုသတင်းကို တကောင်းဘုရင်ကြားလျှင် စကားပင်ကို အမြစ်မှတူးပြီး ဧရာဝတီမြစ်အတွင်း မျှောချလိုက်သည်။ ရေစီးနှင့် မျောပါလာသော စကားပင်သည် ပုဂံပြည်သို့ရောက်လျှင် ကမ်းသို့ကပ်၍ တင်နေသည်။

ပုဂံပြည့်ရှင် သေဉ်လည်ကြောင်မင်းသည် ညဉ့်၌ အိပ်မက်မြင်မက်ရာ မောင်တင့်တယ်မောင်နှမက ဖြစ်ကြောင်းကုန်စင်ပြောပြီး ကွန်းတစ်နေရာ ပေးသနားရန် တောင်းဆိုကြသည်။ သေဉ်လည်ကြောင်မင်းလည်း အိပ်စက်ရာက လန့်နိုးပြီးနောက် စကားပင်ကို သွားရောက်ဆယ်ယူစေသည်။ ထိုစကားပင်၏ ပင်စည်ကို မောင်တင့်တယ်နှင့် မမြတ်လှတို့၏ပုံကိုထွင်း၍ ပုပ္ပားတောင်သို့ပို့ပြီး ကွန်းဆောက်ပေးထားလေသည်။

ပုပ္ပားတွင်ရှိသော မင်းမဟာဂီရိနတ်မောင်နှမကို မင်း၊ မှူးမတ် စသောပြည်သူအပေါင်းတို့သည် ကျွဲ၊ နွား၊ မြက်၊ ဝက်တိရစ္ဆာန်တို့ကိုသတ်၍ တစ်နှစ်လျှင်တစ်ကြိမ် ယဇ်ပူဇော်ကြသည်။ အနော်ရထာမင်းလက်ထက်ရောက်သောအခါ ပုပ္ပားတောင်သို့ တပင်တပန်းလာ၍ ယဇ်ပူဇော်သည့် လွဲမှားသောအယူကို ပယ်ဖျောက်ပစ်ခဲ့သည်။

မြတ်စွာဘုရားရှင်၏ ဗျာဒိတ်တော်အရ ပုပ္ပားတောင်မြတ် တောင်ကလပ်သည် စေတီတော်၊ ရုပ်ပွားတော်၊


ပုပ္ပားနယ်တွင် မတွေ့မနေ တွေ့မြင်ရမည့် ထန်းတောများ


နေဝင်ရီတရောအခါ၌ မြင်ရသော ရှုမျှော်ခင်း


www.burmeseclassic.com

www.burmeseclassic.com


သာသနိကအဆောက်အအုံတော်များနှင့် စည်ပင်ထွန်းတောက်၍နေသည်။ ထွက်ရပ်လမ်း ရှာကြံသည့် မဟိဒ္ဓိ ရှင်ပုဂ္ဂိုလ်တို့ကလည်း ကျင့်စဉ်တစ်ရပ်ကို လိုက်စားရင်း ထိုတောင်ထက်၌ သာသနာပြုလျက် ရှိကြလေသည်။



နစ်တစ်သိန်းခွဲမှ နစ်သန်းကြား သက်တမ်းရှိ သစ်ပင်ကျောက်ဖြစ်ရုပ်ကြွင်း

မြန်မာနိုင်ငံတွင် နတ်ကိုးကွယ်မှုဓလေ့ကို ပန်းပဲမောင်တင့်တယ်(မင်းမဟာဂီရိ)မှစ၍ ထင်ရှားရှိခဲ့သဖြင့် (၃၇)မင်းအစ အိမ်တွင်းကဟု ဆိုကြကုန်သည်။ ပုပ္ပားတောင်သည် မင်းမဟာဂီရိနတ်၊ ပုပ္ပားမယ်တော် (ခေါ်) မယ်ဝဏ္ဏနတ်တို့၏ အုပ်စုဝင်နတ်တို့နှင့်လည်း ယှက်စပ်ဆက်နွှယ်လျက် ရှိနေသည်။

ဤသို့ ဂမ္ဘီရအဖုံဖုံ ဖြစ်ရပ်စုံသော ပုပ္ပားတောင်သည် မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့၏အရှေ့မြောက် ခပ်ယွန်းယွန်း (၁၀)မိုင်ခန့်အကွာတွင် တည်ရှိသည်။ ကတ္တရာခင်း ကားလမ်းတောက်လျှောက် ပေါက်ရောက်သဖြင့် ပြေချောသောလမ်းအတိုင်း လွယ်ကူစွာ တက်သွားနိုင်သည်။



သဘာဝအလျောက် နေထိုင်ပျော်မြူးလျက်ရှိသော မျောက်များ

တောင်ကလပ်၏ အခြေသို့ရောက်သည်နှင့် သန့်ရှင်းလတ်ဆတ်သော လေနုအေးလေးကို အားပါးတရရှူရှိုက်ရင်း စိမ်းလန်းစိုပြည်လျက်ရှိသော သစ်တောကြီးကို တစ်မျှော်တစ်ခေါ် မြင်ရလိမ့်မည်။ တောင်ကလပ်ထိပ်၌ ရွှေရောင်တဝင်းဝင်းနှင့် ကိန်းဝပ်စံပယ်တော်မူလျက်ရှိသော ဗုဒ္ဓစေတီတော်၊ ရုပ်ပွားတော်များကို မော်ဖူးလျက် ကြက်မောက်တောင်ဆည်ကိုလည်း စီး၍မြင်ရမည်ဖြစ်သည်။

စားသောက်ဆိုင်၊ အမှတ်တရပစ္စည်း အရောင်းဆိုင်တို့နှင့် ဆေးမြစ်ဆေးဥတို့ကို ဗန်းတွင်ထည့်၍ ပခုံးထမ်းခေါင်းရွက်လေးများနှင့် လှည့်လည်ရောင်းချသည့် ဈေးသည်များလည်း ရှိကြသည်။ ထို့ပြင် မျောက်တစ်သိုက်တစ်ဝန်းလိုက်ပါလျက် မျောက်စာရောင်းနေသူများ၊ ပန်းစည်း အစရှိသည်တို့ တကိုင်ကိုင်နှင့် လိုက်လံပြီးရောင်းနေသူများ ရှိကြသည်။ ပုပ္ပားတောင်သည် တစ်ခါတစ်ခေါက် လာရောက်သင့်သောနေရာ ဖြစ်ပါသည်။

**အာကာသ(သာစည်)**

<u>မှီငြမ်း</u>

* မှန်နန်းရာဇဝင်တော်ကြီး သုံးတွဲချုပ်။
* မင်းရာမ(သတ္တဗေဒ)၏
(၃၇)မင်းနတ် သိမှတ်ဖွယ်နှင့် ပူဇော်ပ,သနည်း။
* စာရေးသူကိုယ်တိုင် ရောက်ရှိမှတ်တမ်းယူပါသည်။



www.burmeseclassic.com

www.burmeseclassic.com


# နှစ်ကြိမ်နှစ်ခါ ဗျာဒိတ်ပေးတော်မူသော မေရုဒကုန်းတော်ထက်က ဆံတော်ရှင်စေတီတော်

ဗိုလ်တထောင် ကိုဦး

သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရားသည် မဟာသက္ကရာဇ် တစ်ရာတစ်ဆယ့်တစ်ခုနှစ်ဝယ် ရှင်ဂဝံပတိရဟန္တာမြတ်၏ ပင့်လျှောက်မှုကြောင့် ရာမညတိုင်း သုဝဏ္ဏဘူမိပြည်သို့ နောက်ပါရဟန္တာများနှင့်အတူ ကောင်းကင်ခရီးဖြင့် ဒေသစာရီခရီး ကြွချီလာ၏။

မုတ္တမ ဇင်းကျိုက်တောင်အနီး တစ်ခုသော ကျောက်ဆင်ကျွန်းတွင် ခေတ္တရပ်တန့် နားနေတော်မူ၏။ ထိုမှတစ်ဖန် ဇင်းကျိုက်တောင်ထိပ်သို့ ရောက်သောအခါ အနောက်မဇ္ဈိမဒေသဆီသို့ မှန်းမျှော်ကြည့်ရှု ဆင်ခြင်တော်မူပြီးနောက် ပြုံးတော်မူလေ၏။

အနီး၌ရှိနေသော ညီတော်အာနန္ဒာက မေးမြန်းလျှောက်ထားရာ "ငါဘုရား နုစဉ်ဘဝ ဆင်မင်းနှင့် သမင်မင်း ဖြစ်စဉ်ကာလ သေလွန်သော် ငါ၏ခန္ဓာကိုယ်အား



ရွှေဆံတော်စေတီတော်ပုံတူစေတီငယ်

သင်္ဂြိုဟ်ရာ သင်္ချိုင်းကုန်း ဖြစ်တော်မူခဲ့သည့် မေရုဒကုန်းတော်တွင် ငါဘုရား သက်ရှိထင်ရှားရှိချိန် ဆံတော်နှစ်ဆူအား ဌာပနာ၍ လူအများ ကိုးကွယ်ပူဇော်မှု ပြုကြလိမ့်မည်။ ငါဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးနောက်ဝယ် ယင်းနေရာ၌ပင် ငါ၏ ဆံတော်ဓာတ်တို့အား ဒုတိယအကြိမ် လူအများ ကိုးကွယ်ပူဇော်မှု ပြုကြလိမ့်မည်" ဟု ဗျာဒိတ်စကား မြွက်ကြားခဲ့လေ၏။

**ဒုတိယအကြိမ် ဗျာဒိတ်စကားမြွက်ကြား**

ဥက္ကလာပတိုင်း ပေါက္ခရဝတီခေါ် ခပင်းဆိပ်ကမ်းမြို့သည် ထိုစဉ်က အလွန်စည်ကားခဲ့သော ဆိပ်ကမ်းမြို့ဖြစ်လေ၏။ ပင်လယ်နှင့် တစ်ဆက်တစ်စပ်တည်းရှိခြင်း၊ အထက်အညာဒေသမှ စုန်လာသော လှေသင်္ဘောများ ဆိုက်ကပ်ရာအရပ်တွင် ရှိခြင်းတို့ကြောင့် လူနေစည်ကားပြီး ကုန်ရောင်းဝယ်ရာ ဆုံရပ်ဒေသ ဖြစ်လေသည်။


ထိုခပင်းအရပ်ဒေသနေ တိက္ခပညာနှင့် သာဂရပညာ အမည်ရှိ ကုန်သည်ညီနောင်သည် ကိုးကွယ်အားထားရာ ဆရာသခင် အရှင်သုမနထေရ်ကို ပင့်ဆောင်၍ သင်္ဘောသားငါးရာတို့နှင့်အတူ မဟာသမုဒ္ဒရာပင်လယ်ကို ဖြတ်ကျော်လျက် အနောက်မဇ္ဈိမသို့ ကုန်ရောင်းဝယ်ရန် ထွက်ခွာသွားကြလေ၏။

လမ်းခရီးပင်လယ်ပြင်တစ်နေရာ၌ အခြားသင်္ဘောတစ်စင်းနှင့် ဆုံတွေ့ကြပြီး ထိုသင်္ဘောသားများက ကိုးကွယ်ရာအစစ် ဖြစ်တော်မူသော ဗုဒ္ဓဘုရားရှင်သည် ဇင်းကျိုက်တောင် တစ်နေရာတွင် ရောက်ရှိစံမြန်းနေတော်မူကြောင်း အသိပေးပြောကြားချက်ကြောင့် သင်္ဘောကြီးအား မုတ္တမ ဇင်းကျိုက်အရပ်ဒေသဆီသို့ လမ်းကြောင်းဦးလှည့်၍ ရွက်လွှင့်လာခဲ့ကြလေ၏။ ရွက်ကုန်ဖွင့်၍ လာခဲ့သော သင်္ဘောသည် မကြာမီ တစ်ခုသော ဆိပ်ကမ်း ကျောက်ချရပ်နားပြီးနောက် ကုန်သည်ညီနောင်သည် မိမိတို့၌ ပါရှိလာခဲ့သော မုန့်မျိုးစုံ စားဖွယ်စုံစုံကို ဆောင်တယ



www.burmeseclassic.com

www.burmeseclassic.com



တွဲဈေး ရွှေဆံတော်စေတီတော်

စွာစီမံပြီးသကာလ ဆရာအရှင် သုမနထေရ်နှင့်အတူ ဘုရားရှင်ထံ သွားရောက်ဖူးမြော်ကြကုန်၏။

မြတ်စွာဘုရား သီတင်းသုံးတော်မူရာအရပ်သို့ ရောက်လေသော် သုမနထေရ်၊ တိက္ခပညာ၊ သာဂရပညာတို့သည် ပါရှိလာသည့် ခဲဖွယ်ဘောဇဉ်မုန့်မျိုးစုံနှင့် လှူဖွယ်ဝတ္ထုများကို မြတ်ဗုဒ္ဓထံ ကပ်လှူကြလေ၏။ ဗုဒ္ဓသည် ဘုဉ်းပေးသုံးဆောင်ပြီးနောက် သာဓုအနုမောဒနာတရား ချီးမြှင့်ပြီးသော် ကုန်သည်တို့သည် သရဏဂုံသီလ၌ တည်ကုန်၏။ ပြီးမှ ဗျာဒိတ်စကား မြွက်ကြားသည်မှာ ငါဘုရားသည် ဆင်မင်းဘဝမှ သေလွန်သော် မေရုဒကုန်းတော်ဝယ် သင်္ချိုင်းဖြစ်ခဲ့ဖူး၏။ သမင်မင်းဘဝ၌လည်း သေလွန်သော် မေရုဒကုန်းတော်ထက်၌ပင် သင်္ချိုင်းဖြစ်ခဲ့ရ၏။

ထိုမေရုဒကုန်းတော်ဝယ် ငါဘုရား၏ ဆံတော်ကို ဌာပနာ၍ စေတီတည်လေသော် လူအများ ကိုးကွယ်ပူဇော်ကြလိမ့်မည်။ ငါဘုရား ပရိနိဗ္ဗာန်ပြုပြီးနောက် ငါ၏ဆံတော်ဓာတ်တော်တို့ကို ထိုမေရုဒကုန်းတော်၌ပင် ဒုတိယအကြိမ် ထပ်မံဌာပနာ၍ စေတီတည်ထားကိုးကွယ် ပူဇော်ကြလိမ့်မည်ဟု ဗျာဒိတ်စကား မြွက်ကြားပြီး လက်တော်



ပုဂံခေတ်လက်ရာ ရှေးဟောင်းရုပ်ပွားတော်

ကို ဆန့်တန်း၍ ဦးခေါင်းတော်ကိုသပ်ရာ ဆံတော်မြတ်နှစ်ဆူ ပါရှိလာတော်မူလေ၏။ ငါ၏ ဆံတော်နှစ်ဆူကို ပင့်ဆောင်၍ မေရုဒကုန်းတော်ထက်၌ ဌာပနာပြီး စေတီတည်တော်မူလော့ဟု မိန့်ကြားရာ ကုန်သည်ညီနောင်တို့သည် ဝမ်းမြောက်ဝမ်းသာစွာ ပတ္တမြားရွှေကြုတ်ဖြင့် ခံယူတော်မူလေ၏။ ထိုဆံတော်မြတ်နှစ်ဆူကို ကုန်သည်တို့သည် မဟာသက္ကရာဇ်(၁၁၁)ခုနှစ်၊ သီတင်းကျွတ်လဆန်း(၁၄)ရက်၊ အင်္ဂါနေ့တွင် လက်ခံရရှိတော်မူခဲ့လေ၏။

**မင်းနှင့် မိဖုရားတို့ ဆံတော်ကို ကြိုဆိုကြခြင်း**

သုမနထေရ်နှင့် ကုန်သည်ညီနောင်တို့သည် သင်္ဘောသားများနှင့်တကွ ဇင်းကျိုက်ဒေသမှ ပေါက္ခရဝတီသို့ ပြန်ခဲ့ကြရာတွင် ပင်လယ်၌ရှိကြကုန်သော နတ်ကောင်းနတ်မြတ်တို့သည် အုန်းအုန်းကျွက်ကျွက်ဖြင့် ပူဇော်ကြကုန်၏။ လေပြင်းမုန်တိုင်း လှိုင်းတံပိုးတို့သည်လည်း ငြိမ်သက်လျက် ဆံတော်မြတ်တန်ခိုးတော်ကြောင့် သိကြားမင်း၊ နတ်မင်းတို့သည်လည်း ကူညီစောင့်ရှောက်တော်မူ၍ မကြာမီကာလ ခပင်းဆိပ်ကမ်းဆီသို့ ဆိုက်ရောက်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘယ်တင်ဘုရားရုပ်ပွားတော်

လေ၏။

ထိုအချိန်က ခပင်းဆိပ်ကမ်းမြို့၏ အနောက်ဘက် ခြောက်မိုင်ခန့်အကွာ၌ ကွမ်ဒေးဟုသောအရပ်ရှိ၏။ ကွမ်ဒေးအရပ်တွင် သမိန်ထောဗညားရမ်းမင်းကို ပြည်သူအပေါင်းက မဟာသမ္မတမင်းအဖြစ် တင်မြှောက်ခဲ့ကြ၏။ သမိန်ထောဗညားရမ်းမင်းနှင့် မိဖုရားမိန္နာဒေဝီတို့ထံသို့ အထောက်တော်များ ရောက်ရှိလာပြီး မြတ်ဗုဒ္ဓ၏ဆံတော်မြတ်နှစ်ဆူ ပင့်ဆောင်လာသော သဘော် ဆိုက်ရောက်နေကြောင်း လျှောက်ထားကြရာ မင်းနှင့် မိဖုရားတို့သည် စစ်အင်္ဂါလေးပါး ခင်းကျင်းလျက် မှူးမတ်ပြည်သူတို့နှင့်အတူ ပေါက္ခရဝတီခပင်းဆိပ်ကမ်းဆီသို့ ဆိုက်ရောက်လာကြလေ၏။ ဆံတော်မြတ်နှစ်ဆူကို ဖူးမြော်ကြည်ညိုပြီးနောက် သမိန်ထောဗညားရမ်းမင်းသည် ကြီးကျယ်ခမ်းနားသော ဘုံခုနစ်ဆင့်ရှိ ပြာသာဒ်ကို တင့်တယ်စွာ ဆောက်လုပ်စေ၍ ရွှေကွန်ချာ၊ ငွေကွန်ချာအထပ်ထပ်ဖြင့် ဖုံးအုပ်ကာရံပြီး ဆံတော်မြတ်ပါရှိသော ပတ္တမြားကြုတ်တော်ကို သဘော်ဆိပ်အနီးတွင် ပူဇော်ခံထားရှိပြီးနောက် ပြည်သူအပေါင်း ကြည်ညိုဖူးမြော်နိုင်ရန် ပွဲလမ်းသဘင် ဆင်ယင်ကျင်းပလျက် ခုနစ်ရက်ခုနစ်လီ ပွဲတော်ကျင်းပခဲ့လေ၏။

**မေရုဒကုန်းတော် ရှာဖွေကြ**

ဗုဒ္ဓ၏ ဗျာဒိတ်စကားအရ ဆင်မင်းနှင့် သမင်မင်း ဘဝ သင်္ချိုင်းဖြစ်ခဲ့ဖူးသော မေရုဒကုန်းတော်ကို ပေါက္ခရဝတီမြို့၏အနောက်ဘက် ခြောက်မိုင်ခန့်အကွာ၌ ရှိသည်ဟု သိရ၍ ထိုကုန်းတော်ကို ရှာဖွေကြလေ၏။

မင်း၊ မိဖုရားနှင့်တကွ သုမနထေရ်နှင့် ကုန်သည်ညီနောင်တို့သည် မေရုဒကုန်းတော်ဟု ထင်မှတ်သော တောင်ကုန်းတစ်ခုကို တွေ့မြင်သော် ဤကုန်းမြတ်သည် ဆံတော်ဓာတ် ကိန်းဝပ်ပူဇော်ခံမည့် မေရုဒကုန်းတော် မှန်ခဲ့ပါမူ ထူးခြားသော အတိတ်နိမိတ်ထူးပြပါရန် သစ္စာဓိဋ္ဌာန် ပြုခဲ့ကြ၏။ သစ္စာဓိဋ္ဌာန်ပြုတော်မူပြီး မကြာမီပင် ထိုတောင်တော်သည် အိုးထိန်းစက်ကဲ့သို့ သွက်သွက်လည်ကာ ပြင်းထန်သော တော်လည်းသံကို ဖြစ်စေပြီးနောက် ပကတိငြိမ်သက်သွားလေ၏။

လူအပေါင်းတို့သည် မှင်တက်မိကာ ကြက်သီးမွေးညင်းထလျက် ဝမ်းမြောက်ပျော်ရွှင်ကြကုန်၏။ မေရုဒကုန်းတော် အမှန်ဖြစ်သည်ကို သိရှိကြပြီးနောက် တောင်တော်ကို ညီညွတ်ပြေပြစ်ခြင်းဖြစ်ရအောင် သစ်ပင်ချုံပုတ်တို့ကို ခုတ်ထွင်ရှင်းလင်းကြလေသည်။ မင်းကြီးသည်



တနင်္ဂနွေထောင့်ရှိ ထီးပုံစေတီနှင့် အောင်မြေ



www.burmeseclassic.com

www.burmeseclassic.com


အမတ်သိန်ကို ဦးဆောင်စေ၍ ငါးရာသော လုပ်သားများဖြင့် စေတီတည်တော်မူမည့် ကုန်းတော်ကို သန့်ရှင်းစေလေ၏။

ပြီးသော် သဒ္ဓါတရားနှင့်ပြည့်စုံသော မြို့တွင်း၊မြို့ပြင်ရှိ ပြည်သူများကို ရွေးချယ်၍ စေတီပရိဝုဏ် တင့်တယ်မှုရှိအောင် ဆောင်ရွက်စေ၏။ စေတီတော်တည်ထားရန် အုတ်များကို အတိုင်းအထွာပေး၍ အုတ်တစ်ဖိုလျှင် အရေအတွက် လေးသောင်းနှုန်းဖြင့် အုတ်ဖိုပေါင်း(၂၁)ဖိုဖြင့် အုတ်ဖုတ်စေ၏။ အုတ်ချပ်ရေပေါင်း တစ်သန်းလေးသိန်းသုံးသောင်းချပ်ဖြင့် စေတီတော်မူလအစ ပြင်ဆင်ဆောင်ရွက်ရန် . သုံးနှစ်တာမျှ အချိန်ကြာညောင်းခဲ့သည်။

**ဆံတော်မြတ်ကို မေရုဒကုန်းတော်ထက် ပင့်ဆောင်ပူဇော်**

ဖိနပ်တော်မခင်းမီ ကုန်းတော်အလယ်တွင် ဆံတော်မြတ်အား ဌာပနာထားပူဇော်ရန် ဥမင်လိုဏ်တူးဖော်၏။ အမတ်ကြီးသိန်ကပင် ဦးဆောင်၍ ပန်းရန်ဆရာကြီး(၂၅)ယောက်နှင့် တပည့်များက အလျား-အနံ (၂၇)တောင်၊ စောက်အနက်(၇)တောင်တူး၍ ဘုံခုနစ်ဆင့်အမြင့်ရှိသောပြာသာဒ်ကို ပြုလုပ်လေ၏။

သမိန်ထောဗညားရမ်းမင်းကြီးသည် မိဖုရားမိန္ဒာဒေဝီ၊ သမီးတော် ဗညားထောဒေးနှင့် အမတ်ချုပ်ကြီးအမတ်သိန်တို့ လိုက်ပါလျက် ဆံတော်မြတ်ရတနာကိုခင်းဆိပ်ကမ်းဆီမှ မေရုဒကုန်းတော်ထက်ဆီသို့ ပင့်ဆောင်လာခဲ့ရာ အတီးအမှုတ် အကအခုန်အမျိုးမျိုးတို့ဖြင့် ပြည်သူတို့လည်း လိုက်ပါခဲ့ကြလေသည်။




တဝဝ္ဂအောင်မြေဘုရားရှင်ပွားတော်



ပန်းတင်ခုံအထက်မဏ္ဍပ်ရှိ အာရုံစေတီတော်များ

မေရုဒကုန်းတော်သို့ ရောက်သောအခါ ကုန်းတော်၏ အရှေ့မြောက်ထောင့်အရပ် သုံးတာအကွာရှိ ရေတွင်းမှ ရေကို ရွှေဖလားဖြင့် ကောင်းမွန်သန့်ရှင်းစင်ကြယ်စွာ စစ်ယူပြီးနောက် ရွှေမနောလင်ပန်းတွင် ဆံတော်မြတ်ကို ရေသပ္ပာယ်တော်မူလေသည်။ အမွှေးနံ့သာအမျိုးမျိုး ထုံမွှမ်းလျက် ဌာပနာထားရာ ဥမင်သို့ ပင့်ဆောင်စဉ် ဆံတော်မြတ်ရတနာသည် ရောင်ခြည်တော်ခြောက်ဖြာ ကွန့်မြူးကာ ထန်းလုံးမျှပမာဏရှိသော တန်ခိုးတော်ကို ပြတော်မူလေ၏။ သုံးကြိမ်တိုင်တိုင် မြေငလျင်လှုပ်လေ၏။ ထိုအခါ မင်းနှင့်တကွ ပြည်သူအပေါင်းသည် ဝမ်းသာအားရ သဒ္ဓါဇောထက်သန်စွာ ဖူးမြော်ကြကုန်လေသည်။ သိကြားမင်း ကိုယ်တိုင်သက်ဆင်း၍ ရွှေသေတ္တာ ယူ

www.burmeseclassic.com



ဘုရင့်နောင်၏အောင်မြေ
ရုပ်ပွားတစ်ထောင် ကျောက်တိုင်စေတီ

ဆောင်လာပြီး ဆံတော်မြတ် ကိန်းဝပ်တော်မူသော ပတ္တမြားကြုတ်တော်ကို ရွှေသေတ္တာအတွင်း သွတ်သွင်းကာ ဌာပနာထားတော်မူလေသည်။ မိန္ဒာဒေဝီမိဖုရားသည် ကြည်ညိုသဒ္ဓါအဟုန်ကြောင့် မိမိ၏ နက်မှောင်ရှည်လျားလှသော ဆံပင်ကိုဖြတ်၍ လှူဒါန်းပူဇော်လေ၏။

ဆံတော်မြတ်ရတနာ အရှည်ကိုးကွယ် ပူဇော်နိုင်ရန် အစောင့်အရှောက်အဖြစ် ထောင့်လေးထောင့်တွင် ဘီလူးရုပ်လေးကောင်နှင့် စက်ယန္တရား တပ်ဆင်ပြီး နဂါးတို့ရန်မှ ကာကွယ်နိုင်ရန် ကျောက်ဖျာပေါ်၌ ဂဠုန်ရုပ်လေးကောင်ထားရှိ၏။ ကျောက်ဖျာထောင့် လေးထောင့်တွင် ခြင်္သေ့လေးကောင်ထားရှိပြီး အလုံးစုံ စီမံပြီးသောအခါ သိကြားမင်းသည် ဆံတော်မြတ်ကို လက်ယာရစ်ပတ် ပူဇော်ပြီးလျှင် မိမိစံရာ တာဝတိံသာသို့ ပြန်ခဲ့လေ၏။

သမိန်ထောဗညားရမ်းမင်းသည် မဟာသက္ကရာဇ် (၁၁၄)ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၁၅)ရက်၊ တနင်္လာနေ့တွင် စေတီတော်ပန္နက်ရိုက်ပြီး အုတ်ဖိနပ်ခင်းတော်မူ၏။ သက္ကရာဇ်(၁၂၀)ပြည့်နှစ်တွင် အုတ်ရိုးစေတီပြီးစီး၍ မဟာသက္ကရာဇ်(၁၂၃)ခုနှစ်၊ တန်ခူးလပြည့်နေ့တွင် ထီးတော်၊ ငှက်မြတ်နား၊ စိန်ဖူးတော်တို့ကို အောင်မြင်ပြီးစီးစွာ တင်လှူပူဇော်နိုင်ခဲ့သည်။ ပန္နက်တော်ရိုက်သည်မှ ထီးတော်တင်လှူပြီးသည်အထိ ကိုးနှစ်အချိန်ကြာခဲ့လေသည်။

**ညီတော်သမိန်ထောဗညားကောင္ဒေးမင်း**

နှစ်ပေါင်း(၁၁၅)နှစ်ကြာပြီးနောက် ကွမ်ဒေးအရပ်ခေါ် တွံတေးနယ်တွင် သမိန်ထောဗညားကောင္ဒေးမင်း စိုးစံတော်မူ၏။ တစ်နေ့တွင် မင်းကြီးသည် ခပင်းအရပ်ဒေသ တောကြီးအတွင်း သီတင်းသုံးလျက်ရှိသော တြိယဂ်ရှင်ရသေ့အား နန်းတော်သို့ ပင့်ဆောင်၍ လျှောက်တင်စကား မြွက်ကြားခဲ့၏။ ဗုဒ္ဓမြတ်စွာသည် ညီတော်အာနန္ဒာအားလည်းကောင်း၊ တိက္ခပညာနှင့် သာဂရပညာကုန်သည်ညီနောင်အားလည်းကောင်း၊ မေရုဒကုန်းတော်ထက်၌ ဗုဒ္ဓဆံတော်ကို သက်တော်ထင်ရှားရှိစဉ်တစ်ကြိမ်၊ ပရိနိဗ္ဗာန်ပြုပြီး နောက်တစ်ကြိမ် ဌာပနာထည့်သွင်း၍ စေတီတည်ထား ကိုးကွယ်ကြမည်ဟု ဗျာဒိတ်စကား မိန့်ဆိုခဲ့၏။ နောင်တော်သည် ဗုဒ္ဓသက်တော်ထင်ရှားရှိစဉ် မြတ်ဆံတော်ကို ထည့်သွင်းဌာပနာ၍ စေတီတော်အား တည်ထားကိုးကွယ်ခဲ့လေသည်။

ကျွန်ုပ်သည်လည်း ဒုတိယအကြိမ် ဗုဒ္ဓဆံတော်မြတ်ကို ပင့်ဆောင်ပြီး စေတီတော်၌ ထည့်သွင်းဌာပနာလိုသော ဆန္ဒရှိတော်မူ၍ ရှင်ရသေ့မှ သထုံပြည် သီရိမာသောကမင်းထံသွားရောက်ကာ ဗုဒ္ဓဗျာဒိတ်တော်အရ ခွင့်ပြုပါမည့်အကြောင်း လျှောက်ထားတောင်းခံပါလော့ဟု တောင်းပန်စကား လျှောက်ထားလေသည်။

**ဆံတော်မြတ်လေးဆူ ပင့်ဆောင်ပူဇော်ခြင်း**

မင်းကြီး၏ တောင်းပန်စကားကြောင့် တြိယဂ်ရှင်ရသေ့သည် ဈာန်တန်ခိုးဖြင့် ကောင်းကင်မှကြွ၍ သထုံပြည်ရှိ ရဟန္တာမြတ်ခုနစ်ပါးထံ ချဉ်းကပ်တော်မူ၏။ ဗုဒ္ဓ၏ ဗျာဒိတ်စကားကို လျှောက်ကြားလေသော် ရဟန္တာအရှင်မြတ်တို့သည် ဉာဏ်တော်ဖြင့် ဆင်ခြင်တော်မူကြည့်ရာ ဟုတ်မှန်နေသည်ကို သိမြင်တော်မူသဖြင့် ရှင်ရသေ့အား ကြောင့်ကြတော်မမူပါလင့်။ သထုံမင်း သီရိမာသောကမင်းထံ ပန်ကြားပြီးနောက် နေရပ်သို့ ပြန်ကြွလေလော့ ငါတို့သည် ဗုဒ္ဓ၏ ဆံတော်မြတ်လေးဆူကို ပင့်ဆော လာပြီး မေရုဒကုန်းတော်ထက်၌ အရောက်ကြွလာ ဌာ



www.burmeseclassic.com

www.burmeseclassic.com



ကျယ်ဝန်းသော ရင်ပြင်တော်နှင့် အရံစေတီများအား သပ္ပာယ်စွာ ဖူးတွေ့ရစဉ်

နာသွင်းပေးမည်ဟု ကတိပေးတော်မူ၏။ ရှင်ရသေ့သည် ရဟန္တာတို့စကားကို လိုက်နာပြီး မေရုဒကုန်းရှိရာ ကွမ်ဒေးအရပ်သို့ ဈာန်တန်ခိုးဖြင့် ပြန်ကြွသွားလေ၏။

ရဟန္တာခုနစ်ပါးတို့သည် ကတိစကားအတိုင်း ဆံတော်မြတ် လေးဆူပင့်ဆောင်ပြီး လောကုတ္တရာဈာန် တန်ခိုးတော်ဖြင့် ကောင်းကင်ခရီးမှ ကြွချီကာ ရှင်ရသေ့ရှိရာ ခပင်းဒေသ တောရပ်မြို့သို့ သက်ဆင်းရောက်ရှိတော်မူလာကြသည်။


ရှင်ရသေ့၏ အကြောင်းကြားချက်အရ မင်းကြီးနှင့်တကွ ပြည်သူအပေါင်းသည် ခပင်းဒေသ တောရပ်မြို့သို့ ရောက်ရှိလာကြပြီး ရဟန္တာခုနစ်ပါး ပင့်ဆောင်လာခဲ့သော ဆံတော်မြတ်လေးဆူကို ရတနာရွှေကြုတ်တော်ဖြင့် ခံယူတော်မူလေ၏။ ခပင်းဒေသမှ မေရုဒကုန်းတော်ထက်သို့ ရောက်ရှိသောအခါ နောင်တော်ဗညားရမ်းမင်း ရေသပ္ပာယ်ခဲ့သော ရေတွင်းမှရေကို ကောင်းမွန်သန့်ရှင်းစွာ ရွှေဖလားနှင့်စစ်ယူပြီး ဆံတော်မြတ်ကို ရေသပ္ပာယ်တော်မူပြီးလျှင် သက္ကရာဇ်(၂၃၈)ခုနှစ်၊ တပို့တွဲလဆန်း (၃)ရက် သောကြာနေ့တွင် ဒုတိယအကြိမ် ဌာပနာထည့်သွင်းကာ ကိုးကွယ်တော်မူခဲ့ကြလေသည်။

## ရှေးမင်းများအဆက်ဆက် စေတီတော်အား ပြုပြင်ခဲ့ကြ

သာသနာသက္ကရာဇ်(၁၁၁) ခုနှစ်၌ သရေခေတ္တရာတွင် နန်းစံသော ဒွတ္တဘောင်မင်းကြီးသည် ပေါက္ခရဝတီ အသိတဉ္စနမြို့သို့ တိုင်းခန်းလှည့်လည်စဉ် ဗုဒ္ဓ၏ ဆံတော်မြတ် ကိန်းဝပ်တော်မူသော စေတီတော်အား ပူဇော်သူများကင်းမဲ့ကာ ချုံနွယ်များ ဖုံးလွှမ်းနေသည်ကို ရှင်းလင်းဖယ်ရှား၍ အသစ်ပြုပြင်မွမ်းမံခဲ့သည်။

ကောဇာသက္ကရာဇ်(၄၂၄) ခုနှစ်တွင် ဆံတော်ရှင်စေတီတော်ကို အနော်ရထာမင်းကြီးက ရွှေချတော်မူခဲ့သည်။ (၄၄၈)ခုနှစ်တွင် သားတော်ကျန်စစ်သားမင်းက ဖခမည်းတော်နည်းတူ စေတီတော်အား ထပ်မံ၍ ရွှေသင်္ကန်းကပ်လှူပူဇော်ခဲ့၏။ အလောင်းစည်သူမင်းနှင့် နရပတိစည်သူမင်းတို့ လက်ထက်တွင်လည်း အရံစေတီတော်များနှင့် တွံတေး-ဒလနယ်တွင် စေတီပုထိုးများ တည်ထားတော်မူခဲ့လေ၏။


ပုဂံထီးနန်း စိုးစံတော်မူသော ဥဇနာမင်းကြီးသည် သက္ကရာဇ်(၆၁၅)ခုနှစ်၌ တွံတေး၊ ဒလနယ်တွင် ဆင်ဖမ်းထွက်ခဲ့ရာ ပျက်စီးနေသော ဆံတော်ရှင်စေတီတော် တန်ဆောင်းများကို မြင်တွေ့ခဲ့ရာမှ အမတ်ကြီးရာဇသင်္ကြန်အား တာဝန်ပေး၍ ချက်ချင်းပြုပြင်တော်မူစေ၏။ သား



အလယ်ပစ္စယာရှိ မာရ်အောင်မြင်အုတ်ခွက်ဘုရား နှစ်ဆူအား ဖူးတွေ့ရစဉ်

www.burmeseclassic.com

www.burmeseclassic.com



အသံသာယာသော ရှေးဟောင်းခေါင်းလောင်း

တော်ကြီးနရသီဟပတေ့မင်းသည်လည်း စေတီတော်ရင်ပြင်ကိုတိုးချဲ့၍ အုတ်တံတိုင်းခတ်တော်မူ၏။

သက္ကရာဇ်(၇၂၀)ပြည့်နှစ်တွင် ဟံသာဝတီဘုရင် ဗညားဦးမင်းသည် စေတီတော်ကို တိုက်စေတီမှ သင်တိုင်းစေတီအဖြစ် အသစ်တည်ထားတော်မူလေ၏။ သားတော် ရာဇဓိရာဇ်၊ မြေးတော် ရှင်စောပုတို့သည်လည်း စေတီတော်ကြီးအား ပြုပြင်မွမ်းမံ လှူဒါန်းမှုပြုခဲ့ကြ၏။

သက္ကရာဇ်(၉၂၈)ခုနှစ်တွင် ဘုရင့်နောင်မင်းတြားကြီးသည် စေတီတော်ကြီးအား ဖိနပ်တော်မှစ၍ ဉာဏ်တော်တစ်ရာအမြင့်ထိ ပြန်လည်တည်ထား၍ စေတီတော်တစ်ဆူလုံးအား ရွှေသင်္ကန်းကပ်လှူခဲ့၏။ ရွှေဆည်းလည်း၊ ငွေဆည်းလည်း၊ ငှက်မြတ်နားတို့ကို လှူဒါန်းပူဇော်ခဲ့လေ၏။ သူပုန်ဗိုလ်နာဂိန္ဒနှင့် အပေါင်းပါများအား အောင်မြင်တော်မူသော အထိမ်းအမှတ်အဖြစ် ရုပ်ပွားတစ်ထောင်ပြည့် ကျောက်တိုင်စေတီကို ရင်ပြင်တော်စနေထောင့်၌ စိုက်ထူတော်မူခဲ့ရာ ယနေ့တိုင် ထင်ရှားစွာ တွေ့မြင်နိုင်ပါသည်။

ကောဇာသက္ကရာဇ်(၁၁၃၀)ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် (၅)ရက် အင်္ဂါနေ့၌ မြေငလျင်ဒဏ်ကြောင့် တွံတေးမြို့ ရွှေဆံတော်စေတီတော်မှာ အနည်းငယ် ပြိုပျက်ခဲ့ရသည်။ ကုန်းဘောင်ဆင်ဖြူရှင်မင်းသည် (၁၁၃၅)ခုနှစ်၌ စေတီတော်ကြီးအား အသစ်တစ်ဖန် မွမ်းမံပြင်ဆင်ပြီး ဉာဏ်တော်(၁၃၆)တောင် အမြင့်ထိ မြှင့်တင်ခဲ့လေ၏။ အရံစေတီပေါင်း(၄၀)ကိုလည်း တည်တော်မူ၏။

ယခုအခါ စေတီရံများအဖြစ် အထက်ပစ္စယာတွင် (၄၂)ဆူ၊ အောက်ပစ္စယာတွင် (၄၇)ဆူ တည်ထားပူဇော်ခဲ့ကြသည်။

(၁၁၇၃)ခုနှစ်တွင် ဘိုးတော်မင်းတရားကြီး ခွင့်ပြုချက်ဖြင့် ဒလမြို့ဝန် မင်းရဲခေါင်ကျော်သူကျော်သည် စေတီတော်တစ်ဆူလုံး၏ အင်္ဂတေဟောင်းများအားခွာ၍ အသစ်ကပ်လှူ၏။ (၁၁၇၃)ခုနှစ် တန်ခူးလဆန်း (၁၁)ရက်၊ တနင်္ဂနွေနေ့တွင် အသံသာယာသည့် ကြေးပိဿာချိန်(၁၆၀)ရှိသော ခေါင်းလောင်းတော်ကြီးကို သွန်းလောင်း၍ တနင်္ဂနွေထောင့်တွင် ထားရှိ၏။

**ရင်ပြင်တော်ပေါ်ရှိအောင်မြေများ**

တွံတေး ရွှေဆံတော်စေတီတော်ကြီးရင်ပြင်၌ အောင်မြေ(၁၀)ခု ရှိ၏။

(၁) တနင်္ဂနွေထောင့် ထီး



အနောက်ဘက်မုခ်ရှိ ရှေးဟောင်းတန်ဆောင်းကြီး



www.burmeseclassic.com

www.burmeseclassic.com

စေတီရှေ့ နေရာတွင် မဟာအောင်မြေ ရှိ၏။

(၂) တနင်္ဂနွေထောင့် တ၀ဂူရှိရာ ချွန်းသုံးချွန်းရှိရာ နေရာ၌ ပထမံဘိုးဘိုးအောင်အောင်မြေ ဖြစ်၏။

(၃) တနင်္လာထောင့် အာရုံခံတန်ဆောင်းအတွင်း တ၀ဂူဘုရားတွင်း၌ နတ်၊ ဗြဟ္မာ အောင်မြေ ရှိ၏။

(၄) တနင်္ဂနွေထောင့် ရေလယ်စေတီနှင့် သိမ်တော်ကြီးကြားနေရာ၌ ဖားအောင်မြေ ရှိ၏။

(၅) စနေထောင့် စနေဂြိုဟ်တိုင်နှင့် တံခွန်တိုင်ကြားသမင်အောင်မြေ ဖြစ်၏။

(၆) သောကြာထောင့် မဟာရံတံတိုင်းနှင့် ထန်းနှစ်ပင်အနီး ကြွက်အောင်မြေ ရှိ၏။

(၇) စနေထောင့်အရပ်၌ ဘုရင့်နောင်မင်းကြီး၏ အောင်မြေရုပ်ပွားတစ်ထောင် ကျောက်တိုင်စေတီ ရှိ၏။

(၈) အနောက်ဘက်အာရုံခံအတွင်း ရှင်မုတ္တီးကောင်းမှုရုပ်ပွားတော်နေရာတွင် ဗားမဲ့ဆရာတော်ကြီးအောင်မြေ ဖြစ်၏။

(၉) တနင်္လာထောင့် ဦးကြီးသားဦးလှထွန်း တန်ဆောင်းအတွင်း၌ သပိတ်တစ်လုံးဆရာတော် ထွက်ရပ်ပေါက်သွားသော အောင်မြေဖြစ်၏။

(၁၀)စေတီတော်မြတ်ကုန်းတော် တစ်ခုလုံးသည် မေရုဒကုန်းတော် အောင်မြေဖြစ်လေ၏။

**ဘယ်တင်ဘုရား**

ဗုဒ္ဓရုပ်ပွားတော်များသည် ညာခြေကိုသာ တင်တော်မူ၏။ တွံတေးရွှေဆံတော်ဘုရားရင်ပြင်ပေါ်ရှိ စနေထောင့်တွင် ဦးမောင်မောင်ကြီးတန်ဆောင်းရှိ၏။ မျက်နှာမူထားသော ရုပ်ပွားတော်များ၏ ညာဘက်တွင် ဘေးတိုက်အနေအထားဖြင့် ဘယ်ခြေကိုတင်ထားသော ရုပ်ပွားတော်မြတ်တစ်ဆူရှိ၏။ ဘယ်ခြေတင်ထားသော ရုပ်ပွားတော်၏ဘယ်ခြေတည့်တည့် (၁၈၀)ဒီဂရီတွင် အလယ်ပစ္စယာရှိအရံစေတီနှင့် ရွှေဆံတော်စေတီတော်မြတ်သည် တစ်တန်းတည်းရှိလေ၏။ ထိုဘယ်တင်ဘုရား၏ (၁၀)ပေအကွာနေရာသည် လောကုတ္တရာလမ်းကြောင်းလိုက်သူများ၏အောင်မြေအရပ်ဖြစ်ကြောင်း ဆရာတော်ရှင်ပုညစာရမှရှင်းပြခဲ့ကြောင်း ဂေါပကအဖွဲ့ဝင်များက ဆို၏။

ထိုအောင်မြေမှ ထွက်ရပ်ပေါက်သွားသော ပုဂ္ဂိုလ်များမှာ ရေဆူဆရာတော်၊ သာမညဆရာတော်၊ ဘိုးသံ



ဆံဖတ်မြတ်နှစ်ဆူ ကိန်းဝပ်ရာ တိုက်တန်ဆောင်း

အေးနှင့် ဝိဇ္ဇာမှန်သမျှ ဖြစ်သည်ဟု ဆို၏။

**ထူးခြားသောနေရာများ**

တနင်္လာထောင့်ရှိ အောင်မြေတန်ဆောင်းအတွင်း၌ရှိသော တ၀ဂူအောင်မြေနေရာအတွင်းသို့ အမျိုးသမီးများဝင်ရောက်မိခဲ့ပါက အလွန်အနံ့ပြင်းသော ညှီစော်နံ့ထွက်ပေါ်လာ၏။ တ၀ဂူအောင်မြေဘုရားသည် ဘုရားလောင်းနှစဉ် သမင်မင်းဘ၀၌ မြှုပ်နှံခဲ့ရာ နေရာဖြစ်၍ ဘုရားရုပ်ပွားတော်မှ ရေတစ်စက်,တစ်စက် ကျရောက်ရာနေရာဖြစ်သည်။

အနောက်ဘက်တန်ဆောင်းသည် အလွန်ရှေးကျသောတန်ဆောင်းတော်ဖြစ်၍ ရုပ်ပွားတော်မှာလည်း ပုဂံခေတ်လက်ရာဖြစ်သည်။ စေတီတော်အလယ်ပစ္စယာ၌ ဗောဓိတစ်ထောင် မာရ်အောင်မြင်အုတ်ခွက်စေတီတော် နှစ်ဆူရှိလေ၏။

စေတီတော်အထက်ပစ္စယာ စနေထောင့်တည့်တည့်၌ စေတီတော်စတင်တည်ထားစဉ်က မြှုပ်နှံထည့်ထားသော ကုလားသာအိုးတစ်ခုရှိ၏။ ရှေးဟောင်းသုတေသနအဖွဲ့မှ ထိုနေရာအား ထုံးသင်္ကန်းသော်လည်းကောင်း၊ ရွှေသင်္ကန်းသော်လည်းကောင်း မကပ်လှူရန် တားမြစ်ထား၏။ ရှေးဂဝံအုတ်ဖြင့် အချောသပ်ပြုလုပ်ထားသည့် အိုးဖြစ်လေ၏။



www.burmeseclassic.com

စေတီတော်ပန်းတင်ခုံမှစ၍ တည်ထားပုံမှာ ကန်ပဲ့ အရပ်ရှိ မောင်းတီးစေတီထုလုပ်ထားပုံနှင့် တစ်ထေရာတည်း တူလှ၏။

မြောက်ဘက်အရပ် ရင်ပြင်တော်၌ ဦးကြီး၊ ဒေါ်အေးညွန့် လှူဒါန်းထားသော တိုက်စေတီတန်ဆောင်းနေရာသည် ဗုဒ္ဓဘုရားရှင်၏ ဆံတော်မြတ်နှစ်ဆူ ကိန်းဝပ်တော်မူခဲ့သည့် နေရာဖြစ်ကြောင်း ဂေါပကအဖွဲ့မှ ရှင်းပြလေ၏။

**ဆက်လက်ဆောင်ရွက်လိုသည့်အာသီသ**

တွံတေးမြို့ မေရုဒ္ဒကုန်းတော်ထက်ရှိ ရွှေဆံတော်စေတီတော်မြတ်ကြီးသည် ရှေးသာသနာပြုမင်းများလက်ထက် အဆက်ဆက်ပြုပြင်မွမ်းမံလှူဒါန်းခဲ့သော ရှေးဟောင်းစေတီတော်မြတ် ဖြစ်လေသည်။

ယနေ့ထိတိုင်အောင် ဘာသာ၊ သာသနာအကျိုးသယ်ပိုးနေကြသော ရဟန်း၊ ရှင်၊ လူ ပြည်သူအပေါင်း၏ သဒ္ဓါအား၊ စေတနာအားဖြင့် လှူဒါန်းမှုအစုစုကို ဂေါပကအဖွဲ့ဝင်လူကြီးများသည် စီမံခန့်ခွဲ၍ စေတီတော်မြတ်ကြီးအား ထိန်းသိမ်းစောင့်ရှောက်နေမြဲဖြစ်ရာ စေတီတော်



ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်တင့်ကျော်(ယာ)နှင့် စာရင်းကိုင် ဦးစိုးမြင့်ထွန်း(ဝဲ)

ပရိဝုဏ်ရှိ သာသနိကအဆောက်အအုံများသည် မြန်မာမှုအနုပညာမြောက်စွာ မြင်တွေ့နေရသောကြောင့် ဘုရားဖူးတို့သည် စိတ်ချမ်းမြေ့စွာ ဖူးမြော်နိုင်ကြ၏။

သို့သော်လည်း ဂေါပကအဖွဲ့ဝင်များသည် ဤမျှနှင့် မရောင့်ရဲ မတင်းတိမ်နိုင်ကြပေ။ စေတီတော်ကြီးအား ရွှေဆက်လက်၍ ပိုပိုပြီး သဒ္ဓါပေါက် အလှူဒါနမြောက်စေလိုသော ရည်ရွယ်ချက်များ ရှိကြ၏။

ထီးတော်ကြီးနှင့်တကွ အရံစေတီများကို ရွှေပြားရွှေသင်္ကန်း ဆက်ကပ်လှူဒါန်းလိုသော အာသီသရှိ၏။ ရင်ပြင်တော်တစ်ခုလုံးအား အပူဒဏ်မှ သက်သာရာရစေရန် အအေးခံကျောက်ပြားများကို ခင်းလိုသောဆန္ဒရှိ၏။ အောင်မြေဌာနများတွင်လည်း ကမ္ပည်းမှတ်တမ်းတင်နိုင်ရန် မော်ကွန်းတိုင်များ စိုက်ထူလိုကြ၏။

ရှေးဟောင်းသမိုင်းဝင် ဗုဒ္ဓဆံတော်အစစ် ကိန်းဝပ်တော်မူသော ရွှေဆံတော်စေတီတော်မြတ်ကြီးအား ကမ္ဘာတည်သရွေ့ သာသနာ့အောင်လံတလူလူ စိုက်ထူလိုကြသော သာသနာ့ဒါယကာ၊ဒါယိကာမများသည် ဂေါပကရုံးခန်းတည်ရှိရာ ဖုန်းနံပါတ်(၀၄၅)၅၀၀၃၂ သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း။

ဤဆောင်းပါး ရေးသားရာတွင် အဓိကကူညီပေးပါသော ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်တင့်ကျော်နှင့် စာရင်းကိုင် ဦးစိုးမြင့်ထွန်းတို့အား ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

တိုက်ဆိုင်စွာပင် ဆောင်းပါးရေးသားရန် ရောက်ရှိနေ ခိုက် ရွှေဆံတော်စေတီပုံတူ စေတီငယ်တစ်ဆူအား လာ ရောက်လှူဒါန်းမှုပြုကြသော ကွယ်လွန်သူဖခင်ကြီး ဦးမ ယား၊ မိခင်ကြီးဒေါ်ရီနှင့် ကွယ်လွန်သူ ဦးအောင်ကျေ ခေါ် ဦးကုလားတို့အား ရည်စူး၍ ကျန်ရစ်သူမိသား ကောင်းမှ ဗိုလ်ချုပ်လမ်း၊ အုန်းပင်စုရပ်ကွက်၊ တွံတေးမြို့ နေသူတို့အား လှိုက်လှဲစွာ သာဓုခေါ်ဆိုလိုက်ပါ၏။

ခုနစ်နေ့သားသမီးအပေါင်း ဘေးဘယာကင်းဝေးကြ ပါစေ။

ဗိုလ်တထောင် ကိုဦး

**မှီငြမ်း**

* လယ်တီဦးပဥ္စာဘာသမထေရ် ရေးသားတော်မူသော တွံတေးရွှေဆံတော်စေတီတော်ကြီးသမိုင်း မူဟောင်း



www.burmeseclassic.com

www.burmeseclassic.com


# ကျားကမ္ဘာ

佳葛巴 男性补药

## အမျိုးသားအားဆေး

အိမ်ထောင်ရှင် အမျိုးသားများ အကြောနှင့် ပတ်သက်၍ ထုံခြင်း၊ ကျဉ်ခြင်း၊ ကိုက်ခြင်း၊ ညှို့ခြင်း၊ သေခြင်း၊ မြန်ခြင်း၊
အာရုံကြောအားနည်းခြင်း၊ အကြောတက်ခြင်း၊ လေဖြတ်ပြီးသူများ လေမပြန်နိုင်ခြင်း၊ အိပ်မပျော်၊ စားမဝင်၊
ကျောက်ကပ်၊ နှလုံးအားနည်း၍ နှလုံးတုန်ခြင်း စသည့် ရောဂါများအတွက်
ဆေးတစ်ဘူးမျှ ပုံမှန် သုံးစွဲခြင်းဖြင့် ထူးခြားသော ဆေးအာနိသင်ကို သိရှိရပါလိမ့်မည်။

**စိတ်သွားတိုင်းကိုယ်ပါ လိုအင်ဆန္ဒ ပြည့်ဝပါစေ**

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - TMR011424(0615) ကြော်ငြာခွင့်ပြုချက်အမှတ် - တဆဝက(စာနယ်ဇင်း)၀၅၆/၀၉၁၄

အမြို့မြို့ဆိုင်တိုင်းတွင် မေးဝယ်ပါ။

# ဆင်ကဘို ®

## ဆီးဝမ်းလေမှန် အကြောဖြေဆေးပြား

**သုံးစွဲနိုင်သောရောဂါများ**

ဤဆေးသည် ကျား/မ မရွေးဖြစ်သော အညောင်းအကိုက်၊ ပွေး၊ ဝဲ၊ ယားနာ၊ ဝက်ခြံ၊
အပူ၊ အပိမ့်များ၊ ဒူလာပါဒရက်၊ မီးယပ်ရောဂါ၊ ဆီးရောဂါ၊ လိပ်ခေါင်းရောဂါများအတွက် သုံးစွဲနိုင်ပါသည်။

ရန်ကုန်ဖြန့်ချိရေး - ကိုဝင်းမြင့်၊ မဘောဘီ၊ အမှတ်(၄၈၂)၊ (၁၅)လမ်းနှင့် ကမ်းနားလမ်းထောင့်၊ လမ်းမတော်မြို့နယ်။
☎ ၀၁-၂၂၆၃၈၂ ၊ ၀၁-၂၂၇၉၃၅
လူထုမေတ္တာစတိုး၊ အမှတ်(၁၂၁)၊ (၂၄)လမ်း၊ လသာမြို့နယ်။ ☎ ၀၁-၂၄၁၇၀၃
သိမ်ကြီးဈေး D ရုံ အတွင်းရှိ ဆေးမျိုးစုံဆိုင်များ၊ ရွှေပြည့်စုံဈေးနှင့် မင်္ဂလာဈေးရှိ ဆေးမျိုးစုံဆိုင်များ။
မန္တလေးဖြန့်ချိရေး - ကောင်းသန့်ဆေးဆိုင်၊ ၂၉ လမ်း(၈၃×၈၄ ကြား)၊ ရှင်ဘို့မယ်အရှေ့ဘက်ဝင်း၊ မန္တလေးမြို့။ ☎ ၀၂-၆၈၉၁၃
အောင်ရတနာဆေးမျိုးစုံဆိုင်၊ (၂၈×၈၃)လမ်းထောင့်၊ ☎ ၀၂-၃၅၀၆၁
မထူး၊ မစူး ဆေးမျိုးစုံဆိုင်၊ (၂၇×၂၈)လမ်းကြား၊ (၈၇)လမ်းမကြီး၊ ☎ ၀၂-၃၁၄၇၇
ဈေးချို E ရုံ (မြေညီထပ်)နှင့် F ရုံ (ပထမထပ်)ရှိ ဆေးမျိုးစုံဆိုင်များမှတစ်ဆင့်
မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိနေပါသည်။

ထုတ်လုပ်ခွင့်လိုင်စင်အမှတ် - ၈/၂၀၁၄(တဆထလ)(၂၆၂၆)
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - TMR- ၀၁၁၄၂၃(၀၆၁၅)

**ပင်ရင်း–ကျားကမ္ဘာဘယဆေးဆိုင် – ၄၀၂(အေ)ရုံ၊ ကုန်ဈေးတန်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။**
**ဖုန်း ၀၉ ၅၅၀၆၁၈၉၊ ၀၉ ၂၅၀၅၀၉၀၆၁၊ ၀၁–၃၇၁၈၂၂(လိုင်းခွဲ)၅၅၃**

www.burmeseclassic.com

### ကျောက်တန်းမြို့နယ်၊ ပုတ္တလုတ်ကျေးရွာ၊ မင်္ဂလာရာမကျောင်းတိုက်ပရိဝုဏ်က


# ထူးထူးခြားခြား ဒေါ်ဝက်မတန်ဆောင်းနှင့်

## နှစ်ပေါင်း(၁၀၀)ကျော်သက်တမ်းရှိ ဗုဒ္ဓရုပ်ပွားစေတီများ

သစ္စာမင်းခေါင်

ငြိမ်းချမ်းသော ပုတ္တလုတ် ကျေးရွာလေးသည် ကျောက်တန်းမြို့နယ်၊ တံတားမြို့၏အရှေ့ဘက် (၅)မိုင်အကွာတွင် တည်ရှိ၏။ အိမ်ခြေ(၅၀၀)ခန့်ရှိပြီး အများစုမှာ လယ်ယာကိုင်းကျွန်းအလုပ်ကို လုပ်ကိုင်ကာ ရိုးသားစွာ အသက်မွေးကြသူများ ဖြစ်ကြ၏။ ငြိမ်းချမ်းသော ထိုပုတ္တလုတ်ကျေးရွာလေးသည် တစ်မျှော်တစ်ခေါ် လယ်ကွင်းပြင်များ၊ စိမ်းညို့သော တောအုပ်တောတန်းများ ဝန်းရံလျက်ရှိသောကြောင့် မျက်စိပသာဒကို လွန်စွာအေးမြစေသဖြင့် ထိုရွာကလေးဆီသို့ ရောက်လာကြသူများအဖို့ စိတ်ကြည်လင်လန်းဆန်းခြင်းတည်းဟူသော စိတ္တသုခကို ရရှိကြမည်မှာ အမှန်ပင် ဖြစ်ပါ၏။


ပုတ္တလုတ်ကျေးရွာ မင်္ဂလာရာမကျောင်းတိုက် ပရိဝုဏ်က မဟာသကျရံသီရုပ်ပွားတော်


ပုတ္တလုတ်ကျေးရွာ မင်္ဂလာရာမကျောင်းတိုက် ပရိဝုဏ်သို့ အဝင်မုခ်ဦး

ပုတ္တလုတ်ကျေးရွာ၏ ရွာဦးဘုန်းတော်ကြီးကျောင်းဖြစ်သော မင်္ဂလာရာမကျောင်းတိုက် ပရိဝုဏ်အတွင်းတွင်ကား ထူးထူးခြားခြား ဒေါ်ဝက်မဘုရား၊ ဒေါ်ဝက်မတန်ဆောင်းနှင့် နှစ်ပေါင်း(၁၀၀)ကျော်သက်တမ်းရှိ ဗုဒ္ဓရုပ်ပွားစေတီများ တည်ရှိပါ၏။

**<u>ထူးထူးခြားခြား ဒေါ်ဝက်မဘုရား</u>**

မဟာသကျဝံသီ ဘွဲ့တော်ရှိ ဒေါ်ဝက်မဘုရား ကျောက်ဆင်းတုတော်ကို လွန်ခဲ့သောနှစ်ပေါင်း (၁၀၆)ခုနှစ်၊ မြန်မာသက္ကရာဇ် (၁၂၇၂)ခုနှစ်တွင် ပုတ္တလုတ်ကျေးရွာနေ ဒေါ်ဝက်မက ကွယ်လွန်သူ ဖခင်ကြီး ဦးမှိုင်းအား ရည်စူး၍ ဖခင်ကြီးကို ကျေးဇူးဆပ်သောအားဖြင့် တည်ထားပူဇော်ခဲ့ခြင်း ဖြစ်၏။ အဆိုပါ မဟာသကျဝံသီ ရုပ်ပွားတော်အား ဒေါ်ဝက်မက မန္တလေးမြို့မှ ပင့်ဆောင်ပူဇော်ခဲ့ရာတွင် ကုန်ကျငွေစုစုပေါင်းမှာ ငွေဒင်္ဂါး(၃၈၇၅)ကျပ် ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



မုဋ္ဌလုတ်ကျေးရွာ မင်္ဂလာရာမကျောင်းတိုက် ပရိဝုဏ်က မဟာသကျဝံသဘွဲ့တော်ရှိ ဒေါ်ဝက်မဘုရား

ရုပ်ပွားတော်၏ ဉာဏ်တော်အမြင့်မှာ (၁၀)ပေ (၆) လက်မရှိပြီး ဘူမိဖဿမုဒြာဟန် ဖြစ်၏။ ရုပ်ပွားတော်၏ ဘွဲ့တော်မှာ မဟာသကျဝံသီဖြစ်သော်လည်း ဘုရားဒကာမ ဒေါ်ဝက်မကို အစွဲပြု၍ ထိုကာလမှသည် မျက်မှောက်ခေတ်ကာလအထိ ဒေါ်ဝက်မဘုရားဟူ၍သာ ထင်ရှား၏။

မိဘကျေးဇူးဆပ်လိုသူတို့သည် ဒေါ်ဝက်မဘုရား ရှေ့တော်မှောက်၌ အမိဋ္ဌာန်ဝင် ဆုတောင်းပါက လွန်စွာဆုတောင်းပြည့်သည်ဟု ဆို၏။

## ဒေါ်ဝက်မတန်ဆောင်း

ယင်းနောက် (၁၂၇၆)ခုနှစ်၊ ပြာသိုလတွင် ဒေါ်ဝက်မသည် အဆိုပါ မဟာသကျဝံသီရုပ်ပွားတော်ကြီး ကိန်းဝပ်စံပယ်ရန်အတွက် ဝေဇယန္တာသံတန်ဆောင်းတော်ကြီးကို လက်ခငွေဒင်္ဂါးကျပ်(၈၀၀၀)၊ သွပ်,သံ စသည့်ပစ္စည်းတန်ဖိုး ငွေဒင်္ဂါး(၁၀၁၈၅၃)ကျပ် အကုန်အကျခံကာ ဆောက်လုပ်လှူဒါန်းခဲ့၏။

တန်ဆောင်းတော်ကြီး၏ အမြင့်မှာ (၁၂၆)ပေမြင့်ပြီး ဆွေးမြည့်ပျက်စီးလွယ်သော သစ်သားများကို မသုံးဘဲ သံ၊ သွပ်၊ ကြေး၊ ခဲ၊ ရွှေမှုန်တို့ဖြင့် မြန်မာအနုလက်ရာမြောက် အဆန်းတကြယ် ဆောက်လုပ်ထားခဲ့၏။



မုဋ္ဌလုတ်ကျေးရွာ မင်္ဂလာရာမကျောင်းတိုက် ပရိဝုဏ်က
သက်တမ်းနှစ်ပေါင်း(၁၀၀)ကျော်ရှိ
ဒေါ်ဝက်မတန်ဆောင်း (ခေါ်) ဝေဇယန္တာတန်ဆောင်းကြီး

www.burmeseclassic.com



ပုတ္တလုတ်ကျေးရွာ မင်္ဂလာရာမကျောင်းတိုက် ပရိဝုဏ်က တဝဂူစေတီတော်



ပုတ္တလုတ်ကျေးရွာ မင်္ဂလာရာမကျောင်းတိုက် ပရိဝုဏ်က ပန်းတောစေတီတော်




ပုတ္တလုတ်ကျေးရွာက ပန်းတောစေတီတော်သို့ အဝင်ဆိုင်းဘုတ်

ယခုအခါ သက်တမ်းနှစ်ပေါင်း (၁၀၂)နှစ်ရှိပြီဖြစ်သည့် အဆိုပါ ဝေဇယန္တာတန်ဆောင်းတော်ကြီးမှာ နှစ်ပေါင်းရာချီ ကြာမြင့်ခဲ့ပြီဖြစ်သည့်အလျောက် ပျက်စီးယိုယွင်းမှုများ ရှိလာပြီ ဖြစ်သည့်အတွက် ထိန်းသိမ်းပြုပြင်ရန် လိုအပ်လျက်ရှိ၏။

အဆိုပါ ဝေဇယန္တရာ တန်ဆောင်းတော်ကြီးမှာ ဆောက်လုပ်ပြီးစီးသည့် အချိန်မှစ၍ မျက်မှောက်ကာလအထိ မူလအမည်ရင်း ဝေဇယန္တာတန်ဆောင်းတော်အစား ဒေါ်ဝက်မတန်ဆောင်းဟူ၍သာ လူသိများ ထင်ရှားလျက် ရှိ၏။

## မဟာသကျရုံသီရုပ်ပွားတော်

ဖော်ပြပါ မင်္ဂလာရာမကျောင်းတိုက် ပရိဝုဏ်အတွင်းရှိ အဆိုပါ ရုပ်ပွားတော်မှာလည်း သက်တမ်းနှစ်ပေါင်း(၁၀၀)ကျော် ရှိပြီဖြစ်ပြီး ပုတ္တလုတ်ကျေးရွာမှ လယ်ပိုင်ရှင် မိသားစုတစ်စုက အိပ်မက်အ[illegible] တည်ထားပူဇော်ခဲ့ကြခြင်း ဖြစ်၏။ မိမိတို့မိသားစုအတွင်း၌ တစ်[illegible] တစ်ရာသော အရေးအခင်း ကြုံသ[illegible] တို့သည် ထိုမဟာသကျဝံသီရု[illegible] ပွားတော် ရှေ့မှောက်၌ (၉)ရက်[illegible] အဓိဋ္ဌာန်ဝင်ကာ မှန်ကန်စွာ သစ္စာ[illegible] ပြု ဆုတောင်းပါက လွန်စွာအ[illegible] တောင်းပြည့်သည်ဟု ဆို၏။

## တဝဂူစေတီတော်

သက်တမ်းရင့် စေတီတစ်[illegible] ဖြစ်သော တဝဂူစေတီတော်သ[illegible] ဖော်ပြပါ မင်္ဂလာရာမကျော[illegible] တိုက် ပရိဝုဏ်၏ အရှေ့မြော[illegible]

www.burmeseclassic.com

ထောင့်တွင်ရှိ၏။ ဘဝ၏ အကျဉ်းအကျပ် တစ်စုံတစ်ရာ ကြုံနေရသူတို့သည် ထိုတဝဂုစေတီတော်၌ အဓိဋ္ဌာန်စခန်းဝင်ရောက်ကာ မှန်မှန်ကန်ကန် ဆုတောင်းလျှင် ဆုတောင်းပြည့်သည်ဟု ဆို၏။

**ပန်းတောစေတီတော်**


ပန်းတောစေတီတော်သည် အဆိုပါ ပုဗ္ဗလှုတ်ကျေးရွာ တည်စကတည်းက တည်ထားကိုးကွယ်ခဲ့ကြသော စေတီတော်ဖြစ်ပြီး သက်တမ်းနှစ်ပေါင်း(၁၆၃)နှစ်ရှိပြီ ဖြစ်၏။ ပန်းတောစေတီတော်၏ ထူးခြားမှုတစ်ခုမှာ လကွယ်ညသန်းခေါင်ယံအချိန်သို့ရောက်တိုင်း ပန်းပေါင်းစုံ မွှေးရနံ့များ စေတီတော်ပတ်လည်၌ ကြူကြူလှိုင်စွာ ထွက်ပေါ်လာတတ်ခြင်းပင် ဖြစ်၏။ အိမ်ထောင်ရှင်စုံတွဲတို့သည် ထိုပန်းတောစေတီတော်၌ ရက်အကန့်အသတ်ဖြင့် အဓိဋ္ဌာန်ဝင် ဆုတောင်းပါက လိမ္မာရေးခြားရှိသော သားဦးရတနာ၊ သမီးဦးရတနာများ ရရှိတတ်သည်ဟု ဆို၏။

**သက်တမ်းရင့်**
**ကြေးခေါင်းလောင်းကြီး**

ဖော်ပြပါ မင်္ဂလာရာမကျောင်းတိုက် ပရိဝုဏ်ရှိ ကြေးခေါင်းလောင်းကြီးမှာ သက်တမ်းနှစ်ပေါင်း(၁၀၆)နှစ် ရှိပြီဖြစ်ပြီး ရံဖန်ရံခါ ခေါင်းလောင်းသံနှင့်အတူ ဆောင်းခတ်သံချိုချိုများပါ ထွက်ပေါ်လာလေ့ရှိသည်ဟု ဆို၏။

**ရှေးလက်ရာများမို့ ထိန်းသိမ်းဖို့လို**

"ဒီကျောင်းတိုက် ပရိဝုဏ်မှာ



ပုဗ္ဗလှုတ်ကျေးရွာ မင်္ဂလာရာမကျောင်းတိုက် ပရိဝုဏ်အတွင်းရှိ
သက်တမ်းနှစ်ပေါင်း(၁၀၀)ကျော်ရှိ ကြေးခေါင်းလောင်းအား
ဆရာတော်ဦးတေဇနိယက ပြသစဉ်



ပုဗ္ဗလှုတ်ကျေးရွာ မင်္ဂလာရာမကျောင်းတိုက် ပရိဝုဏ်ရှိ လျောင်းတော်မူရုပ်ပွားတော်



ပုဗ္ဗလှုတ်ကျေးရွာ မင်္ဂလာရာမကျောင်းတိုက် ပရိဝုဏ်က တံခွန်တိုင်အား တွေ့မြင်ရစဉ်

www.burmeseclassic.com

ရှိတဲ့ ရုပ်ပွားတော်များ၊ စေတီတော်များရဲ့ သက်တမ်းဟာ အားလုံးလိုလို နှစ်ပေါင်း(၁၀၀)ကျော်သက်တမ်း ရှိကြပါတယ်။ နှစ်ပရိစ္ဆေဒများစွာ ကြာမြင့်ခဲ့ပြီဖြစ်သည့်အလျောက် တဖြည်းဖြည်းနှင့် ယိုယွင်းပျက်စီးမှုများလည်း ဖြစ်ပေါ်လာပါတယ်။ ဒါကို ရှေးလက်ရာအမွေအနှစ်များအနေနဲ့ ဝိုင်းဝန်းထိန်းသိမ်းကြဖို့ လိုပါတယ်။

ရှေးမြန်မာတို့က ဘာသာ သာသနာအပေါ် ကြည်ညိုလေးမြတ်စွာနှင့် တည်ထားကိုးကွယ်ခဲ့ကြတဲ့ ဒီဘုရားစေတီတွေကို မျက်မှောက်ကာလ ဗုဒ္ဓဘာသာဝင် မြန်မာတို့အနေနဲ့ မိမိတို့ တတ်နိုင်တဲ့ဘက်ကနေပြီး ဝိုင်းဝန်းကူညီထိန်းသိမ်းကြဖို့ ဦးပဥ္စင်း မေတ္တာရပ်ခံပါတယ်'ဟုလည်း အထက်ပါပုတ္တလုတ်ကျေးရွာ၊ မင်္ဂလာရာမကျောင်းတိုက်မှ ဆရာတော် ဦးတေဇနိယက မိန့်တော်မူ၏။

**<u>လှေလှာဖူးမြော်ကြည်ညိုနိုင်၊</u>**
**<u>အမိဋ္ဌာန်စခန်းဝင်ရောက်နိုင်</u>**

'ရှေးလက်ရာ ရုပ်ပွားစေတီတွေ တစုတဝေးတည်းရှိနေတဲ့ ဦးပဥ္စင်းတို့ မင်္ဂလာရာမကျောင်းတိုက်ကို တစ်ခေါက်တစ်ခါ အရောက်လာရင်း လှေလှာဖူးမြော်ကြည်ညိုကြပါလို့ ဦးပဥ္စင်း ဖိတ်ခေါ်ပါတယ်။ ဒီနေရာမှာ အေးအေးချမ်းချမ်း အမိဋ္ဌာန်စခန်း ဝင်ရောက်လိုသူတွေကိုလည်း ဦးပဥ္စင်းတို့အနေနဲ့ စားရေးသောက်ရေး၊ နေရေးထိုင်ရေးကအစ အားလုံးတာဝန်ယူ ကူညီသွားမှာ ဖြစ်ပါတယ်'ဟုလည်း ဆရာတော်ဦးတေဇနိယက မိန့်တော်မူ၏။

**<u>ခရီးလမ်းညွှန်</u>**

အဆိုပါ ရှေးလက်ရာရုပ်ပွားစေတီများ တည်ရှိရာ ပုတ္တလုတ်ကျေးရွာ၊ မင်္ဂလာရာမကျောင်းတိုက်သို့ သွားရောက်လိုပါလျှင် ကျောက်တန်းမြို့မှတစ်ဆင့် တံတားမြို့သို့ ကား၊ ဆိုင်ကယ်တို့ဖြင့် သွားရောက်ပြီး တံတားမြို့မှတစ်ဆင့် အရှေ့ဘက် (၅)မိုင်အကွာရှိ ပုတ္တလုတ်ကျေးရွာသို့ လွယ်ကူစွာ သွားရောက်နိုင်ကြပါ၏။

ဝေနေယျအားလုံး ဘေးရန်ကင်းကွာကြပါစေ

မေတ္တာရည်၍

သစ္စာမင်းခေါင်


# တောင်တွင်းကြီးမဟာတံခွန်

**နိုင်ငံကျော် ဝိဇ္ဇာ မဟိဒ္ဓိ သိဒ္ဓိ ဂမ္ဘီရ [အကြားအမြင်] ပညာရှင်**

**အမှတ်–၄၃၇(၇–လွှာ) ကျိုက္ကဆံလမ်း၊ အခွန်လွတ်ဈေးရှေ့၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
☎ ၇၀၈၆၂၁ ၊ 📱 ၀၉ ၅၀ ၆၉၇၆၄ ၊ ☎ (၀၁) ၄၀၁၁၆၅

အံပိုမပြောလိုပါ။ တစ်ကြိမ်တစ်ခါ ဆွေးနွေးကြည့်ရုံမျှဖြင့် စိတ်ကျေနပ်မှုရစေမည်။ အိမ်ထောင်ရေးမပြေလည်သူများ ဆရာကြီးနှင့် အမြန်ဆုံးဆက်သွယ်ဆွေးနွေးပါ။ ထီပေါက်ကိန်းရှိ/မရှိ ပြတ်ပြတ်သားသားသိရမည်။ လစဉ်အလိုက် ထိုးသင့်သော အက္ခရာစိုးမိုးဂဏန်းများကို စနစ်တကျ စိစစ်တွက်ချက်၍ တိကျစွာလမ်းညွှန်ပေးမည်။ ရာထူးအတက်အကျ၊ နိုင်ငံခြားသွားရကိန်းရှိ/မရှိ၊ သွားရမည့်နိုင်ငံ၊ ပညာရေးအခြေအနေ (စာမေးပွဲအောင်/ရှုံး)..စသည်ဖြင့် တိတိကျကျ ဟောကိန်းထုတ်ပေးမည်။ ဘဝကံကြမ္မာမကောင်း၍ ဆင်းရဲဒုက္ခများနှင့် တွေ့ကြုံနေရသူများအား မြန်မာ့ရိုးရာအင်္ဂဝိဇ္ဇာ ဓာတ်ယတြာပညာရပ်များဖြင့် ကံကြမ္မာမြင့်တင် ပါရမီဖြည့် ကူညီပေးနေသည်။ ဟောကိန်းတိကျမှန်ကန်မှုအတွက် ရာနှုန်းပြည့်တာဝန်ယူသည်။




www.burmeseclassic.com

www.burmeseclassic.com


ကိန္နရီ အမှတ်တံဆိပ် ကန္တရဝတီဆေးတိုက်

# ကြက်လည်ဆံ ဆီးဆေး

Vitex-Penduncularis




**သုံးစွဲနိုင်သောရောဂါများ**

ဆီးချို၊ ဆီးကျောက်တည်
ဆီး( နီ၊ဝါ၊လွန်၊နည်း၊များ ) ခြင်း၊
ဆီးမထိန်းနိုင်ခြင်း၊ ဆီး(ကျဉ်၊အောင့်)
ဆီးပူညောင်းကျ၊ ဆီးကြောင့်မျက်စိ
မှုန်ပြာဝေခြင်း၊ သွေးတိုး၊ ဇက်ကြောတက်၊
အသည်းရောင်အသားဝါ
ရောဂါများအတွက် သက်သာစေပါသည်။

**တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်**

TMR 007860 (1114)

Diseases to be applied

Diabetes,urine-stone, urine (red, yellow, excess,minimization, miximization),uncontrollabe urine, urine (tingling, cramping), heating,dimming eyes due to urine, hypertension, nape pain, hepatitis can be relieved.

TMR 007860 (1114)

Source-741, Dana Theikdi street, Ward 8, Mayangone Township, Yangon, Myanmar,
Ph: 095140389/09420007085

ပင်ရင်း–ကိန္နရီ အမှတ်တံဆိပ်၊ ကန္တရဝတီဆေးတိုက်၊ အမှတ်–၇၄၁၊ ဓနသိဒ္ဓိလမ်း
(၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉ ၅၁ ၄၀၃၈၉ ၊ ၀၉ ၄၂၀ ၀၀၇ ၀၈၅





www.burmeseclassic.com

www.burmeseclassic.com

# ပဲခူးငလျင်များနှင့် ရွှေမော်ဓောဘုရား

ပိုးဒေါင်းသား

ငလျင်အကြောင်း ဆောင်းပါးများစွာကို ဂမ္ဘီရမဂ္ဂဇင်းမှာ ရေးခဲ့ပါတယ်။ ခုနောက်ပိုင်း မရေးဖြစ်တာ ကြာပေမယ့် ငလျင်နှင့် ပတ်သက်သမျှတွေ ခုထိ စိတ်ဝင်တစား လေ့လာစုဆောင်းနေဆဲပါ။ မတ်လ (၁၃)ရက်နေ့ ညက လှုပ်ခဲ့တဲ့ တိုက်ကြီးငလျင်ရဲ့နောက်မှာ ငလျင်ငယ်လေးတွေ နောက်ဆက်တွဲ များစွာလှုပ်ခဲ့သလို နောက်ထပ် ငလျင်ကြီးတွေ လှုပ်မှာကိုလည်း ကြောက်နေကြပါတယ်။ သည်ကြားထဲ လူမှုကွန်ရက်စာမျက်နှာတွေပေါ်မှာ၊ သတင်းမီဒီယာအချို့မှာ မကြာခဏ တွေ့နေရတာကတော့ ပဲခူး ငလျင်ကြီး တစ်ကျော့ပြန် လှုပ်နိုင်တယ် ဆိုတာပါပဲ။



ပြုပြင်ဆဲ ရွှေမော်ဓောစေတီ

ပဲခူးဟာ ကမ္ဘာပေါ်ရှိ ငလျင်ရပ်ဝန်းကြီး နှစ်ခုအနက် အလယ်ပိုင်း ဟိမဝန္တာငလျင်ရပ်ဝန်းပေါ်မှာ တည်ရှိပါတယ်။ ယင်းရပ်ဝန်းဟာ ဟိမဝန္တာတောင်တန်းမှ အရှေ့ဘက် တရုတ်နိုင်ငံ အရှေ့တောင်ဘက် မြန်မာနိုင်ငံ၊ စစ်တောင်းမြစ်ဝှမ်း ကပွလီကျွန်းကနေ အင်ဒိုနီးရှားနိုင်ငံသို့တိုင် ဆက်၍သွားပါတယ်။ ဒါကြောင့် ပဲခူးဟာ ငလျင်နှင့်ပတ်သက်ပြီး အင်မတန်အန္တရာယ်ရှိတဲ့ အရပ်လို့ ဆိုနိုင်ပါတယ်။




မြေငလျင်ကြီးလှုပ်ပြီးစ

ပဲခူးငလျင်မှတ်တမ်းကို လေ့လာမယ်ဆိုလျှင် ရွှေမော်ဓောစေတီကြီးရဲ့သမိုင်းကို ဦးစွာလေ့လာရပါမယ်။ ရွှေမော်ဓောစေတီ သမိုင်းအရ ပဲခူးမှာ အင်အားပြင်းထန်တဲ့ ငလျင်များ အကြိမ်ကြိမ် လှုပ်ခဲ့ကြောင်း သိရပါတယ်။ ငလျင်ဒဏ်ကြောင့် စေတီတော်ကြီး ပြိုကျပျက်စီးရတဲ့ ခုနှစ်သက္ကရာဇ်



www.burmeseclassic.com

www.burmeseclassic.com



ပြုပြင်ပြီး ရွှေမော်ဓောစေတီ

များကို လေ့လာလျှင် တစ်ကြိမ်နှင့်တစ်ကြိမ် ကွာခြားမှုဟာ အကြမ်းဖျဉ်းအားဖြင့် ပျမ်းမျှနှစ်ပေါင်း(၇၀)ခန့် ဖြစ်ပါတယ်။


**ရွှေမော်ဓောစေတီ ငလျင်မှတ်တမ်း**

ဟံသာဝတီဘုရင်မကြီး ရှင်စောပုနှင့် သမက်တော် ဓမ္မစေတီတို့ မြန်မာသက္ကရာဇ်(၈၂၄)ခုနှစ်မှာ ရေးထိုးခဲ့တဲ့ ရွှေမော်ဓောသမိုင်း၊ ပါဠိကျောက်စာအရ သထုံမင်း ဇူဠသီရိမာသောကဟာ သာသနာသက္ကရာဇ်(၂၃၇)ခုနှစ်ခန့်မှာ ဂေါတမဘုရားရှင်ရဲ့ သွားတော်ဓာတ်ကို ဌာပနာပြီး ရွှေမော်ဓောဂန္ဓကုဋိတိုက်စေတီကို ဦးစွာတည်ခဲ့တယ်လို့ ဆိုပါတယ်။

ယင်းသို့ တည်ခဲ့ပြီးနောက် ရွှေမော်ဓောစေတီဟာ ငလျင်ဒဏ် အကြိမ်ကြိမ်မိ၍ ပြန်လည်တည်ထောင်ရတာ အခါခါရှိကြောင်း ရှင်ဥေယျာဓမ္မရဲ့ သထုံရာဇဝင်နှင့် ရွှေမော်ဓောစေတီသမိုင်းမှာ ဖော်ပြထားပါတယ်။

သာသနာနှစ်(၃၄၇) ခရစ်နှစ် ဘီစီ(၁၉၇)၊ သာသနာနှစ် (၄၅၄) ဘီစီ(၉၀)၊ သာသနာနှစ်(၅၂၃) ဘီစီ(၁၂)၊ သာသနာနှစ်(၅၆၆) ခရစ်နှစ် အေဒီ(၂၂)၊ သာသနာနှစ် (၆၀၈) အေဒီ(၆၄)၊ သာသနာနှစ်(၆၉၇) အေဒီ(၁၅၃)၊ သာသနာနှစ်(၇၇၅)၊ အေဒီ(၂၃၁) သာသနာနှစ် (၈၄၃)၊ အေဒီ(၂၉၉)၊ သာသနာနှစ်(၉၃၁)၊ အေဒီ(၃၈၇)၊ သာသနာနှစ်(၁၀၀၄) အေဒီ(၄၆၀)၊ သာသနာနှစ်(၁၀၇၁)၊ အေဒီ(၅၂၇)၊ သာသနာနှစ်(၁၁၅၉) အေဒီ (၆၁၅)၊ သာသနာနှစ်(၁၁၉၆) အေဒီ(၆၅၂)၊ သာသနာနှစ်(၁၂၈၀)၊ အေဒီ (၉၈၆)၊ သာသနာနှစ်(၁၆၀၃) အေဒီ(၁၀၅၉)၊ သာသနာနှစ် (၁၇၀၅) အေဒီ(၁၁၆၁)၊ သာသနာနှစ်(၁၈၀၃) အေဒီ(၁၂၆၉)၊ သာသနာနှစ်(၁၈၃၀) အေဒီ (၁၂၈၆)၊ သာသနာနှစ်(၁၈၉၂)၊ အေဒီ(၁၃၄၈)ခုနှစ်များမှာ ငလျင် (၂၂)ကြိမ်တိုင်တိုင် လှုပ်ခဲ့ပြီး မော်ဓောတိုက်စေတီ (၂၂)ကြိမ် ပြိုပျက်ခဲ့လို့ ဟံသာဝတီနဲ့ မွန်မြန်မာမင်း အဆက်ဆက်တို့ ပြန်လည်ပြုပြင် တည်ထားခဲ့ရတယ်လို့ သမိုင်းမှာ ပါရှိပါတယ်။

သာသနာနှစ်(၁၈၉၂)ခုနှစ်မှာလှုပ်တဲ့ ပြင်းထန်သော ငလျင်ကြီးကြောင့် မြင်းသီတကုန်း (ယခု ရွှေမော်ဓောကုန်းတော်)ပေါ်ရှိ ရွှေမော်ဓောစေတီအပါအဝင် တိုက်စေတီ(၁၆)ဆူတို့ အလုံးစုံ ပြိုကျပျက်စီးခဲ့တယ်။ အဲဒါကြောင့် နှစ်ပေါင်း(၁၆၅၅)နှစ်ခန့် အဓွန့်ရှည်ခဲ့သော ရွှေမော်ဓောတိုက်စေတီခေတ်ဟာ ဤတွင် ဆုံးခန်းတိုင်ခဲ့ပါ



မြေငလျင်မလှုပ်မီ ရွှေမော်ဓောစေတီဟောင်း



www.burmeseclassic.com

www.burmeseclassic.com

တော့တယ်။ (၁၈၉၄)ခုနှစ်မှာ မွန်ဘုရင် ဗညားဦးက ပြန်တည်တဲ့ မော်ဓောစေတီဟာ တိုက်စေတီပုံ မဟုတ်တော့ဘဲ မကိုဋ်စေတီပုံ (သင်တိုင်းစေတီပုံ) ဖြစ်လာပါတယ်။

မကိုဋ်စေတီပုံတည်ပြီးနောက်မှာလည်း ရွှေမော်ဓောစေတီကြီးဟာ မြန်မာသက္ကရာဇ်(၁၁၉၂)ခုနှစ်၊ ခရစ်နှစ်(၁၉၃၀)ပြည့်နှစ်အထိ ငလျင်ဒဏ်ကို ဆယ်ကြိမ်ဆယ်ခါ ခံရပြန်တယ်။




မြေငလျင်လှုပ်အပြီး ပြိုကျသောအပိုင်း

**<u>မကိုဋ်စေတီခေတ်မှာ</u>**

ဟံသာဝတီမွန်မင်းဆက်ရဲ့ ပထမဘုရင် ဗညားဦးဟာ (၁၈၉၂)ခုနှစ်ငလျင်ကြီးကြောင့် ပြိုကျပျက်စီးသွားတဲ့ မော်ဓောတိုက်စေတီအပါအဝင် စေတီ(၁၆)ဆူတို့မှ ဓာတ်တော်၊ ရုပ်ပွားတော်များကို စုစည်းပြီးလျှင် ပြိုကျပျက်စီးနေသော စေတီများအကြားမှာ မြေသားဖြည့်ပြီး ပထမ စေတီရင်ပြင်တော်ကနေ ကိုးတောင်အမြင့်မှာ ရင်ပြင်တော်အသစ်ခင်းကာ ရင်ပြင်အလယ်မှာ တစ်ဆူတည်ထားသော မကိုဋ်စေတီကို တည်တော်မူပါတယ်။ ဘုရားရှင်ရဲ့ သွားတော်ဓာတ်နဲ့ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များကို ဌာပနာလျက် မော်ဓောစေတီအမည်ဟောင်းအတိုင်း ပြန်လည်သမုတ်တော်မူပါတယ်။ တိုက်စေတီတုန်းက မော်ဓောစေတီဟာ (၂၇)တောင်မြင့်ပေမယ့် ဗညားဦးတည်တဲ့ မကိုဋ်စေတီမှာ (၅၅)တောင်မြင့်တာမို့ နှစ်ဆကျော် မြင့်လာပါတယ်။

ဗညားဦး နတ်ရွာစံပြီးတဲ့နောက် သားတော် ရာဇာဓိရာဇ် နန်းတက်တယ်။ သက္ကရာဇ်(၇၅၈)မှာ ငလျင်ကြီးလှုပ်လို့ မော်ဓောစေတီ(၂၃)ကြိမ်မြောက် ပြိုကျပျက်စီးပါတယ်။ ရာဇာဓိရာဇ်မင်းဟာ ခမည်းတော် ဗညားဦးရဲ့ (၅၅)တောင်မြင့်တဲ့ မော်ဓောစေတီကို တစ်ဆူလုံးပတ်ပြီး အတောင်(၇၀)ဖြစ်တဲ့ စေတီအသစ်ပြန်တည်တယ်။



ငလျင်ဒဏ်ခံ မဟာစေတီတော်ကြီး

ရာဇာဓိရာဇ် နတ်ရွာစံပြီးတဲ့နောက် သမီးတော် ရှင်စောပုဟာ သမက်တော် ဓမ္မစေတီမင်းနှင့် တွဲဖက်ပြီး စိုးစံနေခိုက် သက္ကရာဇ်(၈၁၉)ခုနှစ်မှာလှုပ်တဲ့ ငလျင်ကြီးကြောင့် မော်ဓောစေတီ ခေါင်းလောင်းပုံအဆုံးအထိ ပြိုကျပျက်စီးပြန်တယ်။ ဒါကြောင့် သက္ကရာဇ်(၈၂၀)ပြည့်နှစ်မှာ အမြင့်အတောင်(၁၅၀)ရှိတဲ့ စေတီအသစ် ပြန်တည်တာ သက္ကရာဇ်(၈၂၄)ခုနှစ်



www.burmeseclassic.com



လေျှင်ကြောင့် ပြိုပျက်ခဲ့သည့် စေတီအစိတ်အပိုင်းကို မှတ်တမ်းအမှတ်တင်ထားစဉ်

မှာ ပြီးစီးပါတယ်။

ဆင်ဖြူများရှင် ဘုရင့်နောင်မင်းလက်ထက် မြန်မာ သက္ကရာဇ်(၉၂၆)ခုနှစ်၊ သီတင်းကျွတ်လဆန်း (၂)ရက် ဟံသာဝတီ(ပဲခူး)မှာ လေျှင်ကြီးစွာလှုပ်တယ်။ ရှင်စောပု ရဲ့ ကောင်းမှုတော် မော်ဓောစေတီတော်ကြီး ဟင်းရုံဖူး အရင်းနားအထိ ပြိုကျပါတယ်။ နောက်နေ့မှာ လေျှင်ဆက် လှုပ်လို့ အောက်ဆုံးဖောင်းရစ်အထိ ပြိုတယ်။ တစ်ဖန် နောက်နေ့ သောကြာနေ့မှာ နောက်ဆက်တွဲလေျှင်ကြောင့် ခေါင်းလောင်းပုံနှစ်ခြမ်းကွဲပြီး အရှေ့တောင်နဲ့ အရှေ့ မြောက်ဘက်ဆီ ပြိုကျပါတယ်။ (၂၅)ကြိမ်မြောက် ပြိုကျ အပြီး ဘုရင့်နောင်မင်းကြီးဟာ မော်ဓောစေတီကို ရှင် စောပုနှင့် ဓမ္မစေတီ တည်ခဲ့တဲ့ ပုံသဏ္ဌာန် အရွယ်အစားအတိုင်း ပြန်တည်ခဲ့ပါတယ်။

ခြောက်နှစ်ခန့်အကြာ ဘုရင့်နောင်မင်းလက်ထက် သက္ကရာဇ် (၉၃၂)ခုနှစ်၊ ကဆုန်လမှာ လေျှင်လှုပ်တာကြောင့် စေတီတော် ဟင်းရုံဖူး ပြိုကျပါတယ်။ သီတင်းကျွတ်လပြည့်ကျော် (၂)ရက်မှာ ပြန်ပြင်တယ်။ တန်ခူးလပြည့်နေ့မှာ ထီးတော်သစ် တင်လှူပါတယ်။

သက္ကရာဇ်(၉၄၄)ခုနှစ်၊ သီတင်းကျွတ်လမှာ လေျှင်ကြီး လှုပ်တာကြောင့် မော်ဓောစေတီဟာ (၂၇)ကြိမ်မြောက် ပြိုကျခဲ့ပြီး ပျက်စီးမှုကလည်း များပါတယ်။ ဘုရင့်နောင်ရဲ့ သားတော်အကြီး နန္ဒဘုရင်က တဖြည်းဖြည်း ပြန်တည်တယ်။ ခြောက်နှစ်အကြာ သက္ကရာဇ်(၉၅၀)ပြည့်နှစ်၊ ဝါဆိုလဆန်း (၁၁)ရက်၊ စနေနေ့မှာ ထီးတင်ပါတယ်။


တစ်ဖန် သက္ကရာဇ်(၁၀၀၆) ခုနှစ်၊ ပြာသိုလဆန်း (၉)ရက်၊ ကြာသပတေးနေ့မှာ လေျှင်ပြင်းစွာ လှုပ်တာကြောင့် မော်ဓောရှင်စေတီကြီး (၂၈)ကြိမ်မြောက် ပြိုပြန်ပါတယ်။ ရှင်စောပု၊ ဓမ္မစေတီ၊ ဘုရင့်နောင်နဲ့ နန္ဒဘုရင်တို့ရဲ့ကောင်းမှုတော် မော်ဓောစေတီကြီးဟာ ဒုတိယ ဖောင်းရစ်အထိ ပြိုကျပျက်စီးခဲ့ပါတယ်။ သည်တစ်ကြိမ် မှာတော့ မြန်မာဘုရင် အနောက်ဘက်လွန်မင်းကြီးက ပြင်ဆင်ပြီး သက္ကရာဇ်(၁၀၀၇)ခုနှစ်မှာ ထီးတော်အသစ်ကို တင်လှူပါတယ်။

အင်းဝဘုရင် အနောက်ဘက်လွန်မင်းကြီးရဲ့ ကုသိုလ် ဟာ နှစ်(၁၁၀)ကျော်ပဲ ခံတယ်။ သက္ကရာဇ်(၁၁၃၀)ပြည့် နှစ်၊ ပြာသိုလပြည့်ကျော် (၅)ရက်၊ အင်္ဂါနေ့ လေျှင်ကြောင့် ရွှေမော်ဓောစေတီ (၂၉)ကြိမ်မြောက် ပြိုကျတယ်။ အဲဒီ



အနည်းငယ်သော ပျက်စီးသော ရှေးသိမ်

www.burmeseclassic.com



မြန်မာနိုင်ငံ ငလျင်ပြတ်ရွေ့ကြောပြမြေပုံ

အချိန်က ကုန်းဘောင်ခေတ် အလောင်းမင်းတရားရဲ့သား တော် ဆင်ဖြူရှင် မြေဒူးမင်းလက်ထက်တော် ဖြစ်ပါ တယ်။ စေတီတော် မပြင်ဆင်နိုင်မီ မြေဒူးမင်းနတ်ရွာစံလို့ စဥ့်ကူးမင်း နန်းတက်တယ်။ စဥ့်ကူးမင်းလည်း စေတီ တော် ပြင်ဆင်ရန် ကြိုးပမ်းပေမယ့် အထမမြောက်ခဲ့တာ ကြောင့် ဘိုးတော်မင်း လက်ထက်တော်မှ စေတီကို ပြင် နိုင်တယ်။ ပြုပြင်ပြီး ရွှေမော်ဓောစေတီတော် ဉာဏ်တော် အမြင့်က (၁၉၈)တောင် (၂)မိုက် ဖြစ်ပါတယ်။


ငလျင်ဒဏ်ခံ ပဲခူးရှိ ပြိုကျပျက်စီး နေအိမ်များ

ဗြိတိသျှနယ်ချဲ့များ သိမ်းပိုက်ထားသောအချိန် သက္က ရာဇ်(၁၂၇၄)ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၁၄)ရက် ကြာ သပတေးနေ့၊ မွန်းလွဲ(၁)နာရီ (၁၂)မိနစ်မှာ မြေငလျင်လှုပ် တယ်။ ပြင်းအားအသင့်အတင့်ရှိပေမယ့် မော်ဓောစေတီ ထီးတော်သံတိုင်ကျိုးကျပြီး စိန်ဖူးနှင့် ငှက်မြတ်နား ပထမ ကြေးပိုင်းသို့ရောက်အောင် မြေခဲ့ပါတယ်။ အကြိမ်(၃၀) မြောက် မြေငလျင်ဒဏ်သင့် စေတီကြီးရဲ့ ထီးတော်ကို ပြည်သူပြည်သားများ ကောင်းမှုနှင့် သက္ကရာဇ်(၁၂၇၆) ခုနှစ်၊ တန်ခူးလပြည့်ကျော် (၈)ရက်မှာ ပြန်တင်လှူနိုင်ခဲ့ ပါတယ်။

သက္ကရာဇ်(၁၂၇၉)ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၂) ရက်၊ ကြာသပတေးနေ့ မိုးမလင်းမီလှုပ်တဲ့ ပဲခူးငလျင်က ပြင်းအားကြီးပါတယ်။ ရွှေမော်ဓောစေတီ တတိယဖောင်း ရစ်ကနေ အထက်ပိုင်းအထိ ပြိုကျပြီး အရှေ့အရပ် ရင်ပြင် ပေါ်အထိကျတယ်။ (၃၁)ကြိမ်မြောက် ငလျင်ဒဏ်သင့် စေတီကြီးကို ရဟန်း၊ ရှင်၊ လူအပေါင်းကပဲ ပြန်လည်ပြင် ဆင်ခဲ့ရာမှာ သက္ကရာဇ်(၁၂၈၅)ခုနှစ်မှာ (၂၀၂)တောင်နှင့် (၂)မိုက် အမြင့်ရှိသော ရွှေမော်ဓောစေတီအသစ် ပေါ်ထွန်း ခဲ့ပါတယ်။ စေတီသစ်ဟာ စေတီဟောင်းထက် လေး တောင်လောက် ပိုမြင့်ပါတယ်။

မြန်မာသက္ကရာဇ်(၁၂၉၂)ခုနှစ်၊ ကဆုန်လဆန်း (၉) ရက်၊ တနင်္လာနေ့၊ ခရစ်နှစ် မေလ (၅)ရက် (၁၉၃၀)ပြည့် နှစ်၊ ည(၈)နာရီ (၁၅)မိနစ်မှာ လှုပ်ခဲ့တဲ့ ပဲခူးငလျင်ကြီးက တော့ တကယ့်မှတ်တမ်းဝင် ငလျင်ကြီးပါ။ (၃၂)ကြိမ် မြောက် ငလျင်ကြီးရဲ့ ရက်စက်မှုကြောင့် ရွှေမော်ဓော စေတီကြီး ခေါင်းလောင်းပုံ တင် ခြမ်းထိအောင် ပြိုတယ်။ အဲဒီ တောင်ထောင့် ရင်ပြင်ပေါ်ကို ကျ တယ်။ (၁၉၃၀)ပြည့်နှစ် ပဲခူး ငလျင်ကြီးက မြို့ပေါ်မှာရှိတဲ့ တိုက် ကြီးတာကြီး၊ ကျောင်း၊ သိမ်၊ ဇရပ်၊ စေတီကြီးငယ် အားလုံး ဖျက်ဆီးပစ်ခဲ့ပါတယ်။ မီးလောင် ပျက်စီးမှုများဖြစ်ခဲ့ပြီး လူ(၁၀၀ ကျော် သေဆုံးပါတယ်။

ပဲခူး ငလျင်ကြီးဒဏ်ကို ခံလိုက်



www.burmeseclassic.com

www.burmeseclassic.com

ရတဲ့ ရန်ကုန်မြို့မှာလည်း တိုက်တာအဆောက်အအုံ အများအပြား ပျက်စီးတယ်။ ရွှေတိဂုံစေတီတော်ကြီးရဲ့ ထီးတော်အထက် ပိန္နဲတိုင် ယိုင်သွားပြီး ငှက်မြတ်နားနဲ့ စိန်ဖူးတော်ဆိုင်းကြိုးပြတ်ကာ ဓောက်ထိုးတွဲလွဲကျခဲ့တယ်။ ရန်ကုန်မှာ လူ(၅၀)လောက် သေတယ်လို့ သိရပါတယ်။


ပဲခူးရှေးအဆောက်အအုံဟောင်းတစ်လုံး ငလျင်ကြောင့် လုံးဝပျက်စီးခဲ့

အဆိုးရွားဆုံး ငလျင်ကြီးဒဏ် ခံလိုက်ရတဲ့ ရွှေမော်ဓောစေတီကြီးကို ဂေါပကလူကြီးများနှင့် ရဟန်း၊ ရှင်၊ လူတို့က ပြင်ဆင်ဖို့ ကြိုးစားခဲ့ပေမယ့် နှစ်ကာလကြာရှည်သည်အထိ မအောင်မြင်ခဲ့ဘဲ လွတ်လပ်ရေးရပြီးမှ စေတီတော်ကြီး ပြန်လည်တည်ဆောက်ရေးအကောင်အထည် ပေါ်ခဲ့ပါတယ်။ မြန်မာသက္ကရာဇ်(၁၀၃၉)ခုနှစ်၊ တပို့တွဲလဆန်း (၁၄)ရက်၊ စနေနေ့မှာ မြန်မာနိုင်ငံရဲ့ ပထမဆုံးသမ္မတ စဝ်ရွှေသိုက်က မော်ဓောစေတီကြီး ပြန်လည်တည်ဆောက်ဖို့ ရွှေမော်ဓောပန္နက်သဲကို ချခဲ့တယ်။ စေတီတော်ကို အစိုးရက ဦးဆောင်ပြီး ပြည်ထောင်စုသားများ ကောင်းမှုနှင့် ခုနစ်နှစ်ကြာအောင် တည်ခဲ့ရတယ်။

(၁၃၁၆)ခုနှစ်မှာ ပြီးစီးခဲ့တဲ့ ရွှေမော်ဓောစေတီတော်ကြီးဟာ ပြင်ဆင်စရိတ် (ထိုခေတ်တန်ဖိုးနှင့်) ကျပ်သိန်း(၄၀) ရှိတယ်။ စိန်ဖူးတော်ရဲ့ တန်ဖိုးကပဲ ကျပ်(၇)သိန်း၊ ငှက်မြတ်နားတော်ရဲ့ တန်ဖိုးက ကျပ်(၁၆)သိန်းလို့ သိရပါတယ်။ ယနေ့ထိ မြင်နေရတဲ့ ရွှေမော်ဓောစေတီတော်ကြီးက လွတ်လပ်ရေးရပြီးခေတ်လက်ရာ ဖြစ်ပါတယ်။

## ပဲခူးငလျင်ကြီး တစ်ကျော့ပြန်လာမှာလား

ခုတလော ငလျင်နှင့် ပတ်သက်ပြီး ခုခေတ်ပညာရှင်တွေ၊ ခုခေတ်မီဒီယာတွေ ပြောကြ၊ ရေးကြ၊ ခန့်မှန်းကြတာက ပဲခူးငလျင်ကြီးဟာ တစ်ကျော့ပြန်လာဖို့ နီးနေပြီ။ နှစ်ပေါင်း(၈၀၊ ၁၀၀)ဆိုရင် တစ်ကြိမ်လှုပ်တတ်တဲ့ ပုံသေနည်းကို ကိုင်စွဲပြီး (၁၉၃၀)ပြည့်နှစ်မှာ ငလျင်ကြီးလှုပ်ခဲ့တာကြောင့် ခုဆိုရင် ပဲခူး ငလျင်ကြီးလာဖို့ နှစ်တောင်ကျော်နေသလိုလို ရေးကြပါတယ်။ တကယ်က မမှန်ပါဘူး။ မြန်မာ့ငလျင်နှင့်ပတ်သက်ပြီး မှတ်တမ်းပြုစာအုပ်ထုတ်ဝေခဲ့တဲ့ ဆရာကြီး ဦးမင်းထွေးနောင်က ပဲခူးငလျင်နှင့် ပတ်သက်ပြီး ရွှေမော်ဓောစေတီ အကြီးစားပြိုပျက်မှုကို လေ့လာရင် တစ်ကြိမ်နှင့်တစ်ကြိမ် ကွာခြားမှု အကြမ်းဖျဉ်းအားဖြင့် ပျမ်းမျှနှစ်ပေါင်း(၇၀)လို့ ဆိုပါတယ်။ ဒါ


ပဲခူးမြို့ မြေငလျင်ဒဏ်ခံအပြီး

www.burmeseclassic.com

www.burmeseclassic.com



ငလျင်ဒဏ်ခံ ပဲခူးလူနေရပ်ကွက်

ပေမဲ့ ဒါကလည်း ပုံသေယူလို့မရဘူး။ မှတ်တမ်းအရဆိုလျှင် တစ်ခါတစ်ရံ ငါးနှစ်သာခြားပြီး ငလျင်ကြီး လှုပ်တတ်တာ သတိပြုရမှာ ဖြစ်ပါတယ်လို့ ပြောပါတယ်။

ငလျင်ကို မည်သူမှ မှန်အောင် ကြိုတင်မခန့်မှန်းနိုင်ပေမယ့် အာကာသနက္ခတ္တဗေဒ ပညာရှိများက အနီးစပ်ဆုံး မှန်အောင် ခန့်မှန်းနိုင်ကြတယ်။ မြန်မာပညာရှိတွေထဲမှာ ပျဉ်းမနား ဆရာကြီး ဦးသန်းမောင်နှင့် ဆရာကြီးကာလာစန်တို့ဟာ ငလျင်ကို အနီးစပ်ဆုံး မှန်ကန်အောင် တွက်ချက်ဟောပြောနိုင်ခဲ့တာ မှတ်တမ်းတွေ ရှိပါတယ်။

နက္ခတ္တဗေဒပညာအရ ကမ္ဘာအပါအဝင် ဂြိုဟ်အားလုံးဟာ နေမင်းကို စကြဝဠာအလယ်ဗဟိုမှာထားပြီး ကိုယ့်လမ်းကြောင်းနှင့်ကိုယ် ဝိုင်းပတ်သွားလာနေကြရာမှာ ဂြိုဟ်ပြိုင်မာသ၊ သမာဂဟ၊ ဂြဟယုဒ္ဓ၊ နေကြတ်၊ လကြတ်နှင့် အကွာအဝေးမိုင်မျိုးစုံဟူ၍ ရပ်တည်မှုပုံစံအမျိုးမျိုး ဖြစ်ပေါ်စေပါတယ်။ ထိုသို့သော အခြေအနေမျိုးစုံတို့ရဲ့ ဂုဏ်သတ္တိတို့က သက်ဆိုင်ရာ ကမ္ဘာအတွင်းအပြင်က အစိတ်အပိုင်းအချို့ကို အံနည်းနှင့်အများ တုန်ခါစေပါတယ်။ ဒါကိုပဲ မြေငလျင်လှုပ်ခြင်းလို့ ခေါ်တာပါ။

အာကာသသျှတ္တရကျမ်းအလိုအရ ကြတ္တိကာနက္ခတ်နေနဲ့နီးလျှင် ငလျင်ကြီး လှုပ်တတ်တယ်လို့ ဆိုပါတယ်။ ဗေဒင်ကျမ်းများမှာတော့ ငလျင်လှုပ်ခြင်းက ယောဟာနီနှင့် မိဂသီနက္ခတ်အကြား နေမင်းကြီးရောက်ချိန်နှင့် ဆက်စပ်လျက်ရှိတယ်လို့ ဖော်ပြထားပါတယ်။

ငလျင်ကြီးလှုပ်မှာကို စိတ်ပူနေကြသူများကိုတော့ ဂမ္ဘီရမဂ္ဂဇင်းကနေပဲ အားပေးလိုက်ပါတယ်။ ဆရာကြီးကာလာစန် မကွယ်လွန်မီ ဤစာရေးသူကိုပေးခဲ့တဲ့ သံဒိဋ္ဌပြက္ခဒိန်(၁၃၇၉ ခုနှစ်)ရဲ့ မူအရ လာမယ့်ခရစ်နှစ်(၂၀၁၈) ခုနှစ်၊ ဧပြီလအထိ မြန်မာနိုင်ငံမှာ ငလျင်ကြီးလှုပ်ဖွယ်မရှိကြောင်းပါ။ အထူးသဖြင့် ပဲခူးငလျင်ကြီးလို လူအများအပြားသေ၊ အဆောက်အအုံအများအပြား ပြိုကျတဲ့ ပြင်းအားရစ်ချ်တာစကေး(၇)ကျော်တဲ့ ငလျင်ကြီးမျိုး ကောလ်ဓာတ်အရ ငါးနှစ်အတွင်း မလှုပ်နိုင်ကြောင်း ဆရာကြီးကာလာစန်က သူ မကွယ်လွန်မီ စာရေးသူကို ပြောသွားခဲ့ပါတယ်။



ရန်ကုန်မြို့ မြေငလျင်ဒဏ်ခံခဲ့ရသော နေရာများ

ဖိုးဒေါင်းသား

စာကိုးစာရင်း

၁။ မြန်မာ့ငလျင်
[ဦးမင်းထွေးနောင်(ပညာရေး)]
၂။ ရွှေမော်ဓောစေတီသမိုင်း
၃။ ရွှေတိဂုံစေတီသမိုင်း
စာအုပ်များ။
၄။ မြန်မာပြည်တွင် လှုပ်ခဲ့သော
ငလျင်များ (ဒေါက်တာဦးသိန်း)
၅။ သံဒိဋ္ဌပြက္ခဒိန် စာအုပ်များ
(ဆရာကြီးကာလာစန်)



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

အောင်မော်စံဆရာတော်(ကချင်ပြည်နယ်)

# ဂမ္ဘီရချောင်း

ပုတီးလှော့စိပ်၊ တရားလှော့ထိုင်လိုက်လျှင် အချိန်ပိုရလာတော့တယ်။ ထိုအခါတွင် ခရီးသွားချင်လာတယ်။ ဒါကြောင့် ဂမ္ဘီရခရီး ထွက်ရပါတော့တယ်။ ကျွန်ုပ်က ကျောင်းတိုက်မှ နေ့ဆွမ်းစားပြီးလျှင် အင်းများ၊ အိုင်များ၊ ချောင်းများ၊ စမ်းချောင်းများဆီသို့ ကွရောက်ကြည့်ရှုရင်း ဂမ္ဘီရခရီး ထွက်ပါတယ်။ အရွယ်ငယ်စဉ်က တောများ၊ တောင်များ၊ ဂူများဆီသို့ ခရီးထွက်ခဲ့သော်လည်း ယခုအခါ သက်သက်သာသာ ဂမ္ဘီရခရီးကိုသာ ထွက်တာများပါတယ်။ (နေ့ချင်းပြန် ဂမ္ဘီရခရီးပေါ့။)

တစ်နေ့သောအခါ ကျွန်ုပ်တို့ အောင်မော်စံကျောင်းတိုက်၏ အနောက်ဘက်က တောများ၊ ချောင်းများဆီသို့ နေ့ချင်းပြန် ဂမ္ဘီရခရီး ထွက်ခဲ့ပါတယ်။ ကျွန်ုပ်ကျောင်းအနောက်ဘက်မှာ နန်းကွေ့ချောင်း ရှိပါတယ်။ ဒီနန်းကွေ့ချောင်းဟာ ရာဇဝင်နဲ့၊ သမိုင်းနဲ့၊ ပုံပြင်ဒဏ္ဍာရီနဲ့၊ ပါးစပ်ရာဇဝင်တွေနဲ့ ပြည့်နှက်နေပါတယ်။ ဧရာဝတီမြစ်ထက်တောင် အဖြစ်အပျက်စုံတယ်လို့ ဆိုကြပါတယ်။

ဒီနန်းကွေ့ချောင်းကို ကချင်တိုင်းရင်းသားတို့က တစ်မျိုးခေါ်ကြတယ်။ နမ်ကွယ်ခ (Nam Koi Hka) လို့ခေါ်ကြတယ်။ နန်းကွေ့ချောင်းမှာ ရေထောင်ချောက်ရှိတယ်။ ဒီရေထောင်ချောက်မှာမိလို့ အသက်ဆုံးရှုံးသွားသူအများအပြားရှိပြီလို့ မဆိုလိုပေမယ့် လူတော်တော်များများကတော့ အသက်ဆုံးရှုံးသွားတာကို တွေ့ကြုံရ၊ ကြားသိရပါတယ်။

နန်းကွေ့ချောင်းရဲ့ ဟိုဘက်ကမ်းမှာ ာယ်တောယာတော၊ ဥယျာဉ်ခြံ၊ ရော်ဘာခြံ၊ သစ်မွေးခြံ၊ တောင်ယာတို့ ရှိပါတယ်။ လုပ်ကိုင်စားသောက်သူတို့ဟာ အလုပ်ကအပြန် ပင်ပန်းနွမ်းနယ်လို့ ရေဆင်းချိုးကြပါတယ်။ ထိုအခါ (ခါတိုင်း)နေ့တိုင်း ရေချိုးဆင်းနေကျ ရေဆိပ်မှာ ရေချိုးသော်လည်း ရေနစ်သေသူ ရှိကြတယ်။

ဒူးလောက်နက်တဲ့ နေရာမှာ ရေချိုးနေရင်း ရေကအနက်ကြီးဖြစ်သွား၍ မမျှော်လင့်ဘဲ နစ်သေသွားကြသူများ ရှိခဲ့တယ်။ ဝါးတစ်ပြန်လောက်နက်တဲ့ ရေအိုင်(အိုက်)ကျပြန်တော့ ဒူးလောက်ခါးလောက်သာရှိပြီး တိမ်သွားတာမျိုးလို ဖြစ်တယ်။ ရေတိမ်တယ်ဆိုပြီး ရှေ့ကို ဆင်းမိသော် ရေက အနက်ကြီးဖြစ်သွားပြီး ရေနစ်သေရပြန်ပါတယ်။ ရေနစ်သေသူတို့က ကျန်ရစ်သူတွေကို အိပ်မက်ပေးသော် နဂါးများ ဖမ်းစားခြင်းခံရတာလို့ ဆိုပါတယ်။ သူတို့ နဂါးတိုင်းပြည်ကို ပြန်သွားတာလို့ ဆိုသူက ဆိုပါတယ်။

ရေထောင်ချောက်မှာ ရေဘယ်လောက် ကျွမ်းကျင်သူဖြစ်ပါစေ ရေနစ်သေသွားတာမျိုးဖြစ်တယ်။ ရေထောက်ချောက်နဲ့ပတ်သက်ပြီး ဝိဇ္ဇာတွေကို မေးကြည့်တော့ ဝိဇ္ဇာတွေက မိန့်ကြားတာမှာ ဒီလိုပါတယ်။

တချို့က ကိုယ့်ကိုယ်ကို


နန်းကွေ့ချောင်းသည် ဧရာဝတီမြစ်ထဲသို့ စီးဝင်သည်



www.burmeseclassic.com

www.burmeseclassic.com

သတ်သေတဲ့အနေနဲ့ နစ်သေကြတယ်။ အဖန်ငါးရာ ငါးကမ္ဘာ စာရင်းဝင်သွားကြသူတွေပေါ့။ တချို့ကျတော့ သူများကို ရေထဲတွန်းချ သတ်ခဲ့ဖူးလို့ ကိုယ့်အလှည့်ကျ ပြန်သေကြရတာလည်းရှိတယ်။ တချို့ကျတော့ မီး၊ လေ၊ ရေ၊ မြေ စတဲ့နေရာမှာ ရေကြောင့် သေကိန်းရှိတဲ့သူဟာ ရေကြောင့်ပဲ သေတယ်ဟု ပြောပြတယ်။ ဝိဇ္ဇာတွေ ပြောတာလည်း အဟုတ်သားပါပဲ။

နန်းကျွဲချောင်းမှာ ရွှေထွက်တယ်။ ဤချောင်းက ထွက်တဲ့ရွှေဟာ အလွန်ဝင်းဝါ၍ အလေးချိန်ပေါ့တယ်။ သိပ်သည်းမှု သိပ်မရှိဘူး။ ဒါပေမဲ့ လူကြိုက်များတယ်။ အကြောင်းက ပုတာအိုရွှေ၊ စိန်တလိန်းခန္တီးရွှေ၊ တောင်ပေါ် စမ်းချောင်းရွှေတို့ဟာ အဆင်းအရောင် စိမ်းဖန့်ဖန့် ရှိကြပြီး ဈေးသိပ်မရပါ။ ထိုရွှေသုံးမတ်သားမှာ နန်းကျွဲရွှေတစ်မတ်သား ထည့်ရောလိုက်လျှင် စံချိန်မီရွှေ ဖြစ်သွားတယ်။ ဈေးကောင်းလည်း ရတယ်။

နန်းကျွဲရွှေကို ဂိုဏ်းဆရာတို့ကလည်း ဂမ္ဘီရရွှေ၊ ကိုးနဝင်းရွှေဆိုပြီး အသိအမှတ်ပြုကြပါတယ်။ နန်း(၇)၊ ကျွဲ(၂)၊ (၂)ခုပေါင်း (၉)ကိုးနဝင်းဖြစ်တယ်လို့ ဆိုတယ်။ မြစ်ကြီးနားက ဧရာဝတီမြစ်ကလည်း ရွှေထွက်တယ်။ ရွှေကျင်လို့ ထွက်ရှိ၊ ရရှိသွားသော ရွှေတန်ချိန်များစွာ ရှိပြီလို့ ရွှေကျင်သမား ရွှေကျင်စားသူများက ပြောဖူးတယ်။ ဘယ်သူ့ဝဲ ရွှေကိုရရ ဧရာဝတီမြစ်က လုပ်ကျွေးလိုက်တာဖြစ်လို့ ကျွန်ုပ်က မနာလိုဝန်တို မရှိပါ။

ရွှေကျင်သမားတို့က ကျွန်ုပ်ကို ရွှေလာပြီး လှူကြတယ်။ ကျွန်ုပ်က မယူပါ။ ပြန်ပေးလိုက်ပါတယ်။ တချို့လူတွေ ထိုပြန်ပေးတဲ့ရွှေရဲ့ ကာလတန်ဖိုးကို တွက်ချက်ပြီး ငွေကို လှူတယ်။ ကျွန်ုပ်က ငွေကိုယူပြီး စေတီတည်တယ်။ လူမှုရေးလုပ်ငန်းတွေမှာ သုံးစွဲလိုက်ပါတယ်။

နန်းကျွဲချောင်းဟာ ဧရာဝတီမြစ်ကြီးထဲကို စီးဝင်တယ်။ နန်းကျွဲချောင်းက ရွှေတွေဟာလည်း ဧရာဝတီမြစ်ကြီးထဲ စီးမျောပြီး ပါသွားနိုင်တာပဲလို့ ကျွန်ုပ်



ဓအောင်မော်စံဆရာတော် (ကချင်ပြည်နယ်)

စဉ်းစားမိပါတယ်။

နန်းကျွဲချောင်း၏တစ်နေရာ မြစ်ကြီးနားမြို့၏တောင်ပိုင်းတွင် ကချင်ပြည်နယ်ထဲက ရှိရှိသမျှ တံတားထဲမှာ အခံ့ညားဆုံး၊ အထည်ဝါဆုံး၊ အကောင်းဆုံးလို့ ထင်မြင်မိတဲ့ နန်းကျွဲချောင်းတံတားရှိတယ်။ နယ်ချဲ့အင်္ဂလိပ်တို့ အုပ်စိုးစဉ်တုန်းက ဤနန်းကျွဲချောင်းတံတား နေရာမှာ ရေထုပေ(၁၀၀)ခန့် နက်တယ်ဟု ဆိုပါတယ်။ တံတားမရှိသေးတာကြောင့် ဟိုဘက် သည်ဘက်ကူးရန် ပီပါအလွတ် အလုံး(၁၀၀)ခန့်ကို စတီး(လ်)သံမဏိကြိုးနှင့် ပတ်ချည်ပြီး ကရိန်းနှင့် ဆွဲကူးရတယ်။

တစ်နေ့သောအခါ ထိုပီပါ(ဘော)အတွဲများ မလှုပ်




နန်းကျွဲချောင်းတစ်နေရာ



www.burmeseclassic.com

www.burmeseclassic.com



စမဗဝ စမပေါ်နေသော ကျောက်တုံး

တော့ပါ။ ကရိန်းနဲ့ ဘယ်လောက်ဆွဲဆွဲ မရွေ့တော့ပါ။ အင်္ဂလိပ်လူမျိုး ရေငုပ်သမားက ငုပ်၍ကြည့်ရှုရာ ပုတ်အရွယ်ခန့်ရှိတဲ့ ငါးထီး၊ ငါးမ နှစ်ကောင်ကို တွေ့ရတယ်။ ပီပါ(ဗော)ဟာ ထိုငါးနှစ်ကောင်ရဲ့ ကျောနှင့်ခံနေ၍ မရွေ့ခြင်းပင်ဖြစ်တယ်။ ထိုအခါ ငါးဂါလန်ဝင် ဆီပုံးအလွတ်တစ်ပုံးမှာ ယမ်းအပြည့်သိပ်၍ မိုင်းခွဲလိုက်ရာ ငါးကြီးနှစ်ကောင်သေတယ်။ ထိုငါးတို့ကို ကုန်းပေါ်တင်သော် ကရိန်းမနိုင်သောကြောင့် ဆင်သုံးကောင် ကူရတယ်ဟု သိရပါတယ်။

ထိုငါးကြီးနှစ်ကောင်ကို ဂျီအမ်စီကား(၁၀)စီးကျော်နှင့် ခုတ်ထစ်ပိုင်းပြီး သယ်ယူသွားတယ်လို့ ကြားဖူးတယ်။



အင်္ဂလိပ်ခေတ်လက်ကျန် နန်းကွေ့ချောင်းတံတား

ယခုအခါ ရေက တိမ်နေပြီ။ လူကြီး,လူငယ်တို့ လမ်းလျှောက်ကူးနေကြပြီး ချောင်းထဲမှာလည်း လက်နှစ်လုံး၊ သုံးလုံးအရွယ် ငါးပင်လျှင် မရှိတော့ပါ။ တံတားကတော့ ဟိန်းနေအောင် ကောင်းနေဆဲ ဖြစ်ပါတယ်။

ကျွန်ုပ် ကျောင်းဝင်းရဲ့ လက်ဝဲဘက်မှာ တောင်ကုန်း လက်ယာဘက်မှာ နန်းကွေ့ချောင်း ရှိပါတယ်။ တောင်ကုန်းဟာ ရှာဟောင်းတောင်၊ တစ်နည်း ရေးက ရွာတည်ခဲ့တဲ့တောင် ဖြစ်ပါတယ်။ ရှဒေါင်ရွာ(SHADOU) ရွာဟောင်းဖြစ်တယ်။ ရွာဟောင်းဖြစ်လို့ လူမရှိတော့တာ ကြာပြီထင်တယ်။ ဂျပန်ခေတ်တုန်းက အမေရိကန် ရိန်းဂျားတပ်တွေ ဒီနေရာမှာ စခန်းချဖူးတယ်။ အမေရိကန် ရိန်းဂျားတပ်နဲ့ ကချင်ရိန်းဂျားတပ်တို့ ပူးပေါင်းပြီး ဂျပန်တွေကို တိုက်ခဲ့တယ်။

အမေရိကန်ရိန်းဂျားစစ်သား ငါးသောင်း(၅၀၀၀၀) အရေအတွက်ရှိတယ်။ ကချင်ရိန်းဂျားစစ်သားတို့နဲ့ ပူးပေါင်းပြီး ဂျပန်တို့ကို တိုက်တယ်။ ဂျပန်သိန်းသောင်းသေကြတယ်။ အမေရိကန်ရိန်းဂျားတို့လည်း အားလုံးနီးပါးသေတယ်။ (၅၀၀၀၀)ထဲက (၁၀၀)လောက်ပဲ အိမ်ပြန်နိုင်ကြတယ်။ အမေရိကန်ရိန်းဂျားတပ် (OSS-101) တပ်ဖြစ်တယ်။ ကချင်ရိန်းဂျားနဲ့တွဲတော့ (CSS- 101) ဖြစ်သွားတယ်။ အမေရိကန်တပ်က အမှတ်တရ ကြေးရုပ်တု ထုပြီး ကချင်တွေကို ဆုပေးသွားကြတယ်။ ထိုဆုရလက်ဆောင် ကြေးရုပ်တစ်ရုပ် ကျွန်ုပ်ထံမှာရှိတယ်။ ရာဇဝင်အဆောင် ဖြစ်ပါတယ်။

နန်းကွေ့ချောင်းတစ်နေရာမှာ စမပုံပေါ်တဲ့ကျောက်တုံးကျောက်စလေးတွေ ရတတ်တယ်။ စမပုံဆိုတာ (စ၊ မ၊ ဗ၊ ဝ) စမတွေ ထင်ထင်ရှားရှား ပေါ်နေတဲ့ ကျောက်တုံးလေးတွေ ဖြစ်ပါတယ်။ ဂမ္ဘီရသမားတွေက စမကျောက်တုံးလေးတွေကို လွန်စွာတန်ဖိုးထားကြတယ်။ ကျွန်ုပ်ကျောင်းမှာလည်း ရှိတယ်။


ဂမ္ဘီရဆန်လှတဲ့ နန်းကွေ့ချောင်းရဲ့လက်တက် စမ်းချောင်းလေးတွေကလည်း ဂမ္ဘီရစမ်းချောင်းလေး

www.burmeseclassic.com

တွေ ဖြစ်ပါတယ်။ ရှဒေါင်ရွာဟောင်းက ဂမ္ဘီရစမ်းချောင်းလေးတွေ ဖြစ်ပါတယ်။ ရှဒေါင်ရွာဟောင်းက ရှေ့ဆက်သွားရင် ဂမ္ဘီရစမ်းချောင်းလေးကို ရောက်ပါတယ်။ ထိုချောင်းဟာ အနောက်မှ အရှေ့သို့ စီးဝင်တယ်။ ကျွန်ုပ်တို့ ဤချောင်းကို ရောက်ရှိတိုင်း မျက်နှာသစ်ခြင်း၊ ခြေလက်ဆေးခြင်း ပြုလုပ်ကြတယ်။ ကျွန်ုပ်က ပြောပြသင့်တာကိုလည်း ပြောပြလိုက်ပါတယ်။

ဒကာ,ဒကာမတို့..မြစ်ချောင်းများဟာ များသောအားဖြင့် မြောက်ကနေတောင်ကို စီးကြတယ်။ ပုံမှန်ပေါ့။ အဲ..အဲ..တစ်နေရာ တစ်ဒေသကိုရောက်လို့ မြင်ရတာက ဒီချောင်းလိုပဲ။ အရှေ့က အနောက်ကို စီးဝင်တဲ့ ချောင်း၊ မြစ်၊ တောင်မှ မြောက်သို့ စီးဆင်းတဲ့ ချောင်း၊ မြစ်၊ အနောက်မှ အရှေ့ကို စီးဆင်းတာလည်း ရှိပါတယ်။ ဒီလိုပါပဲ၊ အရှေ့တောင်မှ အနောက်မြောက်ကိုစီး၊ အရှေ့မြောက်မှ အနောက်တောင်ကို စီးဆင်းတဲ့ မြစ်ချောင်းတွေလည်း ရှိကြပါတယ်။ ရှေ့မှာတော့ တောင်က မြောက်ကို စီးနေတဲ့ ချောင်းရှိတယ်။ နည်းနည်းလှမ်းတယ်။ အခုဒီချောင်းကိုတော့ ဘာချောင်းလို့ခေါ်မှန်း မသိပါ။ ချောင်းအကုန်မသိနိုင်ပါဘူး။ ချောင်းနားမှာ ဝါးရုံတောတွေ ရှိတယ်။ ဝါးရုံးတောမှာ ခဏနားပြီးတော့ ပါလာတဲ့ ဖျော်ရည်သောက်ပြီး လှည့်ပြန်ကြတယ်။

နန်းကွေ့ချောင်းနံဘေးတွင် နောက်ထပ်(၁၀)မိနစ်ခန့်ကြာအောင် လျှောက်မိသော် လမ်းဘေးက ပတ်လည်မြောင်း ဝလုံးပုံတူ တူးထားတဲ့ နေရာအချို့ကို တွေ့ရတယ်။



မြစ်ကြီးနားနှင့် မြစ်ဆုံဒေသ မြေပုံ

ရှင်းပြလိုက်ရာ ဒကာမ နှစ်ယောက်က ကြောက်ကြောက်နဲ့ အနားကို ကပ်လာကြပါတယ်။ ဒီသချိုင်းက နှစ်ပေါင်းထောင်ချီလောက်ပါပြီ။ သေတဲ့လူတောင် အနည်းဆုံး ဆယ်ဘဝလောက် ပြောင်းပြီးလောက်ပါပြီ။ ကြောက်စရာမလိုတော့ကြောင်း ရှင်းပြရပါတယ်။

ကျွန်ုပ်ကျောင်းမှာရှိနေတဲ့တစ်နေ့ ရွာထဲက လူတွေ

ပါလာ တဲ့ ဒကာတစ်ယောက်က ဆရာတော်ကို လျှောက်ထားချင်ပါတယ်။ ဒါက ဘာမြောင်းပါလဲ ဘုရား ဟု လျှောက်တယ်။

ကျွန်ုပ်က အဲဒါက ကချင်တိုင်းရင်းသားတို့ရဲ့ နတ်ကျော (NATJAW) ဘာသာဆိုတဲ့ ယဇ်နတ်ပူဇော်တုန်းက ထုံးစံမှာ လူသွယ်လွန်ရင် ဒီလိုဝိုင်းဝိုင်းလေး တူးပြီး မြောင်းရဲ့ခါးလယ်မှာ လူသေကို မြှုပ်ထားတယ်။ သင်္ချိုင်းပေါ့။ ဒကာ,ဒကာမတို့ ဆိုပြီး



ရှဒေါင်ရွာဟောင်းနေရာ

www.burmeseclassic.com

ကျွန့်ပ်ကို လာမေးကြတယ်။ အောင်မော်စံကျောင်းရဲ့ အနောက်နားက နန်းကွေ့ချောင်းထဲက နဂါးများဟာ တော်တော်လေး သောင်းကျန်းတယ်။ လူစားတယ်။ (လူ ခဏ,ခဏသေတယ်) အဲဒါ ဘာကြောင့်လဲဆိုပြီး လျှောက်ကြပါတယ်။


အမေရိကန်ရိန်းဂျားတပ် (OSS-101)

နဂါးဟာ မြွေက ဖြစ်တာပါ။ မြွေကို မိုးကြိုး ကိုးကြိမ်ပစ်ပြီးရင် အဲဒီမြွေဟာ နဂါးဖြစ်သွားတယ်လို့ လူကြီးများ ပြောကြတယ်။ နဂါးဖြစ်ရင် နဂါးတန်ခိုးရှင် ဖြစ်သွားတယ်။ တန်ခိုးရသွားရင် နဂါးဝိဇ္ဇာလည်း ဖြစ်သွားနိုင်တာပေါ့။ သာသနာစောင့်နတ်ထဲမှာ ကာလနဂါးနဲ့ ဝိရူပက္ခနဂါးတို့ ပါဝင်ပါတယ်။ နဂါးအရိယာ နဂါးသောတာပန်တွေ ဖြစ်ကြတယ်။ များသောအားဖြင့်တော့ သာသနာကို ဆန့်ကျင်တဲ့ နဂါးက ပိုများတယ်။

ကျွန့်ပ်ရဲ့ ကေ(၃၀)ကျော်သော ကျောင်းဝင်းကြီးထဲမှာလည်း နဂါးတွေရှိတယ်။ နဂါးတွေအတွက် နေစရာပေးပြီး သာသနာကို မဆန့်ကျင်ဖို့ သာသနာပြုကြဖို့နဲ့ လူမစားကြဖို့ မေတ္တာပို့ရတာ နေ့စဉ်လို ဖြစ်ပါတယ်။

**အောင်မော်စံဆရာတော်(ကချင်ပြည်နယ်)**

Dictionary for All

သာလွန်

အင်္ဂလိပ်-မြန်မာ

အဘိဓာန်

THALUN
Bookstore
Yangon

သာလွန်စာအုပ်တိုက်

- ၃၆၉၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၄၂၄၁၈၊ ၂၄၉...
- အမှတ်(၃၇၇/၃၇၉)၊ ဗိုလ်ဆွန်ပက်လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၄၀၁၅၃၊ ၂၄၂၀၃၈၊ ...၂၂၈၀
- ၁၆၅/၂ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ၄၅ လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၉၉၂၂၈



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# ခြင်္သေ့တော်ရှင်းက ဖန်တီးခြင်းအနုပညာ


ရန်နိုင်

ဤဘာသာရေး သုတေသနတစ်ခုကို စတင်ပြုစုခဲ့သည်မှာ ကြာခဲ့ပြီ။ အထူးသဖြင့် နိုင်ငံခြားသားများအား ဘုရားစေတီ ပို့ဆောင်ပေးရာမှ ပေါ်ပေါက်လာခဲ့စဉ်က ဤစိတ်ကူးကို စတင်စဉ်းစားမိသည်။ နိုင်ငံခြားသားများက ဘုရားစေတီမှ ခြင်္သေ့ရုပ်များ၊ ဆင်ရုပ်များ၊ မြင်းရုပ်များ၊ ဘီလူးရုပ်များ၊ နဂါးရုပ်များအား အလွန်စိတ်ဝင်စားကြသည်။ မေးမြန်းစပ်စုကြသည်။

မြန်မာနိုင်ငံတွင် ဘုရား၊ ကျောင်း၊ ကန်၊ ပုထိုး၊ စေတီ အသီးသီး၌ ဤသို့ အနုပညာဆန်သော တိရစ္ဆာန်များကို မကြာခဏ မြင်တွေ့နေကျ။ ဖန်တီးမှုအနုပညာ အမောက်၊ အတက်၊ အနွယ်၊ အယှက်၊ အညွန့်၊ အကွန့်များဖြင့် ခြယ်လှယ်ထားကြသည်။ အနုပညာစွမ်းအားကြောင့် တိရစ္ဆာန်များ၏ ကြောက်မက်ဖွယ်ထက် မြတ်နိုးဖွယ် ခင်မင်တွယ်တာလာကြသည်။ ကြမ်းတမ်းမှုက ယဉ်ကျေးသိမ်မွေ့လာစေသည်။ ရက်စက်မှုက အလှအပတင့်တယ်လာကြသည်။

ဤသို့သော သတ္တဝါများအား နိုင်ငံခြားသားများသို့ Mythical Animal ဟု ရှင်းပြလျှင် နားလည်လွယ်ကြ မိမိအတွက်လည်း အလွန်အဆင်ပြေသည်။ Mythical ကို အဓိပ္ပာယ်နားလည်ကြသည်။ Mythical မှာ အမှန် တကယ် မဟုတ်သော စိတ်ကူးယဉ်သတ္တဝါဟု ဖော်ပြ ထားသည်။ သို့သော် မြန်မာစာပေနယ်မှ နဂါး၊ ဘီလူး ရွှေဟင်္သာ၊ ကိန္နရာ၊ ခြင်္သေ့ စသည်တို့နှင့် ပတ်သက်၍ Mythical ဟု အလွယ်တကူ ပြောလိုက်ရသည်မှာ မလေး နက်လှ။ ပေါ့ပေါ့ဆဆ နိုင်လှသည်။ ပိုမိုအနက်ရှိသော အဓိပ္ပာယ်များ ဖော်ထုတ်ချင်သည်။

နဂါးနှင့် ဘုရားစေတီဟူ၍ စတင်ပြုစုမိသည်။ ဂမ္ဘီ မဂ္ဂဇင်းသို့ပို့ရာ (၂၀၁၅)ခုနှစ်၊ မေလတွင် ထည့်သွင်းဖော်



ပြခဲ့သော်လည်း ပြည့်စုံမှုမရှိ။ နဂါး နှင့်ပတ်သက်၍ ရှာဖွေတွေ့ရှိချက် က ကျန်သေးသည်။

စာရေးသူ၏ ကျန်းမာရေး အရ ဆက်လက် ပြုစုအပ်သော အကြောင်းခြင်းရာကို ဖြည့်စွက် ပေးလိုသည်။


နဂါးကို ဘုရားဟောစာ များ၊ ဒဏ္ဍာရီ ရှေးဟောင်းပုံပြင် များအရ တွေ့ရှိဖတ်ရှုရသည် ပါဒေနနဂစ္ဆတီထိနာဂေါဟု ပါဠိ ဘာသာ၌ ရေးဖွဲ့ထားသည်။

www.burmeseclassic.com

အဓိပ္ပာယ်မှာ ခြေများဖြင့် မသွားသောကြောင့် နဂါးဟု ခေါ်သည်။ ဆိုလိုသည်မှာ နဂါးနှင့် ခြေမရှိခြင်းဟု ဖော်ဆောင်သည်။

တရုတ်ပြည်မှ နဂါးများတွင် ခြေထောက်များ ရှိသည်။ မြန်မာပြည်၌ နယားဟူသော အမည်က တစ်မျိုးထင်ရှားသည်။ နဂါး(Naga) နှင့် နယား(Naja) နှစ်မျိုးလုံးကို Mythical Serpent သို့မဟုတ် animal ဟု ခေါ်ဆိုသည်။ ပါဠိဘာသာ နာဂမှ ဆင်းသက်သည်။


မြန်မာစာပေကျမ်းဂန်အရ ရေနေ၊ မြေနေ၊ တောင်နေ နဂါး(၃)မျိုးရှိသည်။ အမျိုးအစားအကျယ်အရ (၁၀၂၄)မျိုး သတ်မှတ်သည်။ ဇာတ်စာပေ (၅၅၀)ဇာတ်တော်တွင် မြတ်စွာဘုရားသည် နဂါးဘဝ၌ သုံးကြိမ်ရောက်ရှိသည်ဟု ဖတ်ရှုရသည်။ ဘူရိဒတ်နဂါးမင်းအဖြစ် ပိုမို၍ ထင်ရှားသည်။ ဤသို့ စာပေအထောက်အထားနှင့် ယုံကြည်မှုများအရ နဂါးကို Mythical ဟု သတ်မှတ်၍ မရနိုင်ဟု ဆိုရမည်။



မြန်မာတိုင်းရင်းသား အပါအဝင် ပအို့ဝ်လူမျိုး၏ မူလအစသည်ပင် နဂါးနှင့် ပတ်သက်နေသည်။ သူတို့၏ အထွတ်အမြတ်ထားသော ရင်ထိုးတံဆိပ်မှာ နဂါးဖြစ်သည်။ ဝိဇ္ဇာနှင့် နဂါးတို့ ပေါင်းဖက်ရာမှ ပေါ်ပေါက်သော လူမျိုးအစဟု ယုံကြည်ရသည်။

၍ ပအို့ဝ်လူမျိုးတို့၏ ဝတ်စားဆင်ယင်ပုံကိုလည်း နဂါးအသွင် ဖန်တီးကြသည်။ မိန်းကလေးများ၏ ဝတ်ရုံတွင် အလွှာအထပ်များစွာ ပါဝင်သည်။ ဤအဆင်းသဏ္ဌာန်က နဂါးတို့၏ အကြေးအထပ်များအသွင်ကို ခံယူထားသည့်

မြန်မာစာပေ၌ ဂန္ဓာရီဝိဇ္ဇာ လေးမျိုးရှိသည်။ ဆေးဝိဇ္ဇာဂန္ဓာရီနတ်၊ ပြဒါးဝိဇ္ဇာဂန္ဓာရီနတ်၊ သံဝိဇ္ဇာဂန္ဓာရီ၊ နတ်နှင့် အင်း၊ မန္တန်၊ သမထဝိဇ္ဇာ ဂန္ဓာရီနတ်တို့ ဖြစ်သည်။ ဝိဇ္ဇာများကို အောက်လမ်း စူဠဂန္ဓာရီဝိဇ္ဇာနှင့် အထက်လမ်း မဟာဂန္ဓာရီဝိဇ္ဇာဟူ၍ ခွဲခြားလေ့လာရသည်။ ညီသည့်ဝိဇ္ဇာတစ်ဦး ဖြစ်လေ ညီမသိ၊ ကာမရာဂ ပတ်သက်သော ဝိဇ္ဇာတစ်ပါး ဖြစ်နိုင်သည်။ အတယ်ကြောင့်ဆိုသော် နဂါးမနှင့် ပေါင်းဖက်ဆက်နွယ်၍ လူသားအစ အစပြုသောကြောင့် ဖြစ်သည်။



နဂါးက အမိအရာ။ သို့ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နှယ်။ ပအို့ဝ်မိန်းကလေး၏ ဆံပင်တွင်လည်း နဂါးနှင့် ဝိဇ္ဇာတို့အလား ဆံထုံးပုံစံနှစ်ခုကို ဆင်မြန်းကြသည်။ ထို့ပြင် ယနေ့ခေတ်ကာလ၌ ရင်ထိုးတံဆိပ်ကိုပင် နဂါးသဖွယ် ဖန်တီးဆင်ယင်ကြသည်။


ဗုဒ္ဓဘာသာ စေတီပုထိုးများ၏ မုခ်ဦးများတွင် နဂါး၏ အသွင်သဏ္ဌာန်က ဦးဆောင်ကြသည်။ ထို့ပြင် တံခွန်တိုင်များတွင်လည်း နဂါးရုပ်များဖြင့် ထုလုပ်ကြသည်။

နဂါးပုံသဏ္ဌာန်မှာ ရှည်ရှည်မျောမျော မြွေတို့နှင့် အခြေခံသည်။ မြွေသတ္တဝါ၏ ဦးခေါင်း၊ အမြီးတို့တွင် ယိုးဒယားပန်းနွယ်သဖွယ် ထုလုပ်ဖန်တီးထားကြသည်။ မြွေဟောက်၏ ပါးပျဉ်းကို နဂါး၏ပုံတွင် စံယူထားကြသည်။ မည်သို့ပင် ပြုပြင်မွမ်းမံထားစေကာမူ နဂါးမှာ မြွေနှင့် သတ္တဝါချင်း အတူတူပင်။ ယနေ့အခါ Mythical နဂါးကို မြင်ဖူးလားဟု မေးလာသော် အခက်။ မည်သူမျှ မမြင်ဖူး။ သို့သော် မြွေနှင့် ဆင်ဆင်တူသောသတ္တဝါဟူ၍ကား လူတိုင်းသိကြမည်မှာ မလွဲဧကန်။

မြွေသည် လူသားအတွက် အန္တရာယ်ပေးသော အဆိပ်ပြင်းသည့် သတ္တဝါဖြစ်သည်။ မြန်မာပြည်တွင် မြွေများ ပယ်ဖျောက်စေရန် ကြိုးစားကြသည်။ မြွေကို မတွေ့မကြုံရအောင် ရှောင်ရှားကြသည်။ မြွေ၏ ရှည်လျားသော ကိုယ်ခန္ဓာကြောင့် လူနှင့် ဆုံကြုံကြရသည်။ သူ့အသားနှင့် ထိမိလျှင် မြွေက ရန်ပြုကိုက်ခဲတော့သည်။ မြွေကိုက်လျှင် အဆိပ်ပြင်းသဖြင့် အသက်အန္တရာယ် ထိခိုက်တော့သည်။

မြွေဆိပ်ကို ဖြေလျှော့ရန် ဆေးဝါးများ စီမံကြရသည်။ ဆေးဝါးမီပါက အသက်ကယ်နိုင်သည်။ မြွေဆိပ်ဖြေဆေးကို ရေခဲသေတ္တာဖြင့် အအေးခာတ် အမြဲတမ်းထားသိုထိန်းသိမ်းထားရသည်။ မြွေကိုက်သောကြောင့် အသက်ဆုံးရှုံးမှု ကြုံရသည်။ ဆေးဝါးလုံလုံကာမိအောင် ထုတ်လုပ်ကြရသည်က တစ်ဖက်။ အခြားတစ်ဖက်တွင် မြွေသားကို လူသတ္တဝါများက စားသောက်ရန် အစီအမံဖြစ်လာသည်။ သို့မှသာ မြွေကွယ်ပျောက်မည်ဟု လူသားတို့က ခံယူကြသည်။ မည်သို့ဖြစ်စေကာမူ မြွေကို လူသားတို့က ကြောက်လန့်ကြသည်မှာ မလွဲဧကန် အမှန်တရား။

လူသားတို့၏ စကားပုံ စကားညှပ်များကို လေ့လာ




www.burmeseclassic.com

www.burmeseclassic.com

နိုင်သည်။ မြွေပါလည်းဆုံး သားလည်းဆုံးကိုလည်း လူတို့သိကြသည်။ မြွေပူရာ ကင်းက တစ်မှောင့် (သို့မဟုတ်) မြွေပူရာ ကင်းမှောင့်ကိုလည်း လူတို့ သုံးကြသည်။ မြွေပွေး ခါးပိုက်ပိုက်ကလည်း ကြောက်စရာ။ ဘုရားလောင်းရသေ့က တပည့်အား မြွေပောက်ကလေး တစ်ကောင်ကို သားအဖြစ် မမွေးရန် ဆုံးမသည်။ တပည့်က မနာယူ။ မြွေကလေး ကိုက်သဖြင့် ရသေ့ သေရသည့် သာဓကကို ရယူလျက် မြွေပွေး ခါးပိုက်ပိုက်ဟူသော စကားပုံ ပေါ်လာသည်။ မြွေပွေး ပိုးထိ စကားက လူပါး ပုလင်းထိ စကားနှင့် ထပ်တူသည်။ မြွေမသေ တုတ်မကျိုး၊ မြွေမှန်လျှင် တွင်းဝင်ဖြောင့်၊ မြွေမြွေချင်း ခြေမြင်တို့ကလည်း မြွေနှင့်ပတ်သက်သော စကားပုံများ ဖြစ်သည်။

လူသားတို့က ဤမျှကြောက်စရာကောင်းသော မြွေကို အကောင်းမြင်သည်လည်း ရှိသည်။ မြွေများကို ကိုးကွယ်ဦးစားပေးပြန်သည်။ အချို့ စပါးကြီး၊ စပါးအုံးမြွေများသည် ကျောက်ဆင်းတုဘုရားပုံတော်တွင် လာရောက်ရစ်ပတ်နေတတ်ကြသည်။ ထိုဘုရားကို မြွေဘုရားဟု





အမည်ပေး ကိုးကွယ်ကြသည်။

မန္တလေးတောင်ပေါ်၌ မြွေများ ရုပ်တုလုပ်ထားကြသည်။ ဘုရားတွင် ဖားနှင့် မြွေများကို ဗေဒင်သဘောယှဉ်တွဲလျက် ထုလုပ်ထားကြသည်။ ဘုရားသို့ ဦးတည်လာသော မြွေများကိုလည်း လာဘ်ရှိသည်ဟု မှတ်ယူကြသည်။ တစ်နည်းအားဖြင့် မြွေသတ္တဝါများသည် လူများ၏ ယုံကြည်မှု၌ ထင်ရှားနေသည်မှာ ယနေ့ထက်တိုင်။

မြွေများ၌ ရေထဲတွင် တည့်မတ်စွာ ကူးခပ်နိုင်ကြသကဲ့သို့ ကုန်းပေါ်တွင် လူးလူးလိမ့်လိမ့်တွန့်လျက် သွားလာနိုင်ကြသည်။ မြွေတွင်လည်း ခြေထောက်မရှိ၊ ကိုယ်လုံးရှိ အရေအကြေးများဖြင့် တွန့်လိမ်သွားလာကြသည်။ ဤသို့ မြွေတို့၏ သဘာဝတရားအပေါ် လူသားတို့က ခံစားကြသည်။ အနုပညာပန်းပုပညာအရာတွင် အမွှမ်းတင်ကြသည်။ မြွေတို့၏ တွန့်လိမ်ခြင်းမှသည် နဂါးပေါ်လာသည်ဟု ယူဆစရာ။

မြန်မာစာပေ စကားပုံများတွင် နဂါး လွှမ်းမိုးလာသည်။ နဂါးတို့မျက်စောင်း အကြောင်းမရွေးဟု သုံးသော



www.burmeseclassic.com

www.burmeseclassic.com

ကြသည်။ နဂါးတို့၏ မျက်စောင်းက လူကို ပြာကျသည်အထိ တင်စားကြသည်။ နဂါးပြည်နဂါး၊ ဂဠုန်ပြည်ဂဠုန်ဟူ၍လည်း ကိုယ့်နေရာနှင့်ကိုယ် နေတတ်အောင် ဆုံးမသည့်စကား။ နဂါးမှန်းသိအောင် အမောက်ထောင်ပြဟူသည်မှာ မာနတရားကို ထိုးဆွပေးသည့်စကားပုံ။ နဂါးအပေါ် တင်စားချက်စာပေ။

မြန်မာတို့၏ ကိုးကွယ်မှု ယုံကြည်ချက်တွင် နဂါးလည်း ပါဝင်လာကြသည်။ အထူးသဖြင့် ပန်းပုပညာ အနုပညာ အမွှမ်းတင်မှုအရ နဂါးအပေါ် ကျက်စားတော့သည်။ ဘုရားစင်၊ ဘုရားတက်၊ ဘုရားပလ္လင်များ၌ နဂါးဖြင့် ခြယ်လှယ်လာကြသည်။ ဘုရားရှင်ရုပ်တုအား နဂါးခွေနှင့် နဂါးပါးပျဉ်းမိုးထားသည့်အခါ နဂါးရုံဘုရားဟူ၍ ဖြစ်ပေါ်လာသည်။ ဘုရားအား ဆင်စီးမြင်းရံသကဲ့သို့ နဂါးကိုးကောင်ဖြင့် ခြံရံထုလုပ်လာကြသည်။ နဂါးသည် အဆင်တန်ဆာ ဖြစ်လာသည့်အခါ ကြောက်စရာ လုံးဝမရှိတော့။ ကြည်ညိုဖွယ် တင့်လျှမ်းလာသည်။

အိန္ဒိယတွင် ခေါင်းများ ခုနစ်ခုပါဝင်သော မြွေထူးဆန်းတစ်ကောင်ကို သက်ရှိထင်ရှား တွေ့ရသည်။ ဘုရားသို့သွားရာ လှေကားလက်ရန်းတွင် နဂါးကိုယ်ထည်တစ်ခုနှင့် ခေါင်းခုနစ်ခု ပါဝင်သော ရုပ်တုများ ကိုးကွယ်လာကြသည်။ ခုနစ်ခုမှာ ခုနစ်နေ့သားသမီးအား ကိုယ်စားပြုသည့်သဖွယ်။ မြန်မာပြည်တွင် နဂါးတစ်ကောင်တည်းသာ သုံးကြသည်။

ယခုတင်ပြအပ်သော နဂါးများသည် ယနေ့ထက်တိုင် ရှိနေသော မြွေသတ္တဝါအား အတုယူ ပြုပြင်မွမ်းမံသည့် အနုပညာများဖြစ်သည်။ မူလအရင်းအမြစ်က မြွေသာ ဖြစ်သည်။ ထို့ကြောင့် မြွေတစ်ဖြစ်လဲ နဂါးကို Mythical Animal ဟု အလွယ်တကူ သတ်မှတ်၍မရနိုင်။ စာမရီအရုပ်၊ မြန်မာ့ဆိုင်းဝိုင်းထဲမှ ပဉ္စရူပရုပ်နှင့် ရခိုင်က ဗျာ(လ်)ဟု ခေါ်ဆိုသော နဝရူပရုပ်တို့ကို Mythical ဟု ခေါ်ဝေါ်၍ ရနိုင်သော်လည်း နဂါးနှင့် အခြေခံမူလ အနှစ်သာရချင်းက လုံးဝမတူ။

ရန်နိုင်

---


# ဆရာကြီးဦးဖေအောင်ထွန်း

[အကြောပြင်ပညာရှင်]

အကြောပြင်ပညာဆိုတာ ဝေဒနာခံစားနေရတဲ့ အကြောကို အားသုံးဖိနှိပ်ပြီး နာကျင်တဲ့ဝေဒနာအဖြစ် အာရုံပြောင်းကုသရတဲ့ပညာ မဟုတ်သလို မလိုအပ်ဘဲ ဆေးပူတွေလိမ်း၊ ပတ်တီးစည်းပြီး လူနာရဲ့စိတ်ကို လှည့်စားရတဲ့ ပညာလည်း မဟုတ်ပါဘူး။ ဝေဒနာရှင်ရဲ့ ခံစားရတဲ့ အကြောလေးတွေကို **မနာကျင်စေဘဲ အချိန်တိုမိနစ်ပိုင်းအတွင်း** သက်သာအောင် ပြုပြင်ပေးတဲ့ပညာ ဖြစ်ပါတယ်။

**ကျွန်တော် ဓိနည်းတွေကို အသုံးချပြီး-**

- ❖ ခါးနာ၊ ဒူးနာ၊ ကျီးပေါင်းတက်၊ လက်ကိုက်၊ လက်ကပ်နဲ့ ထုံနာကျင်နာတွေကို (၁၅)မိနစ်အတွင်း၊
- ❖ အခြားအကြောရောဂါတွေကို မိနစ်ပိုင်းအတွင်း၊
- ❖ လေဖြတ်စ (၂၄ နာရီအတွင်း) လူနာတွေကို တစ်ပတ်အတွင်းကောင်းအောင် ကူညီနေပါတယ်။
- ❖ လေဖြတ်ခံရပြီး ပုံမှန်ခြေ,လက် မလှုပ်ရှားနိုင်သူများအား အမြန်ဆုံးကောင်းမွန်အောင် ပြုပြင်ပေးသည်
- ❖ ဝေဒနာကို ပျောက်ကင်းနိုင်ခြင်းရှိ/မရှိ ပျောက်ကင်းမည့်အချိန်ကိုပါ တစ်ပါတည်း ခန့်မှန်းပေးပါမည်

တွေ့ချိန် - နေ့စဉ် နံနက်(၉)နာရီ မှ ညနေ(၅)နာရီအတွင်း

အမှတ်(၅၇)၊ (၄)လမ်း၊ မာလာမြိုင်ရပ်၊ အုတ်ကျင်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
(ပါရမီလမ်းမကြီးနှင့် ကျောချင်းကပ်လမ်း) ဖုန်း - ၀၉ ၇၃ ၂၄၂၄၄၂ ၊ ၀၉ ၂၅၀ ၁၅၄၇၅၈




www.burmeseclassic.com

www.burmeseclassic.com

# စေတီတည်ခြင်းမင်္ဂလာ

ကိုမောင်သန်းဝင်း

ရွှေတိဂုံဆံတော်ရှင် စေတီတော်မြတ်ကြီးကို သိကြားမင်းနှင့် ဝိသုကြုံနတ်သားတို့ စီရင်ပေးသည့်အတိုင်း မြတ်စွာဘုရားသာသနာတော်မြတ်၏ စေတီတော်၊ ပုထိုးတော်၊ ဂူကျောင်း၊ လိုဏ်ခေါင်းဥမင် အစရှိသော ရုပ်တု၊ ဆင်းတု၊ ဓာတ်တော်၊ မွေတော်တို့ ကိန်းဝပ်ရာဖြစ်သောကြောင့် ရုပ်တုတော်၊ စေတီတော် အစရှိသည်တို့ကို တည်ထားပြုစုကိုးကွယ်စီရင်ကုန်သော သူတော်ကောင်းတို့သည် ဆရာအဆက်ဆက်၊ တပည့်အဆက်ဆက် သာသနာတော် တည်သရွေ့ အစဉ်မပြတ် မှတ်သားစီမံသောငှာ ဝိသုကြုံနတ်သား၏ အစီအရင်ဖြစ်သော နည်းနာနိဿယတို့ကို တပည့်ဖြစ်သော ကဝိလမိုင်းဆရာကြီး နှစ်ပါးတို့ အားထားခဲ့သော ဗိသုကာကျမ်းရိုးကား ဤသို့ လာရှိပေ၏။

**စေတီတည်ခြင်း**

ဘုရားစေတီတည်မည်ဟူ၍ အရပ်ကို မှန်းပြီးသော် ထိုအရပ်ဝန်းကျင်၌ စောင့်ကုန်သော ရုက္ခစိုး၊ ဘုမ္မစိုး၊ သာသနာစောင့်သော သမ္မာဒေဝနတ်တို့ကို ကုသိုလ်အဖို့ အမျှဝေပြီးမှ ပန်းမန်ပေါက်ပေါက်တို့ဖြင့် ပူဇော်၍ စေတီရာကို အခါနေ့ကောင်းသည်နှင့် အညီအညွတ်ပြုပြီးလျှင် ပန္နက်မချခင် ပန်းပေါက်ပေါက်တို့ဖြင့် ဘုမ္မစိုးနတ်တို့ကို တိုင်ကြားရာ၏။

ဥုံ··နမော ပထဝီဗလသုန္ဒရီ၊
သဗ္ဗညုဗောဓိမဏ္ဍလံ
အသင်္ချေယံ မာရကမ္မံ၊
ဇေယော ဇေယျတု ဘဝိဿာမိ။
ဘုမ္မိဒေဝီ သွာဟာ။
ဤဂါထာဖြင့် သုံးကြိမ်ရွတ်ရမည်။

ဣမံဒိသံ-ဤအရပ်၌၊ ဒေဝါ-ဘုမ္မစိုးနတ်တို့၏၊ ဝိမာသံ-ဗိမ္မာန်တို့သည်၊ စေဂစ္ဆတိ-အကယ်၍ ရှိပါငြားအံ့၊ ပရံပရေ-တစ်ပါးပါးသော၊ ဒိသေ-အရပ်သို့၊ တိဋ္ဌတု-ပြောင်း၍တည်ကုန်သတည်း။ ဣတိ-ဤသို့၊ ယာစာမိ-တောင်းပန်ပါ၏။

ဤသို့ ဆို၍ တောင်းပန်ပြီးသော် ကြိုးတန်းချ၍ ပန္နက်သံကို (သန္နက်သား)တည့်တည့်၊ တို့ရှည်မပြုရာ။ အရင်း,အဖျား မမှားရာ။ အရင်းက မှန်ကန်စွာ စိုက်ပေ။

**မှတ်ချက်** - ဤသည်ကား ဗိသုကာကျမ်းအလိုတည်း။ ယခုအခါတွင် ပန္နက်တင်မင်္ဂလာပွဲဟု ခေါ်ဝေါ်ကျင်းပကြပြီး ထောင့်လေးထောင့်၌ ဗလိနတ်စာတင်ခြင်း၊ ဘုရားပွဲ၊ တရားပွဲ၊ သံဃာပွဲ၊ သာသနာစောင့်နတ်မင်းများပွဲ စသည်ဖြင့် မိမိတို့တတ်နိုင်သမျှ ငှက်ပျောပွဲ၊ အုန်းပွဲပြင်၍ သံဃာတော်များ ပင့်ဖိတ်ပြီး မြေနတ်ကမ္ဘဝါ ပရိတ်တော်များ ရွတ်ဖတ်ကြ၏။

ပန္နက်ရိုက်မည့်နေရာကို ရာဇမတ်ကာ သဲဖြူခင်း၊ ငှက်ပျော၊ ကြံ၊ ထီး၊ တံခွန်၊ ကုက္ကား၊ မုလေးပွား သာသနာ့အလံတို့ဖြင့် တန်ဆာဆင်ကုန်၏။ ပန္နက်ရိုက်သောအခါ နေ့နံအလိုက် သူ့ထောင့်နှင့်သူ ရိုက်ကုန်၏။

**စေတီတည်ရာတွင် ဖိနပ်တော်ထားရှိရမည့် အတိုင်းအတွာ**

စေတီဖိနပ်တော်(၂)ဖက်ကိုပေါင်း၍ တောင်ကိုဖွဲ့ပြီးမှ (၃)မိုက်နှင့်မြှောက်၊ (၈)လက်သစ်နှင့်စား၊ ရဟန်းပုဏ္ဏားတို့မှာ (၂)ခု၊ (၄)ခု အကြွင်းထား၊ ဆင်းရဲသားတို့မှာ (၅)ခု အကြွင်းထား၊ အသုံး(၃)ပါးကိုရှောင်။

အသုံး(၃)ပါးဟူသည်ကား အသုံးကိုလည်း မထားရာ၊ (၃)ခုကြွင်းကိုလည်း မထားရာ၊ ပန်းလည်တိုင်ကိုလည်း မထားရာ၊ ဖိနပ်တော်မှာ (၈)ခုစား ပန်းလည်တိုင်ကို (၇)နှင့်စားသောကြောင့် (၇)မိုက် မထားရာဟူသတည်း။


**ရွှေအုတ်မြစ်ချခန်း**

အထက်ပါအတိုင်း ပန္နက်တင်မင်္ဂလာ ကျင်းပပြီးလျှင် (သို့မဟုတ်) ပန္နက်ရိုက်ပြီးလျှင် သင့်လျော်မည့်နေ



www.burmeseclassic.com

www.burmeseclassic.com




| | | | | | |
|---|---|---|---|---|---|
| ၁။ | ဓိန်ဖူး | ၈။ | ရွှဲ | ၁၅။ | ခေါင်းလောင်းနား |
| ၂။ | ငှက်မြတ်နား | ၉။ | ကြာမှောက် | ၁၆။ | ကျည်းဝန်း |
| ၃။ | ထီး | ၁၀။ | ဖောင်းရစ် | ၁၇။ | ပစ္စယာ |
| ၄။ | ငှက်ပျောဖူး | ၁၁။ | ပန်းဆွဲ | ၁၈။ | ဖိနပ် |
| ၅။ | ကြာရင့် | ၁၂။ | သပိတ်မှောက် | ၁၉။ | စေတီရံ |
| ၆။ | ကြာလန် | ၁၃။ | ရင်ဖွဲ့ | | |
| ၇။ | ကြာနု | ၁၄။ | ခေါင်းလောင်းပုံ | | |

ဌာပနာတိုက် တည်ဆောက်ရမည်။ ဌာပနာတိုက်တည်ဆောက်ရာတွင် ရွှေအုတ်၊ ငွေအုတ်များ ချရသောကြောင့် ခေတ်တွင် ရွှေအုတ်ချမင်္ဂလာဟု ခေါ်ကြသည်။ ဗိသုကာကျမ်းနှင့် သတ္တုရုပကဝိလာသနိကျမ်းတွင် ရွှေအုတ်၊ ငွေအုတ်၊ ပတ္တမြားအုတ်ဟူ၍ သုံးမျိုးပြုလုပ်ကြ၏။ ရှေးအခါက ဌာပနာတိုက်ကို သတ္တဌာနတိုက်ဟုလည်း ခေါ်



www.burmeseclassic.com

www.burmeseclassic.com

ဝေါ်ကြ၏။

**သတ္တဋ္ဌာနတိုက်**

အလယ်ဌာပနာတိုက်ကိုလည်း ဖိနပ်တော်ကဲ့သို့ နှစ်ဖက်ကို (၈)ခုနှင့်စား၍ (၅)ခုအကြွင်း ထားရာ၏။ ရဟန်း၊ ပုဏ္ဏား၊ မင်းကောင်းမှုတို့မှာ (၇)မိုက်တူးရာ၏။ ဆင်းရဲသားတို့မှာ (၅)မိုက် တူးရာ၏။ (၇)မိုက်ဖွဲ့လျှင် အမြင့် (၇)မိုက်ထား၊ (၅)မိုက်ဖွဲ့လျှင် အမြင့်(၅)မိုက် ထားရာ၏။ အနားတွင်းတို့မှာ (၃)မိုက်ဖွဲ့ရာ (၄)မိုက်သော်လည်း ကောင်း အလယ်တွင်း၌ အမျှသော်လည်း ကောင်း၏။ ဌာပနာတိုက်တူးပြီးသော် ရာဇမတ်ဝန်းကျင် ကာလေ။ တိရစ္ဆာန်၊ ခွေး၊ ဝက်၊ မိန်းမ၊ ကျီးကန်းတို့ မဝင်စေရာ။ လူတွင် မိန်းမယုတ်၏။ ငှက်တွင် ကျီးကန်းယုတ်၏။ ၎င်းတို့ဝင်ခဲ့သော် အပါယ်လေးပါးသို့ ကျရာ၏။ အထူး သတိပြုလေ။

ရာဇမတ်ကာပြီးသော် ငှက်ပျောပင်၊ ကြံပင်၊ ထီး၊ တံခွန်၊ ကုက္ကား၊ မုလေးပွားတို့ တန်ဆာဆင်ရာ၏။ အရပ်လေးမျက်နှာတို့၌ ဗလိနတ်စာ၊ ငြိုပ်ဟ်စာ ပေးရာ၏။ ရဟန်းသံဃာတို့ကို ပရိတ်မေတ္တာ ကမ္မဝါစာ ရွတ်စေရာ၏။ ရွတ်ပြီးသော် ရွှေအုတ်၊ ငွေအုတ်တို့ကို ဌာပနာတိုက်အတွင်း သွင်းရာ၏။ ဗိသုကာကျမ်းတွင် ရွှေအုတ်ကား ဒသဗလအလိုအားဖြင့် (၁၀)ချပ်၊ နဝလောကုတ္တရာအလိုအားဖြင့် (၉)ချပ်၊ အဋ္ဌင်္ဂမဂ္ဂအလိုအားဖြင့် (၈)ချပ်၊ သတ္တဗောဇ္ဈင်္ဂအလိုအားဖြင့် (၇)ချပ်၊ ဥဒယျမ်တရားအလိုအားဖြင့် (၅)ချပ်ပြထားရာ၏။ သတ္တရုပကဝိလာသနီကျမ်းတွင် ဖိနပ်တော်လေးထောင့်ကို ရွှေအုတ်(၄)ချပ်၊ ငွေအုတ်(၄)ချပ်ချရမည်ဟု ဖော်ပြထားပါသည်။ ယခုခေတ်တွင် ရွှေအုတ်၊ ငွေအုတ်၊ ပတ္တမြားအုတ်(၃)ချပ်အစုကို တနင်္ဂနွေထောင့်မှ အစပြု၍လည်းကောင်း၊ အလယ်ချက်ပန္နက်မှ အစပြု၍လည်းကောင်း၊ လက်ယာရစ် နေ့နံအလိုက် ချကုန်၏။

အလယ်ရွှေအုတ်(၂)ချပ်ကို သတ္တတွာ(၃)ပုဒ်နှင့်ရွတ်ပြီး ရွှေအုတ်ဂါထာနှင့် ပိတ်၍ချလေ။ ကြွင်းသော(၈)ချပ်မှာ အောင်ခြင်းရှစ်ပါးဂါထာနှင့် တစ်ဂါထာ(၁)ချပ်စီ အရှေ့မျက်နှာကစ၍ လက်ယာရစ်လှည့်ကာ အရှေ့မြောက်တွင် အဆုံးသတ်၍ ရွှေအုတ်ချဂါထာနှင့် ပိတ်၍ချလေ။

ပန်းရန်သမားတို့က သတ္တိဗျတ္တိနှင့် ပြည့်စုံပါလျှင် ရတနာရွှေချိုင့်၊ ရတနပရိတ်၊ ဆဒ္ဒိသပါလသုတ်၊ စ… ပရိတ်ပရိတ်မွန်း၊ စိန္တာမဏိဂါထာ၊ ဇဝံအစိန္တေယျာတို့ကိ… တတ်စွမ်းသမျှ ရွတ်ရမည်။ မတတ်နိုင်သော်ကား သ… တွာ အောင်ခြင်းရှစ်ပါးဂါထာများ မလွဲသာချေ။

**ရွှေအုတ်ချအပိတ်ဂါထာ** •

သုဝဏ္ဏဘုမ္မိမင်္ဂလ သံတုတော၊
ဝိတရောဂေါ ပဋ္ဌမော သုကျော၊
သုဝဏ္ဏမင်္ဂလံ မာဂမိလာဘန္တိ၊
သုဝဏ္ဏဘုမ္မိ မင်္ဂလံ
နတ္ထိမေ သရဏံ အညံ၊
ဗုဒ္ဓေါ မေ သရဏံ ဝရံ
ဧတေန သစ္စဝဇ္ဇေန
သောတ္ထိတေ ဟောတိ ဇေယျမင်္ဂလံ။

**မှတ်ချက်**

ယခုခေတ်အခါတွင် အုတ်မြစ်ချသောအခါ ရွှေအုတ်… ငွေအုတ်၊ ပတ္တမြားအုတ် (၃)ချပ်အစုကို အလယ်ချပ်ပန္နက်… နှင့် အရပ်ရှစ်မျက်နှာတို့၌ ချကြ၏။ ဗုဒ္ဓသာသနံ စိ… တိဋ္ဌတုဟု ရွတ်ဆို၍ ချကုန်ကြ၏။

ချပြီးသော ရွှေအုတ်တို့ကို မရွေ့မပြောင်းစေရ။ ငြိ… သက်စွာ ထားရမည်။ ဆံခြည်တစ်တံ နှမ်းတစ်လုံး မရွေ့… ကောင်း။ ခတ်တော်တို့ကိုလည်း ဤသို့ ဂါထာများနှ… ရွတ်၍ချရာ၏။ ချပြီးလျှင် တတ်အားသမျှ မင်္ဂဖိုလ်နိဗ္ဗာ… ချမ်းသာသုံးပါးကို ဆုတောင်း၍ ဆရာသမား၊ မိဘ… တကာ၊ သိကြား စသော သမ္မာဒေဝနတ်တို့ကိုလည်း… ကောင်း၊ သုံးဆယ့်တစ်ဘုံ၌ နေကုန်သော သဗ္ဗေသတ္တာ… သတ္တဝါအပေါင်းတို့ကိုလည်းကောင်း ကုသိုလ်ဝေ၍ နေ… ချင်း ဌာပနာတိုက်အတွင်း ပိတ်အောင်းတည်ရာ၏။

ရွှေအုတ်မချမီ ဗိသုကာနတ်တကာကို ရည်မှတ်၍… လည်းကောင်း၊ ပန်းရန်ပွဲ(၂)ပွဲတင်၍ စီရင်ပြီးမှ ပန်းရ… သမားတို့သည် ရတနာသုံးပါးကို ရှိခိုးပူဇော်၍ ဆရာ… နတ်တကာ နှစ်ပါးတို့မှစ၍ မိခင်၊ ဖခင်၊ လောက… သွန်သင်ပေးသော ဆရာအပေါင်းကို ရှိခိုး၍ ကောင်းသော… ဆုကို တောင်းပြီး ရွှေအုတ်မြစ်ချရာသည်။

**ဌာပနာအခန်း**

သမ္မတိမြေနှင့်အမျှ တည်လုပ်ရာ၏။ လိုဏ်ခေါ… ကြီးကျယ်မြင့်ချင်လျှင် အစောက်လျှင် ပစ္စယာသုံးခ…

www.burmeseclassic.com

လုပ်ပေ။ ဌာပနာတိုက်ကို အင်္ဂတေကိုင်ပြီးလျှင် သစ်ဆေး မြေနီလိမ်းပြီးလျှင် ရွှေပန်းတန်ဆာဆင်ရာ၏။ ဆေးစွမ်းတို့ဖြင့် ရေးရာ၏။ မတတ်နိုင်သော် စက္ကူတို့ဖြင့် မွမ်းမံရာ၏။ ဤသို့ ဌာပနာတိုက် ပြုလုပ်ပြီးလျှင် နေ့ကောင်းရက်သာရွေး၍ ဌာပနာသွင်းပွဲ (သို့မဟုတ်) ဌာပနာပိတ်ပွဲ ကျင်းပရာ၏။

**ဌာပနာရာသည်ကား**

(၁) ဘုရားလောင်း ဖွားမြင်တော်မူဟန်၊
(၂) မြောက်သို့ (၇)ဖဝါး ကြွတော်မူဟန်၊
(၃) သိကြားမင်း ရေစင်သွန်းဟန်၊
(၄) ဗြဟ္မာမင်း ထီးဖြူကာတော်မူဟန်၊
(၅) ခမည်းတော်သုဒ္ဓေါဒနမင်းကြီး သားတော်ကိုချီ၍ ဒေဝိလရသေ့ကို ပြဟန်၊
(၆) ပုဏ္ဏား(၈)ယောက်တို့ လက္ခဏာဖတ်စေဟန်၊
(၇) လယ်ထွန်မင်္ဂလာ ပြုသောအခါ သပြေပင်ရင်းတွင် ရွှေပုခက်နှင့်ထား၍ နေလွဲသော်လည်း သပြေပင် မလွဲ သည်ဖြစ်၍ မယ်တော်၊ ခမည်းတော်တို့ ရှိခိုးဟန်၊
(၈) လေးအတတ်ကိုပြ၍ ယသော်ဓရာမိဖုရားနှင့် ရမ္မ၊ သုဘ၊ သုရမ္မ နန်းသုံးဆောင်ကို စံစားဟန်၊
(၉) နတ်တို့နိမိတ်လေးပါးပြဟန်၊
(၁၀)သားတော်ရာဟုလာဖွား၍ လျှောက်ဟန်၊
(၁၁)သားတော်ရာဟုလာ မျက်နှာမြင်သည့်နေ့၌ သံဝေဂ တရားရသဖြင့် ခဏ္ဍကမြင်းကိုစီး၍ ကျွန်ဆန္နနှင့် သန်းခေါင်ယံ တောထွက်ဟန်၊
(၁၂)မာန်နတ်ထားဟန်၊
(၁၃)ဆံတော်ဖြတ်ဟန်၊
(၁၄)ဃဋိကာရဗြဟ္မာမင်း ကြာသင်္ကန်းနှင့်တကွ ပရိက္ခရာကို ကပ်လှူဟန်၊
(၁၅)သိကြားမင်း ဆံတော်ကို လာ၍ခံဟန်၊
(၁၆)ရာဇဂြိုဟ်ပြည်ကို ဆွမ်းခံကြွဟန်၊
(၁၇)ဗိမ္ဗိသာရမင်း တောင်းပန်ဟန်၊
(၁၈)သုဇာတာသူဌေးသမီး ဃနာနို့ဆွမ်းလှူဟန်၊
(၁၉)နေရဉ္ဇရာမြစ်နား၌ ဆွမ်းဘုဉ်းပေးဟန်၊
(၂၀)ရွှေခွက်ကို အဓိဋ္ဌာန်ဖြင့် မြစ်လယ်၌မျှောဟန်၊
(၂၁)ရွှေခွက်ထိကျ၍ ကာလနဂါး နိုးဟန်၊
(၂၂)သုဒ္ဓိယငစင်၏ မြက်ရှစ်ဆုပ်ကို အလှူခံဟန်၊
(၂၃)ထိုမှသည် ဗောဓိပင်သို့ကြွ၍ ရွှေပလ္လင်ထက်၌ နေတော်မူလျှင် မာရ်နတ်သား စစ်သည်များကို အောင်တော်မူဟန်။

**သတ္တဋ္ဌာန ဌာပနာခန်း**

**(၁) ဗောဓိပင်သတ္တာဟ**

ဌာပနာတိုက်အလယ်တွင် ဗောဓိပင်နှင့် ရွှေပလ္လင်ထက်၌ နိဗ္ဗာန်ချမ်းသာမြတ်ကို ခံစားဟန်ချလေ။

ရွတ်ဆိုရန် ဂါထာမှာ-

ဖလံ နိဗ္ဗာနံစ သေဋ္ဌံ၊
သေဝမာနော ရသုတ္တမံ၊
ဗောဓိမူလေ ဝသိသတ္တ၊
ဒိဝသာနိ ဝိနာယကော၊
တထာဂ တေန မဟာဒနုဘာဝေ၊
တံ ကိတ္တိ သတ္တရတနံ၊
တဏှာနံ ဓေယျာ ဓေယျတု ဓေယျမင်္ဂလံ။

**(၂) အနိမိသသတ္တာဟ**

မမိတ်သောမျက်စိဖြင့် ကြည့်ဟန်။ ဗောဓိပင်အရှေ့မြောက်အရပ်၌ ဗောဓိပင်ကိုရှေးရှုလျက် အနောက်တောင်သို့ မျက်နှာပြု၍ ချလေ။

ရွတ်ဆိုရမည့် ဂါထာမှာ-

သတ္တာဟံ ဌိတကော ဗုဒ္ဓေါ၊
ညာ ပေတိုံစ ကတညုတံ၊
ဗောဓိ အနိမိသ စက္ခုဟိ၊
သမ္မပူဓေသိ ပူဓေယံ၊
တထာ ဂတေန မဟာနုဘာဝေါ၊
ယံ ကိတ္တိသတ္တ ရတနံ၊
တဏှာနံ ဓေယျာ ဓေယျတု ဓေယျမင်္ဂလံ။

**(၃) စင်္ကမသတ္တာဟ**

စင်္ကြံဗောဓိပင်မြောက်အရပ်၌ အရှေ့ကို မျက်နှာပြု၍ ချလေ။

ရွတ်ဆိုရန် ဂါထာမှာ-

ဝိမုတ္တိဇံ သုခံနိန္ဒံ၊
ပရိပုဏ္ဏမကောရထော၊
စင်္ကမေ စင်္ကမိဗုဒ္ဓေါ၊
သတ္တာဟံ ရတနမယေ။



www.burmeseclassic.com

www.burmeseclassic.com

တထာ ဂတေန မဟာနုဘာဝေ၊
ယံ ကိဉ္စိ သတ္တရတနံ၊
တဏှာနံ ဧဝယျာ ဧဝယျတု ဧဝယျမင်္ဂလံ။

**(၄) ရတနာဃရသတ္တဟ**

ရွှေအိမ်ဖောဓိပင် အနောက်မြောက်ထောင့်၌ အရှေ့ကို မျက်နှာပြု၍ ချလေ။

ရွှတ်ဆိုရန် ဂါထာမှာ-
နိသိန္နောထဂဝါ ရမေ၊
မန္ဒိရေ ရတနဇ္ဈလေ၊
သတ္တဟံ သမ္မဟိ သမ္မာ၊
ဓမ္မာ စာတုံ အနုတ္တရံ
တထာဂတေန မဟာနုဘာဝေါ။
ယံ ကိဉ္စိ သတ္တ ရတနံ၊
တဏှာနံ ဧဝယျာ ဧဝယျတု ဧဝယျမင်္ဂလံ။

**(၅) အဇပါလသတ္တဟ**

ညောင်ပင်ဖောဓိပင်၏ အရှေ့စူးစူး အရှေ့မျက်နှာပြု၍ချလေ။

ရွှတ်ဆိုရန် ဂါထာမှာ
သံကော ဟိဇိတာ မာရိန္ဒိ၊
မုခမ္ဗုဇဝနံ ဘုသံ။
သတ္တာဟံ အဇာပါလဿ၊
မူလေ ဗုဒ္ဓေါ ရဝိဝသိ၊
တထာဂတေန မဟာနုဘာဝေါ၊
ယံကိဉ္စိ သတ္တ ရတနံ၊
တဏှာနံ ဧဝယျာ ဧဝယျတု ဧဝယျမင်္ဂလံ။

**(၆) မုစလိန္ဒသတ္တဟ**

ဗောဓိပင်အရှေ့တောင် အရှေ့သို့ မျက်နှာမူ၍ ချလေ။

ရွှတ်ဆိုရန် ဂါထာမှာ-
သတ္တာဟံ မုစလိန္ဒသံ၊
ဖဏိနောဟာဂန္ဒိရေ၊
ဝသိ သတ္တာ မဟာဇိပရာ၊
ဘာဒနုဂ္ဂဟ ဝုဒ္ဓိယာ၊
တထာဂတေန မဟာနုဘာဝေါ၊
ယံ ကိဉ္စိသတ္တ ရတနံ၊
တဏှာနံ ဧဝယျာ ဧဝယျတု ဧဝယျမင်္ဂလံ။

**(၇) ရာဇရတနသတ္တဟ**

လင်းလွန်းပင် ဗောဓိပင်တောင်အရပ်၌ အရှေ့သို့ မျက်နှာမူ၍ ချလေ။

ရွှတ်ဆိုရန် ဂါထာမှာ-
ဘုဉ္ဇိမာနော ရသသေ့ဌ၊
ဇိရလဒ္ဓံ ဝိမုတ္တိဇံ။
ရာဇာယတနမူလမှိ၊
သတ္တဟံ ဘဂဝါ ဝသိ၊
တထာဂတေန မဟာနုဘာဝေါ၊
ယံ ကိဉ္စိသတ္တရတနံ၊
တဏှာနံ ဧဝယျာ ဧဝယျတု ဧဝယျမင်္ဂလံ။

<u>သတ္တဌာနချုပ်ြီး နောက်ဆုံးပိတ် ရှိခိုးဂါထာ</u>

ပဌမံ ဗောဓိပလ္လင် ဒုတိယ အနိမိသံ၊
တတိယံ စင်္ကမံ စတုတ္ထံ ရတနာဃရံ၊
ပဉ္စမံ အဇပါလံ၊ ဆဋ္ဌမံ မုစလိန္ဒံ၊
သတ္တမံ ရာဇာယတနံ၊ ဇေတေသတ္တမဌာနေ၊
အဟံဝန္ဒာမိ သဗ္ဗဒါ။

<u>ဌာပနာသွင်းအပ်သော ရုပ်တုများ</u>

ဗုဒ္ဓမြတ်စွာဘုရားလောင်း သုမေဓာရှင်ရသေ့ ဒီပင်္
ရာမြတ်စွာဘုရားထံ နိယာတဗျာဒိတ် ခံသည်မှစ၍ ဘု
လောင်းတော်ဖွားပုံ၊ တောထွက်ပုံ၊ ဘုရားဖြစ်ပုံ၊ ပရိနိဗ္ဗာ
ပြုပုံအထိ အရုပ်သွန်းလုပ် ဌာပနာကြကုန်၏။ ၎င်းနော
ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန်မှစ၍ အသိတ်ရစ်က
သော ရဟန္တာများ၊ ပရိက္ခရာရှစ်ပါး၊ နှစ်ကျိပ်ရှစ်ဆူဘု
များအထိ များလှစွာ၏။ သို့ရာတွင် မိမိတို့ တတ်နိုင်သ
သွန်းလုပ်ဌာပနာရာ၏။

<u>ဌာပနာမသွင်းအပ်သောပစ္စည်းများ</u>

ဆံစု၊ ဆံကျင်း၊ ဇာတာ၊ အင်း၊ အိုင်၊ ထိုးကွ
လက်ဖွဲ့၊ ကျောက်မျိုးမိုးကြိုးစက်အရိုး။ မိဘ၊ဆရာသ
နှင့်စပ်၍ ဆွေးမြည့်ကောင်းသည့် ဝတ္ထုဟူသမျှ ပယ်
ရမည်။ မပယ်ထားဘဲ ထည့်သွင်းဌာပနာခဲ့သော်၊ ြ
သော်၊ ဆွေးမြည့်သော်၊ ဘုရားဒါယကာများ၊ ဒါယ
များ (သို့မဟုတ်) ရွာပုံတည်ဘုရား ဖြစ်အံ့။ ရွာသူရွာ
များ ကပ်(၃)ချပ်ပျက်စီးခြင်းသို့ ရောက်တတ်သည်
ရွာ သုဉ်းသည်။ နေရပ် သုဉ်းသည်။ မထည့်သင့်
ကြောင့် နိုင်အောင်ပယ်ထားရမည်။ အထူးသတိပြ

www.burmeseclassic.com

www.burmeseclassic.com

**ဓာတ်တော်မွေတော် ဌာပနာနည်း**

ဓာတ်တော် မွေတော်တို့ကိုလည်း ရွှေကြုတ်၊ ငွေကြုတ်တို့ဖြင့် ဌာပနာရမည်။ ရွှေပန်း၊ ငွေပန်း၊ ရွှေဆီမီးတို့ဖြင့် ပူဇော်ပါလေ။ ရွှေပေါက်ပေါက်၊ ငွေပေါက်ပေါက်တို့ဖြင့် ပူဇော်ပါလေ။ သတ္တရတနာ(၇)ဆူတို့ကိုလည်း တစ်ဆူ,တစ်ဆူတွင် မွေတော်တစ်ဆူစီကို ရင်သီးတိုင်အောင် ရွှေကြုတ်ဖြင့် ဌာပနာလေ။ ဗောဓိမှာမူကား မွေတော်၊ သံဃာတော် ဓာတ်အပြည့်အစုံသွင်း၊ သံဃာတော်တို့ဓာတ်တော်ကိုမူကား ရွှေကြုတ်၊ ငွေကြုတ်နှင့် ဝမ်းတော်တွင် ဌာပနာလေ။ သည့်နောက် ဓာတ်တော်ဌာပနာလေ။

**ဓမ္မစေတီဌာပနာနည်း**

ကျမ်းဦးဂါထာများ၊ ပဋ္ဌိစ္စသမုပ္ပာဒ်၊ ဓမ္မစကြာ၊ ဂုဏ်တော်(၃)ပါး၊ အဘိဓမ္မာ၊ သုတ်၊ ဝိနည်းကျမ်းဦးများကို ရွှေပြား၊ ငွေပြားတွင်ရေး၍ ဘုရားရုပ်ပွားတော်၏ သံဃာတော်ဓာတ်နှင့် ဘုရားဓာတ်တော်အကြား ဝမ်းတော်တွင်လည်းကောင်း၊ မသွင်းသာခဲ့သော် ပလ္လင်တော်တွင် အပြင်က ပတ်၍သော်လည်းကောင်း ဌာပနာလေ။

**ဘုရား(၄)ဆူ ဌာပနာနည်း**

စေတီတော်၏ သပိတ်မှောက်၌ တောင်အရပ်တွင် ကကုသန်ဘုရားရုပ်ပွားတော်၊ အနောက်အရပ်တွင် ကောဏာဂုံဘုရား၊ မြောက်အရပ်တွင် ကဿပဘုရား၊ အရှေ့အရပ်တွင် ဂေါတမဘုရား(၄)ဆူအား မျက်နှာချင်းဆိုင်၍ ဌာပနာရမည်။

**ဘုရားစံပယ်တော်မူသည့်ကား**

(၁) အရှေ့အာရုံခံတွင် ကကုသန်မြတ်စွာဘုရား၊
(၂) တောင်အာရုံခံတွင် ကောဏာဂုံမြတ်စွာဘုရား၊
(၃) အနောက်အာရုံခံတွင် ကဿပမြတ်စွာဘုရား၊
(၄) မြောက်ဘက်အာရုံခံတွင် ဂေါတမမြတ်စွာဘုရား ဟူ၍ အစီအစဉ်အတိုင်း ရှိရမည်။

ဘုရား(၄)ဆူ ဌာပနာရာ၌ မွေတော် ဓာတ်တော် ရသမျှသွင်း၍ ဂါထာဖြင့် ပူဇော်ရှိခိုး၍ ပိတ်ရမည်။

**ရှင်(၄)ပါးဌာပနာနည်း**

ငှက်ပျောဖူးတွင် ရှင်ဥပဂုတ်တောင်၊ ရှင်မေခရအနောက်၊ ရှင်သာရဒတ္တ မြောက်၊ ရှင်သက္ကောသာရအရှေ့ မျက်နှာချင်းဆိုင်၍ ဌာပနာရာသည်။ ထို၌လည်း မွေတော် ဓာတ်တော် ရသမျှ ဌာပနာလေ။

**ဌာပနာတိုက်ပြုလုပ်ရာတွင် လိုက်နာသတိပြုရမည့် အချက်များ**

အောက်က လိုဏ်မဖွဲ့လျှင် သမ္မတိမြေက အုတ်သုံးထပ်ပေါ်တွင် ဖွဲ့ရာ၏။ မြင့်စေချင်လျှင် ခွေစာတစ်ထိုင်ထက် နိမ့်ရုံဖွဲ့ပါလေ။ မြင့်လျှင် လိုက်ပုံဖြစ်၏။ ဘုရားဒါယိကာတို့ ဘေးမလွတ်ဖြစ်တတ်၏။ သမ္ဗုဒ္ဓေဘုရားရှိခိုး၊ သတ္တရတနာဘုရားရှိခိုးတို့ဖြင့် ရှိခိုးပူဇော်၍ ဌာပနာတိုက်ကို ပိတ်ရမည်။

**ဌာပနာသွင်းရာ၌ ပန်းရန်သမားတို့ ပြုလုပ်ဖွယ်**

ဌာပနာသွင်းခါနီး ဘုရားဒါယကာနှင့် ပန်းရန်သမားတို့သည် ကိုယ်၌ အညစ်အကြေး ဖြူစင်စွာ ပြုလုပ်၍ အဝတ်ဖြူဝတ်ပြီးမှ သရဏဂုံ(၅)ပါး၊ (၈)ပါး စသည့် ဥပုသ်တို့ကို ဆောက်တည်စေ၍ ပန်းရန်သမားတို့က ခများ မယွင်း မတိမ်းမစောင်း မယိမ်းမယိုင်ရလေအောင် သတိဆောင်၍ အင်္ဂတေတို့ဖြင့် သေသေချာချာ ကြပ်ကြပ်မတ်မတ် ဌာပနာသွင်းရာ၏။ သွင်းပြီးမှ နှမ်းတစ်လုံး၊ နှီးတစ်ဖြက်မျှ မရွေ့စေရာ၊ မလှုပ်ရှားရာ။ အုတ်မြစ်ချသော အထက်ဌာပနာနေရာမှ မှားမိ၊ လစ်ဟင်းမိလျှင် ဘုရားဒါယိကာ၊ ပန်းရန်သမားတို့ ဘေးဥပဒ်မှစ၍ သစ္စာပစ္စည်း တိမ်းယိမ်းခြင်းသို့ ရောက်ချေ၏။ ဂရုစိုက်ပြုပါလေ။

**ဘုရားစေတီတည်ရာတွင် လိုက်နာအပ်သော အချက်များ**

**(၁) နေ့ချင်းပိတ်အပ်သည့်သုံးပါး**

ရွှေအုတ်မြစ်ချသောအထဲ အပြင်တွင်းကို နေ့ချင်းမြေနှင့် မျှရုံပိတ်ရမည်။ ဌာပနာသွင်းသော လိုဏ်ခေါင်းတို့ကိုလည်း နေ့ချင်း ပိတ်ရမည်။

**(၂) လ,မကူးအပ်သည့်သုံးပါး**

ရွှေအုတ်မြစ်တွင်းတူးပြီးလျှင် လမကူးခင် ရွှေအုတ်သွင်းရမည်။ ဌာပနာတိုက်ဖွဲ့ပြီးလျှင် လမကုန်ခင် သတ္တရတနာသွင်းရမည်။ သပိတ်မှောက် ပန်းလည်တိုင်တင်ပြီးလျှင် လမကူးခင် ပန်းလည်တိုင်ဖုံးဖိရုံတည်ရမည်။

**(၃) နှစ်မကူးအပ်သည့်သုံးပါး**

လိုဏ်ဖွဲ့ပြီးလျှင် နှစ်မကူးခင် လိုဏ်ခေါင်းပေါင်းကူးရမည်။ ပန်းလည်တိုင် တင်ပြီးလျှင် ကိုယ်တော်လုပ်ရမည်။ ထီးတော်တင်ပြီး နှစ်မကူးခင် သာဓုခေါ်ရမည်။ **မှတ်ချက်။** ရက်ကူး၊ လကူး၊ နှစ်ကူး၍ သုံးပါးလုံးကြံသော် တစ်စုံတစ်ခု အမှုရောက်တတ်၏။ အကျိုးကျ

www.burmeseclassic.com

www.burmeseclassic.com

[illegible]

## [illegible]တိုင် (ခေါ်) ပိန္နဲတိုင်စီရင်နည်း

ဤသို့လျှင် မန္တက်ရိုက်ခြင်း၊ အုတ်မြစ်ချခြင်း၊ ဌာပနာသွင်းခြင်းတို့ ပြုလုပ်ပြီးလျှင် ဘုရားစေတီတော် သပိတ်မှောက်သို့ ရောက်သောအခါ နေ့ကောင်းရက်သာရွေးချယ်၍ ပိန္နဲတိုင်စိုက်ထူရမည်။ ဗိသုကာကျမ်း၌ ပန်းလည်တိုင်ဟု ပြဆိုထားပြီး သတ္တုဂုပကဝိလာသနိကျမ်း၌ ပိန္နဲတိုင်ဟု ပြဆိုထားသည်။ အရပ်အခေါ်အားဖြင့် ပိန္နဲတိုင်ဟု ခေါ်ဆိုကြပါသည်။

ဤပိန္နဲတိုင် စီရင်ရာတွင် ရှေးအခါက ဘုရားဒါယကာ၏ နံ့တူသစ်သားများကို ရွေးချယ်၍ စီရင်ကြကုန်၏။ ယခုခေတ်၌ကား ဘုရားထီးတော် ဝယ်ယူသည်နှင့် ပိန္နဲတိုင်အတွက် သံတိုင်ပါပြီး ဖြစ်၏။ လွယ်လွယ်ကူကူ သံတိုင်ကိုလည်း အသုံးပြုကြလေ၏။

ရှေးထုံးနည်းမှာ-

ပိန္နဲတိုင်ပြုလုပ်မည့်သစ်ကို အတောင်ရသမျှ မိုက်ဖွဲ့၊ မိုက်ကို (၇)နှင့်စား၊ (၁)ခုကြွင်းမူ အောင်မြင်အံ့။ (၂)ခုကြွင်းမူ သိဒ္ဓိပြီးအံ့။ (၃)ခုကြွင်းမူ ဆင်းရဲအံ့။ (၄)ခုကြွင်းမူ လာဘ်ကြီးစွာရအံ့။ (၅)ခုကြွင်းမူ သေအံ့။ (၆)ခုကြွင်းမူ နတ်တို့ပူဇော်အံ့။ (၇)ခုကြွင်းမူ သူဥ်း၏၊ ဘေးသင့်အံ့။ တနင်္ဂနွေ၊ ကြာသပတေးသားတို့သည် (၂)ခုကြွင်းကို ဆောင်၊ တနင်္လာ၊ အင်္ဂါသားတို့မှာ (၄)ခုကြွင်းကိုဆောင်၊ ဗုဒ္ဓဟူး၊ စနေသားတို့မှာ (၆)ခုကြွင်းကို ဆောင်ရာတည်း။

ပိန္နဲတိုင်ကို အဖျား သမ္ဗုဒ္ဓေ ကျပ်ရာ၏။ အလယ်က္ကတိပိတော ကွပ်ရာ၏။ အရင်းမှာ သုပ္ပဋ္ဌိပ္ပန္နေဂါထာကွပ်ရာ၏။ ၄င်းအပြင် ရွှေပြား၊ ငွေပြားတွင် စိန္တာမဏိကြီးဂါထာ၊ သစ္စာလေးပါးဂါထာရေး၍ ပိန္နဲတိုင်ထိပ်တွင် ခဲရာ၏။ ဂုဏ်တော်များ၊ အောင်ခြင်းရှစ်ပါး၊ သုဝဏ္ဏဘုမ္မိဂါထာ၊ ဥဏှာလုံဂါထာတို့ကို ပိန္နဲတိုင်အလယ်တွင် ကွပ်ရာ၏။ ရှင်ဥပဂုတ်ဂါထာ၊ ရှင်သူငယ်ပရိတ်၊ ဇဝံအစိန္တိယာဂါထာ၊ ဆဒိသာပါလသုတ် စသည်တို့ကို ပိန္နဲတိုင်အဖျားထီးတိုင်တွင် ကွပ်ရာ၏။

ဤသို့စီရင်ခြင်းအားဖြင့် စေတီတော်အား မုန်တိုင်း၊ လေကြီးဘေး၊ လောင်မီးဘေး၊ မိုးကြိုး၊ နတ်စက်တို့ အရံအတားဖြစ်စေ၏။ စနစ်တကျပြုလုပ်မူ ဘုန်းကြီးရာ၏။ အန္တရာယ်မျိုး(၉၆)ပါး ကင်းရာ၏။ ဥစ္စာပစ္စည်း တိုးပွားရာ၏။

## ပိန္နဲတိုင်တပ်နည်း

နေ့ကောင်းရက်သာရွေး၍ အရှေ့မြောက်ထောင့်အရပ်က စောင်းတန်းလှေကား၊ ရာဇမတ်၊ ငှက်ပျောထီး၊ တံခွန်၊ ကုက္ကား၊ မုလေးပွားတို့နှင့် တန်ဆာဆင်ရမည်။ ပိန္နဲတိုင်မဝင်ခင် ရဟန်းသံဃာတော်တို့ကို ပင့်ဖိတ်၍ ရတနသုတ်၊ မေတ္တသုတ်တို့ကို ရွတ်စေ၍ ဘိသိက်မြှောက်ပြီးမှ စေတီတော်ကို ရည်မှတ်၍ ရေစက်ချ လှူဒါန်းရမည်။ အမျှဝေ၍ ပိန္နဲတိုင်ထိပ်ဖျားက အစပြု၍ တင်ရမည်။ သပိတ်မှောက်၊ ရင်ဖွဲ့တွင် စိုက်ပါလေ။

## ပိန္နဲတိုင် နောက်ဆုံးချမည့်ဆဲဆဲ ရွတ်ရန်ဂါထာ

'ဇောဓိဗ္ဗာလ မာဂမ၊
ဝိရာဂေါ သမ္ဘူတော သုခေါ၊
ဇောဓိမဏ္ဍာလ လဘန္တိ၊
ဇောဓိမဏ္ဍာလ မင်္ဂလံ'

ဤဂါထာဖြင့် (၃)ကြိမ်ရွတ်ပြီးမှ အောင်ခြင်း(၈)ပါးဂါထာကို ရွတ်၍ သာဓုကောင်းချီး ကြေညာ၍ ချလေ။

## ပန်းရန်သမားတို့ လိုက်နာရန် အချက်များ

ပိန္နဲတိုင်ကို သပိတ်မှောက် ရင်ဖွဲ့တွင် စိုက်ထူပါ။ ရင်ဖွဲ့ကြူးအောင် အမြင့်အထက်သို့ ငြမ်းဖျားရောက်မချည်အပ်။ ချည်မိသော် ပျက်စီးတတ်၏။ သပိတ်မှောက်တွင် အရင်းမျှသာ ထူပါ။ ပိန္နဲတိုင်ကို အသံမြည်အောင်မချရာ။ စိုက်သောအခါတွင်လည်း ထိ(၃)ပါး လွဲစေ။

## ထိ(၃)ပါး

ဌာပနာဇောဓိနှင့် ပိန္နဲတိုင်မံဘုရား ဤသုံးပါး မထိကောင်း။ ထိမိသော် ဘုရားဒါယကာ၊ ဘုရားဒါယိကာမတို့ သေကျေပျက်စီးခြင်းသို့ ရောက်တတ်၏။ ပန်းရန်သမားတို့သည် ပိန္နဲတိုင် စိုက်ထူသောအခါ ဝိသုကြံနတ်သားအတွက် ပွဲ(၁)ပွဲ၊ ကဝိလမိုင်းဆရာအတွက် ပွဲ(၁)ပွဲဖျင်တစ်စုံ၊ ငွေ(၂)ကျပ်၊ ငှက်ပျော၊ လက်ဖက်၊ ကြံချောင်း၊ ပန်းပေါက်ပေါက် လှုပစ္စာ တည်ရမည်။

ပန်းရန်သမားတို့သည် ပိန္နဲတိုင်မချမီ ရတနာသုံးပါးကို ရှိခိုးပူဇော်၊ ဆရာသမား၊ မိခင်,ဖခင်၊ သမ္မာဒေဝနတ်တို့ကို ရှိခိုးပူဇော်၍ ပရိတ်ဂုဏ်တော်၊ မေတ္တာတော်များကို ရွတ်ဆိုရမည်။ ငှက်ပျောဖူးအဆုံးသတ်သော အပေါ်ဆုံးအုတ်ကို ပန်းရန်သမားအကြီးက မသုံးသပ်အပ်။ ကို[illegible]



www.burmeseclassic.com

www.burmeseclassic.com

နှင့်တူသောတည့်ကို သတ်စေရာ၏။ အဆုံးသတ်ပြီးသော် ရွှေပြောင်းလှုပ်ရှား၍လည်း မပြုအပ်။ နှမ်းတစ်လုံး ဆံခြည်တစ်မျှင် မရွေ့စေရ။ တစ်ဆယ်ရက်၊ ကိုးရက်ကူးမှ အင်္ဂတေထုံး အချောအမောပြုပေရာ၏။

**ထီးတော်တင်နည်း**

ပိန္နဲတိုင် စိုက်ပြီးလျှင် နေ့ကောင်းရက်သာရွေး၍ ထီးတော်တင်လှူပွဲ ကျင်းပရမည်။ ပွဲတော်ကျင်းပနေစဉ် အတွင်း မာရ်နတ်၏ အနှောင့်အယှက်မှ ကင်းဝေးအောင် လည်းကောင်း၊ လေဒဏ်မိုးဒဏ် ကင်းဝေးစေရန်လည်း ကောင်း ရှင်ဥပဂုတ်ပွဲ တင်ရမည်။ မာရ်နတ်မင်းကိုလည်း မေတ္တာပို့ တောင်းပန်ရမည်။

**ပန်းရထားပြုလုပ်ရမည့်အရပ်**

ထီးတော်တင်လှူရန် ပန်းရထား ပြုလုပ်မည်ဆိုပါက အရှေ့မြောက်ထောင့်အရပ်တွင် စောင်းတန်းပြုလုပ်ရမည်။ ရာဇမတ်၊ ငှက်ပျော၊ ထီး၊ တံခွန်၊ ကုက္ကား၊ မုလေးပွားတို့နှင့် တန်ဆာဆင်ရမည်။ ထီးတော်မတင်မီ ရဟန်းသံဃာတော်တို့ကို ပင့်ဖိတ်၍ ပရိတ်မေတ္တာ ဘိသိက်မင်္ဂလာ မြွက်ပြီး ကောင်းချီးကြေညာ၍ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအပေါင်း အမျှဝေ၍ တင်ပါလေ။

ယခုခေတ်တွင် ထီးတင်သောအခါ အမျိုးသမီးပရိတ်အဖွဲ့မှ အောင်ခြင်း(၈)ပါးဂါထာ ရွတ်ဖတ်ကြ၏။ ဆိုင်းအဖွဲ့မှ ရေခင်းသံတီးလုံးကို တီးပေးကြကုန်၏။ ထီးတော်တစ်ဆင့် အောင်မြင်စွာ တင်ပြီးတိုင်း အောင်စည်အောင်မောင်း တီးခတ်ရာ၏။ ထီးတော်(၉)ဆင့်စလုံး တင်ပြီးလျှင် ပန်း၊ ပေါက်ပေါက်၊ ရွှေ၊ ငွေများဖြင့် ရွှေမိုးငွေမိုး ဆက်ကြဲပေးကြကုန်၏။

**သတိပြုရန်အချက်များ**

ထီးတင်သောအခါ ထီးမတင်မီ ရှေ့အဖို့ အောက်ကသာလျှင် စီစဉ်ခင်းကျင်း၍ ထားစေ။ အထက်သို့ ရောက်သောမှ ကျဉ်းကျပ်သည်ဟူ၍ မပုတ်ခတ်ကောင်း။ နှုတ်ချည် စွတ်ချည် မပြုကောင်း။ သိပ်မကျပ်ကောင်း။ ထီးအဆင့်လည်း မမှားကောင်း။ အစီအစဉ်အတိုင်းသာလျှင် အကန့်စွာ ယူရမည်။ မှား၍ မယူသင့်။ ထီးပုံချသောအခါလည်း အသံမမြည်အောင် ထီးပုံကိုလည်း ရှေ့နောက်ပြန်၍ မတင်ကောင်း။ အောက်သို့လည်း မကျကောင်း။ အောက်က သေချာစွာ တိုင်းပြီးမှ တင်လေ။

**ပန်းရန်သမားတို့ လိုက်နာရမည့်အချက်**

ထီးမတင်မီ ဘုရားဒါယကာက ပန်းရန်သမားကို အရင်ခွင့်ပန်ရာ၏။ ခွင့်ပန်သောအခါ ဗိသုကာတို့သည် ပရိတ်တော်၊ ဂုဏ်တော်နှင့် ဆဒ်ပါလသုတ်တို့ကို တတ်အားသမျှရွတ်၍ အသာချရာ၏။ ခွင့်ပန်သောအခါ ပန်းရန်သမားကလည်း သာဓုအနုမောဒနာပြု၍ ခွင့်လွှတ်ရာ၏။ ခက်ခက်ခဲခဲပြောဆိုမိသည်ရှိသော် ဘုရားဒါယိကာ စေတနာ ကုက္ကုစ္စဖြစ်သော် ပန်းရန်သမားတို့ သံသရာအပြစ် မကင်းချေ။ ဘုရားဒါယိကာ စေတနာမဖျက်အပ်ရာ။ ကဝိလမိုင်း အဆိုတည်း။

**ပွဲတင်နည်းများ**

ဘုရားပွဲ ပြုလုပ်သောအခါ အရှေ့အရပ်တည့်တည့်၌ ရှင်ဥပဂုတ်၊ မာရ်နတ်သား၊ ဝိသုကြုံနတ်၊ ကဝိလမိုင်းတို့ကိုရည်၍ တန်ဆောင်းလုပ်ပြီးမှ ပန်းပေါက်ပေါက်၊ ဆီမီး၊ ကြက်လျှာ၊ ငှက်ပျော၊ သစ်သီးတို့ဖြင့် ပူဇော်၍ ကုသိုလ်အကျိုးဖလကို အမျှဝေရာ၏။

**ဗိသုကာပွဲတင်နည်း**

(၁) ရွှေအုတ်မချမီ ဗိသုကာနတ်ရကာတို့ကို ရည်မှန်း၍ တင်နည်း၊

(၂) ပန်းလည်တိုင်ဗိသုကာပွဲ။

**ရွှေအုတ်မချမီ ဗိသုကာနတ်ရကာပွဲ**

ပွဲ(၅)ပွဲတင်ရမည်။ အလယ်ပွဲမှာ ဖျင်တစ်စုံ၊ ငွေစင်(၅)ကျပ်၊ ငှက်ရေတကောင်း၊ လက်ဖက်ခြောက်၊ မြေစာ၊ သပြေပန်းစိုက်၍ ဆန်ဖြူတစ်ခွက် ဒေါင်းလန်းနှင့်တည်၍ အလယ်ပွဲ ခင်းရမည်။ ကဝိလမိုင်းဆရာကို ရည်မှန်း၍ တင်ရမည်။ အပြင်(၄)ပွဲမှာ ဖျင်တဘက်၊ ငွေ(၁)ကျပ်၊ ငှက်ပျောဖူးမှစ၍ အလယ်ပွဲကဲ့သို့ ဒေါင်းလန်းနှင့်တည်။ ဖျာ(၅)ချပ် ခင်းရမည်။ ဤသို့စီရင်ပြီးမှ ရတနာ(၃)ပါး ရှိခိုးပူဇော်၊ ဆရာ၊ နတ်ရကာ (၂)ပါးမှစ၍ မိခင်၊ဖခင် လောကတွင် သွန်သင်ပေးသော ဆရာအပေါင်းတို့ကို ရှိခိုး၍ ကောင်းသောဆုကိုပန်၍ ရွှေအုတ်မြစ် ချရာ၏။

**ပန်းလည်တိုင် (သို့မဟုတ်) ပိန္နဲတိုင်ဗိသုကာပွဲ**

ဝိသုကြုံနတ်ကို ရည်မှတ်၍ အထက်ပွဲ၊ ဖျင်တစ်စုံ၊ ငွေ(၂)ကျပ်၊ ငှက်ပျော၊ လက်ဖက်၊ ကြံချောင်း လုပစွာ တင်ရမည်။ ကဝိလမိုင်းဆရာကို ရည်မှတ်၍ အောက်ပွဲ ဖျင်တဘက် ငွေ(၁)ကျပ်၊ လက်ဖက်၊ ငှက်ပျော၊ ပန်း၊



www.burmeseclassic.com

www.burmeseclassic.com

ပေါက်ပေါက်တို့ဖြင့် လှပစွာ တည်ရမည်။

**ရှင်ဥပဂုတ္တအစီအရင်**

ရှင်ဥပဂုတ်ဂါထာကို ဆီ(၅)ကျပ်သား၊ ချည်(၁၀၈)မျှင် မီးစာလုပ်၍ ခွက်တင်ထည့်ပြီး (၇)ရက်ရှိခိုးရွတ်ဆိုပြီး ရေချမ်းအိုးတစ်လုံးကို (၄)မျက်နှာ (၄)ပေါက်ဖောက်၍ ဆီမီးခွက်ကိုအုပ်ပြီး ဆီမီးညှိရမည်။ တစ်နည်း ဝါးကျောင်းဆောင်ဘက် မိုး၍ ပွဲတော်ပြီး မီးမပြတ်ထွန်းပူဇော်ထားရမည်။ ခပ်သိမ်းသော ရန်အပေါင်း ကင်း၏။ လေကြီး မိုးကြီး လွတ်၏။

**သာသနာပွဲအစီအရင်**

နံနက်အရုဏ်တက်ချိန်တွင် သာသနာပွဲ (ခေါ်) အနန္တောအနန္တငါးပါး ကန်တော့ပွဲကို ဘုရားကျောင်းဆောင်ရှေ့တွင် တင်ရမည်။ ကန်တော့ပွဲတွင် ငှက်ပျော(၅)ဖီး၊ အုန်းသီး(၁)လုံး၊ ကွမ်း(၅)ယာ၊ လက်ဖက်(၁)ပွဲတို့ပါဝင်ရမည်။ အနန္တောအနန္တငါးပါးတို့အား ကန်တော့၍ ရည်စူးပြီး လှူဒါန်းပွဲအပ်ရမည်။ သာသနာစောင့်နတ်များအား အမျှဝေ မေတ္တာပို့ အနန္တောအနန္တငါးပါး၏ မေတ္တာဓာတ်ကို ခံယူရမည်။

**ဗုဒ္ဓါဘိသေကအနေကဇာတင်မင်္ဂလာ**

တည်ထားအပ်သော စေတီ ဘုရားများကို အနေကဇာတိ အစရှိသော ဗုဒ္ဓဝစနတို့ဖြင့် ရွတ်ဆိုပူဇော်သည်ကို အနေကဇာတင်သည်ဟု ခေါ်သည်။

စေတီတော်အား ညဦးပိုင်းမှစ၍ ပန်းနံ့သာ၊ အမွှေးအထုံတို့ဖြင့်လည်းကောင်း၊ ဆီမီး၊ လျှပ်စစ်မီး စသည်တို့ဖြင့်လည်းကောင်း လှပကြည်ညိုဖွယ်ရာဖြစ်အောင် စီစဉ်လှူဒါန်းထားရမည်။ ဗုဒ္ဓသုတ္တန်တရားတော်များကို ရွတ်ဖတ်သရဇ္ဈာယ်ရမည်။ အရုဏ်တက်လာသောအခါ ဆွမ်း၊ ခဲဖွယ်၊ ပန်း၊ သစ်သီး၊ ဆီမီး၊ ရေချမ်း၊ တံခွန်ကုက္ကား၊ မုလေးပွား စသည်တို့ဖြင့် ပူဇော်ရမည်။

ပင့်သံဃာတော်အလိုက် သပြေ၊ ဒေါနဲ၊ နေဇာမြက်၊ ဆီးခက်၊ အုန်းလက်၊ ညောင်ရွက်တို့ဖြင့် စုစည်းထားသောပန်းစည်း(၈)စည်း (သို့မဟုတ်) (၉)စည်း၊ ဖယောင်းတိုင်၊ တံခွန်၊ ကုက္ကား၊ ကြက်လျှာတိုင် စသည်တို့ကို လှူဒါန်းရမည်။ သံဃာတော်များသည် အထက်ပါပစ္စည်းများကို လက်အုပ်တွင်ထား၍ အနေကဇာတိ ဥဒါန်း(၂)ဂါထာ၊ ပဋ္ဌိစ္စသမုပ္ပာဒ်၊ အနုလုံပဋိလုံ၊ ယဒါဟဝေဥဒါန်း(၃)ဂါထာ၊ ဇယန္တောဗောဓိယာ မူလေနှင့် အပရာဇိတပလ္လင်ကေ၊ ဘိသိက်သွန်း(၂)ဂါထာ၊ သုနက္ခတံ စသော ဆုတောင်းပတ္တနာပြုသော အသီသ(၃)ဂါထာ စသည့် ပါဠိများနှင့် ဟေတုပစ္စယော ပဋ္ဌာန်းဂါထာများ၊ ပရိတ်တော်များ၊ အဋ္ဌဇယမင်္ဂလာဂါထာများ၊ ဘုရားဂုဏ်တော်များ ရွတ်ဖတ်ကြကုန်၏။

သံဃာတော်တို့ ရွတ်ဆိုပြီးအဆုံးတွင် နဂါး၊ ဂဠုန်၊ နတ်၊ ဗြဟ္မာတို့၏ အသွင်ပြုပြင်ထားကြသော ပုဂ္ဂိုလ်များမှ အောက်ပါ ဂါထာကို ရွတ်ဆိုရမည်။

ဇယောဟိ ဗုဒ္ဓဿသီရိမတော အလံ မာဝဿစ
ပါပိ မတော ပရာဇယော၊
ဥဂ္ဃေသယုံ့ ဗောဓိမဏ္ဍေ ပမောဒိတာ ဇယံတဒါ
(နာဂဂမဏာ) မဟေသိနော။

**မှတ်ချက်**

ကွင်းဖြင့်ပြထားသောနေရာတွင် ဂဠုန်က သုပဏ္ဏဂဏာ)ဟုထည့်၊ နတ်က ဒေဝဂဏာဟုထည့်၊ ဗြဟ္မာကဗြဟ္မဂဏာဟုထည့်။

နဂါး၊ ဂဠုန်၊ နတ်၊ ဗြဟ္မာတို့က ဆိုင်ရာဂါထာများရွတ်ဆိုပြီး အဆုံးတွင် အောင်တော်မူဟု တစ်သံတည်းငလျင်တော်လဲ ပဲ့တင်ဟည်းသံကဲ့သို့ ရွတ်ဆိုပြီးသည်နှင့်စည်တော်ယွန်း၍လည်းကောင်း၊ မီးရှူးမီးပန်းပစ်ဖောက်၍လည်းကောင်း၊ ပန်းပေါက်ပေါက်တို့ ကြဲပက်၍လည်းကောင်း ခင်းကျင်းစီမံ အောင်ပွဲပြီး ခံထိုက်ပေသတည်း။

ကိုမောင်သန်းဝင်း

**ကျမ်းကိုး**

၁။ မြန်မာနိုင်ငံသုတေသနအသင်းမှ (၁၉၆၁)ခုနှစ်ထုတ် ဦးထွန်းမြင့် တည်းဖြတ်သော သတ္တုရုပကဝိလာသနီကျမ်း၊
၂။ မြန်မာနိုင်ငံသုတေသနအသင်းမှ (၁၉၆၆)ခုနှစ်ထုတ် ဒေါ်ခင်ခင်စု တည်းဖြတ်သော ဗိသုကာကျမ်း။
၃။ ရွှေဂူအသျှင်ဉာဏလင်္ကာရ စီရင်သော အနေကဇာတတ္ထပကာသနီကျမ်း၊
၄။ ဦးနန္ဒ(ဝိဇ္ဇာဂုဏ်ထူး) စီစဉ်သည့် ဘုရားရှိခိုးနှင့် ဝတ်ရွတ်စဉ်ကျမ်း။



www.burmeseclassic.com



www.burmeseclassic.com
ကေသီမန်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး
ကေသီမန် မြတ်သုခ
အမှတ်တံဆိပ်
အဆီကျဆေး
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - TMR ၀၀၇၃၉၇ (၀၃၁၇)
မှတ်ချက်
ပိန်ဆေး
မဟုတ်ပါ
အဝလွန်၍ စိတ်ညစ်နေသူများ နှင့်
ဗိုက်ပူခါးတုတ်၍ အလိုမကျဖြစ်နေသူများအတွက်
သွေးထဲမှ မလိုအပ်သော အဆီများကို ဖယ်ထုတ်ပေးပြီး
ဆူဖြိုးနေသော ကိုယ်ခန္ဓာကို
အဆီကျ ကျစ်လစ်လှပ သွားစေရမည်
တ်ချမ်းသာဆေးတိုက်
-4/C (A)၊ အေးသာယာလမ်း၊ ဘောက်ထော်၊
မြို့နယ်၊ ရန်ကုန်မြို့။
- (၀၁)၅၄၅၂၅၉ ၊ (၀၁)၄၀၁၁၀၀
www.burmeseclassic.com

www.burmeseclassic.com

(ယခင်လမှအဆက်)

ဤသို့အားဖြင့် နှစ်ကာလများသည် တရွေ့ရွေ့ ဖြတ်သန်းလွန်မြောက်ခဲ့ပြီးကြသည့်နောက်··။

ယသော်ဓရာထေရီ ဘိက္ခုနီအရှင်မြတ်သည် သမ္ပတ္တိခေါ် လူတို့၏ စည်းစိမ်ကို စွန့်လွှတ်၍ အထွတ်အမြတ် ဝိမုတ္တိချမ်းသာကို ခံစားပြီး တရားတော်နှင့်သာ မွေ့လျော်တော်မူခဲ့ရာ အရွယ်တော်အားဖြင့် (၇၈)နှစ်သို့ ဆိုက်ရောက်လာတော်မူခဲ့လေပြီ။ အရွယ်တော်အားဖြင့် ကြီးရင့်တော်မူလာခဲ့သော်လည်း ရှေးကံပါရမီအားဖြင့် ကောင်းခြင်းငါးပါးနှင့် ပြည့်စုံတော်မူနေဆဲ။ သက်တော်(၇၈)နှစ် ရှိတော်မူသော်လည်း ဆံဖြူခြင်း၊ သွားကျွေခြင်း၊





www.burmeseclassic.com

www.burmeseclassic.com



လေးလံထိုင်းမှိုင်းခြင်း" စသော ဓရာ၏ အရိပ်တို့ စိုးမိုးထင်ဟပ် လာခြင်းမရှိ။ ပကတိနှင့် နှပျို ရွယ်သစ် တစ်ဆယ့်ခြောက်နှစ် အရွယ်နှင့်မခြား အရွယ်အဆင်း ကို ဆောင်နေတော်မူဆဲ ဖြစ်သည်။

သို့ရာတွင် ယသော်ဓရာထေရီ သည် သံသရာဖွဲဆိုင် ဘင်ပုပ်အိုင်တွင် ပျော်နိုင်တော်မူသော ဆန္ဒတော်များ မရှိ တော့ပြီ။ ကုဒ္ဒိပါဒ်ရှာန်တရားများကို ပွားများ၍ နေ့ရက်ကြာရှည်အောင် ဆွဲထားလိုသော ဆန္ဒတော်များ လည်း မရှိတော့ပြီ။

ထိုအခါ ယသော်ဓရာထေရီက ဤသို့ ဆင်ခြင်တော်မူ၏။ ပုထုဇဉ်တို့အဖို့ဆိုလျှင် ဘဝ၌ အနှမ်းလျှကြီး နှမ်းလျှသွားရမည့် အလွမ်း ဘဝကြီးထဲသို့ ခြေစုံပစ်၍ ခုန်ဝင်လိုက်ခြင်းဟု ဆိုရပေလိမ့်မည်။ ထို့ထက် ပို၍ နှမ်းစရာမရှိတော့သော အနှမ်း၊ ထိုထက်ပို၍ လွမ်းစရာမရှိ တော့သော အလွမ်းတို့ကို စိန်ခေါ်လိုက်ခြင်းပါပေတည်း။

(ဆင်ဖြူကျွန်း)

# သုမိတ္တာနိဒါန်းအစ
# အန္တိမယသော်ဓရာ

(ပင်ကိုရေး ဓမ္မရသ အခန်းဆက်ဝတ္ထုရှည်)

(ဇာတ်သိမ်းပိုင်း)

ငါ၏အသက်သည် ခုနစ်ဆယ်ကျော်၍ ရှစ်နှစ် စွန်း ပေါ်ခဲ့ပေပြီကော။ ဤသို့မမြဲတဲ့ အနိစ္စာကိုယ် ကြီးနဲ့ သံသရာဘင်အိုင်ထဲမှာ နေ့ရက်ဆွဲပြီး နေခြင်းဌာ ဘယ်မှာ အကျိုးရှိတော့မလဲ။ ဤ ဆင်းရဲသော ခန္ဓာကိုယ်ကြီးနဲ့ သံသရာဝဋ် အတွင်းမှာ ကြာရှည်အဆင်းရဲခံ စံနေလို့ ဘယ်မှာ အကျိုးရှိတော့မလဲ။ အစိုးမရ တဲ့ အနတ္တ ဤခန္ဓာကိုယ်ကြီးနဲ့ သံသရာဖွဲဝဲ ဆိုင်မှာ ဆက်နေထိုင်လို့ ဘယ်မှာ အကျိုးရှိတော့မလဲ။


ငါတစ်မူကား မြတ်စွာဘုရားရှင် ဟောကြားတော်မူအပ်တဲ့ တရားအလုံးစုံကိုလည်း အကုန် သိခဲ့ရလေပြီးပြီ။ ပြုဖွယ်ကိစ္စဟူသမျှကိုလည်း ခီဏာသဝစခန်းကို ရောက်အောင် ထွင်းဖောက် ကျင့်ကြံခဲ့ပြီးပြီ။ ရှင်တော်မြတ်စွာဘုရားရဲ့ သာသနာတော်ကိုလည်း ကောင်းစွာ ရွက်ဆောင်ခဲ့ ပြီးပြီ။ လောကီကိစ္စတွေ ပြီးဆုံးလို့ အထွတ်ဆုံးဘုံကိုလည်း ရောက်ခဲ့ပြီ။ ယခုအခါမှာ သံသရာဇာတ်ကြီးကို သိမ်းပြီး အငြိမ်းတကာတို့ရဲ့ အချုပ်အချာ အချမ်းသာတကာ တို့ရဲ့မကိုဋ်၊ အမြိုက်ဝိမုတ္တိဖြစ်တဲ့ ဝိသုဒ္ဓိနိဗ္ဗာန်နန်းကို စံမြန်းဖို့ကိစ္စသာ ရှိပေ တော့တာပဲ။

ထိုအချိန်မှာပင် အနိုင်းအတုမဲ့သော အလွမ်းသည် ယသော်ဓရာ ထေရီ၏ နှလုံးသားသို့ ရိုက်ခတ်လာခဲ့တော့၏။ အသင်္ချေနှင့် ချီရသော အလွမ်းပါပေတည်း။ ယသော်ဓရာထေရီ၏ ထိစိတ်



www.burmeseclassic.com

www.burmeseclassic.com



(ဆင်ဖြူကျွန်း)

# သုမိတ္တာနိဒါန်းအစ
# အန္တိမယသော်ဓရာ

(ပင်ကိုရေး မှုရသ အခန်းဆက်ဝတ္ထုရှည်)
(ဇာတ်သိမ်းပိုင်း)

လေးလံထိုင်းမှိုင်းခြင်း'' စသော ဇရာ၏ အရိပ်တို့ စိုးမိုးထင်ဟပ်လာခြင်းမရှိ။ ပကတိနုငယ်ရွယ်သစ် တစ်ဆယ့်ခြောက်နှစ်အရွယ်နှင့်မခြား အရွယ်အဆင်းကို ဆောင်နေတော်မူဆဲ ဖြစ်သည်။

သို့ရာတွင် ယသော်ဓရာထေရီသည် သံသရာဇွဲဆိုင် ဘင်ပုပ်အိုင်တွင် ပျော်နိုင်တော်မူသော ဆန္ဒတော်များ မရှိတော့ပြီ။ ဣဒ္ဓိပါဒ်ဈာန်တရားများကို ပွားများ၍ နေ့ရက်ကြာရှည်အောင် ဆွဲထားလိုသော ဆန္ဒတော်များလည်း မရှိတော့ပြီ။

ထိုအခါ ယသော်ဓရာထေရီက ဤသို့ ဆင်ခြင်တော်မူ၏။ ပုထုဇဉ်တို့အဖို့ဆိုလျှင် ဘဝဌ် အနှမ်းလျှကြီး နှမ်းလျှသွားရမည့် အလွမ်းဘဝကြီးထဲသို့ ခြေစုံပစ်၍ ခုန်ဝင်လိုက်ခြင်းဟု ဆိုရပေလိမ့်မည်။ ထို့ထက်ပို၍ နှမ်းစရာမရှိတော့သော အနှမ်း၊ ထိုထက်ပို၍ လွမ်းစရာမရှိတော့သော အလွမ်းဝဲ့ကို စိန်ခေါ်လိုက်ခြင်းပါပေတည်း။

ငါ၏အသက်သည် ခုနစ်ဆယ်ကျော်၍ ရှစ်နှစ်စွန်း ပေါ်ခဲ့ပေပြီကော။ ဤသို့မမြဲတဲ့ အနိဋ္ဌာကိုယ်ကြီးနဲ့ သံသရာဘင်အိုင်ထဲမှာ နေ့ရက်ဆွဲပြီး နေခြင်းဌာ ဘယ်မှာ အကျိုးရှိတော့မလဲ။ ဤဆင်းရဲသော ခန္ဓာကိုယ်ကြီးနဲ့ သံသရာဝဋ်အတွင်းမှာ ကြာရှည်အဆင်းရဲခံ စံနေလို့ ဘယ်မှာ အကျိုးရှိတော့မလဲ။ အစိုးမရတဲ့ အနတ္တ ဤခန္ဓာကိုယ်ကြီးနဲ့ သံသရာဇွဲဝဲဆိုင်မှာ ဆက်နေထိုင်လို့ ဘယ်မှာ အကျိုးရှိတော့မလဲ။

ငါတစ်မူကား မြတ်စွာဘုရားရှင် ဟောကြားတော်မူအပ်တဲ့ တရားအလုံးစုံကိုလည်း အကုန်သိခဲ့ရလေပြီးပြီ။ ပြုဖွယ်ကိစ္စဟူသမျှကိုလည်း ခီဏာသဝစခန်းကို ရောက်အောင် ထွင်းဖောက်ကျင့်ကြံခဲ့ပြီးပြီ။ ရှင်တော်မြတ်စွာဘုရားရဲ့ သာသနာတော်ကိုလည်း ကောင်းစွာ ရွက်ဆောင်ခဲ့ပြီးပြီ။ လောကီကိစ္စတွေ ပြီးဆုံးလို့ အထွတ်ဆုံးဘုံကိုလည်း ရောက်ခဲ့ပြီ။ ယခုအခါမှာ သံသရာဇာတ်ကြီးကို သိမ်းပြီး အငြိမ်းတကာတို့ရဲ့ အချုပ်အချာ အချမ်းသာတကာတို့ရဲ့မကိုဋ်၊ အမြိုက်ဝိမုတ္တိဖြစ်တဲ့ ဝိသုဒ္ဓိနိဗ္ဗာန်နန်းကို စံမြန်းဖို့ကိစ္စသာ ရှိပေတော့တာပဲ။

ထိုအချိန်မှာပင် အနှိုင်းအတုမဲ့သော အလွမ်းသည် ယသော်ဓရာထေရီ၏ နှလုံးသားသို့ ရိုက်ခတ်လာခဲ့တော့၏။ အသချေ်နှင့်ချီရသော အလွမ်းပါပေတည်း။ ယသော်ဓရာထေရီ၏ ထိစိတ်



www.burmeseclassic.com

www.burmeseclassic.com

အလှူများကြားသို့ ထိုအလွမ်းသည် အပ်တစ်စင်း၏ စူးရှမှုမျိုးဖြင့် ထိုးဖောက်ဝင်ရောက်လာခဲ့တော့သည်။

ကြည့်စမ်းပါဦး။ သူက ဒီပင်္ကရာမြတ်စွာဘုရားထံတော်ရင်း မိမိကိုယ်ကို တံတားခင်းခဲ့တဲ့ဘဝ၊ ကိုယ်ကလည်း ကြာပန်းရှစ်ခိုင် လှူခဲ့တုန်းအခါက စတဲ့ပြီး မကွေမကွာ ရေနဲ့ကြာကဲ့သို့ သံသရာတစ်ခွင်မှာ ကျင်လည်ခဲ့လေသမျှ ယခုဖြင့် အဆုံးသတ်ရတော့မှာပါလား။ ဘဝအသချေ် အတွဲကြီး တွဲလာခဲ့ကြသမျှ ယခု အခွဲကြီးခွဲခွာရတော့မှာပါလား။ ဖြစ်လေရာရာ သံသရာဘဝခရီးမှာ မကွဲပါရစေနဲ့။ အမြဲတွဲလို့သာ နေပါရစေဘုရားလို့ ဘုရားအဆူဆူမှာ အတူတူဆုတောင်းခဲ့ကြတဲ့ လက်ဟောင်းဆုတော်ကြီးကို ယခုဖြင့် အပြီးနိဂုံး ဖျက်ဆီးရတော့မှာပါလား။ အတူတကွ ပေါင်းသင်းဆက်ဆံရခြင်းဆိုတာကလည်း အဆုံးသတ် တစ်နေ့နေ့မှာ အမှန်တကယ် ခွဲခွာရမြဲ ဓမ္မတာဆိုတဲ့ နိယာမတရားကြီးဟာ အလွန်မှန်ကန်လှပါကလား။ ယခုအခါမှာ သံသရာဇာတ်တော်ကြီးကိုသိမ်းပြီး အငြိမ်းကြီး ငြိမ်းရတော့မယ် ဖြစ်တဲ့အတွက် အဆုံးစွန်သော နှုတ်ဆက်ခြင်းနဲ့ နှုတ်ဆက်ရပေတော့မယ်။ အဆုံးစွန်သော ကန်တော့ခြင်းနဲ့ ကန်တော့ရပေတော့မယ်။ ပြီးမှ ဘုရားရှင်ထံ ကိုယ့်ရဲ့ ပရိနိဗ္ဗာန်ပြုဖို့အရေး အခွင့်ပေးဖို့ ခွင့်ပန်လျှောက်ထားရပေတော့မယ်။

အသချေ်နှင့်ချီသော ဘဝပေါင်းများစွာ ဆက်ခဲ့သော အလွမ်းသည် အနှိုင်းမဲ့ကြီးမားလှဘိတော့၏။ သို့ရာတွင် ယသော်ဓရာထေရီမြတ်တွင် ထိုအလွမ်းတို့ကို တွန်းလှန်ဖြိုဖျက်နိုင်စွမ်းသော ဝိပဿနာကိုယ်ခံစွမ်းရည်တို့ ပြည့်ဝနေခဲ့ပေပြီ။ ဤသို့အားဖြင့် ယသော်ဓရာထေရီသည် တပည့် အခြွေအရံဖြစ်သော ဘိက္ခုနီမ ပရိသတ်အပေါင်းတစ်သိန်း ခြံရံကာ ရှင်တော်မြတ်စွာဘုရားထံတော်မှောက်သို့ ဆိုက်ရောက်ဝပ်တွားတော်မူခဲ့လေပေပြီ။ ယသော်ဓရာထေရီသည် ဘုရားရှင်အား ရိုသေစွာ ရှိခိုးကန်တော့လိုက်ကာ စတင်လျှောက်ထားတော်မူ၏။

အဋ္ဌသတ္တတိ ဝဿာဟံ၊

ပစ္ဆိမော ဝတ္တတိ ဝယော။

ဘန္တေ-ရွှေဘုန်းတော်ရှင် မြတ်စွာဘုရား၊ အဟံ-တပည့်တော်သည်၊ အဋ္ဌသတ္တတိဝဿာ-အာယုကိန်းကိုတွက်စစ်လျှင် အသက်ခုနစ်ဆယ့်ရှစ်နှစ်ရှိပါပြီဘုရား၊ ပစ္ဆိမော ဝယော-ဇရာဖုံးလွှမ်း၍ နောက်ဆုံးသောအရွယ်သည်၊ ဝတ္တတိ-ဆိုက်ရောက်ခဲ့ပါပြီဘုရား။

ပရိပက္ကော ဝယော မယှံ

ပရိတ္တံ မမ ဇီဝိတံ။

ပဟာယ ဝေါဂမိဿာမိ

ကတံ· သရဏံ အတ္တနော။

ဘန္တေ-ရွှေဘုန်းတော်ရှင် သခင်မြတ်ကြီးဘုရား၊ မယှံ-တပည့်တော်၏၊ ဝယော-အသက်တမ်းခေါ် အရွယ်တော်သည်၊ ပရိပက္ကော-ရင့်မှည့်သောသစ်သီးကဲ့သို့ ကြီးရင့်ရွယ်ရော်ခဲ့ပါပြီဘုရား၊ မမ-တပည့်တော်၏၊ ဇီဝိတံ-အသက်တမ်းသည်၊ ပရိတ္တံ-အနည်းငယ်ကလေးမျှသာ ရှိပါတော့သည်ဘုရား၊ ဝေါ-သံသရာဝဋ်ဒုက္ခဘုံတွင် တူစုံကျင်လည်ဖက် ဖြစ်တော်မူသော အရှင်ဘုရားကို၊ ပဟာယ-အဆုံးစွန် စွန့်ခွာ၍၊ ဂမိဿာမိ-အမြိုက်နန်းသို့ ကြွလှမ်းသက်ဝင်ရပါတော့မည်ဘုရား၊ အတ္တနော-အကျွန်ုပ်၏၊ သရဏံ-ကိုးကွယ်ရာအမှန် ဈာန်အဘိညာဉ် သိမြင်ထိုက်သမျှ ဓမ္မဉာဏ်အလုံးစုံကိုလည်း၊ ကတံ-ပြုခြင်းကိစ္စပြီးစီး၍ အငြိမ်းကြီး ငြိမ်းအေးခဲ့ရပါပြီဘုရား။

ရှင်တော်မြတ်ဘုရား··သံသရာခရီးထဲမှာ အတူတွဲ၍ကျင်လည်ဖက်ဖြစ်ခဲ့ဖူးသော တပည့်တော် ယသော်ဓရာသည် ယခုအခါ အရွယ်အားဖြင့် ခုနစ်ဆယ့်ရှစ်(၇၈)နှစ်သို့ ရောက်ခဲ့ပါပြီဘုရား။ ပစ္ဆိမအရွယ်သို့ ရောက်ပြီဖြစ်သော တပည့်တော်အား သံသရာမှ ထွက်ခွင့်ကို ပေးသနားတော်မူပါဟု ပန်ကြားတောင်းပန်ပါ၏။ ယခုအခါ ရေနှင့်ကြာကဲ့သို့ မကွာမကွဲ အစဉ်တွဲ၍ ကျင်လည်နေကျဖြစ်သော ရှင်တော်မြတ်ဘုရားကို ခွဲခွာ၍ သွားရပါတော့အံ့။ တပည့်တော် ယသော်ဓရာမှာ ကိုးကွယ်ရာဖြစ်သော တရားထူးများကိုလည်း ဆည်းပူးခြင်းကိစ္စ ပြီးမြောက်ခဲ့ပါပြီဘုရား။ အို၊ နာ၊ သေရေး ဘေးအတန်တန် ရန်အထွေထွေ သန္တေကင်းပြတ်၍ အမြတ်ဆုံးဖြစ်သော နိဗ္ဗာန်ပြည်ကြီးသို့သာ လျှင်မြန်စွာရောက်ရှိ၍ သန္တိစည်းစိမ်ကိုသာ ခံစားရပါမည့်အကြောင်း ခွင့်တောင်းပန်ကြားပါသည် အရှင်မြတ်ဘုရား

ထို့နောက် ယသော်ဓရာထေရီသည် ယနေ့ ညဉ့်အချိန်မှာပင် ဝိသုဒ္ဓိစံအိမ်သို့ တည်ငြိမ်စွာ ဝင်တော်မူရပါတော့မည့် အကြောင်းကို မြတ်စွာဘုရားသို့ တည်ငြိမ်စွာ



www.burmeseclassic.com

www.burmeseclassic.com

လျှောက်ထားတော်မူလေသည်။

ဝယမှိ ဖစ္ဆိမေ ကာလေ၊
မရဏံ ဥပရုန္ဓတိ။
အဇ္ဇရတ္တိံ မဟာဝီရ၊
ပါပုဏိဿာမိ နိဗ္ဗုတိံ။

မဟာဝီရ-ရဲရင့်ကဲလွန် သမ္မာချွန်၍ အမွန်မြတ်ဆုံး ဖြစ်တော်မူသော ရှင်တော်မြတ်စွာဘုရား၊ ပစ္ဆိမေကာလေ-နောက်ဆုံးအချိန်ကာလဖြစ်သော၊ ဝယမှိ-ခုနစ်ဆယ့်ရှစ်တွက်စစ်တွင်ခေါ် အရွယ်တော်၌၊ မရဏံ-ခန္ဓာကိုခွင်း၍ သေခြင်းဟူသော တရားဆိုးကြီးသည်၊ ဥပရုန္ဓတိ-အာဏာသားတို့ကဲ့သို့ အမြောက်အမြား ဝိုင်းဝန်းနေကြပါပြီ။ မဟာဝီရ-ရဲရင့်ကဲလွန် သမ္မာချွန်၍ အမွန်မြတ်ဆုံး ဖြစ်တော်မူသော ရှင်တော်မြတ်စွာဘုရား၊ အဇ္ဇရတ္တိံ-မဆိုင်းမရွေ့ ယခုညဉ့် အချိန်ပင်လျှင်၊ နိဗ္ဗုတိံ-နိဗ္ဗာန်ကြငှန်းအမြိုက်နန်းသို့၊ ပါပုဏိဿာမိ-ဆိုက်ရောက်အောင်လှမ်း၍ စခန်းချီ ထွက်ရပါတော့မည် အရှင်မြတ်ဘုရား။

ရှင်တော်မြတ်စွာဘုရားသည် မိမိရှေ့တော်မှောက်၌ လက်အုပ်ချီမိုး ရှိခိုးကန်တော့လျက် ရှိသေစွာ လျှောက်ထားနေသော ယသော်ဓရာထေရီကို မည်သို့မျှ ပြန်လည်မိန့်ကြားတော်မမူသေးဘဲ စိမ်းစိမ်းရှုတော်မူနေ၏။ သို့ရာတွင် အလွတ်မဲ့ သတိကင်းစွာ ရှုစားတော်မူနေခြင်းကား မဟုတ်။ ငါ၏နှမတော် ယသော်ဓရာသည် သံသရာတစ်ခွင် ကျင်လည်ခဲ့သမျှ ပါရမီကို ကူညီဖက်ရရှာပေသည်။ သူ့ကူညီမှုကြောင့်ပင် ပါရမီတည်းဟူသော ပစ္စည်းကို အမြန်ကြီးတွင်အောင် စုဆောင်းဆည်းပူးနိုင်ခွင့်ကို ရခဲ့ပေသည်။ ယခုအခါ သူ၏ကိစ္စလည်း ပြီးရှာပေပြီ။ အဆုံးစွန်သော ခွဲခွာခြင်းဖြင့် ငါဘုရားကို အပြီးတိုင်ခွဲခွာ၍ သံသရာမှ ထွက်ရှာတော့မည်။ နိဗ္ဗာန်တည်းဟူသော နန်းရတနာမှ အချမ်းသာကြီး ချမ်းသာရှာတော့မည်။ ငါဘုရားဆုံးမသော တရားတို့ကိုလည်း များစွာအားထုတ်ကျင့်သုံး၍ ကိစ္စအလုံးစုံတို့ အဆုံးသို့တိုင် ရှာလေပြီဟု ပုဗ္ဗေနိဝါသနုဿတိ အဘိညာဉ်ဖြင့် ရှေးဟောင်းဘဝအစဉ်တို့ကိုသာ ဆင်ခြင်တော်မူလျက် စိမ်းစိမ်းရှုစားနေတော်မူခြင်း ဖြစ်သည်။

ထိုအခါ သုမေဓာရှင်ရသေ့မှသည် ယခု ဂေါတမဗုဒ္ဓဘုရားရှင်အထိ၊ သုမိတ္တာဘဝမှသည် ယခု ယသော်ဓရာထေရီအထိ မောင်နှံစုံ အတူကျင်လည်ခဲ့သမျှသော ဘဝပေါင်းများစွာမှ ပျော်ရွှင်ကြည်မွေ့ခဲ့ကြပုံများ၊ သောကဗွေဆိုင်၌ အခြေယိုင် ပူဆွေးခဲ့ကြပုံများသည် ဘုရားရှင်၏ ရွှေဉာဏ်တော်ကွန်ရက်၌ တဖျတ်ဖျတ်စီးဆင်း လှုပ်ရှားသက်ဝင်နေကြပေတော့သည်။ ထိုအချိန်မှာပင် ယသော်ဓရာထေရီက ဆက်လက်လျှောက်ထားပြန်လေသည်။

သံသရိတွာစ သံသာရေ၊
ခလိတဉ္စေ မမံ တယိ၊
အာရောစေမိ မဟာဝီရ၊
အပရာဓံ ခမဿု မေ။

မဟာဝီရ-ရဲရင့်ကဲလွန် သမ္မာချွန်၍ အမွန်မြတ်ဆုံး ဖြစ်တော်မူသော မြတ်စွာဘုရား၊ သံသာရေ-သံသရာထဲ၌၊ သံသရိတွာ-အတူတကွ ကျင်လည်ခဲ့ကြသည်ရှိသော်၊ ဝါ-ကျင်လည်တော်မူခဲ့ကြတုန်းက၊ တယိ-အရှင့်အပေါ်၌၊ မမံ-အကျွန်ုပ်၏၊ ခလိတံ-ချွတ်ချော်လေဘိ အပြစ်များရှိခဲ့ပါသော်၊ စေဟောတိ-အကယ်၍ဖြစ်ငြားအံ့၊ ဧဝံ-ဤသို့ ချွတ်ချော်လေဘိ အပြစ်များရှိခဲ့ပါသော်၊ အာရောစေမိ-အဆုံးစွန် နိဗ္ဗာန်သွားမို့ လျှောက်ကြားတောင်းပန်ခဲ့ပါ၏၊ မေ-သာကီနွယ်တော် တပည့်တော်၏၊ အပရာဓံ-ချွတ်ချော်တိမ်းပါး အပြစ်များကို၊ ခမဿု-အပြစ်တော်မပြု လျစ်လျူရှု၍ ယခုနောက်ဆုံး အစတုံး သည်းခံတော်မူပါဘုရား။

ရှင်တော်မြတ်ဘုရား.. သံသရာတစ်ခွင်မှာ အတူတကွ ကျင်လည်တော်မူခဲ့ကြတုန်းက မှား၍ မှောက်၍ စိတ်အလျောက်၊ မာန်အလျောက် ကျူးလွန်မိခဲ့သော အပြစ်ကလေးများလည်း တပည့်တော်အပေါ်မှာ တစ်ခါတလေ ရှိကောင်း ရှိခဲ့ပါလိမ့်မယ်။ ဤကဲ့သို့ အရှင့်အပေါ် တိမ်းပါးချွတ်ချော်ခဲ့သော အပြစ်ကလေးများရှိခဲ့ပါလျှင် တပည့်တော်အား သနားသဖြင့် သည်းခံခွင့်လွှတ်တော်မူပါ။ အဆုံးစွန် စွန့်ခွာရတော့မည့်အရေးမို့ အေးမြသော စိတ်မြတ်ဖြင့် နိရောဓာတ်ကို မှီကပ်ခိုလှုံလိုလှပါပြီ အရှင်ဘုရား။

ထိုတောင်းပန်လျှောက်ထားချက် အဆုံးတွင်မှ မြတ်စွာဘုရားရှင်က ဖွင့်ဟမိန့်ကြားတော်မူလေသည်။


"အို..ယသော်ဓရာထေရီ ဘိက္ခုနီ၊ သင်သည် သံသရာအဆက်ဆက်တွင် ငါ၏ပါရမီကို ကူညီဖော် ကူညီဖက်



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ခဲ့လို့ ငါဘုရားအား လွန်စွာမှ ကျေးဇူးများလှပေတယ်။ သုမေဓာနှင့် သုမိတ္တာ ဘဝကစ၍ ယခုအဆုံးဘဝတိုင်အောင် ဖြူဖြောင့်သော စိတ်မနောနဲ့ တစ်သဘောတည်း အလိုလိုက်ခဲ့ပေတယ်။ ငါဘုရားသည် သစ္စာလေးပါးကို သိမြင်၍ ဗောဓိပင်နှင့် ရွှေပလ္လင်ပေါ်တွင် ငါးအင်သော မာန်မျိုးကို နှိမ်ချိုးအောင်မြင်တော်မူခဲ့ရသောကိစ္စမှာ သင်ရဲ့ကျေးဇူး အထူးရှိလှပေတယ်။ သင်သည် ငါဘုရား၏ သာသနာတော်ကြီးသို့ ခိုဝင်လာခဲ့ပြီး ဘိက္ခုနီသာဝက အဖြစ်နဲ့ သာသနာ့အမှုတော်ကြီးများကို ထမ်းဆောင်ခဲ့ရာမှာ လွန်စွာထူးမြတ်တဲ့ ပါရမီတော်အဟုန်ကြောင့် သာမန်ပုဂ္ဂိုလ်၏ ကျွတ်တမ်းဝင်ခြင်းမျိုးမဟုတ်ဘဲ ဈာန်အဘိညာဉ်နဲ့ ပြည့်စုံ ပဋိသမ္ဘိဒါလေးပါး ကုံလုံ၍ အာသဝေါကင်းပြတ်လျက် မြတ်သောရဟန္တာအဖြစ်သို့ ရောက်ခဲ့တယ်။ ဤသာသနာတော်ဝယ် ပြုဖွယ်ကိစ္စတွေ တုံး၍ အဆုံးသို့ တိုင်လေပြီ။ သင်သည် အရွယ်အားဖြင့်လည်း ခုနစ်ဆယ့်ရှစ်နှစ် ရှိပြီဖြစ်၍ ကြီးရင့်ခဲ့လေပြီ။ ခန္ဓာဝန်ကိုလည်း ရွံမုန်းထိုက်ပေပြီ။ အို..ယသော်ဓရာ၊ သင် လျှောက်ထားတောင်းပန်သောအတိုင်း သိဝံနိဗ္ဗာန် ဝင်စံမွေ့လျော်ခွင့်ကို ငါ အခွင့်ပေးတော်မူသည် နှမတော် ယသော်ဓရာ'



ယသော်ဓရာထေရီ၏ တောင်းဆိုမှုကား ပြည့်မြောက်ခဲ့လေပြီ။ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်တိုင် အတွဲကြီး တွဲခဲ့သမျှ ယခုအခါ အပြီးတိုင် ခွဲခွာခွင့်ကို ဘုရားရှင်က ခွင့်ပြုလိုက်ပြီ ဖြစ်တော့၏။

သို့ရာတွင် ထို့နောက်ဆုံး ခွဲခွာခြင်းအတွက် မြတ်စွာဘုရားရှင်က ယသော်ဓရာထေရီသို့ တောင်းဆိုမှုတစ်ခုကို ဆက်လက်မိန့်မြွက် တောင်းဆိုလေသည်။

ဣဒ္ဓိဉ္စာပိ နိဒဿေဟိ၊
မမ သာသနကာရိကေ၊
ပရိသာနဉ္စ သဗ္ဗာသံ၊
ကင်္ခဉ္စ ဆိန္ဒိဿု ယာဝတာ။

မမ သာသနကာရိကေ-ငါ၏ သာသနာတော်ကို ကောင်းစွာထမ်းဆောင်၍ အရဟတ္တဖိုလ်သို့တိုင်အောင် ကျင့်ကြံအားထုတ်ခဲ့ပေသော ယသော်ဓရာ၊ ဣဒ္ဓိဉ္စာပိ-ဈာန်အမျိုးမျိုး တန်ခိုးအထွေထွေ တရားဂုဏ်ကျက်သရေတော်များကို၊ နိဒဿေဟိ-ယခုထင်ထင် အများမြင်အောင် အသင်ပြခဲ့ပေဦးလော့၊ ယာဝတာ-အကြင်မျှလောက် စုဝေးရောက်လာကြကုန်သော၊ သဗ္ဗာသံ-အလုံးစုံကုန်သော၊ ပရိသာနံ-ထူပြောပြည့်ကျပ် ပရိသတ်တို့၏၊ ကင်္ခဉ္စ-သို့လော သို့လော တွေးတောထွေးယှက် ယုံမှားချက်များကိုလည်း၊ ဆိန္ဒိဿု-သက်ာကင်းအောင် ရှင်းလင်းဖြတ်ပယ်ခဲ့ဦးလော့။

အို..နှမတော် ယသော်ဓရာ၊ တရားသဘောကို မသိမမြင်သေးသော ပုထုဇဉ်အချို့တို့သည် သင်ယသော်ဓရာထေရီ၏အပေါ်မှာ ဝိစိကိစ္ဆာသဘောဖြင့် သို့လော သို့လော တွေးတောယုံမှားခြင်းများလည်း ရှိကြပေလိမ့်မည်။ သို့ဖြစ်၍ ယခုနိဗ္ဗာန်ဝင်ခါနီးအခါတွင် သင်ရရှိသော အဘိညာဉ်တန်ခိုးဖြင့် အမျိုးမျိုးသော ပရိသတ်တို့အား ယုံမှားခြင်းကို ဖြေဖျောက်ခဲ့ပါလော့။ သင်သိသော တရားကို လျှောက်ထားဖော်ပြခဲ့ပါလော့။ သင်ပြင်သော တန်ခိုးနှင့် သိရှိပေါက်ရောက်သော တရားတို့ကို ဖော်ပြပါလျှင် ပရိသတ်အပေါင်းတို့သည် ယုံမှားပျောက်ကင်း၍ သာသနာတော်ကြီးကို အလွန်အမင်းကြည်ညိုကြရန် အကျိုးရှိပေလိမ့်မယ် ယသော်ဓရာ'

မြတ်စွာဘုရားရှင်သည်ဤတောင်းဆိုမှုကိုအကြောင်းမဲ့တောင်းဆိုတော်မူခြင်းမဟုတ်။ အဘယ်ကြောင့်ဆိုသော် ယသော်ဓရာထေရီသည် ဘုရားရှင် လက်ထက်တော်၌ သာမန်မျှသာမဟုတ်သော နာမည်ကြီးပုဂ္ဂိုလ်ထူး ဖြစ်နေသောကြောင့်ပင်တည်း။ ရှင်တော်မြတ်ဘုရား၏ ကြွဖက်တော် ရတနာယသော်ဓရာဟု နာမည်ကြီးပြီး ဂုဏ်ကြီး

www.burmeseclassic.com

www.burmeseclassic.com

ပြီးသူဖြစ်သောကြောင့် ယသော်ဓရာထေရီသည် ဘုရားရှင်အား တန်ခိုးဖြင့် ပူဇော်လိမ့်မည်။ ဘုရားရှင်နှင့် အဆုံးစွန်အပြီးသတ်ခွဲ၍ နိဗ္ဗာန်စံဝင်ပွဲ ခင်းကျင်းတော်မူလိမ့်မည်ဟူသော သတင်းတို့က အကျော်ဇေယျဖြစ်နေ၏။ ထို့ကြောင့် ထိုနိဗ္ဗာန်စံဝင်ပွဲကြီးကို လူ၊ ရဟန်း ပရိသတ်တို့သာမက စကြဝဠာအနန္တတစ်ခိုမှ နတ်၊ ဗြဟ္မာ ပရိသတ်အပေါင်းတို့ကလည်း သောင်းသောင်းဖြဖြ လာရောက်ကြည့်ရှုကြကုန်သောကြောင့် ဖြစ်သည်။ အဘယ်ကြောင့် ဤသို့အာဏာတစ်ခွင် ကောင်းကင်အနန္တ နေရာမရလောက်အောင် တစ်ခဲနက် လာရောက်ကြည့်ရှုကြပါသနည်း။

လောကတွင် မြတ်စွာဘုရားများ ပွင့်တော်မူသောအခါ ယသော်ဓရာကဲ့သို့သော ပရိနိဗ္ဗာန်စံဝင်ခါနီးတွင် အကြီးအကျယ် ပူဇော်ပွဲကြီး ခင်းကျင်းသော ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်မျိုးလည်း တစ်ပါး,တစ်ပါး ထွန်းကားပေါ်ပေါက်လေ့ရှိသော ထုံးစံကြောင့်ပင်တည်း။ ထို့ကြောင့် ယသော်ဓရာထေရီ၏ ဤနိဗ္ဗာန်စံဝင်ပွဲကြီးကို လက်လွှတ်မခံနိုင်ကြဘဲ စကြဝဠာအနန္တမှ နတ်၊ ဗြဟ္မာ အများပင်သူ့ထက်ငါ လာရောက်ကြည့်ရှုကြခြင်း ဖြစ်တော့သည်။

ယသော်ဓရာထေရီသည် ဤသို့ ဘုရားရှင်ကတောင်းဆိုမိန့်ကြားတော်မူသောအခါ ချီသောလက်အုပ်ဖြင့် ဘုရားရှင်အား ဝပ်တွားရှိခိုးပြီးနောက် သံသရာအဆက်ဆက်တွင် ဖြတ်သန်းခဲ့ကြသော ဘုရားရှင်နှင့် ယသော်ဓရာတို့၏ အမျိုးမျိုးသော ဖြစ်စဉ်တော် ဇာတ်တော်များကို ပြန်လှန်လျှောက်ထားတော်မူ၏။ ပြီးနောက် အဘိညာဉ်၏ အခြေပါဒကဖြစ်သော ဈာန်သမာပတ်များကို အကြိမ်ကြိမ် ဝင်စားတော်မူ၏။ ထိုသို့ အဘိညာဉ်၏ အခြေဖြစ်သော ဈာန်သမာပတ်များကို ဝင်စားပြီးလျှင် အခြားပုဂ္ဂိုလ်များနှင့် မတူအောင် ကြီးကျယ်သော ဣဒ္ဓိပါဒ်မျိုးဖြင့် တန်ခိုးပြကာ ရှင်တော်ဘုရားအား ပူဇော်လေတော့သည်။ ယသော်ဓရာထေရီ၏ အကြီးအကျယ် တန်ခိုးဖန်ဆင်းတော်မူပုံကား စကြဝဠာတစ်ဝှမ်း၌ အံ့ချီးဘနန်းဖြစ်ပေတော့သည်။

စက္ကဝါဠ သမံ ကာယံ၊
သီသံ ဥတ္တရတော ကုရု။
ဥဘောပက္ခ ဒုဝေဒီပါ၊
ဇမ္ဗူ ဒီပံ သရီရတော။
စန္ဒဇ္ဈ သူရိယံ စက္ခုံ၊
မေရု ပဗ္ဗတတော သိခံ။
စက္ကဝါဠ ဂိရိတုဏ္ဍံ၊
ဇမ္ဗူ ရုက္ခံ သမူ ဟတံ။
ဗီဇ မာန ဒုပဂတ္ဝာ၊
ဝန္ဒတော လောကနာယကံ။

(ထေရီအပဒါန်ပါဠိတော်ကြီး)

နိဗ္ဗာနသမယေ-ပရိနိဗ္ဗာန်ဝင်စံ ကြွမြန်းတော်ခါနီးအခါ၌ ထိုယသော်ဓရာဘိက္ခုနီသည်၊ စက္ကဝါဠသမံ-စကြဝဠာတစ်ခုလုံးပြည့်သော၊ ကာယံ-ကရဝိက်ငှက်၏ ကိုယ်ကြီးကို၊ မာပေသိ-ဖန်ဆင်းတော်မူ၏၊ သီသံ-ဦးခေါင်းကို၊ ဥတ္တရတောကုရု-မြောက်ကျွန်းပင်လျှင်တည်း၊ ဥဘောပက္ခာ-လက်ဝဲလက်ယာ နှစ်ဖြာသော တောင်ပံတို့သည်၊ ဒုဝေဒီပါ-နှစ်ခုသော အရှေ့ကျွန်း အနောက်ကျွန်းတို့ပေတည်း၊ သရီရတော-ကရဝိက်ငှက်ကြီး၏ ကိုယ်မူကား၊ ဇမ္ဗူဒီပံ-လက်ယာတောင်ကျွန်းကြီးပေတည်း။

စက္ခုံ-ကရဝိက်ငှက်ကြီး၏ မျက်စိနှစ်လုံးမူကား၊ စန္ဒသူရိယံ-လမင်း၊ နေမင်း ထိန်ဝင်းသော စကြာဝန်းကြီးနှစ်ခုပေတည်း။ သိခံ-ကရဝိက်ငှက်ကြီး၏ အမောက်သည်ကား၊ မေရုပဗ္ဗတတော-ရှစ်သောင်းလေးထောင် နှစ်ပြန်ဆောင်သော တောင်တော်နှင့် မြမြင်းမိုရ်ကြီးပေတည်း။

တုဏ္ဍံ-ကရဝိက်ငှက်ကြီး၏ နှုတ်သီးသည်ကား၊ စက္ကဝါဠဂိရိ-ကမ္ဘာကိုရံကာသော စကြဝဠာတောင်ကြီးပေတည်း။ တေန-ထိုနှုတ်သီးကြီးဖြင့်၊ ဇမ္ဗူရုက္ခံ-ကျွန်းဦးသပြေပင်ကို၊ သမူဟတံ-တစ်ပင်လုံး နှုတ်သည်ကို၊ ကတွာ-ပြု၍၊ လောကနာယကံ-လူသုံးပါးတို့၏ အထွတ်ဘုရားရှင်သို့၊ ဥပကတွာ-ရှိသေတုံ့ဝပ် ထံပါးကပ်၍၊ ဗီဇမာနာ-ဇမ္ဗူသပြေပင်တည်းဟူသော ယပ်တောင်ကြီးဖြင့် တငြိမ့်ငြိမ့်ယပ်လေခတ်တော်မူလျက်၊ ဝန္ဒတော-အဆုံးစွန်သော ရှိခိုးခြင်းဖြင့် ရှိခိုးပူဇော် ဖူးမြော်ကန်တော့လေသတည်း။

ယသော်ဓရာထေရီသည် တန်ခိုးတော်ဖြင့် ပူဇော်သောအခါ စကြဝဠာတော်ကြီးဖြင့် ဝန်းရံအပ်သော လေးကျွန်းနှင့် တစ်မြင်းမိုရ်အတွင်းတွင် အလွန်ကြီးမားလှသော ကရဝိက်ငှက်မင်းကြီးအသွင် ဖန်ဆင်းတော်မူလိုက်၏။ ဥတ္တရကုရုခေါ် မြောက်ကျွန်းပေါ်၌ ငှက်မင်း၏ ဦးခေါင်း



www.burmeseclassic.com

www.burmeseclassic.com

အရှေ့ကျွန်းပေါ်၌ လက်ယာအတောင်ပံ၊ အနောက်ကျွန်းပေါ်၌ လက်ဝဲအတောင်ပံ၊ ဇမ္ဗူဒီပါတောင်ကျွန်းပေါ်၌ ခန္ဓာကိုယ်ကို ထား၏။ နေနှင့်လတို့ကို ငှက်မင်း၏ မျက်စိနှစ်လုံး၊ မြင်းမိုရ်တောင်ကြီးကို အမောက်ပြု၍ စကြဝဠာတောင်ကြီး၏ အစွန်းထက်၌ နှုတ်သီးကို ထား၏။ ဤသို့ စကြဝဠာအပြည့် ကရဝိက်ငှက်မင်းအသွင် ဖန်ဆင်းပြီးသည်တွင်မှ ကျွန်းဦးသပြေပင်ခေါ်သော ယူဇနာတစ်ရာမြင့်သည့် ဇမ္ဗူသပြေပင်ကြီးကို နှုတ်သီးဖြင့်ချီ၍ မြယပ်ဝန်းကြီးပြုကာ ဘုရားရှင်အား တငြိမ့်ငြိမ့် တအိမ့်အိမ့် ယပ်လေခတ်လျက် အပူဇော်ကြီး ပူဇော်တော်မူလေသည်။

ဤမျှကြီးကျယ်လှသော တန်ခိုးဣဒ္ဓိပါဒ်ဖြင့် ပူဇော်ပွဲကို မမြင်စဖူး မတွေ့စဖူးကြသောကြောင့် လာရောက်ကြည့်ရှုကြသော လူ၊ နတ်၊ ဗြဟ္မာ အပေါင်းတို့၏ အတိုင်းထက်အလွန် အံ့ဩချီးမွမ်းသံများ၊ လက်ခမောင်းခတ်၍ သာဓုခေါ်လိုက်ကြသော အသံများက စကြဝဠာအနန္တသို့တိုင် ပွဲ့တင်ဟိန်းညံနေလေတော့သည်။ ယသော်ဓရာထေရီကား ကသိုဏ်းအမျိုးမျိုးကို လေ့လာ၍ ဝသီဖော်မြောက်အောင် အကြိမ်ကြိမ်အဖန်ဖန် ဈာန်သမာပတ် တစ်ဖက်ကမ်းခတ် နိုင်နင်းသူ ဖြစ်သည်နှင့်အညီ ဘုရားရှင်အား နောက်ဆုံးပူဇော်ပွဲ၌ အစွမ်းကုန်ထုတ်၍ အကြီးကျယ်ဆုံး ပူဇော်ကန်တော့လေပြီ။ ကြီးမားလှသော ကရဝိက်ငှက်မင်းကြီး အသွင်ဖြင့် ပူဇော်ပြီးသောအခါတွင်လည်း အားမရနိုင်သေးသဖြင့် ဆက်လက်၍ ကသိုဏ်းဝန်းအမျိုးမျိုးတို့ဖြင့် ဖန်ဆင်းပူဇော်တော်မူပြန်လေသည်။

ဟတ္ထိ ဝဏ္ဏံ တထေဝသံ၊
ပဗ္ဗတံ ဇလမိ တထာ၊
စန္ဒိမံ သူရိယံ မေရုံ၊
သက္က ဝဏ္ဏဉ္စ ဒဿယိ။

(ထေရီအပဒါန်ပါဠိတော်ကြီး)

ဧသာ-ထိုသာကီနွယ်တော် မယ်ယသော်သည်၊ နိဗ္ဗာနသမယေ-ပရိနိဗ္ဗာန်စံဝင်တော်မူခါနီးအခါ၌၊ ဟတ္ထိဝဏ္ဏံ-အလွန်တရာကြီးကျယ်စွာသော ရတနာဆင်ဖြူတော်ကြီးအသွင်ကို၊ နိမ္မိနိတွာ-ဖန်ဆင်း၍၊ ဒဿယိ-ပရိသတ်အများတို့အား ထင်ရှားစွာ ပြတော်မူ၏၊ တထေဝ-ထိုနည်းအတိုင်းပင်လျှင်၊ အဿံ-သိန္ဓဝ မြင်းပျံကြီး အသွင်ကိုလည်းကောင်း၊ ပဗ္ဗတံ-ရတနာရွှေတော်ကြီး အသွင်ကိုလည်းကောင်း၊ သူရိယံ-ရွှေနေမင်းကြီး အသွင်ကိုလည်းကောင်း၊ မေရုံ-လေးပါးရောင်စုံ တောင်မြင်းမိုရ်ကြီး အသွင်ကိုလည်းကောင်း၊ သက္ကဝဏ္ဏဉ္စ-နတ်တို့သနင်း သိကြားမင်းကြီး အသွင်ကိုလည်းကောင်း၊ နိမ္မိနိတွာ-ဖန်ဆင်း၍၊ ဒဿယိ-ပရိသတ်အများ ထင်ရှားအောင် ပြတော်မူပြန်၏။

သဟဿ လောကဓာတုနံ၊
ဖုလ္လပဒ္မေန ဆာဒယိ။
ဗြဟ္မဝဏ္ဏဉ္စ မာပေတွာ၊
ဓမ္မံ ဒေသေတိ သုညတံ။
ယသောဓရာ အဟံ ဝီရ၊
ပါဒေဝန္ဒာမိ စက္ခုမ။

ဧသာ - ထိုသာကီနွယ်တော် မယ်ယသော်သည်၊ သဟဿ-လောကဓာတုနံ-လောကဓာတ်များမြောင်တိုက်တစ်ထောင်တို့ကို၊ ဖုလ္လပဒ္မေန-ပဒ္မမြားအသွေး နီတွေးတင့်ဆန်း ပဒုမ္မာကြာပန်းကြီး တစ်ပွင့်ဖြင့်၊ ဆာဒယိ-ဖုံးလွှမ်းမိုးကာ၍ ပြတော်မူ၏။ ဗြဟ္မာဝဏ္ဏဉ္စ-ကိလေသာကုန်ခန်းသော ရဟန္တာဗြဟ္မာကြီး၏ အသွင်ကိုလည်း၊ မာပေတွာ-တူစွာဖန်ဆင်းတော်မူ၍၊ သုညတံ ဓမ္မံ-အတ္တအယူမှကင်း၍ အနတ္တဝိဇ္ဇာဉာဏ် ထင်လင်းသော သုညတတရားတော်ရင်းကြီးကို၊ ဒေသတိ-စကြဝဠာတိုက်ဘောင်ဝယ် နှံ့ပြားအောင် ဟောတော်မူ၏။

ယသော်ဓရာထေရီသည် ကရဝိက်ငှက်ကြီးအသွင် ဖန်ဆင်းပူဇော်ပြီးနောက်တွင် အလွန်ကြီးကျယ်သော စကြဝဠာပြည့်မျှ ဆင်ဖြူတော်ကြီးအသွင် ဖန်ဆင်းပူဇော်တော်မူပြန်၏။ ထို့နောက် ကြီးမားလှစွာသော သိန္ဓဝမြင်းပျံကြီးအသွင်၊ တစ်ဖန်ဆက်လက်၍ ရွှေတောင်ကြီး၊ ငွေတောင်ကြီး၊ စိန်တောင်ကြီး၊ မြတောင်ကြီး၊ ပတ္တမြားတောင်ကြီးများနှင့် ရွှေရေ၊ ငွေရေအယဉ်တို့ဖြင့် လှိုင်းထနေသော သမုဒ္ဒရာကြီးအသွင် ဖန်ဆင်းပူဇော်တော်မူပြန်၏။ ပြီးလျှင် ငွေလဝန်းကြီးအသွင်၊ ရွှေနေဝန်းကြီး အသွင်တို့နှင့် အရောင်လေးရပ်တို့ဖြင့် တလျှပ်လျှပ်ထွန်းပနေသော မြင်းမိုရ်တောင်ကြီးအသွင်သို့ ကူးပြောင်းဖန်ဆင်း ပူဇော်တော်မူပြန်၏။

ထိုပွဲသို့ ကြွချီလာကြသော နတ်၊ ဗြဟ္မာ အပေါင်းတို့၏ ချီးကျူးဩဘာသံများကား စကြဝဠာသို့တိုင် ရိုက်



www.burmeseclassic.com

www.burmeseclassic.com

တော်ပွဲတင်ထပ်လေပြီ။

ယသော်မရောထေရီကား ဤမျှသော ပူဇော်မှုဖြင့် ကျေနပ်နိုင်သေး။ ထို့ကြောင့် အတုအနှိုင်းမဲ့မသိ ကြီးကျယ်သော ပဒုမ္မာကြာပန်းပွင့်ကြီးကို ဖန်ဆင်းတော်မူ၍ လောကဓာတ်ပေါင်းတစ်ထောင်ကို ထိုကြာပန်းပွင့်ကြီးဖြင့် ဖုံးအုပ်စေလျက် ဘုရားရှင်အား ထိုကြာပန်းပွင့်ကြီးဖြင့် ပူဇော်ပြန်၏။ လောကဓာတ်ပေါင်းတစ်ထောင်ကို ဖုံးလွှမ်းသော ထိုပဒုမ္မာကြာပန်းပွင့်ကြီးသည်မူ လူတို့၏မျက်စိကို ဆိုထားဘိ၊ အချို့,အချို့သော နတ်မင်းများပင် ထိုကြာပန်းကြီးအဆုံးသို့ ကြည့်မြင်နိုင်စွမ်းမရှိ။ ဗြဟ္မာမင်းကြီးတို့၏ စက္ခုသာလျှင် ထိုကြာပန်းကြီး၏ အဆုံးတိုင်သို့ ကြည့်မြင်နိုင်ကြလေသည်။

ယသော်မရောထေရီသည် ဆက်လက်၍ သိကြားမင်းကြီး၏ အသွင်ကိုလည်းကောင်း၊ ကိလေသာကုန်ခန်းသော ရဟန္တာဗြဟ္မာကြီး အသွင်သို့လည်းကောင်း ကူးပြောင်းဖန်ဆင်း၍ ဘုရားရှင်အား ဝပ်တွားပူဇော်ပြန်လေသည်။ ထို့နောက် ရဟန္တာဗြဟ္မာကြီးအသွင်ဖြင့်ပင် ရောက်ရှိလာကြသော လူ၊ နတ်၊ ဗြဟ္မာပရိသတ်အပေါင်းသို့ အနတ္တတရား၊ သုညတ တရားကြီးကို ဘွားဘွားကြီး ပေါ်လွင်အောင် ဆက်လက်ဟောကြား ချီးမြှင့်တော်မူလေသည်။ ဤတရားသည် ပရိနိဗ္ဗာန်စံဝင်တော်မူခါနီးတွင် နိဗ္ဗာန်ဝင်ပွဲကြီးကို အဖူးအမြော် လာရောက်ခဲ့ကြသော ဗြဟ္မာ၊ လူ၊ နတ် ပရိသတ်တို့အား အဆုံးသတ် ဟောကြားတော်မူခဲ့သောတရား ဖြစ်ပေတော့သည်။ ယသော်မရောထေရီက ဤသို့ ဟောကြားဖြန့်ဝေတော်မူလိုက်၏။

ဓမ္မံ စရေ သုစရိတံ၊
နနံ ဒုစ္စရိတံ စရေ၊
ဓမ္မစာရီ သုခံသေတိ၊
အသ္မိံ လောကေ ပရမှိစ။

လူ၊ နတ်၊ ဗြဟ္မာပရိသတ်အပေါင်းတို့..သုစရိတံ-ကောင်းစွာကျင့်ကြံထိုက်သော၊ ဓမ္မံ-တရားတော်မြတ်ကို၊ စရေ-လက်ကိုင်ထား၍ မမှားအောင် ကျင့်ကြံကြရာသတည်း။ ဒုစ္စရိတံ-သူတော်ကောင်းတို့ စက်ဆုပ်၍ သူယုတ်မာတို့ ကျင့်ကြံလေ့ရှိသော၊ နံဓမ္မံ-ထိုအကုသိုလ်မျိုး အကျင့်ဆိုးတို့ကို၊ နစရေ-ဝေးဝေးကြီးရှောင်ကွင်း၍ အလျှင်းမပြု မကျင့်ရာသတည်း။ ဓမ္မစာရီ-လမ်းမမှားအောင် တရားမှန်မှန် ကျင့်လေ့ရှိသောသူသည်၊ အသ္မိံ လောကေစ-ဤယခုမျက်မှောက်ဌ်လည်းကောင်း၊ ပရမှိစ-နောင်တမလွန် လောကကြီး၌လည်းကောင်း၊ သုခံ-ဆင်းရဲမှုတွေ မရှုပ်မထွေးဘဲ အေးချမ်းသက်သာစွာသာလျှင်၊ သေတိ-ပျော်ပါးကျက်စားနေထိုင်ရမည် မလွဲဖြစ်ပါပေသတည်း။

ရောက်ရှိလာကြတဲ့ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအပေါင်းတို့..မြင့်မြတ်တဲ့ သုစရိုက်တရားမှန်လျှင် အားသန်သန်နှင့် ပြုကျင့်ကြပေတော့။ ဒုစရိုက်အညစ်အဆိုးအပြစ်မျိုးဖြစ်တဲ့ အကုသိုလ်တရားတို့ကိုတော့ ဝေးဝေးကရှောင်ရှားကြပေတော့။ တရားမှန်မှန်ကို အားသန်သန်နှင့် တကယ်တမ်း ကျင့်ကြံကြမယ်ဆိုလျှင် ယခုမျက်မှောက်ဘဝကစပြီး ပရံပရ အနန္တဘဝအဆက်ဆက်မှာ ချမ်းသာပြီလို့ စိတ်ချလိုက်ကြပေတော့။

ယသော်မရောထေရီ၏ ထိုတရားအဆုံးတွင် နာကြားနေကြသော လူ၊ နတ်၊ ဗြဟ္မာအပေါင်းတို့၏ သာဓုခေါ်သံသည် စကြဝဠာအနှံ့သို့ လွင့်ပျံ့ရိုက်ဟည်းသွားလေသည်။ ယသော်မရောထေရီသည် ထိုတရားကို ဟောကြားဆုံးမတော်မူပြီးသည့်အချိန်တွင် မြတ်စွာဘုရားသို့ အဆုံးသတ် လျှောက်ကြားခြင်းဖြင့် အခွင့်တောင်းလျှောက်ကြားတော်မူလေတော့၏။ ဘုရားရှင်ကား ဆိတ်ငြိမ်စွာ လက်ခံနားထောင်တော်မူလျက်ပင်။

ပရိက္ခီဏံ အတီတဥ္စ
ပစ္စုပ္ပန္နံ အနာဂတံ
သဗ္ဗံ ကမ္မံ မမ ခီဏံ
ပါဒေ တန္ဒာမိ စက္ခုမ။

ဘန္တေ-ရွှေဘုန်းတော်ရှင် သခင်မြတ်ဘုရား၊ မမ-တပည့်တော်ယသော်မရောအား၊ အတီတဥ္စ-ရှေးအတိတ်၌ဖြစ်သော ကံဟောင်းများသည်လည်း၊ ပရိက္ခီဏံ-ကုန်ခန်းပါပြီ။ ပစ္စုပ္ပန္နံ-ပစ္စုပ္ပန်ဖြစ်သော ကံသစ်များသည်လည်း၊ ပရိက္ခီဏံ-ကုန်ခန်းပါပြီ။ အနာဂတံ-လာလတ္တံ့သော အနာဂတ်ကံများသည်လည်း၊ ပရိက္ခီဏံ-ကုန်ခန်းပါပြီ။ သဗ္ဗံကမ္မံ-အသစ်အဟောင်း ကံပေါင်းရှိလေသမျှသည်၊ မမ-တပည့်တော်အား၊ ခီဏံ-အကျိုးပေးဖွယ် ဘဝတုံး၍ လုံးလုံးကုန်ခန်းပါပြီ။ စက္ခုမ-ရွှေဉာဏ်မျက်စိအထူးရှိတော်မူသော ရှင်တော်ဘုရား၊ တေ-ရှင်တော်မြတ်၏



www.burmeseclassic.com

www.burmeseclassic.com

၏၊ ပါဒေ-ပဒုံပန်းခက် ရွှေစက်အစုံ ကြာပန်းရုံတို့ကို၊ အဟံ-တပည့်တော်မ ယသော်ဓရာသည်၊ ဝန္ဒာမိ-အဆုံးစွန် ဦးနှိမ်လျှော့၍ ကန်တော့ရှိခိုးပါသည်ဘုရား၊ နိဗ္ဗုတိ-နိဗ္ဗာန်ကြွင်းမဲ့ သန္တိနန်းသို့၊ ဂမိဿာမိ-ကြွလှမ်းချီတက်ရပါတော့မည် အရှင်ဘုရား'

'ဘုန်းတော်ကြီးသော မြတ်စွာဘုရား… ယခုအခါ တပည့်တော်မ ယသော်ဓရာမှာ အဟောင်းအသစ်၊ ဖြစ်ပြီးဖြစ်ဆဲ ဖြစ်လတ္တံ့သော၊ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ဟူသော ကံဟူသမျှတို့သည် ဖြူစင်အောင် ခဝါချလိုက်သကဲ့သို့ တစ်စမကြွင်း အရှင်းကုန်ပျောက် ဆုံးခန်းတိုင်သို့ ရောက်ခဲ့ပါပြီဘုရား။ နိဗ္ဗာန်ကြွင်းမဲ့ သန္တိနန်းသို့ စံမြန်းခိုဝင်ဖို့သာ ရှိပါတော့သည်ဘုရား။ ကံတွေ အလုံးစုံကို ခဝါချပြီးပြီမို့ (၃၁)ဘုံမှာ ခိုလှုံကျက်စား ကျင်လည်ခွင့်တို့လည်း နိဂုံးတိုင်ခဲ့ပါပြီ ရှင်တော်မြတ်စွာဘုရား'

ယသော်ဓရာထေရီ၏ လျှောက်ကြားမှုကား အဆုံးစွန်သို့ တိုင်ခဲ့ပေပြီ။ မြတ်စွာဘုရားအဖို့ ခွင့်ပြုတော်မမူနိုင်စရာ အကြောင်းမရှိ။ ကြည့်ရှုတော်မူလိုက်ပြန်တော့ ယသော်ဓရာထေရီ၏ နောက်တော်ပါးတွင် ဘိက္ခုနီမအခြွေအရံပေါင်းကလည်း တစ်သိန်းတိတိ ရှိပြန်၏။ တစ်ဖန် ယသော်ဓရာ၏ နောက်တော်တွင် လိုက်ပါလာကြသော သာကီနွယ်ရိုး ဆွေတော်မျိုးတော် ရဟန္တာဘိက္ခုနီမပေါင်း တစ်သောင်းရှစ်ထောင်တို့ကလည်း ပါဝင်နေပြန်သေး၏။ ၎င်းတို့သည် ယသော်ဓရာနှင့်အတူ နိဗ္ဗာန်ဝင်ပွဲကြီးတွင် ပါဝင်၍ အတူတကွ ပရိနိဗ္ဗာန်သို့ စံဝင်မည့်သူများချည်း ဖြစ်တော်မူကြ၏။

ယခု ယသော်ဓရာ၏ ခွင့်တောင်းခြင်းသည် ထိုအားလုံးကို ကိုယ်စားပြုနေ၏။ သို့ရာတွင် သူတို့သည် ယသော်ဓရာထေရီ၏ လျှောက်ကြားမှုတွင်ပင် ကျေနပ်ရပ်တန့်နေကြသည် မဟုတ်ချေ။ သူတို့အားလုံးသည်လည်း ယသော်ဓရာနှင့်အတူ နိဗ္ဗာန်ဝင်ပွဲကြီးတွင် ပါဝင်၍ အတူတကွ ပရိနိဗ္ဗာန်ပြုပါမည့် အကြောင်းကို လျှောက်ထားကြသည်မှာ စကြဝဠာတစ်ခွင် ဟိန်းဟိန်းညံလေတော့၏။ သူတို့အားလုံးသည် တရားအလုပ်၌ ပြီးခဲ့ပြီ။ နိဗ္ဗာန်ရွှေပြည်သို့ လှမ်းစံဝင်တော်မူနိုင်ကြသူတွေချည်း ဖြစ်ခဲ့ပြီကို ဘုရားရှင်က သိမြင်တော်မူပါ၏။

သို့သော် ပုထုဇဉ်မည်သော အန္ဓသတ္တဝါဝေနေယျတို့က အများအပြား ကျန်ရစ်နေသေး၏။ ထိုသူတို့အတွက်လည်း တရားရေအေး တိုက်ကျွေးတော်မူရပေဦးမည်။ ထို့ကြောင့် မြတ်စွာဘုရားရှင်သည် အရာအားလုံးသည် ဖြစ်လာပြီးသည်နှင့် ပျက်စမြဲသော တရားကြီး၏ လက်အောက်ခံသာဖြစ်သည်။ ထိုတရားကိုယ် သဘောတရားတွင် ဘုရားရှင်တို့၏ တရားတော်များသည်ပင် ပါဝင်သွားကြရစမြဲဟူသော သံဝေဂဉာဏ်အတွက် ကြီးစွာသော ကရုဏာတရားဖြင့် ဟောကြားတော်မူပြန်လေသည်။

ဧသောဟိ သမ္မာသမ္ဗုဒ္ဓေါ
အပ္ပမေယျော ဒုရာသဒေါ
ဧသောဟိ ဓမ္မရတနော
သွာက္ခာတော ဧဟိပဿိကော
ဧသောဟိ သံဃရတနော။
သုပ္ပဋိပန္နော အနုတ္တရော
သဗ္ဗံသမန္တ ရဟိတံ
နနုရိတ္တာ သဗ္ဗသင်္ခါရာ။

(ဗုဒ္ဓဝင်ပါဠိတော်ကြီး)

အပ္ပမေယျော-အတိုင်းမသိသော ဂုဏ်ကျေးဇူးနှင့် ပြည့်စုံတော်မူပေသော၊ ဒုရာသဒေါ-ခြင်္သေ့မင်းကြီးကဲ့သို့ ဆည်းကပ်ခံစားခြင်းငှာ လွန်စွာကြောက်ရွံ့ရှိသေဖွယ်ရှိတော်မူသော၊ ဧသောဟိသမ္မာသမ္ဗုဒ္ဓေါ-ထိုဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်လည်း၊ အဟောသိ-ပွင့်ထွန်းတော်မူခဲ့လေပြီ။ သွာက္ခာတော-ထိုရှင်တော်ဘုရားသည် ကောင်းစွာဟောကြားတော်မူအပ်သော၊ ဧဟိပဿိကော-လာလှည့် ရှုလှည့်ဟူသော အစီအရင်ကို အောင်တော်မူထိုက်ပေသော၊ ဧသောဟိ ဓမ္မရတနာ-ထိုတရားတော်ရတနာကြီးများသည်လည်း၊ အဟောသိ-ပေါ်တော်မူခဲ့လှလေပြီ။

သုပ္ပဋိပန္နော-ကောင်းစွာ ကျင့်တော်မူပေထသော၊ အနုတ္တရော-တုနှိုင်းပုံခင်း ပြိုင်ဘက်ကင်းတော်မူပေထသော၊ ဧသောဟိ သံဃရတနာ-ထိုသံဃာတော်ကြီးတွေသည်လည်း၊ အဟောသိ-ပေါ်တော်မူခဲ့ဖူးလှလေပြီ။ ဧတံ သဗ္ဗံ-ထိုအလုံးစုံသော ရတနာတော်ကြီး သုံးပါးတို့သည်၊ အန္တရဟိတံ-မတည်နိုင်ဘဲ အမြဲမနေ ယွင်းသွေပျောက်ဆုံးတော်မူကြရှာလေပြီ။ သဗ္ဗသင်္ခါရာ-ဖြစ်လျှင် ပျက်မြဲ မလွဲနိုင်ငြား အလုံးစုံသော သင်္ခါရတရားတို့သည်၊ ရိတ္တာနနု-



www.burmeseclassic.com

www.burmeseclassic.com

ဆီးနှင်းပေါက်ကဲ့သို့ ပျောက်လွယ်ပျက်လွယ် လျှပ်စစ်နွယ်ကဲ့သို့ ချုပ်လွယ် ဆုံးလွယ်ခြင်းသဘော ရှိကြလေကုန်သည်တကား'

ထိုသို့ မြတ်စွာဘုရားရှင်က အချုပ်တရား ဟောကြားတော်မူပြီးသောအခါ ယသော်ခရာ၏နောက်တော်မှ အခြွေအရံ ရဟန္တာဘိက္ခုနီမပေါင်း တစ်သိန်းနှင့် ယသော်ခရာနှင့်အတူ လိုက်ပါလာကြသော သာကီနွယ်ရိုး ဆွေတော်မျိုးတော် ရဟန္တာဘိက္ခုနီမပေါင်း တစ်သောင်း ရှစ်ထောင်တို့က ယသော်ခရာ၏ နိဗ္ဗာန်ဝင်ပွဲကြီးတွင် ပါဝင်၍ အတူတကွ ပရိနိဗ္ဗာန်ပြုရပါမည့်အကြောင်း ခွင့်တောင်းသော ဂါထာတော်ကြီးများကို သံပြိုင်ရွတ်ဆို လျှောက်ထားတော်မူကြပြန်သည်။

ဘုရားရှင်၏ လက်ထက်တော်တွင် ယသော်ခရာထေရီ၏ နိဗ္ဗာန်စံဝင်ပွဲသည် အကြီးကျယ်ဆုံးသော နိဗ္ဗာန်စံဝင်ပွဲကြီးပင် ဖြစ်ပေတော့သည်။

ထိုတစ်သိန်း တစ်သောင်း ရှစ်ထောင်သော ရဟန္တာဘိက္ခုနီမများ၏ သံပြိုင်လျှောက်ထားတော်မူကြခြင်းကိစ္စပြီးဆုံးသောအခါတွင်မှ ယသော်ခရာသည် ရှင်တော်ဘုရား၏ ရှေ့တော်မှ ခွာခဲ့၏။ တစ်သိန်း တစ်သောင်း ရှစ်ထောင်သော ရဟန္တာဘိက္ခုနီမ အပေါင်းတို့ကလည်း ယသော်ခရာ၏ နောက်တော်မှ ဝိုင်းအုံလိုက်ပါတော်မူကြ၏။ ထို့နောက် များမကြာမီမှာပင် နိဗ္ဗာန်စံဝင်ပွဲသို့ လာရောက်ကြည့်ရှုကြသော လူ၊ နတ်၊ ဗြဟ္မာ ပရိသတ်ကြီးအလယ်မှာပင် ယသော်ခရာထေရီ ဘိက္ခုနီအရှင်မြတ်သည် နိရောခတ်နှင့် မြတ်သောနိဗ္ဗာန်သို့ ဝင်စံချုပ်ငြိမ်းတော်မူလေသည်။

သုမိတ္တာဘဝဖြင့် နိဒါန်းစကာ ဘုရားရှင်၏ ပါရမီဖြည့်ဖက်အဖြစ် ဗျာဒိတ်ခံယူခဲ့ရသော အမျိုးသမီးငယ်သည် ယခု ယသော်ခရာထေရီဘဝဖြင့် သံသရာ၌ ကျင်လည်ခြင်းတည်းဟူသော ဒုက္ခစက်လည်ပတ်ခြင်းတို့ကို ချုပ် ပြည်ဖုံးကားချတော်မူခဲ့လေပြီ။ ယသော်ခရာ နိဗ္ဗာန်ပြုသည်နှင့် တစ်ပြိုင်နက် ဘိက္ခုနီမ ရဟန္တာ တစ်သိန်း တစ်သောင်း ရှစ်ထောင်တို့သည်လည်း သင်္ခါရ ချုပ်သိမ်း၍ အငြိမ်းကြီးငြိမ်းသော နိဗ္ဗာန်သို့ စံဝင်တော် ကြကုန်၏။

ထိုအခါတွင်မှ မြတ်စွာဘုရားရှင်သည် လူ၊ နတ်၊



ဗြဟ္မာ များစွာသော ပရိသတ်တို့ကို သင်္ခါရဂါထာတော်ကြီးများဖြင့် ဟောကြားဆုံးမတော်မူလေသည်။

သင်္ခါရာနံ သဘာဝတ္တံ
ဒဿယိတ္ဝာ သဒေဝကေ
ဇလိတွာ အဂ္ဂိက္ခန္ဓောဝ
သူရိယော အတ္ထင်္ဂတော ယထာ။

(ဗုဒ္ဓဝင်ပါဠိတော်ကြီး)

သင်္ခါရာနံ-နတ်နှင့်တကွသော လောကကြီးထဲ၌ ဖြစ်လျှင်ပျက်မြဲ မလွဲသာမျိုး သင်္ခါရတရားဆိုးတို့၏၊ သဘာဝတ္တံ-မနှစ်သက်ဖွယ် တာတွယ်ဖို့မကောင်းသော အချက်ကြီးတွေကို၊ ဒဿယိတွာ-ထင်ရှားဒိဋ္ဌ ကိုယ်တိုင်ပြ၍၊ အဂ္ဂိက္ခန္ဓော-မီးပုံကြီးသည်၊ ဇလိတွာ-ထိန်တပြောင်ပြောင် တောက်လောင်စွဲငြိပြီး၍၊ နိဗ္ဗုတော ဣဝ-ငြိမ်းလေသကဲ့သို့လည်းကောင်း၊ သူရိယော-ရောင်ဝါထိန်လင်း ရှင်နေမင်းကြီးသည်၊ အတ္ထင်္ဂတောယထာ-ရောင်စွယ်ချုပ်၍ ကွယ်ငုပ်ဝင်ဆုံးလေဘိသကဲ့သို့လည်းကောင်း၊ ယထာ-ထိုနည်းတူစွာ၊ နိဗ္ဗုတော-နိရောခတ် နိဗ္ဗာန်ပြတ်ဖြင့် ချုပ်ပြတ်ကွယ်ဆုံးတော်မူလေပြီတကား'

ဣဒ္ဓိဝရံ ပုညဝရံ
လက္ခဏာဍ္ဎ ကုသုမိတံ
သဗ္ဗံတမန္တ ရဟိတံ
နနုရိတ္တာ သဗ္ဗသင်္ခါရာ။

(ဗုဒ္ဓဝင်ပါဠိတော်ကြီး)



www.burmeseclassic.com

www.burmeseclassic.com

ဣဒ္ဓိဝရံ-မွန်မြတ်သော တန်ခိုးဣဒ္ဓိပါဒ်တော်ကြီးများသည်လည်းကောင်း၊ ပုညဝရံ-မွန်မြတ်သော ဘုန်းတော်သမ္ဘာတော်တွေသည်လည်းကောင်း၊ ကုသုမိတံ-မွေးပျံ့ကြိုင်လှိုင် ပန်းခိုင်ပန်းကုံးကြီးတွေသဖွယ်ဖြစ်သော၊ လက္ခဏဋ္ဌ-ရှုမဆုံးမြင်မဆုံး လူ့နတ်အလုံးတို့၏ ညွတ်ရုံးကြည်ညိုဖွယ်ရာဖြစ်သော လက္ခဏာတော်ကြီးတွေသည်လည်းကောင်း၊ တေံ သဗ္ဗံ-ထိုအလုံးစုံသော သင်္ခါရတရားကြီးတွေသည်၊ အန္တရဟိတံ-တစ်စွန်းတစ်စ ရှာမရအောင် အနိစ္စဒဏ်ချက်ကြောင့် ချုပ်ကွယ်ပျောက်ဆုံးကြကုန်ပြီ။ သဗ္ဗသင်္ခါရာ-အလုံးစုံသော သင်္ခါရတရားတို့သည်၊ ရိတ္တာနနု-ဆီးနှင်းပေါက်ကဲ့သို့ ပျောက်လွယ်ပျက်လွယ် လျှပ်စစ်နွယ်ကဲ့သို့ ချုပ်လွယ်ဆုံးလွယ်သောသဘော ရှိကြကုန်သည်တကား။

အလမေဝ သဗ္ဗေသု သင်္ခါရေ သုနိဗ္ဗိန္ဒိတုံ
အလံ ဝိရဇ္ဇိတုံ၊ အလံဝိမုစ္စိတုံ။

(သုတ်မဟာပါဠိတော်ကြီး)

သဗ္ဗသု-ခပ်သိမ်းဥဿုံ အလုံးစုံကုန်သော၊ သင်္ခါရေသု-ရှိရှိသမျှ သင်္ခါရမျိုးတရားဆိုးတို့၌၊ နိဗ္ဗိန္ဒိတုံ-ငြီးငွေ့ခြင်းငှာ၊ အလမေဝ-သင့်လျော်လှတော့သည်သာလျှင်တည်း၊ ဝိရဇ္ဇိတုံ-တပ်မက်ခြင်းပျက်ပျောက်၍ မုန်းခြင်းသို့ရောက်ခြင်းငှာ၊ အလံ-သင့်လျော်လှတော့သည်သာလျှင်တည်း။ ဝိမုစ္စိတုံ-ထိုသင်္ခါရနယ်တွင်းမှ အတင်းထွက်ပြေးခြင်းငှာ၊ အလံ-သင့်လျော်လှတော့သည်သာလျှင်တည်း။

ထို့နောက် မြတ်စွာဘုရားရှင်သည် အစ၊ အလယ်၊ အဆုံး သိမ်းကျုံး၍ပြအပ်သော သင်္ခါရအချက်ကြီးများကို ရည်စူးတော်မူပြီးလျှင် အနိစ္စထာသင်္ခါရာအစရှိသော သင်္ခါရဂါထာတော်ကြီးများကို ဆက်လက်ဟောကြားတော်မူပေးပြီးနောက် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်သော ဘဝပေါင်းများစွာက အစဉ်တွဲခဲ့သော လက်တွဲများကို အပြီးတိုင် ဖြုတ်ပယ်သွားခဲ့ပြီဖြစ်သည်။ ချစ်သောယသော်ဓရာ၏ နောက်ဆုံးပရိနိဗ္ဗာန်စံဝင်ပွဲကြီးကို ဝိမုတ္တိအငြိမ်းတရားဖြင့် ပိတ်သိမ်းပေးတော်မူခဲ့ပါသတည်း။

ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု
နန္ဒာစိုး(ဆင်ဖြူကျွန်း)


မန္တလေး-နေပြည်တော် ဆရာလှ၏ မြေးတပည့်

**ဆရာမကြီး ဒေါ်စောဦးစံ (ရှမ်းပြည်)**

B.A (History)

ဗေဒင် လက္ခဏာ ဝေဒပညာရှင်

စီးပွားရေး၊ အိမ်ထောင်ရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်ကိစ္စအဝဝကို ရှမ်းပညာစစ်စစ်၊ အံ့ဖွယ်နက်နဲဆန်းကြယ်သော အထူးယတြာများဖြင့် ထက်မြက်စွာ ဆောင်ရွက်ပေးသည်။

ပူပြင်းလှသည့် နှလုံးသားခံစားချက်ရှိသူများ အေးချမ်း၊ ပျော်ရွှင်၊ တည်ငြိမ်၊ သာယာသော ဘဝအလှ ရရှိစေရန် ဆရာမကြီးထံ လာရောက်ဆွေးနွေးနိုင်ပါသည်။

(တနင်္ဂနွေ၊ တနင်္လာ)နေ့များမှအပ နေ့စဉ် ဟောခန်းဖွင့်ပါသည်။

ဟောခန်း - အမှတ်(၁၆)၊ အနောက်ဘက်မုခ်၊ ကျိုက်ဝိုင်းဘုရား၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဟောခန်း(အိမ်) - တိုက်-၇၉(၅-လွှာ)၊ အောင်မေတ္တာလမ်း၊ (၁)ရပ်ကွက်၊ သမိုင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ☎ ၀၉ ၇၃၂၄၀၇၉၆ ၊ ၀၉ ၃၂၂၂၇၇၉၇


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

အမှိုက်တောရှုံ့ညွန့်တောနှင့်တူသော လူမိုက်များကို အကြောင်းပြု၍ ပညာရှိများသည် ပေါ်ပေါက်လာရခြင်း ဖြစ်၏။ အကယ်၍ သံဝေဂယူစရာ လူမိုက်များသာ မရှိဘူးဟုဆိုလျှင် ပညာရှိများ ပေါ်ပေါက်လိမ့်မည်မဟုတ်။ ထို့ကြောင့် လူမိုက်များသည် ပညာရှိများအပေါ် များစွာ ကျေးဇူးများပါ၏။ ကျေးဇူးများသည့်အလျောက်လည်း လူမိုက်များက ပညာရှိများအား ကျေးဇူးဆပ်သင့်၏။ ကျေးဇူးဆပ်ခြင်းဟူသည်မှာ လူမိုက်များအနေဖြင့် လူမိုက်ဘဝမှ လွတ်မြောက်အောင် ဆောင်ရွက်ပေးခြင်းဖြစ်၏။ အကယ်၍ ပညာရှိများက မိမိတို့ ပညာရှိများအနေဖြင့် လူမိုက်များကို လျစ်လျူရှုပြီး မိမိတို့ တစ်ကိုယ်ကောင်းဘဝ၌သာ ပျော်မွေ့နေမည်ဆိုလျှင် လူမိုက်တို့၏ဘဝသည် များစွာ ကြေကွဲဝမ်းနည်းဖွယ် ဖြစ်ပေလိမ့်မည်။ ပညာရှိများကလည်း လူမိုက်များကို ကျေးဇူးကန်းရာ ရောက်ပေလိမ့်မည်။

ဤကိစ္စနှင့်ပတ်သက်၍ လွန်ခဲ့သော နှစ်ပေါင်း နှစ်ထောင့်ငါးရာကျော်ကာလက ဤကမ္ဘာမြေပြင်ဝယ် အမှန်တကယ် ဖြစ်ခဲ့သော အဖြစ်အပျက်တစ်ခု ရှိခဲ့ဖူးလေသည်။

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေစဉ် ဖြစ်သည်။ သီရိဂုတ္တနှင့် ဂရဟဒိန္န သူကြွယ်နှစ်ဦးတို့သည် ရင်းနှီးသော မိတ်ဆွေများ ဖြစ်ကြသည်။ သူတို့နှစ်ဦးလုံး သာဝတ္ထိပြည်၌ နေထိုင်ကြ





www.burmeseclassic.com

www.burmeseclassic.com

သည်။ လောကီရေးရာကိစ္စများ၌ သူတို့နှစ်ဦးသည် နှစ်ကိုယ့်တစ်စိတ် ဖြစ်သည်။ သို့ရာတွင် ကိုးကွယ်ယုံကြည်မှုအရ တောင်နှင့်မြောက်ပမာ ကွာခြား၏။

သီရိဂုတ္တ သူကြွယ်က မြတ်စွာဘုရားကို ယုံကြည်ကိုးကွယ်၏။ ဂရဟဒိန္န သူကြွယ်ကမူ တိတ္ထိတို့ကို ယုံကြည်ကိုးကွယ်၏။ သီရိဂုတ္တ သူကြွယ်ကမူ ကိုးကွယ်ယုံကြည်မှုနှင့်ပတ်သက်၍ ဂရဟဒိန္န သူကြွယ်အား ဆွယ်တရားမဟော။ သို့ရာတွင် ဂရဟဒိန္န သူကြွယ်ကမူ မိမိတို့၏ ဆရာတိတ္ထိများသည် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကို သိနိုင်သူများဖြစ်ကြောင်း၊ သူတို့အယူဝါဒကို လိုက်နာကိုးကွယ်ရန် သီရိဂုတ္တ သူကြွယ်အား ဆွယ်တရား ဟော၏။

ဂရဟဒိန္နက သူ၏ ဆရာတိတ္ထိများသည် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကိုသိကြောင်း၊ ဆရာတိတ္ထိများအနေဖြင့် အရာရာကိုသိကြောင်း၊ မသိသောအရာဟူ၍ ဘာမျှမရှိကြောင်း ပြောပြသောအခါ သီရိဂုတ္တက ဂရဟဒိန္နအား ထိုက်တန်သော သင်ခန်းစာများကို ပေးချင်လာ၏။ ဂရဟဒိန္န၏ ပင်ကိုအရည်အချင်းကို သီရိဂုတ္တက သိ၏။

အကယ်၍ သူ၏ ဆရာတိတ္ထိများနှင့် ပတ်သက်၍ တိတ္ထိများ ပြောသလို သိမှုနယ်ပယ်၌ ရေရေရာရာဘာမျှ

# တွန်းအားရှင် ရှုံ့ညှန်တောမှာပေါက်သည့် ကြာ





www.burmeseclassic.com

www.burmeseclassic.com

မရှိကြောင်းကို အသောက်အထားဖြင့် အခိုင်အမာ ပြနိုင်လျှင် သူ၏ ဆရာတိတ္ထိများသည် ကိုးကွယ်ထိုက်သူများ မဟုတ်ကြောင်းကို သူ့အလိုလို သူကိုယ်တိုင် ဆုံးဖြတ်လာနိုင်မည် ဖြစ်၏။ နှုတ်ဖြင့် ပြောခြင်းထက် လက်တွေ့ပြခြင်းက ပို၍ထိရောက်သည်ကို သီရိဂုတ္တ သိ၏။ အမှန်အားဖြင့် တိတ္ထိများသည် သိမှုဆိုင်ရာ ဝိဇ္ဇာနယ်ပယ်၌လည်း ထိုက်ထိုက်တန်တန် သိသူများ မဟုတ်ကြ။ ကျင့်မှုဆိုင်ရာ စရဏနယ်ပယ်၌လည်း အကျင့်ကောင်း အကျင့်မြတ် ရှိသူများ မဟုတ်ကြ။ တိတ္ထိများသည် ဝိဇ္ဇာစရဏဂုဏ်နှင့် ကင်းသူများ ဖြစ်ကြ၏။

ဤသဘောကို သီရိဂုတ္တက ဂရဟာဒိန္နအား မိမိရရ လက်တွေ့ပြချင်၏။ နှုတ်ဖြင့် ရှင်းပြနေခြင်းဖြင့် အကျိုးမသက်ရောက်ကြောင်းကို သီရိဂုတ္တ သူကြွယ်က သိလေ၏။ အဘယ်ကြောင့်ဆိုသော် သူတို့နှစ်ဦးသည် လောကီရေးရာကိစ္စများ၌ ဉာဏ်ရည်တူဖြစ်သောကြောင့် ဖြစ်လေသည်။

သီရိဂုတ္တအနေဖြင့် တိတ္ထိဆရာကြီးများသည် ဝိဇ္ဇာစရဏနယ်ပယ်၌ ဘာမျှရေရေရာရာ မရှိကြောင်းကို သက်သေပြရန် နည်းလမ်းများကို စဉ်းစားသောအခါ နည်းလမ်းကောင်းတစ်ရပ်ကို စဉ်းစားမိ၏။ ထိုနည်းလမ်းကား ဆွမ်းစားပင့်သည့် နည်းလမ်းသာ ဖြစ်၏။ ထို့ကြောင့် သီရိဂုတ္တက ဂရဟာဒိန္နအား တိတ္ထိဆရာကြီး ငါးရာတို့ကို မိမိ၏ အိမ်သို့ ဆွမ်းစားကြွပါရန် ပင့်ခိုင်းလိုက်၏။ ဂရဟာဒိန္နကား ဝမ်းသာလိုက်သည့်ဖြစ်ခြင်း။ မိမိနားကိုပင် မိမိက မယုံကြည်နိုင်လောက်အောင် ဖြစ်သွား၏။ မြတ်စွာဘုရား၌ လွန်ကဲစွာ ကြည်ညိုနေသူတစ်ယောက်က သူ့ဆရာ တိတ္ထိကြီးများကို ဆွမ်းစားပင့်သည်မှာ ကိုးကွယ်ယုံကြည်မှုကို ပြောင်းလိုက်ခြင်းပင် ဖြစ်၏။ ထိုသို့ပြောင်းသွားအောင် သူ၏ စွမ်းဆောင်နိုင်ချက်ကိုလည်း သူက အားရကျေနပ်လျက်ရှိ၏။

ဂရဟာဒိန္နက သူ၏ ဆရာတိတ္ထိများအား မနက်ဖြန် သီရိဂုတ္တ၏အိမ်သို့ ဆွမ်းစားကြွပါရန် ပင့်လျှောက်သောအခါ တိတ္ထိဆရာကြီးများကလည်း အံ့သြကြ၏။ ဝမ်းလည်း ဝမ်းသာကြ၏။ ဂရဟာဒိန္နကိုလည်း ချီးကျူးကြ၏။ ဆွယ်တရားအဟောကောင်းသော ဂရဟာဒိန္နလို ဒါယကာကောင်း များများရလျှင် တိတ္ထိတို့၏ သာသနာသည် မြတ်စွာဘုရား၏ သာသနာလိုပင် ထွန်းလင်းတောက်ပနေမည် ဖြစ်၏။ မြတ်စွာဘုရား၏ သာသနာတော်နှင့်အပြိုင် ယှဉ်နိုင်မည်ဖြစ်၏။ ဤသို့ တိတ္ထိဆရာကြီးများက ယုံကြည်လာကြ၏။ ထို့ကြောင့် သူတို့သည် ဒါယကာကောင်းများကို စည်းရုံးရန် စဉ်းစားကြ၏။ စဉ်းစားသည့်အတိုင်းလည်း ဆောင်ရွက်ရန် ဆုံးဖြတ်ကြ၏။

သီရိဂုတ္တ၏အိမ်ကား ကြီးကျယ်၏။ ခမ်းလည်းခမ်းနား၏။ အဆောင်လည်း များစွာရှိ၏။ အိမ်နှစ်ဆောင်ကြား၌ တိတ္ထိဆရာကြီးများကို ဆွမ်းကျွေးရန် စီစဉ်၏။ အိမ်နှစ်ဆောင်ကြား၌ တွင်းကြီးတစ်တွင်းကို တူးစေ၏။ တွင်းထဲ၌ မစင်များကို ထည့်ထား၏။ တွင်းပေါ်၌ တိတ္ထိဆရာကြီးများ ထိုင်ရန် နေရာထိုင်ခင်းကို စီစဉ်ထား၏။ အခင်းများကို ရုပ်သိမ်းလိုက်ပါက တိတ္ထိဆရာကြီးများသည် မစင်တွင်းထဲသို့ ဦးစောက်ပြောင်းပြန်ကျသွားအောင်လည်း စီစဉ်ထား၏။ အပေါ်ယံကြောအနေဖြင့်ကြည့်လျှင် တိတ္ထိဆရာကြီးများ၏ နေရာထိုင်ခင်းများသည် အားလုံးထိုက်ထိုက်တန်တန်နှင့် မွန်မွန်မြတ်မြတ်ချည်း ဖြစ်၏။ စာပည့်များကိုလည်း လျှို့ဝှက်စွာ ညွှန်ကြားထား၏။ တိတ္ထိဆရာကြီးငါးရာတို့ နေရာအသီးသီး၌ ထိုင်လိုက်ပြီးသည်နှင့် တစ်ပြိုင်နက် အခင်းပျဉ်ချပ်ကို ရုပ်သိမ်းလိုက်ရန်ဖြစ်၏။ ထိုသို့ရုပ်သိမ်းလိုက်ပါက တိတ္ထိဆရာကြီး ငါးရာတို့သည် အောက်က မစင်တွင်းထဲသို့ ဦးစောက်ပြောင်းပြန်ကျသွားမည် ဖြစ်၏။

စားသောက်ဖွယ် အိုးကြီး၊ အိုးငယ်များကိုလည်း ဟန် ပြအနေဖြင့် ငှက်ပျောရွက်တို့ဖြင့်လည်းကောင်း၊ အဝတ် ဖြူတို့ဖြင့်လည်းကောင်း မျက်နှာဝတို့ကို ဖုံးအုပ်၍ စည်း နှောင်ထားစေ၏။ အိုးထဲ၌ကား ဘာမျှမရှိ။ အိမ်၏နောက် ဘက်၌ကား ယာဂုထမင်း၊ ထောပတ်၊ ဆီ၊ ပျား၊ တင် မုန့်မှုန့်တို့ဖြင့် အလိမ်းလိမ်းကပ်ငြိအောင် အိုးတို့ကို ပြု ထား၏။ အပေါ်ယံအနေဖြင့်ကြည့်လျှင် စားစရာ သော စရာများကို အားလုံးအဆင်သင့် ဖြစ်နေလေ၏။

ဂရဟာဒိန္နသူကြွယ်ကား တစ်ညဉ့်လုံးပင် အိပ် သည်ဟူ၍မရှိ။ စိတ်လည်းပူ၏၊ ဝမ်းလည်းသာ၏။ စိ ခြင်းနှင့် ဝမ်းသာခြင်းတို့သည် သူတစ်ပြန် ကိုယ်တ လုံးထွေးလျက်ရှိကြ၏။ နံနက်မိုးလင်းသည်နှင့်တ နက် ဂရဟာဒိန္နသည် သီရိဂုတ္တ၏အိမ်သို့ အဆောတ



www.burmeseclassic.com

www.burmeseclassic.com

သွားလေ၏။ သူ၏ ဆရာတိတ္ထိကြီးများအတွက် ဆွမ်းကျွေးမှုအစီအစဉ်နှင့်ပတ်သက်၍ သီရိဂုတ္တက မည်သို့စီစဉ်ထားသည်ကို သိချင်၏။ သီရိဂုတ္တကလည်း သူစီစဉ်ထားသည့်အတိုင်း အစီအစဉ်များကို အားရကျေနပ်ဖွယ်ကောင်းလောက်အောင် ပြလိုက်၏။ တကယ်လည်း ကျေနပ်ဖွယ်ကောင်းပါ၏။

ဂရဟာဒိန္နသည် ယခုမှပင် ရင်အေးသွားတော့၏။ သူ့ဆရာတိတ္ထိများကို ဝင့်ကြွားစွာ သွားရောက်ပင့်ဆောင်၏။ သူကိုယ်တိုင်ကမူ သီရိဂုတ္တ၏အိမ်သို့ အရောက်ပို့ပေး၏။ တိတ္ထိကြီးငါးရာတို့သည်လည်း အားရဝမ်းသာစွာပင် သီရိဂုတ္တအိမ်သို့ ဆွမ်းစားကြွလာကြသဖြင့် တိတ္ထိတို့၏ အစဉ်အတန်းကြီးသည် မညီမညာပင်ရှိပါ၏။ ရိုးရိုးမျက်စိဖြင့် ကြည့်လျှင်ပင် တိတ္ထိတို့၏ ကြွဟန်သည် ကြည်ညိုဖွယ်ကို မဆောင်လှ။ သို့ရာတွင် ဂရဟာဒိန္နအနေဖြင့်ကား ကြည်ညိုရင်းရှိသည်ကတစ်ကြောင်း၊ ဝမ်းသာမှုလွန်ကဲနေသည်က တစ်ကြောင်းတို့ကြောင့် ထူးခြားမှုကိုမတွေ့။ ဝမ်းသာအားရဖြစ်နေခြင်းဖြင့် ကိုယ့်အာရုံနှင့် ကိုယ်ပျော်နေလေ၏။

တိတ္ထိဆရာကြီးတို့ ကြွလာသောအခါ သီရိဂုတ္တသည် အိမ်ဝမှထွက်၍ ကြိုဆို၏။ ငါးပါးသောထိခြင်းဖြင့် ရှိခိုး၏။ ထို့နောက် ဤသို့ကြံ ဆင်ခြင်၏။

အသင်တိတ္ထိတို့သည် မိတ်ဆွေဂရဟာဒိန္န ပြောဆိုသည့်အတိုင်း အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကို သိသည်ဆိုပါလျှင် ဤအိမ်တွင်းသို့ မကြွပါလင့်။ ဤအိမ်အတွင်း၌ အသင်တို့အတွက် ကျွေးမွေးလှူဒါန်းရန် စီစဉ်ထားသောအရာဟူ၍ ဘာမျှမရှိ။ အကယ်၍ အသင်တို့သည် ဂရဟိန္န ပြောသည့်အတိုင်း အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကို သိသဖြင့် ဤအိမ်တွင်းသို့ဝင်၍ ကြွကြပါက မစင်တွင်းသို့ ဦးစောက်ပြောင်းပြန် ကျရောက်ကြပေလိမ့်မည်။ ဤသည်မှာ အသင်တို့၏ တန်ခိုးအာနုဘော်ကို စမ်းသပ်ခြင်း ဖြစ်ပါ၏။

ဤသို့ သီရိဂုတ္တက တိတ္ထိကြီးတို့၏ ရှေ့မှရပ်ကာ ...က်အုပ်ကို ချီမြှောက်ပြီး စိတ်ဖြင့်ပြောဆို၏။ သို့ရာတွင် ...ကြီးတို့ကား အိမ်တွင်းသို့ ဝင်ရောက်ရန်သာ ကြိုးစား...က် ရှိလေသည်။

ထို့နောက် တိတ္ထိကြီးငါးရာတို့အား အစဉ်အတိုင်း ဝင်ရောက်ရန် ပင့်၏။ ဝင်ရောက်သောအခါ တစ်ဦးချင်း မထိုင်ကြရန်ကိုလည်း လျှောက်ထား၏။ အားလုံး ငါးရာ ညီညီညာညာရပ်ပြီးမှ တစ်ပြိုင်နက် ထိုင်ကြရန် ဖြစ်၏။ ဤသို့ပြုရခြင်းမှာ ဤအိမ်သို့ ရောက်လာကြကုန်သော အရှင်ကောင်းတို့အတွက် သတ်မှတ်ထားအပ်သော ဝတ်ပင်ဖြစ်၏ဟူ၍လည်း လျှောက်ထားကြ၏။

လျှောက်ထားသည့်အတိုင်းပင် တိတ္ထိကြီးငါးရာတို့သည် မိမိ၏နေရာ အသီးသီး၌ မထိုင်ကြသေးဘဲ ရပ်နေကြလေ၏။ အားလုံး စုံညီရပ်မိပြီးသောအခါ ထိုင်ရန် အားထုတ်ကြ၏။

တိတ္ထိကြီးတို့ထိုင်ရန် အားထုတ်သည်နှင့်တစ်ပြိုင်နက် အမှုလုပ်ယောကျ်ားတို့က တိတ္ထိကြီးများ၏အောက်ရှိ ပျဉ်ချပ်များကို ဆွဲဖယ်လိုက်ကြ၏။ ထိုအခါ တိတ္ထိကြီးအားလုံးတို့သည် မစင်တွင်းသို့ ဦးစောက်ပြောင်းပြန်ကျကြကုန်၏။ တိတ္ထိကြီးများကား မည်သူ့ကို စိတ်ဆိုးရမှန်းမသိအောင်ပင် ရှိကြ၏။ သီရိဂုတ္တကို စိတ်ဆိုးရမည်လော၊ ဂရဟာဒိန္နကို စိတ်ဆိုးရမည်လော မဝေခွဲတတ်အောင်ပင် ရှိကြ၏။ နောက်ဆုံး၌ နှစ်ယောက်လုံးကိုပင် စိတ်ဆိုးကြလေ၏။

တိတ္ထိကြီးများသည် မစင်တွင်းမှ တက်သောအခါ၌လည်း လှောင်ပြောင်ခြင်းကို ခံရသေး၏။ တစ်ဒုက္ခအပေါ် နှစ်ဒုက္ခဆင့်သည့် သဘောပင်ဖြစ်၏။ အတိတ်၊ ပစ္စုပ္ပန် သိသည်ဆိုပါလျက် အောက်၌ မစင်တွင်းရှိသည်ကိုပင် မသိနိုင်ကြသည်မှာ အသင်တို့၏ အပြောနှင့်အလုပ် ရှေ့နောက် ညီညွတ်ပါ၏လောဟူ၍လည်း စောဒနာခြင်းကို ခံကြရရှာ၏။

သီရိဂုတ္တအပေါ် ယုံကြည်အားရခဲ့သမျှသည် တိတ္ထိကြီးတို့၏ ပြင်းထန်သော နာကြည်းခြင်းအဖြစ်သို့ ပြောင်းလဲသွား၏။ ယခုဖြစ်ရပ်နှင့်ပတ်သက်၍ ရှက်လည်း ရှက်၏။ လူများ သိသွားမှာလည်း စိုးရိမ်၏။ လူသိရှင်ကြားလက်စားလည်း ချေလို၏။ ဘာလုပ်ရမှန်း မသိလောက်အောင် တိတ္ထိကြီးတို့သည် စိတ်လှုပ်ရှားကြ၏။

နောက်ဆုံး၌ ဂရဟာဒိန္နကို စိတ်ဆိုးသော်လည်း ဖြစ်ရပ်များကို ဂရဟာဒိန္နအား ပြောပြ၏။ အပြစ်လည်းတင်၏။ ထိုအခါ ဂရဟာဒိန္နသည် တကယ်ပင် စိတ်ဆိုး၏။ တိတ္ထိကြီးများကို မကြည်ညိုသည်ဆိုစေဦး၊ သီရိဂုတ္တအနေ

www.burmeseclassic.com

ဖြင့် သူ့ကို ငဲ့သင့်၏။ သူ့မျက်နှာကို ထောက်သင့်၏။ သီရိဂုတ္တသည် သူ့ကို စော်ကားသည်ဟု မြင်၏။ ဂရဟဒိန္နသည် သီရိဂုတ္တကို အရေးယူရန် စဉ်းစား၏။ နောက်ဆုံး၌ ကောသလမင်းကြီးအား တိုင်ကြားရန် ဆုံးဖြတ်လိုက်လေသည်။

သီရိဂုတ္တအနေဖြင့်ကား ဂရဟဒိန္နကို စော်ကားလိုစိတ်ရှိသည် မဟုတ်၊ ဂရဟဒိန္န၏အကျိုးကို ဆောင်လိုသောစိတ်သာ ရှိ၏။ မိတ်ဆွေကောင်းတို့၏ ဝတ္တရားနှင့်အညီ ကိုးကွယ်ယုံကြည်မှုနှင့်ပတ်သက်၍ ကိုးကွယ်မှုမမှားစေရန်သာ သင့်လျော်ထိုက်တန်သောနည်းဖြင့် ဂရဟဒိန္နအား သင်ခန်းစာပေးလိုရင်းဖြစ်၏။ သီရိဂုတ္တအနေဖြင့် တိတ္ထိကြီးတို့အား စော်ကားလိုစိတ်လည်းမရှိ။ ရတောင့်ရခဲသော လူ့ဘဝကိုရခိုက် အိမ်ရာတည်ထောင် လူတို့ဘောင်၌ မနေပါက မှန်ကန်သောအကျင့်မြတ် ဗြဟ္မစရိယကို ကျင့်သုံးနိုင်ရေးအတွက် ထိုက်တန်သော သင်ခန်းစာကို တိတ္ထိကြီးတို့အား ပေးရန်သာဖြစ်၏။ သို့ရာတွင် သီရိဂုတ္တပေးသော သင်ခန်းစာကား တိတ္ထိကြီးများအတွက်ရော ဂရဟဒိန္နအတွက်ပါ ဆေးခါးကြီးသဖွယ် ဖြစ်၏။

တိတ္ထိကြီးတို့ကား ဆွမ်းကျွေးယောင်ဆောင်ပြီး မစင်တွင်းသို့ ချလိုက်သည့်ကိစ္စနှင့် ပတ်သက်၍ သီရိဂုတ္တအား အသပြာဒဏ်ငွေတစ်ထောင် တပ်ရိုက်ပါရန် ကောသလမင်းကြီးအား ဂရဟဒိန္နက တိုင်ကြားလိုက်၏။ သီရိဂုတ္တကား ဂရဟဒိန္နကို စိတ်မဆိုး။ သူ့စေတနာကို နားလည်လိမ့်မည်ဟု သူက ယုံကြည်၏။ ကောသလမင်းကြီးကို တိုင်လိုက်သဖြင့် ကောသလမင်းကြီး၏ ဆင့်ခေါ်ချက်အရ သီရိဂုတ္တသည် မင်းကြီးထံ သွားရောက်၍ ထုချေရမည်။

ကောသလမင်းကြီးကား ဘာသာတရား လေးနက်စွာ ယုံကြည်သူမဟုတ်၊ အုပ်ချုပ်သူအနေဖြင့် သင့်လျော်သလိုသာ ဆက်ဆံသူဖြစ်၏။ ဗုဒ္ဓဘာသာဝင်များနှင့် တွေ့လျှင်လည်း ဗုဒ္ဓဘာသာဝင်အလိုက် ဆက်ဆံ၏။ တိတ္ထိတို့၏ ဒါယကာများနှင့် တွေ့လျှင်လည်း တိတ္ထိတို့၏ ဘာသာတရား၌ သင့်လျော်သလို ဆက်ဆံ၏။ သာဝတ္ထိပြည်၌ကား ဗုဒ္ဓဘာသာကျောင်းတော်ကြီးများလည်း ရှိ၏။ တိတ္ထိတို့၏ ကျောင်းတော်ကြီးများလည်း ရှိ၏။ ပရိဗိုဇ်တို့၏ ကျောင်းတော်ကြီးများလည်း ရှိ၏။ ဘာသာတရားအားလုံးကို လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့် ပြုထား၏။ ကောသလမင်းကြီးအနေဖြင့်လည်း အစပထမပိုင်း၌ မည်သည့်ဘာသာ၌မျှ တိတိကျကျ ယုံကြည်ကိုးကွယ်သူ မဟုတ်။ နောက်ပိုင်းရောက်မှသာ ဗုဒ္ဓတရားတော်၌ သက်ဝင်ယုံကြည်လာသူဖြစ်၏။ မည်သည့်ဘာသာတရားကို ကိုးကွယ်သည်ဖြစ်စေ အုပ်ချုပ်သူမင်းကြီး အနေဖြင့်မူ မှန်ရာအတိုင်းသာ စီရင်ဆုံးဖြတ်ရမည်ဖြစ်သည်။

မင်းကြီးက ဖြစ်ရပ်များကို မေး၏။ ဂရဟဒိန္နဘက်မှလည်း တိတ္ထိကြီးများကိုပင့်၍ ဆွမ်းကျွေးမည့် အယောင်ဆောင်ကာ မစင်တွင်းထဲသို့ကျအောင် သီရိဂုတ္တက လုပ်ပါကြောင်း၊ ထိုကဲ့သို့လုပ်ခြင်းသည် ဘာသာဝင်တို့၏စိတ်ကို နာကြည်းစေပါကြောင်း၊ တိတ္ထိကြီးတို့၏ ပုညက္ခေတ္တဂုဏ်ကို ဖျက်ဆီးရာ ရောက်ပါကြောင်းဖြင့် စွဲချက်တင်၏။ တိတ္ထိကြီးများကို မစင်တွင်းထဲသို့ ကျရောက်အောင် လုပ်သည်မှာ မှန်ပါကြောင်း၊ အမှန်အားဖြင့် သီရိဂုတ္တဘက်မှလည်း တိတ္ထိကြီးများကို မစင်တွင်းထဲသို့ တမင်တကာကျအောင်လုပ်ခြင်း မဟုတ်ပါကြောင်း၊ ဂရဟဒိန္န၏ ပြောဆိုချက်အရ တိတ္ထိကြီးများသည် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကို သိသည့်အပြင် အရာရာကို သိသည်။ မသိသောအရာကို ဘာမျှမရှိဟု ဆိုသဖြင့် တကယ်ပင် အရာရာကို သိနိုင်ခြင်း ရှိ,မရှိကို စုံစမ်းသောအနေဖြင့်သာ ယခုကဲ့သို့ စီစဉ်ခြင်း ဖြစ်ပါကြောင်း၊ တိတ္ထိကြီးတို့၏ တန်ခိုးရှိန်စော်အာနုဘော်ကို စူးစမ်းခြင်းသာ ဖြစ်ပါကြောင်း၊ တကယ်တမ်း စော်ကားလိုစိတ်များ မည်သူ့အပေါ်မှာမှ မရှိပါကြောင်းဖြင့် ရှင်းလင်းထုချေ၏။ ထိုအခါ ကောသလမင်းကြီးက သီရိဂုတ္တကို အနိုင်ပေးလိုက်လေသည်။

ဂရဟဒိန္နကား ယူကျုံးမရ ဖြစ်ရပြန်သည်။ တရားဆိုင်ပါကလည်း တရားကရှုံးပြန် မိမိ၏ ဆရာတိတ္ထိများအနေဖြင့်လည်း လူသိရှင်ကြား အရှက်တကွဲ အကျိုးနည်းဖြစ်ရပြန်သည်။ သူ ဘာလုပ်ရမည်နည်း။ ဘာမှမလုပ်တတ်အောင် ရှိလေ၏။ သူက ကောသလမင်းကြီး မျက်နှာလိုက်သည်ဟုထင်၏။ နောက်ဆုံးအနေဖြင့် သူတတ်နိုင်သည့်နည်းမှာ လက်စားချေသည့်နည်းပင် ဖြစ်သည်။ မြတ်စွာဘုရားနှင့် သူ၏ တပည့်သာဝကများကို သီရိဂုတ္တလို ဆွမ်းစားပင့်ပြီး လက်စားချေသည့်နည်းဖြင့် လက်စား



www.burmeseclassic.com

www.burmeseclassic.com

ချေရန်ဖြစ်၏။ ထိုနည်းကိုသုံးရန် ဂရဟာဒိန္နသည် သန္နိဋ္ဌာန် ချလိုက်လေသည်။

ဂရဟာဒိန္နသည် သီရိဂုတ္တကို စကားမပြော၊ စိတ်ဆိုးနေသည်။ မိမိ၏ ဆရာတိတ္ထိကြီးများကို ရက်ရက်စက်စက် မစင်တွင်းထဲသို့ကျအောင် လုပ်ခဲ့သောကြောင့်ဖြစ်သည်။ သီရိဂုတ္တ၏ဆရာ မြတ်စွာဘုရားကိုလည်း တစ်နည်းနည်းဖြင့် အရှက်ကွဲအောင်လုပ်ရန် ဂရဟာဒိန္နက သန္နိဋ္ဌာန်ချထား၏။ အမှန်အားဖြင့် ဂရဟာဒိန္နသည် မြတ်စွာဘုရား၏ အနန္တစွမ်းအားတော်များကို မသိ၍ ထိုကဲ့သို့ သန္နိဋ္ဌာန်ချထားခြင်း ဖြစ်၏။ မြတ်စွာဘုရားကို ဤလောကဗြဟ္မာ၊ နတ်၊ လူတို့တွင် မည်သူကမျှ အသက်သေလောက်အောင် အန္တရာယ်မပြုနိုင်သည်ကို ဂရဟာဒိန္နက မသိ။ အကယ်၍ သိလျှင်လည်း ယုံကြည်ခြင်းမရှိ။ အကြောင်းတရားများ ပြည့်စုံလုံလောက်ပါက လိုအပ်သော အကျိုးတရားဟူသည် ဖြစ်ရမည်ဟူ၍ ဂရဟာဒိန္နက ယုံကြည်၏။ သူ၏ယုံကြည်ချက်ကား လောကနိယာမသာ ဖြစ်၏။ မြတ်စွာဘုရားကား လောကနိယာမကိုလွန်၍ လောကုတ္တရာနိယာမနှင့်သာ ဆိုင်၏။ ထို့ကြောင့် မြတ်စွာဘုရားသည် တန်ခိုးအရာ၌ အကြောင်းနှင့် အကျိုးတို့၏ ဖြစ်စဉ်နယ်နိမိတ်မှ လွန်မြောက်ပြီးဖြစ်၏။ ဤဖြစ်ရပ်ကို ဂရဟာဒိန္နသည် ကိုယ်တိုင်မျက်ဝါးထင်ထင် တွေ့မြင်သောအခါမှသာ ယုံကြည်ပေလိမ့်မည်။

ဂရဟာဒိန္နသည် သီရိဂုတ္တနှင့် စကားမပြော၍မဖြစ်။ သီရိဂုတ္တကို အချိုသတ်ဖို့က ရှိသေး၏။ ဂရဟာဒိန္နက သီရိဂုတ္တ၏ဆရာ မြတ်စွာဘုရားကို ကြည်ညိုဟန်ဆောင်ရပေဦးမည်။ သို့မှသာ လက်စားချေ၍ ရမည်ဖြစ်၏။ ထို့ကြောင့် ဂရဟာဒိန္နက သီရိဂုတ္တနှင့် ပြန်လည်၍ စကားပြောဆို၏။ စကားများတွင် မြတ်စွာဘုရားနှင့် တပည့်သာဝကများသည် ကြည်ညိုဖွယ်ဖြစ်ကြောင်း၊ အကျင့်ရာနှင့် ပြည့်စုံ၍ အသိဝိဇ္ဇာနှင့်လည်း ပြည့်စုံကြောင်း ပါဝင်၏။ သူ၏ ဆရာတိတ္ထိကြီးများသည် အပြောင်းအလုပ် မညီသူများဖြစ်ကြောင်းလည်း ပါဝင်၏။ ထိုသို့ မြတ်စွာဘုရားကို ချီးမွမ်းပြီး တိတ္ထိကြီးများကို ကဲ့ရဲ့သည် ဂရဟာဒိန္နက သီရိဂုတ္တကို အချိုသတ်ခြင်းသာ ဖြစ်သည်။

ရက်အတန်ကြာသောအခါ ဂရဟာဒိန္န သီရိဂုတ္တအား မြတ်စွာဘုရားနှင့် ရဟန်းငါးရာတို့အား သူ၏အိမ်သို့ ဆွမ်းစားပင့်ခိုင်း၏။ သီရိဂုတ္တအနေဖြင့် မယုံတစ်ဝက် ယုံတစ်ဝက်ဖြစ်နေ၏။ တကယ်ကြည်ညို၍ ပင့်ခြင်းလည်း ဖြစ်နိုင်၏။ လက်စားချေလို၍ ပင့်ခြင်းလည်း ဖြစ်နိုင်၏။ သို့ရာတွင် မြတ်စွာဘုရား၏ သဗ္ဗညုတဉာဏ်တော်ကို သီရိဂုတ္တက ယုံကြည်ပြီးသား ဖြစ်၏။ မြတ်စွာဘုရားအတွက် မည်သည့်အန္တရာယ်မှ မဖြစ်နိုင်ကြောင်းကိုလည်း သီရိဂုတ္တက သိ၏။ ထို့ကြောင့် သီရိဂုတ္တက မြတ်စွာဘုရားနှင့် နောက်ပါရဟန်းငါးရာတို့အား ဂရဟာဒိန္န၏ အိမ်သို့ ပင့်ပေးမည်ဖြစ်ကြောင်း ဝန်ခံလိုက်၏။

ထိုအခါ ဂရဟာဒိန္နက အလွန်ပင် ဝမ်းသာသွားသည်။ သီရိဂုတ္တအနေဖြင့် မြတ်စွာဘုရားနှင့် ရဟန်းငါးရာတို့အား ပင့်မှ ပင့်ပေးပါလေမလားဟူ၍ ဂရဟာဒိန္နက သံသယဖြစ်ခဲ့၏။ ယခုတော့ သူ၏ သံသယသည် ကင်းပျောက်သွားလေပြီ။ သူလုပ်စရာရှိသည်များကို ဆက်လက်လုပ်ရန်သာ လိုတော့သည်။ သူ၏ ဆရာတိတ္ထိကြီးများကို မစင်တွင်းထဲသို့ ကျအောင်သာ သီရိဂုတ္တက လုပ်ခဲ့၏။ သီရိဂုတ္တ၏ ဆရာ မြတ်စွာဘုရားနှင့် ရဟန်းငါးရာတို့ကို မီးကျီးတွင်းထဲသို့ကျပြီး သေလွန်အောင် သန္နိဋ္ဌာန်ချထားလေသည်။ သို့မှသာ ထိုက်တန်သော လက်စားချေခြင်း ဖြစ်ပေမည်။ ဂရဟာဒိန္နသည် သူ၏ လက်စားချေမှုနှင့်ပတ်သက်သည့် အစီအစဉ်ကို ကြိတ်၍ဝမ်းသာနေ၏။

ဂရဟာဒိန္နသည်လည်း ကြွယ်ဝချမ်းသာသူ ဖြစ်၏။ အိမ်များ အဆောင်ဆောင်ရှိသူဖြစ်၏။ ထို့ကြောင့် အိမ်နှစ်ဆောင်ကြား၌ ကြီးစွာသောတွင်းကို တူးစေ၏။ တွင်းထဲ၌ ရှားသားမီးကျီးများကို အပြည့်ထည့်စေ၏။ မီးကျီးတွင်းများအပေါ်၌ နေရာထိုင်ခင်းကို စီစဉ်စေ၏။ နေရာထိုင်ခင်းကို ကျကျနန စီစဉ်ထား၏။ သီရိဂုတ္တ စီစဉ်ထားသည်ထက် ပို၍ကောင်းအောင် စီစဉ်၏။ မြတ်စွာဘုရားကို လှည့်စား၍ ရမည်ဟု ဂရဟာဒိန္နက ထင်၏။

သီရိဂုတ္တသည် မြတ်စွာဘုရား သီတင်းသုံးတော်မူရာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ သွားရောက်၍ ဂရဟာဒိန္န၏ အိမ်သို့ နောက်ပါရဟန်းငါးရာနှင့် ဆွမ်းစားကြွတော်မူရန် လျှောက်ထား၏။ ဂရဟာဒိန္န ဆရာတိတ္ထိကြီးငါးရာတို့အား သူ၏ အိမ်သို့ပင့်ပြီး မစင်တွင်းထဲသို့ ကျစေခဲ့ကြောင်းကိုလည်း လျှောက်ထား၏။ ယခု ဂရဟာဒိန္နက

www.burmeseclassic.com

ဆွမ်းစားပင့်သည်မှာ လက်စားချေလို၍ ဖြစ်နိုင်ကြောင်း ကိုလည်း လျှောက်ထား၏။ အမှန်အားဖြင့် သီရိဂုတ္တသည် စိတ်လှုပ်ရှားလွန်း၍ ထိုကဲ့သို့ မြတ်စွာဘုရားအား ဖြစ်ရပ်မှန်များကို လျှောက်ထားခြင်း ဖြစ်၏။ လက်စားချေလို၍ ဆွမ်းစားပင့်ခြင်း ဖြစ်ပါက မြတ်စွာဘုရားအနေဖြင့် ကြို တင်ဆင်ခြင်ပြီး မလိုက်တန်က မလိုက်နိုင်ရန် သတိပေး သည့်အနေဖြင့် သီရိဂုတ္တက လျှောက်ထားခြင်း ဖြစ်၏။ သီရိဂုတ္တသည် ပုထုဇဉ်မျှသာဖြစ်၍ မြတ်စွာဘုရား၏ ဂုဏ်တော်အနန္တနှင့် ဉာဏ်တော်အနန္တကို ပိုင်းခြား၍ သိ နိုင်ခြင်း မရှိသောကြောင့် ယခုကဲ့သို့ ပူပင်ကြောင့်ကြမိ ခြင်းသာ ဖြစ်လေသည်။ ဤသည်မှာ ပုထုဇဉ်တို့၏ ဓမ္မ တာဖြစ်သည်။

မြတ်စွာဘုရားသည် သီရိဂုတ္တသူကြွယ်၏ လျှောက် ထားချက်အရ ဆင်ခြင်တော်မူသောအခါ ဂရဟဒိန္န၏ အိမ်နှစ်ဆောင်ကြား၌ ကြီးစွာသောတွင်းကို တူးစေပြီး မီး ကျီးခဲ အပြည့်ထည့်ထားသည်ကို မြင်တော်မူ၏။ တစ်ဖန် ဆွမ်းစားကြွသွားတော်မူခြင်းအားဖြင့် သီရိဂုတ္တသူကြွယ် နှင့် ဂရဟဒိန္နသူကြွယ် နှစ်ဦးလုံး သောတာပန်ဖြစ်မည်ကို လည်းကောင်း၊ ပရိသတ်များလည်း သစ္စာတရားကို ထင် လင်းစွာသိမည်ကိုလည်းကောင်း မြင်တော်မူ၏။ ထို့ကြောင့် မြတ်စွာဘုရားသည် နောက်ပါရဟန်းငါးရာနှင့်အတူ ဂရဟ ဒိန္န သူကြွယ်၏အိမ်သို့ ဆွမ်းစားကြွရန် လက်ခံတော်မူ၏။

နောက်တစ်နေ့ နံနက်စောစောတွင် သီရိဂုတ္တသည် ဂရဟဒိန္န၏အိမ်သို့ အရောက်သွား၏။ မြတ်စွာဘုရားနှင့် နောက်ပါရဟန်းငါးရာတို့အတွက် ဆွမ်းများ အဆင်သင့် ဖြစ်၊မဖြစ်ကို လေ့လာ၏။ ဂရဟဒိန္နကလည်း ဆွမ်းများ အဆင်သင့်ဖြစ်ကြောင်းကို ပြောပြလိုက်၏။ လက်တွေ့ အားဖြင့် ဆွမ်းအိုး၊ ယာဂုအိုး၊ ထောပတ်အိုး၊ သကာပျား အိုးများကိုလည်း ပြလိုက်၏။ အမှန်အားဖြင့် ထိုအရာများ သည် ဟန်ပြများသာဖြစ်သည်။ အထဲ၌ ဘာမျှမရှိ။ အထဲ ၌ ဘာမျှမရှိသော်လည်း အပြင်ပန်းအနေဖြင့် ရှိဟန်ဆောင် ထားခြင်းဖြစ်သည်။ ဤသည်ကိုကား သီရိဂုတ္တ သူကြွယ် က မသိ။ ဂရဟဒိန္န ပြောသည့်အတိုင်းပင် လက်ခံယုံ ကြည်လိုက်၏။ သို့ရာတွင် ဤနည်းသည်ကား သူစီစဉ်ခဲ့ သည့်နည်း ဖြစ်သည်ကိုတော့ အမှတ်ရထား၏။

ဂရဟဒိန္နအိမ်၌ ပရိသတ်များသည် စည်ကားလှ၏။ သမ္မာဒိဋ္ဌိ အုပ်စုဝင်များကလည်း မြတ်စွာဘုရား၏ တရား ဒေသနာတော်ကို နာကြားရန်နှင့် မြတ်စွာဘုရား၏ တင့် တယ်သော အသရေတော်ကို ဖူးမြော်ရန်ဖြစ်သည်။ မိစ္ဆာ ဒိဋ္ဌိအုပ်စုကလည်း မြတ်စွာဘုရားနှင့် ရဟန်းငါးရာတို့ ပျက်စီးခြင်းမလှ ပျက်စီးသည်ကို ကြည့်ရှုကြရန် ဖြစ် သည်။ ဆွမ်းစားချိန် ရောက်သောအခါ မြတ်စွာဘုရားနှင့် နောက်ပါရဟန်းငါးရာတို့သည် ဂရဟဒိန္နအိမ်သို့ ဆွမ်းစား ကြွကြသည်။ ဂရဟဒိန္န၏ အိမ်တံခါးဝသို့ ရောက်သော အခါ ဂရဟဒိန္နသူကြွယ်သည် အိမ်မှထွက်၍ မြတ်စွာ ဘုရားအား ငါးပါးသောထိခြင်းဖြင့် ရှိခိုး၏။ စိတ်ထဲမှာ လည်း ဤသို့လျှောက်ထား၏။

'အရှင်တို့သည် အလုံးစုံကို သိသည်ဆိုပါလျှင် ကျွန်ုပ် ၏အိမ်သို့ မဝင်ပါလင့်။ အရှင်တို့အား ကျွေးမွေးစရာဟူ၍ ဘာမျှမရှိ။ အရှင်တို့အား မီးကျီးတွင်းထဲသို့ ကျစေနိုင်မည် ဖြစ်သည်'

ဂရဟဒိန္နသည် မြတ်စွာဘုရား၏ သပိတ်တော်ကို ယူ၍ ဤအရပ်မှ ကြွတော်မူပါဟု လျှောက်ထားသည်။ ထို့နောက် မြတ်စွာဘုရားအား တစ်ပါးထိုင်ပြီးမှ တစ်ပါး ကြွရန်ကိုလည်း လျှောက်၏။ မြတ်စွာဘုရားသည်လည်း ဂရဟဒိန္န လျှောက်ထားသည့်အတိုင်း တစ်ပါးတည်း ကြွ တော်မူသည်။ မီးကျီးတွင်းအနီးသို့ ရောက်သောအခါ ဂရဟဒိန္နသည် ဘေးသို့ ရှောင်လိုက်သည်။ မြတ်စွာဘုရား သည် မီးကျီးတွင်း၏အထက်၌ ခြေတော်ကို လှမ်းတော် မူလိုက်သည့်အခါ မီးကျီးတွင်းထဲမှ လှည်းဘီးပမာဏရှိ သော ပဒုမ္မာကြာသည် ခင်းထားသောဖျာကို ဖယ်ရှား၍ မြတ်စွာဘုရား၏ ခြေတော်ကို ခံလင့်၏။ မြတ်စွာဘုရား သည် ပဒုမ္မာကြာပေါ်၌ နင်းကြွတော်မူပြီးလျှင် မြတ်စွာ ဘုရားအတွက် ခင်းထားသောနေရာ၌ ထိုင်တော်မူ၏။ ရဟန်းငါးရာတို့သည်လည်း အလားတူပင် ပေါက်လာ သော ပဒုမ္မာကြာပေါ်သို့ နင်းကြွပြီးလျှင် မိမိတို့အတွက် ခင်းထားအပ်သော နေရာအသီးသီး၌ ထိုင်နေတော်မူကြ ၏။ ထိုအခြင်းအရာကို မြင်တွေ့ရသောအခါ ဂရဟဒိန္န သည် ဇောချွေးပြန်လေပြီ။

ဂရဟဒိန္နသည် ချက်ချင်းပင် သီရိဂုတ္တ သူကြွယ်အိမ် သို့ သွားရောက်၍ ဖြစ်ရပ်မှန်များကို ပြောပြ၏။ ယခုမှ ခက်ချေပြီ။ မြတ်စွာဘုရားနှင့် နောက်ပါရဟန်းငါးရာတို့



www.burmeseclassic.com

www.burmeseclassic.com

အား ကျွေးမွေးစရာဟူ၍ ဘာမျှမရှိ။ ယခုမှ ချက်ပြုတ်ရန်လည်း အချိန်မရှိတော့။ မြတ်စွာဘုရား၏ တန်ခိုးတော်ကို မြင်ရသဖြင့် ကျွေးမွေးလှူဒါန်းချင်သည့် ဆန္ဒကလည်း ပြင်းပြလေသည်။ ဂရဟာဒိန္နကား ကျွတ်ချိန်တန်လေပြီ။ သူ၏ ဣန္ဒြေတို့သည်လည်း အထွတ်အထိပ်သို့ ရောက်လေပြီ။ ထို့ကြောင့် သူက သီရိဂုတ္တထံမှ အကူအညီကို တောင်းခံခြင်း ဖြစ်သည်။

သီရိဂုတ္တက အေးဆေးစွာပင် ပြန်လည်၍ ပြောလိုက်သည်။ မြတ်စွာဘုရားအတွက်ဆိုလျှင် အရာရာသည် ပြီးပြည့်စုံမြဲဖြစ်သည်။ ထို့ကြောင့် ဆွမ်းအိုးထဲတွင် ယခင်က ဆွမ်းမရှိသော်လည်း ယခု ဆွမ်းရှိနေမည် ဖြစ်သည်။ ယာဂုအိုးထဲ၌ ယခင်က ယာဂုမရှိသော်လည်း ယခု ယာဂုရှိနေမည် ဖြစ်သည်။ ထောပတ်အိုးထဲ၌ ယခင်က ထောပတ်မရှိသော်လည်း ယခု ထောပတ်ရှိနေမည် ဖြစ်သည်။ သကာပျားအိုးထဲ၌ ယခင်က သကာပျား မရှိသော်လည်း ယခု သကာပျားရှိနေမည် ဖြစ်သည်။ ထိုထိုအိုးများကို ပြန်ကြည့်ရန် သီရိဂုတ္တက ဂရဟာဒိန္နအား တိုက်တွန်းသည်။ မိမိလည်း ဂရဟာဒိန္နနှင့်အတူ ဂရဟာဒိန္နအိမ်သို့ လိုက်မည် ဖြစ်သည်။ ထို့ကြောင့် သီရိဂုတ္တနှင့် ဂရဟာဒိန္န နှစ်ယောက်တို့သည် ဂရဟာဒိန္နအိမ်သို့ အမြန်ဆုံး ပြန်လာကြလေသည်။

အိမ်သို့ရောက်သောအခါ အိုးများကို အဆောတလျင် ဖွင့်ကြည့်ကြသည်။ ဆွမ်းအိုးများကလည်း ဆွမ်းအပြည့်၊ ယာဂုအိုးများကလည်း ယာဂုအပြည့်၊ ထောပတ်အိုးများကလည်း ထောပတ်အပြည့်၊ သကာပျားအိုးများကလည်း သကာပျားအပြည့်။ အံ့သြစရာ ကောင်းလိုက်သည့်ဖြစ်ခြင်း။ သီရိဂုတ္တနှင့် ဂရဟာဒိန္နတို့ နှစ်ယောက်လုံး ဝမ်းသာသွားကြသည်။ ဂရဟာဒိန္နက ပို၍ဝမ်းသာသည်။ သူ၏ ရင်ထဲက ပူပန်မှုဟူသမျှအားလုံး ပျောက်ကင်းသွားလေပြီ။

ဂရဟာဒိန္နသည် မြတ်စွာဘုရားနှင့် နောက်ပါရဟန်းငါးရာတို့အား ကောင်းမွန်စွာ ဆွမ်းလုပ်ကျွေးလေသည်။ ဤဆွမ်းလုပ်ကျွေးခြင်းကား ဂရဟာဒိန္နအနေဖြင့် မိမိကိုယ်တိုင် မချက်ပြုတ်ရပါဘဲနှင့် ကျွေးရသော ဆွမ်းလုပ်ကျွေးခြင်းတည်း။ လောက၌ မဖြစ်ဖူးမြဲ ဖြစ်ခဲ့သော ဆွမ်းလုပ်ကျွေးခြင်းတည်း။ မြတ်စွာဘုရား၏ ဂုဏ်တော်အပေါင်းကား အံ့သြဖွယ်ကောင်းပါဘိ။ ဆွမ်းဘုဉ်းပေးပြီးသောအခါ မြတ်စွာဘုရားသည် အောက်ပါဂါထာ နှစ်ဂါထာဖြင့် ဆွမ်းအနုမောဒနာကို ပြုတော်မူသည်။

* လမ်းမ၌ စွန့်ပစ်သောအမှိုက်ပုံ၌ မွှေးလှိုင်သော အနံ့ရှိသော စိတ်နှလုံးတို့ကို မွေ့လျော်စေတတ်သော ပဒုမ္မာကြာသည် ပွင့်ထွန်းသကဲ့သို့၊

* ထို့အတူ အမှိုက်သဖွယ်ဖြစ်သော မျက်ကန်းပုထုဇဉ်တို့၏အလယ်၌ မြတ်စွာဘုရား၏ တပည့်သာဝကသည် ပညာဖြင့် အလွန်တင့်တယ်၏။

လောက၌ အမှိုက်ပုံများသည် ရှိကြ၏။ အမှိုက်ပုံများဟူသည်မှာ ရွံ့ညွန်များပင် ဖြစ်သည်။ ရွံ့ညွန်များအတွင်းမှ ပဒုမ္မာကြာသည် ပေါက်ရ၏။ ထို့ကြောင့် ရွံ့ညွန်များကို တန်ဖိုးမဲ့များဟူ၍ မဆိုအပ်။ အကောင်းနှင့်အဆိုးသည် အစဉ်အမြဲ ဒွန်တွဲလျက်ရှိပါသည်။ အဆိုးကို အကြောင်းပြု၍ အကောင်းသည် ပေါ်ခဲ့ရ၏။ အကောင်းဟူ၍ ပေါ်လာခြင်းသည် အဆိုး၏ ကျေးဇူးကြောင့်ပင် ဖြစ်၏။ ထို့ကြောင့် အကောင်းအနေဖြင့် အဆိုးကို ကျေးဇူးတင်ရမည် ဖြစ်၏။ အကောင်းသည် အကောင်းအနေဖြင့် အဆိုးကို စွန့်ခွာရမည် မဟုတ်။

ပဒုမ္မာကြာက ရွံ့ညွန်တောကို ကျေးဇူးဆပ်ရာ၌ ရွံ့ညွန်၏ အနံ့အသက်များ မိမိအပေါ် မကပ်ရောက်စေဘဲ ရွံ့ညွန်တောကို အလှဆင်သကဲ့သို့ ပညာရှိများက လူမိုက်များကို ကျေးဇူးဆပ်ရာ၌လည်း လူမိုက်တို့၏ စရိုက်များ မိမိတို့အပေါ်၌ မကပ်ရောက်စေဘဲ သည်းခံခွင့်လွှတ်ခြင်းဖြင့် လူမိုက်တို့၏ဘဝကို ကယ်တင်အပ်၏။ ထိုသို့ကယ်တယ်ခြင်းသည် ပညာဖြင့် တင့်တယ်ခြင်း မည်ပါသည်။

ဒေသနာတော်အဆုံး၌ သီရိဂုတ္တနှင့် ဂရဟာဒိန္နတို့ နှစ်ဦးစလုံး သောတာပန်ဖြစ်သွားကြသည်။ ကြွရောက်လာသော ပရိသတ်အပေါင်း ရှစ်သောင်းလေးထောင်တို့တွင် သစ္စာလေးပါးကို သိသူများက သိကြသည်။ နတ်ရွာသုဂတိသို့ရောက်ကြောင်း ကောင်းမှုကုသိုလ်ကို ရသူများက ရကြလေသည်။ ဤဒေသနာတော်ကား အကျိုးရှိသော ဒေသနာတော်ပါတည်း။

**တွန်းအားရှင်**

ကျမ်းကိုး

* ဓမ္မပဒ၊ ပုပ္ဖဝဂ်။



www.burmeseclassic.com

www.burmeseclassic.com

ဗာရာဏသီ၏ ကုန်သည်လောက အသိုင်းအဝိုင်းမှာတော့ မဟာဓနဝါဏိဇ္ဇဆိုလျှင် မသိသူ မရှိ။

သူ၏အလုပ်က နေရပ်ဌာနေ ဗာရာဏသီမြို့၏ ထွက်ကုန်ပစ္စည်းတို့အား ဝယ်ယူစုဆောင်းကာ လှည်းအစီးငါးရာ ပြည့်ပြီဆိုလျှင် မိုင်ပေါင်းများစွာ ဝေးကွာလှသည့် သာဝတ္ထိပြည်သို့ သွားရောက်ရောင်းချခြင်းပဲ ဖြစ်သည်။ ကုန်တွေ ရောင်းချပြီးပြီဆိုလျှင်လည်း နေရပ်ဌာနေ ဗာရာဏသီသို့ အလွတ်ချည်း ပြန်လေ့မရှိ။ သာဝတ္ထိမြို့ ထွက်ကုန်များကို ဝယ်ယူတင်ဆောင်ကာ ဗာရာဏသီ၌ ပြန်လည်ရောင်းချခြင်းဖြင့် နှစ်ဖက်နှစ်လမ်းမှ အကျိုးအမြတ် များစွာရရှိလျက် ရှိပေသည်။

ထိုကာလ၌ လူ၊ နတ်၊ ဗြဟ္မာတို့ ဆည်းကပ်ကိုးကွယ်ကြသော မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးကာ သတ္တဝါဝေနေယျတို့အား ကရုဏာတော်ကြီးမားစွာဖြင့် တရားရေစင်များ တိုက်ကျွေးလျက်ရှိခဲ့သည်။






www.burmeseclassic.com

www.burmeseclassic.com

သို့ကြား မဟာခနေအဖို့ သာဝတ္ထိသို့ ရောက်သည့်တိုင်အောင် ဘုရား၊ တရား၊ သံဃာတို့အား သတိမရနိုင်ဘဲ ရှိနေခဲ့သည်။ သူ့အဖို့ ကုန်သည်ပီသစွာ အရောင်းအဝယ် ကိစ္စတွေပဲ အာရုံထဲ ကွန့်မြူးနေတော့သည်။ မည်သည့်ကုန်စည်များ ဝယ်သွားရမည်။ မည်သည့်နေရာ၌ ရောင်းချရမည်။ မည်သို့ဈေးဖြင့် ဝယ်ကာ မည်သည့်ဈေးဖြင့် ရောင်းချပါက အမြတ်အစွန်း မည်ရွေ့မည်မျှ ရနိုင်မည်။ ဒါတွေသာ ခေါင်းထဲ ရှိနေသည့်အတွက် ကုသိုလ်ကောင်းမှု အရေးကိစ္စများကို သတိမရနိုင် ဖြစ်နေရတော့သည်။

စင်စစ်အားဖြင့်လည်း ဗာရာဏသီကို ပြန်ရောက်တော့ အရောင်းအဝယ် ကိစ္စတွေပဲ အာရုံမိုးလုံးပြည့်နေတော့သည်။

ဟာ··နောက်လဆန်းကျရင် သာဝတ္ထိမှာ ခုနစ်ရက်ခုနစ်လီကျင်းပမယ့် ပွဲလမ်းသဘင်ကြီး ရှိနေပါကလား။ အချိန်မီ သွားရောက်ရောင်းချနိုင်မယ်ဆိုရင် ငါ့အတွက် အမြတ်အစွန်းတွေ မနည်းမနောကျန်မှာ ဧကန်မုချပဲ။ သည်တော့ ဗာရာဏသီက ထွက်ကုန်တွေကို လှည်းအစီးငါးရာပြည့်အောင် အမြန်ဆုံးစုဆောင်းတင်ဆောင်နိုင်ဖို့ရာ ဝယ်ထားရမယ်။

သာဝတ္ထိကို ရောက်တဲ့အခါ ပွဲတော်အတွင်း အနယ်နယ်အရပ်ရပ်က ရောက်လာကြတဲ့သူတွေကို ရောင်းချရမယ်။ ခါတိုင်းလို မဟုတ်ဘဲ ပွဲတော်ရက်ဆိုတဲ့အခါ ငါ့ရဲ့ ကုန်စည်တွေဟာ ခုနစ်ရက်အတွင်း ကုန်သွားမှာ အမှန်ပဲ။ အောင်မယ်လေးလေး··အမြတ်အစွန်းတွေ ရလိုက်မယ့် ဖြစ်ခြင်း။ အင်း··ဗာရာဏသီကို ပြန်လာတဲ့အခါကျရင်လည်း သာဝတ္ထိက ထွက်ကုန်တွေကို ခါတိုင်းလိုပဲ ပြန်ဝယ်သွားရမယ်။ ပြီးတော့ သားသမီးအတွက်၊ မယားဇနီးအတွက် အသုံးအဆောင် ကောင်းကောင်းလေးတွေကိုလည်း ဝယ်သွားဦးမှပါ။ ပြီးရင် လုပ်ငန်းတွေ ထပ်တိုးချဲ့နိုင်ဖို့ကိုလည်း စဉ်းစားရဦးမယ်'

တွက်ချက်မှုတွေက အကွက်စေ့မှစေ့။

စီစဉ်လုပ်ဆောင်မှုတွေကလည်း အဆင်ချောမှချော။

သို့ဖြင့် အလုပ်သမားတို့ကို ဦးဆောင်လျက် သာဝတ္ထိသို့ ကုန်စည်တွေ ရောင်းချဖို့ ထွက်လာခဲ့တော့သတည်း။

◆◆◆

လမ်းခရီးတစ်လျှောက်လုံး အထစ်အငေါ့ဟူသည် လုံးဝမရှိခဲ့။ သို့နှင့်ပင် သာဝတ္ထိပြည်သို့မရောက်ခင် ခြားထားသည့် အစီရဝတီမြစ်ကမ်းပါးအနီးသို့ ချောမွေ့စွာရောက်ရှိလာခဲ့တော့သည်။ ထိုမြစ်ကို ကူးဖြတ်ပြီးလျှင်တော့ သာဝတ္ထိသို့ရောက်ပြီဟု ဆိုရတော့မည်။

သို့ပါသော်ငြား လှူစုံစာက်စုံ အစီရဝတီမြစ်ကမ်းအနီး စုမိချိန်မှာတော့ နေလုံးက အနောက်တောင်စွယ်သို့ ဝင်သွားခဲ့ပြီဖြစ်ရာ အလင်းရောင်တို့ မှေးမှိန်ပျောက်ကွယ်စပြုလာတော့သည်။

'ကဲကွယ်··မိုးလည်းချုပ်စပြုပါပြီ။ အေးအေးဆေးဆေး တို့တစ်တွေ ဒီတစ်ညတာကို ဒီမှာပဲ အနားယူလိုက်ကြတာပေါ့။ မနက်ဖြန် မနက်စောစော ကူးသွားလည်း အချိန်မီ ရောက်ပါတယ်'

သို့ဖြင့် နွားတို့ကိုဖြုတ်ကာ အစာကျွေးသူကျွေး၊ ချက်ပြုတ်ပြီး စားကြသောက်ကြနှင့် အေးအေးလူလူ စိတ်နှလုံးချမ်းမြေ့စွာ အနားယူလိုက်ကြတော့သည်။

ညဦးအတော်ကလေးနက်လာတော့ ကောင်းကင်ပြင်၌ တလက်လက်တောက်ပနေသော ကြယ်တာရာ စိန်မှုန်ပွင့်တို့မှာ ရုတ်ခြည်းပျောက်ကွယ်သွားရလေအောင် တိမ်ထုမည်းကြီးတို့က အုံ့ဆိုင်းလာသည်နှင့်အမျှ မိုးနံ့ပါသောလေတို့က တဝူးဝူး တဝေါဝေါ အသံပေးလာတော့သည်။

'မိုးသက်လေပြင်း ကျတော့မယ့်ပုံပဲဟေ့။ ကုန်စည်တွေ ပျက်စီးလေလွင့်မှုမရှိအောင် လုပ်စရာရှိတာ လုပ်ကြ'

ထိုစဉ်မှာပင် မိုးက ထင်မှတ်မထားပါဘဲနှင့် ပြိုကျလာခဲ့သည်။ မိုးသီးမိုးပေါက်တွေကလည်း ထန်ထန်ပြင်းပြင်း။ ရွာလိုက်သည့်မိုး ဆိုသည်မှာလည်း တဒင်္ဂခဏတာလေးမျှပင် ရပ်တန့်မသွားဘဲ ကြောက်လန့်ဖွယ် ကောင်းလောက်အောင်ပင် ရွာသွန်းနေသည်က တဝေါဝေါ တဝုန်းဝုန်း။

'မြစ်ညာဘက်မှာလည်း မိုးက အကြီးအကျယ်ကို ရွာနေတယ်'

'ဟော··မြစ်ရေတွေတောင် လျှံတက်လာပြီ။ လှည်းတွေကို ကမ်းဘေးက ခွာထားရင် ကောင်းမယ်'

'လုပ်ကြဟေ့··လုပ်ကြ၊ ကုန်းမြင့်တဲ့ဆီကို ရွှေ့ထားကြ'

အေးအေးဆေးဆေး အနားယူကြမည့်ညသည် အားလုံးကို အနားမရအောင် အလုပ်ပေးလိုက်ချေပြီ။

www.burmeseclassic.com

နောက်တစ်နေ့ကူးသည့်တိုင် မိုးရွာခြင်းသည် ရပ်တန့်မသွားခဲ့။ မိုးလင်းလင်းချင်း ကြည့်လိုက်တော့ အစီရဝတီမြစ်သည် တကယ့်ကို မြစ်ပြင်ကျယ်ကြီးအဖြစ် အသွင်ကူးပြောင်းသွားခဲ့ပေပြီ။

‘ကံကောင်းလို့ကွာ။ ညတုန်းကသာ နေရာမပြောင်းရွှေ့ခဲ့ရင် နွားတွေ၊ ကုန်စည်တွေတော့ ဒုက္ခများမှာ သေချာတယ်။ ခုလည်းကွာ၊ မိုးက စဲမယ့်ပုံ မပေါ်ဘူး’

အမှန်တကယ်လည်း မိုးက အငြိုးတကြီးဖြင့် ရွာသွန်းနေဆဲပင်။ မဟာခနေအဖို့ သူအကြီးအကျယ်တည်ဆောက်ထားခဲ့သော စိတ်ကူးယဉ်အိမ်ကြီး ယိုင်လဲသွားရခြင်းအတွက် စိတ်နှလုံးမသာမယာ ဖြစ်နေရသည်။ မဖြစ်ဘဲရော နေမှာတဲ့လား။

တစ်ဖက်ကမ်း၌ ဖြစ်သလိုစခန်းချနေရသည်မှာ ခုနစ်ရက်တိတိပြည့်မှပင် မိုးဝသာန်အဖို့ အငြိုးမာန်ပြေတော့သည်။ သည်အခါကျမှပင် ရေစီးအရှိန် နှေးကွေးကျဆင်းသွားရတော့သည်။ သည်တော့လည်း ပါလာသော ကုန်စည်တို့ ရောင်းချဖို့ရာအတွက် တစ်ဖက်ကမ်းသို့ကူးရန် ပြင်ကြဆင်ကြရလေတော့သည်တကား။

◆◆◆

မြတ်စွာဘုရားရှင်အဖို့ တစ်နေ့တာ လုပ်ငန်းများအနက် ချွေချွတ်ကယ်မသင့်သော သတ္တဝါတို့အား သနားကရုဏာတော်ထားလျက် တစ်နေ့နှစ်ကြိမ် လောကကြည့်တော်မူလေ့ရှိခြင်းမှာလည်း အပါအဝင်ဖြစ်ချေ၏။ ယခုလည်း သဗ္ဗညုတဉာဏ်ဖြင့် ကြည့်ရှုလိုက်သောအခါ မဟာခနေ၏ အာယုသက်တမ်း ကုန်တော့မည့်အဖြစ်ကို သိမြင်လိုက်ရသည်။

မဟာခနေ၏ သက်တမ်းကား မည်မျှရှိပါသေးတော့သနည်း။

စစ်စစ်ပေါက်ပေါက် တွက်ကြည့်တော့ ကျန်ရှိသည့် သက်တမ်းမှာ တစ်ရက်မျှသာ ဖြစ်တော့သည်။ သည်အချိန်၌ မဟာခနေအဖို့ ဘဝကူးကောင်းစေဖို့အတွက် အချိန်မီ ကုသိုလ်ကောင်းမှုတွေပြုပါမှ ကုသိုလ်တရားတွေအား ထုတ်ပါမှ. မနက်ဖြန်၏အနာဂတ် သေချာပါလိမ့်မည်။

သို့ပါသော်ငြား မဟာခနေ၏အာရုံ၌ မည်သည့် ကုသိုလ်ကောင်းမှုတွေ၊ ကုသိုလ်တရားတွေ ရောက်ရှိမလာခဲ့။ ကုသိုလ်ကောင်းမှု၊ ကုသိုလ်တရားတွေအစား အရောင်းအဝယ်ကိစ္စတွေသာလျှင် တဖျတ်ဖျတ်ရိုက်ခတ်နေခဲ့သည်။

‘အင်း..ဘာလိုလိုနဲ့ အခက်အခဲ အတားအဆီးတွေကြားကနေ သာဝတ္ထိကိုရောက်အောင် လာခဲ့ရတယ်။ ဒါပေမဲ့ ခုနစ်ရက်ခုနစ်လီကျင်းပတဲ့ ပွဲတော်ကြီးကို လက်လွှတ်လိုက်ရပြီ။ ဒါဆိုတော့ ငါ့မှာပါတဲ့ ကုန်စည်တွေ ရောင်းကုန်ဖို့ မလွယ်တော့ဘူး။ သည်အတိုင်း ပြန်သယ်သွားမယ်ဆိုရင်လည်း ခရီးစရိတ်ကုန်ရုံမက လူတွေ၊ နွားတွေလည်း ဆင်းရဲပင်ပန်းလိမ့်ဦးမယ်။

ဒီတော့ ငါ ဘာလုပ်ရရင် ကောင်းမလဲ။ အို..ဘာပဲဖြစ်ဖြစ် ဒီသာဝတ္ထိမှာပဲ ပါလာတဲ့ ပစ္စည်းတွေကို မကုန်မချင်း ရောင်းချရမယ်။ ဒါဆို အလွန်ဆုံးနေရလှ နောင်နှစ်ခါ ပွဲတော်ကြီးရောက်တဲ့အထိပဲပေါ့။ ဘယ်နည်းနဲ့မဆို နောင်နှစ်ခါ ပွဲတော်ကြီးကျရင်တော့ ငါ့ကုန်စည်တွေ အားလုံးကုန်မှာ အမှန်ပဲ။ သည်တော့ ကုန်စည်တွေအားလုံးကုန်တဲ့အထိ သာဝတ္ထိမှာပဲ စတည်းချပြီး ရောင်းမယ်’

မဟာခနေ၏ အတွေးအကြံတို့ကို ဒိဗ္ဗစက္ခုဖြင့် မြင်သိနေတော်မူသည့်အတွက် ဘုရားရှင်သည် မဟာကရုဏာကြီးမားစွာဖြင့် ပြုံးတော်မူလိုက်သည်။ သည်အပြုံးကို အနားတွင်ရှိနေသော အရှင်အာနန္ဒာ တွေ့မြင်လိုက်ရလေတော့ ပါးနပ်စွာဖြင့် မေးမြန်းတော်မူလိုက်သည်။

‘အရှင်ဘုရား..ဘာအတွက်ကြောင့်များ ပြုံးတော်မူရပါသလဲဘုရား’

‘ချစ်သားအာနန္ဒာ..အစီရဝတီမြစ်ကမ်း နံဘေးမှာ စခန်းချနေတဲ့ ကုန်သည်ကြီးကို မြင်တယ်မဟုတ်လား’

‘မြင်တွေ့ပါတယ်ဘုရား၊ သည်ကုန်သည်ကြီးဟာ ဒုက္ခရောက်နေတာပါ။ မြစ်ရေတွေကြီးပြီး ခုနစ်ရက်ခုနစ်လီ မိုးကရွာတာမို့ သာဝတ္ထိဘက်ကမ်းကို မကူးနိုင်ဖြစ်နေခဲ့ရတာပါဘုရား။ ကုန်ပစ္စည်းတွေ မရောင်းချရသေးလို့ သောကများ၊ သောကပွားနေရတဲ့ ဒုက္ခသည်ပါဘုရား’

‘မှန်တယ် အာနန္ဒာ၊ အဲသည်ကုန်သည်ရဲ့ သက်တမ်းဟာ တစ်ရက်သာ ကျန်တော့တယ်’

သည်အဖြစ်ကို ဘုရားရှင်ကသာသိပြီး ကာယကံရှင် ကုန်သည်ကြီးမှာမူ မသိရှာခဲ့။ ထို့ထက်တိုတောင်းလွန်းလှသည့် တစ်ရက်တာ အချိန်ကာလအား မည်သို့အသုံးချရမည်မှန်းကို မဟာခနေ မသိရှာခဲ့။

‘ချစ်သားအာနန္ဒာ..မဟာခနေကုန်သည်ဟာ ကုသိုလ်



www.burmeseclassic.com

www.burmeseclassic.com

ကောင်းမှုကို မေ့နေတယ်။ ကုသိုလ်ကောင်းမှုပြုဖို့ သတိမရနိုင်ဖြစ်နေတယ်'

'အရှင်ဘုရား..သည်လိုဆိုရင် တပည့်တော် ခုပဲ ကုန်သည်ကြီးရှိရာ သွားပြီးတော့ သတိပေးချင်ပါတယ် ဘုရား'

ဘုရားရှင်ကား ခပ်မဆိတ်။

'အရှင်ဘုရား..ကုန်သည်ကြီးဟာ အသက်ရှင်ခွင့်ရတဲ့ တစ်ရက်တာ အချိန်ကာလလေးမှာ ကုသိုလ်ကောင်းမှု ပြုမယ်ဆိုရင် အချိန်မီပါသေးတယ်။ ဒါကြောင့် တပည့်တော်ကို သွားရောက်သတိပေးခွင့် ပြုတော်မူပါဘုရား'

'ကောင်းပြီ အာနန္ဒာ၊ မဟာဓနနဲ့သင် ရင်းနှီးကျွမ်းဝင်တယ်ဆိုရင် သွားပေါ့'

ရှင်အာနန္ဒာအဖို့ ဘုရားရှင်ထံမှ ခွင့်ပြုချက်ရသည်နှင့် သပိတ်ကိုပိုက်ကာ မဟာဓနတို့ စခန်းချရာသို့ လှမ်းကြွသွားတော့လေသည်တကား။

◆ ◆ ◆

မဟာဓနအဖို့ မိမိတို့စခန်းချနေရာသို့ သပိတ်ပိုက်ပြီး ကြွလာသည့် ရှင်အာနန္ဒာအား တွေ့မြင်လိုက်ရသည့်အခါ ကြည်ညိုသဒ္ဓါစိတ်တို့ ဖြစ်ပေါ်လာကာ ဆွမ်း၊ ဘောဇဉ်တို့ကို လောင်းလှူလိုက်လေသည်။ သည့်အတွက် မဟာဓနအဖို့ ဒါနကုသိုလ် ဖြစ်သွားခဲ့ရပေပြီကော။

'သာဓု..သာဓု..သာဓုပါ ဒကာတော်၊ ဒါထက် ဒကာကြီးကို သိစေချင်တာက လူ့အသက်ဆိုတာဟာ ခန့်မှန်းတွက်ဆလို့ မရပါဘူး။ အချိန်မရွေး သေကျေပျက်စီးနိုင်တယ် ဆိုတာပါပဲ။ လူ့သက်တမ်းဆိုတာ မြဲတယ်လို့ ရှိပါဘူး'

အရှင်အာနန္ဒာ၏ သတိပေးစကားက မဟာဓန၏ရင်ကို လှုပ်ခတ်သွားစေခဲ့သည်။ ပြီးတော့ အရှင်အာနန္ဒာ၏ စကားအသွားအလာအတွက် အကြောင်းထူးရှိရမည်ဟု တွက်ဆမိခဲ့သည်။ ဘာကြောင့်ဆို မဟာဓနဆိုသည်က ...နုပ်သည့်သူပဲ မဟုတ်ပါလား။

'အရှင်ဘုရား..တပည့်တော်ကို ကရုဏာတရားရှေး ...ရှု၍ မကွယ်မဝှက်ဘဲ အဖြေပေးတော်မူပါ။ တပည့်တော် ... အသက်အန္တရာယ် တစ်စုံတစ်ရာများ ရှိပါသလား ဘုရား'

သည်လိုအမေးရှိလာတော့ ရှင်အာနန္ဒာလည်း ကွယ်ဝှက်မနေသာတော့ပြီ။

'မှန်ပေတယ် ဒကာတော်၊ သင့်ရဲ့သက်တမ်းကာလဟာ တစ်ရက်ပဲ ကျန်ပါတော့တယ်'

သည်တော့ မဟာဓနအဖို့ သူ၏နောက်ဆုံးသက်တမ်းအတွက် စဉ်းစားရပါတော့သည်။

'အရှင်ဘုရား..သည်လိုဆိုရင်ဖြင့် ဘုရားတပည့်တော် ကျန်ရှိနေသေးတဲ့ တဒင်္ဂအချိန်ကာလ အပိုင်းအခြားကလေးမှာ ကုသိုလ်ကောင်းမှု ပြုချင်ပါတယ်ဘုရား'

'ကောင်းလေစွ ဒကာတော်၊ ကောင်းပါလေစွ'

'အရှင်ဘုရား..တပည့်တော် ဘုရားရှင်နဲ့တကွ သံဃာတော်တွေကို ဆွမ်းလုပ်ကျွေးချင်ပါတယ်။ ဘုရားရှင်ရဲ့ တရားဓမ္မတွေကိုလည်း နာကြားချင်ပါတယ်။ စီစဉ်ပေးတော်မူပါဘုရား'

'ကောင်းပေပြီ ဒကာ၊ ဘုရားရှင်နဲ့ သံဃာတော်တွေကို သင် နေ့ဆွမ်းလှူဒါန်းဖို့ရာ ငါစီစဉ်လာခဲ့ပါ့မယ်။ သင့်ဘက်က ပြည့်စုံအောင် စီစဉ်ထားနှင့်ပါ'

'တင်ပါ့ဘုရား'

အချိန်အနည်းငယ်ကြာတော့ မဟာဓန စခန်းချရာဆီသို့ ဘုရားရှင်နှင့် သံဃာတော်တို့ ကြွရောက်တော်မူလာကြသည်။

မဟာဓနသည် ဘုရားရှင် အမှူးပြုသော သံဃာတော်တို့အား ရိုသေလေးမြတ်စွာဖြင့် ကိုယ်တိုင်ဆွမ်းလုပ်ကျွေးခဲ့သည်။ ဆွမ်းကျွေးပြီးသည့်နောက် ဘုရားရှင် ဟောကြားတော်မူသော တရားဒေသနာတော်တို့အား သေချာစွာ နာကြားခဲ့သည်။ ဘုရားရှင်နှင့် သံဃာတော်တို့ ပြန်လည်ကြွမြန်းသွားပြီး သိပ်မကြာလိုက်၊ မဟာဓနလည်း မူးခနဲ မိုက်ခနဲဖြစ်ကာ အိပ်ရာထက် လဲလျောင်းစဉ်မှာပင် အရုပ်ကြိုးပြတ်ဖြစ်လျက် အသက်ခန္ဓာ စဲသွားလေတော့သည် တကား။

◆ ◆ ◆

တရားသဘင်မှာတော့ တရားနာ ရဟန်းပရိသတ်တို့ စုံလင်နေပေပြီ။ ထိုပရိသတ်တို့အဖို့ ကုန်သည်ကြီး မဟာဓန ဆွမ်းလုပ်ကျွေး၍ တရားနာအပြီး မကြာမတင်မှာပင် ကွယ်လွန်အနိစ္စ ရောက်သွားသည့်သတင်းကို ကြားသိနေခဲ့သည့်အတွက် မဟာဓန၏လားရာကို သိလိုနေကြသည်။

ထို့ကြောင့်ပင် ဘုရားရှင် တရားပလ္လင်ထက် ကြွ



www.burmeseclassic.com

www.burmeseclassic.com

ရောက်လေသောအခါ မေးမြန်းလျှောက်ကြချေသည်။

'အရှင်ဘုရား..ကုန်သည်ကြီး မဟာဓနဟာ မနက်ကတင် အရှင်ဘုရားနဲ့တကွ ရဟန်းသံဃာတော်တွေကို ဆွမ်းဆက်ကပ်ပြီး တရားနာခဲ့ပါသေးတယ်။ ဘုရားရှင်ပြန်ကြွလာတဲ့အခါ သက်တမ်းကုန် အနိစ္စရောက်ခဲ့လေတော့ ကုန်သည်ကြီးဟာ ဘယ်ဘုံဌာန ဘယ်လောကကို ရောက်နေတယ်ဆိုတာ တပည့်တော်တို့ သိလိုပါတယ် ဘုရား'

'ချစ်သားတို့..မဟာဓနဟာ နတ်ပြည်ဌာန နတ်လောကကို ရောက်သွားခဲ့ပါပြီ'

'ဘာကြောင့်ပါလဲ အရှင်ဘုရား'

'ချစ်သားတို့..ဘာကြောင့်လဲဆိုတော့ ငါဘုရားရှင်နှင့်တကွ သံဃာတွေကို ဆွမ်းလုပ်ကျွေးရတဲ့ အကျိုးကုသိုလ်ကံ ငါဘုရားရှင်ထံက တရားဒေသနာတော်တွေကို နာကြားရတဲ့ ကုသိုလ်ကံကြောင့်ပါပဲ။

အဲသည်မှာလည်းပဲ အာနန္ဒာလို မိတ်ကောင်းဆွေကောင်း ကလျာဏမိတ္တနဲ့ ပေါင်းသင်းမိတဲ့ အချက်လည်းပါဝင်ပေတယ်။ အာနန္ဒာရဲ့သတိပေးချက်ကို သူဟာအလေးအနက်ထားခဲ့တယ်။ လိုက်နာဆောင်ရွက်ခဲ့တယ်။ တကယ်တော့ မနက်ဖြန်ဆိုတာဟာ မေ့လျော့ပေါ့ဆနေခဲ့မယ်ဆိုရင် ဘဝကူးကောင်းဖို့ မသေချာပါဘူး။ ဒါကြောင့် ကုသိုလ်ကောင်းမှုတွေကို ကြိုတင်ပြုကြပါ။ မပြတ်တမ်းပြုကြပါ။ အသက်ရှင်နေတဲ့ ကာလတစ်လျှောက် ကုသိုလ်ကောင်းမှုနဲ့မွေ့လျော်ပြီး တရားဒေသနာတော်တွေကို နာကြားပွားများကြရင်ဖြင့် ချစ်သားတို့အတွက် မနက်ဖြန်အနာဂတ်ဟာ လှပမှာ အမှန်ပါပဲ'

'သာဓု..သာဓု..သာဓု'

ဘုရားရှင်၏ တရားနိဂုံး အဆုံးမှာတော့ဖြင့် တရားနာ ပရိသတ်များစွာတို့လည်း သောတာပတ္တိဖိုလ်သို့ ဆိုက်ရောက်ကြလေကုန်သတည်း။

**နန္ဒာမိုးကြယ်**

<u>ကျမ်းကိုး</u>

* မနက်ဖြန်ဆိုတာ မသေချာ
(ဓမ္မဒူတ ဒေါက်တာအရှင်ပညိသရာဘိဝံသ)။

နလုံးတုန်၊ ရင်ခုန်၊ မူးမောသူများအတွက်

**နန်းထိပ်တင်**



နှလုံးခုန်နှုန်း မမှန်ခြင်း၊ နှလုံးသွေးကြော ကျဉ်းခြင်း၊ ကျယ်ခြင်း၊ နှစ်ခြိုက်စွာ အိပ်မရခြင်း၊ အိပ်ရာမှနိုးစတွင် ရင်တဒိတ်ဒိတ်ခုန်ခြင်း၊ ဦးခေါင်းမကြည်မလင် မူးဝေခြင်း၊ စိတ်မကြည်မလင် ထိုင်းမှိုင်းခြင်း၊ အသားအရေ မွဲခြောက်ပိန်လှီခြင်း၊ မအီမသာဖြစ်ခြင်း၊ အသက်ရှူမမှန်ခြင်း၊ နှလုံးနှင့်ပတ်သက်သော ရောဂါများအတွက် သုံးစွဲနိုင်ပါသည်။ ဤဆေးကို နေ့စဉ်မှန်မှန် သောက်သုံးပါက အသားအရေ စိုပြေကြည်လင် လှပနုပျို ကျန်းမာသက်ရှည်ပါမည်။

ထုတ်လုပ်ခွင့်လိုင်စင်အမှတ် - ၉/၂၀၁၀ တဆထလ(၂၀၂၆)
ယာယီဆေးဝါးမှတ်ပုံတင်အမှတ် - ၀၂၁၃ Y ၀၁၀၀၇၈
ကြော်ငြာခွင့်ပြုချက် - ၂၃၀/၁၀၁၃ [တဆထက(စာနယ်ဇင်း)]

**နှလုံးအားတိုးဆေး**

ပင်ရင်း နန်းထိပ်တင်ဆေးဆိုင် - တိုက်(၅)၊ အခန်း(၁၀၁)၊ သီရိမင်္ဂလာအိမ်ရာ၊ ကမ်းနားလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့
☎ ၀၉၂၀၀၀၉၉၇၊ ☎ (၀၁)၂၁၁၈၈၃
ရန်ကုန် ပြည့်ခမြန်မာဆေးမျိုးစုံဆိုင် - ဆိုင်အမှတ်(B-50. 51) ရွှေပြည့်စုံဈေး (ဒုတိယထပ်)၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့
☎ ၀၉၄၂၁၀၀၇၇၈၃၊ ၀၉၄၂၀၁၈၀၂၃၀
မန္တလေး ဦးအေးမြင့် မြန်မာဆေးမျိုးစုံဆိုင် - ရောင်းဝယ်ရေး/E ရုံ(သဇင်ရုံ)၊ အမှတ်-၉၆(မြေညီထပ်)၊ ဈေးချိုမန္တလေးမြို့ ☎ (၀၂)၃၁၀၈၀

www.burmeseclassic.com

www.burmeseclassic.com



# ဗုဒ္ဓသင်ပြသည့် ကုသိုလ် အကုသိုလ် ပြုနည်းများ

မောင်ဉာဏ်လင်း(တောင်ကုတ်)

ဘုရားအဆူဆူ ပွင့်တော်မူလာတိုင်း အကုသိုလ် မကောင်းမှုဒုစရိုက်ဟူသမျှ မပြုလုပ်ကြရန် သင်ညွှန်ပြသ ဆိုဆုံးမတော်မူကြောင်း သဗ္ဗပါပဿအကရဏံ စတဲ့ ဩဝါဒပါတိမောက် ဂါထာတော်၌ ဖော်ပြထားပေသည်။

သုံးဆယ့်ရှစ်ဖြာမင်္ဂလာတရားတော်၌ အာရတီဝိရတီပါပါ-မကောင်းမှုမှ ဝေးဝေးရှောင်ခြင်း၊ အထူးရှောင်ကြဉ်ခြင်းသည် မင်္ဂလာမည်ကြောင်း ဟောပြထားပါသည်။

ထို့အပြင် မကောင်းမှုမှ စိတ်ကို တားမြစ်ရာ၏၊ မကောင်းမှုမှ ကြောက်လန့်ရာ၏၊ မိမိကိုယ်ကိုချစ်လျှင် မကောင်းမှုမှ ရှောင်ကြဉ်ရာ၏ စသည်ဖြင့်လည်း ထိုထိုဒေသနာတော်များ၌များစွာ ဟောကြားထားပေသည်။

သို့ဖြစ်ပါလျက် ဗုဒ္ဓသင်ပြသည့် ကုသိုလ်၊ အကုသိုလ် ပြုနည်းများဟု ခေါင်းစီးထားကာ ပြောဆိုပါလျှင် အချို့က ရယ်ချင်ကြပေမည်။ အံ့သြချင် အံ့သြနေကြပေမည်။ အချို့ဆိုလျှင် အကုသိုလ်ပြုရန် ဗုဒ္ဓက သင်ညွှန်ပြသတဲ့လားဆိုပြီး သံသယအတွေးဖက်ကာ မယုံတစ်ဝက် ယုံရခက်ကြီးပါဟု ဆိုချင်က ဆိုနေကြပေမည်။

တကယ်တော့ ရယ်စရာမဟုတ်၊ အံ့သြစရာလည်း မဟုတ်၊ ယုံမှားသံသယလည်း မရှိအပ်ပေ။ အကောင်းကိုချည်း ဗုဒ္ဓ သင်ညွှန်ပြပါသည် မဟုတ်၊ အဆိုးကိုလည်း ဗုဒ္ဓ သင်ညွှန်ပြပါသည်။ ကုသိုလ်ပြုနည်း အဆင့်ဆင့်ကို ဗုဒ္ဓသင်ညွှန်ပြသလို အကုသိုလ်ပြုနည်း အမျိုးမျိုးကိုလည်း ဗုဒ္ဓက စေ့စပ်သေချာစွာ သင်ညွှန်ပေသည်။

မှန်၏။ ဗုဒ္ဓသည် ဤလောကရှိ သဘာဝဓမ္မများကို အရှိအတိုင်း သိမြင်လာအောင် အားထုတ်တော်မူခဲ့၏။ အားထုတ်မှု အောင်မြင်ပြီးမြောက်၍ ဗုဒ္ဓဟု လောက၌ ထင်ရှားပွင့်တော်မူလာခြင်း ဖြစ်ပါသည်။

အရှိကိုအရှိတိုင်း ကိုယ်တိုင်သိမြင်တော်မူ၍ ဘုရားဖြစ်တော်မူသောအခါ-

**'ဗုဒ္ဓေါ-သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူပြီးသော ငါဘုရားသည်၊ ဗောဓေယျ-ဝေနေယျသတ္တဝါများ၊ သူတစ်ပါးတို့အားလည်း သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်စေရဦးအံ့'** ဟု အလောင်းတော်ဘဝက ထားရှိခဲ့သည့် မဟာရည်ရွယ်ချက်ကြီးအားလျော်စွာ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတို့

www.burmeseclassic.com

www.burmeseclassic.com

အားလည်း အရှိကို အရှိတိုင်း သိမြင်လာနိုင်အောင် သင်ညွှန်ပြလေ့ရှိပါသည်။ ကုသိုလ်တရား ဤလောက၌ရှိလျှင် ကုသိုလ်တရားအကြောင်းကို အစုံအလင် ဟောပြတော်မူ၏။

ထို့အတူ အကုသိုလ်တရား ဤလောက၌ ရှိနေလျှင် အကုသိုလ်တရားကိုလည်း အကုန်အစင် အစုံအလင် ဟောပြတော်မူပါသည်။ ယုံမှားသံသယ မရှိအပ်ပေ။ ဤ၌ ဆောင်းပါးခေါင်းစီးနှင့် ဆီလျော်သည်ကို ထုတ်နုတ်ကာ ရှင်းလင်းတင်ပြပါအံ့။

ကုသိုလ်ဟူသည် အပြစ်ကင်းသော ကြံစည်ပြောဆို ပြုမူခြင်းပင် ဖြစ်ပါသည်။ အနဝဇ္ဇ-အပြစ်ကင်းခြင်းသည် ကုသိုလ်မည်ကြောင်း၊ ကုသိုလ်ဟု သိကြောင်း အမှတ်သင်္ကေတလက္ခဏာပင် ဖြစ်ပါသည်။ အပြစ်ကင်းသော ကြံစည်ပြောဆို ပြုမူခြင်းက ကောင်းကျိုးချမ်းသာ ဟူသမျှကို ဆောင်ကြဉ်းပေး၏။ ထို့ကြောင့် ကောင်းကျိုးပေးခြင်းသည်လည်း ကုသိုလ်မည်ကြောင်း ကုသိုလ်ဟု သိကြောင်း သင်္ကေတပင် ဖြစ်ပါသည်။

ထို့ကြောင့် ကုသိုလ်ကို အနဝဇ္ဇသုခဝိပါက-အပြစ်မရှိ ကောင်းကျိုးပေးခြင်း လက္ခဏာရှိသော တရားဟု ဘုရားဟောပြတော်၏။ အဋ္ဌကထာ၊ ဋီကာ စတဲ့ကျမ်းဂန်တို့၌လည်း ထိုအတိုင်းပင် ဖွင့်ပြကြပါသည်။ အပြစ်ကင်းပြီး ကောင်းကျိုးကိုပေးခြင်း လက္ခဏာရှိသော ထိုတရားသည် နိဿသတ္တ-မိန်းမ၊ ယောက်ျား စတဲ့ပုဂ္ဂိုလ်သတ္တဝါလည်းမဟုတ်၊ နိဇ္ဇီဝ-အသက်လိပ်ပြာဝိညာဉ်လည်း မဟုတ်ပေ။

ဒါဖြင့် ဘာလဲလို့ မေးခွန်းထုတ်လျှင် ဓမ္မာ-ဓမ္မသဘာဝတရားသဘော သက်သက်မျှသာ ဖြစ်သည်ဟု မြတ်ဘုရား ဟောပြထားပါသည်။ အပြစ်မရှိ ကောင်းကျိုးပေးခြင်း လက္ခဏာရှိတဲ့ ထိုဓမ္မသဘာဝရှိရှိသမျှကို သဗ္ဗညုတဉာဏ်တော်ဖြင့် ရှာဖွေစုစည်းရာ လောကီကုသိုလ် (၁၇)ပါး၊ လောကုတ္တရာ မဂ်ကုသိုလ် (၄)ပါးအားဖြင့် စုစုပေါင်း နှစ်ဆယ့်တစ်ပါးရှိကြောင်း တွေ့ရှိတော်မူပါသည်။

ထိုသို့ တွေ့ရှိသိမြင်တော်မူသည့်အတိုင်းပင် ကုသိုလ်စိတ်သည် အကျဉ်းအားဖြင့် ဧကဝီသ-နှစ်ဆယ့်တစ်ပါး ရှိကြောင်း ဒေသနာဉာဏ်တော်ဖြင့် လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတို့အား အတိအကျ ဟောပြတော်မူပါသည်။

ဗျာန်လမ်းစဉ်ကို နှစ်သက်သူတို့၏ ကျင့်စဉ်အားဖြင့် ရေတွက်လျှင် လောကုတ္တရာ မဂ်ကုသိုလ်တစ်ပါး၊တစ်ပါးစီက ငါးပါး၊ငါးပါးစီ ပွားတိုးလာသောကြောင့် မဂ်စိတ်လေးပါးကနေ နှစ်ဆယ်ဖြစ်လာပါသည်။ လောကီကုသိုလ်စိတ်(၁၇)ပါးတွင် အဆိုပါ လောကုတ္တရာကုသိုလ် အကျယ်(၂၀)ကို ပေါင်းထည့်လိုက်ပါက ကုသိုလ်စိတ် အကျယ်(၃၇)ပါး ဖြစ်သွားပါသည်။

ထို့ကြောင့် ကုသိုလ်စိတ်သည် အကျဉ်းအားဖြင့်(၂၁)ပါး၊ အကျယ်အားဖြင့်(၃၇)ပါး ရှိပါသည်။ ထို့ထက်ပိုမရှိသလို လျော့လည်းမလျော့ပေ။ သဗ္ဗညုတဉာဏ်တော်ဖြင့် ကောက်ယူထားတဲ့ စာရင်းအင်းပေမို့ အမှားအယွင်း အပိုအလိုလုံးဝမရှိ။ အတိအကျ အမှန်အကန် ဖြစ်ပါသည်။ အဆိုပါကုသိုလ်စိတ်(၂၁)မျိုးတွင် တစ်မျိုးမျိုးဖြင့် ကုသိုလ်ကောင်းမှုတစ်ခုခုကို ပြုကြအံ့။ ပြုပြီဆိုလျှင်-

**ထိုကုသိုလ်ကောင်းမှုကို အဖန်တလဲလဲ ပြုလုပ်ရာ၏။ ထိုကုသိုလ်ကောင်းမှု၌ အလိုဆန္ဒကို ပြုရာ၏။ ကုသိုလ်ကောင်းမှု တိုးပွားခြင်းသည် ချမ်းသာ၏။ (လာဇဒေဝဓီတာဝတ္ထု)**

မိမိတို့ ကျင်လည်ပြေးသွားရမည့် သံသရာခရီးတွင် လမ်းစဉ်အဖြစ် လျှောက်လှမ်းရတဲ့ ကုသိုလ်၊အကုသိုလ်တို့တွင် ကုသိုလ်ကောင်းမှု တစ်ခုခုကိုများ အကယ်၍ ပြုဖြစ်ခဲ့ပါလျှင် မိမိပြုတဲ့ ထိုကုသိုလ်ကို အာစိဏ္ဏကံဖြစ်နေအောင် အဖန်တလဲလဲ ပြုပေးပါ။ အမြဲမပြတ် အာရုံပြုကာ ပွားများပါ။

လျှူဖွယ်ဝတ္ထု၊ အလှူခံပုဂ္ဂိုလ်တို့ မပြည့်စုံ၍ ကုသိုလ်ကောင်းမှုကို အကြိမ်ကြိမ်အခါခါ ပြုခွင့်မရှိပါလျှင် တစ်ကြိမ်တစ်ခါ ပြုအပ်သော ကုသိုလ်ရေး တစ်ကွက်ကိုပင် အမည်းပေါ်ကျတဲ့ အဖြူစက်ပမာ ထင်ရှားအောင် ပြုပေးပါ။ ပရစေတနာကို စိတ်၌ ထုံမွှမ်း၍ အာသေဝနပြုကာ မှီဝဲပွားများပေးပါ။

ထိုသို့ပြုလျှင် ထိုကုသိုလ်ရှင်၏ စိတ်အစဉ်၌ ပရစေတနာသည် ခဏ၊ခဏနှင့် ထာဝရဆိုရလောက်အောင် ဆက်ကာ၊ဆက်ကာ ဖြစ်နေပေလိမ့်မည်။ ဖြစ်ပေါ်နေသော ထိုပရစေတနာတိုင်း၌ ဇောခုနစ်ကြိမ် ဇောလျက်ရှိ၏။ ထို့ကြောင့် ကုသိုလ်ရှင်၏စိတ်၌ ဒိဋ္ဌဓမ္မ ချက်ချင်းလက်



www.burmeseclassic.com

www.burmeseclassic.com

ငင်း အကျိုးပေးလာမည့် ပရစေတနာ ပထမဇောကုသိုလ်ကံများ ရှင်သန်ကြီးထွား ပြန့်ပွားလျက် ရှိနေပေသည်။

ထိုဇောစေတနာများက ဤမျက်မှောက်ဘဝတွင် လုပ်ကိုင်ဆောင်ရွက်သမျှ အစစအရာရာ အဆင်ပြေချော မွေ့ကာ အောင်မြင်ပြီးမြောက် ခရီးရောက်အောင် အန္တရာယ်ကင်း ဘေးရန်ရှင်းအောင် စွမ်းဆောင်ကူညီပေးလေသည်။ ပထမဇောစေတနာ တကယ့်တကယ် ထက်သန်ပါက မြေကြီးက ရွှေသီးနိုင်ပေသည်။

ထို့အပြင် ကုသိုလ်ရှင်၏ စိတ်အစဉ်၌ ပရစေတနာ သတ္တမဇောများလည်း စောလျက်ရှိပါသည်။ ထို့ကြောင့် ကုသိုလ်ရှင်စိတ်၌ ဤဘဝမှထောက်လျှင် ဒုတိယမြောက် နောက်ဘဝ၌ အကျိုးပေးလာမည့် ပရစေတနာ သတ္တမဇောကုသိုလ်များလည်း ရှင်သန်ကြီးထွား ပြန့်ပွားလျက် ရှိနေပေသည်။ ထိုဇောစေတနာများက ဒုတိယမြောက် ဘဝ၌ လူ၊ နတ်၊ နိဗ္ဗာန်သုံးတန်သော ချမ်းသာများကို ရရှိပိုင်ဆိုင်ခံစားနိုင်အောင် ကူညီထောက်ပံ့ပေးလေသည်။

သည်မျှသာမကသေးပေ၊ တတိယမြောက် ဘဝက စပြီး နိဗ္ဗာန်ရသည်အထိ မီရာ,မီရာ ဘဝတို့၌ လိုက်၍, လိုက်၍ အကျိုးပေးနေမည့် ပရစေတနာ အလယ်ဇောငါးချက်လည်း ရှင်သန်ကြီးထွား ပြန့်ပွားလျက်ရှိပေသည်။ ထိုဇောစေတနာများက ကောင်းမှုကုသိုလ်ရှင် နိဗ္ဗာန်မရမချင်း မီရာ,မီရာ ဘဝတိုင်းမှာ ကောင်းမှုကုသိုလ်ရှင်ထံသို့ ကောင်းကျိုးချမ်းသာများ တစ်ခုပြီးတစ်ခု ရောက်လာအောင် ဆောင်ကြဉ်းပေးအပ်ပေသည်။

ထို့ကြောင့် ဘုရားက **ကောင်းမှုကုသိုလ် တိုးပွားခြင်းသည် ချမ်းသာ၏**ဟု လိုရင်းတိုရှင်း ဟောတော်မူခြင်းဖြစ်ပါသည်။ ထိုသို့ ဘဝတိုင်းမှာ ကောင်းကျိုးချမ်းသာများ ပေးစွမ်းနိုင်တဲ့ ကောင်းမှုကုသိုလ်၏ တန်ခိုးအာနိသင်ကို ဉာဏ်ဖြင့် ထင်ထင်ကောင်းစွာ သိမြင်၍ **ထိုကုသိုလ်ကောင်းမှု၌ အလိုဆန္ဒကို ပြုရာ၏**ဟု သင်ညွှန်ပြတော်မူခြင်းဖြစ်ပါသည်။

အဆိုပါ ဗုဒ္ဓသင်ပြချက်အားလုံးကို အနှစ်ချုပ်ကြည့်လျှင်-

**ကုသိုလ်ကောင်းမှုကို ပြုပြီးဆိုလျှင် အဖန်တလဲလဲ ထပ်ကာ,ထပ်ကာ ပြုပါ။**

**ထိုကုသိုလ်ကောင်းမှု၌ အလိုဆန္ဒကို ပြုရာ၏၊ ပြုပါ။**

**အဘယ်ကြောင့်ဆိုသော်-**

**ကုသိုလ်ကောင်းမှု တိုးပွားလာခြင်းသည် ချမ်းသာသောကြောင့်တည်း။**

ဤမျှဆိုလျှင် ကုသိုလ်ကောင်းမှုတွက် ရှင်းလင်းချက်ကို နားလည်နိုင်လောက်ပေပြီ။ အကုသိုလ်အကြောင်းကို ဆက်လက်ရှင်းပြပါဦးအံ့။

အကုသိုလ်ဟူသည် ပစ္စုပ္ပန်၌ရော တမလွန်၌ပါ အပြစ်မကင်းတဲ့ သဘောတရား ဖြစ်ပါသည်။ အပြစ်မကင်းခြင်းသည်ပင်လျှင် အကုသိုလ်မည်ကြောင်း၊ အကုသိုလ်ဟု သိမြင်နိုင်ကြောင်း အမှတ်သင်္ကေတတစ်ခု ဖြစ်ပါသည်။ ထို့ကြောင့် မြတ်ဘုရားက အကုသိုလ်ကို သာဝဇ္ဇ-အပြစ်နှင့်တကွဖြစ်သော တရားဟု မှတ်ချက်ချပြတော်မူပါသည်။

အပြစ်နှင့်တကွဖြစ်ပြီး အပြစ်မကင်းတဲ့ ထိုအကုသိုလ်က ပြုလုပ်သူအား မကောင်းကျိုး ဆိုးပြစ်များကို ဆောင်ကြဉ်းပေးအပ်ပေသည်။ ဆိုးကျိုးဆိုးပြစ်များ တစ်မျိုးပြီးတစ်မျိုး မရိုးနိုင်အောင် လာလာပြီး ပေးအပ်တဲ့ ထိုအကုသိုလ်သည် မိန်းမ,ယောကျ်ား သူ,ငါအားဖြင့် ခေါ်ဝေါ်အပ်တဲ့ ပုဂ္ဂိုလ်သတ္တဝါလည်း မဟုတ်၍ အကုသိုလ်ဆိုတာ နိဿတ္တ-သတ္တဝါမဟုတ်ဘူးဟု ဗုဒ္ဓသင်ပြပါသည်။

မကောင်းကျိုးဆိုးပြစ်များ လာလာပေးတတ်တဲ့ ထိုအကုသိုလ်သည် အသက်၊ လိပ်ပြာ၊ ဝိညာဉ်လည်းမဟုတ်။ ယင်းအကုသိုလ်၌ အသက်၊ လိပ်ပြာ၊ ဝိညာဉ် မရှိ။ ထို့ကြောင့် အကုသိုလ်ဆိုတာ နိဇ္ဇီဝ-အသက်၊ လိပ်ပြာ၊ ဝိညာဉ် မဟုတ်ဘူးဟု ဗုဒ္ဓသင်ပြတော်မူပါသည်။

ဒါဖြင့် အကုသိုလ်ဆိုတာ ဘာလဲလို့ မေးခွန်းထုတ်လျှင်-

**အကုသိုလ်ဆိုတာ ဓမ္မ-ဓမ္မသဘာဝ သဘောတရားသက်သက်မျှသာ ဖြစ်ပါသည်။**

အပြစ်နှင့်တကွဖြစ်ပြီး မကောင်းကျိုးပေးတဲ့ ထိုအကုသိုလ်သဘောတရားအားလုံးကို စုပေါင်းကြည့်လျှင် လောကမှာ အကုသိုလ်ဟာ ဆယ့်နှစ်ပါးသာရှိကြောင်း မြတ်ဘုရား ဟောပြပါသည်။ ထို့ထက်ပို၍လည်း မရှိနိုင်သလို လျော့နည်း၍ လည်းမသွားပေ။ အတိအကျ၌



www.burmeseclassic.com

www.burmeseclassic.com

ဒသ-ဆယ့်နှစ်ပါး ဖြစ်ပါသည်။

ထိုအကုသိုလ်စိတ် (၁၂)မျိုးတို့တွင် တစ်မျိုးမျိုးဖြင့် မကောင်းမှုဒုစရိုက် အကုသိုလ်များကို ပြုနေကြခြင်း ဖြစ်ပါသည်။ ပြုဖြစ်သွားပြီဆိုလျှင် ထိုအကုသိုလ် မကောင်းမှုက ဆိုးကျိုးဆိုးပြစ်များကိုသာ ပေးအပ်လေ့ရှိ၍ ပြုမိသူသည် မကောင်းကျိုးဆိုးပြစ်ကို ခံစားရပေတော့မည်။ ဤသဘောသည် လောက၌ သိသာထင်ရှား၏။

သို့သော် အကုသိုလ်ကို မပယ်နိုင်၊ အကုသိုလ်နှင့် မကင်းနိုင်သေးတဲ့ ပုထုဇဉ်တို့ကား မလွှဲမရှောင်သာတဲ့ အကြောင်းတစ်မျိုးမျိုးကြောင့် မလွှဲမရှောင်သာဘဲ ပြုမြဲပြုနေကြရပေသည်။ ထိုသို့ မလွှဲမရှောင်သာ ပြုကြရရာဝယ် အကုသိုလ်မကောင်းမှုပြုလျှင် မည်သို့မည်ပုံ ပြုသင့်သည်ကို သေယျသကဝတ္ထု၌ ဗုဒ္ဓက ဤသို့ သင်ပြထားပါသည်။

**'အကယ်၍ မကောင်းမှုကို ပြုငြားအံ့၊ ထိုမကောင်းမှုအကုသိုလ်ကို ထပ်ကာ,ထပ်ကာ အဖန်တလဲလဲ မပြုရာ၊ မပြုရ၊ မပြုပါနှင့်။ ထိုမကောင်းမှုအကုသိုလ်၌ အလိုဆန္ဒကို မပြုရာ၊ မပြုရ၊ မပြုပါနှင့်။ မကောင်းမှု တိုးပွားခြင်းသည် ဆင်းရဲ၏'**

သင်ပြချက်သည်ရှင်း၏။ အကုသိုလ်ပြုလျှင် အာစိဏ္ဏကံမြောက်အောင် အာသေဝနပြုကာ ပွားများမှု မပြုရ၊ မပြုပါနှင့်။ အကြိမ်ကြိမ်အခါခါ မပြုရ၊ မပြုပါနှင့်။ တစ်ကြိမ်တစ်ခါ ပြုသည်ကိုလည်း စိတ်၌ထုံမွမ်းကာ မထားရ၊ မထားပါနှင့်။ အကယ်၍ အကြိမ်ကြိမ်အခါခါပြုလျှင် သို့မဟုတ် တစ်ကြိမ်တစ်ခါကိုပင် အာစိဏ္ဏကံအဖြစ် ပြုနေပါလျှင် မိမိစိတ်၌ မကောင်းမှုများ ပြည့်သိပ်နေပေမည်။ သို့ဖြစ်ပါလျှင် မိမိဘဝတွင် ဆိုးကျိုးဒုက္ခများ ပြည့်သိပ်လာပေမည်။

အနှစ်ချုပ်ပါက-

**အကုသိုလ်ကို အဖန်တလဲလဲ မပြုပါနှင့်။**

**အကုသိုလ်၌ အလိုဆန္ဒမထားပါနှင့်။**

**အဘယ်ကြောင့်ဆိုသော်-**

**အကုသိုလ် တိုးပွားလာခြင်းသည် ဆင်းရဲသောကြောင့်တည်း။**

ဤမျှဆိုလျှင် မကောင်းမှုအကုသိုလ်တွက် ရှင်းလင်းချက်ကို နားလည်နိုင်လောက်ပြီဟု ထင်ပါသည်။ အပြစ်



ကင်းခြင်း၊ မကင်းခြင်း၊ ကောင်းကျိုးပေးခြင်း၊ ဆိုးကျိုးပေးခြင်းအားဖြင့် ဆန့်ကျင်ဘက်အသွင်ဆောင်နေတဲ့ ဓမ္မသဘာဝနှစ်ခု ကုသိုလ်နှင့် အကုသိုလ်တို့သည် ဤလောကအတွင်း၌ အမှန်တကယ် ရှိနှင့်နေ၏။

ထိုသို့ ဆန့်ကျင်ဘက်ဆောင်ကာရှိနှင့်လေရာ အဘယ်ကြောင့် ဘာကို ဦးစွာပထမ ပြုသင့်သည်ဆိုတဲ့ အကြောင်းကိုလည်း ဓမ္မပဒ စူဠေကသာဋကပုဏ္ဏား ဝတ္ထု၌ မြတ်ဘုရားက ဤသို့သင်ပြထားပါသည်။

**'ကုသိုလ်ကောင်းမှုကို အလျင်အမြန် ပြုရာ၏။ အလျင်အမြန် ပြုပါ။ အကုသိုလ်မကောင်းမှုမှ စိတ်ကို တားမြစ်ရာ၏၊ တားမြစ်ပေးပါ။ ကောင်းမှုကုသိုလ်ကို ဖြည်းဖြည်းနှေးနှေး လေးလေးကန်ကန် ပြုနေလျှင် စိတ်သည် မကောင်းမှု၌ မွေ့လျော်သွားတတ်၏'**

ကုသိုလ်ကောင်းမှု ပြုလုပ်မည့်အရေးကို တွေးတွေးပြီး ဖြည်းနှေးလေးကန်နေလျှင် စိတ်သည် မကောင်းမှု၌ မွေ့လျော်သွားတတ်သောကြောင့် ကုသိုလ်ကောင်းမှုကို ဦးစွာပထမ အလျင်အမြန်ပြုရမည်ဟု ဗုဒ္ဓသင်ပြတော်မူပါသည်။

ဤ၌ ကုသိုလ်ကောင်းမှုကို နှေးနှေးကွေးပြုနေသောကြောင့် ပြုနေရင်းပင် စိတ်က မကောင်းမှု၌ မွေ့လျော်သွားသည်ဟု လွဲမှားစွာ နားလည်သွားတတ်ပါသည်။ အမှန်တော့ ထိုသို့မဟုတ်ပေ။

ဘယ်နေ့၊ ဘယ်ရက်၊ ဘယ်အချိန်၊ ဘယ်အခါ ရောက်တော့မှပဲ ကုသိုလ်ကောင်းမှုကို ပြုတော့မည်ဟု ကောင်းမှုကုသိုလ်ပြုဖို့အရေးကို ကြိုးနီစနစ်သုံးကာ အချိန်ဆွဲနေတုန်း အချိန်ဖြုန်းနေတုန်း ရှိသေးသူ၊ ပြုကိုမှ မပြုသေးသူဟု ဆိုလိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com

မှန်၏။ ထိုသို့ ကုသိုလ်မပြုဘဲ အချိန်ဆွဲနေသောကြောင့်ပင် ထိုအချိန်အတွင်း၌ မိမိစိတ်သည် မကောင်းမှု၌ မွေ့လျော်သွားတတ်ပါသည်။ အချိန်ဆွဲနေရင်းပင် အကုသိုလ်စိတ် ဝင်လာ၍ မကောင်းမှု၌ စိတ်က မွေ့လျော်သွားပေသည်။

မှန်၏၊ စိတ္တနိယာမသဘောတွင် စိတ်သည် တစ်ခုမဟုတ်တစ်ခု ဖြစ်လေ့ရှိ၏။ ကုသိုလ်စိတ် ဖြစ်လျှင်ဖြစ်၊ မဖြစ်လျှင် အကုသိုလ်စိတ် ဖြစ်သွားပါသည်။ အကုသိုလ်စိတ်ဖြစ်လျှင်ဖြစ်၊ မဖြစ်လျှင် ကုသိုလ်စိတ် ဖြစ်ပါသည်။ ကုသိုလ်၊ အကုသိုလ် နှစ်မျိုးအနက် တစ်မျိုးမှမဖြစ်ဘဲ လစ်ဟာနေတဲ့ကြားကာလဟူ၍ မရှိပါချေ။ ဤကား စိတ္တနိယာမ သဘောတရား၏ မှန်ကန်တဲ့ သစ္စာတရားပင် ဖြစ်ပါသည်။

ထိုသို့နှစ်မျိုး တစ်မျိုးဖြစ်ရလေ့ရှိတဲ့ နိယာမသဘောတွင် ကုသိုလ်မပြုဖြစ်ဘဲ အချိန်ဆွဲနေလျှင် အကုသိုလ်တွင် စိတ်မွေ့လျော်သွားတတ်တဲ့ သဘောရှိလေသောကြောင့် အချိန်ဆွဲမနေဘဲ ကုသိုလ်ကိုပင် အလျင်ဦးစွာပြုသင့်၏။ ပြုပါဟု မြတ်ဘုရား ကျုနသေချာစွာ သင်ညွှန်ပြပါသည်။

ထိုသို့ ကုသိုလ်ကို အလျင်ဦးစွာ ပြုလုပ်လိုက်ခြင်းကြောင့် အကုသိုလ်ဖြစ်နိုင်ခွင့် မရလိုက်ရကား စိတ်ကို မကောင်းမှုမှ တားမြစ်ထေးပြီးသားလည်း ဖြစ်သွားပါသည်။ ထို့ကြောင့် ဆိုးကျိုးဆိုးပြစ် ဖြစ်ခွင့်မရှိ။ ဘေးဒုက္ခမှ ကင်းလွတ်ရပြီး ကောင်းကျိုးချမ်းသာ မင်္ဂလာကိုရွယ်ကာ တ,တိုင်းရစေနိုင်ပေသည်။

ဆေးကောင်းတစ်ခွက်၊ နည်းကောင်းတစ်ချက်ဟု အဆိုရှိ၏။ ဆေးတကာ့ ဆေးတို့တွင် ဓမ္မဆေးသည် အကောင်းဆုံး၊ နည်းတကာ့နည်းတို့တွင် ဗုဒ္ဓ၏ ဒေသနာနည်းသည် အကောင်းဆုံး။

ဆေးကောင်းတစ်ခွက် သောက်လျှင် ရောဂါကင်းလျက် အသက်ရှည်နိုင်၏။ နည်းကောင်းတစ်ချက်ပြုလျှင် အပြစ်ကင်းစင်ကာ ကောင်းကျိုးထင်နိုင်ပေသည်။

ရွှင်လန်းချမ်းမြေ့ကြပါစေဗျာ

မောင်ဉာဏ်လင်း(တောင်ကုတ်)


**ဆရာဦးသိန်းဝင်း**

B.A (Geog:), ဒ.ဘ.န.ဝ (တ.ဆ-၁၄၃၂)

**ပြည်တော်စံ**

တိုင်းရင်းဆေးကုခန်း

နှလုံး၊ အသည်း၊ ကျောက်ပေါင်း၊ အာရုံကြော အားနည်း၊ လေငန်း/လေဖြတ်၊ ကိုယ်ခံအားကျခြင်း၊ အကြောနှင့်ပတ်သက်သော ရောဂါများ ကုသပေးပါသည်။

✤ လေဖြတ်ရောဂါ ဝေဒနာရှင်များ အထူးကုသပေးပါသည် ✤

**လေဖြတ်ခြင်းကို ကြိုတင်ကာကွယ်ပါ**

လေဖြတ်မည့် လက္ခဏာများ

* ဦးခေါင်းနောက်စေ့တွင် ခေါင်းကိုက်ခြင်း
* မျက်ခွံနှင့် မျက်စိကြွက်သားတို့ ဆတ်ခနဲ လှုပ်ရှားခြင်း
* ပစ္စည်းများ ကိုင်လျှင် မကြာခဏ လွတ်ကျခြင်း
* ခြေ, လက်များ ထုံကျဉ်ခြင်း
* လမ်းလျှောက်လျှင် ခြေဆွဲနေခြင်း
* စကားပြော လေးခြင်း

စသည့် လက္ခဏာများ တွေ့ရှိခံစားရလျှင် ကြိုတင်၍ ဆေးစားခြင်း၊ အကြောဖွင့်ခြင်းတို့ကို ပြုလုပ်ပါက လေဖြတ်ခြင်းကို ကြိုတင်ကာကွယ်နိုင်ပါသည်။

ဆေးခန်းဖွင့်ချိန် - နံနက်(၁၁:၀၀)နာရီမှ ညနေ(၄:၃၀)နာရီထိ (တနင်္လာနေ့ ပိတ်သည်)


အမှတ်(၁၉)၊ (၁၁၂)လမ်း၊ (ဗိုလ်မင်းရောင်လမ်းမ)၊ မင်္ဂလာတောင်ညွန့်မြို့နယ် (ရဲစခန်းရှေ့)။

၀၉ ၇၉၅၁၄၂၆၈၃ ၊ ၀၉ ၃၁၆၅၂ ၇၂၄




www.burmeseclassic.com

# ထက်အုန်းလှ
## ဒါနကထာ(၄)




ဗုဒ္ဓဘာသာသာ ကိုယ့်အားကိုယ်ကိုးစနစ် (Buddhism is self reliance system) လို့ သိမှတ်လိုက်တာနှင့် ဘုရားရှင်တို့ရဲ့ အဆုံးအမတိုင်းမှာလည်း အလုံးစုံသော မကောင်းမှုကို မပြုရဘူး။ ကုသိုလ်ကောင်းမှုနဲ့ ပြည့်စုံစေရမယ်။ မိမိစိတ်ကို ဖြူစင်စေရမယ် ဆိုတာတွေဟာ ကြည်ကြည်လင်လင် ထင်ဟပ်ဖြစ်တည်နေရုံမက လက်တွေ့ကျင့်သုံး လုပ်ဆောင်ရမယ့်အရာ ဖြစ်လာပါတယ်။ သီလ၊ ဉာဏ်ပညာနှင့် ပြည့်စုံတဲ့တရားတွင် တည်ရှိပြီး အမှန်ကို မြတ်နိုးတတ်ခြင်းနှင့်အတူ မိမိလုပ်တဲ့ အလုပ်ဟာ မိမိရဲ့ အကောင်းဆုံးစိတ်ထားနှင့် အကောင်းဆုံး အရည်အချင်းကို ဖော်ပြနေမှာ ဖြစ်ပါတယ်။

ကယ်တင်ရှင် ဖန်ဆင်းရှင် မဟုတ်သော မြတ်ဗုဒ္ဓက ခုနစ်နှစ်သားအရွယ် သားတော် ရာဟုလာကို ကိုယ်ချင်းစာတရားဖြင့် ဦးစွာ သင်ကြားခဲ့တယ်။

မိမိပြုလုပ်မယ့် အလုပ်ဟာ မိမိနှင့် သူတစ်ပါး နှစ်ဦးလုံး

www.burmeseclassic.com

ထိခိုက်နစ်နာစေမယ့်အလုပ် ဟုတ်၊မဟုတ် ကြိုတင်စဉ်းစားပြီးမှ ပြုလုပ်ဖို့ ပြုလုပ်ပြီးသား ကိစ္စများကိုလည်း ဤနည်းအတိုင်း ပြန်လှန်စစ်ဆေးဖို့ ဆုံးမခဲ့ပါတယ်။ အနာကုလာစကမ္မန္တာ ဆိုတဲ့ မင်္ဂလာတရားတော်နဲ့အညီ သူတစ်ပါးကို မထိခိုက်တဲ့အလုပ်ကို ပြုလုပ်ရခြင်းလို့လည်း ဆိုနိုင်ပါတယ်။ လူမှုဆက်ဆံရေး နယ်ပယ်မှာ သင်္ဂဟတရား ကျင့်သုံးလိုက်နာသူတွေဟာ ကြီးပွားချမ်းသာကြပြီး လောကကြီးကိုလည်း ငြိမ်းချမ်းသာယာစေပါတယ်။ ပေးကမ်းထောက်ပံ့ ချီးမြှင့်ခြင်းဆိုတဲ့ဒါန၊ ချစ်ဖွယ်ဆောင်ရွက်ပေးခြင်းဖြင့် ချီးမြှင့်ခြင်းဆိုတဲ့ အတ္တစရိယာ၊ ကိုယ်နဲ့ထပ်တူ ပြုမူဆက်ဆံခြင်း အားဖြင့် ချီးမြှင့်ခြင်းဆိုတဲ့ သမာနတ္တတာ။

အဲဒီသင်္ဂဟတရား (၄)ပါးကိုလည်း (၃၈)ဖြာမင်္ဂလာတရားလိုပင် လိုက်နာကျင့်သုံးရမှာပါပဲ။ ပုထုဇဉ်ဆိုတဲ့ သဘာဝအရ တစ်ဦးတစ်ယောက်က လက်ဆောင်ပေးမယ်ဆိုရင် လိုချင်မှု ရှိကြပါတယ်။ လက်ဆောင်ရရင် ဝမ်းသာပျော်ရွှင်ကြမယ်။ ဒါပေမဲ့ သူပေးတဲ့ လက်ဆောင်ရပြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်ရတာထက် မိမိကိုယ်တိုင် သူတစ်ပါးတို့ ဝမ်းသာပျော်ရွှင်အောင် လက်ဆောင်ပေးနိုင်ခြင်းက အတိုင်းထက်အလွန် ပိုမိုပျော်ရွှင် ခံစားရမှာ ဖြစ်ပါတယ်။ ပေးကမ်းစွန့်ကြဲခြင်းဟာ မျှော်လင့်ချက် ချည်နှောင်ပေးလိုက်တာမျိုး၊ ကျေးဇူးတုံ့ပြန်မှု တစ်ခုခုကို မျှော်ကိုးလိုတာမျိုး မဟုတ်ပါ။ တံစိုးလက်ဆောင်သဖွယ် ပေးကမ်းတာမျိုးလည်း မဟုတ်တဲ့အတွက် ပေးကမ်းစွန့်ကြဲ မျှဝေခြင်းကိစ္စမှာ လက်ခံသူဖြစ်ရတာထက် ပေးကမ်းသူ ဖြစ်ရတာက ပိုပြီးမြင့်မြတ်နေပေလိမ့်မယ်။

သီလက နိဗ္ဗာန်ရောက်တဲ့အထိ အကျိုးပြုစေနိုင်ပေမယ့် နိဗ္ဗာန်ရောက်ကြောင်း အကျင့်ဖြစ်တဲ့ မဂ္ဂင်ရှစ်ပါးကျင့်စဉ်မှာ ဒါနမပါဝင်တဲ့အတွက် ဒါနဟာ နိဗ္ဗာန်အထိ အကျိုးပေးနိုင်တယ်ဆိုတာ သံသယဖြစ်ဖွယ် ရှိပါတယ်။ ဒါပေမဲ့ ဒါနပြုနေတဲ့အခါ သဒ္ဓါ၊ ပညာ၊ အလောဘ၊ အဒေါသစိတ်တွေသာ ဖြစ်ပေါ်ဦးစီးနေကြတာဆိုတော့ အကြမ်းစားကိလေသာ(ဝီတိက္ကမ) မဖြစ်ပေါ်အောင် ချိုးနှိမ်ထားပြီးလို့ ဆိုနိုင်ပါတယ်။ သိက္ခာ(၃)ပါးမှာ သီလသိက္ခာက အခြေခံအုတ်မြစ်အဖြစ် ကျေးဇူးပြုထားသလို ဒါနကလည်း စောင်းတန်းလှေကားသဖွယ် အကျိုးကျေးဇူးပြုတယ်ဆိုတာ ပေါ်လွင်စေပါတယ်။

တကယ်တော့ ဒါနဟာ အပဝတ္တုပစ္စည်းတွေကို စွန့်လွှတ်တာပါ။ အဲဒီအပဝတ္တုပစ္စည်းလေးကိုမှ မစွန့်လွှတ်နိုင်ဘူးဆိုရင် အသက်ရှင်နေသရွေ့ ချစ်ခင်တပ်မက်ရတဲ့ ရုပ်နာမ်ခန္ဓာကြီးကို ဘယ်လိုနည်းနှင့်မှ စွန့်လွှတ်နိုင်မည် မဟုတ်ပါ။ ဒါနရဲ့ မြင့်မြတ်မှုတွေက ဝိုင်းဝန်းကူညီ လုပ်ဆောင်ပေးမှသာ ဝိပဿနာလမ်းစဉ်အတွက် ဖြောင့်မတ်မှန်ကန်မှုကို ရရှိနိုင်ပါလိမ့်မယ်။ ဒါနမှာ ဝိပဿနာသဘော ပါဝင်နေသလို ဘာဝနာမှာလည်း ဒါနသဘော ပါဝင်နေပါတယ်။ ထို့အတူ ဒါနဟာ သီလသဘောနှင့် မကင်းနိုင်သလို သီလတွင်လည်း ဒါနသဘော ယှက်နွယ်ပေါင်းကူးနေပါတယ်။ သူတစ်ပါးရဲ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်တယ်ဆိုတာ သူ့အသက်ကို ပေးလှူခြင်း ဇီဝိတဒါန မည်ပါတယ်။ သူတစ်ပါးဥစ္စာ ခိုးယူခြင်းမှ ရှောင်ကြဉ်တာ၊ သူတစ်ပါးသားမယား ဖျက်ဆီးခြင်းမှ ရှောင်ကြဉ်တာ၊ သူတစ်ပါးကို လိမ်ညာလှည့်ဖြားခြင်းမှ ရှောင်ကြဉ်မှုများကတော့ တစ်ပါးသူတို့အပေါ် ဘေးကင်းရန်ကွာ ကြောင့်ကြစိုးရိမ်ခြင်းကင်းစွာ ရပ်တည်နိုင်အောင် အကျိုးဆောင်ပေးရာ ရောက်တဲ့အတွက် အဘယဒါနလို့လည်း ခေါ်ဆိုရမှာဖြစ်ပါတယ်။ ဆန်းစစ်ကြည့်မယ်ဆိုရင် ငါးပါးသီလကို လုံခြုံစွာ စောင့်ထိန်းခြင်းဟာ မဟာဒါန မည်ပါတယ်။

ဒါန၊ သီလ၊ ဘာဝနာတွေကို သီးခြားစီ ခွဲထုတ်မရသလို အဲဒီ(၃)မျိုး ပေါင်းစုတည်ရှိနေပါမှ မဂ္ဂင်ရှစ်ပါးကျင့်စဉ်တရားရဲ့ အနှစ်သာရအားဖြင့် နိဗ္ဗာန်အထိ မျက်မှောက်ပြုနိုင်တဲ့ စွမ်းအင်အရှိန်အဝါသာ ဖြစ်ပါတယ်။

အင်္ဂုတ္တိုရ်ပါဠိတော်၊ ပထမဒါနသုတ်နဲ့ ဒါနဝတ္ထုသုတ်တို့မှာ အလှူပေးခြင်းအကြောင်း ရှစ်မျိုးတွင် သမထဝိပဿနာစိတ်ရဲ့ အဆင်တန်ဆာ၊ အခြံအရံအလို့ငှာ ပေးလှူခြင်း ပါဝင်ပါတယ်။ ဒါနမဟာပ္ဖလသုတ်မှာတော့ ရုပ်နာမ်ခန္ဓာကို မငဲ့ကွက်ဘဲ သမထဝိပဿနာစိတ်ရဲ့ အဆင်တန်ဆာ၊ အခြံအရံ၊ အထောက်အပံ့ဖြစ်အောင် ပေးလှူရင် ထိုအလှူဒါနဟာ ဘုံအားဖြင့် ဗြဟ္မာ့ဘုံအထိ ပုဂ္ဂိုလ်အားဖြင့် အနာဂါမ်အထိ အကျိုးပေးနိုင်ကြောင်း မြတ်ဗုဒ္ဓဟောကြားထားပါတယ်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

ဒါနသည် နတ်ပြည်သို့တက်ရန် စောင်းတန်းလှေကားနှင့် တူ၏။

ဒါနသည် သံသရာလမ်းခရီး၌ စားသောက်သုံးဆောင်ရန် မြတ်သောရိက္ခာထုပ်ကြီးလည်း ဖြစ်၏။

ဒါနသည် နိဗ္ဗာန်သို့ ဖြောင့်ဖြောင့်သွားနိုင်သော ခရီးလမ်းမှန်လည်း ဖြစ်၏။

ဒါနသည် မဂ်ဖိုလ်နိဗ္ဗာန်၏ အကြောင်းစစ် အကြောင်းမှန်လည်းဖြစ်၏ဆိုတဲ့ မြတ်ဗုဒ္ဓရဲ့ ဟောဖော်ညွှန်ပြချက်နဲ့အညီ ဒါနအကျိုးကြောင့် လူ့စည်းစိမ်၊ နတ်စည်းစိမ် ရရှိသည်မှာ ထင်ရှားပေမယ့် ဗြဟ္မာ့ပြည်ကိုတော့ ပေးကမ်းလှူဒါန်းနေရုံမျှ မလားရောက်နိုင်။ ဒီနေရာမှာ ဒါနရဲ့စေတနာအလျောက် ပေးလှူပြီးတဲ့နောက် ရန်သူပင်ဖြစ်သော်လည်း သမထဝိပဿနာစိတ်ရဲ့ အခြေအရံအဖြစ် နူးညံ့စိတ်ပေါ်ပေါက်လာပြီး မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ၊ ဗြဟ္မစိုရ်တရားတို့ကို ပွားများအားထုတ်ခဲ့လျှင်ဖြင့် ဗြဟ္မာ့ပြည်သို့ လားရောက်နိုင်တယ်လို့ ဆိုပါတယ်။

ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါး လှူဒါန်းခြင်း (အာမိသဒါန)၊ ပစ္စည်းဝတ္ထုကို လှူဒါန်းခြင်း (ဝတ္ထုဒါန)၊ သတ္တဝါတို့၏ အသက်စည်းစိမ်ကို ဘေးမဲ့ပေးခြင်း (အဘယဒါန)၊ လောကီစည်းစိမ်ချမ်းသာကို တောင့်တ၍ ပေးလှူခြင်း (ဝဋ္ဋနိဿိတဒါန)၊ ဝဋ်ဆင်းရဲကင်းရာ နိဗ္ဗာန်ကို တောင့်တ၍ လှူဒါန်းခြင်း (ဝိဝဋ္ဋနိဿိတဒါန)၊ သားငါးစသော သတ္တဝါများကို သတ်ဖြတ်၍ ကျွေးမွေးလှူဒါန်းခြင်းသည် အပြစ်နှင့်တကွဖြစ်သော သာဝဇ္ဇဒါန၊ သတ္တဝါများကို သတ်ဖြတ်ခြင်းမှ ကင်းရှင်းသော ဒါနမျိုးသည် အပြစ်မရှိသော အနဝဇ္ဇဒါန၊ ကိုယ်တိုင်ကိုယ်ကျ လက်ဖြင့်ကိုင်တွယ်၍ လှူဒါန်းခြင်း (သာဟတ္ထိကဒါန)၊ သူတစ်ပါးကိုစေခိုင်းပြီး ကိုယ်စားလှယ်လွှဲ၍ လှူဒါန်းခြင်း (အာဏတ္တိကဒါန)၊ လှူဖွယ်ဝတ္ထုကို ကောင်းမွန်စွာ ပြုပြင်ကာ ရိုရိုသေသေလှူဒါန်းခြင်း (သက္ကစ္စဒါန)၊ တရားသဖြင့် ရှာဖွေရရှိသော ပစ္စည်းဥစ္စာကို လှူဒါန်းခြင်း (ဓမ္မိယဒါန)၊ မတရားသောနည်းဖြင့် ရှာဖွေရရှိသည့် ပစ္စည်းဥစ္စာကိုလှူဒါန်းခြင်း (အဓမ္မိယဒါန)၊ အခြံအရံနှင့်တကွ လှူဒါန်းခြင်း (သပရိဝါရဒါန)၊ အခြံအရံမပါဘဲ လှူဒါန်းခြင်း (အပရိဝါရဒါန)၊ အချိန်အခါနှင့် သင့်လျော်ညီညွတ်အောင် လှူဒါန်းခြင်း (ကာလဒါန)၊ အချိန်အခါကို မရွေးချယ်ဘဲ လှူဒါန်းခြင်း (အကာလဒါန)၊ နေရာတည်မြဲသည့် ဘုရား၊ တန်ဆောင်း၊ ကျောင်း၊ ဇရပ်၊ ရေတွင်း၊ ရေကန် စသည်တို့ကို လှူဒါန်းခြင်း (ထာဝရဒါန)၊ ခေတ္တခဏမျှသာ သုံးစွဲရသော ဆွမ်း၊ သင်္ကန်း စသည့်ပစ္စည်းကို လှူဒါန်းခြင်း (အထာဝရဒါန)၊ ပုဂ္ဂိုလ်တစ်ဦးစ နှစ်ဦးစကို ပိုင်းခြားသတ်မှတ်၍ လှူဒါန်းခြင်း (ပုဂ္ဂလိကဒါန)၊ သံဃာတော်အား ရည်မှန်း၍ လှူဒါန်းခြင်း (သံဃိကဒါန)၊ ကျော်စောထင်ရှားမှုကို တောင့်တ၍ လှူဒါန်းခြင်း (ဟီနဒါန)၊ လူချမ်းသာ၊ နတ်ချမ်းသာ၊ လောကီအကျိုးကို တောင့်တ၍ လှူဒါန်းခြင်း (မဇ္ဈိမဒါန)၊ သူတော်ကောင်းတို့၏ အလေ့အကျက်ကို အလေးဂရုပြု၍ လှူဒါန်းခြင်း (ပဏီတဒါန)၊ သူတော်ကောင်းတို့၏ ပေးလှူခြင်း(၅)မျိုး (သပ္ပုရိသဒါနငါးပါး)၊ သပ္ပုရိသဒါနကို ဆန့်ကျင်၍ သူတော်ကောင်း မဟုတ်သူတို့၏ လှူခြင်း(၅)မျိုး (အသပ္ပုရိသဒါနငါးပါး)ဆိုပြီး ကျယ်ပြန့်စွာ ခွဲခြားထုတ်ဖော် လမ်းညွှန်ထားပါတယ်။

အဲဒီဒါန အမျိုးအစားများစွာထဲမှ အကျိုးကြီးစွာသော ဒါနမျိုးကိုသာ ရွေးချယ်လှူဒါန်းကြဖို့ ဖြစ်ပါတယ်။ သို့သော် လုံးလုံးလျားလျား ဒါနကုသိုလ် မပြုလုပ်သူနှင့် ဒါနပြုသူတွေဟာ ဖြစ်လေရာဘဝတွင် ဒါနအကျိုးပေးပုံချင်း မတူညီကြတဲ့အတွက် အဆင့်အတန်းချင်းလည်း တူညီကြမှာ မဟုတ်ပါ။

ဂေါတမဗုဒ္ဓ ပွင့်ထွန်းစဉ်ကာလ ရာဇဂြိုဟ်ပြည်နယ်ထဲမှာ ချမ်းသာကြွယ်ဝကြတဲ့ သူဌေးများ ရှိကြပေမယ့် ဇေတဝန်ကျောင်းအလှူရှင် အနာထပိဏ် သူဌေးကြီးနှင့် ပုဗ္ဗာရုံကျောင်း ဒါယိကာမကြီး ဝိသာခါတို့ဟာ ဇာတခံဘွဲ့ရအောင်ပင် ဒါနကုသိုလ်အားဖြင့် စွမ်းဆောင်နိုင်ခဲ့သူတွေ ဖြစ်ပါတယ်။ ယနေ့ခေတ်ကာလမှာလည်း ကမ္ဘာပေါ်မှာ ချမ်းသာကြွယ်ဝသူ ထောင်ဂဏန်းမျှ ရှိကြသလို ဆင်းရဲသူ သန်းပေါင်းများစွာကိုလည်း တွေ့မြင်နေရပါတယ်။ များသောအားဖြင့်ကတော့ အုပ်ချုပ်သူအစိုးရရဲ့ လွဲမှားသော လမ်းညွှန်မှုတွေ၊ နိုင်ငံရေးမတည်ငြိမ်မှုတွေ၊ အကျင့်ပျက်ခြစားမှုတွေ၊ ပြည်တွင်းစစ်ပွဲတွေနှင့်အတူ ရာသီဥတု ပြောင်းလဲမှုအပါအဝင် ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးနိမ့်ကျတဲ့ အခြေအနေအထိ ဆိုက်ရောက်ခဲ့ကြရတာပါ။



www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာ့အဆင်းရဲဆုံး နိုင်ငံတွေဟာ အာဖရိကတိုက်ထဲက အများဆုံးဖြစ်ပြီး မာလာဝီ၊ ဘူရွန်ဒီ၊ နိုင်ဂျာ၊ ကွန်ဂို၊ လိုက်ဘေးဒီးယား၊ မာဒါဂါးစကား၊ ကင်ညာ၊ ယီမင်၊ တောင်ဆူဒန်၊ ဆိုမာလီယာ၊ ဂမ်ဘီယာ၊ ဂီနီယာ အစရှိတဲ့ နိုင်ငံတွေမှာ လူဖြစ်ခွင့်ရသူတွေဟာ နည်းပါးလှတဲ့ အတိတ်ရဲ့ ဒါနကုသိုလ်၊ ဒါမှမဟုတ် ဘဝအထိုထိုက အဒိန္နာဒါနကံကို လွန်ကျူးစွာ ဖောက်ဖျက်ခဲ့ကြသူတွေလို့ ဆိုနိုင်ပါတယ်။ သန့်ရှင်းစင်ကြယ်မှုမရှိတဲ့ ဒါနအကျိုးပေးကြောင့် တုံ့ပြန်မှုအမျိုးမျိုး ရရှိခံစားနေကြသူတွေလည်း ကမ္ဘာကြီးပေါ်မှာ ဒုနဲ့ဒေးပါပဲ။

သူတစ်ပါးဥစ္စာကို လိမ်လည်လှည့်ဖြား လုယက်ခိုးဝှက်ပြီး မတရားသဖြင့် ရအပ်တဲ့ ငွေကြေးများစွာ ကုဋေကုဋ္ဌာ တန်ဖိုးကြီးတဲ့ အလှူကြီးလှူသည်ပင် ဖြစ်ပါစေ မိမိကိုယ်စွမ်းဉာဏ်စွမ်းနှင့်ဖြစ်ဖြစ်၊ တောင်းရမ်းလို့ပဲဖြစ်ဖြစ် တရားသဖြင့် အသက်မွေးမှု၊ တရားသောအလုပ်ဖြင့် သားမယားတို့ကို လုပ်ကျွေးပြုစုသူ ဆင်းရဲသား တစ်ယောက်ရဲ့ ငွေတစ်ရာ၊ ငွေတစ်ထောင် အလှူဒါနကို မမီနိုင်ပါ။ အကျိုးအားဖြင့် (၂၅၆)ပုံ (၁)ပုံမျှလောက်ပင် မမီဘူးလို့ ဆိုပါတယ်။ လှူဖွယ်ဝတ္ထုတန်ဖိုး နည်းပါးသည့်တိုင် စေတနာ၊ သဒ္ဓါ၊ ဝတ္ထုပစ္စည်း စင်ကြယ်မှုက ကြီးကျယ်တဲ့ ဒါနအကျိုးကို မလွဲမသွေ ရရှိခံစားစေမှာ ဖြစ်ပါတယ်။

တစ်စ,တစ်စ စွန့်ဝံ့မှသာလျှင် ဘဝနောက်နောင်ဆက်တိုင်း ကောင်းမယ်ဆိုတာ အငြင်းပွားရမယ့်ကိစ္စမဟုတ်သလို လောကကြီးမှာ ပကတိစစ်မှန်တဲ့ တရားဓမ္မတွေနဲ့ အသက်ရှင်သန်ရခြင်းသည်သာ အမှန်အမြတ်လို့ ဆိုပါရစေ။

**ထက်ဘုန်းလူ**

**ကိုးကား**

* အင်္ဂုတ္တိုရ်ပါဠိတော် (ဒါနသုတ်)။
* ဗုဒ္ဓဘာသာလက်စွဲကျမ်း။
* မြတ်ဒါန (ဒေါက်တာမင်းတင်မွန်)။
* မိမိ၏ အတွေ့အကြုံမှတ်စုစာအုပ်။



www.burmeseclassic.com

"တစ်ရက်ကို လေးကျပ်ဆိုတော့ ဆယ်ရက်ကို လေးဆယ်၊ တစ်လဆို တစ်ရာ့နှစ်ဆယ်ရပြီး တစ်နှစ်ဆို အသပြာတစ်ထောင် ကျော်ကြီးများတောင်။ အဟီး..ပန်းလေး ဝယ်ရုံနဲ့ ငါမှ မချမ်းသာ ရင် ဘယ်သူချမ်းသာမလဲ"



# သူရဝင်း

## အရှုံးကြားက အမြတ်ဆုံးဆု

www.burmeseclassic.com

www.burmeseclassic.com

ခုန္ဒုတ္တရာသည် တောင်ဝှေးကို ထောက်ကာ,ထောက်ကာ သွားနေရာမှ တွေးရင်း ကျေနပ်ပီတိ ဖြစ်နေမိသည်။ ထိုအရပ်ဆိုးဆိုး၊ ခါးကုန်းကုန်း မိန်းမကြီးမှာ အခြားမဟုတ် ဥတေနမင်း၏မိဖုရား သာမာဝတီ၏ ကျွန်မကြီးဖြစ်သည်။ သာမာဝတီမိဖုရားက သူ့ကို နေ့စဉ် ပန်းဖိုးအသပြာ ရှစ်ကျပ်ပေးပြီး ပန်းဝယ်ခိုင်းသည်။ သူက ရှစ်ကျပ်ဖိုးလုံး မဝယ်၊ လေးကျပ်ဖိုးသာဝယ်ပြီး နေ့စဉ် ပိုတဲ့ လေးကျပ်ကို ခိုးယူထားလိုက်သည်။ ထို့ကြောင့် တစ်နေ့,တစ်နေ့ သူရတဲ့ လေးကျပ်ကို တွက်ကြည့်ရင်း စိတ်ကူးနှင့် ပျော်နေခြင်း ဖြစ်လေသည်။

ယနေ့လည်း ဝယ်နေကျ ပန်းဖောက်သည် မမြတ်လေး၏အိမ်သို့ ပန်းဝယ်ဖို့ ထွက်လာခဲ့သည်။ ဝယ်နေကျဆိုတော့ ပြောမနာဆိုမနာ အဆွေခင်ပွန်းတွေ ဖြစ်နေကြပြီဖြစ်သည်။ သူဝယ်လျှင် မမြလေးက အမြဲအပိုပေးသည်။ မိဖုရားကမူ သူ မည်ရွေ့မည်မျှ ဖိုးဝယ်ခဲ့သည့်ဟု သိဟန်မတူ၊ မေးလည်းမမေး။ သူ ဆက်သလောက်ကိုပင် ကျေနပ်နေသည်။

'ဟော..ဘာလိုလို့နဲ့ မမြလေးအိမ်ရှေ့တောင် ရောက်လာပြီပဲ။ အလို..အိမ်ရှေ့မှာ ပန်းတောင်းတွေလည်း မတွေ့ပါလား။ ဟင်..ဘာတွေလုပ်နေကြပါလိမ့်'

မမြလေး၏ အိမ်ရှေ့တွင် ခါတိုင်းလို ပန်းတောင်းတွေချပြီး ပန်းရောင်းနေတာကို မတွေ့သဖြင့် သူစဉ်းစားရခက်နေသည်။ ပြီးတော့ ခါတိုင်းလိုမဟုတ်ဘဲ ရှင်းလင်းသန့်ပြန့်နေသည်။ အလုပ်သမားတွေသာ ချက်ပြုတ်လုပ်ကိုင်နေကြသည်။ မမြလေးကိုမူ မတွေ့ရသေး။

'ဟေ သူငယ်ချင်းမ မမြလေး၊ ထွက်လာပါဦးလား။ အိမ်ရှေ့မှာ ပန်းဝယ်ဖို့ ငါ ရောက်နေပြီ'

နှစ်ခါ,သုံးခါမက သူအော်ခေါ်လိုက်မှ သုတ်သီးသုတ်ပျာနှင့် အိမ်နောက်ဘက်မှ မမြလေး ထွက်လာသည်။

'ဩော်..ဘယ်သူများလဲလို့။ ခုဇ္ဇုတ္တရာကြီးကိုး'

'ပန်းဝယ်မလို့ဟဲ့။ ခုထိ ဘာဖြစ်လို့ ဆိုင်မခင်းသေးဘာတုံး'

'ပြောထားဖို့ မေ့နေလိုက်တာ ယောက်မရယ်။ အလုပ်တွေများနေလို့ ဒီနေ့ ဆိုင်မထွက်တော့ပါဘူးကွယ်'

'ဘာအလုပ်တွေများ ဒီလောက်များနေရတာလဲ မမြလေးရဲ့။ ငါ ပန်းမရလို့တော့ မဖြစ်ဘူး။ နင့်ဟာနင် ဘယ်လောက်အလုပ်များများ ဥတေနမင်းကြီးရဲ့ မိဖုရားကို ဆက်သဖို့ ပန်းမှမရရင် နင်ရောငါပါ ရာဇဝတ်သင့်လိမ့်မယ်။ လုပ်စရာရှိရင် ငါကူလုပ်ပေးပါ့မယ်။ ငါ့ကိုတော့ ရောင်းမှဖြစ်မယ်'

'ကျွန်မမှာလည်း ရှင့်ထက် အရေးကြီးတဲ့ကိစ္စရှိတယ်။ မင်းဒေါသင့်တာက အကြောင်းမဟုတ်ဘူးရှင့်'

'ဟဲ့..မင်းထက် ဘယ်သူက ပိုအရေးကြီးလို့လဲ'

'ဒီနေ့ မြတ်စွာဘုရားကို ပင့်ဖိတ်ပြီး ဆွမ်းကပ်လှူပွဲရှိတယ်လေ။ အထွတ်အဦးဖြစ်တဲ့ အကောင်းဆုံး အမြတ်ဆုံးဆွမ်း၊ အကောင်းဆုံး အမြတ်ဆုံးပန်းတွေနဲ့ ပူဇော်ဖို့အတွက် ကျွန်မ အလုပ်များနေတယ်။ ဒါကြောင့် ဒီနေ့ ရောင်းစရာပန်း မရှိဘူး'

'ညည်း ငါ့ကိုတော့ အဲဒီလို ပစ်ပစ်ခါခါ မလုပ်ပါနဲ့ မမြလေးရယ်။ ညည်းရဲ့အလှူမှာ ငါ ဘာဝိုင်းလုပ်ပေးရမလဲ ပြော'

'အင်းပါလေ၊ ဒါဖြင့် ခဏဆိုင်းငံ့ပေးပါဦး။ ရှင် ကျွန်မကို ဝိုင်းကူလုပ်ပေးပြီးမှ ပန်းယူပြီး ပြန်ပေါ့ရှင်'

'ကောင်းပြီလေ'

ခုဇ္ဇုတ္တရာသည် မမြလေးက ဘုရားရှင်အား ဆွမ်းတော်ကပ်ဖို့ ပြင်ဆင်ရာတွင် ဝိုင်းဝန်းကူညီ လုပ်ကိုင်ပေးခဲ့သည်။

'ဆွမ်းပွဲတော့ ပြင်ပြီးပါပြီ။ ကဲ..ငါ့တာဝန်ကျေပြီနော်။ ညည်းကတိအတိုင်း ငါ့ကို ပန်းရောင်းပေးတော့'

'ရောင်းပေးပါမယ် ယောက်မရယ်၊ ခါတိုင်းထက်တောင် အပိုတွေ အများကြီး ပေးလိုက်ဦးမှာ။ ဒါပေမဲ့ ခဏလေး ဆိုင်းငံ့ပေးပါဦး။ ကျွန်မအိမ်မှာက လူပိုရှိတာ မဟုတ်ဘူး။ ဆွမ်းကပ်ပြီးတဲ့အထိ ဝိုင်းကူပါဦးရှင်'

မမြလေးက တောင်းတောင်းပန်ပန်နဲ့ အကူအညီတောင်းတာကတစ်ကြောင်း၊ မင်းထက် အရေးကြီးတဲ့ ဘုရားရှင်ဆိုတာ ဘယ်လိုပုဂ္ဂိုလ်လဲဆိုတာ သိချင် မြင်ချင်သေးသဖြင့် သူ လိုက်လျောလိုက်ရပြန်သည်။

မကြာခင် ဘုရားအမှူးရှိသော သံဃာတော်များ ကြွလာသည်။ ခုဇ္ဇုတ္တရာသည် ဘုရားရှင်၏ အသရေတော်အား ဖူး၍မဝနိုင်အောင် ဖြစ်ရသည်။

'ငါ့သူငယ်ချင်း မမြလေးရဲ့ ကျေးဇူးကြောင့် လောကမှာ အမြတ်ဆုံးဖြစ်သော ဘုရားရှင်အား ငါဖူးခွင့်ရတယ်။



www.burmeseclassic.com

www.burmeseclassic.com

သံဃာအား ငါဖူးခွင့်ရတယ်။ ငါသည် အရတော်ပေစွ' ဟု နှလုံးပိုက်ကာ ဘုရားအမှူးရှိသော သံဃာတော်တို့အား စေတနာပါပါပင် ပြုစုလုပ်ကျွေးရာတွင် ဝိုင်းဝန်းကူညီခဲ့သည်။

ဆွမ်းကပ်ပြီးသောအခါ အနုမောဒနာပြုရန် သပိတ်ကိုယူစဉ် သာမာဝတီ မိဖုရားကို ပန်းဆက်ရန် သတိရသွားသဖြင့်-

'သူဝယ်ချင်း··ငါ့ကို ပန်းယူပေးတော့ ငါပြန်မှသင့်မည်' ဟု မမြလေးနားကပ်ကာ တိုးတိုးလေး သူပြောလိုက်သည်။

'ခေတ္တလေး ဆိုင်းငံ့ပေးပါဦးလား ယောက်မရယ်။ တရားနာပြီးမှ ပြန်ပါလေ'

မမြလေးက ဆိုင်းငံ့ခိုင်းပြန်သဖြင့် တရားနာရပြန်သည်။ ခုဇ္ဇုတ္တရာသည် ဘုရားရှင် ဟောကြားတော်မူသော တရားတော်အား နားစိုက်ထောင်ကာ နာကြားနေရင်း၌ပင် သောတာပတ္တိဖိုလ်၌ တည်လေသည်။ ထို့နောက် ဘုရားရှင်သည် တရားဟောပြီး၍ ပြန်ကြွသွားမှပင် မမြလေးအား ပန်းရောင်းပေးရန် ပြောရလေသည်။

'ရောင်းပေးပါ့မယ် ယောက်မရယ်။ ကဲ··ပြော၊ ခါတိုင်းလို လေးကျပ်ဖိုးပဲ မဟုတ်လား'

'ဟင့်အင်း၊ ဟင့်အင်း။ ဒီနေ့ ရှစ်ကျပ်ဖိုးပေးပါ'

သူသည် သောတာပန်ဖြစ်သွားပြီဖြစ်၍ ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲသူ ဖြစ်နေလေပြီ။ သူတစ်ပါးပစ္စည်းကို ခိုးယူခြင်းမှ ရှောင်ကြဉ်သူ ဖြစ်သွားပြီဖြစ်၍ မမြလေး၏ အမေးကို ရုတ်ခြည်းပြန်ဖြေလိုက်သည်။

'ဒီနေ့ တယ်ထူးဆန်းတာပဲ။ မိဖုရားအိမ်မှာ ပွဲသဘင်ရှိနေလို့ ခါတိုင်းထက် ပိုဝယ်တာထင်ပ။ ကဲပါလေ၊ ရှင် ကျွန်မကို ဝိုင်းကူလုပ်ပေးထားတော့ ပန်းတွေ အများကြီး အပိုပေးလိုက်မယ်။ ယူသွားပါတော့ရှင်'

◆◆◆

'ဟဲ့··ဟဲ့··ရဲ့ရွှေတော်များ ဟိုမှာ ငါတို့မိခင် ပန်းတွေ တစ်ပွေ့တစ်ပိုက်နဲ့ မနိုင်မနင်း ဖြစ်နေပါရောလား။ ဝိုင်းဝန်းသယ်လိုက်ကြပါဦး'

သာမာဝတီမိဖုရားသည် ပန်းဝယ်သွားသည့် ခုဇ္ဇုတ္တရာအား လေသာပြတင်းမှ တမျှော်မျှော်ဖြစ်နေစဉ် ပန်းစည်းကြီး မနိုင့်တနိုင်သယ်၍ ပြန်လာသော ခုဇ္ဇုတ္တရာအား တွေ့လိုက်သဖြင့် နန်းတွင်းသူများကို ဆော်ဩလိုက်ခြင်း ဖြစ်သည်။

'ပန်းတွေက အများကြီးပဲတော့'

'ဟယ်··မိခင်ကြီး၊ ဒီနေ့ ဘာဖြစ်လို့ နောက်ကျရတာတုံး'

'ဒီနေ့ယူလာတဲ့ပန်းတွေက အရင်ကထက် အရောင်အသွေးစုံပြီး ပိုလှနေသလိုပဲ'

နန်းတွင်းသူတို့က တစ်ယောက်တစ်ပေါက် ပြောဆိုရင်း ပန်းစည်းကို ဝိုင်းသယ်သွားကြသည်။ ခုဇ္ဇုတ္တရာသည် မိဖုရားရှေ့တွင်ထိုင်ကာ တဘက်ပုဆိုးစဖြင့် မျက်နှာက ချွေးစက်တို့ကို တို့ကာသုတ်ရင်း အမောဖြေနေသည်။ သာမာဝတီမိဖုရားသည် ပန်းများကိုကြည့်ရင်း ကျေနပ်အားရနေပုံရရာမှ အတွေးတစ်ခု ဝင်လာသဖြင့် ခုဇ္ဇုတ္တရာဘက်သို့ လှည့်ကာ မေးလိုက်သည်။

'အို··မိခင်၊ ယနေ့ သင်ယူခဲ့သော ပန်းများသည် ယခင်နေ့ကထက် ပိုများနေသည်။ ဧကန္တ မင်းကြီးက ကျွန်ုပ်အား ပန်းဖိုးနှစ်ဆပိုပေးသနားလိုက်တယ် ထင်ပါရဲ့'

ခုဇ္ဇုတ္တရာအဖို့ သောတာပန်တည်ပြီးသူဖြစ်၍ မိဖုရားကို လိမ်လည်ပြောဆိုရန် ဝန်လေးလှသည်။

'အရှင်မ··မင်းကြီးက ကျွန်ုပ်အား ပန်းဖိုး ခါတိုင်းကဲ့သို့ ရှစ်ကျပ်သာ ပေးတော်မူပါတယ်'

'ဟင်··ဒါဆို ပန်းတွေက ဘာကြောင့် ဒီလောက်တောင် များနေတာလဲ မိခင်ရဲ့'

'ဒီလိုပါ အရှင်မ၊ အရင်နေ့တွေက ပန်းလေးကျပ်ဖိုးသာဝယ်ပြီး ပိုတဲ့လေးကျပ်ကို ကျွန်ုပ်ယူထားမိခဲ့ပါတယ်'

'ဒါဖြင့် ဒီနေ့က ပိုငွေလေးကျပ်ကို ဘာကြောင့်မယူဘဲ ရှစ်ကျပ်ဖိုးလုံး ဘာကြောင့်ဝယ်ခဲ့ရတာလဲ'

'ဒီကနေ့ ပန်းသည် မမြတ်လေးရဲ့အိမ်မှာ ဘုရားရှင်ကို ဆွမ်းလုပ်ကျွေးရာမှ ဝိုင်းကူရင်း တရားတော်မြတ်ကို နာကြားခဲ့ရသဖြင့် တရားထူးရအပ်သောကြောင့် လိမ်လည်ယူဖို့ ဝန်လေးလှသဖြင့် မယူရကြောင်းပါ အရှင်မ'

သာမာဝတီမိဖုရားသည် ခုဇ္ဇုတ္တရာ၏ စကားကြောင်းအနည်းငယ် စဉ်းစားဟန်ပြုလိုက်သည်။ ပြီးနောက် နံ... ခမ်းထောင့်စွန်းကို ညွှတ်ကွေးသယောင်ပြုကာ ပြုံး... ပြီး ခုဇ္ဇုတ္တရာအား စေ့စေ့ကြည့်ကာ ပြောလိုက်သည်

www.burmeseclassic.com

www.burmeseclassic.com

'အို··အချင်းကျွန်မ၊ သင် နေ့စဉ်ခိုးခဲ့သော အသပြာတွေကို ငါ့ကို ပြန်ပေးရမည်။ ပြန်မပေးပါက သင်သည် မင်း၏ဘဏ္ဍာကို ခိုးသူဖြစ်၍ သင့်အား ကြီးစွာသောအပြစ်ကို ပေးရမည်'

အခြွေအရံငါးရာတို့သည် မိဖုရားထံမှ ကြမ်းတမ်းသောစကားဖြင့် ခြိမ်းခြောက်လိုက်သည့်အတွက် ခုဇ္ဇုတ္တရာအတွက် ရရှိသောအပြစ်မှာ သေးလှမည်မဟုတ်ဟု တွက်ဆကာ မိဖုရားက ခုဇ္ဇုတ္တရာအား ထောင်သွင်းအကျဉ်းချမလား၊ သေမိန့်ပဲပေးမလား၊ သို့တည်းမဟုတ် ထုရိုက်ဆုံးမစေမလားဟု ထင်ကာ အမျိုးမျိုးတွေးတောစဉ်းစားနေကြသည်။

ထိုစဉ် သာမာဝတီမိဖုရားသည် ရှေ့တွင် ခစားနေသော ခုဇ္ဇုတ္တရာထံသို့ တစ်လှမ်းချင်း လျှောက်သွားကာ ပခုံးနှစ်ဖက်အား ညင်သာစွာ မ,ချီလိုက်သည်။ ခုဇ္ဇုတ္တရာကတော့ တည်တည်ငြိမ်ငြိမ်ပင်။

'အို မိခင်··မိခင် ယနေ့သောက်သုံးခဲ့ရသော ဘုရားရှင်၏ အမြိုက်တရားတော်ကို ကျွန်မတို့ကိုလည်း ပြန်လည်တိုက်ကျွေးပါလော့'ဟု တောင်းပန်ခယစွာ ပြောလိုက်မှပင် ရံရွေတော်များ စိတ်သက်သာရာ ရသွားကြလေသည်။

ခုဇ္ဇုတ္တရာကလည်း-

'ကောင်းပါပြီ အရှင်မ၊ ဒီလိုဆို ကျွန်ုပ်အား ရေချိုးပေးကြလော့'ဟု ဆိုသဖြင့် နန်းတွင်းသူများက တစ်ဆယ့်ခြောက်လုံးသော နံ့သာရေအိုးများဖြင့် သွန်းလောင်းကာ ကောင်းမွန်စွာ ရေချိုးပြီးနောက် ပြေပြစ်ချောမွေ့သော အဖိုးတန် ပုဆိုးနှစ်ထည်ကို ပေးသည်။

ခုဇ္ဇုတ္တရာသည် ပုဆိုးနှစ်ထည်အနက် တစ်ထည်ကို ခင်း၍ တစ်ထည်ကိုရုံပြီး ခင်းကျင်းအပ်သော မြင့်သောနေရာတွင်ထိုင်ကာ ဆန်းကြယ်သောယပ်ကို ကိုင်သည်။ ထို့နောက် သာမာဝတီ မိဖုရားနှင့်အတူ မောင်းမမိဿံတို့အား မြတ်စွာဘုရားတရား ဟောတော်မူသောအမှတ်ဖြင့် တရားတော်ကို ဟောကြားတော်မူပါတော့တယ်။

ဤတွင် ခုဇ္ဇုတ္တရာ၏ တရားတော်ကို နာကြားရသော သာမာဝတီ မိဖုရားနှင့်တကွ နန်းတွင်းသူ အခြွေအရံငါးရာတို့သည် သောတာပတ္တိဖိုလ်၌ တည်ကြကုန်သည်ဖြစ်၍ ခုဇ္ဇုတ္တရာအား ရိုသေမြတ်နိုး ရှိခိုးကြပြီး-

'အို··မိခင်၊ ယနေ့မှစ၍ မိခင်သည် ညစ်ညမ်းဖွယ်သော အလုပ်တွေကို မလုပ်ပါနဲ့တော့။ ကျွန်မတို့က မိခင်အား မိခင်နေရာ၌လည်းကောင်း၊ ဆရာအရာ၌လည်းကောင်း ထားကြပါမည်။ မိခင်က နေ့စဉ် ဘုရားထံသွားပြီး ဘုရားရှင်ဟောတိုင်း ဟောတိုင်းသော တရားတော်တို့ကို နာကြားပြီး ပြန်လည်ဟောကြားပါတော့'ဟု တောင်းပန်ကြလေသည်။

ထို့ကြောင့် ခုဇ္ဇုတ္တရာသည် နေ့စဉ် ဘုရားရှင်ထံသွားရောက်၍ တရားနာပြီးနောက် သာမာဝတီ မိဖုရားနှင့်တကွ နန်းတွင်းသူများအား ပြန်လည်ဟောကြားရသဖြင့် နောင်အခါ ပိဋကတ်သုံးပုံကို ဆောင်နိုင်လေရာ ဘုရားရှင်က-

'ငါ၏ တပည့်မများဖြစ်ကုန်သော၊ များသောအကြားအမြင် ရှိကြကုန်သော၊ တရားဟောစဉ်ကထိကဖြစ်ကုန်သော တပည့်ဒါယိကာမတို့တွင် အားလုံးသော တပည့်ဒါယိကာမတို့ထက် အကြင်ခုဇ္ဇုတ္တရာသည် အမြတ်ဆုံး အသာဆုံး ဖြစ်ပေသည်'ဟု ဧတဒဂ်အရာ၌ ထားတော်မူလေသည်။

◆◆◆

ခုဇ္ဇုတ္တရာ၏ အတိတ်ဇာတ်ကြောင်းမှာ-

တစ်ခုသော တရားသဘင်၌ ခုဇ္ဇုတ္တရာနှင့်ပတ်သက်၍ ရဟန်းတို့က ဘုရားရှင်အား မေးလျှောက်ကြသည်။

'ဘုန်းတော်ကြီးမြတ်တော်မူသော မြတ်စွာဘုရား·· ခုဇ္ဇုတ္တရာသည် အဘယ်သို့သောကံကြောင့် ခါးကုန်းနေရပါသနည်း'

ရဟန်းတို့အား ဘုရားရှင်က ဤသို့ဖြေကြားတော်မူလေသည်။

'ချစ်သားတို့··ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုစဉ်က ပစ္စေကဗုဒ္ဓါ အရှင်မြတ်ရှစ်ပါးတို့တွင် တစ်ပါးသော ပစ္စေကဗုဒ္ဓါသည် အနည်းငယ် ခါးကုန်းသည့်သဘောရှိသည်ကို အလုပ်အကျွေး မိန်းမတစ်ဦးသည် ကမ္ဗလာကိုရုံ၍ ရွှေခွက်ယပ်ကို လက်စွဲပြီးလျှင် ငါတို့ ပစ္စေကဗုဒ္ဓါသည် ဤသို့,ဤသို့ လှည့်လည်၍ ဆွမ်းခံကြွပါသည်ဟု ဆိုကာ ခါးကိုကုန်းလျက် ထိုပစ္စေကဗုဒ္ဓါ ဆွမ်းခံကြွသကဲ့သို့ ပုံစံပြုလုပ်၍ ပြက်ရယ်ပြုခဲ့သည်။ ထိုအကုသိုလ်ကံကြောင့် ယခုဘဝတွင်လည်း ခါးကုန်းရခြင်း ဖြစ်သည်'



www.burmeseclassic.com

www.burmeseclassic.com

ဟု ဘုရားရှင်က ဖြေတော်မူလေသည်။

တစ်ဖန် ရဟန်းတို့က-

'အရှင်မြတ်ဘုရား..ခုဇ္ဇုတ္တရာသည် အဘယ်သို့သော သဘောကြောင့် ပညာကြီးသူ ဖြစ်ရပါသနည်း'

ဟု မေးလျှောက်ရာ ဘုရားရှင်က-

'ချစ်သား ရဟန်းတို့..ထိုပစ္စေကဗုဒ္ဓါတို့ မင်း၏နန်းတော်၌ သီတင်းသုံးတော်မူစဉ် သပိတ်တော်ကိုယူ၍ နို့ဃနာဆွမ်း ပေးလှူရာတွင် နို့ဃနာဆွမ်းသည် ပူလွန်းသောကြောင့် အရှင်မြတ်တို့သည် လဲလှယ်၍ ကိုင်ယူကြရကုန်၏။ ထိုအခြင်းအရာကို ပစ္စေကဗုဒ္ဓါအား ပြက်ရယ်ပြုသော ထိုမိန်းမမြင်သောအခါ မိမိ၏ ကိုယ်ပိုင်ဥစ္စာဖြစ်သော ရှစ်ခုသော ဆင်စွယ်လက်ကောက်ကို ပေးလှူ၍ ဤလက်ကောက်ထက်၌ တင်ထား၍ ကိုင်တော်မူကုန်လော့ဟုဆိုကာ သပိတ်ခြေဆင်စွယ်လက်ကောက် လှူဒါန်းအပ်သော ကုသိုလ်ကံ အကျိုးဆက်ကြောင့် ယခုဘဝတွင် ပိဋကတ်သုံးပုံဆောင်ပညာကြီးသူ ဖြစ်ရလေ၏'

(၄င်းအဋ္ဌကထာ၌ အဖွါတနာပိတာနိ ဝလယာနိ အရောဂါနေဝဟု မိန့်တော်မူ၍ ထိုဥပါသိကာမ လှူဒါန်းအပ်ကုန်သော သပိတ်ခြေ ဆင်စွယ်လက်ကောက်တို့သည် အနှောင့်အယှက်မရှိ မပျက်စီးသေးဘဲ နန္ဒမူလတောင်ဝှမ်း၌ ယနေ့တိုင် အထင်အရှား ရှိကုန်၏။)

ဆက်လက်၍ ရဟန်းတို့က ဘုရားရှင်အား-

'ဘုန်းတော်ကြီးမြတ်တော်မူသော မြတ်စွာဘုရား..ခုဇ္ဇုတ္တရာသည် အဘယ်သို့ကံကြောင့်-သောတာပတ္တိဖိုလ်ကို ရပါသနည်း'

ဟု မေးလျှောက်ကြရာ ဘုရားရှင်က-

'ခုဇ္ဇုတ္တရာသည် ထိုဘဝက ပစ္စေကဗုဒ္ဓါတို့အား လုပ်ကျွေးပြုစုသော အကျိုးဆက်ကြောင့် သောတာပတ္တိဖိုလ်ကို ရောက်ရလေသည်။ ဤသည်လျှင် ခုဇ္ဇုတ္တရာ၏ တစ်ဆူသော ဘုရား၏ကြား၌ ပြုအပ်သောကံပေတည်း'

ဟု မိန့်တော်မူလေသည်။

ဆက်လက်၍ ရဟန်းတို့က ဘုရားရှင်အား-

'ခုဇ္ဇုတ္တရာသည် အဘယ်သို့သောကံကြောင့် သူတစ်ပါး၏ အစေခံ ဖြစ်ရပါသနည်း'

ဟု မေးလျှောက်ကြပြန်ရာ ဘုရားရှင်က-

'ချစ်သားတို့၊ ကဿပဘုရားရှင်လက်ထက် ဗာရာဏသီပြည်၌ သူဌေးသမီး ဖြစ်ခဲ့စဉ်အခါက ညချမ်းအခါတွင် ကြေးမုံပြင်ရှေ့၌ အလှပြင်နေစဉ် ထိုသူဌေးသမီးနှင့် ရင်းနှီးချစ်ကျွမ်းဝင်သော ရဟန္တာမိန်းမ တစ်ပါးသည် သူဌေးသမီးနှင့် တွေ့လို၍ သွား၏။ ရဟန္တာမိန်းမတို့သည် ညချမ်းအခါ၌ အလုပ်အကျွေးဒါယကာ အမျိုးသမီးတို့ကို ဖူးမြင်စေလိုသည့်ဆန္ဒ ရှိကြသည်။

ထိုအချိန်တွင် သူဌေးသမီးသည် တန်ဆာပခြုပ်ကို အလိုရှိနေ၏။ သူဌေးသမီး အနီး၌ ခိုင်းစေအပ်သော အစေအပါးတို့ တစ်ယောက်မှ မရှိ၍ ရဟန္တာမိန်းမကိုပင်-

အရှင်မ..အရှင်မအား ရှိသေမြတ်နိုး ရှိခိုးပါ၏။ တပည့်တော်မ၏ ကန်ဆာပခြုပ်ကိုယူ၍ သနားတော်မူပါဟု အမှတ်တမဲ့စေခိုင်းလိုက်မိသည်။ ထိုအခါ မထေရ်မ၏စိတ်၌ စဉ်းစားဆင်ခြင်မိသည်မှာ အကယ်၍ ငါသည် တန်ဆာပခြုပ်ကို ယူမပေးခဲ့လျှင် ဤသူဌေးသမီးသည် ငါ့အား ရန်ငြိုးဖွဲ့၍ ငရဲ၌ ဖြစ်လတ္တံ့။ ယူပေးခဲ့ပါက သူတစ်ပါး၏ အစေအပါး အမှုလုပ်ကျွန် ဖြစ်လတ္တံ့။ ငရဲ၌ ပူလောင်ပြင်းပြ ဆင်းရဲဒုက္ခကို ခံစားရသည်ထက် သူတစ်ပါး အစေအပါး အမှုလုပ်ကျွန် ဖြစ်ရတာက မြတ်သေး၏ဟု မေတ္တာကရုဏာဖြင့် ကြံစည်တော်မူ၍ တန်ဆာပခြုပ်ကို ယူပေးလိုက်သည်။ ထိုကံ၏ အကျိုးဆက်ဖြင့် သူတစ်ပါး အစေအပါး အမှုလုပ်ကျွန် ဖြစ်ရခြင်းဖြစ်လေသည်'

ထိုသို့ ဘုရားရှင်က မိန့်ကြားတော်မူသောကြောင့် ခုဇ္ဇုတ္တရာ၏ အတိတ်ဘဝကောင်းမှု မကောင်းမှုကုသိုလ်ကံ အကျိုးဆက်တို့ကို သိရှိဆင်ခြင်ခြင်းဖြင့် ဘုရားရှင်၏ သာသနာတည်နေသေးသရွေ့ ဗုဒ္ဓဘာသာဝင် အမျိုးသမီးတိုင်း ပိဋကတ်စာပေအရာ၌ အသာဆုံး အမြတ်ဆုံး ဥပါသိကာမများအဖြစ် စံနမူနာထား ကြိုးစားကြခြင်းဖြင့် ဗုဒ္ဓသာသနာ အဓွန့်ရှည်တည်တံ့ ရှည်ကြာပုံမက အမြတ်ဆုံးဆုကို ပိုင်ဆိုင်ကြရပေမည်။

**သျှင်ရဲထွဋ်(တောင်စွန်း)**

**စာကိုး**

အရှင်စန္ဒိမာ ဓမ္မပဒဝတ္ထုတော်ကြီး

* သာမာဝတီ ဝတ္ထု။
* ခုဇ္ဇုတ္တရာ၏ ရှေးအကြောင်း။



www.burmeseclassic.com

www.burmeseclassic.com

အငြိုးအတေးထားသူအတွက်ကတော့ ကံတရားသည် ဘယ်သောအခါမှ ကောင်းမည် မဟုတ်ချေ။ ထို့အတူစွာပင် စေတနာမမှန်သူတို့အတွက်လည်း ကံတရားသည် မျက်နှာသာပေးမည် မဟုတ်ပေ။

ဗုဒ္ဓဘုရားရှင်နှင့် လွန်စွာမှ အမျိုးနီးစပ်သော အရှင်ဒေဝဒတ်သည် မိမိဆန္ဒ မပြည့်သောအခါ ဘုရားရှင်ကိုပင် နည်းမျိုးစုံဖြင့် ဒုက္ခပေးတတ်သူ ဖြစ်လေသည်။ ဗုဒ္ဓဘုရားရှင်ကမူ အာဃာတမထား၊ မေတ္တာတော်အနန္တဖြင့် ခွင့်လွှတ်သည်းခံတော်မူခဲ့ခြင်းဖြင့်သာ နေတော်မူလေ၏။

ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် အမှန်တရားအတွက် မှန်သသူကိုသာ ချီးမြှောက်တတ်လေ၏။

အရှင်ဒေဝဒတ်သည် ဘုရားရှင်အပေါ် ရန်ငြိုးဖွဲ့ခဲ့သူဖြစ်၏။ ရန်ငြိုးဖွဲ့ရခြင်း အကြောင်းမှာလည်း ဤသို့ဖြစ်လေ၏။ ဘုရားရှင်သည် လက်ဝဲရံ၊ လက်ယာရံ ရာထူးအား အရှင်ဒေဝဒတ်ကို မပေးခဲ့သောကြောင့် မကျေမနပ်

# ရှင်ထွေးအောင်
## အာဃာတစိုက်ပွဲကို အောင်နိုင်တော်မူခြင်း




www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ကာ အငြိုးထား ရန်ရှာခဲ့ခြင်း ဖြစ်လေသည်။

စင်စစ် မြတ်စွာဘုရားအရှင်သည် ဤရာထူးနှင့် အရှင်ဒေဝဒတ် မတန်သောကြောင့် မပေးခဲ့ခြင်း ဖြစ်လေသည်။

ဘုရားရှင်သည် ငါ့ဆွေ၊ ငါ့အမျိုး၊ ငါ့သား၊ ငါ့သမီး ဟူသော မျက်နှာလိုက် ချီးမြှင့်မြှောက်စားခြင်းမျိုး မရှိပေ။ တကယ်ထိုက်တန်လျှင် ဘယ်မျက်နှာမှမလိုက်၊ ထိုက်သူတန်သူကိုသာ ရွေးချယ်၍ ချီးမြှင့်မြှောက်စားတတ်သော သဘောရှိလေ၏။

တစ်ခါသော် အရှင်ဒေဝဒတ်သည် လေးသမားတို့အား တံစိုးလက်ဆောင်များပေး၍ မြတ်စွာဘုရားကို သတ်စေခဲ့၏။ သို့သော် မအောင်မြင်ခဲ့ပေ။ တစ်ခါ ဂိဇ္ဈကုဋ်တောင်ပေါ်မှနေ၍ ကျောက်တုံးကို လိမ့်ချ၍ မြတ်စွာဘုရားကို ကိုယ်တိုင်လုပ်ကြံခဲ့ဖူးလေ၏။ ထိုအခါ၌လည်း မအောင်မြင်ခဲ့ပေ။ သို့သော် ခြေမတော်မှာ သွေးခြည်ဥရုံလောက်သာ ထိခိုက်မှု ရှိခဲ့ပေ၏။ မေတ္တာကြီးသူနှင့် မေတ္တာမဲ့သူတို့၏ တိုက်ပွဲသည် ဘယ်သောအခါမှ မေတ္တာကြီးသူတို့အပေါ် မလွှမ်းမိုးနိုင်ပေ။ မြတ်စွာဘုရားရှင်၏ မေတ္တာတော်ကား အနန္တပင် မဟုတ်ပါလော။

အရှင်ဒေဝဒတ်သည် ဤနည်းဖြင့် မရလျှင် ထိုနည်း၊ ထိုနည်းဖြင့် မရလျှင် တခြားနည်း စသည်အားဖြင့် နည်းမျိုးစုံဖြင့် မြတ်စွာဘုရားအရှင်ကို နှောင့်ယှက်တိုက်ခိုက်ခဲ့လေ၏။ သို့သော် မည်သို့တိုက်ခိုက်,တိုက်ခိုက် မြတ်စွာဘုရားရှင်ကား မတုန်လှုပ်ခဲ့၊ မေတ္တာမပျက်ခဲ့။ ဤနေရာတွင် မေတ္တာရှင်တို့၏ အောင်ပွဲသည်သာ အမြဲတစေ အောင်ခဲ့သည်ချည်း ဖြစ်ပေတော့၏။

ယခုတစ်ခါ နောက်ဆုံးအနေဖြင့် အရှင်ဒေဝဒတ်သည် အကောက်ဉာဏ်ဆင်၍ ဘုရားရှင်အား ရန်ပြုပြန်လေ၏။ သည်တစ်ခါတော့ တပည့်ရင်းဖြစ်သော အဇာတသတ်မင်း၏ အကူအညီကို ယူခဲ့လေ၏။

ယင်းအကူအညီမှာ မြတ်စွာဘုရားရှင်ကို နာဠာဂီရိဆင်ဖြင့် နင်းသတ်ရန် ဖြစ်လေသည်။ အဇာတသတ်ကလည်း သူ့ဆရာရင်းမို့ အကူအညီ ပေးခဲ့လေ၏။

အရှင်ဒေဝဒတ်သည် ဆင်ဆရာထံချဉ်းကပ်၍ နာဠာဂီရိဆင်အား ခါတိုင်းထက် တစ်ပြန်တိုး၍ သေရည်တစ်ဆယ့်ခြောက်အိုးကို တိုက်ကျွေးစေ၏။

နာဠာဂီရိဆင်သည် သေရည်(၈)အိုးသာ သောက်လေ့ရှိသောအကျင့်သည် တစ်ဆတိုး၍ (၁၆)အိုးသောက်လိုက်သောအခါ ကမ္ဘာကြီး ချာလပတ်လည်သွားသလို အရူးအမူးဖြစ်ကာ မိုက်မိုက်ကန်းကန်း ဖြစ်သွားတော့၏။

ထိုအချိန်၌ မြတ်စွာဘုရားရှင်သည် တပည့်သံဃာတော်များနှင့် ရာဇဂြိုဟ်မြို့တွင်းသို့ ဝင်လာချိန်ဖြစ်သည်။ အရှင်ဒေဝဒတ်သည် ဆင်ရိုင်းကြီးကိုလွှတ်၍ နင်းသတ်စေရန် စီမံစေခိုင်းလေ၏။

ထိုအကြောင်းကို သတင်းကြား၍ သိရှိခဲ့ကြသော ရာဇဂြိုဟ်မြို့သူမြို့သားတို့သည် မြတ်စွာဘုရားရှင်က နာဠာဂီရိဆင်အား ဆုံးမတော်မူပုံကို သ ို မြင်လို ကြည့်ရှုလိုကြသဖြင့် မြေပြင်အနှံ့ အဆောက်အအုံများ၊ သစ်ပင်များ၊ အိမ်အမိုးပေါ်ပါမကျန် နေရာယူ၍ စောင့်ကြို့ကြည့်ရှုကြသောဟူ၏။

မြတ်စွာဘုရားရှင်သည် ရာဇဂြိုဟ်မြို့တွင်းသို့ နောက်ပါသံဃာတော်များနှင့်အတူ စီတန်း၍ ညီညာစွာ ကြွတော်မူလာလေ၏။

ထိုစဉ် အရှင်ဒေဝဒတ်၏ အစီအစဉ်အတိုင်းပင် နာဠာဂီရိဆင်ကို မြတ်စွာဘုရားအထံသို့ လွှတ်လေ၏။ နာဠာဂီရိဆင်သည် အရူးအမူးဖြင့် တစ်ရှိန်ထိုး ပြေးလာပြီးလျှင် မည်းမည်းမြင်ရာဟူသမျှ ကိုလည်းကောင်း၊ အိမ်များ၊ လှည်းများကိုလည်းကောင်း ရိုက်ချိုးချေဖျက်လေတော့၏။ ယင်းသို့ ဆင်ရိုင်းကြီး၏ သောင်းကျန်းမိုက်မဲမှု ကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး သိမ့်သိမ့်တုန်လေတော့၏။ နာဠာဂီရိဆင်ရိုင်းကြီးသည် အမြီး၊ နှာမောင်းတို့ကို မြှောက်ချီပြီး မြတ်စွာဘုရားထံသို့ ပြေးဝင်လာလေ၏။

ထိုအချိန်တွင် အရှင်သာရိပုတ္တရာနှင့် မဟာသာဝကရှစ်ကျိပ်တို့က နာဠာဂီရိဆင်ရိုင်းကြီးအား ဆုံးမလိုကြောင်း အသီးသီးခွင့်တောင်းကြရာ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက 'ငါ့ရှင်တို့၊ သည်းခံတော်မူလော့' ဟု မိန့်ကြားကာ ခွင့်ပေးတော်မမူခဲ့ပေ။

ဘုရားရှင်တော်အပေါ် ချစ်ကြည်ညိုစိတ်ကြီးသော ညီတော်အာနန္ဒာကမူ သေလိုက သေစေ ဟူသောစိတ်ဖြင့် မိမိသာ အသေခံမည် ဘုရားရှင်အား စိုးစဉ်းမျှ မထိခိုက်စေရဟူသော ချစ်ကြည်ညိုစိတ်ဖြင့် ဘုရားရှင်၏ရှေ့ ကွယ်၍ ရပ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com

မြတ်စွာဘုရားရှင်သည် ညီတော်အာနန္ဒာအား 'ချစ်သား အာနန္ဒာ··ငါ့ရှေ့မှ ဖယ်ရှားလော့'ဟူ၍ မိန့်ကြားတော်မူလေ၏။ သို့သော် အရှင်အာနန္ဒာသည် ဖယ်ရှားခြင်း မပြုခဲ့ပေ။ ထိုအခါ ဘုရားရှင်က တန်ခိုးတော်ဖြင့် ညီတော်အာနန္ဒာကို ဖယ်ရှားကာ သံဃာတော်များအကြားသို့ ပို့တော်မူလေ၏။

ထိုအချိန်၌မှာပင် သားသည်မိခင် တစ်ဦးသည် နာဠာဂီရိဆင်ကို ကြောက်လန့်သဖြင့် ပြေးလွှားစဉ် လွတ်အံ့မထင်သောကြောင့် သားငယ်ကို မြတ်စွာဘုရားနှင့် ပြေးလာနေသော နာဠာဂီရိဆင်တို့အကြားမှာ ပစ်ချ၍ ထွက်ပြေးလေ၏။

နာဠာဂီရိဆင်သည် ထိုမိန်းမနောက်သို့ လိုက်သော်လည်း အလှမ်းဝေးသဖြင့် မမီနိုင်မှန်းသိကာ တစာစာ အော်ငိုနေသော သားငယ်ရှိရာဘက်သို့ ဦးလှည့်၍ ပြေးလာပြန်လေ၏။

မြတ်စွာဘုရားရှင်သည် တစ်လောကလုံးကို ဖြန့်ကြက်ထားနိုင်သော အနန္တမေတ္တာတော်ကို နာဠာဂီရိဆင်တစ်ကောင်တည်းအပေါ် သီးခြားရည်စူးကာ လွှမ်းခြုံပို့လွှတ်တော်မူလေ၏။

ထို့နောက် ချိုကြည်အေးမြသော အသံတော်ဖြင့်-

'အိုး··နာဠာဂီရိ၊ သင့်အား သေရည်တစ်ဆယ့်ခြောက်အိုးတိုက်၍ လွှတ်ခြင်းမှာ အခြားသူများကို



နင်းသတ်ရန် မဟုတ်၊ ငါဘုရားကို နင်းသတ်ရန်သာဖြစ်သည်။ ငါ ဘုရားထံသို့ လာလော့'ဟု မိန့်တော်မူလေ၏။

နာဠာဂီရိဆင်သည် မြတ်စွာဘုရားရှင်၏ အနန္တမေတ္တာဓာတ်စွမ်းအားကို သိရှိလိုက်ရသောအခါ မူးယစ်ရီဝေလျက်က မျက်လုံးကို ဖွင့်၍ကြည့်လေ၏။ မြတ်စွာဘုရား၏ ကြည်ညိုဖွယ်အဆင်းတော်ကို မြင်တွေ့သွားလေ၏။ မြတ်စွာဘုရား၏ အအေးမြဆုံးသော မေတ္တာ၊ အချိုသာဆုံးသော အသံတော်တို့နှင့် ကြည်ညိုဖွယ်အကောင်းဆုံးသော ကြန်အင်ရုပ်အဆင်းတော်တို့ကြောင့် နာဠာဂီရိဆင်သည် ချက်ချင်းပင် စိတ်ကောင်းဝင်ကာ သတိသံဝေဂရပြီး ခဏအတွင်းမှာပင် ယဉ်ကျေးသိမ်မွေ့လာလေ၏။

နာဠာဂီရိဆင်သည် မြတ်စွာဘုရားကို သတ်ရန် မြှောက်ချီထားသော နှာမောင်းကို အောက်သို့ တဖြည်းဖြည်းချလေ၏။ မြတ်စွာဘုရားထံသို့ ဖြည်းညင်းစွာ တိုးရွေ့သွားပြီးလျှင် ခြေတော်ရင်း၌ ပုဆစ်တုပ်လျက် အရိုအသေပြုလေ၏။

မြတ်စွာဘုရားက နာဠာဂီရိဆင်၏ ဦးခေါင်းပေါ်သို့ လက်တော်တင်လျက် သတ္တဝါများကို မေတ္တာထားရန် ဒုစရိုက်မှုကို မပြုရန် ဟောပြဆုံးမတော်မူလေ၏။

လူထုပရိသတ်ကြီးကား သည်းသည်းလှုပ် ကောင်းချီးပေးကြလေ၏။ အမျိုးမျိုးသော ရတနာတန်ဆာများကို နာဠာဂီရိဆင်ဆီသို့ လှမ်းပစ်ပေး၍ လက်ဆောင်ဖွဲ့ကြလေ၏။ ရတနာများသည် နာဠာဂီရိဆင် တစ်ကိုယ်လုံးကို ဖုံးမတတ် ရှိလေ၏။ ထိုအခါမှစ၍ နာဠာဂီရိဆင်သည် ဓနပါလဟု အမည်တွင်လေ၏။

ထို့နောက် နာဠာဂီရိဆင် (ဝါ) ဓနပါလ အမည်ရဆင်ကြီးသည် ဘုရားရှင်အား အရိုအသေပြုကာ နောက်သို့ တဖြည်းဖြည်းဆုတ်ကာ သူ၏ ဆင်တင်းကုပ်ဆီသို့ ပြန်သွားလေတော့သတည်း။

အာဃာတတရား ကြီးမားသော၊ အငြိုးအတေး ကြီးမားသော အရှင်ဒေဝဒတ်၏ အာဃာတတိုက်ပွဲ၊ အငြိုးတိုက်ပွဲကား အောင်မြင်မှုမရဘဲ အရှုံးဖြင့်သာ တိုက်ပွဲ၌ ကျရှုံးသွားလေတော့သတည်း။ မေတ္တာသည်သာ အကောင်းဆုံးသောလက်နက်ဟု အရှင်ဒေဝဒတ် သိချင်မှ သိပေလိမ့်မည်တကား။

ရှင်ထွေးအောင်



www.burmeseclassic.com

www.burmeseclassic.com

# မုံရွာ ဇေယျ

# မောင်က လှူ မယ်က မကြည်ဖြူသောအခါ

(က)

ထိုစဉ်က အရှင်သာရိပုတ္တ၊ အရှင်မောဂ္ဂလာန်၊ အရှင်အနုရုဒ္ဓနှင့် အရှင်ကပ္ပိနတို့ ရဟန္တာကြီးလေးပါးတို့သည် ရာဇဂြိုဟ်ပြည်အနီးရှိ စိမ့်ကြီးမြိုင်ကြီးအရပ် တောအုပ်တစ်နေရာတွင် အတူသီတင်းသုံးလျက် ရှိကြ၏။

ဦးဒါနသည် ရာဇဂြိုဟ်ပြည်သား ချမ်းသာကြွယ်ဝသော သူကြွယ်တစ်ဦး ဖြစ်၏။ သူသည် သဒ္ဓါတရား၊ စေတနာအား ပြည့်ဝကောင်းမွန်၏။ သူ၏ မယားကားလင်နှင့် ပြောင်းပြန်။ ဦးဒါနသည် အမည်နှင့် လိုက်ဖက်အောင်ပင် အလှူဒါနပြုရာတွင် ရက်ရော၏။ စံထားလောက်၏။





www.burmeseclassic.com

www.burmeseclassic.com

ကြီးကျယ်သော ခြံကြီး၌ ခမ်းနားသော အိမ်ကြီးနှင့် နေထိုင်သည်။ အိမ်ခြံအတွင်း ခေါင်းရင်းပိုင်း၌ ခမ်းနားသော အလှူမဏ္ဍပ်ကြီး ဆောက်လုပ်ထားသည်။ စားရမဲ့ သောက်ရမဲ့ နွမ်းပါးသောဆင်းရဲသားများ၊ ခရီးသွားများ၊ ဖုန်းတောင်းယာစကာများအား နေ့စဉ်နေ့တိုင်း စွန့်ကြဲ လှူဒါန်းလေ၏။ သူ၏အိမ်သည် အလှူခံပုဂ္ဂိုလ်ပေါင်းစုံ တို့ဖြင့် အမြဲထာဝရ စည်ကားလှ၏။

ရဟန်းတော်အာဂန္တုများ ကြွရောက်လာလျှင်လည်း ခြေဆေးပေးခြင်း၊ ခြေနယ်ဆီ လိမ်းပေးခြင်းမှအစ ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်၊ အချိုရည်၊ စတုမဓု စသည်များကို ဆက်ကပ်လှူဒါန်းသည်။ ခရီးသွားရဟန်းများအတွက် လို အပ်သော ထီး၊ ဖိနပ်၊ သင်္ကန်း စသည့်လိုအပ်ရာရာပစ္စည်း ဝတ္ထုများကို လှူဒါန်းလေ့ရှိလေသည်။

သူ၏မယား အိမ်သူသက်ထားကား အသွင်တူသူ မဟုတ်။ မောင်က အလှူဒါန ရက်ရောသော်လည်း မယ် မယားက သဒ္ဓါတရား ခေါင်းပါးသူဖြစ်၏။ မောင် လှူ သော်လည်း မယ်က ကြည်ဖြူခြင်းမရှိ၊ ဝမ်းမြောက်ခြင်း မရှိ။ ငြူစူစောင်းမြောင်း၍သာ နေလေ့ရှိ၏။

(ခ)

တစ်နေ့သ၌ ဦးဒါန အလုပ်ကိစ္စဖြင့် ခရီးထွက်ရန် ရှိလာသည်။ ထိုအခါ နေ့စဉ်လှူဒါန်းနေသော ဒါနဝတ် မပျက်စေရန် မယားဖြစ်သူ မယ်မစ္ဆရိယကို မှာကြားနေ ၏။ ရောက်လာသမျှသော အယုတ်၊ အလတ်၊ အမြတ် မရွေး အလှူခံပုဂ္ဂိုလ်များအား လှူဒါန်းရစ်ပါဟု မှာကြား နေလေသည်။

မယားကလည်း "ဒါတွေ ကျွန်မ နားလည်ပါတယ်။ ရှင် သွားမှာကိုသာ သွားစမ်းပါ" ဟု လင်ဖြစ်သူ ကိုဒါန စိတ်ဖြောင့်ဖြောင့်သွားရန် ပြန်ပြောပုံ ဖြစ်ပါသည်။

သို့သော် အပြော၏ နောက်ကွယ်တွင် တစ်ဖက်သို့ မျက်နှာလှည့်ကာ မဲ့ရွဲ့လိုက်တာကိုတော့ ကိုဒါန မမြင် လိုက်ပါ။

သစ်တစ်ပင်ကောင်းလျှင် ငှက်တစ်သောင်း ခိုနားရ ၏။ အလှူရှင်တစ်ဦးရှိလျှင် အလှူခံပုဂ္ဂိုလ်များ လာကြ ၏။

ကိုဒါန ခရီးထွက်သွားပြီး နောက်တစ်နေ့ နံနက်ခင်း မြင်ကွင်း။

ခါတိုင်းနေ့များကဲ့သို့ပင် ဆင်းရဲနွမ်းပါးသူများ ဖုန်း တောင်းယာစကာများ အလှူမဏ္ဍပ်သို့ ရောက်ရှိလာကြ လေပြီ။ သူတို့ကို ပေးကမ်းလှူဒါန်းနေကျ ကိုဒါနကို မတွေ့မမြင်ကြရသဖြင့် ဟိုကြည့်ဒီကြည့် စူးစမ်းသော အကြည့်များဖြင့် ကြည့်နေကြသည်။

ထိုအချိန်မှာပင် မိုးချုန်းသံအလား ကျယ်လောင်စွာ ထွက်ပေါ်လာသော အသံကား-

"ဟဲ့..သူတောင်းစားတွေ၊ စဏ္ဍာလတွေ၊ မနက်မိုး လင်းခါစရှိသေး ကျက်သရေမရှိ မင်္ဂလာမရှိ ရောက်လာ ကြပြီ။ ရှုပ်ရှုပ်ယှက်ယှက်နဲ့ မျက်စိနောက်တယ်။ အခု ချက်ချင်း အမြန်ထွက်သွားကြ" ဟူသော မယ်မစ္ဆရိယ၏ အသံပေတည်း။

မဏ္ဍပ်ရှေ့မှ လူအပေါင်းက အိမ်ကြီးပေါ်သို့ ကြည့် လိုက်ကြသည်။ မီးတောက်မတတ် မျက်လုံးများဖြင့် စူးစူး ရဲရဲကြည့်ကာ နှုတ်ခမ်းစူရူ ရန်မူနေသော သူကြွယ် ကတော်ကို တွေ့မြင်ကြလေသည်။

"ကျွန်တော်တို့အား စားစရာထမင်း ပေးပါခင်ဗျာ"

"အောင်မာ..ထမင်းပေးပါတဲ့၊ ဟုတ်လား။ နင်တို့ကို ပေးစရာ မရှိဘူးဟေ့။ အငတ်မခံနိုင်ရင် မစင်(ကျင်ကြီး) စားကြ၊ ကျင်သောက်ကြဟဲ့။ ဗိုက်မှောက် အိပ်နေကြဟဲ့။ ထွက်သွား၊ အခု မြန်မြန်ထွက်သွားကြ။ မသွားရင် ဟောဒီ မှာ တွေ့လား၊ တုတ်စာမိသွားကြမယ်"

ထိုအခါ ထမင်းတောင်းလာကြသော ဖုန်းတောင်း ယာစကာ အလှူခံတို့သည် မဏ္ဍပ်အနီးမှ နောက်ဆုတ်၊ နောက်ဆုတ်ဖြင့် ပြန်သွားကြရလေသည်။ ဤအခါမှစ၍ အလှူခံ ဧည့်သည်အပေါင်းနှင့် စည်စည်ကားကားရှိခဲ့ သော ကိုဒါန၏ အလှူမဏ္ဍပ်ကြီးသည် တိတ်ဆိတ်ငြိမ် သက်သွားလေတော့၏။

◆◆◆

အနာပေါက်လျှင် အနာပျောက်သွားသော်လည်း အမာ ရွတ် ကျန်တတ်လေသည်။ ယင်းကဲ့သို့ပင် သူကြွယ်က တော် မယ်မစ္ဆရိယ၏ ရိုင်းစိုင်းသော အပြောအဆို ဝစီကံ အကုသိုလ်သည် သူမထံတွင် ကျန်ရစ်ခဲ့လေပြီ။

ကုသိုလ်ပြုလျှင် ကောင်းကျိုးရ၊ ဘဝချမ်းသာသည်။

မကောင်းတာလုပ်လျှင် မကောင်းကျိုးရ ဘဝဆင်းရဲ သည်ဟူသော ဒေသနာအရ မကောင်းမှုအကုသိုလ် ပြု



www.burmeseclassic.com

www.burmeseclassic.com

သောကံနှင့် ကောင်းကျိုးတရားတို့သည် ပြသူသာလျှင် ခံရမည် ဖြစ်ပါ၏။

မယ်မစ္ဆရိယသည် အကုသိုလ်ကံကြောင့် သေသော အခါ တစ္ဆေခေါ် ပြိတ္တာမကြီး ဖြစ်သွားလေသတည်း။

အကုသိုလ်ကံ မကောင်းမှုကား ကြောက်စရာပင်။

(ဂ)

မိုးသားတိမ်တိုက် အမိုက်မှောင်ထုကြီးမှာပင် လျှပ်စီး လက် လျှပ်တစ်ပြက်အလင်းရောင် ရှိတတ်ပါ၏။ ပြိတ္တာမ ကြီးဖြစ်သွားသော မယ်မစ္ဆရိယသည် ဘဝရေစက် နီး စပ်ချက်အရ အရှင်သာရိပုတ္တ ..အရှင်သာရိပုတ္တာဟူသော အမည်ကို ထပ်ကာ,ထပ်ကာ ရွတ်ဆိုသတိရနေပါ၏။

သို့ဖြင့် အရှင်သာရိပုတ္တ ရဟန္တာမထေရ်မြတ်ကြီး ဘယ်မှာရှိပါလိမ့်ဟု တွေ့ချင်,မြင်ချင်ဇောဖြင့် ရှာစမ်းရှာ ဖွေလေတော့သည်။

တွေ့ပါပြီ။ အရှင်သာရိပုတ္တနှင့် ရဟန္တာလေးပါးတို့ နေထိုင်သီတင်းသုံးကြသော ကျောင်းသခ်မ်း။

သို့သော် အပေါက်ဝသို့ ရောက်နေသော ပြိတ္တာမကို ကျောင်းစောင့်နတ်က ဝင်ခွင့်မပေးချေ။

'ဟယ် ..ပြိတ္တာမ၊ နောက်ဆုတ်။ ကျောင်းထဲ မဝင် နဲ့'

ထိုအချိန်တွင် ပြိတ္တာမသည် အတိတ်ဘဝ ငါးဘဝ မြောက်က အရှင်သာရိပုတ္တ၏မိခင်ကြီး ဖြစ်ခဲ့ဖူးကြောင်း ကို သတိရကာ-

'အချင်း ကျောင်းစောင့်နတ်..ငါသည် အရှင်သာရိ ပုတ္တ၏ မိခင်ဖြစ်သည်။ ငါ့သားထံ လာခြင်းဖြစ်သည်။ ငါ့ကို ဝင်ခွင့်ပေးပါ'

ကျောင်းစောင့်နတ်ကတော့ ပြိတ္တာမကို ကြည့်ကာ မယုံတစ်ဝက် ယုံရခက် ဖြစ်နေလေသည်။

ပြိတ္တာမက ဆက်လက်၍-

'သင်မယုံရင် အရှင်မြတ်ကြီးကို မေးကြည့်ပါ'ဟု ရဲဝံ့စွာ ဆိုပြန်လေသည်။

သို့မှသာ ကျောင်းစောင့်နတ်က ဟုတ်တန်ရာ၏ဟူ သော ယုံကြည်လျက် ဝင်ခွင့်ပြုလိုက်သည်။

(ဃ)

ထိုအချိန်တွင် အရှင်သာရိပုတ္တ အရှင်မြတ်ကြီးသည် စင်္ကြံလျှောက်နေ၏။ ပြိတ္တာမသည် အရှင်မြတ်ကြီး မြင် သာအောင် စင်္ကြံထောင့်မှ သူ့ကိုယ်ကို ပြလေသည်။

အရှင်မြတ်ကြီးသည် အကျည်းတန် အရုပ်ဆိုးရုံမျှ မက အဝတ်မပါ ဗလာကိုယ်လုံးတီး ဖြစ်နေရှာသော ရုပ်သွင်ကို မြင်ပါ၏။

ဘယ်လိုသတ္တဝါပါလိမ့်။ သနားစရာပါလားဟူသော ကရုဏာတော်ဖြင့်-

'နံရိုးကြဲကြဲ၊ အသားတွဲတွဲနှင့် မည်းနက်ပိန်လှီသော ကိုယ်ခန္ဓာရှိသူ အသင် ဘယ်သူလဲ။ အဝတ်မပါ ကိုယ် ဗလာဖြင့် ငါ့ရှေ့ လာရပ်နေတာ ဘာအကြောင်းရှိလို့လဲ' ဟု မေးတော်မူ၏။

ပြိတ္တာမသည် ဝမ်းသာသွား၏။ ပြီးတော့ ရှက်ရွံ့သွား ၏။ ဝမ်းသာခြင်းမှာ အရှင်မြတ်ကြီးက သူ့ကို လက်ခံ စကားပြောသောကြောင့် ဖြစ်သည်။ ရှက်ရွံ့သွားခြင်းမှာ အဝတ်မပါ ဗလာဖြစ်နေသော သူမခန္ဓာကိုယ်ကို သတိ ထားမိ၍ဖြစ်သည်။ သို့ဖြင့် ပြိတ္တာမသည် အရှက်လုံ အောင် ခန္ဓာကိုယ်ကို စောင်းငဲ့ပြီး ခြေစုံရပ်လျက် အရှင် မြတ်ကို လျှောက်တင်လေတော့သည်။

'အရှင်ဘုရား..တပည့်တော်မဟာ ရှေးလွန်ခဲ့ပြီး သော ငါးဘဝမြောက်က အရှင်ဘုရား၏မယ်တော် ဖြစ် ခဲ့ဖူးပါ၏။ ယခုဘဝမှာတော့ အရှင်မြတ် မြင်တော်မူတဲ့ အတိုင်း မရှုမလှ ပြိတ္တာမဘဝဆိုးမှာ ဖြစ်နေရပါတယ် ဘုရား။ ပြိတ္တာဘဝမှာ စားချင်တာ မစားရ၊ ဝတ်ချင်တာ မဝတ်ရ၊ အမြဲထာဝရ ဆာလောင်မှုဒုက္ခကြီး ခံစားနေရပါ သည်ဘုရား။ ဆာလောင်မွတ်သိပ်လွန်းသဖြင့် လူတွေ စွန့်ပစ်ထားတဲ့ အန်ဖတ်တွေ၊ နှပ်တွေ၊ တံတွေးတွေ၊ ချွဲ သလိပ် စတဲ့ အညစ်အကြေးမှန်သမျှတွေကို မရွံ့မရှာ စားနေရပါသည်ဘုရား။

ချစ်သားကြီးဘုရား..မယ်တော်ရဲ့ဖြစ်အင် ရှုဆင်ခြင် ပါဘုရား။ အားကိုးအားထားစရာလည်း မရှိ၊ မှီခိုစရာ လည်း မရှိ၊ နေထိုင်စရာအိမ်လည်း မရှိ။ လူသေကောင် တွေ စွန့်ပစ်တဲ့ သုသာန်မြေကို အိပ်ရာပြုနေရပါသည် ဘုရား။

ချစ်သားကြီး..မယ်တော်ကို ကယ်ပါဦး။ ဟောဒီ စက်ဆုပ်စရာဖြစ်တဲ့ ပြိတ္တာဘဝမှ လွတ်မြောက်အောင် ဒါနပြုကာ အမျှပေးဝေပေးပါဘုရား။ မယ်တော်ရဲ့ ခိုကိုးရာ ဖြစ်ပါစေတော့ ချစ်သားကြီးဘုရား'



www.burmeseclassic.com

ပြိတ္တာမသည် မျက်ရည်တွေတွေကျကာ မထေရ်မြတ်ကို အသနားခံ လျှောက်ထားနေလေတော့သတည်း။

(c)

နံနက်မိုးသောက် အလင်းရောက်ချိန် နောက်တစ်နေ့တွင် အရှင်မြတ်ကြီး သာရိပုတ္တာသည် အရှင်မောဂ္ဂလာန်၊ အရှင်အနုရုဒ္ဓနှင့် အရှင်ကပ္ပိနတို့ကိုခေါ်ကာ သပိတ်ပိုက်ပြီး ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံကြွကြသည်။ ဗိမ္ဗိသာရမင်းကြီး၏ နန်းတွင်းသို့ဝင်ကာ မင်းကြီးကို အရှင်မောဂ္ဂလာန်က အကျိုးအကြောင်း ရှင်းပြမိန့်ကြားလိုက်သည်။ မင်းကြီးက ပြည့်စုံအောင် ဆောင်ရွက်ပေးပါမည်ဘုရားဟု လျှောက်ထားလိုက်လေသည်။

မင်းကြီး စီစဉ်ပေးသော ကျောင်းဆောင်မှာ ဆွမ်း၊ ခဲဖွယ်ဘောဇဉ်များ ရဟန်းအသုံးအဆောင် ထီး၊ ဖိနပ်၊ သင်္ကန်းများဖြင့် အရှင်မြတ်ကြီး သာရိပုတ္တာသည် မယ်တော်ဟောင်းဖြစ်သော ပြိတ္တာမကို ရည်စူး၍ ဘုရားအမှူးရှိသော သံဃာများအား စတုဒိသာလှူဒါန်းလေတော့သည်။ ဤအလှူဒါနများကို မယ်တော်ဟောင်း ပြိတ္တာမကြီးအား အမျှပေးဝေ၏။ ပြိတ္တာမကြီးကလည်း သာဓု · သာဓု · · သာဓု သုံးကြိမ်ခေါ်ကာ အမျှရသဖြင့် ပြိတ္တာဘဝမှ ကျွတ်လွတ်ကာ နတ်ပြည်သို့ ရောက်ရှိသွားပါလေသတည်း။

ကုသိုလ်အမျှရသဖြင့် ပြိတ္တာဘဝမှ နတ်သမီးဖြစ်ရပါလေပြီတည်း။

နှုတ်ကြမ်းလျှာကြမ်း ဝစီဒုစရိုက်များကို ရှောင်ရှားကြပါ။

မောင်လှူလျှင် မယ်က ကြည်ဖြူပြီး မယ်က လှူလျှင်လည်း မောင်က နှစ်သက်ဝမ်းသာ သာဓုခေါ်ပါ။

တစ္ဆေပြိတ္တာဘဝဆိုးမှ လွတ်လိုသူအား ရည်မှန်းပြီး အလှူအတန်းပြုကာ အမျှပေးဝေပါ။ သာဓုခေါ်ရလျှင် ဘဝဆိုးမှ လွတ်မြောက်ပြီး သုဂတိဘုံဘဝများသို့ ရောက်ရှိနိုင်ပေသည်။

မုံရွာ–နေဇာ

*(ပေတဝတ္ထု အဋ္ဌကထာ၊ ဥဗ္ဗရိဝဂ်၊ သာရိပုတ္တတ္ထေရမာတာပေတိ ဝတ္ထုကို အမှီမ်းတင်ပါသည်။)*



မှတ်ပုံတင်ပြီး

အမေဆေး

အမှတ်တံဆိပ်

ဆီးချို၊ သွေးချို

သောက်ဆေး

ပင်ရင်း အမှတ် (၃၁)၊ (၁၂၂)လမ်း၊
ရေတွင်းကုန်းရပ်ကွက်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

သုံးစွဲရန် ဆေးပမာဏ

နံနက် အစာမစားမီ (၃) ပြား
နေ့လယ် အစာမစားမီ (၃) ပြား
ည အစာမစားမီ (၃) ပြား

ဖုန်း – ၀၁ – ၃၇၆၇၀၁၊ ၀၁ – ၃၇၆၇၀၂၊ ၀၉ – ၇၃၂၀၀၉၇၀

အမြို့မြို့အနယ်နယ်ရှိသော
ဆေးမျိုးစုံဆိုင်များတွင် ရရှိနိုင်ပါသည်။

www.burmeseclassic.com

# စတုမဟာရာဇ်နတ်မင်းကြီးလေးပါးနှင့် သိကြားမင်းသက်စောင့်ဂါထာ

—ကိုရွှေမြသန်း(သမိုင်း)—

ဘုရားပုထိုးစေတီများနှင့် ဗုဒ္ဓသာသနိက အဆောက်အအုံများတွင် စတုမဟာရာဇ်နတ်မင်းကြီးများဖြစ်ကြသော ဓတရဋ္ဌ၊ ဝိရူဠှက၊ ဝိရူပက္ခ၊ ကုဝေရ နတ်ကြီးများ၏ ရုပ်တုများကိုလည်း တွေ့ရတတ်ပါသည်။ နတ်မင်းကြီးတို့သည် ဗုဒ္ဓဘုရားတော်များကို နာကြားရသဖြင့် ဗုဒ္ဓဘာသာဝင် သူတော်စင်ကြီးများ ဖြစ်ကြသည်။ သိကြားမင်းသည် သောတာပန်ဖြစ်သဖြင့် ဗုဒ္ဓသာသနာတော်အကျိုးကို လိုလားတော်မူသည်။

သိကြားမင်းသည် နတ်မင်းကြီးလေးဦးအား လူ့ပြည်သို့ဆင်း၍ လှမ်းမျှော်ကြည့်သည်ဖြစ်စေ၊ ကုသိုလ်ပြုသူစာရင်းများကို မှတ်တမ်းကောက်ယူကြသည်။ နတ်သဘင်စည်းဝေးပွဲ နတ်ညီလာခံတွင် တင်ပြကြရသည်။ လူ့ပြည်လူ့ဌာနတွင် ဒါနပြုသူ၊ သီလဆောက်တည်သူ၊ ဘာဝနာကမ္မဋ္ဌာန်းစီးဖြန်း ကုသိုလ်မှုပြုလုပ်သူများ များပြားလာလျှင် နတ်သဘင်သို့ ကြွရောက်လာကြသော နတ်ပရိသတ်အပေါင်းက သာဓုသုံးကြိမ်ခေါ်ကာ ပျော်ရွှင်ကျေနပ်ကြလေသည်။ သိကြားမင်းကလည်း နတ်မင်းကြီးများအား လူ့ပြည်မှ လူသားများ ကုသိုလ်ဒါန ပွားများစေရေးအတွက် ကြိုးပမ်းလှုံ့ဆော်ပေးကြဖို့ အမိန့်ထုတ်တော်မူပေသည်။



ဓတရဋ္ဌနတ်မင်းကြီး

နတ်မင်းကြီးလေးပါး အကြောင်းပြောလျှင် မြင်းမိုရ်တောင်အကြောင်းလည်း ပါလာသည်။ မြင်းမိုရ်တောင်နှင့် နတ်မင်းကြီးလေးပါးမှာ ခွဲခြား၍မရပေ။ နယ်နိမိတ်သတ်မှတ်ရာတွင် မြင်းမိုရ်တောင်ကို ဗဟိုပြု၍ သတ်မှတ်ထားပေသည်။ မြင်းမိုရ်တောင်တည်ရှိပုံ အနေအထားကို မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကိုယ်တိုင် အင်္ဂုတ္တိုရပါဠိတော် သတ္တကနိပါတ်၌ မြင်းမိုရ်တောင်သည် ယူဇနာ(၈၄၀၀၀) ရေ၌ပေါ်ပြီး ယူဇနာ(၈၄၀၀၀)ရေ၌ မြုပ်နေကြောင်း ဟောကြားတော်မူခဲ့သည်။ အဆိုပါ အဋ္ဌကထာတွင် ရေပေါ် ရေမြုပ်ပမာဏသာ ယူဇနာ(၈၄၀၀၀)ရှိသည် မဟုတ်၊ အလျား၊ အနံများလည်း ယူဇနာ(၈၄၀၀၀)စီရှိကြောင်း ဖွင့်ဆိုပြထားသည်။

မြင်းမိုရ်တောင်အား ဝိုင်းပတ်တည်ရှိသော အမြင့်ယူဇနာ(၄၂၀၀၀) ရှိသည့်တောင်စဉ်၊ ထိုမှ ထက်ဝက်စီနိမ့်ဆင်းသွားသော (၁) သုဒဿန၊ (၂) ကရဝိက၊ (၃) ဣသိန္ဓရ၊ (၄) ယုဂန္ဓရ၊ (၅) နေမိန္ဓရ၊ (၆) ဝိနတက (ဝါနတ္တက)၊ (၇) အဿကဏ်ဆိုသော တောင်စဉ်ခုနစ်ထပ် ရှိလေသည်။

ထိုတောင်စဉ်ခုနစ်ထပ်တို့အား သမုဒ္ဒရာခုနစ်စင်းလှည့်ပတ်ဝိုက်လျက် တည်ရှိသည်။ မြင်းမိုရ်တောင်လုံးပတ်မှာ ယူဇနာ(၂၅၂၀၀၀)လုံးပတ်ရှိသည်။ အောက်အနက်

www.burmeseclassic.com

www.burmeseclassic.com

ယူဇနာ(၁၆၈၀၀၀)ရှိသည်။ အရှေ့မျက်နှာနံပါးသည် ငွေ အတိပြီး၏။ ဖုန်မှုန့်ဟူ၍ မတွေ့နိုင်။ ရှေးရှုရာ အရှေ့၊ အနောက်၊ တောင်၊ မြောက် သမုဒ္ဒရာ၊ စကြဝဠာတံတိုင်း တိုင်အောင် ကျောက်မျက်ရတနာတို့အရောင် ပျံ့နှံ့ကြလျက် ရှိသည်။ မြင်းမိုရ်တောင်ထိပ်တွင် တာဝတိံသာနတ်ဘုံ ရှိသည်။ တောင်ထိပ်အလယ်တွင် နတ်သိကြားတို့စံရာ သုဒဿနမြို့တော် ရှိပေသည်။

စတုမဟာရာဇ်နတ်ဘုံတွင် နတ်မင်းကြီးလေးပါးသည် နတ်တို့၏ အကြီးအမှူးများ ဖြစ်ကြသည်။ မြင်းမိုရ်တောင် အရှေ့အရပ်ကို အုပ်ချုပ်သော ဓတရဋ္ဌနတ်မင်းကြီးသည် ဂန္ဓဗ္ဗတို့၏ အကြီးအမှူးဖြစ်သည်။ တောင်အရပ်ကို အုပ်ချုပ်သော ဝိရူဠှကနတ်မင်းကြီးသည် ကုမ္ဘဏ်နတ်မျိုးတို့၏ အကြီးအမှူးဖြစ်သည်။ အနောက်အရပ်ကို အုပ်ချုပ်သော ဝိရူပက္ခနတ်မင်းကြီးသည် နတ်နဂါးတို့၏ အကြီးအမှူးဖြစ်သည်။ မြောက်အရပ်ကို အုပ်ချုပ်သော ကုဝေရနတ်မင်းကြီး(ဝေဿဝဏ်နတ်မင်းကြီး)သည် ဘီလူးတို့၏ အကြီးအမှူးဖြစ်သည်။

ဂန္ဓဗ္ဗနတ်မျိုးသည် အနံ့ကောင်းသော သစ်ပင်တို့၌ ကပ်ရောက်တတ်၍ သစ်ပင်၊ သစ်ခေါင်း၊ သစ်မြစ်အတွင်း၌နေကြသည်။- အချို့ဂန္ဓဗ္ဗနတ်တို့သည် ညအခါ ကျက်စားနိုင်၍ အလင်းရောင်များ ထွန်းတောက်နိုင်သည်။

ကုမ္ဘဏ်နတ်တို့သည် ဝမ်းဗိုက်ကြီးသည်။ မျက်တွင်းကျယ်သည်။ ရက္ခိုသ်၊ ဒါနောယက္ခ၊ ဥစ္စာစောင့်ဟု အမျိုးမျိုးခေါ်ကြသည်။ ဝေပုလ္လတောင်မှ ပတ္တမြားရတနာကိုလည်းကောင်း၊ ဟိမဝန္တာတောင်မှ အဇ္ဈန္တရ သရက်ပင်ကိုလည်းကောင်း စောင့်ရှောက်ထိန်းသိမ်းကြသည်။ ရတနာရှိရာအရပ်များ၊ တောစိုးသစ်ပင်များ၊ နတ်ဆေးပင်များ၊ နတ်ဘုံ၌ဖြစ်သော နံ့သာပင်များ၊ ရေအိုင်များကို စောင့်ရှောက်နိုင်ကြသည်။

နတ်နဂါးတို့သည် တောင်အတွင်း၊ မြေအတွင်း၌ နေထိုင်၍ မြေစောင့်နတ်ဟု ဆိုနိုင်သည်။ မြေစောင့်နတ်နဂါးတို့၏တန်ခိုးဖြင့် ပူးဝင်နှောင့်ယှက်ဖမ်းစားခြင်းများ ပြုနိုင်သည်။ မကောင်းမှု၌ မွေ့လျော်သည်။ အစားအသောက်ကြူးသည်။ ငရဲဘုံ၊ ပြိတ္တာဘုံတို့၌ ညှဉ်းပန်းနှိပ်စက်ကြသည်။

ခွေး၊ လင်းတ၊ ကျီး စသည့်အသွင်သဏ္ဍာန်များဖြင့် လှည့်လည်သွားလာ၍ သတ္တဝါတို့အား ညှဉ်းပန်းနှိပ်စက်တတ်ကြသည်။

ကုဝေရနတ်မင်းကြီး၌ ဝိသာနမည်သော မင်းနေပြည် ရှိသည်။ နတ်၊ ဘီလူးတို့ကို အုပ်ချုပ်ရသည်။ နတ်ဘီလူး၊ ဒေဝ၊ ယက္ခ စသည်ဖြင့် ခေါ်ဆိုကြသည်။ ကိုယ်ရောင်ကိုယ်ဝါ ကျက်သရေရှိသော နတ်ဘီလူးရှိသကဲ့သို့ ကိုယ်ရောင်ကိုယ်ဝါ ကျက်သရေမရှိသော အဆင်းသဏ္ဍာန်ဆိုးဝါးသည့် နတ်ဘီလူးယက္ခလည်း ရှိပေသည်။

မြင်းမိုရ်တောင်အလယ်မှ အောက်တစ်လျှောက် လူ့ပြည် လူ့ရပ်၌ နေထိုင်ကြကုန်သော ဘုမ္မစိုးနတ်၊ ရုက္ခစိုးနတ်၊ ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ်၊ ရွာစောင့်နတ်၊ မြို့စောင့်နတ်၊ တောင်စောင့်နတ်၊ တောစောင့်နတ်၊ သစ်ပင်စောင့်နတ်၊ နတ်ဘီလူး၊ ကုမ္ဘဏ်၊ ရက္ခိုသ်၊ ဥစ္စာစောင့်၊ ဂန္ဓဗ္ဗနတ်၊ ယမမင်း၊ ဝေမာနိကပြိတ္တာ၊ မြေဖုတ်ဘီလူးဟုခေါ်သော ဝိနိပါတိကအသုရာ စသော နတ်အားလုံးတို့သည် စတုမဟာရာဇ် နတ်မင်းကြီးတို့၏ လက်အောက်ခံဖြစ်၍ စတုမဟာရာဇ်စာရင်းဝင် နတ်တို့ဖြစ်ကြသည်။ လူ့ပြည်၌ ဖြစ်ကြသော စတုမဟာရာဇ်နတ်မျိုးပင် ဖြစ်

ကုဝေရ နတ်ဘီလူးမင်းကြီး



www.burmeseclassic.com



ဝိရူဠှကနတ်ဂဠုန်မင်းကြီး

သည်။

ဥပဝါန အပါဒါန်အဋ္ဌကထာတွင် ဘုရားစောင့်နတ်များရှိကြောင်း ဖော်ပြထားသည်။ ပဒုမုတ္တရမြတ်စွာဘုရား၏ ဓာတုစေတီတော်ကို အဘိသမ္မတကနတ်ကြီး စောင့်ရှောက်ကြောင်း၊ စေတီတော်သည် ခုနစ်ယူဇနာမြင့်သောကြောင့် တံခွန်၊ ပန်းဆိုင်း၊ ပန်းကုံး စသော လှူဒါန်းပူဇော်ဖွယ် ဝတ္ထုများကို ထိုနတ်ကြီးက ကောင်းကင်ထက်သို့ ဆောင်ယူပူဇော်ကြောင်း၊ နတ်ကြီးကိုမမြင်ရဘဲ တံခွန်တွေ၊ ပန်းကုံးတွေ၊ ပန်းဆိုင်းတွေ၊ ကန်တော့ပွဲတွေ ကောင်းကင်တွင် စီတန်းနေသည်ကို လူတို့မြင်ကြရ၍ ဗုဒ္ဓဘာသာအဖြစ်သို့ ရောက်ရှိလာကြောင်း ဖော်ပြထားပေသည်။

ဘုရားစောင့်နတ်တို့သည် စေတီတော်ကို မဖျက်ဆီးအောင်၊ မနှောင့်ယှက်အောင် တတ်စွမ်းသမျှ အကာအကွယ်ပေးကြသည်။ ခြောက်လှန့်ခြင်း၊ အသံပေးခြင်း၊ လူအများ ညာသံပေး၍ လိုက်လေဟန် ထင်မြင်အောင်ပြု၍ ကာကွယ်ပေးကြသည်။ ထိုအခါ ဖျက်ဆီးနှောင့်ယှက်သူတို့ ထွက်ပြေးကြကုန်၏။

မြန်မာနိုင်ငံအတွင်း၌ နယ်မြေဒေသ အသီးသီးရှိ ဘုရား၊ ပုထိုး၊ စေတီတို့တွင် အဆိုပါစေတီနှင့် ဆိုင်ရာ၊ ဆိုင်ရာ စောင့်ရှောက်ကြသော နတ်များ ရှိကြပေသည်။ ထိုနတ်များကို အုပ်ချုပ်သော စတုမဟာရာဇ်နတ်မင်းကြီးလေးပါးရှိပေသည်။ ထို့ကြောင့်ပင် ဘုရား၊ ပုထိုး၊ စေတီနှင့် ဗုဒ္ဓသာသနိက အဆောက်အအုံများတွင် ဓတရဋ္ဌ၊ ဝိရူဠှက၊ ဝိရူပက္ခ၊ ကုဝေရ နတ်မင်းကြီးတို့၏ ရုပ်တုများ တည်ထားလေ့ရှိကြပါသည်။

သရဲ၊ တစ္ဆေတို့ ခြောက်လှန့်ခြင်းမှ ကင်းဝေးစေသော၊ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေးအခက်အခဲများမှ လွတ်မြောက်စေနိုင်သော၊ အန္တရာယ်အမျိုးမျိုးမှ ကင်းလွတ်စေသော၊ အသက်အန္တရာယ် အမှုအခင်းဘေးတို့မှ လွတ်မြောက်စေသော ဂါထာတစ်ပုဒ် ရှိပါသည်။

ဖော်ပြပါ စတုမဟာရာဇ် နတ်မင်းကြီးလေးပါးအား ဘေးရန်များ မဝင်ရောက်အောင် အစဉ်စောင့်ရှောက်ရန် တိုင်တည်ရွတ်ဆိုရသော ဂါထာဖြစ်ပါသည်။

၄င်းမှာ-

*ပုရတ္ထိမေန ဓတရဋ္ဌော၊ ဒက္ခိဏေန ဝိရူဠှကော၊*

*ပစ္ဆိမေန ဝိရူပက္ခော၊ ကုဝေရော ဥတ္တရံဒိသံ။*

*စတ္တာရောတေ မဟာရာဇာ၊*

*လောကပါလာ ယသဿိနော။*

*တေပိအမှေ့ ရက္ခန္တု၊ အရောဂေန သုခေနစ။*–

အထက်ပါ ဂါထာသည်ပင် ပရိတ်ကြီး(၁၁)သုတ်မှ အာဋာနာဋိယသုတ်လာ ပါဠိတော်များပင် ဖြစ်ပါကြောင်း ဖွင့်ဆိုတင်ပြရင်းဖြင့် ထူးခြားစွာ ဖူးတွေ့ခွင့်ရသော ဆရာတော်ကြီးတစ်ပါးမှ ချီးမြှင့်ခဲ့သည့် သိကြားမင်းသက်စောင့်ဂါထာအား ဖော်ပြလိုက်ပါ၏။

◆ ◆ ◆

ဆရာတော်ကြီးသည် ထိုဂါထာအား အမြဲရွတ်ဖတ်ပူဇော်ပြီး ပုတီးစိပ်လေ့ရှိကြောင်း မိန့်ကြားခဲ့ပါသည်။ ပါဠိတစ်လုံး ပုတီးတစ်လုံးကျ စိပ်သွားလျှင် (၇)ပတ်မြောက်တွင် ဂါထာလည်းဆုံး ပုတီးပတ်ရေ ခုနစ်ပတ်ပြည့် အကိုက်ဖြစ်နေရမည်ဟု မိန့်ဆိုခဲ့ပါသည်။

ထိုဂါထာအား ခရီးသွားလျှင်သော်လည်းကောင်း၊ အတိုက်အခိုက် အပြိုင်အဆိုင်များ ရှိလာလျှင်လည်းကောင်း၊ မိမိအတွက် အန္တရာယ်များ ကြုံတွေ့လာလျှင်



www.burmeseclassic.com

www.burmeseclassic.com

လေးလေးနက်နက် ရွတ်ဖတ်ပူဇော်ရန် အမိန့်ရှိခဲ့သည်။

**သိကြားမင်းသက်စောင့်ဂါထာ**

*ဝေ ဒါ သာ ကု၊ ကု သာ ဒါ ဝေ*
*ဒါ ယ သာ တ၊ တ သာ ယ ဒါ*
*သာ သာ မိ ကု၊ ကု မိ သာ သာ*
*ကု တ ကု ဘု၊ ဘု ကု တ ကု။*

ဝေ-ငါ၏ ရန်ဟူသမျှတို့သည်၊ ဒါ-ဝေးစွာသော အရပ်သို့၊ သာ-လျင်စွာ၊ ကု-ပြေးကုန်သတည်း။

ကု-ငါ့အား မကောင်းကြံသူတို့သည်၊ သာ-မိမိအလိုလို၊ ဒါ-အကြံအစည် ပျက်သောအားဖြင့်၊ ဝေ-ပျောက်စေကုန်သတည်း။

ဒါ-ငါ၏ ဒါနစေတနာတို့ကြောင့်၊ ယသာ-အခြံအရံ အကျော်အစောတို့သည်၊ ယ-ငါပြုမိသော ကုသိုလ်(၁၀)ပါး တန်ခိုးတော်ကြောင့်၊ ဒါ-ပျောက်စေကုန်သတည်း။

သာ-စက်ဆုပ်ဖွယ်သော သူတို့အားလည်းကောင်း၊ သာ-အမျက်မာန ဒေါသရှိသော သူတို့အားလည်းကောင်း၊ မိ-ဆုံးမသြဝါဒပေးခြင်းဖြင့်သာလျှင်၊ ကု-အောင်မြင်စေသတည်း။

ကု-ထိုထိုအမျက်မာန မာန်တက်သူတို့နှင့်၊ မိ-ရှည်မြဲစွာ၊ သာ-မပေါင်းဖော်ရသည်၊ သာ-ဖြစ်စေသတည်း။

ကု-ကုသိုလ်သုစရိုက် ပြုကျင့်လေ့ရှိသော၊ တ-သူတော်ကောင်းတို့နှင့်သာလျှင်၊ ကု-ဖြစ်လေရာ ဘဝသံသရာ အဆက်ဆက်၌၊ ဘု-တွေ့ဆုံပေါင်းဖော်ခြင်းကို ပြုစုစေသတည်း။

ဘု-အကုသိုလ်ဒုစရိုက် ပွားများသူတို့နှင့်၊ ကု-ဖြစ်လေရာ သံသရာဘဝအဆက်ဆက်၌၊ တ-အခါခပ်သိမ်း၊ ကု-တွေ့ဆုံပေါင်းဖော်ခြင်း မပြုရသည် ဖြစ်စေသတည်း။

အထက်ပါ ဂါထာတော်အား သိကြားမင်းသက်စောင့်ဂါထာဟု ခေါ်ဆိုရခြင်းမှာလည်း သိကြားမင်း၏ တာဝတိံသာနတ်ပြည် လေးထောင့်တွင် ထိုဝေဒါသာကု ဂါထာတော်ကို အင်းချကာ မြှုပ်နှံထားသည်ဟု ဆိုပါသည်။ သိကြားမင်းအား ရှင်မောဂ္ဂလာန်ပေးသော ဂါထာ ဖြစ်သည်။

တစ်နှစ်လျှင်တစ်ခါ ကသစ်ပန်း ပွင့်ချိန်ရောက်တိုင်း အသူရာနတ်များသည် သိကြားမင်းအား စစ်ခင်းကြသည်ဟု ဆိုကြသည်။ အသူရာနတ်များသည် မည်သို့မျှ စစ်

ဝိရူပက္ခ နတ်နဂါးမင်းကြီး



ခင်း၍ မရနိုင်ဘဲ ရှုံးပြေးပြေးကုန်ကြရသည်သာဖြစ်သည်။ ထိုကဲ့သို့ သိကြားမင်း၏ စည်းစိမ်အားလည်းကောင်း၊ သိကြားမင်း၏ အသက်အားလည်းကောင်း ရန်ရှာ၍မရဘဲ အကာအကွယ် ပေးထားသော သိကြားမင်းသက်စောင့် ဂါထာ (သင်္ဂဟဂါထာတော်)ဟုလည်း ခေါ်ဆိုကြပါသည်။

လူနှင့် နတ်တို့၏ ချစ်ခင်မှုကို ရရှိစေနိုင်သည်။

မိမိအား ရန်သူများ မကောင်းမကြံနိုင်။ ရန်သူဟူသမျှ အောင်စေပါသည်။ အန္တရာယ်ကင်းခြင်း၊ စည်းစိမ်ဉစ္စာတိုးပွားခြင်း၊ ဘုန်းတန်ခိုးကြီးခြင်း၊ မကောင်းဆိုးဝါးများ မနှောင့်ယှက်နိုင်၊ အဆိပ်ရှိပိုးမွှားများ မထိနိုင်ဘဲ အကြံအစည်များ အောင်စေပါသည်။ ဆယ်ပါးသောရန်ကို အထူးကာကွယ်ပေးနိုင်သော ဂါထာတော် ဖြစ်ပေသည်ဟုသာ။

**ကိုရွှေမြသန်း(သမိုင်း)**

**မိုငြမ်း**

နန်းကြော့သျှင်၏ စေတီပုထိုးများမှ စကားပြောသော ရုပ်တုများ။

www.burmeseclassic.com


# ကေမ္ဘာ

မှ

ဖော်စပ်ဖြန့်ချိလျက်ရှိသောဆေးများ



၁၀၁၀ YR ၀၀၃၂၆၁

အား ! ဦးဘညိန် သား
စတုမဓု ကိုစား



၁၀၁၀ YR ၀၀၃၄၃၅

လေနဲ့ပတ်သက်သမျှ
တကဲ့လေဆေး မှ ရသဗျ



၁၀၁၀ YR ၀၀၃၅၃၄

သက်ရှည်သူများသုံးစွဲတာက ဦးမောင်ရဲ့
သက်ရှည်ကျန်းမာ ကေမ္ဘာ ဆေးလုံးပါ



၁၀၁၀ YR ၀၀၂၅၇၆

မြင်းခွာဆေးလုံး အစဥ်သုံး
မျက်စိအကြောအတွက် တန်ခိုးထက်



၁၀၁၀ YR ၀၀၃၀၅၆

ဖြူကြက်သွန် နဲ့ နှစ်လွှမ်ပျား
ကျန်းမာလိုသူများ အမြဲစား



၁၀၁၀ YR ၀၀၁၀၉၀


သွေးတိုးလေငန်းကာကွယ်ထား
နန္ဒင်းခါးဆေးလုံး နေ့စဥ်စား

ကျန်းမာရေးမြန်မာ့ဆေး

## ကေမ္ဘာ

မှ

အစဥ်ပေး



၁၀၁၀ YR ၀၀၁၄၄၃

ပျို့မေတို့တွေ
အသားအရေ
ဝါဝင်းဖို့
ကေမ္ဘာ
ဆနွင်းလုံး ကို
သုံးကြစို့

## ကေမ္ဘာဆေးတိုက်မှ ထုတ်လုပ်သည်။

✤ ၁၃၄၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ကုက္ကိုင်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၅၄၉၁၁၆၊ ၅၉၅၂၃

✤ ၂၈ ဗိုလ်ချုပ်ဈေး (မြောက်ဘက်တန်း အပေါ်ထပ်)၊ ရန်ကုန်မြို့။ ဖုန်း - ၇၂၅၆၅၃၊ ၂၄၀၉၆၆ (လိုင်းခွဲ-၄၁၅)


www.burmeseclassic.com

www.burmeseclassic.com

ကိုရီးယားနိုင်ငံစက်သစ်ကြီးများဖြင့် အထူးစီမံထုတ်လုပ်လိုက်သော

# ကေမ္ဘာ

ဆေးတိုက်မှ ဆေးအသစ်များ

၁၁/၂၀၁၁/တဆထလ၃/တိုး(၂၅၉)
10 Nov 2011

## ကေမ္ဘာ ပန်းခါးဆေးလုံး

TMR 011961 (0516)

ဆီးချို၊ သွေးချို၊ သွေးတိုး၊
ငှက်ဖျားကြိုတင်ကာကွယ်ဆေး။







## ကေမ္ဘာ တပင်တိုင်မြနန်းဆေးလုံး

TMR 011636 (1215)

အဖုအကျိတ်၊ အနာပေါက်၊ ပြည်တည်နာ၊
မြစ်ပွားနာ၊ အစာအိမ်နာ၊ သားအိမ်အတွင်း
အလုံးအကျိတ် ရောဂါများအတွက် သောက်ဆေး။

## ကေမ္ဘာ ရဲယိုဆေးလုံး

TMR 011510 (1215)

လေထိုး၊ လေအောင့်၊ လေနာ၊ လေးဘက်နာ၊
အကြောအဆစ်ရောင်ရောဂါ သောက်ဆေး၊
ကိုယ်ခံစွမ်းအားတက်၍ နုပျိုလန်းဆန်းစေပါသည်။




ကျန်းမာရေးမြန်မာ့ဆေး **ကေမ္ဘာ** မှ အစဉ်ပေး

## ကေမ္ဘာဆေးတိုက်မှ ထုတ်လုပ်သည်။

✽၁၃၄၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ကုက္ကိုင်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁-၅၄၉၁၁၆၊ ၀၁-၅၉၅၂၇၇
✽၂၈၊ ဗိုလ်ချုပ်ဈေး (မြောက်ဘက်တန်း အပေါ်ထပ်)၊ ရန်ကုန်မြို့။ ဖုန်း - ၀၁-၇၂၅၆၅၉၊ ၀၁-၂၄၀၉၆၆-ဆိုင်းခွဲ-၄၁၅

www.burmeseclassic.com

# ပရမတ်မေတ္တာ

မဟာထွန်း

မြန်မာနိုင်ငံ၌ မေတ္တာဘာဝနာနှင့် ပတ်သက်သော စံတင်လောက်သည့် သူတော်ကောင်းကြီးများ မြောက်မြားစွာပင် ပေါ်ထွန်းခဲ့ဖူးသည်။ ယခုလည်း ရှိနေဆဲ၊ ပေါ်ထွန်းနေဆဲသာဖြစ်သည်။ အအေးဓာတ်ကို လိုလားကြသည့် ပုဂ္ဂိုလ်အားလုံးတို့သည်ပင် မေတ္တာကို လက်မလွှတ်ကြပေ။

မေတ္တာသည် လောကီ,လောကုတ် လမ်းနှစ်သွယ်တို့၏ အလယ်ဗဟိုတွင် တည်လျက်ရှိသည်ဟုဆိုက ဆိုနိုင်သည်။ မေတ္တာကို ပရမတ်ပေါက်အောင် ပွားများ၍ ပရမတ်နှင့်ယှဉ်ကပ်ပြီး ပွားများခြင်းဖြင့်လည်း မဂ်ကို ရနိုင်သည်။ သို့သော် မေတ္တာကို မဂ်ထိုက်လောက်အောင် ပွားများသည့် နည်းလမ်းသည်ကား သာသနာတော်အတွင်းမှာသာရှိနိုင်ပြီး သာသနာပ သာသနာတော်မရှိသည့် နေရာဒေသများတွင် မရှိနိုင်ပေ။

မေတ္တာပို့ဖြစ်ရုံ၊ မေတ္တာထားရှိရုံမျှသည်ကား နေရာဒေသအားလုံးမှာပင် ရှိကြသည်။ သားချစ်၊ သမီးချစ်၊ မောင်ချစ်၊ နှမချစ်၊ မိဘချစ်၊ ဆွေမျိုးချစ် စသည်များမှာလည်း မေတ္တာသာလျှင် ဖြစ်သည်။ သို့သော်လည်း ဆိုခဲ့သည့်အတိုင်း သာသနာပမေတ္တာသည် မဂ်ဖိုလ်နှင့် မစပ်ပေ။

သာသနာတော် ကွယ်ချိုလာသည့် လမ်းကြောင်းတစ်လျှောက်ကို ခြေရာခံကြည့်လျှင်လည်း မြန်မာ၊ သီဟိုဠ်၊ အိန္ဒိယဟူ၍ တွေ့ရှိကြည်ညိုနိုင်သည်။ သာသနာတော်တည်နေဆဲ နိုင်ငံအားလုံးမှာပင် ပရမတ်နှင့်တွဲစပ်၍ ပွားများကြသော မေတ္တာအားလုံးသည်ပင် မဂ်စပ်၊ ဖိုလ်စပ်၊ မဂ်ပေါက်၊ ဖိုလ်ပေါက် ဖြစ်နိုင်လေသည်။

လက်ဖျစ်တစ်တွက်၊ လျှပ်တစ်ပြက်၊ မျက်တောင်တစ်ခတ်၊ နို့တစ်ညှစ်ခန့်မျှ မေတ္တာပွားများလျှင်ပင် စကြဝဠာအပြည့် ကျောင်းကြီးဆောက်လှူပြီး တစ်သက်ပတ်လုံး ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာအရှင်မြတ်တို့အား ဆွမ်းဖြင့် လုပ်ကျွေးသည်ထက် ကုသိုလ်များသည့်အကြောင်း ဟောတော်မူခဲ့ပြီ။

ဤ၌ မေတ္တာပွားများခြင်းနှင့် ပတ်သက်ပြီး အကျိုးအနည်းအများကို သိလို၊ ရလိုပါမူ အတ္တအနတ္တ(ပညတ်ပရမတ်)ခွဲ၍ ပွားများတတ်ရန် လိုပေသည်။ အတ္တနှင့်ပွားများသော မေတ္တာသည် မဂ်ဖိုလ်နှင့်မစပ်ဘဲ အနတ္တ၊ ပရမတ် စသည်ဖြင့် ပွားများသော မေတ္တာအဖြစ်ကို ရောက်ရှိမှ ပို့ပွားတတ်ပါမှ မဂ်စပ် နိဗ္ဗာန်စပ် ဖြစ်ပေလိမ့်မည်။

အတ္တတန်းလန်းနှင့် ပို့သပွားများသော မေတ္တာဟူသည်မှာ ဆိုခဲ့သည့်အတိုင်း သားချစ်၊ သမီးချစ်၊ မောင်ချစ်၊ နှမချစ်၊ မိဘ ဆွေမျိုးချစ် စသည်ဖြင့် ထိုသူတို့အား ချစ်ခင်နှစ်သက်သောကြောင့် ပွားများသော မေတ္တာမျိုး ဖြစ်သည်။

ထိုသူများနှင့် ခွဲခွာနေ ဝေးနေလျှင်ဖြစ်စေ၊ ခရီးသွားနေလျှင်ဖြစ်စေ၊ ဥတုဘေးကျမ်း၊ သားရဲ၊ ရန်သူ ထိုထိုလူသတ္တဝါ တိရစ္ဆာန်သတ္တဝါ စသည်တို့၏ အန္တရာယ်အဝဝတို့ မကျမခ ဘေးဥပဒ်မရောက်ရလေအောင် မေတ္တာကို ဆောင်ပို့ပေးကြသည်။

ထိုသို့ပို့ပွားသည်ကို အတ္တပါနေသောကြောင့် အတ္တနှင့် မေတ္တာဟု ဆိုရသည်။ မဂ်ဖိုလ်နှင့်စပ်သော အနတ္တမေတ္တာမျိုး မဟုတ်ပေ။ အတ္တမဲ့မေတ္တာ၊ ပရမတ်မေတ္တာ၊ ပါရမီမေတ္တာမျိုးလည်း မဟုတ်ပေ။ လောကီတွင် မဟာကုသိုလ်ကြီးဖြစ်သော်လည်း မဂ်နှင့် ဖိုလ်နှင့် မစပ်သောကြောင့် ဗြဟ္မာပြည်တိုင်အောင်သာ အကျိုးပေးမည်။ မဂ်နှင့် ဖိုလ်နှင့် မစပ်ပေ။

ရှေ့အခန်းများမှာလည်း သည်အကြောင်းကို အကျယ်ပြခဲ့ပြီ။ မေတ္တာပို့ပွားပုံချင်း တူသည့်တိုင်အောင် အတ္တပါနေသောကြောင့် အတ္တတန်းလန်းနှင့်ဖြစ်နေ၍ အကျိုးပေးသည့် မဂ်ဖိုလ်တိုင်အောင် မရောက်တော့ဘဲ လောကီ



www.burmeseclassic.com

www.burmeseclassic.com

မျှဖြင့်မှာပင် ကုန်ဆုံးသွားသည်။

သို့သော် ဤမည်သော အတွက်ပါသည့်မေတ္တာကို မပို့ပွားရပေလားဟု မေးဖွယ်ရှိသည်။ လိုအပ်လျှင် ပို့ပွားရပေမည်။ ဆိုခဲ့သည့်အတိုင်း သွေးစပ်သူများ ခရီးသွားနေလျှင်ဖြစ်စေ၊ အန္တရာယ်များသော နေရာဒေသတို့၌ လုပ်ကိုင်နေထိုင်ရလျှင်ဖြစ်စေ၊ ထိုသူကျန်းမာကြောင်း၊ ချမ်းသာကြောင်း၊ အန္တရာယ်ကင်းကြောင်း၊ ဘေးရှင်းကြောင်းအတွက် မေတ္တာပို့ပေးရန် သင့်သည်။

ထို့နောက် တစ်စုံတစ်ခုသော အရပ်ဒေသတို့၌ မီးဘေး၊ ရေဘေး၊ ငလျင်ဘေး၊ ခြင်္သေ့၊ ကျားသစ်တို့၏ဘေး၊ လူဆိုးသူခိုးတို့၏ဘေး စသောဘေးအမျိုးမျိုးတို့ ကြုံတွေ့နိုင်လျှင်၊ ကြုံတွေ့နေကြရလျှင်လည်း ထိုထိုအရပ်ဒေသတို့ကို မေတ္တာပို့ပေးရန် သင့်လေသည်။


မေတ္တာ၏ အစွမ်းသည် အံ့မခန်းငြိမ်းချမ်းခြင်း၏ သဘောကို ဆောင်သောကြောင့် မေတ္တာခံပုဂ္ဂိုလ်များ ချမ်းသာရရေးအလို့ငှာ သွေးမစပ်သည့်တိုင်အောင် သူတော်ကောင်းစိတ် အပြည့်ဖြင့် ထိုထိုအရပ်ဒေသတို့သို့ မေတ္တာစိတ်ကို ရေးရှုလျက် ပို့ပေးကြရပေမည်။

ဘုရားရှင်သည်ပင် လိုအပ်လာလျှင် အရပ်ဒေသ တစ်ခုမှ တစ်ခုသို့လည်းကောင်း၊ ပုဂ္ဂိုလ်သတ္တဝါ တစ်ဦးတစ်ယောက်မှ ထိုအထက် အများတို့အတွက်လည်းကောင်း၊ မေတ္တာကမ္မဋ္ဌာန်းများ စီးဖြန်းပေးလေ့ရှိသည်ကို တွေ့ရဖူးသည်။

တစ်ဦးတစ်ယောက်ချင်းအတွက် မြတ်စွာဘုရားရှင် မေတ္တာပို့ ပွားပေးသည်နှင့်ပတ်သက်၍ ရောဇမလ္လမင်းသားအကြောင်းတွင် အတော်လေးပင် ထင်ရှားသည်။

ထိုအချိန်က ရောဇမလ္လ မင်းသားသည် ရှင်အာနန္ဒာအား ကာမနှင့်စပ်ယှက်သော အကြောင်းအရာများကို ပြောဆိုဆွဲဆောင်ဖူးသည့်အကြောင်း ဝတ္ထုရှိနေ၍ သူ့အပြစ်နှင့်သူ မလုံဖြစ်ကာ မြတ်စွာဘုရားရှင်အား အတွေ့မခံရဲဘဲ တမင်ရှောင်လွှဲနေခဲ့သည်။ မြတ်စွာဘုရားရှင်ကလည်း ထိုအကြောင်းနှင့် ပတ်သက်၍ပင် ရောဇမလ္လအား တွေ့ဆုံးဆုံးမရန် အလိုရှိနေလေသည်။

သို့သော်လည်း ရောဇသည် ဘုရားရှင်၏ အထံတော်သို့ လာရောက်ခြင်းမရှိဘဲ တမင်ရှောင်နေသည်ကို သိရှိတော်မူ၍ မြတ်စွာဘုရားရှင်သည် မေတ္တာကမ္မဋ္ဌာန်းကို စီးဖြန်းကာ မေတ္တာဓာတ်ဖြင့်ပင် ရောဇမလ္လအား ခေါ်ရ


တောင်တန်းသာသနာပြု ဆရာတော်ဘုရားကြီး



www.burmeseclassic.com

ww.burmeseclassic.com

လေသည်။

စကြာဝဠာတိုင်အောင် ဖြန့်ပို့ထားသော ဘုရားရှင်၏ မေတ္တာဓာတ်ကို ရောဇမလ္လအား ဖြန့်ကြက်၍ ပို့ပွားလေရာ ရောဇမလ္လသည် ဘုရားရှင်၏ အထံတော်သို့ မလာဘဲ မနေနိုင်တော့ပေ။

သာမန်ခေါ်သည်နှင့် မတူသလို မေတ္တာကွန်ရက်၊ မေတ္တာစက်ကွင်း မိနေသူသည် မေတ္တာပို့ပွားပေးနေသော ပုဂ္ဂိုလ်၏အပေါ်၌ သားနှင့် အမိကဲ့သို့ ဖြစ်သွားရလေသည်။

ထိုအချိန်က ရောဇမလ္လမင်းသားသည် ဘုရားရှင်အား တွေ့ဆုံလိုနေသည်မှာ သာမန်မျှ မဟုတ်တော့ပေ။ မိခင်နှင့်ကွဲပြီး အလွန်အမင်း နို့အာဟာရ ဆာလောင်မွတ်သိပ်နေသော နွားသားပေါက်ငယ်သည် တဘဲဘဲ အော်မြည်တမ်းတလျက် မိခင်နွားမကြီးအား တောင်မြောက်လေးပါး အပြေးအလွှား ရှာဖွေနေသည်နှင့်ပင် တူနေကြောင်း ဆိုသည်။

'ဘုရားရှင်‥ဘယ်မှာလဲ၊ ဘုရားရှင် ဘယ်ကျောင်းဆောင်မှာ သီတင်းသုံးတော်မူပါသလဲ၊ ဘုရားရှင်ကို တွေ့လိုသည်၊ ဖူးမြော်လိုပါသည်‥စသည်ဖြင့်။

ထို့ကြောင့် မေတ္တာဓာတ်နှင့် ပတ်သက်ပြီး လိုအပ်လာလျှင် သွေးစပ်သည်ဖြစ်စေ၊ မစပ်သည်ဖြစ်စေ တစ်ဦးတစ်ယောက်ကိုဖြစ်စေ၊ ထို့ထက်အများကိုဖြစ်စေ၊ အရပ်တစ်ပါး၊ ဒေသတစ်ခုကိုဖြစ်စေ သူတော်ကောင်းတို့၏ စိတ်ထားကို မွေးမြူလျက် မေတ္တာဓာတ်ကမ္မဋ္ဌာန်းကို ပက်ဖျန်းကြရမည်သာ ဖြစ်လေသည်။

◆ ◆ ◆

မြန်မာနိုင်ငံ၌ မေတ္တာဓာတ်ကမ္မဋ္ဌာန်းကို စီးဖြန်းပွားပို့ရာတွင် တောင်တန်းဆရာတော်အား လူသိများပြီး ထင်ရှားသည်။ ဤလအတွက် တောင်တန်းဆရာတော်၏ အကြောင်းကို အထိုက်အလျောက် ရေးသားပြီး နိဂုံးသတ်ရန် စိတ်ကူးထားသည်။

အခြားသော ဆရာတော်များ၊ လူပုဂ္ဂိုလ်များ မေတ္တာဓာတ် ကင်းပြတ်ကြလေသလားဟု မေးဖွယ်ရှိသည်။ ထိုသို့ကား မဆိုလိုပေ။ ကိုယ်တိုင်ကိုယ်ပိုင် တစ်ဦးတစ်ယောက်စာမျှ မေတ္တာဓာတ်ကမ္မဋ္ဌာန်းကို စီးဖြန်းကြသော ပုဂ္ဂိုလ်များ ရှိကြသလို အများနှင့်စုပေါင်း၍ ပရဟိတအကျိုးကို သယ်ပိုးနေကြသော ပုဂ္ဂိုလ်များသည်လည်း မေတ္တာဓာတ်နှင့် ကင်းပြတ်ခြင်း မရှိကြပေ။ အဓေးဓာတ်ကို ဆောင်ရာ၌ မေတ္တာမှတစ်ပါး အခြားလည်း မရှိပေ။

ထို့ကြောင့် အများအကျိုးကို ဆောင်ရွက်လေ မေတ္တာဓာတ်ကို လက်နက်သဖွယ် အသုံးပြုရလေသာလျှင် ဖြစ်လေသည်။ အောင်လိုသူတိုင်းပင် မေတ္တာဓာတ်ကို လက်လွှတ်ခြင်း မရှိကြပေ။

အများအကျိုးကို ဆောင်ရွက်တော်မူကြသောအထဲတွင် ပရိယတ်၊ ပဋိပတ် သာသနာတော်နှစ်ရပ်ကို ပြုတော်မူကြကုန်သော ဆရာတော် သံဃာတော်များနှင့် သီလရှင်ဆရာကြီး ဆရာလေးများသာလျှင် အထက်တန်းကျလေသည်။

အခြားလူပုဂ္ဂိုလ်များ ဦးဆောင်လျှင်မူ မည်သည့်ပရဟိတမျိုးကိုဖြစ်စေ အတ္တဖက်လာကြသည့် အကြောင်းကို မကြာခဏဆိုသလိုပင် ကြားသိနေရသည်။ ရဟန်း၊ သီလရှင်များသည်ပင် သာသနာတွင်းမကျသော ပရဟိတများကို ဆောင်ရွက်လျှင် အတ္တတွင်းသို့ သက်ဆင်းသွားကြသည်ကို တွေ့ဖူး ကြားဖူးသည်။

ရဟန်း၊ သီလရှင်များမှာ ဝိနည်းသီလများနှင့်သာ နေထိုင်ကျင့်ကြံကြရသည်။ လူ့အလုပ်ကို လက်နှင့်မကွာ လုပ်ဖန်များလာလျှင်လည်း ဝိနည်းသီလကို အပြည့်အဝ ရရန် အကျပ်ရိုက်လာတတ်သည်။

ထို့ကြောင့် ပရဟိတလုပ်ငန်းသည် အလွန်အမင်း မွန်မြတ်သော ဘုရားအလောင်းတော် စသည်တို့ လုပ်သင့်သည့် အလုပ်ကောင်းကြီး ဖြစ်နေသောကြောင့် ဘုရားအလောင်းတော် မဟုတ်သူတို့ ထလုပ်ကြသောအခါ အလွဲလွဲအချော်ချော် ဖြစ်လာတတ်သည်မှာ အပြစ်ဟု ဆိုရန်ပင် ခက်လေသည်။

ဤစာရေးသူ ကျောင်းတိုက်ထူထောင်စတွင်‌ လူငယ်ပရဟိတ၊ လူကြီးပရဟိတ(ဘိုးဘွားရိပ်သာ) စသည် တစ်ခုခုလုပ်ရန် သင့်ကြောင်းကို တိုက်တွန်းကြသည်။ နိုင်ငံခြားသား ပရဟိတသမားများနှင့် ဆက်သွယ်ပေးရန်ကိုလည်း ပြောပြကြသည်။

သို့သော်လည်း ဤစာရေးသူ ငြင်းခဲ့သည်။ အကျယ်တဝင့် မပြောလို၍ အထက်ပါ အကြောင်းအရာများကိုချုပ်ကာ ဤစာရေးသူမှာ ရဟန်းပုဂ္ဂိုလ်ဖြစ်၍ စာသင်တိုက်



www.burmeseclassic.com

www.burmeseclassic.com

နှင့် တရားတိုက် နှစ်ပါးကိုသာ ဒွန်တွဲပြီး ထူထောင်ရန် ဆန္ဒရှိသည့်အကြောင်း စသည်ဖြင့်လည်း ပြောပြလိုက်သည်။

သို့သော်လည်း ယခုအခါသည် သာသနာတော်ကို အားပေးချီးမြှောက်လိုသော ပုဂ္ဂိုလ်များ နည်းပါးလာကြသည့်အလျောက် ပရိယတ် ပဋိပတ် တရားတော်နှစ်ရပ်တို့အား ပြုစွမ်းကြရာတွင် အခက်အခဲ မြောက်မြားစွာဖြင့် ရင်ဆိုင်တွေ့ရတတ်သည်။

ဤသည်ကို စာရေးသူလည်း သိသည်။ ကျောင်းသား၊ ကိုရင်၊ ဦးပဥ္စင်းဟု စာသင်ကာလတစ်လျှောက်၌ စာသင်တိုက်များကို လှည့်လည်ပြီး နေလာရ၍ စာသင်၊ စာချ၊ ကျောင်းထိုင်ဆရာတော် သံဃာတော် အားလုံးတို့သည်ပင် အနေဆင်းရဲ အစားဆင်းရဲ ဖြစ်ကြသည်။

ဤစာရေးသူတို့လို ဘုန်းကံရှိရှား ဂုဏ်နွမ်းပါးသော ပုဂ္ဂိုလ်များမှာ အထူးဆိုဖွယ်ပင် မရှိတော့ပေ။ ဆရာတော်အားလုံးနီးပါးမှာပင် သိမ်ဆောက်လုပ်လိုက သိမ်ဒကာ ချက်ချင်းပေါ်တတ်ကြသော်လည်း ဤစာရေးသူမှာ ထိုသို့ မရှိတတ်၍ ကိုယ်တိုင်ကိုယ်ပင် သိမ်သမုတ်ပြီး မူးစုမတ်စုပြုကာ ဆောက်လုပ်နေရ၍ သုံးလေးနှစ် ကြာလာသည့်တိုင်အောင် သိမ်တစ်ဆောင် မပြီးတတ်ပေ။

သို့သော်လည်း အလျှင်းပင် စိတ်လျှော့ခြင်း၊ စိတ်ပျက်ခြင်းမရှိဘဲ တပည့်များကို ငယ်၊ လတ်၊ ကြီး ဓမ္မာစရိယဟု အတန်းစုံလက်ခံပြီး ဝါဆိုမှာ တစ်ပါးလျှင် သင်္ကန်းအကောင်းတစ်စုံနှင့် ဝတ္ထုငွေနှစ်သောင်း၊ ကထိန်မှာလည်း သင်္ကန်းအကောင်းတစ်စုံနှင့် ဝတ္ထုငွေခြောက်သောင်း စသည်ဖြင့် ကပ်လှူကာ ပရိယတ်သာသနာတော်ကြီး စွမ်းနိုင်သမျှ ပြုပေးလာခဲ့သည်။

မေတ္တာစိတ်ကို အပြည့်ထားသည်။ ပရမတ်မေတ္တာကို အပြည့်ရအောင် ပွားများဆောက်တည်သည်။ ပရမတ်မေတ္တာကို ဆောက်တည်ပွားများထားခြင်းဖြင့် လောင်ခြင်းပူခြင်း များစွာသက်သာသည်။

လက်ရှိတွင် လူ့ဘဝကို ရနေပြီ။ သာသနာတော်ကြီးနှင့် ကြုံကြိုက်ပြီး ရဟန်းဖြစ်နေပြီ။ ရဟန်းတော်တို့၏ အလုပ်ဖြစ်သော စာချ၊ တရားပြ၊ ဓုနှစ်ဝကို ဒွန်စပ်လျက် အပြည့်ရနေပြီ။ ထို့ကြောင့် ချမ်းသာနေပြီ၊ ပြည့်စုံဖြိုးမောက်နေပြီဟု ယူဆထားသည်။ ရောင့်ရဲလွယ်အောင် ကျင့်သည်။ ထို့ကြောင့် ပစ္စယသမ္ဘောဂအနေဖြင့် နွမ်းပါးသော်လည်း ပူလောင်ခြင်း ကင်းသည်။ ဤသည်ကိုပင် ချမ်းသာဟု ဆိုရပေတော့မည်။

မည်သည့်လုပ်ငန်းကိုဖြစ်စေ၊ သာသနာတော်၏ အတွင်းကျသော အလုပ်ကိုသာ လုပ်ကိုင်သည်။ လုပ်ငန်းတိုင်းကို မေတ္တာဦးစီးသည်။ အတ္တကင်းသော မေတ္တာကို ထူထောင်သည်။ ပရမတ်မေတ္တာ၊ ပါရမီမေတ္တာ၊ မဂ်ဖိုလ်နှင့်စပ်သော မေတ္တာဖြစ်အောင် ကျင့်သည်။

ဆိုခဲ့သည့်အတိုင်း မေတ္တာပို့သည်ချင်း တူသော်လည်း အမျိုးအစားကွဲပြားသည်။ အတ္တပါသောမေတ္တာ၊ အတ္တမပါသောမေတ္တာ။ အတ္တပါသောမေတ္တာသည် ပရမတ်အဖြစ်ပေ။ ပရမတ်မဖြစ်လျှင် ပါရမီမမြောက်သောကြောင့် မဂ်ဖိုလ်နှင့်လည်း မစပ်တော့ပေ။

သာသနာအတွင်းကျသော ယခုခေတ်၌ ဗုဒ္ဓဘာသာဝင်တို့၏ ရလာဘ်အထူးသည် မဂ်ဖိုလ်နိဗ္ဗာန်သာလျှင်ဖြစ်သည်။ ထို့ကြောင့် မဂ်ဖိုလ်နိဗ္ဗာန်နှင့် ဆက်စပ်သောအလုပ်များကိုသာ အဓိကထားသည်။

မေတ္တာသည် အအေးဓာတ်ဖြစ်သည်။ ထို့ကြောင့် လုပ်ငန်းအားလုံးမှာပင် ဆွတ်ဖြန်းသင့်သည်။ မေတ္တာသည်သာ အောင်နိုင်ခြင်းဟု ဘုရားအစရှိသော သူတော်ကောင်းတို့ ဆိုကုန်သည်။

◆ ◆ ◆

ဆိုခဲ့သော တောင်တန်းဆရာတော် ဦးဥတ္တမသာရသည် တောင်တန်းဒေသကို သာသနာပြုရာ၌ စစ္စာပထမ အာဒိကမ္မကြီးဖြစ်ကြောင်း သိရှိကြည်ညိုရသည်။ ထိုအချိန်က ချင်းပြည်နယ် တောင်တန်းဒေသသည် လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲသည်ဟု သိရသည်။

ကားလမ်း၊ ရထားလမ်း စသည်များ မဖွံ့ဖြိုး၍ ခြေကျင်ကုန်းကြောင်း ခရီးနှင်ရသည်က ပိုများသည်။ ထို့ကြောင့်လူသွားလူလာကျဲပြတ်၍ ဆင်၊ ကျား စသောသားရဲတို့၏ ရန်သတ္တရကိုလည်း အထူးဂရုစိုက်ကြရသည်။ နွေ၊ မိုး၊ ဆောင်း စသည့် ရာသီဥတုများ ကြမ်းသည်။ အအေးပိုသည်။

ထို့အပြင် ဆရာတော်တစ်ပါးအနေဖြင့် သာသနာပြုကြွရာ၌ ဆွမ်း၊ ကွမ်း၊ ယာဂု ကိစ္စသည်လည်း အရေးကြီးသည့်အထဲတွင် ပါဝင်လေသည်။ သာသနာတော်ဖွံ့ဖြိုး


www.burmeseclassic.com

www.burmeseclassic.com

သော အရပ်ဒေသများတွင် ဆွမ်းတစ်နပ်သည် အခက်အခဲ မရှိနိုင်သော်လည်း တောင်တန်းဒေသ၊ တောအရပ်မှာမူ များစွာခက်ခဲတတ်လေသည်။

ထို့နောက် မြေပြန့်သားများအဖို့ ချင်းလူမျိုးတို့၏ ဒေသန္တရစကားကို နားမလည်။ မပြောဆိုတတ်သည်မှာလည်း ကြီးသောအခက်အခဲ ဖြစ်နေပြန်သည်။

ခြုံ၍ဆိုရပါမူ မိမိသည် တစ်ကြိမ်တစ်ခါမျှ မရောက်ဖူးသေးသော အရပ်စိမ်း၊ ဒေသစိမ်း၊ သစ်တောဝါးတောကြီးများ ထူပြောသည့် တောအထပ်ထပ် တောင်အသွယ်သွယ် ဆင်၊ ကျား စသည့်ဘေးရန်များ၊ ကြမ်းတမ်းသည့် ရာသီဥတုနှင့် ကြုံတွေ့လာရနိုင်သည့် ဆွမ်း၊ ကွမ်း အခက်အခဲ။

ဆိုခဲ့သည်များမှာ သာမန်ပုဂ္ဂိုလ်တို့ ပြုနိုင်ရန် ခက်ခဲသော အရာများသာဖြစ်သည်။ စွန့်စားရာတွင် အသည်းပါးသောပုဂ္ဂိုလ်တို့ စဉ်းစားရဲဖွယ်ပင် မရှိပေ။ စိတ်ကူးရှိခဲ့လျှင်ပင် ကိုယ်နှင့်မတန်သလို ဘေးဥပဒ်ရန်စွယ်အသွယ်သွယ်တို့မှ တင်ပြခဲ့သည်များကို ကြိုတွေးစဉ်းစားရင်းဖြင့်ပင် ထိုစိတ်ကူးသည် မှေးမှိန်ပြီး ပျောက်ကွယ်သွားနိုင်သည်။

သို့သော်လည်း ဆရာတော်သည်ကား နောက်မတွန့်ခဲ့ပေ။ မေတ္တာစာတ်ရှေ့သွားရှိခြင်းဖြင့် အရာရာကို ပြီးမြောက်အောင်မြင်လိမ့်မည်ဟု အပြည့်အဝယုံကြည်သည်။ အခက်အခဲဟူသည်မှာ နေရာတိုင်းတွင် ကြုံတွေ့တတ်မြဲဖြစ်၍ ထိုထိုမသိ မမြင်၊ ရင်ဆိုင်မကြုံတွေ့ရသေးသည်များကို ကြိုတင်စိုးရိမ်နေခြင်းဖြင့် ယောက်ျားမြတ်တို့၏ ခရီးကို ဖင့်နှေးနေမည်မှတစ်ပါး အခြားမရှိဟု ဆိုရမည်။

ထို့နောက် ဆရာတော်သည် မေတ္တာကို ရှေးရှုလျက် ချင်းတောင်တန်းကို တက်ပြီး ခန္တီးမှာ အခြေချသည်။ အခြေချစတွင် တွေ့ရသော အခက်အခဲများမှာ သိပ်ပြီးမပြောပလောက်သော်လည်း ချင်းပြည်နယ်၊ ထို့နောက် နာဂတောင်တန်းမှသည် အိန္ဒိယပိုင်ဖြစ်သော အာသံ၊ မဏိပူ၊ မိဇိုးနား စသည့် တောလမ်းခရီးရှည်ကြီးကို နေ့နေ့ညည ကြွသွားရာ၌ ကြုံတွေ့ရသော အခက်အခဲများသည်သာ ကြောက်ခမန်းလိလိ ဖြစ်ရကြောင်းကို ဆိုသည်။

ဤစာရေးသူ၏ အသိတစ်ယောက် ဆရာတော်ကြီး ရန်ကုန်သို့ ရောက်ခိုက်တွင် ခက်ခက်ခဲခဲ နှစ်ကြိမ်မျှတွေ့ဆုံဖူးသည်ဟု ပြောပြသည်။ တောင်တန်းဒေသ၏ အတွေ့အကြုံများကို မေးမြန်းလျှောက်ထားလို၍ဟု ဆိုသည်။ ဆရာတော်ကြီးက မိတ်ဆွေဖြစ်သူအား မိန့်ဆိုပြောပြသည်မှာ အကြောင်းအရာ များပြားလွန်းသည်။ ဤ၌ တူရာတူရာ အချို့ကိုသာ ထည့်သွင်းဖော်ပြလိုက်သည်။

'လူရှိတဲ့အရပ်တွေမှာ ကြုံတွေ့ရတတ်တာကို အခက်အခဲလို့ မယူဆသင့်ဘူးကွ။ လျှောက်လှမ်းဆဲ လမ်းခရီးတွေမှာ ကြုံတွေ့ရတတ်တဲ့ ခလုတ်ကန်သင်းလေးလောက် အသေးအမွှားတွေကိုသာ အခက်အခဲလို့ ယူဆစွဲမှတ်နေရင် ရှေ့ခရီးအတွက် နှောင့်နှေးတတ်ပါတယ်။

လူသူမနီးတဲ့ တောလမ်းခရီးတွေကို ကပ္ပိယ မပါ၊ တစ်ကိုယ်တစ်ကာယ တစ်ပါးတည်း သွားရတဲ့အခါမျိုးတွေမှာ မလွဲမသွေ ဆွမ်း၊ ရေ အခက်အခဲရှိမယ်။ မိုးသက်မုန်တိုင်းများ ကျရောက်လာတတ်တဲ့အခါမျိုး၊ ကျားကြီး၊ ဆင်ကြီး၊ မြွေကြီး၊ ဝက်ဝံကြီးတွေနဲ့ ကြုံတွေ့ရတတ်တဲ့အခါမျိုး အဲဒီလိုအချိန်အခါမျိုးတွေမှာ မေတ္တာလက်နက်ဟာ အကောင်းဆုံးနဲ့ အလုံခြုံဆုံး ဖြေရှင်းနည်းဖြစ်ပြီး အအောင်မြင်ဆုံးနဲ့ အငြိမ်းချမ်းဆုံးလည်း ဖြစ်တတ်တယ်။

မေတ္တာကို လိုတဲ့အခါမှ ပွားများတာထက် အမြဲတမ်း အလေ့အကျင့်ဖြစ်အောင် ပွားများထားသင့်တယ်။ လိုတဲ့အခါမှ ပွားများတာကို အသန္တကံလို့ခေါ်ပြီး အမြဲတမ်း ပွားများထားတာကိုတော့ အာစိဏ္ဏကံလို့ ခေါ်တာပေါ့နော်။ တကယ်လိုအပ်တဲ့အခါ နှစ်မျိုးလုံးလည်း သုံးသင့်သုံးရပြန်တာပဲ။ ကောင်းတဲ့အလုပ်ကို လုပ်တဲ့ဟာ ပိုတယ်လို့မှ မရှိတာလေ။

အာစိဏ္ဏကံမေတ္တာကို ပွားများတဲ့အခါ အလွန်အမင်း သန့်ရှင်းစင်ကြယ်တဲ့ ပရမတ်မေတ္တာ ဖြစ်နေဖို့လိုတယ်။ အတတ်နိုင်ဆုံး အတ္တကို ဖြုတ်ထားရတယ်။ တို့များက တောထဲမှာသာ အနေအသွား များတယ်ဆိုတော့ ဘေးရန်များတတ်တဲ့အတွက် တောစောင့်နတ်တွေကစလို့ နတ်အားလုံးတို့သေနင်း သိကြားမင်းတိုင်အောင်လည်း မေတ္တာပို့ထားရတာပဲ။

တို့များ အာသံဘက် သွားတုန်းကဆိုရင် တောလမ်းအတိုင်းပါပဲ။ ကျားတွေ၊ ဆင်တွေ၊ ဝက်ဝံကြီးတွေ၊ ဇရာမမြွေကြီးတွေ တွေ့ရတတ်ပါတယ်။ ဒါပေမဲ့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်တယ်။ အမြဲတမ်း ပွားများထားတဲ့ မေတ္တာလက်နက်ရှိတယ်။ ဒါကြောင့် ကျားနဲ့တွေ့တွေ့၊ ဆင်နဲ့



www.burmeseclassic.com

www.burmeseclassic.com

တွေ့တွေ့၊ ဘယ်လိုသားရဲတွေနဲ့ပဲတွေ့တွေ့ မေတ္တာကို နိုင်နိုင်ပွားပြီး သွားတာပါပဲ။

တစ်ခါကဆို တောလမ်းလေးကို ပိတ်ဆို့ပြီး တော ဆင်အုပ်ကြီး သစ်ကိုင်းတွေကို ချိုးစားနေကြတယ်။ အစ ကတော့ ဖြစ်ပါ့မလားလို့တောင် တွေးမိတယ်။ ဒါပေမဲ့ ဘုရားအစရှိတဲ့ သူတော်ကောင်းကြီးတွေရဲ့ အအောင်မြင် ဆုံး လက်နက်ဟာ အဓိက မေတ္တာပါပဲဆိုပြီး မေတ္တာကို နိုင်နိုင်ပွားပြီးသွားတယ်။ ဆင်အုပ်ကြီးရဲ့ ဟိုဘက်ကိုသာ ရောက်သွားတယ် ဘာမှတောင် မဖြစ်ပါဘူး။

ဒါကြောင့် မေတ္တာကို ပိုမိုအားကိုးသွားတယ်။ ကျား နဲ့တွေ့တွေ့၊ ဆင်နဲ့တွေ့တွေ့ မေတ္တာပို့ပြီး ကိုယ်လိုရာ အတိုင်း လျှောက်သွားတတ်တယ်။ ဘာကောင်မှ ရန်မမူ ဘူးလေ။ မေတ္တာကို နိုင်နိုင်ပွားထားဖို့သာ လိုတာပါ။ တိဋ္ဌ စရံ နိသိန္နောဝ သယာနောလို့လည်း ဟောတော်မူ တာပဲ။

အာသံကအပြန် တောလမ်းခရီးမှာပေါ့။ ရိုးမိုးကြီး တအုံးအုံးရွာလာလို့ ဘာလုပ်ရမှန်းမသိ စဉ်းစားရင်း နောက်တော့ တောစောင့်နတ် တောင်စောင့်နတ်တွေနဲ့ တကွ မိုးနတ်သားမှသည် ဘိုးတော်သိကြားမင်းတိုင်အောင် မေတ္တာပို့ပြီး သွားတယ်။ ဒီတော့ သက်န်းကိုတောင် မစို ပါဘူးလေ။ မေတ္တာတန်ခိုးက အဲလောက်ထိကြီးမားပြီး အရာခပ်သိမ်းကို ပြီးမြောက်အောင်မြင်စေတာကွ'

မေတ္တာတန်ခိုးနှင့်ပတ်သက်၍ ဆရာတော်ကြီး မိန့် ဆိုသည့် အကြောင်းအရာသည်ကား များပြားသည်။ ဤ ရွေ့ဤမျှသာ တင်ပြနိုင်သည်။ မှတ်ဖွယ်ဖြစ်ရသည်မှာ ပရမတ်မေတ္တာ၏ အကြောင်းပင်ဖြစ်သည်။

လိုအပ်လျှင် မြတ်စွာဘုရားရှင်နှင့် ရောဇမလ္လတို့ အခန်းမှာကဲ့သို့ ဩဒိသ (တစ်ဦးတစ်ယောက်ကို ရူးစိုက် ၍ ပို့သသောမေတ္တာ)ကဲ့သို့ ပို့ပွားရသည့်အကြောင်းသည် လည်း မိုးမေတ္တာကို မိန့်ဆိုရာ၌ ထင်ရှားလျက်ရှိသည်။

ထို့ကြောင့် မဂ်ဖိုလ်နှင့်စပ်သော ပရမတ်မေတ္တာကို ပွားများခြင်းဖြင့် အအေးဓာတ်ကြီးကို အရယူကြလေ သူ တော်ကောင်းတွေတို့။

**မဟာထွန်း**


"လိမ်းဆေးအပူနဲ့ မပျောက်တဲ့ ရောဂါမှန်သမျှ ဒီဆေးကိုသာ လိမ်းကြည့်ပါ။"



**စန်းသော်တာ**

အမှတ်တံဆိပ်

ကွမ်းရွက်ဆီလိမ်းဆေး (အအေး)



- အကိုက်အခဲပျောက်လိမ်းဆေး၊
- ရင်လူးဆေး၊
- အနာကျက်ဆီ၊ အဖြစ် သုံးနိုင်သည်။

(ကွမ်းရွက်အဆီထုတ်၍ သိပ္ပံနည်းကျ ဖော်စပ်ထားသည်)

- အဆစ်ရောင်ကိုက်၊ လေးဖက်နာ၊ ကျိုးပေါင်း၊ အကြောတက်ခေါင်းအုံ၊ ဇက်လေး၊ မျက်ကြောကိုက်တို့ကို အကိုက်အခဲ ပျောက်ဆေး အဖြစ် သုံးစွဲနိုင်ပါသည်။
- ကလေးချွဲကျပ်၊ ချောင်းဆိုး၊ အစာမကြေ လေထိုးလေအောင့် စသည်တို့ကို ရင်လူးဆေး အဖြစ် သုံးစွဲနိုင်ပါသည်။
- အပူနာ၊ Bed Sores ၊ အပူကျိတ်၊ အပူလောင်၊ နှုတ်ခမ်းကွဲ၊ ခြေကွဲနာ၊ သိပ်ခေါင်း၊ စသည်တို့ကို အနာကျက်ဆီ အဖြစ် သုံးစွဲနိုင်ပါသည်။

(3in1) ဆေးအစွမ်းဖြင့် သုံးစွဲသူတိုင်း လန်းဆန်းစေမည်။

ဖြန့်ချိရေး- ကိုဝင်းမြင့်+မဘောဘီ ၁၅လမ်းနှင့်ကမ်းနားလမ်းထောင့်၊ ရန်ကုန်မြို့၊ ဖုန်း-၂၂၆၃၀၂

ပင်ရင်း- စန်းသော်တာဆေးတိုက်၊ R-1 (102) ပန်းလှိုင်အိမ်ရာ၊ ရွှေသံလွင်၊ ဟုမ်းလမ်းရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ဖုန်း-၇၀၉၀၆၈။




www.burmeseclassic.com

www.burmeseclassic.com



# ဘဏ်အရာရှိဟောင်းတစ်ဦး

## သစ္စာစကား၏ အစွမ်း

"သစ္စံ ဟဝေ သာဒုတရံ ရသာနံ" သစ္စာနှင့်ပတ်သက်၍ သံယုတ်ပါဠိတော်လာ ဘုရားဟောရာတွင် လောက၌ ရသာ အပေါင်းတကာထက် သစ္စာစကားဟူသော ရသာသည် အလွန်ချိုမြိန် အရသာရှိကြောင်း ဟောတော်မူခဲ့ပါသည်။

အခြား,အခြားသော ရသာကား စားပြီးလျှင် ပျောက်၏။ တစ်ခဏမျှသာ အရသာခံစားရုံဖြစ်၏။ ကြီးနေသော ရေစီးကို တန့်သွားအောင် မစွမ်းဆောင်နိုင်။ အဆိပ်ကိုလည်း ပျက်ပြယ်သွားအောင် မစွမ်းနိုင်။ မီးကိုလည်း မငြိမ်းစေနိုင်။ ခေါင်နေသော မိုးကိုလည်း မရွာစေနိုင်။

မှန်ကန်သောသစ္စာစကားကို ဆိုရခြင်းကား တစ်ခဏတာမျှ ခံစားရသည့် အရသာမျိုးမဟုတ်ပေ။ တစ်သက်တာလုံး ခံစားရသည့် အရသာမျိုး ဖြစ်၏။ သစ္စာစကားကား တလျှင်လျှင်စီးဆင်းလျက်ရှိသော ရေဘေးကြီးနှင့် တွေ့ကြုံသူ လူအပေါင်းတို့အား ထိုရေဘေးမှ လွတ်မြောက်အောင် ရေကိုလည်း တန့်နားစေနိုင်၏။ မူးမေ့တွေဝေနေသော သေရလောက်နီး အဆိပ်သင့်ပုဂ္ဂိုလ်အား အဆိပ်ကိုလည်း ပျက်ပြယ်စေ၏။ တဟုန်းဟုန်း တောက်လောင်ပြီး သတ္တဝါအပေါင်းတို့ မီးလောင်ပျက်စီးရမည့်ဘေးမှလည်း ကယ်တင်စေ၍ တစ်ခဏချင်း ထိုမီးကို ငြိမ်းစေနိုင်၏။

မိုးခေါင်နေသဖြင့် ရေမရှိ၍ သေကျေပျက်စီးရမည့် သတ္တဝါအပေါင်းတို့အား သစ္စာစကားဆိုခြင်းဖြင့် မိုးကိုလည်း ရွာစေကာ သတ္တဝါအပေါင်းတို့အား သုခကို ရစေနိုင်ပေသည်။

အမှန်အတိုင်းဆိုသောစကားကို သစ္စာဟုဆို၏။ ထိုသစ္စာကို ဝစီသစ္စာဟု ခေါ်သည်။ မမှန်စကား မုသားပြောဆိုမှုမှ ရှောင်ခြင်းကိုလည်း သစ္စာပင်ဆို၏။ ထိုသစ္စာကား ဝိရတီသစ္စာတည်း။ ဒုက္ခ၊ သမုဒယ၊ နိရောဓ၊ မဂ္ဂ ဤလေးပါးကိုလည်း မှန်ကန်သော သဘာဝများပင်ဖြစ်၍ သစ္စာပင်ဆိုရသည်။ အရိယာသစ္စာတည်း။

တကယ်ထင်ရှားရှိ၍ မပျက်စီးတတ်။ ကောင်းမြတ်သောသဘော ဖြစ်ခြင်းကြောင့် နိဗ္ဗာန်ကို ပရမတ္ထသစ္စာဟု ဆိုရပြန်သည်။

သစ္စာဆိုရာတွင် ပါဠိနှင့်ဆိုမှ မဟုတ်၊ မြန်မာစကားပြေသက်သက်ဖြင့် ရွတ်ဆိုပွားလျှင်လည်း ပြီးနိုင်သည်သာ ဖြစ်ပါသည်။

သစ္စာဆိုခြင်း၌ ကောင်းသောအကြောင်းအရာကို ထုတ်ပြပြောဆိုခြင်း၊ မကောင်းသောအကြောင်းအရာကို ထုတ်ပြပြောဆိုခြင်းဟူ၍ နှစ်မျိုးရှိသည်။

မှန်ကန်သစ္စာစကားသာ လိုရင်းဖြစ်ကြောင်းကို လေ့လာတွေ့ရှိရပေသည်။ ဝစီသစ္စာကား အဖြစ်အပျက်အမှန်



www.burmeseclassic.com

www.burmeseclassic.com

ကို အမှန်အတိုင်းပြောဆိုရသော သဘာဝတစ်မျိုးပင်ဖြစ်၏။

သစ္စာ၏စွမ်းပကားနှင့်ပတ်သက်၍ မြန်မာမင်း အုပ်ချုပ်ပုံစာတမ်း ပထမပိုင်းတွင် အောက်ပါအတိုင်း ဖော်ပြထားပါသည်။

လောက၌ အမှန်အကန် ပြောဆိုခြင်းသည် ချက်ချင်းမျက်မှောက်ဒိဋ္ဌဓမ္မအကျိုးကို ပေးတတ်သည်။

(၁) ဘုရားလောင်းငုံးမင်းဖြစ်စဉ် မှန်သောစကားကို ဆိုသောကြောင့် ငုံးမင်းနေသော တောအုပ်ကို မီးကွင်းသည်။

(၂) သုဝဏ္ဏသျှံသတို့သား မြားမှန်၍ မြားဆိပ်တက်၍ သေလုပါးနီးရှိသည်ကို မိဘနှစ်ပါးနှင့် ဗဟုသုန္ဒရီနတ်သမီးတို့ သစ္စာပြု၍ အသက်မှ ချမ်းသာရသည်။

(၃) ဓမ္မာသောကမင်းကြီးလက်ထက် ပြည့်တန်ဆာမ မှန်သောစကားကို သစ္စာဆို၍ ဂင်္ဂါရေအညာသို့ ဆန်တက်သည်။

(၄) ရှေးအခါက တရုတ်နိုင်ငံ၌ တရုတ်မင်းတို့သည် မှန်သောသစ္စာကိုဆို၍ အရှေ့သမုဒ္ဒရာရေမျက်နှာပေါ်သို့ ရထားနှင့် သွားနိုင်သည်။

(၅) သောတ္ထိသေန အိမ်ရှေ့မင်း နူနာစွဲသည်ကို သမ္ဘုလမင်းသမီး မှန်သောစကားကိုဆို၍ ရေသွန်းလောင်းလျှင်နူနာပျောက်သည်။

(၆) ငါးရံ့မင်း မှန်သောစကားကိုဆို၍ မိုးကိုရွာစေသည်။

သစ္စာစကားသည် အရေးကြီးပေသည်။ ထို့ကြောင့် သစ္စာနှုတ်သီး၊ မန္တန်ကြီးကား သေပြီးသော်မှ ရှင်ပြန်ရ၏ဟု ဆိုရခြင်း ဖြစ်ပါသည်။

နရပတိစည်သူမင်းကြီးလက်ထက်က အရှင်ပဏ္ဍိတဟူသော ရဟန်းတော်မထေရ်မြတ်၏ သစ္စာစကား၊ သာလွန်မင်းတရားကြီးလက်ထက်၌လည်း တောင်ဖီလာဆရာတော်၏ သစ္စာစကားတို့ဖြင့် သစ္စာတန်ခိုးတို့ဖြင့် အံ့သြမဆုံးဖြစ်အောင် သက်သေပြခဲ့သော ခေးမကူးဆရာတော်နှစ်ပါး ရှိခဲ့ပါသည်။

အကျင့်သီလ၊ သိက္ခာ၊ သမာဓိ တည်ကြည်ခန့်ထည်နိုင်ခဲ့သူတို့၏ သစ္စာဆိုစကားသည် အထက်နတ်သိကြားများပင် မခံနိုင်၊ မနေနိုင်ကြဘဲ ကျင့်ဆောင်သူ၏ လိုအင်ဆန္ဒကိုဖြည့်သည်။ ပံ့ပိုးကူညီကြပေသည်။

ဂေါတမမြတ်စွာဘုရား ပွင့်တော်မူသောအခါ ဟိမဝန္တာအနီး ကုက္ကုဋဝတီပြည်၌ မဟာကပ္ပိနမင်းသည် မြင်းသည်တော်(၄)ဦးတို့အား မြို့တံခါးလေးပေါက်မှထွက်စေ၍ ရတနာ(၃)ပါး ဖြစ်ထွန်းပေါ်ပေါက်သည့်သတင်းကို လှည့်လည်စုံစမ်းထောက်လှမ်းစေ၏။

မဟာကပ္ပိနမင်းကြီးသည် ဘုရားရတနာဖြစ်ထွန်းပြီဟူသောသတင်းကို ကြားလိုက်ရသောအခါ အမတ်တစ်ထောင်တို့နှင့် တိုင်ပင်ကြကာ နန်းတော်သို့မပြန်ဘဲ သာဝတ္ထိပြည်သို့သွား၍ ဘုရားရှင်ထံ ရဟန်းပြုရန် ဆုံးဖြတ်ကြ၏။

ဂေါတမမြတ်စွာဘုရားသည် မဟာကပ္ပိနမင်းကြီးနှင့် အမတ်တစ်ထောင်တို့ သာဝတ္ထိသို့လာနေသည်ကို သဗ္ဗညုတဉာဏ်ကွန်ရက်တွင် မြင်တော်မူ၍ စန္ဒဘာဂါမြစ်ကမ်းအနီး ပညောင်ပင်ရင်း၌ ရောင်ခြည်ခြောက်သွယ်လွှတ်ကာ သီတင်းသုံး ကြွဆိုနေ၏။

ကုက္ကုဋဝတီပြည်မှ သာဝတ္ထိပြည်သို့သွားကြရာ မြစ်ရေလျှံနေသော အပရစ္ဆာမြစ်သို့ ရောက်ကြ၏။

ထိုမြစ်ကို ဖြတ်ကူးရန် လှေသင်္ဘောတို့ မရှိသဖြင့် ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းတို့ ပွားများအောက်မေ့လျက်-

ဘဝသောတံ ဟဝေဗုဒ္ဓေါ တိဏ္ဏော လောကန္တဂူ ဝိဒူ။

ဧတေန သစ္စဝဇ္ဇေန၊ ဂမန်မေ သမိဇ္ဈတု။

အဓိပ္ပာယ်မှာ သဗ္ဗညုဗုဒ္ဓ အမည်ရသည့် လောကထွတ်ထား မြတ်ဘုရားသည် စင်စစ်ဧကန် အမှန်ပင် ဘဝသုံးသွယ် ရေပြင်ကျယ်ကို နိဗ္ဗာန်ထုတ်ချောက်မှာ ကမ်းရောက်အောင် ကူးမြောက်တော်မူလေပြီ (ဝါ) ကူးမြောက်တော်မူပြီးဖြစ်ရကား လောကဆုံးရာ နိဗ္ဗာန်သို့လည်း ရောက်တော်မူလေပြီ။ ခပ်သိမ်းသောတရားကို ပိုင်းခြားထင်ထင်သိမြင်တော်မူလေပြီ။ ဤသစ္စာစကားကြောင့် အကျွန်ုပ်၏ မြတ်စွာဘုရားထံမှောက် ရဟန်းပြုရန် သွားရောက်ခြင်းသည် အန္တရာယ်မမှောက် ရန်မနှောက်ဘဲ ထမြောက်ကုံလုံ ပြည့်စုံပါစေသတည်း။

ဤဂါထာကို နှုတ်က တွတ်တွတ်ရွတ်ဆိုလျက် အခြံအရံအမတ်တစ်ထောင်၊ သိန္ဓောမြင်းတစ်ထောင်တို့နှင့်တကွ မြစ်ကို ဖြတ်ကူးလေ၏။ သိန္ဓောမြင်းတို့သည် ကျောက်ဖျာပေါ်၌ကဲ့သို့ ပြေးသွားနိုင်ကြ၍ ခွာများတို့ကိုသော်မှလည်း ရေမစွတ်မစိုချေ။

မဟာကပ္ပိနမင်းကြီးနှင့် အမတ်တစ်ထောင်တို့သည် သာဝတ္ထိပြည်ခရီးဆက်ခဲ့ရာ နီလဝါဟိနီမြစ်သို့ ရောက်ကြ၏။ ထိုနီလဝါဟိနီမြစ်ကို သွက္ခာတော ဘဂဝတော ဓမ္မောအစရှိသည်ဖြင့် ဓမ္မာနုဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်းအောက်မေ့ကာ-



www.burmeseclassic.com

www.burmeseclassic.com



ယဒိသန္တိဂမော မဂ္ဂေါ မောက္ခော စစ္စန္တိကံသုခံ။
ဧတေန သစ္စဝဇ္ဇေန ဂမန်မေ သမိဇ္ဈတု။

အဓိပ္ပာယ်မှာ လောကုတ္တရာ အရိယာမဂ်လေးပါးသည် စင်စစ်ကေန် အမှန်ပင် နိဗ္ဗာန်ထုတ်ချောက် ရောက်စေနိုင်၏။ အရိယာမဂ်ဖြစ်ရောက်အပ် နိဗ္ဗာန်တရားမြတ်သည်လည်း ချမ်းသာစစ် ချမ်းသာမှန် ဖြစ်ပါပေ၏။ ဤသစ္စာစကားကြောင့် အကျွန်ုပ်၏ မြတ်စွာဘုရားထံမှောက် ရဟန်းပြုရန် သွားရောက်ခြင်းသည် အန္တရာယ်မမှောက် ရန်မနှောင့်ဘဲ ထမြောက်ကုံလုံ ပြည့်စုံပါစေသတည်း။

ဤဂါထာကို နှုတ်တတွတ်တွတ်ရွတ်ဆိုလျက် ရေပြင်ကို ဖြတ်ကူးလေ၏။

မဟာကပ္ပိနမင်းကြီးသည် နီလဝါဟိနီမြစ်ကိုကူးပြီး ခရီးဆက်ခဲ့ရာ စန္ဒဘာဂါမြစ်သို့ ရောက်လေ၏။ မင်းကြီးသည် ဤစန္ဒဘာဂါမြစ်ကိုကား သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော အစရှိသည်ဖြင့် သံဃာနုဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်းအောက်မေ့ကာ-

သံဃောဝေ တိဏ္ဏော ကန္တာရော၊
ပုညခေတ္တော အနုတ္တရော။
ဧတေန သစ္စဝဇ္ဇေန၊ ဂမနံ မေ သမိဇ္ဈတု။

အဓိပ္ပာယ်မှာ ပရမတ္ထအရိယာ သံဃာတော်မြတ်သည် စင်စစ်ကေန် အမှန်ပင် သံသရာခရီးခဲကို အံ့အဲစလောက် ဖက်ကမ်းရောက်အောင် ကူးမြောက်ပြီး ဖြစ်တော်မူပေ၏။ အတုမရှိ လွန်မြတ်သော ကောင်းမှုမျိုးကို စိုက်ပျိုးကြဲချရာ လယ်ယာမြေကောင်းသဖွယ်လည်း ဖြစ်ပါပေ၏။ ဤသစ္စာစကားကြောင့် အကျွန်ုပ်၏ မြတ်စွာဘုရားထံမှောက် ရဟန်းပြုရန် သွားရောက်ခြင်းသည် အန္တရာယ်မမှောက် ရန်မနှောက်ဘဲ ထမြောက်ကုံလုံ ပြည့်စုံပါစေသတည်း။

ဤဂါထာကို နှုတ်က တွတ်တွတ်ဆိုလျက် အခြံအ
အမတ်တစ်ထောင်၊ သိန္ဓောမြင်းတစ်ထောင်တို့နှင့် အ
တကွ စန္ဒဘာဂါမြစ်ကို ဖြတ်ကူးလေ၏။ သိန္ဓောမြင်းတ
သည် ကျောက်ဖျာပေါ်၌ကဲ့သို့ ပြေးသွားကြ၍ ခွာဖျားတို့
သော်မှလည်း ရေမစွတ်မစိုချေ။

မင်းကြီးနှင့် အမတ်တစ်ထောင်တို့သည် ပညောင်ပ
အောက်၌ အသင့်စောင့်ကြိုနေသော ဘုရားသခင်ထံ ချ
ကပ်၍ ရှိခိုးကြ၏။ ရဟန်းအဖြစ် တောင်းပန်ကြသ
ဘုရားရှင်က ရဟန်းပြုပေးတော်မူ၏။

အရှင်မဟာကပ္ပိနမထေရ်နှင့် မထေရ်တစ်ထော
(ယခင် အမတ်တစ်ထောင်)တို့သည် ရဟန္တာဖြစ်တော်မူ
၏။ မြတ်စွာဘုရားသည် အရှင်မဟာကပ္ပိနအား ဘိ
သြဝါဒက-ရဟန်းယောကျ်ားတို့အား ဆုံးမရာဝယ် အ
ဆုံး အမြတ်ဆုံး ဧတဒဂ်ရာထူး၌ ထားတော်မူသည်။

သစ္စာစကားနှင့်ပတ်သက်၍ ဘာသာရေးအဆုံးအ
များနှင့် ရဟန်းပညာရှိ၊ လူပညာရှိတို့ အဆိုအမိန့်များသ
ကောင်းမွန်လှပါသည်။ ထုံးဟောင်းသာဓက အကြော
ခြင်းရာတို့ကလည်း စိတ်ဝင်စားဖွယ် ရှိပါပေသည်။

မဟာကပ္ပိနမင်းကြီးနှင့် အမတ်တစ်ထောင်တို့ ရေ
လျှံနေသော မြစ်ကြီးသုံးတန်ကို လှေသင်္ဘောမပါဘဲ
နုဿတိ၊ ဓမ္မာနုဿတိ၊ သံဃာနုဿတိကမ္မဋ္ဌာန်းကို
ကြည်ကြည် စီးဖြန်းကာ သစ္စာစကားဖြင့် ကူးခပ်ဖြတ်
သကဲ့သို့ အခက်အခဲအကျပ်အတည်းနှင့် ကြုံတွေ့လာ
အခါ သစ္စာစကားဆို၍ လွတ်မြောက်ပါစေသော်။

ဘကျာ်အရာရှိဟောင်းတစ်



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် ဂမ္ဘီရအကျင့်မြတ်များကို လေ့လာဆည်းပူး သင်ယူသောအခါ ထူးခြားသော ဖြစ်ရပ်ဆန်းများကို တွေ့မြင်ရပါသည်။ ပုဂံခေတ်တွင် စစ်သူရဲကောင်းကြီး လေးဦး ပေါ်ထွန်းထွက်ပေါ် ခဲ့ဖူးပါသည်။

# ယောနက **ဘိုးအောင်**
# ဘုရင့်နောင်ကျော်ထင်နော်ရထာ
# အမြွှာတ်ဆိုသော
# **ရန်အောင်မြင်ချမ်းသာဂါထာတော်**



www.burmeseclassic.com

www.burmeseclassic.com

စစ်သူရဲကောင်းတို့သည် နှလုံးရည် လက်ရုံးရည် ထက်မြက်ထူးချွန်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်များ ဖြစ်ပါသည်။

ထိုအကြောင်းကို ရွှေပေါ်ကျွန်းဆရာတော်ဘုရားကြီး ကျင့်စဉ် ဂါထာမန္တန် ပုတီးစိပ်နည်းများကို တပည့်ဒကာများအား ဓမ္မအမွေ ပေးအပ်ခဲ့ဖူးပါသည်။

ဥဿာပဲခူးဘုရင်က ပုဂံခေတ်စစ်သူရဲကောင်း လေးဦးမှာ စစ်သည် လေးသိန်းအားနှင့် ညီမျှသည်ဟု အဆိုရှိခဲ့ဖူးပါသည်။ စစ်သူရဲကောင်း နှလုံးရည် လက်ရုံးရည် ထက်မြက်မှုစွမ်းအားကို ပုဂံပြည်သူပြည်သားတို့က နတ်စစ်သူကြီး(၄)ယောက်ဟူ၍ ချီးမွမ်းဂုဏ်ပြုခဲ့ကြပါသည်။ လက်ရုံးရည် ထက်မြက်ထူးချွန်သည်သာမက နှလုံးရည်လည်း ထက်မြက်ကြပါသည်။

စစ်သူရဲကောင်းများသည် သတ္တိဗျတ္တိနှင့် အကျင့်စရဏများစွာ လိုအပ်သည်။ ထူးခြားစစ်သူရဲကောင်းတို့ နှုတ်တက်ရွရွ ရွတ်ဆိုသော ဂါထာတော်မြတ်များမှာ-

စစ်သူရဲကောင်း ကျန်စစ်သား ရွတ်ဆိုသော ဂါထာတော်မြတ်သည်-

* ဝေဒါသာကု၊ ကုသာဒါဝေ၊
ဒါယသာတ၊ တသာယဒါ၊
သာသာမိကု၊ ကုမိသာသာ၊
ကုစကုဘု၊ ဘုကုစကု··ဖြစ်ပါသည်။

စစ်သူရဲကောင်း ငထွေရူး ရွတ်ဆိုသော ဂါထာတော်မြတ်သည်-

* ဒေဝါကာနိ၊ နိကာဝါဒေ၊
ဝါဟိကာသု၊ သုကာဟိဝါ၊
ကာကာယော၊ ဘယေကာကာ၊
နိသုဘယံ၊ ယံဘသုနိ··ဖြစ်ပါသည်။

စစ်သူရဲကောင်း ငလုံးလက်ဖယ် ရွတ်ဆိုသော ဂါထာတော်မြတ်သည်-

* ဘောနောဇိယော၊ ယောဇိနောဘော၊
နောပါကုသော၊ သောကုပါနော၊
ဇိဒ္ဓနောမ၊ မနောဒ္ဓဇိ၊
ယောသောမဘိ၊ ဘိမသောယော··ဖြစ်ပါသည်။

စစ်သူရဲကောင်း ညောင်ဦးဖီး ရွတ်ဆိုသော ဂါထာတော်မြတ်သည်-

* ပြစိစေကာ၊ ကစေစိပြ၊
စိပုသ္တာတာ၊ တာသ္တာပုစိ၊
စေသ္တာကတာ၊ တာကသ္တာစေ၊
ကတာတာက၊ ကတာတာက··ဖြစ်ပါသည်။

စစ်သူရဲကောင်းမြတ်တို့သည် စစ်ပွဲတစ်ရာ အောင်ပွဲတစ်ရာ ရရှိခဲ့သော လူမျိုးများ ဖြစ်ပါသည်။ အောင်ပွဲတစ်ရာ အောင်နိုင်ဖို့ရာ အစွမ်းသတ္တိထူးများရှိဖို့ လိုအပ်ပါသည်။ စစ်သူရဲကောင်းတို့ ဂါထာတော်မြတ်များကို ရွတ်ဆိုပါက ကြီးပွားချမ်းသာ တိုးတက်အောင်မြင်စေသော မဟိဒ္ဓိသိဒ္ဓိထူးများကို ရယူပိုင်ဆိုင်နိုင်ပါသည်။

မြန်မာသက္ကရာဇ်(၉၁၂)ခုနှစ် တပင်ရွှေထီး နတ်ရွာစံသောအခါတွင် တောင်ငူခေတ် စစ်သူရဲကောင်း ဘုရင့်နောင်ကျော်ထင်နော်ရထာဘွဲ့ခံ ဘုရင့်နောင်မင်းတရားကြီး အုပ်ချုပ် မင်းလုပ်ပါသည်။ ဘုရင့်နောင်သည် ဝါးအစည်းပြေနေသကဲ့သို့ အကွဲကွဲအပြားပြားများကို စုစည်းနိုင်ခဲ့သည်။ မြန်မာနိုင်ငံတော်ကြီးသည် တိုင်းရင်းသား ညီအစ်ကိုအချင်းချင်းတို့ မျက်မာန်တော်တင်းပြီး အစိတ်စိတ်အမွှာမွှာ ပြိုကွဲနေသည်။ သူတစ်လူငါတစ်မင်း တစ်တောတစ်ကြက်ဖ တွန်နေကြသည်။ တိုင်းကားပြည်ရွာတို့သည်လည်း ကျီးလန့်စာစားဖြင့် မဖွံ့ဖြိုး မတိုးတက်ဘဲရှိနေကြသည်။

ဖြစ်ရပ်ဆိုးအခြေအနေများကြောင့် ဘုရင့်နောင်ကျော်ထင်နော်ရထာ၏ နှလုံးစိတ်ဝမ်းမှာ မရွှင်ပြုံး မချမ်းမြေ့နိုင်ခဲ့ပေ။ မြန်မာပြည်ကြီး နှလုံးစိတ်ဝမ်း အေးချမ်းစေချင်သည်။ အပြိုပြိုအကွဲကွဲ ဖရိုဖရဲဖြစ်နေသော မြန်မာနိုင်ငံတော်ကြီးအား စည်းရုံးသိမ်းသွင်းရာတွင် မလွှဲသာ မရှောင်သာ နောင်ရိုးတိုက်ပွဲကြီးများ စစ်ဆင်နွှဲခဲ့ရသည်။ တစ်ဦးချင်း တစ်ယောက်ချင်း စီးချင်းထိုးပွဲများကိုလည်း ရင်ဆိုင်ခဲ့ရသည်။

မြန်မာသက္ကရာဇ်(၉၁၃)ခုနှစ်၊ တန်ခူးလဆန်း (၆) ရက်၊ တနင်္ဂနွေနေ့ အောင်မြေနင်းကာ စစ်မြေပြင်သို့ ဆင်းခဲ့သည်။ ကေတုမတီမှ ဟံသာဝတီသို့ စစ်အင်္ဂါကျွမ်း သေနင်္ဂဗျူဟာခင်း၍ ချီတက်ခဲ့သည်။ သမိန်ထောရာမ သည်လည်း စစ်သည်ဗိုလ်ပါ ဝန်းရံပြီးလျှင် ဟံသာဝတီမှ ထွက်ချီလာခဲ့သည်။ မကြာမီ စစ်မြေပြင်တစ်နေရာတွင် နှစ်ဦးသား ရင်ဆိုင်မိကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဥပေါသထဆင်တော်မင်္ဂလာမြတ်တွင် ဘုရင့်နောင် ကျော်ထင်နော်ရထာ စီးနင်းသည်။ ချစ်ချင်းအမည်ရှိ ဆင်တော်ထက်တွင် သမိန်ထောရာမ စီးနင်းလာသည်။ ရင်ဆိုင်ယှဉ်ပြိုင်ကြမည့် တိုက်ပွဲကား စီးချင်းတိုက်ပွဲကြီး ဖြစ်သည်။ စီးချင်းထိုးရမည့် အခါသမယသည် တရွေ့ရွေ့ချင်းနင်းနီးကပ်လာသည်။

စီးချင်းမထိုးမီ ဘုရင့်နောင်ကျော်ထင်နော်ရထာ မြတ်သည် ဥပေါသထဆင်တော်၏ ဦးကင်းထက်တွင် ထိုင်လျက် သစ္စာအဓိဋ္ဌာန်ရွတ်ဆိုသည်မှာ-

'သာသနာတော်မြတ်၏ အကျိုးစီးပွား၊ ပြည်သူပြည်သားတို့၏ အကျိုးစီးပွားကို ဆောင်တော်မူနိုင်သော မင်းဧကရာဇ် ဧကန်ဖြစ်ရမည်မှန်ပါက သမိန်ထောရာမကို တစ်ခဏချင်း အောင်မြင်တော်မူစေပါသတည်း' ဟူ၍ အယူတော်မင်္ဂလာတင်ကာ ဆင်ဦးကင်းအား ရေစင်ဖြင့် သွန်းလောင်းတော်မူသည်။

ရေစင်သွန်းလောင်းချိန် တစ်ပြိုင်နက် အခါမတန် အချိန်မကျဘဲ မိုးအုံ့ဆိုင်းရွာသွန်းသည်။ လျှပ်ပြက်၏။ လျှပ်လှုပ်လာ၏။ ကောင်းကင်ယံထက်မှ ချိုး၊ ဆက်ရက်၊ ကျီးငှက်တို့သည် ကြွေးကြော်ညံညံ မြူးထူးပျံ၍ ဆင်တော်ရှေ့မှ ဝန်းရံခ၍ လိုက်လာကြ၏။ ဘုရင့်နောင် ကျော်ထင်နော်ရထာ ရေစင်သွန်းသော ရွှေကရားလည်း လက်တော်မှ လွတ်၍ မြေသို့ သက်လေသည်။

အတိတ်နိမိတ်ထူးကိုကြည့်လျက် ဘုရင့်နောင်ကျော်၏ သစ္စာတော်ခံ မွန်အမတ် သမိန်ဗရူက-

'အရှင်မင်းမြတ်··ယခုပင် တိုက်တော်မူလော့။ သမိန်ထောရာမကို အလိုတော်ပြည့်၍ ရေနှင့်မြေကို အစိုးရတော်မူမည်' ဟု လျှောက်တင်သည်။

လျှောက်ထားသည့်အတိုင်း အရှင်မင်းမြတ် အလိုတော် ပြည့်တော်မူသည်။ ဤဖြစ်စဉ်ကို လူသိများလှပါသည်။ ထိုအချိန် ထိုအခါက ဘုရင့်နောင် အမြဲမပြတ် ရွတ်ဖတ်သရဇ္ဈာယ်ပြီး ဆင်ဦးကင်းတွင် ဟင်္သာပြဒါးဖြင့် ရေးထိုးထားလေ၏။

ဂါထာတော်မြတ်မှာ ရှေးစာပေဟောင်းများတွင် မာရဝိဇယပဒုမဂါထာဟု ဘွဲ့မည်ရတော်မူလေသည်။ ဆရာတော် သဒ္ဓမ္မကိတ္တိမထေရ်မြတ် စီရင်ရေးသားခဲ့သော သီရိဝိစိတ္တ အလင်္ကာကျမ်းတွင် လာရှိပါသည်။

ဇိနာတိ မာရာရိ၊ ဇိနော ဒယာလယော၊
ဇိနုတ္တ ဓမ္မောစ၊ ဇိနေန ပူဇိတော၊
ဇိနော ရသောနန္တ၊ ဇိနပ္ပ သံသိတော၊
ဇိနော ဒယောတေရိ၊ ဇိတေ နမာမဟံ။

ဒယာလယော-မဟာကရုဏာ၏ တည်ရာဖြစ်တော်မူထသော၊ ဇိနော-ဘုရားမြတ်စွာသည်၊ မာရာရိ-ဒေဝပုတ္တ စသော မာရ် ဆသတ္တာရ စသောရန်တို့ကို၊ ဇိနာတိ-အောင်တော်မူ၏။

ဇိနုတ္တ ဓမ္မောစ-ဘုရားမြတ်စွာ ဟောတော်မူသော တရားတော်ကိုလည်း၊ ဇိနေန-ဘုရားမြတ်စွာသည်၊ ပူဇိတော-ပူဇော်တော်မူအပ်၏။

ဇိနောရသော-ဘုရားမြတ်စွာ၏ သားတော်ဖြစ်သော အရိယာပုဂ္ဂိုလ်အပေါင်းကိုလည်း၊ အနန္တဇိန-အတိုင်းမသိသော ကျေးဇူးတော်ရှိသော ဘုရားမြတ်စွာသည်၊ ပသံသိတော-ချီးမွမ်းတော်မူအပ်၏။ အရိဇိတေ-ရန်သူတို့ကို အောင်ကုန်ပြီးသော၊ တေဇိနာဒယော-ထိုဘုရား စသည်တို့ကို၊ အဟံ-တပည့်တော်သည်၊ နမာမိ-ရှိခိုးပါ၏။

တောင်ငူခေတ် ဘုရင့်နောင်ကျော်ထင်နော်ရထာ အမြဲရွတ်ဆိုသော ရန်အောင်မြင်ချမ်းသာဂါထာတော်မြတ်ကြီး ဖြစ်ပါသည်။ လိုတရသော ပြည့်ဝအောင်မြင်မှုပေးပါသည်။ အတိုက်အခိုက်၊ အပြိုင်အဆိုင်များနှင့် ကြုံလျှင် မိမိကသာ အောင်ကြောင်းဖြာဝေရပါသည်။ စီးပွားရေး၊ ကြီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးတို့တွင်လည်း အောင်ကြောင်းစာစီ မင်္ဂလာမည်သောဂါထာ ဖြစ်သည်။

လူတိုင်း တစ်နေ့ မိမိသက်စေ့ထက် တစ်ခေါက်ပို ရွတ်ပါက အမြဲပြည့်ဝလှပစေပါသည်။ ရှေးမင်းမြတ်တို့ လက်စွဲပြုဂါထာဟုလည်း သိရှိမှတ်သားရပါသည်။ ဂါထာပါဠိလို ရွတ်ဖတ်ပါက အစွမ်းထက်ပါသည်။ ဂါထာနှင့် အနက်အဓိပ္ပာယ်ကိုပါ ပေါင်းစပ်ရွတ်ဆို ပူဇော်နိုင်ပါလျှင် ချက်ချင်းလက်ငင်း အကျိုးထူးပေးပါသည်။

မိမိမွေးနေ့မှာ နေတက်ရေတက်အချိန် ရွတ်ဆိုလျှင် ထူးခြားဆန်းပြားမှုကို ဖြစ်ပေါ်စေပါသည်။ လက်တွေ့ရွတ်ဆို လက်တွေ့အကျိုးထူးပေးကြောင်း ရှေးသူတော်ဟောင်းတို့ အစဉ်အဆက် အသိအမှတ်ပြုခဲ့ကြပါသည်။

**နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ**

**ယောနက[illegible]**



www.burmeseclassic.com

www.burmeseclassic.com

# မေတ္တာသက်ဝင်စေသောအင်း

ပုရောဟိတ် ဆရာဦးမြတ်စံ

တစ်နေ့ စာရေးသူ၏ ဗေဒင်ဟောပြောခန်းသို့ အသက် (၃၀)အရွယ်ခန့် အမျိုးသမီးတစ်ဦး ရောက်လာပါသည်။ ရုပ်ရည်က ရွက်ကြမ်းရေကျိုသာ ဖြစ်ပါသည်။ ၎င်း၏ အလုပ်အကိုင်ကို မေးသောအခါ ရန်ကုန်တက္ကသိုလ်ဘာသာရပ်တစ်ခုတွင် နည်းပြ(Tutor) လုပ်နေကြောင်း သိရပါသည်။ မဟာဘွဲ့ ရပြီးသော်လည်း ရာထူးတက်ရန် အလားအလာမမြင်ခြင်း၊ နိုင်ငံခြားပညာတော်သင် Ph.D အတွက် လူရွေးစာမေးပွဲ ဖြေဆိုအောင်မြင်ထားသော်လည်း ယခုတိုင် အခြေအနေမထူးကြောင်း ပြောပြပါသည်။

ထိုအခါ စာရေးသူမှ လက်ရှိဆောင်ရွက်နေသော တက္ကသိုလ်ကျူတာဘဝမှ အနားယူပြီး ပြင်ပတွင် တာဝန်ထမ်းဆောင်ပါက လုပ်ခလစာ ပိုရမည်ဖြစ်ကြောင်း၊ တစ်နည်း အလုပ်ပြောင်းလျှင် ကောင်းကြောင်း အဟောထုတ်၍ ပြောပြလိုက်ပါသည်။

ထိုစဉ်က (၁၉၈၉-၉၀) စပ်ကူးမပ်ကူးကာလဖြစ်သဖြင့် ထိုဆရာမက ကျွန်မအတွက် ဘွဲ့လွန်ဒေါက်တာဘွဲ့(Candidate) ပြည်ပသို့ စေလွှတ်ရန် လျာထားခံရသူဖြစ်သည့်အတွက် နှမြောကြောင်း ပြောပြပါသည်။

ဆရာမ၏ အကြောင်းပြချက်မှာ 'ဆရာ..ပိုက်ဆံရှိရင် ရွှေဝယ်လို့ ရပါတယ်။ ဒါပေမဲ့ တက္ကသိုလ်ဆရာမ ဖြစ်ဖို့ ပိုက်ဆံရှိရုံနှင့် မရပါ'ဟူ၍ ဖြစ်ပါသည်။

နောက်ဆုံး ဗေဒင်ဆရာဖြစ်သူ ကျွန်ုပ်အား ပြန်ချည်လိုက်ပုံက 'ကျွန်မ လက်ရှိကျူတာအလုပ်က ထွက်ပါမယ်။ နောက်အလုပ်မရရင် ဆရာ ကျွေးထားပါ'ဟု သတတ်။

ကျွန်ုပ်ကလည်း တွက်ကိန်းအရ ရဲရဲကြီးအာမခံကာ အလုပ်မှ နုတ်ထွက်စေလိုက်ပါသည်။ နဂိုကတည်းက ရည်ရွယ်ချက် ကြီးမားသော ဆရာမကလေးမှာ Other Language (အခြားဘာသာရပ်တစ်ခု)ကိုပါ ကြိုတင် လေ့လာတတ်မြောက်ထားပါသည်။ သိပ်မကြာလိုက်ပါ၊ ကြိုးစားတော့ ဒိုးပြားရ ဆိုသကဲ့သို့ ခရီးသွားလုပ်ငန်းကုမ္ပဏီမှ မန်နေဂျာရာထူးဖြင့် လစာကောင်းကောင်း ရရှိသွားပါသည်။ သို့သော် ပြဿနာက ဆရာမအတွက် အခုမှ စတင်ပါတော့သည်။

တက္ကသိုလ်ဆရာမ မဟာသိပ္ပံဘွဲ့ရသူတစ်ယောက် နိုင်ငံခြားပညာတော်သင်အဖြစ် ရွေးချယ်ခံထားရသူ၏ အရည်အချင်းက မြင့်မားလှပါသည်။ ရုပ်ရည်အသင့်အတင့်သာရှိပြီး စကားနည်း၍ အလုပ်သာ ကြိုးစားသူ တစ်ယောက် ဖြစ်ပါသည်။

ဧည့်လမ်းညွှန်(Guide) တွေက ရုပ်ချော၊ အသက်ငယ် စကားကြွယ်ကြသဖြင့် မျက်နှာသာပေးခြင်း ခံရပါသည်။ ရိုးသားကြိုးစားသော ဆရာမလေးနှင့်ယှဉ်လျှင် ဝင်ငွေက ကွာလှပါသည်။ ဧည့်လမ်းညွှန်များ၏ ဝင်ငွေ အပိုငွေ(Tip Money) တို့က ပိုလို့သာ အချိုပေါ် သကာလောင်းလျက် ရှိပါသည်။ ထိုအခါ ရိုးရိုးဝတ် ပကာသနမဖက်သော ဆရာမလေးမှာ အလုပ်ရှင်၏ မျက်စိစပါးမွေးစူးခြင်းခံရပြီး မျက်နှာသာပေးခြင်း မခံရပါ။

ဆရာမလေး ဒုတိယအကြိမ် ကျွန်ုပ်ထံ ပြန်ရောက်လာပါသည်။ လစာဝင်ငွေက တက္ကသိုလ်ဆရာမထက်တော့ သာပါသည်။ သို့သော် Inter Personal ဟု ခေါ်သော ဝန်ထမ်းချင်း အထက်အောက် ဆက်ဆံရေးက အဆင်မပြေပါ။ ဆရာဖြစ်သူကို အထက်ပါ ဖြစ်ကြောင်းကုန်စင်ကို ရင်ဖွင့်ပြီး အားလုံးနှင့် အဆင်ပြေစေရန် အကူအညီလာတောင်းပါတော့သည်။

စာရေးသူလည်း ဆရာတော် သင်ကြားပြသထားသော မေတ္တာသက်ဝင်စေသောအင်းကို ပြန်လည်သတိရသွားပါသည်။ မိသားစုတွင်း၌ သမက်နှင့် ယောက္ခမ၊ သမီးယောက္ခမကြား အထင်လွဲမှားခြင်း အခံမာနကြောင့်လည်းကောင်း၊ ရေးရိုးစွဲအယူအဆကြောင့်လည်းကောင်း အမုန်းပွားနေရာမှ ပြန်လည်မေတ္တာသက်ဝင်စေသော အင်းအစီအရင် ဖြစ်ပါသည်။

ဤနေရာတွင် အလျဉ်းသင့်၍ ဂမ္ဘီရအစီအရင်



www.burmeseclassic.com

www.burmeseclassic.com

## မေတ္တာသက်ဝင်စေသောအင်း

အင်းအမှတ်(၁)

| | | | | |
|---|---|---|---|---|
| ၁၅ | နိ | တိ | ပ | ၁၄ |
| မ | န | နံ(၁) | ကု | နာ |
| ရုံ | ဗွေ | နံ(၂) | ထ | ရော |
| ၇၈ | ညေ | ပ | ထ | ၃၆ |

အင်းအမှတ်(၂)

| | | | | |
|---|---|---|---|---|
| ၁၅ | လော | သံ | တ္တ | ၁၄ |
| ဘာ | မေ | နံ(၁) | က | န |
| ဗ္ဗ | သ္မိံ | နံ(၂) | ယေ | ဉ္စ |
| ၇၈ | ဝ | သ | မာ | ၃၆ |

နံ(၁) အချစ်ခံမည့်သူ၊ နံ(၂) မိမိအား ချစ်စေလိုသူ

**အင်းဆံဂါထာ**

နပရောပရုံ
နိကုဗ္ဗေထ
နာတိမညေထ။

**အင်းဆံဂါထာ**

မေတ္တဉ္စ
သဗ္ဗလောကသ္မိံ
မာနသံ ဘာဝယေ။

အကြောင်း ရှင်းပြလိုပါသည်။ မီးထွန်းရုံမျှ၊ ဆောင်ရုံမျှဖြင့် သင်ဖြစ်စေချင်သောကိစ္စများ လုံးဝအဆင်ပြေလိမ့်မည် မဟုတ်ပါ။ အရှုတ္တိကယတြာဟုခေါ်သော မိမိကိုယ်တိုင်ကလည်း ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးလုံးကို ကောင်းသောမနသိကာရဖြင့် စိတ်ထားစေတနာကောင်း ထားရပါမည်။ ဆရာချည်း အားကိုး၍မရပါ။ မိမိကလည်း စိတ်ကောင်း နှလုံးကောင်း မွေးမြူရပါမည်။ သို့ဖြစ်ရာ ဗေဒင်ဆရာသည် သင်၏ ခါးပိုက်ဆောင်မဟုတ်ကြောင်း သတိပြုရပါမည်။ မေတ္တာသက်ဝင်စေသောအင်းကို စီရင်အသုံးပြုသူကလည်း နှုတ်ချိုသျှိုတစ်ပါး ဆိုသကဲ့သို့ ပတ်ဝန်းကျင်နှင့် သင့်တင့်မျှတအောင် နေရပါမည်။ အောက်ကျို့စရာတော့လိုမည် မထင်ပါ။

အထက်ပါမေတ္တာသက်ဝင်စေသော အင်း(၂)အင်းကို စီရင်သောအခါ -

၁။ မေတ္တာသုတ်ကို တစ်နေ့လျှင် (၉)ခေါက်ကျ (၉)ရက်အဓိဋ္ဌာန်ဝင်ပါ။ စီရင်ခိုင်းသောသူကလည်း မေတ္တာသုတ်ကိုရွတ်၍ မိမိအား ချစ်စေလိုသောသူအား ရည်စူးပြီး မေတ္တာပို့ပါ။

၂။ သက်သတ်လွတ်စားခြင်း၊ သတ္တဝါများအား မေတ္တာဘာဝနာပွား၍ မေတ္တာပို့ပေးပါ။

၃။ မဟုတ်မှန်သောနည်းလမ်း မမှန်ကန်သော ရည်ရွယ်ချက်ဖြင့် မလျော်အကျိုးစီးပွားအတွက် အထက်ပါ အင်း(၂)အင်းကို စီမံ၍ မရပါ။

၄။ ရွှေပြား၊ ငွေပြား၊ ကြေးပြားတွင် စီရင်ပြီး ဆီမီးခွက်တွင်ထည့်၍ နံပါတ်(၂)အင်းကို အောက်ကထားပါ။ နံပါတ်(၁)အင်းကို အပေါ်ကတင်၍ နှမ်းဆီ မဆစ်ဆီထည့်၍ ဆီမီးပူဇော်ပါ။

ဆရာမှ စီရင်ပေးထားသော အင်း(၂)ချပ်ကို နေ့စဉ်မိမိနေသော အိမ်ဘုရားစင်တွင် မိမိကိုယ်အတိုင်းနှင့်အမျှ သက်စေ့ထက် တစ်မျှင်ပိုသော အပ်ချည်မျှင်ဖြင့် ဆီမီးပူဇော်ရပါမည်။ ဖြစ်နိုင်လျှင် ရိုးရိုးအပ်ချည်အစား မင်းကိုယ်ချည်ကိုသုံးလျှင် ရပါသည်။ မင်းကိုယ်ချည်သုံးလျှင် (၇)မျှင်သာ သုံးရပါသည်။ မီးဇာကို ကျိုးခြေပြု၍ ဆီမီးပူဇော်ပါ။



www.burmeseclassic.com

www.burmeseclassic.com

ဤနေရာတွင် အလျှဉ်းသင့်၍ မင်းကိုယ်ချည်ဆိုသည်မှာ စာရေးသူတို့ ငယ်စဉ်က ကိုရင်၊ ရှင်သာမဏေမဖြစ်ခင် မိဘများက ရေမကူးရ၊ သစ်ပင်မတက်ရ၊ အမြင့်မတက်ရဟူ၍ တားမြစ်ကြပါသည်။ ရှင်သာမဏေလောင်းအား ချည်ပေးသော အပ်ချည်၊ ပရိတ်ချည်ကို မင်းကိုယ်ချည်ဟု ခေါ်ပါသည်။

အစွမ်းထက်၍ အပ,ပယောဂများ မဝင်မကပ် မနှောင့်ယှက်နိုင်သည့်သဘော ဖြစ်ပါသည်။ သိပ်မကြာလိုက်ပါ၊ ဆရာမလေးမှာ လုပ်ငန်းခွင်တွင် အထက်အောက် အချင်းချင်း ဆက်ဆံရေး ပြေလည်စပြုလာပါသည်။ ဧည့်လမ်းညွှန်လိုင်စင် မရှိသော်လည်း ဧည့်လမ်းညွှန် လိုင်စင်ရနှင့် တွဲဖက်၍ ဘာသာရပ်ဆိုင်ရာ Translator (ဘာသာပြန်)အဖြစ် တာဝန်ကိုပါ ပူးတွဲဆောင်ရွက်ခွင့်ရသဖြင့် ဝင်ငွေပိုတိုးလာပါသည်။

တက္ကသိုလ်ဆရာမဘဝမှ နုတ်ထွက်ပြီး ပုဂ္ဂလိကခရီးသွားလုပ်ငန်း ကုမ္ပဏီတွင် တာဝန်ထမ်းဆောင်နေရာ ပြေလည်စပြုနေရာမှ မှီရသောမျက်နှာဖြင့် ဆရာဖြစ်သူကျွန်ုပ်ထံသို့ တတိယအကြိမ် ရောက်လာပါသည်။

နိုင်ငံခြားပညာတော်သင်အဖြစ် ရွေးခံထားခြင်းခံရသော ကိစ္စမှ Project Director (စီမံကိန်းဒါရိုက်တာ) ကိုယ်တိုင် Inperson (ကိုယ်တိုင်) ဆရာမလေးကို ပညာတော်သင်သွားရန် မြန်မာနိုင်ငံမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် လာရောက်ဆွေးနွေး၍ တစ်ပါတည်း ခေါ်ဆောင်သွားမည်ဖြစ်ကြောင်း သတင်းကောင်းပင် ဖြစ်ပါတော့သည်။

လကို နှစ်စားပြီး ဆယ်စုနှစ်တစ်ခုပင် ကျော်လာပါပြီ။ ဆရာမလေးမှာ သူလိုချင်သော ဒေါက်တာဘွဲ့ကို ရရှိခဲ့ပြီး ဘဝအတွက် လက်တွဲဖော်ပင် ရရှိသွားပြီ ဖြစ်ပါသည်။ ထိုကဲ့သို့ အစစအဆင်ပြေသွားခြင်းမှာ ကျွန်ုပ်၏ မေတ္တာသက်ဝင်စေသော အင်းကြောင့်ပင် ဖြစ်ပါတော့သည်။


မေတ္တာရည်၍

ပုရောဟိတ် ဆရာဦးမြတ်စံ

ဖုန်း - ၀၉ ၅၁ ၇၆၆၄၆



ကြယ်ဖြူမင်း

အမှတ်တံဆိပ်

ဆီးချို၊ သွေးချိုသောက်ဆေး



ဆီးချိုသွေးချိုကြောင့် မကြာခဏ ရေငတ်ခြင်း၊ ဆီးမကြာခဏသွားပြီး ဆီးအောင့်၊ ဆီးကျန်ခြင်း၊ ခြေထိပ်လက်ထိပ် ထုံကျဉ်ကိုက်ခဲခြင်း၊ ချွေးထွက်များ၍ ကိုယ်ခန္ဓာအားအင်ကုန်ခန်း နုံးချိခြင်း၊ မောပန်းနွမ်းနယ်၍ ခြေလက် မသယ်ချင်ခြင်း၊ လေးလံထိုင်းမှိုင်းခြင်း၊ မျက်စိ ဝေဝါးမှုန်ခြင်း၊ ယားနာပေါက်ခြင်း၊ အနာနှင့်တကွ ထိခိုက်ရှနာများ မပျောက်နိုင်ခြင်း၊ ဝမ်းချုပ်ခြင်း တို့ကို သုံးစွဲနိုင်ပါသည်။

အမြို့မြို့ရှိ မြန်မာ့ဆေးမျိုးစုံဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။

ပင်ရင်း

ကြယ်ဖြူမင်း ဆေးတိုက်

အမှတ်(၄၅၁) ၊ သမိန်ဗရမ်းနှင့် အောင်မြေလမ်းထောင့်၊ (၃၆)ရပ်ကွက် ၊ မြောက်ဒဂုံ။

☎ ၀၉-၇၃၀၁၄၀၄၄ ၀၉-၅၀၀၁၄၃၆ ၊ ၀၉-၅၁၁၉၀၇၂ ၊ ၀၉-၅၁၉၈၇၈၅

မှတ်ပုံတင် - TMR ၀၁၁၂၉၄(၀၆၁၅)
လိုင်စင် ၂/၂၀၁၃၊တဆထလ၊ (၂၃၈၅)

ဖြန့်ချိရေး

ကိုဝင်းမြင့်+မသောဘီ (ဆေးမျိုးစုံ ဆိုင်)၊ (၁၅)လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊
(ပြည်မြို့ - ဆေးနန်းတော်ကြီးဆေးဆိုင်) ၊ (တောင်ငူမြို့ - ရွှေခေါင်းလောင်းဆေးဆိုင်)
(ပုသိမ်မြို့ - မြဖူးပွင့်ဆေးခန်း) ၊ (ပဲခူးမြို့ - ဟသာၤကုန်ထုတ်သန့်ဆေးဆိုင် ၊ ဟင်္သာကုန်ယားဆိုင်တို့)


www.burmeseclassic.com

www.burmeseclassic.com

ပုရောဟိတ် ဆရာဦးမြတ်စံ

# သိကြားမင်းချီးမြှင့်သော ကုဏ္ဍာသယအင်း

ရှေးအခါက ရေချိုးခန်းဟူ၍ သီးခြားမရှိပါ။ ရေတွင်းရေကန်မှရေကို ပုံးဖြင့်ငင်၍ ခပ်လှမ်းလှမ်းတွင် ရေခံ၍ ချိုးကြရပါသည်။ မြို့ပြတွင်လည်း တိုက်အိမ်များမှလွဲ၍ ပျဉ်ထောင်အိမ်များတွင် ရေဘုံဘိုင်တွင် ရေခပ်ပြီး ရေခံ၍ ချိုးကြရပါသည်။ ရေချိုးပြီး လဲဝတ်ရသော ပုဆိုးကို သီးခြားထားကာ ရေလဲပုဆိုးအဖြစ် ဝတ်ကြပါသည်။ အိမ်သာဆိုလျှင်လည်း အိမ်နှင့်ဝေးသောနေရာတွင် ထားကြပါသည်။ အိမ်သာကို အနိဋ္ဌအဖြစ် သတ်မှတ်သောကြောင့် ဖြစ်ပါသည်။ ယခုအခါ ရေလဲပုဆိုး မဆောင်ကြတော့ပါ။ ရေချိုးခန်းတွင် ဂျပန်စတိုင် ရေချိုးပြီး ရေချိုးခန်းမှထွက်လျှင် တဘက်ပတ်၍ ထွက်ကြပါသည်။

ဆေးဆရာတော်တော်များများက မြင်းမိုရ်ဂုံးဆေးကို ရေလဲသုံးကြပါသည်။ ဖျားနာ၊ ဗိုက်နာ၊ ခေါင်းကိုက်စ၍ မြင်းမိုရ်ဂုံးဆေးကိုသာ ပေးလေ့ရှိပါသည်။ အလားဘူအရှင်သံဝရထံမှ ရရှိလိုက်သော ဂါထာပျံ (ခေါ်) သိကြားမင်း ရွတ်ဆိုသောဂါထာမှာ ဝေဒါသာကုဂါထာ ဖြစ်ပါသည်။ ဂမ္ဘီရလက်သင်ဘဝတွင် ရေလဲသုံးခဲ့ရသလို ထိုဂါထာဖြင့်ပင် အကြောင်းအရာကိစ္စ ပေါ်လာသမျှ အသုံးပြုခဲ့ရပါသည်။ ဥပမာ-သွေးတိတ်မန်းခြင်း၊ ခွေးကိုက်မန်းခြင်း၊ ကျည်လွှဲအဖြစ် အသုံးပြုခြင်း (စာရေးသူတို့ တက္ကသိုလ်ကျောင်းသားဘဝတွင် အရေးအခင်းမျိုးစုံ ကြုံခဲ့ရပါသည်)။ ထို့ကြောင့် မိမိအတွက် အန္တရာယ်ကင်းစေရန် အရေးကြုံလာလျှင် ဝေဒါသာကုဂါထာကို ရွတ်လေ့ရှိပါသည်။ ထိုကဲ့သို့ နှစ်ပရိစ္ဆေဒကြာမြင့်စွာ ရွတ်လာသောအခါ ဆရာတော်၏ ကျောင်းအနောက်ဘက် ကျိုက္ကဆံဘုရားတွင် အဓိဋ္ဌာန်ဝင်တိုင်း ဝေဒါသာကုဂါထာပျံဖြင့်သာ ဝင်လေ့ရှိပါသည်။

ဆရာတော် မရှိသည့် နောက်ပိုင်းတွင်လည်း မိတ်ဆွေ ဗေဒင်ဆရာများနှင့်တွေ့၍ စကားလက်ဆုံ ပြောလေ့ရှိသလို အဓိဋ္ဌာန်ယတြာ ကိစ္စများလည်း သွားရောက်ဆောင်ရွက်လေ့ရှိပါသည်။ စာရေးသူကတော့ အဓိဋ္ဌာန်ဝင်လျှင် သိကြားမင်းပုံတော်ရှိသော တန်ဆောင်းရှေ့တွင် အဓိဋ္ဌာန်ဝင်လေ့ရှိပါသည်။ မူလလှူဒါန်းသော ဒကာနှင့်လည်း အဆက်အစပ်ရှိခဲ့သလို နောက်ထပ် ဖြည့်စွက်လှူဒါန်းထားသော သာသနာပြုပုဂ္ဂိုလ်နှင့်လည်း အဆက်အစပ် ရှိပါသည်။ သို့သော် မိမိအလုပ် မိမိလုပ်ကြရမည်သာ ဖြစ်ပါသည်။

သိပ်မကြာလိုက်ပါ၊ စာရေးသူ "အဓိဋ္ဌာန်ဝင်နေစဉ်ကာလအတွင်း ဆရာတော်အရှင်သံဝရ၏ တူဖြစ်သူ သင်္ဘောသား ကောင်လေးတစ်ယောက်က "အဘဆရာဒီမှာရှိတယ်။ အဓိဋ္ဌာန်အမြဲလာဝင်တယ်ဆိုလို့ ကျွန်တော်လည်း ပုရပိုက်ကို ထိန်းသိမ်းရတာ အလွန်တာဝန်ကြီးလို့ လာပေးတာပါ" ဟု ပေထုပ်ကြီးတစ်ခုကို ကတ္တီပါအညိုစဖြင့် ထုပ်၍ လာပေးပါသည်။

ဆရာတော် သက်ရှိထင်ရှားရှိစဉ်က စာရေးသူ တွေ့ရှိခဲ့သော ပုရပိုက်ဖြစ်ပြီး အတော်များများမှာ စာရေးသူကို ဆရာတော်မှ သင်ကြားပေးခဲ့ပြီး ဖြစ်ပါသည်။ သို့သော်လည်း မိမိထပ်မံလေ့လာရန် ကျန်ရှိသော အကြောင်းအရာများရှိပါက လေ့လာရန် ယူထားလိုက်ပြီး ထပ်မံ၍ ဖတ်ရှုပါသည်။

ဖတ်ရှုသောအခါ-

တောတေ တာန နတာတောတေ

တေနမာန နမာနတေ

တာမာမာတေ တေမာမာတာ

န နတေဟိ ဟိ တေနန။

ဂါထာပျံကို ထပ်တွေ့ပြီး ဖော်ပြပါ ကုဏ္ဍာသယအင်း အစီအရင်ကိုလည်း ထပ်မံကူးယူခွင့်ရပါသည်။

ထိုကုဏ္ဍာသယအင်းကို စာရေးသူကိုယ်တိုင် စီရင်ပြီး စာရေးသူ၏ သူငယ်ချင်းဖြစ်သူကို ပေးလိုက်ပါသည်။ ထိုသူငယ်ချင်းများမှာ အိမ်ထောင်ရေးအဆင်မပြေဖြစ်ကာ မြန်မာပြည်မှ ပြည်ပနိုင်ငံသို့ ထွက်ခွာလာစဉ် ပေးလိုက်ခြင်း ဖြစ်ပါသည်။ ၎င်း၏ ရင်ဖွင့်စကားကြောင့် သူ၏ဘဝကို ပြန်၍စတင်ရန်းကန်လိုသဖြင့် ဂျပန်နိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်လိုကြောင်း လောလောဆယ် ဘန်



www.burmeseclassic.com

www.burmeseclassic.com

ကောက်တွင် ရရာအလုပ်လုပ်ပြီး ဘဝကို ဇာတ်မြှုပ်နေထိုင်နေကြောင်း သိရပါသည်။

ထိုသူငယ်ချင်းမှာ ဘာသာခြားတစ်ဦးဖြစ်ပြီး အယူမသီးသော သူတစ်ယောက်ဖြစ်ပါသည်။ နေ့စဉ် တရားထိုင်ခြင်း၊ ဂါထာမန္တန်ရွတ်ခြင်းကို ပြုလေ့ရှိပါသည်။ သူငယ်ချင်းလည်းဖြစ်ပြန်၊ ၎င်းတွေ့ကြုံနေရသော ဘဝအခက်အခဲများကို သိရှိနားလည်ထားသဖြင့် ယခုဖော်ပြပါ ကဿာသယအင်းကို စီရင်ပေးလိုက်ခြင်း ဖြစ်ပါသည်။

ထိုအခါ ဂျပန်သွားမည့်သူများသည် အမေရိကန်ဗီဇာအတုဖြင့် ဂျပန်နိုင်ငံသို့ တစ်ထောက်နား(Transit Visa) ဖြင့် ဝင်ရောက်အလုပ်လုပ်ကိုင်ကြပါသည်။ တစ်ဖန် ဂျပန်တွင်းသို့ဝင်ပြီး အသုံးပြုပြီး (Used Visa) များဖြင့်လည်း ဖျက်ပြင်၊ နာမည်ပြောင်း ဓာတ်ပုံပြောင်း ကပ်ခွာလုပ်၍ ဝင်ကြပါသည်။ ထိုအကြောင်းသိသွားသော ဂျပန်လူဝင်မှုကြီးကြပ်ရေးက Deport (အရပ်အခေါ် လေဆိပ်မှ ပြန်ကန်ခံကြရပါသည်) ပြန်ပို့ခံကြရပါသည်။ ဂျပန်ဗီဇာ နတ်ကြီးလှပါသည်။ တချို့က အိုကီနာဝါဘက်မှ ရေကြောင်းကူးတို့သင်္ဘောဖြင့် ဝင်ကြပါသည်။ ထိုသို့အခက်အခဲများကြားမှ ဗီဇာအမှန်အကန် ကိုင်ဆောင်ထားသူကလည်း ဗီဇာအတွက် စပွန်ဆာ(တာဝန်ယူခေါ်သူ) Sponsor သမားက ငွေကြေး အလုပ်အကိုင် မတောင့်တင်းခြင်း၊ တစ်ဦးနှင့်တစ်ဦး အဆက်အစပ်မရှိပါကလည်း Narita (နာရီးတာ)၊ Hanita (ဟာနေတား) လေဆိပ်အသီးသီးမှ ပြန်လွှတ်ခြင်းခံရပါသည်။


ထို့ကြောင့် သူငယ်ချင်းဖြစ်သူ၏ အခက်အခဲကို ပြေလည်ပြီး ဘဝတိုးတက်မှု ရရှိစေခြင်းအလို့ငှာ ထိုကဿာသယအင်းကို ပေးလိုက်ပါသည်။ ဘန်ကောက် ဒွန်မောင်း လေဆိပ်မှပင် United Airline ဖြင့် ဂျပန်နိုင်ငံသို့ ရောရောရှူရှူ ရောက်ရှိသွားပြီး အလုပ်အကိုင် အဆင်ပြေနေသည်ဟု သိရပါသည်။ ထိုနိုင်ငံသူနှင့်ပင် အိမ်ထောင်ကျ ဂျပန်နိုင်ငံသားခံယူထားသည်ဟု သိရပါသည်။ သားသမီးများပင် ထွန်းကားပြီး ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းအဖြစ် စားသောက်ဆိုင် ဖွင့်ထားကြောင်း သိရပါသည်။

ယခုအခါ ဂျပန်နိုင်ငံသို့ Training Viza ဖြင့် သင်တန်းသားများ ခေါ်ယူနေကြောင်း သိရပါသည်။ မိတ်ဆွေတစ်ဦး၏ သမီးဖြစ်သူမှာ ဘွဲ့ရ ဂျပန်ဘာသာကိုလည်း ကျွမ်းကျင်စွာ တတ်မြောက်ထားသဖြင့် အလုပ်သင်သင်တန်းသားအဖြစ် လျှောက်ထားရာ (၂၀၁၇)နှစ်ဆန်းပိုင်းတွင် ဂျပန်နိုင်ငံသို့ သွားရောက်ရာတွင် အဆင်ပြေစေရန် လာရောက်အကူအညီတောင်းခံရာ အထက်ပါကဿာသယအင်းကိုပင် စီရင်ပေးလိုက်ပါသည်။ ယခုအခါ ဂျပန်နိုင်ငံတွင် လုပ်ငန်းခွင်သင်တန်း တက်ရောက်နေပြီ ဖြစ်ပါသည်။

ဒေးစွန်ပါသိုက်မှရရှိသော ပုရပိုက်မူရင်းကို ရရှိထား

**ကဿာသယအင်း**

(သိကြားမင်း ချီးမြှင့်သည်ဟု ပုရပိုက်တွင် ဖော်ပြပါရှိပါသည်။)



www.burmeseclassic.com

www.burmeseclassic.com

သော အရှင်သံဝရထံမှ ကူးယူရရှိပါသည်။

သိကြားမင်းမှ နေ့စဉ် ရွတ်ဆိုလေ့ရှိပြီး ကျန်စစ်သားအား ချီးမြှင့်သည်ဟု ဖော်ပြထားပါသည်။ ဂါထာပုံဟု ရေးသားထားပါသည်။

တောတေတာန နတာတေတော
တေနမာန နမာနတေ
တာမာမာတေ တေမာမာတာ
နနတေဟိ ဟိတေနန
ဝေဒါသာကု ကုသာဒါဝေ
ဒါယသာဒ ဒသာယဒါ
သာသာဓိကု ကုဓိသာသာ
ကုဒကုဘု ဘုကုဒကု။

ထိုဣစ္ဆာသယအင်းကို စီရင်ရာတွင် ပုရပိုက်မှာ ဒေးစွန်ပါသိုက်က ရရှိသဖြင့် ဒေးစွန်ပါသိုက်ချုပ်ဘိုးဘိုးအတွက် ကန်တော့ပွဲတစ်ပွဲကို ဒေးစွန်ပါဘုရားတွင် သွားရောက်လှူရပါသည်။ ပညာပွဲကန်တော့ပွဲတစ်ပွဲ လှူရပါသည်။ ဆရာလုပ်သူက ဝတ်ဖြူစင်ကြယ်ဝတ်ခြင်း၊ ငါးပါးသီလခံယူခြင်း ဖြစ်နိုင်လျှင် မိုင်းကိုင်စက္ကူတွင် အင်းတစ်ချပ်၊ ကြေးပြားတွင် အင်းတစ်ချပ်စီရင်ပြီး ကြေးပြားတွင် စီရင်ထားသောအင်းကို ဆောင်အင်းအဖြစ် ပြည်ပခရီးသွားမည့်သူက ယူသွားရပါသည်။ မိုင်းကိုင်စက္ကူဖြင့် စီရင်ထားသောအင်းကို မီးထွန်းအင်းအဖြစ် ဖယောင်းတိုင်တွင်ပတ်၍ ပူဇော်ရပါသည်။

စွန့်စားရသောလုပ်ငန်း (Risk Job) သင်္ဘောသား၊ ကျောက်တူး၊ ရွှေတူးသူများအတွက်လည်း 'အထူးသင့်လျော်ပါသည်။ သင်္ဘောသားဆိုပါက ပင်လယ်ဓားပြရန်၊ သဘာဝဘေးဒဏ်၊ မုန်တိုင်းဒဏ်မှ ကင်းဝေးစေခြင်း၊ ကျောက်တူး၊ ရွှေတွင်းတူးသူများက ရတနာများ အလွယ်တကူ ရှာဖွေရရှိခြင်းအပြင် တွင်းပြိုခြင်း၊ မသမာသူအန္တရာယ်မှ ကင်းဝေးစေကြောင်း သိသာရန် ရေးသားလိုက်ပါသည်။

မေတ္တာရည်၍
ပုရောဟိတ် ဆရာဦးမြတ်စံ
ဖုန်း - ၀၉ ၅၁ ၇၆၆၄၆


ဘုရားသုံးဆူ တည်ဖို့ရန်အတွက် အဘဝိဇ္ဇာတို့ရဲ့ အိပ်မက်ပေးနေခိုင်းချက်အရ



အထူးအမိဋ္ဌာန်ဖြင့် သာသနာပြုလျက်ရှိသော

**ဆရာမကြီး အေးမိုးမိုး**

**စိတ်ဖနေ့ာအာရုံ အကြားအမြင်လက္ခဏာဖြင့် ဂုဏ်ရက်သားသမီးများတို့မှာ ဖြစ်ပေါ်တတ်သည့်**

ပညာရေး၊ စီးပွားရေး၊ အချစ်ရေးနှင့် အိမ်ထောင်ရေး၊ ကလေးအမည်ပေးခြင်း၊ ဆိုင်အမည်ပေးခြင်း၊ အိမ်၊ ခြံ၊ ကား၊ တိုက်ခန်း၊ မြေကွက် ရောင်းရန်ဝယ်ရန်နှင့် ရာထူးတိုးရန်အတွက် အပြောင်းအရွှေ့ပြုလုပ်ခြင်း၊ မင်္ဂလာရက်ရွေးခြင်းနှင့် တခြားသောကိစ္စအဝဝ အားလုံးတို့ကိုပါ အထူးယတြာ၊ ဓာတ်ရိုက်ဓာတ်ဆင်ပညာဖြင့် ဆရာမကြီးက မေတ္တာ၊ စေတနာ ရှေ့ထားပြီး အထူးဆောင်ရွက် ကူညီပေးနေပါသည်ရှင်။ အားလုံးသော ခုနစ်ရက်သားသမီးအပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။

ရွှေတိဂုံဘုရားတောင်ဘက်မုခ်၌ရှိသော မဟာဝိဇယဘုရား(မြောက်ဘက်မုခ်)၊ ဓာတ်နန်းအမှတ်(၇)၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၂၅၅ ၈၅၂ ၅၂၀ ၊ ၀၉ ၄၂၁၀၂၁၁၆၈

www.burmeseclassic.com

ဂမ္ဘီရဆရာလှမျိုး(B.Sc)

# လိုရာဆန္ဒပြည့်စေရာ အနောက်တိုင်းလောကီပညာ(၁)

လောကီပညာရပ်တွင် နည်းအမျိုးမျိုးရှိပါသည်။ ထိုနည်းများကို စုပေါင်း၍ ခွဲခြားကြည့်လိုက်ပါက အရှေ့တိုင်းနှင့် အနောက်တိုင်း လောကီပညာသာ အဓိကရှိပါသည်။ တရားသဘော ကြည့်ပါက အဘိဓမ္မာနည်းတွေ ဘယ်လောက်များများ ရုပ်နှင့်နာမ်သာ အဓိကရှိပါသည်။ ထိုရုပ်နာမ်နှစ်ပါးသည် တရားသဘောတွင်သာမက လော်ကီရေးရာတွင်ပါ အရေးပါနေပါသည်။

ယခု စာရေးသူအနေဖြင့် လိုတရ အနောက်တိုင်းလောကီပညာ စာအုပ်မှ နည်းလမ်းများနှင့် အခြားစိတ်ဝင်စားစရာ လောကီပညာအချို့ကို ရေးသားဖော်ပြပေးလိုက်ပါသည်။


**(၁) လိုတရနည်း**

ဤနည်းကို အကြိမ်ပေါင်းများစွာ သုံးစွဲခဲ့သူတိုင်း အချိန်တိုအတွင်းတွင် ဖြစ်လိုသမျှဆန္ဒပြည့်ဝခဲ့သည်ဟု နည်းပေးသူက ဆိုသည်။ စာရေးသူလည်း လက်တွေ့အသုံးပြုကြည့်သည်။ ထူးခြားမှု တွေ့ရှိရသည်။ စာမေးပွဲ အောင်ပါစေဟု ရေးထားခြင်းမှာ ဥပမာဖြစ်ပါသည်။ အခြား လိုရာဆန္ဒ ရေးသားနိုင်သည်။ မိတ္တူဆွဲ အသုံးပြုနိုင်သည်။

**လိုအပ်သောပစ္စည်းများ**

- * အကောင်းစားစက္ကူတစ်ရွက်၊
- * အစီအရင်အတွက်သုံးရန် သီးသန့်ခဲတံ (သို့မဟုတ်) ဘောပင်တစ်ချောင်း၊
- * ဖယောင်းတိုင်များ (ပုံမှန်အားဖြင့် အဖြူရောင်၊ သင့်ဆန္ဒကိုလိုက်၍ သင်ကြိုက်ရာအရောင် အသုံးပြုနိုင်သည်။ ငွေကြေးအတွက်ဆိုလျှင် အစိမ်းရောင်၊ အချစ်ရေးအတွက်ဆိုလျှင် အနီရောင်၊ ပညာရေးအတွက် အနက်ရောင်၊ တစ်စုံတစ်ခုသောရန်မှ ကာကွယ်ရန် နက်ပြာရောင် သုံးပါ။)

စာမေးပွဲ အောင်ပါစေ



ဤနည်းကို မဆောင်ရွက်မီ သင့်ကိုယ်ကို ဖြေလျှော့ပြီး စိတ်ကို ရှင်းလင်းစွာရှိပါစေ။ လုပ်ဆောင်ရမည့်တာဝန်ကိုသာ အာရုံစူးစိုက်ထားပြီး ဖြစ်ပေါ်လာမည့် ရလဒ်အတွက် တွေးပျော်နေခြင်း၊ စိတ်ပူပန်နေခြင်း မဖြစ်ပါစေနှင့်။

ထို့နောက် ငါးထောင့်ကြယ်ပုံကို စာရွက်အလယ်တွင် ဆွဲပါ။ ကြယ်ကို ဆွဲသောအခါ မြားပြထားသော နေရာမှစ၍ မရပ်မနား တစ်ဆက်တည်း ဆွဲပါ။ ယင်နှင့် ယန်သင်္ကေတကို ယင်းကြယ်၏ အလယ်တွင် ဆွဲပါ။ စာရွက်ထိပ်တွင် သင်ဖြစ်လိုသော ဆန္ဒကို ချရေးပါ။ ဥပမာ- အလုပ်ကိစ္စ အဆင်ပြေစေ၊ အကြွေးငွေ ရစေ၊ စာမေးပွဲ အောင်ပါစေ။

ထို့နောက် ထိုစာရွက်ကို ဖယောင်းတိုင်တစ်ပတ် ဖယောင်းစက်ချပြီး ပိတ်လိုက်ပါ။ ဖယောင်းတိုင်ခွန်းညှိပြီး



www.burmeseclassic.com

www.burmeseclassic.com

မီးလောင်နေစဉ်တွင် သင်ရေးထားသော ဆုတောင်းကို စိတ်ထဲမှဖြစ်စေ၊ အသံထွက်၍ဖြစ်စေ ရွတ်ဆိုနေပါ။ အားလုံး ပြာကျသွားသောအခါ ယင်းပြာများ၊ အကြွင်းအကျန်များကို ပြတင်းပေါက်မှဖြစ်စေ၊ တံခါးပေါက်မှဖြစ်စေ အိမ်အပြင်ဘက်သို့ ကြဲဖြန့်ပစ်လိုက်ပါ။

သင့်ဆုတောင်းသည် မည်သည့်နည်းဖြင့်မဆို ပြည့်ဝလာမည်ဖြစ်သောကြောင့် သင်တောင်းမည့်ဆုကို သေချာဂရုစိုက်ပြီး ရေးပါ။

ကျွန်ုပ်စာရေးသူအနေဖြင့် မိတ္တူဆွဲပြီး ဖယောင်းတိုင်တွင်ပတ်ကာ ကျောင်းသူကျောင်းသားလေး ၇ ၄ါးဦးကို ပေးဖူးသည်။ အားလုံးအောင်သည်။ ကိုယ်တိုင်ဆွဲနိုင်လျှင် ပိုကောင်းမည် ဖြစ်ပါသည်။

**(၂) လိုရာဆန္ဒ ပြည့်စေနည်း**

ဇလုံးကြီးကြီးတစ်လုံးကိုယူပြီး အရောင်အမျိုးမျိုးရှိသော ဖယောင်းတိုင်များနှင့် ဇလုံ၏အခြေတွင် ဖယောင်းစက်များ ချပါ။ မွေးနေ့ကိတ်ပေါ်တွင်ထွန်းသည့် ရောင်စုံပါသော ဖယောင်းတိုင်ထုပ်များကို သုံးနိုင်သည်။ ထိုဖယောင်းစက်များပေါ်တွင် အဖြူရောင်ဖယောင်းတိုင် တစ်တိုင်ကို စိုက်ထူလိုက်ပါ။ အရောင်အမျိုးမျိုးရှိသော ဖယောင်းစက်များသည် အမျိုးမျိုးအထွေထွေရှိသော သင့်လိုအင်ဆန္ဒများ၊ ပန်းတိုင်များကို ကိုယ်စားပြုသည်။ အဖြူရောင်ဖယောင်းတိုင်သည် ရောင်စုံဖယောင်းစက်များကို ဟာမိုနီဖြစ်အောင် စုစည်းပေးသည်။ နံနက်အိပ်ရာထသည့် အခါတိုင်း ပိုက်ဆံအနည်းငယ်ကို ဇလုံထဲထည့်ကာ သင့်လိုရာဆုကို တောင်းပါ။ ထို့နောက် ပိုက်ဆံများကို ဖယ်ထားပြီး ဖယောင်းတိုင်မီးထွန်းပါ။ သင် အိမ်မှ မထွက်ခွာမီ ဖယောင်းတိုင်ကို မီးငြိမ်းလိုက်ပါ။ ဖယ်ထားသော ပိုက်ဆံများ အတော်အတန် များလာလျှင် ယင်းငွေများဖြင့် ကောင်းမှုကုသိုလ်တစ်ခုခု လုပ်ပေးပါ။

**(၃) လိုတရနည်း (Wish Spell)**

ပင်လယ်၊ မြစ်ချောင်းတစ်ခုခုတွင် မျောပါလာသော သစ်သားစတစ်ခုကို ဆယ်ယူပြီး သင်လိုရာဆန္ဒကို သစ်သားပေါ်တွင် ရေးထွင်းပါ။ ထို့နောက် ပင်လယ်ပြင်ကို ကျောပေးပြီး ၄င်းသစ်သားစကို သင့်ဘယ်ဘက်ပခုံးပေါ်မှကျော်၍ ပင်လယ်ထဲသို့ လက်ပြန်ပစ်ချလိုက်ပါ။ ပင်လယ်၊ မြစ်၊ ချောင်းက သင့်ဆန္ဒကို ပန်းတိုင်ရှိရာသို့ သယ်ဆောင်သွားပါလိမ့်မယ်။

**(၄) သံလိုက်ဖြင့် လိုရာဆန္ဒရစေနည်း**

မှောင်မိုက်သော အခန်းတစ်ခုအတွင်းတွင် စားပွဲတစ်လုံး ချထားပါ။ ထိုစားပွဲပေါ်မှာ မြင်းခွာပုံသံလိုက်ဟောင်း တစ်ခုကိုချပါ။ မြင်းခွာပုံမရှိပါက ရိုးရိုးသံလိုက်တစ်ခုကို မြင်းခွာပုံ စက္ကူကတ်ပြားပေါ် တင်ပါ။ ထိုသံလိုက်ပေါ်မှာ အနီရောင်ဖယောင်းတိုင် ထွန်းပါ။ စာရွက်တစ်ရွက်ပေါ်တွင် သင့်လိုရာဆန္ဒကို ဘောပင်(မင်စို) အနက်ရောင်နှင့် ရေးပါ။

ရေးထားသည့်အတိုင်း လိုရာဆန္ဒများကို ဆုတောင်းပါ။ လိုရာဆန္ဒတစ်ခုကို လေးငါးဆယ်ကြိမ်ထက်မနည်း လေးနက်စွာ ပြောဆိုပါ။ ထို့နောက် ယင်းစာရွက်ကို လေးထောင့်ပုံ ခေါက်ပါ။ ဇာဂနာတစ်ခုနှင့်ညှပ်ပြီး ဖယောင်းတိုင်မီးတွင် ပြာကျအောင်ရှို့ပါ။ စာရွက်ခေါက်မီးလောင်နေစဉ် ဆန္ဒပြည့်ဝ၍ ပျော်ရွှင်နေသော သင့်ကိုယ်သင် မြင်ယောင်နေပါ။ ဤမှော်နည်းကို တစ်ကြိမ်ပြုလုပ်ရုံဖြင့် လိုရာဆန္ဒဆုတောင်းမှု ပြည့်လာပါမည်။


**တစ်နည်း (ငွေကြေးကိစ္စ)**

တန်ဖိုးအမြင့်ဆုံးပိုက်ဆံ(မြန်မာငွေ) စားပွဲပေါ်တင်ပြီး မှန်အကြည်ဖြင့် အုပ်ပါ။ မှန်အကြည်ပေါ်မှာ သံလိုက်တုံးတစ်ခု တင်ပါ။ သံလိုက်တုံးနားရှိ ပန်းအိုးတွင် နှင်းဆီနီ(၃)ပွင့် ထည့်တင်ပါ။



www.burmeseclassic.com

www.burmeseclassic.com




ဤအစီအရင်မလုပ်မီ ရေချိုး ကိုယ်လက် သန့်စင်ပါ။ ထို့နောက် သံလိုက်တုံးပေါ်မှာ ဖယောင်းတိုင် တင်ထွန်းပါ။ E.A.E.A.O (၂၇)ကြိမ်ဆိုပြီး 'ငါ့ငွေ ငါ့ထံ ပြန်လာ၊ ငါ့အကြွေး ပြန်ရစေ၊ လာဘ်ပွင့်စေ' စသည်ဖြင့် ငွေကြေးကိစ္စ လိုရာ ပြော၍ ဖယောင်းတိုင်မီးကို လက်ဖြင့် ရိုက်သတ်လိုက်ပါ။ သုံးရက် သုံးကြိမ် ဆက် ပြုလုပ်ပါ။

(E.A.E.A.O) ဆိုသောအခါ အသံကို ဆွဲဆိုပါ။ မြန်မြန်ပြီးအောင် မဆိုရ။ ဆိုပြီးမှ လိုရာဆုတောင်းပါ။ (၃)ရက် လုပ် ကျိန်းသေထူးသည်။

ပြုလုပ်စီရင်သော ပစ္စည်းများမှာ ရုပ်ဝတ္ထုဖြစ်သည်။ ဆောင်ရွက်သူသည် ထိုရုပ်ပေါ်၊ ရုပ်ထဲမှာ မနောစိတ်နာမ် ကိုသွင်း၊ အာရုံပြုလုပ်၊ ယုံကြည်စိတ်ဖြင့် လုပ်ပါ။ မဖြစ်ဘူးဆိုတာ မရှိပါ။ ရုပ်နာမ်ပါဝင်မှ အောင်မြင်မည်။

## (၅) လိုတရနည်း

နေထွက်သောအခါ အိမ်ပြင်ထွက်ပြီး မည်သည့်ပန်းမဆို တစ်ပွင့်ကို မိုးကုပ်စက်ဝိုင်းတွင် နေဝန်းထိပ်ဖျား စတင်ပြူထွက်လာသည်နှင့် ခူးယူလိုက်ပါ။ နေလုံးသည် မိုးကုပ်စက်ဝိုင်းမှ လွတ်လွတ်ကျွတ်ကျွတ် ထွက်လာသည်အထိ သင်လိုရာဆု တောင်းနေပါ။ ထို့နောက် သင်ဆန္ဒ ပြည့်ဝသည်အထိ ထိုပန်းကို ဆောင်ထားပါ။

**တစ်နည်း**

သင့်တွင် အခက်အခဲတစ်ခုခု ရှိနေပါက နေဝင်ချိန်တွင် နေလုံးနီနီကြီးကိုကြည့်၊ စီးကရက်တစ်လိပ်ကိုဖွာ၍ လိုရာဆန္ဒပြုလိုက်ပါ။ စီးကရက်ကုန်သည်အထိ ဖွာရှိုက်စရာ မလိုပါ။ စတိသဘော ဖွာရုံသက်သက်သာ ဖြစ်သည်။

## (၆) ဆုတောင်းသုံးခု ပြည့်စေနည်း

ဖယောင်းတိုင်သုံးတိုင်ကို ပန်းကန်ပြားပေါ်၌ မယိုင်မလဲနိုင်အောင် သေချာစိုက်ပြီး သကြားအချို့ကို ဖယောင်းတိုင်၏ ပတ်လည်တွင် ဖြူးထားပါ။ ထိုပန်းကန်ပြားကို သင့်အိမ်ရှိ အမြင့်ဆုံးနေရာတွင် တင်ထားပါ။

ဖယောင်းတိုင်များကို မီးညှိပါ။ အစောင့်အရှောက် ဘုရားများဖြစ်ကြသော မိမိကိုးကွယ်သည့်ဘာသာအလိုက် ပုဂ္ဂိုလ်၊ သူတော်စင်၊ နတ်ဒေဝါတို့ကို ရည်မှန်း၍ ပူဇော်ပါ။ ဤအတိုင်း သုံးရက်ဆက်ကာ လုပ်ပြီးသော် တတိယမြောက်နေ့တွင် သင်လိုချင်သော ဆုသုံးဆုကို တောင်းပါ။ တစ်ခုက အလုပ်အကိုင်နှင့် စီးပွားရေးအတွက်၊ တစ်ခုက အချစ်ရေးအတွက်နှင့် နောက်ဆုံးတစ်ခုက သင့်အတွက် ဖြစ်မလာနိုင်ဘူးထင်သော ဆုတစ်ဆုကို တောင်းပါ။ ဆုတောင်းပြီးနောက် စတုတ္ထမြောက်နေ့မှစ၍ သင့်အတွက် ထူးခြားမှုများ တွေ့လာမည်။



www.burmeseclassic.com

www.burmeseclassic.com

## (၇) ဖယောင်းတိုင်ဆုတောင်းပြည့်နည်း

ဖယောင်းတိုင်အစီအရင်များကို ကောင်းကျိုးအတွက် လုပ်နိုင်သလို မကောင်းကျိုးအတွက်လည်း လုပ်နိုင်သည်။ သင်ရည်ရွယ် လုပ်ကိုင်သမျှကို သတိထားဆင်ခြင်ပါ။ သင်ပေးလိုက်တာကို သင်ပြန်ရလိမ့်မည်ဟု စကြဝဠာ၏ နိယာမက ပြဋ္ဌာန်းထားသည်။ ယင်းနိယာမသည် လူသားအားလုံးအတွက် မှန်ကန်သည်။ မည်သူမှ ရှောင်လွှဲ၍မရနိုင်။ ယခု အနောက်တိုင်းလောကီပညာမှ လွယ်ကူသည့် အစီအရင်တစ်ခုကို တင်ပြပါမည်။

ဖယောင်းတိုင်တစ်တိုင်ကိုယူပါ။ ယင်းကို လက်နှင့် ပွတ်သပ်ပြီး သင်တောင်းမည့်ဆုကို လေးလေးနက်နက် အာရုံစိုက်ထားပါ။ ထိုဖယောင်းတိုင်ကို သင့်ခေါင်းအုံးအောက်တွင်ထား၍ အိပ်ပါ။ ကျိုးမည်ထင်လျှင် ပလတ်စတစ်ဘူးနှင့် ထည့်ထားပါ။ တရက်ပြည်မှလာသော ဖယောင်းတိုင် လုံးဝမကျိုးပါ။ နောက်နှစ်ရက်ဆက်ပြီး ဤအတိုင်း လုပ်ပါ။ ယင်းဖယောင်းတိုင်ကို ဘယ်သူမှ မထိ မကိုင်ပါစေနှင့်။

လေးရက်မြောက်နေ့တွင် ထိုဖယောင်းတိုင်ကို မီးထွန်းပါ။ မီးမငြိမ်းစေဘဲ သူ့ဘာသာသူ ကုန်ဆုံးအောင် လောင်ကျွမ်းပါစေ။ ထိုနေ့တစ်နေ့လုံး သင်လိုချင်သော အရာပေါ်တွင် အာရုံစိုက်ထားပါ။ ထို့နောက် အကျိုးရလဒ်ကို စောင့်ကြည့်ပါ။

ဤနည်းအတိုင်း သင့်ဆန္ဒရှိသလောက် ဖယောင်းတိုင်အရေအတွက်ကို သုံးနိုင်သည်။ အချို့သူများက ဂဏန်းဗေဒင်နည်းအရ မိမိမွေးဂဏန်းအရ ရက်ဆက်လုပ်ကြသည်။ အချို့က တစ်ရက်တည်းမှာ သူတို့ကို ကိုယ်စားပြုသော သင်္ချာအရေအတွက်အတိုင်း ဖယောင်းတိုင်များကို ထွန်းကြသည်။ အသုံးပြုသော ဖယောင်းတိုင်၏ အရောင်အလိုက် အကျိုးဖြစ်ထွန်းမှုလည်း ကွာခြားနိုင်သည်။

* အဖြူရောင်သည် သင့်ဘဝအတွက် ကောင်းချီးမင်္ဂလာများ ရစေရန်၊
* အနီရောင်သည် အချစ်ရေးအဆင်ပြေစေရန်၊
* အပြာရောင်သည် ဉာဏ်အလင်းပွင့်စေရန်၊
* အစိမ်းရောင်သည် ငွေကြေးလာဘ်လာဘရစေရန် ရည်ရွယ်အသုံးပြုကြသည်။

အထူးမှာ ဖယောင်းတိုင်ကို လက်နှင့် ပွတ်သပ်ရာတွင် လက်ကို သန့်စင်အောင် ဆေးကြောပြီး အမွှေးနံ့သာ ဆွတ်ဖျန်း၍ ဆောင်ရွက်ပါ။ အကြောင်းအရာတစ်ခုတည်းကို အာရုံစိုက်ပြီး ပြုလုပ်ပါ။ တစ်ခုပြီးမှ အောင်မြင်ပြီးမှ နောက်တစ်ခု ဆက်လုပ်ပါ။ တစ်ကြိမ်တည်း လောဘစိတ်ဖြင့် မပြုလုပ်သင့်ပါ။

လွယ်ကူထိရောက်သောနည်းဖြစ်၍ လက်တွေ့စမ်းသပ် ဆောင်ရွက်ကြည့်ပါ။ တစ်ကြိမ်တည်း ဖယောင်းတိုင် (၃)တိုင်၊ (၅)တိုင် (သို့မဟုတ်) အင်္ဂလိပ်မွေးဂဏန်းအရ (၁)တိုင် ခေါင်းအုံးအောက်ထားအိပ်ပြီး ထွန်းနိုင်သည်။ ဖယောင်းတိုင်အရွယ်အစား သတ်မှတ်ချက်မရှိပါ။

(ဆက်လက်ဖော်ပြပေးပါမည်)

**ဂမ္ဘီရဆရာလှမျိုး(B.Sc)**


မှီငြမ်း

* လိုတရအနောက်တိုင်းလောကီပညာ (သက်လင်း)။
* စာရေးသူကိုယ်တိုင် လေ့လာမှတ်သား
  လောကီပညာ မှတ်စုများ။
* မဂ္ဂဇင်း၊ ဂျာနယ်၊ သင်တန်းမှုများ။




www.burmeseclassic.com

www.burmeseclassic.com

# လုပ်ငန်းနယ်ပယ် အသီးသီးတွင် အတိုက်အခိုက်ခံနေရသူများအတွက်
# ရန်ပယ်စမဆောင်ထားကြ

သုဒ္ဓ(နဝင်းမြို့)

တစ်နေ့သ၌ ပြည်ပစီးပွားရေးလုပ်ငန်း ကုမ္ပဏီတစ်ခုတွင် အလုပ်လုပ်ကိုင်နေသည့် တပည့်တစ်ယောက် ကျွန်ုပ်ထံ ရောက်ရှိလာပါသည်။ ကျွန်ုပ်ထံ ရောက်ရှိလာသော တပည့်မှာ ဝန်ထမ်းဝတ်စုံမဟုတ်ဘဲ အရပ်ဝတ်စုံဖြင့် ရောက်လာခြင်း ဖြစ်လေသည်။

ကျွန်ုပ်အံ့ဩမိပါသည်။ ကျွန်ုပ်အံ့ဩသည့်အကြောင်းမှာ အများသူငါ ရုံးပိတ်ရက်မဟုတ်ဘဲ တာဝန်ချိန်အတွင်းမှာ ရောက်လာခြင်းကြောင့် ဖြစ်ပါသည်။

ကျွန်ုပ်သည် တပည့်ကို မြင်လိုက်ရသည်နှင့် နွေးထွေးစွာ ကြိုဆိုလိုက်ပါသည်။ တစ်ဆက်တည်းမှာပင် "သားကြီး··အရေးကြီးသလား" ဟု မေးပြော ပြောခဲ့ပါသေးသည်။

ကျွန်ုပ်၏တပည့်သည် ကျွန်ုပ်ထိုင်နေသော အလုပ်စားပွဲ၏ မျက်နှာချင်းဆိုင် နေရာတွင်ရှိသော ကုလားထိုင်တွင် ဝင်ထိုင်လိုက်ပါသည်။ နေထားတကျ ထိုင်ပြီးသည်နှင့် သူ့ဖြစ်စဉ်များကို ရင်ဖွင့်ပြောကြားလေတော့သည်။ ဤနေရာတွင် ကျွန်ုပ်တပည့်၏ ဓလေ့စရိုက်နှင့် လုပ်ရည်ကိုင်ရည်တို့ကို စာချစ်သူများ သိရှိနိုင်ရန် အရိပ်အမြွက်မျှ ဖော်ပြပေးလိုပါသည်။

ကျွန်ုပ် တပည့်သည် စီးပွားရေးဘွဲ့ဖြင့် ဘွဲ့တစ်ခုယူထားပြီး ကွန်ပျူတာဘာသာရပ်နှင့် နိုင်ငံခြားဘာသာ (၃)မျိုးတို့ကို ကျွမ်းကျင်စွာ တတ်မြောက်ထားသူလည်း ဖြစ်သည်။

ခေတ်ပညာတတ် လူငယ်တစ်ယောက် ဖြစ်သော် လည်း မိရိုးဖလာ ဗုဒ္ဓဘာသာဝင် မဟုတ်ပါ။ ရတနာ သုံးပါးနှင့် မိဘ၊ ဆရာများကို ရိုသေကိုင်းရှိုင်းတတ်သူ ဖြစ်သည်။ ဝိပဿနာ မဟုတ်သော်လည်း သမထကျင့်စဉ် များကို သူ့ကိုယ်ပိုင်အချိန်မှ အမြဲအချိန်ပေးသူလည်းဖြစ်သည်။ အသောက်အစား အပျော်အပါးကင်းပြီး မိမိတာဝန်ယူရသော လုပ်ငန်းခွင်တွင် တိုးတက်အောင် ဆောင်ရွက်လိုသော ဆန္ဒအားကြီးသူလည်း ဖြစ်သည်။

နောက်တစ်ခုမှာ ပြည်တွင်းစီးပွားရေးခွင်တွင် မဟုတ်ဘဲ နိုင်ငံတကာ စီးပွားရေးနယ်ပယ်အတွင်း ဝင်ရောက်ပြီး နိုင်ငံ့ဂုဏ်ကို ဆောင်လိုသော ရည်ရွယ်ချက်ရှိသော လူငယ်တစ်ယောက် ဖြစ်လေသည်။

ယခုတာဝန်ယူနေရသည့် ကုမ္ပဏီတွင် အမှုဆောင်လူကြီးများနှင့် ဒါရိုက်တာ၏ အရေးပေးခြင်းကို ခံနေရသူ ဖြစ်လေသည်။ လုပ်ဖော်ကိုင်ဖက်များက မလိုလားသည့် အရိပ်အယောင်ကို ပြသကြသလို လုပ်ငန်းခွင်အတွင်းမှ အနှောင့်အယှက်ပေးနေကြသည်က များလာလေတော့သည်။ သို့နှင့် ကျွန်ုပ်ထံ ရောက်လာခဲ့ခြင်း ဖြစ်သည်။ မိမိလုပ်ကိုင်လိုသည့် အကြောင်းကိစ္စများကို မိဘနှစ်ပါးနှင့် တိုင်ပင်အသိပေးပြီးမှ လုပ်ကိုင်တတ်သူ ဖြစ်သည့်အတွက် ကျွန်ုပ်ထံ လာရောက်ခြင်းကိုပင် မိဘများကို အသိပေးပြီးမှ လာရောက်ခဲ့ခြင်း ဖြစ်လေသည်။ အခွင့်အခါသင့်တုန်းတင်ပြရမည်ဆိုလျှင် ယခုရောက်လာသူ၏ မိဘများက ကျွန်ုပ်၏ တပည့်အရင်းများပင် ဖြစ်ကြပါသည်။

အကြောင်းစုံ သိရပြီးဖြစ်၍ မြေးတပည့်ဖြစ်သော မောင်ကျော်နိုင်ကို သင့်လျော်သည့် အဆောင်တစ်ခုနှင့် ကျင့်စဉ်တစ်ခုကိုပေးရန် စဉ်းစားရွေးချယ်ရပါတော့သည်။ ဆောင်ရွက်ရမည့် ဝန်ဆောင်မှု



www.burmeseclassic.com

ww.burmeseclassic.com

များနှင့် စည်းကမ်းများကို အသိပေးပြီး သတ်မှတ်ရက်တွင် ပေးအပ်ချီးမြှောက်လိုက်ပါသည်။

ကျွန်ုပ်ရေးသားနေသော အင်းစမနှင့် အဆောင်များကို ဂမ္ဘီရမဂ္ဂဇင်းကို ပေးပို့မြဲဖြစ်ပါသည်။ ကျွန်ုပ်၏ဆောင်းပါးများကို ဖော်ပြပေးနေသည့် အယ်ဒီတာနှင့် မဂ္ဂဇင်းတိုက် တစ်ဖွဲ့သားလုံးအား ကျေးဇူးတင်ရှိပါကြောင်း ဦးစွာ တင်ပြလိုက်ပါသည်။ နောက်အကြောင်းတစ်ခုမှာ ကျွန်ုပ်၏ ဆောင်းပါးများကို မလွတ်တမ်းဖတ်ကြပြီး မိဋ္ဌာန်ကျင့်စဉ်များ ဝင်ရောက်နေကြသည့် စာချစ်သူများနှင့် ကျွန်ုပ်ထံ တယ်လီဖုန်းဖြင့် ဆက်သွယ်ကြသော စာချစ်သူ မိတ်ဆွေများ အားလုံးအတွက် ကျွန်ုပ်၏ တပည့် မောင်ကျော်နိုင်ကဲ့သို့ ဖြစ်ရပ်တူသူများအတွက်နှင့် ဝါသနာရှင် စာချစ်သူ မိတ်ဆွေများအတွက် ရန်ပယ်စမနှင့် အဓိဋ္ဌာန်ကျင့်စဉ်ကို ရေးသားလိုက်ခြင်း ဖြစ်ပါသည်။

စာချစ်သူမိတ်ဆွေများအနေဖြင့် ရန်ပယ်စမ၏ ခြင်းရာအင်္ဂါအစုံကို ဦးစွာတင်ပြလိုပါသည်။ ရန်ပယ်စမတွင် သုခုမပညာသဘောတရားအရ ရှေးခေတ်ဘုန်းတော်ကြီးကျောင်းများတွင် သင်ကြားခဲ့သည့် သင်ပုန်းကြီးတွင် ပါရှိသော ဗျည်းအက္ခရာ(၃၃)လုံးထဲမှ ကကြီးအက္ခရာ၊ ယပက်လက်အက္ခရာနှင့် ဝ,အက္ခရာတို့ကို အဓိကထား၍ စီမံထားရှိပါသည်။ ထိုစမ၏ထိပ်တွင် ဥဏ္ဏာလုံတော် သင်္ကေတဖြစ်သော နဝင်းစေတီကို အထွတ်တင်ထားပါသည်။

အက္ခရာစမများတွင် များစွာသောစမများကို ရှေးရှေးက သူတော်ကောင်းကြီးများဖြစ်သော ဆရာသခင်တို့သည် ဝိဇ္ဇာဓရ ဂမ္ဘီရပညာနယ်မှ စောင့်ရှောက်သင့်သော အမျိုးကောင်းသား အမျိုးကောင်းသမီး ခုနစ်နှေ့သား၊ ခုနစ်နှေ့သမီးတို့အတွက် စမများစွာ့ထဲမှ အတိုက်အခိုက်၊ ဘေးအန္တရာယ်အပေါင်း ကင်းဝေးစေကြောင်း အစွမ်းရှိသည့် ကယှက်ယယှက်(ကဖျက်ယဖျက်) စမတို့ကို အသွင်သဏ္ဍာန် အမျိုးမျိုးတို့ဖြင့် စီမံထားခဲ့ကြသလို အစွမ်းသိဒ္ဓိတို့မှာလည်း အထူးထူးကွဲပြားကြပါသည်။ အကြောင်းကိစ္စကိုလိုက်၍ သုံးစွဲခဲ့ကြပါသည်။ ယခုတင်ပြမည့် ကယှက်ယယှက် အသွင်သဏ္ဍာန်သည် ကကြီးဗဟိုနှင့် ယပက်လက် ဗဟိုတို့ကို တစ်ဆက်တည်းဖြစ်အောင် ဆက်သွယ်ထားခြင်းသည် ဝိသေသတစ်ခု ဖြစ်ပါသည်။

ဝိဇ္ဇာဓရ ဂမ္ဘီရပညာနယ်မှ အင်းစမများ ရေးသားရာတွင် အသုံးပြုသည့် ဂဏန်းသင်္ချာ လက္ခဏာဖြင့် (၅)နှင့် (၉)ကို ကျောချင်းကပ်ထားသည့် သဏ္ဍာန်ကိုလည်း ဝိသေသလက္ခဏာ တစ်ခုအဖြစ် တွေ့မြင်နိုင်ပါသည်။

မ,တည်စမဖြစ်သော ကကြီးနှင့် ယပက်လက် ယှက်ထားသည့် စမ၏အပေါ်ဘက် ကကြီး၏ အလယ်တည့်တည့်တွင် ဝလေးထပ်ဖြင့် စီမံ၍ တင်ထားခြင်းကလည်း ဝိသေသလက္ခဏာတစ်ခု ဖြစ်နေပါသည်။

စမအပေါ်ပိုင်း လက်ဝဲလက်ယာထောင့်တို့တွင် ထားရှိသည့် သင်္ကေတသည် ယနေ့ လူသားများ နေထိုင်သည့် ကမ္ဘာကြီး၏ အလယ်ဗဟိုချက်မ နေရာမှယူလျှင် မြောက်ဘက်ယွန်းယွန်းတွင် တည်ရှိသည့် လူမျိုးပေါင်းစုံတို့ လောကီပညာ(၆၄)ရပ်ဖြင့် အောင်မြင်ပြီးမြောက်သွားကြသော ဆရာသခင်များ အားလုံး၏ လွတ်မြောက်ပြီးကြောင်း သင်္ကေတဖြင့် စီမံထားသည်မှာလည်း ဝိသေသသဘောထားအရ ထူးခြားမှုတစ်ခု ဖြစ်နေပါသည်။

မေတ္တာသဘောနှင့် သစ္စာသဘောတရားများတို့၏ အနှစ်ကို သွယ်တန်းထားသည့် ဟန်ပန်အနေဖြင့် ရန်အပေါင်းအောင်စေ၊ သဗ္ဗသိဒ္ဓိအောင်စေဟု နဝင်းစေတီ၏ ဝဲယာနှစ်ဖက်တွင် သွယ်တန်းထားသည်မှာလည်း ဝိသေသတစ်ခုဟုပင် တင်ပြလိုပါသည်။

ရန်ပယ်စမပုံကို အောက်တွင် ဖော်ပြထားပါသည်။



www.burmeseclassic.com



ရန်ပယ်စမ

ရန်ပယ်စမ၏ ဝိသေသလက္ခဏာများကို တင်ပြထားပြီး ဖြစ်သည့်အတွက် စာချစ်သူမိတ်ဆွေများ၊ ဆောင်ရွက်လိုသော မိတ်ဆွေများအတွက် ကျင့်စဉ်အဓိဋ္ဌာန်ကို ဆောင်ရွက်နိုင်ရန်အတွက် ဆက်လက်ရေးသား ဖော်ပြလိုက်ပါသည်။

စာချစ်သူမိတ်ဆွေများ ဆောင်ရွက်ရမည်မှာ မြတ်စွာဘုရားရှင်၏ အထူးထူးအားဖြင့် များပြားဆန်းပြားသည့် ဂုဏ်တော်များထဲမှ တစ်ခုဖြစ်သော သောဘဂဝါ ဣတိပိ အရဟံ (မြန်မာပြန်-ရန်အပေါင်းကို အောင်မြင်တော်မူသော မြတ်စွာဘုရား) ဂုဏ်တော်ကိုသာ ပါဠိတော်ကို ရွတ်ဆို၍ မြန်မာလို အနက်နှလုံးသွင်းပြီး ပုတီးစေ့တစ်လုံးချသော စနစ်ဖြင့် ပုတီးစိပ်ရမည် ဖြစ်ပါသည်။ ပုတီးအပတ်ရေ များရန် အရေးမကြီးပါ။ အထက်တွင် ရေးသားတင်ပြပြီး ဖြစ်သည့်အတိုင်း ပုတီးစေ့(၁၀၈)လုံးပါသော ဂုဏ်တော်ပုတီးဖြင့် ပုတီးတစ်ပတ်စိပ်ရန်သာ ဖြစ်ပါသည်။

ယနေ့ကာလတွင် (၁၀၈)လုံးဂုဏ်တော် ပုတီးကုံးကို အညွန့်နံပုတီး၊ ကြိုဟ်စင်ပုတီး စသည် များစွာဖြင့် အသားမျိုးစုံဖြင့် စီမံထားကြသလို ကျောက်စိမ်းနှင့် သတ္တုပုတီးများစွာတို့ကို စီမံထားရှိကြသဖြင့် မည်သည့်ဂုဏ်တော် ပုတီးကိုမဆို နှစ်သက်သလို သုံးစွဲနိုင်ကြပါသည်။ (စာရေးသူ)

မိဋ္ဌာန်ကျင့်စဉ်တွင် ပုတီးစိပ်ရုံတင်မကဘဲ မေတ္တာသုတ်ပရိတ်တော်ကိုလည်း တိကျမှန်ကန်အောင် ရွတ်ဆိုခြင်း၊ ရွတ်ဖတ်ပူဇော်ခြင်းတို့ကို ပြုလုပ်ရမည်ဖြစ်ပါသည်။ စာချစ်သူမိတ်ဆွေများအနေဖြင့် နှုတ်တက်ဖွဖွ ရရှိပြီးဖြစ်သော်လည်း အတိမ်းအစောင်း မဖြစ်စေရန် ပရိတ်တော် စာအုပ်ကိုကြည့်၍ ရွတ်ဆိုသင့်ကြောင်း အကြံပြုပါသည်။ (ပညာရှင်တစ်ဦး၏ အဆိုအမိန့်သည် သင့်အနေဖြင့် နားလည်ပြီး သိပြီးဖြစ်ပါသည်။ သို့ရာတွင် သင့်ထက် စာအုပ်က ပိုတိကျမှန်ကန်ပါသည်ဟု ဆိုပါသည်) စမအကြောင်းနှင့် အဓိကဆောင်ရွက်ရမည့် အကြောင်းရင်းတို့ကို ရေးသားဖော်ပြပြီးဖြစ်၍ မိဋ္ဌာန်ကာလတစ်ခု တည်ဆောက်ရန်အတွက် အချက်အလက်တို့ကို ဆက်လက်ရေးသား ဖော်ပြလိုက်ပါသည်။

ဆောင်ရွက်ရမည့် အကြောင်းခြင်းရာတို့မှာ ရန်ပယ်စမပုံကို မိမိကိုယ်တိုင် စီမံခြင်း၊ မိတ္တူကူး၍ စီမံခြင်း အမျိုးမျိုးဖြင့် ဦးစွာပြီးမြောက်အောင် စီမံထားရမည် ဖြစ်ပါသည်။ မိဋ္ဌာန်ကာလကို (၉) ရက်သတ်မှတ်ရပါမည်။ အဓိဋ္ဌာန်ဝင်ရန်အတွက် သီးသီးသန့်သန့် ဆောင်ရွက်နိုင်ပါသည်။ စာချစ်သူ၏ ဆန္ဒအရ မိမိပြုမြဲဖြစ်သော နိစ္စဓူဝကျင့်ဝတ်တွင် အဓိဋ္ဌာန်တင်၍လည်း ဆောင်ရွက်နိုင်ပါသည်။ မိဋ္ဌာန်ကာလ ပြီးမြောက်သည်နှင့် ရန်ပယ်စမကို ကိုယ်နှင့်မကွာ အမြဲဆောင်ထားနိုင်ကြပြီ ဖြစ်ပါသည်။

ကျွန်ုပ်အနေဖြင့် ရှေးရှေးက စီမံထားရစ်ခဲ့ကြသည့် ပညာရပ်များကို မကွယ်မပျောက်ကြရလေအောင် ထိန်းသိမ်းထားနိုင်ကြစေရန်နှင့် တကယ်လုပ်လျှင် အဟုတ်ဖြစ်သည့် ပညာရပ်များမှ ကိုယ်တွေ့ကြုံခဲ့သော ကျင့်စဉ်အဓိဋ္ဌာန်များကို ရွေးချယ်တင်ပြသလို နောက်နောင်တွင်လည်း ဆက်လက်ရေးသားတင်ပြပါမည်ဟု ကတိပြုပါသည်။

ပညာတိုးပွား၍ အကျိုးများကြပါစေ
သုဒ္ဓ(ပုဝင်းမြို့)

<u>ကိုးကား</u> * *သိဒ္ဓိရာဇာ ဆရာအောင်၏ အင်းစမကျမ်း (လက်ရေးမူ)။*

www.burmeseclassic.com

# နှလုံးသုခ သွေးသန့်အားတိုးဆေး



နှလုံးသုခ(သွေးသန့်)
0601 Y 2128

ဤဆေးသည် နှလုံးတုန်၊ ရင်ခုန်ခြင်း၊ မောပန်း၊ မူးဝေခြင်း၊ နှလုံးစူးအောင့်ခြင်း၊ နှလုံးသွေးကြောကျဉ်းခြင်း၊ အိပ်မပျော်၊ စားမဝင်သူများ၊ စိတ်နှလုံးနောက်သူများ၊ သွေးဆုံးမီးယပ် ရောဂါသည်များ၊ မီးယပ်သွေးဆင်းလွန်သူများနှင့် အထူးသင့်လျော်ပါသည်။

အမျိုးသား၊ အမျိုးသမီးများ အထွေထွေအားနည်းခြင်းအတွက် အားဆေးကောင်းတစ်လက်ဖြစ်သည်။

ကလေးငယ်များအား ရွှေးစေ့ခန့် မပြတ်ခွန့်ပေးပါက ကျောက်၊ ဝက်သက် စသောရောဂါများအတွက် ကာကွယ်နိုင်ပါသည်။

**လူကြီး** – ဆေးတစ်ပဲသားခန့်
တစ်နေ့ (၂)ကြိမ်မှ (၃)ကြိမ် သောက်သုံးသင့်သည်။

**ဖြန့်ချိရေး**

မော်လမြိုင်ဖြန့်ချိရေး - ၆၁၅(A)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့၊ ☎ ၀၅၇-၂၁၈၃၆

# အကြောသုခ ဒဏ်ကြေလိမ်းဆေး



အကြောသုခ(ဒဏ်ကြေလိမ်းဆေး·အဆီ)
0203 Y 4340



0203 Y 4340





အကြောသုခ(ဒဏ်ကြေလိမ်းဆေးအရည်)
0502 Y 3750

ဤလိမ်းဆေးသည် အရိုးအဆစ် နာကျင်ကိုက်ခဲခြင်း၊ အဆစ်လွဲခြင်း၊ အကြောတင်၊ အကြောညှပ် အကြောထုံးခြင်း၊ ဖက်ကြောတက်ခြင်း၊ ထုံကျင်ကိုက်ခဲခြင်း၊ ကြွက်သားများ နာကျင်ကိုက်ခဲခြင်း၊ လေငန်းရောဂါတို့ကိုပါ အထူးပျောက်ကင်းစေပါသည်။

**ဖြန့်ချိရေး**

မော်လမြိုင်ဖြန့်ချိရေး - ၆၁၅(A)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့၊ ☎ ၀၅၇-၂၁၈၃၆



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့် ပထမဦးဆုံး အတွေ့အကြုံလေး တစ်ခုကို တင်ပြပါရစေ။ အဲဒါကတော့ တကယ့်အရေးကြုံလာတဲ့အခါ ဆရာဝန်ဒေါက်တာ တစ်ဦးဟာ သူ့ကလေးကိုသူ ဆေးကုမပေးရဲတဲ့ ကိစ္စပါ။ အခု ကျွန်တော်တင်ပြမယ့် အကြောင်းအရာဟာ ကျွန်တော် ဆက်လက်ရေးသားတင်ပြမယ့် ဆောင်းပါးအကြောင်းအရာနဲ့ နီးနွယ်ပတ်သက်ဆင်တူနေလို့ပါ။

ဒေါက်တာဉာဏ်မြင့်ဆိုတာ ကျွန်တော်နဲ့ အလွန်ရင်းနှီးတဲ့ ပုဂ္ဂိုလ်တစ်ဦးပါ။ မြို့နယ်ကြီးတစ်ခုရဲ့ ဆေးရုံမှာ ဆေးရုံအုပ်ကြီးပါ။ ကုသ/ခွဲစိတ်ရာမှာ အင်မတန်နာမည်ရတဲ့ ဒေါက်တာတစ်ဦးလည်း ဖြစ်ပါတယ်။ သက်ဆိုင်ရာမြို့နယ်အတွင်းသာမကပဲ အခြားအနယ်နယ်အရပ်ရပ်က လူနာတွေတောင်မှ ဆရာ့သတင်းကြောင့် ဆရာ့အားကိုးပြီး လာရောက်ဆေးရုံတက်ကြတဲ့အထိ အောင်မြင်မှုရနေသူပါ။

တစ်ခါသားမှာတော့ သူ့သား ကျန်းမာရေးကို သူကိုယ်တိုင် ဆေးကုဖို့ ကြုံလာပါတယ်။ သူ့အိမ်မှာလည်း ကိုယ်ပိုင်ဆေးခန်းရှိတာမို့ သူ့ဆေးခန်းမှာပဲ သူ့သားကို ဆေးကုပေးလိမ့်မယ်လို့ ထင်ထားခဲ့ကြတာပါ။ ဒါပေမဲ့ ဆရာက သူ့သားကို ဆေးရုံတင်လိုက်ပါတယ်။ ဒါ့ထက်ထူးဆန်းတာကတော့ သူ့သား ကျန်းမာရေးကို ကုသဖို့ လက်ထောက်ဆရာဝန်၊ ဆရာမတွေနဲ့ လွှဲအပ်လိုက်တာပါပဲ။ ရောဂါက မစိုးရိမ်ရလို့လား ဆိုတော့လည်း အဲဒီလိုမဟုတ်ပါဘူး။ စိုးရိမ်ရတဲ့ အခြေအနေမို့ကို လက်ထောက်ဆရာဝန်ကို လွှဲလိုက်တာပါတဲ့။

အဲဒီအကြောင်းကို ကျွန်တော်က မေးကြည့်တော့ ကိုယ့်သားဆိုတော့ ဘာကစလို့ ဘယ်လိုလုပ်ရမယ်ဆိုတဲ့ အသိပျောက်နေတယ်ဗျာ။ ခေါင်းတွေပူပြီး မကုရဲဘူး ဖြစ်နေတယ်။ ဒါနဲ့ လက်ထောက်ဆရာဝန်နှင့် ဆရာမတွေကို လွှဲလိုက်တာပါတဲ့။ ဒီဖြစ်ရပ်ဟာ မတတ်လို့ မကျွမ်းကျင်လို့မဟုတ်ဘဲ ကိုယ့်သားသမီးအရေးဆိုတော့ အားကြီးပူတဲ့ သားသမီးအပူဆိုတော့ ဆေးပညာအတွေးတွေပျောက်၊ ဦးနှောက်ခြောက်သွားတဲ့ သဘောပါ။

အခုလည်း အဲဒီဥပမာလိုပဲလို့ ပြောရမှာပါပဲ။ (Honorary-Ph.D) Astrology ဂုဏ်ထူးဆောင် ပါရဂူဘွဲ့ရ၊ ယတြာထူးချွန်ဆု၊ တွက်ရိုးဆိုင်ရာ ကဏ္ဍိကဆု၊ မင်္ဂလာအခါတော်ပေးဆု၊ Award သုံးဆုနှင့် အခြားဗေဒင်ဆိုင်ရာ ရွှေတံဆိပ်ဆုနှစ်ဆု ရထားတဲ့ ဗေဒင်ပညာရှင်တစ်ဦးက သူ့အရေးသူ့အရာ ကြုံဆုံလာတဲ့အခါ သူကိုယ်တိုင်ဘာမှမလုပ်တတ် မကိုင်တတ်ဖြစ်ပြီး ကျွန်တော့်ဆီ ဖုန်းဆက်အကူအညီတောင်းလာပါတယ်။ ကျွန်တော်က ဗေဒင်ပညာကို ရှေးဘိုးဘီဘင်တို့ရဲ့ မြတ်နိုးဖွယ်ရာ ပညာအဖြစ် လေ့လာလိုက်စား သင်ယူထားဖူးရုံ သင်ယူထားတဲ့ ဗေဒင်ပညာ ဘာဘွဲ့တံဆိပ်မှ မရှိသူတစ်ယောက်ပါ။

ဖြစ်လာတဲ့ ပြဿနာက သူ့ခင်ပွန်း အိမ်က ဆင်းသွားတဲ့ကိစ္စပါ။ အစောပိုင်းက ဆရာတော်များများရဲ့ အကြံဉာဏ် အကူအညီယူပြီး လုပ်သင့်လုပ်ထိုက်တာလေးတွေလုပ်ပြီး စောင့်ကြည့်နေတာပါတဲ့။ ဘယ်လိုမှ အကြောင်းမထူးလာတဲ့အတွက် ကျွန်တော့်ကို ကူညီနိုင်ရင် ကူညီဖို့ အကူအညီတောင်းလာတာပါ။ သူက အင်္ဂါ




# ထွက်ပြေးသူ ပြန်ရောက် အလင်းတောက်စေ

**မင်းနေထွန်း** (ကန်ဘလူ)


www.burmeseclassic.com

www.burmeseclassic.com

ဒေါ်ခင်စောဝေ




ဦးဇော်မြင့်ရှိန်




သမီး၊ သူ့ ခင်ပွန်းက တနင်္ဂနွေနေ့သားပါ။ သူတို့ရဲ့ အခြေခံဇာတာ ဗေဒင်ဇယားတွေက ဒီလိုပါ။

အိမ်က ဆင်းသွားတာက ရိုးရိုးဆင်းသွားတာမဟုတ်ဘဲ စီးပွားရေးလုပ်ငန်းလုပ်ဖို့ဆိုပြီး ထုတ်ပေးထားတဲ့ ငွေအရင်းအနှီး သိန်း(၅၀)ကျော်ပါ ယူဆင်းသွားတာတဲ့။ အဲဒါ ငွေရော လူရော ပြန်ရောက်လာစေချင်တယ်ပေါ့။

ကျွန်တော် တော်တော်သတိထားရပါတယ်။ အကူအညီတောင်းလာသူက နှယ်နှယ်ရရမဟုတ်တဲ့ ဗေဒင်ပညာနှင့်ပတ်သက်လို့ ဒေါက်တာဘွဲ့ရထားသူ၊ ဗေဒင်ဆုတွေ ပိုင်ဆိုင်ထားသူ။ သူကိုယ်တိုင် မလုပ်တတ် မကိုင်တတ် မစွမ်းတတ်တော့လို့ အကူအညီတောင်းတယ် ဆိုပေမယ့် ကျွန်တော်ပေးမယ့် အကြံဉာဏ် အကူအညီပေါ် ဝေဖန်စစ်ဆေး မေးမြန်းလာရင် ကျွန်တော့်ဘက်က အကျိုးအကြောင်း ခိုင်လုံစွာ ပြန်ပြောနိုင်ဖို့ လိုသပေါ့။ ခိုင်မာဖို့ လိုသပေါ့။

ဒီတော့ ကျွန်တော်လည်း ဦးနှောက်အတော်စားတွေးပြီးမှ အကြံဉာဏ်ပေးလိုက်ရပါတယ်။ အဲဒါကတော့ ကျွန်တော်တို့ရဲ့ သုံးလောကထွတ်ထား ဗုဒ္ဓမြတ်စွာဘုရား မေတ္တာတရားနဲ့ အောင်ပွဲဆင်ခဲ့တဲ့ ဇောတိပင်ရွှေပလ္လင်ကို ဦးတည်တဲ့ ဇောတိညောင်ရွက်ယတြာပါပဲ။ ဘာကြောင့် ဒီယတြာ လုပ်ရသလဲဆိုရင် ဦးဇော်မြင့်ရှိန်ကို အခြားအနိုင်ဓာတ်ဆင်ပေးဖို့ မလွယ်ကူလို့ပါဘဲ။

သရောဒယဗေဒင်ပညာမှာ အနိုင်ဓာတ်ဆင်ရာမှာ အားကြီး အားသေး ချိန်ရ၊ စဉ်းစားရပါတယ်။ အားကြီးနေသူကို အားသေးသူက အနိုင်ယူချင်လို့ မရပါဘူး။ အခု ဦးဇော်မြင့်ရှိန်ကျတော့ နိုင်တဲ့အား မရှိဘူး ဖြစ်နေပါတယ်။ သရောဒယပညာအရ ဦးဇော်မြင့်ရှိန်က အမြင့်ဆုံးအား ဖြစ်နေပါတယ်။

သရောဒယပညာမှာ–

(က) ကျိုးထက် ခွေးက အားကြီးပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

(ခ) ခွေးထက် မြင်း(မြည်း)က အားကြီးပါတယ်။
(ဂ) မြည်းထက် နွားက အားကြီးပါတယ်။
(ဃ) နွားထက် ဆင်က အားကြီးပါတယ်။
(င) ဆင်ထက် ခြင်္သေ့က အားကြီးပါတယ်။
(စ) ခြင်္သေ့ထက် တံခွန်က အားကြီးပါတယ်။
(ဆ) တံခွန်ထက် အခိုးက အားကြီးပါတယ်။
(ဇ) အခိုးထက် အားကြီးတဲ့အရာ သရောဒယမှာ မရှိဘူး ဖြစ်နေပါတယ်။ ဦးဇော်မြင့်ရှိန်က အခိုးပါ။

ဇော် - ၆
မြင့် - ၁ } ၁၀ ÷ ၈ = ၂ကြွင်း (အခိုး)
ရှိန် - ၃

ဒီတော့ အင်္ဂဝိဇ္ဇာနည်းနဲ့ သူ့မွေးနံ တနင်္ဂနွေကို ကြည့်ရပါတယ်။ တနင်္ဂနွေနိုင်တာ သူ့ကိုနိုင်လို ဆကိုခို သောကြာရှိပါတယ်။ သောကြာ ကိန်းဂဏန်း(၆)ဆိုတာ သရောဒယနဲ့ကြည့်ရင် မြင်း(မြည်း)ပေါ့။ မြင်းဆိုတော့ မဟော်သဓာဇာတ်တော်က (မြ)ပြဿနာကို အမှတ်ရလိုက်မိပါတယ်။

မဟောသဓောဇာတ်တော်က (မြ)ပြဿနာမှာ မဟော်သဓာသုခမိန်ရဲ့ (ဤရှစ်ကျပ်တန် မြထီးနှင့် ဆက်ဆံ၍ အာဇာနည် မြင်းမဝမ်း၌ဖြစ်သော အဿထိုရ်မြင်းကောင်း သည်ကား အဘယ်မျှ အဖိုးထိုက်မည်နည်းလို့ အမေးကို ဝိဒေဟရာဇ်မင်းကြီးက အဿထိုရ်မြင်းကောင်းတို့၏ အဖိုးကား အပိုင်းအခြားမရှိ များစွာထိုက်၏) ဖြေတဲ့စကားကို ကျွန်တော် သဘောကျသွားမိပါတယ်။ မြင်းကောင်း မြင်းမြတ်ဆိုရင် ထက်ကောင်းကင်မှ တိမ်ညွန့်ကိုပင် စားသည်ဟူ၍လည်း ကြားဖူးထားလို့ ဖြစ်ပါတယ်။

ဒါဖြင့် အင်အားအကြီးဆုံးဖြစ်နေလို့ အခြားအနိုင်ဓာတ်ဆင်မရတဲ့ အခိုးကို အင်္ဂဝိဇ္ဇာနည်း ဆခိုတဲ့မြင်းနဲ့ ဆင်ဖို့ ကျွန်တော်ဆုံးဖြတ်လိုက်ပါတယ်။ ဒီလိုဆိုရင် တနင်္ဂနွေသား ဦးဇော်မြင့်ရှိန်ကို ဆခိုသောကြာ မြင်းနှင့် ဓာတ်ဆင်ဓာတ်ရိုက်လုပ်ဖို့ ညွှန်းလိုက်ပါတယ်။

အဲဒါကတော့ ဘယ်နေ့ဘယ်ရက်မဆို သောကြာချိန်အတွင်း ဖောမိညောင်ရွက်တစ်ရွက် အတွင်းမျက်နှာမှာ ဇော်မြင့်ရှိန် နာမည်ရေး၊ အပြင်မျက်နှာမှာ မွေးနံ တနင်္ဂနွေ (၁နွေ)ရေးပြီး ညောင်ရွက်အညှာကို အပ်ချည်အဖြူရောင်နှင့် ချည်နှောင်ပြီး အိမ်အဝင်တံခါးပေါက်မှာ လေလာတိုင်း ညောင်ရွက်လှုပ်လှုပ်နေရန် ချိတ်ဆွဲခိုင်းလိုက်ပါတယ်။ အဲဒီလို ချိတ်ဆွဲနေစဉ်မှာ ဒေါ်ခင်စောဝေ ပြန်ခေါ်လိုတဲ့ စကားကို အသံထွက်ပြောဖို့လည်း မှာလိုက်ပါတယ်။

နောက်တစ်နည်းကတော့ ၆သောကြာနေ့၊ သောကြာချိန်မှာ ရွှေဘုံသာ (သို့မဟုတ်) ရွှေစကား အမည်ဘွဲ့တော်ရ စေတီတစ်ဆူဆူမှာ (သို့မဟုတ်) ဂြိုဟ်ပြေနံပြေ သောကြာဂြိုဟ်တိုင်မှာ ဖန်ခါးညွန့်(၆)ညွန့်၊ (၂၁)ညွှန့် အခြေအနေပေးသလို လှူဒါန်းပူဇော်ဆက်ကပ်ပြီး လိုအင်ဆန္ဒကို တောင်းခံပါလို့လည်း အကြံဉာဏ်ပေးလိုက်ပါတယ်။ ဒေါ်ခင်စောဝေကလည်း ဝမ်းသာလှိုက်လှဲစွာနှင့် မလွဲမသွေ ဆောင်ရွက်ပါ့မယ်လို့ ဖုန်းထဲက ကတိပြုလာပါတယ်။

အဲဒီလို လမ်းညွှန်ကူညီလိုက်ပြီး (၂)ရက်အကြာမှာတော့ ဒေါ်ခင်စောဝေက ဖုန်းဆက်လာပါတယ်။

ဆရာရေ..အခြေအနေက ညင်သာစွာ ပြောင်းလာပြီး ဘုန်းတော်ကြီးကျောင်းမှာ သူနဲ့ တွေ့ဆုံဖြစ်သွားတယ်။ သူလည်း အိမ်ကို ပြန်လာချင်ပါပြီလို့ ပြောတယ်။ ကျွန်မကလည်း အချိန်မရွေးပြန်လာဖို့ အမြဲတမ်းတံခါးဖွင့် ကြိုဆိုနေပါတယ်လို့ ပြောလိုက်ပါတယ်တဲ့။ ဆရာ ဝမ်းသာရအောင် သတင်းပို့တာပါတဲ့။

၅ ၃
၂ ၀
* ၆ (အခါ) ] (ခိုရန်) ၄
* ၁ (နေ့နံ) ] * ၆ (အခါ) အဖြူရောင်
၄ ၂
၀ ၅
၃ * ၁ (နေ့နံ)
(ဆပွတ်သောကြာ) (သောကြာအခါ)

ဖန်း - ၁
ခါး - ၅ } ၆(မြင်း)

ရွှေ - ၃
ဘုံ - ၁ } ၆(မြင်း)
သာ - ၂

ရွှေ - ၃
စ - ၆ } ၁၄ ÷ ၈ = အကြွင်း(၆)(မြင်း)
ကား - ၅

www.burmeseclassic.com

www.burmeseclassic.com

| | | |
|---|---|---|
| အပ် - ၈ | | |
| ချည် - ၅ | ၁၄ ÷ ၈ = | အကြွင်း(၆)(မြင်း) |
| ဖြူ - ၁ | | |

ကျွန်တော့်စိတ်အာရုံ မြင်ကွင်းထဲမှ ပြန်မြင်လာတဲ့ ခါတ်ဆင်ခါတ်ရိုက်အဖို့ တွက်ချက်ထားမှုတွေပါ။ ဒေါ်ခင်စောဝေရဲ့ အသံက မြူးကြွနေသလို နားထောင်ရတဲ့ ကျွန်တော့်အဖို့လည်း ကြည်နူးရပါတယ်။ သာမန်ဗေဒင်မေး ပရိသတ်တစ်ယောက်ထက် ဒေါ်ခင်စောဝေလို ဗေဒင်ပညာရှင်တစ်ယောက်ရဲ့အသံက ကျွန်တော့်အဖို့ ပိုမိုကြည်နူးမိကြောင်း ဝန်ခံပါတယ်။

ကျွန်တော် အဓိကဆိုလိုချင်တာက ဒီခွင် ဒီနည်း ဒီနည်းနာနိသျှတွေကို ဒေါ်ခင်စောဝေလည်း မသိမရှိပါဘူး။ ဒါပေမဲ့ အရေးဟယ် အကြောင်းဟယ်ဆိုရင်၊ ကိုယ်ရေးကိုယ်တာနှင့် ပတ်သက်လာရင် ခေါင်းပူပြီး ဘာကစလို့ ဘာလုပ်ရ ဘာကိုင်ရမယ်မှန်း မသိလောက်အောင် မေ့ပျောက်နေတတ်ကြတယ် ဆိုတာပါပဲ။ အဲဒါကြောင့်လည်း ဗေဒင်ဆရာ၊ ဆရာမတစ်ယောက် တစ်ခုခုဖြစ်ပြီ၊ ပျက်ပြီ၊ ထိခိုက်ရှနာပြီဆိုရင် ပတ်ဝန်းကျင်က ဟင်.. ဗေဒင်ဆရာလုပ်ပြီး သူများကိုတော့ ဘာဖြစ်မယ် ညာဖြစ်မယ်နဲ့၊ ကိုယ့်ကိုယ်ကိုယ်ကျ မသိဘူးတဲ့လားလို့ အပြစ်ဖွဲ့တင် ပြောကြဆိုကြ၊ ရယ်သွမ်းသွေးလာတတ်ကြပါတယ်။

ဆီမီးခွက်ဟာ သူ့ဝန်းကျင်ကို အလင်းပေးနိုင်ပေမယ့် ဆီမီးခွက်အောက်ခြေကိုတော့ အလင်းရောင်မပေးနိုင်ပါဘူး၊ မစွမ်းနိုင်ဘူး။ အလင်းမပေးနိုင် ကောင်းရလားလို့ ပြစ်တင်ရှုတ်ချလျှင်လည်း ဘာမှတုံ့ပြန်နိုင်မှာမဟုတ်ပါဘူး။ ဒီလိုပါပဲ။ ဗေဒင်ဆရာ၊ ဗေဒင်ဆရာမတွေလည်း ကိုယ့်ကိုယ်ရေးကိုယ်တာမှာ မစွမ်းသာတတ်ကြပါဘူး။ ဒါပေမဲ့ ပတ်ဝန်းကျင်ကိုတော့ အလင်းပေးနိုင်ကြပါတယ်။ အကယ်တန္တု ဒီစာစုဟာ အိမ်က ထွက်ပြေးသူ ပြန်ရောက်ဖို့စီမံရာမှာ အလင်းတစ်ချက် ပေးနိုင်လိုက်ပြီဆိုရင် တင်ပြရကျိုးနပ်လှပါပြီခင်ဗျား။

ပညာရှင်အပေါင်းကို မသြောင်းသောဂါရဝဖြင့်

**မင်းနေထွန်း(ကန့်ဘလူ)**


# အဘဆရာကြီး မင်းသိန်း ၏ တပည့်ရင်း

# ဆရာ မိုးသစ်ခိုင်



Myanmar Astro Research Bureau
Hony Research (RayKhar Ganita) (Group-18)
B.A in (Astrology) Jyotish Sastri
Dip. (Astrology) Jyotish Bharati
M.A.R.P (Kolkata) (India)

မိတ်ဆွေ
ဘဝဆိုတာ လွင့်မျောနေတဲ့ အိပ်မက်တစ်ခု မဟုတ်တာ အသေအချာပါပဲ။
ဒီတော့ သင်ဟာ ဘယ်တော့ ဘာဖြစ်မလဲ ဆိုတာ ကြိုတင်ပြီး သိထားရင် မကောင်းပေဘူးလား။
ကျွန်ုပ်က သင့်ကံကြမ္မာ အတက်အကျ အနိမ့်အမြင့်ကို ရက်၊ လ၊ နှစ်နဲ့တကွ တိကျစွာ တွက်စစ်လို့ ဟောပြောပေးရပါအံ့။


**တဲရော့ ဗေဒ လက္ခဏာ**

အမှတ်(၁၄၀)၊ ဦးချစ်မောင်လမ်း၊ နှစ်ကျိပ်ရှစ်ဆူ ဓမ္မာရုံအနီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၉ ၄၅၆ ၈၅၆ ၅၀၀

www.burmeseclassic.com

# စုန်း၊ နတ်၊ ကဝေ၊ တစ္ဆေ၊ မြေဖုတ်ဘီလူးနှင့် ပင်းလုံး ထုတ်နည်း ကုနည်းများ

ဂမ္ဘီရ **ရွှေသိခ်**



ကျွန်ုပ်သည် ငယ်ရွယ်နုနယ်စဉ်ကာလမှာ လောကီပညာရပ်များနှင့် သက်ဆိုင်သော စုန်း၊ နတ်၊ ကဝေ၊ တစ္ဆေ၊ မြေဖုတ်ဘီလူး စသည်တို့ကို ယုံကြည်ခဲ့သူတစ်ဦး မဟုတ်ခဲ့ချေ။ ၄င်းတို့မှာ အပြင်လောကကြီးတွင် တကယ်မရှိ၊ လူကြီးတွေက ခြောက်လှန့်ပြောသည်ဟု ထင်ခဲ့မိ၏။

အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့လေ့လာဖူးသော ကျမ်းဂန်ထဲတွင် တိုက်ရိုက်အမည်နာမအားဖြင့် မတွေ့ မမြင်ခဲ့ရခြင်းကြောင့် ဖြစ်သည်။ ရှင်တော်ဘုရား ဟောကြားတော်မမူခဲ့သည်ကား မဟုတ်ချေ။

သို့သော် ဇေယျသင်္ခယာဘွဲ့ခံ လေ့သင်းအတွင်းဝန်မင်းသည် ရတနာပူရ ဘဝရှင်မင်းတရားကြီး လက်ထက်တွင် **တစ္ဆေဒီပဏီကျမ်း**ကိုလည်းကောင်း၊ ပဲခူးမြို့မှ အရှင်ဓမ္မသာမိဘိဝံသ စီရင်တော်မူခဲ့သော **ပုံတော်စုံ** ပေတ



www.burmeseclassic.com

www.burmeseclassic.com

**ဝတ္ထုတော်ကြီး**ကိုလည်းကောင်း ငယ်ရွယ်နုနယ်စဉ် ကျမ်းဂန်စုံကို မဖတ်မိသေး၍ မသိခဲ့ချေ။ စာစုံကို ထဲထဲဝင်ဝင် လေ့လာသောအခါမှ ဘုရားဟော ဒေသနာတော်များထဲတွင် ပေတတ္တိကို လားရာသော သတ္တဝါများ၌ ထည့်သွင်းထားသည်။ မိစ္ဆာသတ္တဝါ (သို့မဟုတ်) ဒုဂ္ဂတိအဟိတ်သတ္တဝါဟုသာ ထင်ရှားစွာ ဖော်ပြထား၍ ၄င်းစာအုပ်တစ္ဆေဒီပနီကျမ်းကို ရှေးဟောင်းတစ္ဆေကျမ်းအဖြစ် အသိအမှတ်ပြုထားသည်။

၄င်းတစ္ဆေဒီပနီကျမ်းမှ မိစ္ဆာပယောဂကို ပေးစွမ်းနိုင်သော ဒုဂ္ဂတိအဟိတ်သတ္တဝါတို့ကား ပုထုဇဉ်လူသားများကို မဆိုထားနှင့်၊ ရဟန်းသံဃာတော်များကိုပင် အနှောင့်အယှက်ပေးနိုင်ကြောင်း ပါရှိသဖြင့် အချို့မှာ သာသနာ့ဝန်ထမ်း ရှင်ရဟန်းအဖြစ် မနေနိုင်ကြတော့ချေ။ လူဝတ်ကြောင်ဘဝသို့ ကူးပြောင်းသွားရလေသည်။ အချို့မှာလည်း စာပေကျမ်းဂန်များကို လေ့လာဆည်းပူးခြင်းငှာပင် မစွမ်းနိုင်အောင် နှောင့်ယှက်ခြင်း ခံကြရလေသည်။

သို့ဖြစ်သောကြောင့် မိစ္ဆာပယောဂ ဖြစ်သူများမှာ တတ်ကျွမ်းနားလည်သော ပုဂ္ဂိုလ်ဆရာအမျိုးမျိုးနှင့် ကုသကြရသည်။ သို့သော် ဝေဒနာကား မပျောက်ကင်းချေ။ အချို့ဆရာများမှာလည်း ပွဲများပြင်ပြီး ကုသသော်လည်း မပျောက်ပြန်ချေ။ ပွဲထဲမှ ပူဇော်ထားသော ငွေကြေးများသာ ပျောက်ဆုံးသွားခဲ့ပါသည်။ ဤသို့သော ပယောဂကုဆရာတို့မှာ တတ်ယောင်ကား လိမ်ညာစားနေကြသည့် ဆရာအတု ဆရာညာများသာပင် ဖြစ်တော့သည်။

ကျွန်ုပ်အနေဖြင့် မည်သည့်စာမူ အကြောင်းအရာကိုဖြစ်စေ အမြင်နှင့်လည်းမရေး၊ အထင်နှင့်လည်း စာမူတစ်ပုဒ် ဖြစ်ကပြီးရောဟူသော စိတ်သဘောထား၍ မရေးသားခဲ့ပါ။ တစ်နည်းအားဖြင့် ဝိုးတဝါးနှင့်မရေး၊ အကိုးအကားနှင့်သာ ဓမ္မီရှအကြောင်းအရာများကို ရေးတတ်သူဖြစ်ကြောင်း ကလောင်နာမည်ကို ကြည့်၍ သိနိုင်လောက်ပါပြီ။

ထို့ကြောင့် ရှေးဟောင်းတစ္ဆေသရဲကျမ်းကြီးဟု ဆိုရမည့် တစ္ဆေဒီပဏီကျမ်းထဲမှ မြတ်စွာဘုရား သက်တော်ထင်ရှား ရှိနေစဉ်မှာ ရဟန်းတစ်ပါးကို ပုံသကူကောက်အသွား တစ္ဆေခြောက်ခံရပုံ အကြောင်းအား သက်သေသာခကထား၍ တင်ပြသွားပါဦးမည်။ မူရင်းကျမ်းတွင် ပြဆိုထားသော စာလုံးပေါင်းအမှန်မှာ **တစ္ဆတ္တဒီပဏီကျမ်း** ဟု ရေးသားထားသည်။ ကျမ်းဂန်သုတေသီများ သိရှိစေရန်ပင် ဖြစ်သည်။

ဇာတ်အစမှာ လောကသုံးပါး၌ ဂုဏ်တော်များနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား ရှိတော်မူစဉ်ကာလက ဖြစ်၏။ မထင်ရှားသော ရဟန်းတစ်ပါးသည် သုသာန်သင်္ချိုင်းသို့သွား၍ ပုံသကူသင်္ကန်းကိုကောက်ယူစဉ် "အရှင်ဘုရား...ငါ့ပုဆိုးကို မကိုင်ယူနဲ့" ဟု ပြိတ္တာတစ္ဆေက ဆိုလိုက်၏။ သို့သော် ထိုရဟန်းက ဆိုစကားကို မနာယူခဲ့ချေ။ လူသေကောင်ပုဆိုးကို ကောက်ယူ၍ ဘုန်းကြီးကျောင်းသို့ ပြန်လာခဲ့လေသည်။ ထိုစဉ်ကာလမှာ ကထိန်သင်္ကန်း မပေါ်သေးချေ။

ထိုအခါ သုသာန်သင်္ချိုင်းတွင်းမှ ပြိတ္တာတစ္ဆေသည် လူသေကောင်တွင်စွဲကပ်၍ ရဟန်းနောက်မှ လိုက်လာ၏။ ထိုရဟန်းသည် မိမိကျောင်းခန်းအတွင်းသို့ တံခါးကို ပိတ်နေလိုက်၏။ ထိုတွင်ပင် တစ္ဆေစွဲကပ်နေသော လူသေကောင်မှာ ငါ့ပုဆိုးပြန်ပေးဟု တစ်ညည့်လုံး ဟစ်ကြွေးငိုယိုနေသည်ဟု ဆိုလေ၏။ ထိုစဉ်ကာလမှာ သေသူ စွန့်ပစ်အဝတ်ကို အပ်ဖြင့်ချုပ်၍ သစ်ခေါက်ညိုဆိုးကာ သင်္ကန်းဝတ်ကြရလေသည်။

ဤတွင် ရဟန်းပျိုလည်း ငါ့အား ပါရာဇိကအာပတ်သင့်ချေပြီဟု အထင်ရှိ၍ မြတ်စွာဘုရားအား လျှောက်ထားသည်။ ထိုအခါ ဘုရားရှင်လည်း ပါရာဇိကအာပတ်သင့်၊မသင့်ကို အမိန့်တော်ရှိသည်။ ၄င်းအမိန့်တော်မှာ ယနေ့မှစ၍ မပျက်စီးသော အစိမ်းလတ်လတ်ရှိနေသော အလောင်းကောင်တို့တွင် ပုံသကူအဝတ်အဖြစ် မကောက်အပ်၊ ကောက်ယူအံ့။ ဒုက္ကဋ်အာပတ်သင့်စေဟု ပညတ်တော်မူကြောင်းကို ဝိနည်း(၅)ကျမ်းအဝင် ပါရာဇိကဏ်ပါဠိတော် ဒုတိယပါရာဇိက အပိုင်းတွင် ပြဆိုထားခဲ့သည်။

ထို့ကြောင့် ဗုဒ္ဓမြတ်စွာဘုရား ကိုယ်တိုင်ကပင် သုသာန်သင်္ချိုင်းကုန်း၌ ဘီလူးတစ္ဆေ ရှိတတ်ကြောင်းကို ခိုင်မာစွာပင် ဟောဆိုထားလေသည်။ ရှေးဟော
ကို မှာ တစ္ဆေကို ဘီလူးဟုလည်း ခေါ်ဝေါ
ထို့နောက် ကျွန်ုပ်အနေဖြင့် သာ
ကြောင်းတစ်ပုဒ်လည်း တင်

www.burmeseclassic.com

၎င်းဇာတ်ကိုကား ဗုဒ္ဓဘာသာဝင်တိုင်း ဖတ်ဖူး၊ ကြားဖူးကြပေလိမ့်မည်။ မေတ္တာသုတ် ဖြစ်ပေါ်လာရသော ဇာတ်လမ်းအဖြစ်အပျက်အကြောင်းပင် ဖြစ်သည်။

ဤဇာတ်လမ်းမှာလည်း မြတ်စွာဘုရား ရှိတော်မူစဉ်ကပင် ဖြစ်သည်။ သာဝတ္ထိပြည်၌ ရဟန်းငါးရာတို့သည် မြတ်စွာဘုရားထံ ကမ္မဋ္ဌာန်းကိုယူ၍ တရားအားထုတ်အံ့ဟုဆိုကာ ယူဇနာခရီး(၁၀၀) ကွာဝေးသော မဟာဝါသ ရွာသို့ ရောက်သွားကြ၏။ ရွာနေ လူထုမှ နေရာထိုင်ခင်းပေးပြီး ယာဂုထမင်းကို လှူဒါန်း၍ အဘယ်အရပ်၌ သီတင်းသုံးနေတော်မူကြအံ့နည်းဟု လျှောက်တင်မေးမြန်းကြသည်။

ရဟန်းငါးရာတို့ကလည်း ချမ်းသာရာအရပ်၌ နေမည်ဟု မိန့်ဆိုလိုက်သည်။ ထိုအခါ ရွာရှိ ဒကာများက ရဟန်းတို့က ချမ်းသာရာအရပ်၌ နေမည်ဆိုသော် ဝါတွင်း (၃)လပတ်လုံး ဤအရပ်၌ သီတင်းသုံးနေတော်မူပါ။ အကျွန်ုပ်တို့သည်လည်း အရှင်ဘုရားတို့ထံမှ သရဏဂုံ သီလကို စောင့်ထိန်းပါအံ့ဟု တောင်းပန်ကာ လျှောက်ထားကြလေသည်။

ဤသို့ကြောင့် ရဟန်းငါးရာလည်း မနီးမဝေးရှိ တောအုပ်၌ သီတင်းသုံးတော်မူလိုက်သည်။ ထိုတောအုပ်၌ စောင့်ရှောက်နေသော နတ်မိစ္ဆာအပေါင်းတို့ ဦးစွာရှိနှင့် နေထိုင်ကြသည်။

၎င်းတို့ကလည်း-

**'သီလရှိကုန်သော အရှင်မြတ်တို့ ဤတောအုပ်အတွင်း ရောက်လာကုန်ပြီ။ ငါတို့မှာ သားမယားတို့နှင့် သစ်ပင်ထက် မနေသင့်တော့။ မြေပြင်ပေါ် ဆင်းနေကြအံ့'**

ဟု စည်းဝေးဆုံးဖြတ်ကာ နေလိုက်ကြသည်။

ဤရဟန်း ငါးရာတို့မှာ ဤအရပ်၌ ယနေ့တစ်ညတာမျှသာ သီတင်းသုံး နေထိုင်၍ မနက်ဖြန် ထွက်ခွာသွားအံ့ဟု ထင်ထားခဲ့ကြလေသည်။

သို့သော် ရဟန်းငါးရာတို့မှာ မိုးသောက်လင်းသော် ရွာတွင်းသို့ ဆွမ်းခံဝင်ကြလေ၏။ ပြီးလျှင် တောအုပ်ဆီသို့သာ ပြန်ရောက်လာကြပြန်သည်။ တောအုပ်ထဲရှိ နတ်တို့လည်း ရဟန်းငါးရာမှာ ယနေ့ ပြန်မသွားသေးသော်လည်း မနက်ဖြန် သွားလတ္တံ့ဟု အောက်မေ့ကြကုန်၏။ ဤသို့အားဖြင့် ရဟန်းငါးရာတို့က တစ်လခွဲအချိန်ကြာထိုင်အောင် တောအုပ်အတွင်း နေထိုင်ကြလေပြီ။ ဤဝါတွင်းသုံးလပတ်လုံး နေသွားသော် မြေပြင်ပေါ်မှာ နေထိုင်ရခြင်းကား မိစ္ဆာနတ်တို့လည်း ဆင်းရဲပင်ပန်းလိမ့်မည်။ ရဟန်းတို့ တောအုပ်ထဲမှ ပြေးလွှားထွက်သွားရန် ကြံစည်ကြတော့သည်။

တောစောင့်နတ်မိစ္ဆာတို့သည် ညဉ့်အိပ်ရာတွင်လည်းကောင်း၊ စင်္ကြံလျှောက်နေရာတွင်လည်းကောင်း၊ ဦးခေါင်းပြတ်ကြီးများ လက်ပြတ်၊ ခြေပြတ်တို့ဖြင့် ထိတ်လန့်ဖွယ်တို့ကို ဖန်တီးခြောက်လန့်ကြတော့၏။ တဟီးဟီး တဟဲဟဲဖြင့် တစ္ဆေဘီလူးတို့ အသံမျိုးကို ကြားစေခဲ့၏။ သို့ဖြစ်၍ ရဟန်းငါးရာတို့လည်း ကြောက်လန့်သဖြင့် ဤတောအုပ်အရပ်မှ ထွက်ခွာ၍ မြတ်စွာဘုရားထံသို့ ပြန်လည်ရောက်လာကြကုန်သည်။

ထိုအခါ မြတ်စွာဘုရားက 'သင်တို့အား ငါသည် လက်နက်ကို ပေးကုန်အံ့၊ ငါပေးသော လက်နက်ကိုယူ၍သာ သွားကြကုန်'ဟု ဆို၍ **ကရဏီယမေတ္တကုသလေန** အစရှိသော မေတ္တာသုတ်ကို ဟောတော်မူ၏။

ပြီးလျှင် 'သင်တို့သည် ကျောင်း၏ ပြင်ပဖြစ်သော တောအုပ်မှစ၍ သရဇ္ဈာယ်လျက် ဝင်ကုန်လော့'ဟု မိန့်တော်မူ၍ လွှတ်လိုက်၏။

ရဟန်း(၅၀၀)တို့လည်း မြတ်စွာဘုရားကို ရှိခိုး၍ သွားကြလေသည်။ တောအုပ်ဆီ ပြန်ရောက်လျှင် ရဟန်းတို့လည်း ရွတ်ဖတ်သရဇ္ဈာယ်ကြသည်။ အလုံးစုံသော နတ်မိစ္ဆာတို့မှာ မေတ္တာစိတ်ကို ရရှိသွားတော့သည်။

ထို့နောက် ရဟန်းငါးရာအား ခရီးဦးကြိုပြု၍ သပိတ်သင်္ကန်းယူ ကူပေးခြင်း၊ ခြေလက်ဆုပ်နယ်ခြင်း၊ စောင့်ရှောက်မှုပြုခြင်းများ ပြုကုန်၏။ ထိုရဟန်းတို့သည် အခိုးမရှိသော ဆီကြည်ကဲ့သို့ အလွန်ညီညွတ်ကောင်းမွန်စွာနေကြ၊ သီတင်းသုံးရကုန်၏။ တစ်စုံတစ်ခုသော သရဲ၊ တစ္ဆေ၊ ဘီလူးတို့၏ ဟီးသံ၊ ခြောက်လှန့်သံတို့ကို မကြားရတော့ချေ။

ထို့ကြောင့် မေတ္တာသုတ်သည် မိစ္ဆာပယောဂကို နိုင်နင်းကြောင်း သိရှိရပေသည်။ ထို့အတူ ဝေသာလီပြည်၌ ငတ်မွတ်ခေါင်းပါးသော ဘေးဆိုးကြီးနှင့် ကြုံတွေ့ရသည့် အခါတွင်လည်း ဟိမဝန္တာမှ ဘီလူးများ ဝင်ရောက်နှိပ်စက်သည်ကို အကြောင်းပြုပြီး ရတနသုတ်ပရိတ်တော်ကို



www.burmeseclassic.com

www.burmeseclassic.com

ဟောကြားတော်မူခဲ့ပေသည်။

အမှောင့်ပယောဂ ကုစားသောအရာတွင် ရတနာသုံးပါးနှင့် ကုစားပျောက်ကင်းနိုင်သော နည်းများရှိသလို မနောစိတ္တဂူပွာဒ်ဂိုဏ်း၊ ရွှေယဉ်ကျော်ဂိုဏ်း၊ ပထမံဂိုဏ်းဝင် စစ်မှန်သော ဆေးတော်ကိုင် ဆရာများနည်းဖြင့် ကုစားနိုင်ကြပြန်သေးသည်။ ဆရာအရွေးမှားလျှင်လည်း ဘဝဆုံးရှုံးတတ်သောကြောင့် ဆရာတု ဆရာယောင်များကိုမူ ရှောင်ရှားကြရမည်သာ ဖြစ်သည်။

စာရေးသူကျွန်ုပ်သည် မန္တလေးမြို့ ဆရာကြီးဦးသိန်းကျော်၊ မြေနီကုန်း ဗိုလ်မိုးလမ်းနေ ဆရာကြီးသော်တာဝင်းတို့ထံတွင် တိုင်းရင်းဆေး (၄)ဘာသာသင်တန်းကို တက်ရောက်ခဲ့ပြီး ဝိဇ္ဇာဓရပညာရပ်များကို လေ့လာဆည်းပူးခဲ့သော ဂမ္ဘီရစာရေးဆရာတစ်ဦးပင် ဖြစ်သည်။ ထို့ကြောင့် မိစ္ဆာပယောဂရောဂါ နှိပ်စက်ခံစားနေရသော ဝေဒနာရှင်များနှင့် တွေ့ဆုံပါက ကုသကယ်တင်နိုင်မည့် နည်းလမ်းများကို ဖော်ထုတ်ရေးသားပါတော့မည်။ ဗဟုသုတလိုလားသူ အမျိုးကောင်းသားများနှင့် သတ္တဝါအပေါင်းကို ချမ်းသာစေလိုသူ၊ ကယ်တင်လိုသူ ဆရာတစ်ဆူ ပြုလိုသူများအတွက် ဤဆောင်းပါးတွင် ပါရှိမည့် လောကီဝိဇ္ဇာပညာ အဆီအနှစ်တို့ကို တင်ပြလိုက်ရပေသည်။

**အမှောင့်ကွယ်ကာ၍ အစွဲချွတ်နည်းလင်္ကာ**

အမှောင့်ကွယ်ကာ၊ စွဲချွတ်ရာ၊ နည်းနာအလွယ်ပြ၊ ခြေမ,လက်မစီးက လူသေ၊ ကြိုးကိုဖြေ၊ ယူလေ ပေါင်းသတ္တ၊ ကြိုးကွင်းလုပ်ကာ၊ လည်ပင်းမှာ၊ စွပ်ပါ၊ကွယ်ကာရ၊ လက်ဝတ်ပြုကာ၊ ချီလေပါ၊ စွဲမှာ ကျွတ်တတ်လှဟူ၍ ဩသဓနယကျမ်းတွင် ဖော်ပြပါရှိထားလေသည်။

**အပင်းအလုံးကျစေသောလင်္ကာ**

ဖြူဆူးကနခို၊ ပိတောက်မှို၊ မြစ်ညှိဖျောက်ဆိပ်သွင်း၊ လေးဦးကြိတ်ကာ၊ ပင်းရှိရာ၊ သုံးခါလိမ်းသပ်လျှင်း၊ ခုနှပ်ပူလှုပ်ကြွ၊ အပင်းကျ၊ တိုက်ပဆေးများမင်း၊ အပင်းဟူသမျှ ကျလေရ၊ တိုက်ပဆေးများမင်း။

**နှံ့ပူလှုပ်ကြွသော အုံ့ဆေးတိုက်ဆေး**

နဂျီအိမ်၊ မရိုးအစေး၊ သီတာခွံမီးကျွမ်း၊ သုံးပါးဥသုံ၊ ကြိတ်၍အုံ့မူ၊ မမြုံထွက်ပေါ်၊ ကျအောင်သော်မူ၊ ထိုဆေးမှုကာ၊ တိုက်ပေးပါလော့။

**အပင်း အလုံးစုန်းကဝေ သွင်းပါချေသော်**

(၁) ဖျောက်ဆိပ်မြစ်၊

(၂) ပိတောက်မှို

(၃) ကနခိုဆံ

(၄) ဖြူဆူး

၄င်းဆေးလေးမျိုးကို အမျှစီအမှုန့်ပြု၍ အပင်းရှိရာသို့ ရေနှင့်လိမ်း၍ ပေးပါ။ အပင်းဟုတ်က၊ တဟုတ်မကြာ၊ ပင်းရှိရာ၌၊ ပူစွာချုပ်ချုပ်၊ လှုပ်မည်ခုံမည်၊ ထွေထူးလည်လိမ့်၊ ရေကြည်နွေးနွေး၊ ယခုဆေးကို၊ ဖျော်ပေးတိုက်က၊ အပင်းကျလိမ့်။

**အပင်း၊ အလုံး လုပ်နည်းထုံး**

[မဆစ်ဆီ (၁)ကျပ်သားကို ဥုံ..စတုဒိသာ၊ လေးမျက်နှာက၊ လာသည့်ရန်သူ၊ မပြုဝံ့ဘဲ၊ ဖဲသည့်စကြာ၊ ငါ့ပညာ၊ ထင်စွာမဟုတ်လော။ ဥုံ..စုန်းပင်း နတ်ပင်း၊ အပင်းတကာ့အပင်း ထွက်ဆရာထွက်]ဟူ၍ (၃၇)အုပ်မန်း၍ ၄င်းဆီနှင့် အပင်းရှိရာသို့ လူးလည်းလူး၊ တိုက်လည်းတိုက်ပါ။ မကြာမီ ပျောက်ကင်းသွားပါလိမ့်မည်။

**စုန်း၊ နတ်၊ ကဝေ တစ္ဆေမြေဖုတ် ပင်းလုံးထုတ်နည်းများ**

စုန်း၊ နတ်၊ ကဝေ၊ တစ္ဆေ၊ မြေဖုတ်တို့က လူသတ္တဝါကိုပြုစား၍ သွင်းထားအပ်သော အလုံး၊ အပင်းစသည်တို့သည် အမှောင့်ပယောဂတို့ကြောင့် ဖြစ်ပေါ်လာခြင်းကို ပယောဂလုံးဟု ခေါ်ကြသည်။ ၄င်းအမှောင့်ပယောဂလုံးသည် ဆိုခဲ့ပြီးသော သွေးလုံး၊ လေလုံးများကဲ့သို့ အလုံး



www.burmeseclassic.com

အခဲ၊ အပျဉ်များပင်ဖြစ်သော်လည်း ကုသရာတွင် ကွာခြားလေသည်။

ငှင်းအလုံးအခဲတို့ သွင်းထားရာ သဘောတရားတို့မှာ ပယောဂကျမ်းကြီးများတွင် ပါဝင်ပြီး ဖြစ်ကြသည့်အတွက် ဤဆောင်းပါးတွင် အထူးဖော်ပြရန် မလိုတော့ချေ။ ပျောက်ကင်းချမ်းသာလွယ်ရန် (အထက်တွင်) ကုသရမည့် မြန်မာ့ပယောဂဆေးနည်းတချို့ကို တင်ပြပေးခဲ့ပါသည်။

**မှတ်ချက်** - သွေးလုံး၊ လေလုံး၊ ပယောဂလုံး ဤသုံးမျိုးတို့တွင် သွေးလုံးတို့ မည်သည် လှုပ်ရှားခြင်းမရှိ နေရာရွှေ့ပြောင်းခြင်းမရှိဘဲ အပျဉ်အခဲဖြစ်၍နေသည်။ သွေးချိန်၌ နာကျင်တတ်၊ အောင့်တတ်သည်။ သွေးသည် အပျဉ်အခဲဖြစ်၍ လေသည် အလုံးအခဲဖြစ်သည်ကို သိရှိထားရပေမည်။ သွေးသည် လေကဲ့သို့ နေရာရွှေ့ပြောင်းခြင်းမရှိဘဲ လေသည် နေရာရွှေ့ပြောင်း၍ နာတတ်သည်ကို သတိပြုပါ။ (ငှင်းနှစ်မျိုးမှာ သက်ဥတု သက်နယ်၌ အဖြစ်များလေ၏။)

အမှောင့်ပယောဂလုံးသည် ဓာတ်လေးပါးညီညွတ်၍ ကျန်းမာနေသောအခါတွင် အောင့်ခြင်း၊ နာခြင်း၊ လှုပ် ရှားခြင်းမရှိဘဲ ဓာတ်လေးပါးတစ်ခုခု ချွတ်ယွင်း၍ နေ ထိုင်မကောင်း ရှိသောအခါ ထွေထွေရာရာတွေ ဖြစ်ပေါ် ၍ အောင့်ခြင်း၊ နာခြင်း ဖြစ်တတ်သည်ကို သတိပြုပါ။ သဘာဝဓမ္မ ဆရာတော်ဘုရားကြီး၏ အာဘော်မှာ မည် သည့်အမှောင့်ပယောဂမျိုးမဆို ဓာတ်လေးပါး ညီညွတ် မျှတအောင် ပြုလုပ်ပေးလျှင် ပျောက်ကင်းနိုင်ကြောင်း အမိန့်ရှိတော်မူဖူးသည်။

မှန်ပေသည်၊ ရတနာသုံးပါးကို ဦးထိပ်ထားသူများ နှင့် ဓာတ်လေးပါးညီညွတ် ကျန်းမာနေသူများကို မည် သည့်အမှောင့်ပယောဂမျှ မပူးမကပ်နိုင်ကြောင်း သတိချပ် အပ်သင့်လှသည်။ ကံ၊ စိတ်၊ ဥတု၊ အာဟာရတို့ဖြင့် လူ့ လောကကြီးတွင် ကျွန်ုပ်တို့ ကျန်းမာချမ်းသာစွာ နေထိုင် ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပေတော့သတည်း။


သဗ္ဗေသတ္တာ ကမ္မသကာ
ဂမ္ဘီရ ရွှေသိမ်




# သုခရတနာ

ဓမ္မစာပေဖြန့်ချိရေး

- ပဋ္ဌာန်းပါဠိတော်
- ပရိတ်ကြီး(၁၁)သုတ်ပါဠိတော်
- ဓမ္မစကြာနှင့် အနတ္တလက္ခဏာသုတ် ပါဠိတော်
- ဓာရဏပရိတ် အဘိဏှသုတ်နှင့် ပရိမိတ္တဇာလသုတ် ပါဠိတော်



အိတ်ဆောင်လက်ကမ်း ဘုရားစာအုပ်များ ရရှိနိုင်ပါသည်။

အမှတ်-၃၅၂(ပထမထပ်)၊ ဘားလမ်း(မဟာဗန္ဓုလပန်းခြံလမ်း)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၇၃၁ ၉၉၄၂၅ ၊ ၀၉ ၇၃၀ ၇၆၄၉၄


www.burmeseclassic.com

www.burmeseclassic.com

# ဆရာဘုန်းမြတ်မင်း

နက္ခတ္တဗေဒ (ကံကြမ္မာ) အကြံပေးပညာရှင်



ဂျပန်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်ကြီးများအား ဇာတာနှင့် လက္ခဏာ စစ်ဆေး၍ ဘဝတွင် မျှော်မှန်းထားသည်ထက် 'အထူး' အောင်မြင်မှုများ ရရှိလိမ့်မည်ဟု ကြိုတင်ဟောကိန်းထုတ်နေသော ဆရာဘုန်းမြတ်မင်း

ကံပွင့်လိုသူတိုင်း ရွှေဘုန်းပွင့်ဘုရားကို ဖူးကြရတယ်။ အောင်မြင်လိုသူတိုင်း ဆရာဘုန်းမြတ်မင်းနှင့် ဆုံကြရပြန်ပါတယ်။ ဒီတော့ ဆရာနဲ့တွေ့ရင် ဘာတွေထူးလာမလဲ။ တစ်ချိန်က လျှမ်းလျှမ်းတောက် စီးပွားအောင်မြင်ခဲ့တဲ့ သင်ဟာ ယခုကာလအတွင်း စီးပွားတွေ ကျလာတယ်။ မှုခင်းပြဿနာတွေ ကြုံနေခဲ့တယ် မဟုတ်လား။ အဲဒါ ဘာကြောင့်လဲ။ သင့်လက်ထဲမှာ နိုင်ငံကူးလက်မှတ်ရှိနေမယ်။ ငွေလည်း ရှိနေတယ်။ ဒါပေမဲ့ နိုင်ငံခြား ထွက်လို့ မရသေးဘူး။ အဲဒါ ဘာကြောင့်လဲ။ ငွေကြေး၊ စီးပွား အဆင်ပြေပြန်တော့ အချစ်ရေး၊ အိမ်ထောင်ရေး ကမောက်ကမ ဖြစ်ရပြန်တယ်။ ဒါဟာလည်း ဘာကြောင့်လဲ။ လုပ်တိုင်း မဖြစ်၊ ဖြစ်တိုင်း မမြဲတာက ဘာကြောင့်လဲ။ တကယ်တော့ ဒါတွေဟာ ညီမျှခြင်းတစ်ခုမျှသာ ဖြစ်တယ်။ အတိတ်အကြောင်းတရားရှိမှ ပစ္စုပ္ပန်အကျိုးတရား ဖြစ်တယ်။ အနာသိမှ ဆေးရှိမယ်။ ဒီတော့ ဆရာက သင့်အကြောင်းတွေ သိနေပြီဆိုတော့ ဆရာ့မှာ ဆေးရှိနေပြီပေါ့။ ဂမ္ဘီရသော့ကလေး တစ်ချောင်းကို လှည့်လိုက်ရုံနဲ့ သင့်အောင်မြင်ရေးလမ်းကြောင်း ပွင့်သွားရုံသာရှိမယ်။ သင် ရောက်လာဖို့ကသာ အဓိကလိုပါတယ်။ ကြော်ငြာဖတ်ရုံနဲ့တော့ လက်တွေ့ မသိ မမြင်နိုင်ပါ။ ကိုယ်တွေ့လာမှ ကိုယ်တွေ့ ခံစားခွင့် ရရှိလာမယ်။

ဆရာနှင့် ဆွေးနွေးလိုလျှင် ကြိုတင်၍ ဖုန်းဆက်ပါ။

ဆရာဘုန်းမြတ်မင်း၊ အမှတ်(၁၅)၊ ရွှေဘုန်းပွင့်ဘုရားဈေးတန်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

☎ ၀၉ ၅၁ ၈၄၉၀၅

www.burmeseclassic.com

# ထွက်သွား၊ မုန်းတီး၊ စိတ်ဆိုးလို့လား

သာထက်ဇော်(မကွေး)

တစ်နေ့သောအခါသမယတွင် ကျွန်တော့်မဟိဒ္ဓိ ဗေဒင်ဟောခန်းသို့ မကွေးမြို့နယ်၊ မြင်ကွန်းအုပ်စုအတွင်းရှိ သာယာကုန်းရွာကလေးမှ ဒေါ်ထားထားဟူသော အမျိုးသမီးကြီးတစ်ဦး ရောက်လာလေသည်။ ထိုဒေါ်ထားထား၏ နောက်တွင်လည်း အသားညိုညို အမျိုးသမီးကြီး နှစ်ယောက် ကပ်လျက်ပါလာသည်ကိုလည်း လှမ်း၍မြင်လိုက်ရ၏။

ထို့ကြောင့် ကျွန်တော်က-

"အမယ်··ဒေါ်ထားထားတို့များ အဖော်အပေါင်းတွေခေါ်ပြီး ချီတက်လာကြပါလား။ ဆို··ဘာအကြောင်းကိစ္စတွေများ ပေါ်လာလို့လဲဗျ"ဟု နှုတ်ဆက်စကား ဆိုလိုက်သည်။

"တခြားဟုတ်ရိုးလား တို့ဆရာရေ။ ဟောဒီက တင်မြတို့၊ တင်လှတို့ ညီအစ်မနှစ်ယောက်ပေါ့။ သူတို့သားသမီးတွေနဲ့ပတ်သက်ပြီး ဆရာ့ဆီ ဗေဒင်လာမေးချင်လို့တဲ့။ ကျုပ်က ငါဟောပေးပါ့မယ်အေလို့ အတင်းကာရော ပြောတာတောင် နားမထောင်ဘူး။ ကျုပ်ဆရာ နှုတ်ထွက်စကားကို အရှင်လတ်လတ်ကြီး ကြားချင်တယ်။ ဆရာခိုင်းတဲ့ ယတြာတွေပဲ လုပ်ချင်တယ်တဲ့။ ကျုပ်ကို အထင်မကြီးဘူးတဲ့။ ကျုပ်ဟောတာတွေ၊ ကျုပ်ပေးမယ့် ယတြာတွေကိုလည်း မလုပ်ချင်ဘူး၊ မလုပ်နိုင်ဘူးတဲ့။ နောက်ပြီး သူတို့က ပြောသေးတယ်။ ဆရာက ဆရာကြီးဒေါက်တာမင်းသိခ်ရဲ့ တပည့်ရင်းတဲ့။ ညည်းက ဆရာကြီးရဲ့တပည့် မဟုတ်ဘူးတဲ့"

"သူတို့ ပြောတာတွေက မှန်သားပဲ ဒေါ်ထားထားရဲ့။ ကျွန်တော်ဆိုရင်လည်း အဘဆရာကြီး ဒေါက်တာမင်းသိခ်၏ တပည့်ရင်းဆိုတဲ့ ခေါင်းစဉ်ကြောင့် ဗေဒင်လာမေးကြတဲ့သူ များပါတယ်။ အဘဂုဏ်ပုဒ်၊ အဘဂုဏ်ကျေးဇူးကြောင့်ပေါ့ဗျာ။ ကျွန်တော့်အစွမ်းအစက ကြီးကြီးမားမားကြီး မရှိလှပါဘူး။ ဒါပေမဲ့ အဘဆီမှာ ပညာသင်ကြားခဲ့စဉ် အချိန်ကာလအပိုင်းအခြားအတွင်းမှာတော့ ဗေဒင်ပညာရပ်တွေကို အခက်အခဲအမျိုးမျိုး ကျော်လွှားလို့ ကျားကုတ်ကျားခဲ လေ့လာဆည်းပူးခဲ့ရတာပေါ့။ ဒါကြောင့် အဘပေးတဲ့ ယတြာ၊ အဘပေးတဲ့ ပညာရပ်တွေနဲ့ အခုလို နေနိုင်တာလေ။ စကားစပ်လို့ ပြောရဦးမယ် ဒေါ်ထားထားရေ။ လောကမှာ အောင်မြင်တဲ့သူကိုသာ လူတွေက လေးစားကြတာဗျ။ မအောင်မြင်ရင် ဘယ်သူကမှ အရေးတယူ မလုပ်ချင်ကြဘူး။ လူမဆိုထားနဲ့ ရဟန်းသံဃာတော်တောင်မှ ထူးချွန်ပေါက်မြောက်ပါမှ၊ ဘုရား၊ စေတီ၊ ပုထိုးဆိုရင် ရွှေသင်္ကန်းကပ်ထားပါမှ ကိုးကွယ်ချင်တဲ့ လူတွေက ဒုနဲ့ဒေး။ တခြားမကြည့်နဲ့ဦး ဇာတ်ကားကြည့်ရင်တောင် ဇာတ်လိုက်မင်းသားကို နိုင်စေချင်တာ။ မင်းသားဘက်ကပဲကြည့်တာ၊ အားပေးကြတာ မဟုတ်လား။ ဒီတော့ ကိုယ်ဘယ်နေရာရောက်ရောက် အားမလျှော့စတမ်း ကြိုးစားနေရမယ်။ အလုပ်တစ်ခုခုမှာ ကိုယ်မရှိရင် မဖြစ်တဲ့ အနေအထားရောက်အောင် စွမ်းဆောင်မှ စွမ်းရည်ရှိနေရမယ်။ ဟုတ်ပြီလား"

"မှန်တာပေါ့ တို့ဆရာရယ်၊ ဒီလိုအောင်မြင်လာတော့ ဝေလလည်း မဝေးတော့ဘူးပေါ့"

"ဘယ့်နှယ် အဆိုတော်ဝေလက စကားထဲ မခေါ်မဆိုင် ပါလာရပြန်လဲ ဒေါ်ထားထားရယ်"

"ဟုတ်ပါ့၊ ညည်းကလည်း ဘာစကားတွေ ပြောမှန်းလည်း မသိဘူး။ ဒါကြောင့်မို့ ညည်းကို ငါတို့ညီအစ်မနှစ်ယောက်က အထင်မကြီးတာအေ့"

အနားတွင်ထိုင်နေသည့် ဒေါ်တင်မြဆိုသော အမျိုးသမီးကြီးက မျက်စောင်းထိုး၍ ရန်တွေ့လေသည်။

"အဲဒါ ပြောတာပေါ့။ ဆရာရော ညည်းတို့ဗေဒင်ဗဟုသုတနည်းကြပုံများ"

"ပြောပြစမ်းပါဦး မဟာပညာရှိကြီး ဒေါ်ထားထားရယ်။ ကျုပ်တင်လှ နားထောင်ချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com

'ဒီလိုအေ၊ ဝေလဆိုတာ အဆိုတော်ဝေလကို ပြောတာမဟုတ်ဘူး။ တစ်ချိန်တုန်းက ငွေအကြွေစေ့တွေမှာ လန်ဒန်ဝေလမင်းသားပုံ ရိုက်နှိပ်ဖော်ပြ သုံးစွဲခဲ့ကြတာ ညည်းတို့အားလုံး သိကြမှာပေါ့။ အေး··အဲဒီခေတ်တုန်းက လူတွေက ငွေကြေးအကျပ်အတည်း ကြုံတဲ့အခါတွေမှာ ဝေလဝေး(ငွေနှင့်မနီးစပ်)လို့ ပြောဆိုခဲ့ကြတယ်။ အဲဒါကြောင့် ငါက အောင်မြင်မှုရရှိလာတဲ့ လူတစ်ယောက်အဖို့ ဝေလနဲ့ မဝေးတော့ဘူးလို့ ပြောတာ။ ညည်းတို့က မသိဘဲနဲ့'

'ဟင်··မသိပေါင်အေ။ တို့ကတော့ ဘာအခက်အခဲပဲကြုံကြုံ ဝေလဝေးတောင် မဟုတ်ဘူး။ ဝေလာဝေးလို့ အမြဲလိုလို ပြောပြောနေမိတယ်။ ညည်းပြောမှပဲ ရှင်းတော့တယ်။ ကျေး··ကျေး'

'ကဲ··ကဲ··စကားကောင်းနေတာနဲ့ လာရင်းကိစ္စ မေးဖို့တောင် မေ့နေတယ်။ ပြောကြစမ်းပါဦး'

'ဒီလိုပါ ဆရာ၊ ကျွန်မနာမည်က ဒေါ်တင်မြလို့ ခေါ်ပါတယ်။ ကျွန်မတို့မှာ သားအမိသားအဖ (၇) ယောက်ရှိပါတယ်။ ကျွန်မခင်ပွန်းက မင်းလှ ထိန်းကိုင်း မှော်ထဲမှာ နေ့စားနဲ့ ရေနံအငှားတူးလိုက်ပါတယ်။ တစ်ရက်ကို အရင်တုန်းကတော့ စရိတ်ငြိမ်း တစ်သောင်းလောက်ရပေမယ့် အခုတော့ ရေနံအထွက်နည်းသွားတာကြောင့် တစ်ရက်ကို ငါးထောင်တောင်မှ မပေးချင် ပေးချင်ရယ်ပါ။ သမီးသုံးယောက် ရှိတဲ့အထဲက အကြီးမနဲ့ အလတ်မကလည်း အဲဒီမှော်ထဲမှာပဲ ကွမ်းယာနဲ့ မုန့်မျိုးစုံ ရောင်းကြတယ်။ သူတို့လည်း မှော်တစ်ခေတ် ကောင်းစဉ်ကာလတုန်းကတော့ တစ်နေ့ လေးသောင်းဆိုလည်း ဟုတ်၊ ငါးသောင်းဆိုလို့လည်းဟုတ်။ အခုတော့ ရောင်းနေတဲ့ ကွမ်းယာခုံလေးတောင် မပြုတ်အောင် မနည်းကျားကန်ထားရတယ်။ သားက နှစ်ယောက်ရှိတယ် ဆရာရဲ့။ အကြီးကောင်က ဆယ်တန်း သုံးနှစ်ကျ၊ အငယ်ဆုံးကောင်က ဒီနှစ် ဆယ်တန်းတက်၊ အလတ်မအောက်က သမီးလေးကလည်း တနင်္ဂနွေသမီးမို့လား မသိပါဘူး ဆရာရယ် စိတ်ဆိုး စိတ်ကောက်တတ်လိုက်တာ လွန်ပါရော။ ကျန်တဲ့ညီအစ်ကိုမောင်နှမတွေနဲ့ မိဘအပေါ် စိတ်ကောက် စိတ်ဆိုးလိုက်တာ နေ့တိုင်း ဆရာရေ။ အဆိုးဆုံးကတော့ ဆရာရယ် စီးပွားရေးပေါ့။ အရင်လို လုပ်ရကိုင်ရ မလွယ်ကူတော့ စားဖို့သောက်ဖို့ရှာရတာ ခက်ခဲလာတယ်။ ခက်ခဲလာတော့ သားအကြီး စနေသားက ဘာမပြောညာမပြောနဲ့ အိမ်ကနေထွက်သွားတာ တစ်ပတ်ရှိပြီဆရာ။ သူသွားတတ်တဲ့ နေရာတွေလည်း လူလွှတ်ရှာခိုင်း ဖုန်းဆက်လှမ်းမေးနဲ့ ကျွန်မလေ သေချင်စော်တောင်နံနေပါပြီတကယ်။ ဘယ်မှာမှ သတင်းအစအန ရှာမရဘူး ဖြစ်နေတယ်။ အဲဒါ ကူညီပါဦး ဆရာရယ်'

'ဟုတ်ကဲ့၊ ကျွန်တော် ဖြေရှင်းပေးပါ့မယ်'

'တစ်လက်စတည်း ကျွန်မကိုလည်း ကူညီပါဦး ဆရာ'

'ပြော ဒေါ်တင်လှ၊ ခင်ဗျားကရော ဘယ်လိုအခက်အခဲ ကြုံနေရသလဲ'

'ဒီလိုပါ ဆရာ၊ ကျွန်မကကျတော့ ဒီက မထားထားလိုပဲ ကုန်မျိုးစုံ ဈေးတောင်း ခေါင်းပေါ်ရွက်ပြီး ရွာနီးချုပ်စပ်အနှံ့ လင်မယားနှစ်ယောက် ဈေးရောင်းပါတယ်။ ဈေးရောင်း,ဈေးရောင်းနဲ့ ဆရာရယ်··မလွယ်ဘူး ဆရာရယ်။ ဈေးသာ ရောင်းလို့ကောင်းတာ အကြွေးကျတောင်းလို့ အခက်သားကလား။ ကြွေးယူပြုံးပြုံး တောင်းလျှင်မုန်းဆိုတာ ဟောဒီက မိတင်လှတို့ လင်မယားနှစ်ယောက်အတွက်များ စာချိုးထားသလား အောက်မေ့ရတယ်။ အဲဒီလို မုန်းသွားတာကလည်း ကြားလူ ခလောက်ဆန်လိုက်တာကြောင့်ရယ်ပါ။ ဒီလို ဆရာရေ··ကျွန်မတို့ ဈေးလည်ရောင်းတဲ့အထဲက ရွာကြီးတစ်ရွာက ရွာမျက်နှာဖုံး သူဌေးမိသားစု တစ်စုရှိတယ်။ အဲဒီအိမ်မှာပဲ ညအိပ်ညနေသွားပြီး ဈေးရောင်းချခဲ့တာ သုံးနှစ်ကျော် ကြာလာပါပြီ။ သူတို့အိမ်ကပဲ ကျွန်မတို့လင်မယားကို စားရေးသောက်ရေး တာဝန်ယူပေးခဲ့ကြတယ်။ အဲဒါကို သူတို့ရွာထဲက မနာလိုမရှုဆိတ်ဖြစ်နေတဲ့ အမျိုးသမီးတစ်ယောက်ကနေ ကျွန်မနဲ့ သူဌေးကို သမုတ်တယ်လေ။ ပထမတော့ သူဌေးကတော်က မယုံကြည်ပါဘူး။ ဒါပေမဲ့လည်း ဆရာရယ်··အဲဒီအမျိုးသမီးက ကျွန်မတို့လင်မယား ဈေးရောင်းတိုင်း အကြွေးမကြာခဏယူတယ်လေ။ တောင်းရင် မပေးဘူး။ ဟိုနေ့ရွှေ့ ဒီနေ့ရွှေ့နဲ့။ စာရင်းချုပ်လိုက်တော့ အဲဒီအမျိုးသမီးဆီမှာ ရစရာငွေက တစ်သိန်းကျော်နေပြီ။ အဲဒီ အကြွေးတစ်သိန်းကျော်က ကျွန်မတို့အရင်းငွေ။ ဒီတော့ ဘယ်လိုလုပ် နောက်ထပ် ဈေးရောင်း


www.burmeseclassic.com

www.burmeseclassic.com

နိုင်တော့မှာလဲ။ ဒါကိုတောင်းတော့ မကျေမနပ်နဲ့ ရန်တွေ့လွှတ်တယ်။ အယုတ်အညံ့ အကုန်ဆဲဆိုတယ်။ ကျွန်မကလည်း ဒေါသဖြစ်ဖြစ်နဲ့ ကျိန်စာတိုက်ပစ်ခဲ့တယ်။ အဲဒါကို မကျေမချမ်းဖြစ်ပြီး ကျွန်မကို သွားပုပ်လေလွင့်ပြောတယ်။ သူဌေးကတော်ကို ကုန်းချောတယ်။ ကြာတော့ သူဌေးကတော်ကလည်း ဘယ်ခံနိုင်လိမ့်မလဲ။ ယုံတာပေါ့။ ဒီတော့ ကျွန်မတို့လင်မယားကို မခေါ်မပြောဘဲ လုပ်လာတယ်။ နောက်ဆုံး သူဌေးကလွဲလို့ သူတို့မိသားစုလုံးက ကျွန်မကို မုန်းတီးရွံရှာသွားတယ်။ ဒီတော့ ကျွန်မတို့ မိသားစုရဲ့ ထမင်းအိုးလေးလည်း အမျိုးသမီးတစ်ယောက် ရိုက်ခွဲဖျက်ဆီးလို့ မိတ်ဆွေကောင်း မိသားစုနဲ့ ဘာမဟုတ်ဘဲ လမ်းခွဲခဲ့ရတယ်။ အဲဒီအတွက် သူတို့မိသားစုလေးနဲ့ အရင်တုန်းကလို ပြန်ပြီးအဆင်ပြေမယ့် ယတြာ လုပ်ပေးပါလား ဆရာ"

ကျွန်တော်သည် ကွန်ပျူတာအသင့်စီထားသော အောက်ပါ စာရွက်ဖိုင်လေးကို သူတို့အား ပေးခဲ့လေသည်။

**တနင်္ဂနွေသမီး**

တနင်္ဂနွေသားသမီးတစ်ဦးဦး အိမ်ကနေ ထွက်သွား၍ အမြန်ပြန်လာစေချင်သော်လည်းကောင်း၊

တနင်္ဂနွေသားသမီးတစ်ဦးဦး မိမိကို မုန်းတီးနေရာမှ ပြန်ချစ်လာစေရန်အတွက်သော်လည်းကောင်း၊

တနင်္ဂနွေသားသမီးတစ်ဦးဦး မိမိကို စိတ်ဆိုးနေရာမှ စိတ်ဆိုးပြေစေရန်အတွက်သော်လည်းကောင်း၊

* မြေအိုးတစ်လုံးတွင် ထိုသူ၏အင်္ကျီကို ပတ်ပါ။ သို့မဟုတ် ထိုသူ၏ဓာတ်ပုံကို ကပ်ပါ။ သို့မဟုတ် ထိုသူ၏ နာမည်ကိုရေးပါ။ ထို့နောက် မြေအိုးထဲမှာ ပိတောက်(၅)ညွန့်၊ နှင်းဆီ(၇)ပွင့် ထိုးစိုက်ပါ။ ရေထည့်ပါ။ ပြီးလျှင် နေအိမ်၏ အနောက်အရပ် အမြင့်တစ်နေရာတွင် လင်ပန်းအောက်ကနေခံပြီး တင်ထားပေးပါ။ ထိုအိုးကို မကြာခဏ ရေလောင်းပေးရင်း လိုရာဆုတောင်းပါ။ ထိုသူကိုလည်း မေတ္တာပို့သပေးပါ။ အဆင်ပြေသွားပါက ပန်းများကို စွန့်ပစ်ပါ။ (၁၂)ရက်ပြည့်သည်အထိ အဆင်မပြေသေးပါက ပန်းများကို အသစ်ပြန်လဲတင်ပါ။ ထပ်မံလုပ်ပါ။

**တနင်္လာသားသမီး**

တနင်္လာသားသမီးတစ်ဦးဦး အိမ်ကနေ ထွက်သွား၍ အမြန်ပြန်လာစေချင်သော်လည်းကောင်း၊

တနင်္လာသားသမီးတစ်ဦးဦး မိမိကို မုန်းတီးနေရာမှ ပြန်ချစ်လာစေရန်အတွက်သော်လည်းကောင်း၊

တနင်္လာသားသမီးတစ်ဦးဦး မိမိကို စိတ်ဆိုးနေရာမှ စိတ်ဆိုးပြေစေရန်အတွက်သော်လည်းကောင်း၊

* မြေအိုးတစ်လုံးတွင် ထိုသူ၏အင်္ကျီကို ပတ်ပါ။ သို့မဟုတ် ထိုသူ၏ဓာတ်ပုံကို ကပ်ပါ။ သို့မဟုတ် ထိုသူ၏ နာမည်ကို ရေးပါ။ ထို့နောက် မြေအိုးထဲမှာ ပိတောက်(၅)ညွန့်၊ ရွက်လှ(၄)ညွန့် ထိုးစိုက်ပါ။ ရေထည့်ပါ။ ပြီးလျှင် နေအိမ်၏ တောင်အရပ် အမြင့်တစ်နေရာတွင် လင်ပန်းအောက်ကနေခံပြီး တင်ထားပေးပါ။ ထိုအိုးကို မကြာခဏ ရေလောင်းပေးရင်း လိုရာဆုတောင်းပါ။ ထိုသူကိုလည်း မေတ္တာပို့သပေးပါ။ အဆင်ပြေသွားပါက ပန်းများကို စွန့်ပစ်ပါ။ (၉)ရက်ပြည့်သည်အထိ အဆင်မပြေသေးပါက ပန်းများကို အသစ်ပြန်လဲတင်ပါ။ ထပ်မံလုပ်ပါ။

**အင်္ဂါသားသမီး**

အင်္ဂါသားသမီးတစ်ဦးဦး အိမ်ကနေ ထွက်သွား၍ အမြန်ပြန်လာစေချင်သော်လည်းကောင်း၊

အင်္ဂါသားသမီးတစ်ဦးဦး မိမိကို မုန်းတီးနေရာမှ ပြန်ချစ်လာစေရန်အတွက်သော်လည်းကောင်း၊

အင်္ဂါသားသမီးတစ်ဦးဦး မိမိကို စိတ်ဆိုးနေရာမှ စိတ်ဆိုးပြေစေရန်အတွက်သော်လည်းကောင်း၊

* မြေအိုးတစ်လုံးတွင် ထိုသူ၏အင်္ကျီကို ပတ်ပါ။ သို့မဟုတ် ထိုသူ၏ဓာတ်ပုံကို ကပ်ပါ။ (သို့မဟုတ်) ထိုသူ၏ နာမည်ကို ရေးပါ။ ထို့နောက် မြေအိုးထဲမှာ သပြေ(၆)ညွန့်၊ ရွက်လှ(၄)ညွန့် ထိုးစိုက်ပါ။ ရေထည့်ပါ။ ပြီးလျှင် နေအိမ်၏ မြောက်အရပ် အမြင့်တစ်နေရာတွင် လင်ပန်းအောက်ကနေခံပြီး တင်ထားပေးပါ။ ထိုအိုးကို မကြာခဏ ရေလောင်းပေးရင်း လိုရာဆုတောင်းပါ။ ထိုသူကိုလည်း မေတ္တာပို့သပေးပါ။ အဆင်ပြေသွားပါက ပန်းများကို စွန့်ပစ်ပါ။ (၁၀)ရက်ပြည့်သည်အထိ အဆင်မပြေသေးပါက ပန်းများကို အသစ်ပြန်လဲတင်ပါ။ ထပ်မံလုပ်ပါ။

**ဗုဒ္ဓဟူးသားသမီး**

ဗုဒ္ဓဟူးသားသမီးတစ်ဦးဦး အိမ်ကနေ ထွက်သွား၍ အမြန်ပြန်လာစေချင်သော်လည်းကောင်း၊



www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓဟူးသားသမီးတစ်ဦးဦး မိမိကို မုန်းတီးနေရာမှ ပြန်ချစ်လာစေရန်အတွက်သော်လည်းကောင်း၊

ဗုဒ္ဓဟူးသားသမီးတစ်ဦးဦး မိမိကို စိတ်ဆိုးနေရာမှ စိတ်ဆိုးပြေစေရန်အတွက်သော်လည်းကောင်း၊

* မြေအိုးတစ်လုံးတွင် ထိုသူ၏အင်္ကျီကို ပတ်ပါ။ သို့မဟုတ် ထိုသူ၏ဓာတ်ပုံကို ကပ်ပါ။ (သို့မဟုတ်) ထိုသူ၏နာမည်ကို ရေးပါ။ ထို့နောက် မြေအိုးထဲမှာ ကံ့ကော်(၁၅)ညွန့်၊ သပြေ(၆)ညွန့် ထိုးစိုက်ပါ။ ရေထည့်ပါ။ ပြီးလျှင် နေအိမ်၏ အရှေ့အရပ် အမြင့်တစ်နေရာတွင် လင်ပန်းအောက်ကနေခံပြီး တင်ထားပေးပါ။ ထိုအိုးကို မကြာခဏ ရေလောင်းပေးရင်း လိုရာဆုတောင်းပါ။ ထိုသူကိုလည်း မေတ္တာပို့သပေးပါ။ အဆင်ပြေသွားပါက ပန်းများကို စွန့်ပစ်ပါ။ (၂၁)ရက်ပြည့်သည်အထိ အဆင်မပြေသေးပါက ပန်းများကို အသစ်ပြန်လဲတင်ပါ။ ထပ်မံလုပ်ပါ။

**ကြာသပတေးသားသမီး**

ကြာသပတေးသားသမီးတစ်ဦးဦး အိမ်ကနေ ထွက်သွား၍ အမြန်ပြန်လာစေချင်သော်လည်းကောင်း၊

ကြာသပတေးသားသမီးတစ်ဦးဦး မိမိကို မုန်းတီးနေရာမှ ပြန်ချစ်လာစေရန်အတွက်သော်လည်းကောင်း၊

ကြာသပတေးသားသမီးတစ်ဦးဦး မိမိကို စိတ်ဆိုးနေရာမှ စိတ်ဆိုးပြေစေရန်အတွက်သော်လည်းကောင်း၊

* မြေအိုးတစ်လုံးတွင် ထိုသူ၏အင်္ကျီကို ပတ်ပါ။ သို့မဟုတ် ထိုသူ၏ဓာတ်ပုံကို ကပ်ပါ။ (သို့မဟုတ်) ထိုသူ၏နာမည်ကို ရေးပါ။ ထို့နောက် မြေအိုးထဲမှာ အုန်း(၆)ညွန့်၊ ကံ့ကော်(၁၅)ညွန့် ထိုးစိုက်ပါ။ ရေထည့်ပါ။ ပြီးလျှင် နေအိမ်၏ အရှေ့မြောက်အရပ် အမြင့်တစ်နေရာတွင် လင်ပန်းအောက်ကနေခံပြီး တင်ထားပေးပါ။ ထိုအိုးကို မကြာခဏ ရေလောင်းပေးရင်း လိုရာဆုတောင်းပါ။ ထိုသူကိုလည်း မေတ္တာပို့သပေးပါ။ အဆင်ပြေသွားပါက ပန်းများကို စွန့်ပစ်ပါ။ (၂၁)ရက်ပြည့်သည်အထိ အဆင်မပြေသေးပါက ပန်းများကို အသစ်ပြန်လဲတင်ပါ။ ထပ်မံလုပ်ပါ။

**သောကြာသားသမီး**

သောကြာသားသမီးတစ်ဦးဦး အိမ်ကနေ ထွက်သွား၍ အမြန်ပြန်လာစေချင်သော်လည်းကောင်း၊

သောကြာသားသမီးတစ်ဦးဦး မိမိကို မုန်းတီးနေရာမှ ပြန်ချစ်လာစေရန်အတွက်သော်လည်းကောင်း၊

သောကြာသားသမီးတစ်ဦးဦး မိမိကို စိတ်ဆိုးနေရာမှ စိတ်ဆိုးပြေစေရန်အတွက်သော်လည်းကောင်း၊

* မြေအိုးတစ်လုံးတွင် ထိုသူ၏အင်္ကျီကို ပတ်ပါ။ သို့မဟုတ် ထိုသူ၏ဓာတ်ပုံကို ကပ်ပါ။ (သို့မဟုတ်) ထိုသူ၏နာမည်ကို ရေးပါ။ ထို့နောက် မြေအိုးထဲမှာ ဇော်စိမ်း(၈)ညွန့်၊ ရွက်လှ(၁၇)ညွန့် ထိုးစိုက်ပါ။ ရေထည့်ပါ။ ပြီးလျှင် နေအိမ်၏ အရှေ့တောင်အရပ် အမြင့်တစ်နေရာတွင် လင်ပန်းအောက်ကနေခံပြီး တင်ထားပေးပါ။ ထိုအိုးကို မကြာခဏ ရေလောင်းပေးရင်း လိုရာဆုတောင်းပါ။ ထိုသူကိုလည်း မေတ္တာပို့သပေးပါ။ အဆင်ပြေသွားပါက ပန်းများကို စွန့်ပစ်ပါ။ (၂၅)ရက်ပြည့်သည်အထိ အဆင်မပြေသေးပါက ပန်းများကို အသစ်ပြန်လဲတင်ပါ။ ထပ်မံလုပ်ပါ။

**စနေသားသမီး**

စနေသားသမီးတစ်ဦးဦး အိမ်ကနေ ထွက်သွား၍ အမြန်ပြန်လာစေချင်သော်လည်းကောင်း၊

စနေသားသမီးတစ်ဦးဦး မိမိကို မုန်းတီးနေရာမှ ပြန်ချစ်လာစေရန်အတွက်သော်လည်းကောင်း၊

စနေသားသမီးတစ်ဦးဦး မိမိကို စိတ်ဆိုးနေရာမှ စိတ်ဆိုးပြေစေရန်အတွက်သော်လည်းကောင်း၊

* မြေအိုးတစ်လုံးတွင် ထိုသူ၏အင်္ကျီကို ပတ်ပါ။ သို့မဟုတ် ထိုသူ၏ဓာတ်ပုံကို ကပ်ပါ။ (သို့မဟုတ်) ထိုသူ၏နာမည်ကို ရေးပါ။ ထို့နောက် မြေအိုးထဲမှာ အုန်း(၆)ညွန့်၊ ရွက်လှ(၁၇)ညွန့် ထိုးစိုက်ပါ။ ရေထည့်ပါ။ ပြီးလျှင် နေအိမ်၏ အနောက်အရပ် အမြင့်တစ်နေရာတွင် လင်ပန်းအောက်ကနေခံပြီး တင်ထားပေးပါ။ ထိုအိုးကို မကြာခဏ ရေလောင်းပေးရင်း လိုရာဆုတောင်းပါ။ ထိုသူကိုလည်း မေတ္တာပို့သပေးပါ။ အဆင်ပြေသွားပါက ပန်းများကိုစွန့်ပစ်ပါ။ (၂၃)ရက်ပြည့်သည်အထိ အဆင်မပြေသေးပါက ပန်းများကို အသစ်ပြန်လဲတင်ပါ။ ထပ်မံလုပ်ပါ။

"ကဲ..ဒါကတော့ ခင်ဗျားတို့အပါအဝင် (၇)နေ့သားသမီးတိုင်းအတွက် စီရင်ထားတဲ့ ယတြာပဲ။ အသုံးချလို့ အောင်မြင်ကြပါလိမ့်မယ်ဗျာ"

**မမှော ဟဝေ ရက္ခတိ မမ္မစာရီ**

**သာထက်ဇော်(မုံရွာ)**



www.burmeseclassic.com

www.burmeseclassic.com

# ချစ်လိုလျက်နှင့် ဝေး ဝေးရလေသောအခါ

ဆရာကံထူး(ဝေဒသုတေသီ)

ချစ်လိုလျက်နှင့် ဝေးခဲ့ရတဲ့ ဇာတ်လမ်းလေး တစ်ပုဒ်ကို နက္ခတ္တဝေဒဗေဒင်အမြင်ဖြင့် ခံစားတင်ပြချင်ပါသည်။

ဖြစ်ပုံက သည်လိုပါ။ (၂၄-၃-၂၀၁၇) သောကြာနေ့ မနက်ပိုင်းမှာ ဖုန်းဝင်လာ၍ ကောက်ကိုင်လိုက်ပါသည်။

'ဟဲလို..မင်္ဂလာပါ'

'ဟုတ်၊ ဆရာ မင်္ဂလာပါ'

'ကဲ..ပြော သမီး၊ ဆရာ ဘာကူညီရလဲ'

'ဟုတ် ဆရာ၊ သမီး ဗေဒင်မေးချင်လို့ပါ'

'ရပါတယ် သမီး၊ ဒါနဲ့ ရန်ကုန်ကလား'

'မဟုတ်ဘူး ဆရာ၊ နယ်ကပါ'

'ဪ..ကိစ္စမရှိပါဘူး၊ ရပါတယ်။ ဆရာက မနက်ဖြန် ရန်ကုန်ရောက်မှာမို့ တွေ့လို့ရအောင်ဆိုပြီး ရန်ကုန်ကလားလို့ မေးလိုက်တာပါ'

'ဟုတ် ဆရာ၊ သမီး မွေးသက္ကရာဇ် ပေးမယ်နော်။ ဆရာ ဉာဏ်ပူဇော်ခကျတော့ ဘယ်လိုပေးရမလဲ ပြောပြပါဦး'

'သမီးတစ်ယောက်တည်းဆိုရင် ဖုန်းဘေ ငါးထောင်တန် တစ်ကတ်ပို့လိုက်။ ဘိုင်ဘာ၊ မက်ဆင်ဂျာ တစ်ခုခုသုံးရင်ပြော။ အဲဒီကနေ ဟောစာတမ်းကို ပို့ပေးမယ်'

'ဘိုင်ဘာသုံးပါတယ် ဆရာ။ ဒါပေမဲ့ ဆရာပြီးတဲ့အခါ သမီး ဖုန်းပြန်ခေါ်ပါ့မယ် ဆရာ'

'ကဲ..ပြော သမီး မွေးသက္ကရာဇ်'


'(၂၇-၈-၈၅) မနက်(၉)နာရီ၊ ပခုက္ကူမွေးပါ ဆရာ။ နာမည်ကတော့ ......'

'ငါးမိနစ်လောက်ဆို ဖုန်းပြန်ဆက်နော်'

'ဟုတ်ကဲ့ပါ ဆရာ'

ထိုသို့ အချီအချ ပြောဆိုပြီး ဇာတာဖွဲ့လိုက်ရာ အောက်ပါအတိုင်း ဇာတာပုံ ပေါ်လာပါသည်။

ကန် လဂ်၊ မကာရ စန်း၊ တနင်္ဂနွေ ကသစ်၊ တနင်္လာ ပြ၊ အင်္ဂါ နိစ်၊ ကြာသပတေး နိစ်၊ စနေ ဥစ် ရပါသည်။




(၈)တန့် မရဏဘာဝတွင် ရာဟုဂြိုဟ်ရပ်ပြီး (၁၂)တန့် ဗျယဘာဝတွင် တနင်္ဂနွေဂြိုဟ် ရပ်တည်ခြင်းကြောင့် ဇာတာသန့်စင်မှု အားနည်း၏။

သို့သော် စန္ဒရမင်္ဂလယုဂ် ရထား၏။ လဂ်သခင်လည်းဖြစ်ပြီး ကမ္မဘာဝသခင်လည်းဖြစ်တဲ့ ဗုဒ္ဓဟူးဂြိုဟ်သည် လာဘဘာဝ၌ ရပ်တည်၏။ လောကီဘုန်းကံဆိုင်ရာ (၅)တန့်သခင် စနေဂြိုဟ် ဥစ်ရထား၏။ ထို့ကြောင့် အလတ်တန်းစား ဇာတာဟု ဆိုရပေမည်။

ဤသို့ ဇာတာကို စိစစ်ပြီး ဇာတာရှင်၏ စရိုက်လက္ခဏာကို ဆန်းစစ်ကြည့်ရာ-

ဇာတာရှင်သည် အခြားမိန်းကလေးထက် အရှက်အကြောက် ပိုတတ်၏။ ကျေးဇူးရှိသူဟု ဆိုရပေမည်။ သူတစ်ပါးကျေးဇူးကို သိတတ်၏။ တရားမျှတမှုကို နှစ်သက်တတ်၏။ သို့သော် ထိုသဘောကို ထင်ရှားပေါ်လွင်အောင် မပြတတ်။

စန်း (ခေါ်) တနင်္လာဂြိုဟ် ပြခံနေ၍ စိတ်ကူးစိတ်သန်း အတွေးအခေါ် အားနည်း၏။ မိမိစိတ်ခံစားမှုကို အထင်အရှား မပြတတ်။ မိမိရင်ထဲတွင် ချစ်စိတ်ရာခိုင်နှုန်း တစ်ရာရှိနေလျက် ငါးဆယ်ရာခိုင်နှုန်းလောက်ပဲ အထင်အရှား ပြတတ်ပါသည်။

ထိုကာရိုက်တာသဘောကို ကံကြမ္မာသို့ ပြောင်းကြည့်လျှင် ချစ်သူ့ထံမှ အချစ်ကို အပြည့်အဝ မရရှိနိုင်တဲ့ ဇာတာပါ။ နားလည်လွယ်အောင် ရိုးရှင်းစွာပြောလျှင် အနစ်နာခံပြီး ချစ်ရမည့် ကံဇာတာပါသူ ဖြစ်ပါသည်။

ထို့အပြင် အိမ်ထောင်ရေး၊ အိမ်ထောင်ဖက်ဆိုင်ရာ



www.burmeseclassic.com

www.burmeseclassic.com

ပထနီဘာဝသခင် ကြာသပတေးဂြိုဟ်သည် နိစ်ရာသီတွင် ရပ်တည်နေ၏။ အိမ်ထောင်တစ်ခု ပြုတော့မည်ဟု စိတ်ကူးကတည်းက အနှစ်နာခံပြီး ချစ်ရ၊ ပေါင်းရသည်ကို ဂုဏ်ယူလိုစိတ်ဖြင့် စတင်တည်ဆောက်တတ်တဲ့ ဇာတာရှင်မျိုး ဖြစ်ပါသည်။

တကယ်လည်း တည်ဆောက်၏။ အနှစ်နာခံတတ်သူတို့၏စိတ်တွင် အသာစံလိုတဲ့ အာသာဆန္ဒတစ်ခု အရိပ်သဖွယ် မသိမသာ တွယ်ကပ်နေလေ့ရှိသည်ကား ဓမ္မတာပင် ဖြစ်ပါသည်။ တစ်နေ့တော့ သူ ငါ့စေတနာကို နားလည်လာလိမ့်မည်။ တစ်နေ့ ငါ့အပေါ် ကောင်းလာမှာပါဟု မျှော်လင့်ကြ၏။ တရားမျှတတဲ့ မျှော်လင့်ချက်ဟု ဆိုရပေမည်။

အနှစ်နာခံပေးပါလျက်နှင့် မျှော်လင့်ထားတဲ့အတိုင်း ဖြစ်မလာတဲ့အခါ ဝမ်းနည်းခြင်း၊ အားမရနိုင်ခြင်းများ ကြီးစိုးလာ၏။ ထိုအခါ အနှစ်နာခံချစ်ရမည့် မိမိကံဇာတာကို မေ့လျော့သွားတတ်၏။ ငါ ရှုံးနိမ့်နေတာပဲလို့ ခံစားလာတတ်ပါသည်။ မရနိုင်အရ ရယူလိုစိတ်လည်း ပြင်းပြလာတတ်ပါသည်။

သို့သော် ကံကြမ္မာက ဆန္ဒပြည့်ခွင့် ပေးလေ့မရှိတတ်ပေ။ သူ့ဆန္ဒ ပြည့်ဝဖို့ကို မလိုလားတဲ့ သူ့ကံဇာတာက လှည့်စားလာတဲ့အခါ သူချစ်ပါတယ်ဆိုတဲ့ သူချစ်သူက သူ့ကို စွန့်ခွာသွားတတ်ပါသည်။ ထိုအခါ ချစ်လိုလျက်နှင့် ဝေး..ဝေးရတတ်ပေသည်။

အိမ်ထောင်ဖက်ဖြစ်လာမည့် ချစ်သူ့အင်္ဂါ လက္ခဏာကို ဗေဒင်ဥပဒေသအရ စစ်ဆေးကြည့်တဲ့အခါ မိမိထက် ငယ်သူနှင့် ညားရမဲ့ မမ-မောင်လေးဇာတာ ဖြစ်နေသည်ကို တွေ့ရပြန်ပါသည်။ ကြီးတော့မီ၊ ငယ်တော့ချီ ဆိုရိုးဓမ္မတာရှိသည် မဟုတ်ပေလော။ ချီလည်း ချီလိုပါသည်။

သို့သော် ကံဇာတာက စန်း (ခေါ်) တနင်္လာဂြိုဟ်သည် ပြခံလျက် မွေးလာသည်မို့ ချီလိုလျက် ချီခွင့်မရနိုင်ပြန်။ လိုတိုရှင်းပြောပါက အချစ်ရေးရော အိမ်ထောင်ရေးပါ ကံမကောင်းနိုင်တဲ့ ဇာတာရှင်ပါ။ ဤသို့ ဘဝနှင့် ဇာတာ၊ ဇာတာနှင့် စရိုက်လက္ခဏာကို ချင့်ချိန်စဉ်းစားရင်း အတိတ်ကြောင်းလေးကို တစေ့တစောင်း ငဲ့စောင်းကြည့်လိုက်ပါသည်။

(၁၅-၇-၂၀၁၄)မှ (၂-၂-၂၀၁၆)ထိ (၁၈)လအတွင်း၌ ဇာတာ့ရှင်လက်ပေါ်တွင် အမှား၊ အမှောင်၊ အမိုက်ကို ကိုယ်စားပြုတဲ့ ကောဇာရာဟုဂြိုဟ် စီးနင်းသွားခဲ့သည်ကို တွေ့ရ၏။ ထိုကာလ၌ မှားယွင်းစွာ အိမ်ထောင်ကျခဲ့တတ်သည်ကို ပြသနေ၏။ ကျခဲ့သလားလို့ တိုးတိုးလေး မေးကြည့်လိုက်တော့ ဟင့်အင်းဟု ခေါင်းခါကာ ငြင်းဆိုပါသည်။

သို့ဆိုလျှင် (၁၂-၈-၂၀၁၆)မှ (၁၁-၉-၂၀၁၇)အထိ တစ်နှစ်တာ ကာလအတွင်း၌ မိနှင့်ဖနှင့်၊ လူကြီးသူမနှင့် တင့်တင့်တယ်တယ် လက်ထပ်ရမည့်ကိန်း ရှိနေပါသည်။

"ကဲ..သမီး အိမ်ထောင်ကျပြီးပြီလား"

လို့ မေးကြည့်လိုက်ရာ-

"ဟုတ် ဆရာ"

ကွက်တိဖြစ်နေပါသည်။ မကျသေးရင် (၁၁-၉-၂၀၁၇)ကို နောက်ဆုံးထားပြီး အိမ်ထောင်ကျလိမ့်မည်ဟု ဟောကိန်းထုတ်ရပေတော့မည်။

ကျပြီးပြီဆိုတော့ ကောဇာအနေအထားကို ကြည့်လျှင် ကန်လက်ပေါ်တွင် ကြာသပတေးဂြိုဟ် စီးနေသည်မို့ (၁၁-၉-၂၀၁၇)အတွင်း အိမ်ထောင်ရေး အထူးသာယာနေမည်ဟု ဟောရမလို ဖြစ်နေတော့၏။ ဟောတော့မလို့ အားယူစဉ် မကာရရာသီတွင် ပြခံကာ ရပ်တည်နေသော စန်း(တနင်္လာ)ကို သွားသတိရပါသည်။

(၂၆-၁-၂၀၁၇)တွင် ကောဇာစနေဂြိုဟ် ဓနုရာသီသို့ ပြောင်း၍ မကာရစန်းဇာတာရှင်များ ဆာတီဆတ္တိ မိနေ၏။ ထိုတွင် စာရေးသူလည်း ပါဝင်ပါသည်။ ဆာတီဆတ္တိ အဟောတွင် စန်း၏ (၁၂)တန့်သို့ ကောဇာစနေရောက်လျှင် ဘဝမှာ ကံဆိုးမိုးမှောင်ကျခြင်း၊ ဝမ်းနည်းကြေကွဲရခြင်း ရှိမည်ဟု ပရာသနမဂ္ဂကျမ်းက ဆို၏။

ဖလဒီပိကာကျမ်းကမူ တန်ဖိုးမရှိတဲ့ အကျိုးမဲ့ လုပ်ငန်းများကို လုပ်ကိုင်တတ်ခြင်း၊ ဆန့်ကျင်ဖက် ရန်သူများရဲ့ ပစ္စည်းဥစ္စာ လုယက်မှုကို ခံရခြင်း၊ ဇနီးသားမယား အနာရောဂါများခြင်း ရှိမည်ဟု ပြဆိုထားပါသည်။ အချို့ကျမ်းများကတော့ ကြောက်ရွံ့ထိတ်လန့်ခြင်း၊ ဒုက္ခအမျိုးမျိုးရောက်ခြင်း ရှိမည်ဟု ပြဆိုထားပါသည်။

စန်းမှ (၁၂)တန့်သို့ ကောဇာစနေရောက်စဉ် ပထမ (၇)လတွင် ဦးခေါင်းနဖူးကို ဖြတ်သန်း၍ ဆုံးရှုံးမှုကို



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပေါ်စေသည်။ နောက်ထပ်(၉)လတွင် မျက်စိကို ဖြတ်သန်း၍ ဆုံးရှုံးမှုကိုပင် ပြ၏။ နှစ်ရပ်ပေါင်း(၁၆)လသည် ဆိုးကျိုးပေးတဲ့ကာလဟု ပြဆိုရာ (၂၆-၇-၂၀၁၈)အထိ ဆုံးရှုံးမှု များနေမည်။

ဘာတွေဆုံးရှုံးမလဲလို့ ဆန်းစစ်ကြည့်လျှင်-

တနင်္လာရဲ့ ပရိယာယ်အရ ချစ်သူ၊ မိခင်၊ ငွေကြေး တစ်ခုခု သို့မဟုတ် သုံးခုလုံး ဆုံးရှုံးတတ်ပါသည်။ ကန်လင်္ဂရဲ့ (၅)တန့်တွင် ရပ်တည်တဲ့ စန်းပေမို့ ကြိုဟ်နှင့် ဘာဝကိုတွဲပြီး ကောက်ချက်ချလျှင် ချစ်သူဖြစ်ဖို့သာ များပါသည်။ ချစ်သူနှင့် ဝေးကွာရမည့် အနေအထားကို ဇာ*တာက ပြသနေတော့၏။ ချစ်သူရဲ့ ခွဲခွာခြင်းကို ခံရပေ*မည်။

အိမ်ထောင်ရှင်တစ်ဦး၏ ချစ်သူသည် အိမ်ထောင်ဖက် လင်ယောကျ်ား သို့မဟုတ် ဇနီးမယား ဖြစ်ပါသည်။ ထို့ကြောင့် အိမ်ထောင်ရေး ကိုယ်စားပြု ပထနီဘာဝကို လိုက်ကြည့်ရာ (၂၁-၁-၂၀၁၇)ကစပြီး (၁-၃-၂၀၁၇) အထိ အင်္ဂါဂြိုဟ်သည် ပထနီဘာဝ၌ ရပ်တည်နေပါ၏။ အိမ်ထောင်ဖက်နှင့် ကတောက်ကဆ စကားများရတတ်ပါသည်။

ဘာကိုအခြေခံပြီး စကားများနိုင်သလဲလို့ ဉာဏ်မီသလောက် ဆန်းစစ်ကြည့်တဲ့ခါ ဆာတီဆတ္တိ မိနေတဲ့ အဆိုပါ တနင်္လာဂြိုဟ်သည် ကန်လင်ဇာတာရှင်ရဲ့ လာဘဘာဝသခင် ဖြစ်သည်ကို တွေ့ရ၏။ ကေန္ဒတော့ ရသင့်သည်ကို မရလို့ ရလိုမှုကြောင့် စကားခိုက်ရန် ဖြစ်ကြမှာသေချာ၏။ တစ်နည်းပြောပါက အိမ်ထောင်ရေး စည်းကမ်းအရ ပေးသင့်သည်ကို မပေးသောကြောင့် ဖြစ်ပါသည်။

ဟုတ်လားလို့ မေးကြည့်ရာ ဟုတ်နေပါသည်။ အရာရှိတစ်ယောက် ဖြစ်ပါလျက်ကယ်နှင့် အိမ်သူသက်ထားဇနီးမယားကို လစာငွေ တစ်ပြားမှမပေး၊ တစ်ပြားမှ မရပေ။ မရတော့ ရသင့်သည်ဟု တောင်းဆို၏။ မပေးလိုသူထံ တောင်းခံခြင်းသည် မုန်းဆေး ဝယ်သည်နှင့် တူသလို ရန်ဆေး ဖော်စပ်သည်နှင့်လည်း တူပေသည်။

အိမ်ထောင်ရေးဘာဝသခင် ကြာသပတေးဂြိုဟ်ကို ကြည့်ပါကလည်း (၇-၂-၂၀၁၇)ကစပြီး (၉-၆-၂၀၁၇) အထိ ကန်လင်ပေါ်တွင် ရီထရီအပြန် သွားနေပါသည်။ အိမ်ထောင်ရေးဘာဝကို အင်္ဂါကလည်း စီးနင်းထား၊ ဘာဝသခင်ဂြိုဟ်ကလည်း ပုံမှန်မသွား၊ ပြောင်းပြန်သွားလေတော့ အိမ်ထောင်ရေး မသာယာနိုင်တော့တာ သေချာပြီပေါ့။

ဆာတီဆတ္တိ၏ သဘောသည် ချစ်ရသူနှင့် ဝေးရခြင်း၊ ချစ်ရသူကို စွန့်ခွာခြင်း၊ ချစ်သူ၏ စွန့်ခွာခြင်းကို ခံရခြင်းများ ဖြစ်ပေသည်။ နီးတကျက်ကျက် ဝေးတသက်သက်ဆိုတဲ့ မတည့်အတူနေ သဘောမျိုး မဟုတ်ပေ။ ထို့ကြောင့် ဆုံးရှုံးခြင်းတစ်ရပ်အနေဖြင့် ချစ်သူရဲ့ စွန့်ခွာခြင်းကို ခံရပါသည်။

*အိမ်သူဇာတာက ထိုသို့ပြနေသော်လည်း အိမ်ထောင်*ဦးစီး အိမ်ရှင်လင်ယောကျ်ားရဲ့ ဇာတာအနေအထားက ကောင်းနေလျှင် သက်သာနိုင်ပါသည်။ ထို့ကြောင့် သက်သာရာရနိုင်လေမလားလို့ ငုံ့စောင်းကြည့်လိုက်ရာ ခနုစန်းဆိုတော့ ယောကျ်ားဇာတာ၌လည်း ဇနမစန်းကို ကောဇာစနေ စီးနင်းထား၏။ ဆာတီဆတ္တိ ဒုတိယပိုင်း မိနေပါသည်။

ဇနမစန်းကို ကောဇာစနေ စီးနင်းလျှင်-

မလိုလားအပ်တဲ့ ကိစ္စအတွက် အလွန်အမင်း ဒေါသထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ရောဂါဖြစ်ပွားခြင်း၊ ဆုံးရှုံးခြင်း ရှိမည်ဟု ဖလဒီပိကာ ပြဆို၏။ အမှန်တကယ်လည်း မလိုလားအပ်တဲ့ ကိစ္စအပေါ် အလွန်အမင်း ဒေါသထွက်ခဲ့ပါသည်။ လစာငွေကို ဇနီးမယားက တောင်းတဲ့ကိစ္စက ဒေါသထွက်စရာမှ မလိုတာ။ တောင်းစရာ မလိုဘဲကို ပေးအပ်ရမည့် တာဝန်ရှိပါသည်။

သို့သော် ဇနမစန်းကို စနေစီးတော့ တာဝန်ဝတ္တရားတွေ အသာဘေးချိတ်ပြီး အမှားကြီးမှားဖို့ ကြိုးစားခဲ့သည်ဟု ဆိုရပေတော့မည်။ ဗေဒင်ကို မယုံ၊ ဝါသနာမပါ၊ စိတ်မဝင်စားသူများအတွက်တော့ ဖြစ်စရာရှိလို့ဖြစ်သည်ဟုပင် မှတ်ချက်ချရမည် ထင်ပါသည်။ မည်သို့ပင် မှတ်ချက်ချချ၊ နှစ်ယောက်သားရဲ့ ဘဝနှစ်ခုကတော့ ဝေးကွာသွားသည် အမှန်ပင်။

ပရာသနမင်္ဂကျမ်း၌မူ ရပ်ဝေးသို့ ထွက်ပြေးတိမ်းရှောင်ရခြင်း၊ ငွေကြေးကိစ္စ နားလည်မှုလွဲမှားခြင်း၊ ဆွေမျိုးများနှင့် ခိုက်ရန်ဖြစ်ခြင်း၊ အဆိပ်နှင့် မီးဘေးအန္တရာယ် ကျရောက်ခြင်း ရှိမည်ဟု ပြဆိုပါသည်။ အခုလည်း ထဲ



www.burmeseclassic.com

www.burmeseclassic.com

ငွေကြေးကိစ္စ နားလည်မှုလွဲပြီး မအပ်နှံရာကနေ ပြဿနာတွေဖြစ်၊ စိတ်တွေထွေပြီး ဝေးသထက်ဝေးရာသို့ ထွက်ပြေးတိမ်းရှောင်သွားသည် မဟုတ်ပေလော။

ယောကျ်ားဇာတာတွင် စနေဂြိုဟ် ကုမ်ရာသီ၌ ကသစ်စံနေ၏။ မနုရာသီရောက် ကောဇာစနေက ကုမ်ရာသီရှိ မူလစနေကို (၃)တန့်မြင်ထား၏။ (၃)တန့် မြင်ခံရသော ထိုမူလစနေက ပြိဿရာသီခွင်ရှိ တနင်္ဂနွေကို (၃)တန့်လှမ်းမြင်ပြန်၏။ တနင်္ဂနွေပိုင် သိဟ်ရာသီကိုလည်း (၇)တန့် အားကောင်းကောင်းနှင့် လှမ်းမြင်ပါသည်။

ထို့ကြောင့် စနေ ဆာတီဆတ္တိ သဘောတွင် ဖခင်၏ ထိန်းချုပ်ခြယ်လှယ်မှု ပါဝင်ပတ်သက်နေပေမည်။ အမှန်တကယ်လည်း ဟုတ်နေပါသည်။ သားလစာကို ချွေးမအား မပေးစေဘဲ ဖခင်ချုပ်ကိုင်ထား၏။ အဘယ့်ကြောင့် ထိုသို့ဖြစ်ရသည်ကိုမူ မွေးချိန်အတိအကျ မသိရ၍ မဆုံးဖြတ်နိုင်ပါ။

ခန့်မှန်းကြည့်ပါက ဖခင်ဩဇာအာဏာကို မလွန်ဆန်နိုင်ရကား တနင်္ဂနွေ လက်တွင် ပူးနေတဲ့ ပြိဿလက်ဖြစ်ဖို့ များပါသည်။ ဘဝမှာ ဖခင်ဩဇာ လွှမ်းမိုးမှုကြောင့် စိတ်သောကဖြစ်ရတတ်တဲ့ ဇာတာရှင်ဟု စာရေးသူ တွေးထင်မိပါသည်။ မည်သို့ဖြစ်စေ အရင်းစစ် အမြစ်မြေက ဆိုသည့်အတိုင်း စနေဆာတီဆတ္တိမိသောကြောင့် ထိုသို့ရှုပ်ထွေးပွေလီလာရပေသည်။

အရှုပ်ကို ကြိုတင်ရှင်းမထားနိုင်၍ ထိုသို့ ရှုပ်ထွေးပွေလီကာ ရှုပ်လျက်ကပင် ထွက်ပြေးတိမ်းရှောင်သွားရပေသည်။ အကယ်၍ ဗေဒင်ပညာအကူအညီဖြင့် တင်ကြိုသိထားနိုင်လျှင် အရှုပ်ကို ကြိုတင်ရှင်းထားနိုင်တာမို့ နည်းသည်းပါးပါး စိတ်ဆင်းရဲသည်ကလွဲလို့ အိမ်ထောင်တစ်ခုပြိုကွဲရသည်ထိ ကြီးမားသွားစရာ အကြောင်းမရှိပေ။

အိမ်သူ့ဇာတာကို ငုံစောင်းကြည့်သောခါ ကရကဋ်ရာသီတွင် အင်္ဂါနှင့် ဗုဒ္ဓဟူး ပူးနေသည်ကို သတိပြုမိ၏။ ချခြင်သေ့ ဆဒ္ဒန်မှာ တစ်လင်သာမြဲတဲ့ ညာဖွားဆိုတဲ့ ဆေင်ဥပဒေသအရ တစ်အိမ်ထောင် တစ်လင်တစ်မယားမြစ်ကို လိုလားနှစ်သက်တဲ့ သဘောရှိ၏။ မမ-မောင် ဇာတာရှင်မို့ ဒီမောင်လေးနှင့်ပဲ ဘဝကို သက်ဆုံး သွားလို၏။

ထိုသို့ ဗေဒင်ပညာဖြင့် ထင်မြင်ခြင်းသည် မှန်လေမလားလို့ စာရေးသူဘာသာ တွေးတောပြီး 'သူ့မကြင်နာတမင်ရှောင်ခွာ စိမ်းလေပြီပဲ သမီးရယ်၊ တမ်းတနေစရာမှ မလိုတော့တာ။ အချိန်တန် နောက်တစ်ယောက် တွေ့လိမ့်မယ်' လို့ သွေးတိုးစမ်းကြည့်ပါသည်။ မရရေးချ လုံးဝမရပါ။ သူမှသူ ဖြစ်နေပါသည်။

ဆိုလိုသည်ကား မှန်းတီးစက်ဆုပ်၍ လမ်းခွဲလိုက်ရသည် မဟုတ်၊ ချစ်လိုလျက်နှင့် ဝေး..ဝေးရခြင်းသာ ဖြစ်ပါသည်။ ချစ်လိုလျက်နှင့် ဝေးရအောင် ဘယ်သူက ဖန်တီးလိုက်သလဲလို့ တရားခံရှာရင်တော့ ပတ်ဝန်းကျင်မှာ သူ့အမြင် ကိုယ့်အထင် အားလျော်စွာ တစ်ယောက်ယောက်တော့ တွေ့မှာသေချာပါသည်။ ဟုတ်,မဟုတ်တော့ မည်သူမျှ မသိနိုင်ချေ။

ဗေဒင်ပညာ အကူအညီဖြင့် ဘဝကို အဖြေရှာလျှင်တော့ စနေဆာတီဆတ္တိ မိနေခြင်းကို တရားခံဟု မြင်ပါသည်။ မိမိကံဇာတာကို ကြိုတင်သိမထားခဲ့မိတဲ့ မိမိသည်ပင် တရားခံအစစ်ဟု ဆိုချင်ပါသည်။ အကယ်၍ ကြိုသိခဲ့လျှင် အရှုပ်ကို ကြိုရှင်းနိုင်သည်မို့ ချစ်လိုလျက်နှင့် ဝေးရမည် မဟုတ်ပေ။

ထို့ကြောင့် ဘဝမှာ ချစ်လိုလျက်နှင့် မဝေးရလေအောင် ဗေဒင်ကို ဆောင်သင့်ကြောင်း ကြော်ငြာဝင်ပြီး ဗေဒင်ကိုသာ ဆောင်ပါဟု တိုက်တွန်းချင်ပါသည်။ တစ်နှစ်တစ်ခါ ဗေဒင်ပညာဖြင့် စစ်ဆေးလျှင် မိမိဘဝရဲ့ ကံကြမ္မာဆိုင်ရာ အပြောင်းအလဲဖြစ်ဟန် အကောင်းအဆိုးနှစ်တန်ကို အတော်အတန်လေး သိမြင်နိုင်ပါသည်။

ကောင်းဆိုးနှစ်တန် ပြောင်းလဲဟန်ကို မိမိကိုယ်တိုင် သိမြင်ပြီးပါက လိုချင်ရာကို သံဟိတနည်းပညာ အကူအညီဖြင့် ရွေးချယ်ယူရန်သာ ရှိတော့၏။ ဖြစ်ပြီးမှ သိရခြင်းသည်ကား တစ်လှမ်းနောက်ကျနေပြီမို့ ကူညီရခက်ပေသည်။ ထို့ကြောင့် ချစ်လိုလျက်နှင့် မဝေးရခင် ကံကြမ္မာကို ကြိုတင်စစ်ဆေးသင့်ကြောင်း အကြံပြု တင်ပြလိုက်ပါသည်။

ရှင်လန်းချမ်းမြေ့ကြပါစေဗျာ
ဆရာကံထူး(ဝေဒသုတေသီ)
ဖုန်း - ၀၉ ၄၀၁ ၅၃၄ ၄၉၉ ၊ ၀၉ ၇၇၂ ၁၅၀ ၅၇၃

<u>မှတ်ချက်</u>

* ကာယကံရှင် ဆန္ဒအရ အားလုံး လွှဲထားပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## (၂၀၁၇)ခုနှစ်၊ စက်တင်ဘာလအတွက် ဈေးကွက်ခန့်မှန်းချက်

ကရကဋ်ရာသီ၌ ရာဟုဂြိုဟ် တည်ရှိသဖြင့် ခိုးသား၊ ဓားပြနှင့် ပုန်ကန်သူများ ထကြွတတ်၏။ သိဟ်ရာသီ၌ ၁နွေ၊ ၃ဂါ၊ ၄ဟူး၊ ၆ကြာတို့ ပူးတွဲတည်ရှိချိန်တွင် ကြံ၊ သကြား၊ ဆီ၊ နှမ်း၊ ရွှေ၊ ငွေ ရှားတတ်၏။ တန်ရာသီ၌ ၅တေး ဂြိုဟ်ရှိ၍ မိုးကောင်းတတ်၏။ သို့သော် တူရာသီတွင် ၅တေးဂြိုဟ် ရောက်ချိန်တွင် ပင်ပန်းဆင်းရဲအံ့။ မကာရရာသီ တွင် ကိတ်ဂြိုဟ် တည်ရှိချိန်တွင် ကြေးဖြူနှင့် ဝါချည်တို့ ဈေးကစားအံ့။



မင်းမပော်ညွှန်

# နက္ခတ်ဗေဒ ရက်မြတ်ကောင်း အချိန်အခါ




### ၁-၉-၂၀၁၇ (သောကြာနေ့)
### (၁၃၇၉)ခုနှစ်၊ တော်သလင်းလဆန်း (၁၁)ရက်

ဂုဏ်ကျက်သရေ တိုးပွားသောယုဂ် ရရှိသဖြင့် ယနေ့ ကျောက်မျက်ရတနာ တူးဖော်ရန်၊ စူးစမ်းရှာဖွေရန် ရေတွင်း,ရေကန်,အဝီစိတွင်း တူးဖော်ရန်၊ စာပေကျမ်းဂန် ရေးသားပြုစုရန်၊ အိမ်,ခြံ,မြေ ရောင်းဝယ်ရန် ရေကြောင်းခရီး သွားရန်၊ ကုန်ပစ္စည်းကိစ္စ ဆောင်ရွက်ရန်၊ ဥယျာဉ်ခြံမြေလုပ်ငန်း စတင်ရန်၊ စပါး ရိတ်သိမ်းရန်၊ လူမှုရေးကိစ္စ ဆောင်ရွက်ရန်၊ အလုပ်သစ်လျှောက်ရန်၊ စပါးကျီသွင်းရန်၊ ထွန်ယက် စိုက်ပျိုးရန်၊ နှစ်ရှည်သီးနှံပင်များ မြေချစိုက်ပျိုးရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ အထွန်းဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၁၀:၃၀)နာရီမှ မွန်းတည့်(၁၂:၀၀)နာရီ အတွင်း ရှောင်မွေးလျှင် ကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်သန်းဟိန်း၊ မသီတာ သိမ့်..ဟု ပေးနိုင်ပါသည်။ ယနေ့ မြောက်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အဝါရောင် ဖြစ်သည်။




### ၂-၉-၂၀၁၇ (စနေနေ့)
### (၁၃၇၉)ခုနှစ်၊ တော်သလင်းလဆန်း (၁၂)ရက်

မိတ်သင်္ဂဟ ပေါများသောယုဂ် ရရှိသဖြင့် ယနေ့ ဘုရားတည်ရန်၊ ထီးတော်တင်ရန်၊ ရုပ်တု ကြေး သွန်းလောင်းရန်၊ ကျောက်ဆစ်ထုရန်၊ အဆောက်အအုံ ပန္နက်ရိုက်ရန်၊ ကျင်းတူး,တိုင်ထူရန်၊ အဆောက် သစ်လျှောက်ရန်၊ မိတ်သစ်ဆွေသစ် ဖွဲ့ရန်၊ ကြော်ငြာဆိုင်းဘုတ်တင်ရန်၊ အနုပညာ ဂီတ,သရုပ်ဆောင်



www.burmeseclassic.com

www.burmeseclassic.com

ရန်၊ အိမ်ပြောင်း၊အိမ်တက်ရန်၊ လှေကားထောင်ရန်၊ အောင်ဘာလေထီ ထိုးရန်၊ ဘဏ်စာရင်းဖွင့်ရန်၊ ခွဲစိတ်ကုသမှု ခံယူရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ဘင်္ဂဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၉း၀၀)နာရီမှ (၁၀း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ထွန်းနောင်ဟိန်း၊ မနေနန်းသူ..ဟု ပေးနိုင်ပါသည်။ ယနေ့ အနောက်တောင်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အပြာရောင် ဖြစ်သည်။




## ၃-၉-၂၀၁၇ (တနင်္ဂနွေနေ့)

## (၁၃၇၉)ခုနှစ်၊ တော်သလင်းလဆန်း (၁၃)ရက်

အဘိဓိနက္ခ ရှိသဖြင့် ယနေ့ ဘာသာရေးဆိုင်ရာနှင့် ဆေးဂိုဏ်း၊ ပုဂ္ဂိုလ်ဂိုဏ်းဆိုင်ရာ ကန်တော့ပွဲတင်ရန်၊ အဓိဋ္ဌာန်လုပ်ငန်း ဝင်ရန်၊ သမထဘာဝနာ ပွားများရန်၊ ဂါထာမန္တန် မန်းမှုတ်ရွတ်ဆိုရန်၊ အစွမ်းထက်ဆေးဝါး ဖော်စပ်ရန်၊ ပီယဆေး ဖော်စပ်ရန်၊ နာမည်ပေး ကင်ပွန်းတပ်ရန်၊ အဆောက်အအုံအတွက် ပန္နက်ရိုက်၊ အုတ်မြစ်ချ၊ လှေကားထောင်ရန်၊ ရေတွင်း၊ရေကန်၊အဝီစိတွင်း တူးဖော်ရန်၊ အိမ်ပြောင်း၊အိမ်တက်ရန်၊ ဆေးခန်းဖွင့်ရန်၊ ဆေးကုသမှု ခံယူရန်၊ အလုပ်သစ်လျှောက်ရန်၊ ယာဉ်၊စက်ပစ္စည်း ရောင်းဝယ်ရန်၊ ပျိုးနုတ် ကောက်စိုက်ရန်၊ သီးနှံခူးဆွတ်ရိတ်သိမ်းရန်၊ စပါးကျီသွင်းရန်၊ ခရီးသွားရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ပုတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၄း၃၀)နာရီမှ (၆း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်အောင်ကျော်မိုး၊ မအေးချမ်းမေ..ဟု ပေးနိုင်ပါသည်။ ယနေ့ အရှေ့မြောက်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အပြာနုရောင် ဖြစ်သည်။




## ၄-၉-၂၀၁၇ (တနင်္လာနေ့)

## (၁၃၇၉)ခုနှစ်၊ တော်သလင်းလဆန်း (၁၄)ရက်

အလိုဆန္ဒပြည့်ဝသောယုဂ် ရှိသဖြင့် ယနေ့ အမည်ကင်ပွန်းတပ်ရန်၊ အဆောက်အအုံအတွက် အုတ်မြစ်ချရန်၊ အုတ်စီ၊ ကျောက်သွေးလောင်းရန်၊ ဦးခေါင်းတွင် ရတနာဝတ်ဆင်ရန်၊ လေကြောင်းခရီးသွားရန်၊ ထီးတော်တင်ရန်၊ ယာဉ်၊စက်ပစ္စည်း ရောင်းဝယ်ရန်၊ ငွေကြေးချေးငှားရန်၊ ရုပ်ရှင်၊ဗီဒီယို ကန်တော့ပွဲပေးရန်၊ သရုပ်ဆောင်လုပ်ငန်း ဆောင်ရွက်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ပုတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၁၀း၃၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလို ပါက မောင်ကျော်မိုးသူ၊ မခိုင်ခင်မိုး..ဟု ပေးနိုင်ပါသည်။ ယနေ့ အရှေ့တောင်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အဖြူရောင် ဖြစ်သည်။




## ၅-၉-၂၀၁၇ (ဗုဒ္ဓဟူးနေ့)

## (၁၃၇၉)ခုနှစ်၊ တော်သလင်းလဆုတ် (၁)ရက်

ဘုန်းကံထက်မြက်သောယုဂ် ရှိသဖြင့် ယနေ့ ဘုရားတည်ရန်၊ ထီးတော်တင်ရန်၊ အဆောက်အအုံ အုတ်မြစ်ချရန်၊ အုတ်စီ၍ ကျောက်သွေးလောင်းရန်၊ အိမ်တိုင်ထူရန်၊ အိမ်သစ်၊တိုက်သစ် တက်ရန်၊ လှေကားထောင်ရန်၊ ဥယျာဉ်ခြံထွက်အသီး ဆွတ်ခူးရန်၊ စပါးရိတ်သိမ်းရန်၊ သာသနာ့အလံလွှင့်ထူ၍ ထီးတော်တင်ရန်၊ အလှူမဏ္ဍပ် ဆောက်လုပ်ရန်၊ လေကြောင်းခရီးသွားရန်၊ အထက်လူကြီးထံ အစီရင်စာ တင်သွင်းရန်၊ အလုပ်သစ်လျှောက်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ အဓိပတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်းတည့်(၁၂း၀၀)နာရီမှ မွန်းလွဲ(၁း၃၀)နာရီအတွင်း ရှောင်



www.burmeseclassic.com

www.burmeseclassic.com

မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်လှိုင်ဟိန်း၊ မလွင်လွင်နိုင်..ဟု ပေးနိုင်ပါသည်။ ယနေ့ တောင်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ လိမ္မော်ရောင် ဖြစ်သည်။



**၈-၉-၂၀၁၇ (သောကြာနေ့)**

**(၁၃၇၉)ခုနှစ်၊ တော်သလင်းလဆုတ် (၃)ရက်**

ဘုန်းကံကြီးမားသောယုဂ် ရရှိသဖြင့် ယနေ့ ဘုရားဆင်းတုတော် ထုလုပ်ရန်၊ ဘုရားပင့်ဆောင်ရန်၊ ဘုရားအနေကဇာတင်ရန်၊ အမည်ကင်ပွန်းတပ်ရန်၊ ဆေးဝါးဖော်စပ်ရန်၊ ဆေးခန်းဖွင့်ရန်၊ ကုန်ပစ္စည်းသိုလှောင်ရန်၊ အင်တာဗျူးရန်၊ အစုရှယ်ယာဝင်ရန်၊ အထည်ယက်လုပ်ရန်၊ အိမ်တက်,လှေကားထောင်ရန်၊ မျိုးစေ့ချ အပင်စိုက်ရန်၊ ပန်းချီ,ပန်းပုနှင့် ပန်း(၁၀)မျိုးလုပ်ငန်း လုပ်ဆောင်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ အထွန်းဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၁၀း၃၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဟန်မင်းကျော်၊ မဟန်သာလွင်..ဟု ပေးနိုင်ပါသည်။ ယနေ့ မြောက်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အဖြူရောင် ဖြစ်သည်။



**၉-၉-၂၀၁၇ (စနေနေ့)**

**(၁၃၇၉)ခုနှစ်၊ တော်သလင်းလဆုတ် (၄)ရက်**

အထွတ်အမြတ်ဖြစ်သောယုဂ် ရရှိသဖြင့် ယနေ့ အမည်ကင်ပွန်းတပ်ရန်၊ ဆံရိတ်,ဆံသပြုရန်၊ ရဟန်းခံရှင်ပြုရန်၊ စေ့စပ် လက်ထပ်ရန်၊ အလှပြင်ရန်၊ လက်ဝတ်ရတနာ ရောင်းဝယ်,ဝတ်ဆင်ရန်၊ အိမ်,ခြံ,မြေ,ယာဉ်,စက်ပစ္စည်း ရောင်းဝယ်ရန်၊ ခရီးသွားလာရန်၊ မိတ်ဆုံ,ပါတီညစာစားပွဲ ကျင်းပရန်၊ အချစ်ရေးစကားဆိုရန်၊ စာအုပ်စာပေ ဖြန့်ချိရန်၊ အောင်ဘာလေထီ ထိုးရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ဘင်္ဂဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၉း၀၀)နာရီမှ (၁၀း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ထွန်းနောင်ဟိန်း၊ မနန်းနွယ်ဟန်..ဟု ပေးနိုင်ပါသည်။ ယနေ့ အနောက်တောင်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အဝါရောင် ဖြစ်သည်။



**၁၀-၉-၂၀၁၇ (တနင်္ဂနွေနေ့)**

**(၁၃၇၉)ခုနှစ်၊ တော်သလင်းလဆုတ် (၅)ရက်**

အလိုဆန္ဒ ပြည့်ဝသောယုဂ် ရရှိသဖြင့် ယနေ့ ဘုရားတည်ရန်၊ အနေကဇာတင်ရန်၊ မီဒီယာများတွင် လုပ်ငန်းကြော်ငြာ ထည့်သွင်းရန်၊ အမည်ကင်ပွန်းတပ်ရန်၊ ဆံရိတ်,ဆံသပြုရန်၊ အလှပြင်ရန်၊ ရဟန်းခံရှင်ပြုရန်၊ စေ့စပ်,လက်ထပ်ရန်၊ ဥယျာဉ်ထွက်သီးနှံ ဆွတ်ခူးရန်၊ စပါးရိတ်သိမ်းရန်၊ ကုန်ပစ္စည်းရောင်းဝယ်သိုလှောင်ရန်၊ အိမ်,ခြံ,မြေနှင့် ယာဉ်,စက်ပစ္စည်း ရောင်းဝယ်ရန်၊ စာအုပ် စာပေ ဖြန့်ချိရန်၊ ပြည်တွင်း,ပြည်ပ ခရီးသွားရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ပုတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၄း၃၀)နာရီမှ (၆း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်အောင်ကျော်မိုး၊ မအေးချမ်းမေ..ဟု ပေးနိုင်ပါသည်။ ယနေ့ အရှေ့မြောက်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အဝါနုရောင် ဖြစ်သည်။



**၁၁-၉-၂၀၁၇ (တနင်္လာနေ့)**

**(၁၃၇၉)ခုနှစ်၊ တော်သလင်းလဆုတ် (၆)ရက်**

ကြံစည်သမျှ ပြီးမြောက်သောယုဂ် ရရှိသဖြင့် ယနေ့ လုပ်ငန်း,ဆိုင်ခန်းအတွက် ကြော်ငြာဆိုင်းဘု



www.burmeseclassic.com

www.burmeseclassic.com

တင်ရန်၊ ပန်းချီ၊ပန်းပု လက်မှုပညာရပ်များ တီထွင်ဖန်တီးရန်၊ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရန်၊ ကျောက်မျက်ရတနာ ရောင်းဝယ်ရန်၊ ဆံရိတ်၊ဆံသပြုရန်၊ ရတနာတူးဖော်ရှာဖွေရန်၊ စက်သုံးဆီ ရောင်းဝယ်ရန်၊ စပါးရိတ်သိမ်းရန်၊ ပျိုးကြဲ ကောက်စိုက်ရန်၊ အစုရှယ်ယာဝင်ရန်၊ ဥယျာဉ် လယ်ယာ သီးနှံ ဆွတ်ခူးရိတ်သိမ်းရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ပုတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၁၀း၃၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ကျော်မိုးသူ၊ မခိုင်ခင်မျိုး..ဟု ပေးနိုင်ပါသည်။ ယနေ့ တောင်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အနီရောင် ဖြစ်သည်။



**၁၂-၉-၂၀၁၇ (အင်္ဂါနေ့)**

**(၁၃၇၉)ခုနှစ်၊ တော်သလင်းလဆုတ် (၇)ရက်**

အလိုဆန္ဒ ပြည့်ဝသောယုဂ် ရရှိသဖြင့် ယနေ့ ကျောက်မျက်ရတနာ တူးဖော်ရန်၊ ရေနံ၊ဓာတ်ငွေ့နှင့် ဓာတ်သတ္တု တူးဖော်ရန်၊ ရေတွင်း၊ရေကန်၊အဝီစိတွင်း တူးဖော်ရန်၊ အားကစား၊ ဂီတ၊ အနုပညာ အတီးအမှုတ်လုပ်ငန်း ဆောင်ရွက်ရန်၊ ကုမ္ပဏီထူထောင်ရန်၊ အစုရှယ်ယာဝင်ရန်၊ ပညာစသင်ရန်၊ အချစ်ရေးစကားပြောရန်၊ ဆေးခန်းဖွင့်ရန်၊ ဆေးဝါးဖော်စပ်ရန်၊ အောင်ဘာလေထီထိုးရန်၊ စာပေကျမ်းဂန် ရေးသားပြုစုရန်၊ ငွေကြေးချေးငှားရန်၊ အလုပ်လျှောက်ရန်၊ ခရီးသွားလာရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ မရဏဖွားဖြစ် ပြီး ရာဟုကာလဖြစ်သော ညနေ(၃း၀၀)နာရီမှ (၄း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဇော်မိုးဟိန်း၊ မညီမိုဟန်..ဟု ပေးနိုင်ပါသည်။ ယနေ့ အရှေ့တောင်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အဖြူရောင် ဖြစ်သည်။



**၁၃-၉-၂၀၁၇ (ဗုဒ္ဓဟူးနေ့)**

**(၁၃၇၉)ခုနှစ်၊ တော်သလင်းလဆုတ် (၈)ရက်**

မင်္ဂလာအပေါင်းနှင့် ပြည့်စုံသောယုဂ် ရရှိသဖြင့် ယနေ့ ဘုရားတည်ရန်၊ အနေကဇာတင်ရန်၊ သာသနာ့ အလံလွှင့်ထူ၍ ထီးတော်တင်ရန်၊ အုတ်တံတိုင်းနှင့် ဝင်းထရံခတ်ရန်၊ ကြော်ငြာဆိုင်းဘုတ်တင်ရန်၊ အမည်ကင်ပွန်းတပ်ရန်၊ ရတနာပစ္စည်း ရောင်းဝယ်၊ဝတ်ဆင်ရန်၊ အဆောက်အအုံ ဆောက်လုပ်ရန်၊ အိမ်သစ်တက်ရန်၊ မျိုးစေ့ချ အပင်စိုက်ရန်၊ ဥယျာဉ်ခြံထွက်သီးနှံ ဆွတ်ခူးရန်၊ အပင်စိုက်ရန်၊ လေကြောင်းခရီး သွားလာရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ အဓိပတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်းတည့်(၁၂း၀၀)နာရီမှ မွန်းလွဲ(၁း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်လှိုင်ဟိန်း၊ မလွင်လွင်ခိုင်..ဟု ပေးနိုင်ပါသည်။ ယနေ့ အနောက်မြောက်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ မိုးပြာရောင် ဖြစ်သည်။



**၁၅-၉-၂၀၁၇ (သောကြာနေ့)**

**(၁၃၇၉)ခုနှစ်၊ တော်သလင်းလဆုတ် (၁၀)ရက်**


အလိုဆန္ဒ ပြည့်ဝသောယုဂ် ရရှိသဖြင့် ယနေ့ ဆံရိတ်၊ဆံသ ပြုလုပ်ရန်၊ အလှပြင်ရန်၊ ကုန်ပစ္စည်းသစ် ဈေးကွက်သို့ စတင်ဖြန့်ချိရန်၊ ဆိုင်းဘုတ်တင်ရန်၊ အဝတ်အထည် ယက်လုပ်ရန်၊ အနုပညာများကို တီထွင်ဖန်တီးရန်၊ ပရဟိတလုပ်ငန်းများကို လုပ်ကိုင်ရန်၊ အမည်ကင်ပွန်းတပ်ရန်၊ အိမ်၊ခြံ၊မြေ၊ ယာဉ်၊စက်ပစ္စည်း ရောင်းဝယ်ရန်၊ ခရီးသွားလာရန်၊ စာအုပ်စာပေဖြန့်ချိရန်၊ အောင်ဘာလေထီ ကံစမ်းရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ အထွန်းဖွားဖြစ်ပြီး ရာဟုကာလဖြ



www.burmeseclassic.com

www.burmeseclassic.com

သော နံနက်(၁၀း၃၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဟိန်းမင်း၊ မသူသူမောင်··ဟု ပေးနိုင်ပါသည်။ ယနေ့ မြောက်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အဝါရောင် ဖြစ်သည်။



**၁၆-၉-၂၀၁၇ (စနေနေ့)**

**(၁၃၇၉)ခုနှစ်၊ တော်သလင်းလဆုတ် (၁၁)ရက်**


ကြီးပွားတိုးတက်သောယုဂ် ရရှိသဖြင့် ယနေ့ ကြော်ငြာဆိုင်းဘုတ်တင်ရန်၊ ထီးတော်တင်ရန်၊ ရဟန်းခံ ရှင်ပြုရန်၊ ရတနာ ရောင်းဝယ်,ဝတ်ဆင်ရန်၊ အဆောက်အအုံ အုတ်မြစ်ချရန်၊ အုတ်စီ၍ ကျောက်သွေးလောင်းရန်၊ တိုင်ထူ၍ လှေကားထောင်ရန်၊ မျိုးစေ့ချ အပင်စိုက်ရန်၊ အထက်လူကြီးထံ လုပ်ငန်းတောင်းဆိုရန်၊ အုတ်တံတိုင်းနှင့် ဝင်းထရံခတ်ရန်၊ အလှူမဏ္ဍပ်၊ မုခ်ဦးပြာသာဒ် ဆောက်လုပ်ရန်၊ သီးနှံဆွတ်ခူးရန်၊ လေကြောင်းခရီးသွားရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသောကလေးမှာ ဘင်္ဂဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၉း၀၀)နာရီမှ (၁၀း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ထွန်းနောင်ကျော်၊ မနှယ်နီဝင်း··ဟု ပေးနိုင်ပါသည်။ ယနေ့ အနောက်တောင်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အပြာရောင် ဖြစ်သည်။



**၂၀-၉-၂၀၁၇ (ဗုဒ္ဓဟူးနေ့)**

**(၁၃၇၉)ခုနှစ်၊ တော်သလင်းလကွယ်**

ဂုဏ်ကျက်သရေ တိုးပွားသောယုဂ် ရရှိသဖြင့် ယနေ့ ဂါထာမန္တန် သိဒ္ဓိတင်ရန်၊ ဘုရားပင့်ဆောင်ရန်၊ အနုပညာဆိုင်ရာလုပ်ငန်းများ လုပ်ဆောင်ရန်၊ ကုန်ပစ္စည်း သိုလှောင်ရန်၊ စက်ပစ္စည်း ရောင်းဝယ်ရန်၊ သီးနှံစိုက်ပျိုးရန်၊ ဆေးကုသမှု ခံယူရန်၊ ဆေးဝါးဖော်စပ်ရန်၊ ခရီးသွားလာရန်၊ အဝတ်အထည် ယက်လုပ်ရန်၊ ရတနာသစ် ဝတ်ဆင်ရန်၊ ဘာသာရေးကိစ္စ ဆောင်ရွက်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ အဓိပတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်းတည့်(၁၂း၀၀)နာရီမှ မွန်းလွဲ(၁း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဝင်းဟန်၊ မဝင်းဝင်းခိုင်··ဟု ပေးနိုင်ပါသည်။ ယနေ့ အနောက်မြောက်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အဝါရောင် ဖြစ်သည်။



**၂၃-၉-၂၀၁၇ (စနေနေ့)**

**(၁၃၇၉)ခုနှစ်၊ သီတင်းကျွတ်လဆန်း (၃)ရက်**

အလုံးစုံအောင်မြင်သောယုဂ် ရရှိသဖြင့် ယနေ့ အဝီစိတွင်း တူးဖော်ရန်၊ ရေနံ,ဓာတ်ငွေ့နှင့် ရတနာ စိန်ကျောက် ရှာဖွေရန်၊ အိမ်,ခြံ,မြေ ရောင်းဝယ်ရန်၊ ယာဉ်နှင့် စက်ပစ္စည်း ရောင်းဝယ်ရန်၊ ဆံရိတ်ဆံသ အလှပြင်ရန်၊ ဆိုင်းဘုတ်တင်၍ ဆိုင်သစ်ဖွင့်ရန်၊ စာချုပ်လက်မှတ် ရေးထိုးရန်၊ အသင်းအဖွဲ့ (သို့မဟုတ်) ကုမ္ပဏီ ထူထောင်ရန်၊ ဘဏ်စာရင်းဖွင့်ရန်၊ ဥယျာဉ်ခြံလုပ်ငန်း ဆောင်ရွက်ရန်၊ လေကြောင်းခရီး သွားရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ဘင်္ဂဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၉း၀၀)နာရီမှ (၁၀း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ထွန်းထွန်းကျော်၊ မနီနီခိုင်··ဟူ၍ ပေးနိုင်ပါသည်။ ယနေ့ အနောက်တောင်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ နက်ပြာရောင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



**၂၅-၉-၂၀၁၇ (တနင်္လာနေ့)**
**(၁၃၇၉)ခုနှစ်၊ သီတင်းကျွတ်လဆန်း (၅)ရက်**

ဘုန်းကံထက်သောယုဂ် ရရှိသဖြင့် ယနေ့ ဘုရားဆင်းတုတော် ထုဆစ်ရန်၊ စက်မှုလက်မှုပညာလုပ်ငန်းစတင်ရန်၊ ယာဉ်နှင့် စက်ပစ္စည်း ရောင်းဝယ်ရန်၊ ဆေးဝါးဖော်စပ်ရန်၊ ဆေးခန်းဖွင့်ရန်၊ ကြော်ငြာဆိုင်းဘုတ်တင်ရန်၊ အသီးဆွတ်ခူးရန်၊ စပါးကျီသွင်းရန်၊ အိမ်,ခြံ,မြေ ရောင်းဝယ်ရန်၊ ဖက်ရှင်ဒီဇိုင်းသစ် ဖန်တီးထုတ်လုပ်ရန်၊ ပန်းချီ,ပန်းပုလုပ်ငန်း ဆောင်ရွက်ရန်၊ အဓိဋ္ဌာန်ကျင့်စဉ်ဝင်ရန်၊ ဂိုဏ်းအဖွဲ့အသင်း ထူထောင်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ပုတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၁၀း၃၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ကျော်မိုးဟန်၊ မခိုင်မျိုးသွယ်..ဟု ပေးနိုင်ပါသည်။ ယနေ့ တောင်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အဝါရောင် ဖြစ်သည်။



**၂၉-၉-၂၀၁၇ (သောကြာနေ့)**
**(၁၃၇၉)ခုနှစ်၊ သီတင်းကျွတ်လဆန်း (၉)ရက်**

ဂုဏ်ကျက်သရေ တိုးပွားသောယုဂ် ရရှိသဖြင့် ယနေ့ ကျောက်မျက်ရတနာ တူးဖော်ရန်၊ ဆည်မြောင်းတာတမံ တူးဖော်ဆောက်တည်ရန်၊ ရေတွင်း,ရေကန် တူးဖော်ရန်၊ စာပေကျမ်းဂန် ရေးသားပြုစုရန်၊ အိမ်,ခြံ,မြေ ရောင်းဝယ်ရန်၊ စပါးရိတ်သိမ်းရန်၊ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရန်၊ ပညာ စသင်ယူရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ အထွန်းဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၁၀း၃၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဟိန်းမင်းခေါင်၊ မဟန်သင်းခိုင်..ဟု ပေးနိုင်ပါသည်။ ယနေ့ မြောက်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အနီရောင် ဖြစ်သည်။



**၃၀-၉-၂၀၁၇ (စနေနေ့)**
**(၁၃၇၉)ခုနှစ်၊ သီတင်းကျွတ်လဆန်း (၁၀)ရက်**

ကြံစည်သမျှ ပြီးမြောက်သောယုဂ် ရရှိသဖြင့် ယနေ့ အဓိဋ္ဌာန်ဝင်ရန်၊ ပွဲတော်ထိုး ကန်တော့ပွဲတင်ရန်၊ သမထဘာဝနာ ပွားများရန်၊ ဂါထာမန်းမှုတ်ရန်၊ အစွမ်းထက်ဆေးဝါး ဖော်စပ်ရန်၊ ပီယဆေးဖော်ရန်၊ ဆံရိတ်,ဆံသရန်၊ အမည်ကင်ပွန်းတပ်ရန်၊ ထီးတော်တင်ရန်၊ ထီထိုးရန်၊ ခွဲစိတ်ကုသမှု ခံယူရန်၊ အစုရှယ်ယာဝင်ရန်၊ ငွေကြေးချေးငှားရန်၊ မိတ်ဆွေသစ်ဖွဲ့ရန်၊ ခရီးသွားလာရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ဘင်္ဂဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၉း၀၀)နာရီမှ (၁၀း၃၀) နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ထွန်းထွန်းကျော်၊ မနီနီခင်..ဟု ပေးနိုင်ပါသည်။ ယနေ့ အနောက်တောင်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အဝါရောင် ဖြစ်သည်။

မင်းမပေါ်ညွှန့်
ဖုန်း-၀၉ ၂၅၀ ၁၆၇ ၃၃၅

www.burmeseclassic.com

www.burmeseclassic.com

# [၂၀၁၇]ခုနှစ်၊ နက္ခတ်ဗေဒင်ဟောစာတမ်း

## နက္ခတ်တာရာများက ဖော်ပြနေတဲ့ သင့်ဘဝရဲ့ တစ်လတာကံကြမ္မာ

☼ ☼ ☼ ဆရာကံထူး(ဝေဒသုတေသီ) ★ ★ ★

နက္ခတ်တာရာများနှင့် ယှဉ်တွဲမွေးဖွားလာကြတဲ့ လူသားတို့ပင် ဦးထိပ်ရွက်တင်ကာ သယ်ဆောင်လာခဲ့ကြသဖြင့် လူ့ဘဝအား ခြယ်လှယ်ခွင့်ရနေကြတဲ့ ကောင်း,ဆိုးနှစ်တန် ကုသိုလ်၊ အကုသိုလ်လောကဓံကို အနီးစပ်ဆုံးမှန်ကန်အောင် တွက်ထုတ်ပေးနိုင်သော ပညာကား ဗေဒင်ပညာပင်ဖြစ်ပါသည်။ အတိတ်ကံကောက်ကြောင်းပန်းချီကို ဤသို့ဤပုံဟု သိမြင်မထားဘဲ ပစ္စုပ္ပန်ကို အလှဆင်လျှင် ကြည်လင်လှပ၊ နူကြွရွှတဲ့ ဘဝပန်းချီ ဖြစ်မလာနိုင်သည့်အပြင် မလှစီးပွား၊ ရေနစ်ဆားသို့ ပျက်ပြားသွားရတတ်ပါသည်။ သင့်ကြိုးစားမှုက နွားချိုကိုနို့ညှစ်မိသကဲ့သို့ ခုတ်ရာတခြား ရှရာတခြား အလွဲလွဲအမှားမှား ဖြစ်နေတတ်ပါသည်။ ဆရာချစ်တဲ့ ဂမ္ဘီရပရိသတ်များ ထိုသို့ဖြစ်မသွားစေလိုပါ။ ထို့ကြောင့် ဘဝနှင့်ဆန့် ထပ်တူကျနိုင်စေဖို့ရာ အတွေးသစ်များ လင်းလက်လာစေရေးအတွက် နက္ခတ်ဗေဒင်ဖြင့် ကူညီဖေးမ လမ်းပြပေးလိုက်ပါသည်။

မသိသူတွေ ကျော်သွားပြီး သိသူတွေ ဖော်စားကြမည့် ဤကဏ္ဍပါ ဇယားများကို ကမ္ဘာ့မဒီရီယံမျဉ်းဖြတ်တဲ့ ဘီလူးကျွန်း၊ ချောင်းဆုံမြို့နယ်၊ အရှေ့လောင်ဂျီတွဒ်(၉၇° ၃၂')၊ မြောက်လတ္တီတွဒ်(၁၆° ၂၁')ကို အခြေခံကာ လ,အလိုက် နေထွက်,နေဝင်ချိန်များဖြင့် တွက်ထုတ်ထားပါသည်။ မိမိ မွေးလ၊ မွေးရက် ပါရှိရာ ဇယားကွက်၌ မွေးချိန်ကို ရှာကြည့်ရုံဖြင့် ဘေးတွင်ယှဉ်တွဲပြထားသော ရာသီလဂ်ကို အလွယ်တကူသိနိုင်ပေသည်။ ဂမ္ဘီရချစ်သူများအနေဖြင့် မိမိရာသီလဂ်ကို အတိအကျသိထားလိုပါက ဖုန်း-၀၉ ၄၀ ၁၅၃ ၄၄၉၉ သို့ ဆက်သွယ်ပါ။ ကွန်ပျူတာဖြင့် ဇာတာဖွဲ့ပြီး မိနစ်(၂၀)အတွင်းမှာ ပြန်လည်ဖြေကြားပေးပါမည်။ ရာသီလဂ် သိရုံသက်သက်ဆိုပါက ဇာတာဖွဲ့ခ ပိုက်ဆံလုံးဝပေးစရာမလိုပါ။ အသင့်ဖွဲ့ပြီးဇာတာ ရှိနေပါက ထိုဇာတာပါ လဂ်အတိုင်းပင် ဟောကွက်တွင် ဖတ်ရှုနိုင်ပါသည်။

**ဇန်နဝါရီလ (၁၄)ရက်မှ ဖေဖော်ဝါရီလ (၁၂)ရက်အတွင်း**

| မွေးချိန် | လဂ် |
|---|---|
| ၆:၄၀ - ၈:၄၀ | မကာရ |
| ၈:၄၀ - ၁၀:၄၀ | ကုမ် |
| ၁၀:၄၀ - ၁၂:၄၀ | မိန် |
| ၁၂:၄၀ - ၁၄:၄၀ | မိဿ |
| ၁၄:၄၀ - ၁၆:၄၀ | ပြိဿ |
| ၁၆:၄၀ - ၁၈:၄၀ | မေထုန် |
| ၁၈:၄၀ - ၂၀:၄၀ | ကရကဋ် |
| ၂၀:၄၀ - ၂၂:၄၀ | သိဟ် |
| ၂၂:၄၀ - ၂၄:၄၀ | ကန် |
| ၂၄:၄၀ - ၂:၄၀ | တူ |
| ၂:၄၀ - ၄:၄၀ | ဗြိစ္ဆာ |
| ၄:၄၀ - ၆:၄၀ | ဓနု |

**ဖေဖော်ဝါရီလ (၁၃)ရက်မှ မတ်လ (၁၃)ရက်အတွင်း**

| မွေးချိန် | လဂ် |
|---|---|
| ၆:၄၀ - ၈:၄၀ | မကာရ |
| ၈:၄၀ - ၁၀:၄၀ | ကုမ် |
| ၁၀:၄၀ - ၁၂:၄၀ | မိန် |
| ၁၂:၄၀ - ၁၄:၄၀ | မိဿ |
| ၁၄:၄၀ - ၁၆:၄၀ | ပြိဿ |
| ၁၆:၄၀ - ၁၈:၄၀ | မေထုန် |
| ၁၈:၄၀ - ၂၀:၄၀ | ကရကဋ် |
| ၂၀:၄၀ - ၂၂:၄၀ | သိဟ် |
| ၂၂:၄၀ - ၂၄:၄၀ | ကန် |
| ၂၄:၄၀ - ၂:၄၀ | တူ |
| ၂:၄၀ - ၄:၄၀ | ဗြိစ္ဆာ |
| ၄:၄၀ - ၆:၄၀ | ဓနု |

**မတ်လ (၁၄)ရက်မှ ဧပြီလ (၁၂)ရက်အတွင်း**

| မွေးချိန် | လဂ် |
|---|---|
| ၆:၁၀ - ၈:၁၀ | မိန် |
| ၈:၁၀ - ၁၀:၁၀ | မိဿ |
| ၁၀:၁၀ - ၁၂:၁၀ | ပြိဿ |
| ၁၂:၁၀ - ၁၄:၁၀ | မေထုန် |
| ၁၄:၁၀ - ၁၆:၁၀ | ကရကဋ် |
| ၁၆:၁၀ - ၁၈:၁၀ | သိဟ် |
| ၁၈:၁၀ - ၂၀:၁၀ | ကန် |
| ၂၀:၁၀ - ၂၂:၁၀ | တူ |
| ၂၂:၁၀ - ၂၄:၁၀ | ဗြိစ္ဆာ |
| ၂၄:၁၀ - ၂:၁၀ | ဓနု |
| ၂:၁၀ - ၄:၁၀ | မကာရ |
| ၄:၁၀ - ၆:၁၀ | ကုမ် |

**ဧပြီလ (၁၃)ရက်မှ မေလ (၁၃)ရက်အတွင်း**

| မွေးချိန် | လဂ် |
|---|---|
| ၀၅:၄၅ - ၀၇:၄၅ | မိဿ |
| ၀၇:၄၅ - ၀၉:၄၅ | ပြိဿ |
| ၀၉:၄၅ - ၁၁:၄၅ | မေထုန် |
| ၁၁:၄၅ - ၁၃:၄၅ | ကရကဋ် |
| ၁၃:၄၅ - ၁၅:၄၅ | သိဟ် |
| ၁၅:၄၅ - ၁၇:၄၅ | ကန် |
| ၁၇:၄၅ - ၁၉:၄၅ | တူ |
| ၁၉:၄၅ - ၂၁:၄၅ | ဗြိစ္ဆာ |
| ၂၁:၄၅ - ၂၃:၄၅ | ဓနု |
| ၂၃:၄၅ - ၀၁:၄၅ | မကာရ |
| ၀၁:၄၅ - ၀၃:၄၅ | ကုမ် |
| ၀၃:၄၅ - ၀၅:၄၅ | မိန် |



www.burmeseclassic.com

www.burmeseclassic.com

မေလ (၁၄)ရက်မှ ဇွန်လ (၁၄)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၅:၂၅ - ၇:၂၅ | ပြိဿ |
| ၇:၂၅ - ၉:၂၅ | မေထုန် |
| ၉:၂၅ - ၁၁:၂၅ | ကရကဋ် |
| ၁၁:၂၅ - ၁၃:၂၅ | သိဟ် |
| ၁၃:၂၅ - ၁၅:၂၅ | ကန် |
| ၁၅:၂၅ - ၁၇:၂၅ | တူ |
| ၁၇:၂၅ - ၁၉:၂၅ | ဗြိစ္ဆာ |
| ၁၉:၂၅ - ၂၁:၂၅ | ဓနု |
| ၂၁:၂၅ - ၂၃:၂၅ | မကာရ |
| ၂၃:၂၅ - ၁:၂၅ | ကုမ် |
| ၁:၂၅ - ၃:၂၅ | မိန် |
| ၃:၂၅ - ၅:၂၅ | မိဿ |

ဇွန်လ (၁၅)ရက်မှ ဇူလိုင်လ (၁၅)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၅:၂၀ - ၇:၂၀ | မေထုန် |
| ၇:၂၀ - ၉:၂၀ | ကရကဋ် |
| ၉:၂၀ - ၁၁:၂၀ | သိဟ် |
| ၁၁:၂၀ - ၁၃:၂၀ | ကန် |
| ၁၃:၂၀ - ၁၅:၂၀ | တူ |
| ၁၅:၂၀ - ၁၇:၂၀ | ဗြိစ္ဆာ |
| ၁၇:၂၀ - ၁၉:၂၀ | ဓနု |
| ၁၉:၂၀ - ၂၁:၂၀ | မကာရ |
| ၂၁:၂၀ - ၂၃:၂၀ | ကုမ် |
| ၂၃:၂၀ - ၁:၂၀ | မိန် |
| ၁:၂၀ - ၃:၂၀ | မိဿ |
| ၃:၂၀ - ၅:၂၀ | ပြိဿ |

ဇူလိုင် (၁၆)ရက်မှ ဩဂုတ်လ (၁၆)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၅:၃၀ - ၇:၃၀ | ကရကဋ် |
| ၇:၃၀ - ၉:၃၀ | သိဟ် |
| ၉:၃၀ - ၁၁:၃၀ | ကန် |
| ၁၁:၃၀ - ၁၃:၃၀ | တူ |
| ၁၃:၃၀ - ၁၅:၃၀ | ဗြိစ္ဆာ |
| ၁၅:၃၀ - ၁၇:၃၀ | ဓနု |
| ၁၇:၃၀ - ၁၉:၃၀ | မကာရ |
| ၁၉:၃၀ - ၂၁:၃၀ | ကုမ် |
| ၂၁:၃၀ - ၂၃:၃၀ | မိန် |
| ၂၃:၃၀ - ၁:၃၀ | မိဿ |
| ၁:၃၀ - ၃:၃၀ | ပြိဿ |
| ၃:၃၀ - ၅:၃၀ | မေထုန် |

ဩဂုတ်လ (၁၇)ရက်မှ စက်တင်ဘာလ (၁၆)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၅:၄၀ - ၇:၄၀ | သိဟ် |
| ၇:၄၀ - ၉:၄၀ | ကန် |
| ၉:၄၀ - ၁၁:၄၀ | တူ |
| ၁၁:၄၀ - ၁၃:၄၀ | ဗြိစ္ဆာ |
| ၁၃:၄၀ - ၁၅:၄၀ | ဓနု |
| ၁၅:၄၀ - ၁၇:၄၀ | မကာရ |
| ၁၇:၄၀ - ၁၉:၄၀ | ကုမ် |
| ၁၉:၄၀ - ၂၁:၄၀ | မိန် |
| ၂၁:၄၀ - ၂၃:၄၀ | မိဿ |
| ၂၃:၄၀ - ၁:၄၀ | ပြိဿ |
| ၁:၄၀ - ၃:၄၀ | မေထုန် |
| ၃:၄၀ - ၅:၄၀ | ကရကဋ် |

စက်တင်ဘာလ (၁၇)ရက်မှ အောက်တိုဘာလ (၁၆)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၅:၅၀ - ၇:၅၀ | ကန် |
| ၇:၅၀ - ၉:၅၀ | တူ |
| ၉:၅၀ - ၁၁:၅၀ | ဗြိစ္ဆာ |
| ၁၁:၅၀ - ၁၃:၅၀ | ဓနု |
| ၁၃:၅၀ - ၁၅:၅၀ | မကာရ |
| ၁၅:၅၀ - ၁၇:၅၀ | ကုမ် |
| ၁၇:၅၀ - ၁၉:၅၀ | မိန် |
| ၁၉:၅၀ - ၂၁:၅၀ | မိဿ |
| ၂၁:၅၀ - ၂၃:၅၀ | ပြိဿ |
| ၂၃:၅၀ - ၁:၅၀ | မေထုန် |
| ၁:၅၀ - ၃:၅၀ | ကရကဋ် |
| ၃:၅၀ - ၅:၅၀ | သိဟ် |

အောက်တိုဘာလ (၁၇)ရက်မှ နိုဝင်ဘာလ (၁၅)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၅:၅၅ - ၇:၅၅ | တူ |
| ၇:၅၅ - ၉:၅၅ | ဗြိစ္ဆာ |
| ၉:၅၅ - ၁၁:၅၅ | ဓနု |
| ၁၁:၅၅ - ၁၃:၅၅ | မကာရ |
| ၁၃:၅၅ - ၁၅:၅၅ | ကုမ် |
| ၁၅:၅၅ - ၁၇:၅၅ | မိန် |
| ၁၇:၅၅ - ၁၉:၅၅ | မိဿ |
| ၁၉:၅၅ - ၂၁:၅၅ | ပြိဿ |
| ၂၁:၅၅ - ၂၃:၅၅ | မေထုန် |
| ၂၃:၅၅ - ၁:၅၅ | ကရကဋ် |
| ၁:၅၅ - ၃:၅၅ | သိဟ် |
| ၃:၅၅ - ၅:၅၅ | ကန် |

နိုဝင်ဘာလ (၁၆)ရက်မှ ဒီဇင်ဘာလ (၁၅)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၆:၅၅ - ၈:၅၅ | ဗြိစ္ဆာ |
| ၈:၅၅ - ၁၀:၅၅ | ဓနု |
| ၁၀:၅၅ - ၁၂:၅၅ | မကာရ |
| ၁၂:၅၅ - ၁၄:၅၅ | ကုမ် |
| ၁၄:၅၅ - ၁၆:၅၅ | မိန် |
| ၁၆:၅၅ - ၁၈:၅၅ | မိဿ |
| ၁၈:၅၅ - ၂၀:၅၅ | ပြိဿ |
| ၂၀:၅၅ - ၂၂:၅၅ | မေထုန် |
| ၂၂:၅၅ - ၂၄:၅၅ | ကရကဋ် |
| ၂၄:၅၅ - ၂:၅၅ | သိဟ် |
| ၂:၅၅ - ၄:၅၅ | ကန် |
| ၄:၅၅ - ၆:၅၅ | တူ |

ဒီဇင်ဘာလ (၁၆)ရက်မှ ဇန်နဝါရီလ (၁၃)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၆:၅၅ - ၈:၅၅ | ဓနု |
| ၈:၅၅ - ၁၀:၅၅ | မကာရ |
| ၁၀:၅၅ - ၁၂:၅၅ | ကုမ် |
| ၁၂:၅၅ - ၁၄:၅၅ | မိန် |
| ၁၄:၅၅ - ၁၆:၅၅ | မိဿ |
| ၁၆:၅၅ - ၁၈:၅၅ | ပြိဿ |
| ၁၈:၅၅ - ၂၀:၅၅ | မေထုန် |
| ၂၀:၅၅ - ၂၂:၅၅ | ကရကဋ် |
| ၂၂:၅၅ - ၂၄:၅၅ | သိဟ် |
| ၂၄:၅၅ - ၂:၅၅ | ကန် |
| ၂:၅၅ - ၄:၅၅ | တူ |
| ၄:၅၅ - ၆:၅၅ | ဗြိစ္ဆာ |

## (၂၀၁၇)ခုနှစ်၊ စက်တင်ဘာလအတွက် နက္ခတ်ဗေဒင်ဟောစာတမ်း

### မိဿလဂ် (Aries)



ကျန်းမာရေး အထူးကောင်းမွန်မည်။ ပညာရေး၊ ငွေကြေးကိစ္စများ (၁၆)ရက်အတွင်း အထူးကောင်းနေပြီး နောက်ပိုင်းတွင် အဆင်မပြေ ဖြစ်လာတတ်၏။ အချစ်ရေးလည်း ကောင်းနေမည်။ သားရေး၊သမီးရေး စိတ်အေးရသော်လည်း လကုန်ခါနီးကျမှ သောကပွေလာရတတ်၏။ ငါးရက်အတွင်း စကားအပြောအဆို အထူးဆင်ခြင်ပါ။ အိမ်ထောင်ဖက်၏ စစ်မှန်သော အချစ်ကို ရရှိ၍ အိမ်ထောင်ရှင်များ ပျော်ရွှင်နေရမည်။ ချစ်သူစုံတွဲများ တင့်တင့်တယ်တယ် လက်ထပ်ရလိမ့်မည်။ ဖက်စပ်လုပ်ငန်းရှင်များ၊ ငွေကြေးဆိုင်ရာ ကုမ္ပဏီများ အထူးအောင်မြင်မည်။ မယုံချင်နေ၊ ကံမြင့်နေ၍ သင် ထီပေါက်တတ်၏။ စပ်တူထိုးပါ။ လုံ့လ၊ ဝီရိယ မြင့်မားနေသလို ဝင်ငွေလည်း ကြမ်းနေမည်။ ရေသန့်၊ ရေခဲနှင့် ရွှေလုပ်ငန်းရှင်များ အမြင့်ရောက်လေ အတိုက်အခံ တွေ့လေပါ။ ယခင်တင်နေတဲ့ အကြွေးများ ကျေသွားလိမ့်မည်။ လျှို့ဝှက်လုပ်ငန်းမှ အကျိုးအမြတ် ခံစားရမည်။



www.burmeseclassic.com

www.burmeseclassic.com

မည်မျှအောင်မြင်ပါစေ၊ အလုပ်နှင့်ပတ်သက်လာလျှင် သင် ဦးနှောက်စားနေရမည်။ ထို့ကြောင့် သတိကပ်ပြီး အရင်းအနှီး နည်းပါစေ။ လိင်တူချင်း အကြင်နာသံယောဇဉ်များ ထားမိတတ်၏။ ဆင်ခြင်ပါလေ။ လိုရာသုံး အကျိုးပေး ဂဏန်းများကတော့ (၆၊ ၈၊ ၅၊ ၁၊ ၉)ပါ။

**ယတြာ**

ဘုန်းကြီးသုံးပါးကို အုန်းသီးရည် ကပ်လှူလိုက်ပါ။ အပူသောက ကင်းသွားလိမ့်မည်။

## ပြိဿလဂ် (Taurus)



အိမ်ထောင်ရေး ကြမ္မာ တစ်ပတ်လည် လာမည်။ မောင်အရင်လို မဟုတ်တော့ပါဘူးလို့ တဖွဖွ ပြောနေရလိမ့်မည်။ နေအိမ်နေရာဒေသအတွက် ပူပန်နေရသူများ အဆင်တပြေ ဖြစ်သွားမည်။ ကားဝယ်လိုပါက အဆင်တပြေ ဝယ်ဖြစ်သွားမည်။ (၁၅)ရက်အတွင်း ကာမဂုဏ် အမှောင်တွင်း ကျဆင်းနစ်ဝင်ရတတ်၏။ မောရသုတ်ကို ရွတ်ပေးပါ။ သူများနှင့် ပေါင်းရမည့်အလုပ်ဆိုရှောင်ကို ရှောင်ပါ။ ဂုဏ်သိက္ခာကိုထိပါး၍ စိတ်ထိခိုက်ကာ ကျန်းမာရေးပါ ဆိုးဝါးသွားတတ်ပါသည်။ ကိုယ့်သဘောအတိုင်း မဖြစ်ရ အနတ္တဟု အမြဲဆင်ခြင်ပေးပါ။ ပညာရေးကတော့ အထူးကောင်းနေမှာပါ။ သားသမီးအရေး စိတ်အေးရမည်။ အစ(၅)ရက်မှာ အချစ်ရေး အဆင်မပြေနိုင်ပါ။ (၅)ရက်လွန်မှ ပြေမည်။ ကျောင်းသားများ ပညာရေး စိတ်မဝင်စားသလိုလိုဖြစ်နေပြီး လကုန်ခါနီးမှ အထူးစိတ်ဝင်စားလာကာ မှတ်ဉာဏ်များလည်း အထူးအားကောင်းနေမည်။ နိုင်ငံရေး စည်းရုံးခြင်း၊ ဝင်ရောက်ယှဉ်ပြိုင်ခြင်း လုပ်ပါက ရှုံးနိမ့်တတ်ပါသည်။ မလုပ်တာ အကောင်းဆုံးပါ။ လိုရာသုံး အကျိုးပေးဂဏန်းများကတော့ (၆၊ ၁၊ ၂၊ ၃၊ ၉)ပါ။

**ယတြာ**

ပြည်ထောင်စုအလံငယ် တစ်ခုကို ဧည့်စားပွဲ၊ အိမ်တံခါးပေါက် တစ်ခုခုတွင် လွှင့်ထူထားလိုက်ပါ။

## မေထုန်လဂ် (Gemini)



ပထမပတ်တွင် ကျန်းမာရေး ညံ့နေမည်။ သို့သော် စိုးရိမ်စရာ မရှိပါ။ (၆)ရက်နေ့ကစပြီး သက်သာပျောက်ကင်းသွားလိမ့်မည်။ ကိုယ်ရေးကိုယ်တာ ရည်မှန်းချက်များကို တစ်ပတ်ကျော်မှ စတင်ပါ။ ငွေကြေး၊ အချစ်ရေး သိပ်အဆင်မပြေနိုင်ပါ။ ပြေနေသူများပင် စိတ်ရှုပ်ထွေးနေရတတ်ပါသည်။ သားရေး၊သမီးရေး စိတ်အေးရမည်။ စုငွေများ ကုန်ခမ်းပြီး လုပ်ငန်းအချို့ ရပ်တန့်ထားရတတ်ပါသည်။ ပညာသင်လူငယ်များ ဆရာသမားကောင်း၊ နည်းစနစ်ကောင်း တွေ့မည်။ ကိုယ့်ဝမ်းနာ ကိုယ်သာသိသော်လည်း သင့်ဝန်းကျင်ကလူများ သင့်အား အထင်ကြီးနေလိမ့်မည်။ ဟန်ကိုယ့်ဖို့ဆိုတဲ့ စကားကို လိုက်နာလိုက်ပါ။ ဆန္ဒပြင်းပြနေသော သင်တန်းတစ်ခု တက်ရောက်သင်ယူခွင့် ရလိမ့်မည်။ မုန့်လုပ်ငန်းရှင်များ နာမည်ဂုဏ်သတင်းထွက်ပြီး ဆန့်ကျင်ဘက် အဖျက်ဝင်မည်။ သစ်လုပ်ငန်းရှင်များ အောင်မြင်နေမည်။ လိုရာသုံး အကျိုးပေး ဂဏန်းများကတော့ (၅၊ ၁၊ ၆၊ ၄၊ ၈)ပါ။

**ယတြာ**

အိမ်ရှိဘုရားကို သောက်ရေသန့်ဘူးလိုက် (၃)ဘူး ကပ်လှူထားပါလေ။ စိတ်အေးရလိမ့်မည်။

## ကရကဋ်လဂ် (Cancer)



ဘယ်အရာမဆို စိတ်ဝင်စားမှု ယခင်ထက် အားကောင်းနေမည်။ ယခင်အဆင်မပြေသည်များ ပြေလည်သွားမည်။ နေအိမ်နေရာ ဒေသကောင်းသို့ ပြောင်းရွှေ့ရတတ်၏။ ပညာရေးကတော့ တွေးလေ၊တွေးလေ ရည်မှန်းချက်နှင့် ဝေးလေလေ ဖြစ်နေပေမည်။ အချစ်ရေး ခေါင်းမာနေ၍ ချစ်သူ၏ စွန့်ခွာခြင်း ခံရတတ်ပါသည်။ ကျန်းမာရေးကို ယခင်တက် သတိထားပါ။ ကြီးမားသော ရည်မှန်းချက်များ မအောင်မြင်နိုင်ပါ။ အတွေးအခေါ် မှားယွင်းမှုကြောင့် အိမ်ထောင်ရေးမှာ ပြဿနာတက်လာတတ်၏။ နိုင်ငံခြားတွင် အလုပ်လုပ်ကိုင်နေသူများ အထူးအဆင်ပြေနေမည်။ ဘာပဲပြောပြော အလုပ်အကိုင်ကတော့ ကောင်းမြဲကောင်းနေမည်။ အလုပ်ကိုသာ ဖိလုပ်ပါ။ အကျဉ်းသားနှင့်ပတ်သက်တဲ့ ကိစ္စဟူသ[illegible] လက်ရှောင်ပါ။ စည်းရုံးရေးလုပ်ငန်းများ မလုပ်တာ

www.burmeseclassic.com

www.burmeseclassic.com

ကောင်းပါသည်။ လျှော့ရဲနေတဲ့ သင့်လုံ့လ၊ ဝီရိယများ ဒုတိယပတ်ကစပြီး တစ်ဟုန်ထိုး အားကောင်းလာပေလိမ့်မည်။ အကြင်နာသံယောဇဉ် ဖွဲ့ဖွဲ့နွဲ့နွဲ့လေးသာ ထားပါ။ ယခုလတွင် တစ်အားချစ်ဖို့ မကြိုးစားပါနှင့်။ လိုရာသုံး အကျိုးပေး ဂဏန်းများကတော့ (၈၊ ၄၊ ၆၊ ၃၊ ၁)ပါ။

**ယတြာ**

ရာဟုဂြိုဟ်မင်းနှင့်တကွ ရာဟုသားသမီး အားလုံးကို မေတ္တာပို့သပါ။ ဘဝအလင်း ရလိမ့်မည်။

## သိဟ်လဂ် (Leo)



နိုင်ငံခြားခရီးစီစဉ်နေပါက လွယ်လင့်တကူ အဆင်ပြေသွားမည်။ တက်ကြွလန်းဆန်းစွာ နေပါ။ အရာရာ အောင်မြင်လိမ့်မည်။ ကိုယ့်ဘဝ ကိုယ့်ဆန္ဒကို ပီပြင်အောင် အကောင်အထည်ဖော်ပါ။ အောင်မြင်ပါလိမ့်မည်။ ဂုဏ်သိက္ခာ တိုးတက်မြင့်မားလျက် စီးပွားတက်ကာ လာဘ်ရွှင်နေမည်။ အိမ်ထောင်ရေးကတော့ ပြောစရာမလိုလောက်အောင် ကောင်းနေမည်။ တစ်နှစ်နီးပါး ကြံစည်ထားရတဲ့ အလုပ်တစ်ခု ယခုလ အောင်မြင်သွားမည်။ နိုင်ငံရေးသမားဆိုပါက ပါတီစည်းရုံးရေးမှာ သူမတူအောင် အောင်မြင်မည်။ ဖက်စပ်လုပ်ငန်းများ အထူးအကျိုးပေးတဲ့ ကာလပါ။ လဆန်းပိုင်းတွင် ငါ့ကံက မကောင်းဘူးဟု ထင်နေတတ်၏။ နောက်ပိုင်းတွင် တက်ကြွလာမည်။ နေအိမ်၊ ကား၊ စက်တပ်ယာဉ်များ မဝယ်သင့်သေးပါ။ အင်္ဂါနံသင့်ပစ္စည်း ရောင်းဝယ်ခြင်းဖြင့် အကျိုးအမြတ် ခံစားရမည်။ အင်္ဂါသားသမီး မ,စလိမ့်မည်။ အလှကုန်အနုအရှုများ ရောင်းဝယ်ခြင်း ရှောင်ပါ။ အနုပညာရှင်များ အဆင်မပြေနိုင်ပါ။ အင်္ဂါ၊ စနေ အပြန်အလှန် အထူးမြင်နေ၍ ဂုဏ်သိက္ခာဆိုင်ရာ စကားများ ရတတ်၏။ ပြဿနာမဟုတ်သည်က ပြဿနာဖြစ်လာတတ်၏။ ဝင်ငွေမှန်သော်လည်း လုပ်ငန်းခွင်တွင် ခဏ ခဏ စိတ်ညစ်နေရတတ်ပါသည်။ နိုင်ငံခြားနှင့် အရေးကြီး စကားပြောလျှင် (၁၈၊ ၁၉) (၂)ရက်ကို ရှောင်စေချင်ပါသည်။ လိုရာသုံး အကျိုးပေး ဂဏန်းများကတော့ (၁၊ ၄၊ ၃၊ ၅၊ ၆)ပါ။

**ယတြာ** - ဘုရားသောက်တော်ရေ ခွက်များကို ဆေးကြောပြီး မွှေးနေ့သုံးပတ် သောက်တော်ရေကပ်ပါ။

## ကန်လဂ် (Virgo)




အစလေးငါးရက် ကသိကအောက်ဖြစ်နေမည်။ အဆင်ကို မချောချင် ဖြစ်နေတတ်၏။ စိတ်မပျက်ပါနှင့်၊ လေနအေးအေး ဘဝထဲသို့ ဝင်လာလိမ့်မည်။ ငွေကြေးအရင်းအနှီးလည်းရှိ၊ လုပ်ငန်းလည်း ရှိလျက်ပျင်းရိခြင်းကို အဖော်ပြုနေတတ်၏။ ညီအစ်ကိုမောင်နှမကြောင့် ဖြစ်နေတာပါ။ သူတို့နှင့် ခပ်ဝေးဝေး နေပေးလိုက်ပါ။ ငွေကြေးစုဆောင်းမိမည်။ အမွေအနှစ် ရတတ်၏။ ချစ်သူဟောင်းနှင့်တွေ့ပြီး နှစ်ဦးသဘောတူ လက်မှတ်ထိုးဖြစ်သွားတတ်၏။ အကြွေးကိစ္စ စကားများရတတ်၏။ အကြင်နာသံယောဇဉ်များ ခဏတာ သိုဝှက်သိမ်းဆည်းထားပါ။ မထိန်းနိုင်လို့ တွေးပူနေလျှင် သွေးပါပူရတတ်ပါသည်။ သတိမထားမိတာက ကိုယ်ပိုင်စည်းကမ်း ပျက်စီးနေခြင်းပါ။ ကျောင်းသားကျောင်းသူများ ဆရာသမားကောင်း မတွေ့၊ နည်းကောင်း မရနိုင်ပါ။ ချစ်သူမရှိသေးသူများ ဆွေမျိုးစပ်သူနှင့် ချစ်မိမည်။ ဤလတွင် အတိုက်အခံတွေ့ပါက မိမိအနိုင်ရမည်။ နေထိုင်မကောင်း ဖြစ်နေသူများ ကောင်းသွားမည်။ ရေလျှော့သောက်ပါ။ လိုရာသုံး အကျိုးပေး ဂဏန်းများကတော့ (၆၊ ၈၊ ၂၊ ၅၊ ၀)ပါ။

**ယတြာ**

ဝိန်းဥပဟင်းချက်ပြီး ဆွမ်းလောင်းလိုက်ပါ။ အနှောင့်အယှက်များ ကင်းစင်သွားလိမ့်မည်။

## တူလဂ် (Libra)



ကျန်းမာရေး အထူးကောင်းမွန်ပြီး ရည်မှန်းချက်များ အောင်မြင်မည်။ ဖက်စပ်လုပ်ငန်း အထူးအောင်မြင်မည်။ အိမ်ထောင်ရှိက အိမ်ထောင်ရေးအထူးသာယာမည်။ မရှိသေးက တင့်တင့်တယ်တယ် အိမ်ထောင်ကျတတ်ပါသည်။ ပညာရေးပြောစရာကို မလိုလောက်အောင်ကောင်း၏။ သို့သော် ပညာရေးတွေးတွေးပြီး ပူနေတတ်၏။ ပညာရေးကြောင့် ကုန်ထားတဲ့ ပိုက်ဆံများ ပြန်လည်ရရှိနေမည်။ နိုင်ငံရေး၊ ဘာသာရေးဆိုင်ရာ စည်းရုံးမှု


www.burmeseclassic.com

www.burmeseclassic.com

အောင်မြင်မည်။ (၁၆)ရက်နေ့နောက်ပိုင်း ဝင်ငွေလာဘ်လာဘ နည်းသွားတတ်၏။ ဖခင်ကျန်းမာရေးလည်း ညှိုလာတတ်ပါသည်။ စာရင်းအင်းဆိုင်ရာ ဝန်ထမ်းများ စာရင်းမှားပြီး ပြဿနာဖြစ်တတ်ပါသည်။ ကိုယ်ပိုင်စည်းကမ်းရှိမှ သက်သာမည်။ ဂုဏ်သိက္ခာပိုင်းဆိုင်ရာ ပြန်လည်တိုးတက်လာမည်။ စည်းစိမ်ဥစ္စာများ တိုးပွားလာမည်။ မိခင်ဩဝါဒစကားကို နားထောင်ပါလေ။ မထောင်လျှင် တစ်ခုပြီးတစ်ခု ဂြိုဟ်ဝင်လာတတ်ပါသည်။ လိုရာသုံး အကျိုးပေး ဂဏန်းများကတော့ (၃၊ ၁၊ ၈၊ ၅၊ ၉)ပါ။

**ယတြာ**

စာသင်ရှင်ရဟန်း တစ်ပါးအား ဘောပင်နှင့် ပေတံ လှူပေးလိုက်ပါ။ ကံကောင်းလာလိမ့်မည်။

## ဗြိစ္ဆာလဂ် (Scorpio)



ကျန်းမာရေး ဂရုစိုက်ပါ။ ကိုယ်ရေးကိုယ်တာ ရည်မှန်းချက်များ အောင်မြင်ရန် မလွယ်ပါ။ ကျောင်းသားများ စာမေးပွဲဖြေခါနီး အနှောင့်အယှက် ဝင်လိမ့်မည်။ ပူးပေါင်းလုပ်ဆောင်ရမည့် အလုပ်ဟူသမျှ ရှောင်ပါ။ မရှောင်သာတဲ့ အလုပ်ဆိုပါက စနေသားသမီးနှင့် တွဲလုပ်ခြင်း ရှောင်ပါ။ အိမ်ထောင်ရှင်များ အိမ်ထောင်ရေး စိတ်မချမ်းမြေ့စရာ ကြုံတွေ့ရတတ်ပါသည်။ သတိပြု ဆင်ခြင်ပါလေ။ နိုင်ငံခြားရောက်နေက အထူးကံကောင်းနေမည်။ သွားရန်စီစဉ်ပါက အလွယ်တကူ ရောက်သွားမည်။ ဆေးရုံ၊ ဆေးခန်း တက်ရောက်ကုသနေရလျှင် သက်သာပျောက်ကင်းသွားလိမ့်မည်။ နေအိမ်တိုက်ခန်း ဝယ်လိုပါက ဝယ်ဖြစ်သွားမည်။ ကားဝင်တတ်၏။ မိခင်နှင့် ပတ်သက်ပြီး အထူးစိတ်ချမ်းသာမှုရမည်။ ထိခိုက်ဒဏ်ရာ၊ အက်ဆီဒင့်ကို သတိထားပါ။ အကြွေးပေးစရာရှိနေက ကျေသွားမည်။ ရစရာရှိက ရမည်။ နှစ်ရှည်စီမံကိန်းဖြင့် လုပ်ဆောင်ရမည့် လုပ်ငန်းများ စတင်ရန် မသင့်ပါ။ ဘာပဲပြောပြော၊ ဘာပဲဖြစ်ဖြစ် အလုပ်အကိုင်ကောင်းပြီး ဝင်ငွေကောင်းနေမှာ သေချာ၏။ အထူးအားဖြင့် အလှပြင်ဆရာများ ဝင်ငွေတိုးနေမည်။ ဘာပဲလုပ်လုပ် (၁၀၊ ၁၁)နှင့် (၂၃၊ ၂၄)ရက်များကိုရှောင်၊ (၁၆၊ ၁၇)ရက်များကို ဆောင်ပါ။ အောင်မြင်လိမ့်မည်။ လိုရာသုံး အကျိုးပေး ဂဏန်းများကတော့ (၄၊ ၂၊ ၁၊ ၃၊ ၉)ပါ။

**ယတြာ**

တံခွန်ကုက္ကား သုံးစုံကို အင်္ဂါထောင့်ဂြိုဟ်တိုင်ဘုရားတွင် ကပ်လှူပူဇော်ပါလေ။

## ဓနုလဂ် (Sagittarius)



ကျန်းမာရေး ကောင်းနေမည်။ ကိုယ်ကျင့်တရား၊ ကိုယ်ပိုင်စည်းကမ်း ယခင်ထက် ပိုကောင်းကာ ဝင်ငွေလာဘ်လာဘ မှန်နေမည်။ ငွေကြေးရလွယ်မည်။ အချစ်ရေး အဆင်ပြေနေမည်။ မရှိသေးပါက ချစ်သူတွေ့မည်။ ပညာသင်လူငယ်များ ဆရာသမားကောင်း၊ နည်းလမ်းကောင်းရပြီး ပညာသင်ရသည်ကို ပျော်ရွှင်နေမည်။ အရာရာ အက်တစ်ဖြစ်ပြီး ခွဲလုံ့လ ယခင်ထက် ပိုကောင်းနေမည်။ အိမ်ထောင်ရေး အထူးသာယာမည်။ ဖက်စပ်လုပ်ငန်း (သို့မဟုတ်) ထီကံကောင်းတဲ့ ကာလပါ။ မယုံသော်ရှိ၊ ယုံသော်ရှိ အောင်ဘာလေထီ ထိုးကြည့်ပါ။ အကြွေးပေးဟင်းကိစ္စ စကားမပြောတာ ကောင်းပါသည်။ ပြောလျှင် မလိုလားအပ်တဲ့ ပြဿနာဖြစ်လာတတ်ပါသည်။ ဂီတစာပေပညာရှင်များ နာမည်ဂုဏ်သတင်း သင်းသင်းမွှေးနေမည်။ စိတ်သည်တော်များ၊ သူနာပြုများ၊ ဆေးကုမ္ပဏီကြီးများ အထူးကံကောင်းနေမည်။ ဖခင်အမွေ တစ်ခုခု ရတတ်၏။ အမျိုးသားရေးကို အားပေးလေ စီးပွားဥစ္စာ တိုးတက်လေဖြစ်မည်။ ဘာသာရေးကျင့်စဉ်တစ်ခုခု ကျင့်ကြံပြီး မိမိဆန္ဒကို အကောင်အထည်ဖော်ဆောင်လိုက်ပါ။ မအောင်မြင် မရှိ၊ အောင်ကိုမှ အောင်မြင်လိမ့်မည်။ လိုရာသုံး အကျိုးပေး ဂဏန်းများကတော့ (၃၊ ၆၊ ၈၊ ၅၊ ၂)ပါ။

**ယတြာ**

စိတ်ညှိုးငယ်လာတိုင်း အိမ်ရှိ ဘုရားအား ဆီမီး၊ ပန်း၊ ရေချမ်း ကပ်လှူပူဇော်ပါလေ။

## မကာရလဂ် (Capricon)

မိမိကိုယ်တိုင်ရော အိမ်ထောင်ဖက်ပါ ကျန်းမာရေး အနည်းငယ် ညှိုနေမည်။ သူများနှင့်ပေါင်းပြီး မည်သည့်



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ကိုမှ မလုပ်ပါနှင့်။ အိမ်ထောင်ရေးကတော့ ကျောက်ခဲကို ပါးစပ်ထဲ ထည့်ဝါးရသလို ဖြစ်နေမည်။ အဆင်မပြေချင်ဘူးပေါ့။ မှားယွင်းတဲ့ အိမ်ထောင်ရေး ဖန်တီးချင်စိတ် ပြင်းပြနေတတ်၏။ မိမိစိတ်ကို နိုင်အောင်ထိန်းပါ။ မထိန်းလျှင် အချုပ်အနှောင် ခံရတတ်ပါသည်။ ပညာသင်နေလျှက်ကပင် မသင်ချင်စိတ်ပေါက်နေတတ်၏။ သားသမီးများ ″မိမိစကားကို နားမထောင်၍ စိတ်ဆင်းရဲနေရတတ်ပါသည်။ ငွေကြေးအပူလည်း မကင်းနိုင်သေးပါ။ ကဲ..ဘယ်လိုလဲ ချစ်ဦးမလား နောက်တစ်ခါလို့ မိမိကိုယ်ကို မေးယူနေရလောက်အောင် အချစ်ရေးမှာ စိတ်ဓာတ်ကျနေတတ်ပါသည်။ အဆိုးထဲက အကောင်းပြောရင် သင့်ရဲ့ဂုဏ်သတင်း ကျော်ကြားနေလိမ့်မည်။ စိတ်ဆင်းရဲနေသော်လည်း အလုပ်အကိုင်ကတော့ ကောင်းမြဲကောင်းနေမည်။ ကားရောင်းဝယ်သူများ အကျိုးပေးမည်။ အိမ်ခန်းဝယ်လိုပါက ဝယ်ဖြစ်သွားမည်။ မိခင်အကျိုး ခံစားရမည်။ လိုရာသုံး အကျိုးပေးဂဏန်းများကတော့ (၁၊ ၈၊ ၂၊ ၅၊ ၆)ပါ။

**ယတြာ** - လိမ္မော်သီး နိုင်သလောက်ဝယ်ပြီး ဗုဒ္ဓဟူးနေ့တွင် ဘုရားဆွမ်းတော် တင်လှူပါ။

## ကုမ်လဂ် (Aquarius)



(၁၆)ရက်အတွင်း စေ့စပ်ခြင်း၊ လက်ထပ်ခြင်း၊ မင်္ဂလာတစ်ခုခု ပြုရတတ်ပါသည်။ ချစ်သူမရှိသေးသူများ ချစ်သူတွေ့ပြီး ရှိနေသူများ အထူးအဆင်ပြေနေမည်။ အိမ်ထောင်ရှိသူများ လင်နှင့်မယား၊ လျှာနှင့်သွား ဆိုသကဲ့သို့ ကတောက်ကဆ ဖြစ်ရတတ်ပါသည်။ ကုမ္ပဏီထူထောင်လိုသူများ (၁၆)ရက်အတွင်း စတင်လုပ်ဆောင်ပါ။ သင်ယုံသလား၊ စကားများရင် ယခုလ ကြွေးတင်သွားတတ်ပါသည်။ လေနည်းနည်း လျှော့ထားပါ။ ဂုဏ်သိက္ခာဖြင့် ရင်းနှီးလုပ်ကိုင်ရတဲ့ လုပ်ငန်းများ အထူးအောင်မြင်မည်။ ဘာပဲပြောပြော ဘာပဲဖြစ်ဖြစ် ယခုလတွင် ဝင်ငွေလာဘ်လာဘ ကောင်းနေမည်။ ဂမ္ဘီရဆန်တဲ့ ဆရာတစ်ဆူနှင့် တွေ့လိမ့်မည်။ (၁၂)ရက်နောက်ပိုင်း စက်တပ်ယာဉ်တစ်ခုခု ဝင်မည်။ စစ်မှန်တဲ့ အကြင်နာ သံယောဇဉ်ပိုင်ရှင် တွေ့လိမ့်မည်။ ကျောင်းသားဆိုပါက စာပေစိတ်ဝင်စားမှု အားကောင်းနေမည်။ နေအိမ်နေရာဒေသ အပြောင်းအလဲ ဖြစ်တတ်၏။ ကောင်းသောပြောင်းလဲခြင်း ဖြစ်ပါသည်။ လိုရာသုံး အကျိုးပေးဂဏန်းများကတော့ (၃၊ ၄၊ ၁၊ ၅၊ ၇)ပါ။

**ယတြာ**

ဘုန်းကြီးကိုင် ယပ်တောင်(၃)လက် ဝယ်လှူလိုက်ပါ။ ဆိုးကျိုးကင်းစင်သွားလိမ့်မည်။

## မိန်လဂ် (Pisces)



နှစ်ပတ်အတွင်း အိမ်ထောင်ရေး အခြေအနေကောင်းနေမည်။ ထို့နောက်ပိုင်း သိပ်အဆင်မပြေချင်ပါ။ ရပ်တန့်ခြင်း၊ ဆုံးရှုံးနစ်နာခြင်းများ ရင်ဆိုင်ကြုံတွေ့ရတတ်၏။ သို့သော် အတိတ်ကို မှတ်မိနေတဲ့ အသိစိတ်ကြောင့် သင့်ကံကြမ္မာ တစ်အားကြီး ဆိုးမသွားနိုင်ပါ။ အတိတ်ဖြစ်စဉ်ကို ဘာဆိုင်လို့လဲဆိုပြီး လုပ်ချင်ရာ ဖွတ်လုပ်ရင် အထိနာမည်။ အိမ်ထောင်ဖက်ရဲ့ အမွေကိစ္စဆို တစ်လုံးမှ ဝင်မပြောပါလေနှင့်၊ စေတနာက ဝေဒနာဖြစ်သွားတတ်ပါသည်။ လက်ထပ်မင်္ဂလာပြုချင်နေတဲ့ ချစ်သူစုံတွဲများ လေးငါးရက်လောက်တော့ ဆိုင်းထားလိုက်ပါ။ မဆိုင်းနိုင်လို့ စီစဉ်လျှင် အစီအစဉ် မအောင်မြင် ဖြစ်တတ်ပါသည်။ ပညာရေးကတော့ အကောင်းကြီးမဟုတ်သလို အဆိုးကြီးလည်း မဟုတ်ပါ။ အချစ်ရေးမှာ ကိုယ်လိုက်သူပြေး၊ သူလိုက် ကိုယ်ပြေး ဖြစ်နေမည်။ အိမ်ထောင်ရှင်များကတော့ ကံအကောင်းဆုံး၊ အပျော်ရွှင်ဆုံး ဖြစ်နေမှာ သေချာ၏။ တတိယပတ်နောက်ပိုင်း ဖက်စပ်လုပ်ငန်း ဖိတ်ခေါ်လာလျှင် မလုပ်ပါနှင့်။ လုပ်မိပါက အရင်းမပြတ်ရင် ကံကောင်း ဆိုရပေမည်။ လိုရာသုံး အကျိုးပေးဂဏန်းများကတော့ (၄၊ ၇၊ ၅၊ ၀၊ ၈)ပါ။

**ယတြာ**

ကြက်ဥပလာတာ (၃)ချပ်ဝယ်ပြီး တွေ့တဲ့ ကိုယ်တော်ကို လောင်းလှူလိုက်ပါ။

**ရှင်လန်းချမ်းမြေ့ကြပါစေဗျာ**


**ဆရာကံထူး(ဝေဒသုတေသီ)**

☎ ၀၉ ၄၀ ၁၅၃ ၄၄ ၉၉ ၊ ၀၉ ၇၇၂ ၁၅၀ ၃၃၃



www.burmeseclassic.com

www.burmeseclassic.com



ဆရာရန်အောင်ဟိန်း(B.Sc)

## (၂၀၁၇)ခုနှစ်၊ စက်တင်ဘာလအတွင်း

# နေသိဒ္ဓိနက္ခတ်နယ်ပယ်ပေါ် လက်နှင့်မွန်းတည့်မျဉ်းဖြတ်ရယား

(၂၀၁၇)ခုနှစ်၊ စက်တင်ဘာလအတွင်း နေသိဒ္ဓိနက္ခတ်၏ နယ်ပယ်ပေါ် လက်နှင့် မွန်းတည့်မျဉ်း ဖြတ်ကျော်မည့် အချိန်များကို နေ့စဉ်နေ့တိုင်းအတွက် အထူးတွက်ချက် ဖော်ပြပေးလိုက်ပါသည်။ ယင်းအချိန်ပိုင်းများတွင် မဟာဝေဒဗ္ဗမန္တန်၊ စူဠဝေဒဗ္ဗမန္တန်နှင့် အခြားလာဘ,နေဆိုင်ရာ ဂါထာများ ရွတ်ပွားပူဇော်ခြင်း၊ ယတြာအစီအရင်များ ဆောင်ရွက်ခြင်းဖြင့် အကျိုးထူးများ ခံစားရပါလိမ့်မည်။

အထူးမှာ (၄-၉-၂၀၁၇) မွန်းလွဲ(၁၂း၀၁း၁၄)နာရီမှ (၅-၉-၂၀၁၇) မွန်းလွဲ(၁း၀၇း၅၀)နာရီ အတွင်းတွင် စန်း (ခေါ်) တနင်္လာဂြိုဟ်သည် နေသိဒ္ဓိနက္ခတ်၏ နယ်ပယ်ပေါ်သို့ ကောဇာသွားခြင်းဖြင့် ရောက်ရှိဖြတ်ကျော်နေပါလိမ့်မည်။

သို့ဖြစ်ပါ၍ လက်ဖြတ်ကျော်ခြင်းအတွက် (၄-၉-၂၀၁၇) ညနေ(၄း၄၈း၄၈)နာရီမှ (၅း၃၄း၄၉)နာရီ အတွင်းတွင်လည်းကောင်း၊ မွန်းတည့်မျဉ်းဖြတ်ကျော်ခြင်းအတွက် (၄-၉-၂၀၁၇) ည(၁၀း၂၈း၃၀) နာရီမှ (၁၁း၂၀း၀၈)နာရီအတွင်းတွင်လည်းကောင်း လာဘ,နေဆိုင်ရာ ဂါထာ,မန္တန်များ ရွတ်ပွားပူဇော်ခြင်း၊ ယတြာအစီအရင်များ ဆောင်ရွက်ခြင်းဖြင့် အကျိုးထူးများ ကေန်မုချ ခံစားရပါလိမ့်မည်။

**ဆရာရန်အောင်ဟိန်း(B.Sc)**



www.burmeseclassic.com

www.burmeseclassic.com

(၂၀၁၇)ခုနှစ်၊ စက်တင်ဘာလအတွင်း

**ဓနသိဒ္ဓိနက္ခတ်နယ်ပယ်ပေါ် လက်ဖြတ်သွားသော**

| ရက် | စဝင်ချိန် | ထွက်ခွာချိန် |
|---|---|---|
| ၁ | ၁၇:၀၀:၃၆ | ၁၇:၄၆:၃၇ |
| ၂ | ၁၆:၅၆:၄၀ | ၁၇:၄၂:၄၁ |
| ၃ | ၁၆:၅၂:၄၄ | ၁၇:၃၈:၄၅ |
| ၄ | ၁၆:၄၈:၄၈ | ၁၇:၃၄:၄၉ |
| ၅ | ၁၆:၄၄:၅၃ | ၁၇:၃၀:၅၄ |
| ၆ | ၁၆:၄၀:၅၇ | ၁၇:၂၆:၅၈ |
| ၇ | ၁၆:၃၇:၀၁ | ၁၇:၂၃:၀၂ |
| ၈ | ၁၆:၃၃:၀၅ | ၁၇:၁၉:၀၆ |
| ၉ | ၁၆:၂၉:၀၉ | ၁၇:၁၅:၁၀ |
| ၁၀ | ၁၆:၂၅:၁၃ | ၁၇:၁၁:၁၄ |
| ၁၁ | ၁၆:၂၁:၁၇ | ၁၇:၀၇:၁၈ |
| ၁၂ | ၁၆:၁၇:၂၁ | ၁၇:၀၃:၂၂ |
| ၁၃ | ၁၆:၁၃:၂၅ | ၁၆:၅၉:၂၆ |
| ၁၄ | ၁၆:၀၉:၂၉ | ၁၆:၅၅:၃၀ |
| ၁၅ | ၁၆:၀၅:၃၄ | ၁၆:၅၁:၃၅ |
| ၁၆ | ၁၆:၀၁:၃၈ | ၁၆:၄၇:၃၉ |
| ၁၇ | ၁၅:၅၇:၄၂ | ၁၆:၄၃:၄၃ |
| ၁၈ | ၁၅:၅၃:၄၆ | ၁၆:၃၉:၄၇ |
| ၁၉ | ၁၅:၄၉:၅၀ | ၁၆:၃၅:၅၁ |
| ၂၀ | ၁၅:၄၅:၅၄ | ၁၆:၃၁:၅၅ |
| ၂၁ | ၁၅:၄၁:၅၈ | ၁၆:၂၇:၅၉ |
| ၂၂ | ၁၅:၃၈:၀၂ | ၁၆:၂၄:၀၃ |
| ၂၃ | ၁၅:၃၄:၀၆ | ၁၆:၂၀:၀၇ |
| ၂၄ | ၁၅:၃၀:၁၀ | ၁၆:၁၆:၁၁ |
| ၂၅ | ၁၅:၂၆:၁၅ | ၁၆:၁၂:၁၆ |
| ၂၆ | ၁၅:၂၂:၁၉ | ၁၆:၀၈:၂၀ |
| ၂၇ | ၁၅:၁၈:၂၃ | ၁၆:၀၄:၂၄ |
| ၂၈ | ၁၅:၁၄:၂၇ | ၁၆:၀၀:၂၈ |
| ၂၉ | ၁၅:၁၀:၃၁ | ၁၅:၅၆:၃၂ |
| ၃၀ | ၁၅:၀၆:၃၅ | ၁၅:၅၂:၃၆ |

(၂၀၁၇)ခုနှစ်၊ စက်တင်ဘာလအတွင်း

**ဓနသိဒ္ဓိနက္ခတ်နယ်ပယ်ပေါ် မှန်အညီမျဉ်းဖြတ်သွားသော**

| ရက် | စဝင်ချိန် | ထွက်ခွာချိန် |
|---|---|---|
| ၁ | ၂၂:၄၀:၁၇ | ၂၃:၃၁:၅၆ |
| ၂ | ၂၂:၃၆:၂၁ | ၂၃:၂၈:၀၀ |
| ၃ | ၂၂:၃၂:၂၆ | ၂၃:၂၄:၀၄ |
| ၄ | ၂၂:၂၈:၃၀ | ၂၃:၂၀:၀၈ |
| ၅ | ၂၂:၂၄:၃၄ | ၂၃:၁၆:၁၂ |
| ၆ | ၂၂:၂၀:၃၈ | ၂၃:၁၂:၁၆ |
| ၇ | ၂၂:၁၆:၄၂ | ၂၃:၀၈:၂၀ |
| ၈ | ၂၂:၁၂:၄၆ | ၂၃:၀၄:၂၄ |
| ၉ | ၂၂:၀၈:၅၀ | ၂၃:၀၀:၂၈ |
| ၁၀ | ၂၂:၀၄:၅၄ | ၂၂:၅၆:၃၂ |
| ၁၁ | ၂၂:၀၀:၅၈ | ၂၂:၅၂:၃၇ |
| ၁၂ | ၂၁:၅၇:၀၂ | ၂၂:၄၈:၄၁ |
| ၁၃ | ၂၁:၅၃:၀၇ | ၂၂:၄၄:၄၅ |
| ၁၄ | ၂၁:၄၉:၁၁ | ၂၂:၄၀:၄၉ |
| ၁၅ | ၂၁:၄၅:၁၅ | ၂၂:၃၆:၅၃ |
| ၁၆ | ၂၁:၄၁:၁၉ | ၂၂:၃၂:၅၇ |
| ၁၇ | ၂၁:၃၇:၂၃ | ၂၂:၂၉:၀၁ |
| ၁၈ | ၂၁:၃၃:၂၇ | ၂၂:၂၅:၀၅ |
| ၁၉ | ၂၁:၂၉:၃၁ | ၂၂:၂၁:၀၉ |
| ၂၀ | ၂၁:၂၅:၃၅ | ၂၂:၁၇:၁၃ |
| ၂၁ | ၂၁:၂၁:၃၉ | ၂၂:၁၃:၁၈ |
| ၂၂ | ၂၁:၁၇:၄၃ | ၂၂:၀၉:၂၂ |
| ၂၃ | ၂၁:၁၃:၄၈ | ၂၂:၀၅:၂၆ |
| ၂၄ | ၂၁:၀၉:၅၂ | ၂၂:၀၁:၃၀ |
| ၂၅ | ၂၁:၀၅:၅၆ | ၂၁:၅၇:၃၄ |
| ၂၆ | ၂၁:၀၂:၀၀ | ၂၁:၅၃:၃၈ |
| ၂၇ | ၂၀:၅၈:၀၄ | ၂၁:၄၉:၄၂ |
| ၂၈ | ၂၀:၅၄:၀၈ | ၂၁:၄၅:၄၆ |
| ၂၉ | ၂၀:၅၀:၁၂ | ၂၁:၄၁:၅၀ |
| ၃၀ | ၂၀:၄၆:၁၆ | ၂၁:၃၇:၅၄ |



www.burmeseclassic.com

www.burmeseclassic.com



ဂမ္ဘီရပရိသတ်မေး၍

ဆရာရန်အောင်ဟိန်း ဖြေသည်

# ဂမ္ဘီရမဂ္ဂဇင်း (ဗေဒင် အမေး-အဖြေ ကဏ္ဍ)

ဂမ္ဘီရမဂ္ဂဇင်း၏ ဗေဒင် အမေး-အဖြေကဏ္ဍတွင် မေးမြန်းလိုပါက မေးလိုသောအချက်ကို အတိအကျ(လိုတိုရှင်း) ရေးသား၍ အောက်ဖော်ပြပါလိပ်စာအတိုင်း ပေးပို့နိုင်ပါသည်။

ဂမ္ဘီရ မဂ္ဂဇင်း

အမှတ်-၁၈၂(က)(မြေညီထပ်)၊ ၃၃-လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

- မေးသူ၏အမည် ----------
- မွေးနေ့ (နှစ်၊ လ၊ ရက်) ----------
- မွေးဖွားရာ မြို့/ရွာ ----------
- အချိန်နာရီ (နေ့/ည) ----------

မေးခွန်းများ

(၁) ----------

(၂) ----------

(၃) ----------



www.burmeseclassic.com

www.burmeseclassic.com


ဂမ္ဘီရပညာသင်္ချာပေး၍

# အလုပ်အကိုင်အောင်မြင်ရေး

ဖြေသည်

**ဦးသိန်းမောင်**

(၁၄-၃-၁၉၄၇၊ ၂၁း၄၀ နာရီ၊ မြောင်းမြမြို့)




၁။ *ရပ်ဟန်းခံရှင်ပြု အလှူကြီး လှူနိုင်မည်လား၊ ကာလ။*

(၂)တန့်သခင် အင်္ဂါ (၅)တန့်တွင် ရပ်တည်၍ (၁၂) တန့်ဘာဝအား (၈)တန့်အထူးမြင် ကြံ့နေသည်။ ဘာဝတွင် အလှူကြီးပြုလုပ်ရတတ်သည်။ ယခု (၂)တန့်ရပ် ၅တေး သူလဒသာ် စားဝင်နေပြီး (၉၊ ၁၂)သခင် ၄ဟူး ဘုတ္တိ သော စားဝင်မည့် (၁၁-၇-၂၀၂၁)မှ (၁၇-၁၀-၂၀၂၃) အတွင်း အလှူကြီးတစ်ခု ပြုလုပ်နိုင်ပါမည်။

၂။ *ထီပေါက်ခြင်း၊ ငွေလုံးငွေရင်း ဝင်ခြင်းကံ။*


(၃)တန့်သခင်ဂြိုဟ် ၅တေးဂြိုဟ်သည် (၁)တန့် ဘာဝတွင် ကိတ်ဂြိုဟ် (၂)တန့်ဘာဝတွင် ရပ်တည်သော (၁၁)တန့်သခင် ၂လ်ာတို့နှင့်ပူးကာ ရပ်တည်၏။ ရာသီ အားဖြင့် ဗြိစ္ဆာရာသီတွင်ဖြစ်သည်။ ကိတ်သည် (၂၊ ၁၁)သခင်အဖြစ် (၄)တန့်ရပ် အင်္ဂါဂြိုဟ်အား ကိုယ်စား ပြုသော ဘာဝတွင် ထီပေါက်ကံ ရှိပါသည်။ (၂၀၁၈) ခုနှစ်လယ်မှ (၂၀၁၈)ခုနှစ်ကုန်ထိ ထီကံ စမ်းကြည့် ပါသော။

၃။ *ကျန်းမာရေး ဆိုးရွားနိုင်မည့်နှစ်။*

(၁၁-၁၁-၂၀၁၆)မှ စတင်စားဝင်လာခဲ့သော ၅တေး ဘုတ်သည် လဂ်ဘာဝတွင် ရပ်တည်သော (၃၊ ၆)သခင် ဖြစ်ရကား ကျန်းမာရေးအညို့ ကြုံစေတတ်သည်။ (၂၀၁၇)ခုနှစ်၊ ဖွန်လမှ အောက်တိုဘာလအတွင်း၊ (၂၀၁၈) ခုနှစ်၊ မေလမှ စက်တင်ဘာလအတွင်း ကျန်းမာရေးသတိ ပြုပါ။ အကြီးအကျယ်တော့ မညံ့တတ်ပါ။ (၂၀၂၁)ခုနှစ် မှ (၂၀၂၃)အတွင်း အထူးသတိပြုရန် ရှိနေပါသည်။

**ကိုတင့်နိုင်**

**(၁၂-၅-၁၉၇၅၊ ၁၉း၃၀ နာရီ၊ မြိုင်မြို့နယ်)**




၁။ *အောင်မြင်သော လုပ်ငန်းရှင် ဖြစ်မည်လား၊ ဘယ် တော့လဲ။*

(၁၀)တန့်သခင်ဂြိုဟ် ၁နွေ (၆)တန့်တွင် ဥစ်မူကာ ရပ်တည်နေသည်။ (၇)တန့်သခင်ဂြိုဟ် ၆ကြာ (၈)တန့် တွင် (၃၊ ၄)သခင် စနေဂြိုဟ်နှင့် ပူးယှဉ်ရပ်တည်သည်။ ဝန်ထမ်း ပိုအကျိုးပေးသည်။ စီးပွားရေးလုပ်ငန်း လုပ်လို ပါက စပ်တူ(ဖက်စပ်)လုပ်ငန်းမျိုးဖြင့် အောင်မြင်နိုင် သည်။ (၅)တန့်တွင်ရပ်ပြီး (၇)တန့်ရပ် (၈၊ ၁၁)သခင် ၄ဟူးပိုင် နက္ခတ်ကိုစီးသော ၅တေး ထူလ (၇)တန့်တွင် ၄ဟူးနှင့် ပူးယှဉ်ရပ်တည်သော ၂လ်ာ ဘုတ္တိဒသာကာလ (၂၀၁၉-၂၀၂၁)ခုနှစ် ကာလများတွင် စီးပွားရေး အောင် မြင်နိုင်ပါသည်။

၂။ *မည်သည့်လုပ်ငန်းမျိုး အကျိုးပေးမလဲ။*

(၁၀)တန့်သခင် ၁နွေဂြိုဟ် မိဿရာသီတွင် ရပ် တည်၍ မိမိပိုင် နက္ခတ်ကိုပင် စီးထားသည်။ အိမ်ဆောက် ပစ္စည်း၊ ဆန်၊ ဆေးဝါး၊ စားသောက်ကုန် (၁၀ တန့်သခင်

www.burmeseclassic.com


ဖြောပိုင်နက္ခတ် ဘုတ္တိနက္ခတ်ကို စီး၍၊ လျှပ်စစ်ပစ္စည်း၊ အထည် လုပ်ငန်းများထဲမှ အကျိုးပေးတတ်ပါသည်။

၃။ *နောက်အိမ်ထောင်ကျကိန်း ရှိပါသလား။*

(၇)တန့်သခင် ဖြောဂြိုဟ်၊ (၈)တန့် မေထုန်(ဒွေးဒဟ)ရာသီတွင် (၃၊ ၄)သခင် စနေဂြိုဟ်နှင့် ပူးယှဉ်ရပ်တည်၍ ယင်းရာသီသခင် ၄ဟူးဂြိုဟ် (၇)တန့်တွင် ပြန်ရပ်တည်သဖြင့် (၇)တန့်သခင်ဂြိုဟ်နှင့် (၈)တန့်သခင်ဂြိုဟ်တို့ ပရိဝတ္တနသမ္ဗန္ဓ ပြုနေကြသည်။ သို့ဖြစ်၍ အိမ်ထောင်တစ်ဆက်မက ဖြစ်စေတတ်သည်။ (၂၀၁၈)ခုနှစ် မကျော်မီ နောက်အိမ်ထောင် ပေါ်ပေါက်တတ်သည်။

**မခင်သဇင်**

**(၂၁-၂-၁၉၇၀၊ ၂၂း၀၀ နာရီ၊ ရမည်းသင်းမြို့)**




၁။ *ဘဝတွင် ပြည့်စုံချမ်းသာစွာ နေရမည်လား၊ ကာလ။*

(၂)တန့်သခင် အင်္ဂါဂြိုဟ် (၆)တန့်တွင် ရပ်၍ မိန်ရာသီမှနေကာ လဂ်နှင့် ပူးယှဉ်သော (၃၊ ၆)သခင် ၅တေးဂြိုဟ်အား (၈)တန့်အထူးမြင်ထားသည်။ (၉)တန့်ကို (၄)တန့်အထူးမြင်၊ (၁၂)တန့်ကို သမသတ်မြင် ကြုံနေသည်။ မွေးဇာတိမှ အခြားအရပ်သို့ ပြောင်းရွှေ့စီးပွားရှာမှ ကြီးပွားတတ်သည်။ (၂၀၂၀)ပြည့်နှစ်ကျော်ကျော်တွင် အသင့်အတင့် ကြီးပွားဖို့ ရှိနေပါသည်။

၂။ *သားသမီး အကျိုးပေးမလား။*


(၅)တန့်သခင် စနေဂြိုဟ် (၇)တန့်ဘာဝတွင် ရပ်တည်ကာ (၁၁)တန့်ရပ် ကိတ်ဂြိုဟ်ပိုင်သော နက္ခတ်ကို စီးထား၏။ သားသမီး အကျိုးပေးမှု ရှိပါမည်။

၃။ *အိုဇာတာ ကောင်းမည်လား။*

အသက်(၆၀)နှစ်နောက်ပိုင်း စားဝင်မည့် ၅တေး ထုလဒသာသည် (၇၆)နှစ်ထိ ကြာမြင့်ပါမည်။ (၃၊ ၆) သခင်အဖြစ် လဂ်တွင် ပူး၍ အိုဇာတာ မည့်ပါ။

**ကိုမင်းဟန်**

**(၁၃-၁၁-၁၉၈၅၊ ၁၁း၄၅ နာရီ၊ ရန်ကုန်မြို့)**




၁။ *ယခုသင်ကြားနေသော ဟိုတယ်လုပ်ငန်းဘာ*
*အကျိုးပေး/မပေး။*

(၄)တန့်သခင် အင်္ဂါဂြိုဟ် (၉)တန့် (ခရီး)ဘာဝ
ရပ်တည်၍ လဂ်ဘာဝရပ် (၃၊ ၁၂)သခင် ၅တေးဂြို
(၉)တန့်အထူးမြင်ခြင်း ခံထားရသည်။ ဟိုတယ်
ပြသော ဖြောဂြိုဟ် (၁၀)တန့်တွင် (၈)တန့်သခင်
ကိတ်ဂြိုဟ်တို့နှင့် ပူးယှဉ်ရပ်တည်နေသည်။ ဟိုတ
င်နးဘာသာ အကျိုးပေးနိုင်ပါသည်။

၂။ *စင်ကာပူတွင် ကြီးပွားတိုးတက်ကိန်း ရှိ*

(၁၀)တန့်သခင် ဖြော တူရာသီ (၉)တန့်
ရပ်တည်၍ ကိတ်ဂြိုဟ်နှင့် (၁၀)တန့်ရပ်၊ (၈)
၁ နွေတို့နှင့် ပူးယှဉ်နေသည်ကို (၄၊ ၁၁)သခင်
ပြု ရာဟုက မိဿရာသီ (၃)တန့်ဘာဝမှ
သည်။ နိုင်ငံရပ်ခြားတွင် အလုပ်လုပ်ရခြင်း
တက်ခြင်း ကြုံမည်။

၃။ *အိမ်ထောင်ရေးကံ၊ ကာလ၊ အခြေအနေ*

*(၇)တန့်သခင် ၂လံဂြိုဟ် ဗြိစ္ဆာရာသီ*
ဘာဝတွင် (၁၊ ၂)သခင် စနေဂြိုဟ်၊ (၆၊
၄ဟူးဂြိုဟ်တို့နှင့် ပူးယှဉ်ရပ်တည်သည်။ အိမ်ထော
နောက်ကျတတ်ပြီး အိမ်ထောင်ကံ သင့်ရုံမျှ ရှိ
သည်။ အိမ်ထောင်တစ်ဆက်မက ဖြစ်တတ်ခြင်း
သည်။ အသက်(၃၃-၃၅)နှစ်အတွင်း အိမ်ထောင်
သည်။


**N.T.D.A**


**(၂၆-၉-၁၉၉၅၊ ၁၇း၀၀ နာရီ၊ ရွှေ**

၁။ *ပညာရေး၊ အခြေအနေ။*

www.burmeseclassic.com

www.burmeseclassic.com




(၄)တန့်သခင်ဂြိုဟ် ဖြေကြာ (၈)တန့်ဘာဝတွင် (၇) တန့်သခင် ၁နေဂြိုဟ်၊ (၅၊ ၈)သခင် ၄ဟူးဂြိုဟ်တို့နှင့် ပူးယှဉ်ရပ်တည်ရကား ပညာရေးကံ ညံ့သည်ဟု ဆိုရ ည်။ ပညာရေးခရီးတွင် ကြိုးစားသလောက် မထွန်း ပေါက်တတ်ပါချေ။ အတော်ကြိုးစားမှ ပညာရေးခရီး ပြီးမည်။

၂။ *စီးပွားချမ်းသာကိန်း၊ ကာလ။*

(၂)တန့်သခင်ဂြိုဟ် ၅တေး (၁၁)တန့်သခင်ဂြိုဟ် ည်းဖြစ်ကာ ဗြိစ္ဆာရာသီ (၉)တန့်ဘာဝတွင် ရပ်တည် ခြင်း၊ (၂)တန့်ဘာဝကို (၅)တန့်အထူးမြင် ပြန်ကြဲ့ခြင်း ကြောင့် ငွေကြေးဓနကံ ကောင်း၍ စီးပွားဥစ္စာ ပြည့်စုံ ိုင်သည်။ (၁၂-၈-၂၀၁၆)မှ (၁၂-၈-၂၀၃၂)အတွင်း ၅တေးထူလဒသာ စားဝင်နေသည်။ မိဿရာသီ (၂)တန့် ဘာဝရပ်၊ ကိတ်ဂြိုဟ်၏ ဘုတ္တိဒသာကာလ (၂၀၂၃- ၂၄)အတွင်း ငွေကြေးဥစ္စာ ကြီးပွားမှု ကြုံပေမည်။

၃။ *ဖူးစာရှင်၏ ပုံသဏ္ဌာန်၊ နေ့နံ၊ ကာလ။*

(၇)တန့်သခင်ဂြိုဟ် ၁နေ ကန်ရာသီတွင် မိမိပိုင် ကျွတ်စီး၍ ရပ်တည်သည်။ ဖူးစာရှင်သည် အသားလတ်၊ အမောင်း၊ ခန္ဓာကိုယ် အလတ်စား၊ မျက်နှာသွယ် သောင် ရှိမည်။ ကြာသပတေး၊ တနင်္ဂနွေ၊ ဗုဒ္ဓဟူး သမီးထဲက ဖြစ်တတ်သည်။ အသက်(၂၇)နှစ်တစ် ဝိုက်တွင် အိမ်ထောင်ကျတတ်သည်။

## ATZK

**-၄-၁၉၈၉၊ ၁၁း၀၀ နာရီ၊ ရန်ကုန်မြို့)**

*ကြီးပွားချမ်းသာမည့်ကံ ပါသလား။*

တန့်သခင်ဂြိုဟ် ၂လာ သိဟ်ရာသီ (၂)တန့် တွင် ရပ်တည်၍ ကြီးပွားချမ်းသာမည့်ကံ ပါပါ ညာဟု၊ ကိတ် အကြပ်ခံထားရခြင်းက ကြီးပွားမှု အတွက် ကြန့်ကြာခြင်း၊ စိတ်အနှောင့်အယှက်၊ စိတ်ပျက် စရာများ ကြုံပြီးမှ ရရှိခံစားရတတ်သည်။ (၃-၉-၂၀၁၇) မှ (၃-၉-၂၀၂၇)ထိ ယင်း(၂)တန့်သခင် (၂)တန့်ဘာဝ ရပ် ၂လာထူလဒသာ စားဝင်မည်။ (၂၀၂၀)ပြည့်နှစ်ကျော် နောက်ပိုင်း ဘဝကံအတက် စပါမည်။

၂။ *ဝန်ထမ်းအရာရှိကြီး ဖြစ်နိုင်မည်လား။*

(၁၀)တန့်သခင်ဂြိုဟ် ၅တေးဖြစ်၍ ပြိဿရာသီ (၁၁)တန့်ဘာဝတွင် (၆၊ ၁၁)သခင် (၁၂)တန့်ရပ် အင်္ဂါ ဂြိုဟ်နှင့် ပူးယှဉ်ရပ်တည်ထားသည်။ ဝန်ထမ်း အရာရှိ ကြီးထိ ဖြစ်နိုင်သော်လည်း ရပ်ဝေးတွင် (အခြားနယ်တွင်) အမှုထမ်းရတတ်သည်။

၃။ *အိမ်ထောင်ရေးကံ၊ ပုံသဏ္ဌာန်၊ ကာလ။*

(၇)တန့်သခင်ဂြိုဟ် ၅တေးဖြစ်၍ ပြိဿရာသီတွင် ရပ်တည်၏။ အိမ်ထောင်ဖက်သည် အရပ်ပျပ်ပျပ်၊ မျက်နှာ ထောင့်ကျကျ၊ တောင့်တင်းသော ခန္ဓာကိုယ် ရှိတတ် သည်။ အသားလတ်မည်။ အိမ်ထောင်ကံ ကောင်းသည်။ အသက်(၃၀)နှစ်တစ်ဝိုက်တွင် အိမ်ထောင်ကျဖို့ ရှိသည်။

## ကိုဟန်ထွန်း

**(၅-၁၁-၁၉၇၁၊ ၁၂း၀၁ နာရီ၊ ရန်ကုန်မြို့)**

၁။ *မည်သည့်အသက်မွေးဝမ်းကျောင်းအလုပ်ဖြင့် အောင် မြင်နိုင်မလဲ။*

(၁၀)တန့်သခင်ဂြိုဟ် ဖြေကြာ ဗြိစ္ဆာရာသီတွင် ၄ဟူး၊ ၅တေးဂြိုဟ်များနှင့် ပူးယှဉ်ရပ်တည်နေသည်။ စားသောက် ကုန်၊ ရေ/အရည်(အချိုရည်၊ ရေသန့် စသည်)၊ အကျိုး ဆောင်လုပ်ငန်း၊ ပညာရေးလုပ်ငန်း၊ ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများ လုပ်နိုင်ပါသည်။


၂။ *ငွေကြေးချမ်းသာမည်လား။*

(၂)တန့်သခင်ဂြိုဟ် စနေ (၄)တန့်ဘာဝ (ပြိဿ



www.burmeseclassic.com

www.burmeseclassic.com





ရာသီ)တွင် ရပ်တည်ပြီး (၅)တန့်ရပ် (၇)တန့်သခင် တနင်္လာဂြိုဟ်နှင့် ပူးယှဉ်ရပ်တည်သည်ကို (၃၊ ၁၂)သခင် ကြာသပတေးဂြိုဟ်၊ (၅၊ ၁၀)သခင် ဗြိဿာရာသီ စနေ... (၆၊ ၉)သခင် ဗုဒ္ဓဟူးဂြိုဟ်တို့က ဗြိဿာရာသီ (၁၀)တန့်ဘာဝမှ အမြင် ကြံ့နေကြသည်။ ငွေကြေးကံ အလတ်စား ကောင်း၍ အတန်အသင့် ပြည့်စုံစွာ နေရပါမည်။ အလတ်စားကြွယ်ဝမည်။

၃။ *နိုင်ငံခြားခရီး ယာယီလား၊ အမြဲနေထိုင်ရမည်လား။*

(၁၂)တန့်ဘာဝသခင်ဂြိုဟ် ကြာသပတေးသည် (၃)တန့်သခင်ဂြိုဟ်လည်းဖြစ်ကာ ဗြိဿာရာသီ (၁၀)တန့်ဘာဝမှ (၃)တန့်ဘာဝအား (၅)တန့်အထူးမြင် ကြံ့နေသည်။ နိုင်ငံခြားခရီး ရှိသော်လည်း ယာယီသဘောသာ ဖြစ်မည်။

## ကိုရန်နိုင်

**(၁၂-၃-၁၉၈၆၊ ၁၇း၀၅ နာရီ၊ သထုံမြို့)**




၁။ *အိမ်ထောင်ကျနိုင်သော အသက်အရွယ်၊ အဆင့်အတန်း၊ နေ့သားသမီး။*

(၇)တန့်သခင်ဂြိုဟ် စနေ (၄)တန့်ဘာဝတွင် (၄၊ ၉)သခင် အင်္ဂါဂြိုဟ်နှင့် ပူးယှဉ်ရပ်တည်သည်။ စနေဂြိုဟ် မိမိပိုင် နက္ခတ်ကိုပင် စီးထားသည်။ အိမ်ထောင်ကျကိန်းရှိသော်လည်း အိမ်ထောင်ကျ နောက်ကျတတ်သည်။

လက်ရှိ (၄-၁၁-၂၀၀၆)မှ (၄-၁၁-၂၀၂၆)ထိ ဖြ
ထူလဒသာ စားဝင်နေသည်။ (၃၊ ၁၀)သခင် (၇)တ
ဖြကြာသည် (၂၊ ၁၁)သခင်ဂြိုဟ် ငှဟူး၊ (၁၂)သ
တနင်္လာနှင့်လည်း ပူး၍ အိမ်ထောင်ကျစေနိုင်သည်။
၁၁-၂၀၂၂)မှ (၄-၉-၂၀၂၅)အတွင်း စားဝင်မည့် ၄
ဘုတ္တိဒသာတွင် အိမ်ထောင်ကျနိုင်သည်။ ဘဝအ
မကွာလွန်းတတ်ပါ။ ဗုဒ္ဓဟူး၊ သောကြာ၊ စနေ သမီးဝ
ဖြစ်တတ်သည်။

၂။ *စားရေးဆရာနှင့် အဆိုကျော် မည်သည်က အေ
မြင်မည်နည်း။*


သိဟ်လဂ် (၃)တန့်(အသံ)ဘာဝတွင် ရာဟု၊ ဂ
ကြပ်ထားရကား အဆိုကျော်အဖြစ် မအောင်မြင်နိုင်
(၃)တန့်သခင် ဖြကြာ (၇)တန့်တွင် (၂၊ ၁၁)သခင် ၄
(၈)တန့်ရပ်၊ (၁၂)တန့်သခင် တနင်္လာဂြိုဟ်တို့နှင့်
စားရေးဆရာအဖြစ် ပိုအောင်မြင်နိုင်ပါသည်။

၃။ *မိမိမွေးရပ်မြေတွင် ချမ်းသာကြွယ်ဝစွာ နေရ
လား။*

(၄)တန့်သခင်ဂြိုဟ် အင်္ဂါ (၄)တန့်(ထိရရာသီ)
(၆၊ ၇)သခင်ဂြိုဟ် စနေနှင့်ပူး၍ မွေးရပ်တွင်ပင် အ
ချရတတ်သည်။ (၂)တန့်သခင် ငှဟူး (၁၁)တန့်သ
လည်းဖြစ်ကာ (၇)တန့်တွင် (၃၊ ၁၀)သခင် ဖြ
(၈)တန့်ရပ်၊ (၁၂)တန့်သခင် တနင်္လာနှင့်ပူး၍ ငွေကြေ
အလတ်စား ကြီးပွားတတ်သည်။

## မကြည်ပြာ

**(၂၀-၁၂-၁၉၉၃၊ ၈း၀၀ နာရီ၊ ညောင်ဦးမြို့နယ်)**




၁။ မည်သည့်အလုပ်အကိုင်ဖြင့် ကြီးပွားမလဲ

(၁၀)တန့်သခင် ဖြကြာ ဗြိဿာရာသီ (၁၁)တန့်
တွင် (၁၁)တန့်ရပ် (၇၊ ၉)သခင်ဂြိုဟ် ငှဟူး၊ ရာဟု



www.burmeseclassic.com

www.burmeseclassic.com

တို့နှင့် ပူးယှဉ်ရပ်တည်၏။ (၁၀)တန့်တွင် (၁၊ ၃)သခင် ၅တေးဂြိုဟ် ရပ်တည်သည်။ ရေ/အရည်(အချိုရည်၊ ရေသန့် စသည်)နှင့် ပတ်သက်သောလုပ်ငန်း၊ အထည်၊ ကုန်စုံဆိုင်၊ ပညာရေးလုပ်ငန်းမျိုးဖြင့် အဆင်ပြေတတ်သည်။

၂။ *ဘဝအခြေအနေ တိုးတက်ကောင်းမွန်မှု။*


(၁၅-၁-၂၀၀၄)မှ (၁၅-၁-၂၀၂၃)ထိ (၂)တန့်ရပ် (၂)တန့်သခင် စနေဂြိုဟ်၏ ထူလဒသာ စားဝင်သည်။ စနေသည် (၈)တန့်သခင် ၂လ်ာနှင့် ပူးယှဉ်သည်။ ဘဝတိုးတက်မှု ရှိတတ်သော်လည်း နှောင့်နှေးနောက်ကျမှု ကြုံရတတ်သည်။ အသက်(၂၇)နှစ်မှ (၃၀)နှစ်ကြား ဘဝတိုးတက်မှု စပေမည်။

၃။ *အိမ်ထောင်ကံ၊ ကာလ။*

(၇)တန့်ဘာဝ သခင်ဂြိုဟ် ၄ဟူး (၁၁)တန့်(ဗြိစ္ဆာ)တွင် ရာဟုဂြိုဟ်၊ ၆ကြာဂြိုဟ်တို့နှင့် ပူးယှဉ်ရပ်တည်သည်။ အိမ်ထောင်ကံ သင့်သည်။ အိမ်ထောင်ကျချိန်သည် အသက်(၂၈)နှစ်တစ်ဝိုက် ဖြစ်တတ်သည်။

**ဒေါ်စိုးစိုးကျော်**

**(၂၀-၈-၁၉၆၃၊ ၁၃း၀၀ နာရီ၊ ချောက်မြို့)**




[illegible] *အမွေရကိန်း၊ ကာလ။*

(၈)တန့်သခင်ဂြိုဟ် ၄ဟူး (၁၁)တန့်သခင်ဂြိုဟ် [illegible]ဖြစ်ကာ (၁၀)တန့်ဘာဝ (ကန်ရာသီ)တွင် ရပ်တည် [illegible] (၁၊ ၆)သခင် (၁၁)တန့်ဘာဝရပ် အင်္ဂါဂြိုဟ်က [illegible]သည်။ ပဋိပက္ခ၊ အငြင်းပွားစရာများ ကြုံပြီးမှ [illegible]တတ်သည်။ (၁၁)တန့်တွင် မိမိပိုင် နက္ခတ်ကို [illegible] ရပ်တည်သော အင်္ဂါထူလ၊ (၃)တန့်တွင် အင်္ဂါပိုင် [illegible]ကိုစီး၍ ရပ်တည်သော စနေ ဘုတ္တိဒသာ (၂၀၁၉-[illegible])အတွင်း အမွေများ ခွဲယူရရှိမည်။

၂။ *အိမ်ပိုင်နှင့် နေရကိန်း။*

(၄)တန့်သခင်ဂြိုဟ် စနေ (၃)တန့်တွင် ရပ်တည်၍ (၃)တန့်သခင်လည်း ဖြစ်သည်။ စနေသည် (၁၁)တန့်ရပ် အင်္ဂါပိုင် နက္ခတ်ကိုစီး၍ ဘဝတွင် အိမ်ပိုင်ဖြင့် နေရကိန်း ရှိသည်။

၃။ *ကျန်းမာရေး။*

(၆-၂-၂၀၁၇)မှ (၆-၂-၂၀၂၄)ထိ စားဝင်သော ထူလဒသာသခင်ဂြိုဟ် အင်္ဂါသည် (၁၊ ၆)သခင်ဖြစ်၍ (၁၁)တန့်တွင် ရပ်တည်နေသည်။ ကျန်းမာရေး အညှိုးပေါ်တတ်သော်လည်း ပြန်လည်သက်သာ ကောင်းမွန်နိုင်ရကား ပူစရာတော့ မရှိလှပါ။ ရောဂါ နှစ်မျိုး၊ သုံးမျိုး ခံစားရသလိုမျိုး ကြုံနေရတတ်သော်လည်း မပြင်းထန်တတ်ပါ။

---


**ဆရာရန်အောင်ဟိန်း(B.Sc)**

**(ခရစ်ရှနားမူတီးပဒ္ဓတိ ရှေ့ဆောင်နက္ခတ်ဗေဒင်ပညာရှင်)**
**အမှတ်-၂၁၃(ပ-ထပ်)၊ ၃၂-လမ်း(အထက်)၊**
**(CLOVER ဟိုတယ်အနီး)၊ ပန်းဘဲတန်းမြို့နယ်၊**
**ရန်ကုန်မြို့။**
**ဖုန်း - ၀၉ ၇၃၁ ၁၉၈ ၂၆၊**
**၀၉ ၂၆၁ ၄၄ ၇၇ ၆၆၊**
**၀၉ ၇၉၁ ၄၂၀ ၃၉၄**


---

**စာမေး၍ဖြေသည့် ပရိသတ်များသို့ ပန်ကြားချက်**

ဂမ္ဘီရပရိသတ်ကြီးအား ကျေးဇူးတုံ့ပြန်သောအားဖြင့် ထုတ်ဝေသူ၊ စာတည်းချုပ်၏ စေတနာအရ နက္ခတ်ဗေဒင်ပညာဖြင့် တိကျစွာပြန်လည်ဖြေကြားပေးနေသောကဏ္ဍဖြစ်ပါသည်။ သို့ဖြစ်၍ မွေးရပ်၊ မွေးရက်၊ လ၊ နှစ်၊ မွေးဒေသ၊ အချိန်နာရီတို့ တိကျရန်လိုပါသည်။ မွေးချိန်မတိကျက လက်မှမဟုတ်ဘဲ စန်း(၂လ်ာ)မှ ဖြေကြားရ၍ အဖြေများ မှန်ကန်တိကျမှု အားနည်းတတ်ပါသည်။

မွေးချိန်မသိက အမေးပုံစံကို ဖြည့်စွက်သော ရက်၊ လ၊ နှစ်၊ အချိန်၊ ဒေသတို့ကို ဖြည့်စွက်၍ ရောက်ဆဲအသက်ကိုပါ ရေးသားပေးပါ။ မွေးဒေသအတွက် ဆိုင်ရာ ပြည်နယ်၊ တိုင်းဒေသကြီးတို့ကိုပါ ရေးသားပေးပါ။



www.burmeseclassic.com

www.burmeseclassic.com

ဆရာရန်အောင်ဟိန်း(B

# ဂျိမ်းစ်ဘွန်းမင်းသား ရော်ဂျာမိုး၏ ဇာတာအား သူ၏ သေဆုံးချိန်… ဝေဖန်ပြခြ…



နာမည်ကျော် ဂျိန်းစ်ဘွန်း ဇာတ်ဆောင်တစ်ဦး ဖြစ်သည့် ရော်ဂျာမိုး(Roger Moore) သည် (၂၃-၅-၂၀၁၇) သူ၏ အသက်(၈၉)နှစ် အရွယ်တွင် ကင်ဆာရောဂါဖြင့် ကွယ်လွန်ခဲ့ပါသည်။ ဂျိန်းစ်ဘွန်းမင်းသား၏ ဇာတာအား AstrodataBank.com မှ ရှာဖွေရာ (၁၄-၁၀-၁၉၂၇) (၁၃ ရက်မှ ၁၄ ရက်အကူး) နံနက်(၀း၄၅) နာရီတွင် အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့တွင် မွေးဖွားကြောင်း သိရပြီး ဇာတာအဆင့်(A) ရ၍ စိတ်ချရသော မွေးနှစ်၊ လ၊ ရက်၊ အချိန် ဖြစ်ပါသည်။

ဇာတာမှာ တစ်ဖက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်။

ရော်ဂျာမိုး၏ ဇာတာတွင် သူ၏ သေဆုံးရချိန်ကို ကေ.ပီစနစ်ဖြင့် ရှင်းပြရန် အဓိကရည်ရွယ်ထားသော်လည်း ရုပ်ရှင်သရုပ်ဆောင်အဖြစ် အောင်မြင်ရခြင်းကိုပါ သူ၏ ဇာတာအရ ရှင်းလင်းဖော်ပြပေးသွားပါမည်။

**ရုပ်ရှင်သရုပ်ဆောင် ဖြစ်ရခြင်း**

ရုပ်ရှင်သရုပ်ဆောင် ဖြစ်ရခြင်းအတွက် ကေ.ပီစနစ်အရ (၅)တန့်ဘုတ္တိနက္ခတ် သခင်ဂြိုဟ်ဖြင့် ဆုံးဖြတ်ရပါသည်။ (၅)တန့်ဘာဝသန္ဓိ ဘုတ္တိနက္ခတ် သခင်ဂြိုဟ်သည် (၅၊ ၁၁)တန့်ဘာဝများအတွက် အကျိုးဆောင်ပြီး

သောကြာဂြိုဟ် (သို့မဟုတ်) (၅)တန့်သခင်ဂြိုဟ
ဆက်သွယ်ပတ်သက်နေပါက ရုပ်ရှင်သရုပ်ဆောင်
စေပေမည်။ ယင်းအပြင် (၂၊ ၁၀)ဘာဝများအတွ
အကျိုးဆောင်ပါက ရုပ်ရှင်သရုပ်ဆောင်အဖြစ် အ
မွေးရတတ်သည်။

**ထင်ပေါ်ကျော်ကြားခြင်း**

ထင်ပေါ်ကျော်ကြားခြင်းအတွက် (၁၀)တန့် (န
ဂုဏ်သတင်း၊ ဂုဏ်သိက္ခာ ကြီးမြင့်ခြင်း) ဘာ
ဘုတ္တိနက္ခတ် သခင်ဂြိုဟ်သည် (၃၊ ၁၀၊ ၁၁)တန့်
များအတွက် အကျိုးဆောင်ရပါမည်။

ရော်ဂျာမိုး၏ ဇာတာတွင် (၅)တန့်ဘာဝသန္ဓိ
နက္ခတ် သခင်ဂြိုဟ်သည် ဗုဒ္ဓဟူးဂြိုဟ် ဖြစ်ပါသည်။
ဂြိုဟ်သည် (၂)တန့်သခင်အဖြစ် (၃)တန့်ဘာဝတွ
တည်နေပါသည်။ (၅၊ ၁၀)တန့်သခင်ဂြိုဟ် အ
နက္ခတ်ကို စီးထားကာ အင်္ဂါဂြိုဟ်နှင့်အတူ (၃)တန့်
တွင် ပူးယှဉ်ရပ်တည်နေပါသည်။

သို့ဖြစ်၍ (၅)တန့်ဘာဝသန္ဓိ ဘုတ္တိနက္ခတ်
ဂြိုဟ် ဗုဒ္ဓဟူးသည် (၅)တန့်သခင်ဂြိုဟ်နှင့် ဆက်သွ
သက်နေပြီး (၂၊ ၅၊ ၁၀)တန့်ဘာဝများအတွက် အ
ဆောင်နေ၍ ရုပ်ရှင်သရုပ်ဆောင်အဖြစ် အသက်မွေ
ကျောင်းရခြင်း ဖြစ်ပါသည်။ ဗုဒ္ဓဟူး၊ အင်္ဂါတို့အား
တန့်တွင် ရပ်တည်သော ရာဟုဂြိုဟ်က (၅)တန့်
မြင်ထားရကား (၂၊ ၅၊ ၁၀၊ ၁၁)ဘာဝများနှင့်ပတ်
အကျိုးဆောင်နေပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## နာမည်ကျော်ကြား ထင်ရှားရခြင်း

ဇာတာတွင် (၁၀)တန့်ဘာဝသန္ဓိ ဘုတ္တိနက္ခတ် သခင်ဂြိုဟ်သည် ၄ဟူး ဖြစ်ပါသည်။ ၄ဟူးဂြိုဟ်သည် (၃၊ ၁၂) သခင်ဖြစ်ကာ (၄)တန့်ဘာဝတွင် ရပ်တည်နေသည်။ ၄ဟူးဂြိုဟ်သည် (၆၊ ၉)သခင်အဖြစ် (၈)တန့်ဘာဝတွင် ရပ်တည်သော ၅တေးဂြိုဟ်ပိုင် နက္ခတ်ကို စီးထားပါသည်။ ၅တေးဂြိုဟ်သည် (၅၊ ၁၀)သခင် အင်္ဂါ၊ (၂)တန့်သခင် ၁နွေဂြိုဟ်တို့နှင့် အပြန်အလှန် အမြင်ကြုံနေကာ (၁၁)တန့်ရပ် ရာဟုပိုင် ဘုတ္တိနက္ခတ်အား စီးထားပါသည်။


သို့ဖြစ်၍ ဇာတာရှင်သည် နိုင်ငံရပ်ခြားထိ ကျော်ကြားထင်ရှားခြင်း၊ နိုင်ငံရပ်ခြားသို့ ပြောင်းရွှေ့ရပြီးမှ ထင်ရှားကျော်ကြားမှု ပိုရခြင်း (၃၊ ၁၂၊ ၁၀၊ ၁၁ တန့် သဘော)များနှင့် ကြုံရပေမည်။

**KP Natal Horoscope**

Saya Yan Aung Mein

Current Dt: 27/5/2017

| | | | | |
|---|---|---|---|---|
| Name | : ROGER MOORE | | Longitude | : 0D 10M 0S (West) |
| Date of Birth | : 14 Oct 1927 AD | | Latitude | : 51D 30M 0S (North) |
| Local Time | : 00:45:00 | | Time Zone | : 00:00 |
| KP Ayana | : 22Deg 48Min 59Sec | | Siderial Time | : 2 Hr 11 Min 58 Sec |
| Birth Day | : Fri | | Town Name | : LONDON |



End Date of Dasa .....

| DY | MN | Year | DSA | DY | MN | Year | BKT | DY | MN | Year | SUB |
|---|---|---|---|---|---|---|---|---|---|---|---|
| 5 | 11 | 1936 | ☽ | 2 | 4 | 2014 | ☋ | 2 | 12 | 2016 | ☊ |
| 5 | 11 | 1943 | ♂ | 2 | 4 | 2015 | ♀ | 22 | 1 | 2017 | ♃ |
| 5 | 11 | 1961 | ☊ | 8 | 10 | 2015 | ☉ | 22 | 3 | 2017 | ♄ |
| 5 | 11 | 1977 | ♃ | 8 | 5 | 2016 | ☽ | 16 | 5 | 2017 | ☿ |
| 5 | 11 | 1996 | ♄ | 5 | 10 | 2016 | ♂ | 8 | 6 | 2017 | ☋ |
| 5 | 11 | 2013 | ☿ | 23 | 10 | 2017 | ☊ | 11 | 8 | 2017 | ♀ |
| 5 | 11 | 2020 | ☋ | 29 | 9 | 2018 | ♃ | 30 | 8 | 2017 | ☉ |
| 5 | 11 | 2040 | ♀ | 8 | 11 | 2019 | ♄ | 1 | 10 | 2017 | ☽ |
| 5 | 11 | 2046 | ☉ | 5 | 11 | 2020 | ☿ | 23 | 10 | 2017 | ♂ |

Saya Yan Aung Mein

Prog: by www.mmm603@gmail.com

## အရှုပ်ဆောင်စရိုက် ဖော်ပြချက်

(၅)တန့်ဘာဝသန္ဓိ ဘုတ္တိနက္ခတ် သခင်ဂြိုဟ် ၁နွေသည် ၄ဟူးပိုင်(စုံ ဆက်)ရာသီတွင် အင်္ဂါ(တိုက်ခိုက်၊ ကြမ်းရမ်း)ဂြိုဟ်နှင့် ပူးယှဉ်ရပ်တည်ကာ အင်္ဂါပိုင် နက္ခတ်ကို စီးထားသည်။ မိန်ရာသီမှ ၅တေးဂြိုဟ်(ဉာဏ်သုံး၊ ဉာဏ်ကျယ်)နှင့် ၁နွေ၊ အင်္ဂါတို့ အပြန်အလှန် အမြင်ကြုံ ခြင်းက စုံထောက်၊ ဇာတ်ကြမ်း၊ ပရိယာယ်ကြွယ်၊ ဉာဏ်ကစားခြင်း ဇာတ်ရပ်ဖြင့် အောင်မြင်စေခဲ့ရပေသည်။

## ကျန်းမာရေး

ကျန်းမာရေးကို (၆)တန့်ဘာဝဖြင့် သုံးသပ်ရပါ သည်။ (၆)တန့်ဘာဝသန္ဓိ ဘုတ္တိနက္ခတ် သခင်ဂြိုဟ်သည် ... ဖြစ်ပြီး ဇြကြာပိုင်(ပြိဿ)ရာသီတွင် မိမိပိုင် ရော ... နက္ခတ်ကို စီးကာ ရာဟုဂြိုဟ်နှင့် ပူးထားသည်။ ... ဂြိုဟ်သည် ရာဟုနှင့်ပူး၍ (ပြိဿရာသီ) (၁၀)တန့် ... တွင် ရပ်တည်ကာ (၄)တန့်ဘာဝ(ဗြိစ္ဆာ)တွင် ကိတ် (၅ တန့်ရပ်)နှင့် ပူးယှဉ်နေသော (၇၊ ၈)သခင် စနေနှင့် အပြန်အလှန် အမြင်ကြုံနေပါသည်။ ထို့ပြင် လဂ်ဘာဝ သန္ဓိကို (၆)တန့်သခင် ၅တေးဂြိုဟ် မိန်ရာသီ(ဒွေးဒဟ) မှ (၅)တန့်အထူးမြင် ကြုံနေပါသည်။

၁။ (၁၉၉၃)၊ စနေ ထုလ၊ ရာဟု ဘုတ္တိဒသာအတွင်း ဆီးကျိတ်ကင်ဆာဖြစ်နေကြောင်း စစ်ဆေးတွေ့ရှိခဲ့ရသည်။

၂။ (၂၀၀၃)၊ ၄ဟူး ထုလ၊ အင်္ဂါ ဘုတ္တိဒသာတွင် ဆီးချိုရောဂါ ဖြစ်နေကြောင်း စစ်ဆေးတွေ့ရှိခဲ့ရသည်။

၁။ ဆီးကျိတ်ကင်ဆာရောဂါ ခံစားရသော ကာလ အတွက် ထုလဒသာသခင် စနေသည် (၇၊ ၈)သခင် (ဆီးလမ်းကြောင်း၊ လိင်အင်္ဂါ)ဖြစ်ပြီး (၄)တန့်ဘာဝ(၅ တန့်မှ ၁၂ တန့်)တွင် ရပ်တည်နေကာ မိမိပိုင် နက္ခတ်



www.burmeseclassic.com

www.burmeseclassic.com

ကိုပင် စီးနေသည်ကို တွေ့ရပါမည်။ ဘုတ္တိဒသာသခင်ဂြိုဟ် ရာဟုသည် (၁၁)တန့်(ပြိဿ)တွင် ရပ်တည်ကာ (၅၊ ၁၀)သခင် (၃)တန့်ရပ် အင်္ဂါပိုင်နက္ခတ်နှင့် ထူလဒသာသခင် စနေပိုင် ဘုတ္တိနက္ခတ်ကို စီးထားသည်။ ထူလဒသာသခင်ဂြိုဟ် စနေအား ၅တေး(အကျိုတ်)ဂြိုဟ် (၆ တန့်သခင်)က (၉)တန့်အထူးမြင်ထားသည်ကို တွေ့ရပေမည်။

၂။ ဆီးချိုရောဂါ ခံစားရကြောင်း တွေ့ရချိန် ၄ဟူး ထူလ၊ အင်္ဂါ ဘုတ္တိဒသာတွင် ထူလဒသာသခင်ဂြိုဟ် ၄ဟူးသည် (၄)တန့်(တူရာသီ၊ ဆီးချိုရောဂါပြရာသီ)တွင် ရပ်တည်၍ (၈)တန့်(ဆီးလမ်းကြောင်း၊ ဆီးရောဂါ)ဘာဝရပ် (၆၊ ၉)သခင် ၅တေးဂြိုဟ်ပိုင် နက္ခတ်နှင့် ဘုတ္တိနက္ခတ်တို့ကို စီးထားပါသည်။ ဘုတ္တိဒသာသခင်ဂြိုဟ် အင်္ဂါသည် ကန်ရာသီ (၂)တန့်ဘာဝတွင် ၁နွေဂြိုဟ်နှင့် ပူးယှဉ်ရပ်တည်ကာ မိမိပိုင် နက္ခတ်၊ စနေပိုင် ဘုတ္တိနက္ခတ်တို့ကို စီးထားပါသည်။ (၆)တန့်သခင် ၅တေးဂြိုဟ်နှင့် အပြန်အလှန် အမြင်ကြုံနေပါသည်။ ၅တေးဂြိုဟ်သည် မိန်ရာသီ(ရေရာသီ)တွင် ရပ်တည်နေခဲ့ပါသည်။

**သက်တမ်း၊ သေဆုံးချိန်**

ဇာတာရှင် တစ်ဦး၏ သက်တမ်းကို လဂ်ဘာဝသန္ဓိ ဘုတ္တိနက္ခတ် သခင်ဂြိုဟ်ဖြင့် ဆုံးဖြတ်ရသည်။ လဂ်စီး ဘုတ္တိနက္ခတ် သခင်ဂြိုဟ်သည် ဘာဓက၊ မာရက ဘာဝများအတွက် အကျိုးမဆောင်ဘဲ (၁၊ ၅၊ ၃၊ ၈)ဘာဝများအတွက် အကျိုးဆောင်ပါက ဇာတာရှင် အသက်ရှည်ပါမည်။ (၆၆)နှစ် (၈)လနှင့်အထက် နေရပေမည်။

ဖော်ပြပါ ဇာတာတွင် လဂ်စီးဘုတ္တိနက္ခတ် သခင်ဂြိုဟ်သည် ၅တေးဖြစ်သည်။ (၆၊ ၉)သခင်ဖြစ်ကာ (၈)တန့်ဘာဝတွင် ရပ်တည်နေသည်။ (၃)တန့်ရပ် ၁နွေ၊ ၃င်္ဂါတို့နှင့် အပြန်အလှန် အမြင်ကြုံနေသည်။ ထို့ကြောင့် ဇာတာရှင် အသက်ရှည်ရပေမည်။

ရော်ဂျာမိုးသည် (၂၃-၅-၂၀၁၇) အသက်(၈၉)နှစ်အရွယ်တွင် ဆီးကျိတ်ကင်ဆာဖြင့် ကွယ်လွန်ခဲ့ရသည်။ (၁၅-၅-၂၀၁၇)မှ (၈-၆-၂၀၁၇)ထိ စားဝင်နေသော ကိတ် ထူလ၊ ရာဟု ဘုတ္တိ၊ ကိတ် အန္တရ ဒသာကာလအတွင်း သေဆုံးခဲ့ရခြင်း ဖြစ်သည်။



ထူလနှင့် အန္တရဒသာ သခင်ဂြိုဟ် ကိတ်သည် ... တန့်(ဗြိစ္ဆာရာသီ)တွင် (၇)(မာရက)၊ (၈)(မရဏ...) စနေနှင့် ပူးယှဉ်ရပ်တည်နေသည်။ စနေဂြိုဟ် ... ဘာဝသို့ပြောင်း၍ ရပ်တည်ပါသည်။ ယင်းကိတ်... သည် (၃၊ ၁၂)သခင်အဖြစ် (၃)တန့်၌ ရပ်တည်... ၄ဟူးပိုင် နက္ခတ်၊ စနေ(၇၊ ၈ သခင်)ပိုင် ဘုတ္တိ... ကို စီးထားပါသည်။

ဘုတ္တိဒသာ သခင်ဂြိုဟ် ရာဟုသည် (...) လဂ်သခင် ၂လ်ာဂြိုဟ်နှင့် ပူးကာ (၁၁)တန့်... ဓက)တွင် ရပ်တည်နေသည်။ (၇၊ ၈)သခင် ... အပြန်အလှန် အမြင်ကြုံနေသည်။

သို့အတွက် မာရက၊ ဘာဓက ... ဒသာကာလတွင် သေဆုံးခဲ့ရခြင်း ဖြစ်သည်...

လဂ်စီးဘုတ္တိနက္ခတ်သခင် ၅တေးသည် ... သခင်အဖြစ် (၃)တန့်၌ ရပ်တည်သော ... အပြန်အလှန် အမြင်ကြုံခြင်းကြောင့် ... နာမည်မသေ၊ နာမည်ဂုဏ်သတင်း ... မျိုး ဖြစ်ပေသည်။

ဆရာရန်အောင်...



www.burmeseclassic.com

www.burmeseclassic.com



# ဖရဲသီးက ပေးသော ကျန်းမာရေးအကျိုးကျေးဇူးများ

ဟိန်း(ဘူမိ)

ဖရဲသီး(Melon) ၏ ရောဂါများကို ကုသပေးနိုင်သော စွမ်းအားများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

- သန္ဓေသား ထိခိုက်ခြင်းကို ကာကွယ်ပေးနိုင်သည်။
- နှလုံးရောဂါနှင့် ကင်ဆာရောဂါဘေးကို ယုတ်လျော့ကျဆင်းစေနိုင်သည်။
- သွေးတိုးနှုန်းကို အနိမ့်ပိုင်းတွင် ထိန်းပေးထားနိုင်သည်။

ဖရဲသီးသည် နွေရာသီအတွက် ချို၍ အေးမြသော အရသာကို ပေးစွမ်းနိုင်သည့်အပြင် ကျန်းမာရေး အကျိုးကျေးဇူးလည်း များစွာရရှိစေနိုင်ပါသည်။ သုတေသီများက ဖရဲသီးတွင် ကျန်းမာရေးကို ကောင်းမွန်စွာ ထိန်းသိမ်းပေးထားစေနိုင်မည့် ဓာတ်သဘာဝများစွာ ပါရှိကြောင်း တွေ့ရှိခဲ့ကြရပါသည်။ ဖရဲသီးအုပ်စုဝင် အသီးအားလုံးထဲတွင် ယင်းသို့သော ဓာတ်သဘာဝများ ပါဝင်နေကြောင်း သိရပါသည်။ ဖရဲသီးတွင် ဖောလိတ်၊ ဗီတာမင်အေ၊ ဗီတာမင်(စီ)၊ ဗီတာမင်(ဘီ)တို့ ပါဝင်ပါသည်။ ယင်းဓာတ်သဘာဝများက သန္ဓေသား ထိခိုက်စေမှုဘေးနှင့် နှလုံးရောဂါများမှ တားဆီးပေးနိုင်ပါသည်။ ဖရဲသီးတွင် ပိုတက်စီယမ်ဓာတ် ပါရှိခြင်းက သွေးတိုးနှုန်းကို မြင့်မားသော အဆင့်မျိုး၌ ထိန်းပေးထားနိုင်ပါသည်။ အကြောင်းရင်း တစ်ချက်အဖြစ် ဖရဲသီးတွင် အဆီဓာတ်နှင့် ကယ်လိုရီဓာတ် နည်းပါးခြင်းကြောင့် ခါးမတုတ်လိုသူများအတွက် အားကိုးရမည့် စားစရာ ဖြစ်ပါသည်။

## သားသည်မိခင်လောင်းများအတွက် ဖရဲသီး

(၂၀)ရာစုအတွင်း သုတေသီများ၏ အကျိုးအရှိဆုံး ရှာဖွေတွေ့ရှိချက် တစ်ရပ်မှာ သားသမီးမွေးဖွားရန် အရွယ်ရောက်နေသူ မိခင်လောင်းများကို ဖောလိတ်(folate) တစ်နေ့လျှင် (၄၀၀)မိုက်ခရိုဂရမ် စားသုံးစေရမည့်အချက် ဖြစ်ပါသည်။ ယင်းအချက်မှာ မိခင်လောင်း၏ ဝမ်းခေါင်းတွင်းရှိ သန္ဓေသားလောင်း၏ ဦးနှောက်ဖွံ့ဖြိုးမှုနှင့် ကျောရိုးမကြီး မချို့ယွင်းစေရန် အချက်နှစ်ရပ်အပြင် အခြားကောင်းကျိုးများကိုလည်း ရရှိစေနိုင်ပေသည်။

ယခင်ကာလများစွာက ဆရာဝန်များသည် ဖောလိတ်နှင့်ပတ်သက်၍ မသေချာ၊ မရေရာ ဖြစ်နေခဲ့ကြသည်။ ယင်းတို့က ဖောလိတ်၏ သန္ဓေသား ချို့ယွင်းမှုပေါ် ကောင်းကျိုးသက်ရောက်မှုကို သံသယရှိနေခဲ့ကြသည်။ သို့သော် ယင်းသံသယအတွက် ခိုင်မာသော အထောက်ထား တစ်စုံတစ်ရာ ရှိမနေခဲ့ပါချေ။

မိခင်(၄၀၀၀)ဦးတို့ပေါ် လေ့လာဆန်းစစ်ခဲ့ချက်များအရ ဖောလိတ်ဓာတ် လုံလောက်စွာ ရရှိခဲ့သော မိခင်လောင်းများ၏ (၆၀)ရာခိုင်နှုန်းတွင် သန္ဓေသား၏ ဦးနှောက်နှင့် ကျောရိုးမကြီးတို့ ချို့ယွင်းမှု အဖြစ်နည်းပါးလှကြောင်း တွေ့ရှိခဲ့ကြရသည်။

ဖောလိတ်နှင့် ဗီတာမင်(ဘီ) ဓာတ်များသည် ဆဲလ်များ လျင်မြန်စွာ ကွဲပွားစေရာတွင် မပါမဖြစ် ဓာတ်များ ဖြစ်ပေသည်။ ယင်းတို့က ပရိုတိန်းအစအနလေးများကိုလည်း သယ်ဆောင်ပေးသည်။ ဖောလိတ်ပမာဏ နိမ့်ကျနေသူများတွင် ယင်းပရိုတိန်း အစအနလေးများကိုသယ်

www.burmeseclassic.com

ယူပို့ဆောင်ပေးသောကိစ္စ ကင်းမဲ့သွားသောကြောင့် အသစ်ဖွဲ့စည်း ဖြစ်ပေါ်လာရသော ဆဲလ်များတွင် ချို့ယွင်းချက်များ ဖြစ်ပေါ်လာရကာ သန္ဓေသားကို ထိခိုက်စေပါတော့သည်။ (မွေးဖွားလာသော ယင်းသန္ဓေသားသည် ဘဝနောက်ပိုင်းတွင် ယင်းပြဿနာကြောင့် ဆဲလ်ပြောင်းလဲခြင်းအားဖြင့် ကင်ဆာရောဂါကို ဖြစ်ပေါ်စေနိုင်ပေသည်)

ယင်းအတွက် ဖောလိတ်ဓာတ် ပါဝင်သော ဖရဲသီးကို စားသုံးပေးသင့်ပေသည်။ ဖရဲသီးသည် ဖောလိတ်ဓာတ်အတွက် သဘာဝရင်းမြစ်ကောင်းတစ်ခု ဖြစ်ပေသည်။ ဥပမာ-ဖရဲသီး တစ်ခွက်စာတွင် ဖောလိတ်ဓာတ် (၁၁)မိုက်ခရိုဂရမ် ပါဝင်ပေရာ တစ်နေ့တာ လိုအပ်ချက်၏ (၃)ရာခိုင်နှုန်းခန့် ရှိပါသည်။ ယင်းပမာဏအတွက် ဖရဲသီး (၅)ကိုက်စာမျှဖြင့် ရရှိနိုင်ပါသည်။ အများအားဖြင့် ဖရဲသီး တစ်ခါစားလျှင် ခွက်နှစ်ခွက်စာ ပမာဏထက်ပင် ပိုတတ်ပေရာ ဖရဲသီးစားခြင်းဖြင့် ဖောလိတ်ဓာတ်ကို ကောင်းစွာရရှိစေနိုင်ပေသည်။

လူ့ခန္ဓာကိုယ်သည် ဖောလိတ်ဓာတ်အား ခန္ဓာကိုယ်အတွင်းရှိ ဟိုမိုစိုင်စတင်း(homocystene) ဟု ခေါ်သော ဓာတုပစ္စည်း၏ ပမာဏကို ထိန်းချုပ်ဟန့်တားရာတွင် အသုံးပြုလေ့ ရှိပါသည်။ ဟိုမိုစိုင်စတင်းပမာဏ နည်းပါးခြင်းက ပြဿနာအထူးမရှိတတ်သော်လည်း များပြားလွန်းပါကမူ သွေးခဲ၍ ပိတ်ဆို့ခြင်း၊ သွေးကြောပိတ်ခြင်းများကို ဖြစ်ပေါ်စေနိုင်သောကြောင့် နှလုံးရောဂါကို ဖြစ်စေနိုင်သည်ဟု အိုဟိုင်းယိုးရှိ ကလဲဗားလန်း ဆေးခန်းမှ နှလုံးရောဂါပါရဂူ ဒေါက်တာကီလီယမ် ရော်ဘင်ဆန် (Dr. Killian Robinson, M.D) က ဆိုခဲ့ပါသည်။

ဖောလိတ်ဓာတ် နည်းပါးခြင်းနှင့် ဟိုမိုစိုင်စတင်း မြင့်မားခြင်းတို့ ဆက်စပ်နေကြောင်း ကျွန်ုပ်တို့ ကောင်းစွာသိပါသည်ဟု သူက ဆိုခဲ့ပါသေးသည်။

နောက်ဆုံးတွင် ဖောလိတ်ဓာတ်သည် ပိုလိုက်စ် (polyps) ဟု ခေါ်သော အူမကြီးအတွင်း ကင်ဆာဆဲလ်များ အကြိုဖွံ့ဖြိုးခြင်းဘေးမှ ကင်ဆာဆဲလ်များ အပြည့်အဝ ဖြစ်မလာစေရန် တားဆီးပေးနိုင်ကြောင်း တွေ့ရှိခဲ့ရပါသည်။

ဟားဗတ်တက္ကသိုလ်မှ သုတေသီများက ဖောလိတ်ဓာတ်သည် အူမကြီးအတွင်း အကြိုကင်ဆာဆဲလ်များ ဖွံ့ဖြိုးမှုကို (၃၃)ရာခိုင်နှုန်းအထိ လျှော့ချပေးနိုင်ကြောင်း တွေ့ရှိခဲ့ကြရသည်ဟု ဆိုခဲ့ကြပါသည်။

**အမျှင်ဓာတ် ရရှိစေခြင်း**

'အစာလမ်းကြောင်း ကျန်းမာရေးအတွက် အမျှင်ဓာတ် အထောက်အပံ့တစ်ရပ် ပုံမှန်ရရှိနေစေရန် လိုအပ်ပါသည်။ အမျှင်ဓာတ်သည် အရေးကြီးလွန်းရကား အမျှင်ဓာတ် လုံလောက်စွာ မရရှိပါက ကင်ဆာနှင့် အခြား အစာခြေစနစ်နှင့် ပတ်သက်သော ရောဂါများ ဖြစ်ပွား ကြုံတွေ့ရစေနိုင်ပါသည်'ဟု နယူးယောက်ရှိ အမေရိကန် ကျန်းမာရေးအဖွဲ့ (American Health Foundation) မှ ဂျွန် အိတ်ချ်ဝစ်ဘာဂါ (John H. Weisburger, Ph.D) က ဆိုခဲ့ပါသည်။

ဖရဲသီးတွင် တွေ့ရှိရသော အမျှင်ဓာတ်မှာ ပျော်ဝင် အမျှင်ဓာတ်(soluble fibre) ဖြစ်ပါသည်။ ယင်းက အူ ကြီးကျန်းမာရေးအတွက် အလွန်အရေးကြီးပါသည်ဟု ဒေါက်တာဝစ်ဘာဂါက ရှင်းပြခဲ့ပါသည်။ ပျော်ဝင်အမျှင် ဓာတ်သည် အစာခြေလမ်းကြောင်း တစ်လျှောက်မှ ဓာတ်များကို စုပ်ယူကာ ကျင်ကြီးကို ကြီးမားလေး စေပါသည်။ အကျိုးရလဒ်အဖြစ် အူမကြီးတစ်လျှော တွင် လျင်မြန်စွာ ဖြတ်ကျော်သွားစေကာ ကျင်ကြီးအတွင်း ရှိ အဆိပ်သင့် အရာများကို အူမကြီးနှင့် ထိတွေ့ နည်းပါးသွားစေနိုင်ပါသည်။

'အမျှင်ဓာတ်ကိုရလေ အစာလမ်းကြောင်းအတွင်း အကြိုကင်ဆာဆဲလ် ဖြစ်ပေါ်နိုင်မှု အရေအတွက် ပါးလျော့ကျစေလေ ဖြစ်ပါသည်။ သို့အတွက်ကြော အူမကြီးကင်ဆာဘေးကိုလည်း လျော့ကျသွားစေနိုင် သည်'ဟု ဒေါက်တာဝစ်ဘာဂါက ဆိုခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖရဲသီးမျိုးကွဲ အားလုံးတွင် အမျှင်ဓာတ်အချို့ ပါရှိရကား အထက်တွင် ဖော်ပြထားသကဲ့သို့ အထောက်အကူ ကောင်းစွာရစေနိုင်ပါသည်။

**ဖရဲသီးစားလေ သွေးတိုးနှုန်းကျလေ**

သင့်တွင် သွေးတိုးခြင်း(high blood pressure) ရှိနေပါက ဆားကို လျှော့စားကာ သတ္တုဓာတ်များကို ပိုမိုစားသုံးပေးရပါမည်။ ဖရဲသီးတွင် ပိုတက်စီယမ်ဓာတ် ပါရှိရကား ဖရဲသီးကို ပိုမိုစားသုံးပေးသင့်ပါသည်။ ဖရဲသီးအုပ်စုဝင် အသီးအားလုံးမှာ ပိုတက်စီယမ်ဓာတ်ကြွယ်ဝရကား သွေးတိုးနှုန်း ကျစေရန် ကောင်းစွာအထောက်အကူ ပြုပေးနိုင်ပါသည်။

ဖရဲသီးတွင် ပါဝင်သော ပိုတက်စီယမ်ဓာတ်သည် ဆီးရွှင်စေ၍ ခန္ဓာကိုယ်တွင်းမှ အရည်ဓာတ်များကို ခန္ဓာကိုယ်ပြင်သို့ ထွက်သွားစေပါသည်။ အရည်ဓာတ်များလေ သွေးတိုးနှုန်း မြင့်မားလေ ဖြစ်ရကား ဤအချက်သည် အရေးကြီးပါသည်ဟု သဘာဝကုထုံးပညာရှင် ဒေါက်တာ မိုက်ကယ် မာရေး(Michael T.Murray) က ဆိုခဲ့ပါသည်။

ဒေါက်တာမာရေးသည် ဝါရှင်တန်ရှိ တယ်လီဗျူးမှ သဘာဝကုထုံးဆရာဝန်(naturopathic doctor) ဖြစ်ပါသည်။ ပိုတက်စီယမ်ဓာတ်သည် သွေးကြောနံရံများ အနားရစေရန်လည်း ထိန်းသိမ်းပေးထားနိုင်ပါသည်။

အနားရသော သွေးကြောနံရံများသည် တောင့်တင်းမာကျောသော သွေးကြောနံရံများကဲ့သို့ ကျဉ်းကျုံ့ခြင်း မရှိပါချေ။ ဤအချက်က သွေးမတိုးစေရန် ကောင်းစွာ ထိန်းသိမ်းပေးနိုင်ပါသည်။ ယင်းသို့ သွေးတိုးနှုန်း နိမ့်စေခြင်းကြောင့် လေဖြတ်ခြင်း၊ နှလုံးရောဂါနှင့် အခြားရောဂါဆိုးများ ဖြစ်ပွားခြင်းကို လျှော့ချပေးနိုင်ပါသည်။

သွေးတိုးနှုန်း မြင့်မားနေသူများအတွက် တစ်ခါတစ်ရံ တစ်နေ့လျှင် ပိုတက်စီယမ်(၃၅၀၀)မီလီဂရမ်ထိ သုံးစွဲရန် အကြံပေးရတတ်ပါသည်။ ဟန်နီဒျူး(honey drew) ဖရဲသီး တစ်ခြမ်းတွင် ပိုတက်စီယမ် (၁၃၅၅)မီလီဂရမ်ထိ ပါဝင်တတ်ပေရာ တစ်နေ့တာ လိုအပ်ချက်၏ သုံးချိုး တစ်ချိုး ဖြစ်ပါသည်။

ယင်းဟန်နီဒျူး ဖရဲသီးတွင် အခြားဖရဲသီးများမှာထက် ပိုတက်စီယမ်ဓာတ် နှစ်ဆမျှ ပါရှိပေရာ ယင်းကို စားသုံးပေးခြင်းဖြင့် ပိုတက်စီယမ်ဓာတ် ပိုရနိုင်ပါသည်။ ထို့ပြင် ဖောလိတ်ဓာတ်ကိုလည်း သာမန်ဖရဲသီးများထက် (၃)ဆပို၍ ရစေပါသည်။

**သတိပြုရန်**

ဖရဲသီးကို တစ်လုံးလုံး(အလုံးလိုက်) ဝယ်ယူခြင်းက အာဟာရဓာတ် မဆုံးရှုံးစေရန် အထောက်အကူပြုပါမည်။ ဖောလိတ်ဓာတ်သည် အပူကြောင့် ပျက်စီးတတ်၍ အေးမြသောနေရာ(ရေခဲသေတ္တာတွင်း)တွင် သိမ်းဆည်းထားပေးရပါမည်။

**ဟိန်း(သုခ)**

www.burmeseclassic.com

www.burmeseclassic.com

# အဆုတ်ရောဂါ

ဆရာဦးသီဟ(တိုင်းရင်းဆေး

## ကြိုတင်ကာကွယ်နိုင်သည့် နည်းလမ်းများ

အဆုတ်ရောဂါသည် ကျား၊ မ,မရွေး ဖြစ်တတ်သော ရောဂါဖြစ်သည်။ မိသားစုမျိုးရိုးရှိသကဲ့သို့ ကူးစက်တတ်သောရောဂါဖြစ်သည်။ အဆုတ်ရောဂါအား အဋ္ဌနိဒါန်း ဘာသာဋီကာကျမ်းတွင် သောသရောဂါ၊ မြစ်ခြောက်နာ ဟု ဖွင့်ဆိုထားသည်။ တိုင်းရင်းဆေးပညာရှင်များက ခယရုပ်ရောဂါ(ဓာတ်ကုန်ခမ်းနာ)ဟုလည်း ခေါ်ဆိုကြသည်။ သိပ္ပံဆေးပညာရှင် ဆရာဝန်များက အဆုတ်တီဘီရောဂါ ဟု ခေါ်သတ်မှတ်ကြသည်။

အဆုတ်ရောဂါဖြစ်စေသည့် အကြောင်းရင်းများမှာ အာယုဗ္ဗေဒကျမ်းအလိုအရ (၁) နေပူ,မီးပူခံမှု များခြင်း၊ (၂) ဆေးလိပ်၊ အရက် လွန်ကျူးစွာ သောက်သုံးခြင်း၊ (၃) အိပ်ပျက်ခံမှု များခြင်း၊ (၄) အပုပ်နံ့ (သို့မဟုတ်) အနံ့ဆိုးများ ရှူရှိုက်မှု များခြင်း၊ (၅) မေထုန်မှုလွန်ကဲခြင်း၊ (၆) ဆီး၊ ဝမ်း၊ လေ သွားလိုမှုအဟုန်ကို တားဆီးခြင်း (အောင့်ထားခြင်း) စသည့် အကြောင်းအချက်များကြောင့် အဆုတ်ရောဂါ ဖြစ်စေသည်ဟု ဖွင့်ဆိုထားသကဲ့သို့ ဘေသဇ္ဇကျမ်းတွင် (၁) မနိုင်သောဝန်ကို ထမ်းဆောင်ခြင်း၊ (ခံနိုင်စွမ်းရှိသည်ထက် ပို၍အပင်ပန်းခံခြင်း)၊ (၂) အနာပေါက်ခြင်း၊ (၃) စိုးရိမ်ပူပန်မှုများခြင်း၊ (၄) မကြာခဏ ဖျားနာခြင်း၊ (၅)ခရီးသွားလွန်ခြင်း၊ (၆) မေထုန်မှုလွန်ကဲခြင်း၊ (၇) ရင်ဘတ်ဒဏ်ထိခြင်း၊ (၈) အအေးခံမှုများခြင်း၊ (၉) အသက်အရွယ် ကြီးရင့်ခြင်း စသည့် အကြောင်းအချက်များသည် အဆုတ်ရောဂါဖြစ်စေခြင်း၏ မူလအကြောင်းတရားများ ဖြစ်သည်ဟု ဖွင့်ဆိုထားသည်။

ယနေ့ခေတ်ကာလအမြင်အား တင်ပြရလျှင် ဆေးလိပ်၊ အရက်၊ ကွမ်း၊ မူးယစ်ဆေးဝါးအမျိုးမျိုး လွန်ကျူးစွာသုံးစွဲခြင်း၊ ကိုယ်တိုင် ဆေးလိပ်မသောက်သော်လည်း တစ်ဆင့်ခံဆေးလိပ်ငွေ့ ရှူရှိုက်မှုများသူ၊ ဂက်(စ်)ငွေ့၊ ဓာတုဒြပ်ပေါင်းများနှင့် ကာလကြာရှည်စွာ ထိတွေ့လုပ်ကိုင်သူများ အဆုတ်ရောဂါဖြစ်သည်ကို တွေ့ရှိရသည်။

အဆုတ်ရောဂါမဖြစ်မီ ကြိုတင်သိရှိနိုင်သည့် အဆုတ်ရောဂါ ပုဗ္ဗရုပ်ရှေ့ပြေးလက္ခဏာများမှာ (၁) လက်ဖဝါး ခြေဖဝါးပူခြင်း၊ (၂) မောပန်းနွမ်းနယ်ခြင်း၊ (၃) နံဘေး နှင့် ပခုံးများ ထိုးအောင့်နာကျင်ခြင်း၊ (၄) ချောင်းဆိုး သလိပ်အန်ခြင်း၊ (၅) မကြာခဏဖျားခြင်း၊ (၆) အသံဝင် အသံတိမ်၊ အသံပျက်ခြင်း၊ (၇) အအိပ်,အစားပျက်ခြင်း (၈) အာခေါင်ခြောက်ခြင်း၊ (၉) ဦးခေါင်းလေးလံထိုင် မှိုင်းခြင်း၊ (၁၀) မျက်စိများဖြူခြင်း၊ (၁၁) အသားများ စားချင်စိတ် များခြင်း၊ (၁၂) ကြက်ကိုယ်၊ ကြောင်ကိုယ် ကဲ့သို့ အသားပူခြင်း၊ (၁၃) ခန္ဓာကိုယ် ရောင်တင်း (၁၄) မေထုန်မှီဝဲလိုစိတ်များခြင်း စသည့်လက္ခဏာ မှာ အဆုတ်ရောဂါမဖြစ်မီ ကြိုတင်သိရှိနိုင်သည့် ပု ရှေ့ပြေးလက္ခဏာများဖြစ်သည်။

အဆုတ်ရောဂါ၏ ဖြစ်ဆဲလက္ခဏာများမှာ ချောင်းဆိုးခြင်း၊ (၂) ချောင်းဆိုးသောအခါ သွေး လာခြင်း၊ (၃) မကြာခဏဖျားခြင်း၊ တစ်ခါတစ်ရံ အ ဖျားခြင်း၊ (၄) အစားအသောက်ပျက်ခြင်း၊ (၅) မော နွမ်းနယ်ခြင်း၊ (၆) သလိပ်နှင့် ချွဲများ ထွက်ခြင်း ကိုယ်အလေးချိန် လျော့ကျလာခြင်း၊ (၈) ဦးခေါင်း လံခြင်း၊ (၉) နံဘေးနှင့် ကျောကုန်းတို့နာခြင်း လက္ခဏာများမှာ အဆုတ်ရောဂါဖြစ်ဆဲ လက္ခဏာ ဖြစ်ပေသည်။

အဆုတ်ရောဂါ(၁၀)မျိုးရှိသည်။ ၄င်းတို့မှာ မေထုန်မှုလွန်ကဲခြင်းကြောင့်ဖြစ်သော အဆုတ်ရော စိုးရိမ်ပူပန်သောက များခြင်းကြောင့်ဖြစ်သော ရောဂါ၊ (၃) နာတာရှည်ရောဂါကြောင့်ဖြစ်သော ရောဂါ၊ (၄) ကျန်းမာရေးလေ့ကျင့်ခန်း လွန်ကဲခြင်း ဖြစ်သော အဆုတ်ရောဂါ၊ (၅) ခရီးသွားလွန်ခြင်း ဖြစ်သော အဆုတ်ရောဂါ၊ (၆) အနာပေါက်ခြင်း ဖြစ်သော အဆုတ်ရောဂါ၊ (၇) ရင်ဘတ်တွင် အ ကြောင့်ဖြစ်သော အဆုတ်ရောဂါ၊ (၈) အာ ဓာတ်တို့ လွန်ကဲခြင်းကြောင့်ဖြစ်သော အ



www.burmeseclassic.com


www.burmeseclassic.com

(၉) အဆုတ်တွင်းရှိ ဝါယောဓာတ်များ ပျက်စီးခြင်းကြောင့်ဖြစ်သော အဆုတ်ရောဂါ၊ (၁၀) လေ၊ သည်းခြေ၊ သလိပ် ဒေါသ(၃)ပါး ပေါင်းစပ်ပျက်စီးခြင်းကြောင့်ဖြစ်သော အဆုတ်ရောဂါဟူ၍ အဆုတ်ရောဂါ(၁၀)မျိုးရှိသည်။

အဆုတ်ရောဂါမဖြစ်မီ ကြိုတင်ကာကွယ်ခြင်းမှာ ရောဂါဖြစ်မှ ကုသခြင်းထက် ပို၍ခရီးရောက်သည်။ အဆုတ်ရောဂါ ကြိုတင်ကာကွယ်နိုင်ရန် အောက်ပါအချက်အလက်များကို လိုက်နာကျင့်သုံးရန် အထူးလိုအပ်သည်။ ဆေးလိပ်၊ အရက်၊ မူးယစ်ဆေးများ သုံးစွဲခြင်းမှ လုံးဝရှောင်ကြဉ်ရမည်။ အဆုတ်ရောဂါရှိသူနှင့် လက်ပွန်းတတီးနေထိုင်မှု လုံးဝရှောင်ကြဉ်ဖို့ လိုအပ်သည်။ ဂက်(စ်) ငွေ့နှင့် လုပ်ကိုင်ရသည့်လုပ်ငန်းများ၊ ဓာတုဒြပ်ပေါင်းများနှင့် လုပ်ကိုင်ရသည့် လုပ်ငန်းများအား လုပ်ကိုင်ခြင်းမှ လုံးဝရှောင်ကြဉ်ရန် လိုအပ်ပေသည်။ ခြင်ဆေးခွေထွန်းပြီး နေထိုင်ခြင်းမှ ရှောင်ကြဉ်ရမည်။ ယနေ့ခေတ်ကာလ အိမ်နီးချင်းနိုင်ငံမှ တရားမဝင်ခိုးဝင် ရောင်းဝယ်သုံးစွဲနေသည့် ခြင်ဆေးခွေအချို့မှာ အဆုတ်ရောဂါ ဖြစ်စေရုံမက သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များ ရောဂါရပြီး အသက်အန္တရာယ် ဆုံးရှုံးစေနိုင်သည့်အတွက် ခြင်ဆေးခွေမထွန်းဘဲ ခြင်ထောင်၊ ခြင်လုံဆန်ကာများနှင့် နေထိုင်ရန် အထူးလိုအပ်ပါသည်။

နေပူ၊ မိုးပွင့်ခံပြီး ရေချိုးခြင်းမှ ရှောင်ကြဉ်ရပေမည်။ နေပူထဲမှလာပြီး မကြာမီရေချိုးပါက အပူရှပ်များနာခြင်း၊ ဦးနှောက်သွေးကြောပြတ်ခြင်း စသည့်အန္တရာယ်များ တွေ့ကြုံနိုင်၍ နေပူ၊ မိုးပွင့်ခံပြီး အရိပ်တွင် (၃)နာရီကျော်နေထိုင်ပြီးမှ ရေသုံးစွဲရန် လိုအပ်ပါသည်။ နေပူမှလာပြီး ရုတ်တရက် ပန်ကာလေ၊ လေအေးစက်နှင့် နေထိုင်ခြင်းကို ဆင်ခြင်ဖို့ လိုအပ်ပါသည်။ ပန်ကာလေ၊ လေအေးစက်နှင့် နေထိုင်ပြီး ရုတ်တရက် ပူပြင်းသော နေရောင်အောက်သို့ မသွားရန် ဆင်ခြင်ရပါမည်။

အကင်မျိုးစုံ၊ မြေအောင်းသားများ၊ ဝမ်းတွင်းကလီစာများ လုံးဝရှောင်ကြဉ်ရန် လိုအပ်ပါသည်။ ယနေ့ခေတ်ကာလတွင် ရေသန့်အမျိုးမျိုး ထုတ်လုပ်နေသော်လည်း ထုတ်လုပ်မှုအားလုံးမှာ ရေသန့်မဟုတ်ကြောင်း သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ပြောကြားထားသည်ကို တွေ့ရှိ


တိုင်းရင်းဆေးဆရာ ဦးသီဟ

ရသည်။ ထို့ကြောင့် ရေကို ကျိုချက်ပြီး ရေနွေးကြမ်း၊ ရေကျက်အေးအဖြစ် သောက်သုံးရန် လိုအပ်ပါသည်။ ရေနွေးကြမ်း၊ ရေကျက်အေးသောက်လျှင် တစ်နေ့တာအတွက်သာ ကျိုချက်သောက်သုံးရပါမည်။ ရက်ကျော်ရေနွေး၊ ရေကျက်အေးမှာ ဆေးမဖြစ်ဘဲ ဘေးဖြစ်နိုင်သည့်အတွက် အထူးဆင်ခြင် သောက်သုံးရန် လိုအပ်ပါသည်။

လတ်ဆတ်ပြီး အရည်ရွှမ်းသည့် သစ်သီးမျိုးစုံအား ရေစင်ကြယ်စွာ ဆေးပြီးမှ စားသုံးသင့်ပါသည်။ အသီးအနှံများအား ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးများနှင့် စိုက်ပျိုးထားသည့်အတွက် သတိထား စားသုံးရပါမည်။ ဟောလစ်၊ အိုဗာတင်း၊ နွားနို့ စသည့် အားဖြည့်စာများကို စားသောက်ခြင်းမှာ အဆုတ်ရောဂါသာမက အာဟာရအားနည်းရောဂါအတွက် အထောက်အကူပြုပါသည်။

နိဂုံးချုပ်အနေနှင့်တင်ပြရလျှင် အထက်တွင် ရေးသားတင်ပြခဲ့သည့် အချက်အလက်များအား လေ့လာမှတ်သားလိုက်နာလျက် မေထုန်မှုလွန်ကဲခြင်းမှ ရှောင်ကြဉ်မည်ဆိုလျှင် အဆုတ်ရောဂါသာမက ရောဂါအမျိုးမျိုးတို့ကို ကာကွယ်နိုင်ကြောင်း ရေးသားတင်ပြလိုက်ရပေသည်။

ဆရာဦးသီဟ(တိုင်းရင်းဆေး)
ကျန်းမာပါစေ တိုင်းရင်းဆေးကုခန်း
အမှတ်(၈၂)၊ စေယျလမ်း၊ (၁၀)ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။



www.burmeseclassic.com

www.burmeseclassic.com

ဖျာပုံ တင်နိုင်ဝင်း

# သက်သတ်လွတ်စားခြင်းဆိုင်ရာ သတိပြုဖွယ်များ

မြန်မာမှုနယ်ပယ်တွင် သက်သတ်လွတ်စားခြင်းဟူသော အကျင့်တစ်ခုသည် အလွန်ခေတ်စားခဲ့၊ ခေတ်စားနေဆဲ ဖြစ်ပါသည်။ သတ္တဝါတို့၏ အသားကို မစားဘဲ ဟင်းသီးဟင်းရွက်၊ သစ်ဥသစ်ဖုတို့ကိုသာ နေ့စဉ် စားသုံးသွားသည့်နည်းဖြစ်သည်။ အချို့က ရက်၊ လ အကန့်အသတ်ဖြင့် သက်သတ်လွတ် စားကြ၍ အချို့ကမူ ရာသက်ပန် အသားစား ရှောင်ကြဉ်ကြလေသည်။

သက်သတ်လွတ် စားကြခြင်း၏ ရည်ရွယ်ချက်နှင့် အကြောင်းခံတို့ အမျိုးမျိုးရှိပါသည်။ ၎င်းတို့မှာ (၁) ဘာသာရေးကြောင့် သက်သတ်လွတ်စားခြင်း၊ (၂) ကျန်းမာရေးကြောင့် သက်သတ်လွတ်စားခြင်း၊ (၃) သက်ရှိသတ္တဝါတို့အပေါ် သနား၍ သက်သတ်လွတ်စားခြင်း၊ (၄) စားရန် ဆန္ဒမရှိသဖြင့် သက်သတ်လွတ်စားခြင်း၊ (၅) ကျင့်စဉ်အတွက် အဓိဋ္ဌာန်ထား၍ သက်သတ်လွတ် စားခြင်း၊ (၆) အခြားအကြောင်းပြချက် တစ်ခုခုကြောင့် သက်သတ်လွတ်စားခြင်းဟူ၍ ဖြစ်ပါသည်။

(၁) အချို့ပုဂ္ဂိုလ်တို့သည် ဘာသာရေးက ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများကြောင့် အသားစားခြင်းကို ရှောင်ကြဉ်ကြလေသည်။ ဥပမာ-ဟိန္ဒူဘာသာဝင်များ၊ မဟာယာနဘုန်းတော်ကြီးများ စသော ပုဂ္ဂိုလ်များသည် အသားလုံးဝမစားဘဲ ကျင့်ကြံနေထိုင်ကြကြောင်း လေ့လာသိရှိရပါသည်။ မြန်မာပြည်တွင်လည်း အချို့သော ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်တို့သည် ဘာသာရေးကျင့်စဉ် တစ်ခုခုကို အရင်းခံ၍ သက်သတ်လွတ်စားကြပါသည်။ ဗုဒ္ဓဒေသနာတော်တွင်လည်း ရဟန်းပုဂ္ဂိုလ်တို့အား သားကြီး(၁၀)ပါး မစားရန် ပညတ်တော်မူခဲ့ပါသည်။ သားကြီး(၁၀)ပါးဆိုသည်မှာ လူသား၊ မြင်းသား၊ ခွေးသား၊ ဆင်သား၊ ကျားသစ်သား၊ ကျားသား၊ ဝံသား၊ ခြင်္သေ့သား၊ မြွေသား၊ အောင်းသားတို့ ဖြစ်ပါသည်။

(၂) အချို့ပုဂ္ဂိုလ်တို့သည် အသားစားခြင်းနှင့် မတည့်သော အထူးသဖြင့် အဆီများသော အသားနှင့် မတည့်သော ရောဂါဝေဒနာများရှိနေ၍ ၎င်းအသားတို့ကို ရှောင်ကြဉ်၍ သက်သတ်လွတ်စားရန် ဆုံးဖြတ်ကြလေသည်။ သွေးတိုး၊ ဆီးချို၊ နှလုံး၊ အဝလွန်၊ လေပုပ် စသော ရောဂါများသည် အဆီပါဝင်မှုများသော ဝက်သား၊ အမဲသား၊ ကြက်သား၊ ငါးကြင်း၊ ငါးတန် စသည်တို့နှင့် မတည့်ပေ။ အချို့ကလည်း ဝမ်းတွင်းပိုးများဖြစ်သော သန်ကောင်၊ တုပ်ကောင်၊ ဗက်တီးရီးယားပိုးများ ထကြွတတ်ခြင်းကြောင့် အသားကို ရှောင်ကြဉ်ကြပါသည်။ အချို့ကမူ အသားနံ့၊ အညှီနံ့များရလျှင် ပျို့အန်မူးဝေတတ်သော ဝေဒနာကြောင့် သက်သတ်လွတ် စားကြသည်လည်း ရှိ၏။

(၃) တစ်ချိန်က လယ်တီဆရာတော်ဘုရားကြီးသည် ကျွဲသား၊ နွားသား မစားရန် လှုံ့ဆော်ခဲ့ဖူးလေသည်။ ဆရာတော်ကြီး၏ ရည်ရွယ်ချက်မှာ အနိုင်းခံရသော တိရစ္ဆာန်များအား သတ်ဖြတ်နေခြင်းကို သနားတော်မူ၍ အခြားသူများအတွက်လည်း သနားအပ်သောကြောင့် ၎င်းအသားတို့ကို မစားရန် လှုံ့ဆော်တားမြစ်ခဲ့ခြင်း ဖြစ်သည်။ အချို့ဆရာတော်၊ ရဟန်းတော်တို့သည် ဒကာ၊ဒကာမများက သံဃာအား ဆွမ်းဟင်းကောင်းကောင်းကပ်ရန် ရည်ရွယ်ချက်ဖြင့် သားငါးတို့ကို သတ်ဖြတ်နေကြောင်း သိသာနေသဖြင့် ဝိနည်းတော်အရ အသားလုံးဝမစားဘဲ ရှောင်ကြဉ်တော်မူကြပါသည်။ အချို့ကလည်း သနားကရုဏာကို အရင်းခံလျက် သားသတ်ရောင်းချသည့်ကိစ္စ၌ မိမိ၏ ပယောဂ မပါဝင်စေရန်နှင့် အားပေးအားမြှောက်မှု မဖြစ်စေရန်အတွက် သက်သတ်လွတ် စားကြပါသည်။

(၄) ကျွန်ုပ်၏ အစ်ကိုဝမ်းကွဲ ကိုသန်းညွန့်၏ သမီး (မချက်ကြီးဟု နာမည်မှတ်မိပါသည်)သည် သိတတ်စ ကလေးဘဝမှစ၍ အသားငါးကို မည်သို့ချော့ကျွေး၍မှ မစားတော့ပေ။ ကျွန်ုပ် မေးကြည့်သောအခါ သူ့အနေဖြင့် ဘယ်လိုမှ စားချင်စိတ်မရှိကြောင်း ပြောပြပါသည်။ အချို့ပုဂ္ဂိုလ်တို့သည် အတိတ်ဘဝက အကြောင်းအမျိုးမျိုးကြောင့် လက်ရှိဘဝတွင် အသားစားချင်စိတ်မရှိ ဖြစ်တတ်ပါသည်။ ဥပမာ-အတိတ်ဘဝက ဗြဟ္မာဖြစ်ခဲ့၍ သက်

www.burmeseclassic.com

www.burmeseclassic.com

သတ်လွတ်စားသောကျင့်စဉ်များ ကျင့်ခဲ့၍ စသောအတိတ်ကံ အကြောင်းတစ်ခုခုကြောင့် ယခုဘဝတွင် အသားစားရန် ဆန္ဒမရှိ ဖြစ်တတ်ပါသည်။ အချို့ကမူ အသားကို ရွံရှာ၍ စားရန်ဆန္ဒမရှိ ဖြစ်တတ်ပါသည်။ ကျွန်ုပ်၏ မိခင်ကြီးသည်လည်း ကြက်သား၊ ဖားသား စသောအသားများကို ရွံသဖြင့် အသားစားခြင်းမှ ရှောင်ကြဉ်ပါသည်။

(၅) သမထကျင့်စဉ်ဖြင့် သမာဓိရရန် ကြိုးစားအားထုတ်နေသူအချို့သည် သမာဓိကို နှောင့်ယှက်တတ်သော ရသတဏှာမှကင်းလွတ်ရန် အသားစား ရှောင်ကြဉ်ကြသည်။ အသားဟင်းသည် အသီးအရွက်ဟင်းတို့ထက် ပို၍ အရသာစွဲမက်စရာကောင်းသောကြောင့် ရသတဏှာကို ဖြစ်လွယ်တတ်ပါသည်

ထို့ကြောင့် သမထ၊ ယောဂ စသောကျင့်စဉ်များ အားထုတ်နေသူအချို့သည် သက်သတ်လွတ်စား၍ ကျင့်ကြပါသည်။ အချို့သော ဆရာတော်၊ ပုဂ္ဂိုလ်ထူးတို့၏ ကျင့်စဉ်များထဲ၌ သက်သတ်လွတ်စားရန် လမ်းညွှန်ချက်ပါရှိသဖြင့် ထိုကျင့်စဉ်ကို ကျင့်သုံးသူများ သက်သတ်လွတ် စားကြရပါသည်။ ဗုဒ္ဓဒေသနာတော်၌မူ သမထ၊ ဝိပဿနာကျင့်စဉ်များနှင့်ပတ်သက်၍ သက်သတ်လွတ်စားရန် အထူးမှာကြားခဲ့ခြင်း မရှိပေ။ အသီးအရွက်ဖြစ်စေ၊ သားငါးဖြစ်စေ ရသတဏှာမဖြစ်အောင် စားရန်သာ အထူးမိန့်တော်မူပါသည်။

(၆) အချို့အရပ်ဒေသများတွင် သားငါးရှားပါးသည့်အပြင် ဈေးအလွန်ကြီးလွန်းသဖြင့် ဝယ်စားရန် ငွေးဆန်လိုသူများသည် သက်သတ်လွတ်စားရန် ဆုံးဖြတ်လိုက်ကြလေသည်။ အချို့ကမူ အသားစားသူများထက် အသီးအရွက်စားသူများက ပို၍အသက်ရှည်ကြောင်း နိုင်ငံခြားသုတေသနသတင်းများ ကြားသိရ၍ အသားလုံးဝမစားတော့ဘဲ ဟင်းသီးဟင်းရွက်ကိုသာ ရာသက်ပန် စားသုံးသွားရန် စိတ်ပိုင်းဖြတ်ထားကြလေသည်။ အချို့ကလည်း အသားစားခြင်းသည် ကင်ဆာရောဂါကို ပိုမိုဖြစ်ပွားစေသည်ဟူသော ကျန်းမာရေးအသိပညာများကြောင့် မစားဘဲ ရှောင်ကြဉ်ကြလေသည်။ အချို့လည်း အိပ်မက်၊ အတိတ်နိမိတ်များကြောင့် မစားသည်လည်းရှိ၏။ အချို့မှာ မိမိအား စောင့်ရှောက်သော ပုဂ္ဂိုလ်က မကြိုက်နှစ်သက်ဟု ဆက်သွယ်အသိပေးသဖြင့် သက်သတ်လွတ်စားသည်လည်း ရှိပါသည် စသည်ဖြင့် အကြောင်းခံတစ်ခုခုကြောင့် သက်သတ်လွတ် စားနေသူများကို အရပ်ထဲတွင် များစွာတွေ့နိုင်ပါသည်။

ထိုသို့ သက်သတ်လွတ်စားခြင်းတွင် ရည်ရွယ်ချက်နှင့် အကြောင်းခံ အမျိုးမျိုးရှိသလို . သက်သတ်လွတ် စားပုံစားနည်းများလည်း ကွဲပြားစွာရှိနေပါသည်။ ၄င်းကို အဆင့်အားဖြင့် (၅)ဆင့်ခွဲခြားနိုင်ပါသည်။

၁။ ပံသုကူ (သို့မဟုတ်) ပံ့သကူသားကိုစား၍ ပံ့သကူမဟုတ်လျှင် ရှောင်သောအဆင့်၊

၂။ ကန့်သတ်သားကိုရှောင်၍ ကျန်အသားကို စားသောအဆင့်၊

၃။ ဥနှင့် နို့ထွက်ကိုသာစား၍ အသားကို ရှောင်သောအဆင့်၊

၄။ သက်ရှိတို့မှ ရသောအရာမှန်သမျှ ရှောင်ကြဉ်၍ အသီးအရွက်သာစားသောအဆင့်၊

၅။ ပညတ်သားမှန်သမျှ ရှောင်ကြဉ်၍ အခြားကိုသာ စားသောအဆင့်ဟူ၍ အဆင့်(၅)ဆင့် ရှိပါသည်။

(၁) ပံသုကူ (သို့မဟုတ်) ပံ့သကူသားကိုစား၍ ပံ့သကူသားမဟုတ်လျှင် ရှောင်သည်ဆိုရာ၌ ပံ့သကူသားဆိုသည်မှာ လူတို့သတ်ဖြတ်ခြင်းမပြုဘဲ သူ့အကြောင်းနှင့်သူ သေဆုံးနေသော သတ္တဝါတို့၏အသားကို ဆိုလိုသည်။ အသားရရန် ရည်ရွယ်ချက်ဖြင့် သတ်ဖြတ်ထားသော၊ စားရန်အမဲပေါ်ထားသော အသားများကိုမူ ပံ့သကူသား မဟုတ်ဟု ဆိုလိုပါသည်။ ပံ့သကူသားသည် သူ့အလိုလို သေဆုံးခြင်းမှရသော အသားဖြစ်၍ သတ်ဖြတ်ခြင်းကင်းသဖြင့် သက်သတ်လွတ်တစ်မျိုး ဖြစ်ပါသည်။ ထိုနည်းကို ကျင့်ကြံအားထုတ်သူသည် မည်သည့်အသားမျိုးမဆို စားသုံးနိုင်ပါသည်။ သို့သော် မိမိကဖြစ်စေ၊ သူတစ်ပါးကဖြစ်စေ စားရန် တမင်သတ်ဖြတ်ထားသော အသားမျိုး မဖြစ်စေရပါ။ သူ့အလိုလို သေဆုံးနေသော တစ်နည်းအားဖြင့် လူတို့ သတ်ဖြတ်ထားခြင်းမဟုတ်သော အသားမျိုးသာဖြစ်ရပါမည်။

(၂) ကန့်သတ်သားကို ရှောင်သည်ဆိုရာ၌လည်း အချို့ပုဂ္ဂိုလ်တို့သည် အကြောင်းအမျိုးမျိုးကြောင့် သက်ဆိုင်ရာ အသားတစ်ခုခုကို သတ်မှတ်၍ မစားဘဲ ရှောင်ကြဉ်ကြပါသည်။ ဥပမာ-နတ်ကိုးကွယ်သူအချို့သည် ဝက်သား



www.burmeseclassic.com

www.burmeseclassic.com

စားခြင်းမှ လုံးဝရှောင်ကြဉ်ရသည်။ အချို့ဂိုဏ်းဝင် ဂိုဏ်းသားတို့သည် အမဲသားကို လုံးဝရှောင်ကြဉ်ကြသည်။ ထိုသို့ရှောင်ကြဉ်ကြရသည်မှာ မိမိတို့ အစုအဖွဲ့၊ ဂိုဏ်းဂဏများက စည်းမျဉ်းစည်းကမ်းအရ ကန့်သတ်ထားသောကြောင့်ဖြစ်သည်။ ထိုသို့ကန့်သတ်ထားသော အသားတစ်မျိုးမျိုးကိုဖြစ်စေ၊ နှစ်မျိုး,သုံးမျိုးကိုဖြစ်စေ ရှောင်ကြဉ်၍ စားသောက်ခြင်းကို ကန့်သတ်သားအား ရှောင်ကြဉ်၍စားသော သက်သတ်လွတ်ဟု ခေါ်ဆို၏။ အချို့ကမူ မိမိဘာသာ ခြေလေးချောင်းသား မစားဟု ကိုယ်တိုင်သတ်မှတ်သည်လည်းရှိသည်။ အချို့ကလည်း မိမိချစ်သော တိရစ္ဆာန်ကလေးများနှင့် မျိုးတူလျှင် မစား ဟု မိမိဆန္ဒဖြင့် ကန့်သတ်သည်လည်းရှိ၏။ အချို့ကလည်း ကုန်းပေါ်နေတာချင်း အတူတူဖြစ်သည်ကို အကြောင်းပြု၍ ကုန်းနေသတ္တဝါများ၏အသားကို မိမိဘာသာ ကန့်သတ်လျက် မစားဘဲနေသည်လည်း ရှိပြန်သည်။

(၃) အချို့ပုဂ္ဂိုလ်များကမူ အသက်သတ်ရန် မလိုသော ဥနှင့် နို့ထွက်ပစ္စည်းတို့ကိုသာစား၍ အသားကိုမူ ရှောင်ကြဉ်ကြပါသည်။ ဥနှင့် နို့တို့သည် သက်ရှိတို့ထံမှ ထွက်ရှိသည် မှန်သော်လည်း အသက်သတ်မှုမှ လွတ်ကင်းနေသဖြင့် သက်သတ်လွတ်ဟူသော ဝေါဟာရနှင့် ညီညွတ်နေပါသည်။ ထို့ကြောင့် ဥအမျိုးမျိုးနှင့် ဥဖြင့် လုပ်ထားသော မုန့်များကိုလည်းကောင်း၊ နို့အမျိုးမျိုးနှင့် နို့ထွက်ပစ္စည်းများဖြစ်သော နို့ဆီ၊ နို့မှုန့်၊ ထောပတ်၊ ဒိန်ချဉ်စသည်များကို စားသောက်နိုင်ပါသည်။ သို့သော် ဥအမျိုးမျိုးစားသောက်ရာ၌ ဥတို့၏သဘောသည် ရက်လွန်လခြားလျှင် ဥအတွင်း၌ သားကောင်ကလေးများ ခြေလက်အင်္ဂါပုံသဏ္ဌာန်ပေါ်လာ၍ အသိဝိညာဉ်တို့သည် ဖြစ်ပေါ်နေတတ်ပါသည်။ ထို့ကြောင့် ဥစားသော သက်သတ်လွတ်သမားများအတွက် ရက်လွန်လခြား ဥများကို သတိပြုရှောင်ကြဉ်ရပါမည်။ နို့တွင် သက်သတ်လွတ်နှင့် ပတ်သက်၍ အထူးဆိုဖွယ် မရှိပါ။

(၄) သက်ရှိတို့မှရသော အရာမှန်သမျှဆိုသည်မှာ သက်ရှိသတ္တဝါတို့၏ ခန္ဓာကိုယ်မှဖြစ်သော အသား၊ ဥ၊ နို့၊ အရိုး၊ အရေ၊ ဦးချိုနှ၊ အမွှေးအမှင်ကအစ ထွက်ရှိသမျှ သက်ရှိအင်္ဂါ အစိတ်အပိုင်းမှန်သမျှကို မစားဘဲ ရှောင်ကြဉ်ခြင်းကို ဆိုလိုသည်။ ရှင်းရှင်းဆိုရသော် သက်ရှိသတ္တဝါတို့၏ အင်္ဂါအစိတ်အပိုင်းမှန်သမျှ စားရန် ရှောင်ကြဉ်ခြင်းဖြစ်သည်။ ထိုသို့ သတ္တဝါတို့၏ အစိတ်အပိုင်းမှန်သမျှ ရှောင်ကြဉ်လိုက်ခြင်းကြောင့် မိမိအတွက် စားစရာဟူသည် အသီးအရွက်၊ သစ်ဥသစ်ဖုတို့သာ ကျန်ရှိတော့သည်။ ဤသည်ကို အသားလုံးဝရှောင်ကြဉ်သည်ဟု ဆိုကြ၏။ - ထိုသို့ သက်ရှိတို့၏ အသား၊ ခြေလက်အင်္ဂါစသည်တို့ကို လုံးဝရှောင်ကြဉ် စားသောက်ခြင်းသည်သာ လုံလောက်သော သက်သတ်လွတ်စားခြင်း ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဥ၊ နို့မှစ၍ သတ္တဝါတို့၏ ကိုယ်အင်္ဂါ၊ ၎င်းကိုယ်အင်္ဂါမှ ထွက်ရှိသမျှ ပစ္စည်းများကို လုံးဝရှောင်ကြဉ်လိုက်ခြင်းအားဖြင့် သတ္တဝါများ ထိတ်စားခံရခြင်းကိစ္စမှ မိမိပယောဂ လွတ်ကင်းကြောင်း သက်သေအားဖြင့် လုံးဝလုံလောက်သွားသောကြောင့် လုံလောက်သော သက်သတ်လွတ်စားခြင်း မည်၏။

(၅) ပညတ်သားမှန်သမျှ ရှောင်ကြဉ်သည်ဆိုရာ၌လည်း အသားဟူသော ဝေါဟာရဖြင့် ခေါ်ဝေါ်နေသည့် အရာများအား မစားသောက်ခြင်းကို ဆိုလိုသည်။ ဥပမာ-သစ်သား (သား-အသားဟူသော ဝေါဟာရပါနေသည်) ပဲလင်းမြွေသီး (လင်းမြွေဟူသော သက်ရှိသတ္တဝါ တစ်မျိုး၏ အမည်နာမပညတ်ပါနေသည်) စသည်တို့ဖြစ်သည်။ အချို့ပုဂ္ဂိုလ်ထူးများ၏ ချီးကျူးဖွယ် အာဟာရသုံးဆောင်မှုများတွင် သူများအသက်၊ ကိုယ်လက်အင်္ဂါ၊ အသား၊ အသွေးတို့ကို မဆိုထားဘိ ကျောက်သွေး စသော ဆေးဖက်ဝင်ပစ္စည်းများကိုပင် သတ္တဝါတို့၏ အသွေးအသား ပညတ်ပါနေသဖြင့် သက်ရှိနှင့် မဆိုင်သော်လည်း မစားမသောက်ဘဲ ရှောင်ကြဉ်ကြလေသည်။ ထိုအဆင့်ထိ အသားအသွေး ပညတ်ကိုပင် ရှောင်ကြဉ်၍ သက်သတ်လွတ်စားခြင်းအားဖြင့် သတ္တဝါတို့အား ညှဉ်းဆဲသတ်ဖြတ် စားသောက်ခံရခြင်းကိစ္စသည် မိမိနှင့် ပညတ်မျှပင်မဆိုင်၊ အခေါ်အဝေါ် ဝေါဟာရဖြင့်ပင် မပတ်သက်ဟု ရဲရဲကြီးသစ္စာပြု အဓိဋ္ဌာန်နိုင်ပြီး သားငါးနှင့် ပတ်သက်သမျှ စိတ်ကိုလည်း ရှင်းလင်းစင်ကြယ်စေပါသည်။

ဤသည်တို့သည်ကား သက်သတ်လွတ်စားခြင်း၏ ရည်ရွယ်ချက်နှင့် သဘောသဘာဝများ ဖြစ်သည်။

သို့သော် သက်သတ်လွတ်စားခြင်းနှင့်ပတ်သက်၍ သတိပြုစရာ အချို့လည်း ရှိနေပါသည်။ အရေးသဖြင့်



www.burmeseclassic.com

www.burmeseclassic.com

အာဟာရချို့တဲ့မှု ပြဿနာနှင့် တိုက်ရိုက်ပတ်သက်နေပါသည်။ သက်သတ်လွတ် စားခြင်းကြောင့် ပရိုတိန်းခေါ် အသားဓာတ်ကြွယ်ဝသော အသား၊ ငါး၊ နို့ စသည်တို့ကို ရှောင်ကြဉ်လိုက်ရသဖြင့် မိမိတို့၌ အသားဓာတ် ချို့တဲ့သွားတတ်ပါသည်။ ဤတွင် အသားကို ပြန်စားပါကလည်း မိမိ၏အစီွဌာန် ပျက်သွားနိုင်သည်။ ထို့ကြောင့် ၎င်းကိစ္စ ဖြေရှင်းရန် နည်းလမ်းမှာ အသားမစားသူများအတွက် အသားဓာတ်ကြွယ်ဝသော အသီးအနှံ၊ သစ်ဥသစ်ဖုတို့ ဟူသည် ရှိ၏။ ၎င်းတို့မှာ ကန်စွန်းဥ၊ အာလူး၊ ပဲအမျိုးမျိုး စသည်တို့ဖြစ်ပြီး အသားဓာတ် အသင့်အတင့်ပါသော သီးနှံများမှာ ဆန်၊ ဂျုံ၊ ပြောင်း စသည်တို့ ဖြစ်သည်။ ၎င်းသီးနှံများကို ပိုမိုစားသုံးပေးခြင်းအားဖြင့် မိမိမှာ အသားဓာတ် အာဟာရချို့တဲ့ခြင်း မဖြစ်နိုင်တော့ပေ။

ထို့အပြင် သက်သတ်လွတ်စားခြင်းကြောင့် တစ်ခါတစ်ရံ စိတ်အနှောင့်အယှက်လည်း ဖြစ်စေတတ်ပါသည်။ ဟင်းထဲတွင် သစ်သားစကလေး ပါလာသဖြင့် သူ သက်သတ်လွတ် စားနေသည်ကို မသိရကောင်းလားဟု ချက်ပြုတ်သူ ဇနီးသည်အား ကြိမ်းမောင်းနေသူကို မြင်ဖူးသည်။ အချို့သက်သတ်လွတ်သမားများတွင်မူ အလှူမင်္ဂလာ ဧည့်ခံပွဲများ တက်ရောက်ရသောအခါ သက်သတ်လွတ်ဟင်း မရှိသဖြင့် မစားရဖြစ်ကာ စိတ်ပျက်ခဲ့ရသူလည်း ရှိ၏။ အချို့မှ မိမိ၏ အိမ်သူအိမ်သားတို့က သက်သတ်လွတ် စီစဉ်မပေးသဖြင့် အခက်အခဲကြုံနေရသူကိုလည်း တွေ့ရ၏။ မည်သို့ရှိစေ မိမိအနေဖြင့် သက်သတ်လွတ်စား အဓိဋ္ဌာန်ဝင်တော့မည်ဆိုလျှင် ရက်,လအပိုင်းအခြား ကန့်သတ်လျက် ထိုကာလအတွင်း စားသောက်ရန် ကြိုတင်ပြင်ဆင်ပြီးမှ အဓိဋ္ဌာန်ဝင်သင့်သည်။ သို့မှသာ မိမိစားလိုသော သက်သတ်လွတ်ဟင်းလျာများ အဆင်ပြေစွာ ရရှိနိုင်မည် ဖြစ်ပါသည်။

မည်သို့ဆိုစေ လူဟူသည် အသိဉာဏ်ပညာ ကြွယ်ဝသော အမွန်မြတ်ဆုံးသတ္တဝါ ဖြစ်ပါသည်။ ထို့ကြောင့် လူသည် အသိဉာဏ်ပညာဖြင့် မွန်မြတ်သော အလုပ်ကို မလုပ်ပါက လူ့အဖြစ်မှ အလိုလိုလျော့ကျတတ်ပါသည်။ ထို့အပြင် လူသည် မိမိ၏ ကြွယ်ဝသော ဉာဏ်ပညာကို အသုံးပြု၍ သတ္တဝါအများကို ညှဉ်းပန်းနှိပ်စက်သတ်ဖြတ်စားသောက်မည်ဆိုပါလျှင် လူသည် သတ္တဝါကို ဉာဏ်ဖြင့် အနိုင်ကျင့်သည် မည်၏။ ထိုသို့အနိုင်ကျင့်ခြင်းကို သူတော်စင်တို့ မြင်တွေ့သော် များစွာကဲ့ရဲ့ရှုတ်ချပေလိမ့်မည်။ ထို့အပြင် သတ္တဝါကို နှိပ်စက်အနိုင်ကျင့်သူသည် ကံ,ကံ၏အကျိုး ဒေသနာအရ နောင်တစ်ဖန် မိမိသည်လည်း ထိုသို့ပင် ပြန်လည်နှိပ်စက် အနိုင်ကျင့်ခံရစမြဲဖြစ်သည်။ တစ်နည်းဆိုရသော် ဝဋ်လိုက်ခံရမည်ဖြစ်သည်။

သတ္တဝါကို လက်ဖြင့် နှိပ်စက်သော် ထိုလက်သည် မွန်မြတ်ခြင်းမှ ကျရှုံး၏။ သတ္တဝါကို ဉာဏ်ဖြင့် နှိပ်စက်သော် ထိုဉာဏ်သည်လည်း မွန်မြတ်ခြင်းကို ဆုံးရှုံးရ၏။ ထို့ကြောင့် လူ့ဂုဏ်ရည် မညှိုးနွမ်းစေရန် သက်ရှိသတ္တဝါတို့အား ကိုယ်ချင်းစာခြင်း၊ သနားငဲ့ညှာခြင်း စသော ဗြဟ္မာစိုရ်တရားများ ထွန်းကားစေရန် ရည်ရွယ်ချက်ဖြင့် သက်သတ်လွတ် စားသင့်ကြ၏။ ထိုရည်ရွယ်ချက်သည် အသိဉာဏ်နှင့်ယှဉ်သော အမွန်မြတ်ဆုံး ရည်ရွယ်ချက်ပင် ဖြစ်သည်။ ထိုအမွန်မြတ်ဆုံးသော မှန်ကန်သည့် ရည်ရွယ်ချက်အတိုင်း သက်သတ်လွတ်စားခြင်းကို အဓိဋ္ဌာန်ပြုကျင့်ကြံမည်ဆိုပါက နောက်ဆုံး၌ ပါဏာတိပါတကံကို လုံခြုံစေလျက် သူ့အသက်သတ်သောအမှုကို လုံးဝရှောင်ကြဉ်နိုင်သည်အထိ ဤတစ်ပါးသောသီလကို မြဲမြံစေမည်ဖြစ်ပါသည်။ ထိုသီလသည် မေတ္တာနှင့်ယှဉ်သော သီလဖြစ်သဖြင့် အမွန်မြတ်ဆုံး အလုပ်တစ်ခု ဖြစ်ပါသည်။

သာသနာထွန်းကားရာ ဤဌာနအတွက် သူတော်စင်ပုဂ္ဂိုလ်အများသို့ စေတနာရှေ့ထား၍ သတိပေးစကား ပြောကြားလိုပါသည်။ မိမိတို့အနေဖြင့် လောကီကျင့်စဉ်များ ကျင့်ကြံရာတွင် မိမိအကျိုးထက် သတ္တဝါအများ၏ အကျိုးအတွက် ကျင့်ကြံအားထုတ်ခြင်းသည် ပို၍မွန်မြတ်လှပါသည်။ သို့သော် မွန်မြတ်သော လောကီကျင့်စဉ်ပင် ဖြစ်စေကာမူ ဤလောကီကျင့်စဉ်များဖြင့်ပင် ကျေနပ်မနေဘဲ လောကုတ္တရာကျင့်စဉ်များဖြစ်သော သမထ၊ ဝိပဿနာ ကမ္မဋ္ဌာန်းတရားများကိုလည်း တစ်ဆင့်တက် ကျင့်ကြံအားထုတ်ရန် လိုအပ်ပါသေးသည်။

ထိုသို့ လောကုတ္တရာစခန်း တက်လှမ်းနိုင်ရန် လောကီကျင့်စဉ်ဟူသည် အောက်ခံခုတုံးများ ဖြစ်ပါသည်။ အထက်နန်း တက်လှမ်းနိုင်ဖို့ ထိုခုတုံးများ အပြစ်အနာအဆာ ကင်းစင်မွန်မြတ်ဖို့ အလွန်အရေးကြီးပါသည်။

ဖျာပုံ တင်နိုင်ဝင်း

www.burmeseclassic.com

(၁)

တစ်နေ့သ၌ ကျွန်ုပ်၏ အလုပ်တိုက်သို့ ဂမ္ဘီရစာရေးဆရာ မင်းစိတြ ရောက်ရှိလာလေ၏။ ကျွန်ုပ်၏ စာပေတိုက်မှာ ရန်ကုန်မြို့၊ ဗိုလ်အောင်ကျော်လမ်းတွင် ရှိပြီး ဆရာမင်းစိတြမှာ ထောက်ကြန့်တွင် နေထိုင်သဖြင့် တစ်နာရီကျော်ခန့် ကားစီးပြီးမှ လာခဲ့ရကြောင်း သိရလေ၏။




# [illegible]
## ဂမ္ဘီရစာရေးဆရာ၏ ကိုယ်တွေ့ဂမ္ဘီရဇာတ်လမ်း

ထိုဆရာကား ကျွန်ုပ်၏ဝါသနာ စာပေတိုက်အတွက် ဂမ္ဘီရလုံးချင်းဝတ္ထုများ ရေးသားနေသူ ဖြစ်ပေ၏။ ဆရာမင်းစိတြသည် မင်းစက္က ကလောင်အမည်ဖြင့်လည်း ဂမ္ဘီရဝတ္ထုများစွာ ရေးသားအောင်မြင်နေသူ ဖြစ်ပေ၏။ ယခု ဆရာကွယ်လွန်သွားသည်မှာ သုံးနှစ်ခန့်ရှိပါ၏။

သူရေးသားခဲ့သည့် စာများမှာ တစ်အုပ်နှင့်တစ်အုပ် မထပ်စေဘဲ ပရိသတ်စွဲမက်အောင် စွမ်းဆောင်နိုင်စွမ်းရှိလေ၏။ မင်းစိတြ ကလောင်အမည်စွဲကို ကျွန်ုပ်စာပေတိုက်နှင့် စတင်ထုတ်ဝေခဲ့ခြင်း ဖြစ်သည့်အားလျော်စွာ ထိုဆရာနှင့် ကျွန်ုပ်တို့သည် မကြာခဏတွေ့ဆုံနေကျ ဖြစ်ပေ၏။

ဆရာကား စကားနည်းလှပြီး ရောက်လျှင်လည်း ကြာကြာနေလေ့ မရှိပါချေ။ သူ့မှာ ဆီးရောဂါရှိနေပြီး မကြာ, မကြာ ဆီးသွားတတ်သဖြင့် လက်ဖက်ရည်ကိုပင် ဖြောင့်အောင် မသောက်နိုင်ခဲ့ပါချေ။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်ကိုကား အထူးခင်မင်လေ၏။ အကြောင်းကား ကျွန်ုပ်၏ နေ့နီးသည်နှင့် ဆရာသည် ကျောင်းနေဖက်များ ဖြစ်နေကြ၍လည်း ဖြစ်ပေ၏။

လွန်စွာစကားနည်းလှသော ဆရာမင်းစိုးသည် ထို နေ့ကမူ ကျွန်ုပ်နှင့် စကားများစွာ ပြောဖြစ်ခဲ့လေ၏။

ဆရာပြောသည့် စကားများထဲတွင် သူ၏ ကိုယ်တွေ့ ဂမ္ဘီရဖြစ်ရပ်ဆန်း တစ်ရပ်လည်း ပါခဲ့ချေ၏။

'အိုင်ဆေး ကိုသွေးရင့်၊ ဝိညာဉ်လောက ဒါမှမဟုတ် ပရလောကဆိုတာ တကယ်ရှိနေခဲ့တာဗျ။ ကျွန်တော်လူပျို တုန်းက ကိုယ်တွေ့ကြုံခဲ့ရတဲ့ ဖြစ်ရပ်လေးတစ်ခုကတော့ တကယ့်ကို မမေ့နိုင်စရာပါဗျာ'ဟု ပြောလေရာ ကျွန်ုပ် လည်း မေးကြောကြီးများထောင်လျက် အငမ်းမရ ပြန်မေး မိလေ၏။

'အို··ဟုတ်လား၊ ပြောစမ်းပါဦး။ ဆရာ့ကိုယ်တွေ့ ဖြစ်ရပ်လေး'

'ဘာလဲ၊ ဆရာက ဝတ္ထုပြန်ရေးချင်လို့လား'

'ဟဲ··ဟဲ··ရေးသင့် ရေးရတာပါ'

'ပြောပြပါ့မယ်ဆရာ။ ဆရာ ဝတ္ထုရေးချင်လည်းရေး ပေါ့။ ကျွန်တော်တောင် မရေးဖြစ်ခဲ့သေးပါဘူး။ ဆရာ ရေးလေ။ ကျွန်တော် မရေးတော့ပါဘူး'

'ဟာ··ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ ဆရာရယ်။ ဆရာလည်း ရေးပေါ့။ ကျွန်တော်က ဝတ္ထုတိုလောက်ပဲ ရေးမှာပါ။ ရေးဖွဲ့ပုံချင်း တူကြတာမှ မဟုတ်ဘဲ ဆရာ ရယ်'

ဟု ကျွန်ုပ်ကပြောလေရာ ဆရာမင်းစိုးက ခေါင်း တဆတ်ဆတ်ညိတ်ရင်း-

'အေးဗျာ၊ ဒါဆိုလည်း ကျွန်တော် အခုရေးနေတဲ့ ဝိညာဉ်စံအိမ်ဆိုတဲ့ လုံးချင်းဝတ္ထုထဲ ထည့်ရေးတော့မယ်။ ဆရာက အတိုရေးမှာ ဆိုတော့ ရေးပေါ့'ဟု ပြောပြီး သကာလ သူ၏ ကိုယ်တွေ့ဖြစ်ရပ်ဇာတ်လမ်းကို အောက် ပါအတိုင်း ပြောပြလေတော့၏။

(၂)

ကျွန်ုပ်(မင်းစိုး)သည် ငယ်စဉ်က မွန်ပြည်နယ် ဘက်တွင် နေထိုင်ခဲ့ဖူးလေ၏။ ရန်ကုန်-မုတ္တမ ရထား လမ်းပေါ်တွင် နှင်းပုလဲဘူတာ တည်ရှိ၏။ ကျွန်ုပ်နေထိုင် ရာ ရွာလေးသည် နှင်းပုလဲဘူတာနှင့် နီးကပ်စွာ တည်ရှိ လေ၏။

ကျွန်ုပ် နေထိုင်ရာ အရပ်သည် မှိုင်းညို့ညို့ တောင် တန်းကြီး၊ တောရိပ်တောင်ရိပ်များနှင့် ကြည်နူးစဖွယ်၊ နေချင်စဖွယ် အရပ်ဟု ဆိုထိုက်မည့်ဒေသ ဖြစ်ပေ၏။

ကျွန်ုပ်သည် စာပေဓာတ်ခံရှိသူပီပီ တောရိပ်တောင် ရိပ်များကိုကြည့်၍ ကြည်နူးနေတတ်သလို စိတ်ကူးလည်း ယဉ်နေတတ်ပေ၏။ ထိုအချိန်ကပင် ကျွန်ုပ်သည် ကဗျာ များစာများကို ရေးဖွဲ့နေခဲ့ပြီဖြစ်လေ၏။ ဖြစ်ဖြစ်မြောက် မြောက်တော့ မဟုတ်သေးပါချေ။

ထိုစဉ်က ကျွန်ုပ်၏အသက်သည် နှစ်ဆယ်နားကပ် နေပြီဖြစ်ရာ ကာလသားပေါက်ဟု ဆိုရမည် ဖြစ်ပေ၏။

ကာလသားလူပျိုပေါက်ဖြစ်သော်လည်း ကျွန်ုပ်သည် မိန်းကလေးများကို သိပ်စိတ်ဝင်စားခြင်း မရှိလှပေ။ ရွာမှ မိန်းမပျိုလေးများကိုလည်း ကိုယ့်ဆွေမျိုး အမှတ်နှင့်ပင် ရှိနေခဲ့ပေ၏။ မရိုးသားသောစိတ်များ မရှိခဲ့ပါချေ။ ကျွန်ုပ် ၏ ရင်ထဲတွင် စာများ ကဗျာများသာ ရှိနေခဲ့လေ၏။ ကာရန်ရှာဖွေ ကဗျာစပ်နေရလျှင် လောကကြီးကို မေ့နေ သလိုပင်။

ထိုအခြေအနေမျိုးတွင် ကျွန်ုပ်သည် မိန်းမပျိုလေး တစ်ယောက်ကို အမှတ်မထင် တွေ့မြင်မိရာမှ စွဲစွဲလမ်း လမ်းကြီး ဖြစ်သွားရလေ၏။ မြုန်းစားကြီး တွေ့မြင်လိုက် ရသော မိန်းမပျိုလေးကို ငေးကြည့်ရင်း ရင်မှာ တလှပ် လှပ် ဖြစ်နေရလေ၏။

ချစ်ခြင်းလား၊ မဖြစ်နိုင်။

မြတ်နိုးခြင်းလား၊ မဟုတ်သေး။

တစ်ခဏအတွင်း မြင်မြင်ချင်း သက်ဝင်စွဲလမ်းရခြင်း ပေမို့ မည်သို့သတ်မှတ်ရမည်မသိ။ အချစ်မဟုတ်သေးတာ တော့ သေချာသည်။

သူကလေးသည် ကျွန်ုပ်တို့ရွာမှ မဟုတ်သလို ရွာနီး စပ်နားရွာများကလည်း မဖြစ်နိုင်ချေ။ သူမလို အလှနှင့် ဝတ်စားဆင်ယင်ပုံမျိုး ကျွန်ုပ်တို့အရပ်မှာ တွေ့မြင်ရလေ့ မရှိ။

သူမအလှက နန်းဆန်သည်။ အသားအရေ ဆင်စွယ် လို ဖြူလှလှမျိုး။ ဟန်ပန်ကြော့ရှင်း၍ ဖော့ဖယောင်းတမျှ နှယ်။

သူကလေးကို တွေ့ရပုံက ဆန်းလှသည်။ မှတ်မှတ်

www.burmeseclassic.com

ရရဆို ထိုနေ့က မြန်မာနှစ်ဆန်း(၁)ရက်နေ့ ဖြစ်၏။

သကြင်္န်လွန်မြောက် နှစ်သစ်ရောက်သည့် နှစ်ဆန်း (၁)ရက်နေ့၏ နေဝင်ဖျိုးဖျ ဆည်းဆာရောင်အောက်မှာ သူမကို စတင်တွေ့ဆုံရလိုက်ခြင်းပင် ဖြစ်လေ၏။

စတွေ့ရစဉ်က သူမတစ်ယောက်တည်းမဟုတ်၊ သူမထက် အနည်းငယ်ကြီးပုံရသော အမျိုးသမီးတစ်ဦး ပါသေးသည်။ မိန်းမချောတစ်ယောက်ပင် ဖြစ်ပါသည်။ ညီအစ်မဖြစ်ပုံရ၏။ အကြီးမက နန်းပိုဆန်သည်။ ဆံကေသာမှာ နက်မှောင်၍ ရှည်လျားလှသည်။ တင်ပါးဆီသို့ ရောက်လု ရောက်ခင်။

အငယ်မလေးကတော့ ဆံပင်က နောက်ကျောထိသာ ကျနေ၏။ ဆံပင်ကို ဖားလျားချထားသည်မှာ ကြည့်ကောင်းလှပါဘိတော့။ ယဉ်သည်၊ လှသည်လေ။

သူ၏ မျက်လုံးလေးက နက်သည်။ ပါးအိုလေးက ရဲရဲနုနု မို့မို့လေး၊ နမ်းရက်စရာပင်မမြင်။ နမ်းလိုက်မိလျှင် နာရှာမည်ထင်။ ပြုံးလိုက်လျှင် သွားတက်လေးနှင့်။ ရယ်လိုက်လျှင် တစ်အားချစ်ဖို့ကောင်းသည်။ သူကလေး၏ အလှကို စာဖွဲ့ပြပါဆို လူမက နတ်မိမယ်တမျှ လှလွန်းလှတကားဟုသာ ဖွဲ့ပြရတော့မည်။

သူလေးသည် ကျွန်ုပ်တို့နှင့် မလှမ်းမကမ်းရှိ သစ်ပင်အောက်မှနေ၍ ကျွန်ုပ်ကို မျက်လုံးရွဲကြီးနှင့် ကြည့်နေခဲ့သည်။

ထိုနေ့က မြန်မာနှစ်ဆန်း(၁)ရက်နေ့ ဖြစ်သည့်အားလျော်စွာ ရိုးရာဓလေ့ထုံးစံအတိုင်း ညနေပိုင်းတွင် ပရိတ်တရားနာကြရန် စီစဉ်နေကြခြင်း ဖြစ်၏။ ရွာထိုင်းပင် ညနေပိုင်း၌ ပရိတ်တရားနာခြင်းကို ပြုလုပ်လေ့ရှိ၏။

ဤသို့ တရားနာကြရာဝယ် ကျွန်ုပ်တို့အရပ်၌ ပြုလုပ်ပုံသည် တစ်မူထူးခြားသည်ဟု ဆိုရပေမည်။ အခြားအရပ်ဒေသများတွင် နှစ်ဆန်း(၁)ရက် တရားနာခြင်းသည် မကောင်းဆိုးဝါးများ မိစ္ဆာများကို နှင်ထုတ်ကြခြင်းဖြစ်၏။ တရားနာပြီးသည်နှင့် တောထုတ်သည်ဟုဆိုကာ သံပုံးများ တီးကြ၏။

ကျွန်ုပ်တို့အရပ်မှာမူ ထိုသို့မဟုတ်ပါချေ။ တရားနာရန် ငြင်းဆန်နေဆဲမှာပင် ပရလောကသားများကို အသီးသီး ဖိတ်ကြားကြရလေ၏။ သက်ဆိုင်ရာ ဆွေမျိုးများက သေဆုံးပြီးသော မိမိတို့ ဆွေမျိုးသားချင်းတို့၏ အမည်နာမများကိုခေါ်ကာ တရားနာဖိတ်ကြားကြရလေ၏။ ပရလောကသား အားလုံးကို သိမ်းကျုံးဖိတ်ခေါ်ခြင်းတော့ မဟုတ်။ မိမိတို့ဆွေမျိုး အမည်တပ်၍သာ ဖိတ်ခေါ်ကြခြင်းဖြစ်သည်။

ဖိတ်ခေါ်ရာ၌ စိတ်ထဲမှ ဖိတ်ခြင်းမဟုတ်။ တချို့က သစ်ပင်ပေါ်တက်၍ တချို့က အိမ်ခေါင်မိုးပေါ်တက်၍ သေဆုံးသူ၏ နာမည်တပ်၍ အော်ဟစ်ဖိတ်ခေါ်ခြင်း ဖြစ်ပေ၏။ တရားနာရန် ပရိတ်အိုးများ စီစဉ်နေစဉ်ကပင် ထိုသို့ ဖိတ်ခေါ်နေကြခြင်း ဖြစ်၏။

'ဦးလေးညိုမှိုင်းရေ၊ တရားနာ အမျှယူဖို့ ရောက်ရာအရပ်က ကြွခဲ့ဗျို့'

'ညီမလေး ရွှေသီးရေ၊ တရားနာဖို့ ကြွပါဟေ့'

စသည်ဖြင့် အော်ဟစ်ခေါ်နေကြသည်မှာ ကြက်သီးထချင်စရာ ကောင်းလှ၏။

ထိုအခြေအနေတွင် သစ်ပင်အောက်မှ မိန်းမပျိုလေး နှစ်ဦးမှာမူ ခေါ်သံများကို ဂရုမစိုက်ဘဲ ကျွန်ုပ်ကိုသာ စိုက်ကြည့်နေချေ၏။ ကျွန်ုပ်မှာလည်း ဖျာများခင်းခြင်း၊ ပရိတ်အိုးများ နေရာချခြင်းတို့ကို ဝိုင်းလုပ်ရင်းမှ သူတို့နှစ်ဦးကို လှမ်းမြင်နေရခြင်း ဖြစ်၏။

ထူးခြားသည်မှာ သူတို့နှစ်ဦးကို တခြားသူများက မြင်ကြဟန် မရှိခြင်းပင်။ မည်သူမျှ ဂရုမစိုက်ကြပါချေ။ ကျွန်ုပ်သာလျှင် ကွက်ကြည့်၊ကွက်ကြည့် ဖြစ်နေရခြင်းပါ။

သံဃာတော်များ ကြွရောက်လာတော့ ရွာသူရွာသားအားလုံး ဖျာများပေါ်တွင်ထိုင်၍ လက်အုပ်လေးများ ချီထားကြ၏။ ကျွန်ုပ်၏ မိခင်ကြီးလည်း ရှေ့နားတွင် ထိုင်လျက်ရှိလေ၏။ ကျွန်ုပ်ကမူ နောက်ဆုံးနားတွင် သွားရောက်နေရာယူနေလိုက်၏။ ကျွန်ုပ်နှင့်အတူ သူငယ်ချင်းစောထူးလည်း ရှိ၏။

လူအားလုံး တရားနာရန် ရှေ့သို့ အာရုံစိုက်နေခိုက် ကျွန်ုပ်က သူတို့နှစ်ဦးဆီသို့သာ ကြည့်နေမိ၏။ သူတို့ကို ကြည့်ရသည်မှာ နောက်နားရှိ စမ်းချောင်းလေးထဲမှ တက်လာကြဟန်ရှိ၏။ ရှေ့သို့လည်း မလာဘဲ ခပ်လှမ်းလှမ်းက ကုက္ကိုပင်ကြီးအောက်မှသာ ရပ်နေကြ၏။ ရှေ့မတိုးနောက်မဆုတ် ထိုင်လည်း မထိုင်ကြလေတော့ တရားနာလာကြခြင်းတော့ မဟုတ်တန်ရာ။



www.burmeseclassic.com

www.burmeseclassic.com

သို့ဆို သူတို့နှစ်ဦး ဘာလာလုပ်ကြသနည်း။

(၃)

တရားပွဲစ၍ သီလပေးချိန်မှာတော့ ထူးခြားသည်။ လူအားလုံး တရားပွဲ၌ အာရုံစိုက်နေခိုက် ကျွန်ုပ်သာလျှင် သူတို့နှစ်ဦးကို ကြည့်နေမိသည်။ တရားပွဲမှာ အာရုံမရှိပါချေ။

'ဟေ့ကောင် ဝင်းရွှေ၊ ဘာကြည့်နေတာလဲ'

သူငယ်ချင်းစောထူးက မေးသည်။

ကျွန်ုပ်က နှုတ်မှမဖြေဘဲ သူတို့လေးနှစ်ဦးထံ မေးငေါ့ပြလိုက်၏။

'ဘာလဲကွ'

'ဟိုမှာလေကွာ'

'ဘာလဲကွာ၊ ဘာမှလည်းမရှိဘဲ'

'မင်း မမြင်ဘူးလား၊ ကောင်မလေးနှစ်ယောက်'

'ဟေ့ကောင်၊ ဘာမှမဟုတ်တဲ့ နောက်မနေနဲ့။ သီလယူ'ဟု ပြောရင်း စောထူးက တရားပွဲဆီကိုသာ လှည့်သွား၏။

လက်အုပ်ချီကာ သီလလိုက်ယူနေ၏။ ကျွန်ုပ်ကတော့ ကျွန်ုပ်မြင်နေရသော ကောင်မလေး နှစ်ဦးဆီသာ စိတ်ရောက်ရင်း ကြည့်နေမိသည်။

'ဟင်··ခေါ်နေတယ်'

ကျွန်ုပ် အံ့အားသင့်သည်။ မိန်းကလေးနှစ်ဦးအနက် အငယ်မလေးက ကျွန်ုပ်ကို လက်ယပ်ခေါ်နေပါပြီကော။ ကျွန်ုပ်ကို ခေါ်ခြင်းလား၊ တခြားတစ်ဦးတစ်ယောက်ကို ခေါ်ခြင်းလားခြင်းဟု ဘေးဘီကိုကြည့်၊ စောထူးကိုလည်း ကြည့်တော့ အားလုံးပင် လက်အုပ်ချီ မျက်စိမှိတ်ထားကြလျက်သာ။

ငါ့ကိုခေါ်တာပဲဟုတွေးရင်း ခေါ်လားဟု သဘောမျိုး ခေါင်းဆတ်ပြမိတော့ ခေါင်းလေး ပြန်ညိတ်ပြလေ၏။ ကျွန်ုပ်လည်း မျက်မှောင်ကြုတ်ကာ စူးစူးရဲရဲလေး ကြည့်နေမိတော့ သူမကလည်း စူးရဲစွာကြည့်ရင်း ပြုံးပြလေ၏။

ကျွန်ုပ်မှာ မရိုးမရွဖြစ်နေရပါပြီ။

သူတို့နှစ်ဦးမှ အကြီးမဖြစ်ဟန်တူသူက နောက်လှည့်ပြန်ရန် ဟန်ပြင်နေပါပြီ။ သီလပေးပြီး ပရိတ်တရားမနာခင် သူတို့ ပြန်လိုကြဟန်ရှိ၏။ အငယ်မကတော့ လှည့်ပြန်ဖို့ စိတ်ကူးဟန်မတူ။ ကျွန်ုပ်ကိုသာ စူးစိုက်ကြည့်ရင်း ခေါင်းလေးညိတ်၍ ခေါ်ပြန်၏။

'ဟင်··ခေါ်နေပြန်ပြီ'

ကျွန်ုပ်လည်း ရှည်ရှည်ဝေးဝေး တွေးမနေတော့ဘဲ ထရန်ဟန်ပြင်လိုက်၏။ နောက်သို့ အသာဆုတ်ရင်း စောထူးကို ကြည့်လိုက်တော့ သူ့သိဟန်မပေါ်။ လက်အုပ်ချီ မျက်လုံးမှိတ်လျက်သာ အာရုံပြုနေ၏။ ကျွန်ုပ်ထသွားတာ သိလည်း တပိုတပါးသွားလို၍ဟုသာ ထင်ပေလိမ့်မည်။

ကျွန်ုပ်က မယောင်မလည်နှင့်ထသွားပြီး သူတို့လေးများဆီသို့ ခြေလှမ်းကို လှမ်းနေမိသည်။ ကျွန်ုပ် ထလာတာမြင်တော့ နှစ်ဦးလုံး လှည့်သွားကြသည်။ ချောင်းလေးဆီသို့ ပြန်လည်လှမ်းသွားကြသည်။

ကျွန်ုပ်အား လှည့်ကြည့်၊လှည့်ကြည့်နှင့် စောင့်ရင်းသွားနေကြခြင်းပါ။ သူတို့နှစ်ဦး စမ်းချောင်းလေးနားရောက်တော့ ကျွန်ုပ်မီလာသည်။ အနားရောက်လာသော ကျွန်ုပ်အား အငယ်မလေးကစောင့်ရင်း တိုးဖွဖွပြောသည်။

'နှင်းနှင်းတို့ရွာကို လိုက်လည်ပါလားဟင်'

'အင်း'

ကျွန်ုပ်ခေါင်းညိတ်မိရင်း သူမနောက်သို့ ကောက်ကောက်ပါအောင် လိုက်သွားမိတော့၏။ ဒူးသာသာရေ အနက်သာရှိသော ချောင်းရိုးလေးထဲသို့ အစ်မဖြစ်သူက ဆင်းသွားပါပြီ။ သူလေးကလည်း ကျွန်ုပ်အား လှည့်ကြည့် ခေါင်းညိတ်ပြရင်း ချောင်းလေးထဲ ဆင်းတော့၏။ ထဘီစလေးကိုမ,၍ ဆင်းသွားသော သူမ၏ ခြေသလုံးလေးများမှ နုညက်ဝင်းမွတ်နေ၏။

သူလေး၏ ခြေလှမ်းနှင့်အမီ ကျွန်ုပ်လည်း ဆင်းလိုက်သွား၏။ ချောင်းတစ်ဖက်ရောက်တော့ ချုံနွယ်ပိတ်ပေါင်းများထဲမှ ကျောက်ဂူဝတစ်ခုကို မြင်လိုက်ရသည်။

'အစ်ကို··ဂူထဲဝင်လေ'

သူမက ဂူပေါက်မှရပ်၍ ဂူထဲဝင်ရန် ခေါ်၏။ ဂူထဲ လှည့်ကြည့်လိုက်တော့ မည်းမှောင်နေပြီး ဘာမှသဲသဲကွဲကွဲ မမြင်ရပါချေ။ ကျွန်ုပ် ရပ်ကြည့်နေမိ၏။

'လာလေ အစ်ကို၊ ဘာရပ်ကြည့်နေတာလဲ'

သူမက ညင်းသွဲ့သွဲ့လေး ထပ်ခေါ်သည်။ လှပသော မျက်နှာလေးကို အစွမ်းကုန် ပြုံးထားသည်။ သွားတက်လေးများဖြင့် လှချင်တိုင်း လှနေတော့၏။

ထိုအချိန်မှာ သူ့အစ်မကတော့ ဂူထဲဝင်ရောက်ပျောက်



www.burmeseclassic.com

ကွယ်သွားပါပြီ။ ဂူဝမှာ သူမနှင့်ကျွန်ုပ် နှစ်ယောက်တည်း။

ကျွန်ုပ်လည်း သူမကိုတစ်လှည့်၊ ဂူကြီးကိုတစ်လှည့် ကြည့်ရင်း ချီတုံချတုံဖြစ်နေလေ၏။ သူမကို သေချာကြည့်ရင်း တစ်စုံတစ်ရာကို ဂရုပြုမိလိုက်သည်။

အခြားမဟုတ်။

ချောင်းလေးကို အတူတူဖြတ်ကူးလာပါလျက် ကျွန်ုပ်ခြေထောက်များမှာ ရေစိုနေပါလျက် သူမ၏ ဝင်းမွတ်သော ခြေသလုံးနှင့် ခြေဖဝါးတို့မှာ ရေစိုစဉ်းမျှ စိုစွတ်ခြင်းမရှိခြင်းပင် ဖြစ်ပါ၏။

'မင်းခြေထောက်က ခြေမစိုဘူးနော်'

ဟု ပြောမိလိုက်တော့ သူမက-

'ဘာမှမဆန်းပါဘူး အစ်ကိုရယ်။ အတွေးတွေခေါင်မနေပါနဲ့။ ဂူထဲဝင်ကြစို့နော်'

သူမ၏ ညို့အားပြင်းသောအကြည့်များနှင့် ဆွဲဆောင်အားကောင်းသော အပြုံးလှလှလေးကြောင့် ကျွန်ုပ်မှာ ကျင်စက်နှင့် ထိမိသလို ဖြစ်သွားပြီးသကာလ လေးလေးသွဲ့သွဲ့ ပြောမိသည်မှာ-

'အင်းလေ··ဂူထဲဝင်ဆိုလည်း ဝင်ရတာပေါ့။ မင်းအစ်ကိုအပေါ်တော့ မရက်စက်ပါဘူးနော်'

'မပူပါနဲ့ အစ်ကိုရယ်၊ လာ··ဝင်စို့'

'အင်းလေ'

ကျွန်ုပ်က မှင်တက်စွာဖြင့် စက်ရုပ်လေးနှယ် ခြေလှမ်းပြင်ခိုက်-

'ဟော··ဟိုမှာ ဟိုမှာ'

ဟူသော စောထူး၏ အသံနှင့်အတူ-

'ဟဲ့··ကိုငယ်၊ ဘာလုပ်နေတာလဲ။ လာစမ်း၊ လာစမ်း' ဟု ထန်ထန်လေး ခေါ်လိုက်သည့် ကျွန်ုပ်၏ အဘွား အသံကို ကြားလိုက်ရလေ၏။

တစ်ချိန်တည်းမှာပင် ကျွန်ုပ်၏ လည်ပင်းသို့ ပုတီးတစ်ကုံး စွပ်ချခြင်းကို ခံလိုက်ရလေ၏။

'ဟင်··အဘွား၊ ဒါ ဘာလုပ်တာလဲ'

ဟု ကျွန်ုပ်က ပုတီးကိုကြည့်ရင်း တအံ့တသြ မေးလေရာ အဘွားက-

'လျှာမရှည်နဲ့။ မင်း ဘယ်သူနဲ့ လိုက်လာတာလဲ' ဟု ငေါက်လျက် ပြန်မေးလေ၏။

ထိုအခါမှ ကျွန်ုပ်လည်း ခေါ်ဆောင်လာသူများကို သတိရလျက် လှည့်ကြည့်မိလေရာ ပါးစပ်အဟောင်းသားဖြစ်သွားရလေတော့၏။

အကြောင်းမှု ကျွန်ုပ်အား အလည်လိုက်ရန် ခေါ်ဆောင်လာပြီး ဂူထဲဝင်ရန် စောင့်နေသည့် နှင်းနှင်းဟူသော မိန်းမပျိုလေးသည် မရှိတော့ပြီ။

ထွက်ပြေးသွားခြင်းလည်း မဟုတ်။

ပုန်းကွယ်နေခြင်းလည်း မဟုတ်။

ဝင်ပေါက်ထဲဝင်သွားသည် ဆိုရအောင်လည်း ကျွန်ုပ်ရပ်နေသည့်နေရာမှာ ဘာဂူမှမရှိ။ တောင်ပို့ကြီးကြီးတစ်ခုသာ ရှိလေ၏။

ကျွန်ုပ်သည် ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ရင်း ဘာပြောရမှန်းမသိ ဖြစ်နေမိလေတော့၏။

ဘာမှမပြောတတ်သော ကျွန်ုပ်အား အဘွားက လက်ဆွဲခေါ်သွားလေရာ ကျွန်ုပ်မှာ စောင်းကန်း,စောင်းကန်းဖြင့် ပါသွားရလေတော့သတည်း။

(၄)

'အင်း··ဆရာ့အဖြစ်က ထူးလည်းထူး ဆန်းလည်းဆန်းပဲနော်။ နောက် ဘာတွေ ဆက်ဖြစ်သေးလဲ ဆရာ'

ကျွန်ုပ်က မေးလေသော် ဆရာမင်းစိတြက မျက်မှောင်ကြုတ်ကာ ဤသို့ပြောလေ၏။

'ဘာမှတော့ မဖြစ်တော့ဘူး ဆရာရဲ့။ အဘွားက အချိန်မီသိပြီး လိုက်လာတာတဲ့။ စောထူးက ပြေးခေါ်လာတာတဲ့လေ'

'ဒါဆို ဆရာသူငယ်ချင်း စောထူးကလည်း ဆရာရဲ့ ကောင်မလေးနှစ်ယောက်ကို မြင်မှာပေါ့နော်'

'ဟင့်အင်း၊ စောထူးက ကောင်မလေး နှစ်ယောက်ကို လုံးဝမမြင်ဘူးတဲ့'

'ဟင်··ဒါနဲ့'

'ဒီလိုဆရာရဲ့၊ ကျွန်တော်ထသွားတာကို စောထူးက သတိထားမိလိုက်တယ်။ ပထမတော့ အပေါ့အပါးသွားမလို့ ထင်တာပဲ'

'နောက်တော့'

'နောက်တော့ ကျွန်တော့်ကိုကြည့်ရတာ မူမမှန်ဘဲ တစ်ယောက်ယောက်နဲ့ လိုက်သွားတဲ့ပုံလည်းပေါက်နေ လိုက်ချောင်းကြည့်တော့လည်း တစ်ယောက်တည်း စကား ပြောနေတာတွေမြင်လို့ မရိုးဘူးဆိုပြီး အမေ့ကို ပြေးခေါ်



www.burmeseclassic.com

www.burmeseclassic.com

အဘွားကိုပါခေါ်ပြီး လိုက်လာကြတာတဲ့လေ'

'အဘွားက ဘာပြောသေးလဲ'

'ပြောတာပေါ့ ဆရာရယ်၊ မေးလည်း မေးတယ်'

'ဘာများမေးပါလိမ့်'

'ကိုငယ်..နင် ဘယ်သူနဲ့ လိုက်သွားတာလဲမေးတော့ ကျွန်တော်က ကောင်မလေးချောချောလေးက ခေါ်လို့ လိုက်သွားတာလို့ ပြောလိုက်တယ်။ ဒီတော့ အဘွားက ထပ်ဆူပြီး ရှင်းပြတယ်'

'ဘယ်လိုများ ရှင်းပြသလဲ ဆရာ'

ကျွန်ုပ်က သိလိုဇောဖြင့် မေးလိုက်လေရာ ဆရာမင်းစိတြက ဆက်လက်ပြောပြလေ၏။

'အဘွားပြောတာကတော့ မောင်ငယ် နင့်ကိုခေါ်တာ ဘာများမှတ်လို့လဲ။ ပရလောကသားတွေဟဲ့၊ ဥစ္စာစောင့်တွေ၊ ကျတ်တွေ၊ နတ်ဘီလူး၊ နတ်နဂါးတွေဟာ လူယောင်ဖန်ဆင်းနိုင်ကြတယ်။ လူတွေကို ဖြားယောင်းလှည့်စားတတ်ကြတယ်။ ဘာဖြစ်မယ်လို့ အတပ်ပြောလို့ မရဘူး။ ချစ်လို့ခင်လို့လည်းရှိမယ်၊ မုန်းလို့လည်းဖြစ်မယ်။ ဘာပဲဖြစ်ဖြစ် သူတို့စည်းထဲ ဝင်သွားပြီးရင်တော့ မလွယ်တော့ဘူးတဲ့'

'ဘယ်လိုမလွယ်တာတဲ့လဲ ဆရာ'

'အမျိုးမျိုးပဲတဲ့ ဆရာရဲ့။ တချို့လည်း ရွှေငွေတွေ ပေးပြီး အလှူတန်းလုပ်ပေး အမျှဝေပေးပါဆိုပြီး ပြန်လွှတ်တာမျိုးရှိသလို ပြန်မလွှတ်ဘဲ လိပ်ပြာနှုတ်ယူထားလိုက်တာမျိုးလည်းရှိတယ်။ တချို့လည်း ကြောင်တောင်တောင်ဖြစ်ပြီး အတော်ကုယူရတာမျိုးလည်း ရှိတယ်တဲ့ ဆရာရဲ့'

'အင်း..ဆရာသာ ဂူထဲဝင်လိုက်သွားမိရင် ဘာဖြစ်မယ်ထင်လဲ'

'ဟဲ..ဟဲ..နှစ်ပါးသွားပဲ က,ရမလား၊ ယိုးဒယားကပဲ က,ရမလား တစ်ခုခုပဲ ဆရာရဲ့။ ဒါနဲ့ အဘွားဆက်ပြောတာက မှတ်သားလောက်ပါသေးတယ်'

'ဘာများလဲဗျာ'

'ကိုငယ်..နင့်ကို ငါစွပ်လိုက်တာ သိမ်ဝင်ပုတီးဟဲ့ မှတ်ထား။ ဂုဏ်တော်တွေ အကြိမ်ကြိမ်ပွားထားတဲ့ ပုတီးတဲ့။ ဒီပုတီးမျိုးကို ပရလောကသားတွေ ကြောက်ကြတယ်။ နောက်ဆုံး ပုတီးမရှိရင်တောင် ဂုဏ်တော်ကိုသာ အထပ်ထပ်ရွတ်ပေတော့။ ဘုရားဂုဏ်တော်တွေ ရွတ်ပွားပြီး ကိုယ့်ကိုယ်ကိုယ် စည်းချထားရင် ဘယ်လိုမိစ္ဆာမျိုးမှ မနှောင့်ယှက်နိုင်ဘူး မှတ်ထားတဲ့ ဆရာရဲ့'

'ဒါတော့အမှန်ပါပဲ ဆရာရယ်။ ဘုရားဂုဏ်တော်ပွားများရခြင်းရဲ့ တန်ခိုးဟာ ထက်မြက်လှပါတယ်။ ကျွန်တော့်ကိုယ်တွေ့တွေလည်း များလှတယ်။ ဒါကို လူအများအကျိုးအတွက် ကျွန်တော်တောင် စာအုပ်ထုတ်ဖို့ စဉ်းစားနေပါသေးတယ်'

'စဉ်းစားမနေပါနဲ့ ဆရာ။ အမြန်ရေး အမြန်သာထုတ်လိုက်ပါတော့။ အများအကျိုးရှိမယ့် စာမျိုးပဲလေ'

'စိတ်ချပါ ဆရာ၊ ဆက်ဆက်ရေးပြီး ထုတ်ပါ့မယ်။ ဆရာ့အကြောင်းလည်း ထည့်ဦးမှာနော်'

ဟု ပြောလေရာ ဆရာမင်းစိတြက ခပ်ပြုံးပြုံးလေး လုပ်၍-

'ဆရာလုပ်မှပဲ ကျွန်တော် လုတာမက်လို့ ညစာခက်မလို ဖြစ်ခဲ့ရတာတွေ လူသိရတော့မယ်ထင်ပါ့။ ဒါပေမဲ့ အများအကျိုးရှိမယ့် စာမျိုးမို့ ရေးပါဆရာ။ ကျွန်တော် ကျေနပ်ပါတယ်'ဟုဆိုကာ ကျွန်ုပ်အား လက်ဆွဲနှုတ်ဆက်လိုက်လေတော့သတည်း။

ထို့နောက်တွင်ကား ဆရာမင်းစိတြနှင့် ကျွန်ုပ်တို့သည် လုံးဝမဆုံဖြစ်ခဲ့ကြတော့ပါချေ။

အကြောင်းကား ဆရာမင်းစိတြသည် လွန်ခဲ့သော သုံးနှစ်ခန့်ကပင် ကွယ်လွန်သွားခဲ့ပြီ ဖြစ်သောကြောင့်ပင်။

ဆရာမင်းစိတြ ကောင်းရာသုဂတိ လားပါစေ။

**မောင်သွေးရင့်**





www.burmeseclassic.com

www.burmeseclassic.com

လွန်ခဲ့သော နှစ်ပေါင်း(၄၀)ကျော်က အနယ်နယ် အရပ်ရပ်ရှိ ဘုရားပွဲများတွင် နာမည်ကြီး ဇာတ်သဘင် များနှင့်အပြိုင် ကပြလေ့ရှိသော မျောက်ဖိုးစိန်ဇာတ်အဖွဲ့ကို ကြည့်ဖူး သိဖူးကြပေလိမ့်မည်။ ထိုဇာတ်ကို တည်ထောင် သော ဇာတ်ထောင်ဆရာ ဦးစိန်က နာမည်ကျော် ဘုရား ဒကာကြီး ဦးဖိုးစိန် ဇာတ်အဖွဲ့ကို အတုယူကာ မျောက် များဖြင့် ကပြရသော မိမိဇာတ်ကို မျောက်ဖိုးစိန်ဇာတ် အဖွဲ့ဟု အမည်မှည့်ထားသဖြင့် ဘုရားဒကာကြီး ဦးဖိုးစိန် ဇာတ်အဖွဲ့လိုပင် မနားတမ်း နယ်လှည့် ကပြခဲ့ရသည်။ ကြည့်ရှုသူ ပရိသတ်များ၏ အားပေးသဘောကျမှုကို ခံရသော ဇာတ်အဖွဲ့ ဖြစ်၏။

ထိုဇာတ်ထဲတွင် မနီ အမည်ရှိ မျောက်မလေးတစ် ကောင် ရှိလေသည်။ ဇာတ်လမ်းအရ သရုပ်ဆောင်ရာတွင် သဘာဝကျသဖြင့် ကပြသော မျောက်များထဲတွင် တစ်မူ

ရွှေတာဝေလေး(ကျွန်းသစ်)

# တစ်ဘဝတွင် မျောက်ဖြစ်ခဲ့သော ကိုရင်လေး





www.burmeseclassic.com

www.burmeseclassic.com

ထူးခြားကာ နာမည်ကြီးသောမျောက်ဟု ဆိုရပေမည်။ အထူးသဖြင့် ဇာတ်ပြားလောကတွင် ရေပန်းစား လူကြိုက်များလှသော ခေါင်းလောင်းထိုးသံ ဘယ်သူ့ကံ (ခေါ်) ယု ပြဇာတ်ကို အခြားမျောက်ကလေးများနှင့် ကပြရာတွင် ပရိသတ်က အလွန်သဘောကျ နှစ်ခြိုက်ကြသည်။

မိုးကုတ်မြို့ ဖောင်တော်ဦးဘုရားပွဲတော်ကို နှစ်စဉ် တပေါင်းလဆန်း (၁၀)ရက်မှ လပြည့်နေ့အထိတိုင်အောင် ကျင်းပမြဲ ဖြစ်သည်။ (၁၃၄၀)ပြည့်နှစ်၊ တပေါင်းလထဲတွင်လည်း ထုံးစံအတိုင်း ဖောင်တော်ဦးဘုရားပွဲတော်ကို ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်လေရာ ထိုဘုရားပွဲတွင် မျောက်ဖိုးစိန်ဇာတ်အဖွဲ့ လာရောက်ကပြလေ၏။

ဘုရားပွဲတွင် မျောက်ဖိုးစိန် ဇာတ်အဖွဲ့မှ ကပြရသော ပြဇာတ်မှာ လူကြိုက်များလှသော ယုပြဇာတ်ပင် ဖြစ်သည်။ ယုပြဇာတ်ကို ကပြရာတွင် အဓိကဇာတ်ဆောင်မျောက်မှာ လူဆိုးဘခက် လုပ်ရသော မျောက်မလေးမနီ ဖြစ်သည်။ အင်္ကျီ၊ ဘောင်းဘီရှည် ဝတ်၍ ပါးစပ်တွင် စီးကရက်ခဲကာ ဘခက်အဖြစ် သရုပ်ဆောင်ရသည်မှာ မလွယ်။ သစ်သားမြင်းရုပ်ကို လှုပ်ကာ,လှုပ်ကာ စီးပြရသေးသည်။ ဖွင့်ထားသော အသံချဲ့စက်မှ ထွက်လာသည့် စကားအတိုင်း ဟန်အမူအရာ လုပ်ပြရ၏။ ထို့အပြင် လက်တစ်ဖက်က မြင်းကို ကိုင်ထားပြီး လက်တစ်ဖက်က သေနတ်ပစ်ပြရပြန်သည်။

ယင်းသို့ သရုပ်ဆောင်နေစဉ် မျောက်မလေးမှာ မထင်မှတ်ဘဲ လျှပ်တစ်ပြက်ဆိုသလို မြင်းပေါ်မှ လိမ့်ကျသွား၏။

ထိုအခါ ဇာတ်ဆရာဦးစိန်သည် ဒေါသထွက်၍ အပွဲပွဲ နွှဲလာခဲ့သည်မှာ ကြာပြီဖြစ်ပါလျက် ဒီပွဲကျမှ အရှက်ခွဲရပါမည်လားဟု မြည်တွန်တောက်တီးကာ မျောက်မလေးကို ကြိမ်လုံးနှင့် ရိုက်နက်လေတော့သည်။ မျောက်မလေးသည် ဇာတ်ဆရာ၏ ကြိမ်ဒဏ်ကို မခံနိုင်သဖြင့် ဖောင်တော်ဦးဘုရား နောက်ကျောဘက်တွင်ရှိသော မောနေယျတောင်ဘက်သို့ ထွက်ပြေးလေ၏။ ညအချိန် ဖြစ်နေသဖြင့် ဇာတ်ဆရာ ဦးစိန်နှင့်အဖွဲ့ လိုက်ရှာသော်လည်း မတွေ့တော့ပေ။

◆◆◆

ကိုသန်းအောင်သည် စစ်ကိုင်းတိုင်း၊ ဘုတလင်မြို့နယ်၊ စကမြားတောင် ရွာသားဖြစ်ပြီး မိုးကုတ်မြို့တွင် ကျောက်တူးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသူ ဖြစ်၏။ မျောက်ဖိုးစိန်ဇာတ်အဖွဲ့ ပြန်သွားပြီးနောက် မကြာမီတစ်ရက်တွင် ကိုသန်းအောင် ရေနီချောင်းဘက် ရောက်သွားသည်။

ချောင်းအနီးသို့ ရောက်သောအခါ -

"ဝုတ်..ဝုတ်..ဝုတ်"

"အူး..အူး..အူး" ဟူသော အသံဗလံများ ကြားရသဖြင့် ချောင်းထဲ လှမ်းကြည့်မိလိုက်သည်။ ချောင်းထဲတွင် ရေဆင်းသောက်နေသော မျောက်မလေးအနီး၌ ခွေးများ ဝိုင်းဟောင်နေသည်ကို တွေ့ရ၏။ မျောက်မလေးသည် ကိုသန်းအောင်ကို မြင်သောအခါ အူး..အူးဟု အသံပေးပြီး လက်ယပ်ခေါ်၍ စစ်ကူတောင်းနေပြန်သဖြင့် ခွေးများကို အဝေးရောက်အောင် ခြောက်လှန့်ပစ်လိုက်ရသည်။ ယင်းနောက် ကိုသန်းအောင်သည် မျောက်မလေးမှာ အင်္ကျီ၊ ဘောင်းဘီများ ဝတ်ဆင်ထားသည်ကို တွေ့လိုက်ရသည့်အတွက် မျောက်ဖိုးစိန် ဇာတ်အဖွဲ့မှ ထွက်ပြေးလာသော မျောက်ဟု အတပ်သိလိုက်ပြီး မျောက်မလေးကို ဖမ်းကာ အိမ်သို့ ခေါ်ဆောင်ခဲ့သည်။

မျောက်မလေးသည် အိမ်ရှင် ကိုသန်းအောင်မိသားစုကို ခင်သည်။ ကိုသန်းအောင်၏ ကလေးများကိုမူ မကိုက်။ တခြားအိမ်မှ လာရောက်ကြည့်ကြသည့် ကလေးများကို သူ မထင်လျှင် မထင်သလို ကိုက်တတ်သည်။ သို့ကြောင့် နှစ်အိမ်၊ သုံးအိမ်ခြားမှ ကိုခင်မောင်၊ မရွှေခင်တို့ကို ပေးလိုက်ရသည်။

ကိုခင်မောင်တို့အိမ် ရောက်သောအခါ အိမ်နီးနားချင်း မဌေးကို မျောက်မလေး မနီက ခင်တွယ်သည်။ မဌေးနိုင်းသမျှ အကုန်လုပ်ပြသည်။ ခေါ်လျှင်လာပြီး မဌေးခေါင်းကို မကြာခဏ သန်းရှာပေးတတ်သည်။ တစ်ဦးမေတ္တာ တစ်ဦးမှာ ဆိုသကဲ့သို့ မဌေးက မျောက်မလေးကို အမြဲတမ်း ကျေသပ်ယုယ ချစ်ခင်တတ်ပြီး မျောက်မလေးကလည်း အိမ်ရှင် ကိုခင်မောင်၊ မရွှေခင်တို့ထက် မဌေးကို ပိုချစ်၏။

တစ်ခါကလည်း ကိုခင်မောင်တို့အိမ်မှ ဆပ်ပြာဘူးကိုယူပြီး သစ်ပင်ကြီးပေါ် တက်ပြေး၏။ ကိုခင်မောင်က



www.burmeseclassic.com

www.burmeseclassic.com



ပြန်ခေါ်သော်လည်း ပြန်မဆင်းလာ။ သစ်ပင်ပေါ်တွင် ပေကပ်နေသည်။ ကိုခင်မောင်အဖို့ အခက်တွေ့နေသဖြင့် မဒွေးကို အကူအညီတောင်းရသည်။ ထိုအခါ မဒွေးသည် ဆံပင်ကို ဖားလျားချကာ သစ်ပင်အောက်တွင် ထိုင်လိုက်သောအခါကျမှ သစ်ပင်ပေါ်မှ အလိုလိုဆင်းလာပြီး ဆပ်ပြာဘူးကို ကိုခင်မောင်ထံသို့ ပစ်ပေးကာ သန်းရှာပေးသည် ဟူ၏။

တစ်ခါသော် မျောက်မလေးမနီသည် အိမ်နီးနားချင်း မတင်မေနှင့် အိမ်ရှင် မရွှေခင်တို့ကို ဝင်ကိုက်သည်။ မတင်မေနှင့် မရွှေခင်တို့က သူတို့ကိုကိုက်သော မျောက်မလေးကို အိမ်တံခါးများပိတ်ပြီး ဝိုင်းရိုက်ကြရာ မျောက်မလေးခမျာ ခေါင်းကို အရိုက်ခံရသဖြင့် မူးလဲသွားရှာလေတော့သည်။

မတင်မေသည် ကျေနပ်လောက်အောင် ရိုက်ပြီးသွားသောအခါ မဒွေးကို မျောက်မလေး သေပြီဖြစ်ကြောင်း ပြောပြရာ မဒွေးက 'အသက်ပြင်းတယ်။ သေမှာမဟုတ်သေးဘူး။ မယုံရင် သွားကြည့်ပါလား'ဟု ဆိုသဖြင့် မတင်မေနှင့် မရွှေခင်တို့ အိမ်ပေါ် တက်ကြည့်ကြသည်။

မျောက်မလေးသည် သူ့ကိုရိုက်သောတုတ် ထမ်းပြီး ထိုင်နေသည်ကို တွေ့မြင်လိုက်ကြရသည်။

သို့နှင့် မရွှေခင်သည် မျောက်မလေးအား အိမ်တွင် မထားလိုတော့သဖြင့် ကိုခင်မောင်ကို တောကြီးထဲ သွားလွှတ်ရန် အကြံပေး၏။ ကိုခင်မောင်ကလည်း တွေ့သည့်သူတိုင်းကို လိုက်ကိုက်နေမည်စိုးသဖြင့် ဝါးတော၊ သစ်တောကြီးများထူထပ်ရာ တောနက်ရာသို့ သွားလွှတ်လိုက်လေသည်။

တောထဲတွင် မျောက်မလေးကို မျောက်ရိုင်းများက အကပ်မခံ။ လူစော်နံနေသော မျောက်မလေးကို ဝိုင်းကိုက်ကြသည်။ ထိုအခါ မျောက်မလေးမှာ တောထဲတွင် မနေရဲတော့ဘဲ ကိုခင်မောင်ထံ ပြန်ပြေးလာပြီး ပုဆိုးစကိုဆွဲကာ တွယ်ကပ်နေတော့သည်။ မျက်စိလေး ပေကလပ်၊ ပေကလပ်နှင့် အားကိုးရာမဲ့နေရှာသော မျောက်မလေးကို သနား၍ အိမ်ပြန်ခေါ်ခဲ့ရပြန်သည်။

အိမ်ရောက်သောအခါ ဇနီး မရွှေခင်က 'တစ်ယောက်ယောက်ကိုသာ ပေးလိုက်ပါတော်။ အိမ်မှာ မထားပါနဲ့တော့'ဟု ဆိုသဖြင့် လိုချင်သူကို ပေးမည်ဟူသော ရည်ရွယ်ချက်ဖြင့် ကိုခင်မောင်သည် မျောက်မလေးကို ဆွဲခေါ်ကာ အိမ်မှထွက်ခွာခဲ့သည်။

မင်းတံတား စခန်းရှေ့သို့ ရောက်သွားသောအခါ အစောင့်များက 'ကောင်းကောင်းမွန်မွန် မွေးပါ့မယ်။ ကျွန်တော်တို့ကို ပေးခဲ့ပါ'ဟု တောင်းဆိုကြသဖြင့် မျောက်မလေးကို ပေးထားခဲ့ရသည်။

မကြာမီရက်သတ္တပတ်အတွင်းမှာပင် မင်းတံတားအစောင့်အချို့က ၎င်းတို့၏ ကလေးများကို ကိုက်သည်ဟုဆိုကာ သေနတ်ဖြင့် ပစ်သတ်လိုက်ကြောင်း သတင်းဆိုးကို ကြားသိလိုက်ကြရပေတော့သည်။

◆ ◆ ◆

နာမည်ကား မောင်မင်းသက်ခိုင်။

မိုးကုတ်မြို့၊ မင်းတံတားရပ်နေ အဖ ကိုထွန်းရွှေ၊ အမိ မတင်မေတို့မှ (၁၃၄၂)ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၉)ရက်၊ တနင်္ဂနွေနေ့ ည(၁၂)နာရီ (၄၅)မိနစ်အချိန်တွင် မွေးဖွားသန့်စင်ခဲ့ခြင်း ဖြစ်သည်။

မောင်မင်းသက်ခိုင် စကားပြောတတ်စ အချိန်မှစ၍ မျောက်မလေးမနီအဖြစ်ဖြင့် မျောက်ဖိုးစိန် ဇာတ်အဖွဲ့တွင် ကပြခဲ့ရပုံနှင့်တကွ ဖြစ်ကြောင်းကုန်စင် ပြောပြသဖြင့် ၎င်းကို မျောက်မဟု အများက ခေါ်ကြသည်။ သေနတ်ဖြင့် ပစ်သတ်ခံရသဖြင့် သေနတ်ကို မကြည့်ချင် မမြင်ချင်လောက်အောင် မုန်းတီးကြောက်ရွံ့နေမိသည်။



www.burmeseclassic.com

မျောက်ဘဝမှ အထုံဝါသနာ ပါလာသည့်အလျောက် ငယ်စဉ်က မျက်ခုံးမွေးများကို ထိုင်ပြီးနုတ်နေတတ်သည်။ မျောက်က ကပြနိုင်းလျှင်လည်း ပီဘိမျောက်ကလေးပမာ ကပြလေ့ရှိ၏။ သူ့ကို ကြိုးနှင့်ချည်ထားတတ်သော ကိုခင်မောင်၊ မရွှေခင်တို့အိမ်ရှေ့မှ အုံတုံပင်ကြီးကိုလည်း ဘယ်တော့မှ မေ့မရနိုင်၊ သတိရလျက်ပင်။

ထို့အပြင် မျောက်ဘဝက သေလုမြောပါး ရိုက်ခဲ့ကြသော မရွှေခင်၊ မတင်မေတို့ကိုလည်း သည်ဘဝထိတိုင် စိတ်နာမုန်းတီးနေ၏။ မျောက်ဘဝတွင် သေနတ်ဖြင့် ပစ်သတ်ခံရ၍ သေရသောအခါ မည်သည့်နေရာမှ နေစရာမရှိသဖြင့် ကိုထွန်းရွှေနောက်သို့ လိုက်ခဲ့ပြီး ကိုထွန်းရွှေ၏ ဇနီး မတင်မေတွင် ဝင်စားခဲ့ရခြင်း ဖြစ်ပေသည်။

မတင်မေသည် ပလောင်အမျိုးသမီးဖြစ်ပြီး မိုးကုတ်မြို့နယ်၊ ဗမွန်ရွာသူ ဖြစ်၏။ ကိုထွန်းရွှေမှာ စစ်ကိုင်းတိုင်း၊ ဘုတလင်မြို့နယ်၊ ပြူးတူးရွာသား မြန်မာလူမျိုးဖြစ်ပြီး မိုးကုတ်ဝိပဿနာ ကမ္မဋ္ဌာနာစရိယဆရာတော် ဦးဝဏ္ဏသီရိ၏ နောင်တော်ဖြစ်သည်။

မောင်မင်းသက်ခိုင် (၁၀)နှစ်သားအရွယ်သို့ ရောက်သောအခါ မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေဖြစ်ခဲ့ပြီး ဘွဲ့တော်မှာ ရှင်ဣဿရိယ ဖြစ်လေသည်။ ကိုရင်ဝတ်ပြီးကတည်းက လူထွက်ခိုင်း၍မရ။ ဘုတလင်မြို့နယ်၊ ပြူးတူးရွာ သုခအေးမြေကျောင်းတွင် ပညာသင်ကြားရင်း သီတင်းသုံးနေခဲ့သည် ဟူ၏။

အသိမိတ်ဆွေများကသော်လည်းကောင်း၊ ဆွေမျိုးသားချင်းများကသော်လည်းကောင်း 'ကိုရင် ဘာဖြစ်လို့ လူမထွက်ချင်တာလဲ' ဟု မေးစမ်းလျှောက်ထားကြည့်ကြရာ ကိုရင်လေး ရှင်ဣဿရိယ ပြန်ပြောလေ့ရှိသည့် အဖြေစကားက 'မျောက်ပြန်ဖြစ်မှာစိုးလို့ လူမထွက်ချင်တာ' ဟူ၍ပင် ဖြစ်လေတော့သတည်း။

သုခီအဖွဲ့အနံ ပရိဟာရနှင့်
ရွှေတာလေး(လွယ်လင်)

<u>ကိုးကား</u>

(၁၉၉၄)ခုနှစ်၊ အောက်တိုဘာလထုတ်၊ မြတ်မင်္ဂလာ စာစောင်။


နယ်လှည့်သာသနာပြု ဖိုးမေ့သိဒ္ဓိ၏တပည့်

**ဆရာမပွင့်သစ္စာထင် (Eco.)**

(မွေးရာပါ အကြားအမြင်)



သင့်ရဲ့ အဆိုး/အကောင်း၊ အလှည့်အပြောင်း သိလိုလျှင် ဆရာမပွင့်သစ္စာထင် ရှိတယ်။

ထီပေါက်တိန်း၊ ရာထူးတိုးတိန်း၊ အိမ်ထောင်ရေးကံ၊ နိုင်ငံခြားခရီး၊ ကလေးအမည်ပေး၊ လုပ်ငန်းအမည်ပေး... စသည်တို့ကို မှန်ကန်တိကျစွာ လမ်းညွှန်ပေးပါသည်။

ယိုအင်ပါက ပယ်တြာကို အခမဲ့ဆောင်ရွက်ပေးပါသည်၊

အမှတ်(၃)ရပ်ကွက်၊ အရှေ့ဘိုကုန်း၊ ကလောမြို့။ ☏ ၀၉၄၂၈၃၁၇၂၉၉

www.burmeseclassic.com

(၁)

ညမွှန်းတည့်ကာလ (၁၂)နာရီဖြစ်၍ စေတီတော်ကြီးဝန်းကျင်တစ်ဝိုက် အေးချမ်းငြိမ်သက်လျက် ရှိသည်။ လေနုအေးတို့ ညင်သာစွာ တိုက်ခတ်လျက်ရှိသည်။ လေနုအေး နှင့်အတူ ညမွှေးပန်းရနံ့လေးများ သင်းပျံ့စွာ ပါလာတတ်ကြသည်။ တစ်ခါတစ်ရံ ညဥ့်ငှက်လေးများအော်သံ၊ ပြေး လွှားဆော့ကစားသံလေးများသာ ကြားရတတ်သည်။

အချိန်ကာလအားဖြင့် (၁၉၇၇)ခုနှစ်၊ နတ်တော်လဆန်းရက်များ ဖြစ်ပါသည်။





www.burmeseclassic.com

www.burmeseclassic.com

ဆရာကြီးပညာရွှေ တွံတေး ရွှေဆံတော်ရှင်စေတီတော်မြတ်ကြီးတွင် အဓိဋ္ဌာန်ဝတ် တည်ဆောက်ရာနောက်သို့ ပါရမီဖြည့်ရန် လိုက်ပါခဲ့ရခြင်း ဖြစ်ပါသည်။

အဓိဋ္ဌာကောင်းကင်ပြင်ဝယ် ကြယ်ပွင့်လေးများ စိန်ရောင်တောက်ပလျှက်ရှိနေကြသည်။ တွံတေးရွှေဆံတော်စေတီကြီး ရင်ပြင်တောင်အရပ်၌ သပိတ်တစ်လုံး ဆရာတော်ကြီး၏ ဓာတ်နန်းရှိပါသည်။ ဆရာတော်ကြီးသည် ထွက်ရပ်စခန်းသို့ ကြွမြန်းသွားခဲ့ပြီ ဖြစ်ပါသည်။ ဆရာတော်ကြီး၏ တပည့်ရင်းဖြစ်သူ ဦးသူတော်မှ ဖိတ်မန္တကပြုခြင်း၊ ဆရာကြီးပညာရွှေ ကိုယ်တိုင်လည်း ဝိဇ္ဇာလမ်းစဉ် အရှင်ထွက်စခန်းဝင်ရန် ဆံတော်ရှင်စေတီသို့ အဓိဋ္ဌာန်ပါရမီအရ ရောက်လာခဲ့ရခြင်း ဖြစ်ပါသည်။

တွံတေးရွှေဆံတော် ဂေါပကအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သုံးရက်အဓိဋ္ဌာန်ဝင်မည် ဖြစ်ပါသည်။ ရွှေဆံတော်ရင်ပြင်ရှိ သပိတ်တစ်လုံး ဆရာတော်ကြီး ဓာတ်နန်းဆောင်၌ ညအိပ်

# သိန်းထွန်းသစ်

# ဝိဇ္ဇာလောက ဝိဇ္ဇာလမ်းစဉ်



ခွင့်ပြုပါသည်။ ဆရာကြီးပညာရွှေနှင့် ကျွန်တော်တို့ စားသောက်ရေးကို ဦးသူတော်က တာဝန်ယူထားပါသည်။ ဦးသူတော်က ထမင်းနှင့်ဟင်း သက်သတ်လွတ်ချက်ပြုတ်ပြီး နေအိမ်မှ ချိုင့်ဖြင့် ပို့ပေးပါသည်။ ရိက္ခာအတွက် ပူပင်မှု ကင်းသွားပြီး ဆရာကြီးပညာရွှေ ကြောင့်ကြမဲ့



www.burmeseclassic.com

www.burmeseclassic.com

အမိဋ္ဌာန်ဝင်နိုင်ပါသည်။

ဝိဇ္ဇာလမ်းစဉ် လျှောက်လှမ်းလျက်ရှိသော ရန်ကုန်မြို့ ကျောက်မြောင်းရပ်ကွက်နေ ဆရာဦးစံရင်နှင့် ဝင်ဒါမီယာ ဓာတ်ပေါင်းစုံစေတီ၌ ပဋ္ဌာန်းဆက်ဆုံတွေ့ခဲ့ကြပြီး ဖိုထိုးသည့် အဂ္ဂိရတ်လုပ်ရပ်တွင် ပညာပေး ပညာယူ ဆရာနှစ်ဦး ဖြစ်ပါသည်။

တစ်နေ့သောအခါ ဆရာကြီးပညာရွှေက ကျွန်တော့်ကို ဆရာဦးစံရင်နေထိုင်ရာ ကျောက်မြောင်းရပ်ကွက်ရှိ နေအိမ်သို့ ခိုင်းစေပါသည်။

'လူလေး..ဆရာဦးစံရင်က ပဋိက္ကရားဓာတ် ကိုင်ထားတာ။ ဝိဇ္ဇာအောင်မင်းခေါင်ရဲ့ တပည့်တစ်ဦးပဲ။ သူ့ကိုတွေ့ရင် ရိုရိုသေသေ ဆက်ဆံရမယ်။ စပ်စပ်စုစု သိပ်မမေးနဲ့။ ဦးစံရင်က မင်းကို လမ်းညွှန်မယ့်ဆရာ မဟုတ်ဘူး။ မင်းရဲ့ ပဋ္ဌာန်းဆက်ဆရာ မဟုတ်ဘူး။ သူလုပ်ကိုင်ဆောင်ရွက်နေတဲ့ ဝိဇ္ဇာလမ်းစဉ်လုပ်ရပ်ကို လေ့လာခဲ့'

ဆရာကြီးပညာရွှေ၏ အမှာစကားကို လိုက်နာရင်း ဆရာဦးစံရင်အိမ်သို့ ကျွန်တော် ရောက်သွားပါသည်။ ဆရာဦးစံရင်သည် သူ့အိမ်အပေါ်ထပ် ဓာတ်နန်းသို့ ခေါ်သွားပါသည်။ ဓာတ်နန်းကြီးမှာ ခံ့ညားကျယ်ပြောလှပါသည်။ မြတ်စွာဘုရားရှင်၏ ရုပ်တုတော်မှာ ပဉ္စလောဟာဓာတ်သားဖြင့် သွန်းလောင်းထုလုပ်ပူဇော်ထား၍ သပ္ပာယ်လှပါသည်။ ဘုရားရှင်၏ ကျောင်းဆောင်ထားရာစင်၏ ဝဲနှင့် ယာဘက်၌ ဝိဇ္ဇာရုပ်တုများ၊ မယ်တော်ရုပ်တုများ၊ နတ်ရုပ်တုများ၊ သိုက်နန်းရှင်ဒန်းကိုပါ မြင်တွေ့ရပါသည်။ ဘုရားပွဲအုန်း၊ ဝိဇ္ဇာပွဲအုန်းနှင့် သိုက်နန်းရှင်များ ပွဲအုန်း၌ (ဝ)စမဓာတ်ပေါ်နေသည်ကို မြင်တွေ့ရသည်။

'မောင်ရင်လေးက ဓာတ်ခဏ,ခဏ စီးတတ်လား။ လမိုင်းဓာတ်တွေ အယောင်ဆောင် ဝင်လာတတ်တယ်။ သတိတမံ ဉာဏ်မြေကတုတ်တဲ့၊ ကိုယ့်ဓာတ်ကို ကိုယ်စစ်ဆေးရတယ်။ အင်း..ဆရာရွှေလည်း အနီးကပ်ရှိနေတော့ မစိုးရိမ်ရပါဘူး။ ဘာအလိုရှိလဲ။ လိုတာရှိရင် ပြောနော်'

ကျွန်တော် ဘာမှမပြောခဲ့ပါ။

ဆရာဦးစံရင်မှာ ပိန်ပိန်သွယ်သွယ် အရပ်မြင့်မားပြီး အသားညိုညို မျက်လုံးမျက်ဖန်ကောင်း၍ ကုလားဆင်ဖြစ်ပါသည်။ စကားပြောလျှင် နူးညံ့သိမ်မွေ့လှပါသည်။ ဥပမိရုပ်ခံ့ညားလှ၍ မြင်လိုက်သည်နှင့် ဆရာတစ်ဦးဖြစ်ကြောင်း သိသာလှသည်။

'ဆရာရွှေ ဘာမှာလိုက်လဲ'

ဆရာဦးစံရင်၏ အမေးကို ကျွန်တော် ရုတ်ခြည်းပြန် မဖြေမိပါ။

'မောင်ရင်လေးကို ဆရာရွှေ ဘာမှာလိုက်လဲ'

'ဆရာဦးစံရင် တွံတေး မောင်းတီးစေတီတော်ကြီးမှာ သာသနာပြုနေတာ အချိန်မကျသေးဘူး မှာလိုက်ပါတယ်'

'အင်း..ဟုတ်ပါလိမ့်မယ်။ ကိုယ်လုပ်နေတာ စောသေးတယ် ထင်တယ်။ လုပ်လက်စကလည်း နောက်ဆုတ်လို့ မရသေးဘူး'

'ကံမနိုင်လို့ ပြန်ချိန်တန်ရင် ပြန်ရမှာပါပဲလေ'

'ဝိဇ္ဇာလောကမှာ တစ်နေ့ ဆုံသင့်ရင် ပြန်ဆုံမယ်လို့ ပြောပေးပါ'

'အင်း..အနိစ္စ၊ ဒုက္ခ၊ အနတ္တပဲလေ'

သုံး,လေးလအကြာတွင် ဆရာဦးစံရင် တွံတေး မောင်းတီးစေတီတော်အား ပြုပြင်မွမ်းမံနေစဉ် ကွယ်လွန်သွားရှာပါသည်။ ဆရာကြီးပညာရွှေ ထိုအချိန်က ပြောကြားခဲ့သောစကားကို ပြန်လည်ကြားယောင်မိပါသည်။

'ဆရာဦးစံရင် ရှေ့က သွားနှင့်ပြီ။ ငါတို့ နောက်က လိုက်ကြရတော့မယ်။ ရှေ့သွားနောက်လိုက်တွေပေါ့ လူလေးရာ'.

ဒုန်းခနဲ အသံကြားလိုက်ရ၍ ကျွန်တော် ရုတ်တရက် လန့်သွားမိသည်။ ဆရာကြီးပညာရွှေ အာနာပါနကမ္မဋ္ဌာန်း ရှုမှတ်နေဆဲ ဖြစ်ပါသည်။ အကာလညအခါဖြစ်၍ တိတ်ဆိတ်လှသောအချိန်တွင် ကျွန်တော်တို့နောက်နားရှိ အင်ကြင်းပင်ကြီးမှ အင်ကြင်းရွက်ကြွေကျပြီး ရင်ပြင်တော် သမံတလင်းနှင့် ထိတွေ့သံပင် ကျယ်လောင်လှသည်။

ဆရာကြီးပညာရွှေနောက်မှာ အိပ်ချင်မူးတူးဖြစ်နေသော ကျွန်တော် ပက်လက်လှန်ပြီး ကောင်းကင်ပြင်ရှိ ကြယ်လေးများကို ရေတွက်နေရာက ထထိုင်လိုက်မိသည်။ ကျွန်တော့်နားထဲ ရယ်မောသံလိုလို ကြားလိုက်မိသည်။ ယင်းရယ်သံသည် မိန်းကလေးတစ်ဦး၏ ရယ်သံ ဖြစ်သည်။ ကျွန်တော် စေတီတော်ရင်ပြင်ရှိ အင်ကြင်းပင် ကြီးရှိရာသို့ လှမ်းကြည့်လိုက်မိသည်။ အကျီပွင့်ရိုက်ဝ



www.burmeseclassic.com

www.burmeseclassic.com

ဆက်ဖြင့် အမျိုးသမီးငယ်တစ်ဦးကို တွေ့လိုက်ရသည်။ အနက်ခံပေါ် အဖြူပွင့်ရိုက်ဝတ်စုံ ဖြစ်သည်။ ရင်ဘတ်ရှေ့ ဆံပင်ဖားလျားချထားသည်။ မျက်နှာကို သဲကွဲစွာမမြင်ရပါ။ ကျွန်တော့်တွင် တစ်စုံတစ်ရာ ကြက်သီးထခြင်း မရှိပါ။ သူမနားသို့သွားရန်လည်း မဝံ့မရဲရှိပါသည်။

'လူလေး‥ငါ အမိဌာန်ဝင်နေချိန် ငါနဲ့ ဝါးတစ်ရိုက် အကွာအဝေးကနေ ဘယ်မှလျှောက်မသွားနဲ့'

ဆရာကြီးပညာရွှေ၏ အမှာစကားကို ကြားယောင်မိ၍ ရပ်တန့်နေမိပါသည်။ အမျိုးသမီးငယ်မှာ တခဏခစ် ရယ်မောရင်း သူ့ရုပ်ပုံလွှာ မှေးမှိန်ပျောက်ကွယ်သွားပါသည်။ ကျွန်တော်သည် ငေးမောနေဆဲ ရှိပါသည်။

'မြတ်စွာဘုရားဟောကြားထားတဲ့ ပုထုဇ္ဇနော ဥမ္မတ္တကော လူတွေဟာ အရူးချည်းပဲဆိုတာ ပုထုဇဉ်လူသား တွေအတွက် မှန်လိုက်တာ'

ဆရာကြီးပညာရွှေ ကျွန်တော့်ပခုံးကိုပုတ်ရင်း ပြောလိုက်သည့် စကားသံကြောင့် ကျွန်တော် တွေဝေငေးမောနေရာမှ သတိဝင်လာမိသည်။

'ဆရာကြီး‥အင်ကြင်းပင်အောက်မှာ အမျိုးသမီးငယ်တစ်ယောက်ပုံရိပ်ကို မြင်လိုက်ရလို့ ကျွန်တော်ကြည့်နေမိတာပါ'

'လူလေးရ၊ မင်းကို ငါပြောထားတယ် မဟုတ်လား။ ပုတီးစိပ်ပြီးရင် မေတ္တာပို့အမျှအတန်း ဝေပေးရတယ်။ ဆံတော်ရှင်စေတီလို မြင့်မြတ်တဲ့နေရာဌာနမှာ ပုဂ္ဂိုလ်ထူးတွေ၊ ဘုမ္မိယသိုက်နန်းရှင်တွေ၊ အထင်ကရနတ်မင်းကြီးတွေ ဝင်ထွက်သွားလာနေကြတာ ညဥ့်သုံးယံအပိုင်းအခြားကာလမှာ ညဥ့်လယ်ယံကို ကျော်လွန်သွားပြီး မိုးသောက်ယံကာလ ရောက်နေပြီ။ အရုဏ်တက်ချိန် အထက်သာသနာစောင့် နတ်မင်းကြီးတွေ ကြွလာပြီး ဆံတော်ရှင်ကို ပူဇော်ကန်တော့ကြလိမ့်မယ်။ သပိတ်တစ်လုံးဆရာတော် ဓာတ်နန်းမှာ ပြန်နားကြမယ်။ လူလေး‥မင်း အိပ်မက်ကောင်းကောင်း မက်ရလိမ့်မယ်'

ကျွန်တော့်မျက်နှာကို နေရောင်ခြည်နုနုထွေးထွေးလေး ထိတွေ့မှုကြောင့် ကျွန်တော် အိပ်ရာမှ နိုးလာရသည်။ ညက အိပ်မက်ထဲမှာ ဘီလူးမကြီးတစ်ဦးက ကျွန်တော့်ကို စူးစူးရဲရဲကြည့်နေသည်။ သူ့အကြည့်က မကျေနပ်သည့်ပုံ ရှိနေသည်။ ကျွန်တော့်ရင်ထဲ ကတုန်ကယင် ဖြစ်နေမိသည်။ ကျွန်တော် မျက်နှာသစ် သွားတိုက်ပြီးချိန် ဆရာကြီးပညာရွှေ ဓာတ်နန်းထဲ ဝင်လာပါသည်။

'လူလေး‥အိပ်မက်ကောင်းကောင်း မက်ရဲ့လား'

ဆရာကြီး ကျွန်တော့်ကိုကြည့်၍ ရယ်ကျဲကျဲဖြင့် မေးပါသည်။

'အိပ်မက်ထဲမှာ ဘီလူးမကြီးက ကျွန်တော့်ကို မကျေမနပ်နဲ့ကြည့်တာ ခံလိုက်ရတယ် ဆရာကြီး'

'အမေကြည်က မင်းကို ကျီစားတာပါ။ တောင်ပိုင်ဘီလူးမကြီးတစ်ဦးပေါ့။ မင်း မေတ္တာပို့ အမျှဝေတာကို မခံရလို့ စိတ်ဆိုးနေပုံရတယ်။ မနက်စာစားပြီးရင် ဆံတော်ရှင်ကုန်းတော်နောက်ဘက်မှာ အမေကြည်လို့ခေါ်တဲ့ တောင်ပိုင်ယက္ခမယ်တော်ကြီးရုပ်တု ရှိတယ်။ မေတ္တာပို့ အမျှဝေဖို့ မင်း သွားလိုက်ပါဦး လူလေးရ။ ဦးသူတော်ကို လိုက်ပို့ခိုင်း။ ငါ တွံတေးတောကြီးတန်းထဲ ဝင်ရလိမ့်မယ်။ ငါတွေ့ရမယ့်ပုဂ္ဂိုလ်ကို နေမွန်းတည့်မကျော်ခင် သွားတွေ့ရမှာ အမေကြည်နန်းက ပြန်လာပြီးရင် ဓာတ်နန်းထဲကနေ ဘယ်မှမသွားနဲ့။ ပုတီးစိပ်ပြီး မေတ္တာပို့နေ'

ဆရာကြီးက မှာကြားပြောဆိုပြီး ရွှေဆံတော်နောက်ဘက်ရှိ တွံတေးတောကြီးတန်းထဲသို့ တစ်ဦးတည်း ထွက်ခွာသွားပါတော့သည်။

မကြာမီ ဦးသူတော် ရောက်လာပြီး ကျွန်တော့်ကို လာခေါ်ပါသည်။

'ဆရာလေး‥သည်နေ့တော့ ထမင်းဆိုင်မှာ ဝယ်စားလိုက်ကြရအောင်။ သက်သတ်လွတ်ရောင်းတဲ့ဆိုင်ရှိတယ်။ ထမင်းစားပြီးရင် အမေကြည့်နန်းကို သွားကြရအောင်။ ဆရာကြီးက လိုက်ပို့ဖို့ မှာကြားသွားတယ်'

ကျွန်တော်နှင့် ဦးသူတော်တို့နှစ်ဦး ရွှေဆံတော်စေတီကြီးနားရှိ ထမင်းဆိုင်၌ သက်သတ်လွတ်ထမင်း စားသောက်ပြီး ယက္ခမယ်တော်ကြီးနန်းသို့ ရောက်သွားကြပါသည်။ အမေကြည်ဟု ဒေသခံပြည်သူများ ချစ်စနိုးဖြင့် ခေါ်ဝေါ်နေကြသော ယက္ခမယ်တော်ကြီး၏နန်းတွင် ကန်တော့ပွဲများ၊ အမွှေးတိုင်၊ ဖယောင်းတိုင် ထွန်းညှိထားပြီး ပူဇော်ဂါရဝပြုသူများ၊ အမိဌာန်ဖြင့် ဆုတောင်းနေကြသူများဖြင့် စည်ကားနေပါသည်။ ယက္ခမယ်တော်ကြီးကို မေတ္တာပို့ အမျှဝေပေးရပါသည်။

သပိတ်တစ်လုံးဆရာတော် ဓာတ်နန်းဆောင်ထဲ ပြန်

www.burmeseclassic.com

ရောက်ပြီး ဆရာဦးသူတော်ကို ကျွန်တော်သိလိုရာ မေးမြန်းပါသည်။

'အမေကြည်လို့ခေါ်နေတဲ့ ယက္ခမယ်တော်ကြီးက ဆုတောင်းပြည့်တယ်လို့ ယုံကြည်ကြပြီး အလှူဒါနပြုလုပ်ကြတာ။ ယက္ခမယ်တော်ကြီးက ပါရမီရှင်တစ်ဦးပဲ ဆရာလေး။ မကျွတ်မလွတ်သေးပေမယ့် အချိန်တန်ရင်တော့ ကျွတ်လွတ်တော့မှာပါ။ ဘီလူးမကြီးဆိုပေမယ့် ဆံတော်ရှင်စေတီတော် ပတ်ဝန်းကျင်မှာ သာသနာဖျက်မယ့်သူတွေ၊ သိုက်ဆရာတွေရဲ့ ဘေးရန်ကနေ ကာကွယ်စောင့်ရှောက်ရမယ့်တာဝန် ယူထားရတာ။ ရှေးဘုန်းရှေးကံပါလာတော့ ပူဇော်သက္ကာရပြုသူတွေ ပေါများနေတာ။ သပိတ်တစ်လုံး ဆရာတော်ကြီး အရှင်ထွက်မထွက်ခင် ယက္ခမယ်တော်ကြီးက ဝိဇ္ဇာလမ်းမှာ ပါရမီဖြည့်ပေးတယ်လို့ မိန့်ကြားဖူးတယ်။ ယက္ခမယ်တော်ကြီး ကျွတ်တမ်းဝင်ဖို့ ပုဂ္ဂိုလ်ထူးတွေ၊ သပိတ်တစ်လုံးဆရာတော်ကြီး၊ ပညာရွှေ၊ ဆရာဦးစံရင်တို့ ပါရမီစခန်း အဓိဋ္ဌာန်လမ်းဖွင့်ခဲ့ကြရတယ်။ ယက္ခမယ်တော်ကြီးကလည်း ဆရာကြီးတွေ ဝိဇ္ဇာလောက၊ ဝိဇ္ဇာလမ်းစဉ်အတွက် ပါရမီဖြည့်ပေးတယ်လို့ မှတ်သားဖူးပါတယ်'

'ဆရာ..သပိတ်တစ်လုံးဆရာတော်ကြီးရဲ့ ဝိဇ္ဇာလမ်းစဉ် အကျင့်စရဏတွေကို ပြောပြပေးပါလား။ အခါအခွင့်ကြုံနိုက် ဗဟုသုတရတာပေါ့ ဆရာ'

ကျွန်တော်၏ တောင်းပန်စကားကြောင့် ဆရာဦးသူတော်၏မျက်နှာမှာ ညှိုးကျသွားပါသည်။ စိတ်မကောင်းခြင်းကြီးစွာ ဖြစ်သွားပုံရပါသည်။ ပသို့ဆိုစေ သပိတ်တစ်လုံးဆရာတော်နှင့် သူ့အကြောင်းကို ပြောကြားပါသည်။

'သပိတ်တစ်လုံးဆရာတော်ဆိုတဲ့ဘွဲ့ကို ရတာကလည်း သပိတ်တစ်လုံး၊ သင်္ကန်းတစ်ထည်၊ တောင်ဝှေးတစ်ချောင်းနဲ့ တွံတေးရွှေဆံတော်စေတီကို ရောက်လာတာဗျ။ စေတီရှေ့တောအုပ်အစပ်မှာ အဲဒီအချိန်က ပေါက်ပင်ကြီး တစ်ပင်ရှိတယ်။ သစ်ပင်ကြီးအောက်မှာ နေ့ထိုင်ရင်း ဆံတော်ရှင်စေတီပေါ်ကို နံနက်၊ ည အဓိဋ္ဌာန်ဝတ်တည်ဆောက်တယ်။ ပေါက်ပင်အောက်မှာ သပိတ်ကို ချထားတယ်။ သပိတ်ထဲကို ဆွမ်းလာလောင်းတဲ့သူရှိရင် ဆွမ်းစားတယ်။ မရှိရင် ရေထည့်ပြီး သောက်လိုက်တာပဲ။ ကျုပ်က ဟင်းသီးဟင်းရွက်ကို အထမ်းနဲ့ လှည့်ရောင်းတာဗျ။ စေတီတော်ကြီးနားက ဖြတ်သွားရင်း သပိတ်တစ်လုံး ဆရာတော်လို့ လူသိများနေတဲ့ ဦးပဥ္စင်းကို နေ့တိုင်း သူ့သပိတ်ထဲကို သခွားသီးတစ်လုံး လှူတယ်ဗျ။ တစ်နေ့တော့ ဆရာတော်က ကျုပ်ကိုကြည့်ပြီး မင်းဒဏ်ခံနေရပါလား။ သဲတစ်ပုံးယူခဲ့၊ ဆံတော်ရှင်ထံလှူပြီး ဒဏ်ဖြေပေးမယ် ပြောတယ်။ ကျုပ်လည်း အံ့အားသင့်သွားတယ်။ ကျုပ်က ဆေးဆရာဗျ။ ဆေးကုတယ်။ ဆေးလိုက်လို့ နာမည်တစ်လုံးနဲ့ ထင်ရှားတယ်။

တစ်နေ့တော့ စိတ္တဇဝေဒနာသည် မိန်းကလေးကို တွံတေးတောကြီးတန်းဘက်က ရွာတစ်ရွာမှာ တွေ့လို့ ကလေးမလေးရဲ့ မိဘတွေက ဆေးကုဖို့ အပ်တယ်။ ကျုပ်လည်း လချီပြီး ဆေးကုပေးရင်း ကလေးမလေးကို သံယောဇဉ်တွယ် မေတ္တာစိတ်ဝင်ပြီး ကလေးမလေးကို ကျုပ်မှာရှိတဲ့ ပီယဆေးကို အသုံးပြုပြီး ချစ်ခင်လာအောင်လုပ်ပြီး သူ့မိဘတွေ အလစ်မှာ ခိုးပြေးခဲ့တာဗျ။ ကျုပ်နဲ့ပေါင်းသင်းပြီး ကလေးနှစ်ယောက်အရမှာ ဆုံးပါးသွားရှာတယ်။ သားသမီးနှစ်ယောက်ကို ကျွေးမွေးဖို့ ဆေးကုတဲ့အလုပ်ကို ဆက်လုပ်တာ ဆေးမလိုက်တော့လို့ ဆေးမကုရတော့ဘူး။ ကျုပ်လည်း နောင်တရပြီး သမ္မာအာဇီဝကျတဲ့ ဟင်းသီးဟင်းရွက် ရောင်းတဲ့အလုပ်နဲ့ သားသမီးနှစ်ယောက်ကို ရှာကျွေးနေရတာ။ ကျုပ်ဘဝဖြစ်စဉ်ကို ဆရာတော်ကြီးက သိတယ်ဗျ။

အဲဒီအချိန်က ဆံတော်ရှင်စေတီကြီးရဲ့ ထီးတော်အသစ်တင်ဖို့ ဂေါပကအဖွဲ့နဲ့ သန်လျင်က ဘိုးတော်ဖြူတို့ ကြိုးပမ်းနေချိန်ဗျ။ ထီးတော်ကို မြေမချခင် ဝိဇ္ဇာအောင်မင်းခေါင် ရောက်လာပြီး တားတယ်။ နားမထောင်ကြဘူး။ သန်လျင်က ဘိုးတော်ဖြူ လေဖြတ်သွားလို့ ဆက်မလုပ်ဖြစ်ဘဲ ရပ်ထားချိန်မှာ သပိတ်တစ်လုံးဆရာတော် ရောက်လာတာပဲ။ ဆရာတော်ရဲ့ သီလ၊ သမာဓိ၊ ပညာနဲ့ ထီးတော်ကြီးကို အပ်ချည်ကြိုးနှင့် ချည်နှောင်ပြီး ရထားပုံပေါ်တင်၊ ဘုံဆင့်အလိုက် (၇)ရက်တိတိ ထီးတော်တင်လှူရတယ်။ အောင်မြင်ပြီးဆုံးချိန် ဆရာတော်က ငါ့လုပ်ရပ် မပြီးမြောက်သေးဘူး။ ဆံတော်ရှင်ထီးရိပ်ခိုပြီး မဟာ[illegible]စခန်းဝင်အောင် အားထုတ်ရမယ်။ ငါ့ပါရမီကို မင်းဖြည့်[illegible]ဦးလို့ ခိုင်းတယ်ဗျ။ ကျုပ်လည်း သားသမီးတွေ အရွယ်ရောက်လာပြီး အိမ်ထောင်သည်ဘဝ ရောက်ကုန်ကြ[illegible]

www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်ရဲ့ ဝတ်ကြီးဝတ်ငယ်ကို ပြုစုပြီး ပါရမီဖြည့်နေတာ ဆယ်နှစ်ကျော် ကြာသွားတယ်ဗျ။ ဟင်းရွက်ရောင်းတဲ့ အလုပ်ကို၊ မလုပ်ရတော့ဘူး။ အမိဋ္ဌာန်ပုတီးစိပ်၊ မေတ္တာပို့ အမျှဝေလုပ်ငန်းတွေ ခိုင်းလို့ လုပ်ရတယ်ဗျ။ ဆရာတော်ကြီးက သရဏဂုံကွန်ချာပုတီး စိပ်ခိုင်းတယ်။ ဂုဏ်တော်ကိုးပါး ပုတီးစိပ်ခိုင်းတယ်။

ဆရာတော်ကြီးက မန္တန်ဝိဇ္ဇာဗျ။ သရဏဂုံကွန်ချာ၊ ဂုဏ်တော်ကိုးပါးနှင့် ပရိတ်တော်တွေ နေ့စဉ် ရွတ်ဖတ်တယ်။ ကျုပ်ကို ဖားဖိုကြီးရှာခိုင်းပြီး ပြဒါးလုံးလုပ်ပေးတယ်။ နေ့စဉ် ဖိုထိုးရတယ်။ ဖိုထိုးချိန်မှာ သရဏဂုံ(၃)ပါး အမြဲရွတ်ရတယ်။ ပြဒါးလုံးသေပြီး လုံထဲက အပေါ်ကို တစ်ပေခန့်အတက်အဆင်း လုပ်နေချိန်မှာ ပြဒါးလုံးကို လုံထဲ ဇော်မံ၊ အဖုံးပိတ်ပြီး မီးအပူနဲ့ နှပ်ထားခိုင်းတယ်။ တစ်နေ့တော့ တွံတေးတောကြီးတန်းထဲ ခေါ်သွားတယ်။ တောအုပ်ထူတဲ့နေရာရောက်တော့ သပြေဖြူပင်ကြီးကို တွေ့လိုက်ရတယ်။ ဆရာတော်က သပြေဖြူပင်ကြီးကို ခြေနဲ့ကန်ပြီး မန္တန်ရွတ်နေတာ ကွမ်းတစ်ယာညက်ခန့် ကြာမယ်ထင်တယ်။ သပြေဖြူပင်ကြီးရဲ့ အကိုင်းကြီး တစ်ကိုင်း ညွတ်ကျလာပြီး မြေပေါ် လာထောက်တယ်။ ကျုပ်ကို အသင့်ယူလာခိုင်းတဲ့ ဓားမကြီးနဲ့ လူကြီးလက်မောင်းလုံးလောက်ရှိတဲ့ အကိုင်းကို နှစ်တောင်ခန့် ဖြတ်ခိုင်းတယ်။ သပြေကိုင်းကြီးကို ကျုပ်ထမ်းလာခဲ့ပြီး ဆရာတပည့်နှစ်ဦး ပြန်လည်ခဲ့တော့တယ်။

သပိတ်တစ်လုံးဆရာတော်ကြီးက သပြေသားကို ရှင်သီဝလိရဟန္တာရုပ်တု (၁၀)ပါး ထုလုပ်ခိုင်းတယ်။ ဆရာတော်ကြီး အဓိဋ္ဌာန်ဝင်မည့်နေ့မှာ မောင်းထောင်ချိုင့်တစ်လုံးရှာခိုင်းပြီး နှမ်းနက်ဆီတွေ မောင်းထောင်ချိုင့်ထဲ လောင်းထည့်ပြီး မန္တန်တွေစုတ်၊ ဂါထာတွေ ရွတ်လိုက်တာ နှမ်းဆီတွေ ဆူတက်လာပြီး မောင်းထောင်ချိုင့်အပေါ် လျှံတက်လာတယ်။ ဆရာတော်ကြီးက မောင်းထောင်ချိုင့်ထဲ ရှင်သီဝလိရဟန္တာရုပ်တု(၁၀)ပါးစလုံးထည့်ပြီး တစ်နေ့တစ်ပါး အာခေါင်မှာငုံပြီး လဲလျောင်းလို့ အာနပါနကမ္မဋ္ဌာန်းရှုမှတ်တယ်။ သူ့နားမှာ စောင့်ခိုင်းပြီး သူချောင်းဆိုးသံကြားတဲ့အခါ ခြေမကို လိမ်ချိုးပြီး သတိပေးပါလို့ မှာထားတယ်။

ကျုပ်လည်း ဆရာတော်ကြီးအနားက နေ့နေ့ ညည (၁၀)ရက်လုံး စောင့်ပေးနေရတယ်။ (၁၀)ရက်ပြည့်တဲ့နေ့မှာ ဆရာတော်ကြီး ချောင်းဟန့်သံကြားလို့ ခြေမကို လိမ်ချိုးပေးလိုက်တာ ဆရာတော်ကြီးပါးစပ်ထဲက ရှင်သီဝလိရဟန္တာရုပ်တုလေး ထွက်ကျလာတယ်။ ဆရာတော်ကြီးက ငုတ်တုတ်ထထိုင်ပြီး သူ့တော် ငါသိဒ္ဓိကိုးပါးပဲ အောင်တယ်။ ပါးစပ်ထဲက ထွက်ကျလာတဲ့ ရှင်သီဝလိရဟန္တာရုပ်တုလေးကို မင်းဆောင်ထားပေတော့။ မိန့်ကြားတယ်ဗျ။ နောက်နေ့နံနက် အစောကြီး မနက်(၄)နာရီမှာ ကျုပ်ကိုခေါ်ပြီး တွံတေးတောကြီးတန်းထဲ ထွက်လာခဲ့ကြတယ်။ သပြေဖြူပင်ကြီးနားရောက်တော့ သူ့တော်. ငါ သွားရတော့မယ်။ ငါ့ကိစ္စပြီးပြီ။ ငါ့နောက်ကို မင်းလိုက်လို့ မရသေးဘူး။ အရေးကြုံရင် ငါ့ကို တမ်းတလိုက် ငါ လာခဲ့မယ်။ ဒီဓာတ်လုံးလေး ယူထားလိုက်။ မင်းကျင့်ကြံအားထုတ်မှုအရဖြစ်စေ၊ သီလ၊ သမာဓိ၊ ဉာဏ် ပြည့်စုံစင်ကြယ်ခဲ့ရင် ပြဒါးသေပြီး လိုရာအနန္တ အသုံးချလို့ရမယ်။ ငါ့တပည့်ကြီး လိုရာဆန္ဒပြည့်ဝပါစေ။ ဆရာတော်ကြီးက သူ့တောင်ဝှေးကို သူ့ရှေ့မှာ အကာလုပ်လိုက်ရုံနှင့် ကိုယ်ပျောက်သွားတယ်။ သိဒ္ဓိဆယ်ပါးမှာ ကိုးပါးသာ အောင်မြင်လိုက်လို့ အကွယ်အကာတစ်ခုရှိရင် ကိုယ်ပျောက်တဲ့ အစွမ်း၊ မြေလျှိုး မိုးပျံနိုင်တဲ့အစွမ်း အောင်မြင်သွားတယ်။ အရှင်ထွက် ထွက်ရပ်ပေါက်ဝိဇ္ဇာကြီး ဖြစ်သွားတယ်။ ကျုပ်ဆရာကို ကျုပ်လွမ်းလှတယ်ဗျာ'

ကျွန်တော်ဦးသူတော်ကိုကြည့်၍ စိတ်မကောင်းကြီးစွာဖြစ်ရသည်။ ဆရာကြီးပညာရှေ့ ထွက်ရပ်လမ်းသွားလျှင် ဆရာကြီးနှင့် အတူလိုက်နိုင်အောင် ကြိုးစားအားထုတ်မည်ဟု ကျွန်တော့်စိတ်က ကြံရွယ်လိုက်ပါသည်။

ကျွန်တော့်ကို ဦးသူတော်နှုတ်ဆက်ပြီး ဆံတော်ရှင်စေတီပေါ်မှ ပြန်ဆင်းသွားပါသည်။ ဦးသူတော် ပြန်သွားပြီး ဓာတ်နန်းအတွင်း စကြံလျှောက်၍ မေတ္တာပို့ အမျှဝေသည့် လုပ်ငန်းကို လုပ်နေစဉ် ဓာတ်နန်းတံခါးဝမှ အမျိုးသမီးတစ်ဦး၏ ခေါ်သံကို ကြားလိုက်ရပါသည်။

'ကျွန်မကို ဝင်ခွင့်ပြုပါရှင့်'

ကျွန်တော် ဓာတ်နန်းထဲ ဝင်လာသော မိန်းမငယ်ကို အံ့အားသင့်စွာဖြင့် ကြည့်နေမိပါသည်။ မိန်းမငယ်လေးမှာ အသက်(၁၆)နှစ်ခန့်အရွယ် ပျိုမျစ်နုနယ် အလှသွေးကြွယ်လှသည်။ မျက်နှာဝိုင်းဝိုင်း၊ နှာတံပေါ်ပေါ်၊ မျက်လုံးဝိုင်း



www.burmeseclassic.com

www.burmeseclassic.com

ကြီးများနှင့် နီရဲနေသော နှုတ်ခမ်းနှစ်လွှာက နှင်းဆီနီဖူးလေးလို ကြွရွရွနှင့် လှပလွန်းပါသည်။ ဆံတောက်ကြီး ဖားဖားနှင့် တောသူပျို လုံမေလေး ဖြစ်ပါသည်။ ပို၍အံ့သြဖွယ်ရာ ဖြစ်ရသည်က မနေ့ ညက ကျွန်တော်မြင်လိုက်ရသော သိုက်နန်းရှင်အမျိုးသမီး ဝတ်ဆင်ထားသည့် ပွင့်ရိုက်ပဒုမ္မာ ဝမ်းဆက်အကွက်လေး ဝတ်ဆင်လာခြင်း ဖြစ်ပါသည်။ သိုက်နန်းရှင်၏ အဝတ်အထည် ဝမ်းဆက်အရောင်က အနက်ပေါ် အဖြူကွက်ဖြစ်ပြီး ကျွန်တော့်ရှေ့မှာရပ်နေသော မိန်းကလေးက ရောင်စုံအကွက်လေးများ ဝတ်ဆင်လာခြင်း ဖြစ်ပါသည်။

'ဘာကိစ္စရှိလို့လဲ ညီမလေး'

'အဘဦးသူတော်က ဆရာ ဗေဒင်ဟောတတ်တယ်။ ကျန်းမာရေးအတွက် သွားမေးပါလားပြောလို့ ဗေဒင်လာမေးတာပါ။ ဗေဒင်ဟောပေးပါနော် ဆရာ'

ကျွန်တော့်ရှေ့တွင် မိန်းကလေး ကျုံ့ကျုံ့လေး ထိုင်ချလိုက်ပါသည်။ မေးသူရှိမှတော့ ကျွန်တော်ဟောရပါတော့မည်။

'မောင်းဆိုတာ တီးမှမြည်တာကွ လူလေးရ။ ဗေဒင်ကို မေးမှ ဟောရတယ်။ ဝိဇ္ဇာလမ်းစဉ်မှာ ဗေဒင်၊ ဆေး၊ မန္တန်၊ အင်း၊ အဂ္ဂိရတ် စတဲ့ပညာတွေဟာ ရိက္ခာထောက်အတွက် အသုံးချကြရတာ။ စီးပွားဖြစ် မဟောရဘူး။ အလကားလည်း မဟောရဘူး။ အလကားဟောရင် အလကားဆရာ ဖြစ်တယ်'

ဝိဇ္ဇာလမ်းစဉ်ဖြင့် သွားနေသော ဝိဇ္ဇာလောကမှ ဆရာသခင်များနှင့် ဆရာကြီးပညာရွှေ၏ ဩဝါဒစကားကို ကြားယောင်လာပါသည်။ ဆရာကြီးပညာရွှေ သတ်မှတ်ထားခဲ့သော အတွင်းစည်းဖြစ်သည့် ဓာတ်နန်းထဲသို့ ယင်းမိန်းကလေးကို ဝင်ခွင့်ပေးလိုက်မိပြီ ဖြစ်သည်။

'ညီမလေး မွေးသက္ကရာဇ်ကို ပြောပေးပါလား'

'မွေးသက္ကရာဇ် မသိဘူး ဆရာ။ ကျွန်မ စာကောင်းကောင်းမတတ်ဘူး။ ဘုန်းကြီးကျောင်းထွက်ပါ။ သင်ပုန်းကြီးတော့ ကျေခဲ့ပါတယ်။ ကျွန်မရဲ့ မဟာဘုတ်ဇာတာက (၁)ခုကြွင်း ဘင်္ဂ၊ လှည့်လိုက်တော့ အင်္ဂါသမီး သိုက်ဖွားပါ။ သိုက်ဆက်လေးပေါ့ ဆရာ။ ကျွန်မရဲ့ မိဟောင်းဖဟောင်းတွေက သိုက်ထဲမှာ ရှိနေကြတယ်။ ကျွန်မ သိုက်ထဲ ဘယ်တော့ပြန်သွားရမလဲ သိချင်နေတာ၊ မှန်အောင် ဟောပေးပါနော်'

မိန်းကလေး ပြောစကားများကြောင့် ကျွန်တော် ဒေါသထွက်သွားမိသည်။

'ငါ့ကို ပညာလာစမ်းတာပဲ'ဟု စိတ်ထဲမှာ မှတ်လိုက်မိသည်။

'ညီမလေး‥အာတဗ္ဗကာဗေဒင်အလိုအရ တနင်္ဂနွေနေ့၊ တနင်္ဂနွေအချိန်မှာ လာမေးတဲ့အတွက် ညီမလေးက အင်္ဂါ သိုက်ဖွား မဟုတ်ဘူး။ ဂုရုခေါ်တဲ့ ကြာသပတေးသမီး ဖြစ်ရမယ်'

'မှန်ပါတယ် ဆရာ၊ တနင်္ဂနွေတိုင်မှာ ဘောမခေါ်တဲ့ အင်္ဂါက အောက်ဆုံးမှာလေ။ ဘုရားရှင် ဟောကြားထားတဲ့ သုံးဆယ့်တစ်ဘုံမှာ သိုက်ဘုံက အပါယ်လေးဘုံထဲမှာနော် ဆရာ။ သိုက်ဖွားဖြစ်လို့ မကျွတ်မလွတ်ဘဲ နေရမှာကြောက်လို့ ဆရာ့ကို လာအကူအညီတောင်းတာပါ။ ဆရာ့ရဲ့ဆရာ အဘဆရာကြီးက ကျွတ်လွတ်အောင် လုပ်ပေးနိုင်မှန်းသိလို့ လာပြောတာပါ'

ကျွန်တော် ရင်တုန်ပန်းတုန် ဖြစ်နေမိသည်။ ယင်းမိန်းကလေးသည် သာမညတောသူလေးတစ်ဦး မဟုတ်မှန်း ကျွန်တော် သိလိုက်ရပြီ ဖြစ်သည်။

'ညီမလေး လက်ပြပါဦး'

ကျွန်တော် မိန်းကလေး၏ ဘယ်ညာလက်ဝါးပြင်နှစ်ဖက်ကို ကိုင်ကြည့်လိုက်မိသည်။ ကျွန်တော့်တစ်ကိုယ်လုံး ကျင်စက်နှင့် အတို့ခံလိုက်ရသလို ထုံကျဉ်သွားရသည်။ သူမ၏ လက်နှစ်ဖက်စလုံး အသက်လမ်းကြောင်းသည် ပြတ်တောင်း ပြတ်တောင်း သုံးကြိမ်ရှိနေကြောင်း မြင်လိုက်ရသည်။ ကျွန်တော့်နှုတ်မှ ရုတ်ခြည်းထွက်လိုက်မိသည်။

'သေလိုက် ရှင်လိုက်၊ သေလိုက် ရှင်လိုက် သုံးကြိမ်ရှိပြီ'

'မှန်လိုက်တာ ဆရာရယ်၊ ကျွန်မ သုံးကြိမ်သေပြီး ပြန်ရှင်လာတာ'

ကျွန်တော် အံ့သြလွန်း၍ သူမလက်ကို တင်းကျပ်စွာ ဆုပ်ကိုင်လိုက်မိသည်။ ယင်းအချိန်တွင်-

'မောင်သိန်းထွန်း၊ ငါပြန်လာပြီဟေ့'

ဆရာကြီးပညာရွှေ၏ ခပ်ငေါက်ငေါက်အသံကြောင့် ကျွန်တော် လန့်ဖျပ်သွားပြီး ကလေးမလေးလက်ကို လွှတ်



www.burmeseclassic.com

www.burmeseclassic.com

လိုက်ပါသည်။

'ဆရာပြောပေးတာ အလကားမဖြစ်အောင် ရှေးထုံးတမ်းအရ ငွေငါးမတ် ကန်တော့ပါတယ် ဆရာ'

ကလေးမလေးသည် ဆရာကြီးပညာရွှေကိုလည်း ထိခြင်းငါးပါးနှင့် ကန်တော့ပြီး ဓာတ်နန်းထဲက ထွက်သွားပါတော့သည်။

'ငါမှာထားခဲ့တာ မင်းမေ့နေပြီလား။ ပုထုဇ္ဇနော ဥမ္မတ္တကောတဲ့။ မင်းတော့ တဏှာရူး၊ အချစ်ရူး ရူးမယ့်ကောင်ပဲ။ စည်းပေါက်တော့မလို့ကွ။ ယက္ခမယ်တော်ရဲ့ တပည့်မတွေက ဆရာမနိုင် တပည့်ကို အပိုင်ကိုင်မလို့။ မောင်သိန်းထွန်း..ဆံတော်ရှင်လို မြင့်မြတ်တဲ့ နေရာဌာနကြီးတွေမှာ အဖျက်သမားတွေ အများကြီးရှိတယ်။ လက်ဝဲကိုးသိန်း၊ လက်ယာကိုးသိန်း၊ မိစ္ဆာဓာတ်တွေ ရှိတယ်။ မင်းရဲ့ ဇေဒင်ပညာလေး မတောက်တခေါက်ကို အကြောင်းပြုပြီး ငါ့အလုပ်ကို အနှောင့်အယှက်ပေးဖို့ ကြံစည်ကြတာ။ ဇေဒင်ဟောတာ ကာလံဒေသံ နေရာမှန်ဖို့ လိုသေးတယ်။ ဇေဒင်ဆရာတွေသေရင် မဟာသင်္ချိုင်းရဲ့ကျုံးခံရတတ်တယ်။ ငါ့စကား နားမထောင်ရင် နောက်အဓိဋ္ဌာန်ခရီးတွေသွားရင် မင်းကို ချန်ထားရတော့မယ်'

ပြောပြောဆိုဆို ဆရာကြီးပညာရွှေ ဆံတော်ရှင်စေတီကြီး တနင်္ဂနွေထောင့်သို့ အဓိဋ္ဌာန်ဝတ် တည်ဆောက်ရန် ထွက်သွားတော့သည်။

သပိတ်တစ်လုံးဆရာတော်၏ ဓာတ်နန်းအတွင်းမှ အပြင်သို့ မထွက်တော့ဘဲ ကျွန်တော် ထိုင်၍စဉ်းစားနေမိသည်။ ကျွန်တော့်အား မိဘနှစ်ပါးက သားတစ်ယောက်တည်းရှိ၍ အချစ်ကြီးကြပါသည်။ အလိုလိုက်ထား၍လည်း ကျွန်တော့်အား လူလေးဟု ချစ်စနိုးခေါ်ကြသည်။ မိဘနှစ်ပါး ကွယ်လွန်သွားချိန်ကျမှ ကျွန်တော် အသိတရား ဝင်လာပြီး ဘာသာတရား ကိုင်းရှိုင်းမှု ရှိလာပါသည်။ ကျွန်တော် ကျောင်းသားဘဝက ယုံကြည်လက်ခံခဲ့ဖူးသော ရုပ်ဝါဒကို စွန့်လွှတ်ခဲ့ပြီး မြတ်ဗုဒ္ဓ၏ သမထအကျင့်တရားများကို အဓိဋ္ဌာန်ဖြင့် ကျင့်ကြံအားထုတ်ခဲ့ပါသည်။ ဝိဇ္ဇာလောက၊ ဝိဇ္ဇာလမ်းစဉ်ကို စိတ်ပါဝင်စား၍ လှည့်လာလိုက်စားရာမှ ဆရာသခင်များကို တွေ့ကြုံခဲ့ရပြီး တပည့်ခံ၍ ဝိဇ္ဇာပညာရပ်များကို သင်ယူခဲ့ပါသည်။

ဆရာကြီးပညာရွှေသည် ကျွန်တော်၏ ဥပဇ္ဈာယ်



ဆရာ မဟုတ်သော်လည်း ပဋ္ဌာန်းဆက်ဆရာအဖြစ် တွေ့ကြုံခဲ့ရပြီး ဆရာကြီးထံ တပည့်ခံပြီး ဂန္ဓာရီဝိဇ္ဇာလမ်းလျှောက်လှမ်းနေသော ဆရာကြီးပညာရွှေနောက် ပါရမီဖြည့်ရင်း အဓိဋ္ဌာန်များစွာ ကျင့်ကြံအားထုတ်ခဲ့ပြီး ဝိဇ္ဇာလောကကို သိမြင်ခွင့်ရခဲ့ပါသည်။ ဆရာကြီးပညာရွှေသည် ကတိသစ္စာ တည်ကြည်လွန်းပြီး ဝိဇ္ဇာတို့၏ စည်းကမ်းများကို တိတိကျကျ လိုက်နာဆောင်ရွက်သူ ဖြစ်ပါသည်။ ကျွန်တော့်အား ဆရာကြီးပညာရွှေက တပည့်အဖြစ် လက်ခံခဲ့ပြီး အင်း၊ စမ၊ ဆေး၊ ဇေဒင်လက္ခဏာပညာရပ်များကို သင်ကြားပေးခဲ့ကာ ဆောင်ရန် ရှောင်ရန်ကိစ္စရပ်များကို သင်ကြားပေးခဲ့သည်။ ကျွန်တော့်အား နာမည်အရင်း ခေါ်လေ့မရှိဘဲ ကျွန်တော့်မိဘများ ခေါ်လေ့ရှိသည့် လူလေးဟုသာ ခေါ်ပါသည်။ ကျွန်တော့်နာမည်အရင်းကို ပထမဆုံးအကြိမ် ခေါ်ဆိုခြင်းဖြစ်ပြီး ဆရာကြီးစိတ်ဆိုးသွားဟန် ရှိပါသည်။ ကျွန်တော် ဆရာကြီးပညာရွှေထံ အမှားဝန်ခံ၍ တောင်းပန်ရဦးမည် ဖြစ်ပါသည်။

ဓာတ်နန်းထဲသို့ ဆရာကြီးပညာရွှေနှင့် ဦးသူတော်တို့နှစ်ဦး ဝင်လာကြသည်။

'လူလေး..မင်း ကံကောင်းသွားတယ်။ ဇေဒင်လာမေးတဲ့ ကလေးမလေးက စိတ္တဇဝေဒနာသည်လို့ သိရတယ်'

'သူ့ကိုယ်သူ သိုက်နန်းရှင်လို့ထင်နေတဲ့ မိန်းကလေး


www.burmeseclassic.com

www.burmeseclassic.com

ပေါ့။ ဦးသူတော်တို့ အိမ်နားဝန်းကျင်ကပါ။ ငါတို့အစိဋ္ဌာန် မပျက်အောင်တော့ သတိထားရမယ်'

ကျွန်တော် ဆရာကြီးပညာရွှေကို ထိုင်ကန်တော့ရင်း ခွင့်လွှတ်ဖို့ တောင်းပန်လိုက်ပါသည်။

'အေးပါကွာ၊ မင်းအတွက် စိုးရိမ်လို့ အပြောလေးကြီး သွားတာပါ။ ဦးသူတော်ယူလာတဲ့ စားစရာတွေ စားလိုက်ဦး။ မင်းကို ပြောစရာတွေရှိသေးတယ်။ မနက်ဖြန်မနက် ရွှေဆံတော်စေတီကြီးကနေ ပြန်ကြရအောင်။ အဓိဋ္ဌာန်အောင်ပါတယ်'

ဆရာကြီးပညာရွှေ၊ ဦးသူတော်နှင့် ကျွန်တော်တို့ ဆရာတပည့်သုံးဦး စကားဝိုင်းထိုင်လိုက်ပါသည်။

'ကိုသူတော် သပိတ်တစ်လုံးဆရာတော်ကြီး ပေးခဲ့တဲ့ ဓာတ်လုံးအတော်ခရီးရောက်နေပြီ မဟုတ်လား'

'ဟုတ်ပါတယ်။ ဆရာရွှေ ဒါပေမဲ့ ကျွန်တော့်ကံက ဝိဇ္ဇာလောကထဲရောက်ဖို့ ပါရမီလိုသေးတယ်။ ကျွန်တော့် ဓာတ်လုံး လုံ့ထဲကနေ တစ်ပေလောက် အတက်အဆင်း လုပ်နေပြီ။ တစ်နေ့မှာ ကျွန်တော် ဓာတ်လုံးကို လုံ့ထဲထည့် ဇော်မံပြီး မီးနဲ့နှပ်ထားခဲ့တာ။

ကျွန်တော် အိမ်ခဏပြန်ခိုက် အရူးတစ်ယောက် ရောက်လာပြီး ဓာတ်နန်းထဲ ဝင်လာကာ ဖားဖိုကို တစ်အားဆွဲပစ်လိုက်တာ မီးစိမ်း၊ မီးဝါ၊ မီးနီတွေထွက်ပြီး ဓာတ်လုံးပျံထွက်သွားတော့တယ်။ ထူးဆန်းတာက ဓာတ်နန်းသံဘာဂျာတံခါးကို သော့ခတ်ပိတ်ထားခဲ့တာ သော့မဖွင့်ဘဲ ဘယ်လိုဝင်သွားတယ် မသိဘူး။ အော်ပြောသွားသေးတယ်။ သူတော်ဝါဇိတ် ထိပ်ပိတ်တဲ့။ ပြဒါးဝိဇ္ဇာက ဓာတ်သိမ်းသွားတာ။ ထီးတော်ကြီး အသစ်မလဲမီ လျှောင်လှုပ်တယ်။

အလောင်းတော်ဝိဇ္ဇာကြီး ဘိုးမင်းခေါင် ရောက်လာတယ်။ သံဝိဇ္ဇာကြီး ရှင်သံဝရမာလာ ရောက်လာတယ်။ မြို့ရွာမပျက်ရအောင်၊ လူသတ္တဝါတွေ ကပ်ဘေးမှလွတ်အောင် ထီးတော်ကြီးကို အဘခေါင်ကိုယ်တိုင် တင်ခဲ့တာ။ ထီးတော်ဟောင်းမှာ ဝိဇ္ဇာအောင်မင်းခေါင်ရဲ့ ပုံရိပ်ကြီး ဓာတ်ပုံရိုက်မှ ပေါ်လာတယ်။ ဂေါပကအဖွဲ့ရုံးခန်းမှာ ပြထားတယ်။ ဘုရားရှင်ရဲ့ ဆံတော်ရှင်ဓာတ်ကို ဘယ်သူမှ ပြုပြင်လို့မရဘူး။ ထီးတော်ကို သဘာဝဘေးဒဏ်ကြောင့် ပျက်စီးယိုယွင်းတာကလွဲရင် ထီးအသစ်လဲဖို့ မလွယ်ကူဘူး။ မင်းပြောင်းမင်းလဲ ဖြစ်တတ်တယ်။ ဆံတော်ရှင်ရဲ့ ဝိဇ္ဇာဓာတ်ခံ သပိတ်တစ်လုံးဆရာတော် အတွက် စခန်း ဝင်ပေးရတယ်။ ဦးသူတော်ရဲ့ဓာတ်လုံး အသိမ်းခံလိုက်ရတယ်။ တစ်ချိန်မှာ တွံတေးဆံတော်ရှင်စေတီတော်ကြီး သာသနာဓာတ် ပွင့်လန်းထွန်းတောက်ဦးမယ်။ ငါပြောပိုင်ခွင့်က ဒါလောက်ပဲ။ မှတ်ထားကြ'

ကျွန်တော်သိလိုသော ကိစ္စရပ်များ အခါအခွင့်သင့်တုန်း ဆရာကြီးပညာရွှေကို မေးကြည့်မိပါသည်။

'ဆရာကြီး··ကျွန်တော်တို့သိနေတဲ့ ထင်ရှားတဲ့ ဝိဇ္ဇာကြီးတွေက အဘအောင်မင်းခေါင်၊ ပထမံဘိုးဘိုးအောင်၊ ယက္ကန်းစင်တောင်ဆရာတော် ဦးဩဘာသ၊ ဗားမဲ့ဆရာတော် ထွက်ရပ်ပေါက် ဆရာတော်ကြီးတွေပဲ ရှိလား။ တခြားထွက်ရပ်ပေါက်ဝိဇ္ဇာတွေ ရှိသေးလား ဆရာကြီး'

'ရှိတာပေါ့ လူလေးရ၊ ထွက်ရပ်ပေါက်ဝိဇ္ဇာတွေဟာ ပွင့်တော်မူပြီးသည့် ဘုရားရှင်တွေလက်ထက် ထွက်ရပ်ပေါက်ခဲ့တဲ့ စာရင်းတွေရှိတယ်။ ဤဘဒ္ဒကမ္ဘာမှာ ကကုသန်မြတ်စွာဘုရား သာသနာတော်အတွင်း ထွက်ရပ်ပေါက် လောကီယဝိဇ္ဇာမိုရ်ရသေ့ကောင်း(၈၀၀၀၀)၊ ကောဏာဂုံမြတ်စွာဘုရား သာသနာအစ ထွက်ရပ်ပေါက် လောကီယ ဝိဇ္ဇာမိုရ်ရသေ့ကောင်း(၈၀၀၀၀)၊ ကဿပမြတ်စွာဘုရား သာသနာတော်အတွင်း ထွက်ရပ်ပေါက်ဝိဇ္ဇာမိုရ်အပေါင်း(၈၀၀၀၀)၊ ဂေါတမမြတ်စွာဘုရား၏ သာသနာတော်အတွင်း သာသနာတော်အပဿ ထွက်ရပ်ပေါက် ဝိဇ္ဇာမိုရ်ပေါင်း(၈၀၀၀၀)၊ ပွင့်တော်မူမည့် အရိမေတ္တေယျမြတ်စွာဘုရား၏ သာသနာတော်အပ သာသနာတော်အတွင်း ထင်ရှားစွာ ထွက်ရပ်ပေါက်မည့် လောကီယဝိဇ္ဇာပေါင်း ရသေ့ပေါင်း(၃၂၀၀၀၀) ရှိမည်။ ဘဒ္ဒကမ္ဘာတွင် ဘုရားငါးဆူပေါင်း၍ ထွက်ရပ်ပေါက်ဝိဇ္ဇာမိုရ်ပေါင်း(၆၄၀၀၀၀) ရှိမည်။ ဂေါတမမြတ်စွာဘုရား သာသနာတော်အတွင်း ထွက်ရပ်ပေါက်ဝိဇ္ဇာမိုရ်(၆၄၀၀၀၀) ရှိမည်။ ပုဗ္ဗဝိဒေဟကျွန်းမှ စုတေခဲ့၍ ကာသိကရာဇ်တိုင်း၌ သုတေဇ္ဇာသရပုဏ္ဏားမျိုးမှ ပြဒါးဝိဇ္ဇာပေါင်း (၆)ကျိပ် (၄)ယောက် ထွက်ရပ်ပေါက်ပြီး ဖြစ်တယ်။ စတုမဟာရာဇ်ဘုံမှ ဝိရူပက္ခနတ်မင်းကြီး၏သား စုတေ၍ တောင်ကျွန်းအင်ပူရတိုင်း ကိဋ္ဌဘူမန္တပုဏ္ဏားမျိုးမှ ပြဒါးဝိဇ္ဇာပေါင်း (၁၀၉) ကျိပ် (၅)ယောက် ထွက်ရပ်ပေါက်ခဲ့ကြတယ်။ အပေ



www.burmeseclassic.com

www.burmeseclassic.com

ဂေါယာနကျွန်းမှ စုတေခဲ့ပြီး ကောသလတိုင်း အမြုတေသရမည်တဲ့ ပုဏ္ဏားမျိုးမှ သံဝိဇ္ဇာပေါင်း (၄၀၉)ကျိပ် (၃)ယောက် ထွက်ရပ်ပေါက်ခဲ့ကြတယ်။ ကုရုတိုင်း သစ္စဏာရဖြဟ္မဏ ပုဏ္ဏားမျိုးမှ ဆေးဝိဇ္ဇာပေါင်း (၆၀၉) ကျိပ် (၈)ယောက် ထွက်ရပ်ပေါက်ခဲ့တယ်။ ဝိဇ္ဇာမိုရ်ပေါင်း (၈၀၀၀၀)တို့တွင် (၁၄၁၀)ပိုထွန်းလာပြီဖြစ်ကြောင်း (ပဝတ္တသရီ)ကျမ်းများ၌ သသံကင္ဃဘာသာဖြင့် ရေးသားထားခဲ့တာ ကေလာသတောင်ရှိ စေတီတစ်ဆူမှာ ပေပုရပိုက်ပုံသကူပစ်ထားလို့ ဖတ်ရ မှတ်ရဖူးတယ်ကွ လူလေးရ'

ဆရာကြီးပညာရွှေ စကားပြောရင်း မောသွားဟန်ရှိ၍ ကျွန်တော် ရေနွေးကြမ်းတစ်ခွက် ပေးလိုက်ရပါသည်။

'ဆရာကြီး··ထွက်ရပ်ပေါက်ဝိဇ္ဇာမိုရ်တွေ စာရင်းဟာ ကမ္ဘာ့လူဦးရေနှင့်စာရင် နည်းလွန်းလှပါတယ်။ ဝိဇ္ဇာတွေဟာ တန္တရဝါဒခေါ်တဲ့ မဇ္ဈိမဒေသတိုင်း အိန္ဒိယနိုင်ငံကြီးမှာ အယူဝါဒဖြစ်ထွန်းပြီး ပေါ်ပေါက်ခဲ့တယ်လို့ ကျွန်တော် ဖတ်ရ မှတ်ရဖူးတယ်။ ထေရဝါဒဗုဒ္ဓဘာသာနဲ့ ဆန့်ကျင်မနေဘူးပေါ့'

'ငါပြောခဲ့တဲ့ ဝိဇ္ဇာမိုရ်စာရင်းတွေဟာ ပွင့်တော်မူခဲ့ပြီးတဲ့ ဘုရားရှင်လေးဆူလက်ထက်မှာ ထွက်ရပ်ပေါက်ခဲ့တဲ့ ဝိဇ္ဇာမိုရ်တွေကွ လူလေးရ။ ဝိဇ္ဇာမိုရ်တွေဟာ ဘုရားရှင်တွေ ဟောကြားခဲ့တဲ့ ပရိတ်တော်တွေ၊ တရားဓမ္မတွေကို အင်း၊ ဆေး၊ စမအက္ခရာအဖြစ် အသုံးပြုခဲ့ကြတာ။ ဝိဇ္ဇာမယပညာရပ်တွေနဲ့ သတ္တဝါတွေကို ကယ်တင်ခဲ့ကြတာ။ ထွက်ရပ်ပေါက် ဝိဇ္ဇာမိုရ်ကြီးတွေဟာ ဆုထူးပန်ပုဂ္ဂိုလ်ကြီးတွေ ဖြစ်ကြတယ်။ ဘုရားရှင်ကိုယ်တော်တိုင် ဟောကြားခဲ့တဲ့ သိဒ္ဓိဆယ်ပါးရှိတယ်။ (၁) စိန္တာမယိဒ္ဓိ၊ (၂) ဥဒကသိဒ္ဓိ၊ (၃) ပထဝီသိဒ္ဓိ၊ (၄) ဓနသိဒ္ဓိ၊ (၅) အာယု သိဒ္ဓိ၊ (၆) အာကာသသိဒ္ဓိ၊ (၇) အာရောဂျသိဒ္ဓိ၊ (၈) ကာယသိဒ္ဓိ၊ (၉) ပီယသိဒ္ဓိ၊ (၁၀) ဣဒ္ဓိဝိဓသိဒ္ဓိတွေ ဖြစ်တယ်။

ယင်းသိဒ္ဓိ(၁၀)ပါးမှာ မန္တန်၊ မန္တယား လောကီပညာတို့ဖြင့် ဖြစ်မြောက်နိုင်ကြောင်း ဘုရားရှင်ကိုယ်တိုင် ဟောကြားခဲ့လို့ ယုံကြည်အပ်တယ်ကွ လူလေးရ'

'ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ထင်ရှားခဲ့တဲ့ ဝိဇ္ဇာမိုရ်ကြီးတွေရှိသေးရင် ပြောပြပေးပါဦး ဆရာကြီး'

'ဘုရားရှင် ပရိနိဗ္ဗာန်ပြုပြီးတဲ့ကာလမှာ ရှင်သံဝရမာလာ အမည်ရှိတဲ့ သံဝိဇ္ဇာ၊ နာဂိသရ သံဝိဇ္ဇာ၊ အရှင်ဣန္ဒာစရိယ ပြဒါးဝိဇ္ဇာ၊ အရှင်ကဝိန္ဒသာရ ပြဒါးဝိဇ္ဇာ၊ အရှင်ဉာဏဝံသ အင်းဝိဇ္ဇာ၊ မဂုသခ်ရာဇာဘုန်းတော်ကြီး ပြဒါးဝိဇ္ဇာ၊ ရသိဒ္ဓိ ဆေးဝိဇ္ဇာ၊ အရှင်အစ္စဂေါဏ ပြဒါးဝိဇ္ဇာ (ပုဂံခေတ်)၊ ပထမံဘိုးဘိုးအောင် ပြဒါးဝိဇ္ဇာ(အင်းဝခေတ်) တို့ ဖြစ်ကြတယ်။ အခြားပါရမီစခန်း ဝိဇ္ဇာလမ်း လျှောက်ပြီး ပေါက်မြောက်သွားတဲ့ မထင်မရှား ဝိဇ္ဇာတွေလည်း ရှိကြပါတယ်။ ယနေ့ခေတ်မှာက အစစ်တစ်ဦး အတုတစ်သိန်း အပလိန်းအနန္တ အဆောင်အယောင်တွေ များလာပြီကွ လူလေးရ'

'ဝိဇ္ဇာလောက၊ ဝိဇ္ဇာလမ်းစဉ်ဟာ ခက်ခဲနက်နဲလွန်းလှတယ်။ ဖြစ်မြောက်ဖို့ မလွယ်ကူပါလား ဆရာကြီး'

'ဝိဇ္ဇာဖြစ်ဖို့ရာ သမာဓိ၊ ပညာ၊ သီလ ခိုင်ခံ့ရမယ်။ ပါရမီဆက်ရှိရမယ်။ ကိုယ်တိုင်ကြိုးစားအားထုတ်ရမယ်။ အဓိက ကိုယ်တိုင်ကျင့်သုံးရမှာက တဏှာရာဂ ကင်းစင်ရမယ်။ အချစ်ရူး၊ တဏှာရူး ရူးတဲ့ ပုထုဇ္ဇနော ဥမ္မတ္တကောစိတ်နဲ့ မရဘူးနော် လူလေး။ တချို့က ဆရာဝိဇ္ဇာဖြစ်ပြီး ထွက်ရပ်ပေါက်သွားရင် ကပ်လိုက်ချင်ကြတာ မရဘူးနော်။ ကိုသူတော်ကိုကြည့် သပိတ်တစ်လုံးဆရာတော် ထွက်ရပ်ပေါက်သွားပေမယ့် ချန်ထားခံခဲ့ရတယ်။ ငါမရှိတော့တဲ့ အချိန်ကျရင် ပါရမီစခန်း ခိုင်မာအောင် ကျင့်ကြံအားထုတ်မှုရမယ်။ ဟဲ··ဟဲ··ဇေဒင်ဝိဇ္ဇာလေး လုပ်နေဦးပေါ့ လူလေးရယ်'

'ကိုသူတော်ရေ··လူလေး မှန်အောင် ဇေဒင်ဟောပေးလိုက်တဲ့ မပန်းနုအကြောင်း ပြောပေးလိုက်ပါဦး'

'ဆရာလေးဟောချက် မှန်လိုက်တာ။ မပန်းနုကို ကိုယ်ဝန်လွယ်ထားရင်း သူ့အမေ သွေးတက်ပြီး ဆုံးသွားရှာတယ်။ သင်္ဂြိုဟ်ဖို့ သင်္ချိုင်းရောက်မှ လွယ်ထားတဲ့ကိုယ်ဝန် ဗိုက်လှုပ်လာလို့ ဗိုက်ခွဲလိုက်မှ မပန်းနု မသေဘဲ ထွက်လာတာ။ ဒါ ပထမအကြိမ်ပေါ့။ ဒုတိယအကြိမ်က မပန်းနု ကိုးနှစ်သမီးမှာ ဝမ်းလျှောဝမ်းပျက်ရောဂါနဲ့ ကွယ်လွန်သွားတယ်။ ဝမ်းရောဂါဖြစ်လို့ ချက်ချင်းမြေမြှုပ်ဖို့ သင်္ချိုင်းကို သယ်သွားရတာ။ မပန်းနုက မြောနေတာ။ သင်္ချိုင်းရောက်ပြီး မြေမြှုပ်ဖို့အလုပ်မှာ အသက်ပြန်ရှင်လာတယ်။ တတိယအကြိမ်က မပန်းနု အိမ်ကပျောက်သွား



www.burmeseclassic.com

www.burmeseclassic.com

တာ သုံးရက်ကြာတယ်။ နေရာအနှံ့ သွားတတ်တဲ့နေရာတွေ လိုက်ရှာလိုက်တာ မတွေ့ဘူး။ သပိတ်တစ်လုံးဆရာတော်ကြီးက အမေကြည်ကုန်းဘက် သွားရှာလို့ပြောတော့မှ အမေကြည် နန်းထဲမှာ ပက်လက်ကြီး အသက်မရှိတော့ဘူး၊ အသက်မရှူတော့ဘူး။ တစ်ကိုယ်လုံး အေးစက်ပြီး သွေးဆုတ်သွားပြီ။ ဆရာတော်ကြီးက သူ့ခတ်နန်းထဲ သယ်လာခိုင်းပြီး လက်နဲ့ သပ်ချပေး၊ ပရိတ်ဆီ လိမ်းပေးခိုင်းလို့ အသက်ပြန်ရှင်လာတာ။ ဆရာတော်ကြီးကပဲ သူ့သက်တမ်းကို အသက်(၉၀)အထိ ဆက်နေဖို့ ဆိုင်ရာပုဂ္ဂိုလ်တွေကို မေတ္တာရပ်ခံထားခဲ့တယ်။ အခု အသက်(၄၅)နှစ်ရှိပြီ။ မပန်းနုတစ်ယောက် နပျိုကျန်းမာနေဆဲပဲ'

'ဗျာ..ဟုတ်ရော ဟုတ်ရဲ့လား ဆရာဦးသူတော်'

'ဟုတ်ပါတယ် လူလေး၊ မပန်းနုက သေလူ ရှင်လူ ဖြစ်နေတာ သိုက်နန်းရှင်တွေရဲ့ ဝိညာဉ်တွေ ဝင်လိုက်ထွက်လိုက်နဲ့ အသက်ဆက်ရှင်နေတာ။ မပန်းနုနောက်လိုက်ချင်ရင် သိုက်ထဲ ဝင်နေရဦးမယ်'

ဆရာကြီးပညာရွှေက ကျွန်တော့်ကို စေ့စေ့ကြည့်၍ ပြောချလိုက်ပါသည်။

'ကိုသူတော်ရေ..မနက်ဖြန် ဆံတော်ရှင်မှာ ကျုပ်တို့ အဓိဋ္ဌာန်ပြီးပြီ။ နေမွန်းမတည့်မီ ဒဂုံဆံတော်ရှင် ရွှေတိဂုံစေတီတော်ကြီးကို အရောက်သွားရမယ်။ တွံတေး-ရန်ကုန် ကားလက်မှတ် ကြိုဖြတ်ထားပေတော့'

တွံတေးရွှေဆံတော်စေတီကြီးကို လက်ယာရစ်(၃) ကြိမ်ပူဇော်နေသည့် ဆရာကြီးပညာရွှေနောက် လိုက်ပါနေရသော်လည်း တစ်ဦးတစ်ယောက်ကို မျှော်လင့်သတိရနေမိသည်။ ကျွန်တော် ဟိုကြည့်ဒီကြည့် စိတ်ကနာမငြိမ်နေမှန်း ဆရာကြီးပညာရွှေ သိပါသည်။

'လူလေး..ဆံတော်ရှင်စေတီကြီးကို စိတ်ထဲ ရင်ထဲ စွဲနေအောင် ပူဇော်ကန်တော့နော်။ နောက်တစ်ကြိမ် ငါနဲ့အတူ ဆံတော်ရှင်စေတီကြီးကို ရောက်မှာ မဟုတ်တော့ဘူး။ မပန်းနု ကားဂိတ်မှာ စောင့်နေလိမ့်မယ်'

သုံးကြိမ်မြောက် ပူဇော်ကန်တော့ပြီး ရွှေဆံတော်စေတီရင်ပြင်ပေါ်မှ ဆင်းလာခဲ့ကြပါသည်။

တွံတေးမြို့ ကမ်းနားဆိပ် ရန်ကုန်သွားမည့်လိုင်းကားဂိတ် ရောက်သည့်အခါ မပန်းနုကို သစ္စာပန်းများကိုင်လျက် စောင့်နေသည်ကို တွေ့လိုက်ရပါသည်။ ဇာတ်ထဲက အပျိုတော်ယိမ်းသမများ ဝတ်ဆင်သည့် ထိုင်မသိမ်းအင်္ကျီအစိမ်း၊ ချိတ်လုံချည်အစိမ်း၊ ခေါင်းစည်းအစိမ်း၊ ပဝါအစိမ်း ဝတ်ဆင်ထား၍ လှပုံအလယ် ရယ်စရာ ဖြစ်နေပါသည်။

ဆရာကြီးက-

'လူလေး..မပန်းနုနဲ့ နှုတ်ဆက်စကားပြောလိုက်ဦး။ ကားထွက်ဖို့ အချိန်လိုသေးတယ်။ လက်ဖက်ရည်ဆိုင်မှာ ကိုသူတော် စောင့်နေလို့ ငါသွားလိုက်ဦးမယ်။ ပြီးမှ မင်းလိုက်လာခဲ့'

မပန်းနု အားရဝမ်းသာ ကျွန်တော့်ထံ ရောက်လာပါသည်။

'မောင်လေး..ဒဂုံမြို့(ရန်ကုန်)ရောက်ရင် ရွှေတိဂုံစေတီတော်ကြီးရဲ့ ကြာသပတေးထောင့်မှာ သိုက်နန်းရှင်လေး မပန်းနုက သစ္စာပန်းတွေ လှူလိုက်ပါတယ်လို့ပြောပြီး လှူပေးနော်။ တို့မောင်နှမနှစ်ယောက်ရဲ့ သစ္စာပန်းနှစ်ခိုင်ပါ။ ဘဝဆက်တိုင်း မောင်လေးနဲ့အစ်မ အတူသာ သနာပြုကြရအောင်'

ကျွန်တော့်လက်ထဲ သစ္စာပန်းတွေပေးခဲ့ပြီး မပန်းနု ကျောခိုင်းထွက်သွားတော့သည်။ အမည်မသိ ဝေဒနာတစ်ခု ကျွန်တော့်ထံ ကျန်ခဲ့ပါသည်။ မပန်းနုနောက်ကျောကို ငေးမောကြည့်နေရင်း ကျွန်တော် တွေဝေစွာ ရပ်နေမိသည်။ ရုတ်တရက် ကားဟွန်းသံကိုကြား၍ ကြည့်လိုက်မိသည်။ ကားခေါင်းမှာ ဆရာကြီးပညာရွှေ ရောက်နှင့်ပြီဖြစ်သည်။

'သွားကြရအောင် လူလေး၊ တွေ့ဆုံကြုံကွဲ ဖြစ်မြဲဓမ္မတာပေါ့ကွာ။ နေမွန်းတည့်အမီ ရွှေတိဂုံစေတီတော်ကြီးကို အရောက်သွားရမှာ။ တို့မြစ်ကမ်းဘေးက အလွမ်းသမားလေး ဖြစ်နေဦးမယ်။ ဘာတဲ့၊ ပုထုဇ္ဇနော ဥမ္မတ္တကောတဲ့။ လူလေးတစ်ယောက် အချစ်ရူး ရူးသွားရင် ငါ ကုရခက်နေဦးမယ်'

ဆရာကြီးပညာရွှေ စကားကြောင့် ကားပေါ်မှ ခရီးသည်များ ဝိုင်းရယ်လိုက်ကြသည်။ ကျွန်တော်လည်း ရှက်ရက်နှင့် တွံတေးမှ ရန်ကုန်သွား လိုင်းကားပေါ် ဆရာကြီးပညာရွှေဘေးသို့ ဝင်ထိုင်လိုက်ရပါတော့သည်။

**သိန်းထွန်းသ**

www.burmeseclassic.com

ကြော်ငြာဆောင်းပါး




တိုင်းရင်းဆေးဝါးမှတ်ပုံတင် 0412 YR 004687
လိုင်စင် ၇/၂၀၀၈ တဆဆဝလ (တိုး)-၁၃၁၂

အသိကျအကြောပြေ ဆီး၊ ဝမ်း၊ မှန်စေတဲ့

# မုံရွာ ဆရာမိုး ရဲ့

# ရှောက်တစ်လုံးဝမ်းမှန်ဆေး

ကြော်ငြာခွင့်ပြုချက်အမှတ်တဆဆက(ဓာနယ်ဇင်း)၁၃၀/၀၀၀၀၄

"ကိုဇော်ရဲနိုင်ကို ကြည့်လိုက်ရင် သွက်လက်ပေါ့ပါးဖျတ်လတ်နေတာပဲ။ အသားအရေ စိုပြည်ပြီး အဆီတွေလည်းကျ၊ အသားတွေလည်း ကျစ်လျစ်လာတယ်။ ဆေးကောင်းတစ်လက်တွေ့ထားပြီထင်တယ်။ ဆေးကောင်းရှိရင် လက်တို့သတင်းပေးပါဦး"

"သွက်လက်ပေါ့ပါးဖျတ်လတ်ဆို မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေး လက်ကိုင်ထားလို့ပါ။ ကျန်းမာရေးရှုထောင့်ကကြည့်ရင် နေ့စဉ်နေ့တိုင်း ဆီး၊ ဝမ်း၊ သွေး၊ လေ မှန့်မမှန် မိမိကိုယ်တိုင် ဆန်းစစ်ပြီး ပြုပြင်နေထိုင်သွားဖို့လိုတယ်မဟုတ်လား။ လူသားတိုင်း ကျန်းမာဖို့ ခေတ်ကြီးငါးပါးညီညွတ်မျှတပြီး မဖောက်ပြန်ဘဲ ဝင်လမ်း၊ ထွက်လမ်း မှန်ကန်ခြင်းရှိဖို့ လိုအပ်ပါတယ်။ ဂီတနယ်မှာ စည်းနဲ့ဝါးဟာ အဓိကကျသလို လူသားတိုင်း ကျန်းမာဖို့ဆိုရင် ဆီးနဲ့ဝမ်းဟာ အဓိကကျပါတယ်။ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဆိုတဲ့ စကားရပ်လည်းရှိတယ်မဟုတ်လား'

"ဟုတ်ပ့ါဗျာ. . . ဒါထက် ကိုဇော်ရဲနိုင် အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ဝမ်းမှန်ဆေးဟာ ဝမ်းမှန်ရုံသက်သက် စားတာလား၊ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြဦးမှပေါ့"

"ကျွန်တော်တို့မိသားစု အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်သလို ဝမ်းမှန်ရုံသက်သက်မဟုတ်ဘဲ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်သလဲဆိုရင် အဲဒီဆေးကို နေ့စဉ်မှန်မှန် သုံးစွဲခြင်းဖြင့် လေငန်း လေဖြတ်ရောဂါဖြစ်ခြင်း၊ သွေးတိုးသွေးတက်ခြင်း၊ နှလုံးအဆီဖုံး၊ အသည်းအဆီဖုံးခြင်းတို့ကို ကာကွယ်ပြီး ဇက်ကြောထိုးခြင်း၊ ခြေ၊ လက်များ ထုံကျဉ် ကိုက်ခဲလေးလံခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ လေကြောင့်ဖြစ်သော ဗိုက်နာ၊ ဗိုက်အောင့်ဖြစ်ခြင်း၊ အတွင်းလိပ်၊ အပြင်လိပ်ဖြစ်ခြင်း၊ သွေးကျခြင်း၊ ဆီး၊ဝမ်း၊လေ ချုပ်ခြင်း၊ ဆံပင်ဖြူခြင်း၊ မျက်စိမှုန်ခြင်း၊ ကိုယ်လက်လေးလံထိုင်းမှိုင်းပြီး ညောင်းညာကိုက်ခဲခြင်း၊ ခံတွင်းနံ့ဆိုးခြင်း၊ ချွေးနံ့မကောင်းခြင်း၊ မျက်နှာပေါ်တွင် ဝက်ခြံ၊ တင်းတိပ်များထွက်ခြင်း၊ အသားအရေ အဟက်ကွဲခန်းခြောက်ခြင်း၊ စိတ်ဖိစီးမှုများ၍ ကိုယ်လက်မအီမသာဖြစ်ခြင်း စတဲ့ ရောဂါများကို သက်သာပျောက်ကင်းစေပါတယ်။

ခန္ဓာကိုယ်တွင်းရှိ ပိုလျှံနေသောအဆီများကို လျော့ကျစေပြီး အပူ၊ အပုပ်၊ အညစ်ကို ယူထုတ်ပစ်သလို ကင်းစင်စေရုံမက ကိုယ်ဝန်ဆောင်မိခင်များ နေ့စဉ်သုံးစွဲခြင်းဖြင့် ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ မွေးဖွားရလွယ်ကူပြီး ကလေးတွင် လေနာကင်းကာ ကျန်းမာစေခြင်း စတဲ့ အကျိုးကျေးဇူးတွေ ခံစားစေနိုင်ပါတယ်"

"ကိုဇော်ရဲနိုင်တို့မိသားစု သုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ကျား/မ စွယ်စုံရတဲ့ ဆေးကောင်းတစ်လက်ပဲဗျို့။ ကျွန်တော်လည်း သုံးမယ်ဗျာ။ ကျွန်တော်တို့ ခင်ဗျားတို့လို စာရေးဆရာ၊ ပန်းချီဆရာ၊ ကွန်ပျူတာသမားတွေ၊ အညောင်းထိုင်သူတွေ၊ အဆီများ အဝလွန်သူတွေ၊ တစ်ကိုယ်လုံးလေးလံထိုင်းမှိုင်း ညောင်းညာကိုက်ခဲနေသူများအတွက် ဒီဆေးက ဝမ်းနုတ်ဆေးမဟုတ်လို့ နေ့စဉ်မှန်မှန်သုံးစွဲဖို့ လက်ကိုင်ထားရမယ့် ဆေးကောင်းတစ်လက်မို့ ဆေးရဲ့ကောင်းခြင်းဂုဏ်သတင်းကို အပေါင်းအသင်းတွေသိအောင် ရေးသွင်းကြေညာလိုက်ချင်ပါရဲ့ဗျာ"

**ရန်ကုန်မြို့ မန္တလေးမြို့နှင့် မုံရွာမြို့ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ ဖြန့်ချိပေးနေပါပြီ။**

ပင်ရင်း - မုံရွာ-ဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့်ဆေးကုခန်း

အမှတ်-၈၂/၃၈၆၊ ပေမာဝီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၉၀၅၇၇၊ ၀၉-၅၁-၈၁၆၁၂

မုံရွာဆရာမိုး - ဖုန်း-၆၉၉၆၁၁ လိုင်း၃ (၃၄၇)၊ ၆၉၀၄၅၆ လိုင်း၃ (၃၄၇)

www.burmeseclassic.com

www.burmeseclassic.com

# အဘိုးနှင့် စိန္တာမဏိ အောင်ဂါထာ

## စိုးယဉ်ထွန်း



ပင်ချင်းယှက်နေသော သစ်ပင်တို့၏ အရိပ်က နေပြောက်ထိုးနိုင်လောက် အောင် အရိပ်ကောင်းသော နေရာနှင့် တောင်ကမူပဲ ခေါ်ခေါ်၊ တောင်ကုန်းလို့ပဲခေါ်ခေါ် ကုန်းမို့မို့ လေး၏ ဘေးတွင်ရှိသောမြေကို သစ်ရွက်ကြွေ အမှိုက်များ၊ မြက်ရိုင်းပင်ကလေးများကိုပါ ကျွန်တော်က ရှင်းပေးလိုက်သဖြင့် အဘိုးက အဝတ်ပိုင်းလေးကိုခင်းပြီး ဘုရားရှိခိုး၊ ပုတီးစိပ်၊ မေတ္တာပို့ အမျှဝေသလို ပရိတ်တရားကိုပါ



www.burmeseclassic.com

www.burmeseclassic.com

ရွတ်ဆိုလိုက်သည်။ အချိန်က တစ်နာရီခွဲကျော်ကျော် ကြာသွားသည်။

အဘိုး ထိုကဲ့သို့လုပ်တိုင်းမှာ နေရာအတော်များများကို လိုက်ပါဖူးသဖြင့် ကျွန်တော့်အတွက်က စိတ်ပျက်ခြင်း၊ စိတ်ညစ်ခြင်း၊ ပျင်းရိခြင်းလည်း မဖြစ်၊ စိတ်အနှောင့်အယှက်လည်း မဖြစ်တာ အမှန်ပင်။ ထို့ကြောင့်လည်း အဘိုးက သူသွားလေရာကို ခေါ်ခြင်းဖြစ်သည်။

'အဟမ်း..ငါ့မြေး၊ ပျင်းများနေပြီလားကွ'

'ဟာ..အဘိုးရယ်၊ ကျွန်တော် မပျင်းပါဘူး။ အဘိုးအလုပ်လုပ်တာကို လိုက်ရတာရယ်၊ အဘိုးသင်ပြပေးတာတွေက ကျွန်တော့်အတွက် အမြတ်တွေပါ အဘိုးရဲ့'

'အေး..အေး..ငါ့မြေး ဒီလိုသဘောထားတာ အဘိုးဝမ်းသာတယ်။ ငါ့မြေးကို ပညာအမွေပေးချင်တယ်ကွ။ ဒါပေမဲ့ ငါ့မြေးက ဒွိပြင်ပညာဖြစ်တဲ့ လောကီသိပ္ပံကိုပဲ စိတ်ဝင်စားတော့ အဘိုးက ငါ့မြေးကို ရသင့်ရထိုက် သိသင့်သိထိုက်တာလေးတွေကိုပဲ သင်ပြပေးရတာ'

'ဟုတ်ကဲ့ပါ အဘိုး'

'အဘိုးပေးတဲ့ ပရိတ်ကြီးစာအုပ်ကို ငါ့မြေး ဖတ်ရဲ့လား။ အရကျက်နော်။ အဲဒီစာအုပ်က အဘိုး ကိုးနှစ်သားက ဘုန်းတော်ကြီး ဦးပဏ္ဍိတက သင်ပေးတဲ့ ပရိတ်ကြီးစာအုပ်ကွယ့်'

'ဗျာ..အဘိုး ကိုးနှစ်သားကဆိုတော့ အခု အဘိုးကိုးဆယ်နဲ့ခုနစ်နှစ်ဆိုရင် ဒီစာအုပ်က ရှစ်ဆယ်နဲ့ရှစ်နှစ်ရှိပြီနော်'

'အေး..ဟုတ်တယ်ကွယ့်၊ အဲဒီစာအုပ်မှာပါတဲ့ ပရိတ်တော်တွေဟာ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးကိုယ်တော်တိုင် လေးဆယ့်ငါးဝါကာလကြာအောင် ဟောကြားတော်မူခဲ့တဲ့ တရားတော်တွေထဲက ဗုဒ္ဓဘာသာလူမျိုးတွေနဲ့ အနီးစပ်ဆုံးတရားဟာ ပရိတ်တရားတော်ပဲ ငါ့မြေးရဲ့'

'ဟုတ်ကဲ့ အဘိုး၊ အဘိုး အခုပြောမှပဲ ကျွန်တော်သိရတယ် အဘိုးရဲ့။ အဲဒီပရိတ်အကြောင်းကို ပြောပြပါဦး'

'အေး..အဘိုးပြောပြမယ်။ ပရိတ်ဆိုတာ ပရိတ္တဆိုတဲ့ ပါဠိက ဆင်းသက်လာတာဖြစ်ပြီး ပါဠိသက်ဝေါဟာရလို့ မှတ်ထား။ အကာအကွယ် အရံအတားလို့ အနက်အဓိပ္ပာယ်ရှိတယ်။ ကဲ..ကဲ..နောက်မှ ငါ့မြေးကို ရှင်းပြမယ်။ ပြန်ကြရအောင် မြေးရေ'

'ဟုတ်ကဲ့ အဘိုး'

သည်နေရာလေးက မြေးအဘိုးနှစ်ယောက် စရောက်သည့်အချိန်မှ အရိပ်ကောင်းလို့ နေပြောက်မထိုးတာဟာ ယခုတော့ မှောင်သွားသလိုဇင် ဖြစ်သွားသည်။ ဒါပေမဲ့ အချိန်က လေးနာရီခွဲချိန်ပဲ ရှိသေးသည်။ အဘိုးနှင့် နှစ်ယောက် တည်းခိုတဲ့ရွာနှင့် သည်တောစပ်က နှစ်မိုင်ခွဲ သုံးမိုင်နီးပါး ဝေးသည့်နေရာ ဖြစ်သည်။

ရွာက ကြို့ပင်သာရွာ။ ပေါင်းတည်မြို့၏အရှေ့ဘက် ပဲခူးရိုးမခေါ်တဲ့ အရှေ့ရိုးမနှင့် နီးစပ်သောရွာ ဖြစ်သည်။ လက်ပံပါးပျဉ်ရွာ၊ ကျီးမနီးရွာများက တောင်ခြေတောတန်းနှင့် ပို၍နီးသည်။ တောတန်းထဲမှထွက်ပြီး ခပ်သွက်သွက် လျှောက်လာကြသည်။ အဘိုးက ကျွန်တော့်ထက်ပင် သွက်လက်စွာ လျှောက်နိုင်သည်။ ပို၍သွက်လက်သော အဘိုးကြောင့် ကြို့ပင်ရွာကို နေဝင်ဖျိုးဖျတွင် ပြန်ရောက်ခဲ့သည်။ ရွာလယ်လမ်းမှလျှောက်ပြီး တည်းခိုသော လွင်လွင်ကျော်တို့ အိမ်ခြံဝိုင်းရှေ့ကို အရောက်တွင် ရွာထဲမှ လူတစ်ယောက်က အဘိုးနှင့် ကျွန်တော်ရှေ့မှ လွင်လွင်ကျော်တို့ အိမ်ခြံဝင်းထဲကို ပြေးပြေးလွှားလွှား ဝင်သွားသည်။

'လွင်လွင်ကျော်ရေ၊ မြို့က အဘဆရာတို့ ရှိသေးလား။ လုပ်ပါဦးကွာ၊ ငါ..ငါ'

'ကိုသန်းရွှေ၊ ဘာဖြစ်လို့လဲ။ မြို့က အဘိုးနဲ့ အစ်ကိုတို့နှစ်ယောက် တောထဲ သွားကြတယ်'

'ဟာ..ဒုက္ခပါပဲကွာ။ ငါ့..ငါ့သမီးလေး ပိုးထိလို့ကွာ'

'အဟမ်း..ဟော့သူငယ်၊ ကဲ..ကဲ..မင်းအိမ်ကို သွားမယ်'

အဘိုးနှင့် ကျွန်တော်တို့က ခြံဝတွင်ရပ်ပြီး လွင်လွင်ကျော်နှင့် ကိုသန်းရွှေ ဆိုသူတို့ စကားပြောနေသည်ကို စကားဆုံးမှ အဘိုးက အသံပေးပြီး ရှေ့ကိုတိုးလိုက်သည်။

လွင်လွင်ကျော်ရော ကိုသန်းရွှေဆိုသူပါ အံ့ဩဝမ်းသာ၍-

'ဟာ..အဘိုး'

'ဆရာကြီး'

အဘိုးက လက်ကာပြလိုက်သဖြင့် ကိုသန်းရွှေဆိုသူ



www.burmeseclassic.com

www.burmeseclassic.com

နှင့် လွင်လွင်ကျော်တို့က ရှေ့မှနေပြီး ခြံထဲမှ ထွက်သွားကြသည်။ အဘိုးနှင့် ကျွန်တော်တို့က နောက်မှ လိုက်ပါခဲ့သည်။

ရွာ၏အနောက်ဖျားမှာ ခြံဝင်းကျယ်လေးဖြင့် ဝါးထရံကာ ပျဉ်ခင်း သွပ်မိုး အိမ်ခပ်ကြီးကြီးရှိသော အိမ်ဝိုင်းထဲသို့ လွင်လွင်ကျော်တို့ ဝင်သွားသဖြင့် အဘိုးနှင့် ကျွန်တော်တို့က နောက်မှ လိုက်ဝင်လိုက်သည်။

'မမြရေ··ဆရာကြီး ပါလာတယ်ဟေ့'

ကိုသန်းရွှေဆိုသူက အိမ်ပေါ်ကို လှမ်း၍အော်လိုက်သည်တွင် အိမ်ပေါက်ဝတွင် ထိုင်နေသူများက ဖယ်ပေးပြီး ကလေးငယ်လေးကို ပွေ့ထားသော အမျိုးသမီးက-

'ကြွပါ ဆရာကြီး၊ ကျွန်မသမီးလေးကို ကယ်ပါဆရာကြီးရယ်'

အဘိုးက ဘုရားကိုဦးတိုက်၊ လူနာကလေးလေးကို ပွေ့ထားသူထံမှ လွှဲပြောင်းယူပြီး ပွေ့လျက်ကပင် ကလေးကိုကြည့်ကာ နှုတ်မှ ရွတ်ဆိုနေသည်။ ကျွန်လူများက အဘိုးလုပ်ကိုင်နေသည်ကို ကြည့်နေကြသည်။ ဆယ်နှစ်ရွယ် မိန်းကလေးက ငြိမ်နေသည်။

'ကဲ··ကဲ··ဘုရားသောက်တော်ရေ စွန့်ပေးပါကွယ်'

'ဟုတ်ကဲ့'ဟုဆို၍ ကိုသန်းရွှေက ဘုရားကို လက်အုပ်ချီပြီး သောက်တော်ရေဖန်ခွက်ကို စွန့်ယူလိုက်ပြီး အဘိုးကို ပေးလိုက်သည်။

အဘိုးက ကလေးမလေးမွေးနေ့ကိုမေးပြီး စွန့်ထားသော သောက်တော်ရေကို မန်း၍ အသံတိုးတိုးနှင့် ဂါထာရွတ်နေသည်။ အားလုံးက ငြိမ်နေကြသည်။ ဂါထာရွတ်ပြီး အဘိုးက ကလေးမလေး၏ ပါးစပ်ထဲကို ရေအနည်းငယ် လောင်းထည့်ပေးလိုက်သည်။

'အေးကွယ့်၊ ရပါပြီ။ မစိုးရိမ်ကြပါနဲ့တော့'

'ဟုတ်ကဲ့ပါ'

'ဟုတ်ကဲ့'

ယခုမှပင် အဘိုးက နေရာပြင်ထိုင်ပြီး ရေနွေးကြမ်းခွက်ကို လှမ်းယူသည်။ ကျွန်တော်က ရေနွေးကြမ်းအသစ်ငှဲ့၍ ပေးလိုက်သည်။ ရေနွေးသောက်ပြီး အဘိုးက လွယ်အိတ်ထဲမှ ဆေးပုလင်းကိုထုတ်ပြီး ဆေးမှုန့်နည်းနည်းကို ကလေးမလေး ပါးစပ်နား တော့ပေးပြီး ရေမန်းကို တိုက်လိုက်သည်။

'အိမ်း··ကလေးက ဘယ်နားမှာ ပိုးကောင်ထိတာလဲ။ ပိုးထိတာ ဘယ်လောက်ကြာပြီလဲ'

'အိမ်နောက်ဖေးဘက်ကို ဆင်းသွားပြီး အော်သံကြားလို့ သွားကြည့်မှ သိရတာပါ။ နေဝင်ပြီးစလောက်ကပါ။ သမီးက ဖေကြီး··သမီးကို ကောင်ရှည်ကိုက်လိုက်တယ်လို့ပြောလို့ ပွေ့ပြီး အိမ်ပေါ် တင်တာမှာ မေ့သွားတာပါဆရာကြီး'

'ကလေးက လန့်သွားတာရယ်၊ နေဝင်ချိန်ဖြစ်လို့ရယ်ပါ။ မြွေဆိပ်ပြေသွားပါပြီ။ ဒီဆေးမှုန့်ကို ရေနဲ့ဖျော်ပြီး ဒဏ်ရာကို လိမ်းပေးပါ။ ဒီသောက်တော်ရေ စွန့်ထားတာကို ဆေးမှုန့်နည်းနည်းနဲ့ တိုက်ပေး။ မနက်ကျရင် လာခေါ်။ ဟုတ်လား'

'ဟုတ်ကဲ့ပါ ဆရာကြီး၊ အခု ဟိုဆေး'

'ဟေ့··ဟေ့··မောင်ရင်၊ အဲဒီမှာတင်ရပ်။ မနက်ကိုလာခေါ်။ ကဲ··သွားမယ်'

အဘိုးက ရှေ့မှဆင်းသွားသဖြင့် ကျွန်တော်နှင့် လွင်လွင်ကျော်တို့က ကိုသန်းရွှေကို နှုတ်ဆက်ပြီး အိမ်ပေါ်မှ ဆင်းလာခဲ့သည်။

လွင်လွင်ကျော်တို့အိမ်ကို ရောက်သည်တွင် လွင်လွင်ကျော့်ဇနီး မယဉ်က ထမင်းပွဲပြင်ထားသည်။

'အဘနဲ့ အစ်ကိုရယ်၊ အမောပြေရင် စားကြတော့မိုးချုပ်ပြီလေ'

'အေး··အေး'

'အေးပါ မယဉ်'

အဘိုးနှင့်ကျွန်တော် ထမင်းစားသည်ကို လွင်လွင်ကျော်က ယပ်ခတ်ပြီး ဘေးထိုင်နေသည်။ စားသောက်ပြီး အိမ်ရှေ့တွင် ထိုင်လိုက်သည်။ မယဉ်က ပဲခြမ်းသုပ်ကြံသကာနှင့် ရေနွေးကြမ်းဝိုင်း ပြင်ပေးသည်။

ရေနွေးကြမ်း သောက်ကြရင်းမှ အဘိုးက-

'ကဲ··ကဲ··ငါ့မြေးကိုရော၊ မောင်လွင်ကျော်ကိုရော အခုန ကလေးမလေးကို မြွေကိုက်ပေးတာနဲ့ပတ်သက်ပြီး သိသင့်သိထိုက်တဲ့ မြွေအကြောင်းကို ပြောပြမယ်'

'ဟုတ်ကဲ့၊ ပြောပြပါ အဘိုး'

'ဟုတ်ကဲ့ပါ ဘဘ'

အဘိုးက မြွေအကြောင်း ပြောမည်ဆို၍ မယဉ်က ခပ်ရွံ့ရွံ့နှင့် ရှေ့ကိုတိုးလာသည်။



www.burmeseclassic.com

www.burmeseclassic.com

'ငါ့မြေးရော မောင်လွင်ကျော်ပါ တောတောင်ထဲကို သွားမယ်၊ ဒါမှမဟုတ် ရောက်နေမယ်ဆိုရင် အဓိက မြွေအန္တရာယ်ကင်းအောင်လို့ မေတ္တာသုတ်၊ ခန္ဓသုတ်၊ ဓာ ရဏပရိတ်တို့ကို အလွတ်ရအောင်ကျက်ပြီး မေတ္တာပို့ ရွတ်ဖတ်ကြရွယ်'

'ဟုတ်ကဲ့ပါ'

'ဟုတ်ကဲ့'

'ကဲ..အဘိုး မြွေအကြောင်း ပြောမယ်'

♦♦♦

'မြွေ(၇)မျိုးမှာ အဆိပ်ပြင်းတဲ့ အမျိုးကြီးပဲ။ အဲဒါတွေက (၁) မြွေပွေး၊ (၂) မြွေဟောက်၊ (၃) ငန်းမြွေ၊ (၄) ငန်း တော်ကျား၊ (၅) ငန်းပုတ်၊ ငန်းဝါ၊ (၆) ငန်းပုတ်(သစ်တက်ငန်း)၊ (၇) ငန်းစောင်းတို့ပဲကွယ်။ အဲဒီမြွေတွေရဲ့ သွားလာနေမှု၊ လူကို အန္တရာယ်ပေးတာချင်း တူပေမယ့် အဆိပ်အမျိုးအစားက မတူဘူး။ မြွေထဲမှာ အလွန်ကြောက်စရာကောင်းတာက မြွေပွေးပဲ။ မြွေပွေးက အနေငြိမ်တယ်။ မလှုပ်မယှက်နေတတ်တယ်။ သွားတော့မထိလိုက်နဲ့ ပုံနေတဲ့ ယင်ကောင်ကိုတောင် ရအောင်ပေါက်နိုင်တယ်။ အဲဒီမြွေပွေးနေတဲ့နေရာက ပြောင်ချောရှင်းလင်းနေတယ်။ ရေမြေဒေသအလိုက် အရောင်ပြောင်းတယ်'

'ဟုတ်ကဲ့ အဘိုး'

'ဟုတ်ကဲ့ ဘဘ'

'အဘိုးက ဒီမြွေအကြောင်းပြောတာ ပြည့်စုံမှအကျိုးရှိသလို သိတဲ့လူလည်း စုံမှကောင်းတယ်။ နည်းနည်းတော့ ရှည်မယ်'

'ဟုတ်ကဲ့ပါ'

'ဟုတ်ကဲ့'

'အဲဒီမြွေပွေးက ရေအောက်မှာ နေရာအတည်တကျနဲ့ နှစ်ချီပြီး နေလို့ရတယ်။ မျိုးတူနဲ့ပဲ သားပေါက်တယ်။ သားပေါက်ရင် ပါးစပ်ထဲက ထွက်ရင်ထွက်၊ မထွက်ရင် ဗိုက်ကပေါက်ပြီး မွေးတာ။ ဥလိုက် မပေါက်ဘူး'

'တစ်မျိုးပဲနော်'

'ဟင်..မြွေပွေးကလည်း'

'အဲဒီမြွေပွေးက တခြားမြွေတွေလို တွားသွားတာ မဟုတ်ဘူး၊ ခုန်လွှားပြီး သွားနိုင်တယ်။ ပေါက်တဲ့အခါမှာလည်း ဘယ်ညာတွက်ပြီး ကိုက်တတ်တယ်။ မြွေပွေး အကွက်က မညီဘူး။ ဆက်ချင်လည်း ဆက်တယ်၊ ကွာချင်လည်း ကွာတယ်။ ခွေနေတာ များတယ်။ သူ့အဆိပ်က အအေးဆိပ်ပဲ'

'မြွေပွေးက တော်တော်ကြောက်စရာ ကောင်းတယ်နော်'

'ဟုတ်ပါ့ ကိုထွန်းရယ်'

'အေး..အဲဒါကြောင့်လဲ အဆိုရှိတာ။ မြွေပွေးခါးပိုက် မပိုက်နဲ့ ဆိုတဲ့စကားလေ။ မြွေပွေးပြီးတော့ မြွေဟောက်။ သူလည်း အဆိပ်ပြင်းတဲ့မြွေပဲ။ နေရာဒေသမရွေး တွေ့ရတတ်တယ်။ တွင်းအောင်းရင် လုံးထွေးပြီး ဝင်တတ်တယ်။ ချေးအရောင် အဝါရောင်ပါတယ်။ သူတို့ နေတဲ့တွင်းဝတွေက ပြောင်နေတယ်။ ဒေါသကြီးလွန်းတယ်။ လူတို့၊ တိရစ္ဆာန်တို့များ သူ့အနားကိုရောက်ရင် ပါးပျဉ်းထောင်ပြီး နှာမှုတ်သံပေးတယ်။ ပါးပျဉ်းကို နောက်ကို ယိုင်ပြီး အရှိန်ယူထားတတ်တယ်။ ဥ,ဥပြီး အကောင်ပေါက်တယ်။ အဆိပ်က အပူဆိပ်ပဲကွယ့်'

'အဘိုး..လူတွေက မြွေလို့သာခေါ်တယ်၊ သူတို့က တစ်မျိုးဆီပဲနော်'

'ဟုတ်တယ် ငါ့မြေး၊ အဆိပ်ပြင်းတဲ့ မြွေတွေထဲမှာ ငန်းမြွေအုပ်စုဝင် မြွေတွေက ငန်းတော်ကျား၊ ငန်းပုတ်၊ ငန်းစောင်း၊ ငန်းမြွေတွေပဲ။ တခြားမြွေတွေနဲ့ အရောင်မတူဘူး။ အနက်ဝါကျား၊ ထင်သာမြင်သာရှိတယ်။ မြွေသူတော်၊ မြွေဘုရင်လို့ အသိအမှတ်ပြုကြတယ်။ တွင်းအောင်းနေတာက များတယ်။ ငန်းတော်ကျားမြွေရဲ့ချေးက မည်းနက်နေတယ်။ သူရှိတဲ့နေရာက ပြောင်ချောနေတယ်။ တခြားမြွေ၊ အဆိပ်ရှိတဲ့ သတ္တဝါတွေ မနေဘူး။ တခြားမြွေမျိုးစုံက အစာရှာပေးရတယ်။ ငန်းတော်ကျားက အဲဒီလောက် ဘုန်းရှိတယ်။ လူကို ကိုက်ခဲတယ်။ ကိုက်ရင်လည်း ဆေးမမီတာက များတယ်။ အဲဆိပ်အပုပ်၊ အချုပ်ဓာတ်ရှိတယ်။ ဒါကြောင့် ပိုပြင်းတဲ့အဆိပ်ဖြစ်တာ'

'ငန်းတော်ကျားက အံ့သြဖို့ကောင်းတယ်'

'ဒီမှာ ခဏ,ခဏတွေ့တယ်။ ဘယ်သူမှ အကိုက်မခံရဘူး'

အဘိုးက စကားကို ခေတ္တနားပြီး ရေနွေးသောက်ရင်း ကြံသကာကို ဝါးလိုက်သည်။ လွင်လွင်ကျော်ဦးဆောင်းကိုညီကြီး အိမ်လည်ရာမှ ပြန်လာခဲ့သည်။ နောက်တစ်မှာက



www.burmeseclassic.com

www.burmeseclassic.com

အဖော်ပါလာသေးသည်။ အိမ်ပေါ်တက်၍ ကျွန်တော်နှင့် လွင်လွင်ကျော်နားတွင် ဝင်ထိုင်လိုက်ကြသည်။

ကိုညိုကြီးက-

'ကိုထွန်း..ဘယ်နေ့က ရောက်လဲ။ ဟိုဘက်ရွာမှာ ငါးရက်ကြာသွားတယ်ဗျာ'

'မနေ့ကပဲ ရောက်တာ။ ဒါ ကျွန်တော့်အဘိုး။ အင်္ဂရတ်၊ တိုင်းရင်းဆေးသမားတော် ဆရာဝိုင်းတဲ့'

'ဟုတ်ကဲ့ အဘ၊ လွင်လွင်ကျော်က ကျွန်တော့်တူပါ။ ကိုထွန်းနဲ့ကျတော့ ညီအစ်ကိုလိုပါပဲ'

'အေး..အေး..ဒါနဲ့ အဲ..ငန်းတော်ကျား၊ ပြီးတော့ ငန်းမြွေ။ သူကလည်း အဆိပ်ပြင်းတယ်။ ကျင်းဝတ်နေတတ်တယ်။ ကျင်းထဲကိုဝင်တာ မဟုတ်ဘူး။ သူ့ချေးက ညိုပုတ်ပုတ်အရောင်။ ချုံ၊ ကိုင်း၊ ဖက်ရွက်၊ သစ်ရွက်ပုံတွေအောက်မှာ လှဲနေတယ်။ သူ့အဆိပ်ကလည်း အပုပ်ဆိပ်။ ချုပ်တဲ့ဓာတ်ပါတယ်။ ဒါကြောင့် အဆိပ်ပြင်းတာ ချုံပုတ်ပေါ်တို့၊ ချောင်ကြိုချောင်ကြား ကတ်ကတ်သတ်သတ်မှာနေတတ်တဲ့မြွေက ငန်းပုတ်မြွေပဲ။ သူက အလစ်အချောင်စောင့်တဲ့မြွေ။ ချေးအရောင်က အဝါ။ အမည်နဲ့လိုက်တဲ့မြွေက ငန်းစောင်းမြွေပဲ။ သူ့ကိုယ်နဲ့ခေါင်း ပါး



ပျဉ်းက တည့်တည့်မနေဘူး။ တစ်ဖက်ကို စောင်းနေတယ်။ သူ့ကိုတွေ့ရင် ခေါင်းမစောင်းတဲ့ဘက်က ပြေးရတယ်။ ငန်းစောင်းမြွေအမတွေ သားပေါက်ရင် ငန်းစောင်းမြွေက လူကို ပိုလိုက်တယ်။ တောင်ကမူ၊ တောင်ကုန်း၊ ကျောက်တုံးကျောက်တောင်တွေ ကျောက်ခဲရှိတဲ့ နေရာတွေမှာ အနေများတယ်။ လယ်ကွင်း ကွင်းစပ်၊ သစ်ခေါင်း၊ ကလိုင်တွေမှာလည်း အနေများတယ်။ ချေးအရောင်က အဝါ၊ အဆိပ်က အပုပ်ဆိပ်။ နောက်ကြောက်စရာကောင်းတဲ့မြွေမျိုးက'

အဘိုးက စကားကို မနားတမ်းပြောနေသည်။ ကျွန်တော်က အဘိုးကို လှမ်းကြည့်လိုက်ရာ အဘိုးနားလည်သည့်သဘောနှင့် ခေါင်းညိတ်ပြပြီး စကားကို ဆက်၍ ပြောလိုက်သည်။

'သစ်တက်ငန်း ဆိုတာကလည်း အဆိပ်ပြင်းလို့ ကြောက်စရာကောင်းတဲ့ မြွေမျိုးပဲ။ အေးတာကိုကြိုက်လို့ သစ်ပင်ပေါ်၊ သစ်ခေါင်း၊ သစ်ခွစုံတွေမှာ နေတယ်။ သစ်ပင်ပေါ်မှာနေတုန်း အောက်က ကျွဲ၊ နွား၊ လူတွေ ဖြတ်သွားရင် ကိုယ်ကို လိမ့်ချတတ်တယ်။ ထိရင်လည်း ပတ်လိုက်တာ မြန်တယ်။ သူက အန္တရာယ်ပိုပေးတယ်။ သူတို့ငန်းမျိုးတွေက သစ်တက်ငန်းရယ်၊ ငန်းစောင်းရယ်၊ ငန်းပုပ်ရယ် သုံးမျိုးက ညနေစောင်း နေဝင်မိုးချုပ်မှာ ပိုကိုက်တတ်တယ်။ အဲဒီလိုအချိန်မှာ အကိုက်ခံရတဲ့လူဟာ ပိုပြီးခံရတယ်။ အပုပ်ချိန်ဖြစ်လို့ အဆိပ်ပြင်းတာရော အပမီတာရောပေါ့ကွယ်'

'ဟုတ်ကဲ့ အဘိုး။ ဘိုး ဘုရားရှိခိုး'

'အေး..အေး..ငါ့မြေး၊ အဘိုး ဘုရားရှိခိုးဦးမယ်။ ပုတီးလည်း စိပ်ရင်းပေါ့။ မင်းတို့လည်း နားကြတော့။ ကျန်တာ မနက်ဖြန်ကျမှ ဆက်ပြောမယ်'

'ဟုတ်ကဲ့ အဘိုး'

အဘိုးက နေရာမှထသွားသည်။ ကျွန်တော်နှင့် လွင်လွင်ကျော်၊ ဦးညိုကြီး၊ သူ့အဖော်၊ ဖိုးကျစ်၊ မောင်ကြည် (နောက်မှသိရ)တို့လည်း ကျန်ခဲ့ပြီး ဆက်ထိုင်ကြသည်။

လွင်လွင်ကျော်က-

'ဟေ့ ဖိုးကျစ်၊ ကိုကြည် ဒီအစ်ကိုက ရန်ကုန်က ဘဘကြီးက အစ်ကိုရဲ့အဘိုး၊ ကိုထွန်းလို့ အစ်ကိုကိုခေါ်တယ်'

www.burmeseclassic.com

www.burmeseclassic.com

'ဟုတ်ကဲ့၊ ဟုတ်ကဲ့'

'ဟုတ်ကဲ့၊ ဒါနဲ့ ကိုသန်းရွှေသမီး အကြီးမလေး ပိုးထိလို့ဆို'

'ဟုတ်တယ် ကိုကြည်၊ ဒီဘဘပဲ ကုပေးလိုက်တာ။ မနက်တစ်ခါ သွားကုဦးမယ်'

'အေး..တို့လည်း လိုက်မယ်လေ'

'ကဲ..ညဥ့်နက်ပြီ။ မနက်ဖြန်မှ ထပ်စုံကြရအောင်'

'အေး..အေး'

'ကဲ..ပြန်မယ်'

ဖိုးကျစ်နှင့် မောင်ကြည်တို့ ပြန်သွားသည်။ ကျွန်တော်လည်း မယဉ် ပြင်ပေးထားသော အိပ်ရာပေါ် လှဲချလိုက်သည်။ အဘိုးက ဘုရားရှိခိုးတုန်းပင်။

◆◆◆

နံနက်မိုးလင်းသည်ဆိုလျှင် တောကြက်ဖများ ရွာ၏နာရီများဖြစ်သည်။ အိပ်ရာမှ နိုးလာသူတို့က လယ်ယာကိုင်း၊ ဥယျာဉ်ခြံအလုပ်ကိုလုပ်ရန် အလုပ်ခွင် ဝင်နိုင်ကြသည်။ ကျွန်တော်လည်း အိပ်ရာမှ နိုးလိုက်သဖြင့် ခေါင်းရင်းမှ အဘိုးကိုကြည့်လိုက်ရာ အဘိုးက ဘုရားရှိခိုးပြီး၍ ပုတီးစိပ်နေသည်။ အိပ်ရာမှထပြီး မျက်နှာသစ်လိုက်သည်။ မယဉ်က ပဲပြုတ်နှင့် ထမင်းကို ရေနွေးကြမ်းဝိုင်းနှင့် အသင့်ပြင်ထားသည်။ အဘိုး ဘုရားရှိခိုး၊ ပုတီးစိပ် အမျှဝေ မေတ္တာပို့၍ပြီးမှ ကျွန်တော်နှင့် အဘိုးက ရေနွေးကြမ်းဝိုင်းတွင် ထိုင်လိုက်ကြသည်။

ခဏအကြာတွင် ကိုသန်းရွှေနှင့် လူတစ်ယောက် ရောက်ရှိလာပြီး အဘိုးကို ပင့်ခေါ်လေသည်။

'ဆရာကြီး..အခုကြွနိုင်ရင် အိမ်မှာ နံနက်စာ အဆာပြေ သုံးဆောင်ရအောင် ကြွပါခင်ဗျာ'

'ကွယ်..ဒုက္ခရှာ အလုပ်ပိုပါတယ်ကွယ်။ အခုလည်း ဒီမှာ စားပြီးပါပြီ။ မောင်ရင့်အိမ်ကို လိုက်မယ်။ ကလေးမလေးရော သက်သာရဲ့လား'

'ဟုတ်ကဲ့ပါ ဆရာကြီး၊ ညကပဲ သတိရပါတယ်။ ရေတောင်းလို့ ဆရာကြီးပေးခဲ့တဲ့ ရေကိုတိုက်တာ ပြန်အိပ်သွားပါတယ်'

'အေးပါကွယ်၊ ပျောက်သွားမှာပါ။ ကဲ..ငါ့မြေးရေ၊ သွားကြရအောင်'

'ဟုတ်ကဲ့ အဘိုး၊ လွယ်ကျော်ရော လိုက်မယ်မဟုတ်လား'

'ဟုတ်ကဲ့ အစ်ကိုထွန်းရေ၊ တစ်ခါတည်းလိုက်မယ်'

ရွာလယ်လမ်းအတိုင်းလျှောက်ပြီး ကိုသန်းရွှေ၏အိမ်ဝိုင်းထဲကို ရောက်သည်တွင် ဧည့်ကြိုလူနာမေး၊ ဆရာကြည့်များက အိမ်အပြည့် ရောက်နေကြသည်။ အဘိုးအိမ်ပေါ်ကို လှမ်းတက်တော့ လမ်းဖယ်ပေးကြပါသည်။ ကလေးမလေး၏အမေက အိပ်နေတဲ့ ကလေးမလေးဘေးမှာ ထိုင်နေသည်။ အဘိုးက ဘုရားရှိခိုးလိုက်သည်။

ပြီးမှ ဂါထာတစ်ပုဒ်ကိုရွတ်ရင်းမှ ကလေးမလေး၏နဖူးစမ်းပြီး-

'ကဲ..ကဲ..မြေးမလေး ထထိုင်။ ငါ့မြေးကို နေကောင်းအောင် လုပ်ပေးမယ်'

အဘိုးပြောလိုက်သဖြင့် ကလေးမလေးက ထိုင်လိုက်သည်။ ခေါင်းငုံ့၍ ဘေးဘယ်ညာကို လှည့်ကြည့်လိုက်သည်။

'ငါ့မြေးလေး နေကောင်းသွားအောင် ဘုရားရှိခိုးလိုက်ပါကွယ့်။ ပြီးတော့ မေမေကြီးကိုလည်း ရှိခိုးလိုက်နော်'

ကလေးမလေးက ဒူးတုပ်ပြီး လက်အုပ်ချီ၍ ထိုင်လိုက်သည်။ ကျန်လူများက သေချာကြည့်နေကြသည်။

'ကဲ..ကဲ..ငါ့မြေးလေး၊ ဘုရားရှိခိုးပြီးရင် ဘိုးဘိုးကြီး ဆိုပြသလို လိုက်ဆိုနော်။ ငါ့မြေး နေကောင်းသွားမယ်၊ ဟုတ်လား'

ကလေးမလေးက ခေါင်းညိတ်ပြသည်။ ကိုညိုကြီးနှင့် ဖိုးကျစ်၊ မောင်ကြည်တို့က အိမ်ပေါ် တက်လာကြသည်။ အဘိုးက ကလေးမလေးကို-

'ငါ့မြေး လိုက်ဆို၊ မွေးသမိခင် ကျေးဇူးရှင်မေမေ သမီးပြောမိသမျှကို ရှိခိုးတောင်းပန်ပါတယ်မေမေ။ ကဲ..ပြော'

'မွေး..မွေးသမိခင် ကျေးဇူး..ဇူးရှင် မေမေ၊ သ..သမီး ပြောမိသမျှကို ရှိခိုးတောင်းပန်ပါတယ် မေမေ။ ဟီး..ဟီး'

အမေကို ကန်တော့ပြီး ကလေးမလေးမှာ အူလိုက်သည်းလိုက် ငိုလိုက်လေသည်။ မိခင်ဖြစ်သူကလည်း ငိုနေသည်။ ကြည့်နေသူများက ဘာမှမသိ၍ ဟိုကြည့်သည် ကြည့်နှင့် ကြည့်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com

'ငါ့မြေးလေး နေကောင်းပါပြီ။ ဘိုးဘိုးကြီးလည်း ဘာမှမပြောပါဘူး။ မေမေကလည်း ဘာမှပြောမှာမဟုတ်ပါဘူး ငါ့မြေးရဲ့။ တိတ်...တိတ်၊ မေမေ့ဆီသွား၊ နေကောင်းပြီကွယ်'

'မေမေ'

'သမီး...သမီးလေ'

ယခုမှပင် အားလုံးက ဝမ်းသာသွားသည်။ ကိုသန်းရွှေက အဘိုး၏ အနားကိုကပ်ပြီး လက်အုပ်ချီ၍ တစ်ခုခုကိုပေးလိုက်သည်။ အဘိုးက လက်ကာပြီး-

'မောင်ရင်၊ အဘ လက်မခံပါရစေနဲ့။ ကလေးအတွက်ကို အရဏ်ဆွမ်းပို့ လှူပေးလိုက်ပါ။ ကဲ..အဘပြန်မယ်။ အားလုံး အေးချမ်းသွားပါပြီ။ မနေ့ကပေးတဲ့ ရေမန်းကို ပွားပြီး အိမ်ဘေးပတ်လည်၊ ခြံပတ်လည် ပက်ဖျန်းပေးလိုက်ပါ။ ကဲ..ပြန်မယ်'

အဘိုးက ပြန်မည်ဆို၍ ကလေးမလေးက အမေကို ဖက်ထားတာလွှတ်ပြီး အဘိုးကို ကန်တော့သည်။

အဘိုးက-

'အိမ်း..ငါ့မြေးလေး အများမိစ္ဆာကင်းလို့ မိရင်းဖရင်းနဲ့ သက်ဆုံးတိုင်နေနိုင်ပြီး ပူပင်ကြောင့်ကြ ကင်းပါစေဗျာ'

အဘိုးက ပြောရင်းမှ ထိုင်ရာမှ ထလိုက်သည်။ ကျွန်တော်ကပါ လိုက်၍ထလိုက်သဖြင့် ကိုသန်းရွှေက-

'ဆရာကြီးရယ်..မနက်စာ ဒီမှာစားပါ ဆရာကြီး'

'မလုပ်ပါနဲ့ကွယ်။ နေမကောင်းတဲ့ ကလေးနဲ့ လုပ်ကိုင်ရတာက သိပါတယ်ကွယ့်'

လွင်လွင်ကျော်ကပါ ထ၍လိုက်လာသည်။ ကိုသန်းရွှေတို့အိမ်မှပြန်ပြီး လွင်လွင်ကျော်အိမ်တွင် ရေနွေးကြမ်းဝိုင်းနှင့် ထိုင်ဖြစ်ကြသည်။ ကိုညိုနှင့် ဖိုးကျစ်၊ မောင်ကြည်တို့ပါပြန်လာကြပြီး နောက်ထပ်လူငယ်နှစ်ယောက်ပါ ရောက်လာသည်။ ထိုင်ပြီးကြပြီး အဘိုးက-

'ကဲ..ကဲ..မောင်ဘယ်သူနဲ့ မောင်သန်းရွှေ ဟုတ်လား။ သူ့သမီးလေးကို ပိုးထိတာ အဘိုးက လိမ်းဆေးပေး ရေမန်းတိုက် ဆေးလေးတစ်ခွက်တိုက်ပြီး ကုတာလို့ ပဲမြင်ကြမယ်။ အေး..အဘိုးပြောတာကို နားထောင်ပါ။ အပြစ်လည်း မမြင်ကြနဲ့။ ဘာမှလည်း ထပ်မပြောကြပါနဲ့။ ကလေးက မာတာပိတုကံ ထိုက်သွားတာ'

'ဗျာ'

ကျွန်တော်ကအစ အားလုံးက ဟာ..ဟာင်ဖြစ်ကုန်ကြသည်။ အဘိုးက ဒါကိုကြည့်ပြီး ခပ်ပြုံးပြုံးနဲ့ပဲ-

'ဒီလိုကွ၊ အမေလုပ်သူက မိုးချုပ်ပြီ။ နောက်ဖေးကို မသွားနဲ့၊ မြွေပါးကင်းပါးလို့ ပြောလိုက်တာကို သမီးက အဲဒီမြွေက အမေ့ကိုကိုက်မှာ၊ ကင်းကလည်း အမေ့ကို ကိုက်မှာလို့ ပြောလိုက်မိတယ်။ တိုက်တိုက်ဆိုင်ဆိုင်ပဲ ထင်းပုံထဲက မြွေကအထွက် ကလေးမလေးက ထင်းချောင်းကို ဆွဲလိုက်တော့ မြွေက လန့်ပြီးကိုက်လိုက်တာ။ တော်သေးတယ်၊ နာမသွားလို့ အဆိပ်မပြင်းတာ။ နေဝင်ချိန်ဆိုတော့ ဘေးကပုဂ္ဂိုလ်က လှမ်းပြီးကပ်လိုက်တာ။ စားရသောက်ရပြီ ဆိုပြီးပေါ့လေ။ အဘိုးရောက်တော့ ထွက်ပြေးသွားတယ်။ အဲဒါပါပဲကွယ်'

အဘိုးရဲ့ စကားဆုံးတော့ အားလုံးက ဟင်းချပြီး ခေါင်းညိတ်ကြသည်။ အဘိုးကပင် ဆက်၍-

'ကဲ..ငါ့မြေးရော၊ မောင်လွင်ကျော်ရော ကျန်တဲ့လူငယ်တွေပါ မှတ်ထားကွယ့်။ အဆိပ်ချတဲ့ မန္တန်ဆိုတာ ရှိတယ်။ အဲဒါက ဘယ်လိုအဆိပ်ရှိတဲ့ သတ္တဝါပဲဖြစ်ဖြစ် အဆိပ်ကို ကျစေတယ်။ စိန္တာမဏိမန္တန်ပဲကွယ့်။ အဘိုးက အဲဒါကို အမြဲရွတ်တော့ အဆိပ်ကို နိုင်တယ်လေ။ အားလုံးကို ဒီစိန္တာမဏိမန္တန်ကို ရွတ်စေချင်တယ်'

**<u>အဘိုးရွတ်ပြသော စိန္တာမဏိအောင်ဂါထာ</u>**

ဇေယျတု သဗ္ဗမင်္ဂလံ ဩောင်း၊ အြွံ ဟြီ
မတ္တပဂ်ဇ ပိဋက ပြီဟြီစ မာဟိမြို့ ဗာဟိမြို့
ဗျစမြို့ နရစမြို့၊ ဗေဒါ အာဠာ ဂျုရဟာ
သျှုသျှုဂစသျှု၊ စိန္တာမုနိကော မြိုမြို တွံတြာ
အြွံ အြွံ လင်္ဂဇံ ကြုံကြုံ ဗန္ဓုမေ ဇယျမင်္ဂလံ။

'ကဲ..ကဲ..အဲဒီစိန္တာမဏိအောင်ဂါထာကို ရအောင် ကျက်ကြ။ ငါ့မြေးတွေအတွက် အကျိုးရှိပါတယ်ကွ'

'ဟုတ်ကဲ့ပါ အဘိုး'

ကျွန်တော်နှင့် ကျန်လူများကပါ ဟုတ်ကဲ့ဟု ပြောကြသည်။ လူငယ်များအဖို့မှာ မကြားဖူးသော ဂါထာမန္တန်ဖြစ်၍ ထူးဆန်းနေမည် ဖြစ်ပေမည်။ ကျွန်တော့်အတွက်ကတော့ အဖိုးထိုက်သည့်ရတနာကို ရလိုက်သကဲ့သို့ပင် ဖြစ်ပါသည်။

စိုးယဉ်[illegible]



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

နံနက်ခင်းနေရောင်ခြည်နှင့် ရွှေတိဂုံစေတီတော်မြတ်ကြီးမှ ရောင်စဉ်များ ဖြာလက်လျှက်ရှိပါသည်။ ဦးမောင်မောင်ညွှန့်သည် ဓမ္မာရုံကအပြန် ကြားတောရလမ်းမှ ဘုရားအရှေ့မုခ်သို့ ကားကို ဦးတည်မောင်းလာခဲ့သည်။ နံနက်ခင်းတွင် ဘုရားသို့ တက်သူများ၍ ဘုရားမှ ပြန်ဆင်းလာသူက နည်းချိန်ဖြစ်သည်။

ဗဟန်းဈေးဘက်သို့ ကွေ့ရမည်ဖြစ်၍ ကားကို အရှိန်လျှော့လိုက်စဉ် မြင်လိုက်ရသည့်မြင်ကွင်းကြောင့် ကားကို ဆက်မမောင်းသေးဘဲ လမ်းဘေးကပ်၍ ရပ်လိုက်သည်။

လူအုပ်ထဲတွင် အသက်နှစ်ဆယ် အတွဲညီလှသော စုံတွဲတစ်တွဲ ဘုရားပေါ်က ဆင်းလာသည်ကို မြင်လိုက်ရသည်။






www.burmeseclassic.com

www.burmeseclassic.com

အမျိုးသမီး၏ မျက်နှာမှာ ကြည်လင်ဝင်းပ၍ ပျော်ရွှင်နေဟန်ရှိလှသည်။ ရုပ်ရည်တင့်တယ်လှသော စုံတွဲဖြစ်၍ ရှေ့သွားနောက်လိုက် ညီလှသည်။ ထိုအမျိုးသမီးမှာ ဦးမောင်မောင်ညွန့်၏ တစ်ဦးတည်းသောသမီး မေဇော်ဖြစ်သည်။ ဦးမောင်မောင်ညွန့်က မနက်စောစော ဓမ္မာရုံသို့ သွားရန်ရှိကြောင်း ပြောစဉ်က သမီးမေဇော်က သူလည်း သူငယ်ချင်းနှင့်အတူ ဘုရားကိုသွားမည်ဟု ပြန်ပြောသည်ကို အမှတ်ရလာသည်။

သမီး၏ သူငယ်ချင်းဆိုသူမှာ တိုလူရွယ် ဖြစ်နိုင်သည်။ ဦးမောင်မောင်ညွန့် စဉ်းစားနေစဉ် ထိုစုံတွဲသည် ဗဟန်းဈေးထောင့်သို့ ရောက်သည်နှင့် တောင်ဘက်သို့ ကွေ့သွားပြီး ပါဂျဲရိုးကားပေါ်တက်၍ မောင်းထွက်သွားသည်ကို မြင်လိုက်ရသည်။ ဦးမောင်မောင်ညွန့်သည် မူလက သွားရန် ရည်ရွယ်ထားသည့် ဗဟန်းဈေးဘက်သို့ မသွားတော့ဘဲ ပါဂျဲရိုးကား၏အနောက်သို့ လိုက်ခဲ့သည်။

ဘုရားလမ်း ဦးထောင်ဗိုလ်မီးပွိုင့်တွင် ပါဂျဲရိုး မီးနီစောင့်နေ၍ ဦးမောင်မောင်ညွန့်လည်း ရပ်လိုက်ရသည်။ ပါဂျဲရိုးနှင့် သူ့ကားအကြားတွင် ကားသုံးစီး ရှိနေသဖြင့် သမီးမေဇော် သူ့ကို မမြင်နိုင်လောက်ဟု ထင်ရသည်။

မေဇော်၏မေမေ ကွယ်လွန်ချိန်က မေဇော်မှာ ဆယ်နှစ်အရွယ်မှစ၍ အဖေနှင့်သမီး နှစ်ဦးတည်း နေလာခဲ့ကြခြင်း ဖြစ်သည်။ ဦးမောင်မောင်ညွန့်သာ အဖေ၊ ဦးမောင်မောင်ညွန့်သာ အမေ။ တစ်ဦးအပေါ်တစ်ဦး လျှို့ဝှက်မှုမရှိဘဲ ပွင့်ပွင့်လင်းလင်း ဆက်ဆံခဲ့ကြသည်။

ယနေ့ သမီးက သူငယ်ချင်းနှင့်အတူ ဘုရားသွားမည် ပြောခဲ့သော်လည်း သူငယ်ချင်းမှာ ယောကျ်ားသူငယ်ချင်းဟု မပြောခဲ့သဖြင့် ထူးခြားနေပါသည်။ လွန်ခဲ့သော နှစ်နှစ်ခန့်က မောင်မင်းမော် ဆိုသူနှင့် ချစ်သူဖြစ်ခဲ့စဉ်က အဖေကို တိုင်ပင်ပြီးမှ ချစ်သူကို အဖြေပေးခဲ့ခြင်း ဖြစ်သည်။ ထိုအတွေ့အကြုံအရ သမီးကို ရာနှုန်းပြည့် ယုံကြည်ထားခဲ့ရာ ယနေ့ သမီးက လျှို့ဝှက်သည်ဟုထင်၍ နောက်လိုက်ကြည့်ခဲ့ခြင်း ဖြစ်သည်။

မီးပွိုင့်လွတ်သည်နှင့် ပါဂျဲရိုးကားနောက်သို့ ဆက်၍လိုက်ခဲ့သည်။ ရှေ့ကကားသည် ဦးဝိစာရလမ်းအတိုင်း ဝိဇယရုပ်ရှင်ရုံအနီးတွင် အရှေ့သို့ ကွေ့သွား၍ နောက်က လိုက်ခဲ့သည်။ ရှေ့ကားသည် သံလွင်လမ်းထဲသို့ ကွေ့၍ ဝင်သွားမှ သမီးကို အိမ်ပြန်ပို့ခြင်းဖြစ်မည်ဟု တွေးမိပါသည်။

သံလွင်လမ်းတွင်းသို့ ရောက်သည့်အခါ ကြားတွင် အခြားကား မရှိတော့သဖြင့် ကားကို နှေးနှေးသာ မောင်းခဲ့သည်။ ပါဂျဲရိုးကားသည် အိမ်ရှေ့တွင် ရပ်သည်ကို မြင်လိုက်ရသဖြင့် စတိုးဆိုင်ရှေ့တွင် ကားကိုရပ်လိုက်ပြီး သူတို့နှစ်ယောက်၏ အခြေအနေကို စောင့်ကြည့်နေခဲ့သည်။

ကားရပ်၍ ကားပေါ်က နှစ်ဦးဆင်းကာ အိမ်ရှေ့သို့ လျှောက်သွားကြသည်ကို မြင်ရသည်။ မေဇော်က သော့ထုတ်ပြီး အိမ်တံခါးဖွင့်၍ အိမ်ထဲသို့ ဝင်သည်နှင့် လူရွယ်က ကားပေါ်တက်၍ မေဇော်ကို လက်ပြပြီး မြောက်ဘက်သို့ ကားမောင်း၍ ထွက်သွားပါတော့သည်။

ဦးမောင်မောင်ညွန့်သည် ကားကို မောင်း၍ အိမ်ရှေ့တွင် ရပ်လိုက်သည်။ ကားရပ်သည်နှင့် မေဇော်က တံခါးဖွင့်ပေးသဖြင့် အိမ်ထဲသို့ ဝင်ခဲ့ပါသည်။ မေဇော်က အဖေကို ကြိုဆိုနှုတ်ဆက်လိုက်ပါသည်။

'သမီးလည်း အခုပဲ ရောက်ပါတယ် ဖေဖေ'

'ဖေဖေ သမီးတို့ကားနောက်က လိုက်လာခဲ့တာပါ'

'ဒါဆို ကိုမောင်မောင်ဦးကို ဖေဖေ မြင်လိုက်တာပေါ့နော်'

'သမီးနဲ့ ဘုရားသွားတဲ့ သူငယ်ချင်းဆိုတာ အဲဒါ လူရွယ်လား'

'ဟုတ်ပါတယ် ဖေဖေ။ သူနဲ့ ဘုရားသွားတာပါ'

'သူငယ်ချင်းပဲလား၊ ချစ်သူတွေ မဟုတ်သေးဘူးလား'

'ချစ်သူဖြစ်ရင် ဖေဖေ့ကို အသိပေးမှာပေါ့။ သူငယ်ချင်းအဆင့်ပဲ ရှိသေးလို့ ဖေဖေ့ကို မပြောသေးတာပါ'

'သမီးနဲ့ သူက ဘယ်မှာတွေ့ခဲ့ကြတာလဲ'

'သမီး တက္ကသိုလ်တက်တုန်းက ကျောင်းမှာ တွေ့ခဲ့တာပါ။ ဖေဖေ အကဲခတ်နိုင်အောင် တစ်နေ့ အိမ်ကို ဖိတ်ခေါ်လိုက်ပါမယ်'

'ဖေဖေက သမီးကို ယုံပါတယ်။ သမီး သူ့ကို ရွေးချယ်မယ်ဆိုရင် ဖေဖေ မကန့်ကွက်ပါဘူး။ ဖေဖေက သမီးကို အိမ်ထောင်ပြုစေချင်ပါတယ်။ အဖေတစ်ခု သမီးတစ်ခု ရာသက်ပန်နေသွားရအောင် ထားခဲ့တဲ့ ကတိကို

www.burmeseclassic.com

www.burmeseclassic.com

ဖျက်လိုက်ကြရအောင်ပါ။ ဖေဖေ အသက်ကြီးပါပြီ။ သမီးကို စိတ်ချသွားရအောင် အိမ်ထောင်ပြုစေချင်ပါတယ်။ သမီးသာ သူ့ကို နှစ်နှစ်ကာကာ ချစ်တယ်ဆိုရင် ဖေဖေ သဘောတူပေးနိုင်ပါတယ်'

'သမီးက သူ့ကို အဖြေမပေးရသေးတော့ သူငယ်ချင်းအဆင့်ပဲ ရှိပါသေးတယ်။ ဖေဖေက ခွင့်ပြုနိုင်တယ်ဆိုရင် သမီး သူ့ကို အဖြေပေးပါ့မယ်'

ဦးမောင်မောင်ညွန့် ဝမ်းသာမိပါသည်။ အဖေနှင့်သမီး ရာသက်ပန် အိမ်ထောင်မပြုရန် ကတိထားခဲ့ကြသော်လည်း သမီး၏ နောင်ရေးအတွက် စဉ်းစားရတော့မည်။ သမီးအတွက် အရေးကြီးသော ကိစ္စကြီးတစ်ခုက ရှိသေးသည်။

မေဇော် မမွေးခင်ကပင် မေဇော့်အတွက် သတင်းကကြိုရခဲ့သည်။ မေဇော်၏အမေ အိပ်မက်‚မက်ခဲ့သည်။ အိပ်မက်ထဲတွင် ဘိုးတော်ကြီးတစ်ဦးက မေဇော့်ကို အပ်နှံသည်။

'မေဇော်ကို ယာယီလက်ခံပေးပါ။ အသက်(၁၈)နှစ် (သို့မဟုတ်) နောက်ကျရင် အသက်(၂၀)မှာ ပြန်ခေါ်မှာပါ။ သူ့ကို စောင့်ရှောက်ခအဖြစ် ထိုက်တန်အောင်ပေးပါ့မယ်။ ထို့သို့ဖြင့် မေဇော် လူ့ဘဝ ရောက်ခဲ့ရသည်။

ဦးမောင်မောင်ညွန့်သည် မိဘလက်ထက်က နေခဲ့သော အင်းလျားလမ်းနေအိမ်တွင် နေခဲ့ရာ မေဇော် စကားပြောတတ်သောအရွယ်တွင် သံလွင်လမ်းက လူမနေသော ခြံကြီးကို ဝယ်ပေးရန် ပူဆာပါတော့သည်။ ခြံပိုင်ရှင်မှာလည်း ရင်းနှီးသူဖြစ်ပြီး နိုင်ငံခြားတွင် နေထိုင်သူဖြစ်၍ နောက်မှ ငွေချေရန်ပြောပြီး သင့်တင့်သောဈေးနှင့် ထိုခြံကြီးကို ဝယ်လိုက်သည်။ မေဇော် ထိုနေရာတွင် တိုက်ဆောက်ပေးရန် ပူဆာသဖြင့် သုံးထပ်တိုက်ဆောက်ခဲ့ပါသည်။ ကံအားလျော်စွာ တိုက်ဆောက်ရန် မြေကျင်းတူးရာတွင် ရွှေဒင်္ဂါးများ ရလိုက်သဖြင့် ခြံကြီးထဲတွင် သုံးထပ်တိုက်နှစ်လုံး တစ်ပြိုင်တည်း ဆောက်လုပ်နိုင်ခဲ့သည်။

မေဇော်ပြောသည့် မြေနေရာတွင် တိုက်ဆောက်ခြင်းမှ ရတနာများရသဖြင့် သမီးကို မွေးရကျိုးနပ်လေပြီဟု သိလိုက်ရသည်။ သိုက်က လာသည်မှာ သေချာပြီဖြစ်၍ အသက်(၁၈)နှစ်နှင့် (၂၀)များတွင် သိုက်သို့ ပြန်မသွားရလေအောင် ကြိုးစားရန်သာ ရှိတော့သည်။ မမျှော်လင့်ဘဲ မေဇော်၏မေမေ ဆုံးပါးသွားသဖြင့် အဖေနှင့်သမီး နှစ်ဦးသာ ကျန်ခဲ့ရသည်။ မေဇော် ဆယ်တန်းအောင်သည်နှင့် ရန်ကုန်တက္ကသိုလ်သို့ ပို့ခဲ့သည်။ မေဇော် ဒုတိယနှစ်တွင် နည်းပြဆရာလေး ကိုမင်းမော်နှင့် ချစ်သူဖြစ်ခဲ့ကြသည်။ ချစ်သူကို အိမ်သို့ခေါ်လာပြီး မိတ်ဆက်ပေးသဖြင့် သိခွင့်ရခဲ့သည်။

မောင်မင်းမော်၏ မိဘများမှာ နယူးဇီလန်တွင် နေထိုင်ကြပြီး သူကိုယ်တိုင်ပင် ရန်ကုန်တက္ကသိုလ်က ဘွဲ့တစ်ခုယူရန်ရှိ၍ ပြန်လာချိန်ဖြစ်သည်။ မောင်မင်းမော်မှာလည်း အပြစ်ပြောစရာမရှိအောင် ရည်မွန်သည့် လူတော်တစ်ယောက် ဖြစ်ပါသည်။ ဦးမောင်မောင်ညွန့်က မောင်မင်းမော်ကို သဘောကျပြီး သမီးနှင့် သဘောတူခဲ့သည်။

သမီးတွင် ပြဿနာကြီးတစ်ခုရှိသဖြင့် မောင်မင်းမော် သိထားသင့်သည်ထင်၍ သမီး၏ ဘဝပေးအခြေအနေကို ပြောပြလိုက်သည်။ မောင်မင်းမော်မှာ ဦးမောင်မောင်ညွန့်၏ စကားကို ကြားရသော်လည်း တုန်လှုပ်ခြင်း အလျှင်းမရှိပါ။

'ဒါတွေက ရှေးက အယူအဆတွေပါ ဦးရယ်။ အခုလို တိုးတက်နေတဲ့ခေတ်မှာ ဒီအယူအဆတွေဟာ ရယ်စရာ ဖြစ်နေပါပြီ'

'မောင်မင်းမော်က ယုံကြည်မှုမရှိတာ ကြားရတော့ ဦး ဝမ်းသာပါတယ်။ ကြိုတင်အသိပေးသင့်တယ် ထင်လို့ ပြောရတာပါ'

'ကျွန်တော်က မေဇော်ကို အသက်ပေးပြီး ချစ်တာပါ။ အကယ်၍ မေဇော်သာ အသက်ပေးလိုက်ရရင် ကျွန်တော်လည်း လိုက်သွားဝံ့ပါတယ်'

'ကောင်းပါတယ်ကွယ်။ မောင်ရင်တို့ နှစ်ယောက်ရဲ့ မေတ္တာကို အကြွင်းမဲ့ယုံပါတယ်။ ဒါပေမဲ့ ဦးအကြံပေးချင်တာက မေဇော် အသက်(၁၈)နှစ်ပြည့်အောင်စောင့်ပြီးမှ လက်ထပ်ရင် ပိုကောင်းမယ် ထင်ပါတယ်'

'ဦးပေးတဲ့ အကြံက သင့်လျော်ပါတယ်။ မေဇော်(၁၈)နှစ်ပြည့်ပြီးမှ လက်ထပ်ဖို့ကိစ္စ စီစဉ်ကြတာပေါ့'

မောင်မင်းမော်က သူ့စကားကို အလွယ်တကူ လက်ခံလိုက်သော်လည်း ဦးမောင်မောင်ညွန့်မှာ ရတက်မအေးနိုင်အောင် ရှိနေဆဲပင်ဖြစ်သည်။

အိပ်မက်ပေးပြီးမှ ရောက်လာသော မေဇော်ပြော

www.burmeseclassic.com

www.burmeseclassic.com

ချက်ချင်း ချမ်းသာလာပုံများကို တွေးလိုက်ပါက ရင်ခုန်နေခဲ့ရပါသည်။

မေဇော်မှာလည်း သူ့ဘဝကို မေ့နိုင်အောင် ကြိုးစားရန် ကိုမင်းမော်နှင့် တတွဲတွဲနေခဲ့ကြသည်။ မေဇော် ပျော်နေပုံကိုမြင်ရ၍ ကျေနပ်ရသော်လည်း မေဇော် အသက်(၁၈)နှစ်ပြည့်ခါနီးလေ ဦးမောင်မောင်ညွန့် ရင်ခုန်လေဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ရာသီစက်ဝန်းက ရပ်နားမနေသဖြင့် မေဇော် အသက်ပြည့်ရန် အလွန်နီးကပ်လာခဲ့ပါတော့သည်။

လက်ထပ်ရန်အတွက် ကိုမင်းမော်က သူ့မိဘများကိုခေါ်ရန် နယူးဇီလန်သို့ ပြန်ခဲ့ပါသည်။ ထိုအချိန် အလွန်ကြောက်ဖွယ် ပေါက်ကွဲမှုကြီးတစ်ခု ပေါ်ပေါက်လာခဲ့သည်။ ကိုမင်းမော် လိုက်ပါသွားသော လေယာဉ် ရုတ်တရက်ပျက်ကျသွားခဲ့ခြင်းဖြစ်သည်။ မေဇော်မှာ ဝမ်းနည်းကြေကွဲမှုများကို ပွေ့ပိုက်ရင်း (၁၈)နှစ်ကို အောင်မြင်စွာ ကျော်ဖြတ်နိုင်ခဲ့ပါသည်။ ကိုမင်းမော်က မေဇော့်အတွက် အိမ်ထောင်မပြုဖြစ်အောင် အသက်ပေးသွားရခြင်းများ ဖြစ်လေမလားဟု တွေးတောစရာ ဖြစ်ရသည်။ ထိုကိစ္စကြီးဖြစ်ပြီးနောက် မေဇော်မှာ အချစ်ရေးကို ထိတ်လန့်ပြီး နောက်ထပ်အိမ်ထောင်ရေး မစဉ်းစားတော့ဘဲ အဖေနှင့်အတူ ရာသက်ပန် နေထိုင်သွားရန် ဆုံးဖြတ်လိုက်ပါတော့သည်။

ဦးမောင်မောင်ညွန့်သည် ဧည့်ခန်းတွင်ထိုင်ရင်း မေဇော့်အကြောင်းကို တွေးတောနေခဲ့သည်။ ယနေ့မြင်ခဲ့ရသော မောင်မောင်ဦးမှာ မေဇော်နှင့် ရှေ့သွားနောက်လိုက်ညီသဖြင့် ကန့်ကွက်ရန်မရှိအောင် ရှိပါသည်။ မေဇော်ကိုလည်း အိမ်ထောင်ပြုစေချင်ပါသည်။ သူသည် အသက်ခြောက်ဆယ်ကျော်လာပြီဖြစ်၍ သူ မရှိတော့သည့်နောက် မေဇော်ကို တစ်ယောက်တည်း မထားရက်အောင်ရှိသဖြင့် စိတ်ပူရတော့သည်။

သူမြင်ရသည့် လူရွယ်မှာ မေဇော်နှင့် အတွဲညီ လိုက်ဖက်သဖြင့် ခွင့်ပြုနိုင်သည့်အနေအထားတွင် ရှိပါသည်။ မေဇော်၏ ဘဝဇာတ်ကြောင်းက ရှိနေခဲ့သဖြင့် မောင်မင်းမော်ကို အသိပေးခဲ့သလို မောင်မောင်ဦးကို ဘဝအဖြစ်မှန်ပြောပြထားသင့်သည်ဟု ထင်ပါသည်။

မေဇော်ကို ကြည့်ရသည်မှာ တစ်နေ့ထက်တစ်နေ့ ပိုမိုရွှင်လန်း တက်ကြွနေပါသည်။ တစ်ရက်ခြား အပြင်သို့ သွားလေ့ရှိသဖြင့် မောင်မောင်ဦးနှင့် ချစ်သူဖြစ်လောက်ပြီဟု ခန့်မှန်း၍ရပါသည်။

တစ်နေ့နံနက်ခင်းတွင် ဦးမောင်မောင်ညွန့် တစ်ဦးတည်း သတင်းစာဖတ်နေစဉ် အိမ်ရှေ့တွင် ကားတစ်စီး ရပ်လိုက်သည်ကို သတိထားမိသည်။ ကားပေါ်က လူရွယ်တစ်ဦး ဆင်းလာပြီး အိမ်ထဲသို့ ဝင်လာသည်ကို မြင်ရ၍ ဦးမောင်မောင်ညွန့်က စတင်နှုတ်ဆက်လိုက်သည်။

'မောင်မောင်ဦး ထင်ပါရဲ့နော်'

'ဟုတ်ပါတယ် ဦး။ ကျွန်တော် မောင်မောင်ဦးပါ'

'မေဇော်နဲ့ ချိန်းထားလို့လား'

'မေဇော် မသိပါဘူး ဦး။ ဦးနဲ့ တွေ့ရအောင် လာခဲ့တာ'

'ကောင်းပါရဲ့ကွယ်။ တွေ့ရတာ ဝမ်းသာပါတယ်။ လာပါ၊ ထိုင်ပါကွယ့်'

ဧည့်ခန်းတွင် မျက်နှာချင်းဆိုင် ထိုင်ခုံတွင်ထိုင်ရန် ညွှန်ပြလိုက်သည်။ မောင်မောင်ဦး နေသားတကျ ထိုင်လိုက်ပြီးမှ ဦးမောင်မောင်ညွန့်က မေးပါသည်။

'မောင်မောင်ဦးက ဘာအလုပ်များ လုပ်ကိုင်ပါသလဲ'

'ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ပါတယ် ဦး'

'ဘယ်မှာနေထိုင်ပါသလဲကွယ်'

'လောလောဆယ်တော့ ပန်းဆိုးတန်းမှာ တိုက်ခန်းဝယ်ပြီး နေပါတယ်'

'မောင်ရင်ရဲ့ မိဘတွေကရော'

'ဖေဖေနဲ့မေမေက မိုးကုတ်မှာ နေပါတယ် ဦး'

'မောင်ရင်နဲ့ မေဇော်တို့ ချစ်သူတွေ ဖြစ်ကြပြီလား'

'ဟုတ်ကဲ့၊ ချစ်သူဖြစ်ကြပါပြီ'

'မောင်ရင်က မေဇော်အကြောင်း ဘာတွေသိထားသေးသလဲ'

'ကျွန်တော် မေဇော်အကြောင်းသိအောင် မကြိုးစားပါဘူး ဦး။ ဒါပေမဲ့ မေဇော်ပြောပြထားလို့ သိသင့်သလောက်တော့ သိပြီးပါပြီ'

'မေဇော်မှာ ဝထမချစ်သူ ရှိခဲ့တာကိုရော သိရဲ့လား'



www.burmeseclassic.com

www.burmeseclassic.com

'ကိုမင်းမော်နဲ့ လက်ထပ်မယ့်ဆဲဆဲ ကိုမင်းမော်ကွယ်လွန်သွားတဲ့အကြောင်း မေဇော်ပြောပြလို့ သိထားပါတယ်။ တစ်ယောက်နဲ့တစ်ယောက် မေတ္တာစစ်နဲ့ချစ်ကြရာမှာ အတိတ်က အကြောင်းတွေက အရေးမပါဘူး ထင်ပါတယ် ဦး'

'ဒါပေမဲ့ မေဇော်ရဲ့ဘဝက အများနဲ့မတူဘဲ ထူးခြားနေတယ်လေ'

'မေဇော် သိုက်ကလာတယ်ဆိုတဲ့ကိစ္စလား။ အသက် (၁၈)နှစ်မှာ သိုက်က ပြန်ခေါ်မယ်။ (၁၈)နှစ်မှာ မခေါ်ရင် အသက်(၂၀)မှာ သိုက်ကို ပြန်သွားရမယ့်ကိစ္စလား'

'မောင်ရင့်ကို သမီးက အပြည့်အစုံ ပြောထားပြီးပြီကိုး။ ဒါတွေကို သိလျက်နဲ့ မောင်ရင် ရှေ့ဆက်တိုးဖို့ စဉ်းစားရဲသလား'

'ဒီအခက်အခဲလောက်နဲ့ ကျွန်တော် နောက်မဆုတ်ဘူး ဦး။ ကျွန်တော့်အနေနဲ့ ရှေးဆန်တဲ့ အယူအဆတွေကို လက်မခံနိုင်ပေမယ့် မေဇော့်အတွက် အစီအစဉ်တစ်ခုကြိုတင်စီမံထားတာရှိပါတယ်။ ပုပ္ပားမှာ တရားကျင့်နေတဲ့ ကျွန်တော့်ဘကြီးက ဒီကိစ္စအောင်မြင်အောင် ကူညီမယ်လို့ ပြောထားပါတယ်'

ထိုအချိန် မေဇော်က ကော်ဖီဗန်းကိုကိုင်၍ ဧည့်ခန်းသို့ ဝင်လာပါသည်။

'သမီးက မောင်မောင်ဦး ရောက်နေတာကို သိနေသကိုး'

ဦးမောင်မောင်ညွန့်က မေဇော့်ကိုကြည့်ပြီး ပြောလိုက်သည်။

'ကိုဦး လာမယ်ဆိုတာ သမီး ကြိုပြီး မသိပါဘူး ဖေဖေ။ ဖေဖေတို့ စကားပြောသံတွေကြားမှ သမီးသိတာပါ။ ဖေဖေတို့ ပြောတာတွေ သမီး အစအဆုံးကြားပြီးပါပြီ။ ကဲ…ကိုဦး၊ ကော်ဖီသောက်ပါဦး'

မေဇော်က မောင်မောင်ဦး၏ရှေ့တွင် ကော်ဖီခွက်ချပေးလိုက်ပြီး ဦးမောင်မောင်ညွန့်၏ဘေးတွင် ဝင်၍ထိုင်လိုက်သည်။

'သမီး ဖေဖေတို့ပြောတာတွေ အစအဆုံးကြားပြီးပြီဆိုတော့ နှစ်ယောက်လုံးကို ဖေဖေမေးမယ်။ လက်ထပ်ဖို့ကိစ္စ စဉ်းစားပြီးကြပြီလား'

'ကိုဦးက အမြန်ဆုံးစီစဉ်ချင်နေတယ်။ ဒါပေမဲ့ သမီးက လာမယ့်ဇန်နဝါရီလမှာ အသက်နှစ်ဆယ်ပြည့်မှာဆိုတော့ လက်ထပ်မယ့်ကိစ္စကို ဖေဖော်ဝါရီလရောက်မှ လုပ်ချင်တယ်'

'မေဇော်က အသက်နှစ်ဆယ်အတွက် စိတ်ပူနေပုံရတယ်။ မေဇော် စိတ်ချမ်းသာမယ့်နေ့ ရွေးပါ။ ကျွန်တော် လက်ခံပါ့မယ်။ ဒါဆို ကျွန်တော် ကိစ္စလေးတစ်ခုရှိလို့ ခွင့်ပြုပါဦး။ မေဇော်…သွားပြီနော်'

မောင်မောင်ဦး စကားဝိုင်းကိုဖြတ်ကာ အားလုံးကို နှုတ်ဆက်၍ ပြန်ထွက်သွားပါသည်။ ထိုညက ဦးမောင်မောင်ညွန့် ဘုရားရှိခိုးပြီးစ မေဇော်၏အသံကို ကြားလိုက်ရသည်။

'ဖေဖေ…ဖုန်းလာပါတယ်'

ဦးမောင်မောင်ညွန့် ဖုန်းကိုကိုင်၍ မေးလိုက်သည်။

'ဟုတ်ကဲ့၊ အိမ်နဲ့ရှိပါခင်ဗျာ'

'ကိုညွန့်လား'

ကြားဖူးသလိုရှိသည့် လေသံဖြစ်၍ အသံရှင်ကို စဉ်းစားနေစဉ် တစ်ဖက်က ထပ်၍မေးပြန်သည်။

'ဦးမောင်မောင်ညွန့်ပါလားခင်ဗျာ'

'ဟုတ်ပါတယ်၊ မောင်ညွန့်ပါ'

'ကိုညွန့် ကျုပ်အသံကို မမှတ်မိဘူးလား'

'ကြားဖူးသလိုရှိလို့ စဉ်းစားနေတာပါ'

'ကျုပ် ဝေလင်းလေဗျာ'

ဦးမောင်မောင်ညွန့် အံ့သြသွားသည်။ ထိုအသံသည် ကိုဝေလင်း၏အသံ အမှန်ဖြစ်သည်။ ရန်ကုန်တက္ကသိုလ် တက်စဉ်က အင်းဝဆောင်တွင် ကိုဝေလင်းနှင့် တစ်ခန်းတည်းအတူ နှစ်နှစ်နေခဲ့ရသည်။ လူချင်း ပြန်မတွေ့ရသည်မှာ နှစ်ပေါင်းကြာခဲ့ပြီ။

'ဟာ…ကိုဝေလင်း၊ မတွေ့တာကြာပြီ။ ဘယ်က အဆက်အသွယ်ရလာတာလဲ။ ဖုန်းနံပါတ် ဘယ်ကရသလဲ။ ဘာကိစ္စ အကြောင်းထူးရှိလို့လဲ'

'ထူးတာပေါ့ ကိုညွန့်ရာ၊ သားရေးသမီးရေးကိစ္စ တော့ မင်္ဂလာကိစ္စပြောချင်လို့ ဆက်တာပေါ့ဗျာ'

'ဘယ်လိုဗျ၊ ကျုပ်နားမလည်ဘူး။ ရှင်းအောင်ပြော ပါဦး'

'ခင်ဗျားရှင်းအောင် ပြောရရင် မောင်မောင်ဦး ကျုပ်တို့ရဲ့ တစ်ဦးတည်းသောသားဗျ။ မနက်ဖြန်

www.burmeseclassic.com

www.burmeseclassic.com

ခင်ဗျားနဲ့ တွေ့ခဲ့ပြီပြောလို့ ကျုပ် ဖုန်းဆက်လိုက်တာ။ ဒါဆို ခင်ဗျားရှင်းလောက်ပါပြီ'

'ဪ ..မောင်မောင်ဦးက ကိုဝေလင်းရဲ့သားကိုး။ တိုက်ဆိုင်လိုက်တာဗျာ'

'ကျုပ်သားဆိုတော့ သဘောမတူဘူး ပြောမလို့လား'

'ကိုဝေလင်းရာ ..ခင်ဗျားနဲ့ကျွန်တော်က ညီအစ်ကို တွေလို နေလာတာ။ ခင်ဗျားသားလည်း ကျုပ်သား၊ ကျုပ် သမီးလည်း ခင်ဗျားသမီးပဲပေါ့။ ဘာပြောစရာရှိတော့ မလဲ။ ဝမ်းသာစရာချည်းပေါ့ဗျာ'

'မောင်ဦးပြောလို့ ကျုပ်သိပြီးပါပြီ။ အခုမှ ကျုပ်တို့ တကယ်အမျိုးတော်ခွင့် ရတာပဲဗျို့။ ကဲ ..နောက်နေ့မှ ဆက်ပြောကြတာပေါ့ဗျာ'

ဦးဝေလင်းက ဖုန်းချသွားသည့်တိုင် ဦးမောင်မောင် ညွန့်မှာ ဖုန်းကိုကိုင်ထားဆဲဖြစ်သည်။ ငယ်သူငယ်ချင်းနှင့် ပြန်တွေ့ရ၍ ဝမ်းသာခြင်းထက် ဆွေမျိုးတော်ရတော့မည် ဖြစ်၍ အလွန်ဝမ်းသာလျက်ရှိပါသည်။ ထိုညက ဦးမောင် မောင်ညွန့် ဝမ်းသာလွန်း၍ အိပ်မပျော်အောင် ရှိခဲ့ပါသည်။

နောက်လတွင် ဦးဝေလင်းတို့မိသားစု ရန်ကုန်ရောက် လာကြသည်။ မိသားစုနှစ်စုပေါင်းမှ မိသားတစ်စု ဖြစ်ရ တော့မည်ဖြစ်၍ အားလုံးပျော်ရွှင်နေကြပါသည်။ မင်္ဂလာပွဲ ကို ချက်ချင်းပြုလုပ်လိုသော်လည်း မေဇော်၏သန္တကြောင့် စောင့်ဆိုင်းနေခဲ့ကြရသည်။

ဦးဝေလင်းက မေဇော်၏ဘဝကို သိသည်နှင့် သူ၏ အစ်ကိုကြီးကို ဖုန်းဆက်ခေါ်ရာ နှစ်ရက်အကြာတွင် ဘိုး တော် ရောက်လာပါသည်။ ဘိုးတော်က အားလုံးဝမ်းသာ အောင် ပြောပါသည်။

'ဘာမှမစိုးရိမ်ကြနဲ့။ ကျုပ်က သိုက်ဆက်ဖြတ်ပေးခဲ့ တာ များလှပြီ၊ အောင်မြင်တာချည်းပဲ။ မင်္ဂလာပွဲအစစ အဆင်ပြေမှာပါ'

ဘိုးတော်၏စကားကို ကြားရမှ အားလုံး သက်ပြင်း ချနိုင်ကြတော့သည်။

ဘိုးတော်နှင့် တွေ့ပြီးနောက် အားလုံးစိတ်ချမ်းသာ သွားကြသည်။ မင်္ဂလာပွဲကို အောင်မြင်ရတော့မည်ဟု အားလုံးက ယုံကြည်သွားကြသည်။ မင်္ဂလာပွဲအတွက် ဟိုတယ်စီစဉ်ခြင်း၊ ဧည့်ခံကျွေးမွေးရန် ပြင်ဆင်ခြင်းနှင့် ဖိတ်ကြားရမည့် လူစာရင်းများ ပြုစုခဲ့ကြသည်။ မင်္ဂလာ ကိစ္စကို ပျော်ရွှင်စွာစီစဉ်ရင်း အချိန်များက တစ်ရက်ပြီး တစ်ရက် ကုန်ဆုံးခဲ့ရသည်။ မောင်မောင်ဦးကလည်း မိုး ကုတ်သို့ ပြန်သွားပါသည်။ မေဇော်က ရက်စောပြီး ပြန် လာရန် အထပ်ထပ်မှာသဖြင့် မေဇော် အသက်နှစ်ဆယ် ပြည့်မည့်နေ့တွင် အရောက်ပြန်လာမည်ဟု ပြန်ကြားခဲ့ပါ သည်။ မေဇော်၏ မွေးနေ့ကလည်း ရောက်ရှိလာခဲ့ပြီ ဖြစ်ပါသည်။

အစစအဆင်ပြေချောမွေ့နေရာမှ မေဇော်၏ မွေးနေ့ အရောက်တွင် ထိတ်လန့်စရာက ပေါ်လာတော့သည်။ မေဇော့်မှာ မနက်ဖြန် မောင်မောင်ဦး ပြန်ရောက်တော့မည် ဖြစ်၍ အသက်နှစ်ဆယ်ကို ကောင်းမွန်စွာ ဖြတ်ကျော်နိုင် ခဲ့သဖြင့် မောင်မယ်နှစ်ဦး ကြည်နူးနိုင်တော့မည် ဖြစ်ပါ သည်။ တွေးလိုက်တိုင်း ကြည်နူးလွန်းသဖြင့် ထိုညက အိပ်မပျော်နိုင်အောင် ရှိနေပါသည်။ မိုးလင်းခါနီးမှ အိပ် ပျော်သွားခဲ့ရာ အိပ်ပျော်သည်နှင့် ထိတ်လန့်စရာနှင့် ရင် ဆိုင်ရတော့သည်။ မုတ်ဆိတ်ဖြူဘိုးဘိုးကြီး ရောက်လာ သည်။

'လူဆိုတာ ကတိတည်ရတယ်။ မင်းက ကတိပျက် ချင်တယ်။ လူပြည်ကို သွားချင်လှပါချည်ရဲ့ တောင်းပန် လို့ ခွင့်ပြုပေးခဲ့တာ။

မင်းက ကတိသစ္စာ မတည်ချင်ဘူး။ ချက် ချင်းပြန်လာရမယ်'

မုတ်ဆိတ် ဖြူကြီးက





www.burmeseclassic.com

www.burmeseclassic.com

ပြောပြီးသည်နှင့် ပျောက်ကွယ်သွားပါသည်။ မေဇော်မှာ အိပ်မက်လား၊ တကယ်လား ဝေခွဲမရအောင် ရှိနေပါတော့သည်။

နံနက်လေးနာရီတွင် တယ်လီဖုန်းမြည်လာသဖြင့် ဦးမောင်မောင်ညွန့်က နားထောင်လိုက်သည်။

"ကိုညွန့်လား၊ ဝေလင်းပါ။ ကြေကွဲစရာတွေတော့ ဖြစ်ကုန်ပြီ။ ညက မောင်ဦး ကားနဲ့ ထွက်သွားတယ်။ အမြန်လမ်းမကြီးမှာ ကားချင်းတိုက်မိလို့ ကွယ်လွန်သွားပြီ။ ကျုပ်လည်း သတင်းရရချင်း လိုက်ခဲ့တာ အခု အလောင်းကို ကိုယ်တိုင်မြင်လိုက်ရလို့ သေချာသွားပြီ။ မေဇော့်ကိုတော့ ချက်ချင်းအသိမပေးပါနဲ့ဦး။ ဒါပဲ သူငယ်ချင်းရေ"

ဦးမောင်မောင်ညွန့် ပြန်မေးခွင့်မရအောင် တစ်ဖက်က ဖုန်းကိုချလိုက်သည်။ ဦးမောင်မောင်ညွန့်မှာ ရင်ခုန်နေသဖြင့် ပြန်အိပ်၍ မရနိုင်တော့သဖြင့် ပန်းခြံထဲဆင်း၍ လမ်းလျှောက်နေခဲ့သည်။ အဖြစ်အပျက်များမှာ မြန်ဆန်လွန်းသောကြောင့် မယုံကြည်နိုင်အောင် ရှိနေပါသည်။

မိုးလင်းမှ အိမ်ပေါ်သို့ပြန်တက်ခဲ့သည်။

သမီး အိပ်ရာက မနိုးသေးသဖြင့် သမီးအိပ်နိုင်အောင် တံခါးကို ညင်သာစွာဖွင့်၍ အခန်းထဲသို့ ဝင်ခဲ့သည်။ ပြန်အိပ်၍လည်း မရသဖြင့် စိတ်ကိုတည်အောင် ဘုရားခန်းသို့ဝင်၍ ဘုရားရှိခိုးနေခဲ့သည်။ စိတ်က လှုပ်ရှားနေသဖြင့် မည်သို့ပင် ကြိုးစားသော်လည်း အာရုံမရအောင် ရှိနေပါသည်။

ဘုရားခန်းက ထွက်၍ သမီးအခန်းကို ကြည့်ရာ အိပ်ရာမထသေးသည်ကို တွေ့သဖြင့် သမီးအတွက် စိတ်ပူရပြီး သမီး တစ်ခုခုများ ဖြစ်လေသလားဟု စိတ်မောစွာ သမီးအခန်းကိုကြည့်ရာ တံခါးပွင့်နေသဖြင့် အခန်းထဲသို့ ဝင်ကြည့်ရာ ခေါ်မရသဖြင့် လှုပ်နှိုးသော်လည်း မနိုးတော့ဘဲ အသက်မရှိတော့ကြောင်း သိရတော့သည်။ သမီး အသက်ကို ပြန်ယူ၍ မရနိုင်တော့ကြောင်း သဘောပေါက်မိပါသည်။ ထိုနေ့သည် သမီး အသက်နှစ်ဆယ် ပြည့်သောနေ့ ဖြစ်ပါသည်။

**ကောင်းသော်**


နှစ်ပေါင်း(၃၀)ကျော် အကြားအမြင် ပေါသက်ရှိခဲ့သော

# ဆရာကြီးအရဟံဆရာအောင်

## အကြားအမြင် ဂမ္ဘီရပညာပါရမီရှင်

**မော်လမြိုင်၊ ခေါင်းဆေးကျွန်း၊ ပဲခူး၊ ဒေးဒရဲ၊ သန်လျင် ကျောက်တန်း ဘုရားတည်နယ်လှည့်သာသနာပြု**

- ပညာရေးကိစ္စများ၊ စာမေးပွဲအတွက် လိုအပ်ချက်များ၊ နိုင်ငံခြားကိစ္စ၊ သင်္ဘောလိုက်ရန်နှင့် အလုပ်အကိုင်ဝင်ငွေကောင်းရန်ကိစ္စ။
- စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရန်ကိစ္စ၊ တိုက်အိမ်၊ ခြံ၊ မြေ၊ ကား အမြန်ရောင်းဝယ်ရေး၊ ဆိုင်၊ ကုမ္ပဏီ၊ ပွဲရုံလုပ်ငန်း မော်ဒယ်လုပ်ငန်းများ အမည်ပေးခြင်း၊ အချစ်ရေး မင်္ဂလာအခါပေးခြင်း၊ ကလေးနာမည်ပေးခြင်း၊ အိမ်ထောင်ရေးကိစ္စများ (မူလအိမ်ထောင်ရှင်ဘက်မှသာ ဆောင်ရွက်သည်)၊ ပစ္စည်းပျောက်၊ လူပျောက်။
- ရာထူးတိုးတက်ရေး၊ ပြောင်းလဲရေး၊ တည်မြဲရေး၊ အကြွေးကိစ္စများ၊ အမှုအခင်းကိစ္စများ၊ သားသမီးများကို လိမ္မာယဉ်ကျေးပြီး မိဘစိတ်တိုင်းကျဖြစ်စေရန်တို့ကို ဓာတ်ရိုက်၊ ဓာတ်ဆင် အာမခံ၍ ဆောင်ရွက်သည်။ ကံစမ်းလုပ်ငန်းများနှင့် ထီကိစ္စများအတွက် အထူးဆောင်ရွက်သည်။

နေ့စဉ် နံနက် ၈:၀၀ နာရီမှ မွန်းတည့် ၁၂:၀၀ နာရီ တနင်္လာနေ့ပိတ်သည်

မင်္ဂလာဟောခန်း - အမှတ်(၈)၊ ဆူးလေဘုရားအဝိုင်း၊ ရန်ကုန်မြို့။

ဖုန်း - ၀၉ ၇၃၁ ၅၃၁၈၈၊ (၀၅၆)၂၁၆၀၉ (အိမ်)

အိမ် - နေ့စဉ် ညနေ(၆:၀၀)နာရီနောက်ပိုင်း၊

အမှတ်(၁၇) အောင်နီလာလမ်း၊ အောင်မင်္ဂလာရပ်၊ သန်လျင်၊ နံ့သာကုန်းမှတ်တိုင်။ ဖုန်း-၀၉ ၅၁ ၁၂၁၄၆




www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်တို့၏ ဇာတ်အဖွဲ့ နောက်ပိုင်းဇာတ်ထုပ်ကြီး ကနေစဉ်မှာပင် သျှောင်တစ်ထုံး မောင်ဘုန်းဆိုသော လူကြီးနှင့်အတူ လူလေးငါးယောက်မျှ ပါရှိသော ပွဲကြိုများ ရောက်နှင့်နေကြ၏။ ထို့ကြောင့် ကျွန်ုပ်တို့ ဇာတ်အဖွဲ့သူ အဖွဲ့သားတချို့မှာ မိမိတို့၏ ပစ္စည်းပစ္စယများကို သိမ်းဆည်းထားကြရ၏။

ဇာတ်စင်ပေါ်၌ ကပြနေကြသော ဇာတ်သူဇာတ်သား အချို့မှာလည်း ပွဲကူးရမည်ကို ကြိုတင်သိရှိထားသော ကြောင့် ဇာတ်ထုပ်ကို အမြန်ပြီးစီးအောင် တက်သုတ်ရိုက်ကာ ကပြနေကြ၏။

အရှေ့ယွန်းယွန်းဆီမှ ရောင်နီဦးက ပျို့အန်ထွက်လာမည့် အရိပ်အယောင်များ ပြနေ၏။ မကြာမီ ဇာတ်ထုပ်ကြီး ကပြပြီးစီးသွားပြီဖြစ်သောကြောင့် ပြည်ဖုံးကားချ၍ ဆိုင်းဝိုင်းမှ ဖြောခေါက်ကာ ဇာတ်ပွဲပြီးကြောင်း သင်္ကေတသံ



# ချစ်မင်းသူ

## မနုဿ မဟုတ်သော မနုဿ

www.burmeseclassic.com

www.burmeseclassic.com

ပေး၍နေ၏။ ဇာတ်သူဇာတ်သား အားလုံးမှာလည်း ပွဲကူး ရမည်မို့ ပျော်ရွှင်ကာ မိမိတို့၏ အထုပ်အပိုးများကို ပြင် ဆင်ကာ အသင့်စောင့်နေကြ၏။ ဇာတ်ရုံနောက်အပြင် ဘက်တွင်ကား ပွဲကြိုလာသည့် နွားလှည်းတန်းကြီးကို ကြည့်မဆုံးအောင် မြင်နေရ၏။ ထိုစဉ်-

'ဇာတ်ဆရာ..ကျွန်တော်တို့ အခု ဘယ်ရွာမှာသွားပြီး ကရမှာလဲ'

ပြဇာတ်မင်းသား ကိုစိမ်းအောင်က ကျွန်ုပ်၏အနီးသို့ ကပ်၍ တိုးတိုးမေး၏။ ထိုအခါမှ ကျွန်ုပ်မှာ ခေါင်းနား ပန်းကြီးသွားရ၏။ မနေ့ကလာ၍ ပွဲငှားသူ ဦးမောင်ဘုန်း တို့ မောင်နှမမှာ ဇာတ်ကြေးငွေ စရန်ပေးသွားခဲ့သော် လည်း စာချုပ်ချုပ်ဆိုသွားခြင်း မရှိ။ ရွာအမည်ကိုလည်း ပြောမထားခဲ့။ ထို့ပြင် ဘယ်နှစ်ည ကပြရမည်ကိုလည်း အတိအကျ ပြောမသွားဘဲ ဇာတ်ပွဲလိုက်ကပေးရန်သာ တတွတ်တွတ်ပြောပြီး ပြန်သွားခဲ့၏။ ထိုသူတို့ ပြန်သွားမှ ကျွန်ုပ်မှာ ရွာအမည်မေးရန် မေ့သွားမှန်း သတိရ၏။

သို့စေကာမူ စရန်ငွေ ကြိုတင်ပေးသွားသည့်အပြင် ပွဲကြိုလာသည်ဖြစ်လေရာ ရွာအမည် မသိသော်လည်း အရေးမကြီးမှန်းသိ၍ ကျွန်ုပ်မှာ စိတ်ပေါ့ပေါ့ပင် ထား လိုက်၏။ ယခု ကိုစိမ်းအောင် ထပ်လာပြောမှ ကျွန်ုပ် စိတ်ထဲ တစ်မျိုးတစ်မည် ထင့်သွား၏။

ထို့ကြောင့် ဦးမောင်ဘုန်းအနီးသို့ သွားကာ-

'နောင်တော်ကြီး..အခု ကျွန်တော်တို့ သွားကရမယ့် နောင်တော်ကြီးတို့ ရွာအမည်က ဘယ်လိုခေါ်ပါသလဲ ခင်ဗျ'

'ကုက္ကိုကုန်း'

ဦးမောင်ဘုန်း၏ စကားသံ ကြားပြီးသည့်နောက်ပိုင်း ကျွန်ုပ်မှာ တွေဝေသွားရ၏။ ထို့ကြောင့် နောက်ပိုင်း ဆက် မေးမည့် စကားတို့မှာ နှုတ်ပိတ်သွားရတော့၏။ သူ့အမိန့် သံကိုသာ နားစွင့်နေမိ၏။

'ကဲ..ကဲ..အချိန်ရှိတုန်း ကျုပ်တို့ သွားကြရအောင်။ အဆင်သင့်ဖြစ်ရင် လှည်းပေါ်ကို တက်ကြ။ ဒီက ညီအစ် ကိုတော် ဇာတ်ဆရာလည်း လှည်းပေါ်တက်။ ကဲ..သွား ကြမယ်ဟေ့'

သျှောင်တစ်ထုံး မောင်ဘုန်းဆိုသူက နွားလှည်းပေါ် သို့ စတင်တက်ရင်း ကျွန်ုပ်ကိုလည်း တက်စေလိုက်၏။ ပြီးနောက် စီတန်းရပ်ထားသည့် ကျွန်ုပ်တို့နောက်ဘက်ရှိ နွားလှည်းမောင်းသမားတို့အား ကျယ်လောင်စွာ အော်ပြော ၍ အမိန့်ပေးလိုက်၏။ သူ၏ အမိန့်သံဆုံးသည်နှင့် ကျွန်ုပ် စီးသော ရှေ့ဆုံးနွားလှည်းက စတင်မောင်းနှင်လိုက်ရာ နောက်မှ နွားလှည်းများလည်း မောင်းလိုက်လာကြ၏။

'တောက်..ဒီနွားတွေ တယ်နှေးနေပါလား။ တယ်'

နွားလှည်းမောင်းသူ၏ ကြိမ်းမောင်းသံ မဆုံးမီမှာပင် ပြေးထွက်သွားသော နွားလှည်း၏ အမြန်နှုန်းကြောင့် နွား လှည်းစီးရသည်နှင့် မတူတော့။ လေယာဉ်ပျံစီး၍ သွား ရသည့်နှယ် တူ၏။ တစ်ခါတစ်ရံ တိမ်စိုင်တိမ်တိုက်တွေ အကြား ဖြတ်သန်းသွားသည့်နှယ် ထင်ရ၏။ တစ်ခါတစ် ရံ လဟာပြင်တစ်ခုခုကို ဖြတ်သွားသလို ခံစားရ၏။ သို့သော် ကျွန်ုပ်၏ ကိုယ်သည်ကား ယိုင်လဲမသွား။ ထို့ ကြောင့် ကြောက်စိတ်ဝင်မိကာ ကျွန်ုပ်နောက်ဘက်ရှိ နွား လှည်းတန်းကို လှမ်းမျှော်ကြည့်မိ၏။

ကျွန်ုပ်စီးသော နွားလှည်းနောက်မှ ကပ်ပါလာသော နွားလှည်းတန်းကြီးမှာလည်း နွားလှည်းပေါင်း အစီးနှစ် ဆယ်ကျော် သုံးဆယ်နီးပါးမျှ ရှိမည် ထင်ရ၏။ ထိုနွား လှည်းအားလုံးသည်လည်း ကျွန်ုပ်စီးသော နွားလှည်း နောက်မှ ထက်ကြပ်မကွာ လိုက်လာနေကြ၏။ မကြာမီ တောအုပ်၊ လွင်ပြင်၊ တောင်ကုန်းများကို အဆင့်ဆင့် ဖြတ်ကျော်ပြီးနောက် ကုက္ကိုပင်များ အုံ့ဆိုင်းလျက် သာ ယာဖွယ်ကောင်းသော ရွာတစ်ရွာသို့ ဆိုက်ရောက်လာ၏။

'ကဲ..ကျုပ်တို့ရွာတော့ ရောက်ပြီ။ ညီအစ်ကိုတော် တို့အဖွဲ့က ဇာတ်ပစ္စည်းတွေယူပြီး ဇာတ်ပွဲကဖို့ ပြင်ဆင် ပေတော့။ မကြာခင်မှာ အားလုံး နံနက်စာစားဖို့ ကျုပ် တို့ လာပို့ပေးပါ့မယ်။ ကျုပ်တို့ကိုတော့ ခေတ္တခွင့်ပြု ဦး။ ညီအစ်ကိုတော်တို့ အားလုံးအတွက် စီစဉ်ပေး လေးတွေ ရှိသေးလို့'

'ကောင်းပါပြီခင်ဗျာ'

ကျွန်ုပ်လည်း ဦးမောင်ဘုန်း၏ ပြောစကားအရ လှည်း ပေါ်မှ ဇာတ်ပစ္စည်းများကို ချစေကာ ဇာတ်စင်ရှိ ဇာတ်သမားတို့ကို လာစေလိုက်၏။ ဇာတ်စင်ထိုး သော်လည်း ဇာတ်ရုံဆောက်ထားခြင်း မရှိပေ။ ထို့ ကျွန်ုပ်တို့ကပြရမည့်ဇာတ်ပွဲမှာ ဗလာပွဲဖြစ်ကြောင်း သိလိုက်ရ၏။ ကျွန်ုပ်နည်းတူ ကျွန်ုပ်၏ အဖွဲ့သား

www.burmeseclassic.com

လည်း သိပြီးဖြစ်၏။

ကျွန်ုပ်တို့ ဇာတ်အဖွဲ့မှာ ဗလာပွဲကသော ဇာတ်အဖွဲ့ မဟုတ်ပေ။ သို့သော် တစ်ခါတစ်ရံ ပွဲငှားသူ၏ အကြိုက်ကိုလိုက်၍လည်းကောင်း၊ လူမှုရေးအရလည်းကောင်း ဗလာပွဲ ကပေးခြင်းတော့ ရှိခဲ့ဖူး၏။

ယခုလည်း ကျွန်ုပ်၏ ဇာတ်အဖွဲ့အား မြတ်နိုးစွာ ကြည့်ချင် မြင်ချင်သည်ဟု တောင်းဆိုသည်က တစ်ကြောင်း၊ ကျွန်ုပ်တို့ ဇာတ်အဖွဲ့၏ ဇာတ်ကြေးကိုလည်း ကျွန်ုပ်တောင်းဆိုသမျှ ပေးချေသည်က တစ်ကြောင်းဖြင့် ကျွန်ုပ်မှာ ဘုမသိဘမသိ ဇာတ်ကရန် လိုက်လာခဲ့ခြင်း ဖြစ်၏။ ကရမည့်နေရာရောက်မှ ဗလာပွဲကပြရမည်ဖြစ်ရာ ပြင်၍မရတော့မှန်း သိတော့၏။

ထို့ကြောင့် ဇာတ်စင်ဘေးပတ်ချာလည်တွင် ဇာတ်သူဇာတ်သားများအား နေရာထိုင်ခင်းပေးခြင်း၊ ညမိုးချုပ် ဇာတ်ကရန်အတွက် ဇာတ်ခွင်(ကန့်လန့်ကာ၊ မီး၊ စက်၊ ဆိုင်းဝိုင်း၊ ခေတ်ပေါ်တီးဝိုင်း)တို့ သူ့နေရာသူ အံဝင်ခွင်ကျဖြစ်စေရန် နေရာပေး စီစဉ်ရ၏။ ထိုသို့ ကျွန်ုပ်တို့ဇာတ်ခွင် စီစဉ်နေစဉ်မှာပင် မိန်းမပျိုငါးဦးရောက်လာကာ ကျွန်ုပ်တို့အားလုံး စားသောက်ရန် အစားအသောက်များ စီစဉ်ပေး၏။ ရောက်လာသည့် မိန်းမပျိုငါးဦးစလုံးသည် ကျွန်ုပ်တို့ ဇာတ်အဖွဲ့ထဲမှ မင်းသမီးများထက်ပင် အစစအရာရာသာ၍ ချောမွတ်ပြေပြစ်လှပေ၏။

ဇာတ်သူဇာတ်သားအားလုံးမှာ ထိုအမျိုးသမီးငါးဦးကို ကြည့်၍ အံ့သြစွာမှင်တက်နေမိကြ၏။ အထူးသဖြင့် ယောကျ်ားဇာတ်သားများက ပို၍ငေးမောကာ သဘောအကျကြီး ကျနေကြလေ၏။ ထိုအမျိုးသမီးငါးဦးစလုံးမှာ မနေ့က ကျွန်ုပ်ထံ လာသွားသည့် မြကြာဖြူဆိုသော အမျိုးသမီးကြီး၏ ဝတ်စားဆင်ယင်ပုံအတိုင်း ရှေးခေတ်အဝတ်အစားများ ဝတ်ဆင်ထားကြ၏။ ထိုမိန်းမပျိုလေးများ၏ အသားအရေမှာ ဝင်းစိုနေ၏။ သူတို့၏ကိုယ်မှ မွှေးကြိုင်သော ရနံ့များကို ရှူရှိုက်ရ၏။ ထိုမိန်းမပျိုများ ပြင်ဆင်ကျွေးမွေးသော ထမင်းဟင်းတို့မှာလည်း လွန်စွာ မြိန်ယှက်ဖွယ်ကောင်း၍ "စားချင့်စဖွယ်ဖြစ်ကာ စား၍လည်း အရသာရှိ၍ စားကောင်းလှ၏။

ကျွန်ုပ်တို့ ဇာတ်အဖွဲ့သူအဖွဲ့သားများမှာ ထိုသို့သော မြိန်ယှက်ဖွယ်ကောင်းသည့် အစားအစာများနှင့် ဝေးကွာခဲ့ရသည်မှာ ကြာပြီဖြစ်ရာ အားလုံးလိုလို ခေါင်းမဖော် အောင်စားကြတော့၏။ ထမင်းစားပြီးသည့်အခါ အချိုတည်းစရာ သစ်သီးများလည်း ကျွေးပြန်သေးရာ ကျွန်ုပ်တို့ အဖွဲ့သူအဖွဲ့သားများမှာ နတ်သုဒ္ဓါစားနေရသည့်အလားထင်မှားကြတော့၏။ မိန်းမပျိုငါးဦးကား ကျွန်ုပ်တို့အဖွဲ့အား ကျွေးမွေးပြီး မကြာခင်မှာပင် ဇာတ်ရုံမှ ပြန်သွားကြ၏။

ကျွန်ုပ်တို့ အဖွဲ့သားအားလုံးကား စားကောင်းသောက်ဖွယ်များ စားပြီးသည်ခဏ ငိုက်မျဉ်းလာကြကာ မကြာမတင်မှာပင် အလျှိုလျှို အိပ်ပျော်သွားကြတော့၏။

ကျွန်ုပ်တို့ အဖွဲ့သားအားလုံး မည်မျှအိပ်ပျော်သွားကြသည်မသိ၊ ကျွန်ုပ်တို့အားလုံး အိပ်ပျော်ရာမှ နိုးလာကြသည့် အချိန်တွင် အပြင်ပတ်ဝန်းကျင်၌ မည်းမှောင်နေပြီး ဇာတ်စင်တစ်ဝိုက်၌ကား မီးလင်းနေသည်ကို တွေ့ရ၏။ မည်သူကလာ၍ မီးစက်မောင်းသွားသည်မှန်း ကျွန်ုပ်တို့အဖွဲ့မှ မသိကြပေ။ ထိုအချိန်တွင် ဇာတ်စင်ရှေ့ရှိ မြေကွက်လပ်၌ ပွဲကြည့်ပရိသတ်များ ရောက်ရှိနေသည်ကို မြင်တွေ့ရလေ၏။ ထို့ကြောင့် ဇာတ်ပွဲကရန် ကျွန်ုပ်တို့အားလုံး အပြေးအလွှား ပြင်ဆင်ရတော့၏။

မကြာမီ ဇာတ်ပွဲထွက်ရန် အချိန်ကျနေပြီဖြစ်၍ ဇာတ်ပွဲစတင်ကလိုက်၏။ ပွဲကြည့်ပရိသတ်မှာ ကြိတ်ကြိတ်တိုးစည်ကားလှ၏။ ဇာတ်စင်အရှေ့ဘက် မြေကွက်လပ်တွင် ပွဲကြည့်ပရိသတ်မှာ ကြက်ပျံမကျ ကျပ်သိပ်နေသည်ကို ဇာတ်စင်ပေါ်မှ လှမ်းမြင်နေရ၏။ ပွဲကြည့်ပရိသတ်တို့၏ ဘေးပတ်ချာလည်၌ ဝါးလုံးဖြင့်စိုက်၍ ထွန်းထားသော ရေနံဆီမီးခွက်တိုင်ကြီးများမှာလည်း တန်းစီ၍ အစီအရီရှိနေ၏။ တစ်ခုထူးခြားသည်မှာ ပွဲကြည့်ပရိသတ် များပြားလှသော်လည်း ဈေးတန်းမရှိခြင်းပင် ဖြစ်၏။ ရှေးဘုရားပွဲတော်ဆန်သော ဤလိုရှုခင်းမျိုးကို မမြင်တွေ့ခဲ့ဖူးသော ကျွန်ုပ်တို့ အဖွဲ့သားအားလုံးမှာ အံ့သြဝမ်းသာနေကြ၏။

ဇာတ်ပွဲကြည့်သူများက ငြိမ်ကုပ်၍ ကြည့်နေကြ၏။ ဇာတ်စင်ပေါ်မှ လူရွှင်တော်များ ဟာသပြက်လုံးများ ပြက်နေသော်လည်း ရယ်သံသဲ့သဲ့ပင် မကြားရ။ မြူးမြူးကြွကြွ တေးသီချင်းများ သီဆိုနေသည့်တိုင် လက်ခုပ်တီးသံ တစ်ချက်မကြားရ။ ဇာတ်စင်ပေါ်မှ ကနေရသည့် ကျွန်ုပ်တို့၏ ဇာတ်သူဇာတ်သားများမှာ အောက်မှပရိသတ်ကိုကြည့်

www.burmeseclassic.com

ကာ အံ့သြနေကြ၏။ ကျွန်ုပ်တို့ဇာတ်အဖွဲ့ ကခဲ့သည့် ပွဲခင်းတစ်လျှောက်တွင် ဤလို ငြိမ်သက်စွာ ကြည့်တတ်သော ပရိသတ်များကို တစ်ခါဖူးမျှ ကြုံဆုံခဲ့ခြင်း မရှိလေရာ အထူးအဆန်းသဖွယ် ဖြစ်နေ၏။

သို့သော် ကျွန်ုပ်တို့ ဇာတ်အဖွဲ့သည် မိမိတို့ကရမည့် အစီအစဉ်အတိုင်း မခိုမကပ်ဘဲ ကပြလိုက်ကြ၏။ အော်ပရာ၊ ပြဇာတ်၊ နှစ်ပါးသွား စသည်ဖြင့် အစီအစဉ်တကျ တင်ဆက်ပြီး၍ နောက်ပိုင်းဇာတ်ထုပ်ကြီး တင်ဆက်ကပြနေသည့် မိုးလင်းပိုင်း ရောက်သည့်အချိန်တွင် ပွဲကြည့်ပရိသတ်များမှာ တဖြည်းဖြည်း လျော့လျော့သွားသည်ကို သတိထားလိုက်မိ၏။ နောက်ပိုင်းဇာတ်ထုပ်ကြီး ပြီးခါနီးအချိန်တွင်ကား ဇာတ်စင်ရှေ့ဘက် မြေကွက်လပ်တွင် ပွဲကြည့်သူလေးငါးဦးမျှသာ ရှိတော့၏။ သို့နှင့် ကျွန်ုပ်တို့ ဇာတ်အဖွဲ့မှ ဇာတ်သိမ်း၍ ပြည်ဖုံးကားချသောအခါတွင်ကား ပွဲကြည့်ပရိသတ်မှာ တစ်ဦးတစ်ယောက်ကိုမျှ မမြင်ရတော့။ ချက်ချင်းဆိုသလို ကြက်ပျောက်ငှက်ပျောက် ပျောက်သွားကြလေ၏။

မကြာမီ အရှေ့မိုးကုပ်စက်ဝိုင်းဆီမှ လင်းရောင်ခြည်သန်းကာ လောကကြီးကို ဖျန်းပက်ရန် အားယူလျက်ရှိနေ၏။ ထိုစဉ် သျှောင်တစ်ထုံးနှင့် မောင်ဘုန်းဆိုသူ လူကြီးနှင့် မြကြာဖြူဆိုသော အမျိုးသမီးကြီးတို့နှစ်ယောက် ကျွန်ုပ်ထံ ရောက်လာကာ နှုတ်ဆက်စကား ဆိုကြ၏။

'ခုလို ကျုပ်တို့ဆီကို တကူးတကလာပြီး ပွဲကပေးတာ အရမ်းကျေးဇူးတင်ပါတယ် ညီမောင်ရယ်'

'ဟုတ်ပါတယ် မောင်ကြီးရယ်၊ မြကြာဖြူတို့ဆီက သူတွေက ပွဲကြည့်ချင်နေကြတာ ကြာလှပြီ။ အခုမှ သူတို့ဆန္ဒ ပြည့်ဝတော့တယ်။ အဲဒီအတွက် မောင်ကြီးနဲ့ မောင်ကြီးတို့ ဇာတ်အဖွဲ့ကို ကျေးဇူးတင်ပါတယ်။ အဲဒါကြောင့် ဟောဒီပစ္စည်းလေးတွေ လက်ဆောင်ပေးပါတယ်'

မြကြာဖြူအမျိုးသမီးကြီး လှမ်းပေးသည့် ပစ္စည်းများကို ကျွန်ုပ်လှမ်းကြည့်ရာ ကျွန်ုပ်မျက်စိကိုပင် မယုံကြည်လောက်အောင် ဖြစ်သွားရ၏။ အဘယ်ကြောင့်ဆိုသော် မြကြာဖြူ လက်ဝါးပြင်ပေါ်မှ လှမ်းမြင်နေရသည့် ပစ္စည်းများမှာ ရွှေမန်ကျည်းတောင့်သုံးတောင့် ဖြစ်နေသောကြောင့်ပါတည်း။

ကျွန်ုပ်မှာ မြကြာဖြူအမျိုးသမီးကြီး လှမ်းပေးနေသည်ကို ငေးကြောင်စွာကြည့်နေမိသဖြင့် သျှောင်တစ်ထုံး မောင်ဘုန်း ဆိုသူကြီးက ဝင်၍လှမ်းပြောရင်းမှ ထိုပစ္စည်းများကို လှမ်းယူကာ ကျွန်ုပ်လက်ထဲ ထည့်ပေး၏။

'ကဲ..ယူလိုက်ပါ။ ကျုပ်တို့ကို စေတနာထားပြီး ကူညီတဲ့ ညီမောင်အတွက် ကျုပ်တို့က ပြန်ပြီး စေတနာနဲ့ ပေးတာပါ။ ညီမောင် လိုရာသုံးပါ။ ကဲ..ညီမောင်တို့အဖွဲ့လည်း တစ်ညလုံး ဇာတ်ကရတာဆိုတော့ ပင်ပန်းလှပြီ။ တစ်ရေးတစ်မော အိပ်လိုက်ကြပါဦး'

'ဒါဆိုရင် ကျွန်တော်တို့ဇာတ်အဖွဲ့ ဒီမှာ ဆက်ကပေးရဦးမှာပေါ့နော်'

'သြော်..ဒါကတော့ ညီမောင်တို့ တစ်ရေးတစ်မော အိပ်ပြီးမှ အေးအေးဆေးဆေး ဆွေးနွေးတိုင်ပင်ကြတာပေါ့။ ကဲ..ညီမောင်တို့ အနားယူလိုက်ကြပါ။ ကျုပ်တို့ကိုလည်း ခွင့်ပြုကြပါဦး။ ကဲ..ညီမလေး တို့သွားကြစို့'

ကျွန်ုပ်အား နှုတ်ဆက်ပြီး ထွက်သွားကြသည့် ထိုလူကြီး မောင်နှမအား ကျွန်ုပ် ငေးကြောင်စွာ ရပ်ကြည့်နေမိသော်လည်း ဘာစကားမှ ပြန်၍မပြောမိဖြစ်နေ၏။ ခဏမျှ ကျွန်ုပ် သတိလစ်သွားသည်ဟု ကျွန်ုပ်ကိုယ်ကျွန်ုပ် သိလိုက်သည့်အချိန်တွင် ထိုလူကြီးမောင်နှမမှာ ကျွန်ုပ် မျက်စိရှေ့၌ပင် ရုတ်ခြည်းကွယ်ပျောက်သွားကြလေ၏။ ကျွန်ုပ်၏ လက်ထဲတွင်ကား ရွှေမန်ကျည်းတောင့် သုံးတောင့်မှာ အထင်းသား ရှိနေ၏။

ထို့ကြောင့် ကျွန်ုပ်နေထိုင်ရာ အခန်းသို့ဝင်ကာ ထိုပစ္စည်းများကို သိမ်းဆည်း၏။ ထိုခဏ ကျွန်ုပ်၏ မျက်လုံးများမှာ အလွန်အမင်း အိပ်ချင်လာသဖြင့် ခေတ္တမျှ လဲလျောင်းလိုက်သည်တွင် ကျွန်ုပ်မှာ သတိလက်လွတ်ဖြစ်ကာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားလေတော့သည်။

ဆူဆူညံညံ ခေါ်သံများကြောင့် ကျွန်ုပ်မှာ အိပ်ပျော်ရာက လန့်နိုးလာရ၏။ ကျွန်ုပ် မည်မျှအိပ်ပျော်သွားသည်ကို ကျွန်ုပ်ကိုယ်တိုင် မမှတ်မိတော့။

'ဇာတ်ဆရာ..ထတော့လေ။ ဇာတ်ကဖို့ အချိန်ရောက်ပြီ'

ကျွန်ုပ်လည်း အိပ်ချင်မူးတူးနှင့်နိုးလာပြီး ခပ်ကြောင်ကြောင်ဖြစ်နေသည်။ ကျွန်ုပ်၏ကိုယ်ကို တစ်ပတ်လှည့်ကာ ပတ်ဝန်းကျင်ကို ဝေ့ဝဲကြည့်နေမိ၏။ စင်စစ် ကျွန်ုပ် လိုက်လံရှာဖွေ ကြည့်ရှုနေသည်မှာ ဇာတ်စင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်၏စိတ်ထဲတွင် ကျွန်ုပ်တို့ဇာတ်အဖွဲ့သည် ဇာတ်ကပြီးပြီဟု စိတ်ထဲ ထင်နေမိသည်။

သို့သော် ကျွန်ုပ် ယခုတွေ့မြင်ရသည့် မြင်ကွင်းအား ကျွန်ုပ်တို့ဇာတ်အဖွဲ့အား ကြည့်ရန် စောင့်နေသော ပရိသတ်များပင်တည်း။

ကျွန်ုပ် အိပ်မက်,မက်နေတာကိုး။

'ဇာတ်ဆရာ··ဘာကြောင်နေတာလဲ။ ဇာတ်ကတော့လေ'

ကျွန်ုပ် လှည့်ကြည့်လိုက်တော့ ရွာခံလူကြီး တစ်ယောက်။ ကျွန်ုပ်လည်း ထူးဆန်းလွန်း၍ ကျွန်ုပ်အိပ်မက်၏ အကြောင်းကို ပြောပြလိုက်တော့မှ-

'သြော်··ကျွန်တော်သဘောပေါက်ပြီ။ ဒီနေရာက အရင်တုန်းကတည်းက သိုက်ကုန်းဆိုပြီး နာမည်ကြီးနေတာ။ ခင်ဗျားတို့လည်း ဒီနေရာမှာ ကြာရှည်နေဖို့ မကောင်းဘူးထင်တယ်။ ဇာတ်ကပြီးရင် အမြန်ပြန်ပေတော့။ ခင်ဗျားတို့ ဇာတ်ကတာကို သဘောကျလို့ဖြစ်မှာပေါ့'

ကျွန်ုပ်မှာ အံ့သြတွေဝေသွားသည့်အပြင် ခေါင်းနားပန်းများကြီးကာ ကြောက်ရွံ့တုန်လှုပ်သွားသောကြောင့် ဘာပြန်ပြောရမည်ကိုပင် ချက်ချင်း မစဉ်းစားတတ်အောင် ဖြစ်နေမိ၏။

ကျွန်ုပ်တို့ ပြောနေသည့်အကြောင်း ကြားသွားသည့် ဇာတ်သမား သုံးလေးယောက်မှာ ဇာတ်တောင်မကတော့ဘဲ ပစ္စည်းများယူကာ ရွာထဲမှာ သွားအိပ်လေသည်။

'ကဲ··ကဲ··ငါ့တူတော်မောင်ကို ကြည့်ရတာ အတော်ကြောက်ရွံ့နေကြပုံပဲ။ ဦးကြီးတို့ ရွာထဲရောက်မှတော့ ဘာမှမစိုးရိမ်ကြပါနဲ့တော့ကွယ်။ ဦးကြီးတို့က လူအစစ်တွေပါကွယ့်။ ဘုရား၊ တရား၊ သံဃာဆိုတဲ့ သရဏဂုံသုံးပါးကို ဆည်းကပ်ကိုးကွယ်ကြတဲ့သူတွေပါကွယ်။ အဲ··ငါ့တူရဲ့ အိပ်မက်ကတော့ အတော်ထူးဆန်းပါတယ်။ ဒီကုက္ကိုကုန်း ဆိုတဲ့နေရာကို ကျုပ်တို့ ဒီရွာဝန်းကျင်တစ်ဝိုက်ကတော့ သိုက်ကုန်းလို့ သတ်မှတ်ထားကြတယ်။ ငါ့တူလို အဖြစ်မျိုးလည်း ဒီရွာမှာ သုံးလေးယောက်ကြုံဖူးကြပါတယ်။ ဒါတွေက တကယ်တော့ ကိုယ်တိုင်တွေ့ကြုံမှ ယုံကြရတာကိုး။ အေးလေ၊ ဒုက္ခမပေးတာကိုဘဲ ကျေးဇူးတင်ရမှာပေါ့။ ဘာပဲဖြစ်ဖြစ် ငါ့တူတို့ လိုရာခရီးပြန်ဖို့ကိုတော့ ဦးကြီးတို့ ဒီရွာက စီစဉ်ပေးပါ့မယ်ကွယ်။ စိတ်အေးအေးထားပြီး အနားယူကြပါ'

ရှေ့မီနောက်မီ လူကြီးတစ်ဦးက ကျွန်ုပ်တို့အဖွဲ့အားသူ၏ အတွေ့အကြုံများကို ရှင်းပြရင်း အားပေးစကားပြောမှ ကျွန်ုပ်တို့မှာ သက်ပြင်းချနိုင်၏။

ကျွန်ုပ်လည်း အဲဒီနေ့က ဇာတ်ကခဲ့ရတာ စိတ်တောင် သိပ်မပါဘဲ အမြန်ပြီးချင်နေမိသည်။ ပရိသတ်ကတော့ ကျွန်ုပ်ရင်ထဲ မည်မျှဗလောင်ဆူနေသည်ကို မသိဘဲ ရွာလုံးကျွတ် အားပေးကြသည်။

ကျွန်ုပ်လည်း ပွဲပြီးတာနဲ့ မနားတော့ဘဲ ဇာတ်အဖွဲ့အား ပစ္စည်းများ သိမ်းခိုင်းလိုက်သည်။

ပစ္စည်းများ သိမ်းနေစဉ်တွင် ကျွန်ုပ်မှာ သျှောင်တစ်ထုံး မောင်ဘုန်းဆိုသူနှင့် မြကြာဖြူတို့ ကျွန်ုပ်အား လက်ဆောင်ပေးသွားသည့် ပစ္စည်းကို သတိရသွား၏။

ထို့ကြောင့် ထိုပစ္စည်းများ သိမ်းဆည်းထားရာ နေရာသို့ မည်သူမျှမသိအောင် ကျွန်ုပ်မှာ မရဲတရဲ သွားကြည့်ရ၏။

ကျွန်ုပ် လွန်စွာအံ့သြသွားရပြန်၏။

အဘယ်ကြောင့်ဆိုသော် ကျွန်ုပ် သိမ်းဆည်းထားခဲ့သော ရွှေမန်ကျည်းတောင့် သုံးတောင့်မှာ ရွှံ့မန်ကျည်းတောင့်များအဖြစ် ပြောင်းလဲနေသည်မှာ 'အိပ်မက်လေလား၊ တကယ်လေလားဟုပင် ယုံမှတ်မှားမိပါတော့သည်။

**ချစ်မင်းသူ**



www.burmeseclassic.com

www.burmeseclassic.com




ဒေါ်ခင်ချိုမြင့်က ခြေလှမ်းကို သတိကြီးစွာထားပြီး တစ်လှမ်းချင်း လှမ်းနေမိသည်။ သတိမထား၍လည်း မရပါ။ သူ့ဘယ်ဘက်တွင် တောင်နံ့ရံ့ရှိနေသဖြင့် အရေးမကြီးသော်လည်း သူ့ညာဘက်မှာက ချောက်ကမ်းပါးကြီးဖြစ်နေသည်။ ချောက်ကမ်းပါးနှင့် လူသွားလမ်းက ခြေနှစ်လှမ်းစာမျှသာ ကွာဝေးသည်။ ပြီးတော့ လမ်းမျက်နှာပြင်ကလည်း



www.burmeseclassic.com

www.burmeseclassic.com



ချောက်ဘက်ကို တစ်ခြမ်းစောင်းကာ မညီမညာ ဖြစ်နေလိုက်သေးသည်။ ခြေလှမ်းမှားလိုက်သည်နှင့် ဟန်ချက်ပျက်ကာ အောက်ကို ထိုးကျသွားနိုင်သည်။

မတ်စောက်သော ချောက်ကမ်းပါးအောက်မှာတော့ အရွယ်အစားအမျိုးမျိုးနှင့် ကျောက်တုံးတွေက ချွန်ချွန်တက်တက်တွေရော လုံးလုံးဝန်းဝန်းတွေနှင့်ပါ ပုံစံအမျိုးမျိုး တည်ရှိနေသည်။ မတော်တဆ ပြုတ်သာကျသွားခဲ့ပါက အရိုးအသား တခြားစီပင် ဖြစ်သွားနိုင်လောက်သည်။ အသည်းယား စရာကောင်းလှသည့် ထိုချောက်ထဲတွင် များပြားလှသော မျောက်သတ္တဝါတွေကသာလျှင် ဥဒဟို ဆင်းချည် တက်ချည် ပြုလုပ်ကာ မြူးထူးနေကြသည်။

လျှိုထဲကို ငုံ့ကြည့်မိတိုင်း ကျောထဲက အေးခနဲ၊ အေးခနဲ ဖြစ်ဖြစ်သွားရသည်။ ထိုဒဏ်ကို မခံနိုင်သည့်အတွက် ဒေါ်ခင်ချိုမြင့်က တတ်နိုင်သလောက် ငုံ့မကြည့်မိအောင် ကြိုးစားသည်။ မျက်နှာကို ရှေ့ဘက်နှင့် တောင်နံရံဘက်သို့သာ ပို့နိုင်သမျှ ပို့ထားသည်။ တစ်ခါတစ်ရံ အပေါ်သို့ မော့ကြည့်မိစဉ် တောင်ထိပ်နေရာကို အတော်ဝေးဝေး၌ ခပ်ပျပျသာ မြင်တွေ့ရသည်။ ခရီးဆုံးရောက်ဖို့က အတော်လိုသေးသည်။ ၄င်းက ကိစ္စမရှိပါ။ ဆိုးချည်တစ်ခါ ကောင်းချည်တစ်လှည့် ဖြစ်နေသော ခရီးလမ်း အနေအထားကြောင့်သာလျှင် စိတ်ထဲမှာ မကြာခဏ ကသိကအောက် ဖြစ်နေရသည်။

ဆိုခဲ့သည့်အတိုင်း အလွန်ဆိုးသော နေရာများတွင် သတိကြီးကြီးထားပြီး ကြောက်ကြောက်လန့်လန့်ဖြင့် လျှောက်နေရသည်။ အတော်ဆိုးရွားသော အချို့နေရာများမှာတော့ လမ်းတွေကို ပြုပြင်သင့်သလောက် ပြုပြင်ပေးထားသည်။ အလွန်ကျဉ်းကျပ်ပြီး အလွန်မတ်စောက်သော ချွေးဆင်းမျောက်တက်ကဲ့သို့ နေရာမျိုးမှာတော့ လှေကားထစ်တွေဖောက်ကာ လက်ရန်းတွေကိုပါ တပ်ဆင်ပေးထားသည်။

မည်သို့ဆိုစေ လမ်းတစ်လျှောက်လုံးမှာတော့ ဘုရားဖူးများဖြင့် စည်ကားလျက်ရှိသည်။ ဆင်းသူဆင်း တက်သူတက်နှင့် လူအစဉ်အတန်းကြီး ဖြစ်လျက်ရှိသည်။ စင်စစ် ဤတောင်ရိုး၌ ဤသို့စည်ကားသွားသည်မှာ ဘာမျှ မကြာသေး။ တောင်ထိပ်တွင် ပေါ်တော်မူဘုရားများကို

www.burmeseclassic.com

www.burmeseclassic.com

အဘိုးပုသည် အဂ္ဂိရတ်ဖိုအပြင်ဘက်ရှိ သစ်သားပင်စည်ဖြတ်သားတုံးပေါ်တွင် ခြေတစ်ဖက်ချိတ်၍ ထိုင်နေသဖြင့် အဘိုးပုထံသို့ ဆင်ကလေး ရောက်သည်နှင့် သူ့နှာမောင်းကလေးကို အဘိုးပုပေါင်ပေါ်သို့တင်ခြင်း အဘိုးပု၏ကျောကို ပွတ်သပ်ခြင်း၊ သူ့ခေါင်းဦးကင်းကလေးဖြင့် ဇွေခြင်းများကို ပြုလုပ်ကာ အဘိုးပု၏ မေတ္တာကို ခံယူနေလေ၏။ အဘိုးပုကလည်း မေတ္တာကိုသာ လှိုင်လှိုင်ပို့လျက် ကျောကို ပွတ်သပ်ပေးခြင်း၊ ဆင်ကလေး ဦးခေါင်းကို ပွတ်သပ်ပေးခြင်းတို့ကို ပြုလုပ်ပေးလေရာ ဆင်ကလေးမှာ ကျေနပ်ပီတိဖြစ်နေသည့်အလား မြူးပျော်စွာဖြင့် အဘိုးပု၏အနီး သစ်ပင်ရင်း၌ လဲလျောင်းကာ အေးဆေးငြိမ်သက်၍ နေလေတော့သည်။

ထိုနေ့က ညမှောင်ရီပျိုးသည်တွင် ဆင်ကလေးသည် နှာမောင်းကိုမြှောက်လျက် တကျီကျီမြည်ကာ ဂနာမငြိမ်ဘဲ ယောက်ယက်ခတ်နေ၏။ ဆင်ကလေး၏ အော်မြည်သံ ငါးကြိမ်၊ ခြောက်ကြိမ်မြောက်ခန့်တွင် ငှက်ပျောတောအထက်နားလောက်ဆီမှ ဆင်တစ်ကောင်၏ အော်သံကို ကျယ်လောင်စွာ ကြားလိုက်ရပြီး တောတိုးသံများနှင့်အတူ မသဲမကွဲ အလင်းရောင်အောက်ဝယ် ဆင်ကြီးတစ်ကောင်ကို ဘွားခနဲတွေ့လိုက်ရ၏။ ဆင်မကြီးဖြစ်မည် ထင်သည်။ ဟုတ်ပါ၏၊ ဆင်ကလေး၏မိခင် ဆင်မကြီး ဖြစ်ပါလေသည်။

ဆင်ကလေးသည် သူ့မိခင်ဆင်မကြီးထံသို့ အပြေးသွား၏။ ဆင်မကြီးသည် သူ့သားငယ်ကလေးကို ဘေးမသီရန်မခဘဲ ပြန်လည်တွေ့မြင်ရသဖြင့် ဝမ်းမြောက်နေပုံရပါသည်။ သူ့ခြေရင်းဝယ် လှည့်ပတ်ပြေးလွှားနေသော ဆင်သားငယ်လေးအား နှာမောင်းဖြင့် ပွတ်သပ်ပေးနေရင်း တောထဲသို့ပြန်ရန် သူ့ခန္ဓာကိုယ်ကြီးကို ပြန်လှည့်လိုက်ပါသည်။

ဆင်ကလေးသည်လည်း သူ့မိခင်နောက် လိုက်ရန် ဟန်ပြင်လျက် လေးငါးလှမ်းမျှ အပြေးကလေး လှမ်းလိုက်ပြီးနောက် ရုတ်တရက် ရပ်တန့်လိုက်ပါသည်။ ပြီးနောက် အနောက်သို့ ပြန်လှည့်လာပြီး တောင်ပို့ကလေးနားမှ တစ်စုံတစ်ခုကို ကောက်လိုက်ကာ ဘကြီးပုထံ ပြန်လာ၍ ဘကြီးပုလက်ထဲသို့ ထည့်ပေးပြီး သူ့မိခင်နောက်သို့ ပြေးကာ လိုက်ပါသွားပါတော့သည်။

ဘကြီးပုသည် ရုတ်တရက်မို့ ကြောင်တက်တက်နှင့် ဆင်ကလေး၏ လုပ်ရပ်တို့ကို ငေးကြည့်နေရင်း မှင်တက်မိနေပါလေသည်။

'ဘာတွေငေးနေသတုန်းဗျ ကိုပုကြီးရဲ့' ဟု မေးသံနှင့်အတူ လျှပ်တစ်ပြက်ပေါ်လာသော လူနီမှင်စာကလေးတစ်ယောက်ကြောင့် ထိတ်ခနဲပင် ဖြစ်ရပါသေး၏။

'ဟာ..ငေးဆို ဟိုမှာလေ သားကွဲဆင်ကလေး မျက်စိလည်ပြီး ကျုပ်တဲနား ရောက်လာတာ။ ပြီးတော့ သူက ဘယ်မှမသွားတော့ဘဲ တစ်ညနေလုံး လှဲအိပ်နေတော့တာဗျ။ ခုနကမှ သူ့အမေကြီး ရောက်လာပြီး လာခေါ်တော့ ကျုပ်ကို ဒါကလေး ကောက်ပေးပြီးမှ သူ့အမေနောက် ကောက်ကောက်ပါအောင် လိုက်သွားတော့ပါသဗျာ။ ဒါကို အံ့ဩနေတာဗျ'

'ကဲ..ခင်ဗျားကို ပေးသွားတာ ဘာလေးလဲဆိုတာ သေချာကြည့်ပြီးပြီလား'

'ဟင့်အင်း၊ မှောင်ကြီးထဲမို့ သေချာဖြန့်မကြည့်မိသေးပါဘူး'

'ကဲဗျာ၊ ဘာလေးလဲဆိုတာ သိရအောင် သေချာကြည့်လိုက်စမ်းပါဦး'

လူနီမှင်စာကလေး၏ တိုက်တွန်းချက်ကြောင့် ဖယောင်းတိုင်အလင်းရောက်အောက်ဝယ် ဖြန့်လျက်ကြည့်လေရာ-

'ဟာ..ဂဝံရုပ်ကလေးပါလား'

'ဟုတ်တယ်ဗျ။ ဂဝံသားပိုက်ရုပ်ကလေးပဲ။ ဒီဂဝံသားပိုက်ရုပ်ကလေးကို ဇမ္ဗူကာလကဏ္ဍီ(၆)မျိုးနဲ့ ဆရာဘုန်းကြီးကိုယ်တိုင် ကျုပ်အတွက် စီရင်ပေးထားတဲ့ ကျုပ်ရဲ့ ကိုယ်ပိုင်ဥစ္စာကလေးပါ။ ဒါကို ခင်ဗျားကိုပေးချင်လို့ ဆင်ကလေးကို သူ့အုပ်စုထဲက ခွဲထုတ်ပြီး ကျုပ်ရဲ့အစွမ်းနဲ့ ခင်ဗျားဆီရောက်အောင် ပို့ခဲ့တာပဲ'

'ကျုပ်ကို ပေးဖို့ဆို ခင်ဗျားကိုယ်တိုင် ဘာလို့မပေးတာလဲ'

'ကျုပ်ရဲ့အစွမ်းနဲ့ နေရာရွှေ့ပြောင်းလို့ရပေမယ့် ထိတွေ့ကိုင်တွယ်လို့က မရဘူးဗျ။ ပြီးတော့ ဒီနေ့လို ရက်ကောင်း အခါကောင်းမှာ ဗုဒ္ဓဟူးဂြိုဟ်မင်းရဲ့ အဝင်သိဒ္ဓိအမြောက်ဆုံးနဲ့ တြင်းကိုက် နဝင်းကိုက်ကျတဲ့ အခါမျိုးမှာ ဆင်သတ္တဝါနဲ့ ထိတွေ့ပြီးပေးမှသာ ဒီဂဝံသားပိုက် အင်



www.burmeseclassic.com

www.burmeseclassic.com

အရင်ဟာ နဂိုထက်ပိုပြီး သိဒ္ဓိထက်မှာမို့ ဒီလိုဖြစ်အောင် ကျုပ်ကြိုးစည့်ရတာပဲ'

'သြော်··ခုမှ သေချာကြည့်မိတယ်။ ခင်ဗျားက ကပ်ကျော်၊ ကပ်ကျော်ဆိုတဲ့ လူနိကလေး မဟုတ်လား'

'ဟုတ်ပါ့ဗျာ၊ ခင်ဗျားကို ဒီနေ့ ကျုပ်ရဲ့ ဘဝဖြစ်စဉ်ကို ပြောပြဖို့ အခါကျတယ်ဗျ။ ခင်ဗျားက မှတ်တမ်းတင်တာပေါ့။ တစ်နေ့နေ့တစ်ချိန်ချိန်မှာ နောင်လာနောက်သားတွေကို ပြောပြလိုက်ပေါ့'

'အင်း··ပြောပြစမ်းပါဗျာ။ ကျုပ်ကလည်း သိချင်နားထောင်ချင်နေတာပါ'

'ဒီလိုဗျ၊ ကျုပ်ရဲ့ဇာတိက မကွေးအနောက်ဘက်မင်းဘူး စေတုတ္တရာဘက်ကဗျ။ ကျုပ်ရဲ့အဘ(အဖေ)က ဟိုးအနောက် ရခိုင်သားဗျ။ အမေက စေတုတ္တရာသူ၊ ကျုပ်ကိုမွေးတော့ ဘိုးတော်ဦးဝိုင်းရဲ့သားတော်ကြီး ရခိုင်ပြည်ကနေ မဟာမုနိဘုရားကြီး ပင့်ဆောင်လာတဲ့နှစ်မှာ မွေးတာလို့ ကျုပ်အမေပြောတာ မှတ်သားဖူးတယ်'

ဘကြီးပုသည် ပွက်ပွက်ဆူစပြုလာပြီဖြစ်သော စစ်သုံးဟန်းကော ရေနွေးအိုးထဲသို့ လက်ဖက်ခြောက်အနည်းငယ် ခတ်လိုက်ရင်း-

'သြော်··သြော်··ဒါနဲ့ မေးရဦးမယ်။ ကပ်ကျော်ဆိုတာ နာမည်အရင်းလား'

'မဟုတ်ဘူးဗျ၊ ကျုပ်ငယ်နာမည်က ငပိုက်တင် ဆိုလား၊ ငပိုက်ခင် ဆိုလား'

'ရော်··ခက်ပါ့။ ကိုယ့်နာမည်အရင်းကိုတောင် ဆိုလား လုပ်နေရသေးသလားဗျာ'

'ဆိုလားလုပ်ဆို မမှတ်မိတော့တာဗျ။ ဟိုဘက်ဘဝကတည်းက မေ့သဟာဆိုတော့ ဒီဘဝကျတော့ ပိုဆိုးသပေါ့ဗျာ။ ဟား··ဟား··ဟား'

'ဒါဖြင့် ကပ်ကျော်က နောက်မှ မှည့်တာပေါ့'

'ဟုတ်တယ်၊ တိုတိုပြောရရင် ကျုပ်တို့ရွာမှာ တစ်နှစ်တော့ သရောကြီး ခိုင်းပါရော။ ကံဆိုးချင်တော့ ကပ်ကြီးဆိုက်ရတဲ့အထဲ ကာလဝမ်းရောဂါလည်း ကျသဗျ။ အဲဒီအချိန်တုန်းမှာ ကျုပ်က ဘုန်းကြီးကျောင်းသား၊ အသက်ကလည်း ဆယ်နှစ်ကျော်ရုံ ရှိသေးတာ'

'လူတွေ အနိစ္စရောက်ကုန်ကြမှာပေါ့'

'ရောက်လိုက်သမှဗျာ။ ကျုပ်တို့ရွာ တောင်ဘက်သဖန်းကုန်းရွာဆို ရွာလုံးကျွတ်သတဲ့'

'အားပါး'

'ကျုပ်တို့ရွာကလည်း ကျုပ်အဘ ကျုပ်အမေကစလို့ အနိစ္စရောက်ကုန်ကြသဟာ ရွာက တစ်ဝက်ကျော်လောက်ချောရော။ ကျုပ်တို့ အမျိုးထဲလည်း ကျုပ်တစ်ယောက်တည်း ကျန်တာ။ မျိုးမပြုတ်တပြုတ်လို့ ပြောရမှာပေါ့'

'ခင်ဗျားက ကံကောင်းတာပေါ့'

'ဒီလိုပဲ ပြောရမှာပေါ့။ သရောကြီး ခိုင်းတုန်းကလည်း ကျုပ်က အဲဒီကပ်ကနေ လွတ်သဗျ။ ကာလဝမ်းရောဂါကျတော့လည်း အဲဒီကပ်ကို ကျော်ပါလေသဗျ။ အဲဒီအချိန်ကစလို့ ကျုပ်ဆရာဘုန်းကြီးက ကပ်ကျော်ဆိုတဲ့နာမည် ပေးလိုက်တော့တာပဲ'

'ဒါနဲ့ နေပါဦး၊ ခုနကပြောတဲ့ ဒီဂဝံသားပိုက်ရုပ်ကလေးကို ခင်ဗျားဆရာဘုန်းကြီးက ဘယ်လိုရည်ရွယ်ချက်နဲ့ ခင်ဗျားကို လုပ်ပေးတာလဲ။ ပြီးတော့ ဂဝံသားပိုက်စီရင်ပုံကလေးကိုရော ခင်ဗျားသိရင် ပြောပြပါလားဗျာ။ ကျုပ်ပညာတိုးတာပေါ့'

'အင်း··ပြောရရင် ကျုပ်အသက်ဆယ့်ခုနစ်နှစ်ကျော်လောက်မှာ ကျုပ်လည်း တိုးတက်ရာ တိုးတက်ကြောင်းအလုပ်လုပ်ချင်တယ်။ ကြီးပွားဖို့ စွန့်စားချင်တယ်။ အဓိက,က ကျုပ်မှာ ချစ်သူရှိနေပြီဗျ'

'ဟော··ကောင်းခန်း ရောက်ပြီ'

'ကောင်းခန်း မဟုတ်ဘူး ကိုပုကြီးရေ၊ ဆိုးခန်းရောက်တာ။ ကျုပ်ဘဝရဲ့ ဆိုးပြစ်ဆိုးကံအကြောင်း မလှခြင်းတွေဟာ အဲဒီက စတာဗျ။ ထားပါတော့လေ၊ ဒီအကြောင်းကို ခဏရပ်ပြီး ဂဝံသားပိုက်ရုပ်အကြောင်း ဆက်ကြဦးစို့။ ဒီလိုနဲ့ ကြီးပွားတိုးတက်စေချင်တဲ့ သူ့တပည့်ဖြစ်တဲ့ ကျုပ်ရဲ့ အနာဂတ်မှာ ဘေးရန်ကင်းဖို့နဲ့ ပီယသျှို လာဘသျှိုကောင်းလွန်းတဲ့ ဂဝံသားပိုက်ရုပ် စီရင်ဖို့ ဂမုန်းကာလကဏ္ဍီ(၆)မျိုးကို ကျုပ်ကို ရှာခိုင်းတယ်ဗျ'

'ကမုန်းကာလကဏ္ဍီ(၆)မျိုးဆိုတာ ဘာကိုပြောတာလဲ'

'ကျမ်းစာထဲကအတိုင်း ပြောပြမယ်။ မှတ်ထားပေါ့။ (၁) ဂမုန်းကာလကဏ္ဍီ ဆေးတစ်လုံးပင်ကဲ့သို့ ရှိ၏။ အရွက်၊ အရိုး၊ အပင်၊ အပွင့်နီ၍ ခေါင်းအထက်၌ သရက်ကင်းကဲ့သို့ ထွက်၏။

www.burmeseclassic.com

(၂) ဂမုန်းဆင်ကာလကဏ္ဍီ - ဆေးတစ်လုံးရွက်ကဲ့သို့ အရွက်နီ၏။ အရွက်၊ အကြောစိမ်း၏။ ခေါင်းတွင် ဖားကဲ့သို့ ရှိ၏၊ (ဝါ) သရက်ကင်းကဲ့သို့လည်း ရှိ၏။

(၃) ဂမုန်းမြင်းကာလကဏ္ဍီ-အရိုး၊ အရွက်၊ အကြောနီ၏။ အရွက်တွင်မူ တစ်ဖက်က စိမ်း၏။ တစ်ဖက်က နီ၏။ ခေါင်းတွင် မြင်းကဲ့သို့ ပုံသဏ္ဍာန်ရှိ၏။

(၄) ဂမုန်းလူကာလကဏ္ဍီ-အရွက်သည် ကြက်သွန်ဖြူရွက်ကဲ့သို့ရှိ၍ ခေါင်းတွင် လုံးရာကဲ့သို့ ကြက်ခြေခတ်အရာရှိတတ်၏။

(၅) ဂမုန်းသဘော်ကာလကဏ္ဍီ-ဆေးတစ်လုံးပင်ကဲ့သို့ ရှိ၏။ တစ်ပင်လုံး နီ၏။

(၆) ဂမုန်းခွေးကာလကဏ္ဍီ-ကြက်သွန်ဖြူရွက်ကဲ့သို့ရှိ၍ ခေါင်းပိန်ပိန်နှင့် လုံးရာကဲ့သို့ ရှိ၍ ရနံ့ပြင်း၏။

အဲဒီဂမုန်းခြောက်မျိုးကို စုလို့ရတာနှင့် အမှုန့်ထောင်း၊ နံ့သာငါးပါးနဲ့ရော အမျှစီပေါင်းပြီး အတောင့်လုပ်ပြီး နေခြောက်လှန်းသဗျ။ ပြီးမှ ဂဝံသားပိုက်ရပ်ရအောင် ဝီဝီပြင်ပြင် ထွင်းထုပြီးတော့ စစ်မေး(သစ်စေး) သုံးခါသုတ်၊ ရွှေသုံးခါချ၊ ပြီးတော့မှ ဘုရားစေတီတစ်ဆူမှာ သွားပြီး အနောက်အရပ်တည့်တည့်မှာ ပန္နက်ချ အဓိဋ္ဌာန်တင်ပြီး စီရင်ရတာဗျ'

'တော်တော်စိတ်ဝင်စားဖို့ကောင်းတာပဲနော်'

'စိတ်ဝင်စားဖို့ကောင်းတဲ့အထဲမှာ အစီအရင်ပြုရတဲ့ ရက်တွေ၊ လတွေကလည်း အရေးကြီးသေးတာပဲ'

'လုပ်ပါဦး'

'အဲသလို စီရင်ရမယ့်လမှာ စနေနေ့ဟာ လဆန်းတစ်ရက်နေ့ ဖြစ်ရမယ်။ စနေနေ့ လပြည့်နေ့ဖြစ်ပြီး စနေနေ့မှာပဲ လကွယ်နေ့ ဖြစ်တယ်ဆိုတဲ့ အချက်သုံးချက် ကိုက်ရမယ်'

'ဩော်··ဒါလည်း အစိကကျသေးတာပဲနော်'

'ကျတာပေါ့ဗျာ။ ပြီးတော့ ဂါထာတစ်ထောင်ပြည့်အောင် စုတ်ရသေးတယ်'

'ဂါထာက ဘယ်လိုလဲ'

'နားထောင်ဗျာ။

ဥုံ··သရုပ္ပဒေဝတာ မဟာရာဇာ မမသန္တိကာ

ဧဟိ ဧဟိ ကပ် မယ့် ပိယံမမ

ဒေဝတာ ပိယံမမ ကုဏ္ဍိပုရိသ ဒါသီဒါသ ပိယံမမ

ကပ်ဆရာကပ်··ဒါပါပဲဗျာ'

◆◆◆

ဝါဆိုမိုးသည် အငြိုးကြီးကြီးဖြင့် ရွာနေသည်မှာ နံနက်အရုဏ်မတက်မီကတည်းကပင် ဖြစ်၏။ ဆွမ်းခံချိန်ရောက်နေပြီဖြစ်သော်လည်း မိုးသည်းလွန်းသဖြင့် ဆရာတော်ကြီးလည်း ဆွမ်းခံမကြွနိုင်သေးဘဲ သူ့ရှေ့တွင် ပျပ်ဝပ်စွာ ရှိခိုးကန်တော့နေသော ငကပ်ကျော်အား စေ့စေ့ကြည့်ကာ ဆုပေးပြီး ဆုံးမဩဝါဒစကား မြွက်ကြားတော်မူနေ၏။

'ကိုင်း··ငါ့တပည့်ကြီး ကပ်ကျော်ရေ၊ ဘဝဆိုတာ စွန့်မှစားရသကွယ့်။ ကြိုးစားက ဘုရားတောင် ဖြစ်သေးတာပဲဆိုတဲ့ထုံး နှလုံးမူပြီး ကြီးပွားတိုးတက်အောင် ဒီနေ့က စပြီး ကြိုးစားပေတော့။ ဘုန်းဘုန်း ပေးလိုက်တဲ့ အဆောင်ကိုလည်း နောင်အဆင်ပြေရင် ရွှေကြုတ်ကလေးနဲ့ထည့်ပြီး ကိုယ်နဲ့မကွာထား။ ပြီးတော့ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို မမေ့ဘဲ ငါးပါးသီလကို ခါးဝတ်ပုဆိုးလို မြဲပါစေကွယ့်၊ ကြားလား'

'တင်ပါ့ဘုရား'

ထိုစဉ် ကျောင်းပရိဝုဏ်အပြင်ဘက်ဆီမှ ကပ်ကျော်နှင့်အတူ ခရီးထွက်ကြမည့်သူများ ရောက်လာကြပြီး ကပ်ကျော်၏ အမည်ကို ဟစ်ကာခေါ်ကြ၏။

'ဝေး··ကပ်ကျော်ရေ၊ သွားကြစို့။ တို့ သွားနှင့်ပြီး မင်း အခုပဲ မြစ်ဆိပ်ကို ဆင်းခဲ့ပေတော့။ တို့များ လှေပေါ်က စောင့်မယ်ဟေ့'

ကပ်ကျော်သည်လည်း သူ့ကိုယ်ပိုင် အဝတ်ထုပ်ကလေးကို ကောက်ယူကာ ရှားနှစ်တုတ်ကလေးနှင့် လျှိုလျက် ထိုင်ရာက ထ၏။ ပြီးသော် အဝတ်ထုပ်ကို ထမ်းလျက် လက်အုပ်ချီရင်း နောက်ဆုတ်၊နောက်ဆုတ်နှင့် တံခါးမကြီးဆီသို့ နောက်ပြန်ရွေ့၏။ တံခါးဝရောက်လျှင် စီးကျလာသော မျက်ရည်ကို လက်ခုံနှင့်သုတ်ရင်း ဆရာတော်ကြီးကို ကျောခိုင်းကာ ကျောင်းထက်မှ တဖြည်းဖြည်း ဆင်းလေ၏။

ငကပ်ကျော်သည် သူငယ်စဉ်ကပင် နေခဲ့ရသော ကျောင်းတော်မဟာကြီးကို သမင်လည်ပြန် လှည့်ကာ ကြည့်ရင်း ဝမ်းနည်းစိတ်များလည်း ဝင်လာ၏။ သို့သော်လည်း တစ်ရွာမပြောင်း သူကောင်းမဖြစ်ဟူသော စကား



www.burmeseclassic.com

www.burmeseclassic.com

ကို ဦးခေါင်းတွင်နှစ်လျက် စိတ်ကိုတင်းကာ တစ်ဖက်သို့ လှည့်လိုက်ပြီး မြစ်ကမ်းစပ် လှေဆိပ်သို့ ခပ်သွက်သွက် သုတ်ခြေတင်လေတော့သည်။

ငကပ်ကျော်၏ ဘုန်းကြီးကျောင်းသားဘဝ တစ်စခန်း ရပ်စေရသည့် ငကပ်ကျော်၏ ဘဝသစ်စီမံကိန်း သည် သာမန်လှေထိုးသား ဘဝသာရယ်ပါ။ အသက် အရွယ် ငယ်သေးသည် မှန်သော်လည်း အားခွန်ဗလပြည့်စုံ ပြီး ကြံ့ခိုင်သန်စွမ်းလှသော ငကပ်ကျော်အား လှေသူကြီး ကလည်း သဘောကျ၏။ လှေသူကြီးကတော်ကလည်း နှစ်မြို့၏။ လှေသူကြီးကတော်မှာ ငကပ်ကျော်နှင့် ရည် ငံနေသော မယ်သိုင်းခင်ဆိုသည့် မိန်းကလေးနှင့် ကြီး တော်မိကြီး တော်စပ်၏။

လှေသူကြီး၏အမည်မှာ ဦးဖိုးရွက်ဖြစ်ပြီး လှေသူကြီး ကတော်မှာ မယ်သိန်းတင် ဟူ၏။ လှေသူကြီးမှာ လေး ဆယ်ပင် မပြည့်တတ်သေး။ လှေသူကြီးကတော်က သုံး ဆယ် မရှိတရှိ။ သားသမီးလည်း မထွန်းကားကြ၊ လင် ကိုယ်မယားနှစ်ဦးတည်း။ လှေသူကြီးကတော်တို့ မျိုးရိုး ကား လှူကုံထံ ကြေးရတတ်များဖြစ်၍ အစဉ်အဆက် ချမ်းသာလာခဲ့ကြသူများဖြစ်လေရာ ကုန်ရောင်းကုန်ဝယ် ကုန်သည်အလုပ်ကို နိုင်နင်းကျွမ်းကျင်သူများ ဖြစ်ကြလေ သည်။

မင်းဘူးမြို့၊ ရေဝတီမြစ်ကမ်း၌ ဆိုက်ကပ်ထားကြ သော လှေကြီးများမှာ မိုးဖွဲဖွဲထဲတွင် ငြိမ်သက်စွာ ရှိနေ ကြ၏။ လှုပ်ရှားမှုဟူ၍ ကုန်းပေါ်မှ အပြေးတစ်ပိုင်းဖြင့် မိုးစိုခံလျက် ပြေးဆင်းလာသော လူငယ်တစ်ယောက်သာ လျှင်ရှိ၏။ ထိုလူငယ်ကလေးကား ငကပ်ကျော်သာလျှင် ဖြစ်၍ မြစ်ဆိပ်သို့ ရောက်သည်နှင့် လှေကြီးတစ်စင်းပေါ် သို့ ကုန်းဘောင်မှတစ်ဆင့် တက်ရောက်သွားလေ၏။

သူ့ထက်အလျင် ရောက်နှင့်ကြသူများကား ရေစို အဝတ်များကိုပင် လဲလှယ်ပြီးစီးကြ၍ လှေကြီးပေါင်းမိုး အောက်တွင် ဆေးလိပ်ဖွာသူဖွာ၊ ကွမ်းဝါးသူဝါး။

ငကပ်ကျော်လည်း ရောက်မဆိုက်ပင် အဝတ်ရေစို ကိုလဲ၍ သူတို့ဝိုင်းသို့ ဝင်ထိုင်၏။ ငကပ်ကျော်မှာ လှေ တစ်စင်းလုံးတွင် အငယ်ဆုံးဖြစ်သည့်မို့တစ်ကြောင်း၊ ဘုန်း ကြီးကျောင်းသားဘဝကပင် တစ်ရွာလုံးက ချစ်ခင်ရင်း ရှိကြသည်နှင့်အညီ လှေသားအားလုံးကလည်း ချစ်ခင် ဖော်ရွေကြ၏။ မိုးလည်း တဖြည်းဖြည်းနှင့် သည်းရာမှ စဲ၍လာ၏။ ငကပ်ကျော်သည် ရေစိုဆံပင်ကို ဖြန့်ကာ အဝတ်ဖြင့် သုတ်နေရာ လှေသူကြီးကတော်က အနီးသို့ လာ၍ အဝတ်ခြောက်တစ်ထည်ပေးကာ စင်အောင်သုတ် စေ၏။

ပြီးလျှင် လှေသူကြီးရှိရာ ပွဲစင်အနီးသို့ခေါ်၍ လှေသူ ကြီးနှင့်အတူ ဆုံးမသြဝါဒပေး၏။ ဤလှေကြီးသည် ရေ ဝတီမြစ်ကြောင်းအတိုင်း အောက်အကြေအရပ်မှ ကုန်များ ကို အထက်အညာသို့ တင်ပို့ခြင်း၊ အထက်အညာမှ ကုန် စည်များကို အောက်အကြေ ဒဂုံအပါအဝင် မြစ်ဝကျွန်း ပေါ်အရပ် အနှံ့နှံ့အပြားပြား သွားလာရောင်းဝယ် ကုန် စည်သွယ်သော လှေကြီးဖြစ်၏။

ရွက်တိုင်ကြီး နှစ်တိုင်အပါအဝင် ပေါင်းမိုးကြီးနှင့် မြန်မာမှုပန်းပုလက်ရာများဖြင့်လည်းကောင်း၊ ပန်းပွတ် ပညာများဖြင့် လည်းကောင်း ပေါင်းစပ်တန်ဆာဆင်ထား သော ပဲ့နင်းကြီး၏ ပဲ့စင်မှာ လွန်စွာလှပလွန်းရကား မြင်သူတိုင်း ငေးကြရလေ၏။

လှေပေါ်သို့ ကုန်များကို တင်ပြီးထားသည်မှာ ယမန် နေ့ ညနေကတည်းကပင်ဖြစ်သည်။ ယနေ့ နေ့လယ်ထွက် ရန် စီစဉ်ထားကြသဖြင့် နံနက်ပိုင်းတွင် ပြင်ဆင်စရာ ရှိသည်တို့ ပြင်ဆင်ကြမည်ဆိုသော်လည်း မိုးသည်းနေ သဖြင့် အလုပ်က သိပ်မတွင်ကြ။ သို့သော်လည်း နံနက် စာ စားသောက်ပြီး ထွက်ခွာရမည့် အညာဆန်ခရီးအတွက် မိုးနှင့်အတူတိုက်သော တောင်လေက ဦးဖိုးရွက်၏ ရွက် လှေကြီးအတွက် အကောင်းဆုံးခရီးဖော် ဖြစ်ပေလိမ့်မည်။

လှေထိုးလွတ်တိုက် လူမိုက်အားကိုးဟူသော ရှေးစကား ရှိသည်ဆိုသော်လည်း တစ်ဝက်တစ်ပျက်တော့ မှန်ပေလိမ့် မည်။ ဓနချမ်းသာ မရှိရှာသော ငကပ်ကျော်လို ဆင်းရဲ သားအတွက် အရင်းမစိုက် လှေထိုးလိုက်ဆိုသော ထုံးကို နှလုံးမူ၍ လှေထိုးလိုက်ရသော အလုပ်သည်သာလျှင် လောလောဆယ် အသင့်မြတ်ဆုံး ဖြစ်၏။

လှေကြီးလည်း စတင်ထွက်ခွာသည့်နေ့မှစ၍ တစ်မြို့ ဝင် တစ်ရွာကပ် တစ်ဆိပ်ကမ်းနားဖြင့် မြို့တကာ ရွာလယ် ကုန်သွယ်သည့်အမှု တပြုတည်းပြုရင်း ရေကြောင်းတရ စပ် ပျားပန်းခပ်နေတော့၏။

ငကပ်ကျော်မှာကား အရွယ်ကလည်းငယ်ငယ်၊ ရုပ်

www.burmeseclassic.com

ရည်ကလည်း သနားကမားမို့ အခြားလှေထိုးသားများကဲ့သို့ လှေလှော်၊ ထိုးဝါးစိုက်၊ ရွက်တိုက်၊ ကုန်းငင် စသော အလုပ်များကို ရံဖန်ရံခါမှသာ လုပ်ရလေ့ရှိပြီး များသောအားဖြင့်မူ လှေသူကြီးကတော်နှင့်အတူ ကုန်းသို့တက်၍ ဟင်းချက်စရာ ကူညီဝယ်ယူရခြင်း၊ မီးဖိုချောင်တွင် ကူညီသာ ဝိုင်းဝန်းချက်ပြုတ်ရခြင်းတို့ကိုသာ အမိကထား၍ လုပ်ကိုင်ရလေသည်။

သျှောင်တစောင်းကို ချလျက် အသားဖြူဖြူ၊ လူပုံတောင့်တောင့်နှင့် တောင်ရှည်ပုဆိုး အောက်ပိုးကျိုက်ကာ ခြင်းကြားတောင်းကြီးကိုထမ်း၍ လှေသူကြီးကတော်၏ နောက်မှ ဈေးဝယ်လိုက်ပါလာသည့် ငကပ်ကျော်ကို တွေ့မြင်ကြရသော သူစိမ်းယောက်ျား၊ မိန်းမတိုင်းသည် ငကပ်ကျော်၏ သန့်ပြန့်သော ရုပ်ရည်ရူပကာကို သတိမထားမိသူဟူ၍ မရှိချေ။

အထူးသဖြင့် ငယ်ရွယ်သူ မိန်းမပျိုကလေးများက သာမန်ထက်ပို၍ စိတ်ဝင်တစားရှိကြပြီးလျှင် ငကပ်ကျော်မှာ ပျိုတိုင်းကြိုက်သည့် နှင်းဆီခိုင် ဖြစ်နေလေသည်။

ငကပ်ကျော်မှာ ထူးခြားချက်တစ်ခုကလည်း ရှိသေးသည်။ ယင်းသည်ကား လှေသမားအများမှာ ပုဆိုးတစ်ထည်သာ အောက်ပိုးကျိုက်လျက် ဝတ်ဆင်ပြီး အင်္ကျီမပါ ကျောပြောင်များနှင့်သာ။ ငကပ်ကျော်တွင်မူကား အင်္ကျီနှင့် ဘာနှင့် သပ်သပ်ရပ်ရပ်။ ထိုအင်္ကျီများကလည်း ဆရာတော်၏ ညီဖြစ်သူက အိမ်ရှေ့မင်း၏ လက်စွဲတော် အဆောင်ကိုင်ရာထူးနှင့်ဖြစ်သဖြင့် ဆရာတော်အား ဆွမ်းကပ်ရန် ပင့်လျှောက်ရာ တပည့်ရင်းဖြစ်သူ ထီး၊ သပိတ်ထမ်း ကျောင်းသားငကပ်ကျော်အား ဆရာတော်၏ညီဒကာက ငကပ်ကျော်အား ချစ်ခင်ရင်းရှိသည်ကြောင့် သူ့အင်္ကျီလေးငါးထည်ခန့် စွန့်ကြဲလိုက်သဖြင့် တောက်ကြွားနေရသော ဟူ၏။

နေပြည်တော်ကျ အဝတ်အစားတို့မှာ သာမန်အရပ်သူအရပ်သားတို့ကြား၌ ဒူးနေရာဒူး တော်နေရာတော်ဟူသော စကားကြောင့် တော်တန်ရုံဖြင့် ဝတ်ဆင်ဝံ့သူ ရှားလှ၏။ ငကပ်ကျော်မှာကား ဆရာတော်ဘုရား၏ တူသားပမာဖြစ်နေသည်ကတစ်ကြောင်း၊ နေပြည်တော်ကပင် ဝတ်ဆင်စေလို၍ ပေးကမ်းလာခြင်းဖြစ်သည် တစ်ကြောင်းကြောင့် ပွဲတော်ကျနှင့် ဝံ့ကြွားနေတော့၏။

ငကပ်ကျော်တို့ လှေကြီးမှာ တစ်လခန့်ကြာလျှင် အထက်အရပ် ရွှေဘိုမြို့သို့ ရောက်ကြ၏။ ထိုမြို့တွင်တက်ကာ ဘုရားများဖူးကြ၏။ မြစ်ဆိပ်တွင်ပင် ရပ်သူရွာသားတို့နှင့် မိတ်ဆွေဖွဲ့ကြရင်း ခင်မင်သွားကြ၍ လည်ကြပတ်ကြ ဆွေမျိုးစပ်ကြ လှေသမားတစ်တွေနှင့် ရွာသားတွေမှာ တရုန်းရုန်း တပြုံးပြုံး။

လှေသူကြီးတို့ လင်မယားမှာ ငကပ်ကျော်ကို အဖော်ပြုလျက် မြစ်ဆိပ်နှင့် မနီးမဝေးရှိ မြို့သူကြီး၏ နေအိမ်တွင် လည်ပတ်ကြရင်း စားကြသောက်ကြ၊ နေပူခိုကြ၊ အောက်ပြည်သို့ပို့ရန် ကုန်များကလည်း မရောက်သေး။ တစ်ပတ်ခန့်ကြာဦးမည်ဖြစ်သည်ကြောင့် လှေသားအားလုံး အေးအေးဆေးဆေး စားကြသောက်ကြ၊ ပျော်ပျော်ပါးပါး နားနားနေနေ။

ငကပ်ကျော်မှာကား လှေပေါ်တွင်သာ အနေများ၍ အခြားလှေထိုးသားများကဲ့သို့ ထန်းရည်၊ သေရည် သောက်စားခြင်းကလည်းမရှိ၊ အပျော်အပါး၊ ကြွေအံလောင်းကစားကလည်း ဝါသနာမပါ။ လှေပေါ် ပေါင်းမိုးအောက်တွင်သာ အနေများ၍ အချိန်အားတိုင်း လှေသူကြီး ဖတ်ရှုလေ့ရှိသော ပေစာထုပ်ကြီးကိုဖြည်၍ တစ်ရွက်ချင်း ဖတ်ရှုလေ့လာခြင်းဖြင့်သာ အချိန်ကို ကုန်စေ၏။ ရွာတွင် ကျန်ခဲ့သော ချစ်သူမယ်သိုင်းခင်အား သတိရတမ်းတမိသော အခါများတွင် သူ့ကိုယ်ပိုင် ဝါးပလွေကလေးကိုထုတ်၍ လှေဦးတွင် တေးသံသာကျူးရင့်ရင်း ပလွေကျော်ဘဝဖြင့် နှစ်သိမ့်၍ နေတတ်လေသည်။

လှေသူကြီးကတော်နှင့် ဈေးဝယ်လိုက်ရတိုင်း ရွာသူအချို့က အမူပိုပို ဟန်ရေးပြ မနီးမဝေးမှ ချောင်းကြည့်ကြ။ မခို့တရို့ကလေးများကလည်းတစ်မျိုး၊ ရီးရီးနှင့် ဆန်ဆန်း ပန်းတစ်ခက်ရနံ့ဖြာကို ပန်လှည့်ပါ ကိုလူထွားရယ် ဟု မဆိုသော်လည်း ဆိုသကဲ့သို့။

မိန်းမရိုပ် မိန်းမကဲခတ်ကို မိန်းမချင်းမို့ ပါးနပ်စွာ သိမြင်လွယ်သော လှေသူကြီးကတော်မှာ မိန်းမပျိုကလေးအများစုကိုမြင်လျှင် ငကပ်ကျော်အား ရှေ့သို့သာ အတင်းတွန်းပို့ပြီး ခြေလှမ်းသွက်သွက် လှမ်းရန်သာ တွင်တွင် လေတော့သတတ်။

တစ်ပတ်ခန့်ကြာသည်တွင် ကုန်များတင်ဆောင်ပြီး အောက်ပြည်သို့ စုန်ဆင်းကြပြန်၏။ သည်တစ်ခေါက်



www.burmeseclassic.com

www.burmeseclassic.com

များမှာ သောက်ရေအိုးငယ်များနှင့် ဆေးရွက်ကြီးတို့ဖြစ်ကြ၏။ သည်တစ်ခေါက် ကုန်လှေကြီးသည် အောက်အကြေ ဟင်္သာတအရပ်တိုင်အောင် စုန်ဆင်းရမည်ဖြစ်ရာ မိမိတို့မြို့ဆိပ်ကမ်းသို့ ရောက်လျှင်ပင် ခေတ္တဆိုက်ကပ်ကြရ၏။ မိသားစုများရှိရာသို့ သွားရောက်တွေ့ဆုံကာ တစ်ညအိပ်ပြီး နောက်တစ်နေ့ ဆက်ထွက်ကြမည်ဖြစ်၏။

ထိုနေ့က ငကပ်ကျော်မှာ ဆရာဘုန်းကြီးအား သွားရောက်ကန်တော့၏။ အညာပြန် သောက်ရေအိုးအသစ်တစ်လုံးကို ရေအပြည့်ဖြည့်လျက် ဆရာတော်ဘုရားထံ ကန်တော့၍ လှူဒါန်းပြီးနောက် ကပ္ပိယကြီးထံ သွားရောက်၍ ချစ်သူမယ်သိုင်းခင် အကြောင်းကို စုံစမ်း၏။ မယ်သိုင်းခင် ရွာတွင်မရှိဘဲ သူ့မိသားစုများနှင့် ဘုရားဖူးသွားကြကြောင်းသာ သိခဲ့ရပြီး မည်သည့်ဒေသသို့ သွားကြောင်းကိုမူ တိကျစွာ မသိရှိခဲ့ရချေ။

သို့နှင့် ချစ်သူ၏ မျက်နှာကလေးကိုပင် မတွေ့မမြင်ခဲ့ရဘဲ ကုန်လှေကြီးပေါ်တွင်ပင် ပြန်လည်အိပ်စက်လျက် တစ်ညတာကို ကုန်ဆုံးစေခဲ့၏။ တစ်လခွဲမျှ ခွဲခွာခဲ့ကြရသဖြင့် လွမ်းလည်း လွမ်း၏၊ ဆွေးလည်း ဆွေး၏။ ယခုလည်း အောက်အကြေသို့ စုန်ကြရပေဦးမည်။ မည်မျှကြာအောင် ခွဲရဦးမည်လည်း မခန့်မှန်းနိုင်သေး။

ငါးဖမ်းလှေအချို့မှာ မီးအုပ်ဆောင်းကလေးများ ထွန်းညှိလျက် ရေလယ်တွင် ပိုက်ချကာ တေးတကြော်ကြော်ဆိုညည်းရင်း ည၏ တိတ်ဆိတ်မှုကို ဖြိုခွင်းနေကြ၏။ ကောင်းကင်ယံရှိ ကြယ်ကလေးများလည်း လခြမ်းလှေကလေးနှင့်အတူ မြစ်ပြင်ကျယ်တွင် သက်ဆင်းကာ လှိုင်းကြက်ခွပ်ကလေးများနှင့် ပူးပေါင်းကခုန်နေကြ၏။ မြစ်ပြင်ကား ပျင်းရိခြင်း အလျှင်းမရှိ၊ သာယာပါဘိတောင်း။

ငကပ်ကျော်လည်း လှေပေါ်တွင်ပင် ဘယ်လူးညာလှိမ့်ဖြင့် တစ်ညတာကို ကုန်ဆုံးစေခဲ့၏။ အညာမှအပြန် လက်ဆောင်မွန် တဘက်ကလေး တစ်ထည်ကို ကပ္ပိယကြီးထံ အပ်နှံ၍ ချစ်သူမယ်သိုင်းခင်အား ပေးအပ်ပေးပါရန်လည်း မေတ္တာရပ်ခံခဲ့ရသေး၏။ မိမိကိုယ်တိုင် ဝယ်ယူလာသော ချစ်သူအတွက် လက်ဆောင်မွန်ကို ကိုယ်တိုင်သာ ပေးအပ်လိုပါသော်လည်း ဆန္ဒကား မပြည့်ဝခဲ့ပါချေ။

သည်သို့ဖြင့် မြစ်ဝကျွန်းပေါ်အပိုင်း ဟင်္သာတ၊ မြန်အောင်၊ ကြံခင်းမြို့များသို့တိုင် လှည့်လည်ခဲ့ပြီး ယင်းနောက် မကွေးမြို့ကုန်များဖြင့် သုံးလကျော်အကြာတွင် ပြန်လည်ဆန်တက်ခဲ့ကြရာ မကွေးသို့ ပြန်လည်ရောက်ရှိခဲ့ကြပြန်လေသည်။ မကွေးသို့ရောက်သော်လည်း မိမိတို့ဇာတိ မင်းဘူးဘက်ကမ်းသို့ကား မကပ်နိုင်ဘဲ မကွေးတွင်ပင် ကုန်တင်ကုန်ချ ရောင်းရင်းဝယ်ရင်း အလုပ်များနေကြ၏။

ထိုနေ့ ညနေစောင်းတွင် ငကပ်ကျော်လည်း ပျင်းပျင်းရှိသည်နှင့် မြသလွန်စေတီထံပါး၌ ဝပ်တွားပူဇော်ရန် လှမ်းခဲ့၏။ စေတီသို့မရောက်မီ ကမ်းစပ်တစ်နေရာ၌ မြင်းတစ်စီးနှင့် ဘုရားရှိရာဘက်မှ ပြန်လာကြသော မောင်နှံတစ်စုံကို တွေ့သဖြင့် လမ်းနံဘေးသို့ကပ်ကာ မြင်းကို ရှောင်ပေး၏။ မြင်းသည် ဒုန်းစိုင်းစီးလာသည် မဟုတ်ဘဲ လေးဖက်ကျ ခပ်မှန်မှန်လာနေသည်ဖြစ်ရာ ငကပ်ကျော်ရှိရာနေရာကို ဖြည်းဖြည်းနှင့်မှန်မှန် ကျော်ကာသွား၏။ ငကပ်ကျော်သည် ချုံတောကွယ် လမ်းနံဘေးမှဖြစ်ရာ ကျော်သွားသော မြင်းပေါ်မှ တူစုံမောင်နှံကို လှမ်းကာကြည့်လိုက်သည်တွင် ကမ္ဘာမြေကြီးသည် အိုးထိန်းစက်ကဲ့သို့ ချာချာလည်သွားသလို ခံစားလိုက်ရ၏။

အဘယ်ကြောင့်ဆိုသော် မြင်းပေါ်မှ လုလင်ပျိုမှာ မိမိသိဖူး မြင်ဖူးသောသူ မဟုတ်မူလည်း မိန်းမပျိုမှာကား ငကပ်ကျော်၏ချစ်သူ မယ်သိုင်းခင်ဖြစ်နေခြင်းကြောင့်ပင်။ မယ်သိုင်းခင်မှာ ငကပ်ကျော်ကို အမှုမဲ့အမှတ်မဲ့မို့ မမြင်မတွေ့ခဲ့သော်လည်း ငကပ်ကျော်မှာသာ မြင်းတစ်စီးပေါ်၌ တစ်ပါးသူ၏ရင်ခွင်တွင် ခိုတွယ်မှေးစက်ကာ လိုက်ပါသွားသော မိမိရင်နှင့်အမျှ ချစ်ရပါသော ချစ်သူမယ်သိုင်းခင်ကို မြင်လိုက်ရသဖြင့် နှလုံးသည်းခြေတို့ အညှာဆိုင်မှသည် ဆွဲကိုင်လှုပ်ယမ်းခြင်း ခံရသူကဲ့သို့ ဆောက်တည်ရာမရ သောကမီးဟုန်းဟုန်း ဝုန်းခနဲတောက်လောင်လေတော့၏။

သွေးလည်းပူ သွေးလည်းဆူလာသောအခါ ဒေါသလောင်မီးသည် မြိုက်မြိုက်ထသဖြင့် စဉ်းစားချိန်မရ၊ တွေးတောချိန်မရှိ အသိကို ဘေးချိတ်၍ ဒေါသစိတ်က ဘဝင်ကို နှိုးသဖြင့် ရုတ်ခြည်းဆိုသလို မြင်းနောက်သို့ အားကုန်ပြေးလိုက်၏။ မြင်းနှင့်လူ ဘေးချင်းယှဉ်မိသည်နှင့် ပါးချပ်ကြိုး ကိုင်ထားသည့်လက်ကို မိမိရရဆုပ်ကိုင်ကာ အောက်သို့ ဆွဲချ၏။ မြင်းပေါ်မှ လူနှင့်တကွ မယ်သိုင်းခင်မှာ



www.burmeseclassic.com

www.burmeseclassic.com

အတွေးတွေးအပြုံးပြုံးဖြင့် အောက်သို့ ကျကြလေကုန်သည် ဖြစ်ရာ ငကပ်ကျော်သည် မယ်သိုင်းခင်ကို အလျင်ဆွဲထူ၍ မိမိနှင့် မျက်နှာချင်းဆိုင်ကာ ရပ်စေ၏။

သို့သော် မယ်သိုင်းခင်မှာ တစ်ဖက်သို့လှည့်ကာပြေး၍ တခြားသောထိုလူထံ အပြေးသွားကာ ဖုတ်ဖက်ခါပေးလျက် သူတစ်ပြန် ကိုယ်တစ်ပြန် ပြုစု၍နေကြလေသည်။

ထိုလူစိမ်းကလည်း ရုတ်ခြည်းထလာရင်းက-

**စိမ်း** 'တယ်လည်းရမ်းကားလှပါကလား လူရမ်းကားရဲ့။ ဒါက ဘာသဘောလဲဆိုတာ သိစမ်းပါရစေ'

'**ကျော်** 'ဘာသဘောလဲသိချင်ရင် ပြောပြရသေးတာပေါ့ဗျာ။ ဟောသည်က မယ်မင်းဖျိုဟာ ကျုပ်ရဲ့ချစ်သူဖြစ်သလို မကြာခင်မှာ စုလျားရစ်ပတ်ကြဖို့ နှစ်ကိုယ်တူ သစ္စာပြုကြပြီးသားဖြစ်တယ် ကိုယ့်လူရဲ့'

**စိမ်း** 'အလို့··တယ်ဆိုတဲ့ စာပါလား။ ဟုတ်များဟုတ်လေသလား ငါ့နှမရယ်။ ကဲ··ငါ့နှမကပဲ ဟုတ်သည် မှန်သည်၊ မဟုတ်ကြောင်း မမှန်ကြောင်း ဖြေပြပေးလိုက်စမ်းပါလားကွယ်'

**ခင်** 'အို··ပေါက်ပေါက်ရှာရှာ မဟုတ်တာ မြို့စားကလေးရယ်။ သည်လူဟာ ကျွန်မချစ်သူ ဟုတ်ဖို့အသာထား၊ မြင်များတောင် မမြင်ဖူးပါဘူးရှင်'

ထိုအခါ မြို့စားကလေးဟု အခေါ်ခံရသူက-

**စိမ်း** 'ရော်··သူကဖြင့် လက်ညှိုးငေါက်ငေါက်ထိုးပြီး သူ့ချစ်သူပါလို့ ကျိန်းသေပေါက်ကြီး ပြောချက်ကရဲတင်းလှပါကလား'

**ကျော်** 'မယ်သိုင်းခင်ရယ်၊ စိမ်းကားလှပါပေ့။ ငါ့မျက်နှာကိုများ စေ့စေ့ကလေး ကြည့်စမ်းပါဦးတော့။ မင်းနဲ့ ငါဟာ နှစ်ကိုယ်တူ မေတ္တာမျှခဲ့ကြတာ မင်းလည်းအသိ ငါလည်းအသိ။ နှစ်ကိုယ်တူ အသိအမှတ်ပြုခဲ့ကြပြီး စက္ကတဲဘုရားမှာလည်း သစ္စာတွေဆိုခဲ့ကြတယ်မဟုတ်လား'

**ခင်** 'အလို··အရူးစကားတွေ၊ ရှင်ဟာ စိတ်မနှံ့တဲ့လူ ဖြစ်ပုံရတယ်။ ဒါမှမဟုတ် ငယ်ငယ်ရွယ်ရွယ်နဲ့ မယားတရူး ဖြစ်နေရှာသလား'

**စိမ်း** 'ကိုင်း··ကိုယ့်လူ၊ ရှည်ရှည်ဝေးဝေး ဒုက္ခမများချင်ဘူးဆိုရင်ဖြင့် ဒီနေရာက မြန်မြန်ခွာပြီး ဝေးရာကို မြန်မြန်သွားပါတော့လေ။ ကျုပ် စိတ်ကောင်းဝင်နေတုန်းပေါ့'

**ခင်** 'ကဲပါ မြို့စားကလေးရယ်။ ဒီလူနဲ့ ဖက်ပြိုင်ပြီး စကားပြောမနေပါနဲ့။ အကျိုးလည်း မဲ့လှပါတယ်။ မြို့စားကလေးလည်း အာရုံတွေထွေပြားပြီး ပင်ပန်းနေပါ့မယ်။ ပြန်ရာလမ်းကိုပဲ ဖြောင့်ဖြောင့်တန်းတန်း အေးအေးသက်သာ ပြန်ကြပါစို့နော်'

ငကပ်ကျော်သည်လည်း မြို့စားကလေးဟူသော ဂုဏ်ဒြပ်နှင့်ပင် မိမိဘက်က သိမ်ငယ်ပြီးသားဖြစ်နေသလို ဆက်ဖြစ်လျှင်လည်း မိမိသာ အရှုံးရှိတော့မည်မို့ ခြေတစ်လှမ်း နောက်ဆုတ်လိုက်၏။ ထို့ပြင် လူတူမရှား နာမည်တူမရှားမို့ မိမိကိုယ်တိုင် ထင်မိမြင်မိယောင်မှားလေသလားဟု မိမိကိုယ်မိမိ သံသယဝင်ကာ နောက်ကိုထပ်၍ ဆုတ်လိုက်ပြီး မြင်းပေါ်သို့ တက်နေကြသော သူနှစ်ယောက်ကို စေ့စေ့တစ်ချက်ကြည့်ကာ ကျောခိုင်းလိုက်၍ ခြေလှမ်းများကို မြသလွန်စေတီထံပါးသို့ ဦးတည်လိုက်လေတော့၏။

◆◆◆

'ဟား··ဟား··ဟား··အဲဒါ မြို့စားကလေး မဟုတ်ဘူးကွ။ မြို့စားမင်းက သူ့အဖေ၊ သူ့မွေးဘ။ အဲသည် သူ့မွေးဘ မြို့စားအရှိန်နဲ့ သူ့ကိုယ်သူ မြို့စားကလေး လုပ်နေသဟာ'

'ဟင်··အဲလို ဟုတ်သလား'

'ဟုတ်သမှ သိပ်ဟုတ်တာပေါ့ ငကပ်ကျော်ရယ်။ ငရို့က နဂိုကတည်းက သည်ကိစ္စကို သိပြီးသားပလေ'

'ဟင်··ဒါဖြင့် ကျွန်တော်တွေ့ခဲ့တာ မယ်သိုင်းခင် အစစ်ဆိုတာ မလွဲတော့ဘူးပေါ့'

'အင်းပေါ့ဗျာ၊ ငကပ်ကျော် လူကလေး စိတ်မကောင်းဖြစ်မစိုးလို့ နှုတ်ပိတ်ထားကြသဟာ။ ခု လက်တွေ့မျက်မြင် ဖြစ်လာပြီဆိုတော့လည်း ပြောရတော့မှာလေ'

'လင်းပါဦး နောင်ကြီးစံပရယ်၊ လုံးစုံကိုသာ သိပါရစေတော့လား'

'အင်း··ခက်တယ်ကွယ်ရို့။ ဂုဏ်နဲ့ဒြပ် အသာကြီးတော့ မေတ္တာဆိုတာ ဣန္ဒြေမဲ့လှတယ်ကွယ်။ မင်းရဲ့ မယ်သိုင်းခင်ကလေးဟာ အစကတော့ ရိုးပါသတဲ့။ ငရို့များ ဟိုးအထက် သွားကြလို့မှ မကြာခင် သူတို့မိသားစု အရှေ့ဘက်ကမ်းကူးလို့ ဘုရားဖူးကြွကြသတဲ့။ အဲသည်



www.burmeseclassic.com

www.burmeseclassic.com

မယ် ဟိုကမြို့စားမင်းရဲ့သား သူငယ်ချင်းတစ်စုကလည်း ဘုရားဖူးအလာ ဆုံကြရော ဆိုပါရောတဲ့။ သည်လိုနဲ့ ဂုဏ်ရှိန်ကြီးမြင့်တဲ့ မြို့စားသားဆိုတော့ လက်လွတ်မခံနိုင်တဲ့ သူ့မိဘများကလည်း တွန်းထိုးမြှောက်ပင့်ကြရင်းက ကောင်မလေးကလည်း တိမ်းညွှတ်လွှယ်ပြီး ပါသွားရောဗျာတဲ့'

'ကျွန်တော်က ဆင်းရဲသား လှေထိုးသား ငမွဲ၊ ဂုဏ်မဲ့သူမို့ ပစ်ခဲ့သပေါ့ ဟုတ်လား ကိုရင်စံပ'

'ဟုတ်လိုက်သမှ သိပ်ဟုတ်တာပေါ့ ငကပ်ကျော်ရယ်။ ငွေကြေးရာထူး ဂုဏ်သိမ်စည်းစိမ်ဟာ သစ္စာတရားကိုလည်း အမှိုက်တစ်စ ဖြစ်စေသပကွယ်ရို့'

'မယ်သိုင်းခင် ချစ်နှမရယ်··ရက်စက်တော်မူလှချည့်။ အင်း··နေနှင့်ကြဦးပေါ့ကွယ်။ တစ်နေ့နေ့မှာ မင်းနဲ့ငါ စာရင်းကို ရှင်းကြရမယ်။ ငါ့ရဲ့ မေတ္တာတရားကို ခြေသုတ်ဝတ်လို နင်းချေချွတ်လို့ မြင်းကုန်းနှီးစုတ်လို အရာမသွင်း အမှိုက်လိုရှင်းခဲ့တာ မင်းပြန်ပေးဆပ်ရမယ် မယ်သိုင်းခင်ရေ'

ငကပ်ကျော်သည် ဤသို့ကြွေးကြော်ပြီးသကာလ အံကိုကြိတ်၊ လက်သီးကျစ်ကျစ်ပါအောင်ဆုပ်ပြီးလျှင် မတ်တတ်ထရပ်လိုက်ကာ လှေပေါ်ကို ရွက်တိုင် သစ်သားလုံးကြီးကို လေးငါးချက်မျှ ဆင့်ကာ,ဆင့်ကာ ထိုးလိုက်သဖြင့် ကွဲပြဲသွား၍ သွေးစက်များသည်လည်း လှေပေါ်တွင် ရဲရဲဖြာသွား၏။

ပြီးနောက် ဟင်းခနဲသက်ပြင်းတစ်ချက်ကို ခပ်ပြင်းပြင်းချလိုက်ပြီး လှေပေါ်ကုန်းဘောင်မှတစ်ဆင့် ဆင်းသွားကာ ကုန်းအထက်သစ်ပင်ရိပ်တွင် ဝိုင်းဖွဲ့နေကြသော လှေသားများနှင့် ရောနှောကာ ထိုင်ချလိုက်လေ၏။

'အလို··ကိုရင်ငကပ်ကျော်လေး ဘဇာများဖြစ်လာသတုန်းဗျ။ လက်ခုံမှာလည်း သွေးချင်းချင်းရဲလို့ပါလား'

ငကပ်ကျော်သည် တောက်တစ်ချက်ကို ခပ်ပြင်းပြင်းခေါက်လိုက်ပြီး ဖြစ်ကြောင်းရယ်မှ ကုန်စင်ကို နှုတ်သံနှော၍ ပြောပြလိုက်လေရာ-

'အောင်မယ်လေး ကိုရင်ရယ်၊ ဒါများ လွမ်းစရာလိုက်လို့။ လောကမှာ မယ်သိုင်းခင် တစ်ယောက်တည်းသာ မိန်းမဟုတ်လေရိုးလားဟင်။ မေ့လိုက်လေဗျား။ ကိုရင့်လို ရုပ်ရည်နှင့် တစ်ကမ်းကုပ် တစ်ရွာနား တစ်ကျိုဆောက် များလှပါလေဘိသဗျာ။ ခုလောလောဆယ်တော့ စိတ်ညစ်တာက ထုံးစံလိုပလေ။ ကဲ··စိတ်ညစ်ပြေပျောက် သေရည်သောက် ဘဝင်တိုင်ပေါက် ချမ်းသာရောက်သတဲ့။ ကိုင်း··ရော့၊ ဘာမှတွေးမနေနှင့်။ ဒါလေး ချလိုက်'ဟု ဆိုကာ သေရည်တစ်ခွက်ကမ်းပေးသည်ကို ငကပ်ကျော်သည် သောက်မည်ဟုလည်းမပြော၊ မသောက်လိုဟုလည်း မငြင်း။ ကမ်းလာသောသေရည်ခွက်ကို လှမ်းယူ၍ တစ်ရှိန်ထိုး မော့ချလိုက်လေ၏။

သူရာရည် ပူနွေးနွေးရှိန်းမြမြသည် မယ်သိုင်းခင်သစ္စာဖျက်မှုအား ချစ်ခဲ့သမျှသော အချစ်နှင့် မေတ္တာတရားတို့ကို တမြည့်မြည့်လောင်မြိုက်စေလေပြီတကား။

◆◆◆

ဤသို့နှင့် ငကပ်ကျော်၏ အမုန်းတရားသည် တအုံနွေးနွေး ဆွေးတပူပူဖြင့် သောကနှင့် ဒေါသရောပြွမ်းကာ လောင်မြိုက်ခြင်းမက လောင်မြိုက်၍ သူရာရည်တမြဲမြဲ ဓားတသသ အားကြွ၍မဆုံး အမုန်းကွန်ရက် ဖြန့်ကြက်လျက်သာ ရှိတော့သည်။

မြို့စားမင်း၏ သားမောင်ဖြစ်သူ မောင်ရဲလှကား မကွေးမြို့အနောက်ဘက်ကမ်းသူ မယ်သိုင်းခင် အချောအလှကလေးကို လက်ထပ်၍ကား ယူပါ၏။ သို့သော် မယားအရာဖြင့် ဝံ့ကြွားတောက်ပစွာ နေခွင့်မရရှာဘဲ မြို့စားမင်းတို့အိမ်တွင် အိမ်စေသာသာ အနေအထားဖြင့် နေရရှာလေသည်။ မောင်ရဲလှကား အိမ်တွင် ကပ်သည်ကနည်း၍ ရွာစဉ်လှည့်လည်ကာ မယားငယ်များဖြင့် ပျော်ပါးခြင်း၊ မြို့စားမင်း၏ အရှိန်အဝါကိုသုံး၍ ငွေကြေး





www.burmeseclassic.com

www.burmeseclassic.com

အသပြာများ အလွဲသုံးစားပြုခြင်း၊ ကြက်တိုက်ခြင်း အစ ရှိသော လောင်းကစားမျိုးစုံကို အပေါင်းအဖော်များ စုရုံးလျက် အုပ်စုလိုက် ပျော်ပွဲသဘင်လှည့်ပတ်ကာ ဆင်ယင်ကျင်းပ၍သာ နေလေသတတ်။

တစ်ရက်တွင်မတော့ အကြောင်းတိုက်ဆိုင်စွာ ငကပ်ကျော်သည် ဘုရားပွဲတစ်ခုသို့သွားပြီး ပြန်ချိန်တန်၍ လှေဆိပ်သို့ ပြန်လာရာ လမ်းတွင် ကြက်ဝိုင်းတစ်ဝိုင်းနှင့်ဆုံ၏။ ဘာရယ်မဟုတ်ဘဲ စိတ်ဝင်စားသဖြင့် ကြက်နှစ်ကောင် ခွပ်နေကြသည်ကို ကြည့်လိုဇောနှင့် ဝိုင်းအနီးသို့ ချဉ်းကပ်၏။ ကြက်ဝိုင်းနှင့် မလှမ်းမကမ်း သစ်ပင်ရိပ်အောက်ဝယ် ဆေးလိပ်ဖွာရင်း ဆောင့်ကြောင့်ထိုင်ကာ ကြက်များ အားရပါးရ ခွပ်နေကြသည်ကို ထိုင်၍ကြည့်နေလေ၏။

ထိုသို့ကြည့်နေစဉ်ဝယ် လူတချို့၏နှုတ်မှ 'မြို့စားကလေး ‥မြို့စားကလေး' ဟူသောအသံကို ကြားရသဖြင့် အာရုံစိုက်ကြည့်မိလေရာ ယခုမှပင် သတိထားမိသွားလေတော့၏။ ထိုမြို့စားကလေး ဆိုသူမှာကား အခြားသူမဟုတ်ချေ၊ ငကပ်ကျော်၏ချစ်သူ မယ်သိုင်းခင်အား လက်ရသိမ်းပိုက်၍သွားသူ မောင်ရဲလှ ဖြစ်နေလေရကား ငကပ်ကျော်မှာ မိမိကို မမှတ်မိခင် ထိုကြက်ဝိုင်းမှ အမြန်ထ၍ အသော့နှင်ရလေ၏။

ကြောက်၍ကား မဟုတ်ချေ၊ ပြဿနာကို ရှောင်လွှဲလို၍သာ ထလာခဲ့ရခြင်းဖြစ်၏။ အကယ်စင်စစ်ကား ထိုမြို့စားကလေးမှာကား အပြစ်မရှိချေ။ အပြစ်ရှိသူမှာ သစ္စာပျက်ယွင်းသူ မယ်သိုင်းခင်သာလျှင်ဖြစ်၍ မြို့စားကလေးနှင့် ထိပ်တိုက်ရင်ဆိုင်ရန် အကြောင်းမရှိပါပေ။

ငကပ်ကျော်သည် ထိုကြက်ဝိုင်းမှ ထလာပြီး ရွာအစွန် ထန်းတောသို့ဝင်ကာ ထန်းရည်သောက်ရန် ပြင်၏။ ထိုထန်းတောနှင့် မိမိတို့ လှေဆိုက်ကပ်ထားရာ ကမ်းနားဆိပ်မှာ မဝေးရကား ထန်းတောတွင် လှေသမား၊ ဖောင်သမားများစွာ စုမိနေကြ၏။ လှေသမား၊ ဖောင်သမားများမှာ မျက်မှန်းတန်းမိနေကြသူချည်းဖြစ်သည့်အပြင် မိမိတို့လှေမှ လှေသမားများကလည်း ဝိုင်းတစ်ဝိုင်း ဖြစ်နေလေသဖြင့် ငကပ်ကျော်ကို မြင်သည်နှင့် လှမ်းကာခေါ်၏။

ငကပ်ကျော်လည်း လူစုံတက်စုံ ဝိုင်းတွင်ဝင်လျက် နောင်တော်လှေသမားများနှင့် သောက်စားလျက် အတန်ကြာလျှင်ပင် ယစ်မူးတွေ၍လာကြလေသည်။ ဆက်ရက်မင်း စည်းစိမ်သည်ကား အများဆိုသလို စကားလည်း စုံ၏။ မိမိတို့ လှေဦးစီးပွဲနှင်းကြီး မြေထဲမြို့တွင်လည်းကောင်း၊ ရန္တပိုတွင်လည်းကောင်း၊ ဆမြိတ်ခုံတွင်လည်းကောင်း၊ မယားငယ်များ သီးခြားစီထားကြောင်း၊ ဟိုအကြောင်း သည်အကြောင်း ပြောကြရင်းက တစ်ရက်တွင် မြို့စွန်ဈေးတန်းအနီး၌ မယ်သိုင်းခင်ကို အမှတ်မထင် တွေ့မြင်ခဲ့ကြကြောင်း၊ မယ်သိုင်းခင် ၏ဘဝသည် မြို့စားမင်းချွေးမဆိုသော်လည်း ကျွန်စုပ်သည့် သရက်စေ့ကပင် သာ၍ပြောင်ကြောင်း၊ ဆင်းရဲစွာ အနှိပ်စက်ခံနေရသဖြင့် လင်ကောင်းရသည်နှင့်မတူဘဲ ဒုက္ခသည် ကျွန်မကလေးရုပ်ပင် ပေါက်နေကြောင်း စုံတကာစေ့စွာ ဖောက်သည်ချလေကုန်၏။

ရင်နှင့်အမျှ ချစ်ခဲ့ရသူ မယ်သိုင်းခင်ကလေး၏ မြို့စားမင်းချွေးမ ဒုက္ခဆိုးသတင်းသည် ငကပ်ကျော်အတွက် နားဝင်ပီယံ မဖြစ်သော်လည်း ခံပေါ့၊ ခံစမ်းပေါ့။ နင်နဲ့တန်လို့ နင်ခံရတာ။ မက်မက်စက်စက် ရှိစမ်းပါလား။ နင့်လင် မြို့စားကလေးဆိုတဲ့ သူတော်ကောင်းကြီးရဲ့ မယားကောင်း မယားမြတ်ပေါ့ပေါ့ဟင်။ ခုတော့ စည်းစိမ်တွေ ခံစားနေရပြီ မှတ်တာ လက်စသတ်တော့ ဒုက္ခစည်းစိမ်တွေ ဖြစ်နေပါရောကလား မယ်မင်းကြီးမရေဟု ဒေါမနဿအာရုံကြလျက် ထန်းရည်ခွက်ကို ဘေးချကာ မျက်ရည်ပေါက်ပေါက် ကျရရှာသတည်း။

သို့နှင့်ပင် ငကပ်ကျော်တည်းဟူသော အချစ်ကြောင့်ကြေကွဲရရှာသည့် လူငယ်ကလေးသည် လှေသားများ ဝိုင်းဝန်းချီးမြှောက်ကြသကဲ့သို့ လှေမျောလျှင် လှေနှင့်လိုက်၊ ငွေမျောလျှင် ငွေနှင့်လိုက် ဟူသော စကားကို အကြောင်းပြကာ မိန်းမမျောသဖြင့် မိန်းမနှင့်လိုက်ရန်အတွက်ဖော်လျက် မြှောက်ပင့်သလိုလို နှစ်သိမ့်သလိုလို စကားများကြောင့် အားများပင် ပြည့်လာပြန်၏။

သေရည်ကလေးတမြမြ လူပျိုဂုဏ်သွေးတကြွကြွနှင့် ရုပ်လက္ခဏာကြန်အင်ကလည်း မိန်းမများကျလောက်စရာ ရုပ်ကလေး ဖြစ်ရသည့်အထဲ ဂဝံသားပိုက်ရုပ်ကလေး၏ ဂမ္ဘီရမှော်အစွမ်းကလည်း ပီယသျှိစွမ်းလေသလား မပြောတတ်၊ ငကပ်ကျော်မှာ တစ်ရွာတစ်ကျိ ဆောက်ရုံမျှမက အချို့ရွာများတွင် နှစ်ကျိ၊ သုံးကျိပင် ရှိလေသောဟူ၏။

သည်ကြားထဲတွင် လှေသူကြီးကတော်မှာ ယခင်နှ



www.burmeseclassic.com

www.burmeseclassic.com

မတူ၊ တစ်မူထူးခြားလာသည်ကို ငကပ်ကျော်ပင် တစ်စ၊ တစ်စနှင့် ရိပ်မိလာ၏။

ထိုနေ့က ငကပ်ကျော်သည် လှေအနီး မြစ်ဆိပ်၌ ရေချိုးနေစဉ် လှေသူကြီးကတော် မယ်သိန်းတင်သည် ထဘီရင်လျားနှင့် လှေပေါ်မှ ဆင်းလာ၏။ ထိုအချိန်တွင် လှေသူကြီးမှာ လှေ၌ မရှိချေ။ ဤမြစ်ကမ်း လှေဆိပ်သို့ ဆိုက်ကပ်သည့်နေ့မှစ၍ ကမ်းပေါ်တက်ကာ သူ့အမြှောင် မယားရှိရာရွာသို့ ကြွေးတောင်းရန် အကြောင်းပြ သွားနေသည်မှာ သုံးရက်ခန့်ရှိပြီ။

မယ်သိန်းတင်သည် ငကပ်ကျော်နှင့် မလှမ်းမကမ်းတွင်ဆင်းကာ ရေချိုး၏။ ခဏအကြာတွင် အမေ့ဟူသော အာမေဋိတ်သံနှင့်အတူ ခြေချော်ကာ ရေထဲသို့ ဗွမ်းခနဲ မြုပ်သွားသော မယ်သိန်းတင်၏ လက်တစ်ဖက်ကို မြင်လိုက်ရသည်။ ငကပ်ကျော်မှာ လျှင်မြန်စွာပင် ဝုန်းခနဲ ဒိုင်ဗင်ထိုးချလိုက်ပြီး မယ်သိန်းတင်ကို ဆယ်ရ၏။ ရေစီးနှင့်မို့ ရေအောက်သို့မှန်းကာ အမိလိုက်လျှင် အဆွဲမြန်၍သာ မယ်သိန်းတင်ခမျာ အသက်ချမ်းသာရာရလေသည်။ ရေစီးနှုန်းအရှိန်ကြောင့် ရင်လျားထားသော ပတ်ထဘီမှာလည်း ခါးကြိုးပြေလျက် ကျွတ်ထွက်သဖြင့် ထဘီတခြား လူတခြား။ ဆယ်လိုက်ရသော ငကပ်ကျော်မှာလည်း ရင်တွေ တဒိန်းဒိန်းခုန်လျက် နတ်စုံပူးကာ မူးဝေ၍ပင်သွားသောဟူ၏။

ထိုညက လှေပေါ်တွင် ငကပ်ကျော်အား အခြားလှေသမားများနှင့်အတူ ထမင်းမစားစေဘဲ သူနှင့် အတူခေါ်ကာ စားစေ၏။ မယ်သိန်းတင်နှင့် အတူနေ မိန်းမဖော် ဒေါ်ခင်တုတ်ကား ငကပ်ကျော်ကို သားကဲ့သို့ ကျွေးမွေး၏။ မယ်သိန်းတင်က ငါးအရိုးနွှင်ပေးခြင်း၊ ရေနွေးငှဲ့ပေးခြင်း စသဖြင့် ပြုစုယုယနေလေရာ ငကပ်ကျော်က အားနာသဖြင့် မပြုရန် တားသော်လည်း မယ်သိန်းတင်က အသက်သခင် ကျေးဇူးရှင်ဖြစ်သည်မို့ ယခုလို ပြုစုရခြင်းက နည်း၍နေသေးကြောင်း၊ ယခုထက်ပို၍ ကျေးဇူးဆပ်လိုပါသေးကြောင်း စီကာပတ်ကုံး တပြုံးပြုံးနှင့် တုံ့ပြန်စကား ဆိုလေသည်ကြောင့် ငကပ်ကျော်မှာ တုံဏှိဘာဝေ ဆိတ်ဆိတ်သာ နေရလေတော့၏။

◆ ◆ ◆

'ဟား··ဟား··ဟား··ငကပ်ကျော်ရယ်၊ ငါးကိုများ ရေနှစ်သေမှာ စိုးသတဲ့လား။ အပေါ··ပေါ··မင်း အလိမ်ခံရတာပဲကွယ့်။ မင်းမဆယ်လည်း ခဏကြာ သူ့ဟာသူ ကူးပြီး ကမ်းပေါ် ပြန်တက်လာမှာပေါ့'

'ဟင်··သူက ရေကူးတတ်တယ်လား'

'ဘယ်မကူးတတ်ဘဲ ရှိမလဲကွယ်။ ရေထဲမယ် လုပ်စားနေကြတဲ့ လှေသမား၊ ရေသမားတွေပဲဟာကို။ အင်း··တန်တော့ ဒီသူငယ်မဟာ မောင့်ကို တိမ်းညွတ်ပြီး တစ်ခုခု ကြံစည်နေလေရော့သလား စဉ်းစားစရာပဲပေပ'

ငကပ်ကျော်သည် ဝါရင့်လှေသမားကြီး ဦးတိမ်ညို၏ အနီးတွင် ရွက်ဖျင်စအပြဲကို ဝိုင်းဝန်းချုပ်လုပ်ပေးနေရင်း စကားစပ်မိသဖြင့် လှေသူကြီးကတော်အား ရေထဲမှ ဆယ်ပေးလိုက်ရသည့်အကြောင်း ပြောပြမိ၏။ ပြောသည်ဆိုသော်လည်း အကုန်အစင် မဟုတ်မူဘဲ မိမွေးတိုင်း ဖမွေးတိုင်း ကိုယ်လုံးကို ဆယ်ယူရကြောင်းကိုတော့ မပြောဘဲ ထိမ်ချန်ထား၏။

လှေသမားကြီး ဦးတိမ်ညိုကလည်း ရှေ့လျှောက် သတိနှင့် နေရန်အပြင် ကာမေသုမိစ္ဆာစာရကံ၏ အပြစ်နှင့် ဆိုးကံကို ပုံတိုပတ်စနှင့် ဆုံးမစကားဆို၍ လမ်းမမှားရန် တည့်မတ်ညွှန်ပြပေးခဲ့၏။ သို့ပါသော်လည်း ကြမ္မာဆိုးက တိုးဝင်ရန် အခွင့်သာ၍ အခါသင့်လေသောအခါ··။

◆ ◆ ◆

ထိုနေ့က သူတို့၏ပေ့ါကြီးသည် မြေထဲမြို့ ဆိပ်ကမ်း၌ ဆိုက်ကပ်ထားပြီး ကုန်များချနေကြ၏။ လှေသူကြီးမှာ ထုံးစံအတိုင်း မြေထဲမြို့ပေါ်တက်ကာ မိတ်ဆွေများအိမ်သို့ လှည့်လည်သွားလာခြင်း၊ အပျော်မယားများနှင့် ပျော်ပါးသောက်စားနေ၍ နှစ်ရက်မျှရှိပြီ ပြန်မလာ။

ညနေချမ်းအချိန်သို့ရောက်သော် လှေသမားအများစုမှာလည်း သွားသူသွား၊ လာသူလာ၊ နားနားနေနေ လည်ကြပတ်ကြ။ လှေပေါ်တွင်လည်း လှေသူကြီးကတော်နှင့် အဖော်မိန်းမကြီးတို့နှစ်ဦးက ပွဲစင်ပေါင်းမိုးအခေါင်ငယ်ထဲတွင် ရှိနေကြပြီး ယောကျ်ားသားဟူ၍လည်း အစောင့်အနေ တာဝန်ကျသူ ငထိန်သာနှင့် ငကပ်ကျော်တို့ နှစ်ဦးသာလျှင် လှေပေါ်တွင် ကျန်ရစ်၏။

ငထိန်သာကလည်း ဆိပ်ကမ်း၌ ဆိုက်ကပ်ထားသော အခြားလှေတစ်စင်းပေါ်မှ မိတ်ဆွေတစ်စုနှင့် အဖွဲ့ကျကာ သောက်စားလာပြီး လှေဦးတွင် နဂါးမင်းစည်းစိမ် ခံစား



www.burmeseclassic.com

www.burmeseclassic.com

နေ၏။ ငကပ်ကျော်သည်လည်း တစ်ဦးတည်း ပျင်းပျင်းရှိသည်နှင့် သေရည်အိုးကို နံဘေးတွင်ချကာ တစ်ခွက်ပြီး တစ်ခွက်သောက်ရင်း ကုန်မှန်းမသိ ကုန်လေသည်မှာ သေရည်တစ်အိုးကုန်၍ နောက်တစ်အိုးကိုပင် ထပ်၍ခပ်သောက်နေမိ၏။ တစ်ယောက်တည်းမို့ ကောင်းကင်က ကြယ်များကို ကြည့်လိုက်၊ မြစ်ပြင်ကို ငေးလိုက်နှင့် ယစ်ရွှေရည် ထွေထွေ စိတ်အနေက ဗယောက်ဗယက် တစ်ခွက်ပြီး တစ်ခွက် ခွက်ချင်းဆက်နေလေတော့သည်။

ထိုစဉ် မည်းမည်းသဏ္ဌာန် အရိပ်တစ်ခုသည် လှေနောက်ပိုင်း ပဲ့စင်ဆီမှ တရွေ့ရွေ့ လှမ်းလာရင်း ငကပ်ကျော်၏ ရှေ့တွင်ရပ်၏။ ပြီးလျှင် ငကပ်ကျော်၏ နံဘေးသို့ ကပ်ကာယှဉ်၍ ထိုင်လိုက်ရင်း-

'သောက်တာတွေ များနေပလားလို့ အမောင်။မတော်သေးဘူးလား'

ဟု မေးလာသည်ကို-

'ဘာသူလဲ မယ်သိုင်းခင်လား' ဟု အာလေးလျှာလေးကြီးဖြင့် ပြန်လှန်မေးခွန်းထုတ်လေ၏။

သည်တွင် 'မယ်သိုင်းခင်ကို ခုချိန်ထိ စွဲလမ်းတုန်းပဲလား အမောင်ရဲ့။ ဒီကလည်း မယ်သိုင်းခင်ထက် မသာတောင် မလျော့ပါဘူး' ဟု ဆိုကာ ငကပ်ကျော်၏ လက်မောင်းကိုမှီ၍ ပါးနှင့်ပွတ်သပ်လျက် ကယုကယင်ပြု၏။

'ဒါ ဘယ်သူတုံး'

'ဘယ်သူဆိုတာ အရေးမကြီးပါဘူး အမောင်ရယ်။ အမောင့်ကို ကြိတ်ပြီး မြတ်နိုးနေသူ တစ်ယောက်လို့သာ မှတ်ပေါ့ အမောင်ရဲ့'

'ဟာ..ကျုပ် အိပ်ချင်ပြီဗျာ'

'အိပ်လေ အမောင်ရဲ့၊ အိပ်ရမှာပေါ့။ လာနော်.. မမကိုယ်တိုင် အိပ်ရာနေရာကို ပို့ပေးမယ်။ ထ'

'ကောင်းပါလေ့ဗျ' ဟုဆိုကာ ငကပ်ကျော်သည် ထိုသူမကို ဆွဲမှီထူကာ ထ၏။ ယိုင်သွားသော ခန္ဓာကိုယ်ကို ဟန်ချက်ထိန်းရန် ထိုသူမကို ခါးမှသိုင်းကာဖက်ထားပြီး အိပ်ရာဆီသို့သွား၏။ သူမကလည်း မည်းမည်းမည့ို အလိုတူစွာ ဆန္ဒဂတိ ဖောက်ပြန်ခြင်းရှိသည်နှင့်အညီ အလိုက်သင့်စွာ သာယာလိုက်လျော ချစ်တင်းနှောရန် အသင့်ဖြစ်နေလေ၏။

ငကပ်ကျော်လည်း မပျော်အိပ်နိုး ရီဝေဝေ တိုးလေလေ ငကပ်ကျော်၏ စိတ်အာရုံထဲတွင် မယ်သိုင်းခင်သည်လည်းကောင်း၊ ရေထဲမှနေ၍ ဆယ်လိုက်ရသော လှေသူကြီးကတော်၏ အဝတ်မဲ့ခန္ဓာကိုယ်ကိုလည်းကောင်း တစ်လှည့်စီမြင်ယောင်လာရင်း ထိုသူမကိုဖက်ကာ ဆွဲလှဲလိုက်လေတော့၏။ အမှောင်ညသည် သာမန်ညထက် ပိုမှောင်သွားလေစွတကား။ ထိုညက မထင်မှတ်ပါဘဲ လှေပေါ်သို့ ပြန်လည်ရောက်ရှိလာသော လှေသူကြီးမှာ မိမိဇနီးနှင့်အတူ ယှဉ်တွဲပွေ့ဖက်လျက် အိပ်မောကျနေကြသော တူစုံအတွဲကို ကိုင်နေကျ ဆောင်ဓားဖြင့် အားရပါးရ စီရင်လိုက်လေသောဟူ၏။

နောက်တစ်နေ့နံနက်၌ မြေထဲမြို့၏ အောက်အကြေရပ် မြစ်အတွင်း၌ မိန်းမအလောင်းတစ်လောင်း မျောလာသည်ကို တွေ့လိုက်ရသူရှိသကဲ့သို့ အခြားဘက်ကမ်းတွင်လည်း လူသေယောကျ်ားအလောင်းတစ်လောင်း ကမ်းသို့တိုးဝင်လာ၍ ထိုးဝါးဖြင့် ထိုးချလိုက်ရကြောင်း သတင်းအမျိုးမျိုးကို ကြားသိကြရပြီး လှေဆိပ်အနီးတစ်ပိုက်ကမူ ငကပ်ကျော်သည် လှေသူကြီးကတော်ကို ခိုးယူကာ ထွက်ပြေးလေပြီဖြစ်ကြောင်း တစ်ယောက်တစ်ပေါက် ပြောဆိုနေကြလေကုန်သတည်း။

◆◆◆

'ဖာ..ခင်ဗျားက လက်စသတ်တော့ တော်တော်ဆိုးတဲ့လူပဲဗျာ'

'ကျုပ်က သည်လောက်အဆိုးကြီး မဟုတ်ပါဘူးဗျာ။ သေရည်တန်ခိုးကြောင့် အဆိုးဝဲထဲ နစ်မိတာပါဗျ'

'ဒါဖြင့် ကိုကပ်ကျော်ကိုလည်း ကျုပ်က အမည်တစ်မျိုး ပေးရပေဦးတော့မယ်'

'ကျုပ်ရဲ့ ဆိုးတဲ့ ဒီအကြောင်းကြီးတော့ နာမည်ထဲမပါပါစေနဲ့လို့ တောင်းပန်ပါတယ် ကိုပုကြီးရာ'

'မပါစေရပါဘူး၊ ကဲ..ကျုပ်က ဒီအတိုင်းပေးရင်ကျေနပ်မလား'

'ဘယ်လိုလဲ ပြောစမ်းပါဦး'

'ဂဝံသားပိုက် လူမိုက်ကပ်ကျော်လို့လေ'

'အဲဗျ၊ ဒါဆိုရင်တော့ ကျေနပ်ပါတယ်ဗျာ။ ဂဝံသားပိုက် လူမိုက်ကပ်ကျော်တဲ့လား။ ကောင်းလိုက်တဲ့ နာမည်ဗျာ'

လှိုင်စောဦး(မြို့ရွှေပြည်)



www.burmeseclassic.com

www.burmeseclassic.com


နိုင်ငံတကာ အတွေ့အကြုံရှိ ပညာရှင်

# ပုရောဟိတ်ဆရာ ဦးမြတ်စံ

B.Sc., M.Sc(Q)., English Language (UFL)., EDS (MOFA)

**ဆန်းကျမ်းဗေဒင်၊ လက္ခဏာ၊ ဂမ္ဘီရပညာ၊ ဓာတ်ရိုက်ဓာတ်ဆင်ယတြာပညာရှင်**

## အယူတော်မင်္ဂလာဗေဒင်ဟောခန်း

ကျွန်ုပ်၏ ကျင့်ကြံအားထုတ်ရသော သီလ၊ သမာဓိ၊ ပညာ၊ စရဏ၊ သမထစွမ်းအားတို့ဖြင့် (၇)ရက်သားသမီးတို့၏

ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ အချစ်ရေး၊ အိမ်ထောင်ရေး၊ အမှုအခင်းကိစ္စများအား

တူညီလမ်းညွှန် ဖြေရှင်းပေးနေပါသည်။

ဝိဇ္ဇာထိပ်ခေါင် အဘအောင်မင်းခေါင်နှင့်တကွ ဝိဇ္ဇာရှစ်သောင်း ဆရာအပေါင်း၊

အနန္တစကြဝဠာမှ ဆရာသခင် သူတော်စင်ကြီးများ၏ သိဒ္ဓိ၊ မဟိဒ္ဓိ စွမ်းအားဖြင့် ကျွန်ုပ်ကိုယ်တိုင်စီရင်အပ်သော

အနန္တဒီပံဖယောင်းတိုင်၊ အနန္တသိဒ္ဓိ အင်း၊ စမ၊ ယတြာအစီအရင်များ ပီယလာဘ်ဖွင့်

**ဂမ္ဘီရအဆောင်များ ပူဇော်ခြင်းဖြင့်**

**ဘဝအောင်မြင်မှုကို ရယူပါ။**

သား, သမီးရတနာများအတွက် မွေးဖွားချိန်မင်္ဂလာအခါပေးခြင်း၊ ထန်းဖူး၊ ရက်ချုပ်ဇာတာဖွဲ့ပေးခြင်း၊

မြန်မာ့ရိုးရာ နာမကရဏမင်္ဂလာနှင့်အညီ ကလေးနာမည်ပေးခြင်း၊

နိုင်ငံခြားခရီး (ပညာရေး၊ အလုပ်အကိုင်၊ သင်္ဘောတက်ရန်)

S pass, P.R, Shore Job, Oversea Student Visa အဆင်ပြေစေရန် စီစဉ်ပေးခြင်း၊

အိမ်၊ ခြံ၊ မြေ၊ ကား၊ ကျောက်မျက်ရတနာ၊ ကုန်ပစ္စည်းများ အမြန်ရောင်းထွက်ရန်

အာမခံဖြင့် **အထူးယတြာ** စီရင်ပေးပါသည်။

**Prediction in English Language is offered.**

---

ရုံးခန်းလိပ်စာ ❖ အမှတ်-၁၅(B) (ပထမလွှာ)၊ (၁၄၉)လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ (သီတာလမ်းမှတ်တိုင်အနီး)၊

ဆွေးနွေးချိန် ❖ နံနက်(၉း၀၀)နာရီမှ ညနေ(၃း၀၀)နာရီအထိ

📱 09 51 76646, ☎ 200 298, E-mail Address : myatsan5@gmail.com

Website : http://sayamyatsan.blogspot.com ✹ ကြိုတင်ရက်ချိန်းယူပါ ✹




www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်၏ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စာရေးခြင်းနှင့် ရုပ်ရှင်ဒါရိုက်တာ လုပ်ခြင်းပင် ဖြစ်လေ၏။ တစ်ခါတစ်ရံ ကျွန်ုပ်သည် စိတ်ကူးရလျှင် ပန်းချီလည်း ရေးဆွဲလေ့ ရှိလေ၏။ သို့သော် အသက်မွေးဝမ်းကျောင်း အလုပ်ကား မဟုတ်ပေ။ ဝါသနာအလျောက် စိတ်ပြေလက်ပျောက် စိတ်၏ ဖြေပြေရာအတွက် ရေးဆွဲခြင်းမျှသာ ဖြစ်လေ၏။

ထိုနေ့က ကျွန်ုပ်သည် စိတ်ကူးထဲ၌ ပုံရိပ်တစ်ခုကို မြင်မြင်၍နေမိလေ၏။ ယင်းပုံရိပ်မှာလည်း မိန်းကလေးတစ်ယောက်၏ ရုပ်ဆင်းသဏ္ဌာန်ပုံရိပ် ဖြစ်လေ၏။ ပုံရိပ်ရှင်၏ မျက်နှာမှာ တည်ငြိမ်အေးမြပြီး ကြူနွေ့ရှိလှပေ၏။

ထို့ကြောင့် ကျွန်ုပ်သည် ပန်းချီရေးဆွဲချင်စိတ် ပေါ်ပေါက်လာသောကြောင့် လွတ်လပ်အေးချမ်းသော အပြင်အောက်ဒိုးတစ်နေရာသို့ ထွက်ခဲ့လေ၏။

ရှုခင်းကောင်းကောင်းကိုရှာ၍ သစ်ပင်ကြီး တစ်ပင်အောက်တွင် အရိပ်ခိုကာ နေရာယူ၊ ပါလာသော ပစ္စည်းများကို ချထားပြီး ကျွန်ုပ်၏ ထိုင်ခုံ၌ ထိုင်လိုက်လေ၏။

အရိပ်ကောင်းသော သစ်ပင်ကြီးဆီသို့ လေပြည်လေညင်းတို့သည် ဖြည်းဖြည်းညင်သာစွာ တိုက်ခတ်နေကြ၏။ ရွက်ချင်းခတ်သံတို့သည် ဂီတသံကဲ့သို့ နား၌ ကြားရကာ သာယာနာပျော်ဖွယ် ရှိလှ၏။

ကျွန်ုပ်၏ အတွေးပုံရိပ်သည် ယခုတိုင် မပျောက်သေးပေ။ တည်ငြိမ်အေးမြ ကြူနွေ့ရှိလှသော ပုံရိပ်ရှင်ကို အာရုံ၌ စွဲမြဲစွာ ရှိနေလေ၏။ ထို့ကြောင့် ကျွန်ုပ်သည် ကျွန်ုပ်၏ အာရုံထဲမှ ပုံရိပ်ရှင် မိန်းကလေးပုံကို ထောင်ထားသော ကင်းဗတ်ပေါ်တွင် ခဲတံဖြင့် စကက်အောက်လိုင်း ကောက်



ဒါရိုက်တာ

# မျိုးဇော်အောင်

## ဟိုရေးရေးတုန်းက ချစ်သူဟောင်းနှင့် ပြန်ဆုံခြင်း

www.burmeseclassic.com

www.burmeseclassic.com

ထားလိုက်လေ၏။

တဖြည်းဖြည်းနှင့် စကက်အောက်လိုင်းပုံ ထွက်ပေါ်လာသောအခါ ကျွန်ုပ်သည် များစွာအံ့သြခြင်း ဖြစ်ရလေ၏။ ကင်းဗတ်ပေါ်မှ ကောက်လိုင်းဆွဲထားသော မိန်းကလေး၏ ပုံရိပ်မှာ ကျွန်ုပ်၏ အာရုံနိမိတ်၌ စွဲထင်နေသော စိတ်ကူးပုံရိပ်နှင့်မခြား ထပ်တူထပ်မျှ တူနေသောကြောင့်ဖြစ်လေ၏။

'အဟမ်း··အဟမ်း'

ကျွန်ုပ်၏ တွေးနေသော စိတ်အစဉ်တို့သည် ရုတ်တရက် ထိုအဟမ်း··အဟမ်း ဆိုသော အသံကြောင့် လွင့်ပျောက်၍ သွားလေတော့၏။ အသံလာရာဆီသို့ ဖျတ်ခနဲ လှည့်ကြည့်လိုက်ရာ ကျွန်ုပ်၏နောက်၌ ပုဂ္ဂိုလ်တစ်ယောက်ကို တွေ့လိုက်ရလေ၏။ ၄င်းပုဂ္ဂိုလ်မှာ သူရူးတစ်ယောက်ကဲ့သို့ ဖြစ်လေ၏။ ဝတ်ပုံစားပုံမှာလည်း လွန်စွာထူးဆန်းလေ၏။ လူအမျိုးမှာ အသားဖြူဖြူဖြစ်၍ တိုင်းရင်းသား ရှမ်းလူမျိုးဟု ထင်ရလေ၏။ ဂျပန်လူမျိုးများ ဂျူဒိုကစားရာတွင် ဝတ်ဆင်လေ့ရှိသည့် ဂျူဒိုဝတ်စုံ ပုံစံမျိုးကို ဝတ်ဆင်လျက် ပခုံးပေါ်၌ လွန်စွာကြီးမားသော အညိုရင့်ရောင် လွယ်အိတ်ကြီးတစ်လုံးကို လွယ်ထားပြီး ဦးခေါင်းတွင် တဘက်အညိုရောင်ကို ပေါင်းထားလေ၏။ အသက်မှာ (၆၀)ကျော် (၇၀)နီးပါးခန့် ရှိမည်ဟု ထင်ရလေ၏။

၄င်းပုဂ္ဂိုလ်ကြီးသည် ကျွန်ုပ်ရေးဆွဲထားသော ကင်းဗတ်ပေါ်မှ စကက်အောက်လိုင်း မိန်းကလေးပုံကို စိုက်၍ ကြည့်ကာ-

'ဟေး··ကောင်လေး၊ မင်းက သခင်မလေး စောနန်းနွယ်ကို သိလို့လား'ဟု မေးလေ၏။ ကျွန်ုပ်မှာလည်း ထိုပုဂ္ဂိုလ်၏ အမေးကြောင့် အူကြောင်ကြောင်ဖြစ်၍သွားလေ၏။

'အဘ··ဘာပြောတာလဲ။ စောနန်းနွယ်ဆိုတာ ဘယ်သူလဲ'

'ကျွန်တော်ကတော့ မသိဘူးခင်ဗျာ'ဟု ကျွန်ုပ်က ပြန်၍ ပြောလိုက်လေ၏။

'မင်း အခုဆွဲနေတာ သခင်မလေး စောနန်းနွယ်ရဲ့ပုံ မဟုတ်ဘူးလား'ဟု ၄င်းက ပြန်၍ မေးပြန်လေ၏။

'မဟုတ်ပါဘူး။ ကျွန်တော်ရဲ့ စိတ်ကူးအာရုံထဲမှာမြင်တဲ့ ပုံရိပ်ကို ကျွန်တော် စိတ်မှန်းနဲ့ ရေးဆွဲနေတာ သခင်မလေးလား၊ စောနန်းနွယ်လားဘာလားတော့ ကျွန်တော်လည်း မသိပါဘူး အဘရာ'ဟု ကျွန်ုပ်က ပြန်၍ပြောလိုက်လေ၏။

'အေး··အေး··လောကမှာ စိတ်စိတ်ချင်း ဆက်သွယ်မှုရှိတယ်ဆိုတာ မင်း မသိသေးဘဲကိုး။ တစ်နေ့တော့ မင်းသိလာမှာပေါ့ကွာ။ ငါ့နာမည်က ဦးအောင်ဇမ္ဗူကျော်လို့ ခေါ်တယ်။ ဒါထက် ငါ့တူနာမည်က ဘယ်လိုခေါ်လဲ'

ဟု ၄င်းပုဂ္ဂိုလ်က မေးလိုက်ရာ ကျွန်ုပ်လည်း-

'မောင်မျိုးနောင်လို့ ခေါ်ပါတယ် အဘ'ဟု ပြန်၍ ဖြေကြားလိုက်လေ၏။

'မောင်မျိုးနောင်က ပန်းချီဆရာလား'

'ဟို··မဟုတ်ပါဘူးခင်ဗျ။ ကျွန်တော်က စာရေးဝါသနာပါတဲ့ စာရေးဆရာပါ။ ရုပ်ရှင်ဒါရိုက်တာလည်း လုပ်ပါတယ်'

'အေး··ကောင်းတယ်··ကောင်းတယ်။ ဆက်ပြီး လုပ်ပါ။ ကြိုးစားပါ။ ပန်းချီက ဝါသနာပါလို့ စိတ်ကူးရလို့ ဆွဲတယ်နဲ့တူတယ်'

'ဟုတ်ပါတယ် အဘ။ ဝါသနာအလျောက် ဆွဲတာပါ။ အသက်မွေးဝမ်းကျောင်းအလုပ်တော့ မဟုတ်ပါဘူး'

'အေးကွယ်၊ ကောင်းပါတယ်။ ခု မင်းရေးဆွဲနေတဲ့ ပန်းချီကို ရုပ်လုံးပေါ်အောင် ဆက်ဆွဲပါ။ တစ်နှစ်လောက်တော့ ကြာလိမ့်ဦးမယ်နဲ့တူတယ်'

'ဟာ··မဟုတ်တာဘဲ အဘရယ်။ တစ်နှစ်ကြာစရာလားဗျာ။ မသကာ တစ်ပတ်၊ ဆယ်ရက်ဆို ပြီးပါတယ်'

'အင်း··အဲဒါက မင်းအပြောလေ။ ငါကတော့ မထင်ပါဘူးကွာ။ တစ်နှစ်ဆိုတာ ငါက လျှော့ပြောလိုက်တာ။ တိတိကျကျ ပြောရရင်တော့ မင်း ခုဆွဲနေတဲ့ သခင်မလေး စောနန်းနွယ်ရဲ့ပုံ တစ်နှစ်နဲ့ ရှစ်လကြာမှ ပန်းချီကား အစသတ်နိုင်မှာ။ မင်း မယုံရင် စောင့်ကြည့်'ဟု ၄င်းပုဂ္ဂိုလ်က ပြောပြီး နှုတ်မဆက်ဘဲ လှည့်၍ထွက်သွားလေတော့၏။

ကျွန်ုပ်၏ ၄င်းပုဂ္ဂိုလ်ကြီးသည် သီချင်းတစ်ပုဒ်ကို လည်း အော်ဟစ်၍ သီဆိုသွားလေ၏။

သီချင်းမှာ-

'ရုပ်နာမ်နှစ်ပါး အရှိတရား ××× ငါသိတာက အလကား××× ရုပ်က မသိ××× နာမ်ကသိ×××အဲဒါကဝိ××× ပညာရှိ×××သတိမမူ ဂူမမြင်×××အသိဂူက ကုန်မြင်ရ အဲဒါ ဉာဏဖလ···'ဟူ၍ ဖြစ်လေသတည်း။

◆◆◆

ကျွန်ုပ်သည် အိမ်သို့ ပြန်ရောက်သည်အထိ ကျွန်ုပ်၏ စိတ်အာရုံမြင်ကွင်းထဲ၌ ဦးအောင်ဇမ္ဗူကျော်ဆိုသောပုဂ္ဂိုလ်

www.burmeseclassic.com

ကြီးနှင့် စိတ်ကူးရုပ်ပုံထဲက သခင်မလေး စောနန်းနွယ်ဆိုသော မိန်းကလေး။ ထိုနှစ်ဦးကို ကျွန်ုပ်နှင့်အတူ မြင်ကွင်းထဲ၌ ထင်လျက် စွဲ၍ကပ်ပါလာခဲ့လေ၏။

'မင်း အခုရေးဆွဲနေတာ စောနန်းနွယ်ပုံ မဟုတ်လား' ဟူသော ဦးအောင်ဇမ္ဗူကျော်၏ မေးခွန်းကိုလည်း ပြန်လည်၍ ကြားယောင်မိနေလေ၏။

ကျွန်ုပ်သည် ဦးအောင်ဇမ္ဗူကျော်အပေါ် များစွာအာရုံကျလျက် ရှိနေလေ၏။ သူ ဘယ်မှာနေသည်ဆိုသည့် လိပ်စာပင် မတောင်းမိခဲ့ပေ။

အကယ်၍များ ကျွန်ုပ်တောင်းခဲ့မိလျှင် ကျွန်ုပ်အတွက် ဘယ်လောက်များ ကောင်းလိုက်မလဲဟု အတွေးများ ပေါ်လာကာ နောင်တ,ရမိနေပြန်လေ၏။

အဘယ်ကြောင့်ဆိုလျှင် ကျွန်ုပ်သည် သူ့ထံသွား၍ ကျွန်ုပ်၏ ပန်းချီရုပ်ပုံထဲက သူပြောသည့် သခင်မလေး စောနန်းနွယ်ဆိုသည့် မိန်းကလေးအကြောင်းကို ကောင်းစွာ မေးမိပေလိမ့်မည် ဖြစ်သောကြောင့်တည်း။

ထိုနေ့တစ်နေ့လုံး ဦးအောင်ဇမ္ဗူကျော် အကြောင်းနှင့် သခင်မလေး စောနန်းနွယ် အကြောင်းကိုချည်း စဉ်းစား၍ နေမိတော့၏။ သခင်မလေး စောနန်းနွယ်ဆိုသော အမျိုးသမီးသည် အမှန်တကယ်ပင် အပြင်လောကမှာ ရှိကောင်း ရှိနေပေလိမ့်မည်ဟု ကျွန်ုပ်ထင်၏။

ထိုနေ့ညသို့ ကျွန်ုပ်သည် ဘုရားရှိခိုးခြင်း၊ ပုတီးစိပ်ခြင်း အမှုကိုပြု၍ အိပ်ရာဝင်ခဲ့ရာ အိပ်ပျော်သလောက်ရှိချိန်မှာပင် မျိုးနောင်··မျိုးနောင်ဟူသော ခေါ်သံကိုကြား၍ ဖျတ်ခနဲ နိုးထကာ တံခါးကို သွားရောက်ဖွင့်ပေးလေ၏။

တံခါးဖွင့်သွားသောအခါ ဘာအရိပ်အယောင်မျှ မတွေ့ရပေ။ မျိုးနောင်ဟူသော ခေါ်သံမှာ ဦးအောင်ဇမ္ဗူကျော်၏ ခေါ်သံဟု ကျွန်ုပ်၏စိတ်၌ ထင်လေ၏။

ထိုညက တော်တော်ကြီးညဉ့်နက်မှ ကျွန်ုပ်မှာ အိပ်ပျော်ခဲ့လေ၏။ မနက်လင်းတော့ နေမြင့်မှ ကျွန်ုပ် ထလေ၏။ မျက်နှာသစ် ရေမိုးချိုးပြီး အဝတ်အစားလဲကာ အပြင်သို့ ထွက်ခဲ့ရာ လမ်း၌ ရုပ်ရှင်ထုတ်လုပ်သူ ဦးအောင်မင်းနှင့် ဆုံလေ၏။

'အတော်ပဲ ဆရာမျိုးရေ၊ ကျွန်တော် ဆရာ့ဆီ လာတာ' ဟု ၎င်းက ဆိုလေ၏။

'ဘာကိစ္စလဲ မသိဘူး၊ လာဗျာ။ ကျွန်တော် မနက်စာ မစားရသေးဘူး။ လက်ဖက်ရည်ဆိုင်ဝင်ပြီး လက်ဖက်ရည်သောက်ရင်း ပြောကြတာပေါ့ဗျာ' ဟု ကျွန်ုပ်ကဖိတ်ခေါ်၍ နှစ်ယောက်သား လက်ဖက်ရည်ဆိုင်သို့ လျှောက်လာခဲ့ကြလေ၏။ ဆိုင်သို့ရောက်၍ လက်ဖက်ရည်သောက်ကြရင်း ကျွန်ုပ်က-

'ဆို··ကိုအောင်မင်း၊ ဘာ့အကြောင်းထူးလို့လဲ'

ဟု မေးလိုက်ရာ-

'ရုပ်ရှင်ရိုက်ဖို့ကိစ္စ ပြောမလို့။ ဆရာမျိုးနဲ့လိုက်တဲ့ အက်ရှင်ဒရမ်မာ ဇာတ်လမ်းလေးပါ။ ဇာတ်လမ်း၊ ဇာတ်ညွှန်းလည်း ရပြီ။ ဆရာမျိုး ရိုက်ပေးနိုင်မယ်ဆိုရင် အပ်မလို့' ဟု ၎င်းက တက်ကြွစွာ ပြောလေ၏။

ကျွန်ုပ်လည်း သိပ်ပြောရမည့်လူများမဟုတ်၍ အလွယ်တကူပင် လက်ခံလိုက်လေ၏။

နယ်ထွက်ရိုက်ကူးရမည့် ဇာတ်ကားဖြစ်၍ ကင်မရာ၊ သရုပ်ဆောင်ကအစ ထုတ်လုပ်သူ ဦးအောင်မင်းက တာဝန်ယူ စီစဉ်ထားရန်နှင့် နောက်ရက်(၂၀)ကျော်တွင် စတင်ရိုက်ကူးမည်ဖြစ်ကြောင်း စီစဉ်ကြလေ၏။ ကျွန်ုပ်တာဝန်ကလည်း ဇာတ်ညွှန်းအပြည့်အစုံ ရထားဖို့၊ ဇာတ်ဝင်သီချင်းများ အစီအစဉ်လုပ်ရန်နှင့် ဇာတ်အိမ်ဇာတ်ကွက် ထိထိမိမိရှိရန် ကျွန်ုပ် အဆင်သင့်လုပ်ထားရလေတော့၏။

◆ ◆ ◆

ကျွန်ုပ်သည် တစ်ပတ်အချိန်ရ၍ ကျွန်ုပ်၏ အာရုံနိမိတ်မှာ ပေါ်ပေါ်နေသော သခင်မလေးစောနန်းနွယ်၏ ပန်းချီကို ဆက်ဆွဲရန် ယခင်ရှခင်းနေရာဆီသို့ ထွက်လာခဲ့လေ၏။

ကျွန်ုပ်ထက် အရင်ဦးစွာ ရောက်ရှိနေသူမှာ ဦးအောင်ဇမ္ဗူကျော် ဖြစ်နေသောကြောင့် ကျွန်ုပ်သည် အံ့သြ၍သွားလေ၏။

'အဘ··ဘယ်တုန်းက ရောက်နေတာလဲ'

ဟု ကျွန်ုပ်၏ ပဋိသန္ဓာရစကားဖြင့် နှုတ်ဆက်မေးမြန်းလိုက်ရာ ၎င်းက-

'နာရီဝက်လောက်တော့ ရှိမယ်ထင်တယ်။ မင်း လာမယ်ဆိုတာ ကြိုသိလို့ လာစောင့်နေတာ' ဟု ဆို၏။

'ကျွန်တော် လာမယ်ဆိုတာ အဘက ဘယ်လိုလုပ်ပြီး ကြိုသိတာလဲ' ဟု ကျွန်ုပ်က မေးလိုက်လေ၏။

'ကိုယ်စောင့်နတ်တွေပေါ့ကွာ။ ငါ့ကိုယ်စောင့်နတ်တွေက ပြောလို့ သိတာပေါ့' ဟုဆို၍ ရယ်မောလေ၏။

ကျွန်ုပ်သည် အဘဦးအောင်ဇမ္ဗူကျော်ကို ဘယ်လို နားလည်ရမှန်းပင် မသိအောင် ဖြစ်၍နေလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com

'ဒီမယ် မောင်မျိုးနောင်၊ မင်းက ငါ့အကြောင်း တွေးနေတာနဲ့တူတယ်။ ငါက သာမန်လူတစ်ယောက်ပါကွာ။ သိပ်လည်း အံ့ဩမနေပါနဲ့။ မင်းဆီလာတဲ့ အကြောင်းက ဟောဒီဓာတ်ပုံလေး ပြချင်လို့'ဟုဆိုကာ ဓာတ်ပုံတစ်ပုံ ထုတ်၍ပြလေ၏။

၎င်းဓာတ်ပုံမှာ မိန်းကလေးတစ်ယောက်၏ ဓာတ်ပုံဖြစ်ပြီး ကျွန်ုပ်ရေးဆွဲနေသော ပန်းချီကားချပ်ထဲက 'မိန်းကလေးနှင့် ချွတ်စွပ်တူနေသောကြောင့် ကျွန်ုပ်သည် လွန်စွာမှ အံ့ဩ၍သွားလေတော့၏။

'ဒီပုံက သခင်မလေးစောနန်းနွယ်ရဲ့ ပုံလေ။ ဒါပေမဲ့ သူကတော့ မရှိရှာတော့ပါဘူး'

'ဗျာ'

ကျွန်ုပ်သည် ထိတ်လန့်၍သွားကာ ဗျာခနဲ ရေရွတ်လိုက်မိလေ၏။

'မရှိတော့ဘူးဆိုတော့ သေပြီလို့ ပြောလိုက်တာလား အဘ'ဟု ကျွန်ုပ်က ဆက်၍မေးလိုက်လေ၏။

'အဲဒီလိုပြောလို့ ရမယ်တူတယ်။သေတာလား၊ ပျောက်ကွယ်သွားတာလား ဆိုတာတော့ ငါလည်း သေသေချာချာ ရေရေရာရာ မပြောတတ်ဘူးကွယ့်'

အဘဦးအောင်ဇမ္ဗူကျော်၏ နောက်ဆုံးစကားကြောင့် ဘာရယ်မသိ ကျွန်ုပ်ရင်ထဲ ရင်ခုန်ပြီး တုန်ခါနေသလို ခံစားရလေ၏။ ကျွန်ုပ်အပြင်မှာ သူမကို လူကိုယ်တိုင် မမြင်ဖူးသော်လည်း မြင်ဖူးသူကဲ့သို့ လှုပ်လှုပ်ရှားရှား ခံစားမိတာတော့ သေချာပါသည်ဟု ကျွန်ုပ်ဝန်ခံပါသည်။

'ဟောဒီ သခင်မလေးစောနန်းနွယ်ပုံက ရှားရှားပါးပါး ပုံတစ်ပုံပဲ မောင်မျိုးနောင်။ ငါလည်း တကယ်အံ့ဩမိတယ်။ ဒီဓာတ်ပုံ ငါ့ဆီ ဘယ်လိုရောက်လာတယ်ဆိုတာ မင်း မမေးတော့ဘူးလား'

ဟု ဆိုလိုက်သောကြောင့်-

'မေးချင်တာပေါ့ အဘရယ်။ သိလည်း သိချင်တာပေါ့ ခင်ဗျာ။ ဒီဓာတ်ပုံက အဘဆီ ဘယ်လိုရောက်လာတာလဲ အဘ'ဟု ကျွန်ုပ်က ထပ်မေးလိုက်လေ၏။

'စာတိုက်ဝန်ထမ်း စာပို့သမားတစ်ယောက်က ငါ့လိပ်စာနဲ့ လာပို့သွားတာ။ ငါလည်း အဲဒီဓာတ်ပုံရှင် သခင်မလေးစောနန်းနွယ်ကို မသိဘူး။ ဓာတ်ပုံရဲ့ ကျောဘက်မှာ သခင်မလေးစောနန်းနွယ်လို့ ရေးထားလို့ သိတာ'ဟု အဘဦးအောင်ဇမ္ဗူကျော်က ရှင်းပြလေ၏။

ကျွန်ုပ်သည် ဓာတ်ပုံကို သေသေချာချာ ကြည့်လိုက်သည်။ တိုင်းရင်းသူ ရှမ်းအမျိုးသမီးဓာတ်ပုံ၊ ခေါင်းပေါင်းနှင့် ထဘီအရှည်၊ အင်္ကျီအရှည် ပဝါနှစ်စ သေားချထားသည်မှာ ရှေးနန်းဟန်မူဟန်ပုံစံ ပေါ်လွင်နေသည်။ မျက်နှာလေးကလည်း ကြည်လင်အေးမြ ဣန္ဒြေရှိနေပေသည်။ ကျွန်ုပ်ရင်ထဲ ဘာများလိုအိပ်နေမှန်းမသိဘဲ ဟာခနဲ ဗိုခနဲဖြစ်ကာ မောဟိုက်ချင်သလို ဖြစ်လာလေတော့၏။ တစ်ချိန်ချိန်က ရင်းနှီးခင်မင်ခဲ့ဖူးသည့်ခံစားမှုမျိုး နှမြောတမ်းတ ခံစားရပြန်သည်။ သည်တွင်-

'ငါ့အထင်တော့ ဒီဓာတ်ပုံ ငါ့ဆီ ရောက်လာတာဟာ သူ ရှိနေတယ်ဆိုတဲ့ အဓိပ္ပာယ်ပဲ။ တစ်ခုစဉ်းစားရမှာက သူက ငါနဲ့ ဘယ်လိုပတ်သက်တာလဲ။ တစ်ချိန်တစ်ခါက ရင်းရင်းနှီးနှီး နေခဲ့ဖူးသလို သမီး၊ တူမလို သူ့မျက်နှာလေးကို မြင်တာနဲ့ ချစ်ခင်မိတာတော့ အမှန်ပဲ။ နောက်ပြီး မင်းနဲ့ရော ဘယ်လိုအကြောင်း ဘယ်လိုအကျိုးဆက် ရှိလို့လဲ ဆိုတာပဲ ကွ။ မင်းရဲ့အမြင်နဲ့ အထင်ရော ဘယ်လိုရှိလဲ ဆိုစမ်းပါဦး'ဟု ဦးအောင်ဇမ္ဗူကျော်က မေးလေ၏။

'ကျွန်တော်က သူ့ကို အပြင်မှာလည်း တစ်ခါမှ မမြင်ဖူး၊ မတွေ့ဖူးဘူး။ ဒါပေမဲ့ အိပ်မက်နဲ့ အာရုံထဲမှာတော့ စိတ်ကူးရုပ်ပုံအဖြစ်ထက် သူ့ရဲ့ ကြည်လင်အေးမြတဲ့ ဣန္ဒြေရှိတဲ့ မျက်နှာလေးကို ခဏ၊ခဏ မြင်ဖူးနေတယ် အဘ။ ဒါကြောင့် သူ့ရဲ့မျက်နှာကို ကျွန်တော် မှတ်မှတ်ရရ ပန်းချီကောက်ကြောင်း လိုက်နိုင်ခဲ့တာပါပဲ။ ခု ဘယ်လိုပြန်ပြောရမှန်းတောင် မသိတော့ပါဘူး အဘရာ'ဟု ကျွန်ုပ်က ပြန်၍ ပြောလိုက်လေ၏။

'ဒါထက် မောင်မျိုးနောင်၊ ဒီလကုန် ခရီးထွက်ဖို့ အစီအစဉ်ရှိတယ် မဟုတ်လား။ ရုပ်ရှင်ကိစ္စလေကွာ'

'ဗျာ'

'ဗျာ..အဘက ဘယ်လိုလုပ်သိတာလဲ'

'ဒီလိုပဲပေါ့ကွာ။ ငါလည်း တစ်ခါတလေ မင်းလိုပဲ အမြင်အာရုံ၊ အကြားအာရုံ ရတတ်တယ်။ ဘယ်လိုပြောရမယ် ဆိုတာတော့ ငါလည်းမသိဘူး။ စိတ်စိတ်ချင်း ဆက်သွယ်မိကြတယ်လို့ပဲ ဆိုရမလား မသိဘူး။ အင်း..နောက်တစ်ခုမှာ မင်း ဒီပန်းချီကားကို တစ်နှစ်ကျော် ကြာပြီးမှ လက်စသတ်နိုင်မယ်ဆိုတာလည်း ငါ့စိတ်ထဲမှာ အလိုလို သိနေသလိုပဲကွ။ အဲ..ပို့ပြီးထူးဆန်းတာက မင်းဆီ အလာမှာ အာရုံတစ်ခု ထပ်ရလာတယ် မောင်မျိုးနောင်။ အဲဒါက

www.burmeseclassic.com

www.burmeseclassic.com

ဘာလဲဆိုတော့ ဟိုးလွန်ခဲ့တဲ့ အတိတ်တစ်ခုဆီက အကျိုးဆက်က မင်းနဲ့ သခင်မလေးစောနန်းနွယ် တစ်နေ့နေ့မှာ အကြင်လင်မယားအဖြစ်နဲ့ ပေါင်းသင်းရမယ်ဆိုတဲ့ ငါ့ရဲ့ အမြင်အာရုံတစ်ခုပဲ။ အဲဒါ စဉ်းစားစရာဖြစ်နေတယ် မောင်မျိုးနောင်ရေ'ဟု အဘဦးအောင်ဇမ္ဗူကျော်က ပြောလိုက်ရာ ကျွန်ုပ်သည် တစ်ကိုယ်လုံး တုန်လှုပ်သွားသကဲ့သို့ အံ့လည်း အံ့သြမိရလေတော့၏။

'ဟာ..အဘကလည်း၊ မဖြစ်နိုင်တာဗျာ။ ကျွန်တော်လည်း သူ့ကို တစ်ကြိမ်တစ်ခါမှ မမြင်ဖူး၊ မတွေ့ဖူးဘဲနဲ့ ဘယ်လိုလုပ်ပြီး နီးစပ်နိုင်မှာလဲဗျာ'

'ဒါတွေ ငါနဲ့ မဆိုင်ဘူး။ မင်း အခုဆွဲထားတဲ့ ပန်းချီထဲက သခင်မလေးစောနန်းနွယ်ဟာ၊ အတိတ်က အကျိုးဆက်ကြောင့် အိပ်မက်ထဲ၊ အတွေးထဲ၊ မင်းရဲ့ အာရုံထဲ၊ မင်းရဲ့စိတ်ကူးထဲကို ဝင်လာပြီး သိရှိလို့ မင်း သခင်မလေး စောနန်းနွယ်ရဲ့ပုံကို ရေးတာ မဟုတ်ဘူးလား။ ထားပါတော့လေ။ ကံကြမ္မာဆိုတာ လေတိုက်သလိုပဲကွ။ မမြင်ပေမယ့် သိနိုင်တဲ့ ကိစ္စမျိုးတွေကွ။ ကဲပါ၊ မင်းလုပ်စရာရှိတာသာ ဆက်လုပ်။ ဟောဒီဓာတ်ပုံ သခင်မလေးစောနန်းနွယ်ကို မင်းပဲ ယူထားလိုက်တော့။ အကြောင်းအကျိုးရှိရင်တော့ ဆုံဖြစ်မှာပေါ့ကွာ။ ကဲ..ငါသွားပြီ'

ဟု ဆိုကာ ကျွန်ုပ်အားမှလှည့်ပြီး ပါးစပ်မှလည်း အသံသြသြကြီးဖြင့်-

'သွားလေရာ ခင့်မျက်နှာ×××မျက်စိထဲမှာ စွဲမြဲတာနော် ခက်တယ်×××မောင့်ဖူးစာဖက် ဖြစ်အောင်ကွယ်×× ဘုရားလည်း မစေကွယ်×××သိကြားလည်းမစေကွယ်××× ဆုတောင်းတယ် စောနန်းနွယ်ရယ်×××ဘယ်တော့ခါများ နီးပါ့မယ်×××'

စသော သဟာယဆရာတင် ရေးသားခဲ့ပြီး အဝမ်း ဦးတင်မောင် သီဆိုထားတဲ့ ဘုန်းမောင့်သက်လယ် သီချင်းကို ပိုင်ပိုင်နိုင်နိုင်ကြီးဆို၍ ထွက်သွားလေတော့၏။

◆◆◆

ကျွန်ုပ်တို့၏ ရုပ်ရှင်ရိုက်ထွက်ဖို့ ခရီးစဉ်မှာ များစွာမလိုတော့ပေ။ မနက်ဖြန်တစ်ရက် အနားရပြီး နောက်တစ်နေ့ သန်ဘက်ခါ ခရီးထွက်ကြရတော့မည် ဖြစ်လေ၏။

ကျွန်ုပ်သည် သခင်မလေးစောနန်းနွယ် ပန်းချီကားကို ဆီဆေးဆက်ရေးဖို့ အချိန်မရတော့ပေ။ အဘယ်ကြောင့်ဆိုသော် ခရီးစဉ်မှာ လွန်စွာနီးကပ်နေသောကြောင့် ဖြစ်ပေတော့၏။

ခရီးထွက်ဖို့ လိုအပ်ချက်များ စုဆောင်းသိမ်းဆည်းနေစဉ်တွင် ကျွန်ုပ်၏ ကုတ်အင်္ကျီအိတ်ကပ်ထဲမှ ဓာတ်ပုံတစ်ပုံ ထွက်ကျလာသဖြင့် ကောက်ယူ၍ ကြည့်လိုက်ရာ အဘဦးအောင်ဇမ္ဗူကျော် ပေးခဲ့သော် သခင်မလေး စောနန်းနွယ် ဓာတ်ပုံဖြစ်နေသည်ကို တွေ့မြင်ရလေ၏။ ကျွန်ုပ်လည်း သခင်မလေး စောနန်းနွယ်၏ ဓာတ်ပုံကို စိုက်၍ကြည့်နေမိလေ၏။

◆◆◆

ထို့နောက် ကျွန်ုပ်သည် ရုပ်ရှင်အဖွဲ့သားများနှင့်အတူ ပြင်ဦးလွင်မြို့နယ်တစ်ဝိုက်တွင် ဗီဒီယိုဓာတ်နှစ်ကား ရိုက်ခဲ့ရာ (၁)လခန့် ကြာခဲ့လေ၏။

သည်ကြားထဲ အခြားဗီဒီယိုရုပ်ရှင်ထုတ်လုပ်ရေးတစ်ခုက သရုပ်ဆောင်၊ ဓာတ်ပို့၊ ဓာတ်ရုံများစုပြီး စက်အဖွဲ့ပါ ရှိနေ၍ ဒါရိုက်တာအဖြစ် ဗီဒီယိုရိုက်ခိုင်းသဖြင့် ဆက်ရိုက်နေရပြန်သည်။ နယ်မှ ပြန်ဆင်းပြီး ရန်ကုန်ရောက်ပြန်တော့လည်း ရိုက်ပြီးဓာတ်ကားများကို တည်းဖြတ်၊ နောက်ခံတေးဂီတများထည့်ပြီး ရုပ်ရှင်ဆင်ဆာတင်နိုင်ဖို့ လုပ်ကြရပြန်သည်။ အချိန်ကာလသည် ကုန်မှန်းမသိ ကုန်ဆုံး၍ သွားခဲ့လေ၏။ အလုပ်ရှုပ်နေ၍လည်း သခင်မလေး စောနန်းနွယ်၏ ပန်းချီကားကိုလည်း ဆက်၍ မဆွဲဖြစ်နိုင်ခဲ့ချေ။

ကုမ္ပဏီထုတ်လုပ်ရေးများက ကျွန်ုပ်ရိုက်ကူးခဲ့သော ဓာတ်ကားများ ဆင်ဆာကျပြီး ပြသနိုင်ရန် အခြေရောက်မှ ကျွန်ုပ်အား အနားယူခွင့်ရ၍ ကျွန်ုပ်သည် သခင်မလေး စောနန်းနွယ်၏ မပြီးဆုံးသေးသော ပန်းချီကားချပ်ကို လက်စသတ်နိုင်ခဲ့တော့သည်။

ထိုအချိန်မှာပင် အဘဦးအောင်ဇမ္ဗူကျော်သည်လည်း ကျွန်ုပ်ထံသို့ ထူးထူးခြားခြား ရောက်လာလေ၏။

'ဘယ်လိုလဲဟေ့ မောင်မျိုးနောင်၊ တစ်နှစ်နဲ့ ရှစ်လ ပြည့်ပြီနော်။ ပန်းချီကိစ္စ ပြီးပလား'

ဟု မေးလိုက်လျှင် ကျွန်ုပ်ကလည်း-

'တိုက်တိုက်ဆိုင်ဆိုင် အခုလေးတင်မှပဲ ပန်းချီကား ပြီးတာ၊ အံ့သြစရာပဲ'ဟု ပြောလိုက်လေ၏။

'အဲဒါပဲ။ ဝိဇ္ဇာအမြင်၊ ဝိဇ္ဇာအတွေးဆိုတာ ဗေဒင်ထက်မှန်တယ်'ဟုပြောပြီး အဘဦးအောင်ဇမ္ဗူကျော်က တဟားဟားဖြင့် ရယ်မောလိုက်လေ၏။

ထို့နောက် ဆွဲထားသော သခင်မလေး စောနန်းနွယ်

www.burmeseclassic.com

www.burmeseclassic.com

ပန်းချီကားချပ်ကိုလည်း သေသေချာချာဖြင့် ဟိုဘက်က ကြည့်လိုက်၊ ဘေးကကြည့်လိုက်နှင့် ကြည့်နေပြီး-

'အတိအကျပဲကွ။ မင်းဆွဲထားတဲ့ ပန်းချီကားထဲက သီခင်မလေး စောနန်းနွယ် အသက်ပြန်ရှင်လာလိမ့်မယ်။ ပြန်ရှင်လာလိမ့်မယ်။ စောင့်နေ'

ဟု ဆိုကာ စောနန်းနွယ်ရဲ့ ပန်းချီကားကို ကျွန်ုပ် လက်ထဲ ပြန်အပ်ပြီး-

'ခင်စရာ မင်စရာ ရှုပါရဲ့ ချောသူသက်လျာ×××ကြင်နာစွာ မောင့်စိတ်ထဲမှာ ချစ်မိတာ ကြိုက်မိတာ×××စေတနာ ဝေဖြာ ခင်သူ့စာ လှပျိုမျက်နှာ××အသည်းထဲမှာစွဲကာ×× ထာဝစဉ်သာ ခင်မင်တာ…' စသည့် အေဝမ်းဦးတင်မောင် သီဆိုခဲ့သော ဘရုဏီသီချင်းကို အသံသြသြကြီးဖြင့် ပြုံးပြုံး ရွှင်ရွှင် သီဆိုပြီး ထွက်ခွာသွားလေတော့၏။

ကျွန်ုပ်သည်လည်း မျက်စိတစ်ဆုံး လိုက်၍ကြည့်နေမိလေ၏။ စကားဆိုဖို့၊ ပြောဖို့ပင် မေ့လျော့နေတော့၏။

သခင်မလေး စောနန်းနွယ်ရဲ့ ပန်းချီကားချပ်ကို ကတ္တီပါစနှင့်ဖုံး၍ ကျွန်ုပ်၏ စာရေးစားပွဲပေါ်တွင် ဒေါင်လိုက် တင်ထားလိုက်သည်။

ညမိုးချုပ်စပြုပြီ။ တစ်နှစ်နှင့် ရှစ်လလည်း ပြည့်ပြီ။

ထိုစဉ်တိုင်အောင်ထိ ပန်းချီကားထဲက စောနန်းနွယ်၊ သခင်မလေး စောနန်းနွယ်က ပေါ်မလာသေး။ သည်တစ်ခါတော့ အဘဦးအောင်ဇမ္ဗူကျော် လွဲမှားချွတ်ချော်သွားပြီထင်၏။

ည(၁၀)နာရီလောက်ကျတော့-

'ဒေါက်··ဒေါက်'

တံခါးခေါက်သံကြောင့် ကျွန်ုပ်၏အတွေးများ ပြတ်သွားလေ၏။

'ဘယ်သူလဲ'ဟု လှမ်းမေးလိုက်သည်။

'စောနန်းနွယ်ပါ'ဟု မိန်းကလေးတစ်ယောက်၏ အသံဖြစ်သည်။ ကျွန်ုပ်ရင်ထဲ ထိတ်ခနဲ ဖြစ်သွား၏။ ရင်တွေလည်း တုန်နေ၏။ သည်နောက် ကျွန်ုပ်လည်း တံခါးဖွင့်ပေးလိုက်သည်။

အံ့သြထိတ်လန့်စွာဖြင့် ကျွန်ုပ်မှာ မယုံကြည်သောအကြည့်များဖြင့် ငြိမ်၍ကြည့်နေမိသည်။ သခင်မလေး စောနန်းနွယ်မှ စောနန်းနွယ်အစစ်။ သူမ ရောက်လာပြီ။ အံ့သြစရာကောင်းသည်က သူ့ရုပ်ရည်က ပန်းချီကားချပ်ထဲက ရုပ်အတိုင်းဖြစ်သည်။ စောနန်းနွယ်ရဲ့ မျက်နှာလေးက ကြည်လင်အေးမြပြီး ပြုံးနေသည်။

'စောနန်းကို စောင့်နေတယ် ထင်တယ်'

ရောက်မဆိုက် သူမက ဆိုသည်။

'ဟုတ်ပါတယ်'ဟု ကျွန်ုပ်က ပြန်ပြောလိုက်သည်။

'အဘ လာသေးလား'

'လာပါတယ်။ ခုတော့ ပြန်သွားပြီ'

'အင်းပေါ့လေ၊ စောနန်းလည်း လာပြီး ပြန်ရမှာပါ'

'ဗျာ'

'စောနန်းနွယ်က ဘယ်ပြန်ရမှာလဲ'

'ငှာနေဟောင်းကိုပေါ့ ရှင်ရယ်'

ကျွန်ုပ်လည်း ဆက်မမေးတော့ဘဲ စိတ်မကောင်းစွာဖြင့် ငြိမ်နေမိသည်။

'စောနန်းလာတာ ဟောဒီပန်းချီကားချပ် ယူမလို့။ ပြီးတော့ အစ်ကို့ကိုလည်း လက်ဆောင်ပေးချင်လို့'ဟု သူမက ဆို၏။

'ဘာလက်ဆောင်များလဲ စောနန်းနွယ်'

'အင်း··ဟောဒီကတ္တီပါအိတ်ကို ဖွင့်ကြည့်လိုက်ပါ'ဟု ပြောပြောဆိုဆို ကျွန်ုပ်အား ကတ္တီပါအိတ်ကို လှမ်းပေးလိုက်၍ ကျွန်ုပ်က ဖွင့်ကြည့်လိုက်ရာ ကတ္တီပါအိတ်အတွင်းမှ ရွှေမန်ကျည်းတောင့်သုံးတောင့်ကို တွေ့လိုက်ရလေ၏။

'ဒါတွေက ဘာတွေလဲ'

'ရွှေမန်ကျည်းတောင့်တွေပါ။ အစ်ကို့အတွက် လက်ဆောင်ပေးတာ'ဟု သူမကဆို၍ ပန်းချီကားချပ်ကို လှမ်းယူလိုက်၏။

'စောနန်း ပြန်မယ်နော် အစ်ကို၊ အတိတ်ဘဝက ပဋ္ဌာန်းဆက် အကျိုးဆက်တွေကြောင့် တစ်နှစ်နဲ့ ရှစ်လကြာရင် စောနန်း ပြန်လာခဲ့ပါ့မယ်။ အဲဒီအခါကျရင် စောနန်း မပြန်တော့ဘူး။ အစ်ကိုနဲ့ တစ်သက်လုံးနေမှာ'ဟု ပြောပြီး ရုတ်တရက် ထွက်ခွာသွားလေ၏။

သူမ ထွက်သွားပြီးနောက် တစ်ခန်းလုံး ပန်းရနံ့များ မွှေးကြိုင်စွာ ကျန်ရစ်ခဲ့လေသည်။ ကျွန်ုပ်၏ စိတ်ထဲတွင် ထူးထူးဆန်းဆန်း မြင်ကွင်းများကို ရုပ်ရှင်ကြည့်နေရသလို မြင်တွေ့နေရခြင်းပင် ဖြစ်ပေ၏။

ယင်းမှာ ရှေးရှေးတုန်းက နန်းဝတ်နန်းစားနှင့် သခင်မလေး စောနန်းနွယ်သည် တကယ့်ကို လှပကြော့ရှင်း၍နေသတည်း။

ဒါရိုက်တာမျိုးဇော်အောင်



www.burmeseclassic.com

www.burmeseclassic.com



ပြစ်ရပ်မှန်ဇာတ်လမ်း

# ဂမ္ဘီရလူသားတစ်ဦး၏ အကျဉ်းသား

**ထွန်းအောင်ရင်**

ကျိုက်ထိုမြို့နှင့် မုတ္တမမြို့ကြားတွင် ရင်းညိမ်ရွာကြီး ရှိ၏။ ထိုရွာကြီးတွင် လွန်ခဲ့သော နှစ်ပေါင်း(၄၀)ခန့်က သူကြီး ဦးစံခင်ဆိုသော ဂမ္ဘီရလူသားကြီးတစ်ဦး ရှိခဲ့ဖူးသည်။ ထိုပုဂ္ဂိုလ်ကြီးနှင့်ပတ်သက်၍ ရှေ့မီနောက်မီ လူကြီးများက ယနေ့တိုင် အမှတ်တရ ပြောဆိုနေကြတုန်းပင် ဖြစ်၏။ ထိုကဲ့သို့ အမှတ်တရပြောရလောက်အောင်လည်း ဦးစံခင်၏ဘဝတွင် ဖြစ်ရပ်ဆန်းများက ရှိခဲ့ပါသည်။

ဦးစံခင်က ငယ်ဘဝမှ သေဆုံးခဲ့သည့်တိုင် ထူးခြားဆန်းကြယ်သော ဘဝမျိုးစုံကို ဖြတ်သန်းခဲ့သည့်အတွက် သူ့အကြောင်းကို ရေးမည်ဆိုလျှင် ငယ်ဘဝမှ စရေးမှသာလျှင် ပြည့်စုံပေလိမ့်မည်။

မွန်ပြည်နယ်၊ သထုံခရိုင်၊ ပေါင်မြို့နယ်အတွင်းရှိ ရင်းညိမ်ဆိုသော ရွာကြီးသည် ရန်ကုန်-မော်လမြိုင်သွား ကားလမ်းနံဘေးတွင် တည်ရှိပါသည်။

အင်္ဂလိပ်နယ်ချဲ့တို့ အုပ်စိုးနေချိန်တွင် ဦးစံခင့်ကို မွေးခဲ့သည်။ ဦးစံခင်သည် ငယ်စဉ်က ဘုန်းကြီးကျောင်းစာသင်ခဲ့ရပြီး အသက်(၁၂)နှစ်အရွယ်တွင် နွားအငှားကျောင်းရသော အလုပ်ကို စလုပ်ခဲ့သည်။ ရင်းညိမ်ရွာ၏ အရှေ့ဘက် ဇင်းကျိုက်တောင်တန်း၏အခြေတွင် လွန်စွာကျယ်ဝန်းသော နွားစားကျက် မြေပြင်ကျယ်ကြီးရှိ၏။ ထိုနွားစားကျက်ကြီးကို ဝိုင်းရံထားသည့် ကန်လေးကန်၊ ကျောက်ရေတွင်း၊ ကာ၊ တိုက်၊ ကျောက်လုံးကြီး၊ ရင်းညိမ်ရွာများမှ နွားကျောင်းရာ စားကျက်မြေအဖြစ် နှစ်ပေါင်းရာချီကာ တည်ရှိခဲ့၏။ ထိုမြက်ခင်းပြင်ကြီးက သဘာဝဖန်တီးထားသော နွားများ၏ အာဟာရဖြည့်တင်းရာ နေရာကြီးပင် ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုအချိန်က မောင်စံခင်လေးသည် ရွာနီးဝန်းကျင်မှ လာရောက်နွားကျောင်းကြသော နွားကျောင်းဖော် နွားကျောင်းဖက် သူငယ်ချင်းများနှင့် နေထွက်မှ နေဝင်သည့်တိုင် ပြောဆိုရယ်မောရင်းဖြင့် ဘဝတွင် ကျေနပ်နေသူဖြစ်၏။ သူ့သူငယ်ချင်းများထဲတွင် စော်လဖော် ဆိုသော သူငယ်ချင်းကို အခင်မင်ဆုံးဖြစ်၏။

တစ်နေ့ ရင်းညိမ်ချောင်းဖျားရှိ ကညင်ပင်ကြီးအောက်တွင် ထမင်းစားကြရင်း-

'စံခင်··ငါတို့ဘဝက ဒီလိုပဲ နွားကျောင်းရင်းနဲ့ ပြီးတော့မှာလားကွာ'

'ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ စော်လဖော်ရယ်။ ငါတို့က ငယ်သေးတယ်လေ။ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ မင်းရော ငါရော ဒီ့ထက်ကောင်းတဲ့ ဘဝကို ရောက်ချင်ရောက်မှာပေါ့'

'ငါ့မှာ ငါဖြစ်ချင်တဲ့ဘဝ ရှိတယ်ကွ'

'ဆိုစမ်းပါဦးကွာ။ မင်းက ဘာဖြစ်ချင်လို့လဲ'

စောလဖော်က ဘာမှမပြောခင် တစ်ချက်ရယ်လိုက်ပြီးမှ-

'ငါလား၊ ငါက ဗိုလ်ဖြစ်ချင်တာကွ။ ဒါနဲ့ မင်းကရော ဘာဖြစ်ချင်သလဲ'

မောင်စံခင်ကလည်း ရှက်ပြုံးလေး ပြုံးလိုက်ပြီး-

'ငါလား၊ မတန်မရာကိုပြောတာ မဟုတ်ပါဘူးကွာ။ ငါက ရွာသူကြီး ဖြစ်ချင်တယ်'

'ဟား··ဟား··ဟား··ဟား'

ထိုစဉ်က နှစ်ယောက်သား ရယ်မောကြရင်း စိတ်ကူးတွေယဉ်ခဲ့ကြသည်။

◆◆◆

သူတို့နှစ်ယောက်လုံး ဖြစ်ချင်သည့်အတိုင်း နောက် (၁၅)နှစ်ကြာသောအချိန်တွင် ကိုစံခင်က ရင်းညိမ်ရွာသူကြီး ဖြစ်လာပြီး စောလဖော်က သူပုန်ဗိုလ်၊ ဗိုလ်စောလဖော် ဖြစ်လာသည်။ ထိုသို့ ဖြစ်လာသည့်တိုင်အောင် သူတို့ နှစ်ယောက်ကတော့ ပြန်မဆုံဖြစ်ကြတော့ပေ။ သည်နေရာတွင် ကိုစံခင်တစ်ယောက် ငယ်ငယ်ရွယ်ရွယ်နှင့် သူကြီးဖြစ်လာပုံမှာ ဆန်းကြယ်လှသည့်အတွက် ဖော်ပြပေးရန် လိုမည်ထင်ပါသည်။

ကိုစံခင် နွားကျောင်းစဉ်က ညနေ နွားတွေသိမ်းပြီး နွားရှင်ခြံထဲသို့ မောင်းဝင်ကာ တာဝန်ပြီးဆုံး၍ အိမ်သို့ ပြန်ခဲ့၏။ အိမ်တွင် ရွာလူကြီး ဦးဖိုးချိန်နှင့် ရင်းညိမ်ရွာ ဌာနာအုပ် ဦးငွေကိုင်ဆိုသူ ရောက်နေသည်ကို တွေ့လိုက်ရသည်။

'ကဲ··ဌာနာအုပ်မင်း၊ ကျွန်တော်ပြောတာ ဒီကလေးပါပဲ။ စာရိတ္တအတွက်တော့ ကျွန်တော် အားလုံးတာဝန်ယူတယ်'

ဌာနအုပ်ဖြစ်သူက မောင်စံခင်လေးကို ကြည့်ပြီး-

'ဒီကလေးရဲ့ ဥပဓိရုပ်ကတော့ အတော်ထူးခြားတယ်ဗျ။ မျက်လုံးမျက်ဖန်၊ အရုပ်အမောင်း၊ အသားအရေကယောကျ်ားပီသပြီး သတ္တိရှိတဲ့ ရုပ်ရည်မျိုးဗျ။ ကျွန်တော်မွေးမယ်ဗျာ။ သူ့မိဘတွေဆီမှာ ခွင့်တောင်းပေးပါ'

'ဌာနအုပ်ကြီးက မွေးစားမယ်ဆိုရင်တော့ သူ့မိဘတွေက ပေးမွေးမှာပါ။ ဒါပေမဲ့ ဒီကလေးရဲ့ နွားကျောင်းခလေးကလည်း သူတို့မိသားစုအတွက် အထောက်အကူယူနေရသေးတာတော့'

'ဒါလား၊ မပူပါနဲ့။ ကျွန်တော်က တွေးထားပြီးသားပါ။ သူ အခု တစ်လနွားကျောင်းခ ဘယ်လောက်ရလဲဗျ'

'တစ်လ သုံးကျပ်ရတယ်'

'ကျွန်တော်က စရိတ်ငြိမ်း ငါးကျပ်ပေးမယ်ဗျာ။ နွားကျောင်းသလောက်လည်း မပင်ပန်းတော့ဘူး။ ကျွန်တော်နဲ့နေရင် ဗဟုသုတတွေလည်း ရမယ်။ သေနတ်ပစ်သင်ပေးမယ်။ ချောစာပန်းစာ ပို့တတ်၊ ရေးတတ်အောင်လည်း သင်ပေးမယ်။ ဘယ်လိုလဲကွ၊ မင်း ငါနဲ့ အတူနေမလား။ မင်းက ငါ့ကိုယ်ရံတော်ပေါ့ကွာ'

မောင်စံခင်လေးမှာ ဌာနာအုပ်မင်းပြောသည့် အခြားဝန်ဆောင်သင်ပေးခြင်းအားလုံးတွင် သေနတ်ပစ် သင်ပေးမယ်ဆိုသည်ကို အကြိုက်ဆုံးဖြစ်၍ ချက်ချင်းပင် ခေါင်းညိတ်လက်ခံလိုက်လေ၏။ ထိုနေ့မှစ၍ မောင်စံခင်၏ဘဝက ပြောင်းလဲသွားခဲ့လေပြီဖြစ်၏။

ခေတ်ကြီးပျက်၍ ဂျပန်များ အုပ်စိုးသောအခါ ဌာနအုပ်၏ ရွာလယ်မှာ ဝယ်ထားသောအိမ်ကို ဂျပန်တို့ ကင်ပေတိုင်ရုံးဖွင့်ပြီး ဂျပန်စစ်စခန်း လုပ်လိုက်သည်။ ဌာနအုပ်လည်း ထားဝယ်ဘက်သို့ ထွက်ပြေးသွားသလို ကိုစံခင်လည်း အလုပ်၊ ဝဲပတန် ဆိုသော ပင်လယ်ကမ်းခြေရွာဘက်သို့ ထွက်ပြေးတိမ်းရှောင်နေခဲ့ရသည်။ တစ်ဖန်

www.burmeseclassic.com

အင်္ဂလိပ်တို့ ပြန်တိုက်သည့်အခါ ရွာလယ်မှ ဂျပန် ကင်ပေတိုင်ရုံးပေါ် လေယာဉ်ပေါ်မှ ဗုံးကျ၍ မီးလောင်သွားခဲ့ပြီး နယ်မြေအေးချမ်းချိန်ရောက်မှ ကိုစံခင် ရွာသို့ ပြန်လာသည်။

တိမ်းရှောင်စဉ်ကာလတွင် မဖွားခင်ဆိုသော အမျိုးသမီး တစ်ဦးနှင့် အိမ်ထောင်ကျခဲ့သည်။ ရွာပြန်ရောက်တော့ သူ့မွေးစားအဖေပိုင် မီးလောင်အိမ်ကြီးကိုဖျက်၍ ဝါးတဲတစ်တဲ ဆောက်နေသည်။ ဝါးတဲဆောက်နေစဉ် အိမ်တိုင်ကျင်းတူးရာမှ တိုက်တိုက်ဆိုင်ဆိုင် ဂျပန်တွေ မြှုပ်ထားခဲ့သော ရွှေ၊ ငွေ၊ ရတနာ၊ လက်ဝတ်လက်စားများအပြည့်၊ ကျည်ဆန်သေတ္တာ တစ်လုံးကို ရခဲ့သည်။ ရထားသော ရတနာသေတ္တာကိုယူပြီး မဖွားခင်နှင့်အတူ ပင်လယ်ရွာဘက်သို့ ဒုက္ခသည်ဟန်ဆောင်၍ တစ်ဖန် ပြန်သွားနေပြန်သည်။ ခေတ်ကာလ လုံးဝတည်ငြိမ်အေးချမ်းသွားသောအခါ ရွာသို့ပြန်လာပြီး ကျွန်းအိမ်ကြီး တစ်အိမ်ကို ဆောက်၍နေသည်။

ထိုအချိန်တွင် ရွာများ၌ တိုက်နယ်သူကြီးများ ခန့်အပ်ဖို့ အစိုးရစီရင်ရာတွင် တစ်ရွာလုံး ထောက်ခံမှုဖြင့် ကိုစံခင် သူကြီးဖြစ်လာသည်။ နဂိုကတည်းက သေနတ်မျိုးစုံ ပစ်တတ်ခဲ့သူဖြစ်၍ ကျေးရွာကာကွယ်ရေးအတွက် အစိုးရမှ ပေးထားသော ဘရင်းဂန်း(၁)လက်၊ စတင်းဂမ်း(၂)လက်၊ ရိုင်ဖယ်(၈)လက်ရှိရာ ကျေးရွာကာကွယ်ရေးအဖွဲ့ကိုဖွဲ့ပြီး ရင်းညိမ်ရွာအပိုင် ရွာကြီး(၁၀)ရွာ၏ သူကြီးဖြစ်လာခဲ့သည်။

ထိုအချိန်က ရောင်စုံသူပုန်များ ထကြွနေချိန်ဖြစ်၍ ကျိုက်ထိုနှင့် မုတ္တမကြားရှိ ရွာများကို ဆက်ကြေးများ ကောက်လေရာ ဦးစံခင်က သူ့အပိုင်ရွာတွေအတွက် လုံးဝဆက်ကြေးမပေးဘဲ ငြင်းဆိုခဲ့သည်။ သောင်းကျန်းသူတွေက ထိုကိစ္စကို မကျေမနပ်ဖြစ်ခြင်းကြောင့် ဦးစံခင်၏ အပိုင်ရွာများကို မကြာခဏ လာရောက်တိုက်ခိုက်သည်။ ရွာတွေကို မီးရှို့သည်။ လူတွေကို သတ်သည်။ ဦးစံခင်ကလည်း သူဦးဆောင်ထားသော ကာကွယ်ရေးအဖွဲ့တွေနှင့် ကာကွယ်သည်။ သတင်းရသည့် နေရာများအထိ သွား၍ တိုက်သည်။

တစ်နေ့တွင် နယ်မြေရှင်းလင်းရေး တပ်မတော်စစ်ကြောင်းတစ်ခု ရွာတွင်ဝင်နားရာ သူတို့ ဖမ်းဆီးလာသော သူပုန်ဗိုလ်တစ်ယောက်လည်း ပါလာသည်။ သူပုန်ဗိုလ်ကို ရွာလယ် မူလတန်းကျောင်းအောက်တွင် လက်ပြန်ကြိုးတုပ်၍ထားရာ သူပုန်ဗိုလ်က ဒီရွာမှ သူကြီး ဦးစံခင်နှင့် တွေ့ခွင့်တောင်းသဖြင့် စစ်တပ်မှ ဗိုလ်ကြီးတစ်ယောက် ဦးစံခင်အိမ်သို့ ရောက်လာခဲ့သည်။

'ကျွန်တော်တို့ ဖမ်းလာတဲ့ သူပုန်ဗိုလ်က သူကြီးနဲ့ စကားနည်းနည်းပြောပါရစေလို့ တောင်းဆိုတာကြောင့် လာပြောတာပါ'

'ဘယ်သူလဲတော့ မသိဘူး။ ကျုပ်သွားတွေ့လိုက်ပါ့မယ်'

အချိန်က ညနေစောင်းနေပြီဖြစ်၍ အမှောင်က လွှမ်းနေပြီဖြစ်၏။

'မင်း ဘယ်သူလဲ။ ငါ့ကို တွေ့ချင်လို့ဆို။ ငါ သူကြီး စံခင်ပဲ'

'သူငယ်ချင်း··ငါပါကွာ။ မင်းနဲ့ နွားကျောင်းဖက် စောလဖော်ပါ။ ငါ့အခြေအနေ ငါသိတယ်။ မင်း ငါ့လည်ပင်းမှာဆွဲထားတဲ့ ချိုးအမြုတေကို ဆွဲဖြုတ်ပြီး ယူသွားပေတော့။ ငါက ရှင်လမ်းမရှိတော့ဘူး။ ငါ့ကို တစ်ခုတော့ အကူအညီပေးကွာ။ ဒီည နောက်ဆုံးအနေနဲ့ ငါ အရက်သောက်ချင်တယ်။ နောက်ပြီး ငါ့မိသားစုတွေကို မင်း တတ်နိုင်သလောက် ထောက်ပံ့ပေးပါ။ အဲဒီ ချိုးအမြုတေက သေနတ်ပြီးတယ်၊ ကျည်လွဲတယ်။ ငါ့ကို သူတို့လက်ရဖမ်းလာတာ ငါ့မှာ ကျည်ဆန်ကုန်လို့ ပြေးတာ မလွတ်တော့ဘူး'

ဦးစံခင်မှာ ပါလာသော လက်နှိပ်မီးနှင့် မျက်နှာကို ထိုးကြည့်ရာ သူငယ်သူငယ်ချင်း စောလဖော် ဖြစ်နေတာကို တွေ့ရသည်။

'ဖြစ်မှဖြစ်ရလေ သူငယ်ချင်းရယ်၊ အေး··မင်းဖြစ်ချင်တာတွေအားလုံး ဖြစ်အောင် ငါလုပ်ပေးမယ်။ မင်းလွတ်အောင်တော့ ငါ ဘယ်လိုမှ ကူညီလို့မရတာတော့ စိတ်မကောင်းပါဘူး သူငယ်ချင်းရယ်'

ဒီလိုနှင့် ဦးစံခင် လက်ထဲကို အစွမ်းထက်သော အဆောင်တစ်ခု ရောက်လာခဲ့သည်။ ဦးစံခင်ကလည်း သူ့ကတိအတိုင်း စောလဖော်၏ မိသားစုများကို ခေါ်မှ ထောက်ပံ့ပေးခဲ့သည်။ ကျည်လွဲသည့်အဆောင် ရှိ... တော့ သူပုန်တွေကို ရဲရဲဝံ့ဝံ့ရင်ဆိုင်တိုက်သည်။ ဦးစံခင်...

www.burmeseclassic.com

www.burmeseclassic.com

အဖွဲ့နှင့် တွေ့လိုက်ရသော သူပုန်အဖွဲ့တွေအားလုံး ထွက်ပြေးကြရသည်ချည်းဖြစ်၏။ ဒါကို သောင်းကျန်းသူအဖွဲ့က ပို၍မကျေမနပ် ဖြစ်နေသည့်အတွက် ဦးစံခင်ကို သတ်ပေးမည့်သူရှိလျှင် ဆုငွေ(၅၀၀၀၀)ကျပ် ပေးမည်ဟုပင် ကြေညာခဲ့လေသည်။ ဦးစံခင်ကို သတ်ပေးမည့်သူတစ်ယောက် ပေါ်လာသည်။ သူ့အမည်က ဗိုလ်ဘလှိုင် ဆိုသူဖြစ်၏။

မိုးဦးကျ ညတစ်ညတွင် ဦးစံခင်ကို လုပ်ကြံရန်အတွက် ဗိုလ်ဘလှိုင်တို့အဖွဲ့က ရောက်ရှိနေပြီဖြစ်၏။ မိုးရွာထားသဖြင့် ရွာထဲတွင် လူသွားလူလာရှင်းနေသည်။

ည(၁၀)နာရီအချိန်လောက်တွင် ဦးစံခင် ခြံတံခါးကို လာပိတ်ပြီး အိမ်ထဲသို့အဝင်တွင် ခြေသံများ ကြားလိုက်ရ၍ ခြံတံခါးဘက်သို့ လှည့်ကြည့်ရာ-

'ဒိုင်း'

ရိုင်ဖယ်သေနတ်သံတစ်ချက် ကြားရပြီး ခြံတံခါးကို တွန်းဖွင့်နေသည်ကိုလည်း တွေ့လိုက်ရသည်။ ကျည်လွဲအဆောင်ကြောင့် ဘာမှမဖြစ်သော်လည်း ရန်သူမှန်း သိလိုက်ရ၍ အိမ်ထဲသို့ပြေးဝင်ကာ လက်စွဲတော် ဘရင်းဂန်းကြီးကို ပြေးယူ၍ အိမ်ရှေ့သို့ ပြန်ထွက်လာပြီး ပစ်ရန်ချိန်ရွယ်လိုက်စဉ်-

'ဒိုင်း..ဒိုင်း..ဒိုင်း'

သေနတ်များဖြင့် ဝိုင်းပစ်သည်နှင့် ကြုံလေတော့၏။ ကျည်ဆန်များက ဦးစံခင်ကို မထိသော်လည်း သူရောက်နေရာ မာလကာပင်စည်ကို ထိသဖြင့် အပင်ကျိုးကျကာ ဦးစံခင်အပေါ် ဖိနေတော့သည်။ လက်ထဲတွင် ကိုင်ထားသော ဘရင်းဂန်းသေနတ် တစ်ဖက်နှင့်ဖြစ်၍ တော်တော်နှင့် ပြန်မထနိုင်ပေ။

ဒါကို သူပုန်ဗိုလ်က ကျည်ဆန်ထိသွားပြီဟု ထင်ကာ-

'ဟိတ်ကောင် စံခင်၊ ခုတော့ မင်း သေပြီမဟုတ်လားကွ'

ဆဲဆိုအော်ဟစ်ပြီး တံခါးဖွင့်မရ၍ ခြံစည်းရိုးပေါ်မှ ကျော်တက်လာသည်။

'ဒက်..ဒက်..ဒက်..ဒက်'

ဘရင်းဂန်း၏ ကျည်ဆန်များက ခြံစည်းရိုးပေါ် ကျော်ခွနေသော ဗိုလ်ဘလှိုင်၏ ရင်ဘတ်ထဲသို့ အစုလိုက်အပြုံလိုက် ဝင်သွားခဲ့ပြီး-

'ဘုန်း'

ဗိုလ်ဘလှိုင်၏ အလောင်းကြီးက ဦးစံခင်၏ခြံထဲသို့ ဖွဲအိတ်ကြီးပမာ ပြုတ်ကျလာလေ၏။

'ငါ မသေဘူးကွ။ မင်းတို့သာ မသာဖြစ်ကုန်မှာပေါ့။ မာလကာပင်ကြားမှ ရုန်းထွက်ပြီး ဗိုလ်ဘလှိုင်တပည့်များ ရှိရာသို့ ပြေး၍ပစ်လေရာ သောင်းကျန်းသူအဖွဲ့(၁၂)ယောက်လောက်မှာ ခွေးပြေးဝက်ပြေး ဖြစ်ကုန်သည်။ ထိုတိုက်ပွဲတွင် သောင်းကျန်းသူ(၄)ယောက် ကျဆုံးပြီး သေနတ်လေးလက် ရလိုက်သည်။ နောင်တွင် ထိုတိုက်ပွဲနှင့်စပ်လျဉ်း၍ မြန်မာပြည် သမ္မတကြီး ဦးမန်းဝင်းမောင်က ဂုဏ်ထူးဆောင်ဆွဲပြား၊ မှတ်တမ်းနှင့် ဦးစံခင် နာမည်ရေးထိုးထားသော ခြောက်လုံးပြူးသေနတ်တစ်လက်၊ ကျည်ဆန် အတောင့်(၁၀၀)ကို ချီးမြှင့်ခဲ့သည်။

မနက်မိုးလင်းတော့ သူ့ခြံထဲတွင်ရှိနေသော ဗိုလ်ဘလှိုင် အသွေး၊ အသား၊ ကလီစာများကို သူကိုယ်တိုင် ခုတ်ထစ်၍ သူ့ခြံစည်းရိုးအနှံ့ မြှုပ်နှံကာ အစောင့်အဖြစ် မွေးလိုက်လေသည်။ ရွာထဲမှ လူတိုင်းလိုလို ဦးစံခင်၏ ခြံစည်းရိုး လေးဖက်လေးတန်တွင် အရိပ်ဖြူဖြူကြီး သွားလာစောင့်ကြပ်နေသည်ကို တွေ့မြင်ဖူးကြသည်။ လူခြေတိတ်ချိန်တွင် မည်သူမျှ ဦးစံခင်၏ခြံအရှေ့မှ အဖော်မပါဘဲ မဖြတ်ရဲကြချေ။ အခြားဝေးသည့်လမ်းမှ ကွေ့ပတ်သွားကြသည်။

တော်လှန်ရေးကောင်စီ လက်ထက်မှသည် မဆလခေတ်သို့ ရောက်သည်အထိ ဦးစံခင် သူကြီးတာဝန် ယူခဲ့သည်။ ရပ်ကွက်ကောင်စီခေတ် ရောက်လာတော့ သူကြီးဘဝမှ အနားယူသည်။ အသက်အရွယ်ကလည်း ကြီးလာပြီဖြစ်၍ တရားဖက်လိုက်စားကာ ကောင်းသော အသိဝင်ချိန်တွင် ရွာကျောင်းဆရာတော်၏ မေတ္တာရပ်ခံချက်ကြောင့် နှစ်ပေါင်း(၂၀)လုံးလုံး အကျဉ်းချ အစောင့်ထားခဲ့သော ဗိုလ်ဘလှိုင်ကို အမိန့်စာပြန်၍ တရားနာကာ လွတ်လပ်ခွင့်ပေးလိုက်တော့သည်။

ယခုအခါ ဦးစံခင် ကွယ်လွန်ခဲ့သည်မှာ နှစ်ပေါင်း(၃၀)ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း ထိုနယ်ဒေသတွင် ဦးစံခင်ကို မည်သူမျှ မမေ့နိုင်ကြသေးပါ။

**ထွန်းအောင်ရင်**



www.burmeseclassic.com

www.burmeseclassic.com




ဒေါ်ခင်ချိုမြင့်က ခြေလှမ်းကို သတိကြီးစွာထားပြီး တစ်လှမ်းချင်း လှမ်းနေမိသည်။ သတိမထား၍လည်း မရပါ။ သူ့ဘယ်ဘက်တွင် တောင်နံ့ရုံရှိနေသဖြင့် အရေးမကြီးသော်လည်း သူ့ညာဘက်မှာက ချောက်ကမ်းပါးကြီး ဖြစ်နေသည်။ ချောက်ကမ်းပါးနှင့် လူသွားလမ်းက ခြေနှစ်လှမ်းစာမျှသာ ကွာဝေးသည်။ ပြီးတော့ လမ်းမျက်နှာပြင်ကလည်း



www.burmeseclassic.com

www.burmeseclassic.com



အတွက် ဒေါ်ခင်ချိုမြင့်က တတ်နိုင်သလောက် ငုံ့မကြည့်မိအောင် ကြိုးစားသည်။ မျက်နှာကို ရှေ့ဘက်နှင့် တောင်နံရံဘက်သို့သာ ပို့နိုင်သမျှ ပို့ထားသည်။ တစ်ခါတစ်ရံ အပေါ်သို့ မော့ကြည့်မိစဉ် တောင်ထိပ်နေရာကို အတော်ဝေးဝေး၌ ခပ်ပျပျသာ မြင်တွေ့ရသည်။ ခရီးဆုံးရောက်ဖို့က အတော်လိုသေးသည်။ ၄င်းက ကိစ္စမရှိပါ။ ဆိုးချည်တစ်ခါ ကောင်းချည်တစ်လှည့် ဖြစ်နေသော ခရီးလမ်း အနေအထားကြောင့်သာလျှင် စိတ်ထဲမှာ မကြာခဏ ကသိကအောက် ဖြစ်နေရသည်။

ချောက်ဘက်ကို တစ်ခြမ်းစောင်းကာ မညီမညာ ဖြစ်နေလိုက်သေးသည်။ ခြေလှမ်းမှားလိုက်သည်နှင့် ဟန်ချက်ပျက်ကာ အောက်ကို ထိုးကျသွားနိုင်သည်။

မတ်စောက်သော ချောက်ကမ်းပါးအောက်မှာတော့ အရွယ်အစားအမျိုးမျိုးနှင့် ကျောက်တုံးတွေက ချွန်ချွန်တက်တက်တွေရော လုံးလုံးဝန်းဝန်းတွေနှင့်ပါ ပုံစံအမျိုးမျိုး တည်ရှိနေသည်။ မတော်တဆ ပြုတ်သာကျသွားခဲ့ပါက အရိုးအသား တခြားစီပင် ဖြစ်သွားနိုင်လောက်သည်။ အသည်းယား စရာကောင်းလှသည့် ထိုချောက်ထဲတွင် များပြားလှသော မျောက်သတ္တဝါတွေကသာလျှင် ဥဒဟို ဆင်းချည် တက်ချည် ပြုလုပ်ကာ မြူးထူးနေကြသည်။

လျှိုထဲကို ငုံ့ကြည့်မိတိုင်း ကျောထဲက အေးခနဲ၊ အေးခနဲ ဖြစ်ဖြစ်သွားရသည်။ ထိုဒဏ်ကို မခံနိုင်သည့်

ဆိုခဲ့သည့်အတိုင်း အလွန်ဆိုးသော နေရာများတွင် သတိကြီးကြီးထားပြီး ကြောက်ကြောက်လန့်လန့်ဖြင့် လျှောက်နေရသည်။ အတော်ဆိုးရွားသော အချို့နေရာများမှာတော့ လမ်းတွေကို ပြုပြင်သင့်သလောက် ပြုပြင်ပေးထားသည်။ အလွန်ကျဉ်းကျပ်ပြီး အလွန်မတ်စောက်သော ချွေးဆင်းမျောက်တက်ကဲ့သို့ နေရာမျိုးမှာတော့ လှေကားထစ်တွေဖောက်ကာ လက်ရန်းတွေကိုပါ တပ်ဆင်ပေးထားသည်။

မည်သို့ဆိုစေ လမ်းတစ်လျှောက်လုံးမှာတော့ ဘုရားဖူးများဖြင့် စည်ကားလျက်ရှိသည်။ ဆင်းသူဆင်း တက်သူတက်နှင့် လူအစဉ်အတန်းကြီး ဖြစ်လျက်ရှိသည်။ စင်စစ် ဤတောင်ရိုး၌ ဤသို့စည်ကားသွားသည်မှာ အမှု မကြာသေး။ တောင်ထိပ်တွင် ပေါ်တော်မူဘုရားများကို



www.burmeseclassic.com

www.burmeseclassic.com

တွေ့ရှိလိုက်သည့် လွန်ခဲ့သော တစ်လခန့်ကစတင်၍ စည်ကားလာခြင်းဖြစ်သည်။ မိုးတွေ သည်းထန်စွာရွာချကာ မြေပြိုမှုများပါ ဖြစ်ပွားပြီးနောက် တောလည်သူ တစ်ယောက်က ပေါ်တော်မူဘုရားများကို စတင်တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ထိုဘုရားများကို စေတီပြန်တည်မည်။ လောလောဆယ် တွေ့ရှိရာနေရာမှာပင် ယာယီကျောင်းဆောင်ဖြင့် အပူဇော်ခံထားရှိသည်။ အရေအတွက်အားဖြင့် ရာချီပြီး ပုံတော်အမျိုးမျိုးနှင့် အံ့ချီးဖွယ်ကောင်းလှသည့် ထိုဘုရားများကို အနယ်နယ်အရပ်ရပ်မှပင် လာရောက်ဖူးမြော်ကြသည်။

အတော်အတန် ပြေပြစ်သောနေရာကို ရောက်တော့မှ ဒေါ်ခင်ချိုမြင့်က သက်ပြင်းကို ချနိုင်တော့သည်။ စိတ်ရော လူပါ ပေါ့ပါးပြီး သက်သာသွားသည်။ အန္တရာယ်စက်ကွင်းတစ်ခုကိုတော့ တစ်ကြိမ်ကျော်ဖြတ်နိုင်ခဲ့ပြန်ပြီ။ ရှေ့ကို ဘယ်နှစ်ကြိမ်မျှ အခက်အခဲနှင့် ကြုံတွေ့ရဦးမည်မသိ။ လောလောဆယ် လမ်းကောင်းရောက်သခိုက် အေးအေးသက်သာ အရသာခံလိုက်ဦးမည်ဟု သူစိတ်ကူးသည်။ လေကောင်းလေသန့်ကို ရှူရှိုက်ရင်း ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ရှုလိုက်မိသည်။ တစ်ရစ်ပြီးတစ်ရစ် အဆင့်ဆင့်သွယ်တန်းလျက်ရှိသော တောင်ခါးပန်းများ၏ ရှုခင်းအလှမှသည် ဝေဟင်မှ ကြည့်ရှုနေသရသကဲ့သို့ ပြန့်ပြူးကျယ်ဝန်းလှသည့် အောက်ဘက်မြင်ကွင်းအစုံစုံကိုပါ ခံ့ညားစွာ မြင်တွေ့နေရသည်။

သူတစ်ကိုယ်လုံး ပို၍လန်းဆန်းသွားသည်။ ခြေလှမ်းတွေကပါ ပို၍အားပါလာသည်။ ရှေ့က လှေကားထစ်များကို တစ်ထစ်ပြီးတစ်ထစ် မှန်မှန်ကျော်ဖြတ်နေမိသည်။ ဒေါ်ခင်ချိုမြင့်ရှေ့မှာတော့ အမျိုးသမီးကြီး နှစ်ယောက်က ရှိနေသည်။ သူတို့သည်လည်း စကားတပြောပြောနှင့် အေးအေးဆေးဆေးပင် တောင်တက်နေကြသည်။ ထိုအမျိုးသမီးများ၏ မျက်နှာကိုတော့ ဒေါ်ခင်ချိုမြင့် မမြင်ရပေ။ သို့သော် နောက်မှမြင်ရသည့် အနေအထားအရ သူတို့က ခန္ဓာကိုယ်ကြံ့ခိုင်တောင့်တင်းသူများဖြစ်ကြပြီး ဆင်ပြင်ဝတ်စားထားပုံအရလည်း အထက်လွှာအသိုင်းအဝိုင်းလောက်မှ ဖြစ်နိုင်ကြောင်း ခန့်မှန်းမိသည်။

လမ်းခုလတ်ရှိ တဲကလေးတစ်ခုနားရောက်တော့ ရှေ့က အမျိုးသမီးနှစ်ယောက်က ရပ်နားလိုက်ကြသည်။ သူတို့ နားလိုက်တာ မြင်ရတော့ ဒေါ်ခင်ချိုမြင့်ကပါ အလိုအလျောက် နားမိလျက်သားဖြစ်သွားသည်။ တကယ်တော့ သူ့အတွက်လည်း တောင်ထိပ်ရောက်ဖို့ ဘာမျှအလျင်လိုစရာမရှိပါ။ သူက နားရက်ရသခိုက် တစ်ကိုယ်တည်း အေးအေးဆေးဆေး ဘုရားဖူးထွက်လာခဲ့ခြင်းဖြစ်သည်။

ထိုအမျိုးသမီးနှစ်ယောက်က စကားကို အမျှင်မပြတ်ပြောနေကြဆဲပင်ဖြစ်သည်။ ဒေါ်ခင်ချိုမြင့်က ပတ်ဝန်းကျင်သဘာဝကို ကြည့်ရှုခံစားနေဆဲ ထိုအမျိုးသမီးများ၏ စကားသံများက သူ့နားထဲသို့ အလိုအလျောက် ဝင်ရောက်လာသည်။

'ကိုယ်တော့ မေသင်းရဲ့စိတ်ဓာတ်ကို အတော်အံ့သြမိတယ်။ ကိုယ့်အပေါ် ဒီလောက်တောင် မကောင်းကြံသွားတဲ့သူကို ဗွေမယူတဲ့ပြင် ခွင့်တောင် ခွင့်လွှတ်နိုင်သေးတယ်ဆိုတော့ ဒါဟာ တော်ရုံစိတ်ဓာတ်လားကွ ဟင်။ ကိုယ်တော့ ယုံတောင်မယုံချင်ဘူး'

'ကိုယ် တကယ်ပြောနေတာပါ သူငယ်ချင်းရယ်။ အဲဒီအမျိုးသမီးအပေါ် ကိုယ် ဗွေလည်းမယူ၊ စိတ်လည်းမဆိုး၊ အပြစ်လည်း မမြင်ဘူးဆိုတာ ကိုယ်တကယ်ပြောတာပါ။ တကယ် ကိုယ့်ရင်ထဲက စကားပါ'

'အေးလေ၊ ဒါကတော့ မင်းကိုယ်တိုင် ပြောနေလို့သာ ယုံချင်ယုံရမှာကိုး မေသင်းရဲ့၊ ကြားလူတစ်ယောက်ရဲ့ စကားသာဆိုရင် ဘယ်ယုံလိမ့်မလဲကွ။ ဒီမယ်‥ကိုယ်သာ မင်းနေရာမှာဆိုရင် ဘာပြန်လုပ်မလဲသိလား။ ကိုယ့်ကို အက်စစ်နဲ့ပက်ပြီး အလှကိုရော ဘဝကိုပါ ဖျက်ဆီးသွားခဲ့တဲ့ ဒီအမျိုးသမီးကို မတွေ့တွေ့အောင် မြေလှန်ပြီး လိုက်ရှာမယ်။ ပြီးတော့ သူ့မျက်နှာကို ငရဲမီးနဲ့ ပြန်ပက်ပြီး လှလှကြီး လက်စားပြန်ချေလိုက်မယ် သိရဲ့လား'

ထိုအမျိုးသမီး၏စကားကြောင့် ပထမအမျိုးသမီးက ခပ်သာသာမျှ ရယ်လိုက်သည်။ တစ်စုံတစ်ရာ ခွန်းတုံ့ပြန်ခြင်းတော့မရှိပေ။ ပထမတော့ ထိုစကားလုံးများက ဒေါ်ခင်ချိုမြင့်နားထဲသို့ ဘာသိဘာသာ ဝင်ရောက်လာနေခြင်းသာဖြစ်သည်။ အမှတ်မထင် နားထောင်နေမိရာမှ ထိုစကားလုံးများက သူ့ကို စိတ်ဝင်စားသွားစေရုံမက စိတ်ကိုပါ လှုပ်ရှားသွားစေသည်။ သူက ထိုအမျိုးသမီးများကို မသိမသာဂရုစိုက်ပြီး လှမ်းကြည့်လိုက်မိသည်။ ဤတွင် တစ်ယောက်သော အမျိုးသမီး၏မျက်နှာက သိသာစွာ



www.burmeseclassic.com

www.burmeseclassic.com

ပျက်ယွင်းလျက်ရှိမှန်း မြင်လိုက်ရသည့်ခဏ သူ့ရင်ထဲတွင် ဒိန်းခနဲမြည်ဟိန်းသွားသည်။ ထိုအမျိုးသမီး၏ မျက်နှာပေါ်မှာက အမှန်ပင် အမာရွတ်များဖြင့် ပြည့်နှက်လျက်ရှိသည်။

'အဲဒီတုန်းက ကိုယ်က မော်လမြိုင်တက္ကသိုလ်မှာ ကျူတာဝင်ခါစပဲ ရှိသေးတယ်ကွ။ မင်းရဲ့သတင်းကို သတင်းစာထဲကတစ်ဆင့် သိလိုက်ရတော့ ကိုယ့်မှာ အံ့လည်းအံ့သြ၊ စိတ်လည်းထိခိုက်ပြီး ငိုတောင်ငိုမိခဲ့တယ်။ နေဦး၊ အဲဒီတုန်းက မင်းတစ်ယောက်တည်းတောင်မက ဘူး၊ နောက်တစ်ယောက် ပါသေးတယ်။ သူ့နာမည်တော့ ကိုယ်မေ့သွားပြီ။ အလှမယ်နှစ်ဦး အက်စစ်နဲ့ အပက်ခံလိုက်ရခြင်းဆိုပြီး သတင်းစာထဲမှာ ပါလာတာလေ'

'ဟုတ်တယ်၊ ဟုတ်တယ်။ ကိုယ့်အပြင် လှလှမြိုင်ဆိုတဲ့ ပုသိမ်က အလှမယ်တစ်ယောက်လည်း ပါသေးတယ်။ လှလှမြိုင်က ခါးနံပါတ်(၁၈)၊ ကိုယ်က ခါးနံပါတ်(၆)ကွ။ ခရီးသွားကုမ္ပဏီ တစ်ခုက လုပ်ပေးတဲ့ ပထမဆုံးမယ်ရွေးပွဲမှာ ဝင်ပြိုင်ခဲ့ကြတာ'

'အေးပါ၊ ကိုယ်လည်း အရင်တုန်းကတော့ ကြားဖူးနားဝရှိပါတယ်။ အားကစားလောကတို့၊ နိုင်ငံရေးလောကတို့မှာ ပြိုင်ဘက်က မနာလိုလို့ အောက်လမ်းနည်းနဲ့ လုပ်ကြံတာကို ခံရတဲ့ဖြစ်စဥ်တွေအကြောင်း ကြားဖူးခဲ့ပါတယ်။ မင်းကိုယ်တိုင် ဒီအန္တရာယ်ဆိုးကြီးနဲ့ ကြုံသွားရပြီဆိုတော့မှ ဒီလုပ်ရပ်တွေဟာ နေရာတိုင်းမှာ ရှိတတ်ပါလားဆိုတာ သိခဲ့ရတဲ့အပြင် မင်းအတွက်လည်း ယူကျုံးမရ ဖြစ်ခဲ့ရတယ်။ ဒါနဲ့ အဲဒီလက်သည်တရားခံက ဘယ်သူလဲကွ။ သူ့ကို ပြန်မိတယ် မဟုတ်လား'

'အေးကွ၊ အံ့တော့အံ့သြစရာပဲ။ သက်ဆိုင်ရာက ဒီအမှုကို သေသေချာချာတော့ စစ်ဆေးပေးပါတယ်။ ဒါပေမဲ့ တကယ့်တရားခံကို သက်သေသက္ခာရနဲ့ မမိဘူး။ ဘယ်သူ့ကိုမှ ခိုင်ခိုင်မာမာ မစွဲနိုင်ခဲ့ဘူး။ ဒါနဲ့ပဲ ဒီအမှုက ဒီနေ့အထိ တရားခံမပေါ်ဘဲ ငြိမ်သွားတယ်'

'အဲဒါ နာတာပဲ။ ဘာပဲပြောပြော ဒါဟာ အချင်းချင်းထဲက လုပ်ကြံမှုပဲဆိုတာကိုတော့ မင်းတို့ အတည်ပြုနိုင်တယ် မဟုတ်လား'.

'ဒါကတော့ ဟုတ်ပါတယ်။ သူငယ်ချင်းကလည်း ပြိုင်ဘက်မဟုတ်တဲ့ အပြင်လူတစ်ယောက်က ဘယ်ကလာ တို့ကို တိုက်ခိုက်နေစရာ လိုသလဲကွ။ တို့အချင်းချင်းထဲက တစ်ယောက်ယောက်ကတော့ တစ်နည်းနည်းနဲ့ ပတ်သက်မှု ရှိကိုရှိနေတယ်ဆိုတာ သေချာပေါက်ပြောနိုင်တာပေါ့။ မင်းစဥ်းစားကြည့်၊ အနီးစပ်ဆုံး ဖြစ်စဥ်တစ်ခုကိုပဲ ကိုယ်ပြောပြမယ်။ အဲဒီတုန်းက ကိုယ်တို့နဲ့အတူ ပြိုင်ပွဲဝင်ခဲ့တဲ့ မယ်တွေထဲမှာ တောင်ငူက စန်းစန်းသိန်းဆိုတဲ့ မယ်တစ်ယောက်လည်း ပါတယ်။ ကိုယ်မှတ်မိတယ်။ သူက ခါးနံပါတ်(၂၆)ကွ။

အဲတော့ ဒီစန်းစန်းသိန်းက သူ့ကိုယ်သူ သိပ်အထင်ကြီးနေတယ်ကွ။ တက်လည်း တစ်အားတက်ကြွနေတယ်။ ပြောရရင် သရဖူကို သူရလိမ့်မယ်လို့ပဲ ထင်နေတယ်။ နောက်ဆုံးဆန်ခါတင်ရွေးလိုက်တဲ့ (၁၀)ယောက်ထဲမှာ သူက ထပ်ပါလာပြန်တော့ သူ့မျှော်လင့်ချက်က ပိုကြီးသွားတယ်။ ဒါပေမဲ့ ဖိုင်နယ်နဲ့ နီးလာလေလေ ပိုပြီးတစ်ပေးခံရလေဖြစ်လာတဲ့ မယ်စာရင်းထဲမှာတော့ သူက ပါမလာတော့ဘူး။ ဒါကို အားလုံးသိတယ်။ အားလုံးခန့်မှန်းမိတယ်။ အဖြေက ပေါ်သလောက်ဖြစ်နေပြီ။ ကရောင်းက ကိုယ်ရရင်ရ၊ ကိုယ်မရရင် လှလှမြိုင်ပဲ။ ဒီနှစ်ယောက်ထဲကပဲ ဆွဲသွားလိမ့်မယ်ဆိုတာ ရိပ်မိနေကြပြီ'

ထိုအခိုက် ဆူညံစွာ မြူးထူးအော်ဟစ်လိုက်သော လူငယ်တစ်စုထံမှ အသံဗလံများကြောင့် ထိုအမျိုးသမီးများက ခေတ္တစကားပြတ်သွားသည်။ ဒေါ်ခင်ချိုမြင့်ကတော့ ရင်ခုန်စွာ စိတ်လှုပ်ရှားစွာဖြင့်ပင် သူတို့ ပြောစကားကို ဆက်နားစွင့်နေမိသည်။

'ဒီတော့ သူငယ်ချင်းရာ၊ စန်းစန်းသိန်းကလည်း ဒီအဖြစ်ကို သိပါတယ်။ ကိုယ်နဲ့ လှလှမြိုင်က သူ့ရှေ့ရောက်သွားပြီဆိုတာ သိပါတယ်။ သိတော့ သူက ကြိတ်ပြီးခံစားနေရမှာပေါ့။ စိတ်ထိခိုက်နေရမှာပေါ့။ သူက လှတော့ တော်တော်လှပါတယ်ကွ။ ဒါပေမဲ့ သေသေချာချာ ကြည့်ရင် သူ့ရဲ့ပခုံးက နည်းနည်းလေးပိုမြင့်နေသလိုပဲ။ ဒီတော့ လက်ပြင်ကလေး မဆိုစလောက် ကုန်းနေသယောင် ဖြစ်သွားတယ်။ သူ့ကို အမှတ်လျော့သွားစေတဲ့ အချက်ပေါ့ကွာ။

ဖြစ်ချင်တော့ တစ်မနက်မှာ ကိုယ်တို့မယ်တွေ လေးငါးခြောက်ယောက်လောက်က အခန်းတစ်ခုထဲမှာ ဝိုင်းဖွဲ့ပြီး စကားပြောနေကြတယ်။ ပြောရင်းနဲ့ လှလှမြိုင်က

www.burmeseclassic.com



ပြက်လုံးတစ်ခု ထုတ်လိုက်မိတယ်။ သူကလည်း စန်းစန်းသိန်းရဲ့ ကရောင်းရှူးရှူးနေတဲ့အဖြစ်ကို သိထားတယ်။ ဒီတော့ သူက ဒီလိုလက်ပြင်ကုန်းနေတဲ့သူက ဘယ်လို သရဖူရနိုင်ပါ့မလဲဆိုပြီး ပါးစပ်ကလည်းပြော၊ လူကလည်း တမင် လက်ပြင်ကုန်းပြီး လမ်းလျှောက်ပြတယ်။ သူ့ကိုကြည့်ပြီး ကျန်တဲ့မယ်တွေက ဝိုင်းရယ်ကြတယ်။ တိုက်ဆိုင်လိုက်ပုံက အဲဒီအချိန်မှာ ဟိုစန်းစန်းသိန်းကလည်း အခန်းထဲကို ရုတ်တရက်ဝင်လာပြီး အားလုံးကို မြင်သွား၊ သိသွားတယ်'

'ဟိုက်··အဲဒါမှ ရာဇဝတ်အိုးပဲ။ မင်းတို့က တုတ်နဲ့သွားထိုးသလို ဖြစ်သွားတာပဲ'

'ဒါပေါ့ကွ။ သူ့မှာ သရဖူမရနိုင်တော့လို့ ဖီလင်ဖြစ်နေတဲ့ကြားထဲ ဒီလိုလှောင်တာခံလိုက်ရတော့ ပိုပြီးယမ်းပုံမီးကျဖြစ်သွားတာပေါ့။ စန်းစန်းသိန်းက ရှက်လည်းရှက်၊ ဒေါသလည်းထွက်ပေါ့။ သူက လှလှမြိုင်ကို အကြာကြီး အံကြိတ်ပြီး ကြည့်နေတယ်။ ပြီးတော့ အခန်းထဲက ပြန်ထွက်သွားတယ်။ အဲဒီမှာတင် သူ ကိုယ်တို့ကို တစ်ခါတည်း ငြိုးသွားတယ်။ သူက ကိုယ့်ကိုပါ နဂိုကတည်းက မုန်းနေတာ။ ခုလို သူ့ကိုလှောင်နေတဲ့ အဖွဲ့ထဲမှာ ကိုယ်ပါနေတာတွေ့တော့ အဲဒီနေ့က ကိုယ့်ကိုပါ ပိုမုန်းသွားတယ်'

'ဒါနဲ့ပဲ မင်းတို့နှစ်ယောက်ကို စန်းစန်းသိန်းက အက်စစ်နဲ့ ပက်တဲ့အထိ ဖြစ်သွားတော့တာပေါ့'

'အဲလိုမဟုတ်ဘူး။ ကိုယ်ပြောခဲ့ပါပကော၊ တရားခံကို ဒီနေ့အထိ ဘယ်လိုမှ ဖော်လို့မရခဲ့ပါဘူးဆို။ ကိုယ်တို့ကို အက်စစ်နဲ့ ပက်သွားတဲ့သူက ဒီပြင်လူတစ်ယောက်ပဲ။ အမှုစစ်တဲ့အခါကျတော့ ကိုယ်တို့က ဖြစ်စဉ်အားလုံးကို ထွက်ဆိုချက်ပေးတယ်။ စန်းစန်းသိန်းကလည်း သူ ဘယ်လိုမှ မလုပ်ကြံရပါဘူးဆိုတဲ့အကြောင်း အကြိမ်ကြိမ်ထွက်ဆိုချက်ပေးတယ်။ ဒီလိုနဲ့ပဲ တရားခံက ကြားထဲက ပျောက်သွားတယ်'

'ဘာပဲပြောပြောကွာ၊ ဒီတရားခံဟာ စန်းစန်းသိန်းဆီကနေ နွယ်လာခဲ့တာတော့ အမှန်ပဲ။ စန်းစန်းသိန်းက ပိုက်ဆံပေးပြီး ခိုင်းလိုက်တာမျိုးတွေဘာတွေလည်း ဖြစ်နိုင်တာပဲ'

နားထောင်နေသော ဒေါ်ခင်ချိုမြင့်မျက်နှာက တစ်ချက် တွေခနဲဖြစ်သွားသည်။ သူ့စိတ်ထဲကလည်း စန်းစန်းသိန်း က ပိုက်ဆံပေးပြီး မခိုင်းပါဘူး။ ဒီကိစ္စကို စန်းစန်းသိန်းကိုယ်တိုင် ဘာမှမသိပါဘူးဟူ၍ ရေရွတ်နေမိသည်။ ထို့ပြင် သူ့အတွေးများက အတိတ်တစ်နေရာဆီသို့ပါ ပြန်ရောက်သွားမိသည်။

ထိုစဉ်က ဧည့်ခန်းထဲမှာ သူနှင့်အတူ ညီမဖြစ်သူ ဒေါ်ခင်ချိုတင့်ပါ အတူရှိနေသည်။ သူတို့နှစ်ယောက်ရှေ့က ကြမ်းပြင်ပေါ်မှာတော့ တူမဖြစ်သူ စန်းစန်းသိန်းက ထိုင်လျက်ရှိသည်။ ပြောရလျှင် စန်းစန်းသိန်းက စားပွဲပေါ်မှာ မျက်နှာမှောက်ပြီး ငိုရှိုက်နေခြင်းဖြစ်သည်။ ငိုနေပုံက တကယ့်ကို လှိုက်လှိုက်လှဲလှဲနှင့် ဝမ်းပန်းတနည်း ငိုကြွေးနေခြင်းဖြစ်သည်။ မငိုခင်တုန်းကတော့ အဒေါ်နှစ်ယောက်ကို ဖြစ်ကြောင်းကုန်စင် ရင်ဖွင့်သွားခဲ့သည်။ ပြိုင်ပွဲ၌ တစ်ပြေးလျက်ရှိသည့် မယ်နှစ်ယောက်က သူမကို လှောင်ပြောင်လိုက်သည့်အကြောင်း၊ အများရှေ့တွင် အမူအရာနှင့်တကွ သရုပ်ဆောင်ပြကာ အပုပ်ချသွားကြသည့်အကြောင်း။

သူတို့ညီအစ်မ နှစ်ယောက်စလုံး မျက်နှာတွေ တင်းမာသွားမိကြသည်။ မိမိတို့တူမအပေါ် လှောင်ပြောင်ရွှတ်ချလိုက်သည်ဆိုသော မယ်နှစ်ယောက်အပေါ်ကိုလည်း



www.burmeseclassic.com

www.burmeseclassic.com

အမုန်းနှင့်အတူ ဒေါသတွေပါ ပွားလိုက်မိကြသည်။ ပြောရလျှင် လွန်ခဲ့သည့် နှစ်ရက်လောက်တုန်းကလည်း သည်တူမအတွက်နှင့်ပင် သူတို့ တစ်ကြိမ်ခံစားခဲ့ကြရပြီးပြီ။ စန်းစန်းသိန်းက စိတ်ပျက်အားလျှော့သံနှင့် ပြောခဲ့သည်။

သရုပ်ကို သူရဖို့ လမ်းမမြင်တော့သည့်အကြောင်း၊ ခါးနံ့ပါတ်(၆)နှင့် (၁၈)တို့နှစ်ဦးသာ တစ်ပြေးလျှက် ရှိပြီဖြစ်ကြောင်း စသည်ဖြင့် ပြောပြခဲ့သည်။ သည်ကတည်းက သူတို့ လုံးဝမကျေနပ်။ စန်းစန်းသိန်းထက် သာသူမရှိ။ စန်းစန်းသိန်းသာ ပထမရလိမ့်မည်ဟု သူတို့ တစ်ထစ်ချတွက်ထားသည်။ ခုလို စန်းစန်းသိန်း နောက်ကောက်ကျသွားပြီဆိုတာ သိလိုက်ရတော့ သူတို့အနေနှင့် လုံးဝလက်မခံနိုင်။ အမှတ်ပေးအဖွဲ့ ဆုရွေးချယ်ရေးအဖွဲ့ကိုပါ မတရားမျက်နှာလိုက်ခြင်းဖြစ်မည်ဟု ကောက်ချက်ချမိကြသည်။ တူမဖြစ်သူအတွက် ခံပြင်းစိတ်နှင့်အတူ သူတို့ဆတ်ဆတ်ခါမျှ ဖြစ်ခဲ့ကြရသည်။ ခုတစ်ခါ သည်မယ်နှစ်ယောက်ကပင် ထပ်ပြီး ထောင်ထလာကြပြန်ချေပြီ။ ကြွရွလာကြပြန်ချေပြီ။ မိမိတို့တူမလေးအပေါ် ချိုးနှိမ်ပြီး အရှက်ခွဲလိုက်ကြပြန်ချေပြီ။

သည်တော့ကာ-

မကြာမီ စန်းစန်းသိန်းက သူ့မျက်ရည်ကို သူ့ဘာသာသိမ်းပြီး သူ့အိပ်ခန်းထဲသို့ ပြန်ဝင်သွားသည်။ နှစ်ယောက်တည်း ကျန်နေခိုက် ဒေါ်ခင်ချိုတင့်က 'ဘယ့်နှယ်လဲ မမ။ ကျွန်မတော့ ဒီကောင်မနှစ်ယောက်ကို ဘယ်နည်းနဲ့မှ မကျေနပ်နိုင်ဘူး။ စန်းစန်းအတွက် တစ်ခုခုတော့ ပြန်လုပ်မှဖြစ်မယ်' ဟု ပြောလာသည်။

သူက ညီမဖြစ်သူကို ဘာမျှပြန်မပြောမိ။ သို့သော် သူ့စိတ်ထဲမှာတော့ စီကာစဉ်ကာဖြင့် တွေးတောနေမိသည်။ သည်မယ်နှစ်ယောက်ကို မိမိမုန်းသည်။ သည်တော့ နှိပ်ကွပ်မှဖြစ်မည်။ ထိုသို့နှိပ်ကွပ်လိုက်ပါမှ မိမိလည်း စိတ်အေးကြေနိုင်မည်။ မိမိတူမ၏ သရုပ်ရရှိရေးလမ်းကြောင်းကလည်း ပွင့်သွားလိမ့်မည်။ ထိုအတွေးနှင့်အတူ သူက လက်သီးကိုဆုပ်ကာ အံကိုပါ ကြိတ်လိုက်မိတော့သည်။

'အဲဒီနေ့ကတော့ ကိုယ်တို့က ကင်တင်းထဲက ခုံတန်းတစ်ခုမှာ အတူထိုင်နေကြတာ။ ထိုင်နေကြတဲ့သူတွေက စုစုပေါင်း(၅)ယောက်လောက် ရှိမယ်ထင်တယ်။ ကိုယ်က ဒီဘက်အစွန်ဆုံးမှာ ထိုင်နေတယ်။ ကိုယ့်ဘေးမှာ လှလှမြိုင် ရှိတယ်။ လှလှမြိုင်ရဲ့ ဟိုဘက်မှာတော့ တခြားမယ်တွေပေါ့။ ကိုယ်တို့က ကိုယ့်နည်းပြဆရာ ကျွေးတဲ့မုန့်ကို ထိုင်စားရင်း စကားဖောင်နေကြတယ်။ အဲဒီအချိန်မှာ အရပ်မြင့်မြင့်နဲ့ အမျိုးသမီးတစ်ယောက်က အပေါက်ဝကနေ ဝင်လာတယ်။ သူက အစိမ်းရောင်ပဝါတစ်ထည်ကို ခေါင်းမှာခြုံလာပြီး သူ့မျက်နှာကို အဲဒီပဝါနဲ့ပဲ တစ်ခြမ်းဖုံးထားတာ။ သူ့ဘယ်ဘက်လက်ထဲမှာတော့ အနက်ရောင် လက်ဆွဲအိတ်တစ်လုံးကို ကိုင်လာတယ်။

အဲဒီအမျိုးသမီးက ပထမ ကိုယ်တို့ရှေ့ကနေ တစ်ခေါက်ဖြတ်လျှောက်သွားတယ်။ အသွားတုန်းက ဘာမှလုပ်မသွားဘူး။ အထဲကနေ ပြန်ထွက်လာတော့မှ ကိုယ်တို့ရှေ့ကိုလည်းရောက်ရော ဖျတ်ဆို လက်ထဲမှာ ကိုင်လာတဲ့ ဘူးတစ်ဘူးနဲ့ လှလှမြိုင်ကို အရင်လှမ်းပက်လိုက်တာ။ လှလှမြိုင်က ဝူးဝါးဝူးဝါး အော်လိုက်ချိန်မှာပဲ ကိုယ့်ကိုဆက်ပြီးပက်သွားတယ်။ ကိုယ်က အားခနဲအော်ပြီး မျက်နှာကို လက်ဝါးနဲ့အုပ်လိုက်ချိန်မှာ ဒီအမျိုးသမီးက အပြင်ကို လှစ်ခနဲ ပြေးထွက်သွားခဲ့တယ်။ အခန်းထဲမှာလည်း ဝရုန်းသုန်းကား ဖြစ်ကျန်ရစ်ခဲ့တယ်။ တချို့မယ်တွေက ကြောက်အားလန့်အားနဲ့ ထွက်ပြေးကြတယ်။ ဝန်ထမ်းတချို့က ကိုယ်တို့ဆီကို ပြေးလာပြီး ပြုစုပေးကြတယ်။ ရဲစခန်းကို ဖုန်းဆက်သူဆက် လူနာတင်ကား ခေါ်သူခေါ်နဲ့လည်း အလုပ်ရှုပ်သွားကြတယ်'

'ရှန်းရင်းဆန့်ခတ်ဖြစ်နေတာကို အခွင့်ကောင်းယူပြီး တရားခံက ရှောင်ထွက်သွားတာပေါ့။ အေးပေါ့၊ တရားခံကိုမှ မမိတော့လည်း စန်းစန်းသိန်းကို မသင်္ကာတဲ့စာရင်းထဲ ထည့်ရုံကလွဲလို့ ဘာမှမတတ်နိုင်တော့ဘူးပေါ့။ ဒါနဲ့ လှလှမြိုင်က မင်းထက် ပိုပြီးဆိုးသွားတယ်ဆို'

'ဟုတ်တယ်၊ သူ့ခမျာ ပိုခံလိုက်ရတယ်။ သူက ပထမဆုံး အပက်ခံရတာဆိုတော့ အက်စစ်ရည်က ပိုပြီးတော့များတယ်။ ချက်ကောင်းလည်း အမိခံလိုက်ရတယ်။ သူ့ မျက်စိပါ ကွယ်သွားရှာတယ်။ သူ့မျက်စိကို နိုင်ငံခြားအထိ သွားကုပေမယ့် ဘယ်လိုမှကုလို့မရတော့ဘူး။ မျက်မမြင်ဘဝနဲ့ပဲ တစ်လျှောက်လုံး နေသွားခဲ့ရပြီး လွန်ခဲ့တဲ့ (၅)နှစ်လောက်ကမှ သူဆုံးသွားရှာတယ်။ ဒီအကြောင်းတွေ ပြန်ပြောပြရတာ ဘာမှမကောင်းပါဘူးကွယ်။ စိတ်



www.burmeseclassic.com

www.burmeseclassic.com

ထဲမှာ အဲကုသိုလ်တွေ ပြန်ဖြစ်ရပါတယ်။ ကဲ..သူငယ်ချင်း၊ တို့ ဆက်တက်လိုက်ကြဦးစို့'

ပြောပြီး ထိုအမျိုးသမီးကပင် ခြေလှမ်းကို စလှမ်းလိုက်သည်။ သူတို့နှစ်ယောက် ထွက်သွားသည်နှင့် ဒေါ်ခင်ချိုမြင့်ကပါ သူတို့နောက်ပါးမှ အလိုလိုကပ်လိုက်မိသွားပြန်သည်။ တစ်အောင့်ကြာလျှင် လမ်းကောင်းက ဆုံးသွားပြန်သည်။ တောင်ပတ်လမ်း၏ အကွေ့တစ်ခုနား ရောက်သွားခြင်းနှင့်အတူ ချောက်ကမ်းပါးကြီးကို တစ်ဖန်မြင်တွေ့လာရပြန်သည်။ ထိုနေရာက မတ်စောက်သည့် အပြင် လမ်းကလည်းကျဉ်းသည်။ အတော်အန္တရာယ်ရှိသောနေရာဖြစ်သည်။ သက်ကြီးရွယ်များနှင့် ကလေးများကို လုပ်အားပေးလူငယ်များက ကူတွဲပြီး ခေါ်ယူပေးနေကြသည်ကို တွေ့ရသည်။ လူအတော်များများကလည်း ရပ်စောင့်လျက်ရှိကြပြီး ဖြည်းဖြည်းချင်းသာ တက်နေကြသည်။

ထိုနေရာနားအရောက်တွင် ရှေ့က အမျိုးသမီးများက ရပ်လိုက်ကြပြန်သဖြင့် ဒေါ်ခင်ချိုမြင့်ကပါ ရပ်နေလိုက်သည်။ ညာဘက်တွင် ပိုနက်ပြီး ပိုမတ်စောက်သော ချောက်ကမ်းပါးကြီးရှိနေသည်။ အောက်မှာတော့ ကျောက်ဇွယ်တွေကို ထိုးထိုးထောင်ထောင်နှင့် တွေ့ရသည်။ လေက ဟူးဟူးရားရား ပင့်တိုက်နေပြန်သဖြင့် ဒေါ်ခင်ချိုမြင့်က မျက်နှာကို ဘယ်ဘက်သို့ လွှဲထားလိုက်သည်။ ၎င်းက လေကိုရှောင်ပြီးသား ဖြစ်သွားသလို ချောက်ကမ်းပါးကို



လည်း မျက်နှာလွှဲထားပြီးသား ဖြစ်သွားစေသည်။

ထိုအခိုက် သူ့ရှေ့မှ စကားသံများ ထပ်မံထွက်ပေါ်လာပြန်သည်။

'မေသင်းတို့ မယ်ရွေးပွဲကရော ဆက်လုပ်ဖြစ်သေးလား။ မေသင်းကရော အဲဒီနောက် ဘဝကို ဘယ်လိုဆက်ပြီး ရင်ဆိုင်ခဲ့သလဲ။ မင်းနဲ့ကိုယ်နဲ့ ကွဲသွားလိုက်တာကလည်း အဲဒီကတည်းစပြီး ခုထိပဲမဟုတ်လား'

'မယ်ရွေးပွဲက ပျက်သွားတယ်ကွ။ သရဖူကို ဘယ်သူမှ မရလိုက်ဘူး။ ကိုယ်ကတော့ ဘဝကို ကြိုးစားပြီး ဖြတ်သန်းရတာပေါ့ သူငယ်ချင်းရာ။ ပထမပိုင်းတော့ ဝမ်းနည်းတာတွေ၊ နာကြည်းတာတွေ၊ ယူကျုံးမရဖြစ်ရတာတွေနဲ့ နပန်းလုံးနေရတာပေါ့။ နောက်တော့ တဖြည်းဖြည်း နေသားကျသွားတယ်။ နေသားကျသွားရုံမကဘဲ အဆိုးထဲက အကောင်းတွေ့ဆိုတဲ့ အဖြစ်မျိုးတောင် ရောက်သွားခဲ့တယ်။ ဒါကြောင့် စောစောက ကိုယ်ပြောခဲ့တာပေါ့။ ကိုယ် အဲဒီအမျိုးသမီးအပေါ် ဗွေမယူဘူး။ ခွင့်လွှတ်နိုင်တယ်။ နောက်ဆုံး သူ့ကို ကျေးဇူးတောင် တင်ချင်မိသေးတယ်လို့ ပြောလိုက်ချင်တယ်'

'ဒါတော့ မင်းများသွားပြီ ထင်တယ်။ မင်းက ဘာကြောင့် သူ့ကို ကျေးဇူးတောင် တင်ချင်သေးတာလဲ'

'ဟုတ်တယ် သူငယ်ချင်း၊ ကျေးဇူးဆိုတာ ရှာကြံပြီး တင်တတ်ရတယ်ဆိုတဲ့ စကားဟာ ကိုယ့်အတွက်တော့ သိပ်မှန်တာပဲ။ သူ့ကို ကိုယ်ကျေးဇူးတင်တယ်။ သူ အက်စစ်နဲ့ပက်တုန်းက ကိုယ့်ကို ဒုတိယလူအဖြစ် ရွေးလိုက်တာကို ပထမဆုံး ကျေးဇူးတင်တယ်။ သူ လှလှမြိုင်ကို အရင်ပက်ချလိုက်ပြီးတဲ့နောက် ဘူးထဲမှာ အက်စစ်က သိပ်မကျန်တော့ဘူး။ ဒါကြောင့် ကိုယ့်အလှည့်ရောက်တော့ နည်းနည်းပဲ ပက်မိသွားတယ်။ ပြီးတော့ ကိုယ့်ကို ပက်တဲ့အချိန်မှာ သူ့လက်က ချိန်သားလည်း မမှန်တော့ဘူး။ သူက စိတ်တွေလည်း တစ်အားလှုပ်ရှားနေသလို လက်တွေကလည်း တစ်အားတုန်နေပြီ။ ကိုယ့်မျက်နှာတစ်ခုလုံးကို အက်စစ်နဲ့ ထိထိမိမိ အပက်မခံလိုက်ရတဲ့အဖြစ်ဟာ ဘယ်လောက်ကံကောင်းထားလဲ။ နို့မဟုတ်ရင် ကိုယ်လည်း လှလှမြိုင်လိုပဲ မျက်မမြင်ဘဝနဲ့ စိတ်ဓာတ်တွေကျပြီး စောစောသေသွားရမှာပဲ။ ခုတော့ ကိုယ်က မျက်နှာပျက်ယွင်းသွားရသည့်တိုင်အောင် မျက်စိက ရှိနေ

www.burmeseclassic.com

www.burmeseclassic.com

သေးတော့ သွားချင်တဲ့နေရာကိုလည်း သွားလို့ရသေးတယ်။ ခုလို ဘုရားဖူးခရီးတွေလည်း ထွက်လို့ရသေးတယ်။ စာပေကျမ်းဂန်တွေကိုပါ ဖတ်လို့ရှုလို့ ရသေးတယ်။ ဒါဟာ နည်းတဲ့အကျိုးကျေးဇူးလား။ တကယ်လို့သာ အဲဒီအမျိုးသမီးက အပေါက်က ဝင်လာလာချင်း ကိုယ့်ကို အရင်စပက်သွားမယ်ဆိုရင် အဖြစ်က မတွေးဝံ့စရာကြီး။ ဒါကြောင့် ဒုတိယလူအဖြစ် ရွေးချယ်ခံလိုက်ရတာကိုက ကျေးဇူးတင်စရာ တစ်ခုပါလို့ ကိုယ်ပြောခဲ့တာပေါ့။

နောက်တစ်ခုက ခုလိုဘဝမျိုးသာ မရောက်ခဲ့ရင် ကိုယ်လည်း အလှတံခွန် မာနတံခွန်တွေထူပြီး လောကထဲမှာ ဘယ်လောက်တောင် ဆက်ကျင်လည်နေမိဦးမလဲမသိဘူး။ ခုတော့ လူ့ဘဝရဲ့ မမြဲတဲ့သဘော၊ ပျက်စီးတတ်တဲ့သဘောကို စေ့စေ့စီးစီးသိခွင့်ရသွားပြီး စိတ်ကုန် စိတ်နာမိတာနဲ့အမျှ တရားမွေ့ဘက်ကို ဦးလှည့်ခွင့်ကြုံသွားတယ်။ ကိုယ် .တရားစာပေတွေ ကျက်တယ်၊ မှတ်တယ်၊ လေ့လာတယ်၊ တရားကိုလည်း စွမ်းစွမ်းတမံအားထုတ်တယ်။ ဒီအတွက် အကျိုးတွေလည်း တစ်အားရှိသွားတယ်။ နောက်တော့ ငါ့ဘဝက ဒီလိုအကောင်းဆုံးတွေရချင်လို့ကို အဆိုးတွေ ဖန်တီးပေးခဲ့တာပါလားလို့တောင် ကိုယ့်ကိုယ်ကိုယ် ခံယူနိုင်သွားတယ်။ ဟိုအမျိုးသမီးကိုလည်း သူဟာ ငါ့ကို ပိုမြင့်တဲ့ဆီ တွန်းပို့ပေးလိုက်တာပါလားရယ်လို့ ကျေးဇူးရှင်ကြီးအဖြစ် မြင်သွားမိတယ်။ ကိုင်း..ကိုယ့်ဆိုလိုချက်တွေကို သဘောပေါက်ပြီ မဟုတ်လား'

သည့်နောက်တွင် စကားသံများက လုံးလုံးပြတ်သွားသည်။ ရှေ့တွင် လူကျဲသွားပြီမို့ သူတို့က ခြေလှမ်းစလိုက်ကြသည်။ အန္တရာယ်လေ့ကားထစ်များပေါ်သို့ တစ်လှမ်းချင်း လှမ်းတက်သွားလိုက်ကြသည်။ သည်တစ်ခါတော့ ဒေါ်ခင်ချိုမြင့်က သူတို့နောက်ပါးမှ ကပ်မလိုက်ဖြစ်တော့ပေ။ သူတို့ အတော်ဝေးဝေးကို ရောက်သွားပြီဆိုတော့မှ သူက ခြေလှမ်းစလှမ်းလိုက်သည်။ ခုချိန်မှာတော့ သူက စိတ်နှင့်ကိုယ် မကပ်မိသလို ဖြစ်နေသည်။ အထူးသဖြင့် စောစောက အမျိုးသမီး နောက်ဆုံးပြောသွားသော စကားသံများကိုသာ ထပ်ကာ,ထပ်ကာ ကြားယောင်နေသည်။ ထိုသို့ကြားယောင်ရင်း ဒွိဟစိတ်များဖြင့်လည်း သူ့ခေါင်းထဲမှာ ချာချာလည်နေမိသည်။

အဲသည်အမျိုးသမီးက ကျေးဇူးရှင်လို့တောင် ပြောသွားပါကလား။ ဗွေမယူ၊ ခွင့်လွှတ်သည့်အပြင် ကျေးဇူးတောင် တင်လိုက်သေးသတဲ့။ ဒါဟာ တကယ်လား၊ တကယ်ဖြစ်နိုင်သလား။ ဟင့်အင်း၊ မဖြစ်နိုင်ပါဘူး။ ဒီလောက်ကြီးမြတ်တဲ့ စိတ်ထားမျိုးကို လူသားတစ်ယောက်က ပြဋ္ဌာန်းပေးတယ်ဆိုတာ ဖြစ်ကိုမဖြစ်နိုင်ဘူး၊ ဟုတ်ကိုမဟုတ်နိုင်ဘူး။ ဒါပေမဲ့ တကယ်ဖြစ်ခဲ့ရင်ရော တကယ်ဟုတ်ခဲ့ရင်ရော။

တကယ်သာ ဟုတ်မှန်ခဲ့ရင် မေတ္တာဆိုတာ အလွန်ဖူးရှသတဲ့။ မေတ္တာက စစ်မှန်တာနဲ့အမျှ အာနုဘော်ကလည်း ပိုပြီးထက်မြက်တတ်သတဲ့။ ဒါဆိုရင် ဒီဖူးရှတဲ့မေတ္တာဓာတ်ကို ကိုယ်က ခံယူနိုင်သလား မခံယူနိုင်ဘူး။ လုံးဝလက်မခံနိုင်ဘူး။ ခုတောင် တူမဖြစ်သူအတွက် မိမိလက်စားချေပေးခဲ့တဲ့ ခါးနံ့ပါတ်(၆)ရဲ့ စကားတွေက တစ်အားချောက်ချားစရာ၊ ပူလောင်စရာ ကောင်းနေပြီ။

ဒီအတိုင်းသာဆိုရင်-

မဖြစ်ဘူး၊ မဖြစ်ဘူး။ သူ့စကားကို မယုံမှဖြစ်မယ်။ ဆန့်ကျင်မှဖြစ်မယ်။ သူ့စကားကို ပြောင်းပြန်နားလည်ပြီး အမုန်းကို အမုန်းနဲ့၊ အငြိုးကို အငြိုးနဲ့ ပြန်ချိတ်ထားမှဖြစ်မယ်။ ဒါမှ သဘာဝကျမယ်၊ ဒါမှခံသာမယ်။ ဟုတ်တယ်။ သူညာနေတာ၊ သူညာပြောနေတာ။ စိတ်ထဲကတစ်မျိုး၊ ပါးစပ်ကတစ်မျိုး လျှောက်ပြောနေတာ။ မယုံနဲ့၊ မယုံနဲ့၊ သူ့စကားကို လုံးဝမယုံနဲ့။

ရှုပ်ထွေးသော အတွေးများနှင့်အတူ ဒေါ်ခင်ချိုမြင့်ခေါင်းထဲက မိုက်ခနဲဖြစ်သွားသည်။ လက်ရှိရောက်နေသော နေရာကိုလည်း သတိမေ့သွားပြီး ကိုယ်ကိုစောင်းကာ နားထင်ကို လက်ဖြင့်ထောက်ရန် ပြင်လိုက်သည်။

ယင်းအခိုက်-

'ဟာ..ဟာ..ဟိုအဒေါ်ကြီး၊ ဟိုအဒေါ်ကြီး'

'ဟယ်..ကျသွားပြီဟေ့၊ ကျသွားပြီ။ အဒေါ်ကြီးတစ်ယောက် ချောက်ထဲကို ထိုးကျသွားပြီ'

ထိတ်ထိတ်ပျာပျာ လှမ်းအော်လိုက်သော အသံများက စီခနဲ ထွက်ပေါ်လာခဲ့လေသည်။

ရဲမြတ်ဟင်



www.burmeseclassic.com

www.burmeseclassic.com

လောက၌ လူတချို့သည် မိမိတို့ နှစ်သက်မြတ်နိုးရာ စိတ်ဝင်စားရာ တစ်မျိုးမျိုး၌ စွဲလမ်းမှုထားတတ်ကြသည်။ ထိုစွဲလမ်းမှုကို အသက်သေသည်အထိ စွဲလမ်းစိတ်မြဲစွာဖြင့် သေခဲ့ကြလေသည်။ စွဲလမ်းမှုမျိုးမှာ တစ်ဦးနှင့်တစ်ဦး မတူညီကြချေ။ တစ်ယောက်တစ်မျိုးသာ ကွဲပြားကြလေသည်။

စာရေးသူ ငယ်စဉ်က ဆေးလိပ်မသောက်တတ်ပါ။ သို့ရာတွင် သူငယ်ချင်းတစ်ယောက်က သူ့မိခင်အိမ်တွင် လိပ်ထားသော ဘော့တိုဆေးလိပ်ကြီးကို မီးညှိကာ ဖွာ၍ ရှိုက်လိုက်ပြီး ပါးစပ်၊ နှာခေါင်းတို့မှ မီးခိုးများ ပြန်ထုတ်နေသည်မှာ ထုတ်၍မဆုံးဖြစ်နေသည်ကို မြင်တွေ့မိသဖြင့် သူကဲ့သို့ မီးခိုးပြန်ထုတ်နိုင်ရန် ဆေးလိပ်ကို စတင်ဖွာခဲ့ရာမှ ဆေးလိပ်သောက်တတ်လာခဲ့ရသည်။ နောက်တော့ ဆေးလိပ်မသောက်ရ မနေနိုင်ဖြစ်ကာ စွဲလမ်းခဲ့တော့သည်။

# ဝိညာဉ်တစ်ကောင်၏ အစွဲ

**တင့်ဆွေး** (ဓေယျဝတီ)



www.burmeseclassic.com

www.burmeseclassic.com

ဆေးလိပ်ကို အာဟာယ်မျှ စွဲလမ်းမိနည်းဆိုလျှင် အင်္ကျီ အိတ်ကပ်ထဲ၌ ဆေးလိပ်နှင့် မီးခြစ် အမြဲပင် အဆင်သင့် ထည့်ထားခဲ့သည်အထိပင်။ ညအိပ်၍ တစ်ရေးနိုးလျှင် ဆေးလိပ်ထသောက်၏။ ထမင်းစားပြီးလျှင် ဆေးလိပ်ကို သောက်ရမှ အာသာပြေသည် ထင်မိ၏။ လမ်းသွားရင်း၊ စက်ဘီးစီးရင်းလည်း ပါးစပ်တွင် မီးတို့ထားသော ဆေးလိပ်က ကိုက်ခဲထားလျက်ပါ၏။ ထို့ကြောင့် အဝတ်အစား မှန်သမျှတို့မှာ ဆေးလိပ်မီးဖွားကျ၍ မီးလောင်ပေါက် ဗရပွနှင့်ပင်။ အင်္ကျီ၊ ပုဆိုးမှန်သမျှ မီးလောင်ပေါက်ကင်းသည့် အဝတ်အစားမရှိခဲ့ပေ။

နောက်တော့လည်း ဆေးလိပ်များများ သောက်ခဲ့သဖြင့် အလုပ်ကြမ်းကြမ်းလုပ်လျှင် မောပန်းခြင်း၊ နေခင်းနေပူပူတွင် ဆေးလိပ်သောက်လျှင် ခေါင်းမူးခြင်း၊ မှတ်ဉာဏ်နည်းလာခြင်း၊ အဝတ်အစားများ မီးလောင်ပေါက်များ ဖြစ်ခြင်းတို့ကြောင့် ဆေးလိပ်သောက်သည့် စွဲလမ်းမှုကို တဖြည်းဖြည်း အပြစ်မြင်လာကာ ဆေးလိပ်ဖြတ်ပြီး လုံးဝမသောက်ခဲ့တော့ပါချေ။

တစ်ခါက အဘိုးအိုတစ်ဦးကို မြင်တွေ့ခဲ့ရ၏။ ထိုအဘိုးအိုသည် သူ့ပါးစပ်မှာ အမြဲတမ်း ကွမ်းမြုံ့နေ၏။ သွားများ၏အရောင်မှာ အဖြူလုံးဝမရှိတော့ဘဲ ကွမ်းတံတွေးများကြောင့် နီညိုရောင်များသာ မြင်တွေ့နေရသည်။ ထိုအဘိုးအို၏သွားများမှာ ကျိုးသည်ကကျိုး၊ ယိုင်သည်ကယိုင်၊ နဲ့သည်ကနဲ့လျက် တွေ့ရသည်။ ထိုအခါ အဘိုးအိုမှာ ကွမ်းမဝါးနိုင်တော့ပေ။ သွားများ မဝါးနိုင်တော့၍ ကွမ်းဖြတ်လိမ့်မည်ဟု ထင်ရသည်။ သို့သော် အထင်နှင့် အမြင် တခြားစီဖြစ်နေ၏။

အကြောင်းမူ ထိုအဘိုးအိုသည် ကြေးကွမ်းဆုံကလေးထဲသို့ ကွမ်းသီးထုံးလုပ်ထားသော ကွမ်းရွက်၊ ဆေးရွက်တို့ကိုထည့်ကာ ကွမ်းဆုံထောင်းသော စူးတံကလေးနှင့် မွှန်ညက်အောင် ထောင်းနေ၏။ မွှန်ညက်သွားပြီဖြစ်လျှင် ကွမ်းဆုံထဲမှ ထုတ်ယူ၍ ပါးစပ်ထဲထည့်ကာ သွားမရှိသည့် သွားဖုံးနှင့် ကွမ်းမြုံ့နေလေတော့သည်။ ထိုအဘိုးအိုမှာ အသက်က ခုနစ်ဆယ်ကျော် ရှစ်ဆယ်နီးပါး ဖြစ်၏။

'အဘိုး‥ကွမ်းကို ဘယ်လိုစွဲလမ်းသွားခဲ့ရတာလဲဗျာ'

'အဘိုးရဲ့ မိဘတွေက ကွမ်းစားကြတော့ အိမ်မှာ ကွမ်းအစ်အမြဲထားတယ်လေ။ အဘိုးလည်း ငယ်စဉ်က သူတို့ ကွမ်းယာစားသလို စားခဲ့မိရာက ကွမ်းစားတတ်တဲ့ စွဲလမ်းစိတ် ဖြစ်ခဲ့ရတော့တာပဲ။ ယခု အသက်အရွယ်ကြီးလာသည့်တိုင်အောင် ကွမ်းကို စွဲလမ်းစိတ်က ပျောက်ဖျက်မရခဲ့ပါဘူးကွယ်'

'အဘိုး ကွမ်းကို စွဲလမ်းစိတ်ကြောင့် သွားနဲ့မဝါးနိုင်တော့ဘဲ ကွမ်းဆုံနဲ့ ထောင်းစားနေရတာဟာ ကွမ်းတစ်ခါစားရဖို့အရေး အကြာကြီးပြင်ဆင်ပြီး ထောင်းခဲ့ရတာဆိုတော့ ကွမ်းမစားပါနဲ့တော့လား အဘိုးရာ။ အဘိုးအစားပင်ပန်းလွန်းလို့ပါ အဘိုးရယ်'

'ကွမ်းက ဖြတ်မရတော့ဘူးကွယ်။ ကွမ်းမဝါးရရင် တစ်မျိုးလိုနေသလို ခံစားနေရပြီး စိတ်မချမ်းမြေ့ရဘူးကွယ့်။ ဒါကြောင့် ကွမ်းတစ်ခါဝါးနိုင်ဖို့ ထုပယ်ထောင်းပယ်လုပ်ပြီး စွဲလမ်းစိတ်ကို ဖြေသိမ့်ပေးနေရတာပဲ ငါ့မြေးရယ်'

တစ်ခါကတော့ ရွာတစ်ရွာမှာ လယ်လုပ်ကိုင်စားသောက်တဲ့ လယ်သမားကြီးတစ်ယောက် ရှိခဲ့လေသည်။ သားသမီးတွေ အရွယ်တွေ ရောက်ခဲ့ကြတော့ စီးပွားရေးအမြင်တွေ ကျယ်လာကြသည်။ တချို့က ပညာတတ်တွေဖြစ်ပြီး ဝန်ထမ်းတွေဖြစ်ခဲ့ကြသည်။ ထို့ကြောင့် ကျေးလက်တောရွာတွင် မနေလိုကြတော့ဘဲ ရန်ကုန်လိုမြို့ကြီးသို့ ပြောင်းရွှေ့လာခဲ့ကြသည်။ မိဘများကတော့ အိမ်တွေ၊ ခြံတွေ၊ လှည်း၊ နွားတွေ၊ လယ်မြေတွေ ရှိနေလေတော့ မြို့သို့ မလိုက်နိုင်ခဲ့ကြဘဲ ရွာမှာပဲ ကျန်နေခဲ့ကြ၏။

တဖြည်းဖြည်း အသက်ကြီးလာကြတော့ လယ်တွေကို မလုပ်ကိုင်နိုင်တော့ပေ။ အငှားချစနစ်နှင့်သာ လုပ်ရတော့၏။ လူတွေမှာလည်း အသက်အရွယ်ကြီးပြီး အထိုင်အထ အသွားအလာကအစ နှေးကွေးလေးလံလာခဲ့ကြတော့သည်။ ဖျားနာခြင်း၊ မူးဝေခြင်းများ ဖြစ်လာကြလျှင် သားသမီးများက အနားတွင် မရှိကြသဖြင့် အိမ်နားနီးချင်းတို့မှ လာရောက်ပြုစုပေးကြရသည်။ ထိုအဖြစ်ကို သားသမီးများမှ ကြားသိခဲ့ကြ၏။

'အဖေတို့၊ အမေတို့ရယ်‥ဒီရွာမှာ ရင်းရင်းချာချာ သားသမီးတွေလည်း ရှိတော့တာမှ မဟုတ်တော့တာဘဲ။ တစ်ခုခုဖြစ်လို့ အိမ်နီးချင်းတွေက ကြည့်ပေးကြတယ်ဆိုတာက မတော်ကြည့်နဲ့ ကြည့်ပေးကြတာပါ။ သူ့ရှင်း

www.burmeseclassic.com

သမီးရင်းတွေလောက် ဖိဖိစီးစီးဘယ်ရှိပါ့မလဲ အဖေတို့ရယ်။ ဒါကြောင့် သားတို့၊ သမီးတို့နဲ့ ရန်ကုန်ကို အတူလိုက်နေကြပါနော်'

'အို··သားတို့ သမီးတို့ရယ်၊ ဒီရွာက အဖေတို့ရဲ့မွေးရပ်ဇာတိချက်မြှုပ်ရွာပဲလေ။ မွေးရပ်ဇာတိကို စွန့်လွှတ်ပြီး တခြားပြောင်းပြီးနေဖို့ အဖေတို့ ဘယ်တော့မှစိတ်ကူးကြမှာမဟုတ်ဘူး။ ဒီရွာမှာမွေးပြီး အဖေတို့ ဒီရွာမှာပဲ သေကြမှာပါကွယ်။ အဖေတို့ရဲ့သင်္ချိုင်းက ဒီရွာမှာပဲ ရှိတယ်လေ'

ထိုအဘိုး၊အဘွားတို့မှာ ဒေသအစွဲအလမ်းကြီးကြသူများဖြစ်ကြ၏။ သေချိန်ရောက်၍ သေကြရလျှင်ပင် ထိုရွာသင်္ချိုင်းတွင် သေကြမည်ဟု အဓိဋ္ဌာန်ထားခဲ့ကြသူများ ဖြစ်သည်။

လူတို့မှာ အသက်ထင်ရှား ရှိနေစဉ်မှာပင် စွဲလမ်းစိတ်ပြင်းပြခဲ့ကြ၏။ ထိုစွဲလမ်းစိတ်ရှိကြောင်း သိခဲ့ကြ၍လည်း သေခဲ့ကြသောအခါ ခေါင်းသွင်း၍ အိမ်ရှင် ထုတ်ထားပေးစဉ်မှာပင် ခေါင်းဖုံးပေါ်၌ သူအသက်ရှင်စဉ်က စွဲလမ်းမှုကို ဖြည့်ဆည်းပေးခဲ့ကြ၏။

'ဟဲ့··နှင့်အဖေက ဝက်သားဟင်း တစ်အားကြိုက်ရှာတာ။ သူ့ခေါင်းဖုံးပေါ်မှာ ဝက်သားဟင်းနဲ့ စားမြိန်စာထုပ်ကလေး တင်ပေးထားပါကွယ်'

'သားကတော့ အဖေဟာ ကွမ်းလည်း ကြိုက်လေတော့ ကွမ်းယာထုပ်ကလေးပါ တင်ပေးထားတယ်အမေ'

လူ့ဘဝအသက်ရှင်နေစဉ်မှာ စွဲလမ်းမှုများ ရှိခဲ့ကြသူများ ရှိခဲ့သလို သေလွန်ပြီးကာမှ စွဲလမ်းစိတ်ရှိခဲ့ခြင်းကြောင့် ထိုအစွဲအလမ်း၏ သက္ကာယဒိဋ္ဌိစိတ်ကြောင့် ပြိတ္တာဘဝ မကျွတ်မလွတ်ဘဝသို့ ပြောင်းခဲ့ကြရသူတွေလည်း ရှိခဲ့လေသည်။

ဘုရားရှင်လက်ထက်က ရဟန်းတော်တစ်ပါးဟာ မိမိအလှူခံရသောသင်္ကန်းကို စွဲလမ်းစိတ်ကြောင့် ပျံလွန်တော်မူခဲ့သောအခါ ထိုသင်္ကန်းကို စွဲလမ်းမှုဖြင့် သင်္ကန်းတွင် ကပ်နေရသော သန်းကျဲကြီး ဖြစ်ခဲ့ရလေသည်။ တချို့မှာ မိမိ လူ့ဘဝမှာရှိစဉ်က လုပ်ကိုင်ရှာဖွေ စုဆောင်းခဲ့သော ပစ္စည်းဥစ္စာများကို စွဲလမ်းမိကာ သေလွန်ခဲ့သောအခါ ထိုဥစ္စာပစ္စည်းများ စွဲလမ်းစိတ်နှင့် မကျွတ်မလွတ်ဖြစ်ကြပြီး ပြိတ္တာဘဝသို့ ရောက်ခဲ့ကြရလေသည်။

ထို့ကြောင့် စွဲလမ်းစိတ်သည် လူတို့အား ကောင်းကျိုးပြုသည်ထက် ဆိုးကျိုးများကိုသာ ဖြစ်စေတတ်လေသည်။ လောဘစိတ်ကို မထိန်းကွပ်နိုင်သူတို့မှာ စွဲလမ်းတပ်မက်စိတ် ပို၍ဖြစ်ကြရလေသည်။

◆◆◆

တချို့ မိမိအသက်ရှင်စဉ်က အမြတ်တနိုး သုံးစွဲခဲ့သော ပစ္စည်းများကို သေလွန်ခဲ့သောအခါ ထိုပစ္စည်းများကို ဘာတစ်ခုမျှ ယူဆောင်မသွားနိုင်ဘဲ ထားရစ်ခဲ့ကြရလေသည်။ သို့သော် ထိုပစ္စည်းပိုင်ရှင် ဖြစ်ခဲ့သူသည် သေလွန်ပြီး သူရောက်ရှိနေသည့် ဘဝတိုင်အောင်ပင် မိမိပိုင်ဆိုင်သုံးစွဲခဲ့သည့် ပစ္စည်းအပေါ် စွဲလမ်းစိတ်ထားရှိနေဆဲဖြစ်သည်။ ထိုအဖြစ်ဆန်းမျိုးက လူတို့တွင် မကြာခဏ ဖြစ်ပျက်ကြုံတွေ့ကြရသည်။ ထိုအဖြစ်ဆန်းများစွာထဲမှ အဖြစ်ဆန်းတစ်ခုကို သာဓကအဖြစ် ထုတ်နုတ်ဖော်ပြပေးလိုပါသည်။

ဦးထွန်းဝင်း၊ ဒေါ်နန်းမြတို့ မိသားစုက ဝန်ထမ်းမိသားစုဖြစ်သည်။ ဝန်ထမ်းများ ဖြစ်ကြခြင်းကြောင့် တာဝန်ကျရာအရပ်၊ တာဝန်ကျရာမြို့၊ ရုံးတို့တွင် တာဝန်ထမ်းဆောင်ခဲ့ရလေသည်။

ဦးထွန်းဝင်းမှာ တစ်နေရာတည်း၌ အတည်တကျနေထိုင်နိုင်ခြင်း မရှိခဲ့ပေ။ မိမိသက်ဆိုင်ရာ ဌာနအကြီးအကဲတို့၏ အမိန့်အတိုင်း တာဝန်ချပေးရာသို့ ပြောင်းရွှေ့တာဝန်ထမ်းရသည်။ ထိုသို့ကျရာနေရာတွင် ရွှေ့ပြောင်းတာဝန်ထမ်းဆောင်နေရသော်လည်း အခက်အခဲမရှိလှပေ။ တာဝန်ထမ်းဆောင်ရမည့် နေရာဌာနတွင် သူ့အတွက် နေစရာအိမ်၊ အဆောက်အအုံက အဆင်သင့်ရှိနှင့်နေသည်။

'မရေ··မောင်တို့တော့ ဟိုနေပြည်တော်ကို အလုပ်တာဝန် ပြောင်းကြရမယ်ဟေ့'

'ဘယ်တော့လောက် ပြောင်းကြရမှာလဲ မောင်ရယ်'

'ဒီလနောက်ဆုံးပတ် အရောက်ပြောင်းကြရမှာ မရဲ့'

'ခက်တာပဲ မောင်ရယ်၊ အခုဆိုရင် ကျောင်းသားတွေက စာမေးပွဲဖြေရဖို့ အချိန်က နီးကပ်နေကြပြီလေ'

'အထက်က အမိန့်ဆိုတော့လည်း ဘယ်လောက်ပဲ အခက်အခဲရှိရှိ မပြောင်းမဖြစ် ပြောင်းလာကြရမှာပဲလေကွာ။ ကိုယ်ကတော့ အမိန့်အတိုင်း အချိန်မီသွားနိုင်မှာပဲ။ မင်းကတော့ ကလေးတွေ စာမေးပွဲဖြေပြီးတဲ့အချိန်



www.burmeseclassic.com

www.burmeseclassic.com

အထိ စောင့်နေခဲ့ပြီးမှပဲ ကလေးတွေနဲ့အတူ လိုက်လာခဲ့ပေါ့ကွာ'

ဝန်ထမ်းဘဝဆိုတာက နိုင်ငံတော်မှ အခကြေးငွေရယူပြီး တာဝန်ထမ်းဆောင်နေကြရသူများဖြစ်ကြ၍ သူ့ဆန်စားက ရဲရပေမည်သာ ဖြစ်သည်။

တစ်နေရာမှတစ်နေရာ၊ တစ်ရပ်တစ်ကျေးမှ အခြားတစ်ရပ်သို့ မိသားစုများ ရွှေ့ပြောင်းရသည်က အပြောလွယ်သလောက် တကယ်တမ်းလက်တွေ့ ရွှေ့ပြောင်းကြရာတွင် အိမ်ထောင်ပရိဘောဂများ၊ အိုးခွက်ပန်းကန် ခွက်ယောက်များ၊ အဝတ်အစားများ၊ ခြင်ထောင်၊ စောင်၊ ခေါင်းအုံး၊ ဖျာ၊ ဗီရိုများ၊ ဆက်တီများ၊ ခုတင်များ၊ စားပွဲ၊ ကုလားထိုင် စသည့်တို့လီမိုလီများကို ကားများပေါ်တင်ရ၊ သင်္ဘော၊ ရထားများပေါ် တင်ကြရ၊ ရောက်လျှင်ပြန်ချရ၊ နေထိုင်ရမည့်အိမ်၊ အဆောက်အအုံတွင် နေရာတကျပြန်၍ နေရာချရနှင့် တော်တော်နှင့် နေထားတကျမဖြစ်ခဲ့ပေ။ သားသမီးများ ကျောင်းနေအရွယ် ကျောင်းသားများ ဖြစ်နေပါက ကျောင်းပြောင်းလက်မှတ်ယူရ၊ ပြောင်းလာသည့်အရပ်တွင် ကျောင်းပြန်အပ်နှံရနှင့် အလုပ်ရှုပ်ကြရလေသည်။

တချို့ တာဝန်ကြီးဝန်ထမ်းများဆိုလျှင် တစ်နေရာတွင် နှစ်ကြာကြာမနေရပေ။ အခြားနေရာတစ်ခုသို့ ထပ်၍ပြောင်းရွှေ့မိန့် ကျလာလျှင် ထပ်၍ပြောင်းကြရပြန်သည်။

ဦးထွန်းဝင်း၏ တာဝန်က ညွှန်ကြားရေးမှူးတာဝန်ဖြစ်ခြင်းကြောင့် သုံးနှစ်တစ်ကြိမ်ဆိုသလို ပြောင်းရလေသည်။ ပြောင်းရွှေ့ရလေတိုင်း အလုပ်ရှုပ်ကြရကာ ပင်ပန်းခဲ့ကြရလေသည်။

'မရေ··မောင်တို့ ဝန်ထမ်းဘဝတစ်လျှောက်လုံး ရွှေ့လိုက်ပြောင်းလိုက်နဲ့ တာဝန်ထမ်းဆောင်လာခဲ့ရတာလည်း အခုဆိုရင် မောင်ဟာ လုပ်သက်ရ ဝန်ထမ်းဖြစ်ခဲ့ပြီး သက်ပြည့်ပင်စင်တောင် ယူရခါနီးလာပြီကွာ'

'ဟုတ်တယ် မောင်ရေ၊ မတို့အနေနဲ့ မောင် ပင်စင်ယူပြီးရင် နေစရာက ရလာတော့မှာမဟုတ်လို့ အခုချိန်ကတည်းက နေစရာအိမ်ကလေးတစ်လုံးကို ကြိုတင်ဆောက်ထားတာပဲဖြစ်ဖြစ်၊ ဝယ်ထားတာပဲဖြစ်ဖြစ် ရှိနေသင့်ပြီ မောင်'

'ဟုတ်တယ်ကွ။ မောင်လည်း ပင်စင်ယူပြီးရင်ဘယ်နေရာမှာ အခြေချနေထိုင်ရရင် ကောင်းမလဲဆိုတာ နေရာရွေးချယ်ပြီး မောင်တို့မိသားစုနဲ့ သင့်လျော်မယ့်အိမ်တစ်လုံးပဲဖြစ်ဖြစ်၊ ဒါမှမဟုတ် အိမ်သစ်ကလေးတစ်လုံးပဲဖြစ်ဖြစ် ဆောက်ထားရတော့မှာပဲကွ။ ဒါမှ မောင်တို့ ပင်စင်ယူပြီးတာနဲ့ နေစရာ ပူပန်စရာမရှိ ဖြစ်ကြရမှာပဲ'

ရုံးပိတ်ရက်တစ်နေ့တွင် ဦးထွန်းဝင်းတို့ ဇနီးမောင်နှံနှစ်ယောက်မှာ သူတို့ ပင်စင်ယူပြီးကြလျှင် အခြေတကျနေသွားနိုင်မည့် အိမ်ကလေးတစ်လုံး ရှာဖွေရန် ထွက်လာခဲ့ကြလေသည်။ ပင်စင်မယူမီအချိန်ကတည်းက နေစရာအိမ်အဆင်သင့်ရှာထားရမည်ဖြစ်သည်။ ပင်စင်ယူပြီးခါမှအိမ်ရှာဝယ်နေရလျှင် ပင်စင်လစာက နည်းသွားပြီဖြစ်၍ စားဝတ်နေရေး အခက်တွေ့လာနိုင်သည်။ ပင်စင်မယူမီက ကြိုတင်ဝယ်ယူထားပြီးလျှင် ပင်စင်လည်းထိုင်ရော ရှာထားပြီး ဖြစ်သည့်အိမ်ပေါ်သို့ တက်နေကြရုံသာပင်။

'ကျွန်မကတော့ မောင်ရယ်··အိမ်ဟောင်းဝယ်တာထက် အိမ်သစ်ကိုပဲ ဆောက်စေချင်တယ်'

'အိုကွာ··မောင်တို့က ရုံးတစ်ဖက်နဲ့ဆိုတော့ အိမ်ဟောင်းပေမယ့် ဆောက်ပြီးစ နှစ်မကြာသေးတဲ့အိမ်ကို လိုက်ရှာပြီး ဝယ်ကြတာပေါ့ကွာ။ အိမ်သစ်ဆောက်မယ်ဆိုရင် ပန်းရန်တို့၊ လက်သမားတို့ကို အနီးကပ်ကြီးကြပ်ပေးနေရမှာလေ။ မကြီးကြပ်ပေးနိုင်ရင် ဖြစ်သလိုဆောက်သွားခဲ့ကြရင် အိမ်ရဲ့ကြံ့ခိုင်မှု စိတ်မချရဘူးကွ'

တစ်နေ့တွင် ဦးထွန်းဝင်း၏ မိတ်ဆွေတစ်ဦးမှ လမ်းညွှန်ပေးချက်အရ သူတို့ရှာဖွေနေသော အိမ်ကလေးတစ်လုံးရှိကြောင်း သိရ၍ ထိုအိမ်ကလေးကိုကြည့်ရန် လာခဲ့ကြသည်။ အိမ်ကလေးက နှစ်ထပ် ပျဉ်ထောင်သွပ်မိုးအုတ်ပတ်ထားသည်။ အိမ်သာ၊ မီးဖို၊ ရေချိုးခန်း တွဲထားသည်။ အိမ်ရှေ့မျက်နှာစာတွင် မြေကျယ်၍ ပန်းအလှပင်များ စိုက်ပျိုးထားလေသည်။ ပြီးတော့ သွားလာရေးလွယ်ကူသော လမ်းနှင့်နီးသလို ကျောင်း၊ ဈေး၊ ဆေးရုံတို့နှင့်လည်း အလှမ်းမကွာပေ။

'မောင်တော့ ဒီအိမ်ကလေးဟာ နှစ်လည်း မကြာသေးတော့ အသစ်အတိုင်းပဲ။ ခြံဝန်းလည်း ကျယ်တယ်။ ကျောင်းဈေးတွေနဲ့ နီးလေတော့ ဒီအိမ်ကလေးကို ဝယ်ကြရရင် စိတ်အေးရမယ် ထင်တယ်'

'အင်း··ကျွန်မလည်း သဘောကျပါတယ်။ မောင်



www.burmeseclassic.com

www.burmeseclassic.com

ဝယ်မယ်ဆိုရင် ဈေးဆစ်ပြီးဝယ်လေ။ မောင့်ပင်စင်က နီးနေပြီဆိုတော့ ပင်စင်ယူပြီးတာနဲ့ အိမ်ကလေးဝယ်ပြီး အသင့်ရှိနေရင် တက်နေကြရုံပဲပေါ့လေ'

ထိုသို့ဖြင့် ထိုအိမ်ကလေးကို ဈေးဆစ်ပြီး နှစ်ဦးနှစ်ဖက် သဘောတူစာချုပ်၍ ဝယ်ယူခဲ့ကြလေသည်။ တကယ်တော့ ထိုအိမ်ပိုင်ရှင်မှာ သူတို့ အခြေတကျနေထိုင်ကြရန် စိတ်ကြိုက်ဆောက်ထားခြင်း ဖြစ်သည်။ မန္တလေးမှ အဒေါ်ဖြစ်သူက သူ၏ခင်ပွန်း ကွယ်လွန်သွားခဲ့၍ ညီမတို့ မိသားစုအား မန္တလေးရှိ သူမ၏ ခြံထဲက အိမ်တွင် လာရောက်နေထိုင်ကြရန် ခေါ်ခြင်းကြောင့် ပြန်ရောင်းခဲ့ခြင်းဖြစ်သည်။

အိမ်ငွေပေးချေပြီး အပြီးသတ် ဝယ်ယူကြသောအခါ အိမ်ပေါ် အိမ်အောက် လိုက်လံကြည့်ရှုကြပြီး ဝယ်ကြခြင်း ဖြစ်သည်။

'ကျွန်တော်တို့က မန္တလေးက အဖော်ရအောင် နေစရာ အိမ်ပါပေးပြီး ခေါ်လို့သာ ရောင်းခဲ့ကြရတာပါ။ အတည်တကျနေကြမယ်ဆိုပြီး အိမ်ထောင်ပရိဘောဂတွေကလည်း ပြည့်စုံအောင် ဝယ်ထားပြီးနေလေတော့ မန္တလေးကို တော်တော်သယ်ယူကြရမှာပါဗျာ'

'ဪ..ဒါနဲ့ ဟောဒီအခန်းထဲမှာ ခုတင်တစ်လုံး ရှိနေတဲ့ အိပ်ခန်းပဲနော်။ ဒီခုတင်ကို မန္တလေးကို သယ်ယူသွားကြမှာလားဗျ'

'ဒီအခန်းကတော့ အဘိုးနေခဲ့တဲ့ အိပ်ခန်းဗျ။ အဘိုးက သိပ်စည်းကမ်းကြီးတာလေ။ သူ့အိပ်ခန်းထဲ သူ့ခုတင်ပေါ် ဘယ်သူမှ ဝင်တာထွက်တာ၊ အိပ်တာ မကြိုက်ဘူးဗျ။ အခုတော့ ဒီခုတင်က အပိုလို ဖြစ်နေပါပြီဗျာ'

'ဒီလိုဆိုရင် ဒီအခန်းထဲက ခုတင်ကို နောင်ကြီးတို့ သယ်ယူသွားကြမှာလားဗျ'

'ခက်တာက, ကျွန်တော်တို့ မိသားစုမှာလည်း တစ်ယောက်ကို ခုတင်တစ်လုံးစီ ရှိနေပြီးသားဗျ။ ဒီအဘိုးရဲ့ ခုတင်ကို ဘယ်လိုလုပ်ရမယ်ဆိုတာ စဉ်းစားရခက်နေပြီဗျ'

'ခင်ဗျားတို့မိသားစုမှာ ခုတင်ကိုယ်စီ ရှိနေကြလို့ ဒီခုတင်ကို သယ်ယူမသွားချင်ရင် ကျုပ်တို့ကို ပြန်ပြီး ရောင်းခဲ့လေဗျာ။ ပြန်ရောင်းခဲ့ရင်တော့ ဒီအခန်းမှာ ကျုပ်သား ကျောင်းသားအတွက် အိပ်ခန်းနဲ့ စာကြည့်ခန်းအဖြစ် သီးသန့်ထားပေးရမှာပဲဗျ'

'ဟုတ်ကဲ့၊ ကျွန်တော့်မိန်းမနဲ့ တိုင်ပင်ကြည့်ပြီး ရောင်းခဲ့မယ်ဆိုရင် ပြောပါ့မယ်ဗျာ'

အိမ်ရောင်းသူများမှာ သူတို့၏ အိမ်ထောင်ပရိဘောဂပစ္စည်းများကို ကားများနှင့်တင်၍ မန္တလေးသို့ ရွှေ့ပြောင်းမည့်နေ့တွင် အဘိုးခုတင်နှင့်ပတ်သက်၍ ပြောလာလေသည်။

'ကျွန်မတို့က အဘိုးမရှိတဲ့နောက်မှာ ဒီအခန်းနဲ့ ခုတင်ကို ဘာမျှအသုံးမပြုဘဲ ဒီအတိုင်း သော့ခတ်ထားကြတာပါ။ ရှင်တို့သား အိပ်ခန်းနဲ့ စာကြည့်ခန်းလုပ်မယ်ဆိုတာ သိရတော့ အဘိုးလည်း တမလွန်က ကျေနပ်မှာပါလေ။ ဒါကြောင့် မန္တလေးကို သယ်မသွားတော့ဘဲ ရှင်တို့ကိုပဲ ရောင်းပေးခဲ့ပါ့မယ်'

နောက်တစ်နှစ်ခန့်အကြာတွင် ဦးထွန်းဝင်းမှာ ပင်စင်ယူခဲ့ပြီဖြစ်၍ ကြိုတင်ဝယ်ထားသောအိမ်သို့ ပြောင်းရွှေ့လာခဲ့ကြလေတော့သည်။

'ကဲ..သားက ဆယ်တန်းအောင်ပြီး တက္ကသိုလ်ကျောင်းသားဖြစ်ပြီဆိုတော့ ဟောဒီအခန်းမှာ သားတစ်ယောက်တည်း အိပ်ခန်းနဲ့ စာကြည့်ခန်းအဖြစ် သီးသန့်သုံးပေတော့ သားရေ'

'ဟာ..ဒီအခန်းက ကျယ်လည်း ကျယ်ဝန်းတယ်။ ပြတင်းဖွင့်ထားရင် အပြင်လေရပြီး ပတ်ဝန်းကျင်ကိုလည်း ကြည့်မြင်နိုင်တယ်။ ပြီးတော့ ခုတင်နဲ့ စားပွဲ၊ ကုလားထိုင်တွေပါ အသင့်ရှိနေလေတော့ သားတော့ သိပ်သဘောကျသွားပြီ အဖေရေ'

ဦးထွန်းဝင်းတို့မှာ ထိုအိမ်၏ ရှေ့ဘက်နှင့် နောက်ဘက်ရှိ မြေနေရာလွတ်များတွင် နှင်းဆီပန်းများ စိုက်ခဲ့လေသည်။ နှင်းဆီပန်းဖြစ်လာပြီဆိုလျှင် နေ့စဉ် ပန်းခူးရောင်းနိုင်မည်ဖြစ်၍ အထိုက်အလျောက် ဝင်ငွေရလာမည်ဖြစ်သည်။

'ခြံထဲမှာ အဝီစိတွင်းရှိနေတာ ဟန်ကျတယ်ဟေ့။ စိုက်ထားတဲ့ပန်းခင်းကို ရေလောင်းနိုင်မှာဆိုတော့ ပန်းခင်းတွေဖြစ်မှာ သေချာတယ်ဟေ့'

'ကျွန်မကတော့ အိမ်ရှေ့လေးမှာ ဈေးဆိုင်ကလေး တည်ချင်တာပဲ။ အိမ်ရှေ့လမ်းက လူသွားလူလာလည်း မပြတ်တဲ့အပြင် ကလေးတွေ ကျောင်းသွားတဲ့လမ်း ဖြစ်



www.burmeseclassic.com

www.burmeseclassic.com

နေလေတော့ ကျောင်းသားတွေအတွက် စာရေးကိရိယာ ပစ္စည်းနဲ့ မုန့်ပဲသရေစာ၊ အချိုရည်ဘူးတွေ တင်ရောင်းရရင် ရောင်းကောင်းမယ်လို့ စိတ်ကူးရတယ်လေ'

'အေး..ကောင်းတာပဲ။ နေရာလည်း ရှိနေတယ်။ ပြီးတော့ ဆိုင်ခန်းလေးကို တောင့်တောင့်တင်းတင်းလေးနဲ့ သပ်သပ်ခပ်ခပ်ကလေး ဆောက်ပေးမယ်လေ'

ယခုတော့ ဦးထွန်းဝင်းတို့ခြံထဲတွင် နှင်းဆီပန်းများက ဖူးပွင့်လာခဲ့ပြီဖြစ်၍ ပန်းတစ်ဆင့်ရောင်းသူကိုပင် ဖောက်သည်ပေးကာ ရောင်းချပေးနိုင်နေပြီဖြစ်ကာ ပန်းရောင်းရဝင်ငွေ ပုံမှန်ရရှိလာကြလေသည်။ အိမ်ရှေ့မျက်နှာစာရှိ ဈေးဆိုင်ကလေးမှာလည်း နေ့စဉ် ရောင်းချပေးနိုင်နေသဖြင့် ဝင်ငွေရခဲ့သည်။ ပန်းနှင့် ဆိုင်ရောင်းရငွေကပင် လျှင် မီးဖိုချောင်သုံးအတွက် ဖူလုံခဲ့၏။ ပင်စင်လစာဖြင့် အရင်းအနှီးလုပ်နိုင်ခဲ့၏။ ပင်စင်ယူခဲ့ပြီးကာမှ စီးပွားရေးက ပို၍အဆင်ပြေလာခဲ့ရသည်။

'ဟေ့..သားကြီး၊ မနိုးသေးဘူးလားကွ။ သူ တက္ကသိုလ်ကျောင်းတက် သွားရမယ် မဟုတ်လား။ ကျောင်းနောက်ကျနေမယ်လေ။ သွားနှိုးလိုက်ကြလေ'

ဒေါ်နန်းမြလည်း သားကြီး နိုးမလာသေးသဖြင့် နှိုးရန် သားအခန်းသို့ ရောက်လာလေသည်။

'ဟင်'

'သားက အိပ်ရာတခြား လူကတခြား အိပ်နေတာပါလား'

'သား..သား..သားကြီး၊ ထတော့လေကွယ်။ သားကျောင်းတက်သွားရမယ် မဟုတ်လား'

'သားအိပ်နေတာလည်း ကြည့်ပါဦး။ ခုတင်ပေါ်မှာက ခေါင်းအုံး၊ သားက ကြမ်းပြင်ပေါ် ရောက်နေပါလားကွယ်။ သတိထားပြီး အိပ်မှပေါ့ သားရဲ့'

'သား ညက တော်တော်ညဉ့်နက်အောင် စာကြည့်ခဲ့လို့ သတိမထားဘဲ အိပ်ချင်ချင်နဲ့ အိပ်ခဲ့လို့ ခုတင်အောက်ရောက်နေတာဖြစ်မှာပါ အမေ။ သား သတိထားပြီး အိပ်ပါ့မယ် အမေရယ်'

◆◆◆

'ဟင်..သားခြေထောက်ကို ခုတင်ပေါ်က ဆွဲချနေတာ ဘယ်သူလဲ'

'ဟာ..ခုတင်ပေါ်က ကျတော့မယ်။ လွှတ်..လွှတ်..ခြေထောက်ကိုလွှတ်'

'အမယ်လေးဗျ။ ခုတင်ပေါ်က ကြမ်းပြင်ပေါ်ကိုကျပြီ'

'လာကြပါဦးဗျ။ သားခြေထောက်ကို ခုတင်ပေါ်က အောက်ကို ဆွဲချနေလို့ဗျ'

'ဟာ..ဒီအသံဟာ သားရဲ့ အိပ်ခန်းထဲက အသံပဲ'

'ဟင်..သား..သား..ဘာဖြစ်နေတာလဲဟင်'

'သားခြေထောက်ကို ခုတင်ပေါ်က အောက်ကိုဆွဲချနေလို့ အမေရဲ့။ ဘယ်သူက ဆွဲချနေတယ်ဆိုတာ မမြင်ရလို့ သား ကြောက်လန့်ပြီး အော်ခဲ့မိတာဗျ'

မီးခလုတ်ဖွင့်၍ အခန်းထဲအနှံ့ လိုက်ရှာကြည့်ကြသည်။ ဗီရိုနောက်၊ ခုတင်အောက်၊ စာကြည့်စားပွဲအောက်တို့အနှံ့ ငုံ့၍ရှာကြည့်ခဲ့ကြသော်လည်း ဘာကိုမျှ ရှာမတွေ့ခဲ့ပေ။

'အခန်းကများ မသန့်လို့ဘဲလား၊ ဒါမှမဟုတ် ဒီအခန်းထဲမှာ သရဲတစ္ဆေများ ကပ်နေတာများလား'

ထိုဖြစ်ရပ်ကြောင့် မိဘများလည်း အမျိုးမျိုးတွေးထင်ခဲ့ကြသည်။

'ကဲ..ဒီဖြစ်ရပ်ကို ရှင်းရှင်းလင်းလင်း သိရအောင်



www.burmeseclassic.com

www.burmeseclassic.com

ဒီနားက ဆရာတော်ရဲ့ ကျောင်းကိုသွားပြီး ဆရာတော်ကို လျှောက်ထားကြမှပဲ'

'အင်း··ဒကာတို့ ပြောပြချက်ကတော့ ဒီခုတင်ပေါ် တက်အိပ်တဲ့သူဟာ ခုတင်ပေါ်က အောက်ကိုရောက်နေ တာ။ ခြေထောက်ကို တစ်စုံတစ်ဦးက ဆွဲချခံရတာဆို တော့ ဒီခုတင်ရဲ့ မူလပိုင်ရှင်ဟာ မကျွတ်မလွတ်ဖြစ်ပြီး ခုတင်ကို စွဲလမ်းနေခဲ့တာကြောင့် ခုတင်ပေါ်က ဖယ်ရှား နိုင်းတာပဲ ဖြစ်လိမ့်မယ်'

'ဒီလိုဆိုရင်ဘုရား··တပည့်တော်တို့ ဘာဆက်လုပ် ပေးရပါမလဲဘုရား'

'အို··ဆရာတော် စဉ်းစားမိသလောက်ကတော့ ဒီ ခုတင်ပိုင်ရှင်ဟာ လွန်ခဲ့တဲ့သုံးနှစ်လောက်က တခြားတစ် မြို့မှာ သေဆုံးခဲ့ရတာပဲ။ အိမ်ရှင်တွေက သူတို့အဘိုးရဲ့ အခန်းနဲ့ ခုတင်ကို ဘာမှမလုပ်ဘဲ သူတို့လည်း အသုံးမပြု ဘဲ သော့ခတ်ထားခဲ့ကြတာပဲ။ အဲဒီအဘိုးဟာ သူအိပ်တဲ့ ခုတင်ပေါ်ကို ဘယ်သူမှတက်တာ မကြိုက်သလို အခန်း ထဲ ဝင်တာကိုလည်း သဘောမကျခဲ့ဘူးဆိုတော့ သေဆုံး စဉ်က အသုဘလိုက်ပို့ပေးကြရင်း သိခဲ့ရတာပဲ။ အခု ဒီခုတင်နဲ့ အခန်းကို ရောင်းလိုက်တော့ ဝယ်သူတွေက အသုံးပြုခဲ့ရာမှာ ခုတင်ကိုစွဲလမ်းပြီး မကျွတ်မလွတ် ဖြစ် နေလို့ ခုတင်အောက်ကို ဆွဲချခံရတာပဲ ဖြစ်လိမ့်မယ် ဒကာတို့။ ဒီတော့ မကျွတ်မလွတ်ဘဲ ခုတင်ကို စွဲလမ်း နေသူကို ကျွတ်လွတ်သွားလေအောင် အိမ်တက်လုပ်ရင်းနဲ့ ကောင်းမှုကုသိုလ်ပြုပြီး အမျှအတန်းပေးဝေခဲ့ရင် ကျွတ် လွတ်သွားခဲ့ပြီး ဒီလိုတွေ မနှောင့်ယှက်နိုင်တော့ပါဘူး ဒကာတို့ရယ်'

ဦးထွန်းဝင်းတို့လည်း အိမ်တက်ပွဲအတွက် ကောင်းမှု ကုသိုလ်ပြုကြကာ ထိုကောင်းမှုကုသိုလ်၏ အဖို့ဘာဂအား ခုတင်ကိုစွဲလမ်း၍ မကျွတ်မလွတ်ဖြစ်နေသူကိုပါ ရည်စူး ၍ အမျှအတန်းပေးဝေခဲ့ကြလေသည်။

ထိုသို့ ကောင်းမှုကုသိုလ်ပြု အမျှအတန်းပေးဝေပြီး နောက်ပိုင်းတွင်တော့ ခုတင်ပေါ်မှ ဆွဲချခြင်း လုံးဝမရှိခဲ့ တော့ဘဲ အေးချမ်းသွားခဲ့ကြရလေတော့သည်။

**တင့်ထူး(ဓေယျဝတီ)**


# ဆရာကြီးရာဇာဇော်ဝင်း(LL.B)

**နာမည်ပေးကင်ပွန်းတပ် နက္ခတ္တဗေဒအကြားအမြင် လျှို့ဝှက်နက်နဲသောပညာဖြင့် အနာဂတ်ဟောကိန်းများ**



ရင်သွေးငယ်များ နာမည်ပေးခြင်း၊ ကင်ပွန်းတပ်ရက် အခမဲ့ရွေးပေးခြင်း၊ ရှေးမူမပျက် နာမည်လှလှလေးများ ရွေးချယ်ပေးခြင်း၊ ရင်သွေးငယ်များ ဘဝတစ်သက်တာဟောစာတမ်း၊ ကုမ္ပဏီများ နာမည်ရွေးခြင်း၊ ကုန်အမှတ်တံဆိပ်များ၊ အောက်ခံအရောင်စာလုံးများ၊ ကုမ္ပဏီ ဖွင့်ပွဲ အချိန်၊ နာရီ၊ နေ့ရက်များ၊ မြန်မာဇာတာ၊ အင်္ဂလိပ်ဇာတာ၊ မြန်မာဟောစာတမ်း၊ အင်္ဂလိပ်ဟောစာတမ်း၊ နိုင်ငံခြားမှ မြန်မာများအတွက် နာမည်ပေးခြင်း စသည့် နာမည်ပေး ပါရဂူ ဆရာကြီးတစ်ဦးဖြစ်ပါသည်။ (ဥာဏ်ပူဇော်ခ ၇၀၀၀-ကျပ်) သံတမန်ဝန်ထမ်း အင်္ဂလိပ် နာမည်နှင့် မိဘနာမည် တွဲဖက်၍ အထူးဆောင်ရွက်ပေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များ ခွဲစိတ် မွေးဖွားမည့် ရက်ကောင်းရက်မြတ်ကို နာရီ၊ မိနစ်၊ စက္ကန့် အပါအဝင် လိုအပ်သောယတြာများ OG ဆရာဝန်နှင့် တိုင်ပင်ပြီးပါက ဆက်သွယ်နိုင်သည်။ လူကြီးများအတွက် ရက်၊ လ၊ နှစ် ပိုင်းခြားထားသော ဟောစာတမ်းများ လက္ခဏာဖြင့်ဟောခြင်း၊ နိုင်ငံခြားသင်္ဘောသားများ လိုင်းကောင်းကောင်းရစေရန်၊ နိုင်ငံခြားသွားသူများ မိမိရောက်သည့်နိုင်ငံတွင် အဆင်ပြေစေရန်၊ ချစ်သူမောင်နှံများ စုံတွဲဇာတာ စစ်ဆေးခြင်း၊ အကြွေးပြန်ရစေရန် အမှုနိုင်/မနိုင်၊ ပညာရေး ထူးချွန်မှုရှိ/မရှိ၊ အိမ်ထောင်ရေးတွင် အနှောင့်အယှက်များ ဖယ်ရှားပေးခြင်း၊ ရုပ်ရည်ချောမော သော်လည်း အဆင်မပြေဖြစ်နေသည့် လူပျိုကြီး၊အပျိုကြီးများ ကံပွင့်အောင်ပြုလုပ်ခြင်း၊ အိမ်၊ ခြံ၊ကား ရောင်းထွက်စေရန် ဆောင်ရွက်ပေးခြင်း၊ အင်းပညာ၊ ဝိဇ္ဇာအစီအရင်ပညာ၊ ဓာတ်ရိုက် ဓာတ်ဆင်ပညာများဖြင့် ဆရာ့ထံရောက်လျှင် သင် အောင်မြင်စေရမည်ဟု မှတ်ပါ။ (နှုတ်ဟောဉာဏ်ပူဇော်ခ ၅၀၀၀-ကျပ်) နာမည်ပေးခြင်းနှင့် ဟောစာတမ်းများ ဒီနေ့အပ်လျှင် မနက်ဖြန်ရမည်။ နယ်သို့ VPL ဖြင့်လည်းကောင်း၊ ဘဏ်မှ ငွေလွှဲလျှင် ချက်ချင်းပို့ပေးမည်။ နယ်မှ မွေးသက္ကရာဇ်၊ နေရပ်လိပ်စာ ဖော်ပြ၍ မေးမြန်းနိုင်ပါသည်။ ရန်ကုန်မြို့အတွင်း နာမည်ပေးနှင့် ဟောစာတမ်းများကို ငွေကြိုပေးစရာ မလိုဘဲ ပို့ပေးမည်။ ဖုန်းသာ ဆက်လိုက်ပါ။

အမှတ်-၉၄ (ပထမထပ်)၊ မန္တလေးလမ်း(အလယ်) (ရေမြောင်းကြီးအနီး)၊

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ (ပိတ်ရက်မရှိ) ☎ (01)394727, (01)399426, 09 7300 9994, 09 51 52521




www.burmeseclassic.com

ကျွန်ုပ်သည် ဝါသနာအလျောက် စာများရေးရာတွင် စိတ်ကူးထဲတွင်သော်လည်းကောင်း၊ ကိုယ်တွေ့ကြုံရ၍သော်လည်းကောင်း စိတ်ထဲတွင် ရေးစရာပေါ်လာပါက လက်က ရေးချလိုက်သည်သာ ဖြစ်သည်။ ထိုကဲ့သို့ ရေးရာတွင် ဝတ္ထုတို၊ ဝတ္ထုရှည်၊ ပြဇာတ်များကို ကျွန်ုပ်အရေးသန်သည်။ ကဗျာ၊ ဆောင်းပါးတို့ကို ဝါသနာမပါ။

ထိုကဲ့သို့ စိတ်ထဲတွင် ရေးစရာပေါ်လာပါက ရေးချလိုက်သော စာများသည် ဘဝသရုပ်ဖော်တွေ၊ သံင်ခန်းစာပေးတွေ၊ အသောအထေ့တွေ၊ ဟာသတွေ၊ မှုခင်းတွေ၊ တောတွင်းအမဲလိုက်ဇာတ်လမ်းတွေ၊ အိမ်ထောင်ရေးဇာတ်လမ်းတွေ၊ ဂမ္ဘီရဆန်သော အဖြစ်အပျက်တွေ၊ ဖြစ်ရပ်မှန်ကိုယ်တွေ့တွေ စသည်ဖြင့် စုံအောင် ရေးပါသည်။ တမင်သက်သက်စုံအောင် ရေးခြင်းတော့ မဟုတ်ပါ။ စိတ်ထဲတွင် ဆန္ဒရှိ၍ ရေးလိုက်သော အကြောင်းအရာများပင် ဖြစ်ပါသည်။

ကျွန်ုပ်စကားရှည်သွားပါသည်။ လိုရင်းကို ပြောပါမည်။ ထိုကဲ့သို့ စာစုံအောင်ရေးရင်း တစ်ခါတစ်ရံတွင် ကိုယ်တွေ့ကြုံရသော အကြောင်းအရာကလေးများကို ပြန်လည်ဆန်းစစ်ကြည့်သောအခါ ခေတ်နှင့် မဆီလျော်သော ဂမ္ဘီရဆန်သော အကြောင်းများဖြစ်နေ၍ ဂမ္ဘီရမဂ္ဂဇင်းများသို့ ပေးပို့ခြင်းဖြင့် ကျွန်ုပ်သည် ဂမ္ဘီရစာရေးဆရာ မဖြစ်တဖြစ် ဖြစ်လာပါသည်။

မည်သို့ဆိုစေ စာရေးနေရ၍ ကိုယ့်စာမူကို ပုံနှိပ်စာလုံးနှင့် မဂ္ဂဇင်း စာအုပ်ထဲတွင် မြင်လိုက်ရလျှင် ကျေနပ်ပီတိဖြစ်နေသော ကျွန်ုပ်သည် အောက်ဖော်ပြပါ ဂမ္ဘီရဆန်သော ဇာတ်လမ်းတစ်ပုဒ်



# မောင်မြင့်မောင် (ဗိုလ်... )

# မိုးလုံးကြီးများ

www.burmeseclassic.com

ကို ရေးသားတင်ပြလိုက်ရပေသည်။

◆◆◆

ကျွန်ုပ်ငယ်စဉ်ကပင် ပင်ရင်းစကားပြေလက်ရွေးစင် စာအုပ်ထဲတွင် ရေကြောင်းသွားလာ ရွက်နာဝါဟူသော စကားပြေတစ်ခုကို အမှတ်ထင်ထင် ခေါင်းထဲမှာ မှတ်မိနေသည်။ ထိုစကားပြေမှ ကျွန်ုပ်တင်ပြလိုသော အချက်မှာ ပင်လယ်တွင်းသို့ ငါးဖမ်းထွက်သော ရေလုပ်သားများ၏ လှေရွက်တိုင်ထိပ်တွင် မီးလုံးကြီးများ လာရောက်စွဲကပ်သည်။ ထိုစွဲကပ်သော မီးလုံးကြီးများကို ရေလုပ်သားများက ရွက်တိုင်ထိပ်သို့ တက်ရောက်၍ မီးလုံးကို ဓားနှင့် ခုတ်လိုက်သည်နှင့် ထူးဆန်းသော အသံများ မြည်ဟည်းကာ ပျောက်ကွယ်သွားကြသည်။

ထိုကဲ့သို့မဟုတ်ဘဲ မီးလုံးများ စွဲကပ်လာပါက လှေထဲတွင်ရှိသော လှေသားများသည် ဒေါသခက်ထန်လာကြတာ တစ်ဦးကိုတစ်ဦး မမှတ်မိကြတော့ဘဲ ခုတ်ကြထစ်ကြနှင့် တစ်ခါတစ်ရံတွင် လှေတစ်စင်း မျောလာပြီး လှေသားများအားလုံး လှေထဲတွင် တစ်ဦးကိုတစ်ဦး ခုတ်ကြထစ်ကြကာ သက်ရှိတစ်ယောက်မျှမရှိဘဲ တွေ့ကြုံကြရသည်။

ထိုကဲ့သို့ စွဲကပ်လာသော မီးလုံးများသည် နာနာဘာဝ မဟုတ်ပါ။ Meteor သာဖြစ်ပါကြောင်း ထိုစကားပြေထဲတွင် ရေးသားထားသည်ကို သတိရနေရပါသည်။

ကျွန်ုပ် စဉ်းစားသည်။ ထိုကဲ့သို့ ကမ်းမမြင် လမ်းမမြင့် ဘာမျှမရှိသော ပင်လယ်ထဲတွင် ရွက်လွှင့်လာသော လှေကို လာရောက်စွဲကပ်သော မီးလုံးသည် ဘာလဲ၊ စကားပြေထဲကအတိုင်း အင်္ဂလိပ်အခေါ် Meteor သာဖြစ်ပါသည်။ ၎င်း Meteor ၏ အဓိပ္ပာယ်ကို ကျွန်ုပ်မသိပါ။ စကားပြေထဲက ဖတ်မိ၍ မှတ်မိသော အင်္ဂလိပ်စကားလုံးကို ရေးပြခြင်းသာ ဖြစ်ပါသည်။

(ဤကား စကားချပ်)

◆◆◆

လွန်ခဲ့သော နှစ်ပေါင်းလေးဆယ်ခန့်က ဖြစ်သည်။ ကျွန်ုပ် အိမ်ထောင်မကျသေး၊ လူပျိုဘဝပင် ရှိသေးသည်။ ကျွန်ုပ်သည် ရန်ကုန်မြို့ထဲရှိ အစိုးရဌာနတစ်ခုတွင် အလုပ်လုပ်ကိုင်ရင်း စာတိုစာစများကို မတောက်တခေါက်ရေးနေချိန်ဖြစ်သည်။ စာရေးသက် ငါးနှစ်အတွင်း မည်သည့်စာစောင်၊ မဂ္ဂဇင်းတွင်မှ ဖော်ပြခံရဖူးခြင်း မရှိသေး။

အလုပ်အားရက် တစ်ရက်တွင် ကျွန်ုပ်သည် မိဘရပ်ရွာဖြစ်သော ဘိုကလေးမြို့သို့ သိဒ္ဓိမင်္ဂလာ မော်တော်ကြီးကို စီးကာ လာခဲ့သည်။ သင်္ဘောသည် ညနေ(၆း၃၀) နာရီထွက်၍ တစ်ညလုံးမောင်းကာ နောက်တစ်နေ့နံနက် (၅း၀၀)နာရီခန့်လောက် ဘိုကလေးမြို့ရောက်သည်။ ထိုကဲ့သို့ တစ်ညလုံး သင်္ဘောစက်သံနှင့်အတူ အတွေးနယ်ချဲ့ကာ လိုက်လာရင်း နံဘေးနေရာမှ မရွှေနုတို့ မိသားစုနှင့် အသိမိတ်ဆွေ ဖြစ်ကြသည်။

သူတို့က ရန်ကုန်ကို အလည်လာကာ ကျိုက်ထော်မြို့သို့ ပြန်ကြမည်ဖြစ်သည်။ ကျိုက်ထော်မြို့ အနောက်ဘက် လေးငါးမိုင်မျှဝေးသော မော်တောရွာတွင် နေထိုင်ကြသည်။

မရွှေနုမိဘများက စောစောစီးစီး အိပ်ပျော်နေကြသော်လည်း ကျွန်ုပ်နှင့် မရွှေနုက အိပ်မပျော်သောကြောင့် တစ်ညလုံး စကားကောင်းနေကြတာ ရိုးရိုးနှင့် ယဉ်ယဉ်ကလေးလှသော မရွှေနုနှင့် ကျွန်ုပ်တို့ ပါးစပ်ချင်းရောမျက်လုံးချင်းပါ စကားပြောဖြစ်ကြသည်။

ရက်အတန်ကြာသောအခါ မရွှေနုနှင့် ကျွန်ုပ်သည် တစ်ဦးကိုတစ်ဦး စာရေးကာ နှလုံးသားစကားများကို စာဖြင့် ပြောဖြစ်ကြသည်။ ထိုအချိန်က ကျိုက်ထော်မြို့သည် ရွာကြီးတစ်ရွာ အဆင့်သာရှိ၍ ကျိုက်ထော်မြို့တရုတ်ပိုင်း၊ မောင်ကံလမ်းနေ ကိုဝင်းမောင်မှတစ်ဆင့် ကျွန်ုပ်က မရွှေနုအား ရည်းစားစာ ပေးရသည်။ ကိုဝင်းမောင်က မော်တောရွာသို့သွားသော လူကြုံ (သို့မဟုတ်) မော်တော်များမှတစ်ဆင့် မရွှေနုထံ စာပေးသည်။

စာထည့်တိုင်း မရောက်၊ မရွှေနုသည် မော်တောရွာ၏ ကွမ်းတောင်ကိုင်တစ်ဦး ဖြစ်သောကြောင့် သူ့ဆီလာသော စာများအတွက် မနာလိုရှိပာန်တူကြသည်။ မနာလိုသူများက ကြားမှနေ၍ စာများကို ဖျောက်ဖျက်ပစ်ကြသည်။

လိုရင်းကို ဆက်ပါမည်။ ကျွန်ုပ်သည် ရန်ကုန်မြို့ကြီးမှ အစိုးရဌာနတစ်ခုတွင် အလုပ်လုပ်နေရ၍ ရန်ကုန်မြို့သူနှင့် နဖူးစာမဆုံဘဲ တောမှ ကွမ်းတောင်ကိုင်နှင့် ဖူးစာဆုံရသည်။ ဒါလည်း ဖူးစာပဲဟု ပြောရမည်။



www.burmeseclassic.com

www.burmeseclassic.com

အလုပ်လုပ်ရင်း နေ့စဉ်လိုလို မရွှေနုထံမှ စာကို မျှော်ရသည်။ စာထည့်တိုင်း စာပြန်မလာ။ စာများက ကြားတွင်ပျောက်နေတတ်သောကြောင့် တစ်နေ့တွင် ကျွန်ုပ်သည် ခွင့်ယူကာ မော်တောရွာသို့ လာခဲ့သည်။

ရောက်ရောက်ချင်း အတိုးချကာ စကားပြောချင်သော်လည်း မရွှေနု၏ မိဘများရှိသောကြောင့် အားရပါးရ မပြောရပေ။ နေ့ခင်းဘက်တွင် မျက်ရိပ်မျက်ခြည်ပြကာ အချိန်းအချက်ပြုကြရင်း ညဘက်တွင် ချိန်းတွေ့ကြရန် ဖြစ်သည်။

လမိုက်ရက်ဖြစ်သောကြောင့် မော်တောရွာ တစ်ရွာလုံး တိတ်ဆိတ်ငြိမ်သက်ကာ ဝါးရုံများ၏ လေတိုးသံကြောင့် တရှဲရှဲမြည်သံကို ရံဖန်ရံခါမျှသာ ကြားရသည်။ ကျွန်ုပ်နှင့် မရွှေနုသည် အုပ်ဆိုင်းလှသော ဝါးရုံကြီးတစ်ရုံအောက်တွင် နှစ်ယောက်ယှဉ်တွဲ၍ ထိုင်နေကြသည်။ မပြောရတာ ကြာလှပြီဖြစ်သော စကားများကို အတိုးချကာ ပြောနေရသည်။ အချိန်အားဖြင့် ည (၁၂)နာရီခန့်က ထိုင်၍ စကားတွတ်ထိုးနေကြသည်မှာ ည(၂)နာရီလောက်အထိ မပြီးသေး။ စကားကောင်းတုန်း။

ကျွန်ုပ်တို့ ထိုင်နေရာနှင့် ကိုက်(၅၀)အကွာ လောက်တွင် မူလတန်းကျောင်းကလေးရှိသည်။ ကျောင်းပတ်ဝန်းကျင်သည် အိမ်များနှင့် ဝေးလှသောကြောင့် ကျောင်းအနီးမှ ဝါးရုံတစ်ရုံအောက်တွင် ကျွန်ုပ်တို့ စကားပြောနေကြခြင်းဖြစ်သည်။ စကားပြောနေရင်း မှောင်မည်းမည်းထဲမှ တစ်နေရာတွင် မီးရဲရဲတစ်ခုကို ကျွန်ုပ်မြင်မိလိုက်သည်။ မရွှေနုကတော့ မြင်ဟန်မတူ။ စကားခဏရပ်ကာ ကျွန်ုပ်က ထိုမီးရဲရဲနေရာကို သေသေချာချာ ကြည့်လိုက်သည်။

မီးရဲရဲသည် သေးသေးမဟုတ်၊ ထန်းသီးလုံးခန့်ရှိသောကြောင့် ကျွန်ုပ်စိတ်ထဲတွင် တစ်စုံတစ်ယောက်သည် အလေးအပေါ့သွားရင်း ဆေးလိပ်သောက်နေခြင်းတော့ မဟုတ်တန်ရာ၊ ဆယ်ပေခန့်အကွာမှ ဆေးလိပ်သောက်နေသော မီးရဲရဲပင်လျှင် မီးတောက် ဤမျှမကြီးနိုင်။ အနားတွင် မရွှေနုတစ်ယောက်လုံးရှိသော်လည်း ကျွန်ုပ် ကြက်သီးတဖြန်းဖြန်းထသွားသည်။ ကျွန်ုပ်က အမှောင်ထဲတွင် မရွှေနုလက်ကို စမ်းလိုက်ရင်း-

'မရွှေနု ဟိုဟာ ဘာလဲဟင်'

'ဘာကိုပြောတာလဲ'

'ဟိုရှေးက မီးရဲရဲကို ပြောတာ'

အမှောင်ထဲတွင် ရဲရဲနီသော အရောင်ဆို၍ ထိုတစ်ခုသာ ရှိသောကြောင့် သိသာနိုင်ပါသည်။

'ဟိုမီးတောက်ရဲရဲကို ပြောတာလား'

'အင်··ဟုတ်လား'

'ဟီဟိ'

မရွှေနု၏ ဟီဟိဆိုသောအသံကြောင့် ကျွန်ုပ်ကြောင်တောင်တောင်ဖြစ်သွားသည်။ မှောင်ထဲတွင် မရွှေနုမျက်နှာကို သေချာစွာမမြင်ရ၍ ကျွန်ုပ် သေချာစွာ မကြည့်လိုက်သော်လည်း အလင်းရောင်ရှိသော နေရာဖြစ်လျှင် မရွှေနု၏ ဟီဟိဆိုသော အသံကြောင့် ကျွန်ုပ် သူ့မျက်နှာကို သေချာစွာကြည့်မိမှာ အမှန်ဖြစ်သည်။

ထို့ကြောင့် မရွှေနု၏ အသံကြောင့် စဉ်းစားနေစဉ်မှာပင် မီးလုံးရဲရဲကြီးသည် ကောင်းကင်သို့ တစ်ရှိန်ထိုးထိုးတက်သွားတော့သည်။ ကျွန်ုပ်လည်း မရွှေနုလက်ကို ခပ်တင်းတင်းဆုပ်ကိုင်ထားလေတော့သည်။ ကျွန်ုပ်မျက်တောင်မခတ် စိုက်ကြည့်နေစဉ်မှာပင် ထိုမီးလုံးကြီးသည် မြေပြင်ပေါ်သို့ ပြန်ဆင်းလာကာ တစ်နေရာတွင် စက်ဝိုင်းသဏ္ဌာန်ပျံလျက် လုပ်နေပြန်သည်။

'မရွှေနု အဲဒီမီးလုံးကြီးက ဘာလဲဟင်'

'အဲဒါမျိုး မတွေ့ဖူးဘူးလား'

'တစ်သက်နဲ့တစ်ကိုယ် ဒီတစ်ခါပဲ တွေ့ဖူးသေးတယ်'

'ကဲပါ၊ အဲဒါတွေ စိတ်ဝင်စားမနေနဲ့။ ပြောစရာစကားတွေ အများကြီးကျန်သေးတယ်ဆို မပြောတော့ဘူးလား'

ကျွန်ုပ်သည် မရွှေနု၏ ပြန်ပြောသံကို ကြားတစ်ချက်မကြားတစ်ချက် ရှိနေရာမှ စောစောက မီးလုံးကြီးဆီသို့ အာရုံရောက်နေမိသည်။ ထိုမီးလုံးကြီးသည် မြေပြင်တွင် ဆင်းလိုက် တက်လိုက် ဝဲပျံနေရာမှ ရွာအနောက်ဘက်ဆီသို့ ပျံတက်သွားကာ တဖြည်းဖြည်း ပျောက်ကွယ်သွားတော့သည်။

ကျွန်ုပ်နှင့် မရွှေနုသည် ဝေလီဝေလင်း ရောင်နီလာခါနီးမှ ဝါးရုံအောက်က ထပြန်ခဲ့သော်လည်း ထိုအကြောင်းကို မရွှေနုအား သေချာစွာ မမေးမိတော့။ ထို့ထက် စိတ်ဝင်စားစရာကောင်းသော စကားများကို မရွှေနုနှင့်



www.burmeseclassic.com

www.burmeseclassic.com

တီးတိုးအပြန်အလှန် ပြောနေကြခြင်းကြောင့် ဖြစ်သည်။ ထိုမီးလုံးကြီး အကြောင်းကို ဆက်မမေးဖြစ်ခြင်းကား ကျွန်ုပ်သည် ကြောက်ချင်ယောင်ဆောင်၍ မချွေနုကို တင်းကျပ်စွာ ဖက်ထားခြင်းကြောင့်လည်း ဖြစ်ပေသည်။

◆◆◆

အလုပ်မှ ခွင့်ရက်မရသောကြောင့် နောက်တစ်နေ့ နံနက်တွင် ကျွန်ုပ်သည် မော်တော်ရွာမှ ဖွတ်ချက် ဖွတ်ချက် မော်တော်ကလေးစီးကာ ဒေးဒရဲမြို့သို့ လာခဲ့သည်။ ဒေးဒရဲမှ ရေဝတီသင်္ဘောကြီးစီးကာ ရန်ကုန်သို့ ပြန်လာခဲ့သည်။ ရန်ကုန်ရောက်သည်နှင့် ကျွန်ုပ်က မချွေနုထံသို့ စာတစ်စောင် ချက်ချင်းပြန်ရေးသည်။ စာထဲတွင် ကျွန်ုပ် သိလိုသော မီးလုံးကြီးအကြောင်းပင် ဖြစ်သည်။

ထူးထူးဆန်းဆန်း အကြောင်းကို သိလိုလှသောကြောင့် မချွေနုထံမှ ပြန်စာကို မျှော်သည်၊ မလာ။ တစ်ပတ်လည်း မလာ၊ နှစ်ပတ်လည်း မလာ။ တစ်လလည်း မလာ။ ကျွန်ုပ် ရေးသောစာ ပျောက်ပြီ ထင်မိ၏။ ရောက်လျှင် ပြန်စာတော့ လာရမည်။ ဘာကြောင့် မလာရသနည်း။ ကျွန်ုပ် စိတ်မရှည်တော့။ အထက်လူကြီးအား ခွင့်တောင်းကာ ခွင့်(၁၀)ရက်ခန့်ယူ၍ မော်တော်ရွာသို့ ပြန်လာခဲ့သည်။

ရွာရောက်သောအခါ ကျွန်ုပ်ထင်သည့်အတိုင်း ကျွန်ုပ်ထည့်သောစာ မရောက်ကြောင်းနှင့် မချွေနုလည်း တိုက်ဖွိုက်ရောဂါဖြစ်၍ အတော်ပိန်နေသည်ကို တွေ့ရသည်။ ကျွန်ုပ်ရောက်မှ နာလန်ထစ လူမမာသဖွယ်ဖြစ်နေသည်။

ရောက်ရောက်ချင်းညမှာပင် ကျွန်ုပ်နှင့် မချွေနုသည် ချိန်းတွေ့နေကျ ဝါးရုံးပင်ကြီးအောက်တွင် ည(၁၂)နာရီလောက်မှာ ဆုံကြသည်။ တစ်လကျော်လောက် မပြောလိုက်ရသော စကားများကို အတိုးချကာ ပြောကြသည်။ မှတ်မှတ်ရရ ထိုတစ်ညသည်လည်း လရောင်မရှိ။ အလွန်မှောင်မိုက်သော လမိုက်ရက် ဖြစ်သည်။

ကျွန်ုပ်လည်း ချစ်သူနှင့် တစ်လကျော်ခွဲခွာနေရပြီးမှ ပြန်လည်ဆုံတွေ့ကြရသောကြောင့် ပတ်ဝန်းကျင်အမှောင်ထုကိုလည်း ဂရုမစိုက်အား။ တစ်ခါတွေ့ဖူးခဲ့သော မီးလုံးကြီးအကြောင်းကိုလည်း မမေးမိဘဲ သာယာကြည်နူးနေမိပါကြောင်း ဦးစွာဝန်ခံလိုပါသည်။

ကျွန်ုပ်၏ချစ်သူသည် အတော်ကြာအောင် ဖျားနေရာမှ နာလန်ထစဖြစ်သောကြောင့် အသားအရေများ ကြုံလှီလှသည်။ ညှိုးငယ်နေသော မျက်နှာကလေးကို မေးစေ့မှ ကိုင်၍ ကျွန်ုပ်၏ မျက်နှာအနီးကို ဆွဲယူလိုက်သောအချိန်တွင် အမှောင်ထုထဲမှ မီးရဲရဲကို မျက်စိထဲတွင် မကြည့်ဘဲနှင့် ရိပ်ခနဲ မြင်လိုက်မိသည်။ ကျွန်ုပ်သည် ချစ်သူ၏ မေးစေ့ကို ကိုင်ထားရာမှ လွှတ်လိုက်ကာ ထိုမီးရဲရဲဆီသို့ ကြည့်လိုက်သည်။ ယခင်က တွေ့ခဲ့ဖူးသော မူလတန်းကျောင်းကလေးအနီးမှ မီးလုံးကြီးတစ်လုံးသည် မြေပြင်မှ အမြင့်သုံးလေးပေခန့်တွင် ဝဲပျံကာ တက်လိုက် ဆင်းလိုက်နှင့် လုပ်နေပါသည်။ သီတင်းကျွတ်တွင် ကလေးများ မီးပန်းကို မီးရှို့၍ ဝှေ့ယမ်းနေသည့်ပုံမျိုးဖြစ်သည်။ သို့သော် မီးပန်းမှ တောက်ပသော အလင်းရောင်နှင့် ထိုမီးလုံးကြီးမှ တောက်ပနေသော အလင်းရောင်သည် တစ်ခုနှင့်တစ်ခု မတူပါ။ ကွဲပြားသည်။

ကျွန်ုပ်က မချွေနုကို လက်ကုတ်၍ ထိုမီးလုံးကြီးကို ပြလိုက်သည်။ မချွေနုက ငြိမ်နေသည်။ ကျွန်ုပ်က-

'အဲဒါ ဘာလဲဟင်'

'သိချင်လို့လား'

'အင်း'

'ကျွန်မတို့အရပ်မှာ ဒါမျိုးတွေ မကြာခဏ တွေ့ဖူးတယ်။ လူကြီးတွေ မေးကြည့်တော့ ဟဲ့..ကလေးတွေ ဘာတွေ လျှောက်ပြောနေတာလဲ။ နောက်မပြောနဲ့လို့ပြောတယ်။ လူကြီးတွေက မေးတာ မကြိုက်ဘူး။ ညဘက် ကလေးတွေနဲ့ ထုပ်ဆီးတိုးတမ်း ကစားရင်း ချုံထဲဝင် အပေါ့အပါးသွားရင်းနှင့်တောင် တစ်ခါတလေတွေ့တယ်။ တွေ့တာမှ မီးလုံးတစ်လုံးတည်း မဟုတ်ဘူး၊ သုံးလေးလုံးတောင်တွေ့တယ်။ ခဏ,ခဏတွေ့တော့လည်း ရိုးသွားတာပါပဲ'

'ဒါဆို အဲဒါတွေက ဘာလဲဆိုတော့ မချွေနု မသိဘူးပေါ့'

'အင်းပေါ့'

'မချွေနုမိဘတွေကို မေးရင်ရော ရမလား'

'သူတို့လည်း ပြောမှာမဟုတ်ဘူး။ ဘယ်လိုလုပ်တွေ့တာလဲ မေးရင်တောင် သူက ဘယ်လိုပြောမှာလဲ။ ဒီအချိန်မျိုးမှာ ထွက်တတ်တဲ့ မီးလုံးကြီးတွေကို သူက တွေ့တယ်ဆိုတော့ ညည်းသည်က ဒီအချိန်မှာ ဘာထွက်လုပ်လို့ တွေ့



www.burmeseclassic.com

www.burmeseclassic.com

တာလဲဆိုရင် သူက ဘယ်လိုပြန်ပြောမလဲ။ နောက်ဆိုရင် ခုလိုတွေ့ဖို့တောင် လွယ်မှာ မဟုတ်ဘူးနော်'

'အင်း‥ဒါလည်းဟုတ်တာပဲ'

ကျွန်ုပ်သည် ထူးထူးဆန်းဆန်းများကို စပ်စုတတ်သူ ပီပီ နောက်တစ်နေ့တွင် ညက မရွှေနုနှင့် ကျွန်ုပ်တို့ အတူထိုင်ခဲ့သော ဝါးရုံအောက်တွင် ထိုင်လိုက်သည်။ ပြီးမှ ညအမှောင်ထဲတွင် မီးလုံးကြီးတွေ့သော နေရာသို့ စိတ်နှင့်မှန်းကာ လျှောက်လာခဲ့သည်။ ထိုမှ ကျောင်း၏ အနောက်ဘက် ပေငါးဆယ်ခန့်အကွာရှိ ဝါးရုံတော အတွင်းသို့။ ထိုဝါးရုံတောအတွင်းမှ မီးလုံးကြီးကို မြင်ရခြင်းဖြစ်သည်။ ကျောင်းပိတ်ရက်ဖြစ်သောကြောင့် တိတ်ဆိတ်နေသည်။

တိတ်ဆိတ်နေသောကြောင့် ကျွန်ုပ်သည် စိတ်ကိုငြိမ်ငြိမ်ထားကာ တစ်လှမ်းချင်း လျှောက်လာခဲ့သည်။ ထိုအရပ်သည် ဝါးခြံများစိုက်သော အရပ်ဖြစ်၍ ဝါးရုံပင်များက အုံ့အုံ့ဆိုင်းဆိုင်းနှင့် နေပြောက်မထိုးအောင် ကောင်းလှသည်။ ကျောင်းအနောက်ဘက်မှ ဝါးရုံတောအတွင်းတွင် ထူးခြားတာဆို၍ ဘာမျှမရှိ။ တွေ့မိတာက ဓနိမိုး ပျဉ်ကာနှင့် နှစ်ခန်းတွဲအိမ်သာ တစ်လုံးသာ ဖြစ်သည်။

တောအရပ်က အိမ်သာဖြစ်၍ ရေလောင်းအိမ်သာ မဟုတ်။ ကျောင်းသူကျောင်းသားများ နေ့စဉ် စွန့်ပစ်ရာ အိမ်သာဖြစ်၍ မစင်ပုံကြီးကွ အိမ်သာကြမ်းခင်းနှင့် ထိလုနီးနီး ဖြစ်နေသည်။ မီးလုံးကြီးကို မြင်ရသောနေရာသို့ သိချင်ဇောနှင့် ကျွန်ုပ် မှန်းဆ၍ လာခဲ့ပါသော်လည်း ထူးထူးဆန်းဆန်း မစင်ပုံကြီးသာ တွေ့ခဲ့ရ၍ အနံ့မခံနိုင်သောကြောင့် နောက်ကြောင်းပြန်လှည့်ခဲ့ရပါသည်။

တစ်နေ့နေ့ တစ်ချိန်ချိန်တွင်တော့ ထိုအကြောင်းကို ထိုအရပ်မှ လူကြီးသူမများ ကျွန်ုပ် မတော်ရသေးသော ယောက္ခမများ အပါအဝင်ကို မေးမြန်းစုံစမ်းမည်ဟု ရည်ရွယ်ထားသော်လည်း ကျွန်ုပ်သည် ထိုရွာသို့ နောက်ထပ် လုံးဝမရောက်ဖြစ်တော့။

ကျွန်ုပ်၏စိတ်ထဲတွင် ယနေ့တိုင် လိပ်ခဲတည်းလည်း ဖြစ်ကာ ဘာလဲဆိုတာ သိချင်နေမိပါတော့သည်။

**မောင်မြင့်မား(မိုလ်ကလေး)**


**ယတြာဆရာမ ဒေါက်တာခင်မျိုးတင့်**

Ph.D (Hon - Doctor of Astrology)

**[နက္ခတ္တဗေဒ၊ မြန်မာ့ဗေဒင်၊ နဝင်းစီးပညာ]**

**အရေးကြီးတဲ့ ကိစ္စရှိရင် လာခဲ့ပါ။**

အမျိုးသမီးများ၏ အခက်အခဲများကို ဦးစားပေးဆောင်ရွက်ပေးပါသည်၊

စာမေးပွဲ၊ အောင်ပွဲဝင် ယတြာများ၊ ထိရောက်ထက်မြက်သော နဝင်းစီးပွဲယတြာများ ဆောင်ရွက်ပါသည်၊

**အခန်း(၄)၊ အနောက်ဘက်မုစ်၊ ဖြေသုံ့နှစ်ကောင်အနီး။ မဟာဝိဇယစေတီ၊ ရန်ကုန်မြို့ ☎ ၀၉ ၅၀ ၇၅၈၂၇**



**ဒေါက်တာယတြာဆေဒီ**

Ph.D (India)., M.Sc (Chemistry)

ရှေ့ဖြစ်တွေ၊ နောက်ဖြစ်တွေ လုပ်မနေနဲ့

ဘာဖြစ်နေလဲ၊ ဘာဖြစ်ချင်လဲ၊ ဘာလုပ်ပေးရမလဲ

လက်ရှိကြုံတွေ့နေတဲ့ အခက်အခဲတွေ ဖြေရှင်းဖို့အတွက်

ထိထိမိမိ ဓာတ်ရိုက်၊ ဓာတ်ဆင် ယတြာဆောင်ရွက်လိုလျှင်‥‥

**ကြိုးတင်**

**ရက်ချိန်းယူပါ**

လူမှုရေးပိုင်း၊ ဂုဏ်သိက္ခာပိုင်းနှင့် ပတ်သက်၍ ကိုယ်ရေးလုံခြုံမှုကို အာမခံပါသည်။

**အမှတ်(၆၆)၊ အခန်း(၄)၊ ဒုတိယထပ်၊ ကုန်ဈေးတန်းလမ်း၊(အောက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့ ☎ ၀၉ ၅၀ ၁၀၄၃၅**

www.burmeseclassic.com

ဒေါ်သူဇာ မိတ်ဆွေလူမမာဆီ သတင်းသွားမေးရင်း ဆေးရုံပေါ်မှာ မြင်ခဲ့ရတဲ့ အဘိုးအိုကြောင့် စိတ်မှာ ဝေဒနာ ကပ်ပါတယ်။

အဲဒီညက အိပ်လို့မရဘူး။ မျက်စိ မှိတ်လိုက်တာနဲ့ ဆေးရုံပေါ်က အဘိုးအိုရဲ့ ပုံရိပ်ကိုပဲ မြင်ယောင်လာလို့ ရင်မှာ မောလာ မိတယ်။ အဘိုးအိုက အသက်ခုနစ်ဆယ်လောက် ရှိပါလိမ့်မယ်။ ဘယ်လက်တစ်ဖက်နှင့် ဘယ်ဘက်ခြေထောက် မကောင်းလို့ ထော့နင်း,ထော့နင်း သွားနေရပေ မယ့် ဆေးရုံပေါ်က လူမမာ တချို့ကို လက်ဖက်ရည် ဝယ်ပေး၊ မုန့်ဝယ်ပေး လုပ်နေရတယ်။ အဲဒါတွေ လုပ်ပေးပြီးပြန်တော့ အနှိပ်ခံ ချင်နေတဲ့ လူနာတချို့ကို သန်သန်စွမ်းစွမ်း ရှိနေသေးတဲ့ ညာဘက်လက်နဲ့ နှိပ်ပေးနေပြန် တယ်။

'ဩော်..ဒုက္ခ ကြီးလှပါကလား'

လို့ လွတ်ခနဲညည်းမိတော့ ဒေါ်သူဇာ့မိတ်ဆွေ လူမမာက-



ရွှေပင်ပေါ်မှာ
နှင်းခဲ့ရှိပါသည်



www.burmeseclassic.com

www.burmeseclassic.com

'ဒေါ်သူဇာ..အနှိပ်သည်အဘိုးကြီးကို စိတ်မကောင်းဖြစ်နေပြီနဲ့တူတယ်' လို့ ပြောတယ်။

ဒေါ်သူဇာက ခေါင်းညိတ်တော့-

'အဲဒီအဘိုးကြီးက ဒီလိုပဲ ဆေးရုံပေါ်ကို မကြာခဏ ရောက်ရောက်လာပြီး လူနာတွေခိုင်းတာကို လုပ်ပေးတယ်။ အနှိပ်ခံချင်ရင် နှိပ်ပေးတယ်။ သူ့မှာ မိခိုအားထားစရာ သားသမီးဆွေမျိုး မရှိဘူးနဲ့တူတယ်။ လူနာတွေက သူ့ကို ပေးတာကမ်းတာလေးနဲ့ပဲ သူ့ဘဝ ရပ်တည်နေရတယ်ဆိုတော့ ဒုက္ခပဲလို့ ပြောမိတယ်'

နားထောင်ရင်းနဲ့ ဒေါ်သူဇာ ရင်မှာဆို့လာတယ်။ မျက်စိထဲမှာလည်း ကြီးကြီးဒေါ်ဖွားနှစ်မျက်နှာကို မြင်လာတယ်။ အဘိုးအိုရန်းကန်နေရတဲ့ ဘဝကိုများ ကြီးကြီး မြင်လိုက်ရရင် ရင်ကွဲရှာပဲလို့တွေးမိတော့ ဒေါ်သူဇာငယ်ဘဝက အဘိုးအိုတို့ မိသားစုနဲ့ ဆွေမျိုးလို ရင်းရင်းနှီးနှီး နေခဲ့ရတာတွေကို ပြန်ပြောင်းသတိရမိတယ်။

* * *

ဒီတုန်းက မသူဇာ အသက်ဆယ်နှစ်လောက် ရှိပါလိမ့်မယ်။ ရန်ကုန်ဆိုတဲ့မြို့ကြီးကို ပထမဆုံးအကြိမ်ရောက်ဖူးခြင်းပဲ။ ကွမ်းခြံဘူတာကြီးရှေ့နေပြီး ဓာတ်ရထားစီးလာတော့ တောသားမြို့ရောက် ဆိုတဲ့အတိုင်း မြင်သမျှအဆန်းတွေချည်းမို့ ငေးခဲ့ရ၊ ကြည့်ခဲ့ရတာလည်း အမော။ ပုဇွန်တောင်လိပ်ကန် ပန်းခြံနားရောက်လို့ ဓာတ်ရထားရပ်တော့ အမေ့လက်ကိုဆွဲပြီး သုတ်ခနဲဆင်းခဲ့ရတယ်။

အမေက ဟိုဘက်လမ်းကိုကူးမယ် သမီး၊ ဟောဟိုမှာ ကြီးကြီးတို့တိုက်ဆိုပြီးပြတော့ ကြည့်လိုက်တယ်။ အို.. တိုက်ကြီးက မြင့်လည်းမြင့်၊ ကြီးလည်းကြီးမို့ ကြီးကြီးတို့ ချမ်းသာလှချည်လားလို့ ဖျတ်ခနဲတွေးမိတယ်။

ကြီးကြီးဆိုတာ အမေ့မိတ်ဆွေပါ။ အမေနဲ့ သိပ်ခင်ပါတယ်။ အမေက နယ်မြို့ကလေးမှာ အထည်ဆိုင်နဲ့ အလှကုန်ဆိုင်ဖွင့်ထားတာမို့ ရန်ကုန်ကို တစ်လတစ်ကြိမ်လောက် ဈေးဝယ်လာတဲ့အခါတိုင်း ကြီးကြီးဆီ ရောက်ပါတယ်။ မသူဇာတို့ ညီအစ်မတစ်တွေကိုလည်း အမေက ရန်ကုန်ရောက်ဖူးအောင်လို့ တစ်လှည့်စီ ပို့ပေးတဲ့အခါမှာ ကြီးကြီးတို့တိုက်မှာပဲ တည်းရတာမို့ ဆွေမျိုးလို ဖြစ်နေကြပါပြီ။

ပြီးခဲ့တဲ့နှစ်ကပဲ ကြီးကြီးတို့မိသားစု ကျိုက်ထီးရိုးဘုရား လာဖူးချင်တယ်ပြောလို့ အမေကပဲ ကျိုက်ထိုဘူတာကိုချိန်းပြီး ဘုရားဖူးသွားဖို့ စီစဉ်ပေးတယ်။ ကြီးကြီးက

*လည်း ဘုရားပေါ်မှာ စားဖို့သောက်ဖို့အတွက် ဘာမှယူ*

မလာနဲ့ ရန်ကုန်က အားလုံးစီစဉ်ခဲ့မယ်ဆိုလို့။ အဲဒီတုန်းက မသူဇာတို့မိသားစု ဘာမှယူမလာရပါဘူး။ ဘုရားဖူးကပြန်တော့ ကြီးကြီးက မသူဇာကို ငွေတစ်ဆယ်မုန့်ဖိုးပေးရင်း အမေ့ကိုမှာတယ်။ နောက်တစ်ခေါက် ရန်ကုန်လာရင် မသူဇာလေးပါ ခေါ်ခဲ့ပါတဲ့။ ငွေတစ်ဆယ်ဆိုတာ နည်းတာမဟုတ်ပါဘူး။ မသူဇာတို့နေတဲ့ တောင်စွန်းဘူတာနဲ့ ရန်ကုန်ကွမ်းခြံဘူတာကို အသွားအပြန်မှ ရထားခ သုံးကျပ်ခွဲပဲ ကျပါတယ်။ ဒီတော့ ပိုတဲ့ခြောက်ကျပ်ခွဲဟာ မသူဇာအတွက် ဘိုင်စကုပ်အများကြီးကြည့်နိုင်သေးတာပေါ့။ မသူဇာက ဘိုင်စကုပ်ဆိုရင် မလွတ်တမ်းကြည့်ခဲ့တာမို့ ပိုက်ဆံရရင် ဘိုင်စကုပ်ကြည့်ဖို့လောက်ပဲ စိတ်ကူးတယ်။ ပိုက်ဆံကလည်း သိပ်မကုန်ပါဘူး။ ဘိုင်စကုပ်တစ်ခါကြည့်မှ လူကြီးတစ်မူး ကလေးတစ်ပဲ ပေးရတာ။ ဒါတောင် ရှေ့ဆုံးတန်းမှာ သွားထိုင်ရင် နှစ်ပြားပဲပေးရတယ်။ ထိုင်ခုံတော့ မရှိဘူးပေါ့။

ကြီးကြီးတို့နေတဲ့အထပ်ကိုရောက်သွားတော့ ဧည့်ခန်းမှာ ကွမ်းထိုင်စားနေတဲ့ ကြီးကြီးက ဟင်ဆိုပြီး ဝမ်းသာအားရ ထကြိုတယ်။ ကြီးကြီးသမီးအငယ် မခင်လေး အခန်းတစ်ခုထဲက ထွက်လာပြီး မသူဇာကိုလာဖက်တယ်။

'အတော်ပဲဟေ့..မသူဇာရောက်လာတာ။ ဒီည အိုးဘိုရာမပွဲဝင်ပဲ လိုက်ပြမယ်' လို့ ပြောတယ်။

ညနေစာထမင်းစားကြတော့ ကြီးကြီးသား ကိုမောင်မောင်ထွေးကို မသူဇာ မြင်ဖူးရတယ်။ ကျိုက်ထီးရိုးဘုရားဖူးလာကြတုန်းက အဲဒီ ကိုမောင်မောင်ထွေးရော၊ ကြီးကြီးသမီးအကြီး မခင်ကြီးဆိုတာပါ လိုက်မလာကြဘူး။ ဘာဖြစ်လို့လဲဆိုတော့ မခင်ကြီးဟာ ကြီးကြီးတို့ သဘောမတူတဲ့လူနဲ့ လိုက်ပြေးသွားလို့ ကြီးကြီးတို့က စွန့်ပစ်ထားသတဲ့။

ထမင်းဝိုင်းမှာ ကြီးကြီးနဲ့ အမေရယ်၊ မသူဇာရယ် သုံးယောက်လုံး ဝင်ထိုင်ပြီးမှ ကိုမောင်မောင်ထွေး ရောက်လာတယ်။ ဒီတော့ မသူဇာတို့က ထမင်းတောင် စားနေကြပြီ။ ကိုမောင်မောင်ထွေးက ကြီးကြီးနား ကပ်ထိုင်တော့ ထမင်းဝိုင်းနားမှာရပ်နေတဲ့ တစ်ယောက်ကလာပြီး လက်ဆေးခွက်ချပေးတယ်။ ကိုမောင်မောင်ထွေးက သူ့လက်အားလုံးကို လက်ဆေးခွက်ထဲနှစ်ပြီး ဖြည်းဖြည်းချင်း ဆေးနေတုန်း တစ်ယောက်ကလာပြီး သူ့ထမင်းပန်းကန်ထဲကို ထမင်းခပ်ထည့်ပေးတယ်။ ကြီးကြီးကလည်း ဟင်းခပ်ထည့်

www.burmeseclassic.com

ပေးတယ်။

ကိုမောင်မောင်ထွေး အသက်ဆယ့်ခုနစ်နှစ်၊ ဆယ့်ရှစ်နှစ်လောက် ရှိပါပြီ။ လူလုံးလူထည်ကလည်း ဖွံ့ဖွံ့ဖြိုးဖြိုးမို့ ကလေးတစ်ယောက်လို ဗိုင်းပြီးပြုစုနေတာကို မသူဇာစိတ်ထဲ ရယ်ချင်နေတယ်။ ဩော်··သားအထွေးဆုံးမို့ ကြီးကြီးက အလိုလိုက်နေတာထင်ပါရဲ့လို့တွေးတုန်း သိန်းသိန်းလို့ ခေါ်လိုက်သံ ကိုမောင်မောင်ထွေးဆီက ကြားလိုက်ရတယ်။

မသူဇာ ကြည့်လိုက်မိတယ်။ ကိုမောင်မောင်ထွေး ထမင်းဝသွားလို့ သိန်းသိန်းဆိုတာကို လှမ်းခေါ်တာကိုး။ ဘာလုပ်မလို့ပါလိမ့်လို့ မသူဇာ ထမင်းကိုမှ ဖြောင့်အောင် မစားနိုင်ဘူး စောင့်ကြည့်ရတာ။ အမေကတော့ ရိုးနေပြီထင်ပါရဲ့ ကြီးကြီးနဲ့စကားပြောလိုက်မို့ မသူဇာ စိတ်လှုပ်ရှားနေတာတွေကို ဘာမှမသိပါဘူး။ ကိုမောင်မောင်ထွေးဆိုတာကလည်း ထမင်းဗိုင်းထဲ ဝင်ထိုင်ကတည်းက ဘယ်သူ့ကိုမှ ကြည့်တာမဟုတ်ဘူး။ မျက်နှာတည်တည်နဲ့ ဟန်ကြီးသလိုပဲ။ ဟန်လည်းကြီးပါတယ်။ အဲဒီမှာ မသူဇာရှိနေတုန်း သူနဲ့ လေး၊ ငါးကြိမ်ဆုံဖူးပါရဲ့။ ဒါပေမဲ့ မသူဇာကို ပြုံးပြ၊ ရယ်ပြတာမျိုး တစ်ခါမှမလုပ်ပါဘူး။ နှုတ်ဆက်စကားပြောဖို့ဆိုတာတော့ ဝေးရော။ ဩော်··သူဌေးသားဆိုတော့ ဟန်ကြီးမှာပေါ့လေလို့ မသူဇာတွေးတယ်။

သိန်းသိန်းဆိုတာက သူ့အော်သံကြားတာနဲ့ ချက်ချင်း ရောက်လာတယ်။ လက်ထဲမှာ ဆပ်ပြာခွက်နဲ့ ကျော့နေအောင် မီးပူတိုက်ထားတဲ့ လက်သုတ်ပဝါကိုင်လို့။ ကိုမောင်မောင်ထွေး ထမင်းစားထားတဲ့လက်ကို ဆပ်ပြာမွှေးနဲ့တိုက်ပြီး ရေအထပ်ထပ်ဆေးပေးတယ်။ ပြီးတော့ လက်သုတ်ပဝါနဲ့သုတ်ပေးတယ်။ စည်းစိမ်ရှိလိုက်တဲ့ဘဝလို့ မသူဇာ အားကျစိတ်ဝင်နေတုန်း ကိုမောင်မောင်ထွေး ထမင်းဗိုင်းက ထသွားတယ်။

ဒီတော့မှ ဩော်··သူ့ခမျာ ခြေတစ်ဖက်၊ လက်တစ်ဖက် မသန်ပါလားလို့ မသူဇာသိလိုက်ရတော့ ထော့နင်း၊ ထော့နင်းနဲ့ထွက်သွားတဲ့ ကိုမောင်မောင်ထွေးက သူ့အခန်းထဲ ရောက်သွားပြီ။ လက်က တံတောင်ဆစ်ကနေ ကောက်နေတော့ ခေါင်းပေါ်တင်လို့တောင် မရဘူး။ လက်ချောင်းကလေးတွေက လက်သီးဆုပ်ထားသလို အတွင်းကိုကောက်ပြီး ဝင်နေတယ်။ အမေက ဝမ်းတွင်းပါလို့ ပြောပြတော့ ဩော်··သူဌေးသားမို့ တော်တော့တာပဲလို့ မသူဇာ သက်ပြင်းချမိတယ်။

မီးထွန်းချိန်ရောက်တော့ ဘုရားဆောင်မှာ ပန်း၊ ရေချမ်း၊ ဆီမီးကပ်ဖို့ မမခင်လေးနဲ့အတူ မသူဇာဘုရားဆောင်ကို လိုက်သွားတယ်။ ကြီးကြီးတို့တိုက်က အားလုံးသုံးထပ်ရှိတယ်။ အောက်ဆုံးထပ်မှာက ကြီးကြီးရဲ့ညီမမိသားစုနေတယ်။ အလယ်ထပ်မှာက ကြီးကြီးတို့မိသားစု၊ အပေါ်ဆုံးထပ်ကိုတော့ ကြီးကြီးညီမနဲ့ ကြီးကြီးတို့ ထက်ဝက်စီခွဲပြီး ဘုရားဆောင် လုပ်ထားကြတယ်။

ဒီတော့ အကျယ်ကြီးပေါ့။ အကျယ်ကြီးဆိုတဲ့အတိုင်း ဘုရားကျောင်းဆောင်တွေကလည်း ငါးခုတောင်လုပ်ထားတယ်။ တိုက်ကမြင့်တော့ အပေါ်ကနေ ကြည့်လိုက်ရင် ဗိုလ်တထောင်ဘုရားကို ထင်းခနဲဖူးလို့ရတယ်။ ဒါကြောင့် ဗိုလ်တထောင်ဘုရားကြီးကို ဖူးမြင်နိုင်တဲ့ ပြတင်းပေါက်မှာက ဗိုလ်တစ်ထောင်ဘုရားကြီးကို ရည်စူးပူဇော်ထားတဲ့ ဘုရားကျောင်းဆောင်။

ဒီအတိုင်းပဲ ရွှေတိဂုံစေတီတော်ကြီးကို ဖူးမြင်နိုင်တဲ့ ပြတင်းပေါက်၊ ဆူးလေစေတီတော် အိမ်နဲ့ကပ်နေတဲ့ ရွှေဘုန်းပွင့်စေတီတော်။ ပြီးတော့ အိမ်မှာပူဇော်ထားတဲ့ ရုပ်ပွားတော်ဆိုပြီး သူ့နေရာနဲ့သူ ကျောင်းဆောင်တွေနဲ့ ပူဇော်ထားတာ သိပ်သပ္ပာယ်တာပါပဲ။ ပန်းတော်ကိုလည်း ညနေတိုင်း ကပ်တာမို့ ဘုရားဆောင်တစ်ခုလုံး လန်းဆန်းမွှေးကြိုင်လို့နေတယ်။

ကြီးကြီးမှာ သမီးနှစ်ယောက် သားတစ်ယောက်ပဲရှိပေမယ့် တောက တူမတွေကိုပါ ခေါ်ထားတာမို့ မိသားစု မနည်းပါဘူး။ အားလုံး အပျိုတွေချည်းမို့ ကြီးကြီးက စနစ်တကျအုပ်ချုပ်ထားပါတယ်။ ခေတ်ကလည်း ခုလိုဝတ္ထုတွေ ခေတ်မစားသေးတော့ တက်ထွန်းတို့၊ ရဲထွတ်တို့၊ မင်းမယော်တို့ရေးတဲ့ ဝတ္ထုလောက်တောင် ဖတ်ခွင့်မပြုပါဘူး။ ဝတ္ထုဖတ်ရင် မိန်းကလေးတွေ ပျက်စီးတယ်လို့ ကြီးကြီး ယူဆထားတယ်။

ဒီတော့ ဘုရားဆောင်ကိုလာရတဲ့ အချိန်ကလေးဟာ ကြီးကြီးရှေ့မှာ ဗိုင်းကောင်းကျောက်ဖိထားသလို ပိပိပြားပြား နေလာခဲ့ရတဲ့သူတို့အဖို့ လွတ်မြောက်ရာအချိန်ကလေးပဲလို့။ ဘုရားဝေယျာဝစ္စတွေပြီးတာနဲ့ စိတ်လွတ်ကိုယ်လွတ် ပျော်ပျော်ရွှင်ရွှင် ဖြစ်ကုန်ကြတာပဲ။ မခင်ကြီးလည်း ဒီလိုပဲ ဘုရားဆောင်ကို ရောက်တာနဲ့ သူ့ရည်းစားဆီ စာရေးတော့တာပဲ။

သူများတွေ ရေတော်ကပ်၊ ဆီမီးကပ်နဲ့ အလုပ်များ



www.burmeseclassic.com

www.burmeseclassic.com

တုန်း မခင်လေးက 'မသူဇာရေ..ခဏ' ဆိုတာနဲ့ သူ့အနား ရောက်သွားတော့ ဘိုင်စကုပ်မင်းသားဘမြင့်ကို ကြည့်ဖူး လားလို့ မေးတယ်။ မသူဇာ ရယ်ချင်သွားတယ်။ မသူဇာက မခင်လေးတို့လို အိမ်တွင်းပုန်းအပျိုကြီးမှမဟုတ်တာ။ ဘိုင် စကုပ်များ ကြည့်ရလွန်းလို့ မင်းသားဘမြင့်မှ မဟုတ်ဘူး၊ ဘတင့်ရော၊ ဘချစ်ရော၊ မောင်မောင်အေး၊ မောင်မောင်လေး တို့ကိုပါ သိပါရဲ့လို့ ကြွားလိုက်ချင်တယ်။ ဒါပေမဲ့ မမခင် လေးကို ဘာမှပြန်မပြောလိုက်ပါဘူး။ ကြည့်ဖူးတယ်ဆိုတဲ့ အနေနဲ့ ခေါင်းညိတ်ပြလိုက်တော့ မမခင်လေးက ဟောဒီ နေရာကလာကြည့် ဘမြင့်တို့နေတဲ့တိုက်ကို မြင်ရတယ်လို့ ခေါ်ပြတယ်။ မမခင်လေးတို့မှာ အစစမလွတ်လပ်တော့ လည်း ဒီလောက်အာရုံကလေးတွေနဲ့ပဲ စိတ်ကို အစာကျွေး နေကြရရှာတယ်။

အောက်ထပ်ပြန်ရောက်တော့ အမေနဲ့ကြီးကြီး ဧည့်ခန်း ထဲမှာ စကားပြောနေကြတုန်းပဲ။ ခဏနေတော့ ထမင်းပွဲ မှာ ကိုမောင်မောင်ထွေးကို လက်ဆေးပေးရတဲ့ သိန်းသိန်း ဆိုတာ ဧည့်ခန်းထဲ ဝင်လာတယ်။ သူ့လက်ထဲမှာ စာရွက် နဲ့ ခဲတံ ကိုင်လို့။ သိန်းသိန်းကလည်း ကြီးကြီးတူမပါဘဲ။ ကြီးကြီးအိမ်မှာ လူစိမ်းတစ်ယောက်မှမရှိဘူး။ ဒီအထဲမှာ သိန်းသိန်းက အသက်အကြီးဆုံးမို့ ဈေးဝယ်သွားရတဲ့တာဝန် သူ့ကို ပေးထားရတယ်လို့ ကြီးကြီးကပြောတယ်။ ဈေးက လည်း ပုဇွန်တောင်ဈေးမှာပဲ ဝယ်တာမို့ အနီးကလေးပါ။ ဒါပေမဲ့ ဝယ်ရတာများလို့ ကြီးကြီးက ကားနဲ့လွှတ်ပါတယ်။

ကားမောင်းတဲ့လူကိုလည်း ကြီးကြီးက အိမ်ထောင် သည် အသက်ကြီးတာကိုမှ ရှာငှားတယ်။ သမီးပျို၊ တူမပျို တွေနဲ့မို့ လူပျိုလူလွတ်ကို မငှားဘူးလို့ပြောတယ်။ ဒီလောက် ထိန်းချုပ်နေတဲ့ကြားက သမီးကြီး ယောကျ်ားနောက်ပါသွား တော့ ကြီးကြီးရဲ့အုပ်ထိန်းမှုဟာ ပိုပြီးတင်းကျပ်လာတယ်။

ကြီးကြီးတို့ခေတ်ကတော့ ကြီးကြီးတို့ မွေးစားအဖေက တစ်မျိုးအုပ်ချုပ်တယ်။ မဖွားနှစ်၊ မဖွားသင်ဆိုတဲ့ ကြီးကြီး တို့ ညီအစ်မနှစ်ယောက်ကို ဆာဘွဲ့ရထားတဲ့ ဦးလေးဖြစ် သူ သူဌေးကြီးက သမီးရင်းအဖြစ် မွေးစားထားပြီး အရွယ် ရောက်လာတော့ ကြီးကြီးတို့လိုပဲ မွေးစားထားတဲ့ တူသား တွေနဲ့ လက်ဆက်ပေးလိုက်တယ်။ ပြီးတော့ တူသမက်တွေ ကိုလည်း သူဌေးကြီးက သူ့ရိုးရာဖြစ်တဲ့ စပါးပွဲစားအလုပ် ကိုပဲ ဆက်လုပ်စေတယ်။

အမွေကိစ္စကိုလည်း သူ့မရှိတဲ့နောက် အရှုပ်အရှင်း မဖြစ်ရအောင်ဆိုပြီး ကြီးကြီးကိုဆင်ပေးထားတဲ့ စိန်၊ ရွှေ လက်ဝတ်လက်စားအားလုံး လက်ထပ်တဲ့နေ့မှာပဲ အပိုင်ပေး လိုက်တယ်။ ကြီးကြီးညီမကိုလည်း ဒီအတိုင်းပဲ။ ပြီးတော့ ကြီးကြီးတို့ အခုနေတဲ့တိုက်ကြီးကိုလည်း အောက်ထပ်မှာ နေတဲ့ ကြီးကြီးညီမက အောက်ထပ်ကို အပိုင်ယူ၊ အလယ် ထပ်မှာနေတဲ့ ကြီးကြီးက အလယ်ထပ်ကိုယူ၊ ဘုရားဆောင် လုပ်ထားတဲ့ အပေါ်ထပ်ကိုလည်း အခုအတိုင်း တစ်ဝက်စီ ယူကြလို့ အပြီးအပိုင်ခွဲပေးတယ်။

မြေကြီးကိုလည်း ဒီအတိုင်းပဲ။ အောက်ထပ်မှာနေတဲ့ လူ့က တိုက်ရှေ့ကမြေနဲ့ ခေါင်းရင်းမြေကိုယူ ကျန်တာ အလယ်ထပ်သမားကယူလို့ အညီအမျှခွဲပေးထားတယ်။ ဖေဖေက သိပ်မျှတတာ။ အခါကြီးရက်ကြီး သားသမီးတွေ၊ မြေးတွေ သွားကန်တော့ရင် တစ်ယောက်ကို ရွှေဒင်္ဂါးပြား ငါးမူးပြားပေးရင် အားလုံး ငါးမူးပြားပဲ။ တံဆိပ်ဆိုလည်း ဒီအတိုင်းပဲ၊ လင်းယုန်ဆို အားလုံးလင်းယုန်ချည်းပဲ။ ဆံ မြိတ်ထိုးဆိုလည်း အားလုံးဆံမြိတ်ထိုးလို့ ကြီးကြီးက သေ သေချာချာပြောပြတယ်။ သူဌေးကြီးက ကြီးကြီးတို့ကို မွေး စားတုန်းက သားသမီးမထွန်းကားဘူးလေ။ နောက်ဆုံးပြုတဲ့ အိမ်ထောင်ကျမှ သားသမီးရတာလို့ ပြောတယ်။

စောစောကပြောတာကို ပြန်ဆက်ရဦးမယ်။ သိန်းသိန်း ဆိုတာက အသက်သုံးဆယ်လောက်ရှိတဲ့အပျိုကြီး၊ ကြီးကြီး အိမ်မှာ အားလုံးအပျိုတွေချည်းပဲ။ ကြီးကြီးက အိမ်ထောင် ကျတဲ့လူဆို လက်မခံဘူး။ အိမ်ထောင်ကျဖူးတဲ့ မိန်းမတွေ ဟာ ပါးစပ်စည်းကမ်းမရှိတာတွေ များတယ်။ သူ့သမီး၊ တူမတွေ မကြားသင့်တာတွေ ကြားကုန်ပြီး နားယဉ်သွားမှာ စိုးတယ်လို့ အမေ့ကို ပြောပြတယ်။

ကြီးကြီးတို့ မီးဖိုချောင်သုံးရိက္ခာကို သိုလှောင်ထားတဲ့ စတိုခန်းကို အမေပြတော့ မသူဇာ မျက်လုံးပြူးသွားတယ်။

'မသူဇာတို့ဆီမှာဆိုရင် ရောမကုန်စုံဆိုင်ကြီးတစ်ဆိုင် ဖွင့်လို့ရတယ်နော် အမေ' လို့ပြောမိတာ စတိုခန်းအပေါ်ထပ် မှာနေတဲ့ ဒရိုင်ဘာကြီးက ရယ်တယ်။

စတိုခန်းရဲ့နောက် အုတ်နံရံနဲ့ ကပ်နေတဲ့ ရေကန်ကြီး ကို အမေက လိပ်ကန်လို့ပြတော့ 'လိပ်တွေရှိသလားအမေ' လို့ မသူဇာ မေးတယ်။

ဒီတော့ အမေက ရယ်ပြီး 'ကန်ထဲမှာ လိပ်တွေ ရှိ သလား၊ မရှိဘူးလားတော့ မသိဘူး။ မဖွားနှစ်တို့ မီးဖို ဆောင်ထဲက ခဏ,ခဏလာပစ်ချတဲ့ ပန်းကန်ကွဲတွေနဲ့ပွန်း



www.burmeseclassic.com

www.burmeseclassic.com

ကျိုးတွေတော့ အများချည်းပဲ'လို့ ပြောတယ်။

'ဟင်..ကြီးကြီး မဆုတ္တူးလား'လို့ မသူဇာကမေးတော့ သူ ဘယ်သိမလဲ။ စတိုခန်းထဲက ဇွန်းတွေ၊ ပန်းကန်တွေ ကုန်သွားမှသိမယ်လို့ အမေက ပြောတယ်။

'ကြီးကြီးတို့ ဒီလောက်ချမ်းသာတာ ဟိုအရင်းဘဝက ဘာတွေလှူခဲ့လို့ပါလိမ့်'ဆိုတော့ အမေက ပြောတယ်။

'မဖွားနှစ်တို့က အရင် ဒီ့ထက်ချမ်းသာသေးတယ်။ ကိုထွန်းဖေ မြင်းလောင်းပစ်လို့ အခုတော်တော်ကုန်နေပြီ။ ကိုထွန်းဖေက စီးပွားရေးထက် မြင်းတစ်တွက်တာကိုပဲ စိတ်ဝင်စားနေတာတဲ့။ ကိုထွန်းဖေဆိုတာ ကြီးကြီးယောကျ်ား လေ၊ မသူဇာတော့ မမြင်ဖူးပါဘူး။ ည,ညမှ ပြန်လာသလား၊ ဒါမှမဟုတ် တိုက်ကြီးက အဆောင်ဆောင် အခန်းခန်းတွေ များလွန်းလို့ မဆုံမိတာလား မပြောတတ်ပါဘူး'

ဒီလိုနဲ့ ဒုတိယကမ္ဘာစစ်ဖြစ်တော့မယ် အရိပ်အငွေ့တွေ မြန်မာနိုင်ငံမှာ လွှမ်းလာတယ်။ ကြီးကြီးယောကျ်ားလည်း ဒီအချိန်မှာပဲ ဖြန်းခနဲ ကွယ်လွန်သွားတယ်။ ကြီးကြီးတို့မှာ အားထားရတဲ့သူ မရှိတော့ဘူးဆိုတော့ သိပ်အားငယ်သွား ရတာပေါ့။

ဒီကြားထဲ ကြီးကြီးယောကျ်ား အမြဲကိုင်နေတဲ့ အာမခံ သေတ္တာသော့ကို ရှာမတွေ့ကြပြန်ဘူး။ ဒါနဲ့ သေတ္တာကို သော့ဖျက်ပြီး ဖွင့်ရတော့တာပေါ့။ ကြီးကြီးတို့ချမ်းသာသမျှ ပစ္စည်းက အားလုံး ဒီအထဲမှာထားတာဆိုတော့ သော့မဖျက် လို့ မဖြစ်ဘူးလေ။

ဒါပေမဲ့ သေတ္တာထဲမှာ ဘာမှမရှိတော့ဘူး။ အားလုံး ပြောင်နေပြီ။ ကြီးကြီးလည်း စိတ်ထိခိုက်ပြီး လဲတော့တာ ပဲ။ စစ်ဖြစ်တော့ ဆွေမျိုးတွေရှိတဲ့တောကို ကြီးကြီးတို့ မိသားစု ရှောင်တိမ်းနေရင်း တောမှာပဲ ကြီးကြီးကွယ်လွန်



ရှာတယ်။

စစ်ကြီးပြီးတော့ မသူဇာတို့မိသားစု ရန်ကုန်ကိုပြောင်း လာတယ်။ ကြီးကြီးတို့တိုက်ကိုသွားကြည့်တော့ ဗုံးကျထား လို့ အုတ်ပုံဖြစ်နေပြီ။ ဒီတော့ မခင်ကြီးတို့ ဘယ်မှာသွားနေ ကြပါလိမ့်လို့ အမေညည်းတယ်။ တစ်နေ့တော့ သိမ်ကြီး ဈေးမှာ မခင်ကြီးကိုတွေ့လို့ အမေခေါ်လာတယ်။

မခင်လေးတို့၊ မောင်မောင်ထွေးတို့ ဘယ်မှာနေကြ လဲမေးတော့ မခင်လေးက ရုပ်ရှင်လုပ်ငန်းလုပ်နေတဲ့ မုဆိုး ဖိုတစ်ယောက်နဲ့ ယူလိုက်ပြီတဲ့။ မောင်မောင်ထွေးကတော့ အဲဒီယောက်ဖက ရှာပေးထားတဲ့ မင်းစေလို အလုပ်မျိုးကို ရုပ်ရှင်ကုမ္ပဏီတစ်ခုမှာ လုပ်ရတယ်လို့ မခင်ကြီးက ပြော ပြတယ်။

မခင်ကြီးကရောလို့ အမေမေးတော့ သူ့ယောကျ်ားက ရုပ်ရှင်မင်းသမီးတစ်ယောက်ကို ယူလိုက်တယ်တဲ့။ သူ့ကို ပစ်ထားတာလည်း ကြာပြီဆိုတော့ ဒါဖြင့် သမီးလေးရော မခင်ကြီးနဲ့ သမီးတစ်ယောက် ရတယ်မဟုတ်လား'လို့ အမေ က မေးတယ်။

သမီးကို သူပဲတာဝန်ယူမယ်ဆိုပြီး ခေါ်ထားလိုက် တယ်လို့ မခင်ကြီး မျက်ရည်ဝေ့ဝေ့နဲ့ ဖြေတယ်။

အမေ သိပ်စိတ်ထိခိုက်သွားတာပေါ့။ ကြီးကြီးသမီး တစ်ယောက် ဒီလောက်ဒုက္ခရောက်နေတာကို မကြည့်ရက် ဘူးဆိုပြီး မခင်ကြီးကို အိမ်မှာ စောင့်ရှောက်ထားလိုက် တယ်။

အမွေဆိုင်မြေကွက်ကြီးကို ဘယ်လိုခွဲယူကြသလဲလို့ အမေမေးတော့ အမွေဆိုင်အားလုံး အညီအမျှခွဲဝေပြီးကြပြီ တဲ့။ မခင်ကြီးနဲ့ ကိုမောင်မောင်ထွေး အမွေကိုတော့ မခင် လေးက သိမ်းထားပေးတယ်လို့ပြောတယ်။ ဘာဖြစ်လို့အတူ မနေတာလဲဆိုပြီး မေးလိုက်တယ်။ ကျွန်မက အတူတူနေ ချင်ပါတယ် ဒေါ်ဒေါ်ရယ်။ ဒါပေမဲ့ မခင်လေးက သူ့အိမ်မှာ ရုပ်ရှင်အလုပ်သမားတွေနဲ့ သိပ်ရှုပ်နေတာမို့ မမနေလို့ဖြစ်မှာ မဟုတ်ဘူးလို့ ပြောတယ်ဆိုပြီး မျက်နှာမကောင်းဘူး။

အနေကြာလာတော့ မမခင်လေး သူ့အစ်မကို ဘာဖြစ် လို့ လက်ခံမထားချင်တာလဲဆိုတာကို မသူဇာသိလာတယ်။

မမခင်ကြီးဟာ လင်ကွဲ၊ သားကွဲနဲ့ စိတ်များ တစ်မျိုး ဖြစ်သွားလားမသိဘူး။ နေတာထိုင်တာတစ်မျိုးပဲ။ အိမ်ကို ယောကျ်ားဧည့်သည်လာပြီဆိုရင် ထိုင်ဆွမ်းကြွတဲ့ ဘုန်းကြီး ကိုတောင် စကားတွေအများကြီးပြောပြီး ဧည့်ခံတော့တာ

www.burmeseclassic.com

www.burmeseclassic.com

ပဲ။ လက်ဖက်ရည်ဖျော်တိုက်ရ၊ လက်ဖက်သုပ်ရနဲ့ သူ့မှာ ပျာနေတာပဲ။ ဘယ်သူမှ မလာပြန်ရင် ဘုရားဆောင်ရှေ့မှာ ထိုင်ပြီး အသံကျယ်ကျယ်နဲ့ ဘုရားရှိခိုးနေပြန်ရော။

ကြာတော့ မသူဇာတို့ညီအစ်မတွေ စိတ်ညစ်လာတယ်။ အမေရယ်··ပေးကမ်းချင်ရင် အဝေးကပဲ ပေးကမ်းပါ။ လက်ခံမထားပါနဲ့လို့ အမေ့ကို ပြောရတယ်။

အမေကလည်း စိတ်မကောင်းဘူးပေါ့။ ကြီးကြီးမျက်နှာကိုထောက်ပြီး တောက်တောက်ခါးခါး မပြုရက်ဘူး။ ဒီကြားထဲ ကိုမောင်မောင်ထွေးက သူ့အစ်မရှိတယ်လို့ မကြာ,မကြာရောက်လာတယ်။ မခင်လေးနဲ့ မနေချင်ဘူး။ မမနဲ့ လာနေချင်တယ်လို့ ခဏခဏပြောလာတာနဲ့ ဒေါ်ဒေါ်တို့က မိန်းမသားတွေချည်းနေတာကွယ့်၊ ဘယ်တော်ပါ့မလဲဆိုပြီး မနည်းပြောယူရတယ်။ အဲဒီကတည်းကစပြီး သူတို့မောင်နှမနဲ့ ဝေးသွားတာပဲ။ တွက်ကြည့်လိုက်ရင် နှစ်ပေါင်းလေးဆယ်ကျော်ကျော်လောက် ရှိသွားပြီ။

လွန်ခဲ့တဲ့ဆယ်နှစ်လောက် ထင်ပါရဲ့။ မမခင်လေး ဆုံးသွားတာကို သတင်းစာထဲမှာ တွေ့လိုက်တယ်။ ဒီအချိန်မှာ အမေကလည်း မရှိတော့ဘူးလေ။ အမေသာ ရှိရင်တော့ အမေ့မိတ်ဆွေရဲ့သမီး အသုဘကို လိုက်ပို့ချင်မှာ အမှန်ပဲ။

* * *

ဆေးရုံပေါ်မြင်ခဲ့ရတဲ့ အဘိုးအိုကိုပဲ မြင်ယောင်ပြီး အိပ်မပျော်အောင်ဖြစ်ခဲ့ရတဲ့ ဒေါ်သူဇာတစ်ယောက် နောက်တစ်နေ့ညနေမှာ ဆေးရုံကိုသွားပြီး အဘိုးအိုကို သွားတွေ့တယ်။ သက်ကြီးဝါကြီး ချို့တဲ့နေသူမို့ လာကန်တော့တာပါဆိုပြီး ငွေတစ်ရာနဲ့ ပုဆိုးတစ်ထည်ကို အဘိုးလက်ထဲထည့်လိုက်တော့ ဝမ်းသာလွန်းလို့ အဘိုးမျက်ဝန်းမှာ မျက်ရည်ကြည်ကလေးတွေဝေ့လာတာကိုတွေ့ရတယ်။ ပြီးတော့ ဒေါ်သူဇာကို ဆုပေးတယ်။ မပီမသပါပဲ။ ဘာတွေရွတ်နေမှန်းကို ခန့်မှန်းလို့မရဘူး။

ဒေါ်သူဇာမှာ ကျွန်မ ဘယ်သူဘယ်ဝါပါလို့ ဇာတ်ကြောင်းမလှန်ဘဲ အဘိုးအိုကို ဘယ်သူနဲ့ နေပါသလဲ၊ စောင့်ရှောက်မယ့် ဆွေမျိုးမောင်နှမ မရှိဘူးလားမေးတော့ အဘိုးအိုက ဖြေတယ်။

ကျုပ်က လူပျိုကြီးပါ။ အသက်ရှစ်ဆယ်ကျော်အစ်မကြီးကို ပြုစုရင်း အတူနေတာလေ။ အစ်မကြီးက အသွားအလာ သိပ်မလုပ်နိုင်တော့ဘူး။ သူကတော့ အိမ်ထောင်ပျက်ပါ။ သမီးတစ်ယောက်ရှိတာကလည်း အဝေးမှာဆိုတော့ ခက်တာပေါ့။

မိဘတွေ ရှိတုန်းကတော့ မိဘတွေ ဘုန်းရှိန်ကံရှိန်နဲ့ သိပ်ချမ်းသာလာခဲ့တာပေါ့။ ကျုပ်ကိုဆင်ထားတဲ့ စိန်လက်စွပ်ဖက်ထုပ်ကွင်းကြီးဆိုတာ မြင်တဲ့သူတိုင်းက မျက်စိကျတယ်။ ကျောင်းမှာဆို သူငယ်ချင်းတွေက ခဏ,ခဏ ယူဝတ်ကြည့်တယ်။ ကျောင်းက ရေကျော် မက်သဒစ်လေ။ ခုနစ်တန်းပဲရောက်သေးတယ်၊ စစ်ဖြစ်တာနဲ့ ဆက်မနေရတော့ဘူး။

ကျုပ်ဘိုးဘိုးဆိုရင် ခင်ဗျားတို့ ကြားဖူးပါလိမ့်မယ်။ ဆာဘွဲ့ရခဲ့တဲ့ သူဌေးကြီးဆိုတာပေါ့။ ဘုရား၊ ကျောင်း၊ တန်ဆောင်းတွေ အများကြီးလှူသွားတယ်။ အင်္ဂလန်က ဝေလမင်းသားလာတော့ ကျုပ်တို့ဘိုးဘိုးက ဦးဆောင်ပြီး ကြိုဆိုခဲ့ရတာပေါ့လို့ အားပါးတရပြောပြတယ်။

ဒီလောက်ချမ်းသာလာပြီး ဘာဖြစ်လို့ ခုလိုဆင်းရဲသွားရတာလဲ။ အမွေတွေဘာတွေ မကျန်ခဲ့ဘူးလားလို့ ဒေါ်သူဇာက မသိဟန်ဆောင်ပြီးမေးကြည့်တယ်။

ဒီတော့ အဘိုးအိုက-

ကျုပ်အဖေပေါ့ဗျာ။ ရှိသမျှပစ္စည်းအားလုံးကုန်အောင် မြင်းလောင်းပစ်လိုက်တာလေ။ ပြီးတော့ သော့ပျောက်တယ်ဆိုပြီး သော့ကို နောက်ဖေးလိပ်ကန်ထဲ ပစ်ချသွားတယ်ထင်ပါရဲ့။ သူသေသွားမှ အာမခံသေတ္တာကိုဖျက်လိုက်တော့ ဘာမှမရှိတော့ဘူး။ ကျုပ်တို့ရထားတဲ့အမွေကို သိမ်းထားပေးတဲ့ အစ်မငယ်ကလည်း သေသွားပြန်တယ်။ ကျုပ်တို့ကံပါပဲဗျာ။ ကျန်ခဲ့တဲ့ယောက်ဖကိုပြောတော့ ယောက်ဖကသူ ဘာမှမသိဘူးတဲ့။ ကျုပ်တို့ဒုက္ခရောက်ပြီပေါ့။

ဟင်း··ဟင်း··ကျုပ်က ရုပ်ရှင်ဂီတဘက်မှာ ငယ်ငယ်က လုပ်ခဲ့ဖူးတော့ မာမာအေးဆိုတဲ့သီချင်းကို သတိရလိုက်တယ်။ ဟိုသီချင်းလေ၊ မေ ဘယ်သူ့ကိုမှ အပြစ်လည်း မတင်ချင်ပေဆိုတာ။ ခုတော့ ယောက်ဖလည်း မရှိတော့ပါဘူး။ ကျုပ်တို့မောင်နှမနှစ်ယောက်သာ အစစရှားပါးနေတဲ့ ဒုက္ခကြီးကို ခါးစည်းပြီး မသေမချင်းခံရဦးမယ်လို့ နဂိုက မလှပ မကြည်လင်တဲ့ သူ့မျက်နှာကြီးကို ပြုံးမလိုလို မဲ့မလိုလို လုပ်ပြီးပြောလိုက်တာ ဒေါ်သူဇာ့ရင်ထဲမှာ ပိုပြီးဆို့ကျပ်မောဟိုက်သွားရပါတယ်။

**တေဇအောင်**

**ဝန်ခံချက်** – *မိခင်ကြီး ပြောပြခဲ့ဖူးသော ဖြစ်ရပ်မှန်ဇာတ်လမ်းတစ်ပုဒ် ဖြစ်ပါသည်။*



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်၏ အနောက်ရန်ကင်းတိုက်ခန်းကလေးရှေ့သို့ ဗိုလ်ကြီးလှဝေ၏ တိုယိုတာ Land Cruiser ကားဖြူ ဝင်လာကတည်းက သူ သဘော်ပေါ်က ဆင်းလာပြန်ပြီဟု သိရှိလိုက်၏။





www.burmeseclassic.com

www.burmeseclassic.com

နံပါတ်ကိုလည်း တွေ့မြင်၍ မှတ်မိခြင်းဖြစ်သည်။

တစ်မြန်နှစ် သည်လိုအချိန်တွင်ပင် ဖြစ်ပါသည်။ ကျွန်တော့်အိမ်ခန်းသို့ သူတက်လာသည့်အခါ လက်တစ်ဖက်တစ်ချက်၌ အိတ်တွေ ဆွဲလာသည်။

အခန်းပေါက်ဝမှ ကျွန်တော်က ဆီးကြိုရင်း-

'ဘာတွေယူလာပြန်တာလဲ ကိုလှဝေရယ်၊ ကျွန်တော့်ဆီလာတဲ့အခါ လက်ချည်းပဲ လာခဲ့ပါလို့ ကျွန်တော် ပြောထားလျက်နဲ့ဗျာ'

အပြစ်တင်သလို စကားဆိုမိ၏။

'ဟာ..အဘ၊ ဒီတစ်ခေါက်က ဒီထက်တောင် အဘကို ပြည့်ပြည့်စုံစုံ ကန်တော့ရဦးမှာပါ။ အခု ဒါက အကင်းပဲ ရှိသေးတယ်လို့ မှတ်ပါခင်ဗျ။ ကိုင်း..လာ အဘ၊ အခန်းထဲရောက်မှ ပြည့်ပြည့်စုံစုံ ပြောပြပါ့မယ်'

ဗိုလ်ကြီးလှဝေ၏ အမူအရာက ခါတိုင်းနှင့်မတူ တစ်မူခြားနား ထူးဆန်းနေသည်။ မြူးထူးတက်ကြွနေသည်။ အူမြူးနေသည်ဟု ပြောရတော့မည်။

'ကိုင်း..လာ..လာ..ထိုင်စမ်းပါဦး။ ဝမ်းသာစရာဆိုလည်း စောစောဝမ်းသာရအောင်'

အိမ်ရှင်မလည်း ရောက်လာသဖြင့် သူမကိုပါ ထိုင်ခိုင်းရ၏။

'ဒီလိုပါ အဘရယ်၊ တစ်မြန်နှစ်က ကျွန်တော် အဘကို ပြောပြခဲ့ဖူးတယ်မဟုတ်လား။ ကျွန်တော့်ဆရာ ဦးခင်မောင်ဝင့်ကို သူ့ဘကြီးက လက်ဆင့်ကမ်း ပေးအပ်ခဲ့တဲ့ ရတနာမြေပုံအကြောင်း အစက ပြန်ပြောပြမှ အဘရှင်းသွားမယ်။ ဒါကြောင့် ပြန်ပြောပါရစေ။ ဒီလိုပါ အဘရေ'

◆◆◆

'ကျွန်တော့်ဆရာ ဦးခင်မောင်ဝင့်ရဲ့ ဘကြီးက နိုင်ကျဉ်း၊ ထောင်ဆယ်နှစ် ကျခံထားရတယ်။ သူနဲ့အတူ ထောင်ထဲမှာ တစ်ခန်းတည်းနေခဲ့ရတဲ့ ပုဂ္ဂိုလ်တစ်ယောက် ရှိခဲ့ဖူးတယ်။ မြောက်ပိုင်းတစ်နေရာက ကာကွယ်ရေးခေါင်းဆောင်တဲ့။ အဲဒီပုဂ္ဂိုလ်က ဒေသတစ်ခုကို မြင်းကိုယ်စီစီးပြီး တပည့်တစ်ယောက်နဲ့ ရောက်လာကြတယ်။

ဂူတစ်ခုအတွင်းမှာ ခေတ္တပုန်းရှောင် ခိုအောင်းနေရင်း တပည့်က ငှက်မိပြီး သေသွားတယ်။ ဒီမှာတင် ပုဂ္ဂိုလ်က သူတို့နဲ့အတူပါလာတဲ့ ရတနာပစ္စည်းတွေကို လျှို့ဝှက်မြှုပ်နှံကာ တောင်ထိပ်မှာ စေတီတစ်ဆူ တည်ထားခဲ့ပြီး ဝါးကျောင်းကလေးတစ်ခု ဆောက်၍ ရသေ့ဝတ်လိုက်တယ်။ ရသေ့ဝတ်နဲ့ နေနေတုန်း အစိုးရက လာရှာတယ်။ ပုဂ္ဂိုလ်ကို နိုင်ငံရေးပြစ်မှုနဲ့ ဖမ်းခေါ်သွားပြီး အင်းစိန်ထောင်ကို ပို့လိုက်တယ်။

အသက်ကလည်းကြီး၊ ငှက်မိထားခဲ့တာလည်းရှိတော့ သေခါနီးဆဲဆဲမှာ သူမြှုပ်ထားခဲ့တဲ့ ရတနာပစ္စည်းတွေအကြောင်း အခန်းဖော်ဖြစ်တဲ့ ဦးခင်မောင်ဝင့်ရဲ့ ဘကြီးကို အကုန်အစင် ဖွင့်ဟပြောပြခဲ့တယ်။ အခန်းဖော်ဖြစ်တဲ့ ပုဂ္ဂိုလ်ကို ကျွန်တော့်ဘကြီးက အများကြီးကူညီခဲ့တယ်။ ကိုယ်ဖိရင်ဖိ ပြုစုခဲ့တယ်လေ။ ကျေးဇူးတင်စရာပေါ့။

ရတနာတွေက အလွန်အရည်အသွေး ကောင်းတဲ့ ကျောက်စိမ်းသုံးတုံး၊ ရွှေနဲ့လုပ်ထားတဲ့ လက်ဝတ်ရတနာတွေ။ ရွှေဒင်္ဂါးပြားတွေကို တောင်ထိပ်ပေါ်က စေတီရဲ့ အရှေ့မြောက်ထောင့် အတောင်လေးဆယ်အကွာမှာ မြှုပ်ထားခဲ့တယ်။ နေရာကိုတော့ အဲဒီပုဂ္ဂိုလ် ရသေ့ဝတ်နဲ့တုန်းက တရားထိုင်ခဲ့စဉ်မှာ နေကထိုင်အဖြစ် သုံးခဲ့တဲ့ ချေသားရေချပ်ပေါ်မှာ ရေးဆွဲထားခဲ့တယ်။

မြေပုံကို ပေးအပ်ပြီး ပုဂ္ဂိုလ်ကြီးက မှာခဲ့တာက သူကိုယ်တိုင် တရားကျင့်စဉ်တုန်းမှာ သက်သတ်လွတ်စားသုံးတယ်။ ငါးပါးသီလကိုလည်း မြဲမြဲအောင် စောင့်ထိန်းတယ်။ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကိုလည်း ပွားများအားထုတ်ခဲ့တာမို့ သူ့အခန်းဖော်ကိုလည်း သူ့လိုပဲ ကျင့်ကြံအားထုတ်ဖို့ မှာခဲ့ပါတယ်။ ပြီးတော့ ထောင်ထဲမှာပဲ ကွယ်လွန်သွားခဲ့တယ်။

ပြီးနောက် ဆရာဦးခင်မောင်ဝင့်က ဆွေမျိုးရင်းချာဆိုလို့ တစ်ယောက်တည်းသာဖြစ်တဲ့ သူ့ဘကြီးကို သူ့ရဲ့ အခန်းဖော် မသေမီက မှာကြားသွားတဲ့ လုပ်ငန်းတွေကို ဆောင်ရွက်ဖို့၊ ဗိုလ်ကြီးလှဝေကို သူနဲ့အတူ လိုက်ပါကူညီပေးဖို့ ပြောပါတယ်။

ဗိုလ်ကြီးလှဝေကလည်း သူ့ဆရာရဲ့ဘကြီး အမှာစကားအတိုင်း ဦးကင်းတောင်ကို လူယုံတွေနဲ့ အတူသွားခဲ့ကြတယ်။ မြေပုံအတိုင်း သွားကြရာမှာ သစ်တောက မှတ်တိုင်တစ်တိုင် တွေ့ရတယ်။ အညွှန်းအတိုင်း တူးကြည့်ကြတော့ ကျောက်ဖျာကြီးလို အမှန့်အစအနတွေပဲ တွေ့ကြရတယ်။

တောင်ထိပ်အကျယ်အဝန်းက ခုနစ်ဆယ့်ငါးပေ၊ ... 



www.burmeseclassic.com

www.burmeseclassic.com

ပေတစ်ရာ၊ အလျားရှိတယ်။ ထင်းရှူးပင်ချည်းပဲ ကိုးပင်ဖိုခဲ့လောက်ဆိုင် ဝိုင်းပတ်ပြီး ပေါက်နေတယ်။ တစ်တောင်လုံးက ကျောက်တွေချည်းပဲ။ စေတီလေးရှေ့ကနေပြီး အတောင်လေးဆယ်အကွာမှာ တူးကြရာမှာ ကျောက်မှုန့်ကျောက်စတွေပဲ မွစာကျဲနေလေရဲ့။ ဒီ့အပြင် ကျောက်ဖျာကြီး ခံနေလို့ လက်လျှော့ခဲ့ရတယ်။

ဒါနဲ့ နောက်ထပ်တစ်ကြိမ် ကြိုးစားကြဦးမယ်ဆိုပြီး ပြင်ဆင်ကြတယ်။ ကူမဲကနေ ဆယ့်ခြောက်မိုင်ဝေးတဲ့ မိုးနံရွာမှာ ဆရာအောင်ဒင်ဆိုတာ ရှိတယ်။ သူ့ဆီသွားပြီး အကူအညီတောင်းကြည့်ပါဆိုလို့ သွားကြတယ်။

ကျွန်တော်တို့ရဲ့ ရည်ရွယ်ချက်ကို ဆရာအောင်ဒင်သိသွားတော့ လိုလိုလားလားပဲ ကူညီပါတယ်။ လူသူနဲ့ဝေးတဲ့ ဦးကင်းတောင်လို အရပ်ဒေသက စေတီတစ်ဆူကို ထီးတင်ဖို့ဆိုတာ ဘယ်သူကမှ စွန့်စွန့်စားစား ဘက်စုံမွမ်းမံပြင်ဆင်ကြမှာ မဟုတ်ဘူးလေ။ ဒါကို သိရတော့သေသေချာချာ ကူညီပေးတယ်။

အရင်တစ်ကြိမ် ရောက်ခဲ့တုန်းက မတွေ့ခဲ့တဲ့ ရတနာတွေဟာ ကျောက်ဖျာအောက်မှာ မရှိဘူး။ တောင်ထိပ်အနောက်မြောက်ထောင့်က ရေကန်ရယ်၊ သစ်တောကစိုက်ထားတယ်ဆိုတဲ့ မှတ်တိုင်ရယ်ကနေ အတောင်လေးဆယ့် ကြိုးဆွဲကြည့်ပါတဲ့။ အဲဒီကြိုးစ နှစ်ဖက်ဆုံတဲ့နေရာမှာ တူးပါတဲ့။ ပုဂ္ဂိုလ်ကြီးရဲ့ စေတနာမှန်တဲ့ ကံတရားကြောင့် မုချမသွေ တွေ့ပါလိမ့်မယ်တဲ့။

ဒါကြောင့် ကျွန်တော်တို့လည်း အစစအားလုံးပြင်ဆင်ပြီး ခရီးကို စခဲ့ကြတယ်။ ဆရာအောင်ဒင် မှာလိုက်တဲ့အတိုင်း သာသနာပွဲ၊ ဘုရားပွဲ၊ တောင်စောင့်နတ်နဲ့အခြားပုဂ္ဂိုလ်တွေအတွက်ပါ အုန်းသီး၊ ငှက်ပျောသီး၊ ကွမ်း၊ ဆေး၊ လက်ဖက်၊ အလင်းတိုင်၊ နံ့သာတိုင် စသည်ဖြင့် ပြည့်ပြည့်စုံစုံ ယူသွားကြတယ်။ ရိက္ခာကိုတော့ ငါးရက်စာ သယ်သွားတယ်။

ကျွန်တော်တို့အဖွဲ့မှာ ကျွန်တော်၊ ဦးခင်မောင်ဝင့်၊ တပ်ထဲတုန်းက တပည့်တပ်ကြပ်ကြီးတစ်ယောက်၊ ကနဦးပထမတစ်ကြိမ်တုန်းက လိုက်လာဖူးတဲ့ လူယုံတပည့်နှစ်ယောက်ပါ အားလုံး ငါးယောက်ပေါ့။ အရင်ကလည်းရောက်ခဲ့ဖူးကြလို့ အခက်အခဲမရှိဘဲ ချောချောမောမောရောက်သွားကြတယ်။

အခက်အခဲလေး နည်းနည်းပါးပါးရှိပေမယ်လို့ ကျော်ဖြတ်နိုင်ခဲ့ကြပါတယ်။ သုံးရက်လောက်အကြာမှာတော့ ဦးကင်းတောင်ကြီးကို လှမ်းမြင်လိုက်ရပါတယ်။ မြူတွေကြားမှာ မှိုင်းမှိုင်းညို့ညို့ကြီး။ ခရီးဆုံးလုပြီမို့ ခြေလှမ်းတွေကလည်း သွက်သလား မမေးပြာနဲ့။

တောင်ခြေကို နေမဝင်ခင် ရောက်သွားကြပါတယ်။ တောင်ခြေမှာ ပါလာတဲ့ ပစ္စည်းတွေကို နေရာချ၊ လေးတိုင်စင်ဆောက်ပြီး ပလတ်စတစ်တွေနဲ့ တဲထိုးကြတယ်။ ပြီးတော့ ညစာကို ချက်ပြုတ်စားကြတယ်။ သက်သတ်လွတ် စားကြမယ်လို့ ဆုံးဖြတ်ထားခဲ့ကြတာကြောင့် ထမင်းပူပူ ပဲသီးဘူးဖောက်ပြီး စားကြရာမှာ ခရီးကပန်း၊ ဆာလည်း ဆာနေကြလို့ မြိန်ရေရှက်ရေ ရှိပါတယ်။

မီးပုံကြီးတစ်ဖို ထင်းတုံးကြီး လေးငါးတုံးထည့်ပြီးဖိုထားကြတာမို့ တစ်ညလုံး မိုးစင်စင်လင်းတဲ့အထိ တဟုန်းဟုန်းတောက်လောက်နေတုန်းပါပဲ။ ဦးကင်းတောင် ပတ်လည်တစ်ဝိုက် တစ်ညဉ့်လုံး တောကောင်ကြီးငယ် ပေါင်းစုံရဲ့ ဟိန်းသံ၊ မာန်ဖီသံ၊ အော်သံတွေကို ကြားနေရတယ်။ မီးပုံကြီးက မီးတောက်မီးလျှံတွေကြောင့် တောကောင်တွေအနားမကပ်နိုင်ကြဘူးဆိုတာ သိနေကြတာမို့ နားရွက်ကိုပြားနေအောင်ချပြီး အိပ်နိုင်ခဲ့ပါတယ်။ တစ်ခါတလေတောခွေးတွေ သံရှည်ဆွဲပြီး အူနေသံတောင် ကြားလိုက်ရတာမို့ ဖျတ်ခနဲ လန့်နိုးသွားကြရပါသေးတယ်။

နောက်တစ်နေ့ အရုဏ်လည်းတက်ရော ကျွန်တော်တို့ တောင်ပေါ်တက်ဖို့ ပြင်ဆင်ကြတယ်။ ယူဆောင်လာကြတဲ့ ဝန်စည်စလယ်တွေအထဲက တောင်ပေါ်မှာ မလိုတဲ့ဝန်ပိုတွေကို တောင်ခြေမှာပဲ ထားခဲ့ကြတယ်။ သပ်ရပ်လုံခြုံအောင်တော့ ပြင်ဆင်ထားခဲ့တာပေါ့။ ဝါးတို့၊ သစ်တို့က လွယ်လွယ်ကူကူရတော့ မျောကို တိုင်လုပ်၊ ဝါးထရံ ကြိုကြိုရက်၊ လေးဖက်လေးတန်ကာပြီး ပိတ်ထားခဲ့တယ်။

ကျွန်တော်က တပ်မတော်အင်ဂျင်နီယာတပ်က အရာရှိ မဟုတ်လား။ သည်တစ်ခေါက် တောင်ပေါ်ကို တက်လမ်း မရှိတော့ဘူး။ မိုးကြီးလို့နဲ့ တူပါတယ်။ လမ်းတွေပြိုကျသွားတော့ တော်တော်ကို ခက်ခက်ခဲခဲ ဝါးတံတားယာယီထိုး ကူးရတာတောင် ကြုံရပါတယ်။

သယ်ဆောင်လာကြတဲ့ ပစ္စည်းတွေက အုန်းသီး၊



www.burmeseclassic.com

www.burmeseclassic.com

ငှက်ပျောသီး၊ ဖယောင်းတိုင်၊ အမွှေးတိုင် စတာတွေနဲ့ သောက်ရေသန့်ဘူးတွေလည်း ပါလာလို့ အတော်ခက်ခက်ခဲခဲ အဆင့်ဆင့် သယ်တင်ကြရတယ်။

တချို့နေရာတွေမှာ မတ်စောက်တဲ့ တောင်ခါးပြတ်လို ဖြစ်နေတာကြောင့် မျောက်တွေလို ကြိုးတွေ ခါးမှာချည်ပြီး လေးဖက်ထောက် တက်ကြရပါတယ်။ လက်တွေလည်း ကြိုးဆွဲရတာမို့ ပေါက်ပြဲပြီး သွေးထွက်သံယိုဖြစ်ကုန်ကြတယ်။ ပါလာတဲ့ ဆေးနီတွေထည့်၊ ပလာစတာကပ်ပြီး တစ်ပွဲတိုး ကုလာခဲ့ကြရတယ်။

ဒါပေမဲ့လို့ လာတဲ့ ရည်ရွယ်ချက်က သာသနာပြုဖို့လာတာဖြစ်တဲ့အတွက် အားမလျှော့နဲ့ ရောက်လုပြီ၊ ဘိုးဘိုးကြီး မ,မည်ဆိုတဲ့ ကျိုက်ထီးရိုးသီချင်းထဲကလို အားမလျှော့စတမ်း ကျားကုတ်ကျားခဲ ကြိုးပမ်းတက်ခဲ့ကြပါတယ်။

အသက်ကြီးနေပြီဖြစ်တဲ့ ကျွန်တော့်ဆရာ ဦးခင်မောင်ဝင့်ကို တောင်ပေါ် စတက်ကြကတည်းက သူ့ခါးနဲ့ကျွန်တော့်ခါးကို ကြိုးခိုင်ခိုင်ချည်ထားပြီး တစ်ယောက်ကိုတစ်ယောက် ဖေးမတွဲကူ တက်ခဲ့ကြရပါတယ်။

အရုဏ်တက်ကတည်းက တက်ခဲ့ကြရာမှာ နေထန်းတစ်ဖျားလောက် ရောက်တော့မှ တောင်ထိပ်ကို ခြေချနိုင်ကြတယ်။ တောင်ထိပ်မှာ သယ်ပိုးလာတဲ့ ပစ္စည်းတွေချ၊ ခေတ္တအနားယူ၊ ဘီစကွတ်ကလေးတွေ အဆာပြေစား၊ အားဖြည့်အချိုရည် တစ်ဘူးစီ အမောပြေ သောက်ကြရတယ်။ တောင်ထိပ်မှာဆိုတော့ လေတဖြူးဖြူးနဲ့ ခဏလေးနဲ့ အမောတွေ ပြေကုန်ကြပါတယ်။

အမောပြေတဲ့အခါ တောင်ထိပ်မှာ ပုဂ္ဂိုလ်ကြီး တည်ထားခဲ့တဲ့ စေတီလေးဆီ သွားပြီး ကန်တော့ကြတယ်။ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးရဲ့ ဂုဏ်တော်မြတ်ကို အောက်မေ့ပြီး ရှိခိုးပူဇော်တယ်။ စေတီကလေးမှာ ကြေးဆည်းလည်းလေးတွေ တပ်ဆင်ပူဇော်ထားတာမို့ လေအလာမှာ ဆည်းလည်းသံ တချွင်ချွင်မြည်နေတယ်။ ခမ္မခေါင်းလောင်းထိုးသံလို့ပဲ ပြောရတော့မယ် ထင်ပါရဲ့။

တောပိုင်တောင်ပိုင်တွေကိုလည်း မေတ္တာပို့ အမျှဝေကြတဲ့အခါမှာတော့ ခပ်စောစောက လေပြည်လေညင်းကလေးသာ တိုက်နေပေမယ်လို့ အမျှဝေသံလည်းဆုံးရော လေတိုက်တာ နည်းနည်းကြမ်းလာတယ်။ တစ်စထက်တစ်စ ပြင်းလာသလိုပဲ။

ကျွန်တော်တို့လည်း အချိန်ဆိုင်းမနေကြဘဲ ခဲခဲယဉ်းယဉ်း သယ်လာကြတဲ့ အုန်း၊ ငှက်ပျော၊ ကွမ်း၊ ဆေး၊ လက်ဖက်တွေနဲ့ ကန်တော့ပွဲငါးပွဲ ပြင်ကြတယ်။ သာသနာပွဲ၊ ရတနာသုံးပါးပွဲ၊ အနန္တေအနန္တငါးပါးပွဲ၊ ဣစ္ဆာသယပွဲ၊ တောင်ပိုင်သခင်ပွဲ ပွဲငါးပွဲ ထိုးကြတယ်။ ပြီးတော့ စေတီလေးရှိတဲ့ နေရာကိုသွားပြီး ရှိခိုးကန်တော့ကြတယ်။ အားလုံးပဲ ငါးပါးသီလ ခံယူကြပြီး မေတ္တာပို့ အမျှဝေတဲ့အခါ လေပြင်းတိုက်နေတာ ငြိမ်သွားတယ်။

ဘယ်လိုပန်းနံ့တွေနဲ့မှ မတူဘဲ ထူးထူးခြားခြား မွှေးကြိုင်နေတဲ့ ပန်းနံ့တွေက တစ်တောင်လုံး နေရာအနှံ့မှာ မွှေးကြိုင်သင်းပျံ့ ရနံ့တွေ လှိုင်နေတော့တယ်။ စေတီကလေးမှာ ပူဇော်ထားတဲ့ ဆည်းလည်းသံတွေ ပိုမိုကျယ်လောင်တာ ကြားကြရတယ်။ သာသနာပြုဖို့ နတ်၊ သိကြားတွေကပါ သဘောညီမျှ ကူညီမ,စကြပုံပါ။

ပြီးတဲ့အခါ ကျွန်တော်တို့တစ်တွေ လုပ်ငန်းစတင်ဆောင်ရွက်ကြတယ်။ ဆရာအောင်ဒင်မှာ ကြားလိုက်တဲ့ အတိုင်း ရေကန်ကနေ ကြိုးစတစ်ချောင်း၊ သစ်တောမှတ်တိုင်ကနေ ကြိုးစတစ်ချောင်း အတောင်လေးဆယ်ဆွဲပြီး ကြိုးနှစ်စဆုံတဲ့နေရာကို ငုတ်တစ်ခုရိုက်ပြီး စတူးကြတယ်။ ငါးပေလောက်အရောက်မှာ တစ်ယောက်တူးနေတဲ့ သံတူရွင်းနဲ့ သံတစ်ခုခု ထိခိုက်မိသံ ကြားလိုက်ရတယ်။ အဲဒီနေရာကို ဝိုင်းပြီးတူးလိုက်ကြတဲ့အခါ သံသေတ္တာတစ်လုံး ပေါ်လာပါတော့တယ်။ သံသေတ္တာက တပ်က ကျည်ဆန်ထည့်တဲ့ သေတ္တာမျိုးပါပဲ။

ဖွင့်လိုက်တော့ ရေလုံမိုးလုံ ပလတ်စတစ်မိုးကာစနဲ့ သေသေချာချာ ထုပ်ထားတဲ့ အထုပ်တစ်ထုပ်။ ပလတ်စတစ်ကို ခွာလိုက်တဲ့အခါ ဘေးက ရပ်ကြည့်နေကြတဲ့ ကျွန်တော်တို့အားလုံး ဟိုက်ခနဲ၊ ဟာခနဲ ဖြစ်သွားကြပါတယ်။ အတွင်းမှာ တွေ့ရတာတွေကို မယုံနိုင်လောက်အောင်ပါ။ အရည်အသွေးကောင်းမွန်း မြင်ရုံနဲ့ သိသာလောက်တဲ့ ကျောက်စိမ်းသုံးတုံး။ ပလတ်စတစ် အကြည်စနဲ့ ထုပ်ထားပြီး ရွှေနဲ့လုပ်ထားတဲ့ ရတနာပစ္စည်းများ၊ ဝင်းဝင်းတောက်ပနေတဲ့ ရွှေဒင်္ဂါးပြားတွေ။

ဦးခင်မောင်ဝင့်က ဗုဒ္ဓ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိလို့ သရဏဂုံသုံးပါးကို



www.burmeseclassic.com

www.burmeseclassic.com

ရွတ်ဆိုပူဇော်လိုက်တယ်။ ပြီးတော့ စေတီလေးကို တည်ခဲ့တဲ့ အကျဉ်းထောင်ထဲမှာတုန်းက အခန်းဖော် ပုဂ္ဂိုလ်ကြီးကို ဒီတစ်ခါမတော့ နာမည်ထည့်ခေါ်ပြီး နှုတ်က တတွတ်တွတ်ရွတ်နေလိုက်တယ်။

သူ့ဘကြီးက မှာထားခဲ့တဲ့ စကားအတိုင်းပဲ။

"ရဲဘော်ကြီး နေမျိုးအောင်ရေ၊ ကိုမျိုးအလှူ အထမြောက်ပါပြီ။ ကိုမျိုးအမှာအတိုင်း မပျက်မကွက် ဆောင်ရွက်ပေးပါ့မယ်။ ကိုမျိုးထားခဲ့တဲ့ ပစ္စည်းတွေလည်း ရရှိပါပြီ။ နောက်ထပ်တစ်ကြိမ် ဒီတောင်ပေါ်ကိုလာပြီး စေတီလေးကို မွမ်းမံပြုပြင်ပါ့မယ်။ ရွှေထီးလည်း တင်ပါ့မယ်။ ယခု ကျုပ်တို့ ပြုလုပ်ခဲ့သမျှ ကုသိုလ်အဖို့ကိုလည်း အမျှ‥ အမျှ‥အမျှ ယူပါ ကိုမျိုးရေ။ အမျှ‥အမျှ‥အမျှ"

ကျွန်တော်တို့ တောင်အောက် ပြန်ဆင်းလာကြပါတယ်။ ဦးကင်းတောင် ရတနာသိုက်ကို ကျွန်တော်တို့ အောင်အောင်မြင်မြင် တူးဖော်ရရှိခဲ့ပါတယ်။

နောက်တစ်လကျော် အကြာမှာ ကျွန်တော့်ဆရာက စေတီလေး ပြုပြင်မွမ်းမံဖို့၊ ရွှေထီးအသစ်တင်ဖို့ ကျွန်တော်နဲ့အတူ တပည့်တွေနဲ့ ခရီးထွက်ခဲ့ကြပြန်ပါတယ်။ အစစအရာရာ အားလုံးပြီးပြည့်စုံ အောင်မြင်ပါပြီ။ ဒါကြောင့် ခုတော့ အေးအေးဆေးဆေးနေနိုင်လို့ အဘဆီ လာခဲ့တာပါ။

ကျွန်တော်က ကျွန်တော့်ဆရာ ဦးခင်မောင်ဝင့်ရဲ့ လုပ်ငန်းတစ်ခုမှာ ဝင်ပြီး တာဝန်ယူပေးရပါဦးမယ်လေ။ သဘော်တော့ ပြန်မတက်တော့ဘူး အဘ"

ထိုနေ့က ဗိုလ်ကြီးလှဝေ ကျွန်တော်၏ဖနီးချက်သော ထမင်းဟင်းလျာများကို အားလုံးဝိုင်းဖွဲ့ကာ အတူတူစား သောက်ကြပြီး မန္တလေးသို့ ပြန်သွားခဲ့သည်။

နောက်တစ်လ၊ နှစ်လ အကြာမှာ သူ၏ဆရာ ဦးခင်မောင်ဝင့်၏ လုပ်ငန်းကိစ္စတစ်ခုတွက် စင်ကာပူသို့ သွားရောက်ရန်ရှိ၍ ပြန်လာပါဦးမည်ဟုပြောလျက် နှုတ်ဆက်ပြန်သွားခဲ့သည်။

ရတနာသုံးပါးဂုဏ်ကျေးဇူးကား ယုံကြည်ကိုးစားအားထားကြသူတို့အတွက် 'အတိုင်းအဆ မရှိပ့ါတကား။

**ခင်မောင်အေး(မန္တလေး)**




စိတ်မနောအာရုံ အကြားအမြင် လက္ခဏာ

ဆရာမကြီး ဒေါ်အေးမို့မို့၏သမီး

ဆရာမထက်ဦးခိုင် သိပ္ပံလက္ခဏာဗေဒပညာ

(၇)ရက်သားသမီးအပေါင်းတို့မှာ ဖြစ်ပေါ်တတ်သည့် ပညာရေး၊ စီးပွားရေး၊ အချစ်ရေးနှင့် အိမ်ထောင်ရေး၊ အမည်ပေးခြင်း၊ ကလေးအမည်ပေးခြင်း၊ ဆိုင်အမည်ပေးခြင်း၊ အိမ်၊ ခြံ၊ ကား၊ တိုက်ခန်း၊ မြေကွက်၊ ရောင်းရန်၊ ဝယ်ရန်နှင့် ရာထူးတိုးရန်အတွက် ပြောင်းရွှေ့မင်္ဂလာရက်ရွေးခြင်းနှင့် အခြားသောကိစ္စအဝဝ အားလုံးတို့ကိုပါ ဆရာမက မေတ္တာ၊ စေတနာ ရှေ့ထားပြီး "အထူး" စီစဉ် ဆောင်ရွက်ကူညီပေးနေပါသည်ရှင်..

အားလုံးသောသူအပေါင်း ကိုယ်ရော စိတ်ပါ ကျန်းမာပြီး ချမ်းသာကြပါစေ...

မဟာဝိဇယဘုရား အနောက်ဘက်မုခ်၊ လိပ်ကန်အနီး၊ ဆိုင်ခန်းအမှတ်(၂)၊ ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့။ Ph : 09 253 361 368




www.burmeseclassic.com

www.burmeseclassic.com

'ဂူကိုတွေ့တော့ နေတောင် အတော်စောင်းနေပြီ။ တောကောင်လည်း မရသေးလို့ အရဲစွန့်ပြီး ဝင်ခဲ့တာ'

ကိုအောင်ရွှေက စကားကိုရပ်ပြီး ငုံ့ထားသည့် ရေနွေးကို တစ်ငုံသောက်လိုက်၏။ သူက တောလိုက်မုဆိုးတစ်ယောက်ဖြစ်သည်။ တောတောင်အနှံ့ သားကောင်လိုက်ရှာရင်း မထင်မှတ်ဘဲ ထိုဂူအား တွေ့ခဲ့ခြင်းဖြစ်မည်။

'အထဲမှာ ဘာတွေရှိနေလဲ အစ်ကို'

'ထူးထူးခြားခြား မရှိပါဘူးကွာ။ အဲ··အတွင်းပိုင်းတော့ ငါလည်း မသိဘူး'

'ဂူထဲကို မရောက်ခဲ့ဘူးပေါ့'

ကိုအောင်ရွှေက ခေါင်းညိတ်ပြပြီး-

'ဟုတ်တယ်၊ ဂူဝလောက်ပဲ ဝင်ကြည့်ခဲ့တာ။ အထဲမှာ မှောင်နေတော့ ဆက်ပြီး မဝင်ဖြစ်ခဲ့ဘူး'

'နောက်ပိုင်း အဲဒီဂူကို ရောက်ခဲ့သေးလား အစ်ကို'

'အဲဒီဘက်ကို တောလည်မသွားဖြစ်လို့ မရောက်တော့ဘူးပေါ့ကွာ'

'ဘာလဲ၊ အဲဒီဘက်မှာ သားကောင်တွေ မရှိလို့လား'






www.burmeseclassic.com

www.burmeseclassic.com

သူက စဉ်းစားဟန်ပြုပြီး-

'ဒီနယ်တစ်ဝိုက်မှာ တောကောင်မရှိတဲ့ တောတောင်ရယ်လို့ မတွေ့မိပါဘူးကွာ။ ငါ မသွားဖြစ်တာက..'

စကားတစ်ပိုင်းနှင့်ရပ်လျက် ဆေးလိပ်မီးညှိနေသော သူ့အား ကြည့်ပြီး သိလိုစိတ်ဖြင့်-

'ဒါဆိုရင် ဘာဖြစ်လို့မသွားဖြစ်တာလဲ'

'အဲဒီတောင်ကြောမှာ ဇော်ဂျီတွေနေတယ် ပြောလို့ကွ'

'ဗျာ..ဘယ်လို..ဘယ်လို..ဇော်ဂျီတွေရှိတယ်၊ ဟုတ်လား'

'ရွာကလူတွေပြောတာ သူတို့လည်း လူကြီးတွေပြောလို့ သိတာတဲ့။ ဇော်ဂျီတွေကို အနှောင့်အယှက်ပေးသလိုဖြစ်မှာစိုးလို့။ ဘယ်သူမှ အဲဒီအနီးတစ်ဝိုက်ကို မသွားကြဘူးလေ'

ကိုအောင်ရွှေအနေနှင့် လူအများ ပြောစကားအပေါ် ယုံကြည်ခဲ့ဟန်တူသည်။

ထိုဂူ၌ ဇော်ဂျီများ အမှန်တကယ် နေထိုင်ခဲ့သလား၊ ယခုအချိန်ထိ ရှိနေနိုင်သလား။ ဇော်ဂျီဆိုသည်မှာ ဆေးဝါး၊ မန္တန် လေ့လာလိုက်စားနေသူများဟု သိထားသည်။ သူငယ်မယ်ကလေးများနှင့် ပျော်ပါးလေ့ရှိသည်ဟု ပြောကြသည်။ တစ်ယောက်စကား တစ်ရာနား ပြောဆိုနေကြခြင်းသာ ဖြစ်သည်။ ကိုယ်တိုင်မြင်တွေ့ဖူးသူ မရှိ။

'အဲဒီဂူရှိတဲ့တောင်က ဘယ်မှာလဲ အစ်ကို'

'ဘာလဲ၊ မင်း သွားကြည့်ချင်လို့လား။ မလုပ်ပါနဲ့ကွာ'

သွားမည်စိုး၍ တားမြစ်နေသည်။ အနှောင့်အယှက် တစ်စုံတစ်ရာ မပြုလျှင် ဖြစ်သည်ပဲ။ သူတို့နှင့်တွေ့လို့ ကိုယ့်အတွက် အကျိုးမယုတ်တန်ရာ။ ယုတ်စွအဆုံး ဇော်ဂျီဆိုသော ပုဂ္ဂိုလ်ထူးအား ကိုယ်တိုင်မြင်တွေ့ဖူးသည့် လူတစ်ယောက် ဖြစ်လာမည်။

'ပြောစမ်းပါ အစ်ကိုရ'

'အင်း..ပြောမရတော့လည်း သွားပေါ့ကွာ။ ဒီကနေ တစ်နာရီကျော်လောက် သွားရမယ်။ အဲဒီတောင်ကို လှမ်းမြင်ရတဲ့နေရာအထိ ထင်းခွေ တောလိုက်သွားကြတဲ့ လမ်းတစ်ခု ရှိလေရဲ့။ အမှားမလုပ်မိအောင်တော့ သတိထားပါကွာ'

◆◆◆

ရွာက မနက်စောစော ထွက်ခဲ့သည်မှာ တစ်နာရီသာသာခန့် ရှိပေရော့မည်။ တောက တဖြည်းဖြည်းနက်လာပြီး အဆင်းအတက် များလာသည်။ တောကောင်ကြီးများ၏ အော်မြည်သံကို ကြားနေရသည်။ အန္တရာယ်နှင့် ရင်ဆိုင်တွေ့လိမ့်မလားဟူသော အသိဖြင့် မျက်စိလျှင်လျှင်ထားကာ ဘေးဘယ်ညာကို အကဲခတ်နေရသည်။

ကိုအောင်ရွှေ ညွှန်သည့်လမ်းအတိုင်း လိုက်ခဲ့၍ လမ်းမမှားတန်ရာ။ လမ်းဘေးဝဲယာ၌ တွေ့ရသော အပင်ကြီးများ၏ ပင်စည်ကို ဓားဖြင့်ထစ်ပြီး အမှတ်အသားပြုခဲ့သည်။ မျက်စိလည် လမ်းမှားဖြစ်နေလျှင် ထိုအမှတ်အသားများက အထောက်အကူပြုပေလိမ့်မည်။

လူသွားလမ်းအတိုင်း လိုက်ပါရင်း ရှေ့တွင် တွေ့ရသော တောင်တစ်လုံးကို သတိထားမိသည်။ သစ်ပင်ကြီးအနည်းငယ်သာရှိပြီး တောင်ကမ်းပါးယံ၌ ကျောက်နံရံတစ်ခု ရှိနေသည်။ ဒါပဲဖြစ်မယ်ဆိုသော အတွေးနှင့် ခြေလှမ်းကို သွက်သွက်လှမ်းလိုက်၏။ ကျောက်သားနံရံရှိရာတောင်ကို စတင်တက်မိသည်နှင့် ကျောက်တုံးကြီးငယ်များ နေရာအနှံ့ တွေ့ရသည်။ ဤကျောက်တုံးများကြောင့် သစ်ပင်ကြီးများ ပေါက်ရောက်ရှင်သန်မှု နည်းသွားခြင်းဖြစ်ပေမည်။

ကျောက်နံရံအနီးသို့ ရောက်သောအခါ အောက်ခြေ၌ လူတစ်ကိုယ်စာ ဝင်နိုင်သည့် အပေါက်တစ်ခုကို တွေ့ရသည်။ ဂူပေါက်ဝရှိ ချုံနွယ်များကိုရှင်းပြီး အတွင်းပိုင်းသို့ အကဲခတ်လိုက်သည်။ အနီးသာ မြင်ရပြီး အတွင်းပိုင်းက မှောင်နှင့်မည်းမည်း ဖြစ်နေသည်။ ကညင်ဆီမီးတိုင် ယူသွားရန်ပြောသည့် ကိုအောင်ရွှေကို ကျေးဇူးတင်မိသည်။ သူက အတွင်းသို့ မရောက်ဘဲ လှည့်ပြန်ခဲ့၍ ဂူက မည်မျှရှည်သည်ကို မသိရှိခဲ့။ ဆုံးခန်းတိုင်အောင် သွားမည်ဆိုပါက ရေနှင့် အစားအစာများ ယူသွားသင့်သည်ဟု အကြံပေးသည်။ သို့ဖြင့် ထမင်းကြော်၊ သောက်ရေနှင့် ကညင်ဆီမီးတိုင်များကို နိုင်သလောက် ယူလာခဲ့၏။

ဂူအတွင်း၌ တောနေသတ္တဝါများ ခိုအောင်းနေနိုင်သည်။ အန္တရာယ်ပြုလာပါက ခြောက်လှန့်ရန် တစ်ခုခုဆောင်ထားမှဖြစ်ပေမည်။ အနီးဝန်းကျင်ကို မျက်စိကစားကြည့်ရာ ဝါးနက်ရုံတစ်ရုံ တွေ့ရသည်။ ဝါးနက်ဝါးက



www.burmeseclassic.com

www.burmeseclassic.com

အခေါင်းပိတ်ချည်းဖြစ်သဖြင့် ကွဲခြမ်းသွားမှာကို ပူစရာမလို။ အလေးချိန်လည်းစီး၍ တောင်ဝှေးအဖြစ် အသုံးပြုနိုင်သည်။ ဝါးရုံသို့သွားပြီး အနေတော် ဝါးတစ်လုံးရွေးကာ လေးတောင်ခန့် ဖြတ်လိုက်သည်။ ထို့နောက် ခိုအောင်းနေနိုင်သည့် သတ္တဝါများကို ခြောက်လှန့်သည့်အနေဖြင့် ဂူပေါက်ဝတွင်ရပ်ကာ ဟေးဟုအော်လိုက်သည်။ အော်သံက ဂူအတွင်းပိုင်းသို့ တိုးဝင်ပြီး ပဲ့တင်ရိုက်ခတ်သွား၏။ ပဲ့တင်သံမဆုံးမီ တဝေါဝေါ ပြေးထွက်လာသော အသံများကို ကြားရသည်။ သို့ဖြင့် ကျောက်နံရံသို့ ပြေးကပ်ကာ ရှောင်တိမ်းလိုက်သည်။

ပြေးထွက်လာသည့် သတ္တဝါများမှာ အမည်းရောင်လင်းနို့ကြီးများဖြစ်နေသည်။ နေ့ခင်းဘက်ဖြစ်၍ ခိုအောင်းနေကြဟန်တူသည်။ သူတို့ ကုန်လောက်သည့်အချိန်ထိစောင့်ပြီး ကညင်ဆီမီးတိုင်ကို ထွန်းညှိကာ ဂူတွင်းသို့ဝင်လိုက်၏။

◆ ◆ ◆

ဂူတွင်းသို့ရောက်သည်နှင့် အောက်သိုးသိုးရနံ့က နှာခေါင်းဝသို့ ရောက်ရှိလာသည်။ ဂူကြမ်းပြင်အား တုတ်ဖြင့် တဖုတ်ဖုတ်ရိုက်ပြီး ခိုအောင်းနေနိုင်သည့် သတ္တဝါများကို ခြောက်လှန့်လာခဲ့သည်။ မီးရောင်ကြောင့် ဂူသွားလမ်းကို လင်းလင်းကျင်းကျင်း မြင်ရသည်။ လင်းနို့ချီးများက နေရာအနှံ့ ပြန့်ကျဲလို့ရှိနေသည်။ ကျောက်သားနံရံမှာ ညီညာမှု မရှိဘဲ ကျင်းချိုင့်များ ဖြစ်ပေါ်နေ၏။

အတွင်းပိုင်းသို့ရောက်လေ ဂူက တဖြည်းဖြည်းကျယ်လာသည်။ အမြင့်မှာ လက်တစ်ဖောင်ခန့်ရှိလာပြီး ဘေးနံရံများအား လက်လှမ်း၍ပင် မမီချင်တော့။ ဂူလမ်းကြောင်းက တစ်ဖြောင့်တည်း ရှိမနေဘဲ အကွေ့အကောက်များလာသည်။ အောက်သိုးသိုးအနံ့များ ပါးလျားသွားသည်ကို သတိထားမိသည်။ ပြန့်ကျဲနေသည့် ကျောက်တုံးကျောက်ခဲများကို ကျော်ခွရင်း လဲမကျအောင် သတိထားလျှောက်နေရသည်။ ပါလာသည့် ဝါးရင်းတုတ်၏ ကျေးဇူးက ကြီးမားလှပေစွ။ မြွေပါးကင်းပါး မကပ်အောင်ခြောက်လှန့်ပေးရုံမက ခန္ဓာကိုယ် လဲမကျအောင် အကူအညီပေးနေသည်။

ဟိုကွေ့ဒီချိုးဖြင့် ဝင်လာခဲ့သည်မှာ နေ့ဝက်မျှပင်ရှိရော့မည်။ ခြေထောက်များကလည်း နာကျင်ကိုက်ခဲလွန်းလှပြီ။ သို့ဖြင့် တစ်ဝက်သာ ကျန်တော့သည့် ကညင်ဆီမီးတိုင်ကို ကျောက်တုံးတစ်ခုတွင် ထောင်လိုက်သည်။ ပါလာသည့် ထမင်းကြော်ထုပ်အားဖြေ၍ အဆာပြေစားလိုက်၏။ ဂူက ဆုံးမည့်ဟန်မျိုး မတွေ့ရ။ ပို၍,ပို၍သာ ကျယ်ဝန်းလာခဲ့သည်။

ထိုင်ပြီး အချိန်ဖြုန်းနေလို့မဖြစ်။ ချထားသည့်ဓားကို ခါးကြားသို့ထိုးကာ တောင်ဝှေးကို ကောက်ကိုင်လိုက်၏။ ကျန်တစ်ဖက်က မီးတိုင်ကိုလှမ်းယူပြီး ထလိုက်သည်။ အကွေ့တစ်ခုကို လွန်သည်နှင့် အလင်းရောင်ကို တွေ့ရသည်။ လိုဏ်ဂူအဆုံးသို့ ရောက်ပြီဆိုသော အသိဖြင့် ကညင်ဆီမီးတိုင်အား ငြိမ်းသတ်လိုက်သည်။ အပြင်ဘက်တွင် မည်သည့်အရာများ ရှိလိမ့်မလဲဆိုသော သိချင်စိတ်ကြောင့် အားတင်းကာ ဆက်လျှောက်လိုက်၏။

လျှောက်ရင်းနှင့် ထွက်ပေါက်မဟုတ်ကြောင်း သိလာရသည်။ အလင်းရောင်၏ အခြားမဲ့ဘက်၌ မှောင်မြဲမှောင်ဆဲ။ နေရောင်က ဂူအမိုးမှ ဖြာကျနေခြင်းဖြစ်သည်။ အလင်းကွက်ပေါ် ခြေစုံရပ်ပြီး အပေါ်သို့ မော့ကြည့်လိုက်၏။ ပြာလဲ့နေသော ကောင်းကင်အား ဆန်ကောဝိုင်းသာသာ အပေါက်မှ လှမ်းမြင်ရသည်။ အလင်းရောင်အားကိုးဖြင့် အနီးဝန်းကျင်ကို လှည့်ပတ်ကြည့်မိသည်။

ကျောက်တုံးကျောက်ခွက်များ နေရာအနှံ့ရှိနေသည်။ ဝိုင်းဝိုင်းပုပုတစ်မျိုး၊ လုံးလုံးချွန်ချွန် တစ်မျိုးရှိနေသော ကျောက်တုံးများအား အရွယ်အစားစုံလင်စွာ တွေ့ရသည်။ ကျောက်ခွက်များမှာလည်း လူထွင်းထားသည့်နှယ် ပြောင်ချောလျက် အရွယ်စုံရှိနေသည်။ ဇော်ဂျီများ၊ ဆေးကြိတ်သည့်နေရာ ဖြစ်လေသလော။ ဂူ၏ကြမ်းပြင်နှင့် နံရံအက်ကြောင်းများတွင် အပင်ငယ်ကလေးများ ပေါက်နေသည်ကို ရေးတေးတေးမြင်ရသည်။ အလင်းရောင် အားနည်းလာ၍ ဘယ်လိုအပင်မျိုး ဖြစ်သည်ကို မှန်းဆမရ။ ဆေးပင် ဆေးမြစ်များဖြစ်ပါက တန်ဖိုးရှိလိုက်မည့်ဖြစ်ခြင်း။ ကိုယ်မသိသော်လည်း ရပ်ရွာရှိ ဆေးဆရာများ သိနိုင်သည်။ နမူနာယူသွားလျှင် ကောင်းလိမ့်မည်။

ကညင်ဆီမီးတိုင်အား ပြန်လည်ထွန်းညှိပြီး အပင်ငယ်ကလေးများကို အနီးကပ်ကြည့်ရန် သွားလိုက်၏။

◆ ◆ ◆

တချို့အပင်များအားသိပြီး အများစုမှာ တွေ့မြင်ဖူး

www.burmeseclassic.com

ခြင်းမရှိ။ အရွက်များမှာ အစိမ်းရောင်ရှိသလို ဝါကြန့်ကြန့် မည်းနက်နက် အရွက်များလည်း တွေ့ရသည်။ တချို့ အရွက်များဆိုလျှင် နီရဲတောက်ပလျက်ရှိသည်။ ပွင့်ချပ်လေးများက အပင်တိုင်းလိုလိုရှိနေပြီး အရောင်အသွေး စုံလင်လှသည်။ အပင်တချို့၌ အသီးကင်းကလေးများ ရှိနေသည်။

မတွေ့ဖူး မမြင်ဖူးသည့် အပင်များ ဖြစ်နေသဖြင့် ထိရ,ကိုင်ရမည်ကို စိုးရွံ့နေမိသည်။ လူကို အန္တရာယ်ပေးနိုင်သည့် အဆိပ်ရှိအပင်များ ဖြစ်နေပါက မခက်ပေလော။ အလားတူ ခရီးလမ်းက ဆုံးစမမြင်သေး။ ဂူက မည်ရွေ့မည်မျှ ရှည်ဦးမည်ကို မခန့်မှန်းနိုင်။ အဆုံးထိ ရောက်အောင်သွားပြီးမှ အပြန်မှာ ခူးဆွတ်လို့ရသည်။ သွားရင်းလာရင်းဖြင့် ဘေးကင်းစွာ ဆွတ်ယူနိုင်မည့် နည်းလမ်းကောင်းများကို တွေးမိနိုင်သည်။ သို့ဖြင့် ခရီးဆက်ရန် ဆုံးဖြတ်လိုက်သည်။

အပင်ငယ်ကလေးများအား ကျော်ခိုင်းထွက်လာရာ ခြေလှမ်းနှစ်ဆယ်မပြည့်မီ အပင်တစ်ပင်ကို ထပ်မံတွေ့ပြန်သည်။ ထိုအပင်မှာ ကြမ်းပြင်မှ ဂူအမိုးသို့တိုင် ထိကပ်လျက်ရှိနေသည်။ ဂူအတွင်းတွေ့ရသော အပင်များအနက် အကြီးဆုံးဟု ဆိုရချေမည်။ ကညင်ဆီမီးတိုင်ကို ရှေ့သို့ အနည်းငယ်မြှောက်ပြီး ခပ်သွက်သွက် လှမ်းလိုက်သည်။ အပင်အနီးသို့ရောက်စဉ် မွှေးရနံ့တစ်ခုက နှာသီးဝသို့ တိုးဝှေ့ဝင်ရောက်လာသည်။ မီးရောင်အားကိုးဖြင့် အပင်ကို အကဲခတ်လိုက်သည်။ အရွက်များမှာ မကြီးမငယ်နှင့် အနေတော်အရွက်များ ဖြစ်ကြသည်။ အကိုင်း၊ အခက်များတွင် လက်သီးဆုပ်ပမာဏ အသီးများ ရှိနေသည်။ ခါးလယ်က သိမ်ဝင်နေပြီး အညှာဘက်အပိုင်းမှာ အနည်းငယ်သေးသည်။ ဝါရွှေသောအရောင်အဆင်းကိုကြည့်ပြီး စားချင်စိတ်ကို ထိန်းမရတော့။ တောင်ဝှေး၊ ဓားနှင့် ရိက္ခာထုပ်အား ပစ်ချကာ အနီးဆုံးအသီးကို လက်လှမ်းလိုက်၏။

'ဝေါ..ဝေါ..ဖရူး..ဖရူး..သော..သော'

အသံများ အဆက်မပြတ်မြည်ဟိန်းပြီး ဂူတစ်ခုလုံး သိမ့်သိမ့်တုန်ခါသွားသည်။ ဂူအမိုးနှင့် ဘေးနံရံမှ ကျောက်ခဲအပိုင်းအစများ ပြိုဆင်းပြီး အမှုန်အမွှားများ လွင့်ပျံလာသည်။ ဂူပြိုတော့မယ်ဆိုသော အသိကြောင့် ခြေဦးတည့်ရာ ပြေးထွက်ခဲ့၏။

တဝုန်းဝုန်း တဒိုင်းဒိုင်း အသံများက နောက်ပါးမှ ထက်ကြပ်မကွာ လိုက်ပါလာသည်။ တွေ့သမျှ ကျောက်တုံးကျောက်ခဲများကို တလွှားလွှားခုန်ကျော်နေစဉ် ကညင်ဆီမီးတိုင်မှာ ဟုပ်ခနဲငြိမ်းသေသွားခဲ့၏။ ကြည့်လေရာရာ မှောင်နှင့်မည်းမည်းသာ မြင်ရတော့၏။ ကညင်ဆီမီးတိုင်အား လွှတ်ချပြီး အားသွန်ဆက်ပြေးလိုက်သည်။ တစ်လှမ်း၊ နှစ်လှမ်း၊ သုံးလှမ်းမြောက်၌ ခြေချင်းဝတ်လည်ပြီး တလိမ့်ခေါက်ကွေး လဲကျကာ အရာအားလုံး မှောင်အတိ ဖုံးလွှမ်းသွားတော့၏။

◆◆◆

'အား..ကျွတ်..ကျွတ်'

ခန္ဓာကို လူးလွန့်ပြီး မျက်လုံးဖွင့်လိုက်သည်။ စူးရှသည့်အလင်းကြောင့် အတင်းပြန်မှိတ်ပြီး ခေတ္တထားလိုက်သည်။ ထို့နောက် ဖြည်းဖြည်းချင်းဖွင့်နေစဉ် ပြာလွင်သော မိုးကောင်းကင်က အမြင်အာရုံထဲသို့ ဝင်ရောက်လာသည်။ ခေါင်းကို ဘယ်ညာလှည့်ပြီး ကြည့်သည်။ စိမ်းညို့ညို့ တောတောင်များကို မြင်ရသည်။ ဂူပြင်ပသို့ ရောက်ရှိနေပြီပဲ။ ဘယ်ပုံဘယ်နည်း ထွက်နိုင်ခဲ့သည်ကို စဉ်းစားမရ။ လဲနေရာမှထပြီး ခန္ဓာကိုယ်အား စစ်ဆေးလိုက်သည်။ အနည်းငယ် နာကျင်ကိုက်ခဲသည်မှအပ ဒဏ်ရာဒဏ်ချက် မတွေ့။ အထိအခိုက်မရှိဘဲ သေဘေးမှ လွတ်မြောက်ခဲ့သဖြင့် အတိုင်းမသိ ဝမ်းသာသွားသည်။

'ဟင်'

တွေ့ရသော မြင်ကွင်းကြောင့် အသံထွက်သွား၏။ ဝါးတစ်ပြန်ခန့်ကျယ်မည့် လမ်းကြောင်းတစ်ခုက ညီညာဖြောင့်တန်းစွာ တည်ရှိနေသည်။ လမ်းဘေးဝဲယာတစ်လျှောက် ပိန္နဲ၊ သရက်၊ သပြေနှင့် ငှက်ပျောပင်များ အစီအရီပေါက်နေကြသည်။ ရှဉ့်တောက်သံ၊ မျောက်အော်သံနှင့် ကျေးငှက်ပေါင်းစုံ၏ အသံကို ကြားရသည်။ ဝမ်းတွင်းမှ တကြုတ်ကြုတ်မြည်လာသဖြင့် စားစရာ ရလိုရငြား ငှက်ပျောပင်များရှိရာသို့ ခြေလှမ်းလိုက်သည်။

သီးမွှေး၊ ရခိုင်၊ ဖီးကြမ်းနှင့် နံ့သာပုပင်များ စုံလင်စွာ ရှိပြီး အပင်တိုင်းလိုလို အသီးခိုင်များ ရှိနေသည်။ ဝင်းမှည့်နေသော ဖီးကြမ်းတစ်ခိုင်အား ဆွဲချပြီး ,ပလုတ်ပလောင်း စားလိုက်သည်။ ဝမ်းထဲသို့ အစာရောက်သွား



www.burmeseclassic.com

www.burmeseclassic.com

သဖြင့် နေသာထိုင်သာရှိကာ အားအင်ပြည့်လာသလို ခံစားရသည်။ ငှက်ပျောပင်များအောက်ရှိ နာနတ်ပင်များမှာ သီးကင်းတည်စပင် ရှိသေးသည်။ နာနတ်ပင်ခြေရင်းမှ လျှောတိုက်ထွက်လာသော တောကြီးမြွေဟောက် တစ်ကောင်ကြောင့် အလန့်တကြား ခုန်လိုက်၏။ လူနှင့်အနီးကပ်တွေ့သည့်တိုင် ရန်လိုဟန်မပြဘဲ သွားမြဲသွားနေသည်။ ဟင်းခနဲ သက်ပြင်းချကာ နေရာမှ သုတ်ခြေတင်ခဲ့၏။

သွားလာရာ လမ်းတစ်လျှောက်၌ အင်၊ ကညင်၊ ပျဉ်းကတိုး၊ ကျွန်းလို အပင်ကြီးများ နေရာအနှံ့ရှိနေသည်။ ကြိမ်၊ ခွေးတောက်၊ လက်မထောက်နွယ်များက တစ်ပင်မှတစ်ပင်သို့ ကူးလူးဆက်နွယ်ထားကြသည်။ တော်ကြက်၊ ဒေါင်း၊ ချိုး၊ ငှ၊ သာလိကာ၊ ကြက်တူရွေး အစရှိသည့် ငှက်များက သံပြိုင်ဟာစ်ကြွေးနေကြ၏။

ချေ၊ သမင်၊ ယုန်၊ ဒရယ်၊ ပြောင်၊ စိုင်၊ ဆတ်သတ္တဝါများမှာ လူတစ်ယောက် လာနေသည်ကို မြင်သော်လည်း ကြောက်ရကောင်းမှန်း သိပုံမရ။ စားမြဲ၊ သွားမြဲ ရှိနေသည်။ ဆင်၊ ကျား၊ ကျားသစ်၊ ဝံ၊ တောဝက်များနှင့် ရင်ဆိုင်တွေ့သည့်တိုင် သူတို့က မမြင်မသိသလို ပြုမူသွားလာနေသည်က အံ့သြစရာပင်။

ပန်းပင်မျိုးစုံမှာ အုံနှင့်ကျင်းနှင့်တစ်မျိုး ပင့်ချင်းတစ်ဖုံ ကိုယ်စီဖူးပွင့်လျက် မွှေးရနံ့စုံစွာထုတ်လွှင့်ပြီး အလှချင်းပြိုင်နေကြသည်။

ဤမျှထူးခြားဆန်းပြားသည့်နေရာမျိုး တစ်သက်နှင့်တစ်ကိုယ် မကြုံစဖူး။ ဗိုက်ဆာလျှင် စားရန် သီးပင်စားပင်များက လက်တစ်ကမ်းမှာ အသင့်။ ရေဆာလျှင် သောက်ဖို့ ကြည်လင်အေးမြသည့် ရေကန်များက ကြာပန်းစုံဖူးပွင့်လျက်။ အိပ်ချိန်ရောက်က မြက်ခင်းပေါ် ကျောဆန့်ပြီး ကြယ်၊ လ၊ နက္ခတ်များ ရေတွက်ကာ အန္တရာယ်ကင်းကင်းနှင့် အိပ်စက်အနားယူနိုင်သည်။ မည်မျှကောင်းလိုက်သနည်း။

သို့ဖြင့် စားလိုက် သွားလိုက် အနားယူအိပ်စက်လိုက်နှင့် နေ့ရက်များမှာ တစ်ရက်ပြီးတစ်ရက် ကုန်ဆုံးသွားခဲ့၏။

◆ ◆ ◆

'နောက်ပိုင်း ဘာဖြစ်သွားသေးလဲ'

ကျော်ကျော်က ပြောစကားကိုရပ်ပြီး လက်ဖက်စားနေသဖြင့် လောဆော်လိုက်သည်။

'အင်း‥ခုနစ်ရက်လောက်လမ်းလျှောက်ပြီး အိန္ဒိယနယ်ထဲ ရောက်သွားသတဲ့။ နှစ်နှစ်ကျော်ကြာမှ သင်္ကန်းဝတ်နဲ့ ရွာကို ပြန်ရောက်လာတယ်'

စကားရပ်ပြီး ဆေးလိပ်မီးညှိနေပြန်သည်။

သူ ပြီးလောက်မှ-

'ဒီအကြောင်းကို စာနဲ့ မှတ်တမ်းတင်ထားတာမျိုး ရှိလားဟ'

သူက စဉ်းစားဟန်ပြုပြီး-

'ကျွန်တော်သိသလောက် မရှိဘူး အစ်ကို။ လက်ဆင့်ကမ်း ပြောဆိုလာကြတာပဲ'

'အင်း‥ထားပါတော့။ အဲဒီမွှန်းတည့်ပေါက်တောင်က ဘယ်မှာရှိတာလဲ'

'တောင်ကုတ်မြို့နယ် ကမာချောင်းဖျားမှာ ဂူတောင်၊ ကန်တောင်ဆိုပြီး တောင်နှစ်လုံးရှိတယ်။ မွှန်းတည့်ပေါက်က ဂူတောင်မှာ ရှိတာလေ။ ဆေးတော်ရွာက တစ်နာရီလောက် သွားရမှာပေါ့။ လမူးကဆိုရင် ကိုးနာရီလောက် သွားရမယ်။ ရခိုင်ဘုရင်တွေ လက်ထက်က အဲဒီဒေသတွေ အရမ်းစည်ခဲ့သတဲ့။ ပဒါ၊ လည်ဖား၊ ရှန်း၊ ကမာဆိုတာ ရွာကြီးတွေလို့ ပြောတယ်။ ဂူတောင်ကို ကျွန်တော့်ညီမ ရောက်ဖူးတယ်။ ကျွန်တော်တော့ မရောက်ဖူးဘူး'

ကျော်ကျော်၏ ပြောစကားများမှာ နားထဲသို့ ဝင်တစ်ချက် မဝင်တစ်ချက်။ ဂူထဲတွင် မွှန်းတည့်ပေါက်ရှိတယ် ဆိုသည်က သူ့ညီမကိုယ်တိုင် ရောက်ဖူးသဖြင့် မလွဲတန်ရာ။ ထိုဂူတွင် 'ထွက်ပေါက်' သီးခြားရှိသည် ဆိုခြင်းမှာ စဉ်းစားစရာ။ ဂူပြုဆင်းစဉ်က ထွက်ပေါက်ပိတ်သွားခြင်းပေလော။ အလားတူ တောတောင်ထူထပ်ရာ အရပ်၌ ဆုံးစမမြင် ဖြောင့်စင်းသွယ်တန်းသည့်လမ်းက အမှန်တကယ်ရှိနိုင်ပါမည်လော။ ရှိသည်ထားဦး၊ ကမာချောင်းဖျားမှ ခုနစ်ရက်သွားရုံဖြင့် အိန္ဒိယနယ်သို့ ရောက်နိုင်ပါမည်လော။ အတွေးများ ချာချာလည်လာသည်။

ဇော်ဂျီဆိုသော ပုဂ္ဂိုလ်သာ အရာရာဖန်ဆင်းခဲ့သော် မည်သို့ပင်ဆိုစေ စာတစ်စောင် ပေတစ်ဖွဲ့အနေဖြင့် မှတ်တမ်းမှတ်ရာ ကျန်မနေသော ပါးစပ်ရာဇဝင်ဆိုသည်မှာ‥။

သက်နိုင်(ကျိုက္ကမာ)



www.burmeseclassic.com

www.burmeseclassic.com

# အရိုးစုပြတိုက်ဂေါ် ဆာနှင့်

ကျော်ဇော(တားကုန်)

အမိမြေ အင်္ဂလန်သို့ ပြန်ရောက်ခဲ့လေပြီ။

ကျွန်ုပ်သည် နှစ်အတန်ကြာသည့်တိုင် အိန္ဒိယတွင် တာဝန်ထမ်းဆောင်ခဲ့ရသည်။ ယခု ဇာတိမြေသို့ ပြန်ရောက်သည်နှင့် ငယ်ပေါင်းမိတ်ဆွေ တစ်ယောက်အား တွေ့လိုသည့်ချင်ခြင်း တပ်လာခဲ့မိလေသည်။

သူ၏အမည်က ဆာဖရန့်စစ်လင်တန်။ ငယ်စဉ်က အီတန်တွင် ကျောင်းနေဖက်။ အောက်(စ်)ဖို့(ဒ်)ကောလိပ် တက်တော့လည်း အတူတူ။ ကျောင်းပြီးသည်နှင့် ကျွန်ုပ်က စစ်တပ်ထဲဝင်ခဲ့ပြီး လူချင်း ကွဲသွားကြသည်။ သူသည် အဘိုးဖြစ်သူ ကွယ်လွန်သွားသောအခါ ဆာဘွဲ့နှင့် ရှော့ရှိုင်းယားရှိ စံအိမ်ကြီးကို အမွေဆက်ခံခွင့် ရရှိခဲ့သည်။ သူ၏ဖခင်က အသေစောသွားသဖြင့် ထိုအခွင့်အရေးများကို ခံစားမသွားခဲ့ရရှာပေ။

ထိုကာလများအတွင်း ကျွန်ုပ်သည် ကမ္ဘာအနှံ့ ခြေဆန့်လျက် တာဝန်များ ထမ်းဆောင်နေခဲ့ရသည်။ ကျွန်ုပ်သည် အိန္ဒိယသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခါနီးတွင် ထိုရှော့ရှိုင်းယားစံအိမ်ကြီးသို့ တစ်ခေါက်အလည်အပတ် ရောက်ခဲ့ဖူးသေးသည်။ သို့ရာတွင် ရက်ပိုင်းကလေးမျှသာ နေခဲ့ရပေသည်။

လန်ဒန်သို့ ပြန်ရောက်ပြီး သုံးရက်မြောက်နေ့တွင် လင်တန်ထံမှ စာတစ်စောင် ရောက်လာခဲ့သည်။ ကျွန်ုပ် ပြန်ရောက်လာသည်ကို သတင်းစာထဲတွင် တွေ့လိုက်ရကြောင်း။ ယခုစာရပြီးသည်နှင့် ရှော့ရှိုင်းယားစံအိမ်ကြီးသို့ ချက်ချင်းလာစေလိုကြောင်း ရေးသားထားခဲ့သည်။

'မင်း မလာနိုင်ဘူးဆိုပြီး ဘာဆင်ခြေမှ မပေးနဲ့။ လာမယ့်တနင်္လာနေ့ ထွက်ခဲ့။ တို့ မြင်းစီးထွက်ကြရအောင်။ မင်း စိတ်တိုင်းကျမယ့် မြင်းတစ်ကောင်လည်း ဝယ်ထားတယ်။ ဒီတော့ မင်းလုပ်ဖို့ တစ်ခုပဲရှိတယ်။ ကင်းခရော့(စ်)ဘူတာက ညဉ့်သန်းခေါင်ထွက်မယ့် ရထားပေါ် တက်လိုက်လာရုံပဲ။ ပက်ဟာမ်ဘူတာမှာ ဆင်းလိုက်ရင် အသင့်စီစဉ်ထားတဲ့ မြင်းလှည်းကို တွေ့လိမ့်မယ်။ အိုကေနော်' ဟူ၍လည်း မငြင်းနိုင်ဖွယ် ရေးသားထားပြန်လေသည်။

ဤသည်မှာ ကျွန်ုပ်အဖို့ ရေငတ်တုန်း ရေတွင်းထဲကျသည့်ကိန်းပင် မဟုတ်လော။ သူ၏အစီအမံအတိုင်း လှုပ်ရှားခဲ့တော့သည်။ ပက်ဟာမ်ဘူတာတွင် ဆင်းပြီးသောအခါ နှစ်ဘီးတပ် ဒေါက်တပ်မြင်းလှည်းကလေး တစ်စီးကို အသင့်တွေ့လိုက်ရသည်။ ကျွန်ုပ်လည်း ချက်ချင်းပင် တက်ထိုင်၍ မောင်းထွက်ခဲ့တော့သည်။

ရှော့ရှိုင်းယားစံအိမ်ကြီးကို အတွေးထဲတွင် ပြန်မြင်ယောင်လာခဲ့သည်။ မကြီးမငယ် အနေတော် အဆောက်အအုံဖြစ်သည်။ မြင်းမိုရ်ပိတ် နီမှိန်မှိန်ဖြင့် ရှေးဟောင်းပုံစံ ရာဇမတ်ကွက်ပါသော ပြတင်းပေါက်များ တပ်ဆင်ထားသည်။ အိမ်ဘေးတွင်လည်း လှပသော ပန်းခြံကလေးရှိသည်။ အိမ်အနောက်ဘက်တွင်တော့ သမင်များ ကျက်စားသည့် တောအုပ်ကလေး။

ကျွန်ုပ်သည် အတွေးစများကိုဖြတ်ကာ အသင့်ဖွင့်ထားသည့် ခြံဝင်းတံခါးပေါက်အတွင်းသို့ ဒေါက်ကပ်ကလေးကို မောင်းဝင်သွားခဲ့သည်။ အိမ်ပေါက်ဝတွင် အသင့်ရပ် စောင့်ကြိုနေသူက ဆာဖရန့်စစ်လင်တန် ကိုယ်တိုင်ပင်ဖြစ်သည်။ နှစ်ပေါင်းများစွာ မတွေ့မြင်ရသော ငယ်ပေါင်းကြီး။ ရုပ်ရည်က သိသာစွာ ပြောင်းလဲမှုမရှိ။ မျက်နှာပေါ်တွင်တော့ လှိုက်လှဲဝမ်းသာမှု အရိပ်အယောင်များက အထင်းသား။

သူသည် ကျွန်ုပ်ကို လက်နှစ်ဖက်လုံးဖြင့် ဆုပ်ကိုင်ကြိုဆိုခဲ့သည်။ ပခုံးကိုဖက်၍ အိမ်အတွင်းသို့ ခေါ်သွား



www.burmeseclassic.com

www.burmeseclassic.com

သည်။ ကျွန်ုပ်၏ ဦးထုပ်နှင့် လည်ပတ်အဝတ်တို့ကို လှမ်းယူပြီး ခြေဆုံးခေါင်းဆုံး ကြည့်လာသည်။ ထို့နောက် ခေါင်းတညိတ်ညိတ်ဖြင့်ပြုံးရင်း ကျွန်ုပ်ကို တွေ့ရသဖြင့် ပြောမပြတတ်အောင် ဝမ်းသာကြောင်း စတင်ပြောလာခဲ့သည်။ သူ့အိမ်အရောက် ကျွန်ုပ်ကို ခေါ်ဆောင်နိုင်သဖြင့်လည်း အားရကျေနပ်နေသည်ဟု ဆိုသည်။ ငယ်စဉ်က ကဲ့သို့ အတူတကွ ပျော်ရွှင်ခဲ့ကြသည့်အချိန်များ တစ်ဖန်ပြန်ရခဲ့ပြီဟုလည်း တတွတ်တွတ်ပြောနေလေတော့သည်။

ကျွန်ုပ်၏ ခရီးဆောင်သေတ္တာအား အိမ်အကူတစ်ယောက်က သယ်ဆောင်သွားခဲ့သည်။ ပထမထပ်တွင် ကျွန်ုပ်အတွက် အခန်းပြင်ဆင်ထားကြောင်း သိရသည်။ နှစ်ယောက်သား စကားတပြောပြောဖြင့် ဝက်သစ်ချသား လှေကားကြီးအတိုင်း တက်ခဲ့ကြသည်။ လင်တန်သည် အခန်းပေါက်ဝအထိ ကျွန်ုပ်ကို လိုက်ပို့ခဲ့သည်။ နောက်ဆယ့်ငါးမိနစ်ကြာလျှင် စားသောက်ခန်းသို့ ဆင်းလာရန် မှာကြားပြီး ပြန်ထွက်သွားလေသည်။

◆ ◆ ◆

ညစာစားဝိုင်းတွင် လူစုံရောက်နေကြလေပြီ။

လေဒီလင်တန်၏ ဘေးတွင် ကျွန်ုပ်အတွက် နေရာချန်ထားသည်ကို တွေ့ရသည်။ အခြားထိုင်ခုံများတွင် သူငယ်ချင်းဇနီးမောင်နှံအပြင် ၎င်းတို့၏ သမီးနှစ်ယောက်၊ သူငယ်ချင်း၏ညီ သောမတ်(စ်)လင်တန်၊ ခရစ်ယာန် သင်းအုပ်ဆရာ တစ်ယောက်နှင့် ကောင်းစွာမမှတ်မိသူများ အသင့်ထိုင်စောင့်နေကြလေသည်။ ကျွန်ုပ် ကြိုက်တတ်သည့် ဟင်းလျာများ စီစဉ်ပေးထားသဖြင့် အတော်ပင် ခံတွင်းတွေ့ခဲ့ရသည်။

ညစာစားပြီးနောက် ဧည့်ခန်းအတွင်းသို့ နေရာရွှေ့ခဲ့ကြသည်။ ထွေရာလေးပါး ပြောဆိုနေခဲ့ကြပြီးနောက် အမျိုးသမီးများ အပေါ်ထပ်သို့ သွားကြသည်။ လင်တန်နှင့် ကျွန်ုပ်တို့သည်လည်း သူ၏ စာဖတ်ခန်းသို့ ထွက်ခဲ့ကြသည်။ ငယ်ပေါင်းနှစ်ယောက် ရှေးဟောင်းနှောင်းဖြစ်များ ပြော၍မကုန်နိုင်ခဲ့ပေ။ ကျွန်ုပ်၏ အခန်းသို့ တက်၍ အိပ်ရာထက်တွင် လဲလျောင်းလိုက်ချိန်သည် နံနက်သုံးနာရီခန့်ပင် ရှိနေချေပြီ။

◆ ◆ ◆

နောက်တစ်နေ့နံနက် ကိုးနာရီခန့်။

ကျွန်ုပ် အိပ်ရာထ နောက်ကျသွားသည်။ နံနက်စောစော စားရန် စောင့်နေကြသည့် လင်တန်တို့ မိသားစုကို တောင်းပန်ခဲ့ရသည်။ ထို့နောက် ခပ်သုတ်သုတ်ပင် စားခဲ့ကြပြီး နံနက်ပိုင်းသတင်းစာများ ဖတ်ခဲ့ကြသည်။ ခေတ္တ





www.burmeseclassic.com

www.burmeseclassic.com

အကြာတွင် လင်တန်သည် ၄င်းအတွက် ရောက်လာသည့် စာများကို ဖတ်ရန် နှုတ်ဆက်ထသွားတော့သည်။

ကျွန်ုပ်လည်း အိမ်ကြီးကို လှည့်လည်ကြည့်ရှုလိုကြောင်း လေဒီလင်တန်ကို တောင်းဆိုလိုက်သည်။ သူမက သမီးကြီးဖြစ်သူ အဲလိဇဘတ်ကို တာဝန်ပေးလိုက်လေသည်။ ထိုသူငယ်မစာလည်း လိုလားစွာပင် အိမ်ကြီးအတွင်း လှည့်လည်ပြသခဲ့သည်။ ကျွန်ုပ် ကနဦးတွင် ပြောပြခဲ့သည့်အတိုင်း ထိုစံအိမ်ကြီးသည် ခန့်ညားထည်ဝါခြင်း မရှိပေ။ လေးထောင့်ခြံဝင်းအတွင်း ထောင့်တစ်ထောင့်ကို ကပ်လျက် တြိဂံပုံတည်ဆောက်ထားသည်။ မြင်းဇောင်းနှင့် ခြံဝင်းတံခါးပေါက်များက ကျန်သည့် ဝင်းမျက်နှာစာနှစ်ဖက်တွင် အသီးသီးရှိကြလေသည်။

အိမ်အတွင်းပိုင်းကတော့ စိတ်ဝင်စားဖွယ်ကောင်းလှသည်။ အခန်းတိုင်း၏ရှေ့တွင် စင်္ကြံလမ်းအသွယ်သွယ်ကို တွေ့ရသည်။ ခန်းမကျယ်တစ်ခန်းနှင့် ပန်းချီကားများချိတ်ဆွဲထားသည့် အခန်းလည်း ရှိသည်။ အိပ်ခန်းလွတ်ဟူ၍ ကျွန်ုပ်နေသည့် တစ်နေရာသာ ရှိပုံရလေသည်။ ကျွန်ုပ်တို့သည် မြေညီထပ်တွင် လှည့်ပတ်ကြည့်ပြီးနောက် ပထမထပ်သို့ တက်ခဲ့ကြသည်။ အဲလိဇဘတ်သည် တစ်နေရာအရောက်တွင် ရုတ်တရက်ရပ်လိုက်ကာ လှည့်ပြောလာခဲ့သည်။

'ကဲ‥အခုထူးခြားတဲ့နေရာတစ်ခု လိုက်ပြမယ်။ အန်ကယ့်အခန်း အပေါ်တည့်တည့်မှာရှိတာ။ နောက်က ဖြည်းဖြည်းတက်လိုက်ခဲ့နော်'

သူမသည် ကျဉ်းမြောင်းသည့် ကြောင်လိမ်လှေကားကလေးအတိုင်း တက်သွားသည်။ ကျွန်ုပ်လည်း သတိဖြင့် လိုက်သွားခဲ့သည်။ လှေကားဆုံးလျှင် သန့်ရှင်းသပ်ရပ်သော အခန်းငယ်လေးအတွင်းသို့ ရောက်သွားသည်။ တစ်ဖက်ထိပ်တွင် တံခါးတစ်ပေါက်ကို လှမ်းတွေ့ရသည်။ သူမဖခင်၏ စာအုပ်များနှင့် စာရွက်စာတမ်းများထားသည့် နေရာဖြစ်ကြောင်း အဲလိဇဘတ်က ပြောပြခဲ့သည်။ ကျွန်ုပ်လည်း အခန်းကလေးအတွင်း မျက်စိကစားလိုက်မိသည်။

မီးလင်းဖိုရှေ့တွင် ခုတင်တစ်လုံး ချထားလျက်ရှိသည်။ ခန်းဆီးကန့်လန့်ကာများ တွန်းရွှေ့သည့် တုတ်ချောင်းအချို့ကိုလည်း သတိထားလိုက်မိသည်။ ခုတင်ဘေးရှိ ခန်းဆီးစအား ဆွဲပိတ်လိုက်ပါက သီးခြားအိပ်ခန်းငယ်လေး ဖြစ်သွားနိုင်ပေသည်။ သို့ဖြင့် အဲလိဇဘတ်ကို လှမ်းမေးလိုက်မိသည်။

'ဒီထဲမှာ တစ်ယောက်ယောက် အိပ်ပုံရတယ်။ ဟုတ်လားကွ'

'ဟင့်အင်း၊ ဒီအခန်းကို မသုံးတာ ကြာပြီရှင့်။ အဲ‥အဘိုးလက်ထက်တုန်းက ဧည့်သည်တွေ ပြည့်နေတဲ့အခါ တစ်ယောက်ယောက်ကို ပေးနေတယ်လို့တော့ ကြားဖူးတယ်ရှင့်။ ကဲ‥ဦးကို အိမ်အပြင်ဘက် လှည့်ပြရဦးမယ်။ သွားကြရအောင်'

ကျွန်ုပ်၏စိတ်ထဲတွင် မသိုးမသန့်ဖြစ်လာသဖြင့် ထိုအခန်းအကြောင်း ဆက်၍စပ်စုလိုမိခဲ့သည်။ သို့ရာတွင် သွက်လက်စွာ လှည့်ထွက်သွားသည့် အဲလိဇဘတ်နောက်သို့ လိုက်သွားရတော့သည်။ ဤသို့ဖြင့် ရောင်စုံပန်းများဖြင့် သာယာလှပသော ပန်းခြံအတွင်းရောက်ခဲ့သည်။ မြင်းဇောင်းကိုလည်း သွားခဲ့သည်။ အမဲလိုက်ခွေးကြီးများထားသည့် နေရာကိုလည်း အဲလိဇဘတ်က လိုက်ပြခဲ့လေသည်။

မွန်းလွဲတစ်နာရီခန့်တွင် အိမ်ကြီးအတွင်း ပြန်ဝင်ခဲ့ကြသည်။ နေ့လယ်စာကိုလည်း ပုံမှန်အချိန်ထက်စောပြီး စားခဲ့ကြသည်။ အကြောင်းမှာ နေ့လယ်ပိုင်းတွင် ရှေးရှိုင်းယားဒေသရှိ ရှေးဟောင်းဘုရားရှိခိုးကျောင်းပျက်များ ရှိရာသို့ သွားရောက်လေ့လာရန် စီစဉ်ထားသောကြောင့်ပင် ဖြစ်လေသည်။

◆ ◆ ◆

ထိုနေ့ညက စောစီးစွာပင် နားခွင့်ရခဲ့ပေသည်။

လင်တန်သည် ညစာစားပြီးနောက် ကျွန်ုပ်ကို တောင်းပန်ကာ အပြင်သို့ ထွက်သွားခဲ့သည်။ အရေးပေါ် အလုပ်ကိစ္စတစ်ခုကြောင့်ဟု သိရသည်။ ကျွန်ုပ်အဖို့မူ အခွင့်အရေးရခဲ့ခြင်းပင်တည်း။ အဘယ်ကြောင့်ဟူမူ လန်ဒန်သို့ စာရေးရန် ဆန္ဒပြင်းပြနေသောကြောင့်ပင် ဖြစ်သည်။

ဤသို့ဖြင့် ကျွန်ုပ်သည် စာသုံးစောင်မျှထိ ထိုင်ရေးဖြစ်ခဲ့သည်။ တတိယမြောက်စာကို ရေးပြီးနောက် အိပ်ရာထဲ ဝင်လှဲကာ ကျောဆန့်လိုက်မိသည်။ ထိုစဉ်ခိုက်တွင်ပင် နှလုံးတုန်ဖွယ် ဇာတ်လမ်းက နိဒါန်းပျိုးလာခဲ့တော့သည်။

ကျွန်ုပ်အိပ်ခန်း အပေါ်ထပ်က ခြေသံကို ကြားလိုက်ခြင်း ဖြစ်သည်။ ထိုနေရာတွင် လူမနေသဖြင့် အံ့သြသွား



www.burmeseclassic.com

www.burmeseclassic.com

ရသည်။ သို့ဖြင့် နားစွင့်ထားလိုက်မိသည်။

ခြေသံတစ်လှမ်းချင်း ခပ်ပြင်းပြင်း နင်းလာပုံမျိုးဖြစ်သည်။ ခြေလှမ်းရေ၍ လျှောက်နေသလောဟုပင် ထင်လိုက်မိသည်။ ထို့အပြင် တဖြည်းဖြည်း နီးလာသည်နှင့် အမျှ ပိုမိုကျယ်လောင်လာခဲ့သည်။ ထို့နောက် အသံတဖြည်းဖြည်း နီးလာသည်နှင့်အမျှ ပိုမိုကျယ်လောင်လာခဲ့သည်။ ထို့နောက် အသံတဖြည်းဖြည်း တိုးသွားရာက နောက်ဆုံးတွင် တိတ်ဆိတ်သွားတော့သည်။ အဝေးတစ်နေရာသို့ ပြန်ထွက်သွားသည်နှင့် တူလှပေသည်။

ကျွန်ုပ်လည်း ရုတ်တရက် ရင်ထိတ်သွားမိသည်။ အိပ်ရာထဲတွင် တုတ်တုတ်မျှမလှုပ်ဝံ့တော့။ လူမနေသော အခန်းတွင်းက အဘယ်ကြောင့် ခြေသံထွက်ပေါ်လာရပါသနည်း။ အတွေးပွားရင်း နှလုံးခုန် မြန်လာခဲ့တော့သည်။ သို့ရာတွင် ထိုနေရာသည် လင်တန်၏ စာအုပ်များနှင့် စာရွက်စာတမ်းများထားသည့် အခန်းနှင့် တစ်ဆက်တည်းဖြစ်ကြောင်းကိုလည်း ပြန်သတိရလိုက်သည်။ သို့ဖြင့် စိတ်အနည်းငယ် သက်သာရာရသွားခဲ့သည်။ နောက်နေ့ကျမှ လင်တန်ကို မေးကြည့်တော့မည်ဟု ဆုံးဖြတ်ကာ အိပ်ရာဝင်လိုက်သည်။ စင်စစ်တွင် တစ္ဆေတစ်ကောင်က ခြေသံဖြင့် စတင်မိတ်ဆက်လာခြင်းပင်ဖြစ်ကြောင်း နောင်တွင်မှ သိခဲ့ရတော့သည်။

◆◆◆

'မင်း မနေ့က အတော်ညဉ့်နက်တဲ့အထိ အလုပ်တွေရှုပ်နေပုံရတယ်။ ဟုတ်လားကွ'

ကျွန်ုပ်သည် နောက်တစ်နေ့နံနက် လက်ဖက်ရည်ဝိုင်းတွင် လင်တန်ကို လှမ်းမေးလိုက်သည်။ သူက မျက်ခုံးများပင့်ရင်း ကြည့်လာသဖြင့် ဆက်ပြောလိုက်ရသည်။

'ညတစ်နာရီကျော်ကျော်မှာ ငါ့အခန်းအပေါ်ထပ်က လှုပ်ရှားသံ ကြားခဲ့ရလို့ကွ'

လင်တန်က မျက်မှောင်ကြုတ်လိုက်ပြီး ယတိပြတ်ပြန်ပြောလာခဲ့သည်။

'ဒီတစ်ခါတော့ မင်း အတိအကျကို လွဲသွားပြီ။ ငါ ပြန်ရောက်ပြီး အိပ်ရာဝင်တော့ ဆယ့်နှစ်နာရီတောင် မထိုးသေးဘူးကွ'

'ညတုန်းက အပေါ်ထပ်မှာ တစ်ယောက်ယောက် လမ်းလျှောက်နေတာ သေချာတယ်ကွ။ ငါ့နားနဲ့ ဆတ်ဆတ်ကြားခဲ့ရတာ။ ဘယ်လိုမှ မလွဲနိုင်ဘူး'

ကျွန်ုပ် အတွန့်တက်လိုက်သည်ကို လင်တန်က ခေါင်းတဆတ်ဆတ်ညိတ်ရင်း တစ်ခုခုတွေးနေပုံရသည်။ ထိုစဉ် သူ၏ညီ သောမတ်(စ်)က သောက်လက်စ လက်ဖက်ရည်ခွက်ကို ချလိုက်ပြီး ဖြတ်ပြောလာခဲ့သည်။

'ကျွန်တော်လည်း တစ်ခါတလေ ကြောင်လိမ်လှေကားအတိုင်း တက်သွားတဲ့ ခြေသံလိုလို ကြားဖူးတယ်။ သေချာလိုက်ကြည့်တော့ ကြောင်ကလေး တစ်ကောင်တောင် မတွေ့ရပါဘူးဗျာ။ စိတ်ထင်လို့နေမှာပါ။ ထားလိုက်ပါတော့။ ဧည့်သည်တော်ကြီးကို မေးမလို့။ ဒီမနက် ခွေးတွေနဲ့ အမဲလိုက်ထွက်ကြဖို့ စီစဉ်ထားတယ်။ လိုက်မကြည့်ချင်ဘူးလားဗျ။ အမျိုးသမီးတွေလည်း ပါတယ်လေ'

'အေးအေးဆေးဆေး သွားကြပါကွာ။ မလိုက်တော့ပါဘူး'

ထိုစဉ်တွင် လင်တန်သည် တစ်ခုခုကို သတိရသွားဟန်ဖြင့် ဝင်ပြောလိုက်သည်။

'နေဦးကွ၊ မင်းအတွက် သစ်ကျားသီးခွံရောင်မြင်း ဝယ်ထားတယ်လေ။ ညနေကျရင် မြင်းစီးထွက်မလားလို့ ကြံထားတာ။ ဒီလိုလုပ်၊ အမဲလိုက်မယ့်အဖွဲ့က အရင်သွားနှင့်ကြ။ တို့က နောက်မှ အေးအေးဆေးဆေး လိုက်ခဲ့ကြမယ်'

ဤသို့ဖြင့် တစ္ဆေခြေသံအကြောင်း ဆက်ပြောခွင့်မသာခဲ့တော့ပေ။ လင်တန်ကို ကြည့်ရသည်မှာလည်း ထိုအကြောင်း ပြောလိုဟန်မတူပေ။ အကြောင်းတစ်စုံတစ်ရာရှိနေပုံရလေသည်။ ကျွန်ုပ်လည်း အသာငြိမ်နေလိုက်တော့သည်။ လင်တန်နှင့် ကျွန်ုပ်တို့သည် နံနက်ဆယ့်တစ်နာရီတွင် မြင်းကိုယ်စီဖြင့် ထွက်ခဲ့ကြတော့သည်။

◆◆◆

နိုဝင်ဘာလဆန်းအချိန်ပင် ဖြစ်သည်။

ကြုံတောင့်ကြုံခဲ လေပြည်လေညင်း တဖြူးဖြူးဖြင့် သာယာလှပသည့် နေ့တစ်နေ့လည်းဖြစ်သည်။ ကျွန်ုပ်တို့သည် တောင်ကုန်းတစ်ခုထိပ်သို့ တက်ခဲ့ကြသည်။ ထိုနေရာတွင် အမဲလိုက်သည့် အဖွဲ့များနှင့် ဆုံနိုင်သည်ဟု လင်တန်က မှန်းဆထားခဲ့သည်။ သို့ရာတွင် ၄င်းတို့၏ အရိပ်အယောင်ကိုမျှ မတွေ့ခဲ့ရပေ။ သားကောင်နောက်သို့

www.burmeseclassic.com

အလောတကြီး လိုက်သွားကြသဖြင့် လမ်းလွဲသွားပုံရလေသည်။

ထို့ကြောင့် လမ်းကြောင်းပြောင်း၍ ခရီးဆက်နှင်ခဲ့ကြသည်။ ကျွန်ုပ်တို့သည် ညနေသုံးနာရီခန့်တွင် ပါလာသည့် အသားညှပ်မုန့်များကို အဆာပြေစားခဲ့ကြသည်။ ထို့နောက် လင်တန်သည် တစ်စုံတစ်ရာ ဆုံးဖြတ်ချက်ချလိုက်ဟန်ဖြင့် ပြောလာခဲ့သည်။

'ကဲ..သူငယ်ချင်းရေ၊ တို့ ဆက်မလိုက်တော့ဘဲ အိမ်ပြန်ကြရအောင်။ လာလမ်းအတိုင်းမဟုတ်ဘဲ တခြားလမ်းက မင်းကို လှည့်ခေါ်သွားမယ်'

ဤသို့ဖြင့် တောင်ကြောပေါ်မှ ဆင်းသည့်လမ်းသို့ မရောက်မီ မြေဖြူမိုင်းတွင်းပေါင်းများဘက်သို့ ရောက်သွားခဲ့သည်။ မြေဖြူဖုတ်သည့် ဖိုပေါင်းများကိုလည်း တွေ့လိုက်ရသည်။ ဤတွင်ပင် ကျွန်ုပ်သည် အတိတ်တစ်ချိန်က ပုံရိပ်များကို ဖျတ်ခနဲပြန်၍ သတိရလာမိသည်။ လွန်ခဲ့သောနှစ်များစွာက ပထမဆုံးအကြိမ် လာရောက်လည်ပတ်စဉ် လင်တန်နှင့်အတူ ထိုနေရာသို့ ရောက်ခဲ့ဖူးလေသည်။ ထို့ကြောင့် လင်တန်ကို လှမ်းပြောလိုက်မိသည်။

'သူငယ်ချင်း..ဟိုးတစ်ခါ တို့ ဒီနားကိုရောက်တုန်းက ကြုံခဲ့တဲ့အဖြစ်ကို သတိရသေးလားကွ။ မြေဖြူတွေ တူးထုတ်နေတဲ့ အလုပ်သမားတွေက လူအရိုးစုကြီး တစ်ခုကို တွေ့ခဲ့တာလေ။ အဲဒါကြီးကို မပျက်စီးအောင် ထိန်းသိမ်းထားမယ်လို့ မင်းပြောခဲ့တယ်။ ပြီးရင် မနုဿဗေဒပညာရှင်ကိုပြပြီး ရှေးခေတ်အင်္ဂလိပ်လား ဒိန်းနစ်လား၊ ဒါမှမဟုတ် ခုခေတ်လူပဲလားဆိုတဲ့ ဇာစ်မြစ်ကို ဖော်ခိုင်းမယ်ဆို ဘယ်လိုအဖြေရခဲ့လဲကွ'

လင်တန်၏မျက်နှာ ကွက်ခနဲပျက်သွားသည်။ သို့သော် ရုတ်ခြည်းပင် ဣန္ဒြေဆည်၍ မပွင့်တပွင့် ပြန်ဖြေလာခဲ့သည်။

'အင်း..နောက်ဆုံးတော့ အကောင်းဆုံးလမ်းကိုရွေးပြီး အဲဒါကြီးကို တခြားပို့ပစ်လိုက်တယ်ကွ'

'ရဲတွေ တရားရုံးတွေနဲ့ရော ပတ်သက်ခဲ့ရသေးလား'

'နိုး..နိုး..ကမ္ဘာအနှံ့က သချိုင်းပေါင်းတွေ ပြန်တူးဖော်တာကို လေ့လာခဲ့ဖူးတယ်ကွ။ အဲဒါကြီးကိုလည်း သမိုင်းမတင်ခင်ခေတ်က မြှုပ်ခဲ့တဲ့ အလောင်းများလားလို့ သံသယဝင်ခဲ့တာ။ ဒါပေမဲ့ ခေါင်းရှုပ်တာနဲ့ အဲဒီ ကျွေးကောက်နေတဲ့ အရိုးစုကြီးကို စကာဘိုရော့ပြတိုက်ကို ပို့လိုက်တော့တယ်။ ရာဇဝတ်မှုနဲ့ပတ်သက်တယ်လို့ ဘယ်သူမှ မထင်ခဲ့ဘူးကွ'

ကျွန်ုပ်သည် သူ၏စကားကို ဘဝင်မကျမိပေ။ တစ်ခုခု လွဲချော်နေသည်ဟု ခံစားမိခဲ့သည်။ သို့သော် မည်သို့မျှ မပြောတော့ဘဲ မြင်းကို အသားကျနှင်ခဲ့လေသည်။ တောင်ကြောပေါ်မှဆင်းခဲ့ကြပြီး မကြာမီတွင်ပင် လင်တန်၏ စံအိမ်ကြီးသို့ ပြန်ရောက်ခဲ့ကြသည်။ မြင်းများ လာသိမ်းသည့် လူငယ်ကလေးကို လင်တန်က မေးလိုက်သည်။

'ဘာထူးသေးလဲကွ'

'ဟို..လွန်ခဲ့တဲ့တစ်နာရီလောက်က မစ္စတာဟာမ့်ရှိုင်းယားတို့စုံတွဲ ရောက်လာကြတယ်ခင်ဗျ။ ဖရမ်တန်ရဲတိုက်က အပြန်လမ်းမှာ မြင်းတစ်ကောင် ခြေနာသွားလို့ ဒီမှာ တစ်ည ဝင်တည်းတာလို့ ကြားရတယ်ဗျ'

ကျွန်ုပ်တို့လည်း ဧည့်ခန်းအတွင်း ဝင်သွားကြသည်။ လေဒီလင်တန်သည် ဧည့်သည်များကို လက်ဖက်ရည်ဖြင့် ဧည့်ခံလျက်ရှိသည်။ လင်တန်၏ ညီမဖြစ်သူ မစ္စတာဟာမ့်ရှိုင်းယားကတော်က လှမ်းပြောလာခဲ့သည်။

'အစ်ကိုကြီးတို့ဆီ မရောက်တာကြာလို့ လာလည်တာရှင့်'

'အိုး.. သိပ်ကောင်းတာပေါ့။ မတွေ့ရတာလည်း အတော်ကြာနေပြီ'

'ကျွန်မတို့က အလည်အပတ်ခရီး ထွက်လာတာရှင့်။ ပထမ ဝင်တည်းတဲ့အိမ်မှာ ရုတ်တရက် နာရေးကိစ္စ ပေါ်လာတယ်လေ။ အိမ်ရှင်က တခြားတစ်နေရာမှာ ပြောင်းတည်းဖို့ စီစဉ်ပေးပါတယ်။ ဒါပေမဲ့ ကျွန်မတို့က အဲဒီကပြီးရင် ဒီကိုလာဖို့ စိတ်ကူးပြီးသားလေ။ ဒါကြောင့် ဒီကိုပဲ တန်းလာခဲ့တော့တာ။ ညရေးညတာအတွက် အဆင်ပြေပါတယ်နော်'

လေဒီလင်တန်က ဝင်ဖြေပေးလိုက်သည်။

'ဘာမှမပူပါနဲ့။ အဆင်ပြေအောင် စီစဉ်ပေးမှာပေါ့'

သူမသည် လင်တန်ဘက်သို့လှည့်၍ ဆက်ပြောလိုက်သည်။

'ရှင်နဲ့ တိုင်ပင်စရာလေးတွေရှိတယ်။ သွားကြရအောင်'



www.burmeseclassic.com

www.burmeseclassic.com

နှစ်ယောက်သား တောင်းပန်၍ ဧည့်ခန်းအတွင်းမှ ထွက်သွားကြသည်။ လင်တန်သည် ခေတ္တအကြာတွင် ပြန်ဝင်လာပြီး ကျွန်ုပ်ကို လှမ်းပြောလာခဲ့သည်။

'မင်းကို အရေးတကြီး ပြစရာရှိတယ်ကွ။ လာ'

သူသည် ဧည့်ခန်းတစ်နေရာရှိ မြေပုံကားချပ်တစ်ခု ရှေ့သို့ ကျွန်ုပ်အား ခေါ်သွားခဲ့သည်။ ထို့နောက် မြေပုံပေါ်ရှိ တစ်နေရာကို ထောက်ပြပြီး ခပ်တိုးတိုး ပြောလာခဲ့သည်။

'ဧည့်သည်တွေ မရိပ်မိအောင် ဒီကို ဟန်ဆောင်ခေါ်လာတာကွ။ ပြောချင်တာကတခြား အားလည်းနာတယ်။ မင်းကို အခန်းပြောင်းခိုင်းမလို့။ ဟိုအပေါ်ထပ်က အခန်းလေကွာ။ လောလောဆယ် အဲဒီတစ်နေရာပဲ အလွတ်ရှိတယ်။ အဲဒီက မီးလင်းဖိုကို သွားမွေးခိုင်းထားတယ်။ မင်းပစ္စည်းတွေလည်း ရွှေ့ပြီးနေလောက်ပြီကွ။ တစ်ရက်၊ နှစ်ရက်လောက် သည်းခံပြီး နေပေးပါကွာ'

ကျွန်ုပ်ကဲ့သို့ ငယ်ပေါင်းတစ်ယောက်အပေါ် ယင်းသို့ ဆက်ဆံလာသည်ကို အနည်းငယ်စိတ်ခုမိသည်ကတော့ အမှန်ပင်ဖြစ်သည်။ သို့ရာတွင် ဘာမထီဟန်ဖြင့် အလိုက်သင့် ပြန်ပြောလိုက်ရလေသည်။

'ရပါတယ်ကွာ။ အဲဒီနေရာကလည်း အဆင်ပြေမှာပါ'

ပြောပြီးသည်နှင့် ရေမိုးချိုး အဝတ်စားလဲရန် တက်သွားခဲ့သည်။ ကျွန်ုပ်၏ နေရာအသစ်က နေချင့်စဖွယ်ပင် ဖြစ်သည်။ မီးလင်းဖိုက အရှိန်ကောင်းစွာရနေပေပြီ။ အနီးတွင် လက်တင်ပါ ကုလားထိုင် တစ်လုံးကို ချထားပေးသည်။ ကျွန်ုပ်၏ စာအုပ်များနှင့် စာရေးကိရိယာများကို လည်း စားပွဲတစ်လုံးပေါ်တွင် တင်ထားလျက် တွေ့ရသည်။ စားပွဲအလယ်တွင်တော့ စာကြည့်မီးအိမ်ငယ်တစ်ခု အသင့်ချပေးထားသည်။ ခုတင်အနီးရှိ ခန်းဆီးစကို ဆွဲပိတ်ထားသဖြင့် သီးသန့်အခန်းလေးသဖွယ် ဖြစ်နေပေသည်။

ကျွန်ုပ်သည် ရေမချိုးမီ ခုတင်ပေါ်တွင် ခေတ္တလှဲ၍ အတွေးနယ်ချဲ့နေမိသည်။ ဧည့်သည်လင်မယားကို ထိုအခန်းတွင် မထားသည့် အကြောင်းရင်းကိုလည်း သဘောပေါက်သွားရသည်။ အနီးအခန်းသို့ရောက်ရန် ကြောင်လိမ်လှေကား ကျဉ်းကျဉ်းကလေးကို အသုံးပြုရလေသည်။ အမျိုးသမီးများ၏ ဂါဝန်ရှည်ကြီးဖြင့် ထိုလှေကားကို တက်ရန် လုံးဝမဖြစ်နိုင်သောကြောင့်ပင် ဖြစ်ပေသည်။

မည်သို့ဆိုစေ ဤသည်မှာ တစ္ဆေတစ်ကောင်နှင့်ပင် ပက်ပင်းတိုးရန် ဖန်လာသည့် အကြောင်းရင်းဖြစ်သည်ကို ထိုစဉ်က လုံးဝရိပ်စားမိခဲ့ခြင်း မရှိသည်က အမှန်ပင် ဖြစ်ပေတော့သည်။

◆◆◆

ထိုနေ့ ညစာစားပြီးချိန်တွင် ဖြစ်သည်။

ဆာဖရန့်စစ်လင်တန်သည် ဧည့်သည်ဇနီးမောင်နှံနှင့် ပို၍အလွမ်းသင့်နေခဲ့သည်။ မတွေ့ရသည်မှာ ကြာပြီဖြစ်သော ညီမနှင့် ယောက်ဖတို့ကို စကားလက်ဆုံ ပြောမကုန် ကိန်းဆိုက်နေခြင်းပင်ဖြစ်သည်။ မစ္စတာဟမ့်ရှိုင်းယားက လည်း မကြာမီတွင် အီဂျစ်သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရမည်ဖြစ်ကြောင်းလည်း ကြားသိထားရသည်။

မကြာမီတွင်ပင် ကျွန်ုပ်ကို တောင်းပန်ကာ သမီးယောက်ဖနှစ်ဦး စာဖတ်ခန်းဘက်သို့ ထသွားကြသည်။ ကျွန်ုပ်လည်း အခန်းသစ်ကလေးဆီသို့ တက်ခဲ့သည်။ ထို့နောက် ဖတ်လက်စစာအုပ်ကိုဖွင့်၍ မိမိကျနေတော့သည်။ အတန်ကြာသော် ခါးညောင်းလာသည်နှင့် အိပ်ရာထဲ ဝင်လှဲလိုက်သည်။

ထိုသို့ဝင်မလှဲမီ ပိတ်ထားသည့် ခန်းဆီးစအား နှစ်ဖက်ခွဲ ဖွင့်ခဲ့သေးသည်။ အလုံပိတ်အခန်းတွင်း၌ ကျွန်ုပ် မအိပ်တတ်ပေ။ အသက်ရှူကျပ်သောကြောင့်ပင်ဖြစ်သည်။ ထို့ထက်ပိုသော အကြောင်းကလည်း ရှိနေပြန်သေးသည်။ ပြတင်းပေါက်မှ ဝင်လာသည့် လရောင်က ကြမ်းခင်းတစ်လျှောက် တဖြည်းဖြည်း ရွေ့လျားသွားပုံကို စောင့်ကြည့်လိုသည့်ဆန္ဒပင် ဖြစ်ပေသည်။

ဤသို့ဖြင့် ကျွန်ုပ်သည် မှေးခနဲ အိပ်ပျော်သွားခဲ့ပုံရသည်။ ခြေရင်းဘက် ခပ်လှမ်းလှမ်းရှိ လင်တန်၏စာအုပ်များထားသည့် အခန်းတံခါး ဖွင့်လိုက်သံကြောင့် လန့်နိုးသွားရသည်။ အိပ်ရာစဝင်ချိန်က အရှိန်ကောင်းနေခဲ့သော မီးလင်းဖိုကလည်း ငြိမ်းလုငြိမ်းခင် ဖြစ်နေလေပြီ။

ကျွန်ုပ်သည် အအိပ်ဆတ်သူ တစ်ယောက်ဖြစ်သည်။ ယခုလည်း ထိုအခန်းတံခါးချက်ကိုဖွင့်၍ တွန်းလိုက်သံကို ပီပြင်စွာ ကြားလိုက်ရပြီး နိုးထလာခြင်းဖြစ်သည်။ အာရုံများက ရုတ်ခြည်းပင် နိုးကြားလာခဲ့ကြသည်။ စိတ်ဖိကြီး အပြင်ဘက်တွင် လေပြင်းများ တိုက်ခတ်နေသံကို



www.burmeseclassic.com

www.burmeseclassic.com

လည်း သတိထားလိုက်မိသည်။

ဤသို့ဖြင့် တစ်မိနစ်၊ နှစ်မိနစ်ခန့် ကြာသွားခဲ့သည်။ ကျွန်ုပ် နားကြားများ လွဲခဲ့လေသလောဟုလည်း ဇဝေဇဝါ ဖြစ်လာသည်။ ထိုစဉ်တွင်ပင် တံခါးပြန်ပိတ်ကာ ချက် ပြန်ကျသွားသံကို သဲကွဲစွာကြားလိုက်ရသည်။ ထို့နောက် အခန်းတွင်းသို့ တစ်စုံတစ်ခု ဝင်လာသံ ပေါ်လာခဲ့သည်။ ကျွန်ုပ်သည် ရုတ်တရက် လန့်သွားပြီး အိပ်ရာထက်တွင် ငုတ်တုတ်ထထိုင်လိုက်မိသည်။ စောင်ကိုလည်း ရင်ဘတ် အထိ ဆွဲခြုံကာ ရင်တထိတ်ထိတ်ဖြင့် နားစွင့်ထားလိုက် သည်။ ခြေသံက တဖြည်းဖြည်းနီးလာပြီး ခုတင်ကို ကျော် သွားခဲ့သည်။ တစ်ခန်းလုံး မှောင်မည်းနေသဖြင့် အသံကို သာကြားရပြီး မည်သည့်အရာကိုမျှ မမြင်ရပေ။

ထိုစဉ်တွင် ခြေသံက ပြတင်းပေါက်များဘက်သို့ ရောက်သွားသည်။ ပြတင်းနှစ်ပေါက်လုံး ကန့်လန့်ကာ တပ်မထားသော်ငြား တစ်ပေါက်မှသာ လရောင်က ဖြာ ကျနေသည်။ ကျန်တစ်ပေါက်ကမူ မလှမ်းမကမ်းရှိ သစ် ပင်အရိပ်ဖုံးကာ မှောင်ကျနေလေသည်။ ခြေသံက ခေတ္တ မျှ တုံ့ဆိုင်းဆိုင်းဖြစ်သွားသည်။ ထို့နောက် ပုံမှန်အတိုင်း လျှောက်သွားပြန်သည်။ ကျွန်ုပ်သည် လရောင်ဖြာကျနေ သည့် ပြတင်းပေါက်တည့်တည့်ကိုသာ မျက်တောင်မခတ် တမ်း ကြည့်နေခဲ့သည်။ ထိုစဉ်တွင်ပင် အရိပ်မည်းတစ် ခု လှစ်ခနဲ ဖြတ်သွားသည်ကို တွေ့လိုက်ရလေသည်။

မည်သည့်အရာမှန်းတော့ အတိအကျမသိ။ တစ် ကိုယ်လုံး ကြက်သီးဖြန်းဖြန်းထသွားရသည်။ နားကိုလည်း အစွမ်းကုန် စွင့်ထားလိုက်သည်။ ခြေသံက အခန်းဆုံးအထိ လျှောက်သွားပြီးနောက် ပြန်လှည့်လာခဲ့သည်။ ကျွန်ုပ်သည် စိတ်ကိုတင်း၍ အလင်းရောင်ရသည့် ပြတင်းပေါက်ကိုသာ အာရုံစူးစိုက်ထားလိုက်သည်။

ခြေသံက ရုတ်တရက် ပျောက်သွားသည်။ တစ်ပြိုင် နက်တည်းတွင်ပင် တစ်သက်မေ့ပျောက်၍မရသည့် မြင် ကွင်းကို တွေ့လိုက်ရတော့သည်။ လရောင်အောက်တွင် ထင်ရှားစွာ မြင်လိုက်ရသည်က သားရေဦးထုပ်ကို မျက်ခုံး များ ဖုံးသည်အထိ ငိုက်ဆောင်းထားသည့် လူတစ်ယောက် ၏ ကောက်ကြောင်းပုံပင် ဖြစ်သည်။ ပြတင်းပေါက်နှင့် မားလွယ်ခုတ်နေရာတွင် ရပ်လျက်ရှိသည်။ မျက်နှာကို လည်း ဘေးတိုက်အနေအထားဖြင့် မြင်နေရသည်။ ၎င်း

သည် စက္ကန့်ပိုင်းအတွင်း ကျွန်ုပ်ခုတင်ဘက်သို့ လှည့် လိုက်သည်။ ထို့နောက် ရုတ်ခြည်းပင် ရှေ့သို့ လှမ်း လျှောက်လာတော့သည်။

မည်သည့်အရာမှန်းမသိသော (သို့မဟုတ်) မည်သူ မည်ဝါမှန်းမသိသောသူသည် ကျွန်ုပ်အိပ်ရာဆီသို့ ချဉ်း ကပ်လာနေလေပြီ။ ကျွန်ုပ်သည် ငုတ်တုတ်ထိုင်ရင်း ခုတင် ခေါင်းရင်းဘက်သို့ ယောင်ယမ်းဆုတ်လိုက်မိသည်။ ထို အခိုက်တွင်ပင် မီးလင်းဖိုအတွင်း၌ရှိ မီးကျွမ်းနေသည့် ထင်း တစ်စသည် ပြာဖုံးနေသည့် မီးခဲများပေါ်သို့ ပဲ့ကြွေကျ သွားခဲ့သည်။

ဤတွင် ဖွာခနဲ ပြန့်ကျဲသွားသည့် မီးခဲစကလေးများ ၏ အလင်းရောင်ဖြင့် နီစပ်စပ်မျက်နှာကြီးတစ်ခုကို အနီး ကပ် မြင်တွေ့လိုက်ရတော့သည်။ ကျွန်ုပ်သည် မျက်လုံးစုံ မှိတ်ကာ တစ်ကိုယ်လုံး တဆတ်ဆတ်တုန်လာခဲ့သည်။ ထို့နောက် အလန့်တကြား အော်ဟစ်မေးလိုက်မိလေသည်။

'ဟိတ်··မင်း ဘယ်သူလဲကွ၊ ပြောလေကွာ။ ဘယ် သူလဲလို့'

ညည်းသလိုလို၊ သက်ပြင်းချသလိုလို အသံကြီးမှလွဲ ၍ ပြန်ဖြေမလာခဲ့ပေ။ မှောင်ကြီးမည်းမည်းထဲတွင် ဘာ မှန်းမသိသည့် သတ္တဝါနှင့် အနီးကပ် ရင်ဆိုင်နေရလေပြီ။ ကျွန်ုပ်၏ ဆံပင်များပင် ထောင်ထလာသည်ဟု ထင်လိုက် မိသည်။ ထိုစဉ်တွင်ပင် လင်တန်၏ စာအုပ်များထားသည့် အခန်းဘက်သို့ ပြန်လှည့်ထွက်သွားသည့်ခြေသံကို ကြား လိုက်ရသည်။ ထို့နောက် တံခါးကိုဆွဲဖွင့်၍ ပြန်ပိတ်လိုက် သံ ပေါ်လာခဲ့လေသည်။

မရှေးမနှောင်းတွင်ပင် ကြောင်လိမ်လှေကားအတိုင်း ပြေးတက်လာသံကို ကြားလိုက်ရသည်။ ထို့နောက် လင် တန်သည် အခန်းတွင်းသို့ အပြေးအလွှားဝင်လာရင်း လှမ်း အော်မေးခဲ့လေသည်။

'ဘုရားသခင်··ကယ်မ,တော်မူပါ။ ဘာဖြစ်လို့လဲ သူငယ်ချင်း၊ စာဖတ်ခန်းက ပြန်လာတုန်း မင်းအော်သံ ကြားလိုက်ရတယ်။ နေရောကောင်းရဲ့လား'

ကျွန်ုပ်သည် ချက်ချင်းပြန်မဖြေနိုင်ခဲ့ပေ။ လင်တန် သည် စားပွဲပေါ်ကမီးအိမ်ကို ထွန်းညှိလိုက်သည်။ ပြီးလျှင် ခုတင်အနီးသို့ လာရပ်ခဲ့သည်။ ကျွန်ုပ်လည်း သူ၏လက် မောင်းအား အသာဆွဲကိုင်ရင်း ကြိုးစား၍ ပြောလိုက်



www.burmeseclassic.com

www.burmeseclassic.com

သည်။

'ငါ့အိပ်ရာနားကို တစ်ခုခု လာကပ်တယ်ကွ။ ဘာကောင်ကြီးမှန်း မသိဘူး။ ဟိုထောင့်က အခန်းထဲ ပြန်ဝင်သွားတယ်'

လင်တန်သည် ကျွန်ုပ်လက်ညှိုးထိုးပြသည့်ဘက်သို့ လှည့်ကြည့်လိုက်သည်။ ထို့နောက် စားပွဲပေါ်ရှိ မှန်အိမ်အား သွားဆွဲယူကာ ထိုအခန်းဘက်သို့ ဆက်လျှောက်သွားသည်။ ပြီးလျှင် အခန်းတံခါးအား ဆောင့်တွန်းဖွင့်ကာ ဝင်သွားခဲ့သည်။ မကြာမီတွင် ပြန်ထွက်လာပြီး လှမ်းပြောလိုက်လေသည်။

'မင်း အိပ်မက်,မက်နေတာပါကွာ။ ဒီမှာ လာကြည့်လေ'

ကျွန်ုပ်လည်း ခုတင်ပေါ်မှ ဆင်းသွားလိုက်သည်။ လင်တန်က ဦးဆောင်လျက် အခန်းတွင်းသို့ ဝင်ခဲ့ကြသည်။ အတွင်းဘက်တွင် စာအုပ်ဟောင်းပုံများ၊ ဗိုင်တွဲများ၊ ကတ်ထူပြားများနှင့် စက္ကူဘူးများမှလွဲ၍ ဘာမျှမရှိပေ။ အသုံးမလိုသည့် ပစ္စည်းဟောင်းများထားသည့် နေရာမျိုးပင် ဖြစ်သည်။ လင်တန်ကလည်း ရှင်းပြလာသည်။

'ဒီအခန်းက တံခါးတစ်ပေါက်တည်း ရှိတာကွ။ ပြတင်းတွေကိုလည်း အသေပိတ်ထားတာ။ ဝင်ပုန်းစရာ ချောင်လည်း မရှိဘူး။ ကဲ..မင်း ညဝတ်ရုံကြီးစွပ်ပြီး အောက်ကိုလိုက်ခဲ့။ ငါ့ရဲ့ သီးသန့်အခန်းထဲ သွားကြမယ်'

ဤသို့ဖြင့် နှစ်ယောက်သား အောက်ထပ်သို့ ဆင်းခဲ့ကြသည်။ လေဒီလင်တန်ကို ၄င်းတို့ အခန်းပေါက်ဝတွင် ရပ်လျက်သား တွေ့လိုက်ရသည်။ အတော်ပင်စိတ်လှုပ်ရှားနေပုံရသည်။ လင်တန်သည် သူမအနီးသို့သွားကာ တစ်စုံတစ်ရာပြောလိုက်ပြီး အခန်းတွင်းသို့ ပြန်ဝင်ခိုင်းလိုက်သည်။ ထို့နောက် ကျွန်ုပ်၏ ပခုံးကိုဖက်လျက် ဆက်လျှောက်ရင်း ပြောလာခဲ့လေသည်။

'အဲဒီအခန်းထဲကို ဘယ်သူမှ မဝင်နိုင်ပါဘူးကွ။ မင်းမြင်တဲ့အတိုင်း ကြောင်လိမ်လှေကားပေါ်ကို ငါတို့အခန်းရှေ့က ဖြတ်သွားပြီးမှ တက်ရတာ။ မင်း ထမင်းလုံးတစ္ဆေ အခြောက်ခံရတာ ဖြစ်မှာပါကွ။ အော်ကြီးဟစ်ကျယ်နဲ့ မင်းပြောလိုက်သံကြားလို့ ငါပြေးတက်လာတော့ ဆင်းလာတဲ့သူ တစ်ယောက်မှ မတွေ့ဘူးကွ။ ဟိုအခန်းထဲမှာလည်း ပုန်းနေလို့မှ မရတာ။ ဟုတ်တယ်နော်'

သို့ဖြင့် သူ၏တစ်ကိုယ်တည်း သီးသန့်အနားယူသည့် အခန်းသို့ ရောက်ခဲ့ကြသည်။ လင်တန်သည် ဦးစွာ မီးလင်းဖိုကိုမွှေးလိုက်သည်။ ပြီးလျှင် မီးအိမ်ကို ထွန်းညှိလိုက်သည်။ ထို့နောက်, ကျွန်ုပ်ကို လှည့်ပြောလာလေသည်။

'သူငယ်ချင်း..ဘာပဲဖြစ်ဖြစ် အဲဒီအကြောင်း ရေငုံနှုတ်ပိတ် နေပေးပါလားကွာ။ အိမ်က အလုပ်သမားတွေနဲ့ အနီးဝန်းကျင်က လူတွေ သိကုန်ရင် တစ်ဆိတ်တစ်အိတ် လုပ်ကြမှာကွ။ အိုကေနော်။ မင်း ဒီမှာကြိုးစားအိပ်ကြည့်ပေါ့ကွာ။ မရရင် စာဖတ်နေလိုက်ပေါ့။ စာအုပ်တွေ တစ်ပုံကြီးပဲ။ ကဲ..ငါသွားတော့မယ်။ မိန်းမက အတော်လန့်သွားတာကွ။ တစ်ယောက်တည်း အားငယ်နေတော့မယ်'

လင်တန်သည် စကားဆုံးသည်နှင့် ထွက်သွားတော့သည်။ ကျွန်ုပ်ကို ကြိုးစားအိပ်ခိုင်းသွားခဲ့သည်။ မည်သို့အိပ်ပျော်နိုင်ပါမည်နည်း။ ၄င်းတို့စနီးမောင်နှံသည်လည်း အလွယ်တကူအိပ်၍ ရနိုင်မည် မထင်ပေ။

ကျွန်ုပ်သည် မီးလင်းဖိုအတွင်းသို့ ထင်းထပ်ထိုးလိုက်သည်။ စာတစ်အုပ်အား ဆွဲယူ၍ ဖတ်လိုက်သည်။ အချည်းနှီးပင်တည်း။ သို့ဖြင့် နတ်တုတ်ဆိုင်ရင်း အတွေးများ ပွားနေခဲ့မိတော့သည်။ အိမ်ဖော်အချို့ စောစီးစွာထ၍ လှုပ်ရှားသံများ ကြားရမှ တစ္ဆေအခြောက်ခံရသော အခန်းသို့ ပြန်တက်ခဲ့သည်။ ဖယောင်းတိုင်ထွန်းကာ ခြင်မ်းသတ်တော့ဘဲ ခုတင်ပေါ် တက်လှဲလိုက်သည်။ နောက်တစ်နေ့ နံနက်ရှစ်နာရီခန့်တွင်မှ အိပ်ရာက နိုးခဲ့တော့သည်။

◆ ◆ ◆

နံနက် လက်ဖက်ရည်ဝိုင်းတွင် လူမစုံခဲ့ပေ။

ကျွန်ုပ်ရောက်သွားချိန်တွင် လင်တန်နှင့် သူ၏ညီမ စုံတွဲတို့ကိုသာ တွေ့ရသည်။ လေဒီလင်တန်တစ်ယောက် အိပ်ရာက နိုးသေးဟန်မတူပေ။ ကျွန်ုပ် ဝင်ထိုင်လိုက်စဉ် လင်တန်ကို သူ၏ညီမက မေးလိုက်သည်။

'ညက ဘာပြဿနာဖြစ်လို့လဲရှင့်။ အပေါ်ထပ်က ဝင်လိုက် ထွက်လိုက်နဲ့ ခြေသံတွေ ကြားခဲ့ရတယ်။ တော်တော်နဲ့တောင် အိပ်မပျော်ဘူး'

လင်တန်က ကျွန်ုပ်ကို အဓိပ္ပာယ်ပါပါ လှမ်းကြည့်ရင်း ရှင်းပြလိုက်သည်။

'ဪ..အဲဒါက ဟောဒီငါ့သူငယ်ချင်းလေ၊ အချိန်

www.burmeseclassic.com

မတော် ဗိုက်ထအောင့်လို့ ဆေးတက်တိုက်ခဲ့တာပါ'

ကျွန်ုပ်လည်း မချိပြုံး ပြုံးပြလိုက်ရသည်။ ထို့နောက် လက်ဖက်ရည် ကောက်သောက်ရင်း နှုတ်ပိတ်နေလိုက်တော့သည်။ ထိုနေ့ နေ့လယ်ပိုင်း လူရှင်းချိန်တွင် သူငယ်ချင်း ဆာဖရန့်စစ်လင်တန်က သူ၏ သီးသန့်နားနေခန်းသို့ ကျွန်ုပ်ကို ခေါ်သွားခဲ့သည်။ ထို့နောက် လေးနက်သော အမူအရာဖြင့် စကားစလာခဲ့လေသည်။

'သူငယ်ချင်း ဟာလီဖက်(စ်)၊ မနေ့ညက အဖြစ်အတွက် တောင်းပန်ပါတယ်ကွာ။ ဟိုနေ့က ငါ့ညီ ပြောခဲ့တာ အမှန်ပဲကွ။ အိမ်ထဲမှာ ခြေသံတွေ ကြားနေခဲ့တာကြာပြီ။ ငါက ဂရုမစိုက်ခဲ့ဘူး။ ကြွက်တွေ သောင်းကျန်းတာလို့ပဲ ထင်ခဲ့တာ။ ခုလို မင်းက နမူးတွေ့ဒူးတွေ့ကြုံလာတော့ အမှန်အတိုင်း ဝန်ခံပြီး ရှင်းပြမှ ဖြစ်တော့မယ်'



'အေး…တစ်ခုခုဖုံးကွယ်ထားမှန်း ငါလည်း ရိပ်မိတယ်ကွ။ မေးရမှာ မကောင်းတတ်လို့'

'အင်း‥ကြည့်ရတာ အဲဒီလူ ကျွတ်ပုံမရဘူး ထင်တာပဲ'

'ဟေ‥ဘယ်က ဘယ်သူလဲကွ။ မင်းဟာက ရင်တုန်စရာကြီးပါလား'

'အေး‥ဟုတ်တယ်။ အဲဒီအခန်းမှာ လူမနေပေမယ့် ကပ်လျက်အခန်းထဲမှာ လူအရိုးစုကြီးတစ်ခု ရှိနေတယ်။ အဲ‥ရှိနေခဲ့တယ်ပေါ့ကွာ။ မင်း မှတ်မိပါတယ်။ ဟိုမြေဖြူမိုင်းတွင်းမှာ တွေ့ခဲ့တဲ့ဟာကြီးလေ'

'ဟိုနေ့ကပြောတော့ စကာဘိုရော့ ပြတိုက်ကို ပို့လိုက်တယ်ဆို'

'ပြီးခဲ့လွယ် ပြောခဲ့တာကို တောင်းပန်ပါတယ်ကွာ။ တကယ်တော့ သုတေသနလုပ်ဖို့ ဆိုတာလည်း အပေါ်ယံကြော ပြောခဲ့တာကွ။ ဘယ်မနုဿဗေဒပညာရှင်ကိုမှ မပြခဲ့ဘူး။ အဲဒီ ဖြုတ်စဗျင်းတောင်းတွေထားတဲ့အခန်းထဲက သေတ္တာတစ်လုံးထဲမှာ ထုပ်ပိုးသိမ်းထားခဲ့တာ မီးရှို့ပစ်ဖို့ စိတ်ကူးခဲ့သေးတယ်။ အမှန်ဝန်ခံရရင် နောက်ပိုင်းမှာ အဲဒါကြီးကို လုံးဝမေ့သွားတယ်ကွ'

'နေပါဦး၊ မင်းက အဲဒါကြီးကို ဘာဖြစ်လို့ သိမ်းထားရတာလဲ'

လင်တန်သည် ကျွန်ုပ်ကို စိုက်ကြည့်ရင်း တွေးတွေးဆဆဖြင့် ဆက်ပြောခဲ့သည်။

'အမှန်အတိုင်းဝန်ခံပြီး ရှင်းပြမယ်လို့ ငါပြောခဲ့တာ အဲဒီအကြောင်းရင်းပဲကွ။ ဒီမှာ သူငယ်ချင်း ငါအခုဆက်ပြောမှာတွေကို ဘယ်သူ့မှ သိလို့



www.burmeseclassic.com

www.burmeseclassic.com

မဖြစ်ဘူးကွ။ ငါ အသက်ရှင်နေသေးသမျှ မင်းလည်း နှုတ်ပိတ်ထားရလိမ့်မယ်။ အိုကေနော်'

'အေးပါကွ၊ ငါ ကတိပေးပါတယ်။ ဆက်သာပြော ပါ'

'မင်းသိတဲ့အတိုင်းပဲ အဖေက အရှယ်ကောင်းတုန်း မှာ ဆုံးသွားတယ်လေ။ ဥမမယ်စာမမြောက်သေးတဲ့ တို့ မောင်နှမ သုံးယောက်ကို အဘိုးဖြစ်တဲ့ ဆာရစ်ချက်က ဒီကို ခေါ်လာခဲ့တယ်။ သူက မာနကြီးပြီး ခက်ထန်တဲ့လူ ကြီးတစ်ယောက်ပဲကွ။ သူနဲ့ပတ်သက်ပြီး ခုထိရော နောင် ပါ ဖုံးကွယ်ထားရမယ့် ကြောက်စရာလျှို့ဝှက်ချက်ကြီးကို ငါသိသမျှ ပြောပြမယ်။ သူဟာ ညဘက်ကျရင် ကစား ဝိုင်းတွေကို သွားတတ်တယ်ကွ။ လက်သပ်မွေးထားတဲ့ လူယုံတစ်ယောက်ကိုလည်း အမြဲခေါ်သွားတတ်တယ်တဲ့။ ကစားဝိုင်းမှာ သူ့ဘေးက စောင့်ကြည့်ပေးဖို့ပေါ့ကွာ။

နောက်တစ်ချက်က နည်းနည်းဆန်းတယ်။ သူများခြံ တွေထဲဝင်ပြီး ကြက် ဘဲတွေ ခိုးတတ်တဲ့သူတွေကို အဘိုး က သူ့ရဲ့ မွေးရာပါ ရန်သူလို့ သတ်မှတ်ထားတယ်တဲ့။ အဲဒီလို လူမျိုးတွေကို သွားရင်းလာရင်းတွေ့ရင် သူ့ကို လက်တို့ဖို့ အဲဒီလူယုံကို တာဝန်ပေးထားသတဲ့ကွ။ တစ်ည မှာတော့ ကစားဝိုင်းကအပြန် စိုက်ခင်းတွေရှိတဲ့ တောင် ပေါ်လမ်းက လှည့်လာခဲ့ကြပုံရတယ်။ တို့ မနေ့က ရောက် ခဲ့တဲ့ မြေဖြူမိုင်းဟောင်းနဲ့ သိပ်မဝေးတဲ့နေရာအရောက်မှာ လူတစ်ယောက်နဲ့ ပက်ပင်းတိုးခဲ့တော့တယ်။

အဲဒီလူဟာ တစ်နယ်သား မျက်နှာစိမ်းတစ်ယောက်။ သူ့အလုပ်က နယ်တကာလှည့်ပြီး အိုးခွက်ဟောင်းတွေ ဖာထေးတာ။ ဘယ်သူ့ကိုမှ ဂရုမစိုက်တဲ့ မိုက်ကန်းကန်း ဉာဉ်လည်း ရှိသတဲ့။ အဆိုးဆုံးကတော့ နာမည်ကြီး ကြက် ဘဲသူခိုး ဖြစ်နေတာပဲကွ။ ဒီတော့ အဘိုးနဲ့တိုးပြီး စကား များရာက ရန်းရင်းဆန်ခတ် ဖြစ်ကြမှာပေါ့ကွာ။ နှစ် ယောက် တစ်ယောက်ဆိုတော့ အဲဒီလူ သေသွားတာဖြစ် မယ်။ ဘယ်သူ့လက်ချက်မှန်း မသိဘဲ လက်လွန်သွားပုံရ တယ်'

'ဘယ်လိုဖြစ်ဖြစ် အဲဒါရာဇဝတ်မှုပဲကွ'

'ဟုတ်တယ်လေ။ အဲဒီကိစ္စအတွက် တာဝန်အရှိဆုံး ကတော့ ငါ့အဘိုးပေါ့ကွ။ လူသိရှင်ကြား ဖြစ်သွားရင် သူ့ဂုဏ်သိက္ခာတွေ အဖတ်ဆယ်လို့ရမှာ မဟုတ်ဘူးလို့ တွေးမိပုံရတယ်။ ခြေမကိုင်မိ လက်မကိုင်မိလည်း ဖြစ် သွားမှာပဲ။ နောက်ဆုံး ခပ်ပြတ်ပြတ် လုပ်တတ်တဲ့ သူ့ ဉာဉ်အတိုင်း အလောင်းကြီးကို အဲဒီနေရာနဲ့ သိပ်မဝေး တဲ့ မြေဖြူတွင်းကြီးထဲမှာမြှုပ်ပြီး လက်စဖျောက်လိုက် ကြတာနေမှာပေါ့။ တို့တွေ့ခဲ့တဲ့ အရိုးစုကြီးဟာ အဲဒီလူပဲ သူငယ်ချင်းရေ'

'အလိုလေး..ဘုရားသခင်၊ သေချာရဲ့လား ကိုယ့်လူ ရယ်'

'အေး..သိရသမျှတွေကို ဆက်စပ်ကြည့်လိုက်တော့ ကွက်တိပဲ၊ မလွဲနိုင်ဘူးကွ။ ငါ့စကားဆုံးရင် မင်းသဘော ပေါက်သွားလိမ့်မယ်။ အဲဒီခြေသလုံးအိမ်တိုင်သမား ရုတ် တရက် ပျောက်သွားတာကို တော်တော်နဲ့ သတိမထားမိ ခဲ့ကြဘူး။ အချိန်နည်းနည်းကြာလာတော့ သူ့ကို မျက်မှန်း တန်းမိသူတွေ စကားစပ်မိကြရာက စုံစမ်းမှုတွေ လုပ်လာ တဲ့ အခြေအနေ ရောက်လာတော့တယ်။

တရားရုံးကို ခေါ်ပြီး စစ်ဆေးမေးမြန်းတဲ့အထဲမှာ အဘိုးရဲ့ တပည့်တပန်းတွေလည်း ပါကြတာပေါ့။ ဒါပေမဲ့ အဘိုးခေါ်သွားတတ်တဲ့ လူယုံတော့ မပါဘူးတဲ့။ အဲဒီ အချိန်မှာ အဘိုးက မြေရိုင်းလွင်ပြင်မှာနေတဲ့ သူ့ယောက်ဖ ဆီကို ခွေးတွေသွားပို့ဖို့ အဲဒီလူကိုခိုင်းထားတာတဲ့။ ဒီလို နဲ့ စုံစမ်းတဲ့ကိစ္စက ဇာတ်မျောကြီးဖြစ်ခဲ့တယ် ဆိုပါတော့ ကွာ'

'မင်းဟာက ဟုတ်သေးပါဘူး။ ရဲတွေက ဒီလိုနဲ့ လက်လျှော့သွားသတဲ့လား'

'ဆန္ဒမစောနဲ့လေကွာ၊ ဆက်နားထောင်ပါဦး။ နောက် နှစ်နှစ်လောက်အကြာမှာ အစပြန်ဆွဲမယ့်သူ ပေါ်လာခဲ့ တယ်ကွ။ အဲဒီနယ်ကို နောက်ရောက်လာတဲ့ တရားသူ ကြီးက အဘိုးနဲ့ ကျောင်းတော်က ရန်စရှိခဲ့တဲ့သူ။ ပြိုင် ဘက်နိုင်ငံရေးပါတီကလည်း ဖြစ်နေသတဲ့။ သူက အဘိုး ပိုင်နက်ထဲမှာဖြစ်ခဲ့တဲ့ အဲဒီကေ့(စ်)ကို အစပြန်ဖော်ပြီး ကိုင်တော့တာပေါ့။ ဒီတစ်ခါတော့ အဘိုးရဲ့လူယုံလည်း အစစ်ခံရသတဲ့။ သွေးကြောင်ပြီး ဘာတွေလျှောက်ပြောလဲ မသိဘူး။ သူ့ကို ဖမ်းဝရမ်းထုတ်ဖို့ လုပ်ကြပါရော။

အဲဒီအချိန်မှာ အဘိုးက လေးဖက်နာဖြစ်လို့ ဆေး သွားကုနေတာတဲ့။ အဲဒီသတင်းကြားတော့ ချက်ချင်းပြန် လာပြီး သူ့လူယုံတော်ကို အသေးစိတ် စစ်မေးခဲ့သတဲ့။



www.burmeseclassic.com

www.burmeseclassic.com

အဲဒီလူဟာ ညစာစားပြီးတာနဲ့ အိမ်ကြီးကနေ ထွက်သွားတော့တယ်။ နောက်တစ်နေ့မှာ သူ့ကို ဖမ်းဝရမ်းထုတ်ခဲ့ပေမယ့် ကြက်ပျောက်ငှက်ပျောက် ခြေရာပျောက်သွားပြီလေ'

ကျွန်ုပ်သည် ကြားဖြတ်မေးရန် ပြင်လိုက်သော်လည်း လင်တန်က လက်ကာပြပြီး ဆက်ပြောခဲ့လေသည်။

'တာဝန်ရှိသူတွေက အသည်းအသန် လိုက်ရှာကြမှာပေါ့ကွာ။ အဘိုးက သူ့လူတွေကို ဘာအကူအညီမှ မပေးဖို့ အမိန့်ထုတ်ထားသတဲ့။ အဲဒီလူက အမေရိကား ရောက်သွားသလိုလို ကောလာဟလတွေ ထွက်ခဲ့သေးတယ်။ တကယ်တမ်းကျတော့ အရိပ်အယောင်တောင် မတွေ့ရဘူးတဲ့။ အဘိုးကလည်း အဲဒီအကြောင်း လေသံတောင် မဟကြဖို့ တင်းကျပ်ထားခဲ့တယ်ကွ။ ဒီလိုနဲ့ ကြာတော့ မေ့မေ့ပျောက်ပျောက် ဖြစ်ကုန်ကြမှာပေါ့ကွာ'

'နေဦးကွ၊ ဒါဆို မင်းက ဘယ်လိုလုပ်ပြီး သိခဲ့ရတာတုန်း'

'အဲဒါပဲပေါ့ကွာ၊ အရိုးတွေ့တယ်ဆိုတာ မင်းကြားဖူးမှာပေါ့။ ခုလည်း အဲဒီလိုဖြစ်လာတယ် ထင်တာပဲကွ။ အဘိုးဆုံးပြီးတဲ့နောက်မှာ အမေရိကားကနေ သူ့နာမည်နဲ့ စာတစ်စောင် ထုတ်လာတယ်။ ပို့လိုက်တဲ့လူရဲ့ နာမည်က သူ့လူယုံ မဟုတ်ဘူး။ ဒါပေမဲ့ စာထဲမှာ အတိတ်က အကြောင်းတွေ ပြန်နှုးပြထားတယ်ကွ။ လက်ရှိလျှို့ဝှက်ထားတဲ့ အကြောင်းတွေကိုလည်း အရိပ်အမြွက်ရေးထားတယ်။ နောက်ဆုံးမှာတော့ ငွေလိုလို့ လှမ်းတောင်းတဲ့စာဖြစ်နေတယ်။

ငါလည်း အဘိုးဆုံးသွားပြီလို့ စာပြန်ရေးလိုက်တယ်။ ငွေတောင်းရတဲ့ အကြောင်းကိုလည်း မေးလိုက်တယ်။ သူကလည်း အကြောင်းရင်းကို ပြန်ဖြေလာခဲ့တယ်ကွ။ ဒါကြောင့် အဲဒါတွေကို ဆက်စပ်ကြည့်ပြီး အဘိုးရဲ့ လျှို့ဝှက်ရင်ခုန်ဇာတ်လမ်းကို သိခဲ့ရတာပဲ။ ဒါပေမဲ့ ပြဿနာဖြစ်ခဲ့တဲ့နေရာနဲ့ အလောင်းမြှုပ်ခဲ့တဲ့ နေရာတွေကိုတော့ လုံးဝမသိခဲ့ရဘူး။ မင်းနဲ့ငါ ဟိုအရိုးစုကြီး တွေ့တဲ့အခါကျမှ အဲဒီဟာကွက်ကို ဆက်စပ်မိသွားတာ။ အဲဒါကြီးကို တခြားလူတွေ တွေ့သွားရင် ဇာတ်လမ်းတွေ ရှုပ်လာမှာစိုးလို့ ယူသိမ်းထားလိုက်တာပဲကွ'

'အဘိုး လက်စသတ်ခဲ့တာ မပီပြင်လို့ မြေးက ခြေရာထပ်ဖျောက်ပေးလိုက်တာပေါ့ကွ။ ဟုတ်တယ် မဟုတ်လား။ ဒါနဲ့ အမေရိကားကလူနဲ့ ထပ်ဆက်သွယ်ဖြစ်သေးလား'

'အေး..အဲဒါပြောပြဖို့ ကျန်သွားတယ်။ သူ့ဆီ ရေးလိုက်တဲ့ ဒုတိယစာအိတ်ပေါ်မှာ လိပ်စာရှင်သေဆုံးဆိုတဲ့ ကန့်လန့်ဖြတ်တံဆိပ်တုံးကြီးနဲ့ ပြန်ရောက်လာခဲ့တယ်ကွ။ အဲဒီမှာ ဇာတ်လမ်းက ပြတ်သွားခဲ့တော့တာပဲ'

'ဒါနဲ့များ အဲဒါကြီးကို ခုထိ သိမ်းထားရသတဲ့လားကွာ'

'ငါ မေ့နေပါတယ်လို့ ဝန်ခံပြီးပြီလေကွာ'

'မင်းကမေ့ပေမယ့် အဲဒီတစ္ဆေက ခုထိမမေ့သေးလို့ ငါ့ကို လာခြောက်တာပေါ့ကွ။ မင်း ဘာဆက်လုပ်မှာလဲ'

'အဲဒီအရိုးစုကြီးကို ဘုရားရှိခိုးကျောင်းဝင်းထဲက သုသာန်မှာ သွားမြှုပ်ပြီး သင်္ဂြိုဟ်ပေးလိုက်မလားလို့၊ ဘယ်လိုသဘောရလဲ'

'အို..သိပ်ကောင်းတာပေါ့ကွာ။ သူကလည်း အဲဒီလိုလုပ်စေချင်လို့ လာလာနေတာပဲ ဖြစ်မယ်ကွ'

'အေး..ကောင်းပြီ။ မင်းကို ငါ ကြိုပြောထားရဦးမယ်။ အရိုးစုကြီးကို ရှင်းပြီးရင် အဲဒီအခန်းထဲမှာ ငါသွားအိပ်ကြည့်မယ်။ ထူးခြားတာ မြင်ရ ကြားရရင် မင်းဆီ ချက်ချင်းအကြောင်းကြားလိုက်မယ်။ အိုကေနော်'

'ဟုတ်ပါပြီ။ ငါလည်း မနက်ဖြန်မနက် ပြန်တော့မယ်ကွာ'

◆ ◆ ◆

လန်ဒန်သို့ ပြန်ရောက်ပြီး မကြာမီတွင်ပင်ဖြစ်သည်။ ဆာဖရန့်စစ်လင်တန်ထံမှ စာတစ်စောင်ရောက်လာခဲ့လေသည်။ စာက တစ်ကြောင်းတည်းသာ ရေးထားခဲ့သည်။ သို့ရာတွင် အနှိဝါကျတစ်ကြောင်းတည်း၏ နောက်ကွယ်ရှိ အကြောင်းအရာ၏ အဓိပ်အနက်ကိုကား သူနှင့် ကျွန်ုပ်တို့မှတစ်ပါး မည်သူမျှသိနိုင်ဖွယ်ရှိမည် မထင်ပေ။

သူ ရေးထားသည်ကတော့-

'လုံးဝဥဿုံ ငြိမ်သွားပြီ ငယ်ပေါင်းကြီးရေ၊ တစ်ခေါက် ထပ်လာခဲ့ပါဦး'

**ကျော်ဇော(စားကုန်)**

*Ref : W.BOB Holland ၏ Colonel Halifax's Ghost Story* ကို သင့်လျော်အောင် ပြန်ဆိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com


ပဥ္စဂုဏ် အဟံ ဝန္ဒာမိ

# ဂမ္ဘီရ ဆရာလှမျိုး(B.Sc)

**အောင်ကောင်းမြေ(သာကေတ)**

## ဗေဒင် + လက္ခဏာ + နဝင်းစီးယတြာပညာရှင်

- ✤ တစ်သက်တာ ဆောင်ရန်၊ ရှောင်ရန်များ။
- ✤ အချစ်ရေး၊ အိမ်ထောင်ရေး၊ စီးပွားရေး၊ လုပ်ငန်းကိစ္စ အဆင်ပြေစေရန် ဓာတ်ရိုက်ဓာတ်ဆင်ယတြာ။
- ✤ တစ်နှစ်တာ ဟောစာတမ်း ရေးပေးခြင်း၊ ကလေးအမည်ပေး၊ ဆိုင်,လုပ်ငန်း အမည်ပေးခြင်း။
- ✤ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ အိမ်ထောင်ရေးအတွက် နဝင်းချေပေးခြင်း၊ နဝင်းစီးယတြာ ပြုလုပ်ပေးခြင်း။

**ဟောခန်းလိပ်စာ** **ကြံတိုင်းအောင် စာပေနှင့် ဟောခန်း**
အမှတ်(၁၇)၊ အောင်သပြေအနောက်(၁)လမ်း၊ (၇)အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။

**လမ်းညွှန်** ၄၊ ၅၊ ၉၊ ၁၂၊ ၁၃ ၁၄၊ ၇၀၊ ၇၆ ၈၀၊ ၈၅ စီး၍ (၈)ဂိတ်မှတ်တိုင် ဆင်းပါ။

**ဟောပြောအချိန်** နံနက်(၁၀:၀၀)နာရီမှ ညနေ(၄:၀၀)နာရီ။

ရပ်ဝေးမှလာမည့်သူများ ဖုန်း ၀၉၄၂၀၀၄၇၈၆၉ သို့ ကြိုတင်ဆက်သွယ်ပြီး လာရောက်ဆွေးနွေး ယတြာချေနိုင်ပါသည်၊



## အရေပြားရောဂါအတွက် စိတ်အချရဆုံးမှာ **လေးယောမက်**

**နင်းခူ၊ ပွေး၊ ဝဲ လိမ်းဆေး** — **ဟိမဝန္တာ သွေးသန့်ဆေး**

# ခရုသင်း သမင်ဖြူ

ခရုသင်း၊ သမင်ဖြူ နီ၊ နက်ကွက်များ၊ အနာကြီးရောဂါ၊ ဆိုရီရေးစစ်ရောဂါ၊ မှိုစွဲရောဂါ၊
ခြေလက်အက်ကွဲရောဂါ၊ ဝက်ခြံ၊ တင်းတိပ်၊ ညှင်း၊ ပွေး၊ ဝဲ၊ ယားနာ၊ နင်းခူနှင့် အရေပြားရောဂါအမျိုးမျိုး၊
**ကာလသားရောဂါ**၊ ဆီးပူညောင်းကျ၊ ဂနိုရီးယားရောဂါ၊ ဆစ်ဖလစ်၊ ရှင်ကစ္စိုက်၊ ရေယုန်၊ မုက္ခရုနာ၊ ကြွက်နို့၊
ငါးမျက်စိ၊ ဝဲ၊ ရိဖြူဆင်းရောဂါ၊ အသားအရေ မည်းခြင်း၊ ခြောက်ခြင်း၊ ပူခြင်း၊ ယားယံခြင်း ရောဂါများကို
**အဆင့်မြင့် အိန္ဒိယ ယူနာနီ** တိုင်းရင်းဆေး နည်းပညာ၊ အစွမ်းထက်သော
တိုင်းရင်းဆေးကုထုံးများဖြင့် ကုသပေးနေပါသည်။

**လေးယောမက်** အရေပြားရောဂါ အထူးကုဆေးတိုက်

**အမှတ်(၂၂၁)၊ ၃၂-လမ်း(ထက်)၊ ၃-ထပ်၊ ရန်ကုန်မြို့။ PH: 252598, 243851**

နယ်မှ ဝေဒနာရှင်များ ကြိုတင်ငွေပို့စနစ်ဖြင့် စာတိုက်မှတစ်ဆင့် မှာယူနိုင်ပါသည်။




www.burmeseclassic.com

www.burmeseclassic.com

(၁)

ခရစ်နှစ်(၁၉၀၀)ပြည့်နှစ်၊ ဩဂုတ်လကုန်ပိုင်း နောက်ဆုံးရက်သတ္တပတ်လောက်က။

ပင်လယ်ကွေ့အတွင်း မိုးကောင်းကင်၌ တိမ်ညိုမည်းကြီးများက အုံ့ဆိုင်းလျက်ရှိပြီး ဟာရီကိန်းမုန်တိုင်း ဖြစ်ပေါ်လျက်ရှိ၏။ မုန်တိုင်းဖြစ်ခါစရက်တွင် မိုးနှင့်လေသည် သဲသဲမဲမဲ တိုက်ခတ်နေသော်လည်း ပင်လယ်ရေပြင်၌ ကြီးမားသော လှိုင်းလုံးကြီးများ မရှိခဲ့ချေ။ လေတိုက်ခတ်မှုကြောင့် ကမ်းစပ်ရှိ အုန်းပင်များ ယိမ်းထိုးနေကြ၏။ မုန်တိုင်းကြောင့် ပင်လယ်ပြင်တွင်ကျက်စားသွားလာနေကြသော လှေများ၊ ရွက်သင်္ဘောများနှင့် ငါးဖမ်းလှေကြီးများကို မတွေ့ရတော့ပေ။ တစ်ခါတစ်ရံ ပြေးတက်လာသော လှိုင်းများသည် သိပ်ပြီးမကြီးမားလှသော်လည်း သေးတော့ မသေးလှပေ။ တော်တော့်လှေငယ်များကို နစ်မြုပ်စေနိုင်သည်မှာ သေချာ၏။ နားထဲတွင် တဟူးဟူးတိုးနေသော လေနှင့် သဲမှုန်များကြောင့် နားများ အူလာပြီး မျက်စိများ စပ်လာသည်။

အမေရိကန်နိုင်ငံ မိုးလေဝသနှင့် ဇလဗေဒဌာနမှ ထုတ်ပြန်သော ကြေညာချက်တွင် အလွန်ကြီးမားသော ဟာရီကိန်းမုန်တိုင်းကြီးမှာ မက္ကဆီကို ပင်လယ်ကွေ့ကို ဗဟို



www.burmeseclassic.com

ပြုလျက်ရှိကြောင်း မြေပြင်ရေပြင်လေမှာ တစ်နာရီ မိုင် (၂၀၀)နှုန်းခန့်ထိ တိုက်ခတ်နိုင်ကြောင်း၊ ပင်လယ်ရေပြင်မှာလည်း ပေ(၂၀)မှ ပေ(၃၀)ထိ မြင့်တက်နိုင်ကြောင်း၊ နှစ်ပေါင်း(၅၀)အတွင်း ထူးခြားပြင်းထန်ဆုံး မုန်တိုင်းကြီး ဖြစ်ကြောင်း၊ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းကြဖို့ ရေဒီယိုမှ မကြာခဏ အရေးပေါ် သတိပေးချက် အသံများ ထုတ်လွှင့်လျက် ရှိ၏။

ဩဂုတ်လ (၂၇)ရက်နေ့တွင် ဟာရီကိန်းမုန်တိုင်းကြီးသည် မက္ကဆီကိုပင်လယ်ကွေ့အတွင်းသို့ ပြင်းထန်စွာ တိုက်ခတ်လေတော့သည်။ မုန်တိုင်း၏ ဗဟိုချက်မနှင့် အနီးဆုံးမြို့မှာ ဂေါ်ဗက်စတန်မြို့ ဖြစ်ခဲ့တော့၏။ သဲကြီးမဲကြီးတိုက်ခတ်နေသော မုန်တိုင်းနှင့် မိုးများက ပေ(၂၀) ကျော်ခန့်ရှိသော ဒီလှိုင်းလုံးကြီးများကို သယ်ဆောင်၍ ဂေါ်ဗက်စတန်မြို့အတွင်းသို့ အရှိန်အဟုန် ပြင်းထန်စွာ ဝင်ရောက်လာခဲ့တော့၏။ တိုက်တာအဆောက်အအုံများ၊ ခရစ်တော်၏ ချာ့(ချ်)ဘုရားကျောင်းများ၊ ကုန်းမို့မို့ပေါ်ရှိ သချိုင်းကုန်းများ၊ ကြီးကျယ်သော အိမ်များမှအစ သေးငယ်သော အိမ်ကလေးများပါမကျန် ရေစီးအားဖြင့် တွန်းဖြိုဖျက်ဆီးကာ ပင်လယ်အတွင်းသို့ သယ်ဆောင်ယူသွားတော့သည်။ သေဆုံးနေသော လူများ၊ တိရစ္ဆာန်များ၊ ကားများကို ရေစီးအားဖြင့် သယ်ယူမသွားနိုင်ဘဲ ကျန်ရစ်ခဲ့သော တိုက်တာအဆောက်အအုံများ၏ အကျိုးအပဲ့ အပိုင်းအစများ၊ ကွဲအက်ကျိုးပဲ့နေသော တံတိုင်းငယ်လေးများသည် ရေကျသွားသောအခါ ရွှံ့ညွန်ထဲတွင် အတိုင်းသား ပေါ်လာ၏။ အချို့ကုန်းကမူ သင်္ချိုင်းမြေများပင်လျှင် ဘာမျှမရှိတော့ဘဲ အုတ်ကျိုးအုတ်ပဲ့များသာ အနည်းငယ် တွေ့မြင်ရ၏။

ပင်လယ်ဒီလှိုင်းကြီးများ ရိုက်ခတ်၍ အရှိန်ပြင်းထန်စွာ ရေစီးအားနှင့် မျောပါလာသော အရာများထဲတွင် ခေါင်းတလားကြီးများလည်း ပါဝင်လေသည်။ ၎င်းခေါင်းတလားကြီးများနှင့်အတူ တိရစ္ဆာန်အသေကောင်များ၊ လူသေကောင်များ၊ အမှိုက်ဒိုက်သရောများ၊ ရေပေါ်တွင် ပေါ်နိုင်သော အမျိုးမျိုးအမယ်မယ်(အမည်မည်) ပစ္စည်းများအားလုံးသည် မက္ကဆီကိုပင်လယ်တွင်းသို့ ရောက်ရှိသွားပြီး မိုင်ချီရှည်လျားသော သမုဒ္ဒရာရေစွေးစီးကြောင်း၊ ရေအေးစီးကြောင်းများကြားသို့ ရောက်ရှိကာ နှစ်လပေါင်းများစွာ ဝဲလှည့်မျောပါနေတတ်ကြ၏။ အချို့သောအရာများနှင့် ပစ္စည်းများသည် တဖြည်းဖြည်း နစ်မြုပ်သွားကြပြီး အချို့မနစ်မြုပ်နိုင်သော ပစ္စည်းများသည် ရေစီးနှင့်အတူသာ ချာချာလည်မျောပါလျက်ရှိကြသည်။ ထူးခြားသည်မှာ ခေါင်းတလားကြီးများသည် တကွဲတပြားမဟုတ်ဘဲ တစုတဝေးတည်း မျောနေကြခြင်း ဖြစ်၏။

အနှစ်ချုပ်အားဖြင့် ပြောရလျှင် (၁၉၀၀)ပြည့်နှစ်၊ ဩဂုတ်လ (၂၇)ရက်နေ့သည် ဂေါ်ဗက်စတန်မြို့တစ်မြို့လုံးကို အကြီးအကျယ် ဖျက်ဆီးပစ်လိုက်ပြီး ရွှံ့ညွန်မြင်ကြီးအဖြစ် ပြောင်းလဲသွားသောနေ့ဟုဆိုလျှင် မှားမည်မဟုတ်ပါ။

## (၂)

ပင်လယ်ပြင်တွင် ဖြစ်ပေါ်လေ့ရှိသော ထူးခြားဆန်းကြယ်မှုမှန်သမျှကို အင်္ဂလန်နိုင်ငံ လွိုက်ပင်လယ်ရေကြောင်းဌာန၌ စနစ်တကျ သုတေသနပြုလုပ်၍ အစဉ်အဆက် မှတ်တမ်းတင် သိမ်းဆည်းထားလေ့ရှိလေသည်။

ထိုလွိုက်သုတေသနဖိုင်တွဲများမှ ထူးဆန်းသော ဖြစ်ရပ်တစ်ခုမှာ-

ယခုနှစ် (၁၉၀၆)ခုနှစ်၊ မေလ၏ ပထမသီတင်းပတ်အတွင်းမှ ရာသီဥတု ကြည်လင်သာယာသော နေ့တစ်နေ့တွင် (The Sky Plover) မိုးကောင်းကင်ပင်လယ်ပျော် ပလိုဗာတလိုင်းငှက် အမည်ရှိသော ရွက်သင်္ဘောကြီးတစ်စင်းသည် ဖလော်ရီဒါပြည်နယ်၊ မီယာမီဆိပ်ကမ်းမြို့ဆီသို့ ပင်လယ်ပြင်ကိုဖြတ်၍ ဦးတည်ရွေ့လျားလျက်ရှိသည်။ ရွက်လှေ၏ ဦးတုန်းဆီသို့ ပြေးတက်လာပြီး တိုးဝှေ့ကျီစယ် ပြေးကစားနေသော ရေလှိုင်းခေါင်းဖွေးဖွေးကလေးများက ဖွာလန်ကျဲပြီး တဖြောဖြော တဖြစ်ဖြစ် အသံပေးလျက်ရှိ၏။ လေပြည်လေညင်းနုနုကလေးများက တသုန်သုန်တိုက်ခတ်လျက်။ အနောက်ဘက်မိုးကုပ်စက်ဝိုင်းဆီမှ နေဝန်းနီကြီးသည် ပင်လယ်ထဲသို့ ငုပ်လျှိုးလုနီးနေသောကြောင့် ပင်လယ်ပြင်တစ်ခုလုံး ရဲရဲနီရွှေးသော အလင်းရောင်များ ပြေးနေ၏။ ပင်လယ်ရေမျက်နှာပြင်ကို ဖြတ်သန်း၍ တိုက်ခတ်သောလေတွင် စိုထိုင်းသောရေငွေ့များနှင့်အတူ ထူးခြားလတ်ဆတ်သော ပင်လယ်ရနံ့ကလည်း သင်းပျံ့နေသည်။ ပင်လယ်ရေပျော်ငှက်များ၊ ကြိုးကြာငှက်များ၊ ပလိုဗာတလိုင်းငှက်များ၊ စင်ရော်ငှက်များသည်

www.burmeseclassic.com

www.burmeseclassic.com

လည်း ကမ်းခြေဆီ၌ ဝဲပျံနေကြ၏။

ထိုမြင်ကွင်းများကို ကောင်းကင်ပျော် ပလိုဗာတလိုင်းငှက်ရွက်သင်္ဘောကြီး၏ မာလိန်မှူးကြီးသည် ရွက်တိုင်ထိပ်ရှိ ကင်းမျှော်စင်မြင့်ပေါ်မှ မှန်ပြောင်းဖြင့် ကြည့်ရှုနေ၏။ ဖလော်ရီဒါအငွေ့ရှိသော မီးပြတိုက်ကိုလည်း နေဝင်ရီတရော အလင်းရောင်၌ သဲသဲကွဲကွဲမြင်နေရ၏။

ထိုအခိုက် ကင်းမျှော်စင်ပေါ်မှ ထိတ်လန့်ကြောက်ရွံ့ဖွယ်ရာ ကျယ်လောင်သော အော်ဟစ်သံကြီး ထွက်ပေါ်လာ၏။

ကုန်းပတ်ပေါ်မှ စကိုင်းပလိုဗာ သင်္ဘောသားများအားလုံး သတိအဆင်သင့်ရှိပါစေ။ ဆက်လက်ပြီး မာလိန်မှူးကြီးက ပင်လယ်ပြင်ရှေ့ဘက် ရေမိုင် လေးငါးမိုင်အတွင်း၌ သင်္ဘောတစ်စင်း ပျက်စီးနစ်မြုပ်သွားသည်ဟု ထင်ရကြောင်း၊ ထို့ကြောင့် ပင်လယ်ရေစွေးစီးကြောင်းအတွင်း၌ စီးမျောလာနေသော အမျိုးအမည်မသိ ပစ္စည်းများ မြင်တွေ့ရကြောင်း၊ စကိုင်းပလိုဗာ ရွက်သင်္ဘော၏ အမြန်နှုန်းကိုလျှော့၍ ပစ္စည်းများရှိရာသို့ ချဉ်းကပ်ပြီး အသေးစိတ် လေ့လာရန် ညွှန်ကြားလေသည်။

ထို့ကြောင့် Sky Plover (မိုးကောင်းကင် ပင်လယ်ပျော် တလိုင်းငှက်) ရွက်သင်္ဘောကြီးမှာ ပင်လယ်ရေစွေးစီးကြောင်းရှိရာသို့ ဦးတည်၍ ကွေ့မောင်းလေတော့သည်။ ကုန်းပတ်ပေါ်ရှိ သင်္ဘောသားများလည်း သတိ၊ ဝီရိယဖြင့် စောင့်ကြည့်နေကြရ၏။ ပင်လယ်ရေစီးကြောင်း ကြီးမားသော လှိုင်းများအတွင်းတွင် ဒိုင်သရေကြီးများနှင့် အတူ မျောပါလာသော ပစ္စည်းများမှာ ဖျော့တော့သော ဆည်းဆာ၏ နေရောင်အောက်မှာ မသဲကွဲပေ။ ကုန်းပတ်သင်္ဘောသားများလည်း စိတ်ဝင်စားစွာဖြင့် ကြည့်ရှုကြကာ သို့လော သို့လောနှင့် ဖြစ်နေတော့သည်။

ပစ္စည်းများ စီးမျောနေသော ရေစီးကြောင်းအတွင်းသို့ ပလိုဗာ ရွက်သင်္ဘော ရောက်ရှိသွားပြီး နီးနီးကပ်ကပ် မြင်တွေ့ရသောအခါ သင်္ဘောသားများအားလုံး အံ့သြသွားပြီး ထိတ်လန့်ကြောက်ရွံ့ဖွယ်ရာ အနိဋ္ဌာရုံမြင်ကွင်းများကြောင့် မှင်တက်မိနေကြတော့၏။

ပလိုဗာရွက်လှေသင်္ဘော၏ အကြီးအကဲ မာလိန်မှူးမှာလည်း မျက်စိမျက်နှာ မသာယာတော့ပေ။ အကြောင်းမှု သင်္ဘောပျက်တစ်စင်းမှ မျောပါလာသော အသုံးဝင်တန်ဖိုးရှိပစ္စည်းများ မဟုတ်ဘဲ လူသေလောင်းများ တစ်နေရာတွင် ခေါင်းတစ်လားကြီး သုံးလေးလုံးမှာ ရေညှိပင်များ၊ ဒိုက်သရေများဖြင့် ရစ်ပတ်ချည်နှောင်ထားသကဲ့သို့ ပူးကပ်နေပြီး ပင်လယ်ကဏန်းကြီးများ၊ ရေညှိပင်များပေါ်တွင် တွယ်ကပ်ကျက်စားလျက် ရှိနေသောကြောင့် နစ်ချီပြီး မျောနေသော ခေါင်းတလားကြီးများ ဖြစ်ကြောင်းမှာ သေချာ၏။ ပင်လယ်ပြင်၌ ဤသို့ ခေါင်းတလားကြီးများ ရေစီးတွင် နစ်ချီ၍ မျောနေတတ်သည်ကို မကြာခဏ တွေ့ရတတ်လေသည်။ ဤသို့တွေ့လျှင် သင်္ဘောသားများ ထိတ်လန့်သွေးပျက် ကြောက်ရွံ့တတ်ကြပြီး မကောင်းသော ကံကြမ္မာများ၊ အန္တရာယ်ဆိုးများ၊ ဘေးဥပဒ်များ ကျရောက်တတ်သည်ဟု ယုံကြည်ကြလေသည်။

သို့သော် ပလိုဗာရွက်လှေ၏ ကံကြမ္မာကား မည်သို့မည်မျှ သိခွင့် ကြားခွင့် မရခဲ့တော့ချေ။

(၃)

ကနေဒါနိုင်ငံ ကမ်းခြေအနီး၌ သာယာလှပသော ဗြိတိသျှနိုင်ငံပိုင် တော်ဝင်မင်းသား အက်(ဒ)ဝပ်ကျွန်းခေါ် (Prince Edward) ကျွန်းတစ်ကျွန်း ရှိလေသည်။ ထိုကျွန်းကလေးမှာ တဖြည်းဖြည်း စည်ကားလာပြီး ရပ်ဝေးမြေခြားများမှ စီးပွားရေးသမားများ၊ အလုပ်သမားများသည် ရေကြည်ရာ မြက်နုရာရှာ၍ အခြေချနေထိုင်လာကြသောကြောင့် လွန်စွာများပြားလာတော့၏။ ဤသို့ တော်ဝင်မင်းသားကျွန်းသို့ လာရောက် အခြေချနေထိုင်သူ မိသားစုများထဲတွင် ဂွန်ကောလင်းမိသားစုလည်း ပါဝင်ခဲ့လေသည်။ ရောက်ရှိပြီး နှစ်များမကြာမီ (၁၈၄၁)ခုနှစ်တွင် ဂွန်ကောလင်းမိသားစု၌ ချား(လ်)ဖရန့်စစ်ကောလင်းဟု ခေါ်သော အနုပညာသန္ဓေလောင်း ပါဝင်သည့် သားငယ်လေး တစ်ယောက်ကို ဖွားမြင်လေတော့သည်။

ထိုသားငယ် ချား(လ်)စကောလင်းကလေးမှာ ငယ်ငယ်ရွယ်ရွယ်နှင့်ပင် ရှေးဟောင်းပြဇာတ် စာပေများကို ဖတ်၏။ ပြဇာတ်များကို လေ့လာ၏။ ရှေးဟောင်းပြဇာတ်များတွင် ပါဝင်သော ဇာတ်ဆောင်များ၏ စရိုက်ကို သဘောကျ၏။ ထိုဇာတ်ဆောင်မျိုးကဲ့သို့လည်း ပြဇာတ်တွင် ပါဝင်သရုပ်ဆောင်လို၏။ ထို့ကြောင့် အနုပညာကို ကြိုးစားလေသည်။ မိဘများကလည်း သားဖြစ်သူ၏ဝါသနာကို သဘောကျ၍ မြှင့်တင်လို၏။ သို့ဖြစ်၍ ရွှေမျိုးသား



www.burmeseclassic.com

www.burmeseclassic.com

ချင်းများနှင့် ဝိုင်းဝန်းတိုင်ပင်ကာ (၁၄)နှစ်သားအရွယ်ရှိ ချားလ်(လ်)စ ဖရန့်စစ်ကောလင်းအား ပြဇာတ်ပညာ ဆည်းပူးနိုင်ရန်အတွက် အင်္ဂလန်နိုင်ငံသို့ ပို့ဆောင်ရန် ဆုံးဖြတ်ချက်ချလိုက်ကြတော့၏။

ဆွေမျိုးမိတ်ဆွေရင်းချာများ၏ ပံ့ပိုးကူညီ ထောက်ပံ့မှုဖြင့် အင်္ဂလန်နိုင်ငံသို့ မထွက်ခွာမီ ဆွေမျိုးမိတ်သင်္ဂဟများ အားလုံးကို နှုတ်ဆက်ရင်း ကတိတစ်ခုကို အတန်တန်ပြုခဲ့လေသည်။ ထိုကတိမှာ မည်သည့်အခြေအနေမျိုးသို့ ရောက်ရှိစေကာမူ မိမိဇာတိ တော်ဝင်မင်းသားကျွန်းသို့ မဖြစ်ဖြစ်အောင် ပြန်လာခဲ့ပါမည့် အကြောင်းပင် ဖြစ်လေသည်။

ပါရမီရှင်လေး ချားလ်(လ်)စကောလင်းသည် အင်္ဂလန်သို့ ရောက်ရှိသွားပြီးနောက် မကြာမီအချိန်ကာလအတွင်း ပြဇာတ်သဘင်လောကတွင် တဖြည်းဖြည်းနှင့် လူသိများလာ၏။ *ပင်ကို ဝါသနာနှင့် ကြိုးစားမှု၊ ပြင်းပြသော* စိတ်ဓာတ်အင်အားတို့ကြောင့် အရန်သရုပ်ဆောင်ဘဝမှ အဓိကဇာတ်ဆောင်တစ်ဦး ဖြစ်ခဲ့တော့သည်။ ကမ္ဘာကျော် ပြဇာတ်ရေးဆရာကြီး ရှိတ်စပီးယား၏ ပြဇာတ်များကို နိုင်နိုင်နင်းနင်း ကပြအသုံးတော်ခံနိုင်သောကြောင့်လည်း ပိုမို၍ သူ့ကို လူသိများရာမှ ကျော်ကြားလာတော့၏။ ထို့နောက်တွင်တော့ လန်ဒန်မြို့တစ်ခွင် ပြိုပြိစင် မသိသူ မရှိသလောက် လျှမ်းလျှမ်းတောက် အောင်မြင်ကျော်ကြားလာရုံသာမက အမေရိကန်ပြည်ထောင်စုအထိသို့ပင် ပျံ့နှံ့သွားတော့၏။

သူ ချားလ်(လ်)စကောလင်း၏ တောမီးပမာ ပျံ့နှံ့သွားသော အောင်မြင်ကျော်ကြားမှု ဂုဏ်သဘင်းကြောင့်ပင် အမေရိကန်နိုင်ငံ၊ နယူးယောက်မြို့ ဘရော့(ဒ်)ဝေးပြဇာတ်ရုံကြီးအတွင်း၌ ကပြရန် ဖိတ်ကြားခြင်း ခံခဲ့ရလေသည်။ ဘရော့(ဒ်)ဝေး ပြဇာတ်ရုံကြီး၌ ချားလ်(လ်)စကောလင်းသည် ရှိတ်စပီးယား၏ ပြဇာတ်များကို ကပြအသုံးတော်ခံခဲ့ရာ လူကြိုက်များလှကြောင်း တွေ့ရပြီး ရုံပြည့်ရုံလျှံကာ ထူးထူးခြားခြား ဝင်ငွေအမြင့်ဆုံး ရရှိခဲ့၏။ ဤကဲ့သို့ အောင်မြင်ကျော်ကြားနေစဉ် ကာလ၌ပင် သူ၏ ဆွေမျိုး၊ မိတ်ဆွေများကို သူ၏ဇာတိမြေ တော်ဝင်မင်းသား အက်(ဒ်)ဝပ်ကျွန်းသို့ မုချမသွေ ရောက်အောင်ပြန်ခဲ့ပါမည့်အကြောင်းကို ကြုံလျှင် ကြုံသလို အမှာပါးလေ့ရှိ၏။

ချားလ်(လ်)စကောလင်း၏ ပြဇာတ်အဖွဲ့ကြီးသည် (၁၈၉၉)ခုနှစ်၊ နိုဝင်ဘာလတွင် အမေရိကန်ပြည်ထောင်စုရှိ တက္ကဆပ်ပြည်နယ်၊ ဂေါ်ဗက်စတန်မြို့တွင် ကပြဖျော်ဖြေနေသော အချိန်ဖြစ်၏။ နိုဝင်ဘာလ၊ (၂၇)ရက်နေ့ ညသည် ကမ္ဘာကျော် ရှိတ်စပီးယားပြဇာတ်မှ ဟန်းမလက်မင်းသားအကြောင်းကို ကပြဖျော်ဖြေရမည်ဖြစ်၏။ ချားလ်(လ်)စကောလင်း၏ ဇာတ်အဖွဲ့ကြီးမှာလည်း ရွှေနားကွပ် နီညိုရောင် ကတ္တီပါပြည်ဖုံးကားကြီးများ လေမှုတ်တူရိယာ တီးဝိုင်းများ၊ စန္ဒရားကြီးများ၊ ဆန်းပြားသော မီးရောင်စုံဆလိုက်များနှင့် ခမ်းခမ်းနားနား ရှိလှပေသည်။

ထိုညတွင် ဟန်းမလက်မင်းသား ပြဇာတ်ကပြရာတွင် တော်ဝင်မင်းသားများ၏ ဟန်ပန်နှင့် အဝတ်အစားများမှာ မီးရောင်အောက်၌ တဖျတ်ဖျတ်နှင့် အလွန်ပင် ကြည့်ရှုကောင်းခဲ့ပေသည်။ ထိုသို့ကပြနေရာမှ ဟန်းမ*လက် မင်းသားလေးအဖြစ် သရုပ်ဆောင်နေသော မင်း*သားလေး ချားလ်(လ်)စကောလင်းမှာ ရုတ်တရက်ကောက်ကာငင်ကာ ရောဂါဝင်လာတော့သည်။ ဆရာဝန်ကြီးများကို ချက်ချင်းပင့်၍ ကြိုးစားကုသကြလေသည်။ သို့သော် သူ၏ ဝေဒနာမှာ တိုး၍သာလာ၏။ တဖြည်းဖြည်းနှင့် အသက်ရှူနှုန်းမှာ နှေးကွေးလာပြီး မြွှင်းမြွှင်းလေးသာ ရှူနိုင်တော့သည်။ သူ၏လက်ထဲ၌ စာရွက်ကလေးတစ်ရွက် တင်းကျပ်စွာ ဆုပ်ကိုင်ထားသည်ကို တွေ့မြင်နိုင်၏။

ထိုကဲ့သို့ ရှိနေရာမှ ရုတ်တရက် ဇက်ကျိုးကျသွားပြီး ဘဝနိဂုံးချုပ်သွားလေတော့၏။

ဇာတ်ပွဲကရင်း သေဆုံးသွားသော ချားလ်(လ်)စကောလင်း၏ ရုပ်အလောင်းကို လှပ်စွာလုပ်သော သတ္တုဘောင်ကွပ်ထားသည့် ဆိုက်ပရပ်သစ်သားခေါင်းတလားကြီးထဲတွင် ထည့်ကာ ဂေါ်ဗက်စတန်မြို့၏ သင်္ချိုင်းမြေတွင် မြေမြှုပ်သင်္ဂြိုဟ်လိုက်ကြရတော့သည်။

ဤသတင်းကို တော်ဝင်မင်းသား အက်(ဒ)ဝပ်ကျွန်းရှိ မိတ်ဆွေသင်္ဂဟများသည် သူ၏ ဇာတိမြို့ကလေးကို ပြန်မရောက်ခဲ့ရှာဘဲ ကွယ်လွန်သွားသောကြောင့် ဝမ်းနည်းကြေကွဲကြ၍ လွမ်းတသသ ဖြစ်ခဲ့ကြရ၏။

သို့သော် ဟန်းမလက် မင်းသားလေးအဖြစ် နောက်ဆုံးသရုပ်ဆောင်ခဲ့သော ချားလ်(လ်)စကောလင်း၏ လက်ထဲတွင် တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထားသော စာရွက်



www.burmeseclassic.com

www.burmeseclassic.com

ကလေး တစ်စောင်သည်-

*မိမိဇာတိ တော်ဝင်မင်းသား အက်(ဒ်)ဝပ်ကျွန်းသို့ မဖြစ်မနေ ပြန့်ဖြစ်အောင် ပြန်ခဲ့ပါမည်ဟူသော* ကတိပေးသည့် စာကလေးတစ်စောင်ပင် ဖြစ်နေကြောင်း တွေ့ရှိရလေတော့သည်။

ဤစာကလေး တစ်စောင်ကပင်..။

(၄)

၁၉၀၈ ခုနှစ်၊ အောက်တိုဘာလ၏ နေ့တစ်နေ့။

နံနက်ဝေလီဝေလင်း အရုဏ်တက်စ အလင်းရောင်ထဲတွင် ပင်လယ်လှိုင်းတံပိုးများက ကမ်းစပ်ဆီသို့ တဝုန်းဝုန်းပြေးလွှားရိုက်ခတ်ရင်း ကမ်းခြေသဲသောင်စပ်၌ ပျောက်ကွယ်သွားကြ၏။ မိုးမလင်းမီ သည်အချိန်တွင် ပင်လယ်ပြင်၌ ငါးဖမ်းရန် တံငါးလှေများ ပြင်ဆင်နေကြ၏။ အချို့လှေသမားက ပိုက်တွဲများကို လှေပေါ်သို့ တင်ကြ၏။ အချို့က ⸗ သားသော ပိုက်တန်းကို မြင်နိုင်စေရန် ပိုက်လက်တန်းကြိုးတွင် လေဘောလုံးများကို ရေနံဆီမီးအိမ်များ၏ အလင်းရောင်ဖြင့် တပ်ဆင်နေကြ၏။

မိုးကုပ်စက်ဝိုင်းဆီမှ နေဝန်းနီကြီး မပေါ်ထွက်မီ ပင်လယ်ပြင်တစ်ခုလုံး ရဲရဲနီလာ၏။ ထိုအချိန်ဆိုလျှင် အလွန်လှပသာယာသော တော်ဝင်မင်းသား အက်(ဒ)ဝပ်ကျွန်းပေါ်မှ တံငါလှေများ စိန့်လော်ရင့် ပင်လယ်ပြင်သို့ ထွက်ခွာသွားကြတော့သည်။ ငါးများကျ၍ ငါးများများရပြီဆိုလျှင် ညနေ နေမဝင်မီ စောစော ကျွန်းပေါ်သို့ ပြန်ရောက်၍ အေးအေးဆေးဆေး အနားယူနိုင်ကြပေသည်။

တံငါလှေတစ်စင်းသည် စိန့်လော်ရင့်ပင်လယ်ကွေ့အတွင်း ရေစီးကြောင်းတစ်ခု၌ ရေညှိများ တက်နေသည့် လေးထောင့်စပ်စပ် သေတ္တာရှည်ကြီးတစ်လုံး မျောပါလာသည်ကို တွေ့လိုက်ရလေသည်။ ထိုသေတ္တာကြီးနှင့် ငါးဖမ်းပိုက်များ မငြိစေရန် လှေနံဘေးတွင် ချည်တွဲကာ ကမ်းစပ်သို့ ဆွဲယူလာခဲ့လေသည်။

ကမ်းစပ်သို့ ရောက်သောအခါ သဲသောင်ပြင်ပေါ် တွန်းတင်လိုက်ကြပြီးနောက် သေတ္တာကြီးပေါ်တွင် ရှိနေသော ဒိုက်သရောဖတ်များ၊ ရေညှိ၊ ရေမှော်များကို ဖယ်ရှားလိုက်ရာ လှန်စွာလှပသော ပန်းပုထွင်းသတ္တုပြားများဖြင့် မွန်းမံခြယ်လှယ်ထားသော အနက်ရောင် ဆိုက်ပရပ်သစ်သားခေါင်းတလားကြီးတစ်လုံး ဖြစ်နေတော့သည်။ ဝိုင်းအုံကြည့်ရှုနေကြသော သူများကလည်း များစွာအံ့သြသွားကြ၏။

ထို့ထက်ပို၍ အံ့သြစရာကောင်းသော အကြောင်းမှာ ထိုခေါင်းတလားကြီးပေါ်တွင် ရေးထိုးထားသော ကမ္ပည်းစာသားများ ဖြစ်လေတော့သည်။

ကမ္ပည်းစာသားမှာ-

'ချား(လ်)ဖရန့်စစ်ကောလင်း (ပြဇာတ်သရုပ်ဆောင်) ပညာရှင်၊ (၁၈၄၁)ခုနှစ် မွေးဖွား၍ (၁၈၉၉)ခုနှစ်တွင် တက္ကဆပ်ပြည်နယ်၊ ဂေါဗက်စတန်မြို့၌ ကွယ်လွန်ခဲ့သည်'ဟု ခေါင်းတလားကြီးပေါ်တွင် ရေးထိုးထားလေသည်။

ဤသို့ဆိုလျှင် ပင်လယ်ရေစီးကြောင်း၌ မျောပါနေသော ခေါင်းတလားကြီးများ များစွာရှိခဲ့ရာ ကောင်းကင်ပျော် ပလိုဗာတလိုင်းငှက် ရွက်လှေသဘောကြီးနှင့် တွေ့ခဲ့သော ခေါင်းတလားကြီးများမှာ ဂေါဗက်စတန်မြို့ ကုန်းကမူလေးပေါ်ရှိ သချိုင်းမြေမှ (၁၉၀၀)ပြည့်နှစ် ဟာရီကိန်းမုန်တိုင်းကြောင့် မျောပါလာသော ခေါင်းတလားများဟူ၍ တွေးဆရမည်လော။

သို့မဟုတ် သူ့ဇာတိမြေကို ပြန်လာပါမည်အကြောင်း စွဲစွဲလမ်းလမ်း ပေးခဲ့မိသော ကတိကြောင့် တစ်ကျော့ပြန် ပြန်လည်ရောက်ရှိလာသော ခေါင်းတလားများဟူ၍ တွေးဆရမည်လော။

သို့မဟုတ် စွဲလမ်းသော စိတ်တွင် စွမ်းအင်အဖြစ်တည်ရှိသောကြောင့် ဖြစ်ပေါ်လာခြင်းဟူ၍ တွေးဆရမည်လော။

သို့မဟုတ် ထူးခြားသော တိုက်ဆိုင်မှုတစ်ရပ်ဟူ၍ တွေးဆရမည်လော။

အဖြေထုတ်ရန် မလွယ်ကူသော စိတ်နယ်လွန်ပညာ၏ ပုစ္ဆာတစ်ပုဒ်အဖြစ် တွေးဆဖွယ်ရန်သာ ရှိပေတော့သည်။

**မောင်ဒသသန(ဆင်ဖြူကျွန်း)**


__ကျမ်းကိုး__

* Fate Magazine- 1952 John.
Invisible Horizons by V Gaddis ကို
ကိုးကားရေးဖွဲ့သည်။




www.burmeseclassic.com